www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

Hand Pallet Truck

Authorized Distributer

B&H Co.,Ltd.

xilin®

Model: WA 3000KG

1KG=2.205LB 1INCH=25.40MM

Model		WA	
Capacity	Q(kg)	2000/2500/3000	
Lowered fork height	h_{13}(mm)	85	75
Steering wheel	mm	ф 200	ф 180
Fork wheel single	mm	ф 80x93	ф 74x93
Fork wheel tandem	mm	ф 80x70	ф 74x70
Max. lift height	h_3(mm)	200	190
Total height	h_{14}(mm)	1232	1222
Overall length	l_1(mm)	1520/1590	1520/1590
Fork length	l(mm)	1150/1220	1150/1220
Width overall forks	b_5(mm)	520/550/685	520/550/685
Ground clearance, centre of wheelbase	m_2(mm)	32	22
Aisle width for pallets 1000x1200 crossways	A_{st}(mm)	1720/1790	1720/1790
Aisle width for pallets 800x1200 crossways	A_{st}(mm)	1770/1790	1770/1790
Turning radius	W_a(mm)	1265/1335	1265/1335
Service weight	kg	55-70	55-70

Showroom

H-၃၆၊ သီရိရတနာစျေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၈၁၁၊ ၀၉-၉၇၂၁၇၂၅၁၊ ၀၉၂၅၅၉၇၆၂၀၈

3000KG

300,000 K

Conforms to EN ISO3691-5:2009
Based on Directive 2006/42/EC



(mm)

Excellent type pallet truck

- Standard single speed pump and light service weight, but big load capacity 3000kgs.
- Design on the base of 3 years service time, which can be extended up to 5 years.
- Compact appearance, complete rocker arms, ensure the whole truck averaged pressed.
- Full sealed pump, easy to maintain.
- Simplified spare parts, higher performance with low repair cost.
- Option: 1) Double Speed Pump.
  2) Nylon wheel, polyurethane wheel, rubber wheel, single fork roller or tandem fork rollers.
  3) Fork length: 800mm, 900mm, 1000mm,1100mm.

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ပုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ပုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သမ္မေ ပူရေန္တု သင်္ကပ္ပာ။ ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလ မုဒ်ထုတ် ဝေသည်။

BURMESE CLASSIC .com

အရပ်ပြေး

မဂ္ဂဇင်း

အတွဲ (၁၈) အမှတ် (၇) ၂၀၁၈ ခုနှစ် ရှိလိုင်လ

www.burmeseclassic.com

www.burmeseclassic.com





ဘာသာရေးဆောင်းပါးများ

၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိပြုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော
ဓမ္မအမွေ
(ဓမ္မဒါယာဒကထာ)
မဟာဗောဓိပြုင်
ဆရာတော်ဘုရားကြီး

၁၃ ခန္ဓာအဘိဓမ္မာ
သတိပဋ္ဌာန်အလယ်လမ်း
စံ-ကေတု

၁၇ ထားဝယ်သမိုင်းတင် သာဂရခေတ်ဦးမှ
ကြက်ဦးတွန်စေတီနှင့်မယ်ဇောစေတီ
မောင်စိမ်းထွေး(ထားဝယ်)

၂၂ "သဗ္ဗသိန္ဓိပရိတ်ငယ်များ" စာအုပ်လာ
မှတ်သားဖွယ်အချက်များ
မြဝင်း(ဒဿန)

၂၇ သမ္မာဒ္ဒေဂါထာရွတ်ပွားပူဇော်ပါ
အေးချမ်းအောင်(ရမည်းသင်း)

၂၉ မဂဓတိုင်း ဗုဒ္ဓဂယာသို့
စိုးထွန်း(ဥပဒေ)

၄၁ ရှေးဟောင်းသမိုင်းဝင်
စွယ်စုံအောင်တော်မူစေတီတော်ထဲပါး
အောင်မြေများဝန်းရံထား
အောင်သာကျော်

၅၃ မုံရွာမြို့နယ် သာစည်ရွာ
ဆည်တော်မြင်ဘုရားပူဇော်မှုခရီး
မောင်ရေချမ်း(မြောင်)

၅၉ ဘေးရန်ကင်းကွာ
သုံးပါးရတနာမြတ်ဂါထာ
အုံကြွယ်

၆၅ မော်လမြိုင်မြို့ကာ
နေလဝန်းရံပန်းရံပျံဘုရား
ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရွှေ-သု)

၇၇ ကျေးဇူးတော်ရှင်
မပုပ်မသိုးဆရာတော်ကြီး
ဘဒ္ဒန္တအာသဘမထေရ်မြတ်၏
ရုပ်ကလာပ်တော်တည်ရှိရာ
မြောက်ကိုင်းကျေးရွာမှ
မေတ္တာရောင်ခြည်ဦးကျောင်းတိုက်သို့
စနေထွန်း(မြစ်သား)

၈၄ ကုံလုံဆရာတော်ဘုရားကြီး
ဦးတေဇနိယအမှတ်တရ
တင်အောင်(စက်မူတက္ကသိုလ်)

၈၇ ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ကြီး
အဆိုအမိန့်များ(၂)
သူတော်အိမ်(ဓမ္မသုတေသီ)

၉၉ ကလေး-ကလေး၀-တမူး
တြိဂံလမ်းဆုံက
မြတ်ဗုဒ္ဓရုပ်ပွား
ရေဆန်ကျွန်းဘုရား
မောင်မောင်ချစ်ဦး(မုံရွာ)

၉၄ ကမ္ဘာ့ချမ်းသာရစေတီ
စိုးရာဇာကျော်

၁၀၁ မပြီးသေးသောပန်းချီကားတစ်ချပ်
ရွှေက်ကူမိသားစုမှ ဒုတိယမြောက်
တည်ထားကိုးကွယ်မည့်
အောင်ကြေစေရန်
မြသိန်းတန်စေတီတော်
ဘိုဘို(ရွှေက်ကူ)

၁၁၈ ဆင်ဖြူကျွန်း သာယာကုန်းရွာ
စလေတိုက် လယ်ပြင်ကျောင်း
ရာကျော်ဆရာတော်ကြီး ဦးဥတ္တရ
သက်တော်(၁၀၁) နှစ်
ဦးစန္ဒိမာ(စလင်း)

၁၃၄ ပူဇော်ထိုက်စွာ မြတ်သံဃာ
တင်တင်ဦး(ပေါင်းတည်)

သုတရသဆောင်းပါး

၂၄ အန္တရာယ်ကင်းနတ်ခင်
လာဘ်ရွှင်ဂါထာတော်
နေမဝင်းကြယ်လေး(နတ်မောက်)

၂၅ သဘာဝဓမ္မ
ချောင်းဆုံအုန်းသွင်

၄၇ ဗုဒ္ဓသားတော်တို့၏
ဓမ္မစကားကထာများ
ကိုရွှေမြသန်း(သမိုင်း)

၄၉ တိတ်ဆိတ်ငြိမ်သက်မှုကို
အလွန်မြတ်နိုးသူ
ချစ်ဖို(မော်ကွန်း)

၆၂ အိုးခွက်ပန်းကန်၊ အဝတ်အထည်များ
အနုစွဲပျောက်စေနည်း
နတ်မောက်မင်းသန့်နိုင်

၆၃ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ (၁၅)
ဦးဉာဏ်တော်
(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

၉၇ အသက်ရှည်ရာ(၄)
ချောင်းဆုံအုန်းသွင်

၉၉ အရှင်ဥပဂုတ္တကျောင်းဆောင်ဦး
ဖူးသည့်နဂါး
ဓာတ်ပုံမောင်မောင်အေး

၁၁၅ တုန်ခင်းမဲ့ပါရမီ
ငြိမ်းဆုသွင်

၁၂၂ ဂန္ဓာရီခရီးသွားမှတ်တမ်း
စန်းမြင့်(ဖိုးမိုး)ဟိုတယ်/ခရီး

www.burmeseclassic.com

www.burmeseclassic.com

လုံးစုံကိစ္စပြီးစီးအောင်မြင်၍
ရန်ဘေးဝေးရန် ရွတ်ပါကျ်ဂါထာ
နတ်မောက်မင်းသန့်နိုင်
အိန္ဒိယနိုင်ငံ ယူပီပြည်နယ်
ကုသိနာရုံဆရာတော်ကြီး
အရှင်စန္ဒိမဏိ
လှမြင့်(ရန်ကုန်တက္ကသိုလ်)
ကွဲ၊ နွား၊ မြင်းတို့ အသက်ရှူပြန်
(လည်ချောင်း)ရောင်ခြင်းအတွက်
မြန်မာ့ရိုးရာကုသနည်း
နတ်မောက်မင်းသန့်နိုင်
ဗုဒ္ဓဘာသာဝင်တစ်ဦး၏
နေ့စဉ်ဘာသာရေးလုပ်ငန်း
ကောင်းစံသာ(မင်းတုန်း)
နိုင်ငြမ်ဝှမ်းမှလွမ်းရိပ်သာ
လှမိုး(ပညာရေး)
တောင်တွင်းရွှေပြည်က
တစ်ပိုင်တစ်နိုင် ပရဟိတတွဲလက်များ
ဈာန်လင်းထက်
(စာပေဗိမာန်ဝတ္ထုရှုည်ပထမဆုရ)
ကျေးငှူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၄၀)
ပထမံဆရာဦးအေးရွှေ
မိနယဲ့ဗ်၏ဒိုင်ယာရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၁၃)
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)
ဝိပါက်ကြမ္မာမရှန်းသာ
မင်းဘူး-မိုလ်ဥတ္တမ
အောက်လမ်း စုန်း နတ်၊
ပယောဂအစွဲကြီးရင်
ယတြာမချေနဲ့မရဘူး
စိုးမင်း(မြောက်စည်း-ရွာသစ်)
ပဟိုရ်စင်နှင့်မြန်မာ့နာရီ
တိုက်ကြွယ်(စဉ့်ကိုင်)
ဒီလိုင်းပမာကိလေသာ
ချောင်းဆုံအုန်းသွင်
နိမ္မာဇာဘုရားအမှတ်ငါးကုန်း
ပန်းချီထူးလှ
(ရွှေဟောင်းသုတေသန)
မဖဝါ သက်သတ်လွတ်စားသည်ဆိုခြင်း
မှာဟုတ်ပါသလော
မောင်သန်းဆွေ(ထားဝယ်)
အသိတရားကြီးမားကြသော
အဟိတ်တိရစ္ဆာန်များ
တင်ထွန်း(စက်မှု-၂) ဦးမိုး
၃၁၀ ကံကောင်းလို့မသေ
ကသာသင်းမွှေး
၃၁၇ သက်ကြီးစုထား သိမှတ်စရာများ
သက်ငယ်အများ အကျိုးပွား
ဆရာဦးစိန်ထိုင်(ကျိုက်လတ်)
၃၄၇ ဆရာယုဒသန်နှင့်လက်မရှဲ့ထောင်
ရေနံမြေ-လွှမ်းစု
၃၆၃ ဘိုးပြုံးပြောတဲ့
အကြောင်းနဲ့အကျိုး
ဇွဲမင်း(မိုးကုတ်)
၃၆၆ ပဒေသရာဇ်အတွေးအခေါ်၊
ခေတ်နောက်ပြန်ဆွဲ
လူမျိုးကြီးဝါဒနှင့်
အမှိုက်ပုံးထဲကသမိုင်း
ဒေါက်တာအေးခွမ်း
၄၀၂ ဖေဖေပြောတဲ့
ဝိဇ္ဇာလပဒကသူဌေးအကြောင်း
သော်တာအောင်(ကျောက်တောင်)

သူရဇ္ဇတိုင်းရင်းဆေး

၄၈ ယားနာ၊ တင်းတိပ်၊ အရိပ်မကျန်
နတ်မောက်မှတ်ကျောက်
၁၂၁ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၃၇)
ရွှေနဝင်း(ပုသိမ်)
၁၅၄ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၁၇၉ သျှစ်သွား(ရှစ်ရှား)ရွက်အစွမ်း
စိုးမင်း(မြောက်စည်း-ရွာသစ်)
၁၈၁ ဆီးဝေနာနဲ့ရှားစောင်းပြဿဒ်
နေပြည်တော်ကျော်ကျော်စိုး
၁၉၃ အမျိုးသမီးများအဖြူဆင်းလျှင်
နေမဝင်ကြယ်လေး(နတ်မောက်)
၂၂၁ ဆီးအောင့်၊ ကျောက်တည်ခြင်းနှင့်
စေတီပုံခရုခွံ
ရဲမျိုးသူ(ဗောဓိမြိုင်)
၂၂၅ မျက်စိနာ၊ မျက်ရိုးကိုက်၊
မျက်စိမှုန်ဝါးခြင်းဖြစ်သော
ကိုဇော်ဝင်း(လှတော)
၂၇၂ မျက်စိအတွက် ညောင်ရွက်အစွမ်း
ဦးကိုကိုကြီး(စစ်ဆေးရေး)
ကစစ(၁၂)၊ ထုံးဘို
၂၈၅ စံပယ်ပန်းနှင့်တိုင်းရင်းဆေးပညာ
အကြောင်းသိကောင်းစရာ
ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)





www.burmeseclassic.com

www.burmeseclassic.com



၂၉၇ သွေးယို၊ သွေးအန်၊
သွေးသွန်ပျောက်စေသောနည်း
ကသာသင်းမွေး

၃၀၉ ငါ၏ဒုးနာ၏
ဆလိုင်းဖွန်သိန်း(ရမည်းသင်း)

၃၁၂ ကမ္ဘီရဆန်သော
မြန်မာ့ရိုးရာဆေးပြီးတိုများ
ရသဂန္ဓီရကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်း၊ ညွန်/မှူးရုံး)

၃၁၆ အကျိုးပြုသောတမာဆီ
နတ်မောက်မင်းသန့်နိုင်

၃၂၆ မိသားစုတိုင်း အဖိုးနည်းဝန်ပါ
ကျန်းမာစွာဖြင့်
နေထိုင်စားသောက်နိုင်စေမည့်
ရွှေချဉ်ပေါင်ပင်
ဦးမင်းဇင်(ရွှေနဝင်း)

၃၂၉ ကလေးနို့ပေးပေါက်လျှင်
စိုးမင်း(မြောက်စည်း-ရွာသစ်)

၃၃၄ (သင်)နားထိုင်း၊ မျက်စိမှုန်လာပြီလား
ကြိတ်မှုန်ပင်ကကူညီပါလိမ့်မယ်
ဗန်းမော်ညီညူ

၃၆၂ သွေးတိုးသက်သာစေသည့်
ဆေးနည်း
တင်နိုင်ဝင်း
(ထမင်းစေ့းမြို့)

၃၇၈ မြွေဆိပ်မှန်သမျှပျောက်စေသောဆား
မောင်ထင်ခိုင်

၃၈၇ ဆူးထွက်စေလိုသော်
ကိုကော်ဝင်း(လှတော)

၃၉၃ သလိပ်ပုပ်ရောဂါပျောက်ရေးမခက်ပါ
ဈာယီ

၃၉၄ အသွင်တူအချင်းကွဲ
ဆေးဖက်ဝင် နကျယ်နှင့်ကတွတ်ပင်
ရာမည-သွေးမွန်

၃၉၇ မြန်မာ့တိုင်းရင်းဆေးပညာအရ
သက်ရှည်ကျန်းမာ နပျိုစွာနေထိုင်နည်း
ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)

၄၀၃ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

၄၀၇ အသည်းခြောက်ရောဂါအတွက်
နတ်မောက်မှတ်ကျောက်

သူရဇ္ဇဝတ္ထုတို

၁၄၆ အိုဘယ်နတ်ကယ် သူယောင်မယ်နှင့်
ဆန်းကြယ်မာယာ မြိုင်မဟာတော
ညီရောင်

၁၅၈ တံပြန်မေတ္တာ
ထောင်မှူးကြီးသိန်းဝင်း

၁၇၀ သိုက်ဆရာကြီး
ဘုရားသိုက်စောင့်နှင့်
ဘုရားကြီးကုန်းစေတီတော်
အောင်မြင့်ထွန်း
(မသုံးထုံး)

၁၉၄ အိပ်မက်ထဲက
ဝတ်မြူစင်ကြယ်အဘိုးအို
သုသုသ

၂၀၆ မိုးသုံးမိုးနှင့်ဦးဝင်းမောင်
အဇ္ဈာဝိဇ္ဇိုင်း

၂၂၂ မြိုင်ရွာကသူကြီးမင်း
အောင်စကြာ-
အရှင်သုမဒ္ဒသာရ

၂၂၆ ရေငံအော်သံကြီးနှင့်အတူ
မောင်မောင်မိုးအောင်
(စာပေဗိမာန်စာမူဆုရ)

၂၄၆ ကြောင်ကလေးငတောင်း၏
နောက်ဆုံးခရီး
မောင်မောင်အောင်မင်း
(ဒဿနိက)

၂၅၈ ရေမုဆိုးနှင့်ရေဘုရင်
မင်းနန္ဒိရှိန်

၂၆၂ တစ်ကျန်းပြန်၏ဇာတ်ကြောင်းပြန်
ကျွန်းစဉ်မြေစောခက်
(အမျိုးသားစာပေဆုရ)

၂၆၈ အံ့ဖွယ်ကောင်းသော ကြုံကြိုက်မှု
သက်ပွ

၂၇၄ ဘေးအန္တရာယ်အစုံ
တို့ပြည်သူတွေကြုံခဲ့ရပါတကား
နေသုဒ္ဓလိုင်(မိုးကုတ်)

၂၈၆ ပြကျောက်(၂၇)
နေပြည်တော်ကျော်ကျော်စိုး

၃၀၆ ပဝါနိုဗြင့်ကသည့်သူ
ရောမြေကျော်ဝေ

၃၁၄ ဆရာတစ်ယောက်အမြင်မှန်ရသွား
ဘိုစံ(ဟသံတ)

၃၁၈ ကျီးနားမှသည် ရွှေကျီးသာသို့
အေးတော်ရဲမင်း

၃၂၄ ဦးခေါင်းခွံရိုးနှင့်အိပ်မက်ဆိုး
ဖြစ်ရပ်ဆန်း
အောင်ဆန်းလင်း(ဘီအေ)

၃၂၈ အုန်းပင်ကသရဲ
အောင်ကြည့်သန်း(ဖောင်တော်ဦး)

၃၃၀ ကြိုးကြောင့်တို့၏ကလဲ့စား
သန့်ဇင်

၃၃၆ ပြောင်မုဆိုးများ
ထွန်းတောက်

၃၄၂ မြေသူခိုးလူများ
မင်းမြတ်သီဟ

၃၅၄ နိုင်သူလိုက်ခဲ့
ရွှေပြည်စိုး(မိုးကုတ်)

၃၇၄ ရွာရှင်မပြသောနိမိတ်ဆိုး
မေနင်းအောင်(ကျောက်ဖြူ)

၃၈၈ ရေသေ
နေအောင်လင်း(စလေ)

၃၉၁ ဘုန်းကြီးမိုက်ခဲ
ရွှေဒွယ်ဦး

၄၀၄ အကြောင်းမကောင်းလေတော့
သက်ထိုင်ဖြိုး(စက်မူတက္ကသိုလ်)

သူရဇ္ဇအခန်းဆက်ဝတ္ထုရှည်

၂၃၈ ကျွန်ုပ်နှင့်ဓာတ်မတော်ဘုရားကုန်း
ရွှေပြည်စိုး(မိုးကုတ်)

၂၅၀ ဒုတိယကွန်မြူတော်
ဦးရဲဇွ

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇ ပညာရပ်

၁၅၅ တော်ဂနီ(၄)ပါးနှင့်
မောက်ချအကွာရာ ဤပညာ
ပန်းချီတင်အောင်မိုး(ချောက်)

၂၉၈ သိပ္ပံသားမဖြစ်သေးမှသာ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၅၀ (၇) ရက်သားသမီးများအတွက်
အဆောင်ယာကြာ
ဓေါ်ခင်စံသူ(B.Sc)

၃၅၂ အင်းဘာကြောင့်စွမ်းသလဲ
အောင်မြင့်ထွန်း(မသုံးလုံး)

၃၅၂ ကိုယ်တွေ့ကြားမြင်သုတဖြစ်ခဲ့ရသော
အဂ္ဂိရတ်လောကမှ
ထူးထွေဆန်းပြားဇာတ်လမ်းများ(၄)
မင်းချမ်းမြေ့(ပုသိမ်)

၃၅၉ ရုပ်ပွားတော် စေတီပုထိုးများအပါအဝင်
ဓာတ်တော်မွေတော်များ
တစ်နေရာမှတစ်နေရာ၊
တစ်ဆူမှတစ်ဆူသို့
ပြောင်းရွှေ့ခြင်းများကြောင့်
ဖြစ်ပေါ်တတ်သည့်ဓာတ်ခိုက်မှုများ
ဆရာဦးဆက်ထွန်းလင်း
(အာယုဗွေဒ)

၃၈၃ ပြဿဒါး၊ ဝါရမိတ္တာစသော
ရုပ်ပုပ်၊ ရက်ကန်းတို့မှလွတ်သော
ရက်ကောင်းတို့ကို
လစဉ်ပြကွဒိန်ချုပ်ဇယား
စိုးမင်း(မြောက်စည်း-ရွာသစ်)

၃၉၉ ဂန္ဓာရီလမ်းပေါက်
အံ့ဖွယ်ထူးဆန်းများ(၁)
ဘုန်းခေါင်

သူရဇ္ဇလက်တွေ့အသုံးချ

၂၆၁ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွက်
ဓနသိဒ္ဓိနက္ခတ်မဂ်လာအခါတော်
ရှိန်းအောင်(ဂဇ္ဇရ)

၂၆၇ ပြည်မြန်မာ၏
၂၀၁၈ ခုနှစ်၊ ကရကဋ်ရာသီပြောင်း၊
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၀၅ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၃၂၃ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၃၅ ၂၀၁၈ခုနှစ်၊ ဇူလိုင်လအတွက်
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
ဦးအောင်စောလှိုင်(ပုသိမ်)

၄၀၈ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဓေါ်ခင်စံသူ(B.Sc)

၄၁၀ သတိထားစရာလေးများထဲမှ
သူရဇ္ဇလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၄ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၁၇ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

ကွန်ပြူတာစာစီ
စုစုလိုင်၊ ချမ်းမြေကျော်၊
နင်းသန္တာကျော်၊ ဆန်းထွန်းမြင့်
ရုံးအဖွဲ့
အေးအေးစန်း နုနုယဉ်
ဖြန့်ချီရေးမှူး
အောင်မြင့်သန်း
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချီရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၈၂၂) ပန်ဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်၊
ဖြန့်ချီရေး စာမှုန့်ကြော်ငြာ
၀၁-၃၀၈၇၁၈

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
စိုးအောင်
သူရဇ္ဇစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဗဟုသုတ
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၂၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၄၊၇၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၇၆၇၄

မဟုတ်ပေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာဇန်း သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရွှမ်းတောင်ကယား-ဂါမိန်နီ မိဝံမှာ
ပဲခူး- သဇင်စာပေ
ဟသံတ-တာလေးမောင်၊ ရွှေမောင်
မကွေး-ရွှေပြည်ဦး
တောင်ငူ-ဦးထွန်း ဦးစာမွေး
မြန်အောင်-လူထုပေးစာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဈေး (၃၅၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



အနန္တကျေးဇူးတော်ရှင်
မဟာတေဇိပြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော

ဓမ္မအမွေ
(ဓမ္မဒါယာဒကထာ)

■ သွေးပြောစကား

ဘဝတစ်ခု၏ ရရန်ရှိခန္ဓာသည် မိဘနှစ်ပါးတို့၏ သုက်သွေးမှစတင်ဖြစ်ပွားရ၏။ သို့ကြောင့် . . . သွေးသည် ခန္ဓာ။

တစ်ဖန် ခန္ဓာတွင်ပါရှိနေကြသည့် ဓာတ်များနှင့် ထိုဓာတ်များအတွက်ပေးဆက်ရသည့်ဓာတ်စာများတို့ လက်ဆက်ကြရာမှ ပေါက်ဖွားလာသောသွေးဖြစ်ခြင်းကြောင့် . . . သွေးသည် ဓာတ်ကမွေးစားသားသမီးများ။

တစ်ဖန်လည်း ဤသွေးမှပင် ရုပ်သက်၊ နာမ်သက်များ ဖြစ်ပွားလာနေကြခြင်းကြောင့်လည်း . . . သွေးသည် အသက်။

သည်မှ ကျေးဇူးများ၌ သည်မှ ခမ်းနားကြီးကျယ်လှသော ထိုသွေးသည် နှုတ်မှထွက်၍လည်း စကားပြောသည်။ ဟန်အမူရာပြု၍လည်းစကားပြောသည်။ ထိုစဉ် . . . စကား စကား ပြောပါများ စကားထဲက ဇာတိပြ' စကားကဲ့သို့ သွေးမှဖြစ်သော စရိုက်ခြောက်ပါးတို့ကို ဤမှ နေ ဓမ္မအမွေအဖြစ်ထားပေးခဲ့မည်။

သင့်အတွက် ကိုယ့်သွေးကိုယ်ကြည့် ချိန်ညှိတတ်ရန်တည်း။

■ ရေမှီ မြေမှီ အညီကဖွား သတ္တဝါများ

သတ္တဝါ ဘယ်ကစ ဓာတ်လေးပါးက စရမည်။

သတ္တဝါ ဘယ်မှာဆုံး ဓာတ်သက်သည်း ဆုံးလိမ့်မည်။

သည်သို့ ဓာတ်လေးပါးက စကြရာ၌ . . . မလှုပ်မယှက်ငြိမ်ခံတတ်သော ရေ၊ မြေသည် အမ။ လှုပ်ရှားထိုးဖောက်တတ်သော လေ၊ မီးသည် အဖို။ ထိုမှနှင့် ဖို့တို့သည် စွတ်စိုသော ရေဓာတ်ပေါ်ဝယ် ဆုံတွေ့ကြ၍ ပူအိုက်သောရာသီကို အားကိုးအားထားပြု၍ ပေါင်းသင်းဆက်ဆံကြသောအခါ. . . ကုန်းပေါ်တွင်မှီး ရွှ၊ ပျ စသည်လေးများမှသည် ဆည်ထက်ကြီးသတ္တဝါများ. . . . အချို့ ရေ၊ မြေ၊ လေ၊ ညစ်များမှ ပေါ်ခွင့်ရကြ၏။ အချို့ ရေ၊ မြေ၊ လေ၊ မသန့်ကြားမှဖွား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရကြ၏။

ထိုစဉ် မသန်ရှင်းသော ဇာတိခံများမှ ဖွားခွင့်ရများက သွေး၊ သည်းခြေ၊ လေ၊ သလိပ်များပါ မသန့်ရှင်းသောကြောင့် ဉာဏ်မဲ့ဓာတ်ကောင်များ ဖြစ်လာကြရ၏။ တစ်ဖန် သန့်ပြန့်သော ဓာတ်ခံကြားမှ ဖွားခွင့်ရများက သွေး၊ သည်းခြေ၊ လေ၊ သလိပ် ဓာတ်ဆိပ်ကင်းသောကြောင့် ဉာဏ်ရွှင်ဓာတ်ကောင်များ ဖြစ်လာကြရ၏။

တစ်ဖန် ရေထဲမှလည်း ဆိုခဲ့ပြီး စွတ်စိုပူအိုက်ခိုနိမ့်များကို အကူယူ၍ ရေဖွား ဓာတ်သား၊ ဓာတ်သမီးများ ထွန်းကားလာကြ၏။ သူတို့လေးတွေ၏ ထူးခြားချက်မှာ. . . မြေခဲ ကုန်းသတ္တဝါများမှ ဖြစ်စဉ်များ ခွဲထွက်ကာ ခြေ၊ လက်များအစား ရေယက်များ ဝင်စားလာပြီး လွန့်သွား၊ ငုပ်လျှိုသွားကြခြင်းပင်။

မှတ်ချက် ။ ။ မြေဖွားများတွင်လည်း မွေ့ စသည်များသည် ရေ၊ မြေ၊ အမေ မွေးမဟုတ်။ လေ၊ မီး အဖေမွေးများသာဖြစ်နေကြ၍ ခြေ၊ လက်များ မပါဝင်နိုင်ကြ။ ငှက်စသည်များလည်း အမေတစ်ဝက်၊ အဖေတစ်ဝက်မွေးများ ဖြစ်နေကြ၍ ခြေသာပါ၏ လက်များမပါချေ။ နွားစသည်များကား အမေသန်များ ချည်းဖြစ်နေ၍ လေးဖက်စလုံး ခြေချည်းသာ ထွန်းကားလာကြ၏။

သည်သို့ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးဆုံရာ ဘုံကမ္ဘာဝယ်. . . မြေ မှီ ဖွား၊ ရေ မှီ ဖွား သတ္တဝါများ ထွန်းကားလာရာ. . . အချို့က အဆိနှင့် အညီပေါကြွယ်ဝသည်။ မြေဓာတ်အားပြု၍ မွေးခွင့်ရကြ၏။ သို့ကြောင့် သူတို့၌ ရိုးတွင်းခြင်ဆီအား အထူးကောင်းကြ၏။ အရိုးနှင့် အကြောအခြင်များလည်း တောင့်တင်းကြ၏။ ထို၏အကျိုးဆက်က ကာမအာရုံလိုက်စားခွင့် အများထက် ပို၍ အားကြီးလာကြခြင်းပင်။ အချို့ကျ အဆင်း၊ အချို့ကျ အသံ. . . စသည် . . . ။

တစ်ဖန်. . . အချို့က မြေနယ်နှင့် စပ်ဆက်နေသည့် ရေမှီ ဖွားခဲ့ကြ၏။ သူတို့၌ သွေးအား အထူးကောင်းကြပြီး အသားများပါ (မြေဓာတ်ရှင် နည်းတူ) ဆူဖြိုးကြ၏။ အရိုးနှင့် အကြောအခြင်များလည်း မြေဓာတ်ရှင်နှင့် ဆင်ဆင်ရှိ၏။ ထို၏ အကျိုးဆက်ကလည်း ကာမအာရုံ ခုံမင်ခြင်းသာ။

သို့တစေလည်း မြေရှင် ကာမနှံနှင့် ရေရှင်ကာမနှံ အသွင် မတူကြ။ မြေရှင်ကား စိတ်မာကျောသဖြင့် မာနကြီးတတ်၏။ ရေရှင်ကား စိတ်ပျော့ပျောင်းသဖြင့် အေးဆေးတတ်၏။

အချို့က လေအားကြီးရာမှ မွေးခွင့်ရခဲ့ကြ၏။ သူတို့၌ လေအားအထူးကောင်းကြ၏။ သွက်လက်ဖျတ်လတ်ကြ၏။ အမြင့်တက် အမြင့်စီးတို့၌ အလေ့အထများ၏။ အဆီ၊ အညှီ သွေးသားများကား မပါမဖြစ်လောက်မျှသာ။ ထို၏ အကျိုးသက်က ဘာလုပ်လုပ် စိတ်မြန်၊ ကိုယ်မြန်လုပ်တတ်၏။ ဘာလုပ်လုပ်ပြုလွယ်၊ ပြောင်းလွယ်လုပ်တတ်၏။ ကာမအာရုံခံစားရာ၌ တိုက်ဆိုင်မှုရှိလျှင် ခံစား၏။ မရှိ မခံစား။ မရှိ အရှိဖြစ်လာစေရန် လိုက်လံကာ အောက်ကျိုမခံတတ်။

တစ်ဖန်. . . အချို့က အခိုးအထများရာမှ ဖွားခွင့်ရခဲ့ကြ၏။ သို့ကြောင့် သူတို့၌ အခိုးဓာတ် အားကြီးတတ်၏။ သွက်လက်ပြီး ခက်ထန်မာကျောသော သတ္တိရှိ၏။ သေရဲသည်၊ သတ်ရဲသည်တို့ကား သူတို့၌ အားများပင်။ ထို၏အကျိုးသက်က ဘာလုပ်လုပ် မလုပ်မီသာ စဉ်းစားတတ်၏။ လုပ်မိလျှင်ကား နောက်မဆုတ်တတ်။

ဤ၌ အရှင်ဓာတ် တိုက်အားရှင် လေ၊ မီး ဆောင်ရှင် နှစ်ဦး၏ ထူးခြားချက်က. . . လေသမားက စိတ်ဆိုးလွယ်၊ ပြေလွယ်၏။ မီးသမားကစိတ်ထန်သဖြင့် မပြေတတ်။

အထက်ပါတို့သည် အတွင်းခံဓာတ်သတ္တိများအရ ကိုယ်၊ နှုတ်၊ မူရာထုတ်ပြသရခြင်းကြောင့် ယင်းတို့ကို 'သွေးပြောစကား' အမည်ပေးထား၏။ မူလဓာတ်သက်အတိုင်း နမူနာပြရလျှင်. . . ကုန်းနေ ဝက်နှင့် ရေနေဖျံတို့တည်ကာမအားကြီးများကြ၏။ ကုန်းနေမွေးဆိုးစသည်များနှင့် ကောင်းကင်ဝဲ သိမ်း၊ စွန် စသည်များ ဒေါသအားကြီးများကြ၏။ ယင်းမှာ နမူနာထုတ်ပြခြင်းမျှသာ။

www.burmeseclassic.com

www.burmeseclassic.com

ယင်းတို့မှာ ဓာတ်တူများလည်း ဤအတိုင်းပင်မှတ်ပါ။

တစ်ဖန် ဓာတ်လေးပါးတို့ မီးကုန်ယမ်းကုန် တိုက်ကြရာအတွင်း အပူပြင်းဆုံး ခံထားရသူများ ဆိုပါက. . .

ခန္ဓာရိန္ဒမ်း သမ်းဝေငိုက်မျဉ်းခြင်း . . . မောဟ။

သွေးများ ပျစ်ခွဲနေ၍ စိတ်မထက်တော့ခြင်း. . . မောဟ။

အပူလွန်ထားသဖြင့် ပြန်ကားပြေးလွားနေခြင်း. . . မောဟ။

အပူဟပ်သဖြင့် အာရုံနှင့် နီးလိုက်ဝေးလိုက်ဖြစ်နေသဖြင့် မောဟ။

ယင်းတို့ကသာ စိတ်ကိုကြိုးစိုးနေတတ်ကြ၏။ အကျိုးသက်က. . . ဘာမဆို သူများနောက် ရောယောင်လိုက်ပါနေတတ်၏။ သူများ အကောင်းပြောရာ လိုက်ကောင်းနေရပြီး၊ သူများ အဆိုးပြောရာ လိုက်ဆိုးနေရတတ်၏။ ယင်းသည်လည်း သွေးပြောစကားပင်။

ဆိုခဲ့ပြီး မြေ၊ ရေ၊ လေ၊ မီး ထန်များနှင့် ဤရောရာ ကျွမ်းများကြောင့် ထွန်းကားလာကြသည့် စိတ်ကြီးကိုင်များမှာ. . .

ရာဂသမားတို့အတွက် တဏှာ၊ မာန၊ ဒိဋ္ဌိ (ထိန၊ မိဒ္ဓ) . . . ၅-မျိုး။

ဒေါသသမားများအတွက် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ. . . ၄-မျိုး။

မောဟသမားများအတွက် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာ . . . ၅-မျိုး။ စုစုပေါင်း ၁၄-မျိုး။

ဤ ၁၅-မျိုးတို့သည် ရုပ်ခန္ဓာ၏ ဖွားဖက်တော်များလည်းဖြစ်၊ အစေခံများလည်းဖြစ်ကြသည့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၏အမိန့်နာခံ၍. . . ရုပ်ဓာတ်နှင့်တည့်သော အာရုံများနှင့် တွေ့က မရ၊ အရလိုက် သိမ်းပိုက်ပေးကြ၏။ သူ့ရုပ်ဓာတ်နှင့် မတည့်က တိုက်ခိုက်လွှတ်ကြ၏။ သူ့ရုပ်ဓာတ်နှင့် တည့်သော်ရှိ၊ မတည့်သော်ရှိ အာရုံများလာတွေ့ပေးသမျှ ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိ ငေးတိငေးဝိုင် မြိုင်တွေကျ၍ လည်နေတတ်၏။ သို့ကြောင့် ယင်းတို့ကို အကုသိုလ်မျိုး ဆိုရသည်။

အာရုံတို့မည်သည် မြေ၊ ရေ၊ လေ၊ မီးတို့ဖြင့် ဖွဲ့စည်းထားသော ဝတ္ထုများမှ အရိပ်ကျ အင်္ဂေသက်ပေါ် ထွက်ပြခြင်းမျှ ဖြစ်ရာ. . . ယင်းကို လိုက်စားခြင်းဖြင့် ဘာမှလက်ဆုပ်လက်မိ မရလိုက်။ အနီရောင်လက်ကိုင်ပဝါလေး ကောက်ယူလိုက်ရာ၌ လက်ထဲဝယ် အနီရောင်မဖိ၊ ပိတ်စကိုသာကိုင်မိ၏ပမာ။ သို့ကြောင့် အာရုံခံစားမှုက ဘာအကျိုးမရ။ သို့သော် အာရုံလုယက်မှုကြောင့်ကား အပြစ်ထိရှုတော့မည်။

ယင်းတို့ကို . . . အပြစ်နှင့်တကွ ဖြစ်ခြင်း၊ ကောင်းကျိုးမပေးခြင်းများကြောင့် အကုသိုလ်အမည်ပေးထားရသည်။

ယနေ့ . . . သင့်ခန္ဓာ၊ အများခန္ဓာ . . . ခန္ဓာရှိသူတိုင်း၏ သဏ္ဌာန်ဝယ် ဓာတ်တို့ကသာ မင်းမူနေတတ်ကြရာ ဓာတ်သွေးကား ဓာတ်စားတောင်းခံမြဲ။ ခန္ဓာရှင်များလည်း ဓာတ်စာရှာဖွေဆက်သနေကြရမြဲ။ သို့ဖြင့် အကောင်းနောက်ဆုတ်ပေးပြီး အကြိုက်နေရာရလာ၏။ အဆိုးဘေးရှဲပေးပြီး အမုန်းရှေ့တိုးဝင်လာ၏။ ညီမျှခြင်းနေရာပျောက်၏။ မဲ့မသိ နေရာရထားနှင့်၏။ သို့ကြောင့် သင့်ခန္ဓာ၊ ငါ့ခန္ဓာ၊ အများခန္ဓာတို့၏သွေးများကို ဖောက်စစ်လျှင် နီ၊ မည်း၊ မွဲ သုံးစားသာ တွေ့ရမဲ့ည်။

သို့ သုံးမျိုးရှိရာတွင်. . . လူသားတိုင်း ကာမဝစရကုသိုလ်က ပေးထားသော် အခွင့်အရေးအရ ကာမအာရုံခံမင်ခြင်းဖြင့်သာ အသက်ရှင်ခွင့်ရကြရာ . . .

(က) နီသွေးဆိုက အကောင်းစားစာရင်းထဲ သွင်းနေရပြီ။

(ခ) မည်းသွေးဆိုက သင့်စာရင်း လောက်ထားရသည်။

(ဂ) မွဲသွေးဆိုက လူတိုင်းတို့နှင့် မသင့်ထဲ လွှဲပို့ထားရပြီ။

မှတ်ချက်။ ။ အနီက ရာဂလွန်၊ အမည်းက ဒေါသလွန်၊ အမွဲက မောဟလွန် သွေးအမျိုးအစားများဖြစ်ကြသည်။

■ ဉာဉ်၊ စရိုက်၊ ဝါသနာဆိုတာ

ဆိုခဲ့ပြီး သွေးများလိုက်၍ အာရုံအတိုက် ကြိုက်၊ မကြိုက်တို့ဖြင့် နှိုင်ယှဉ်ရာ. . . မသိဖြင့် ငိုက်နေရာ၌. . . အချို့က ရေ၊ မြေအခံအားကောင်းသောခန္ဓာကို ငိုင်ခွင့်ရ၍ ရာဂအားကြီးမားကြ၏။ အစွဲကြီးကြ၏။ အချို့က လေ၊ မီး အတိုက်အားကောင်းသောခန္ဓာကိုပိုင်ခွင့်ရကြ၍ ဒေါသအားကြီးမားကြ၏။ အစွဲကြီးကြ၏။

တစ်ဖက်က ကြိုက်စွဲကြား ချော်လဲ. . .၊

တစ်ဖက်က မုန်းစွဲကြား ချော်လဲ . . . သည်မျှသာ ကွာ၏။

အချို့ကျ အခံနှင့်အတိုက် အလိုက်လွန်ရာမှဖြစ်သောခန္ဓာကို ပိုင်ထားသဖြင့် မောဟအားကြီးမားကြ၏။ မောဟသမား၌ ရာဂဖက် မက်စွဲ စွဲကျန်နေခဲ့တတ်၏။ မောဟသမား၌ ဒေါသဝင်္ဂမွေစွဲ စွဲကျန်နေခဲ့တတ်၏။ သို့ကြောင့်. . . ထို မောဟခန္ဓာရှင်၏ သွေးကို ကြက်၊ ဝက်၊ သား၊ ငါး ဟင်းလျာစိမ်းများ ဆေးကြောရာမှ သားဆေးရည်များ ဖြူရာဖြူ။ ညိုရာညို၊ ချွဲရာချွဲ အရောင်စုံတွဲနေသည်နှင့်ပမာပေးထား၏။ သို့ဆိုသော် သူ့အစွဲကလည်းရောင်စုံစွဲသာ ဖြစ်ထိုက်ရာ၏။

ခန္ဓာ၌တပ်ဆင်ထားသည့်မိမိ၏ အကြည်ဓာတ်ခွက်တို့ကို တစ်ဖက်ခန္ဓာမှ အာရုံလှိုင်းများ လာရောက်တိုက်မိချိန် . . .

စေတနာက. . . သူ့အကောင်းကြီးနှင့် တည့်၊ မတည့် ခံစားပေး။

သညာက . . . တည့်ကြောင်း၊ မတည့်ကြောင်း တေးမှတ်ထား။

သင်္ခါရက . . . တည့်တစ်မျိုး၊ မတည့်တစ်မျိုး စေတနာပို့ပေး။

ဝိညာဉ်က . . . တည့်ကြိုက်၊ မတည့်မှန်းဖြင့် ဆုံးဖြတ်ချက်ထားပေး။

ထိုအုပ်စုတို့က သူတို့ ရုပ်ကောင်ကြီးနှင့်တည့်သော အာရုံတစ်ခုခုကို ကြိုက်ဆိုသော ဆုံးဖြတ်ချက်နှင့်အညီ အခါခါ လိုက်ယူသိမ်းပိုက် ခံစားခွင့်ပေးလိုက်ကြသောအခါ. . . သိရုံမျှ သာမန်အသိသည် ဉာဉ်သို့ပြောင်းလာခဲ့ရပြီ။

ထိုစဉ် . . . အာရုံခံစားကြမည် . . . စေတနာက လှုံ့ဆော်လိုက်တိုင်း ထိုအသိက. . . ဒါဆို ဒါပဲ. . . ကွက်သိပေးတော့မည်. . . ဉာဉ်။ ထိုအသိအတိုင်း အခါခါခံစားရန် ကြိုးစားမည်။ ကြိုးစား၍ အောင်မြင်သလောက်ခံစားနေမည်. . . စရိုက် ဝင်လာသည်။ သည်ဉာဉ်နှင့် သည်စရိုက်များ တစ်ဘဝနှင့် မနားဘဲ အခြားဘဝများသို့ပါ လိုက်ပါလာလျှင်ကား ဝါသနာအဖြစ်ရောက်တော့သည်။ ထိုဉာဉ်နှင့် စရိုက်များကြောင့် ကြိုက်ရာ လိုက်၊ ထိုက်ရာနားကြသူများ အားလုံး. . .

မြွေအကြိုက်သည် ဖား။ မြွေသည် တစ်သက်လုံးလုံး ဖားသီဖြင့် ဖားကိုချည်း လိုက်လံရှာဖွေ စားသုံးမိရာမှ သေခါနီး ဖားစွဲစွဲပြီး ဖားမျိုးထဲ ဘဝသွားပါသော် ဓာတ်ပြောင်းမည်။ ဒုတိယမှ အအေးသို့။ ထိုသည့်ဖား မြွေဝင်းဖားဖြစ်နေခြင်းကြောင့် မူလဖားများနှင့် အနည်းနှင့်အများ ကွဲလွဲနေမည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖန်. . . မြွေအမျိုးခံ သေဆုံးသွားသော ဖားကလည်း သေခါနီး မြွေစွဲစွဲမိသည့် မြွေဘဝဘက် တက်မိသွားသော်. . . ထိုသည့်မြွေ မူလမြွေများနှင့် အနည်းနှင့်အများ ကွဲပြားမည်။ သို့ ကွဲပြားသည့်အလျောက် ထိုမြွေမှဖြစ်သော ဖားနှင့် ဤဖားမှဖြစ်သော မြွေတို့၏ ကိုယ်တွင် မူလဆောင်ထားသည့် မီးဓာတ်၊ ရေဓာတ်များအပြင် ဘဝသစ်က ဓာတ်သစ်များ ပူးယှဉ်လာခြင်းကြောင့် . . .

မြွေဆို မီးဓာတ်ဆောင်၏ တထစ်ချပြောမရတော့ပါ။

ဖားမှန်သမျှ ရေဆောင်၏တထစ်ချ ပြောမရတော့ပါ။

ထို ဖားနှင့် မြွေ နောက်နောက် ဘဝများတွင်လည်း စွဲရာကျ၊ ရရာဝင် တို့ဖြင့် ဘဝမျိုးစုံ ထုဝင်ပြီးသောအခါ . . .

ဓာတ်အားလုံးလည်း အပြိုင်အဆိုင် ဖြစ်လာကြမည်။

ဥဉ်အားလုံးလည်း အချဉ်ပေါက်ဖြစ်လာကြမည်။

စရိုက်အားလုံးလည်း ဟင်းလေးအိုး ဖြစ်လာကြမည်။

ဝါသနာအားလုံးလည်း လက်သုပ်စုံ ဖြစ်လာကြမည်။

သည့်အတူ ကျန်သတ္တဝါအားလုံးတို့လည်း ဓာတ်ကွဲ မျိုးတုချင်း ဓာတ်ခိုက် မျိုးကွဲများနှင့် ဖက်မိကြရာမှ မူလ ဓာတ်ခံများ တုံ့ပြန်ဓာတ်များနှင့်ရော၍ အမျှောခံကြရမည်။

သည်သို့ ဓာတ်ပေါင်းခန္ဓာအဖြစ်ဖြင့် ဓာတ်သစ်၊ ဓာတ်ဟောင်းသောင်းပြောင်းထွေလာ ကျင်လည်ကြရာ တိုင်းတို့၌ . . . ဓာတ်သွေးလိုက်သော ဤစရိုက်သွေး သုံးမျိုးတို့ဖြင့်သာ လှည့်ပတ်ခွင့်ရကြမည်။ ဓာတ်မိန့်မလွန်ဆန်ရကြ၍။ ဓာတ်သွေးတောင်းသော မကောင်းအာရုံ ဝတ္ထုနှင့် ကာမဂုဏ်ခလေ့ဖြင့်သာ ပျော်မွေ့ခွင့်ရကြမည်။

ကာမအာရုံ မှန်လျှင် မည်သည့် အာရုံမျှ ချန်လှပ်မည်မဟုတ်။

ကာမဝတ္ထုမှန်လျှင် မည်သည့် ဝတ္ထုမျှ လက်ရှောင်မည် မဟုတ်။

မီးလင်းဖိုကြီးသည် ထင်းထည့်လေ အပြင်းလောင်လေ၊ အပြင်းလောင်လေ ထင်းတောင်းလေ ပမာ. . . ဓာတ်ပြင်းတောက်၍ ဓာတ်သွေးဆာနေသော ဓာတ်ပေါင်းစုဆောင် ဤကိုယ်ကောင်ကြီးသည်လည်း လောင်စာ အမြဲငမ်းနေ၏။ လောင်မီးစွဲမှ လန်းခွင့်ရ၏။

အကြိုက်တွေ့က ရာဂစရိုက် အလိုက်ခိုင်းသည့်အတိုင်း မဆုတ်မဆိုင်း ရိုင်းစိုင်းပေးနေကြရ၏။

အကြိုက်မတွေ့သော် ဒေါသစရိုက် အတိုက်ခိုင်းသည့်အတိုင်း မတွန့်မဆိုင်း ရိုင်းစိုင်းပေးနေကြရ၏။

ဓာတ်ငွေ့တွေ၍ မက်မေ့နေက မောဟစရိုက်ခိုင်းတိုင်း မသိစိတ်ဖြင့် အရိုင်းကျင့် ကျင့်ပေးနေကြရ၏။

တစ်နေ့ တစ်ရက်လည်းမဟုတ်၊ တစ်ဘဝတည်းလည်း မဟုတ်ခဲ့ကြ။

ယနေ့. . . ဓာတ်မှ ထွက်မြောက်ကြောင်း လမ်းကြောင်း ပြသပေးနေသည့် ဘုရားသာသနာတော်ကြီးနှင့်ဆုံခွင့်ရကြစဉ်။ ဓာတ်မှ လွှတ်မြောက်ရန် ကျင့်နည်းများကို ရှေ့မှနေ လမ်းပြပေးရန် စောင့်နေကြသည့် သူတော်ကောင်းများနှင့်ဆုံကြစဉ်. . . သင်သည်. . . အသိလောင်း၍ ဉာဉ်မှဉာဏ်ပြောင်းသင့်၏။ ဉာဏ် ဉာဏ်ချင်းဆင့်၍ အကျင့်လည်း ပြောင်းသင့်၏။ အကျင့် အကျင့်ချင်း လွှား၍ ဝါသနာလည်း ပြောင်းသင့်၏။

ပြောင်းရဲတိုင်း ပြောင်းလွှဲကျင့်သင်ကျင့်ခဲ့ပါမူ. . . သင့်စိတ်သို့ ကြိုးကိုင်ကောင်းများ ဆောင်းဝင်လာပါအံ့။ သင့်၌ ဉာဉ်သစ်၊ စရိုက်သစ်၊ ဝါသနာသစ်များ ဖြစ်ထွန်းလာအံ့။

ဤပြောင်းလဲ ဖြစ်ထွန်းမှုအားလုံးတို့သည်. . .

သင့်အား. . . အမှားမှ အမှန်သို့ ပို့မည့်အရာများတည်း။

သင့်အား. . . အဆိုးမှအကောင်းသို့ပြောင်းပေးမည့် အရာများတည်း။

သင့်အား. . . ဓာတ်ဝင်မှလွတ်ပေးမည့်အရာများတည်း။

သင့်ဘက်က နည်းနှင့် နှည်းကိုင်သူကို ငါ့မိတ်ဆွေ၊ ငါ့ကယ်တင်ပေးမည့် သူဟူ၍ တထစ်ချ ယုံကြည်ဖို့သာ လိုပါတော့သည်။

■ သွေးချင်း လဲကြရအောင်

ဝိဝဿနာ အလုပ်သည် ကာမဘူမိမှ ပညာဘူမိသို့ ပြောင်းပေးရန် ဖြစ်၏။ ကာမသွေးမှ ပစ္စာသွေးသို့ပြောင်းပေးခြင်း။

သို့ ပြောင်းလဲပေးရာ၌. . . နွားများ ခြံပြောင်းပေးနည်းကားမဟုတ်ဘဲ ဥတုတစ်ခုနှင့်တစ်ခု ပြောင်းလဲနည်းများပမာ . . . ဆုတ်သည့်ဘက်ကလည်း အရှိန်ငွေ့ တရွေ့ရွေ့လှုပ်ပြခြင်းဖြင့် မသိလိုက်မသိဘာသာ ဆုတ်ခွာနေတိုင်း၊ တိုးသည့်ဘက်ကလည်း အရှိန်ငွေ့တရွေ့ရွေ့လှုပ်ပြခြင်းဖြင့်သာ နေရာဝင်ယူလေ့ရှိပါသည်။ ပြောင်းလိုသူ ကာယကံရှင်၏ တာဝန်ကား ထိုးဖောက်ခြင်းဖြင့် ပြောင်းခြင်းကိုဖြစ်စေတတ်ပြီး ထွင်းကြည့်ခြင်းဖြင့်ရှေ့ခြင်းကို ဖြစ်စေသည်။ ဝိရိယ၊ သတိ၊ အသိ ဤသုံးခုတို့ဖြင့် ထိရာကြည့်၊ သိရာဝင် ဆင်ခြင်ပေးရုံလေးမျှသာ။

ထိုစဉ်. . .

ဝိရိယက နောက်တွန်းသမား။

သတိက ရှေ့ပြေးသမား။

အသိက စစ်တမ်းကောက်သမား။

ထိုသုံးပါးတို့ စိတ်ကို ကြိုးကိုင်စေခြင်းဖြင့် သင့်အား လွှမ်းမိုးနိုင်စက်နေသော ဓာတ် ပွန်းပြတ်စေရမည်။ ဓာတ်မှ အညှိတောင်းနေသည့် ကိလေသာဓာတ်သွေးနှင့်အတူ ခွာသွားစေရမည်။ ယင်းတို့အကြောင်း ပြီးခဲ့သော အသွားနှင့် အတားတုန်းက ပြခဲ့ပြီးပြီ။ ဤခွဲကား သွေးက စကားပြောသော လူတစ်ဦး၏ ကိုယ်၊ နှုတ်အမူရာများမျှသာ ပြခွင့်သာပါတော့မည်။

လူတစ်ဦးသည်. . . ဘုံစုံအလိုက်များထားသဖြင့် စရိုက်များက စုံပါသည်။ အောက်ဘုံ အလိုက်များသဖြင့် အောက်စရိုက်က ပို့စုံသည်။

မမြင်လိုက်နှင့် လိုချင်စိတ်က ထိပ်ဆောင့်နေပြီ။

မကြားလိုက်နှင့် မခံချင်တွေးက သွေးနှိုးပေးနေပြီ။

မတွေ့လိုက်နှင့် အမေ့အမက်က ပွဲထွက်ပြနေပြီ။

ထိုအားလုံး အောက်သုက်ကျေတို့၏ ခလေ့ထုံး မဟုတ်လား။

သို့ဖြင့် လူတစ်ဦးစီ၌ပင် ဓာတ်သွေးတက်၍ ဓာတ်ဖက်စာဆက်ရရာမှ ဖြစ်ထွန်းလာသော စရိုက်ဆိုး သုံးမျိုးလုံး သုံးခွင့်ရနေကြတော့ရာ. . . ယင်းစရိုက်သွေး လဲလှယ်ပေးရာ ကမ္မဋ္ဌာန်းအလုပ်သည် ကျင့်နည်းတစ်နည်းသုံး အကုန်လုံးတုံးစေရမည်။ မည်သည့်စရိုက်အတွက် မည်သည့်နည်းသုံး. . . ယနေ့ခေတ်သည်သို့ ဝဲကွက် ပေးဆက်စရာမလိုသို့ကြောင့် ယခုပေးမည့် ဤကျင့်နည်းသည်. . . ခဲတစ်လုံးတည်းဖြင့် အသုံးကောင် ထိမှန်စေသောနည်းဖြစ်ကြောင်း အာမခံသည်။ ယင်းနည်းကား ဝင်၊ ထွက်လေ နှစ်ရပ် ဟာဖြင့် မပြတ်မလပ် ဆီးကြိုးမှတ်ရ၏။ ဝင်၊ ထွက်လေသည်

www.burmeseclassic.com

www.burmeseclassic.com

မွေးသည်မှ သေအထိ ဘယ်တော့မှ မရပ်။ ဝင်၊ ထွက်လေသည် မွေးသည်မှ သေအထိ ဘယ်တော့မှမပြတ်။

သို့ကြောင့် ယင်း ဝင်၊ ထွက်လေတို့၏ ဝင်ပုံ၊ ထွက်ပုံများကို စုံစုံစေ့စေ့ကိုယ်ပိုင်သိ သိခွင့်ရရန် မှတ်ချက်ယူနေသူ၌ သတိ တရစပ် မှတ်လုပ်များနေသလောက် အသိ တရစပ် သိလုပ်များ ပွားပေးနေရရာ ထိုသိစိတ် အားခိုန် နားခိုန်မရတော့ပါ။ အားခိုန် နားခိုန် မရှိ၍ တွေးခိုန် တောခိုန် ဝင်ခွင့်မရတော့ပါ။

ထိုစဉ်...

တွေးမှဖြစ်သော အကြိုက် လိုက်ခွင့်မရ ရာဂသွေး တက်ရိပ်မပြ။

တွေးမှဖြစ်သော အမုန်း သုံးခွင့်မရ ဒေါသသွေး တက်ရိပ်မပြ။

ငေးမှဖြစ်သောအမှေ့ လှေ့ခွင့်မရ မောဟသွေး ကျရိပ်မပြ။

မတွေးဖြစ် စိတ်အေး သွေးပါအေး သွားတော့၍...။

မှတ်နေလျှင် သွေးသွက် သွေးညစ်များ မကွက်တော့၍။

သည်သို့ဖြင့် သွေးဆူပွက်ကို သွေးအေးဘက် သက်စေပြီး အပူကျင့်မှ အအေးကျင့်သို့ လမ်းဖွင့်ပေးကြရရာ... ဝင် ဝင်သည် ထွက် ထွက်ပြီ စတင် မှတ်သည်မှ သမာဓိနိမိတ်အရိပ်ကျသည့် တိုင်အောင် ခရီးရောက်လာလျှင် ကမ္မဋ္ဌာန်းအလုပ်ပေါ် စိတ်ဝင်စားစပြုလာနေပြီ။ မောဟစုမှ အမှေ့အမက် အနည်းငယ် သက်သာလာပြီ။

ထိုမှတစ်ဆင့် ရုပ်၊ နာမ်ကွဲကြောင်း၊ ကျိုးသိမှ သမ္မသနအထိ ခရီးဆက်မိလာလျှင် ငါရှိစိတ် အရိတ်ခံလိုက်ရသောကြောင့် ထွက်နေသော ဒေါသ၊ ဖန်ဆင်းရှင် အထင်ထားသိ အဖိခံလိုက်ရ၍ ထွက်နေသည့်ဒေါသ... ထိုဒေါသများ အားယုတ်သွားစေပြီ။

ထိုမှတစ်ဆင့်... ဉဒယဗ္ဗယအထိ ဉာဏ်ပွင့်လာလျှင်... ဘုရားအပေါ် တကယ်ယုံလာသော ကိုယ်ပိုင်ယုံ၊ တရားအပေါ် တကယ်ယုံလာသော ကိုယ်ပိုင်ယုံ၊ သံဃာ ဆရာသမားအပေါ် တကယ်ယုံလာသော ကိုယ်ပိုင်ယုံ... ဤယုံကြည်ချက်များစတင်၍ ပန္နက်တင် မင်္ဂလာပြုလုပ်လာသောကြောင့် ရာဂ တဏှာသွေး အေးစပြုလာပြီ။

တဏှာ(ရာဂ)က သူ့ဘက် အားပြုသည်။

သဒ္ဓါ၊ ဆန္ဒက သူ့ဘက် အားပြုသည်။

သည့်မှနောက်... တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ကြီးစိုးသော ဘဝခန္ဓာကို သဒ္ဓါ၊ ပညာ၊ သမာဓိဒိဋ္ဌိတို့ထဲ လွှဲပို့နိုင်ရန်... ဦးစွာ ဒိဋ္ဌခုတ်လှဲရေး အလေးပေးသော အားဖြင့် သဏ္ဌာန်မဲ့ (ဖြပ်မဲ့) ဘဝဖြစ်စဉ်အဖြစ် ဘင်္ဂအုပ်စုက တာဝန်ယူ၊ အတ္တကိုယ်ထည်မရှိ၊ အင်္ဂေ့သဘောမျှရှိ၏ကို သခ်ါရအုပ်စုက တာဝန်ယူ... ကိုယ့်၌ ငါတကယ် မရှိမှန်းလည်း သိ၊ သူ၌ သူ တကယ်မရှိမှန်းလဲသိ။

သည်သို့ သူ၊ ကိုယ်အထင်မိထားသည့် အာရုံထိ၊ အာရုံခံ ထိုနှစ်တန်စလုံး တကယ်မရှိမှန်း ထိုစိတ်သိသွားသောအခါ... ကြီးစင်ထက် တက်ထိုင်ပေးနေရသော ငါစွဲစိတ်နှင့် ငါစွဲသွေးတို့ကို သေဒဏ်မိန့်ချမှတ်သော တရားသူကြီး၏အချိန်ပေးအချက်ပြပေါ်သည်နှင့်... ဒိုင်းကနဲ အသံကြီးနှင့်အတူ ကျဲခံလူ ပြုတ်ကျသွား၏ပမာ... ခန္ဓာ၏ လည်ပတ်သွေးထဲပါနေသော ဒိဋ္ဌစရိုက်သွေး... ထိုသွေးမှီ၍ ဖြစ်ပေါ်နေသည့် ဒိဋ္ဌစိတ် သို့မဟုတ် ဉာဉ်... ထိုနှစ်ခုစလုံးတို့လည်း မှတ်ရှိန်၏ ပြတ်ရှိန်အားကို လိုက်၍သိနေသော ဉာဏ်သိဖြစ်စဉ်ကို ကြည့်နေဆဲမှာပင်... သွေးတစ်ချက် လှုပ်နှင့်အတူ ဒိဋ္ဌစွဲလည်းစဲသွားပြီ။ တဏှာ၏စာရင်းဌား ဒိဋ္ဌအလုပ်သမား အလုပ်ပြုတ်သွားပြီ။ ထိုအချိန် သဒ္ဓါကား နေရာစား အပြီးဝင်ယူလိုက်သည်။ ထိုသည့်စိတ် သည်ကနောက် တဏှာခိုင်းတိုင်းမလုပ်။ သဒ္ဓါခိုင်းမှ လုပ်တော့မည်။ ရာဂစုရိုက်မှ သဒ္ဓါစရိုက် ပြောင်းလဲခြင်း။

သို့ပြောင်းလဲရာ သွေးသည် အနီမှ အဝါပြောင်းလာပြီး စိတ်သည်လည်း အနောက်မှ အကြည်သို့ ပြောင်းခဲ့ပြီ။ ထိုသည့်လူ... ဒိဋ္ဌသွေး စီးပြေးခြင်း အလျှင်းမရှိတော့သောကြောင့် စိတ်ဖြူစင်ခြင်းသို့ အပြီးရောက်သွားတော့ရာ ရတနာသုံးပါးနှင့်ပတ်သက်၍ မည်သည့်ကာလ မည်သည့်ဘဝမှ အယုံမပျက်တော့ပါ။ ငါ့ဘက်ယုံ ဘုံပျက်သွားသောကြောင့်။

သည်သို့ ဒိဋ္ဌ၏ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်များ လဲကျသွားစေရန် အတွက် သိက္ခာမဂ္ဂင်များဖြင့် ဉာဏ်အဆင့်စာက်၍ ဓာတ်သက်ကို ဖြိုချ၏။ အစစွာသော နာမရူပ ပရိစ္ဆေဒဉာဏ်မှ စတင်ကာ ခန္ဓာ၌ ငါမရှိပုံကိုပြရ၏။ ခန္ဓာ၌ ရုပ်နှင့်နာမ်တို့ ကြောင်း၊ ကျိုးဆက်နေပုံ ပြရ၏။ ထိုမှနေ လက္ခဏာများလှစ်ပြခြင်း ဖြစ်သလောက် ပျောက်သွားသည်ကို ပြခြင်းမှ သခ်ါရပေကွာအမြင်အထိ လည်း ပြပေးခဲ့ရ၏။

သို့ ပြခြင်းများသည်... ပဝ်စည်လုံးပတ် သုံးဆယ့်တစ်ပေပတ်လည်အထိ ဖုတ်ခိုင်နေပြီး ရေသောက်မြစ် အဝိစိအထိ ဆင်းသောက်နေသော သစ်ပင်ကြီးကို ခုတ်လှဲမည်ကြံစည်... ပထမ ခုတ်လှဲမည့်နေရာ အကွက်အကွင်းရှာ...၊ ဒုတိယသင်းသတ်၊ တတိယခုတ်လှဲခွင့်ပြု တံဆိပ်ထုပမာ... ပထမ နာမရူပမှ ဥဒယဗ္ဗာဏ်များအထိ မဂ်ဓားဖြင့် ခုတ်လှဲရန် အကွက်ကိုပြသည်။ ဒုတိယ... ဘင်္ဂအုပ်စုဖြင့် သင်းသတ်ထားခဲ့သည်။ တတိယ... သခ်ါရပေကွာစုဖြင့် တံဆိပ်ထုခဲ့သည်။

ယခုသော် ခန္ဓာသင်းသတ်ပင်ကြီး ငါစွဲစိတ် အစေးလည်းခြောက်၊ ငါစွဲမိသွေးလည်း စွဲရှိန်ပျောက်သဖြင့် သောတာပတ္တိမဂ်ဓားအဖြစ် တိုခနဲပြတ်ကျသွားခြင်းပင်။

သို့ကြောင့် ထိုလူသား... ငါ စကားပြောကြားသော်မှ ငါမဝါတော့ပါ။ ဘာသာပြောင်းရန် ငွေ၊ မတ္တိဖြင့် လောင်းသော်မှမပြောင်းတော့ပါ။ အခြားနှင့် ပေါင်းမြက်ပင်မထတော့ပါ။ အချင်းချင်း ၌ပင် ရမ္မက်ဘုံဆုံမိကြသော်မှ မဲကင်းတရားအဖြစ်မျှသာ။ ဟက်လည်းမဟက် ပက်လည်းမပက်တော့ပါ။

■ ရှေ့မှာ တောပင်ကြီးများ

ဓာတ်တို့၏အရိုင်းဆုံး၊ အစိုင်းဆုံး တို့ကိုဖြို၍ ဇာတ်၏နဂိုဖြစ်သော လူစိတ်ဖြင့် လူအလုပ် လုပ်ခွင့်ရလာသော ထိုသည့်လူ... ဘဝမျိုးစုံကြုံလေသမျှ ကာမမုန် ဖုံလုံးကြီးများ ထကြွစွာဖြင့် ဓာတ်သွေးပူဆာသလောက် ဖောက်ပြန်ခဲ့ရရာ... ယခု ဓာတ်မဆူ ဆူပါသော်ကော လူမမျှောသောနေရာသို့ ရောက်သည့်တိုင် သိထားသော ဉာဉ်ကလည်း အဆုံးအစမရှိကြောင့်၊ ကျင့်ထားသော စရိုက်ကလည်း အဆုံးအစမရှိကြောင့်၊ မြှုပ်နှံထားသော ဝါသနာကလည်း အဆုံးအစမရှိကြောင့် ရှေ့၌ရှိ အာရုံအပြအလိုက်၊ အလိုမက် အားမရဆိုသည့် ကာမရာဂဗျာပါဒကမ္ဘာသစ်ပင်ကြီးများ လွှဲရန် သောတာပတ္တိမဂ်အား သင်းသတ်နေရာပေးထားခြင်းဖြင့် မလုံလေသေးပါ။ သို့ကြောင့် အောက်ပြန်ဆင်းအားပြန်ယူကျင့်ပေးရပါဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

ဤ၌၌ နာမနှင့် ပစ္စယတို့က သော်တာပန်လောင်းလျာ၏ သင်းသတ် အခြေခံစခန်းဖြစ်၍ ချန်လှပ်ထားခဲ့ရပါမည်။ ဥဒယဗ္ဗယဉာဏ်စခန်းကိုသာ ဤသက၊ အနာနှင့် အရဟတ္တဝင်သူများ၏ အခြေခံသင်းသတ်စခန်း သို့မဟုတ် ကာမဘဝ လုံးပတ်တိုင်းထွာသည့် စုရပ်စခန်း ဖြစ်သည်။

အလိုက္ခ မက္ခ ခတ်လှဲလိုသူ သည်နေရာကစ သင်းသတ်။

ဘဝလက်ငုတ် ခုတ်လှဲလိုသူ သည်နေရာကစ သင်းသတ်။

သည်နောက် ဘင်္ဂဖြင့် သင်းသတ်၊ သခ်ါရရုဖြင့်ခုတ်လဲ၊ အမိန်ကျက တံဆိပ်ထု ပြီးသော် မင်္ဂဖြင့် လှဲ. . . ။

သို့ လှဲရာ၌ ကာမရေသောက်မြစ်က ရှည်လည်းရှည် အားလည်းကြီးဖြစ်နေခြင်းကြောင့် နှစ်ကျော့ပြန် လှဲမှကျသည်။ သကဒါဂါမိမဂ်ဖြင့် အရှိန်ကို သတ်ပစ်။ အနာဂါမိမဂ်ဖြင့် အမြစ်ပါသတ်ပစ်။ သို့ဖြင့် ထိုသည့် လူသား အရိုင်းမှ အယဉ်ဘက် ထွက်ခဲ့ပြီး အယဉ်မှ အနှစ်သို့ ရွေးရွှန်နေချေပြီ။

တစ်ဖန်. . .

ထိုသည့်သူ ယဉ်ယဉ်နုဖြင့် ဘဝကိုပြုစုနေပြန်ရာ. . . ဘဝခင်တွယ်မှုက ထုတက်နေ၏။ ခင်အားသန် မာန်ကလည်း ထန်နေ၏။ ဖြစ်တိုင်းရှိ အဆုံးထိလည်း အသိမဝင်ဆုံးသေး။ ယဉ်၍နသော ထိုသည့်အစွဲဖြင့် သဲနေလျှင် မရှိရာမှလာသော ဇာတ် မရှိရာသို့ ပြန်ပို့၍ မရနိုင်သေး။

သူ့မှာ. . . သော်ပတ္တိမဂ်ကြောင့် နွေခေါင်ခေါင် နေပူကြား သွားခွင့်မရ။ အနာဂါမိမဂ်ကြောင့် ဆောင်းအခါ နေစာလှုခွင့်လည်းမရ။ အကယ်တိတိ. . . ဘဝခင် အမျှတန်းလန်းအတိုင်း ထားနေသော ဗြဟ္မာ့ဘုံထက် တစ်ကိုယ်တည်းပက်လက်နေရုံသာ။ သို့ဖြင့် အဖော်အလှော်ထား ပျော်ခွင့်မရသော ဗြဟ္မာသွားကိုတား၍ ရှိသော မရှိရာအကြား ထားပေးရန်. . . ။

တစ်ဖန် . . . ဥဒယဗ္ဗယဉာဏ် အဆင့်အထိ ဆင်း၍ အားပြန်ယူရမည်။ သည်မျှနှင့် မပြီးသေး . . . ခုတ်ဓားကလည်း ပထမမဂ်တုန်းကလို ဧစ္ဆဝပ်အားနှင့်လည်းမပြီး။ ဒုတိယ၊ တတိယမဂ်တို့ကလို ဧစ္ဆဝပ်စူးစိုက်ဖြင့်လည်း ခရီးမရောက်။ ထို ဧစ္ဆဝပ်၊ စူးစိုက်အားများအပြင် ဤသိစဉ်ဆက်အားလည်း ထပ်ပိုးပါရဦးမည်။ သို့ဧစ္ဆဝပ်၊ စူးစိုက်၊ သိဆက် သုံးချက်တက်အပြင် စကားနည်း၊ အစားနည်း၊ အအိပ်နည်း ဤနည်းသုံးနည်းတို့ ဖြင့်လည်း အားဖြည့်ပေးရမည်။ အဝိဇ္ဇာသစ်ပင်ကြီးက အကြောထူ အခွံမာ အမျှင်စေးတွဲနေသောကြောင့်။

သည်သို့ ချွန်ထက် လေးပိသော သင်းသတ်ဓားကိုသုံးရ၏။ တစ်ဖန်. . . ပေါ့လျှင် စူးရှသော ဉာဏ်လက်ဖြင့်လည်း ကိုင်ပေးရ၏။ သို့တိုင်လည်း အဝိဇ္ဇာပင်လုံးကလည်း ကြီးကြီး၊ ဘဝရာဂအစေးများကလည်းထွက်၊ ဥဒ္ဓစ္စမာနအမြှေးများကလည်းယှက်နေခြင်းကြောင့် ဓားချက်များက မည်မျှပြင်းထန်ထက်မြက်စေ. . . ဖွားခန်မြှုပ် ဒုတ်ခနဲထိ တိခနဲ မပြတ်နိုင်။ ယင်းတို့အစား ရွှေ့ရွှေ့မြှုပ် လှုပ်လှုပ်ထိ ရိရိပြတ်ဖြင့် သာ စိတ်ရှည်ဇွဲသန် သူဆက်ဆံ ကျင့်ရပါမည်။

အဝိဇ္ဇာဖြင့် မရှိရာမှ ရှိရာဝင်ခဲ့ကြရရာ. . . အဝိဇ္ဇာလဲမှသာ မရှိရာမှ မရှိရာဘက် ထွက်ခွင့်သာမည်။ သည်နေရာ. . .

မမှေနှင့် အမှေတို့ စီးချင်းတွေ့ကြသော နေရာ။

အသိနှင့် မသိတို့ ထုပ်ဆီးတိုးကြသော နေရာ။

မမက်နှင့်အမက်တို့ အသက်ချင်းလဲကြသော နေရာ။

အကယ်တိတိ. . . သင့်ဘက်က မမှေနှင့်အတူ ပေါ့လျှင် စူးရှသောဉာဏ်ကပါ ဝင်ကူပါလျှင်. . . ဘဝရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဆိုသည်မျှားကား ဘူးသီး၊ ခရမ်းသီး၊ မုန်လာဥ၊ ကြက်သွန်ဥနေရာ၊ သိက္ခာ မဂ္ဂင်ကား ဓားနေရာ၊ သို့ဖြစ်ရာ လှီးစရာသည် လှီးဖြတ်ရာ ဓားနှင့်ပက်ပင်းတွေ့တွေ့မိကြသော် ဘူးသီး၊ ခရမ်းသီးကြောင့် ဓားပဲ့သွားပြီမရှိ။ ဓားချက်ကြောင့်သာ ဘူး၊ ခရမ်း ခြမ်းကွဲ ကွဲရ၏။ ပမာ. . . ဝိပဿနာဉာဏ်ဓားကြောင့် နတ်သတ်ပင်အလား ညှိုးခြောက်သွားသော အဝိဇ္ဇာ. . . အရဟတ္တမဂ်ဓားကြောင့် မသိက အသိထွက် လက်ခနဲသော အချက်ပြန့်တွဲ တိကနဲလဲကျသွားရတော့သည်သာ။

မရှိသည် မသိကြောင့် အရှိဖြစ်နေ၏။

ယနေ့ အသိ သိနေသော် မရှိသည် မရှိမျှသာ။

သို့မဟုတ်. . . မြေ၊ မျိုး၊ မိုးတို့ကြောင့် အပင်ပေါက်. . . ။ ယနေ့မြေခြောက်၊ ရေခန်း၊ မျိုးတုံးခန်းရောက်သော် ပေါက်ပင်လည်း မရှိ။ စိုက်ပင်လည်းမရှိ။ ပျိုးပင်လည်း မရှိ။ ပကတိမှ ပကတိသို့ ပြန်ဖြစ်သွား၏ပမာ. . . ။ သည်နေရာ ပတ္တမြားသွေးသို့ အရောင်ပြောင်းသောနေရာ. . . ။

ဤစာတမ်းသည်. . . ဓာတ်မှဖြစ်သော စရိုက်သွေးဆိုး သုံးမျိုးတို့ကို လူကဖြစ်သော စရိုက်သွေးကောင်း သုံးမျိုးတို့နှင့် လဲလှယ်ပေးခြင်းဆိုင်ရာ စကားစုများပင် ဖြစ်၏။ ဤမှနေ သင့်အား ဓမ္မအမွေပေးခဲ့လိုသည်မှာ. . . သင့်၌ နေ့စဉ် အချိန်ဘဝတိုင်း ချစ်ဒုက္ခ၊ မုန်းဒုက္ခ၊ မသိဒုက္ခများ ပွားစီးနေ၏။

ယင်းအဆို ဟုတ်၊ မဟုတ်. . . သင်သည် ဦးစွာ အာရုံခံစားတိုင်း သတိထားကြည့်နေပါ။ အကယ်တိတိ ဟုတ်သမှ ဒဏ်ထိမှန်လျှင် အဖြေသင်ရခဲ့ချေသော်. . . သင် အာရုံနှင့် တွေ့တိုင်း သတိထား ခံစား။ သင် အာရုံရှင်နှင့် တွေ့တိုင်းလည်း သတိထား ဆက်ဆံ။ သတိသည် ယနေ့ခေတ်သုံး ကွန်ဒုံးထက် အစွမ်းထက်၏။

သို့ သင် သတိထား ခံစား ဆက်ဆံတတ်လာသော် အနိသွေး ဖြည်းဖြည်းကွာ. မူလအတိုင်း ဝါလာပါအံ့။ မည်းသွေး ဖြည်းဖြည်းပျက် မူလအတိုင်း ကြည်လာပါအံ့။

ဤအကြောင်း သင်သိလိုခဲ့သော်. . . အရိယာရင့်မကြီးများ၏ သွေးပြေးကြည့်လေ. . . ။

■ သာဝကာနံ ဒေဿိမယာ၊
ဒါယာဒိမံ လောဟိတုပ္ပံ၊
သဂ္ဂံဝါ မဂ္ဂ ဂ္ဂန္ဆကံ၊
ပရိစယန္တိ ယံ တုမ္ဟေ။ ။

သာဝကာနံ - တပည့်တို့အား၊ **ဒါယာဒါ(ဒါယာဒါယ)** - အံမွေအဖြစ်ဖြင့်၊ **ဂ္ဂမံ လောဟိ တုပ္ပံ** - သွေးပြောင်းသွေးလွှဲ ဤတရားအားထုတ်ပွဲကို၊ **မယာ**-ငါသည်၊ **ဒေဿံ** - ပေးအပ်ခဲ့ပြီးပါပြီ။

တုမှေ - သင်တပည့်တို့သည်၊ **သဂ္ဂ ဂ္ဂန္ဆကံဝါ** - နတ်အဖြစ်ပဲလိုလို၊ **မေက္ခ ဂ္ဂန္ဆကံဝါ** - အလွတ်ကိုပဲမုန်းမှန်း၊ **ဘယံ**-အကျင့်ပြောင်းနည်း၊ ဤနိသရည်းကို၊ **ပရိယန္တိ** - လေ့လာ လိုက်နာ အမြဲက်ရှာကြလေကုန်. . . ။ ။

. ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်း
လပြည့်ကျော်၅-ရက်။
အဂ်ိနေ့။
အကျွတ်အလွှာ၊ ဗုဒ္ဓဝိဟာရ။
မဟာမြိုင်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

စံ-ကေတု
ခန္ဓာအာဘဝမှာ သတိပဋ္ဌာန်အလယ်လမ်း

■ ဟန္ဒ ဒါနိဘိက္ခဝေအမန္တ ယာမိဝေါ။ ဝယမမွာ သခီရာ အပွမာဒေန သမွာဒေထ။ ။

မြတ်ဗုဒ္ဓ၏အန္တိမဝစနာနောက်ဆုံး ဩဝါဒမိန့်မှာချက်ဝါထာ ဖြစ်ပါသည်။

ငါ၏ချစ်သားရဟန်းများတို့၊ သင်ချစ်သားတို့အတွက် နောက်ဆုံးဩဝါဒစကားမှာကြားလိုတာက -

ဝယမွမွသခီရာ - ပြုပြင်ပေးရသမျှ သခီရတရားတို့သည် ပျက်စီးခြင်းသဘောရှိကြကုန်၏။

အပွာဒေနသမွာဒေထ-မမေ့မလျော့သောသတိတရားဖြင့် ကိစ္စပြီးစီးအောင်အားထုတ်ကြကုန်လော့။

ဗုဒ္ဓစကားမိန့်ဟမြွက်ခြွေ နောက်ဆုံးစကား မှာကြားခဲ့ပေ ရှပ်နာမ်သခီရ ဝယမွေ့ သတိထား ပွားများရစ်ကြလေ။

(လက်တွေ့ဝိပဿနာလမ်းညွှန် စာ-၄)

ဦးကုတ်ဆရာတော်ဘုရားကြီးသက်တော်ထင်ရှားရှိစဉ်အခါက တရားပွဲများတွင် ခန္ဓာဉာဏ်ရောက်ဖြစ်အောင် တရားတော်ကိုနာယူကြရန် အောက်ပါအတိုင်း ဟောဖော်ညွှန်ပြခဲ့သည်။

"ဒကာ၊ ဒကာမတွေ့ တရားနာတဲ့အခါမှာ တရားအဓိပ္ပာယ်ကို သိနေရုံလောက်မျှနဲ့ ကျေနပ်မနေကြနဲ့။ အခုတရားနာနေတဲ့အခိုက်မှာပဲ ကိုယ့်ဉာဏ်ကကိုယ့်ခန္ဓာပေါ်မှာစိုက်ထားပါ"

"မှန်ပါဘုရား"

"ဒီကဘုန်းကြီးကပြောတဲ့အတိုင်း ကိုယ့်ဉာဏ်က ကိုယ့်ခန္ဓာအစဉ်ပေါ်မှာ လျှောက်နေပါစေ"

"မှန်ပါ"

"စာကဆိုတာက ဒေသနာဉာဏာနုဿရေန ဉာဏ်ပေသေန္တသဉာဏ္ဏတ္တာ ရဿဟောတိတဲ့။ **ဒေသနာဉာဏာဿရေန**-ဟောတော်မူတဲ့ဒေသနာဉာဏ်တော်ကို အစဉ်လျှောက်သဖြင့်၊ **ဉာဏံ** - မိမိဉာဏ်ကို၊ **ပေသေန္တဿ**-ခန္ဓာထဲစေလွှတ်သော၊ **အဿ** - ထိုပုဂ္ဂိုလ်၏၊ **ဉာဏံ** - ဉာဏ်သည်၊ **ဥတ္တရံ**-မြင့်မြတ်ရင့်ကျက်ထက်မြက်လာသည်၊ **ဟောတိ**-ဖြစ်၏"

"မှန်ပါဘုရား"

"သူ့အဓိပ္ပာယ်က ဒေသနာဉာဏ်ကို အစဉ်လျှောက်ပြီး ကိုယ့်ဉာဏ်ကို ကိုယ့်ခန္ဓာထဲစေလွှတ်လိုက်တဲ့အခါ ဉာဏ်ထူးဉာဏ်မြတ်ကြီးဖြစ်သွားလို့ တရားထူးရနိုင်တယ်တဲ့"

"မှန်ပါဘုရား"

"ဘုရားလက်ထက်တော်ကတည်းက တရားတစ်ပွဲတစ်ပွဲအပြီးအစီးမှာ တရားထူးတွေရကုန်ကြတယ်ဆိုတာ အဲလိုဉာဏ်

www.burmeseclassic.com

www.burmeseclassic.com

	အခံဓာတ်(၆)ပါး	အတိုက်ဓာတ် (၆)ပါး	အပွင့်ဓာတ် (၆) ပါး
၁။	စက္ခု-မျက်စိအကြည်	ရူပ-အဆင်း	စက္ခုဝိညာဏ်-မြင်စိတ်
၂။	သောတ-နားအကြည်	သဒ္ဒ-အသံ	သောတဝိညာဏ်-ကြားစိတ်
၃။	ဃာန-နှာခေါင်းအကြည်	ဂန္ဓ-အနံ့	ဃာနဝိညာဏ်-နံစိတ်
၄။	ဇိဝှာ-လျှာအကြည်	ရသ-အရသာ	ဇိဝှာဝိညာဏ်-စားစိတ်
၅။	ကာယ-ကိုယ်အကြည်	ဖောဋ္ဌဗ္ဗ-တွေ့ထိစရာ	ကာယဝိညာဏ်-ယားနာကောင်းစိတ်
၆။	မန-စိတ်	ဓမ္မ-ကြံတွေးစရာ	မနောဝိညာဏ်-တွေးတောစိတ်

ကို စေလွှတ်လို့ရကြောတာ"

"မှန်ပါ"

"နာရုံသက်သက်နဲ့ ဘယ်တရား ရလိမ့်မလဲ"

"မှန်ပါ"

"ဉာဏ်ကခန္ဓာပေါ် ရောက်လို့ရကြောတာ"

"မှန်ပါ"

"ခန္ဓာပေါ် မရောက်ဘဲနဲ့ ဘယ်တရားရနိုင်လိမ့်မလဲ။ ခန္ဓာဉာဏ်ရောက်ဖြစ်မှ တရားရနိုင်မှာပေါ့"

"မှန်ပါ"

"ဒါကြောင့် နားကတရားကိုနာ၊ ဉာဏ်က ခန္ဓာပေါ် လှည့်ထားပါ"

"မှန်ပါဘုရား"

(မိုး (၂) နှာ-၅၈၃)

မြတ်ဗုဒ္ဓအရှင်ကလည်း ခန္ဓာတွင်းတရားကိုမြင်မှ ငါဘုရားကိုမြင်ပေမည်ဟူ၍ -

'ဓမ္မဟိသောဘိက္ခဝေ ဘိက္ခုပဿတိ၊ ဓမ္မံပဿန္တောမံ ပဿတိ' ဟု ဟော ဖော်ထားပေသည်။

အဲတိတ်မှသီလကုသိုလ်ကံကြောင့် ရရှိလာသည့် ယခုလူဘဝကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင် ခန္ဓာငါးပါး၊ ဓာတ်(၁၈)ပါး တို့ဖြင့်ပတ်ဖွဲ့လျက် ဖြစ်ပျက်ပြုပြင်သခါရတရားတို့ဖြင့် ဖောက်ပြန်ပျက်စီးလျက်ရှိလေသည်။ အမှန်မသိမှု အဝိဇ္ဇာနှင့် တပ်မက်မှုတဏှာတို့ကြောင့် ဥပါဒါန်စွဲလမ်းမှုဖြစ်ကာ ကမ္မဘဝအတွင်းသက်ဆင်းလျက် ဒုက္ခညွှန်အတွင်း ချင်းနှင်းရပ်တည်ကာ သံသရာလည်နေကြရတော့သည်။

ဒုက္ခ၏ အရင်းအမြစ်ဖြစ်သည့် အဝိဇ္ဇာနှင့် တဏှာကို အဘိဓမ္မာဉာဏ်ဖြင့်ခုတ်ဖြတ်၍ ကျန်နေသည့် သမုဒယအငုတ်ကို ဘာဝနာကံနှင့်ဖိနှိပ်ကာ ထပ်မံပေါ် ပေါက်လာမည့်အစို့အညောက်အညွှန့်နှင့်တူသော လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ကို သီလဖြင့်ပယ်သတ်ပြီး မဂ္ဂင်ရှစ်ပါးနှင့် မိမိခန္ဓာကို ကိုက်ညှိလျက် သာသနာတည်းဟူသော မြတ်ဗုဒ္ဓအရှင်၏အဆုံးအမများနှင့်အညီဆောက်တည်နိုင်အောင် အားထုတ်ကြရပေမည်။ သို့မှသာ ခန္ဓာအတွင်းရှိတရားကိုသိမြင်လျက် အဘိဓမ္မာဉာဏ်၊ ဓမ္မဉာဏ်၊ သစ္စာဉာဏ်ဖြင့် အရင်းအမြစ်ပါမကျန်အောင် အဝိဇ္ဇာနှင့် တဏှာကို နုတ်ပယ်သတ်ပစ်နိုင်ပေတော့မည်ဖြစ်လေသည်။

ခန္ဓာ၏အစုအပုံကိုခွဲသော် ရုပ်နှင့် နာမ်နှစ်ပါးရသည်။ ဉာဏ်ဖြင့်စုပုံထားရခြင်း ဖြစ်သည်။ ထိုရုပ်နှင့်နာမ်ကိုကပ်၍ အစုအပုံအဖြစ်ခွဲသော် ခန္ဓာငါးပါးရသည်။

ယင်းခန္ဓာငါးပါးကား -

၁။ ရူပက္ခန္ဓာ - ရုပ်(၂၈)ပါး ဖြစ်သည်။

၂။ ဝေဒနာက္ခန္ဓာ-ဝေဒနာစေတသိက် ဖြစ်သည်။

၃။ သညာက္ခန္ဓာ- သညာစေတသိက် ဖြစ်သည်။

၄။ သင်္ခါရက္ခန္ဓာ - ဝေဒနာသညာမှ ကြွင်းသော စေတသိက် (၅၀) ဖြစ်သည်။

၅။ ဝိညာဏက္ခန္ဓာ- စိတ် (၈၉) ပါးဖြစ်သည်။

အဲဘိဓမ္မာ ဆိုသည်ကား ပုဂ္ဂိုလ်သတ္တဝါမဖက် ရုပ်နာမ်ဓမ္မသက်သက်ဖြစ်သောတရားတည်း။ ယင်းရုပ်နာမ်ဓမ္မမှာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ဖြစ်ပေသည်။

(ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့် အခန်း (၈) ကိုကြည့်)

ဤခန္ဓာငါးပါးနှင့် ပတ်သက်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက အောက်ပါ လက်ဖြင့် နားလည်မှတ်သားလွယ်စေခဲ့ပါသည်။

ခန္ဓာငါးပါးအနုတ္တတရား

၁။ ရူပံ ဤရုပ် ရေမြုပ်သဏ္ဌာန်၊
အနိစ္စပဲ မမြဲအမှန်၊
ဖြစ်ပျက်မစဲ ဆင်းရဲပူပန်
အနတ္တ မှတ်ကြဧဝကန်။

၂။ သညာအမှတ် တံလျှပ်ပုံဟန်
အနိစ္စပဲ မမြဲအမှန်၊
ဖြစ်ပျက်မစဲ ဆင်းရဲပူပန်
အနတ္တ မှတ်ကြဧဝကန်။

၃။ ဒုက်ပျောတူစွ သခါရကွန်
အနိစ္စပဲ မမြဲအမှန်၊
ဖြစ်ပျက်မစဲ ဆင်းရဲပူပန်
အနတ္တ မှတ်ကြဧဝကန်။

၄။ မျက်လှည့်အလား သိမှားဝိညာဏ်
အနိစ္စပဲ မမြဲအမှန်၊
ဖြစ်ပျက်မစဲ ဆင်းရဲပူပန်
အနတ္တ မှတ်ကြဧဝကန်။

ဤအနတ္တခန္ဓာအား ဓာတ်(၁၈)ပါးဖြင့် ဖွဲ့စည်းထားသည်ကို မိုးကုတ်ဆရာတော်ဘုရားကြီးမှ ဇယားဖြင့် ထင်ရှားညွှန်ပြထားပါသည်။

အမှန်မသိမှုအဝိဇ္ဇာဆိုသည်ကား အရိယသစ္စာလေးပါးနှင့်တကွ သံသရာရှေ့အစွန်း၊ အနောက်အစွန်း၊ ရှေ့နောက်အစွန်းနှင့် ပဋိစ္စသမုပ္ပာဒ်တရား၊ ဤရှစ်ချက်၌ မသိတာ အဝိဇ္ဇာပါပဲဟု လက်တွေ့ဝိပဿနာလမ်းညွှန် စာမျက်နှာ (၅၅) ၌ ဖော်ပြထားပေသည်။ ကျွန်ုပ် သိရှိသဘောပေါက်သည့် အဝိဇ္ဇာကား -

၁။ အမှန်ကို အမှန်ဟုမသိခြင်း၊
၂။ အမှားကို အမှားဟုမသိခြင်း၊
၃။ အမှန်ကို အမှားဟုသိခြင်း၊
၄။ အမှားကို အမှန်ဟုသိခြင်း၊
၅။ အမှား၊အမှန်ဟူ၍ သေချာခွဲခြားမသိခြင်းတို့ဖြစ်ပေသည်။

ထိုထိုသော မသိမှုများကြောင့် တဏှာတောတွင် မျောပါနေကြရခြင်းဖြစ်ပေသည်။

ယင်းတဏှာဟူသည်လည်း မိုးကုတ်တရား၌-

၁။ ကာမတဏှာ- အဆင်းအာရုံသို့မဟုတ် မြင်စိတ်သို့မဟုတ် ဥပေက္ခာ

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာကိုငြိတွယ်မှု။

အသံအာရုံ သို့မဟုတ် ကြားစိတ် သို့မဟုတ် ဥပေက္ခာဝေဒနာကို ငြိတွယ်မှု။

အနံ့အာရုံ သို့မဟုတ် နံစိတ် သို့မဟုတ် ဥပေက္ခာဝေဒနာကိုငြိတွယ်မှု။

အရသာအာရုံ သို့မဟုတ် လျှာစိတ် သို့မဟုတ် ဥပေက္ခာဝေဒနာကိုငြိတွယ်မှု။

အထိအတွေ့အာရုံ သို့မဟုတ် ကိုယ်၊ စိတ် သို့မဟုတ် ဒုက္ခ/သုခဝေဒနာကိုငြိတွယ်မှု။

တွေးတောစရာအာရုံ သို့မဟုတ် ဥပေက္ခာ/သောမနဿ/ဒေါမနဿ ဝေဒနာကိုငြိတွယ်မှု။

၂။ ဘဝတဏှာ - မိမိဘဝကို ဒုက္ခသစ္စာဟု အမှန်အတိုင်းမသိ၍ ငြိတွယ်မှု။ ရူပ၊ အရူပဗြဟ္မာများ မိမိတို့ဘဝကို ငြိတွယ်မှု။

၃။ ဝိဘဝတဏှာ - မိမိဘဝတွင် အဆင်မပြေမှုများ၊ များပြားလွန်းသော အခါ သမုဒယသစ္စာ တဏှာကြောင့် ဒုက္ခဖြစ်ရသည်ကို နားမလည်ဘဲ ဘဝရှိနေ၍ အသက်ရှင်နေရ၍ ဒုက္ခဖြစ်ရသည်ဟု အထင်မှားပြီး ဘဝမရှိခြင်း (၀ါ) သေခြင်းကိုငြိစွဲယှဉ်သက်မှု။ (ငြိတွယ်မှု - နှစ်သက်မှု၊ မနှစ်သက်မှု (သို့) နှစ်သက်မှု၊ နှစ်သက်မှုမဖြစ်သော်လည်း အကြောင်းအစိုးစွဲကြောင့် အကျိုးအစိုးစွဲသာဖြစ်သည်ဟူသော အမှန်တရားကို မသိမှု) တို့ပင်တည်း။

(အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလျှုတော်လုပ်ငန်းစဉ်အုပ် အမှတ် (၃) ရှု)

သတိပဋ္ဌာန်အလယ်လမ်းဟူသည်ကား -

တရာဦးဒေသနာဓမ္မစကြာအနေနှင့်ပြောရလျှင်လည်း 'အစွန်းနှစ်သွယ် လမ်းမှားပယ်၊ အလယ်လမ်းမှန်သည်' ဆိုသည့်အတိုင်း -

ကာမဂုဏ်ကိုခံစားသည့် ကာမသုခလွှဲကနုယောဂအစွန်းဆိုသည့် လောဘအစွန်း (သုခဝေဒနာ)။

ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းဖြစ်သည့်အတွက်လမထနုယောဂအစွန်းဆိုသည့် ဒေါသစွန်း (ဒုက္ခဝေဒနာ)။

အဲဒါတွေကို မသုံးဆောင်မခံစားရပါဘူး။ သတိလေးထားပြီး ကျင့်သုံးနေမည်ဆိုပါက ဥပေက္ခာဝေဒနာဖြစ်၍ ထိုအစွန်းနှစ်သွယ်ကိုလည်းပယ်ပြီးသားဖြစ်နေပါလိမ့်မည်။

ဤနေရာတွင် အလယ်လမ်းသည်ကား သတိပဋ္ဌာန်လမ်းပင် ဖြစ်၏။ မဂ္ဂင်သုံးပါးလုံး၊ မဂ္ဂင်ရှစ်ပါးလုံးအားလုံးထဲမှာပါဝင်နိုင်သည့်သတိတရား၊ သတိပဋ္ဌာန်လမ်း။

ထိုသတိမဂ္ဂင်နှင့် သတိပဋ္ဌာန်တရားပွားများနေမည်ဆိုလျှင် လမ်းမှန်အတိုင်း လျှောက်နေသည့်အတွက် နိဗ္ဗာန်ရောက်ဖို့သာရှိပေ၏။ ဝိပဿနာဉာဏ်အဆင့်ဆင့်ရင့်ကျက်ပြီး မဂ်ဉာဏ်ရသွားမည်ဖြစ်ရာ ထိုမဂ်ဉာဏ်ဖြင့်သာ နိဗ္ဗာန်ကို ထိုးထွင်းသိမြင်လို့ ယင်းသတိပဋ္ဌာန်ကျင့်စဉ်သည် အလွန်အရေးပါအရာရောက်သော ကျင့်စဉ်တစ်ရပ်ဟု သိရာ၏။

ထို့ကြောင့်လည်း -

- အစွန်းနှစ်သွယ် လမ်းမှားပယ် အလယ်လမ်းမှန် သတိပဋ္ဌာန်။ လမ်းမှန်ကိုလျှောက်ဉာဏ်မြင်ပေါက်ဆိုက်ရောက် နိဗ္ဗာန်ပြည်။ သတိတစ်လုံး စွဲမြဲသုံး အဆုံးနိဗ္ဗာန်ရ ဟု သိထားရာ၏။

(လက်တွေ့ဝိပဿနာလမ်းညွှန် စာ - ၃၄)

'သတိတမံဉာဏ်မြေကတုတ်ပညာ စွမ်းခွန်းကဲ့သို့အုပ် ဟူ၍ မယဒေဝလက်ာ၌ ဆုံးမအသိပေးထားခဲ့ပေသည်။

ဤသို့သော သတိပဋ္ဌာန်အလယ်လမ်းအသိကို သတိတစ်လုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်ရောက် ဟူ၍ မှတ်ယူအပ်ပေသည်။

ယခုကာလ အခါသမယမှာပင် ဤသတိပဋ္ဌာန်ကျင့်သုံးမှုအကျိုးရလဒ်သာဓကများစွာရှိကြပေသည်။

၁၃၃၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် မဟာစည်သာသနာ့ရိပ်သာအတွင်းရှိ သိမ်တော်ကြီး၌ မဟာစည်ဩဝါဒခံတစ်နိုင်ငံလုံးရှိ ကမ္မဋ္ဌာနာစရိယဆရာတော်များတရားအတွေ့အကြုံနှောဖလှယ်ပွဲကြီး၌ ပျဉ်းမနား ပြန်ကပြေရွာ မဟာစည်ရိပ်သာဆရာတော် ဦးဇဋိလ (ယခု မဟာစည်နာယကအဖွဲ့ဝင်) ၏ တင်ပြဆွေးနွေးချက်ကို ဖော်ပြပါမည်။

တရားမှတ်ရင်းရောဂါကင်း

သတိပဋ္ဌာန်နှင့်ကမ္မာစစ်ပြန်ကြီး။ ။ မှတ်မှတ်ရရ ၁၃၇၂ ခု၊ ဝါခေါင်လဆန်း ၆ ရက်နေ့ ညနေပိုင်းက ဖြစ်ပါသည်။ အသက်အတော်ကြီးပုံရသည့် အသားညိုညိုနှင့် ထောင်ထောင်မောင်းမောင်း အမျိုးသားကြီးတစ်ယောက် စာရေးသူ တရားပြနေသော ပြန်ကပြေး မဟာစည်ရိပ်သာခွဲသို့ ရောက်လာလေသည်။ ၎င်းနှင့်ပတ်သက်သည့် အကြောင်းများနှင့် တကယ်တရားလိုလားသူဟုတ်၊ မဟုတ်တို့ကို စုံစမ်းမေးမြန်းပြီးနောက် စာရေးသူက ယောဂီစာရင်းရေးယူလိုက်ပါသည်။

ပထမကမ္ဘာစစ်ပြန်။ ။ စာရင်းယူပြီးသောအခါမှပင် ပျဉ်းမနားမြို့မှ ပထမကမ္ဘာစစ်အတွင်းက နိုင်ငံခြားတိုင်းပြည်များအထိ လိုက်ပါ၍ စစ်မှုထမ်းခဲ့သော ပထမကမ္ဘာစစ်ပြန်ကြီး အသက် (၇၃) နှစ်ရှိ ဦးဘိုးထွန်းဖြစ်ကြောင်း သိရလေသည်။ အဘိုးကြီးမှာ အသက်လည်းကြီး၊ အသက်ရှူမဝသည့်ရောဂါကလည်းရှိနေသည်ဆိုသဖြင့် တရားကိုအားထုတ်နိုင်သလောက်သာ အားထုတ်ရန် ညွှန်ကြားပြီး စာရေးသူ မဟာစည်သတိပဋ္ဌာန်ဝိပဿနာရှုနည်းမှတ်နည်းအလုပ်ပေးတရားများကို ဟောလိုက်၏။

ဦးဘိုးထွန်းက စစ်မှုထမ်းဟောင်းပီပီ လုပ်မည်ဆိုသောအလုပ်ကို မလျှော့တမ်းလုပ်သူဖြစ်၏။ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်ဆိုသော စကားပုံကဲ့သို့ လူငယ်များနှင့် နင်းလားငါလားရင်ပေါင်တန်း၍ ကြိုးစားအားထုတ်နိုင်လေသည်။ ထို့ကြောင့် ရုပ်နာမ်ကွဲလျက် အကြောင်းနှင့် အကျိုးကိုလည်း သိလာကာ ထိုဉာဏ်တို့မှတက်၍ အထက်ဉာဏ်များ၏သဘောကိုပင် မကြာမီရက်အတွင်း ပြောလာနိုင်လေသည်။

ရောဂါကင်းပျောက်လွန်ဝမ်းမြောက်ခြင်း။ ။ တရားအားထုတ်ရက်ပေါင်း (၂၀) လောက်ရသောတစ်နေ့၌ တရားစစ်ချိန်မဟုတ်သောနေ့ပိုင်းတွင် ဦးဘိုးထွန်းသည် စာရေးသူထံသို့ ဝမ်းမြောက်ဝမ်းသာရွှင်ပျသောမျက်နှာဖြင့် ရောက်လာကာ -

"တပည့်တော်ဝမ်းသာလွန်းလို့ပါဘုရား။ အရှင်ဘုရားကို ကြီးလည်းကြီး၊ လျှောက်လည်းလျှောက်ချင်လို့လာ

www.burmeseclassic.com

www.burmeseclassic.com

"ကသိကဘာရွခါဇ၊ ငါဘုရား၏ သခ္ခါတရားသည် မျိုးစေ့ မည်၏။ ဣန္ဒြေ စောင့်စည်းမှုသည် မိုးရွာခြင်း မည်၏။ ငါ၏ ပညာသည် ထမ်းပိုးနှင့် ထွန်တုံး မည်၏။ မကောင်းမှု၌ ရှက်ကြောက်မှု သည် ထွန်တံမည်၏။ ငါ၏စိတ်သည် ကြိုးလွန်းမည်၏။ အောက်မေ့မှုသတိ သည် ထွန်သွားနှင့် နှင်တံမည်ပေ၏။

အသင်ပုဏ္ဏား၊ သင်သည် လယ် ကိုစောင့်ရှောက်သကဲ့သို့ ငါသည်လည်း ကိုယ့်ကိုစောင့်ရှောက်၏။ နှတ်ကိုစောင့် ရှောက်၏။ အာဟာရ၌ အသက်မွေးမှု စင်ကြယ်စေရန် စောင့်ရှောက်၏။ ဝမ်း၌ အတိုင်းအရှည်ကိုသိရန်စောင့်ရှောက်၏။ ဖောက်ပြန်ခွင့်ယွင်းခြင်းစကားတည်း ဟူသော ပေါင်းမြက်တို့ကို မှန်သော စကားတည်းဟူသော တူးရွင်းဖြင့် သုတ် သင်ရှင်းလင်း၏။ နိဗ္ဗာန်၌မွေ့လျော်မှုဟူ သော ငါ၏အရဟတ္တဖိုလ်သည် ပြုလုပ် ဖွယ်အားလုံးတို့မှ လွတ်မြောက်လေ တော့၏။

ငါ၏ ဝိရိယသည် ဝန်ကိုဆောင် သောနွားတည်း။ အကြင်နိဗ္ဗာန်သို့ရောက် သည်ရှိသော် မစိုးရိမ်ရတော့ပေ။ ထို နိဗ္ဗာန်သို့ရှေးရှုဆောင်လျက် မဆုတ်မနစ် သွား၏။

အို-ပုဏ္ဏား၊ ဤသို့သောအခြင်း အရာအားဖြင့် ငါသည် လယ်ထွန်ခြင်း ပေတည်း။ ထိုလယ်ထွန်ခြင်းသည် နိဗ္ဗာန် ဟူသောအသီးအနှံရှိသည်တည်း။ ထိုသို့ သော အခြင်းအရာအားဖြင့် ငါ၏ခန္ဓာ အိမ်လယ်ကို ငါကိုယ်တိုင် လယ်ထွန် အပ်ပြီးဖြစ်၍ ငါသည် ဆင်းရဲမှုအားလုံး မှ လွတ်မြောက်ခဲ့ပြီး ဖြစ်သည်တည်း"

(ခုဒ္ဒကနိကာယ်
သုတ္တနိပါတ် ပါဠိတော်)

မြတ်ဗုဒ္ဓ၏တရားတော်စကားလုံး တိုင်းကို ခန္ဓာတွင်းနှလုံးသွင်းနာကြားနေ သည့် ကသိကဘာရဒ္ဓါဇပုဏ္ဏားကြီး သည် ခန္ဓာဉာဏ်ရောက် ခန္ဓာအဘိမဟာ သတိပဋ္ဌာန်အလယ်လမ်းတရားတော်ကို သဘောပေါက်ကာ မြတ်ဗုဒ္ဓ၏ တရား အဆုံးဝယ် နှလုံးပိတိဂွမ်းဆီထိသို့ အေး ငြိမ်းသည့်အသိဖြင့် ဗြာဟ္မဏအယူ အတ္တ ဝါဒမှကွယ်ပျောက်ကာ ကျွတ်တမ်းဝင် သူ ဒကာတစ်ယောက်ဖြစ်သွားပါတော့ သတည်း။

တရားရှာတယ်မှာတွေ့
နှလုံးမွေ့လျော်နိုင်ကြပါစေ

စံကေတု

www.burmeseclassic.com

ပါတယ်ဘုရား။ တပည့်တော်ကိုလျှောက် ထားခွင့်ပြုပါဘုရား"

ဟု ဆိုလာ၏။

စာရေးသူက -

"လျှောက်ချင်တာရှိရင် လျှောက် နိုင်ပါတယ်"

ဟု ခွင့်ပြုသောအခါ -

"တပည့်တော်မှာ အသက်ရှူမဝ တဲ့ရောဂါရှိပါတယ်။ ကြာပါပြီဘုရား။ အဲဒီရောဂါဟာ တစ်ခါက ကလေးငယ် တစ်ယောက်ကိုပက်လက်လှန်အနင်းခံခဲ့ ရင်း ကလေးက ရင်ဘတ်တက်နင်းလို့ဖြစ် ခဲ့တာပါ။ ဓာတ်မှန်ရိုက်ကြည့်တော့ နံရိုး ကကွေးပြီး အဆုတ်ကိုထောက်နေတယ် လို့ ဆရာဝန်များကပြောပါတယ်။ ဒါနဲ့ တပည့်တော် ဆေးရုံတက်ပြီး ကုသခဲ့တာ ခဲ့ကုမှရမဲ့ဆိုတာနဲ့ အသက်လည်းကြီး ပြီမို့ ခွဲရင်သေမှာပဲထင်ပြီး မခွဲရဲဘဲ ဆေး ရုံကဆင်းခဲ့ပါတယ်။ နောက်တခြားဆေး ရုံတွေသွားပြကြည့်လည်း ဆရာဝန်တွေ ကခွဲရမယ်ချည်းပြောကြပါတယ်။ အဲဒါနဲ့ တပည့်တော်ဟာ သေခြင်းမဦးခင်တရား ကဦးအောင် အားထုတ်မယ်လို့ ဆုံးဖြတ် ချက်ချပြီး ဒီကိုလာတရားအားထုတ် တာပါ။ ယခုတော့ ခွဲဖို့မလိုတော့ပါဘူး ဘုရား။ ဘာပြုလို့လဲဆိုတော့ တပည့် တော် ဖောင်းတယ်၊ ပိန်တယ်နဲ့မှန်မှန်ရှု မှတ်နေတုန်းမှာ ရင်ထဲကဒုက္ခခနဲအသံ တစ်ခုကြားရပြီး အသက်ရှူချောင်သွားပါ တယ်။ အရင်က အသက်ရှူလို့မဝပေ မယ့် အခုတော့ အသက်ရှူလို့ဝနေပါ တယ်။ လက်နဲ့စမ်းကြည့်တော့ နံရိုးဟာ အရင်ကလို အဆုတ်ကိုကွေးထောက် မနေဘဲဖြောင့်သွားတာကိုတွေ့ရပါတယ်။

ဒါကြောင့် တရားအားထုတ်ရင် ထူးထူးခြားခြားရောဂါများပျောက်တင်း နိုင်ကြောင်း စာရွက်ရိုက်ပြီးဝေငှပါရစေ"

ဟု လျှောက်တော့၏။

"စာရွက်ဘာတွေရိုက်ဝေမနေပါနဲ့ ဒကာကြီးရယ်။ အုတ်အော်သောင်းတင်း (အုတ်အုတ်ကျက်ကျက်) ဖြစ်နေပါမယ်"

ဟု တားမြစ်လိုက် ၏။

ထိုသို့ပင် စာရွက်ဝေခွင့်မရသော်လည်း ဦးဘိုးထွန်းကား တရားအား ထုတ်လျှင် ရောဂါပါပျောက်ကင်းနိုင် ကြောင်း ပါးစပ်မောင်းခတ်လျက်ရှိတော့ ၏။

"အဲဒါကို ဆရာဝန်ထံသွားပြတဲ့ အခါ ဘယ်ဆေးရုံသွားကုသတုံး၊ ဘယ် ဆရာဝန်နဲ့ကုသတုံးလို့မေးတော့ ဘယ် ဆရာဝန်နဲ့မှမကုပါဘူး။ ရိပ်သာသွားပြီး တရားအားထုတ်တာနဲ့ပျောက်သွားတာ။ ဘုရားဆေးပေါ်လို့ သူကပြောတော့ ဆရာဝန်ကမခွဲစိတ်ရဘဲနဲ့ပျောက်တယ် ဆိုတော့ အလွန်ကောင်းတဲ့နည်းပဲလို့ မှတ်ချက်ချပြီး အံ့ဩနေပါသတဲ့"

(ဓမ္မာစရိယဦးဌေးလှိုင်ရေး၊
ဓမ္မဒူတ စာ-၂၆၇ ကြည့်)

မြတ်ဗုဒ္ဓအရှင်သက်တော်ထင်ရှား ရှိစဉ်အခါကလည်း ဧကနာဠပုဏ္ဏားရွာ၌ ကသိကဘာရဒ္ဓါဇ အမည်ရသည့် လယ်ရှင်ပုဏ္ဏားတစ်ဦးရှိသည်။ ဗြာဟ္မဏ ဝါဒအယူဖြင့် သာမွေ့လျော်လျက် အတ္တ ဝါဒကိုအဖော်ပြုကာ ကိုယ်တိုင် လယ်ထဲ ဆင်း၍ ထွန်ယက်လုပ်ကိုင်နေသူ ဖြစ် လေသည်။

အခါတစ်ပါး၌ မြတ်ဗုဒ္ဓအရှင်၏ ဉာဏ်တော်တွင် ကျွတ်ထိုက်သူဖြစ် ကြောင်းပေါ်လာ၍ မဟာကရုဏာ တော်ဖြင့် ပုဏ္ဏားကြီးထံ တစ်ပါးတည်း ကြွသွားလေသည်။

ကသိကဘာရဒ္ဓါဇပုဏ္ဏားကြီးသည် လယ်လုပ်သားများနှင့်အတူ ထွန်ယက် နေရာမှ နေမွန်းမတည့်မီအချိန်၌ ထွန် ဖြုတ်၍ အနားပေး၊ ထမင်းကျွေးရန်ပြင် ဆင်နေပေသည်။ မြတ်ဗုဒ္ဓအရှင်က လည်း သပိတ်နှင့်တကွ ပုဏ္ဏားကြီးနား တွင် ဆွမ်းရပ်လျက်နေတော်မူလိုက်ပေ သည်။ ပုဏ္ဏားကြီးသည် မြတ်ဗုဒ္ဓအား မြင်လိုက်သည်နှင့် -

"အို - ရဟန်း ငါသည် ထွန်ယက် စိုက်ပျိုးပြီးစားသူတည်း။ သင်လည်း ထွန် ယက်စိုက်ပျိုးပြီးစားပါလော့"

ဟုစိတ်တွင်းပေါ်လာသည့်အတိုင်း ဆွမ်းမလောင်းဘဲပြောလိုက်လေသည်။

မြတ်ဗုဒ္ဓက -

"ပုဏ္ဏား၊ ငါဘုရားသည် ထွန်ယက် စိုက်ပျိုးပြီးစားသည်သာတည်း"

ဟု ပြန်လည် မြွက်ကြားလိုက် သည်။

ပုဏ္ဏားက -

"အရှင်ဂေါတမ၊ သင်၏လက်ထွန် ခြင်းကို ငါတို့မမြင်ပါကလား။ ထွန်တုံး ထွန်တံနှင့် ခိုင်းနွားတို့ကိုလည်း မမြင်ရ ပါကလား"

ဟု ပြန်လှန်ပြောဆိုလေသည်။

မြတ်ဗုဒ္ဓရှင်တော်မှ ပုဏ္ဏားအား လယ်ထွန်ခြင်းဥပမာနှင့်စပ်သော ခန္ဓာ အဘိမဟာသတိပဋ္ဌာန်အလယ်လမ်းတရား တော်ကို ကရုဏာသန်းသန်းမေတ္တာတော် အမှန်ဖြင့် အောက်ပါအတိုင်းဟောကြား ပေးလေသည်။

www.burmeseclassic.com

ထားဝယ်ရာဇဝင် ထားဝယ်သမိုင်းအရ ကောဇာသက္ကရာဇ် ၉၄ ခုနှစ် (ခရစ် ၇၃၂) ခန့်၌ ရန္တပိမင်းခေါ် ရာဇာဝိမင်းသည် တနင်္သာရီမြစ်ဖျား အောင်သာဝရ (ယခု အောင်သာဝရရွာ) မှ ပြောင်းရွှေ့ပြီး မိုင်းကာရီ (ယခု ပကာရီရွာ) အနီး၌ ဘုမ္မိဒေဝနာဂရကိုတည်သည်။ မြို့တည်ပြီးနောက် မကြာမီ ဆင်ဖြူတော်တစ်စီး ဖမ်းဆီးဆက်သလာသဖြင့် ဆင်ဖြူရှင်မဟာနရိန္ဒဘွဲ့ခံယူသည်။ မိဖုရားကြီးမှာ ဆင်ဖြူကုန်းရွာနေ ဆင်ဝန် မောင်နက်၊ မမင်းဖြူတို့၏ သမီး မိစုမ (စုမဒ္ဒိဒေဝီ) ဖြစ်သည်။ ဆင်ဖြူရှင်မဟာနရိန္ဒ ကံကုန်ပြီးနောက် သားတော် သမန္တမင်းသားဆက်ခံသောအခါ ဘုမ္မိဒေဝနာဂရသည် ရေခံမြေခံမညီညွတ်ဟုဆိုကာ ထားဝယ်မြစ် အနောက်ဘက်ကမ်း၌ မြို့အဝန်း (၇၄၈) တာ၊ မြို့တံခါး (၄) ခု၊ လမ်းမကြီး (၄) သွယ်ဖြင့် ပထမသာဂရ (ယခု မြို့ဟောင်းရွာ) ကို ကောဇာသက္ကရာဇ် ၁၁၃ ခုနှစ် (ခရစ် ၇၅၁) တွင် မြို့နန်းတည်၍ စိုးစံသည်။ သမန္တမင်းသည် ရေးမြို့မှ မွန်သူဌေး အထော်ရာဇာသမီး မယ်စန္ဒာ (စန္ဒာဒေဝီ) ကို မိဖုရားမြှောက်သည်။

ရှေးလူများက 'သာဂရမြို့တည်ဥဩစည်' ဟု နံသင့်အက္ခရာသင်္ကေတမှတ်သားခဲ့ကြသည်။ ဆရာခ ရေးသားပြုစုသော ထားဝယ်ရာဇဝင်ပြဇာတ် ပထမတွဲတွင် ဤသို့ ရှင်းလင်း ဖွင့်ဆိုပြထားပါသည်။

ထားဝယ်တိုင်း ရာဇဝင်၌ ပထမအာဒိစ္စ သာဂရရွှေမြို့တော်ကြီး၌ သမန္တရာဇာမင်း နန်းတည်သော သက္ကရာဇ်ကို တွက်စစ်၍ လင်းခဲ့မည် . . . ။ ပေါက်ကွဲမင်းဖြား၊ ငါးကျိပ်ငါးတွင်၊ ပုပ္ပားစောရဟန်းမင်း၊ ဖြိုကြွင်းသက္ကရာဇ်၂ ခု စွန်းက၊ ဖော်ညွှန်း၍ လှစ်လိုက်တော့၊ သက္ကရာဇ် ၁၁၃ ခုတွင်၊ ယမုနဒွေရည်၊ ပတ်လည်ရစ်ဝိုင်း။ ထားဝယ်တိုင်း၌၊ ကသိုင်းမင်္ဂလာ၊ ပန္နက်ချ၍၊ သာဂရပြည်ထောင်ကို တည်ထောင်သည် ဟူ၍ မှတ်ရမတဲ့။

(မူရင်းအတိုင်း)

ခိုင်မာသော အထောက်အထားဖြင့် ထားဝယ်သမိုင်းကို စတင်မှတ်တမ်းတင်နိုင်သည်မှာ သာဂရခေတ်ပင်ဖြစ်၍ 'ထားဝယ်သမိုင်းအစ သာဂရ' ဟုဆိုလျှင်မှားအံ့မထင်ပါ။ ကောဇာသက္ကရာဇ် ၁၁၃ ခုနှစ်တွင် သမန္တမင်းတည်ခဲ့သော ပထမသာဂရသည် မြို့သစ် ၁၆၃ နှစ်ရှည်ကြာပြီး မွန်မင်း ဗပညားတော်လက်ထက် ကောဇာ ၂၆၃ ခုနှစ် (ခရစ် ၉၁၄) တွင် ယိုးဒယားရှမ်းအမတ်ကြီး ဩရဂဠ္ဍ လာရောက် တိုက်ဖျက်သဖြင့်

မောင်စိမ်းတွေး(ထားဝယ်)

ထားဝယ်သမိုင်းတင် သာဂရခေတ်ဦးမှ ကြက်ဦးတွန်စေတီနှင့်မယ်ဇောစေတီ



ကြက်ဦးတွန်စေတီ



နန်းဦးစေတီ (ကြက်ဦးတောင်)

www.burmeseclassic.com

www.burmeseclassic.com

မယ်တောစေတီတော်



မယ်တောစေတီကျောက်စာတိုင်

မယ်တောစေတီ ထီးတော်ဟောင်းများ



မယ်တောစေတီ (တံခွန်တိုင်နှင့်ခေါင်းထောင်း)

ပထမသာဂရပျက်သည်။

ပထမသာဂရမင်းဆက်နှင့်နန်းစံခုနှစ်
(ကောဇာ)

ထားဝယ်မင်း သမန္တမင်း	၁၁၃-၁၂၈
ရှင်ဇမင်း(ခ) သမ္ဘမင်း	(ခ)နန္ဒိယမင်း ၁၂၈-၁၃၅
မွန်မင်း ဗညားဗလ	၁၃၅-၁၉၀
ဗညားလော	၁၉၀-၁၉၁
ဗညားရံ	၁၉၁-၂၀၀
ဗညားတေဇ	၂၀၀-၂၀၅
ဗညားရံခိုက်	၂၀၅-၂၂၁
ဗညားရံကင်း	၂၂၁-၂၅၃
ဗညားဒိပ္ပ	၁၅၃-၁၇၆
ဗညားတော်	၂၅၀-၂၇၆

■

ပထမသာဂရ၏ ပထမဆုံးမင်းလည်းဖြစ်၊ မြို့တည်နန်းတည်မင်းလည်းဖြစ်သော သမန္တရာဇာသည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သောမင်း ဖြစ်သည်။ ထိုခေတ်ထိုအချိန်ကာလ ကသာဂရတစ်ဝိုက်၌ စေတီပုထိုးဘုရားတန်ဆောင်းကျောင်းပြာသာဒ်ရေတွင်းရေကန်အစရှိသောသာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဘာသာအထူးစည်ပင်ထွန်းကားခဲ့သည်ဟု ဆိုပါသည်။ နန်းဦးစေတီအနီးရဟန္တာသိမ်တစ်သိမ်နှင့်သံဃာတော်များသီတင်းသုံးရန်အတွက် ရဟန္တာကျောင်း၊ မြေတိုက်ကျောင်း၊ မြင်ထင်တောင်ကျောင်း၊ အနောက်တောင်ကျောင်းဟု ကျောင်းလေးကျောင်းတည်ဆောက်၍ သာသနာပြုသည်။

သမန္တရာဇာမင်း လက်ထက်တွင် လင်္ကာဒီပသိဟိုဠ်ဥကျန်းမှ ရှင်ကပ္ပိနမထေရ်နှင့် ရှင်မဟာသာမိမထေရ်ရဟန္တာနှစ်ပါး သာဂရမြို့သို့ ကြွရောက်တော်မူလာကြပြီး ကြက်ဦးတောင်နှင့် သီတင်းသုံးကာ နေ့စဉ် သာဂရမြို့တော်အနှံ့ ကြွရောက်ဆွမ်းခံကြသည်။ ဓမ္မနုဂ္ဂဟဖြင့်ခွီးမြောက်တော်မူကြသည့် ရဟန္တာနှစ်ပါးအား အလွန်ကြည်ညိုသည့်အတွက် သမန္တမင်းကလည်း အာမိသာနုဂ္ဂဟဆိုသည့် ဆွမ်းသင်္ကန်းကျောင်းဆေး တည်းဟူသော ပစ္စည်းလေးပါးဒါယကာအဖြစ်ခံယူလျက် စွမ်းစွမ်းတမံလျှဒါန်းထောက်ပံ့၍ ကြက်ဦးတောင်ပေါ်၌ စေတီနှင့်ကျောင်းဆောက်လှူဒါန်းကိုးကွယ်ခဲ့ရာ ရဟန္တာကျောင်းအမည်တွင်သည်။

ကျောက်ထောင့် ဝေမိသာကကျောင်းဆရာတော် ဦးပညာဇောတ၏ ကျေးဇူးဖြင့် စာရေးသူနှင့် ကိုဟိုစိန်တို့ ကြက်ဦးတောင်သို့ ရောက်ရှိပါသည်။ ကြက်ဦးတောင်သည် အထင်ကရကန်းတောင်၏တောင်ဆွယ်တောင်ပွားတစ်ခု ဖြစ်၍ အရှေ့တောင်ပိုင်းယွန်း၌တည်ရှိသည်။ ထားဝယ်မှ (၁၂) မိုင်ခန့်ဝေးပြီး

www.burmeseclassic.com

www.burmeseclassic.com

ရေဖြူမြို့နယ် နတ်တွင်းရွာနှင့်နီးသည်။

ကျွန်တော်တို့စီးလာသောကားက နန်းတောင်ဂူသွားလမ်းကို ကြက်ခြေခတ် ဖြတ်ပြီး တောင်တက်လမ်းသစ်ပင်ကြို့ သစ်ပင်ကြားမှမောင်းလာရာ (၁၀) မိနစ်အတွင်း ချုံနွယ်အောက်ခြေရှင်းကွက်လပ်မြေအရောက်ရပ်သွားသည်။ ကိုက် (၂၀၀)သာသာကွက်လပ်မြေအရှေ့တည့်တည့်၌ လက်ရန်းမဲ့အကာမဲ့ စိုင်တမော့မျှအုတ်လှေကားတစ်စင်း။ ဆရာတော်က တောင်ပေါ်မတက်တော့ဟုမိန့်ပြီး သစ်ရိပ်အောက်ဆီသို့ ကြွသွားသဖြင့် ကျွန်တော်တို့နှစ်ယောက် ပုဆိုးတိုတိုပြင်ဝတ်ကာ တောင်ပေါ်ခြီတက်ကြသည်။

နေရှိန်ပြင်းပြင်းအောက် ချွေးတဒီးဒီးကျလှေကား (၁၃၂) ထစ်ကို အသက်ရှူမှားမတတ်တက်ပြီးနောက် တောင်ထိပ်အရောက်၌မူ နှစ်ယောက်သားခြေပစ်လက်ပစ်အမောဆို့လေပြီ။ အုတ်လှေကားအောက်ထစ်များသည် (၆ပေ × ၂ပေ) ရှိသော်လည်း အပေါ်သို့ တဖြည်းဖြည်းကျဉ်း၍ (၃ ပေ × ၁ပေ) သာရှိသဖြင့် အောက်ခြေကားအဖျားရှူးသည်ကို သတိပြုမိပါသည်။

တောင်ထိပ်၌ လေနုအေးသွဲ့သွဲ့ ညင်းညင်းတိုက်ခတ်နေသဖြင့် ခဏချင်း အမောပြေလန်းဆန်းသွားသည်။ ဇရပ်ရင်ကွဲကလေးတွင် တစ်အောင့်တစ်နား အနားယူပြီးမှ ကျွန်တော်တို့စေတီတော်အား ဖူးမြော်သည်။

■ ၁၃၄၁၊ ကြက်ဦးတွန်စေတီ

အမြင့် (၄) ပေ အုတ်ပလွင်၌

မယ်တောစေတီတော် တန်ဆောင်းတော်ကြီး

မယ်တောစေတီအား ကနန်းတော်ပေါ်မှ ဖူးမြင်ရ (လက်ဝဲဘက်တွင် မော်ဖူးစေတီ တွေ့မြင်)



နန်းနမောက်စေတီ (ကြက်ဦးတောင်)



ကြက်ဦးတွန်စေတီသို့အတက်

မယ်တောစေတီ ကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂတေကိုထွင်း၍ စာလုံးဖော်ထားသည်။ လွန်ခဲ့သော (၃၈) နှစ်က နှောင်းလူတို့ စေတီတော်ပြုပြင်မွမ်းမံစဉ် ရေးထိုးထားသည်ဟုယူဆရပါသည်။ ရပ်ဘုရားရွာဘုရားမဟုတ်သော်လည်း ကုသိုလ်ရှင်အဆက်ဆက်တို့ ထိန်းသိမ်းပြုပြင်လာခဲ့ပေ၍ ယခင်စေတီဘုဏ်တော်အရွယ်အစားလက်ရာပြောင်းလဲစေမူ ဤရွေးဟောင်းစေတီတော်မှာ ကွယ်ပမသွားဘဲ ယခုအထိဖူးမြော်ရဆဲတည်း။

ထေရအပါဒါန်ပါဠိတော်၊ သုဓာဝဂ္ဂသုဓာပဏ္ဍိယဘွေရအပါဒါန်ပါဠိတော်တွင် သုဓာပဏ္ဍိယလုလင်သည် စေတီတော်တွင် အင်္ဂတေကွာနေသောကွက်လပ်အကြား အင်္ဂတေအစိုင်အခဲတစ်ခုထည့်ပြီး ပြုပြင်မွမ်းမံပူဇော်ခဲ့ဖူးသော ကုသိုလ်ကံအဟုန်ကြောင့် ကိုးဆယ့်လေးကမ္ဘာအပါယ်မလားရဘဲ နတ်လူစည်းစိမ်ခံစားရကာ ဂေါတမဗြတ်စွာဘုရားသာသနာတော်၌ သုဓာပဏ္ဍိယမထေရ်အဖြစ် ကျော်ကြားပြီး ရဟန္တာအဖြစ် ရောက်ရှိသည်ဟုစေတီအဟောင်းပြုပြင်ပူဇော်ခြင်းအကျိုး ဟောကြားခဲ့ပါသည်။

ကျွန်တော်တို့ထေရဝါဒဗုဒ္ဓဘာသာဝင်များသည် တောင်ပေါ်ကုန်းမြင့်ကမ္ဘကျောက်ဆောင်ကျောက်တန်းရေလယ်ကျွန်းရှိ မြင်မြင်သမျှ စေတီတော်ကြီးငယ်ရွယ်လတ်မဟူ ရွှေသင်္ကန်း၊ ထုံးသင်္ကန်းကပ်လှူပူဇော်ကုသိုလ်ယူလေ့ရှိပေသည်။ မျက်နှာတစ်ဖက် (၁၄) ပေလေးမျက်နှာလေးထောင့်စတုရန်းပုံအုတ်ခဲပလ္လင်ပေါ် ပေါက်ထားသော (၉) တောင်ပြည့် ရွှေသင်္ကန်းကပ်လှူ ကြက်ဦးတွန်စေတီတော်အား ကြည်ညိုဖူးမြော်ရသူ ကျွန်တော့်အဖို့ မျှားစွာစိတ်နှလုံးချမ်းမြေ့ရပါသည်။ စေတီအရှေ့ဘက်မျက်နှာတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ရန်အတွက် (၂) ပေသာသာ မုခ်ကပ်ဆောင်လေးတစ်ခုမှအပ စေတီတော်တစ်ဆူလုံးရှင်းသန့်နေသည်။ လေအသင့်၌ ထီးတော်၊ ဆည်းလည်းသံ တစ်ချက်တစ်ချက်လွင့်ပျံလာလေသည်။ စေတီ၏ ရင်ပြင်တော်တွင် သာသနိက အဆောက်အအုံနှင့် သံယာတော်များသီတင်းသုံးနေထိုင်ခြင်းတို့ မတွေ့ရပါ။ စေတီတော်သည် ထီးတည်းပင်တိတ်ဆိတ်စွာ စံပယ်တော်မူလျက်ရှိသည်။ လူသူအရောက်အပေါက်နည်းပါးသော စေတီတော်အား လက်ရှိအားဖြင့် ကနန်းတောင်ဂူတောရကျောင်းမှ ထိန်းသိမ်းထားရှိပြီး အခါကြီးရက်ကြီးနေ့များ၌ မီးပူဇော်ရန်အတွက် မီးကြိုး၊ မီးချောင်း၊ မီးလုံးများ သွယ်တန်းထားသည်ကိုတွေ့ရသည်။

ကျွန်တော်တို့တောင်ပေါ် ဘုရားဖူးပြီး ပြန်အဆင်းလမ်းတွင် -

"ဒကာကြီး - ဒီစေတီက နန်းဦးစေတီ၊ ဟိုစေတီက နန်းနမောက်စေတီ"

ဆရာတော်မိန့်သဖြင့် ကုန်းအကွေ့တစ်နေရာဝယ် ရွေးစေတီနှစ်ဆူအား ဖူးရသည်။ နန်းနမောက်စေတီမှာ ပြုပြင်နေဆဲ။ မှတ်တမ်းမှတ်ရာအားနည်း၍ ဘယ်သူကဘယ်အချိန်တွင်ဘယ်အတွက် တည်ထားခဲ့ကြောင်းမသိရှိပါချေ။ စေတီနှစ်ဆူ၏ ဥဏ်တော်၊ လုံးပတ်တော် အတူတူလောက်ရှိပေမည်ဟု ခန့်မှန်းရသည်။

"ဒီအုတ်ပုံကြီးကတော့ ဂေါဝိန္ဒရသေ့ပလ္လင်ထိုင်ခုံက အုတ်တွေပဲ"

အလုံး (၅၀) မက ရှေးအုတ်ချပ်ပုံကြီး။ ဂေါဝိန္ဒရသေ့ဆို၍ ပိုစိတ်ဝင်စားသည်။ ထားဝယ်ရာဇဝင်သမိုင်းနှင့် ဂေါဝိန္ဒရှင်ရသေ့ကား ဒဂ်ီးပြားတစ်ခု၏ ခေါင်းနှင့်ပန်းတည်း။ (၁၇×၈.၂၅×၃. ၅) လက်မရှိ သာဂရခေတ်အုတ်ချပ်ကြီးများကားနှစ်ရှည်လများကြာညောင်းခဲ့သည့်တိုင် အကောင်းကြီးတွေ့ရသေးသည်။

■

သမန္တမင်းနှင့် မိဖုရားစန္ဒာဒေဝီတို့တွင် သားတော်၊ သမီးတော်ထီးညွှန့်နန်းညွှန့်မထွန်းကားသဖြင့် ဂေါဝိန္ဒရှင်ရသေ့စောင့်ရှောက်ထားသော အမြွှာကလေးနှစ်ယောက်ကို တောင်းယူမွေးစားလေသည်။ ထားဝယ်ရာဇဝင်လာတွင် ငခုံးမမွေးသည်ဆိုသော ထိုအမြွှာမောင်နှမကို ရသေ့ကြီးဂေါဝိန္ဒက လူလားမြောက်အောင် ကျွေးမွေးပြုစုလာခဲ့ကြောင်းဆိုပါသည်။ အမြွှာအစ်မရှင်ဇေါကို နန္ဒာဒေဝီဘွဲ့နှင့် ပင်တိုင်စ်၊ ရှင်ဇံကို သမ္မန်ဘွဲ့နှင့်အိမ်ရှေ့ဥပရာဇာအသီးသီးအပ်နှင်းသည်။

ဂေါဝိန္ဒရသေ့ပလ္လင်ထိုင်ခုံအုတ်ချပ်များ (ကြက်ဦးတောင်)

အလောင်းတော်တော်၊ ကြက်ဦးတောင်နှင့် ကနန်းတောင်ကို မြင်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com

(ဆရာဦးမောင်ကြီး၏
ထားဝယ်သမိုင်းပေါင်းချုပ်၊
ထားဝယ်ရာဇဝင်အကျဉ်းချုပ်)

နန်းသက် (၁၅) နှစ်၊ ၁၂၈ ခုနှစ် (ခရစ် ၇၆၆) သမန္တရာဇာနတ်ရွာစံသော မွေးစားသားဖြစ်သူ အိမ်ရှေ့မင်းသား ရှင်ဇံမင်း(ခေါ်)သမွန်မင်း(ခေါ်)နန်ဒိယမင်း (ကောဇ ၁၂၈ - ၁၇၅) ထီးနန်းဆက်ခံသည်။ သမန္တမင်းကဲ့သို့ပင် ရှင်ဇံမင်းသည်လည်း သာသနာတော်အား ခိုးမြောက်တော်မူသောမင်းတစ်ပါးလည်းဖြစ်ပေရာ လေးဆူဗျာဒိတ်ဝေမိသကတောင်ခေါ်ကနန်းတော်၌ ရဟန်းသံဃာတော်များအား အေးချမ်းစွာ သီတင်းသုံးနိုင်ရန်အတွက် ရွှေကျောင်းကြီးတစ်ဆောင်၊ ဇရပ်ကြီးလေးဆောင်၊ ရေကန်လေးကန်တစ်ပြိုင်နက် လျှဒါန်းသည်။ ရှင်ဇံမင်းနန်းခိုန်တွင် ကြက်ဦးတောင် ရဟန္တာကျောင်း၌ သီဟိုဠ်ရဟန္တာနှစ်ပါးပရိနိဗ္ဗာန်စံဝင်တော်မူပြီး ဖြစ်သည်။

သို့နှင့် နန်းတက်ပြီး (၇) ရက်မြောက်တွင် ကျေးဇူရှင်ဘရသေ့ဂေါဝိန္ဒအား မှီအုံးတောင်စခန်းမှ သာဂရသို့ပင့်ဆောင်ကာ ကြက်ဦးတောင်စခန်းကျောင်းသစ်မံး. ဆောက်လုပ် လျှဒါန်းကိုးကွယ်လေသည်။

စာရေးသူတို့အား တစ်တောဝင်တစ်တောထွက် တစ်တောင်တက်တစ်တောင်ကျော် ကိုယ်တိုင်ကိုယ်ကျ မည်းမည်း ကားဖြင့်လိုက်ပါပို့ဆောင်ပေးသည့်အပြင် စိတ်ရှည်လက်ရှည်ရှင်းပြမိန့်တော်မူသော ဆရာတော်ဦးပညာဇောတ၏ ကျေးဇူးကြီးမားလှပါသည်။ စာပေဖတ်မှတ်ဝါသနာပါ၍ သာလျှင် ယခုကဲ့သို့ ကျွန်တော်တို့ကို အပင်ပန်းခံ၍ လိုက်ပါပို့ဆောင်ပေးသည်ဟု ကျွန်တော်ယုံကြည်သည်။

■ မယ်ဇောစေတီ

မယ်ဇောစေတီရှိရာ မယ်ဇောတောင်သည်လည်း ပင်မကနန်းတောင်၏တောင်ဆွယ်တောင်ပွားပင်။ ဦးပညာဇောတ ကမကထပြုလျက် တောင်ပေါ်သို့အရောက်ကားလမ်းဖောက်ပေးထားသောကြောင့် ရှင်ဇော (ခေါ်) မယ်ဇော (ခေါ်) နန်ဒာဒေဝီမင်းသမီးတော်မူသည်ဆိုသော မယ်ဇောနေ့ဟောင်းစေတီအား အဆင့်ပြေပြေဖူးမြော်ရပါသည်။ (၂၄)ပေအရှည် လေးဖက်ညီပလ္လင်တော်၊ ပလ္လင်တော်အမြင့် (၄) ပေ (၉) လက်မ၊ တစ်ဝဂုံလေးဂူ၊ အရံစေတီလေးဆူဝန်းရံလျက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်စေတီမှာ တကယ့်ကို ရွှေပြောင်ပြောင်တောင်ပေါ် ကဘုရားတစ်ဆူ ဖြစ်သည်။ ယခင် စေတီဉာဏ်တော့် (၇) တောင်ကို ငုံ၍ (၁၃) တောင်သို့မြင့်တင်ပြီးနောက် ၁၃၇၈ ခု၊ တပေါင်းလပြည့်ကျော်၁၄ရက် (၂၆-၃-၂၀၁၇)နေ့တွင် မယ်ဇောစေတီရွှေထီးတော်တင်လှူပွဲခြံမှခြံမှ်သဲအောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်းသိရသည်။ ရွှေထီးတော်ကို ဦးအောင်မျိုးသန်း၊ ဒေါ်အေးသန္တာ ကြည့်မြင်တိုင်၊ ရန်ကုန်တစ်ဦးတည်း လှူဒါန်းပူဇော်ခဲ့ပါသည်။

တနင်္ဂနွေထောင့်အရံစေတီအလှူရှင် ဦးအောင်ဝင်း - ဒေါ်စန်းနု မိသားစု၊ ထားဝယ်။

အင်္ဂါထောင့် အရံစေတီအလှူရှင် ကိုဇော်ဝိတ် - မခိုင် မိသားစု၊ ရန်ကုန်။

စနေထောင့် အရံစေတီအလှူရှင် MTA GROUP မိသားစု၊ ရန်ကုန်။

ရာဟုထောင့် အရံစေတီအလှူရှင် ကိုနိုင်ဝင်း - မဌေးခိုင် မိသားစု၊ ထားဝယ်။

စေတီတော်ရင်ပြင်တောင်ဘက်စတီးဝရန်တာနှင့်တန်ဆောင်းတော်ကြီးတွင် ကောင်းမှုရှင် ဦးအောင်မျိုးသန့်၊ ဒေါ်အေးသန္တာမိသားစုလှူဒါန်းကြောင်း မုဒိတာပွားကမ္မဉ်းစာရှိသည်။ နတ်မင်းကြီး (၄) ပါးတံခွန်တိုင်၊ ထီးတော်တိုင်၊ ကျောက်စာတိုင်၊ ခေါင်းလောင်းတိုင်၊ ခေါင်းလောင်းတော်တို့ကိုလည်း ၎င်းတို့မိသားစုပင်ပူဇော်ထားသည်။

မယ်ဇောတောင်ကျောင်းကပ်ပြုယကြီး ဦးမောင်လွင်က တစ်ပါးနေကျောင်းကလေးတွင် အရှင်ကောဏ္ဍည သီတင်းသုံးနေပြီး အလှူကြွသွား၍ ယခု မရှိကြောင်း ကပ်ပြုယကြီး ရောက်သည်မှာ (၇) နှစ်ရှိပြီဖြစ်ကြောင်း၊ ယခင်ထီးတော်တောင်းကို ချဲထဲမှတွေ့ရှိကြောင်းပြောသည်။ ၎င်းထီးတော်ဟောင်းသည် ကနန်းတောင်ဂူ အရှည်ကင်တောရဝင်ဘုန်းကြီးချစ်ဖေ (ကိုဟိုစိန်အဘိုး) လွန်ခဲ့သော နှစ်(၅၀)ကျော်က မယ်ဇောစေတီပြုပြင်စဉ်တင်လှူခဲ့သောထီးတော် ဖြစ်သည်။ ထိုအခါန်တုန်းက (၈) နှစ်သား ကိုဟိုစိန်တစ်ယောက် လူကြီးသူမများနှင့်အတူ ထီးတော်တင်လှူပွဲရောက်ခဲ့သေးသည်ကို ပြန်အမှတ်ရသည်ဟုဆိုသည်။

စေတီတော်မှတ်တိမ်းထိုးကျောက်စာမှာ အောက်ပါအတိုင်း ရေးသားထားသည်။

■ ဝေမိသကတောင်(ခေါ်)ကနန်းတောင်၊ မယ်ဇောစေတီတော်ထပ်မံပြုပြင်ခြင်းမှတ်တမ်း

ရှင်ဇော(ခ)မယ်ဇော(ခ)နန္ဒာဒေဝီသည် သာဂရထီးနန်း (ယခု မြို့ဟောင်းကျေးရွာ) တစ်ပင်တိုင်နန်းဖြင့် ယင်ဖို့မသန်းဘဲ စံမြန်းနေသည်မှာ ဖခမည်းတော် သမန္တရာဇာ (မွေးစားဖခင်) လက်ထက်မှစ၍ အမြွာမောင်တော်ရှင်ဇံ(ခ)သမွန်မင်း(ခ)နန်ဒိယမင်းလက်ထက်အထိဖြစ်သည်။ ဤတွင် သီဟိုဠ်ဘုရင်ကောက္ကသန်မှ နန္ဒာဒေဝီအား မိဖုရားကြီးအဖြစ် တင်မြှောက်ရန် သမီးကညာတောင်းခံလာ၏။ နန္ဒာဒေဝီသည် ကျွန်းသီဟိုဠ်သို့ လိုက်ပါမသွားမီ ရှင်ဇလွန်စေတီတော်နှင့်အတူ ဤစေတီကိုလည်း တည်ထား ပူဇော်ခဲ့သည်ဟု ဆိုသည်။ ခေတ်အဆက်ဆက် ပြုပြင်ခဲ့မှုကြောင့် နှေဟောင်းလက်ရာများမတွေ့ရတော့ဘဲ ခေတ်လက်ရာများသာနေရာယူလျက်ရှိပေသည်။

စေတီတော်ကိုပြုပြင်ပူဇော်ကြခြင်း

ကောဇသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် ၈-၉-၂၀၁၆ (ကြာသပတေးနေ့) နေ့တွင် ဤစေတီတော်ကို ရွှေဂူတောင်ဆရာတော် ဦးသုမန၊ ဝေမိသကကျောင်းဆရာတော် ဦးပညာဇောတို့ထံပါး၌ ဩဝါဒခံယူတော်မူကြပြီး ဝေမိသကတောင်ဆွယ် မယ်ဇောတောင်ဝယ် သီတင်းသုံးနေတော်မူသော အရှင်ကောဏ္ဍညကဦးဆောင်လျက် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နေ ဦးအောင်မျိုးသန့်၊ ဒေါ်အေးသန္တာ၊ သမီး မမေသူသုခိုင်၊ မအိမ့်သက်ပိုင်မှူး၊ သားမောင်ဇေလင်းထက်မိသားစုက ဆက်လက်ပြုပြင်ရာ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၂၆-၃-၂၀၁၇)တွင် အောင်မြင်စွာ ထီးတော်တင်လှူခဲ့ပါသည်။

■

တောင်တောရဲယ်သာ
မာလာကဲဖူး
တစ်ပင်ကိုတစ်ပင်ယှက်တယ်
ကျေးဂုက်ကမြူး
အော်ကြီးဟစ်ကျယ်နှင့် ငယ်စဉ်
သင်အံရွတ်ဖူးတာ သတိရစွာ။

မောင်စိမ်းထွေး (ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

မြဝင်း(ဒဿန)

"သဗ္ဗသိဒ္ဓိပရိတ်ငယ်များ" စာအုပ်လာ မှတ်သားဖွယ်အချက်များ

ဝါတွင်းတစ်ညနေခင်းအချိန်တွင် ကျွန်တော့်တပည့်ရောက်လာပါသည်။သူလက်ထဲတွင် စာအုပ်တစ်အုပ်ပါလာပါသည်။ကျွန်တော့်တပည့်သည် ဟော်နေပုံရပါသည်။ ကျွန်တော်က နှေးဦးစွာ စကားစလိုက်ပါသည်။

"ဘယ်ကလာခဲ့တာလဲ တပည့်ရဲ့"

"အိမ်ကပဲလာခဲ့ပါတယ် ဆရာ။ ပရိတ်တော်စာအုပ်တစ်အုပ်ရထားလို့ ဆရာ့ကိုပြချင်လို့လာခဲ့တာပါ။ ဆရာဆီမှာရှိပြီးဖြစ်မလားတော့မပြောတတ်ပါဘူး"

"ဘာစာအုပ်များလဲ တပည့်ရယ်"

"သဗ္ဗသိဒ္ဓိပရိတ်ငယ်များစာအုပ်ပါဆရာ။ အိမ်ကိုဆွမ်းခံကြွနေကျဆရာတော်တစ်ပါးကစွန့်တာပါဘုရား"

"ဆရာ့ဆီမှာရှိပါတယ်။ ပရိတ်ကြီးအကြောင်းပြောပြီးလို့ ပရိတ်ငယ်အကြောင်းပြောတဲ့အခါကျမှ ဒီစာအုပ်အကြောင်းပြောမယ်လို့စိတ်ကူးထားတာ"

"ကျွန်တော်တော့ပရိတ်ငယ်စာအုပ်ရှိတယ်ဆိုတာကို မသိခဲ့ပါဘူး ဆရာ"

တဲ့ပရိတ်ငယ်တွေမှာလည်း ပရိတ္တံ တံဘဏာမဟေဆိုတာပါနေလေတော့ အဲဒီပရိတ်ငယ်တွေကိုလည်း ပရိတ်ကြီးလို့ ခေါ်ရတော့မလိုဖြစ်နေတယ်။ ယုန်မင်းပရိတ်ကိုပဲကြည့်လေ။

(ကျွန်တော်သည် ကျွန်တော့်တပည့်လက်ထဲက စာအုပ်ကိုယူပြီး ယုန်မင်းပရိတ်တော်ကိုရှာ၍ဖတ်ပြပါသည်။)

■ ပူရေန္တံ ဗောဓိ သမ္ဘာရေ၊
နိဗ္ဗတ္တံ သံသရတိယံ၊
ဒဗ္ဗတိကော ပဿန္တသ၊
စဇိတွာ မမဇီဝိတံ။
မမဒါနာနုဘာဝေန၊
သီတ လမ္မိ ပဇ္ဇလန္တိ၊
ဓာရေန္တိကံ် ကပ္ပမ္ပိ၊
ပဋိဟေရံ ဇြဟာဝနေ၊
သ သရာဇေန ဘာသိတံ၊
ပရိတ္တံ တံ ဘဏာမဟေ။

သုကိတ္တိ မာသု အာစာရော၊
သုဘာသိတဟေသိနော၊
လောကေဝိမာမဟာဝိရော၊
စန္ဒိမာဝဒဿနိယော။
သိက္ခာယ ဥပဂတံ ဒိသွာ၊
သကတ္တာနံ ပရိစ္စဇိ၊
ဒါနေ နမေ သဟေနတ္တိ၊
ဧသော မေ ဒါနပါရမီ။

ပရိတ်တော်ဆုံးသွားသောအခါ ကျွန်တော် ဤသို့ဆက်ပြောပါသည်။

"ကြားလိုက်တယ် မဟုတ်လား။ 'သ သရာဇေန ဘာသိတံ ပရိတ္တံ တံ ဘဏာမဟေ' တဲ့။ အဲဒီတော့ စလင်းဆရာတော်ဘုရားကြီး ဆုံးဖြတ်ထားတဲ့အတိုင်းဆိုရင် ယုန်မင်းပရိတ်ဟာ ပရိတ္တံ တံ ဘဏာမဟေ ဆိုတာပါတော့ ပရိတ်ကြီးလို့ ဆိုရတော့မှာပေါ့။ ဒါကြောင့်မို့ စုဆောင်းတည်းဖြတ်သူ မောင်လွင်ရည် (ဝိဇ္ဇာသိပ္ပံ) က ပရိတ်ကြီး၊ ပရိတ်ငယ်ပြောမနေတော့ဘဲ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောမြွက်ခဲ့သည်ဖြစ်စေ၊

"စလင်းဆရာတော်ဘုရားကြီးရဲ့ ပရိတ်ကြီးနိဿယအကြောင်းပြောခဲ့တုန်းက ဆရာတို့ပရိတ်ကြီးအကြောင်းပြောခဲ့ကြသေးတာပဲ"

"မှတ်မိပါတယ်ဆရာ။ ပရိတ္တံ တံ ဘဏာမဟေ ဆိုတာပါရင် ပရိတ်ကြီး၊ မပါရင် ပရိတ်ငယ်လို့ စလင်းဆရာတော်ဘုရားကြီးခွဲပြတာကို မှတ်မိပါတယ်။ ဒါပေမယ့် ဆရာ ပရိတ်ငယ်တစ်အုပ်ရယ်လို့ရှိလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ဒါကြောင့် ပရိတ်ငယ်စာအုပ်ရရတော့ တအံ့တသြဖြစ်ပြီး ဆရာ့ကိုလာပြတာပါ။ ဒါထက် ဆရာ ဒီပရိတ်ငယ်စာအုပ်ထဲမှာကော ပရိတ်ကြီး၊ ပရိတ်ငယ်အကြောင်းပြောထားတာပါသေးသလား"

"ဒီစာအုပ်ထဲမှာတော့ ပရိတ်ကြီး၊ ပရိတ်ငယ်အကြောင်းအထွေအထူးပြောထားတာမတွေ့ရဘူး။ ဒီစာအုပ်ထဲမှာပါ

www.burmeseclassic.com

www.burmeseclassic.com

ရွေးဆရာကြီးများ သီကုံးဖန်တီးပေးခဲ့သည်ဖြစ်စေ ယုံကြည်စွာ ကြားနာရွတ်ဖတ်သူတို့အား ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်တို့မှ တားဆီးကာကွယ် စောင့်ရှောက်ပေးနိုင်တဲ့အစွမ်းရှိတဲ့ဂါထာမန္တန်တိုင်းကို ပရိတ်လို့မှတ်ယူသင့်တယ်လို့ဆိုထားပါတယ်"

"ဒါ့ဝါထက် ဒီပရိတ်တော်စာအုပ်ထဲမှာ ဇာတ်တော်များဆိုင်ရာ ပရိတ်တော်များဆိုတဲ့ကဏ္ဍပါပါတယ်။ အဲဒီကဏ္ဍမှာ ယုန်မင်းပရိတ်၊ ရွှေသမင်ပရိတ်၊ ဆဒ္ဒန်ဆင်မင်းပရိတ်၊ ဟင်္သာမင်းပရိတ်၊ ဝက်မင်းပရိတ်၊ မြေခွေးမင်းပရိတ်၊ ခိုမင်းပရိတ်၊ ခါမင်းပရိတ်၊ မြောက်မင်းပရိတ်၊ ဒီလုံးငှက်ပရိတ်၊ ခွေးမင်းပရိတ်၊ ကိုးမင်းပရိတ်၊ ခြင်္သေ့မင်းပရိတ်၊ ကြက်မင်းပရိတ်၊ ကျေးမင်းပရိတ်ဆိုပြီး ပရိတ်တော် (၁၅) သုတ်တွေရပါတယ်။ ကျွန်တော်တို့ ရွတ်နေကျ ဥဒေါင်းမင်းပရိတ်နဲ့ ငုံးမင်းပရိတ်ကိုတော့ မတွေ့ရဘူးဆရာ။ ပရိတ်ကြီး (၁၁) သုတ်မှာပါပြီးဖြစ်လို့မပြတာလား ဆရာ"

"ပရိတ်ကြီး (၁၁) သုတ်မှာပါပြီးဖြစ်လို့ မပြတာဖြစ်နိုင်ပါတယ်။ ဆရာတော့ ပရိတ်ငယ်စာအုပ်ထဲမှာပါတဲ့ပရိတ်တော်အားလုံးကို ပါဠိရောအနက်ပါဖတ်ပြီးပါပြီ။ ပရိတ်တော်တွေကို အနှစ်ချုပ်ကြည့်လိုက်တဲ့အခါ မင်္ဂလာတရားတိုးပွားစေတာရယ်၊ မေတ္တာပို့တာရယ်၊ သစ္စာဆိုတာရယ်၊ ပုဗ္ဗနိမိတ်၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိဘာဝနာပွားများတာရယ် အဲဒါတွေကိုပဲတွေ့ရတယ်။ ဒါကြောင့်မို့ ဆရာတို့မိဘဘိုးဘွားများအစဉ်အလာရွတ်ဆိုလာခဲ့ကြတဲ့ ပရိတ်ကြီး(၁၁)သုတ်ကိုပဲရွတ်ရွတ်၊ ပရိတ်ငယ်စာအုပ်ထဲမှာပါတဲ့ ပရိတ်တော်တွေကိုပဲ ရွတ်ရွတ် သဒ္ဓါထက်ထက်သန်သန် ယုံယုံကြည်ကြည်ရွတ်မယ်ဆိုရင် အကျိုးထူးရမှာ ဧကန်ဖြစ်ပါတယ်။ ပြောလက်စနဲ့ ပြောပါဦးမယ်။ ပရိတ်ငယ်စာအုပ်ထဲမှာ ပရိတ်တော်တွေအပြင် အစွမ်းထက်တဲ့ဂါထာတော်များဆိုပြီး ဂါထာ (၈) ပုဒ် ပြထားတယ်။ အဲဒီဂါထာတွေကတော့ ရှင်ဘကုလမထေရ်ရဲ့ (နဲ)ကိုးချက်ဂါထာ၊ ရှင်ပုဒ္ဓဃောသမထေရ်ဂါထာ၊ ခေမာထေရီဂါထာ၊ သိင်္ဂြားမင်းထံဆုပန်ဂါထာ၊ အလက်ာပရိတ်တော်ဂါထာ၊ နရပတိစည်သူမင်းဂါထာ၊ အောင်ပွဲရဂါထာ (၁) နဲ့ အောင်ပွဲရဂါထာ (၂) တို့ပဲ"

"အဲဒီဂါထာ (၈) ဂါထာထဲက ခေမာထေရီဂါထာကိုတော့ ကျွန်တော်ရတယ် ဆရာ။ ညစဉ်ဘုရားရှိခိုးတဲ့အခါမှာလည်း အဲဒီဂါထာကိုရွတ်ဆိုပြီး ရှိခိုးလေ့ရှိပါတယ်"

"တပည့်သိတဲ့အတိုင်း ခေမာထေရီဟာ ခေမာထေရီမဖြစ်ခင်က ဝိမ္ဘိသာရမင်းရဲ့မိဖုရားအဆင်းမာန်အလှမာန်တက်ပြီးတော့ မြတ်စွာဘုရားကိုဖူးမြော်ခြင်းမပြုခဲ့ဘူး။ နောက်မြတ်စွာဘုရားကျောင်းတော်သို့အရောက် နတ်မိမယ်တမျှလှပတဲ့ မိန်းမငယ်တစ်ဦးက မြတ်စွာဘုရားအား ယပ်ခတ်ပူဇော်နေတာတွေ့တယ်။ မြတ်စွာဘုရားက ဖန်ဆင်းထားတာပါ။ နောက်အဲဒီမိန်းမငယ်ဟာ တဖြည်းဖြည်းယိုယွင်းရင့်ရော်ပျက်စီးသွားတာကိုမြင်တော့ သံဝေဂဖြစ်တယ်။ သံဝေဂဖြစ်ဆဲ မြတ်စွာဘုရားရဲ့တရားတော်ကိုနာရတော့ ရဟန္တာမအဖြစ်ကို ရောက်သွားတယ်။ တပည့်ရတယ်ဆိုတဲ့ ခေမာထေရီဂါထာဟာ ခေမာမိဖုရားဟာ ရဟန္တာအဖြစ်သို့ရောက်ပြီး မြတ်စွာဘုရားကိုအလွန်အကြူးအထူးကြည်ညို့တဲ့စိတ်နဲ့ရှိခိုးတဲ့ဂါထာဖြစ်တယ်။

■ နမောတေ သဗ္ဗဒဿာဝိ၊
နမောတေ ကရုဏာကရ၊
နမော့တ တိဏ္ဏသံသာရ၊
နမော တေ အမတံဒဒ။

သဗ္ဗဒဿာဝိ - တရားခပ်သိမ်းကို မြင်တော်မူသောမြတ်စွာဘုရား(အကျွန်ုပ်သည်)၊ **တေ**-အရှင်မြတ်အား၊ **နမော**-ညွတ်တွားရိုကျိုးရှိခိုးကန်တော့ပါ၏။

ကရုဏာကရ - မဟာကရုဏာ၏တည်ရာဖြစ်တော်မူသောမြတ်စွာဘုရား၊ (အကျွန်ုပ်သည်)၊ **တေ**-အရှင်မြတ်အား၊ **နမော**-ညွတ်တွားရိုကျိုးရှိခိုးကန်တော့ပါ၏။

တိဏ္ဏသံသာရ - သံသရာဝဋ်မှကျွတ်လွတ်ကုန်းမြောက်တော်မူပြီးသောမြတ်စွာဘုရား (အကျွန်ုပ်သည်)၊ **တေ**-အရှင်မြတ်အား၊ **နမော**-ညွတ်တွားရိုကျိုးရှိခိုးကန်တော့ပါ၏။ **အပတံဒဒ**-လွန်တင်ပြဟူသတ္တဝါကို ခေမာအမြို့က်၊ နိဗ္ဗာန်ဆိုက်အောင်ဆောင်တော်မူသောမြတ်စွာဘုရား၊ (အကျွန်ုပ်သည်)၊ **တေ**-အရှင်မြတ်အား၊ **နမော**-ညွတ်တွားရိုကျိုး ရှိခိုးကန်တော့ပါ၏။

တိုတိုကျဉ်းကျဉ်းနဲ့ အင်မတန်အဓိပ္ပာယ်ပြည့်စုံတဲ့ဘုရားရှိခိုးပါ တပည့်ရယ်။ တချို့ကတော့ အဲဒီဂါထာကို ပုတီးစိပ်ကြတယ်။ ဂါထာအဆုံး ပုတီးတစ်လုံးချပြီးစိပ်ကြတယ်။ မဟာပညာဇောဂဒဂဏ္ဌိတဲ့ လက်ယာရံအဂ္ဂသာဝိကာအဖြစ်ဦးမြင့်ခံရတဲ့ရဟန္တာမကြီးရဲ့ဘုရားရှိခိုးဖြစ်လေတော့ အင်မတန်အကျိုးကြီးပါတယ်"

"အစွမ်းထက်ဂါထာတော်တွေထဲမှာ အောင်ပွဲရဂါထာတွေလည်းပါတယ်ဆရာ။ ကျွန်တော် အဲဒီဂါထာတွေကို ကျက်နေပါတယ်"

"အဲဒီဂါထာတွေကလည်း ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးတို့ရဲ့ဂုဏ်ကျေးဇူးကို တိုင်တည်ပြီး သစ္စာပြုထားတဲ့ဂါထာတွေပါပဲ။ အောင်ပွဲရဂါထာ (၂) ကိုကြည့်လေ။

■ နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတ္ထော မေ သရဏံ ဝရံ၊
သံဃော မေ သရဏံ ဝရံ။
ဃေန သစ္စေန သိဒ္ဓိမေ၊
ဟောတု မေ ဇယမင်္ဂလံ။ ။

မေ-ငါ့အား၊ **အညံ**-ရတနာသုံးပါးမှတစ်ပါး။ **သရဏံ**-ကိုးကွယ်ခြင်းသည်၊ **နတ္ထိ**-မရှိ။ **ဗုဒ္ဓေါ**-မြတ်စွာဘုရားသည်၊ **မေ**-ငါ့အား၊ **ဝရံ**-မြတ်သော၊ **သရဏံ**-ကိုးကွယ်ရာဖြစ်၏။

ဓမ္မော-တရားတော်သည်၊ **မေ**-ငါ့အား၊ **ဝရံ**-မြတ်သော၊ **သရဏံ**-ကိုးကွယ်ရာဖြစ်၏။ **သံဃော**-သံဃာတော်သည်၊ **မေ**-ငါ့အား၊ **ဝရံ**-မြတ်သော၊ **သရဏံ**-ကိုးကွယ်ရာဖြစ်၏။ **ယေနသစ္စေန**- အကြင်မှန်သောသစ္စာစကားကြောင့်၊ **သိဒ္ဓိမေ**-စစ်မြေပြင်၌၊ **မေ**-ငါ့အား၊ **ဇယမင်္ဂလံ** - အောင်အပ်သော မင်္ဂလာတရားသည်၊ **ဟောတု** - အောင်မြင်သည်ဖြစ်ပါစေသတည်း။ ရတနာသုံးပါးကို ဦးထိပ်ထားပြီး သစ္စာပြုထားတဲ့ဂါထာပဲ မဟုတ်လား

"ဒီကနေ့ ပရိတ်ငယ်စာအုပ်မှာပါတဲ့ပရိတ်တော်တွေနဲ့ဂါထာတွေအကြောင်းပြောနေတာနဲ့ ပရိတ်ကြီးနိဿယအကြောင်းဆက်ကြတာပေါ့။ ဒီကနေ့ ဆွေးနွေးရတာလည်း အင်မတန်အကျိုးများပါတယ်"

"ကျေးဇူးကြီးလှပါတယ်ဆရာ"

ထို့နောက် ကျွန်တော့်တပည့် ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားသည်။

မြသိုး(ဒဿန)

www.burmeseclassic.com

www.burmeseclassic.com

နေမဝင်းကြယ်လေး(နတ်မောက်)
အန္တရာယ်ကင်း နတ်ခင် လာဘ်ရှင်ဂါထာတော်

လူတိုင်း လူတိုင်းသည် မိမိဘဝ တိုးတက်မြင့်မားအောင် ကောင်းသည်ထက်ကောင်းအောင် ခဲ့၊ လုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာများစိုက်ထုတ်လုပ်ကိုင်ကြီးစား နေကြသည်သာများသည်။ ငါ့ဘဝနိမ့်ကျအောင်၊ ငါ့ဘဝကျဆင်းအောင်ပြု မည်ဆိုသောစိတ် မည်သူမျှမရှိကြပါ။ သူတောင်းစားပင်လျှင် သူ့ဘဝသူနေရာကို အကောင်းဆုံး၊ အမြင့်ဆုံးဖြစ်အောင် ပြုလုပ်သည်ဆိုပါလျှင် သင်တို့ကျွန်ုပ်တို့ကမူ ဆိုဖွယ်မရှိ အားကုန်အစွမ်းကုန်မိသမျှ ကြိုးစားကြသည်သာဖြစ်ပါသည်။

သို့သော် လူဘဝသည် လုပ်တိုင်းရပါသလား၊ ထင်တိုင်းပေါက်ပါသလား၊ မှန်းတိုင်းအောင်မြင်ပါသလား။ ကြိုးစားတိုင်း အပြည့်အဝ ကျေနပ်မှုရသည်ဆိုသည်မှာမရှိပါချေ။

တစ်ဖန် ထို့သို့ ကြိုးစားလုပ်ကိုင်ရာတွင် သဘာဝဘေးဒုက္ခအန္တရာယ်၊ လူအချင်းချင်းရန်သတ္တုရှုပြုမည့်အန္တရာယ် ဘေးများလည်း ကင်းရှင်းအေးချမ်းဖို့လိုပြန်ပါသည်။ အန္တရာယ်ကင်းဘေးရှင်းမှသာလျှင် ကောင်းမွန်အေးချမ်းစွာလုပ်ကိုင်နိုင်မည်မဟုတ်ပါလား။

ယခုတင်ပြမည့် ဂါထာတော်သည် အန္တရာယ်ကင်းဘေးရှင်းစေပြီး နတ်ချစ် နတ်ခင်လာဘ်ရွှင်စေသောဂါထာတော်မြတ်ဖြစ်၍ လူတိုင်းလူတိုင်းနေ့စဉ်ရွတ်ပွားဆောင်ရွက်သွားနိုင်စေရန် ကြိုးစားရေးသား တင်ပြလိုပါသည်။

ဂုဏ်ဂါထာတော်ကို ကျွန်တော် အသက်ဆုံးဆယ်အရွယ် ကျေးလူးရှင် ဆွေဦးကျောင်းဆရာတော်ဦးလာဘသာမိမှ ခွဲးမြင့်ခဲ့ခြင်းဖြစ်ပြီး ကျွန်ုပ်ရရှိခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီဟု ဆိုနိုင်ပါသည်။

လူတိုင်းပိုမိုကြည်ညိုလေးနက်စွာ ရွတ်ပွားနိုင်ရန်အတွက် အနက်ပြန်မာပြန်ကို သိနားလည်ထားကြစေရန် ဦးစွာတင်ပြပါမည်။

ထိုဂါထာတော်၏ဆိုလိုရင်းအနက်အဓိပ္ပာယ်သဘောမှာ အောက်ပါတိုင်းဖြစ်ပါသည်။

- ကျွန်ုပ်သည် အလုံးစုံသော အတွင်းအပြင်ရန်ဟူသမျှကို အောင်မြင်ရပါစေသတည်း။
- အစုံစုံသောလာဘ်လာဘတို့ရရှိပါစေသတည်း။
- အစုံစုံသော လူ၊ နတ်၊ ဗြဟ္မာတို့မှ ချစ်ခင်စောင့်ရှောက်ပါစေသတည်း။
- ရှင်၊ နာမ်နှစ်ဝ ဇီဝိတနှင့်ဝိဉာဏ် မပျက် အသက်ရှည်ခြင်း၊ အသက်တည်ခြင်းသည်ဖြစ်ပါစေသတည်း။

ဟူ၍ အနှစ်ချုပ်အဓိပ္ပာယ်ဖြစ်ပါသည်။

ဂါထာတော် ရှည်လျားထွေပြားခက်ခဲခြင်းလည်းမရှိပါ။ ဆယ်ခေါက်မှ ကြည့်၍ရွတ်ပွားလျှင် အလွတ်ရွတ်ပွားနိုင်ပါသည်။ ဂါထာတော်၏ အမည်ခေါင်းစီးမှာ လာဘအာသီသဂါထာတော် ဟူ၍ ဖြစ်ပါသည်။

- ဇယတု ဇယတု သဗ္ဗဝေရာ၊
  လာဘတု လာဘတု သဗ္ဗလာဘာ၊
  ဝိယတု ဝိယတု သဗ္ဗသောကာ၊
  ရက္ခန္တု ရက္ခန္တု သဗ္ဗဒေဝတာ၊
  ဘဝတု ဘဝတု အာယု အာယု ဒီဃာ။

နေ့စဉ်နံနက်စောစောမျက်နှာသစ်ကိုယ်လက်သန့်စင်ပြီးလျှင် (၉) ခေါက်၊ နေ့လယ်ပိုင်းတွင် (၉) ခေါက်၊ ညအိပ်ရာဝင် (၉) ခေါက် မပျက်ရွတ်ပွားသွားပါ။ (၉)လပြည့်ချိန်တွင် သီသာထူးခြားထင်ရှားမြင်သာ တိုးတက်ကြီးပွား စိတ်ချမ်းသာကိုယ်ကျန်းမာလျက် နိဗ္ဗာန်အထိ တက်လှမ်းနိုင်သော်ပုဂ္ဂိုလ်မြတ်အဖြစ် ထင်ရှားလာပါလိမ့်မည်။

လိုရာဆန္ဒပြည့်ဝကြပါစေ

နေမဝင်းကြယ်လေး (နတ်မောက်)

- **နောက်ဆက်တွဲ**

စာဖတ်သူတို့ နှလုံးသွင်းနိုင်ကြစေရန် ယုန်မင်းပရိတ်တော်၏နိဿယကို ဖော်ပြအပ်ပါသည်။

ဟေမိသမ္ဘာရေ - ဟေမိဉာဏ်၏ ပါရမီအဆောက်အဦတို့ကို၊ **ပူရေန္တေ**-ဖြည့်ဆည်းတော်မူသော (ငါသည်) **သံသဇာတိယံ**-ယုန်မျိုး၌၊ **နိဗ္ဗတ္တေ** - ဖြစ်တော်မူဖူးပြီ။ **ဒဗ္ဗတိကော** - မြေစာမြက်တို့ကို၊ **ပဿန္တော**သ - မြင်နေရသောငါသည်၊ **မမ ဇီဝိတံ** - မိမိအသက်ကို၊ **စဇိတွာ** - စွန့်၍ (ဒါနပြုခဲ့ဖူးပြီ။)

မမဒါနဿာဝေန - ငါ၏ မိမိကိုယ်ကို လှူဒါန်းခဲ့သော ဒါန၏ အာနုဘော်စွမ်းအားကြောင့်။ **မြဟာဝနေ**-တောအုပ်ကြီးအတွင်း၌၊ **ပဒုလန္တိပိ** - အလျှံပြောင်ပြောင်တောက်လောင်နေသောမီးသည်လည်း၊ **သီတလံ**-ငြိမ်းအေးခဲ့ရဖူးပြီ၊ **ပါဒို ဟေရံ** - ဤအဲဖွယ်သောအဖြစ်ကို၊ **ဇော် ကမ္ပဗ္ဗိ** - ကပ်ကမ္ဘာပတ်လုံးသည်လည်း၊ **တရေန္တိ** - လူတို့အမှတ်အသားပြုကြကုန်၏။ **သသရာဇိန** - ယုန်မင်းသည်၊ **ဘာသိတံ** - ရွတ်အပ်သော။ **တံ ပရိတ္တံ**-ငါတို့သည်၊ **ဘဏာမ**-ထိုပရိတ်တော်ကို၊ **ဟော-အို**သူတော်ကောင်းတို့၊ **ယံ** - ငါတို့သည်၊ **ဘဏာမ** - ရွတ်ဆိုကြပါကုန်အံ့။

သုကိတ္တိမာ-ကောင်းသောကျော်စောခြင်းရှိသော၊ **သုဘောစနော**-ကောင်းသောအကျင့်ရှိသော၊ **သုဘာသိတဟိ တေသိနော** - ကောင်းစွာဆိုအပ်သောစကားအစီးအပွားကို ရှာမှီးသော၊ **လောကေ** - လောကဌ်၌၊ **ဝိမာ** - ပညာရှိသော၊ **မဟာဇိရော** - ကြီးမြတ်သောလုံ့လရှိသော (ငါသည်) **စန္ဒိမာဝ**-လမင်းကဲ့သို့၊ **ဿနိယော**-ရွှေချင့်စဖွယ်ဖြစ်၏။ **ဘိက္ခာယ** - အစားအသောက်အလှူခံခြင်းငှာ၊ **ဥပါဂတံ** - ချဉ်းကပ်လာသော သိကြားမင်းကို၊ **ဒိသွာ**-မြင်၍၊ **ယကတ္တာန်**-ငါ၏ကိုယ်ကို၊ **ပရိစ္စဇိ**-စွန့်လွှတ်ပေးလှူခဲ့ဖူးပြီ။ **မေ** - ငါ့အား၊ **ဒါနေန** - မိမိကိုယ်ကို စွန့်လွှတ်ပေးလှူခဲ့ဖူးပြီ။ **မေ** - ငါ့အား၊ **ဒါနေန** - မိမိကိုယ်ကို စွန့်လွှတ်ပေးကမ်းခြင်းနှင့်တူသောအလှူနှင့်။ **သမော** - တူသောအလှူမည်သည်၊ **နတ္ထိ** - မရှိပြီ။ **ဇော** - ဤအလှူသည်၊ (ငါ၏)၊ **ဒါန ပါရမီ** - ဒါနပါရမီဖြစ်ပါသတည်း။

ကြည့်ရန်စာ -

မောင်လွင်(ဦး)(ဝိဇ္ဇာဘဲဉာဏ်)။ ။ သဗ္ဗသိဒ္ဓိပရိတ်ငယ်များ ရန်ကုန်၊ တက်လမ်းစာပေ။ ၁၉၉၃။

www.burmeseclassic.com

www.burmeseclassic.com

ဦးအုန်းစိန်။ ။ မဂ္ဂင်(၈)ပါးဟာ ပညာနဲ့စပြီး ပညာနဲ့ဆုံးတယ်။ ပညာမဂ္ဂင်နှစ်ပါးဟာ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့အကြောင်းပြောခဲ့ဖူးတယ်။ သမ္မာဒိဋ္ဌိမှာ ဘုရား၊ တရား၊ သံဃာရတနာ (၃) ပါးရဲ့ဂုဏ်ကို အခြေခံအနိမ့်ဆုံး အဆင့်နဲ့သိတဲ့ပညာရှိရမယ်။ ဘုရားဂုဏ် (၉)ပါး၊ တရားဂုဏ်(၆)ပါး၊ သံဃာဂုဏ် (၉) ပါးကို ဗုဒ္ဓဘာသာဝင်တိုင်း အလွတ်ရပြီးသိနေကြတာပဲ။ ဒါပေမယ့် ဂုဏ်တော်ရဲ့ အမည်လောက်ပဲသိလို့ ပညာမဖြစ်ဘူး။ အသိမဟုတ်ဘူး။ ဥပမာ အရဟံ ဂုဏ်တော်ကို အရဟံလောက်ပဲသိလို့ မဖြစ်ဘူး။ အနိမ့်ဆုံးအနေနဲ့ သီလ၊ သမာဓိ၊ ပညာအရာတို့၌ အထူးမရှိ မြတ်တော်မူသောကြောင့် အရဟံဂုဏ်တော်လို့ခေါ်တယ်လို့ သိရမယ်။ အဲဒီလိုမှမဟုတ်ရင် ဘုရားကို အစဉ်အလာကြောင့် ကိုးကွယ်သူဖြစ်တဲ့အတွက် နောက်ပုဂ္ဂိုလ်တစ်ဦးဦးရဲ့အကြောင်းကိုကြားပြီး ပိုစိတ်ဝင်စားရင် အလွယ်တကူနဲ့ ဘာသာကူးပြောင်းသွားနိုင်တယ်။

မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို အခြေခံလောက်သိထားမှ မြတ်စွာဘုရားဟောတဲ့ ကံကံရဲ့အကျိုးကို ယုံကြည်ခြင်းဆိုတာကို အသိနဲ့ပညာနဲ့ ယုံကြည်တာမျိုးဖြစ်မယ်။ တရားဂုဏ်၊ သံဃာဂုဏ်မှာလည်း ဒီအတိုင်းပဲ။

သမ္မာသင်္ကပ္ပမှာ အရင်ဆုံးပန်းတိုင်ဆိုတာကိုသိပြီး ပန်းတိုင်ကိုသွားဖို့စိတ်ရှိရမယ်။ ဗုဒ္ဓဝါဒမှာ ပန်းတိုင်ဆိုတာ နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ဆိုတာ သံသရာဝဋ်ဆင်းရဲကလွတ်မြောက်ခြင်းလို့ အဓိပ္ပာယ်ရတယ်ဆိုတာကိုလည်းသိရမယ်။ အဲလိုမှမဟုတ်ရင် ဘုရားရှိခိုးတဲ့နေရာမှာ သြကာသနဲ့စပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိမ့်။ လို့ဆုံးပေမယ့် ဘာမှန်းမသိတဲ့ဘုရားရှိခိုးပဲဖြစ်နေမှာပဲ။

မေတ္တာတရားအခြေခံပြီး သတ္တဝါတို့ရဲ့ စည်းစိမ်ဥစ္စာတည်တံ့ခိုင်မြဲရေးနဲ့ အသက်စည်းစိမ်တည်တံ့ခိုင်မြဲရေးတို့ အတွက် ကြံစည်အားထုတ်တယ်ဆိုတာ ဗုဒ္ဓဘာသာဝင်များအတွက် အရေးပါပြီး တန်ဖိုးရှိတဲ့ စိတ်ကောင်းရှိမှုအရည်အချင်းကိုပြသခြင်း ဖြစ်တယ်။ အတွေးမှန်မှအသိမှန်မယ်။ အသိမှန်မှလည်း အတွေးမှန်မယ်။ ဒီ (၂) ခုဟာ အပြန်အလှန်အထောက်အပံ့ပြုနေတဲ့ပညာမဂ္ဂင်ပဲ။

စောစောကပြောခဲ့သလို မဂ္ဂင် (၈) ပါးဟာ ပညာနဲ့စပြီး ပညာနဲ့ဆုံးတယ်။ အခုပြောခဲ့တာ အစ၊ အဆုံးပဲ။ အဆုံးပညာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုသိမြင်ခြင်း သို့မဟုတ် မျက်မှောက်ပြုခြင်းပဲ။

ဒီအဆုံးပညာကိုရောက်ဖို့အတွက် သီလမဂ္ဂင်နဲ့ သမာဓိမဂ္ဂင်ကိုထူထောင်ရမယ်။ စကားတွေနဲ့ တစ်ခုပြီးတစ်ခုပြောနေရပေမယ့် အလုပ်လုပ်တော့ တစ်ပြိုင်နက်လုပ်ရတယ်။ သီလမဂ္ဂင်က အခြေခံရှိထားရမယ့် မဂ္ဂင်။ အခု သီလမဂ္ဂင်အကြောင်းကိုပြောမယ်။



ချောင်းဆိုးအုန်းသွင်
သဘာဝဝန္ဓု
ပညာအစ ပညာအဆုံး

www.burmeseclassic.com

www.burmeseclassic.com

သီလမဂ္ဂင်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုပြီး (၃) ပါးရှိတယ်။ သမ္မာဝါစာဆိုတာ မုန်ကန်သောစကားကို ပြောဆိုခြင်းလို့ အဓိပ္ပာယ်ရတယ်။ အဲဒါလိမ်ပြောတာတစ်ခုတည်းကိုရှောင်ပြီး လိမ်မပြောခြင်းကိုဆိုလိုတာမဟုတ်ဘူး။ အဲဒီမှာ ရှောင်ရမယ့်အင်္ဂါရပ် (၄) မျိုးရှိတယ်။ အဲဒါတွေက (၁) မုသာဝါစာ - လိမ်လည်ပြောဆိုခြင်း၊ (၂) ဖရုသဝါစာ - ဆဲရေးတိုင်းထွာခြင်းစတဲ့ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း၊ (၃) ပိသုဏဝါစာ - ချစ်ခင်သူနှစ်ဦးကြား အမုန်းပွားအောင်ကုန်းချောစကားပြောဆိုခြင်း၊ (၄) သမ္ဖပ္ပလာပဝါစာ - သိမ်ဖျင်းပေါ်ပျက်အနှစ်မထွက်တဲ့ လုပ်ကြံဒဏ္ဍာရီစကားများကိုပြောဆိုခြင်းတို့ ဖြစ်တယ်။

အပြန်အလှန်အားဖြင့် မုန်ကန်သောစကားကိုပြောဆိုခြင်း၊ ယဉ်ကျေးသိမ်မွေ့ချိုသာသောစကားကို ပြောဆိုခြင်း၊ မသင့်မြတ်သူချင်း သင့်မြတ်အောင် စေ့စပ်ပေးခြင်း၊ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွားကိုဖြစ်စေမယ့် တန်ခိုးရှိသောစကားကို ပြောဆိုခြင်းတို့ ဖြစ်ပါသည်။

သမ္မာကမ္မန္တဆိုတာ ကိုယ်ဖြင့်ပြုလုပ်အပ်တဲ့အမှုလို့ အဓိပ္ပာယ်ရတယ်။ အဲဒီမှာ အမှု (၃) မျိုးရှိတယ်။ အဲဒါတွေက (၁) ပါဏာတိပါတာ - သူတစ်ပါးအသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ (၂) အဒိန္နာဒါနာ - သူတစ်ပါးပစ္စည်းကို ခိုး၊ လု၊ လိမ် စသည်ဖြင့် မတရားသောနည်းဖြင့် ရယူခြင်း၊ (၃) ကာမေသုမိစ္ဆာစာရာ - သူတစ်ပါးသားမယားကိုကျူးလွန်ပြစ်မှားခြင်းတို့ပဲ ဖြစ်ပါတယ်။ အဲဒီအမှုတွေကို ရှောင်ရမှာဖြစ်တယ်။

သူတစ်ပါးအသက်ကိုညှဉ်းဆဲသတ်ဖြတ်တတ်သူရဲ့စိတ်ထားဟာ အလွန်ရုန့်ရင်းကြမ်းတမ်းတဲ့စိတ်ထားဖြစ်တယ်။ အဲဒီစိတ်ထားမျိုးရှိသူဟာ တရားအလုပ်ကိုလုပ်လို့မရဘူး။ နေဘက်ငါးခေါင်းထုပြီး ညဘက် တရားထိုင်လို့မရဘူး။ ညဘက်တရားထိုင်တော့ နေဘက် ငါးခေါင်းထုနေတာတွေ မျက်စိထဲပြန်မြင်နေမှာပေါ့။

သူတစ်ပါးပစ္စည်းကို မတရားယူတတ်တဲ့သူဟာလည်း တရားအလုပ်ကို လုပ်လို့မရဘူး။ တရားနဲ့မတရားဆိုတာ ဆန့်ကျင်ဘက်ပဲ။ လူ့လောကမှာ လူတကာကလည်း ဒီလိုလူမျိုးကိုရှောင်ကြတယ်။

သူတစ်ပါးသားမယားကို ကျူးလွန်ပြစ်မှားတတ်သူဟာ ဘယ်လိုလုပ်တရားအလုပ်ကိုလုပ်လို့ရမလဲ။ သည်လိုလူမျိုးကို လူတကာကရွံမုန်းကြတယ်။

ဒီက (၃) ပါးကို ကျူးလွန်ခဲ့သူဟာ သေရင် အပါယ်ကျဖို့သေချာတယ်။ ဒီဘဝမှာလည်း မစင်လူးထားတဲ့လူလို ညစ်ထေးပေကျံနေတယ်။ အဲဒါတွေကို မရှောင်ကြဉ်ဘဲ တရားဘာဝနာအလုပ်ကိုလုပ်မယ်ဆိုရင် မစင်ပေနေတာကို မဆေးဘဲ အပေါ်က အမွှေးနံ့သာလိမ်းတာနဲ့တူတယ်။

အဲဒီဒုစရိုက်မှုတန်းလန်းနဲ့ကမ္မဋ္ဌာန်းအလုပ်အားထုတ်ရင် စိတ်တည်ငြိမ်မှုမရဘူး။ စိတ်ကလေးတည်ငြိမ်လာတာနဲ့ အဲဒီဒုစရိုက်မှုတွေပေါ် လာပြီးတော့ စိတ်တည်ငြိမ်မှုပျက်ပြားမယ်။ သမာဓိမရဘူး။ သမာဓိမရရင် တရားမရနိုင်ဘူး။

နောက်တစ်ခုက သမ္မာအာဇီဝ။ မှန်ကန်စွာအသက်မွေးခြင်းလို့အဓိပ္ပာယ်ရတယ်။ မှားယွင်းစွာ အသက်မွေးမှုကိုတော့ မိစ္ဆာအာဇီဝလို့ ခေါ်တယ်။ မိစ္ဆာအာဇီဝကို (၂) မျိုးပြတာ တွေ့ရတယ်။

ပထမအမျိုးက ကာယဒုစရိုက် (၃) ပါးအနက် ပထမအမျိုးဖြစ်တဲ့ သူအသက်ကိုသတ်ခြင်းဆိုတဲ့နေရာမှာ ဒေါသအလျောက်ဖြစ်စေ၊ မလိုမုန်းထားလို့ဖြစ်စေ လူတစ်ယောက်ကို၊ တိရစ္ဆာန်တစ်ကောင်ကိုသတ်လိုက်တယ်ဆိုရင် ရိုးရိုးဒုစရိုက်မှုပဲဖြစ်တယ်တဲ့။ သို့မဟုတ်ဘဲ မိမိရဲ့အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ အခြားသူတစ်ယောက်က ငွေပေးပြီး အသတ်ခိုင်းလို့ဖြစ်စေ၊ လူတစ်ယောက်ကိုသတ်လျှင်၊ အသက်မွေးဝမ်းကြောင်းအတွက် ရောင်းချဖို့ တိရစ္ဆာန်ကိုသတ်ရင် မိစ္ဆာအာဇီဝတဲ့။

အလားတူပဲ အပျော်ဖြစ်စေ၊ မုန်းတီးလို့ဖြစ်စေ သူတစ်ပါးရဲ့ပစ္စည်းကိုခိုးလုလိမ်ယူဆယ်ဆိုရင် ရိုးရိုးဒုစရိုက်မှုပဲ။ ဒီလိုမဟုတ်ဘဲ တစ်ဦးတစ်ယောက်က ပိုက်ဆံပေးပြီးခိုင်းလို့လုပ်ရင် သို့မဟုတ် ကိုယ်တိုင်အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ရင် မိစ္ဆာအာဇီဝတဲ့။

အလားတူပဲ ကိုယ့်ဆန္ဒနဲ့ကိုယ် သူတစ်ပါးသားမယားကိုကျူးလွန်စေခြင်းရင် ဒုစရိုက်မှုဖြစ်ပြီး ငွေကြေးရလို့လုပ်ရင် မိစ္ဆာအာဇီဝတဲ့။

ဝစီဒုစရိုက် (၄) ပါးမှာလည်း ဝါဒနာပါဇို့လိမ်ရင် ရိုးရိုးဒုစရိုက်ပဲ။ အခြားသူတစ်ပါးက ငွေကြေးပေးပြီးခိုင်းလို့ဖြစ်စေ၊ ကိုယ်တိုင်အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေလိမ်ရင် မိစ္ဆာအာဇီဝ။ ဒီလိုပဲ ဒေါသအလျောက် ဆဲရင် ရိုးရိုးဒုစရိုက်၊ ပိုက်ဆံရလို့ဆဲရင် မိစ္ဆာအာဇီဝ။ ဝါဒနာအလျောက်ကုန်းတိုက်ရင် ရိုးရိုးဒုစရိုက်။ ပိုက်ဆံရလို့လုပ်ရင် မိစ္ဆာအာဇီဝ။ ဝါဒနာအရ သိမ်ဖျင်းပေါ့ပြက်တဲ့စကားပြောရင် ရိုးရိုးဒုစရိုက်၊ ပိုက်ဆံရလို့ပြောရင် မိစ္ဆာအာဇီဝတဲ့။

မိစ္ဆာအာဇီဝ နောက်တစ်မျိုးကတော့ -

၁။ အဆိပ်နှင့် ပတ်သက်သောပစ္စည်း၊ ဆေးဝါးများရောင်းဝယ်ခြင်းဖြစ်တယ်။ ရောင်းဝယ်တယ်ဆိုတာ ကုန်သွယ်ခြင်းကိုပြောတာ။ ဝယ်ပြီးသုံးတာမျိုးမဟုတ်ဘဲ ဝယ်ပြီးပြန်ရောင်းတာ။ ဥပမာ ကြွက်သတ်ဆေးလိုဟာမျိုးပေါ့။

၂။ လက်နက်ခဲယမ်းမီးကျောက်စတဲ့သေစေတတ်တဲ့ပစ္စည်းများရောင်းဝယ်ခြင်း။

၃။ လူအရောင်းအဝယ်ပြုခြင်း၊ အခုခေတ်တော့လူကုန်ကူးတယ်ပြောတာပေါ့။ ရှေးခေတ်က ကျွန်အရောင်းအဝယ်လုပ်တာ။

၄။ အရက်သေစာအစရှိတဲ့မူးယစ်ထုံထိုင်းစေတတ်တဲ့ အရာအားလုံးကို ရောင်းဝယ်ခြင်း။

၅။ ကြက်၊ ဝက်၊ ဘဲ စတဲ့သတ်ရှိသတ္တဝါများကို ဝယ်ပြီးရောင်းခြင်း၊ မွေးပြီးရောင်းခြင်းတို့ ဖြစ်တယ်။

အလွယ်မှတ်မိတောင် အဆိပ်၊ လက်နက်၊ လူ၊ အရက်၊ အသက် (၅)မျိုးပါ ရောင်းဝယ်ဖောက်ကားပြုသူများ လားရာအပါယ်ပါလို့မှတ်ပေါ့။

တစ်ချက်မှတ်သားဖို့ရှိတာ ဒုစရိုက်မူကျူးလွန်ရာမှာ (၁) ကိုယ်တိုင်၊ (၂) တိုက်တွန်း၊ (၃) ခိုးမွမ်း၊ (၄) စိတ်တူတူ (၅) အကျိုးတူရရှိပါလို့ ကောင်းမှုမှာလည်း ဒီအတိုင်းပဲမှတ်ရမယ်။

လယ်တီဆရာတော်ဘုရားကြီးက ဝိပဿနာရှုမယ့်ယောဂီအဖို့ ကာယဒုစရိုက် (၃) ပါး၊ ဝစီဒုစရိုက်(၄)ပါးနဲ့ အခုပြောခဲ့တဲ့ မိစ္ဆာအာဇီဝပေါင်းရှစ်ပါးကို ကာယဒုစရိုက်(၃)ပါးမှာ ကာမေသုမိစ္ဆာစာရကိုအပြုပွာ့ဝရိယာနဲ့လဲပြီးစောင့်ထိန်းဖို့ ညွှန်ကြားတယ်။ အဲဒီသီလကို အာဇီဝဌမက(၈)ပါးသီလလို့ခေါ်တယ်။ အချို့ကတော့ ပထမ (၇) ပါးကိုပဲ ရိုးရိုးရောအသက်မွေးမှုပါရှောင်ရင် သမ္မာအာဇီဝပဲလို့ဆိုတယ်။

ကဲ - ဒီနေ့တော့ ဒီလောက်နဲ့နားကြဦးစို့။

ရှောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

အေးချမ်းအောင် (ရုပ်ဆည်ဆေးတိုက်)

သမ္မုဒ္ဓေဂါထာ ရွတ်ဖွားပူဇော်ပါ

လွန်ခဲ့သော (၁၅) နှစ်က ကြုံတွေ့ခဲ့ရသော မမေ့နိုင်စရာအဖြစ်အပျက် တစ်ခုပါ။

ထိုစဉ်က သစ်တောထွက်ကုန်များ ထုတ်လုပ်သောကုမ္ပဏီကြီးတွင် ကျွန်တော် တာဝန်ယူလုပ်ဆောင်စဉ်က ဖြစ်သည်။ ယင်းအချိန်က အမြဲလိုလိုခရီးသွားနေရ လေ့ရှိသည်။

ကုမ္ပဏီလုပ်ငန်းသည် ရာသီအလိုက် သစ်တောထွက်ကုန်များထုတ်လုပ်ခြင်း ကြောင့် နေရာအတည်တကျမရှိဘဲ ကုန် ကြမ်းရရှိမည့် တောတောင်တွေဆီသွား ရောက်လုပ်ကိုင်ရလေသည်။

တောင်ပေါ်တွင် ယာယီအလုပ် စခန်းများဖွင့်ကာ ရရှိလာသည့် ကုန်ကြမ်း များကို ပြုပြင်၍ သိုလှောင်ထားပြီး ပွင့်လင်းရာသီရောက်မှ ကုန်ခ်ောအဖြစ် ထုတ်လုပ်ရန် ဝယ်ယူရလေသည်။

ယခုလည်း လုပ်ငန်းများစတင်ရန် စခန်းအားလုံး အဆင်သင့်ဖြစ်နေပြီမို့ မနှ နေ့ဂျင်းဒါရိုက်တာနှင့် ကျွန်တော်အလုပ် ကိစ္စများကို အသေးစိတ်ဆွေးနွေးခဲ့ကြ သည်မှာ မနက် (၃) နာရီထိုးမှ ပြီးသွား ခဲ့သည်။

မနက် (၅) နာရီ လိုင်းကားနှင့် ရန်ကုန်မှ ကျွန်တော်ပြန်လာခဲ့သည်။ တောင်ငူရောက်တော့ ကားပျက်၏။ ကားက အလွယ်တကူပြန်မကောင်းနိုင် တာသိတော့ ကားပြောင်းစီးရမည်။ ရက် ပိုင်းအတွင်း လုပ်ငန်းများစတင်ဖွင့်ရမည်။

လုပ်ငန်းမစတင်မီ တောင်ပေါ် ကျေးရွာများမှာ ရပ်မိရပ်ဖများအားလုံး ကို ဖိတ်ကြားပြီး ဧည့်ခံပွဲလေးလုပ်ကာ ကျွန်တော်တို့လုပ်ငန်း စတင်ဖွင့်လှစ်ပြီ ဆိုတဲ့အကြောင်း အသိပေးပြောရသည်။

ကျေးရွာအတွက် လိုအပ်တဲ့ ကူညီ ပေးမှုများလည်း ထိုပွဲလေးမှာပဲ ပေးအပ် လေ့ရှိသည်။

စခန်းတွေအားလုံး အမြန်ဆုံးဖွင့် ဖို့ မှာကြားလိုက်သည်မို့ တောင်ပေါ် အလုပ်စခန်းတွေဆီ ကျွန်တော်တို့အမြန် ဆုံးရောက်မှဖြစ်မည်မို့ မိရာကားနှင့် လိုက်ရတော့မည်။

ကားဂိတ်မှာ ကားစုံစမ်းလိုက် တော့ နောက်ဆုံးလိုင်းကားတစ်စီးသာရှိ တော့ကြောင်းသိလိုက်ရသည်မို့ ဂိတ်မှူး ညွှန်ပြသောကားကို ကြည့်လိုက်တော့ စိတ်ပျက်သွားရသည်။

လူနှင့်ကားမမျှအောင် ပြည့်ညပ် နေသော ဒိုင်နာကားနှင့်လိုက်ခဲ့ရသည်။ အောက်မှာနေရာမရှိတော့၍ ကားပေါ် ပေါ်တက်လိုက်ရသည်။ ကားတင်းပေါ် တွင်လည်း ပြည့်ညပ်လို့ လူတွေကြားထဲ တစ်ကိုယ်စာမနည်းနေရအောင်ကြီးစား

www.burmeseclassic.com

www.burmeseclassic.com

ရသည်။ နေရာရတော့လည်း ဟိုဒီလှည့်ဖို့ဝေးစွ ဒူးနှစ်လုံးထောင်ကာထိုင်လိုက်ရသည်။

ကားခေါင်းအလယ်မှာဆိုတော့ ကားပေါ် ကပြုတ်ကျဖို့မဖြစ်နိုင်။ကိုင်စရာလည်းမရှိ အလယ်မှာဆိုတော့အေးဆေးပင်။

နေ့ (၁) နာရီမှာ တောင်ငူက ကားစထွက်သည်။ ခရီးသည်များလွန်းတော့ ကားကလည်း ဖြည်းဖြည်းသာမောင်းလေသည်။

ကားစထွက်ကတည်းက ကျွန်တော် အမြဲရွတ်ပွားပူဇော်နေကျ သမ္မဒ္ဓေဂါထာတော်အား ရွတ်ပွားပူဇော်ရင်း လိုက်ပါလာခဲ့သည်။ နာရီဝက်လောက်ရှိတော့ အိပ်ချင်စိတ်တွေမထိန်းနိုင်ဘဲ ကားပေါ်ငုတ်တုတ်အိပ်ငိုက်ရင်း လိုက်ပါလာခဲ့တော့သည်။

■

ရေနီရောက်ခါနီးတွင် အိပ်ငိုက်နေရာမှ ကျွန်တော်နိုးလာခဲ့သည်။ အနောက်တောင်ဆီမှ မိုးလာနေသည်ကို တွေ့လိုက်ရတော့ စိုးရိမ်စိတ်တွေဖြစ်ရသည်။ ကားပြေးနှုန်းထက် မိုးလာနေတာက ပိုမြန်နေသည်ဟု ထင်မိသည်။

ကျွန်တော့်အိတ်ထဲတွင်အရေးကြီးသောစာရွက်စာတမ်းတွေပါလာခဲ့သည်။ မိုးရေစိုလို့မဖြစ်။ ဘယ်လိုကြံရမည်ကို မတွေးတတ်အောင်ဖြစ်နေစဉ်မှာပင် ခရီးသည်အတက်အဆင်းရှိ၍ ကားရပ်သွားသည်ဖို့ အောက်မှာနေရာလွတ်များရှိလေမလားဟု မျှော်လင့်ချက်နှင့်ကြည့်တော့လည်း ခရီးသည်တွေက ကားထွက်စဉ်ကလိုပင်။

မိုးရွာလာလျှင် ကားရပ်ခိုင်းပြီး အရေးကြီးတဲ့စာရွက်စာတမ်းပါ ကျောပိုးအိတ်ကို ကားခေါင်းခန်းထဲပြေးထားရမှာပဲဆိုတဲ့အတွေးကြောင့် အနည်းငယ်စိတ်သက်သာရာရခဲ့သည်။

တရိပ်ရိပ်ပြေးလာနေတဲ့မိုးက ဒီကားကို ကျော်ဖြတ်သွားမှာ သေချာနေသည်။ အတွေးများနဲ့ပူနေမိတဲ့ကျွန်တော် ခရီးသွားတိုင်း အဖော်အဖြစ် အမြဲရွတ်ပွားပူဇော်လေ့ရှိသည်။ သမ္မဒ္ဓေဂါထာတော်ကို စိတ်ထဲမှ အားကိုးတကြီး ရွတ်ပွားပူဇော်နေမိတော့သည်။

ကျွန်တော်တို့စီးလာတဲ့ဒိုင်နာကားက ရေမှတ်အိအိသွားနေတဲ့ဂါလန်(၂၈၀၀) ဆုံဒီဇယ်တင်ကားကြီးကိုကျော်တက်လာပြီးနောက် ရေနီနားက သရက်ကုန်းရွာကားဂိတ်တွင်ရပ်ကာ ခရီးသည်အတက်အဆင်းပြုလုပ်ပြန် လေသည်။

ဆင်းသူနှင့် တက်သူ တက်သူက ပိုများနေပါသည်။ နောက်ဆုံးကားဆိုတော့လည်း လူပြည့်ညပ်နေတတ်တာသဘာဝပဲဖြစ်သည်။ ကားနောက်ပြီးမှာလည်း နှစ်ထပ်ခရီးသည်တွေကျပ်ညပ်မက်တပ်တွယ်စီးနေကြသည်။

ကားကဖြည်းလေးစွာစထွက်လာလေသည်။ ကျွန်တော်တို့စီးလာတဲ့ကားကျော်တတ်လာခဲ့သည်။ ဒီဇယ်တင်ကားကြီးလည်း ခပ်လှမ်းလှမ်းနေရာမှ ရောက်လာနေသည်။

သမ္မဒ္ဓေဂါထာရွတ်ပွားပူဇော်နေသည့် ကျွန်တော်ရွတ်တရက်ဘာမှမမြင်တွေ့ရတော့ဘဲ မှောင်အတိကျသွားသည်ကို အံ့ဩသြစွာသတိထားမိသလို စိတ်ထဲက ရွတ်ပွားပူဇော်နေသည့် သမ္မဒ္ဓေဂါထာရွတ်ဆိုနေသံတွေ ထူးဆန်းစွာ ကိုယ့်နားကကိုယ်ပြန်ကြားနေရသည်။ ထိုအချိန်မှာပင် 'ဝုန်း' ဆိုသည့် ပြင်းထန်သောအသံကြီးနှင့်အတူ ကျွန်တော်တို့စီးလာတဲ့ကား အတော့်ကိုယိမ်းယိုင်လှုပ်ခါသွားကာ ကားကလမ်းဘေးထိုးကျသွားပြီး စက်လည်းရပ်သွားလေသည်။ အနောက်မှ ဒီဇယ်တင်ကားကြီးမောင်းသမားအိပ်ငိုက်ပြီးဝင်တိုက်လိုက်ခြင်း ဖြစ်သည်။

ကားရပ်သွားမှ ဘာမှမမြင်ရဘဲ မှောင်အတိဖြစ်သွားတဲ့ ကျွန်တော် တစ်ယောက်တည်း ကားခေါင်းပေါ်မှာ ပက်လက်ကြီးအနေအထားနှင့် မြင်တွေ့လိုက်ရသည်။ ကျွန်တော့်ဘေးဝန်းကျင် ကားခေါင်းပေါ်မှလူတွေတစ်ယောက်မှ မရှိကြတော့။ ကားနောက်ခံ တားပေါ်မှ ပြုတ်ကျသူတွေ အုပ်လိုက်ကြီး။ အဖြစ်အပျက်ကလွန်စွာမြန်ဆန်လွန်းလှပါသည်။ သွေးသံတရဲရဲနှင့် ကယ်ပါယူပါတစာစာငိုယိုအကူအညီတောင်းခံနေကြသူတွေကို သွေးပျက်ဖွယ် မမြင့်စံစရာတွေ မယုံနိုင်လောက်အောင် မြင်တွေ့နေရသည်မှာ ကမ္ဘာပျက်နေသည့်အလားပင်။

ကားပေါ်မှ ပြုတ်ကျနေသူတွေကြားထဲမှ ကျွန်တော့်ကျောပိုးအိတ်ပြေးကောက်ပြီး စီးလာတဲ့ကားကိုကြည့်လိုက်တော့ ကားနောက်ပြီးနှင့်ကားခေါင်းပေါ်ကားတွင်းပါလာသူတွေအားလုံးနီးပါးပြုတ်ကျကြသည်။ ကားအတွင်းမှာ ခရီးသည် (၆) ယောက် ကွဲရသည်။ ထိုခရီးသည်တွေကတော့ ထိခိုက်မှုမရှိ။ ပြုတ်ကျသူအားလုံးလိုလို အနည်းနှင့်အများထိခိုက်ဒဏ်ရာတွေရကြသည်။

ဒဏ်ရာရသူတွေကြားထဲမှ ဖိနပ်ပြန်ရှာတွေ့ချိန်တွင် ကျွန်တော်စိုးရိမ်နေသောမိုးကရွာလာပါတော့သည်။ အိတ်ထဲမှစာရွက်စာတမ်းတွေဘယ်လိုလုပ်ရပါ့စဉ်းစားနေချိန်တွင် ကျွန်တော့်မိတ်ဆွေကားတစီးရောက်လာသည်မို့ ထိုကားနှင့် ကျွန်တော်လိုက်ပါလာခဲ့သည်။

မိတ်ဆွေကားသမားက ကားတိုက်တဲ့ကိစ္စမေးမြန်းတာကို ပြန်ဖြေပြီး စကားမပြောမိ။ ဖြစ်ခဲ့တာတွေကို ပြန်တွေးကြည့်နေမိ၏။ တကယ်ဆို ကျွန်တော်လည်း အားလုံးနှင့်အတူ အောက်ကိုကျကိုကျရမည်။ ဘေးဘောင်တန်းတွေကိုင်ထားသူတွေတောင်မှပြုတ်ကျကြသည်။ ဘာမှကိုင်မထားတဲ့ကျွန်တော်ဘာကြောင့် မကျဘဲ ကားခေါင်းပေါ်မှာ ပက်လက်အနေအထားနှင့် ထူးထူးခြားခြားကျန်ရစ်ခဲ့သနည်း။

ကျွန်တော်စီးထားတဲ့ ညှပ်ဖိနပ် ဘယ်လိုပြုတ်ကျသလဲ။ လူကမကျဘဲ ဖိထိုင်စီးထားတဲ့ ဖိနပ်ကတော့ လူတွေနှင့်အတူပြုတ်ကျသည်။ တွေးမရ။ ကျောပိုးအိတ်ကျတာတော့ထားပါတော့။

အပြန်ပြန်တွေးကြည့်နေပါသော်လည်း ကျွန်တော် အဖြေရှာမရခဲ့တာ ယနေ့ထိပင်။

နောက်ကကားကဝင်မတိုက်ခင် သမ္မဒ္ဓေဂါထာရွတ်နေရင်း ရုတ်တရက် ဘာမှမမြင်ရတော့ဘဲ မှောင်ကျသွားတာလည်း သတိမေ့သွားတာမျိုးမဟုတ်။

အဖြေရှာမရတဲ့အတွေးတွေအဆုံးမှာတော့ ကျွန်တော်ယုံကြည်စွာရွတ်ပွားပူဇော်နေတဲ့ သမ္မဒ္ဓေဂါထာတော်ရဲ့ တန်ခိုးကြောင့် ကြောက်မက်ဖွယ် ယာဉ်တိုက်မှုတစ်ခုမှ အန္တရာယ်များထူးဆန်းစွာ လွတ်မြောက်ခဲ့ရခြင်းသည် သမ္မဒ္ဓေဂါထာတန်ခိုးတော်ကြောင့်ဟု အပြည့်အဝ ကျွန်တော် ယုံကြည်လိုက်ပါသည်။

လူတိုင်းသည် အချိန်မရွေး၊ နေရာမရွေး၊အန္တရာယ်ဆိုတာအကြောင်းအမျိုးမျိုးနှင့် ဖြစ်တတ်၊ ကြုံရတတ်ပါသည်။ မည်သူမျှ ဘေးအန္တရာယ်နှင့် မကြုံမဆုံခင်ကြပါ။ ထိုဘေးအန္တရာယ်တို့မှလွတ်ကင်းစေသော သမ္မဒ္ဓေဂါထာတော်အား ရွတ်ပွားပူဇော်သင့်ပါကြောင်း ကျွန်တော်၏ဖြစ်ရပ်မှန်အဖြစ်အပျက်အနေဖြင့် ထုတ်ဖော်ပြောကြားတင်ပြလိုက်ရပါသည်။

အေးချမ်းသာဝင်း (ရေနည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

သိန္ဓတ္ထမင်းသား တောထွက်ရာ အနော်မာမြစ်ကို ဖြတ်ကူးပြီး ဆံတော်ကိုပယ်သည့်နေရာအား၊ ကေဆရိယစေတီဟု မှည့်ထားသည်။
ဤစေတီသည် အိန္ဒိယနိုင်ငံတွင် အကြီးဆုံးစေတီတော်ဟု အသိအမှတ်ပြုထားသည်။
မြတ်စွာဘုရားသာသနာတွင် အထွန်နာမည်ကြီးသော ကာလမသုတ်ကိုဟောကြားသည့်နေရာလည်း ဖြစ်သည်။

စိုးတွန်း(ဥဗေဒ)
မဂဓတိုင်း ဗုဒ္ဓဂယာသို့

ဘုရားရှင်ပွင့်ထွန်းတဲ့ ဗုဒ္ဓဂယာကို သွားချင်နေတာကြာပါပြီ။ သွားပြီးရင်လည်း စာရေးဖို့က စိတ်ကူးရှိပြီးသား။ တကယ်ရေးမယ်လုပ်တော့မှ ဘယ်မဂ္ဂင်းကြည့်လိုက်ကြည့်လိုက် ဆရာ့ဆရာတွေလက်စွမ်းပြထားတာ တစ်ပုံတစ်ပင်ကြီးပါပဲ။ ဘယ်ကစပြီးရေးရမှန်းတောင်မသိတော့ပါဘူး။ဂယာမြို့ကကျပ်ပြန်လာတော့ ကျပ်ရဲ့စာဖတ်ပရိသတ် (၇) ယောက်က အိမ်ကိုပေါက်ချလာပြီး စစ်စစ်ပေါက်ပေါက် မေးလိုက်တာစံလို့။ သူတို့မေးတဲ့မေးကွင်းမေးကွက်နဲ့ ကျပ်ရဲ့အဖြေတွေဟာ မရောက်သေးတဲ့လူတွေအတွက် အလိုအပ်ဆုံးအကြောင်းအရာတွေဖြစ်လိမ့်မယ်လို့တွေးမိတယ်ဗျ။ ဒီအတွေးလေးကြောင့် ကျပ်ကို အင်တာဗျူးတဲ့မိတ်ဆွေတွေရဲ့အမေးနဲ့ ကျပ်အဖြေကို စုပေါင်းပြီး ဂယာခရီးစဉ်အဖြစ်စလိုက်ပါတော့မယ်။

"ကျွန်တော်က နာရီပိုင်းအလိုက် ရေသောက်တဲ့အကျင့်ရှိတယ်။ သူများနိုင်ငံမှာရော၀ယ်လို့ရပါမလား၊ လမ်းဘေးမှာကော သောက်ရေအိုးစင်တွေဘာတွေရှိသလား"

"မြန်မာနိုင်ငံလို သောက်ရေအိုးစင်တွေဘယ်လာရှိပါမလဲ။ သူတို့အိမ်ထဲ



၀ေဠုကာရာမကျောင်းတော်ရာသည် ကေဆရိယစေတီတော်သွားရာလမ်းတွင် တည်ရှိသည်။
ဘေးတွင် အသောကကျောက်တိုင်မူလထက်ယာအတိုင်း မြင်ရသည်

ကျောင်းတိုက်အတွင်း ရေကန်။ (ယခု ရေများ ခန်းခြောက်နေပါသည်)
၀ေဠုကာရာမကျောင်းတော်တွင် ဓာတိယသင်္ဂါယနာတင်ပါသည်

www.burmeseclassic.com

www.burmeseclassic.com



ချောက်ခတ္တိဘေဒီတော် (ပဥ္စဝဂ္ဂီငါးဦးတို့ ဘုရားရှင်အား ခရီးဦးကြိုဆိုရာနေရာ)

သုဒတ္တဘေဒီတော် (သာဝတ္ထိမြို့ဟောင်းအတွင်း ကားလမ်းမတစ်လျှောက် ဝင်သွားလျှင် ညာဘက်ခြမ်း၌တည်ရှိသည်။အနာထပိဏ်သူဌေးဆင်ယာမည်ကို အစွဲပြု၍သုဒတ္တဟုမှည့်ခြင်းဖြစ်ပါသည်)



မဟာပရိနိဗ္ဗာနဝိဟာရ

မဟာပရိနိဗ္ဗာနဝိဟာရကျောင်းတော်အတွင်း ပရိနိဗ္ဗာန်ပြုနေပုံ



ဓမ္မေခတေဘီတော်
(မြတ်စွာဘုရားသည် ဤနေရာတွင် အနတ္တလက္ခဏသုတ္တန်တော်ကို ဟောတော်မူခဲ့သည်။ ရှုပ်ပြည်နယ် ကာသီတိုင်းတွင် ရှိပါသည်)

ကရေတောင် သူများတိုက်ဖို့ပေးသေး။ သွားပြီးတောင်းမိရင်လည်း လက်ခုပ်နဲ့ သာခံသောက်။ သူတို့ခွက်ကို ဘယ်သူမှ ပေးမသောက်ဘူး။ ဒါကထားလိုက်ပါ။ ရေအတွက်တော့မပူပါနဲ့။ ကျုပ်တို့အဖွဲ့ကို ဦးဆောင်တဲ့ မာတလိမင်းဘုရားဖူးအဖွဲ့က (၁) နာရီကို ရေသန့်တစ်ဘူးပေးပါတယ်။ ဒီထက်ပိုလိုချင်ရင် နှစ်ဘူးတောင်းလည်း တောင်းသလောက်ပေးပါလိမ့်မယ်။ရေသန့်ဘူးတွေအလုံအလောက်ပါပါတယ်”

“ရေပေးတာတော့ ကြိုက်သွားပြီ။ ဒါပေမယ့် ကျွန်တော်က ဆီးခဏခဏသွားတတ်တယ်။ တစ်နေကုန်ကားစီးရတယ်ဆိုတော့ ဆီးသွားချင်ရင် မခက်ဘူးလား”

“ဒီအတွက်လည်း အိန္ဒိယမှာ အဆင်ပြေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ရေးခေါင်းဆောင်ကြီးဂန္ဓီကိုသိကြမှာပေါ့။ ဂန္ဓီရဲ့လွတ်လပ်ရေးကြိုးပမ်းမှုမှာ အပေါ့သွားတဲ့ကိစ္စလည်းပါတယ်ဗျ။ ဂန္ဓီကြီးနဲ့သူအဖွဲ့တွေဟာ အင်္ဂလိပ်သံရုံးရှေ့မှာ သူတို့မသိအောင်အပေါ့သွားပြတယ်လေ။ အင်မတန်အသနားကြီးတဲ့အင်္ဂလိပ်တွေဟာ သံရုံးဘေးပတ်လည်မှာ သေးနံ့တွေလိုင်နေတော့ အခက်တွေ့တော့တာပေါ့။ အိန္ဒိယနိုင်ငံကြီးလွတ်လပ်ရေးရသွားတော့ သူတို့လူမျိုးတွေက ခေါင်းဆောင်ကြီးဂန္ဓီရဲ့လမ်းစဉ်ကိုထောက်ခံတဲ့အနေနဲ့ သူတို့လည်း

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဆောင်ရှိ ဂျပန်လက်ရာ မြတ်စွာဘုရား

ဂျပန်လက်ရာ ခြေဆေးနှင့် အတက်လမ်း



ရတနာဂီရိတောင်ရှိ ဝိသုဒ္ဓိစေတီတော် (သို့) ကမ္ဘာငြိမ်းချမ်းရေးစေတီတော်



စေတဝန်ကျောင်းတွင် (၁၉) ဝါ သီတင်းသုံးသည့် မြတ်စွာဘုရား၏ ဂန္ဓကုဋိကျောင်းတော်
(ကျွတ်ထိုက်သူများအား ကြည့်ရှုဆင်ခြင်သည့်နေရာအား စေတီငယ် တည်ထားသည်)



ဘုရားရှင်၏ ဓမ္မတရားပလ္လင်တော်

လမ်းဘေးမှာအပေါ့သွားတဲ့ခလေ့ထုံးတမ်းက ခုအထိ ခိုင်မြဲနေပါတယ်။ ဒါကြောင့် ခင်ဗျားလမ်းဘေးမှာအပေါ့သွားလို့ ဘယ်သူမှအရေးယူမှာမဟုတ်ဘူး။ ကျွပ်တို့စီးတဲ့ကားကလည်း လူရှင်းတာနဲ့ကားရပ်ပြီး ကားရဲ့ဘယ်ဘက်မှာ 'ကျား' ဆိုရင် ညာဘက်မှာ 'မ'ပဲ။ ပျမ်းမျှ တစ်နာရီတစ်ခါ လောက်ရပ်ရပ်ပေးပါတယ်"

"ဘုန်းတော်ကြီးကျောင်းမှာတည်းတာဆိုတော့ စောင်းခြင်ထောင်၊အိပ်ရာလိပ်အပြည့်အစုံယူလာရမှာလား"

"ခင်ဗျားတို့က မြန်မာပြည်က ဘုန်းတော်ကြီးကျောင်းနဲ့သွားပြီးနှိုင်းယှဉ်ကြည့်တာကိုး။ အိန္ဒိယနိုင်ငံမှာ မြန်မာဘုန်းတော်ကြီးကျောင်းတွေ မပေါ်ခင်ကတော့ အိပ်ရာလိပ်ယူလာမှအဆင်ပြေမှာပါ။ လွန်ခဲ့တဲ့ (၈) နှစ် ကျော်လောက်က မြန်မာပြည်ကဘုရားဖူးတွေဟာ ဟိန္ဒူဘုရားကျောင်းဖြစ်ဖြစ်၊ ဟိန္ဒူအိမ်တွေမှာဖြစ်ဖြစ် အခပေးပြီးတည်းကြရတယ်။ ကားထွက်ချိန်သတ်မှတ်ပေးပြီး လူတွေက ကားဆီစုံလာကြပေါ့။ တော်တော်လေး ခက်ခက်ခဲခဲဘုရားဖူးရတဲ့ခရီးစဉ်ပါပဲ"

"ဒါကြောင့် ဖွားပွင့်ဟောစံနေရာတွေကို သွားရောက်ဖူးမြော်တဲ့နေရာမှာ အဆင်ပြေအောင် ခရီးတစ်ထောက်နားမယ့်နေရာတိုင်း မြေတစ်ကွက်စီ အရင်ရအောင် မြန်မာဘုန်းတော်ကြီးတွေဟာ ဒေါ်လာပေးပြီးဝယ်ခဲ့ကြတယ်။ ဘုန်းတော်ကြီးကျောင်းတွေ၊ကျောင်းစာရပြန်တော့ သေးကွက်သေးကွက်တွေကို

www.burmeseclassic.com

www.burmeseclassic.com

သူတို့စေးခေါ်တဲ့အတိုင်း ဝယ်ရတယ်။ ရှေးကရောက်ဖူးကြတဲ့ဘုရားဖူးပုဂ္ဂိုလ်တွေဟာ သူတို့ကိုယ်တိုင် တည်းခိုရေးအတွက် ဘယ်လောက်ခက်ခဲတယ်ဆိုတာ လက်တွေ့ကြုံခဲ့ကြတာကိုး"

"ဒါကြောင့် မြန်စရိတ်လောက်ဖယ်ပြီးတာနဲ့ ကျန်သမျှငွေတွေကို လှူလိုက်ကြတယ်။ မြန်မာဘုန်းတော်ကြီးကျောင်းမှာဒေါ်လာနဲ့လှူလှူ၊ ရွှေပီးနဲ့လှူလှူ၊ မြန်မာငွေနဲ့လှူလှူ၊ လှူလို့ရတယ်ဗျ။ မြန်မာပြည်က ငွေကြေးအဆင်ပြေတဲ့ပုဂ္ဂိုလ်တွေဆို ဒေါ်လာကိုထောင်နဲ့ချီပြီးလှူခဲ့ကြတယ်လေ။ ဒီလိုလှူတဲ့ငွေတွေနဲ့ ဘုန်းတော်ကြီးတွေက ဘုရားဖူးတွေ တည်းဖို့အဆောင်တွေကို ဦးစားပေးပြီး ဆောက်တော့တာပါပဲ"

"အခု ခင်ဗျားတို့သိချင်တဲ့ကဏ္ဍာရောက်ပါပြီ။ ဘာတဲ့-စောင်ခြင်ထောင် အိပ်ရာလိပ်တွေယူလာရေးမယူလာရေး မဟုတ်လား။ဘာမှကိုယူစရာမလိုပါဘူး။ အခုလို နိုင်ငံကျော်ပြီး ဘုရားဖူးထွက်တဲ့ခရီးမှာ ဝန်ထုပ်ဝန်ပိုးဖြစ်မယ့်အိပ်ရာလိပ်ဟာ တော်တော်လေးဝန်ကျယ်တဲ့ပစ္စည်းပါ။အိန္ဒိယမှာကျောင်းထိုင်တဲ့ဆရာတော်ကြီးတွေဟာ ဒီကိစ္စကို ဦးစားပေးပြီးလုပ်ဆောင်ခဲ့တာပါ။ (၁၅) ပေပတ်လည် အခန်းတစ်ခန်းကို လူနှစ်ယောက် ခုတင်နှစ်လုံး၊ စောင်၊ ခြင်ထောင်၊ မွေ့ရာ၊ မွေ့ရာခင်း၊ ခေါင်းအုံးခင်းပါအကုန်ပေးထားတယ်။ ပြီးတော့ ရေချိုးခန်းတစ်ခန်း၊ အိမ်သာကတစ်ခန်း၊ ဧည့်ခံမီးချောင်းနဲ့ ညဘက်ထွန်းတဲ့မီးတောင်ပါသေး။ တံခါးတွေကလည်း ခြင်လုံသံစကာတပ်၊ မျက်နှာကြက်မှာ ပန်ကာကလည်းပါသေးသဗျ။

"ကဲ - တည်းခိုခန်းတစ်ခန်းမှာ တည်းရသလို အစုံအလင်ပါပဲ။ ချိုးရေဆိုရင် ရေပူရေအေးနဲ့ရေပန်းလည်းတပ်ထားတယ်။ မီးပလပ်တွေမှာ ဖုန်းအားသွင်းဖို့ အပိုပလပ်ပေါက်တွေလည်း

နာလန္ဓာတက္ကသိုလ်အဝင်ဝမ်း

အဝင်ဝမ်းတွင် လှုပစ္စာပြုလုပ်ထားသည့် ပန်းအလှပင်များ



အေဒီ ၁၁၉၉ ခုနှစ်တွင် မွတ်စလင်စစ်သူကြီး ဘက်တီးယားခိလ်ဂျီမ ဘီဟာပြည်နယ်ကို တိုက်ခိုက်သိမ်းပိုက်ပြီး ကျောင်းတော်ကြီးအား အကြင်းပါမကျန်အောင် ဖျက်ဆီးခဲ့သည်။ နာလန္ဓာတက္ကသိုလ်ကြီးတွင် ကျောင်းအိပ်ကျောင်းစားပေါင်း (၁၅၀၀၀) ကျော်နှင့် ဆရာပေါင်း (၁၅၀၀) ကျော် အသတ်ခံရသည်။ နာလန္ဓာတက္ကသိုလ်စာကြည့်တိုက်သည် စာပေများ များပြားလွန်းသောကြောင့် (၆) လကျော် မီးရှို့သော်လည်း မကုန်နိုင်သေးကြောင်း သမိုင်းမှတ်တမ်းက မှတ်တမ်းတင်ထားသည်

ပန်းမခူးရ၊ မြက်ခင်းပေါ် မလျှောက်ရဟု သတိပေးထားသည့်ဆိုင်းဘုတ်

ယခုအချိန်၌ အခြေခံအုတ်မြစ်များသာရှိတော့သည့် နာလန္ဓာတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းတော် ဖွားမြင်ပြီးသည့်အခါ 'လောကဒွဲ ငါသည်အမြတ်ဆုံး။ လောကဒွဲ ငါသည်အကြီးကဲဆုံး။ လောကဒွဲ ငါသည် အချီးမွမ်းအပ်ဆုံး' ဟု (၇) ဖဝါးလုပ်မ်းကာ ကြွေးကြော်၏။ ထိုသို့ကြွေးကြော်၍ ခြေလုပ်းစဉ် နင်းမိသည့်ကျောက်တုံးတွင် ခြေရာရှိခဲ့ကြောင်း။ ယခု မယ်တော်မာယာ အဆောင်တွင် ထိုကျောက်တုံးကို ပြသထားပါသည်။ ၁၉၆၀ ခုနှစ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးဦးသန့် နိုပေါသို့ရောက်ခဲ့သည်။ ဖွားတော်မူရာတွင် ခြေရာထင်သည့်ကျောက်တုံးမှာ ဟိန္နုအိမ်ခြံးသို့ရောက်နေကြောင်း၊ တွေ့ခဲ့၏။ ထို့ကြောင့် ကုလသမဂ္ဂသို့ ဦးသန့် ပြန်ရောက်ရာ ဗုဒ္ဓဘာသာကိုးကွယ်သည့် (၁၅) နိုင်ငံအား စည်းဝေးပွဲတက်ရောက်ရန် ဗိတ်ကြားလိုက်သည်။ ထိုစည်းဝေးပွဲဆုံးဖြတ်ချက်အရ နိပေါနိုင်ငံအား ဖွားတော်မူရာနေရာအား၊ ပြန်လည်ဖော်ထုတ်ပေးရန် တာဝန်ပေးခဲ့၏။ ထိုတာဝန်အရ နိပေါအစိုးရမှနေ၍ ဖွားတော်မူနေရာအား (၃) မိုင်ပတ်လည် သတ်မှတ်၍ ပြန်လည်ဖော်ထုတ်ခဲ့သောကြောင့် ယခု ဘုရားဖူးများ သမိုင်းမပျောက် ပြန်လည်တွေ့မြင်ရခြင်း ဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ငြိမ်းချမ်းရေးမီးတိုင် ထွန်းညှိပေးရာ ယခုအထိ မီးမငြိမ်းသောမီးတိုင်အဖြစ် တွေ့မြင်နိုင်ပါသည်။ ထိုမီးတိုင်၏အရှေ့ဘက်တွင် တူးမြောင်းရှည်တစ်ခုရှိပြီး ဂျပန်နိုင်ငံမှ ငြိမ်းချမ်းရေးစေတီတစ်ဆူလည်း တူးမြောင်းအဆုံးတွင် တည်ထားပါသည်



အလောင်းတော်အား ဖွားမြင်သည့် မယ်တော်မာယာအုတ်ကျောင်း



မယ်တော်မာယာ ရေသန့်စင်သည့်ကန်

ဆောင်ကြီးတွေမှာ လူ(၅၀၀)တည်းတောင် အခန်းလွတ်တွေရှိပါသေးတယ်"

"ခင်ဗျားပြောတဲ့အထဲမှာ မြန်မာငွေနဲ့ ရူပီးငွေ၊ ဒေါ်လာတွေပါလာတယ်။ မြန်မာငွေနဲ့ ရူပီးငွေ၊ ဒေါ်လာငွေတွေကို ဘယ်အချိုးနဲ့လဲပေးလဲ"

"ဒီလိုမှတ်လိုက်ပါ။ ဒေါ်လာ (၁၀၀) ဆိုရင် မြန်မာငွေက (၁၃၅၀၀) ဖြစ်ပါတယ်။ အတက်အကျမှာနည်းနည်း ပြောင်းလဲတယ်။ ရူပီးငွေကတော့ ရူပီး (၁၀၀) ဆိုရင် (၂၀) နဲ့သာမြောက်လိုက် မြန်မာငွေရပါလိမ့်မယ်။ ဥပမာ ရူပီး ၁၀၀ × ၂၀ = ၂၀၀၀ ဟာ မြန်မာငွေပဲ ဖြစ်ပါတယ်။ မြန်မာငွေနဲ့ ရူပီးငွေလဲချင်ရင် ဘုန်းတော်ကြီးကျောင်းတွေမှာလဲ။ အပြင်မှာလဲရင် လိမ်တာညာတာလှည့်တာနဲ့ ကြုံတတ်တယ်။ ဒေါ်လာလိုချင်ရင်တော့ မြန်မာပြည်က ဒေါ်လာလဲတဲ့ဘဏ်မှ အရင်လဲပြီးမှ အိန္ဒိယသွားရင် ဒေါ်လာယူသွားပေါ့။ အကောင်းဆုံးကတော့ အိန္ဒိယနိုင်ငံသွားရင် ရူပီးငွေရှိထားရင် ဘယ်နေရာရောက်ရောက် အဆင်ပြေပါတယ်"

"ကျွန်တော်က မဟာမြေမြတ်သွားရင် သက်နံးဝတ်နဲ့သွားချင်တာမို့ အဆင်ပြေပါ့မလား"

"အဆင်မပြေနိုင်ဘူး။ ဘုန်းတော်ကြီးမှတ်ပုံတင်လက်မှတ်ပြီး သာသနာ့ဘောင်ဝင်တဲ့ဘုန်းကြီးဆိုရင်တော့လည်း အဆင်သင့်ပါပဲ။ ထူးတာဆိုလို့ အိန္ဒိယတစ်ပြည်လုံး ပလပ်အလုံးတွေသုံးတယ်။ ဖုန်းအားသွင်းကြိုးက အပြားဖြစ်နေရင် အလုံးကိုပြောင်းတဲ့ပလပ်ခေါင်းတစ်လုံး အပိုဆောင်သွား။ ဒါမှအိုကေဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အဝတ်အစားကလွဲလို့ ဘာအိပ်ရာလိပ်ပစ္စည်းမှယူလာစရာမလိုပါဘူး။ အိန္ဒိယနိုင်ငံမှာ မြန်မာဘုန်းတော်ကြီးတွေက ဒီလိုအခန်းပေါင်းများစွာဖွဲ့စည်းထားတဲ့ (၃) ထပ်ဆောင် (၄) ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် ဆွမ်းခံပြန် ချိန်ခြေဆော်ပြီးနောက် ရဟန်းများအား ဓမ္မဿဘတရားဟောသည့်နေရာ



ငြိမ်းချမ်းရေးမီးဂိုဏ်တူးမြောင်းနှင့် ငြိမ်းချမ်းရေးစေတီ

ဝေဘာရတောင်ရှိ အရှင်မဟာကဿပ သီတင်းသုံးသည့် ဝိပူလဂူ
(အရှင်မဟာကဿပ မကျန်းမာစဉ် ဘုရားရှင်မှ ကဿပဗောဇ္ဈင်သုတ်ရွတ်ပြီး ချိန်မှုစဉ် ပြန်ပြီးကျန်းမာထခဲ့သည်)



အဇာတသတ်မင်း၏ဓာတ်တော်တိုက်။ ထိုဓာတ်တော်တိုက်အား သီရိဓမ္မာသောက မင်းကြီးမှ တူးဖော်ယူပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခဲ့သည်။ ယခုအခါ ဘုရားပျက်အတွင်း တွင်းနက်ကြီးအဖြစ်သာ မြင်တွေ့ရပါသည်

"ယူသင့်တာတွေ၊ မယူသင့်တာတွေရှိပါတယ်။ စသွားကတည်းက အဖွဲ့နဲ့သွားတာဖြစ်လို့ ယောဂီပုဆိုး၊ ထဘီနဲ့ အင်္ကျီအဖြူပဲ ဝတ်ရပါမယ်။ အင်္ကျီအဖြူ မရှိရင် ကြိုတင်ချုပ်ထားပေါ့။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်ကို မြန်မာတစ်နိုင်ငံတည်းသွားတာမဟုတ်ပါဘူး။ဗုဒ္ဓဘာသာကိုးကွယ်တဲ့ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ယိုး ဒယား၊ လာအို၊ တိဗက်၊ သီဟိုဠ်(သိရိလင်္ကာ)ပါ လာနေကြတာ။ လာတဲ့အဖွဲ့တိုင်း တူညီဝတ်စုံနဲ့လာကြတယ်လေ။ မြန်မာနိုင်ငံက အခြားဘုရားဖူးအဖွဲ့မှန်သမျှလည်း တူညီဝတ်စုံအပေါ်ဖြူအောက်အညိုပဲ။ အဲဒါကြောင့် ဝတ်ရမယ့်အဝတ်အစားဟာ ယောဂီပုဆိုးနဲ့ အင်္ကျီအဖြူများများယူသွားပေါ့။ ဒါမှအဆင်ပြေလိမ့်မယ်"

"ကျွန်တော်က လက်ဖက်ရည်သမား။ တစ်နေ့ကို သုံးခွက်လောက် သောက်လိုက်ရမှနေသာထိုင်သာရှိသွားတယ်။ လက်ဖက်ရည်ထုပ်တွေဝယ်သွားဖို့လိုသေးလား။ ဟိုမှာလက်ဖက်ရည်ဆိုင်ကောရှိရဲ့လား"

"ခင်ဗျားအတွက် လက်ဖက်ရည်ပြတ်မသွားပါဘူး။ ဟိုအလည်း လက်ဖက်ရည်ဆိုင်တွေရှိပါတယ်။ မြန်မာပြည်ကလို တီဗွီတွေဖွင့်၊ သီချင်းတွေဖွင့်ပြီး ခုံနဲ့ထိုင်ပြီး စားနိုင်ဖြန်းတဲ့ဆိုင်မျိုး တော့မရှိဘူး။ မြန်မာပြည်မှာက ဆိုင်မှာ တစ်မျိုးပေါ့။ ခင်ဗျားတို့နိုင်ငံကူးစာအုပ်မှာ လူပုဂ္ဂိုလ်နဲ့လုပ်ထားရင် လူအနေနဲ့ပဲသွားခွင့်ရှိတယ်။ ဂယာမြို့ရောက်မှ မြန်မာဘုန်းတော်ကြီးကျောင်းမှာ သက်နီးဆီးလိုက်ပေါ့။ အဲဒါမျိုးကဖြစ်နိုင်တယ်။ ပြန်ခါနီးရင် သက်နီးဝတ်နဲ့ပြန်လို့မရဘူး။ သက်နီးပြန်ချွတ်၊ လူဝတ်လဲပြီးမှ မြန်မာပြည်ပြန်လို့ရတယ်။ အမျိုးသမီးတွေသီလရှင်ဝတ်ချင်ရင်လည်း ဟိုရောက်မှ ဝတ်၊ ပြန်ရင်တော့ လူအဖြစ်ပြန်။ ဒါမှအဆင်ပြေပါလိမ့်မယ်"

"ဝတ်ရမယ့်အဝတ်အစားကောယူသင့်တာ၊ မယူသင့်တာရှိသေးလား ရှင်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com

အချိန်ဖြုန်းလို့ရတယ်။ အိန္ဒိယမှာ ဒီလို အချိန်ဖြုန်းချိန်မရှိဘူး။ လက်ဖက်ရည်ဆိုင်မှန်သမျှ မတ်တတ်ရပ်ပြီးသောက်ပေတော့။ သောက်ပြီးတာနဲ့ စက္ကူခွက်ကို လွှင့်ပစ်လိုက်။ ဖန်ခွက်နဲ့ရောင်းတဲ့ဆိုင်က တော်တော်အရှားသား။

နောက်ပြောစရာရှိသေးတယ်။ မြန်မာပြည်ကဆိုင်တွေလို ချိုဆိမ့်၊ ပေါ့ဆိမ့်၊ ဆိမ့်ကျ၊ ပျစ်ဆိမ့်တွေ ဘာမှမရဘူး။ လက်ဖက်ရည်တစ်မျိုးတည်းပဲရပါမယ်။ ဘာနို့ဆီမှမသုံးဘူး။ နွားနို့နဲ့ပဲဖျော်တယ်။ ချင်းလေးကို လက်ဖက်ခြောက်နဲ့ရောဖောက်ထားတယ်။ မြန်မာပြည်မှာလို ကော်ဖီ၊လက်ဖက်ရည်ထုပ်တွေဘယ်ဆိုင်မှမတင်ဘူး။ ဘယ်သူမှလည်းမသောက်ဘူး။ လက်ဖက်ရည်စစ်စစ်ကို တစ်ခွက် (၁၀) ရှိပေါ့။ မြန်မာငွေနဲ့တွက်မယ်ဆိုရင် (၂၀) နဲ့မြောက်လိုက်။ တစ်ခွက်ကို (၂၀၀) ကျပ်ဆိုတော့ သက်သာတယ်ဆိုရမှာပေါ့။ ခင်ဗျားလက်ဖက်ရည်သောက်ချင်ရင် ကုလားလိုတပ်စရာလည်းမလိုဘူး။ ဝမ်းတီးလို့ ဘိုလိုမှုတ်လိုက်။ ဟိုကလည်း TEN ရှုပီးလို့ ပြောလိမ့်မယ်။

ကုသိနာရုံမြန်မာကျောင်းတွင် လူပေါင်း (၅၀၀) တစ်ပြိုင်တည်း တည်နိုင်သည့်အဆောင် ရှိသည်



မြန်မာပြည်မှဘုရားဖူးများ ကျန်းမာချမ်းသာစွာတည်းခိုနိုင်ရန် လူ(၅၀၀) ကျော် တည်းနိုင်သော (၃)ထပ်ဆောင်၊ (၄)ထပ်ဆောင် (၃)လုံးမည်သူမဆို အခမဲ့တည်းနိုင်ရန် ဘုန်းတော်ကြီးများက စီစဉ်ထားပါသည်



တည်းခိုခန်းတစ်ခန်းလျှင် လူ (၂) ယောက်၊ ခုတင် (၂) လုံး။ စောင်း၊ခြင်ထောင်၊ မွေ့ရာ၊ ရေး ဝီး။ ပန်ကာ၊ သန့်စင်ခန်းပါ ခြင်လုံသံဆန်ခါတပ်ဆင်ထားသည့် (၁၅) ပေပတ်လည်တစ်ခန်း



ဝေဘာရတောင်ခြေမှ အနည်းငယ်သွားလိုက်လျှင် ဘုရင်ဗိမ္ဗိသာရ လှူဒါန်းသော ဝေဠုဝန်ကျောင်း ရှိပါသည်။ ဝေဠုဝန်ကျောင်းနေရာ ရွေးချယ်ရာတွင် အင်္ဂါ (၅) ပါးနှင့်ညီအောင်ရွေးခဲ့သည်။ ၎င်းတို့မှာ (၁) မြို့နှင့်မဝေးခြင်း။ (၂) မြို့နှင့်မနီးခြင်း။ (၃) သွားလာလှုပ်ရှားရလွယ်ကူခြင်း။ (၄) လူတိုင်း အလိုရှိလျှင် သွားလာရလွယ်ကူခြင်း။ (၅) အာရုံငါးပါး။ လူသံမြည်သံ ဆိတ်ငြိမ်ခြင်းတို့ ဖြစ်ပါသည်။ ပြောစမှတ်တွင်သည့်စကား (၂) ခွန်းမှာ ကျောင်းအလှူအစ၊ ရာဝဏ်ပြုပ်က၊ ရေစက်အလှူကအစ၊ ရာဝဏ်ပြုပ်က

www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီမင်းမှ သမင်များ ဘေးမဲ့ပေးသည့် အထိမ်းအမှတ်အဖြစ် ဘေးမဲ့လွှတ်ထားသည့် သမင်ခြံ



ဗိမ္မိသာရမင်းကြီး နန်းစံချိန် ကျောက်တောင်ထွင်း၍ ထားရှိသော ဘဏ္ဍာတိုက်

ဗိမ္မိသာရမင်းကြီး နန်းစံချိန် ကျောက်တောင်ထွင်း၍ ထားရှိသော ဘဏ္ဍာတိုက်အတွင်းပိုင်း



ဗိမ္မိသာရမင်းကြီးအား အကျဉ်းချထားသည့် နေရာ၊ ယခုအချိန်တွင် ကျောက်တောင် ခတ်၍ (၁) ဧကမြေကွက်လပ်သာ ရှိတော့သည်

အဲဒီTEN ရှပီးဟာ အိန္ဒိယနိုင်ငံမှာထမင်း တစ်နပ်စားလို့လောက်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဈေးဝယ်ဖို့လက်ဖက်ရည်သောက်ဖို့ TEN ရှပီးတွေများများဆောင်ထား။ နေရာတိုင်းမှာ TEN ရှပီးက တော်တော်လေး အဆင်ပြေပါလိမ့်မယ်”

“ကျွန်တော်က အဲယားကွန်းလိုးရိုးဖွင့်တာကိုခံနိုင်တယ်။ မြန်မာပြည်က ကားတော်တော်များများ ရေမွေးနံ့ကိုတယ်ပြီးသုံးကြတာပဲ။ အိန္ဒိယနိုင်ငံက ကားတွေမှာ ကလားရေမွှေးနံ့ပါသလား”

အိန္ဒိယနိုင်ငံကကားတွေမှာ ရေမွှေးမသုံးပါဘူး။ အပိုကုန်မယ့်အလုပ်ကို ဟိုနိုင်ငံကမလုပ်ဘူး။ ကားတိုင်း အဲယားကွန်းတစ်မျိုးပဲဖွင့်ပေးပါတယ်။ အထူးသဖြင့် ကားစီးရင် မူးတယ်ဆိုတာ လေအိတ်ပါတဲ့ကားဖြစ်လို့ ဘရိတ်အုတ်ရင် မူးတတ်တာပါ။ အိန္ဒိယနိုင်ငံက လေအိတ်ကားမသုံးဘူး။ တရုတ်၊ ဂျပန်၊ ကိုရီးယား ဘယ်ကားမှအဝင်မခံဘူး။ သူတို့နိုင်ငံကထုတ်တဲ့ကား၊ ဆိုင်ကယ်၊ သုံးဘီး၊ စက်ဘီး၊ လက်ကိုင်ဖုန်း စတဲ့ ပစ္စည်းမှန်သမျှ အိန္ဒိယနိုင်ငံထုတ်ပစ္စည်းတစ်မျိုးတည်းသုံးတယ်ဗျ။ လမ်းကောင်းတဲ့အတွက် ကားလည်းမခုန်ဘူး။ ရေမွှေးနံ့ ရှူချင်လို့ လိုက်ရှာတောင် ဘယ်ကားမှ တွေ့မှာ မဟုတ်ဘူး”

“ဟိုနိုင်ငံရောက်ရင် ချုပါတီနဲ့ အာလူးပဲဟင်းပဲစားရတာလား။ မြန်မာ့အစားအစာတွေကော စားရသလား။ အဲဒါလေးရှင်းပါဦး”

“အိန္ဒိယနိုင်ငံမှာ ကျွဲစားတဲ့ပြည်နယ်၊ ဆန်စားတဲ့ ပြည်နယ်ဆိုပြီး ရှိပါတယ်။ ချုပါတီနဲ့အာလူးပဲဟင်းဟာ သူတို့လူမျိုးတွေရဲ့အမြဲစားသုံးတဲ့အစားအစာပါ။ အခု ကျုပ်တို့အဖွဲ့က ည့်သည်ဘုရားဖူးအဖွဲ့လေ။ ကျုပ်တို့အဖွဲ့ကို ဦးဆောင်တဲ့ မာတလိုင်းအဖွဲ့ခေါင်းဆောင်က မြန်မာ့အစားအစာကိုနေ့တိုင်းစားရအောင်စီစဉ်ပေးပါတယ်။ အခြားအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝြိုဟ်မြို့နှင့် ဂယာမြို့ ပါဒလီပုတ်မြို့သို့
လှည်းကုန်သည်များ အသွားအလာများသောကြောင့် ချိုင့်ဝင်နေသည့်လှည်းသွားလမ်း

ဂယာမြို့မှ မိုင် (၆၀) သွားလိုက်လျှင် ရာဇဝြိုဟ်မြို့အား ရောက်ပါသည်။
ရာဇဝြိုဟ်မြို့သားကေတအဖြစ် ပျက်စီးနေသောမြို့ရိုးအား ကျောက်ဖြင့်
လူတစ်ရပ်ကျော်ပုံဖော်ထားသည့် အုတ် (ကျောက်တံတိုင်း) အား အနီးကပ် မြင်တွေ့ရပုံ

ရာဇဝြိုဟ်မြို့ရှိ ရတနာဂီရိတောင်သို့တက်ရောက်ရန် ထိုင်ခုံစက်လေကား အသွားအပြန်မြင်ကွင်း
(တောင်ထိပ်တွင် ဗုဒ္ဓဘာသာဝင် ဂျပန်ဘုန်းတော်ကြီးကျောင်းရှိသည်။
လူအများစိတ်ဝင်စား၍ တောင်ထိပ်သို့တက်ရောက်ချင်သည့်စိတ်ဖြစ်ပေါ်သောရန်
ဂျပန်နိုင်ငံမှအကုန်အကျခံ၍ တပ်ထားခြင်းဖြစ်သည်)

တွေလည်း ဒီလိုပဲစီစဉ်မယ်ထင်ပါတယ်။ မြန်မာပြည်က ထွက်လာတာနဲ့ ချဉ်ပေါင်ကြော်၊ ငါးပိဆီကြော်၊ ငါးခြောက်နှပ်၊ မျှဉ်ငါးပိတွေယူလာတာဖြစ်လို့ ကိုယ့်အိမ်မှာစားနေရသလို မြန်မာဟင်းပဲစားရမှာပါ။ ချဉ်ပါတီနဲ့အာလူးပဲဟင်းကို ခင်ဗျားစားချင်ရင် ဝယ်စားမှစားဖြစ်မှာပါ။

နောက်ဟင်းသီးဟင်းရွက်တစ်ပွဲလည်းပါတယ်။ အိန္ဒိယနိုင်ငံက ဟင်းသီးဟင်းရွက်တွေက နောက်ချေးနဲ့စိုက်တဲ့အပင်တွေ။ ဘယ်သူမှဓာတ်မြေဩဇာမသုံးဘူး။ တကယ်ကို အော်ဂဲနစ်သီးနှံပဲစားကြတယ်။ ထမင်းမြိန်အောင် ငါးပိတို့စရာကလည်းပါသေးသဗျ။ ဆန်ကတော့ အိန္ဒိယနိုင်ငံထွက်ဆန်ပဲ။ ဒီဆန်ကိုလည်း အော်ဂဲနစ်စနစ်နဲ့စိုက်လို့ ဆီးချို့ရောဂါရှိသူအတွက် တော်တော်လေးအဆင်ပြေတယ်။ မြန်မာပြည်က ပိုက်ဆံချမ်းသာတဲ့ ဆီးချို့သမားတွေဆိုရင် အိန္ဒိယဆန်ကို စျေးကြီးပေးတောင်ဝယ်စားနေရတယ်။ ဒီဆန်နဲ့မြန်မာ့ဟင်းကို ခင်ဗျားနေ့တိုင်းစားရမှာဖြစ်လို့ မြန်မာပြည်ကကိုယ့်အိမ်မှာကိုယ်စားနေရသလိုပါပဲ"

"အင်း - စားရေးက တော်တော်အဆင်ပြေတာပဲ။ စားရေးပြီးတော့ သောက်ရေးကို မေးရဦးမယ်။ ကိုယ်သောက်နေကျဆေးတွေ ယူလာလို့ရသလား။ ဆေးတွေအများကြီးသယ်လာလို့မရဘူးလို့ကြားဖူးထားလို့ပါ။ စင်ကာပူသွားရင် လေဆိပ်မှာအသိမ်းခံရတယ်လို့ကြားတယ်။ ယူလို့ရ၊ မရ"

"ရပါတယ်၊ လေယာဉ်ပျံဗိုက်ထဲပို့တဲ့အိတ်ထဲမှာ မုတ်ဆိတ်ရိတ်တဲ့ဘရိတ်ဓား၊ လက်သည်းညှပ်၊ ကတ်ကြေး၊ ဆေးတွေထည့်လိုက်။ အထူးသဖြင့် ကိုယ်နဲ့မကွာကိုင်တဲ့ Hand Carry အိတ်ထဲမှာသံပစ္စည်းနဲ့ပတ်သက်တာရယ်၊ ဆေးရယ်မထည့်နဲ့။ ဖုန်းကိုတောင် အကြီးအိတ်ထဲမှာပဲထည့်၊ ဟုတ်ပြီလား"

"အခု ခင်ဗျားခရီးသွားတဲ့အိတ်ကဘီးလည်းမပါဘူး။ အခုခေတ်စားနေတဲ့ LAGGAGE အိတ်ဆိုရင် ဘီးလေးတွေပါလို့ သယ်ပိုးသွားစရာမလိုတော့ဘူးဗျ။ အခုလိုကိုယ်ကြိုက်တဲ့အိတ်နဲ့သွားလို့ရသလား"

"အခုခရီးစဉ်က အဖွဲ့အစည်းနဲ့သွားတဲ့ခရီးစဉ်ဖြစ်လို့ ကိုယ်ယူချင်တာယူလို့မရပါဘူး။ အခုကျွပ်တို့သွားမယ့်ခရီးစဉ်မှာ အိတ်ကိုသယ်ရတာ တစ်ခါမှမရှိဘူး။ မနက်ခရီးသွားထွက်မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

သုဇာတာသူဌေးသမီး ယနာန့်ဆွမ်းကပ်နေသည့် မြန်မာဆန်ဆန်ပုံဖော်ထားသည့်
(သုဇာတာကပ်သည့်နို့ဆွမ်းကို မြတ်စွာဘုရားမှ ၄၉ လုတ် ဘုဉ်းပေးသည်)



အဝတ်ပြုအပေါ်အောက် ဝတ်ဆင်သူများမှာ ကိုရီးယားနိုင်ငံမှ ဘုရားဖူးအဖွဲ့ ဖြစ်ပါသည်



ရေများခန်းခြောက်နေသည့် နေရာရာမြစ်

ကိုယ့်အိတ်ကို နှစ်တောင်လောက်ပဲ မ,ရမှာပါ။ အခန်းအပြင်ထုတ်ထားလိုက်။ ကုလားတွေကကားပေါ် ရောက်တဲ့အထိ သယ်ပေးတယ်။ နောက်ဘုန်းကြီးကျောင်း ရောက်ရင်လည်း ဓာတ်လှေကားနဲ့ ငါးထပ်အထိတက်ရပါစေ အခန်းရှေ့ကို အရောက်ပို့ပေးပါတယ်"

"ဒီနေရာမှာ ကုလားလေးတွေက အရောင်တူ၊ ဆိုဒ်တူအိတ်တွေဆိုရင် မာတလိမင်းအဖွဲ့ပစ္စည်းလို့ မှတ်ထား တယ်။ အခြားအရောင်၊ အခြားအိတ် ဆိုရင် ကိုင်တောင်မကြည့်တော့ဘူး။ ဒါကြောင့် ကိုယ်ယူချင်တဲ့အိတ်ကိုယူလို့မရ ဘူးလို့ပြောချင်တာပါ။ နောက်လေယာဉ် ပျံဝိုက်ထဲက အိတ်ကြီးတွေဟာ အလိုအ လျောက်သွားတဲ့လမ်းပေါ်မှာရွေ့လျားပြီး ထွက်လာတယ်။ ထွက်လာတယ်ဆိုတာ ကမ္ဘာ (၁၅) နိုင်ငံက ဘုရားဖူးအိတ်တွေ မြန်မာနိုင်ငံက ဘုရားဖူးအဖွဲ့ (၅) ဖွဲ့ (၆) ဖွဲ့လောက်ရဲ့အိတ်တွေဟာ ကြုံသလို ထွက်လာတာပါ။ စက်တွေနဲ့ထုတ်တာ ဖြစ်လို့ ဘယ်ဘုရားဖူးအဖွဲ့ရဲ့အိတ်လို့ သီးသန့်ထုတ်တာမရှိဘူး။ ဒီလိုထွက်လာ တဲ့အိတ်တွေထဲက ပုံစံတူ၊ အရောင်တူ၊ ဆိုဒ်တူလုပ်ထားတဲ့အိတ်တွေကို တာဝန်ခံ တွေကဆွဲပြီးယူရတာပါ။ မယူမိရင် စက် နဲ့လည်ပြီး အတွင်းကိုပြန်ဝင်သွားပါ တယ်။ ဒါကြောင့် ကိုင်ချင်တဲ့အိတ်ကို ကိုင်ပြီး ဘုရားဖူးထွက်လို့မရပါဘူး"

"နောက် ကျွပ်တို့ကိုင်တဲ့အိတ်ကို ပြည့်သိပ်နေအောင်ထည့်။ ချိန်လိုက်ရင် ကီလို (၂၀) ပဲ။ အဖွဲ့က ကီလို (၂၀)ကာ တဲ့အိတ်ဖြစ်အောင် စီစဉ်ထားတာပါ။ လေယာဉ်ပျံကလည်း လူတစ်ယောက်ကို ကီလို(၂၀)ပဲယူခွင့်ပေးပါတယ်။ ခင်ဗျား အိတ်ဟာ သိပ်ကြီးပြီး ကီလို (၂၀)ထက် ပိုလို့ကတော့ တန်ဆာစရိတ်ကို မိမိ ဘာသာဆောင်ရလိမ့်မယ်။ ဒါကြောင့် အလေးချိန်ညီအောင်ရယ်၊ အိတ်တွေကို မှတ်မိအောင်ရယ်၊ ရွယ်တူဆိုဒ်တူတွေ ဖြစ်မှ အလုပ်သမားတွေကသိမှာဖြစ်လို့ အဖွဲ့ကပေးတဲ့အိတ်နဲ့ပဲသွားရပါမယ်"

"အခုဆိုရင် ဆောင်ရန်၊ချောင်ရန် တွေပြည့်စုံလောက်ပြီဖြစ်ပေမယ့် သိချင် တာလေးမေးဖို့က ကျန်နေသေးတယ်။ ကျွန်တော်က ဘုရားမွေးနေ့နဲ့ ကျွန်တော့် မွေးနေ့မှာ သတ်သတ်လွတ်စားတယ်။ သက်သတ်လွတ်အတွက် ဘယ်လိုစီစဉ် ပေးလဲ"

"အများစားဖို့ရည်ရွယ်ပြီးချက်ပြုတ် ကျွေးမွေးတာဖြစ်လို့ သီးသန့်သက်သတ် လွတ်စီစဉ်မပေးပါဘူး။ ခင်ဗျားအဓိဋ္ဌာန် မဖျက်ချင်ရင် လက်ဖက်ထုပ်တွေယူသွား လေ။ ထမင်းအဖြူထည်နဲ့အဆင်ပြေပါ လိမ့်မယ်။

(၇) ညအိပ် (၈) ရက်ခရီးမှာ ရောက်ရှိမယ့်နေရာတွေကို ကျွပ်တို့သွား ခဲ့တဲ့လမ်းအတိုင်း ခရီးစဉ်ကိုဖော်ပြပေး ပါမယ်။

၁။ ဗုဒ္ဓဂယာမဟာမြေမြတ်-စေတီတော်
၂။ သတ္တ(၇)ဌာန
၃။ နေရဉ္ဇရာမြစ် (ရေလုံးဝမရှိတော့)
၄။ ရာဇဂြိုဟ်မြို့ရိုး
၅။ နွေဟောင်းကျောက်လှည်းဘီးရာ
၆။ အရှင်မဟာမောဂ္ဂလာန်အား သံဃဝါးရာရိုက်သည့်နေရာ
၇။ ဆေးဆရာဇီဝကသရက်ပင်ချဉ်
၈။ ဗိမ္ဗိသာရမင်းကြီးအကျဉ်းထောင်
၉။ ဗိမ္ဗိသာရမင်းကြီးဆွမ်းတိုက်
၁၀။ အဇာတသတ်မင်းကြီးဓာတ်တော် တိုက်

www.burmeseclassic.com

www.burmeseclassic.com

၁၁။ နန်းဦးစေတီ
၁၂။ ခါကျာမုန့်ပြုတ်
(ကမ္ဘာ့ရွေတံဆိပ်ရခါကျာများ)
၁၃။ ဝေဠုဝန်ကျောင်းတော်ရာ
၁၄။ ဇာတ်နိမ့်မြင့်ရေချိုးသည့် တပေါဒါ
မြစ်
၁၅။ ရတနာဂိရိတောင်
(စက်ထိုင်ခုံနှင့်သွားရသည်)
၁၆။ ဂျပန်ဝိသျန္တိစေတီ
(ငြိမ်းချမ်းရေးစေတီတော်)
၁၇။ နာလန္ဒာတက္ကသိုလ်
၁၈။ အရှင်သာရိပုတ္တရာစေတီတော်
၁၉။ ကေစရိယစေတီ
(သပိတ်တော်ကို ဌာပနာထား
သည်)
၂၀။ ဝါဠုကာရုံကျောင်း
၂၁။ ဒုတိယသင်္ဂါယနာတင်သည့် အာ
သောကကျောင်းတော်ရာနှင့်ကျောက်
တိုင်
၂၂။ ကုသိနာရုံ မြန်မာဘုန်းတော်ကြီး
ကျောင်း ချမ်းသာကြီးစေတီတော်
၂၃။ ပရိနိဗ္ဗာန်စေတီတော်
၂၄။ လျောင်းတော်မူရုပ်ပွားတော်
၂၅။ ဂင်္ဂါရစေတီ
(တေဇောဓာတ်လောင်ကျွမ်းရာ
စေတီ)
၂၆။ မလ္လာမင်းတို့ခေါင်းဆေးမင်္ဂလာပြု
သည့်မြစ်နေရာ
၂၇။ နီပေါနိုင်ငံဘုရားဖူးမြင်သည့်နေရာ
၂၈။ ဘုရားအလောင်းတော်ဖွားတော်မူ
ခန်းရုပ်တု
၂၉။ ဘုရားအလောင်းတော်ခြေလှမ်းခုနစ်
လှမ်းသည့် အထိမ်းအမှတ်စေတီ
ခုနစ်ဆူ
၃၀။ အာသောကကျောက်တိုင်
၃၁။ ဘုရားအလောင်း ကြွေးကြော်စဉ်
ခြေတော်ရာထင်သည့်ကျောက်တုံး
၃၂။ ရေသန့်စင်ရာရေကန်
၃၃။ မြန်မာလောကမှကိုစ္စာစေတီတော်

ရန်ကုန်နှင့်ဂယာမြို့အား (၁) နာရီ (၅၅) မိနစ်ခရီးမြှင့်
ပို့ဆောင်ပေးနေသည့် MAI လေယာဉ်ကြီး



ဂယာလေဆိပ်တွင် ဗုဒ္ဓပွင့်ထွန်းနေသည့်မြို့ဖြစ်၍
ဗုဒ္ဓရုပ်တုတော်အား လေးလေးစားစား ပူတော်ထားသည့်ပုံ

ဂယာမြို့တွင် ပစ္စည်းသယ်ယူပို့ဆောင်ရေးနှင့်
လူစီးယာဉ်အဖြစ် အသုံးပြုသော သုံးဘီးစက်ဘီးယာဉ်



ဝေဘာရတောင်ခြေရေပူစမ်းတွင် ဇာတ်မြင့်များက အပြင့်ဆုံးနေ့တွင်
ရေချိုးကြပြီး ဇာတ်လတ်များက အလယ်ဆင့်တွင် ချိုးခွင့်ရကြသည်။
ဇာတ်အနိမ့်ဆုံးလူများမှာ အောက်ဆုံးက ချိုးရသည်။
ဇာတ်ခွဲခြားမှု ယခုအချိန်အထိ မပျောက်ကင်းပါ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသည် အိန္ဒိယထက်ကုန်ပစ္စည်းအားလုံးကို ပို၍နေရ၍ နေ့စဉ် ကားအစီးအပေါင်း (၁၀၀) ကျော်နှင့် ကုန်ပစ္စည်းမျိုးစုံ တင်ပို့နေရသည်

ကျော်ကြားသော ဂင်္ဂါမြစ်ကြီးအားဖြတ်၍ ထိုးထားသော တံတားများ (ထိုတံတားများထဲတွင် ဂန္ဓီတံတားမှာ (၅) မိုင် (၆) ဖာလုံကျော် ရှည်ပါသည်)



မြန်မာနိုင်ငံအုတ်ဖုတ်လုပ်ငန်းတွင် အုတ်ကြားတွင် လိုထ်လုပ်၍ စပါးခွံ (သို့) ထင်းကိုထည့်၍ ဖုတ်ကြသည်။ အိန္ဒိယနိုင်ငံတွင် ပုံပါအတိုင်း ခေါင်းတိုင်ကြီးကိုအသုံးပြု၍ အုတ်ဖုတ်နေသည်ကို တွေ့ရသည်။ အုတ်များကိုကိုင်ကြည့်ရာ အိန္ဒိယအုတ်က ပိုမာ၍ ခိုင်ခံ့လုပါသည်။



အိန္ဒိယနိုင်ငံရှိ အဆောက်အအုံတိုင်းလိုလို အချောမကိုင်ကြ။ ရွှေဆက်တက်ရန် သံငုတ်များကို တိုးထိုးတန်းလန်းထားကြသည်။ ဤသို့ပြီးစီးသည်အထိ မဆောက်ကြခြင်းမှာ အမြတ်တော်ခွန်ရှောင်သောနည်းဖြစ်ကြောင်း ပြောပြ သိရှိရပါသည်

အိန္ဒိယနိုင်ငံသည် အခြားနိုင်ငံများ၏ပစ္စည်းကို ဝယ်ယူသုံးစွဲလေ့မရှိကြ။ အိန္ဒိယနိုင်ငံထုတ် မော်တော်ကား။ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ စက်ဘီး။ လက်ဂိုင်ဖုန်း စသဖြင့် အိန္ဒိယနိုင်ငံထုတ်ပစ္စည်းတစ်မျိုးကိုသာ သုံးစွဲသည်။ ယခု ဘုရားဖူးယာဉ်သည်လည်း ပုံပါအတိုင်း အိန္ဒိယနိုင်ငံထုတ်ကားကိုပင် စီးကြရပါသည်

သည့်မြောရုံ

၄၂။ အရှင်သီဝလိကျောင်းတော်ရာ

၄၃။ ဓာတ်ပေါင်းစုနေရာ

၄၄။ ဗာရာဏသီရှိဘုရားနှင့်ပဉ္စဝဂ္ဂိငါးပါး တွေ့ဆုံသည့် ချောက်ခဏ္ဍီစေတီတော်

၄၅။ ဓမ္မစက္ကာတရားဦးဟောရာ ဓမ္မရာဇိကစေတီတော်

၄၆။ အနတ္တလက္ခဏသုတ်ဟောရာ ဓမ္မေခစေတီ

၄၇။ နန္ဒိယရာမကျောင်းတော်ရာ

၄၈။ အာသောကကျောက်တိုင်

၄၉။ ဘိက္ခုနီမများ ရေခိုးဆင်းသည့် နေရာ

၅၀။ မဟာန့်နန်းတော် (မင်းတုန်းမင်းတရား၏ ငွေများဖြင့် ဆောက်ထားသည်)

၅၁။ မင်းတုန်းမင်း၏ကျောက်စာ အခြားတင်ပြလိုတဲ့ကိစ္စများတော့ ဓာတ်ပုံများကပြောတဲ့မှတ်တမ်းများအဖြစ် လေ့လာဖို့စုစည်းတင်ပြဆိုက်ပါတယ်။

စိုးထွန်း (ဥပဒေ)

၂၄။ သာဝတ္ထိမြို့ မြန်မာဘုန်းတော်ကြီးကျောင်း

၂၅။ တန်ခိုးပြာဋိဟာပြသည့်သရက်ဖြူပင်

၂၆။ စိတ္တမာနမြေမြို့သည့်နေရာ

၂၇။ ဇေတဝန်ကျောင်းတော်ရာ

၂၈။ အာနန္ဒာဗောဓိပင်

၂၉။ စင်္ကြံတော်နေရာ

၃၀။ ဗုဒ္ဓရေတွင်းတော်

၃၁။ နတ်ပြဟ္မာများအား တရားဟော

www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းဆိုင်ရာဝင်
စွယ်စုံအောင်တော်မူစေတီတော်ထဲပါး
အောင်မြေမျှားဝန်းရံထား
အောင်သာကျော်

လွန်ခဲ့သည့်လအတွင်းက မြောက်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၏စပ်ကြားတွင် တည်တော်မူသည့် ရှေးဟောင်းစေတီတော်မြတ်ဖြစ်တော်မူသော အောင်တော်မူစေတီတော်ထဲပါးသို့ အရောက်သွားဖြစ်ခဲ့သည်။ ရေးဖော်ရေးဖက်ဖြစ်သူ ဆရာကျော်ဝင်းညွှန့်က အဖော်အဖြစ်လိုက်ခဲ့ပါရန်ခေါ်ဆိုသဖြင့် လိုက်ပါသွားမိဖြစ်ခြင်းဖြစ်သည်။ ဆရာကျော်ဝင်းညွှန့်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်ထွေးလေး၏ ဖိတ်ခေါ်မှုအရသွားကြခြင်းပင်။ ဒေါ်ထွေးလေးသည် သိုက်ဆက်ပဌာန်းဆက်ရှိသူဖြစ်ပြီး အစဉ်အမြဲလို အောင်တော်မူစေတီတော်မြတ်ထဲပါးအရောက်သွားကာ အဓိဋ္ဌာန်ဝင်ခြင်း၊ စိပ်ပုတီးစိပ်ခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများပြုနေသူပင် ဖြစ်သည်။

ဒေါ်ထွေးလေးထံမှ သိရသည်မှာ ရှေးဟောင်း သမိုင်းဝင် အောင်တော်မူစေတီတော်မြတ်ကြီးသည် ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသည့် သူတော်စင်သူမြတ်လောင်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့စဉ်ဆက်မပြတ် အရောက်လာကာ အဓိဋ္ဌာန်ဝင်လျက်ရှိနေသည့် ဆုတောင်းပြည့်ရာအောင်မြေမှန်ရာနေရာဖြစ်သည်ဟုပင်။

ကားလမ်းလေးအတိုင်းဝင်သွားကြသည်။ စေတီတော်မြတ်သည် ကုန်းမြင့်မြင့်လေးပေါ်တွင်တည်ရှိနေပြီး စေတီတော်အဝင်မုခ်တွင် ဇော်ဂျီရုပ်တုများရှိနေသည်။ စေတီတော်နှင့်နီးကပ်လာလေလေ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီနှင့် သူတော်ကောင်းသူမြတ်လောင်းတို့၏အောင်ဓာတ်များကိန်းအောင်းနေလေပြီဟူသောအသိတို့က ရင်ထဲသို့ဝင်ရောက်လှုပ်ခတ်လာသည်။ ဇော်ဂျီရုပ်တုနှင့်မလှမ်းမကမ်းတွင် ဝိဇ္ဇာလမ်းလျှောက်ကာ အောင်လမ်းသို့ရောက်နေသည့် အဘဘိုးမင်းခေါင်အောင်ဓာတ်ကိန်းရာ ကမ္ဘာလုံးခံစေတီတော်ကို ဖူးတွေ့ရသည်။



စေတီတော်

ရွှေရောင်ဝင်းလက်နေသည့်စေတီတော်၏အနောက်ဘက်၊မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် တန်ဆောင်းတော်များရှိနေပြီး တန်ဆောင်းတော်တို့အတွင်းတွင်ကား ဝိဇ္ဇာလမ်းလျှောက်လှမ်းကာ အောင်လမ်းဆီသို့ရောက်သွားကြသည့် သူတော်စင်သူမြတ်လောင်းဝိဇ္ဇာအပေါင်းတို့ရုပ်တုများရှိနေသည်။ အရှေ့ဘက်တန်ဆောင်းတော်၏ အရှေ့ဘက်ရှိကုန်းနိမ့်ပိုင်းတွင်ကား ဝိဇ္ဇာလမ်းကျင့်စဉ်ဟူးများကျင့်ကြံကြသည့် သူတော်စင်ပုဂ္ဂိုလ်များအဓိဋ္ဌာန်ဝင်ကြရာ နေရာအတော်များများရှိနေပါသည်။ ဗောဓိညောင်ပင်ရွှေစေတီ၊ ငွေစေတီ၊ ကျိုက်ထီးရိုးပုံစံတူစေတီ၊ ဗုဒ္ဓမြတ်စွာရုပ်တုတော်များအများအပြားတည်ရှိနေသည်။ ထိုနေရာလေးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပြီး အေးမြစိမ့်ရသတို့က



စေတီတော်အောင်လမ်း

www.burmeseclassic.com

www.burmeseclassic.com

ရွှေစေတီ

ငွေစေတီ

ပဏ္ဍမြားစေတီတော်

ရွှေစေတီ၊ ငွေစေတီ တံခွန်တိုင်



ရှင်သီဝလိ

ဝင်ရောက်လာသူတို့အပေါ် လွှမ်းခြုံထားလျက်သားရှိနေသည်။

သို့ဆက်ရှိသူများ ရွှေစေတီ၊ ငွေစေတီတို့ထံတော်ပါး ဆုတောင်းခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းပြုပါက လောကီအကျိုးထူးများ အလျင်အမြန်ရရှိခံစားခွင့်ရကြပါသည်ဟု အဓိဋ္ဌာန်ဝင်ဖူးသူတို့ထံမှ သိခွင့်ရခဲ့ပါသည်။ ဒေါ်ထွေးလေးသည်လည်း မကြာမကြာလာရောက်ဆုပန်ခဲ့ရာ အောင်မြင်မှုများရခဲ့သည်ဟု ဝန်ခံစကားပြောကြားဖြစ်သည်။ ထို့အောင် မြေနေရာအတွင်း တည်နေသော ဗုဒ္ဓရုပ်ပွားတော်မြတ်များထံပါးတွင် သူနေရာနေသူ ဆုတောင်းအဓိဋ္ဌာန်ပြုကြရန်အတွက် ဗုဒ္ဓဝင်လာ ထင်ရှားသော ပုံရိပ်သဏ္ဌာန်များပုံဖော်ကာထားရှိသည်ကို ဖူးတွေ့ရသည်။ နေရာအသီးသီးတွင် လာရောက်ကာ အဓိဋ္ဌာန်ဝင်နေကြသူ၊ ဆုတောင်းနေကြသူများကိုလည်း တွေ့ရသည်။

ထို့အောင်မြေသည် လာရောက်

www.burmeseclassic.com

www.burmeseclassic.com

စေတီတော်အဝင်ရှိ တော်ရိုရုပ်တု

အောင်မြေရှိ ကမ္ဘာလုံးစေတီ

ကမ္ဘာလုံးစေတီနှင့် သူတော်စင်ရုပ်တုများ

အောင်မြေရှိ ကျိုက်ထီးရိုးစေတီ

ကြသူတိုင်း အောင်မြင်မှုအောင်လမ်းများပွင့်စေသဖြင့် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် အရောက်လာကာ ဆုပန်ကြသူများနေခြင်းဖြစ်သည်ဟုသိရပါသည်။

အောင်မြေနေရာများဝန်းရံလျက်ရှိနေသည့် အောင်တော်မူစေတီတော်မြတ်သည် ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်တစ်ဆူ ဖြစ်ပါသည်။ ဆဋ္ဌမသင်္ဂါယနာတင် ဓမ္မသဘင်ပွဲတွင် အကြီးအမှူးအဖြစ် ပါဝင်ဆောင်ရွက်တော်မူသည့် ညောင်ရမ်းဆရာတော်ဘုရားကြီး ကမ္ဘာအေးကုန်းမြေတွင်စံနေတော်မူစဉ် အခါက ကျောင်းတော်နှင့်မလှမ်းမကမ်း ရှေးဟောင်းစေတီငုတ်တို့မှ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ဖူးတွေ့ရသဖြင့် ထိုနေရာကို တူးဖော်စေကာ ယခု ဖူးတွေ့နေရသော ညောင်ရမ်းစေတီတော်အဖြစ် ကမ္ဘာအေးကုန်းမြေအနီးတွင် တည်ထားတော်မူခဲ့သည်။ ညောင်ရမ်းစေတီတော်တည်ထားစဉ်မှာပင် စေတီဟောင်းနေရာမှ ရရှိသော ကျောက်စာများအရ အောင်တော်မူစေတီတော်သည်လည်း ရှေးဟောင်းစေတီတော်တစ်ဆူပင်ဖြစ်ကြောင်း သိခွင့်ရခဲ့ခြင်းပင် ဖြစ်သည်။

ရှေးဟောင်းစေတီပျက်နေရာတွင် ရောင်စဉ်တန်းများဖြာရောက်နေသည်ကို ညောင်ရမ်းဆရာတော်ဘုရားကြီးမြင်တွေ့ရသည်နှင့် ထိုနေရာကိုရှင်းလင်းစေခဲ့ရာ ရှေးဟောင်းစေတီတော်တစ်ဆူတည်နေရာဖြစ်ကြောင်း ကျောက်စာအထောက်အထားများတွေ့ရှိခဲ့ရသဖြင့် ထိုနေရာတွင်ပင် စေတီတော်တစ်ဆူပြန်လည်တည်ထားတော်မူခဲ့ရာ ယနေ့တိုင် ညောင်ရမ်းစေတီတော်အဖြစ် အထင်အရှားတည်ရှိနေပါသည်။ ထိုစေတီတော်ဟောင်းနေရာမှ

www.burmeseclassic.com

www.burmeseclassic.com

စေတီအရှေ့ဘက်အောင်မြေရှိ စေတီများ

ဘိုးဆိုးကြီး



သူတော်စင်ရုပ်တုများ

တွေ့ရှိရသော ကျောက်စာများအရ အောင်တော်မူစေတီတော်သည်လည်း ရှေ့ဟောင်းစေတီတော်တစ်ဆူပင်ဖြစ်သည်ဟု ခိုင်မာစွာသိထားခွင့်ရခဲ့ပါသည်။

သီရိခမ္မာသောကမင်းကြီးသည် သာသနာတော်သက္ကရာဇ် ၂၁၄ ခုနှစ်တွင် ကိုးတိုင်းကိုးဌာနတို့၌ စေတီတော်ပေါင်းရှစ်သောင်းလေးထောင်တည်ထားကိုးကွယ်တော်မူသည့်အနက် အရှေ့တိုင်း ကိုးနဝင်းစေတီတစ်ဆူအပါဝင်ဖြစ်သော အောင်တော်မူစေတီတော်ကြီးအား သာသနာသက္ကရာဇ် ၄၇၄ ခုနှစ်တွင် အလောင်းစည်သူမင်းက ပြန်လည်မွမ်းမံကာ စွယ်စုံအောင်တော်မူစေတီတော်အဖြစ် ထင်ရှားစေခဲ့ပါသည်။ တစ်ဖန် သာသနာသက္ကရာဇ် ၈၃၃ ခုနှစ်တွင် ဓမ္မစေတီမင်းကြီးက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ထီးတော်အသစ်ပြန်လည်တင်လှူပြီးခါနိန်၌ စွယ်စုံအောင်တော်မူ မူလစေတီတော်ကိုလည်း ဘက်တော်အမြင့် (၃၉) တောင်အထိ ပြုပြင်တော်မူခဲ့သည်။ ထိုသို့ ရှေးမင်းအဆက်ဆက်မွမ်းမံကာ အဆင့်ဆင့်ပြန်လည်တည်ထားခဲ့သည့် စွယ်စုံအောင်တော်မူစေတီတော်မှာ ရှေ့ဟောင်းသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သည်မှာ သိသာထင်ရှားလွန်းလှပါသည်။

ရှေ့ဟောင်းသမိုင်းဝင်စေတီတော်မြတ်ဖြစ်သည့် စွယ်စုံအောင်တော်မူစေတီတော်မြတ် တည်ရာနေရာသည် အောင်မြေနေရာမှန်အဖြစ် သိထားကြသည့် ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသူ သူတော်စင်သူမြတ်လောင်းပုဂ္ဂိုလ်ထူးမြတ်တို့ စဉ်ဆက်မပြတ်ဆိုသလို အရောက်လာကာ အဓိဋ္ဌာန်ဝင်နေဖြစ်ကြရာကလူသိများလာခဲ့သည်။ 'စွယ်စုံအောင်တော်မူ' ဟူသည့် ဘွဲ့တော်နှင့်အညီ လာရောက်အဓိဋ္ဌာန်ဝင်ကြသူများ၊ဆုပန်ကြသူများ၊ လောကီလောကုတ္တရာအကျိုးထူးများအလျင်အမြန်ရရှိသွားကြသည်ဟု သိရှိရပါသည်။

စာရေးသူအား လိုက်လံကူညီပေးနေသည့် ဒေါ်ထွေးလေးအကြောင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဒေါ်ထွေးလေးသည် အောင်မြေမှန်ရာနေရာကို အထူးသက်ဝင်ယုံကြည်အားထားကာ မကြာခဏအရောက်လာပြီး အဓိဋ္ဌာန်ဝင်လေ့ဆုပန်လေ့ရှိသူပင် ဖြစ်သည်။

ဒေါ်ထွေးလေးအပြင် သိုက်ဆက်ရှိသူတစ်ဦးပင် ဖြစ်သည်။ အသက်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ့်ငါးနှစ်ပြည့်ပါက သိုက်မှပြန်ခေါ်မည်ဟု သူ၏အစ်မဖြစ်သူကိုပူးကပ်ကာ ပြောဆိုလေ့ရှိ၏။ ဒေါ်ထွေးလေးလည်း သေရမည့်အရေး သောကဗျာပါဒကြွေယ်ကာ ဘုရားစေတီများထဲပါး အရောက်သွားကာ ကုသိုလ်ကောင်းမှုပြုလေ့ရှိသည်။ တစ်နေ့ စွယ်တော်မြတ်စေတီတော်အတွင်း ဝိဇ္ဇာလမ်းလျှောက်ကျင့်စဉ်များ ကျင့်ကြံပွားများအားထုတ်နေသည့် အဘဝင်း အမည်ရှိသည့် ဆရာကျော်ဝင်းညွှန်နှင့်ဆုံတွေ့ရစဉ် အဘဝင်းက ရွှေစေတီ၊ ငွေစေတီတော်တို့ထဲပါး အရောက်သွားကာ အာယုဆက်တည်နိုင်ရပါစေကြောင်း သိုက်ပွဲထိုးကာ ဆုတောင်းကြည့်ပါဟု လမ်းညွှန်သွားခဲ့သည်။

ဒေါ်ထွေးလေးလည်း ယုံယုံကြည်ကြည်ပင် တစ်နှစ်တစ်ကြိမ်မပျက်မကွက် သွားရောက်ဆုပန်ခဲ့ရာ ယခုဆိုလျှင် လေးဆယ်ကျော်လာခဲ့ပြီပင် ဖြစ်သည်။ အောင်မြေတည်ရာတွင် ဇော်ဂိုရုပ်တုများ၊ အောင်လမ်းသို့အသီးသီးမြန်းကြွသွားကြသောသူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ရုပ်တုများအပြင် အဓိဋ္ဌာန်ဝင်နိုင်ကြရန် ဗုဒ္ဓရုပ်ပွားတော်မှဖြာစုံသီတင်းသုံးတော်မူလျက်ရှိနေသည့် ရွှေစေတီ၊ ငွေစေတီတို့သည် သိုက်ဆက်ရှိသူများဆုပန်ခြင်း၊ အဓိဋ္ဌာန်ခြင်းများ ပြုလုပ်သည့်နေရာပင် ဖြစ်လေသည်။ ကမ္ဘာလုံးစေတီတော်သည် ဝိဇ္ဇာလမ်းလျှောက်လှမ်းနိုင်ရေး ကျင့်ကြံပွားများအဓိဋ္ဌာန်ဝင်ကြသူများအလေးထားအပ်သည့်အောင်မြေသက်သေနေရာပင် ဖြစ်သည်။ စေတီတော်၏အရှေ့အရပ်ဘက်ရှိ အောင်မြေမှန်ရာနေရာသည် ကိတ်ဆိတ်ငြိမ်သက်မှုရှိနေကာ မွေ့ရန်များကြိုင်သင်းလျက်ရှိနေသည်ကိုတွေ့ရသည်။

စေတီတော်မြတ်အား လူအတော်များများအာရုံထားလာမိဖြစ်ကြသည်မှာ ၁၉၆၄ ခုနှစ်ကစသည်ဟုဆိုရပေမည်။ ၁၉၆၄ ခုနှစ်၊ တန်ဆောင်မုန်းလ တစ်လလုံးလိုလို ရောင်ခြည်တော်ကွန်မြူးခဲ့လေရာ လူအတော်များများ အံ့အားတသင့်ဖူးမြော်ခဲ့ကြရသည်။ တိုးမပေါက်အောင် လာရောက်ဖူးမြော်ကြည်ညိုသူများလှ၏။ သုတေသနအဖွဲ့မှ မီးသတ်လှေကားများထောင်၍ လေ့လာကြရာ အမှန်တကယ် ရောင်ခြည်တော်ကွန်မြူးခြင်းဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြရ၏။ ၁၉၉၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့အထိလည်း

ဘိုးမင်းခေါင်

ကွမ်ရင်မယ်တော်နှင့် သူရဿတီမယ်တော်

အဝင်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်တော်ကွန်မြူးခဲ့သည်။ ၁၉၉၂ တပေါင်းလပြည့်ကျော်၁ရက်တွင်လည်း ကွန်မြူးခဲ့သည်ဟု သိရသည်။

စေတီတော်ကြီးတောင်ဘက်တွင် ဖွဲ့စုံသာသနာရာမကျောင်းတိုက်တည်ရှိသည်။ စေတီတော်အား ဆရာတော်ကြီးများအစဉ်အဆက် နာယကဆရာတော်အဖြစ် ရပ်တည်ကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်ဟု သိရပါသည်။ စေတီတော်ဝန်းကျင်တွင် တည်ရှိနေသော စေတီတော်များ၊ ရုပ်တုများသည် ဝိဇ္ဇာလမ်းကိုလျှောက်လှမ်းနေကြသည့် သူတော်စင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ အရောက်လာကာ အဓိဌာန်ဝင်ကြရာကအောင်လမ်းပွင့်ခြင်းအဖြစ်တည်ထားရစ်ကြအမှတ်အသားထားရစ်ကြသည့်စေတီတော်များ၊ ရုပ်တုတော်များပင်ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင်ဖြစ်သည့် စွယ်စုံအောင်တော်မူစေတီတော် တည်ရှိရာအောင်မြေသို့ လာရောက် ဆုပန်ကြသူ၊ အဓိဌာန်ဝင်ကြသူများ များပြားလွန်းလှသည်မှာ လောကီ၊လောကုတ္တရာနှစ်ဖြာသောအကျိုးထူးများ ရရှိနေကြသောကြောင့်ပင် ဖြစ်သည်။

သိုက်ဆက် ဒေါ်ထွေးလေးသည် ပင်လျှင် ယနေ့တိုင် လောကီအကျိုးထူးများရရှိခံစားနေရပြီး ဆရာကျော်ဝင်းညွှန့်အား အသက်သခင်ကျေးဇူးရှင်အဖြစ် ရိုကျိုးစွာဆက်ဆံသမှုပြုနေသည်ကိုတွေ့ရသည်။ စေတီတော်ရင်ပြင်တော်၌ပင် ဒေါ်ထွေးလေးက ဆရာကျော်ဝင်းညွှန့်ကို ထိခြင်းငါးပါးအပြည့်ဖြင့် ဦးချကန်တော့သည့်မြင်ကွင်းက မုဒိတာပွားစရာကောင်းလှပါသည်။

စေတီတော်ပေါ် မှပြန်ဆင်းလာကြစဉ် ဒေါ်ထွေးလေးက ဆရာကျော်ဝင်းညွှန့်ရွှေပြည်သာအထိသက်သောင့်သက်သာပြန်ရန်အတွက် အဌားကားစီစဉ်ပေးရှာသည်။ စာရေးသူရင်ထဲ ဒေါ်ထွေးလေးပြောပြသော ရင်ဖွင့်စကားစုလေးက ဝင်ရောက် လှုပ်ခတ်လာမိဖြစ်သည်။

"ကျွန်မသက်တမ်းရှည်ရေးအတွက် ရွှေစေတီနဲ့ နွေစေတီအကြား အဓိဌာန်ဝင်ရင်း ယနေ့အထိရပ်တည်နိုင်ခဲ့တာ ဆရာကျော်ဝင်းညွှန့်ကျေးဇူးပါ။ ဆရာက ကျွန်မရဲ့အသက်သခင်ပါ"

ဆိုသည့်စကားစုပင် ဖြစ်သည်။

စွယ်စုံအောင်မြေ၌ ရှိနိုင်ကြပါစေ

အောင်သာကျော်

www.burmeseclassic.com

www.burmeseclassic.com

■ဗုဒ္ဓတရားတော်ကိုသာ

ဗုဒ္ဓသာသနာတော်မှာသာ မဂ္ဂင်ရှစ်ပါးရှိတယ်။ မဂ္ဂင်ရှစ်ပါးကိုဖြစ်ပွားစေပြီး ကိလေသာငြိမ်းတဲ့ သောတာပန်စသည်ဟာလည်း ဗုဒ္ဓသာသနာတော်မှာရှိတယ်လို့ အတိအလင်းဟောကြားထားပါတယ်။ ဗုဒ္ဓသာသနာဝင်ဆိုရင် ဗုဒ္ဓတရားတော်ကိုသာ အလေးအမြတ်ပြုသင့်ပါတယ်။ ဒါကြောင့် ဘုရားစကားတော်နဲ့ဆန့်ကျင်တဲ့အယူအဆမျိုးကိုမကြံမိမပြောမိပါစေနဲ့လို့ ကရဏာရှေ့ထားပြီး ဒီလိုသတိပေးစကားကိုလည်း ဖော်ပြရတာပဲ။

(မဟာစည်ဆရာတော်ကြီး)

■သောတာပန်

အကြင်ပညာရှိသည် စက္ခု၊ သောတ စသော ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်လုံ၍ ဣန္ဒြေယသံဝရသီလနှင့်ပြည့်စုံ၏။ ဣန္ဒြေခြောက်ပါးကို ရုပ်နာမ်တို့ဥာဉ်တပရိညာဖြင့်သိ၍ ငါ့ကိုယ်ငါ့ဟာငါမဟုတ် ရုပ်နာမ်မျှသာဟု သိမ်းဆည်း၏။ သစ္စာလေးပါးသိအပ်သောတရားဌာတည်၍ သောတာပန်ဖြစ်၏။

(ညောင်လေးပင်တောရဆရာတော်)

■ဆယ်ခါစုထက်၊ တိုး၍ပျက်လိမ့်

ထို့ပြင် မြို့နေကလေးတွေက တို့မြေဘာသာ၊ တို့မေခါကို၊ သင်ရကောင်းမှန်း၊မသိကြဘဲ၊ ပြင်ကလာပေး၊ စာမိထွေးကို၊ အလေးဂရု၊ အရေးပြု၏။ သူတို့ဘာသာ၊ သူတို့စာမူ၊ ခေတ်ခါအလိုက်၊ လောကတိုက်ဝယ်၊ သိုက်မြိုက်ဖို့ရန်၊ အုန်ကြောင်းမှန်လည်း၊ နောင်သံသရာတွက်၊ ကြောင်းမဖက်၍၊ သက်သက်မျက်စိ၊ တစ်ဖက်ကြည့်သည်၊ ဤသည်အတိုင်းသာ၊ နှစ်ပေါင်းကြာသော်၊ မြန်မာတိုင်းဖွား၊ လူအများတို့၊ ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာတည်း။ ထိုခါတိုင်းဖွား၊ လူအများလည်း၊ တရားကင်းကွာ၊ တစ်သက်တာကြောင့်၊ ဆယ်ခါစုထက်၊ တိုး၍ပျက်လိမ့်. . . ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

■အတတ်ပညာနဲ့ အသိပညာ

လူရယ်လို့ဖြစ်လာရင် ပညာတစ်ခုခုကို တတ်မြောက်ရပါမယ်။အတတ်ပညာက လူကိုလူတော်ဖြစ်စေပါတယ်။ ပညာအဆင့်မြင့်လေ လူကပို၍တော်လေဖြစ်ပါတယ်။ လူကောင်းဖြစ်ဖို့အတွက် အသိပညာလိုတယ်။ အသိပညာရှိမှ အသိစိတ်ဓာတ်ရှိမှ လူကောင်းဖြစ်စေတယ်။ လူမှာဦးနှောက်နဲ့ နှလုံးသားဆိုပြီး နှစ်ခုရှိပါတယ်။ ဦးနှောက်ဖွံ့ဖြိုးဖို့လည်းလိုတယ်။ နှလုံးသားဖွံ့ဖြိုးဖို့လည်းလိုတယ်။ ဦးနှောက်

ကိုရွှေမြသန်း (သမိုင်း)
ဗုဒ္ဓသားတော်တို့၏ ဓမ္မစကားကထာများ

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မှတ်ကျောက်
ယားနှာ၊ တင်းတိပ် အရိပ်မကျန်

ဖွံ့ဖြိုးမှ လူတော်ဖြစ်မယ်။ နှလုံးသားဖွံ့ဖြိုးမှ လူကောင်းဖြစ်မယ်။

(အရှင်သေဋ္ဌိလ၊ ကမ္မာဘုဒ္ဓသာသနာပြုဆရာတော်ကြီး)

■ ဘယ်လောက်ပဲချမ်းသာချမ်းသာ

လူဘဝဆိုတာ တန်ဖိုးကြီးမားလှတဲ့ဘဝဖြစ်ပါတယ်။ အဲသည်လိုကြီးမားတဲ့တန်ဖိုးကို အရင်းတည်ပြီး ဘာတွေယူသွားခဲ့သလဲ၊ ဘာတွေထားသွားနိုင်ခဲ့သလဲဆိုတာကိုသာ လေ့လာနိုင်ကြဖို့လိုအပ်ပါတယ်။ဘယ်လောက်ပဲချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲကျော်စောသတင်းရှိရှိ စာရိတ္တပိုင်းမှာ ချို့ယွင်းတယ်ဆိုရင် ပျက်စီးကြရမှာ ဓမ္မတာပဲဆိုတာ သံဝေဂဉာဏ်ဝင်တတ်ဖို့လိုတယ်။

(အောင်မင်္ဂလာဆရာတော်ကြီး)

■ အဝိဇ္ဇာဟူသည်

အဝိဇ္ဇာ ဟူသည် အမှားကိုမသိခြင်း၊ အမှန်ကိုမသိခြင်း၊ အမှားရော အမှန်ရော နှစ်ခုစလုံးကိုမသိခြင်း၊ သစ္စာကိုမသိခြင်း၊ သစ္စာလေးပါးစလုံးကိုမသိခြင်း၊ လိုရင်းအနှစ်ချုပ် ဒုက္ခသစ္စာကိုမသိခြင်းကို ဆိုလိုသည်။ အမှားကိုအမှန်ထင်၊ အမှန်ကို လုံးဝမသိသည့် မောဟသည် ပမာဒဆိုသောမေ့လျော့ခြင်းရေစီးကြောင်းပေါ်မှာ အသိမဲ့၊ အဆင်ခြင်မဲ့ပရမ်းပတာမျောပါနေခြင်း ဖြစ်သည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပဒ်စက်ဝိုင်းထဲတွင် သမုဒယပြီး ဒုက္ခ၊ ဒုက္ခပြီး သမုဒယ၊ ထိုဒုက္ခသမုဒယသစ္စာနှစ်ပါးနှင့်ပင်လည် ချင်တိုင်း လည်နေကြရ၏။

(ကမ္မဋ္ဌာနာစရိယ ဟန်လင်းဆရာတော်)

■ ဝေဖန်၊ ပုတ်ခတ်

ဝေဖန်ခြင်းနှင့်ပုတ်ခတ်ခြင်းမတူဘူး။ ဝေဖန်ခြင်းဆိုတာက သူ့ရဲ့အမှားကို သူပြန်စဉ်းစားနိုင်အောင် ယဉ်ယဉ်ကျေးကျေး အေးအေးဆေးဆေး သုံးသပ်ပြတာ။ မေတ္တာ၊ ပညာ၊ အကြင်နာအခြေခံတယ်။ ပုတ်ခတ်ခြင်းဆိုတာက သူများအမှားကို ချက်ကောင်းယူပြီး စော်ကားတာ၊ အမုန်းတွေ၊ အာဃာတတွေ၊ ဒေါသတွေ အခြေခံတယ်။ ဝေဖန်ခြင်းက သူရောကိုယ်ပါချမ်းသာစေပြီး ပုတ်ခတ်ခြင်းက သူရောကိုယ်ပါ ဆင်းရဲစေပါတယ်။

(မဟာဗောဓိမြို့ဆရာတော်ကြီး)

■ သာသနာပြု ကုသိုလ်ထူး

မြတ်စွာဘုရားရှင်၏ သာသနာတော်ဟူသည် ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်များသာ တွေ့ကြုံခံစားခွင့်ရှိကြသည်။ ထိုသာသနာတော်ကို ငါ. . ယခု တွေ့ကြုံနေရပြီ။ ဒီလိုတွေ့ကြုံနေရခိုက် မြတ်စွာဘုရား၏ သာသနာနှင့်စပ်သည့် သာသနာပြုကုသိုလ်ထူးများကိုငါပြုသင့်သည်။ ဗုဒ္ဓသာသနာတော်ကို ခိုးမြွေက်သင့်သည်။ လှူဒါန်းခွင့်ကိုငါအလဟဿဖြုန်းတီး၍ မသင့်လျော်ဟု စဉ်းစားဆင်ခြင်ကာ သာသနာပြုကောင်းမှုများကို ကြိုးစားအားထုတ်နိုင်ကြပါစေ။

ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ(Ph.D)
(သာသနာဟိတပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ)

■ ရဟန်းဘာကြောင့်ပြုရတယ်

ရဟန်းပြုကြခြင်း အကြောင်းရင်း (၇) ပါးရှိတယ်။

၁။ အစိုးရဘေးကြောင့်ပြုခြင်း၊
၂။ ခိုးသူဓားပြဘေးကြောင့်ပြုခြင်း
၃။ အကြွေးမပေးနိုင်လို့ပြုခြင်း၊
၄။ ဆင်းရဲလို့ပြုခြင်း၊
၅။ ရောဂါဖြစ်လို့ပြုခြင်း၊
၆။ အလုပ်မလုပ်ချင်လို့ပြုခြင်း၊
၇။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လျှောပါ။ ဟင်းသီးဟင်းရွက်၊ သစ်သီးမျိုးစုံကို များများစားပေးပါ။ ရေများများသောက်ပေးပါ။

ရက်သတ္တသုံးပတ်အတွင်း အရေပြားရောဂါမှန်သမျှ စက်စင်စွာ အရိပ်ပင်မကျန်စေဘဲ ပျောက်ကင်းသွားပါမည်။ မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိပါဘဲ အလွယ်အသာ ဆေးနည်းတစ်ဖြာဖြစ်၍ တင်ပြရေးသားအပ်ပါသည်။

ကျန်းမာချမ်းသာလန်းဖြာကြပါစေ

နတ်မောက်မှတ်ကျောက်

လိုသောကြောင့်ပြုခြင်း

ဒီခုနစ်ချက်ထဲမှာ နောက်ဆုံးအချက်နဲ့ညီစွာ ရဟန်းပြုမှု ဗုဒ္ဓအလိုတော်ကျဖြစ်ပြီး မြင့်မြတ်မှာဖြစ်တယ်။

(ပညာဘဏ္ဍာဆရာတော် ဒေါက်တာအရှင်နန္ဒသီရိ)

■ ဘဝတိုးတက်မြင့်မားဖို့

ကိုယ်ကျင့်တရားကောင်းရပါမယ်။ ကွန်ပြူတာကို စောင့်စည်းစိတ်၊ တည်ကြည်သောစိတ်ရှိရပါမယ်။ အစားအသောက်၊ အနေအထိုင်တွေမှာ ဆင်ခြင်တုံတရားရှိပြီး အအိပ်အနေနည်းကာ အမြဲနိုးကြားဖျတ်လတ်နေရမယ်။ ယုံကြည်ချက်ကို ခိုင်မာစွာထားပြီး ချစ်ခြင်း၊ မုန်းခြင်း၊ ကြောက်ခြင်း၊ တွေဝေခြင်းများကြောင့် မိမိရဲ့ယုံကြည်ချက်ကို အထိပါးမခံနဲ့။ လောက၊ ရာဇ၊ ဓမ္မတို့နှင့် ကျွမ်းကျင်အောင်လေ့လာပြီး အကြားအမြင်ပဟုသုတရှိအောင် လေ့လာမှတ်သားပါ။

(ကျောက်ဂူတောရ ဆရာတော်ဘဒ္ဒန္တကုန္ဒာစရိယ)

စသည့် ဗုဒ္ဓသားတော်တို့၏ ဓမ္မစကားကထာများကို ကမ်းဆင့်ဆက်ခံလိုက်ပါ၏။။

ကိုယ်ချင်းသန်း (သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ဖို့ (စောင်းကျိုး)
တိတ်ဆိတ်ငြိမ်သက်မှုကို အလွန်မြတ်နိုးသူ



မြတ်စွာဘုရားရှင်သည် တိတ်ဆိတ်ငြိမ်သက်မှုကို လွန်စွာမြတ်နိုးတော်မူကြောင်း ဗုဒ္ဓစာပေများတို့ လေ့လာခြင်းဖြင့် သိရှိရပါသည်။ ဘုရားအဖြစ်သို့ မရောက်မီ သိဒ္ဓတ္ထမင်းသားငယ် အဖြစ် ဖွားမြင်တော်မူသည့်နေရာသည်လည်းကောင်း၊ ဘုရားဖြစ်ရန် တရားအားထုတ်သောနေရာသည်လည်းကောင်း၊ တိတ်ဆိတ်ငြိမ်သက်သော တောအရပ်ဖြစ်၏။ ဘုရားဖြစ်ပြီးနောက် သတ္တဝါအများအား ကယ်မချေခွတ်ရန် ဒေသစာရီကြွချီသည့်အခါများမှအပ အချိန်ကာလအတော်များများတွင် တောအရပ်၌သာ သီတင်းသုံးလေ့ရှိပါသည်။

မိမိကိုယ်တိုင် တိတ်ဆိတ်ငြိမ်သက်မှုကို မြတ်နိုးသကဲ့သို့ တပည့်သံဃာများကိုလည်း အချင်းချင်းတွေ့ဆုံသည့်အခါ ဖြစ်စေ၊ ဒါယကာ ဒါယိကာမများနှင့် ဆုံတွေ့သည့်အခါဖြစ်စေ ဓမ္မနှင့်စပ်ဆိုင်သောစကားကိုသာပြောဆိုကြဖို့ အခြားလိုအပ်သောအကြောင်းကိစ္စရှိပါကလည်း တိုးတိတ်ညင်သာစွာပြောဆိုကြဖို့ ဆုံးမလေ့ရှိပါသည်။ တုဏှီဘာဝဟူသည်မှာ စကားလုံးဝမပြောရန်မဟုတ်ဘဲ လိုအပ်လျှင်လိုအပ်သလောက်သာပြောကြရန်နှင့် အများနှင့်စုဝေးပြောဆိုဆုံးဖြတ်ရသည့်ကိစ္စမျိုးတွင် သုဏာတုမေ ဘန္တေ သံဃောဟု သဘောမတူလျှင် ပြောပါ။ သဘောတူလျှင် ဆိတ်ဆိတ်နေပါဟု ဆုံးမခဲ့ပါသည်။

ဆူညံစွာပြောဆိုဆက်ဆံခြင်းကို လွန်စွာကဲ့ရဲ့ရှုတ်ချတော်မူခဲ့၏။ သာဓကအားဖြင့်ဆိုရသော် မြတ်စွာဘုရားရှင်သည် သျှိသျှားတော၌ သံဃာတော်များ ခြံရံလျက် သီတင်းသုံးနေစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ တပည့်ရဟန်းငယ်လေးများသည် သာသနာ့ဘောင်သို့ မကြာမတင်ကမ္ဘဝင်ရောက်လာသည်ဖြစ်၍ သိက္ခာသက်နှံးများကို သိမ်းဆည်းရင်း နာဂသမာဒိစကားပြောကြရာ အသံသဲ့သဲ့သွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓရှင်တော်ကြားတော်မူသဖြင့် အရှင်အာနန္ဒာအားခေါ်၍ ဟောပါသည်တွေ့ ငါးဖမ်းနေသလို ဆူညံနေတာ ဘယ်သူတွေလဲဟု နှင်ထုတ်လိုက်သဖြင့် တပည့်ရဟန်းများ ထွက်ခွာသွားကြရ၏။

မြတ်စွာဘုရားနှင့် တပည့်သံဃာတော်များသည် မည်သည့်နေရာ၊ မည်သည့်အခိုန်တွင်ဖြစ်စေ ဆူညံခြင်းမရှိ တိတ်ဆိတ်ငြိမ်သက်စွာ သီတင်းသုံးလေ့ရှိကြ၏။ သာဓကအားဖြင့် အဇာတသတ်မင်းသည် အရှင်ဒေဝဒတ်နှင့်ပေါင်းပြီး မကောင်းမှုများစွာကို ပြုလုပ်ခဲ့သည့်အတွက် စားမဝင်အိပ်မပျော် စိတ်ဆင်းရဲလျက်ရှိရာမှ သက်သာစေရန် မြတ်စွာဘုရားအား ဖူးတွေ့လိုက်သော်လည်း မဝံ့ရဲသည့်အတွက် သမားတော် ဆရာဇီဝက၏အကူအညီဖြင့် တန်ဆောင်မုန်းလပြည့်ညတစ်ညတွင် ဆင်တပ်၊ မြင်းတပ်၊ လုံခြုံရေးအပြည့်အဝဖြင့် မြတ်စွာဘုရား သီတင်းသုံးရာ သရက်ဥယျာဉ်သို့ထွက်ခဲ့၏။ သရက်ဥယျာဉ်၌ သံဃာ (၂၅၀) သီတင်းသုံးနေကြသော်လည်း တစ်ဦးတစ်ယောက်မှမရှိသည့်အလား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်ကို အံ့သြဖွယ်ရာဖူးမြင်ရကြောင်း သာမညဖလသုတ်တွင် ဖော်ပြထားပါသည်။

ယခုအခါ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားမရှိတော့သော်လည်း ရှိသည့်အလားရည်မှတ်ထားပြီး တည်ထားကိုးကွယ်ကြသည့်ရုပ်ပွားဆင်းတုတော်များတည်ရာ ဘုရားကျောင်းကန်စေတီများသည် ဗုဒ္ဓဘာသာဝင်များအတွက် အလေးအမြတ်ပြုရာနေရာများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့မြန်မာလူမျိုးအများစုတို့သည် ရပ်ထဲရွာထဲတွင် ဆူညံခဲ့ဖြင့် အားမရနိုင်ဘဲ ဗုဒ္ဓရှင်တော်ကိန်းဝပ်စံပယ်ရာ စေတီကျောင်းကန်များတွင်လည်း ဆူညံကြ၏။ ဗုဒ္ဓအလိုတော်ကျတိတ်ဆိတ်ငြိမ်သက်စွာ အာရုံယှဉ်ပူဇော်ရမည့်အစား ဆူညံသံဖြင့် ပူဇော်ကြကုန်၏။ ဘုရားရှင်ကို အရွဲ့တိုက်သည့်ပမာ ရှိနေပေသည်။ အသံမဆူညံရလျှင်မနေတတ်သည့်လူမျိုးဖြစ်သည့်အလျောက် သာမန်ပျော်ပွဲရွှင်ပွဲသာမက သာသနာရေးဆိုင်ရာအခမ်းအနားများတို့တွင်ပင် မဖြစ်မနေထည့်သွင်းပါဝင်သည်မှာ အသံချဲ့စက်ကြီးများဖြစ်၏။ ဆောင်းဘောက်မျှတပ်ဆင်အသုံးပြုလျှင် လုံလောက်ပါသော်လည်း ဟွန်းကြီးဟွန်းငယ်အသွယ်သွယ်ကိုအသံကုန်တင်ပြီးဖွင့်နေကြသဖြင့် ဘုရားကြည်ညိုပူဇော်နေသူများနှင့်တကွ ပတ်ဝန်းကျင်ကို နားဒုက္ခပေးနေသည်မှာ ယဉ်ကျေးသောလူအဖွဲ့အစည်းကို လွန်စွာမှ အရှုပ်ဆိုးအကျည်းတန်စေပါသည်။ မိမိတို့ဗုဒ္ဓဘာသာဝင်များ ကြည်ညိုလေးစားတန်ဖိုးထားရမည့် ဗုဒ္ဓသာသနာ၏ ဂုဏ်ရည်များကို မေးမိုန်စေပြီး ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်များ၏အထင်သေးကဲ့ရဲ့ခြင်းကိုခံရသည်မှာရှက်ဖွယ်ကောင်းလှပေသည်။

ပါမောက္ခချုပ်ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသဆရာတော်ဘုရားကြီးက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကံကော်လမ်း ဘိုးလိန်းအောင်မင်္ဂလာမဏ္ဍပ်၌ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ (၈)ရက်နေ့တွင် ဟောကြားခဲ့သော တရားတော်တွင် ကမ္ဘာပေါ်မှာအဆူညံဆုံးတိုင်းပြည်မြန်မာပြည်ဟု ကင်ပွန်းတပ်မိန့်ကြားခဲ့ပါသည်။ ဆရာတော်ဘုရားကြီးက သူ၏ကျောင်းတွင် သာသနာရေးဆိုင်ရာအခမ်းအနားများပြုလုပ်ရာ၌ ကျောင်းအတွင်း ပရိသတ်ကြားရုံမျှ ဆောင်းဘောက်တပ်ဆင်ပြီး ကျင်းပလေ့ရှိကြောင်း၊ ဗုဒ္ဓတရားတော်ကို နာကြားလိုသူအတွက် ကုသိုလ်တိုးပေမယ့် မနာကြားလိုသူအတွက် အကုသိုလ်ဖြစ်စေကြောင်း၊ ပဌာန်းတရားပွဲများကို ကျင်းပရာ၌ လူအတော်များများသည် ဂရုတစိုက်နာကြားလေ့မရှိသည့်အပြင် အသံချဲ့စက်ကြီးများက ဆူညံလွန်းသဖြင့် ကဲ့ရဲ့ရွတ်ချမှရှိကြကြောင်း၊ ရွတ်ဖတ်သူပုဂ္ဂိုလ်အချို့ကလည်း သာယာနာပျော်ဖွယ်မရှိသဖြင့် ကြည်ညိုမှုကိုပျက်စေကြောင်း၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ အနောက်နိုင်ငံများသို့ရောက်ခဲ့စဉ်က ဘယ်နေရာသွားသွား တိတ်ဆိတ်ငြိမ်သက်နေသည်ကိုတွေ့မြင်ခဲ့ရကြောင်း၊ အိမ်တွေထဲမှာလူရှိတယ်လို့ တောင်မထင်ရကြောင်း၊ ဈေးထဲသွားသွား၊ ရုံးပြင်ကနားသွားသွား ဆူဆူညံညံမရှိဘဲ လှုပ်ရှားသွားလာနေသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာပြည်မှာကဲ့သို့ အသံချဲ့စက်သံကြားရကြောင်း၊ တစ်ခါတစ်ရံမှသာ အရေးပေါ်ယာဉ်များ၏အသံကို သာကြားရလေ့ရှိကြောင်း၊ အသံတိတ်ဆိတ်ငြိမ်သက်မှုနှင့် ပတ်သက်လို့ ဗုဒ္ဓဘုရားသက်တော်ထင်ရှားရှိစဉ်က အခြားသော ဘာသာဝင်များက ဗုဒ္ဓအပေါ် မှတ်ချက်ချခဲ့ပုံကို ပါဠိစာပေတွင်တွေ့ရှိရကြောင်း၊ **အပ္ပသဒ္ဒကာမော** - အသံတိတ်ဆိတ်ငြိမ်သက်မှုကို လိုလားသူ။ **အပ္ပသဒ္ဒဝိနီတာ** - တပည့်သာဝကတို့အားတိတ်ဆိတ်ငြိမ်သက်စွာနေတတ်ဖို့ ဆုံးမတတ်သူ။ **အပ္ပသဒ္ဒသမဝဏ္ဏဝါဒီ** - တိတ်ဆိတ်ငြိမ်သက်မှု၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းတတ်သူဟု ဗုဒ္ဓအပေါ် အသိအမှတ်ပြုခိုးမွမ်းစကားဆိုရသလာမက ဗုဒ္ဓအား အဝေးမှမြင်လိုက်သည်နှင့် မိမိတို့၏ပြောဆို လက်စအသံများကိုထိန်းချုပ်ပြီးငြိမ်သက်စွာဖြင့် ဗုဒ္ဓအား ဂါရဝပြုလေ့ရှိကြကြောင်း၊ ဗုဒ္ဓအဆုံးအမကို အခြားသောဘာသာဝင်တို့က တန်ဖိုးထားသလောက် မြန်မာနိုင်ငံမှ လူအတော်များများက လေးစားလိုက်နာမှုနည်းပါးနေသည်ကို ဝမ်းနည်းဖွယ်ရာတွေ့ရကြောင်း ဟောကြားဆုံးမခဲ့သည်ကို နာကြားခဲ့ရပါသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ပျော်ပွဲရွှင်ပွဲဆူညံပွဲများကို ရွေးအစဉ်အဆက်ကပင်လျှင် နှစ်ခြိုက်ခဲ့ကြသည့်အလျောက် တစ်ဆယ့်နှစ်လရာသီပွဲများအဖြစ် တန်ဆူးလ-သင်္ကြန်ပွဲ၊ ကဆုန်လ-ညောင်ရေသွန်းပွဲ၊ နယုန်လ-စာတော်ပြန်ပွဲ၊ ဝါဆိုလ-ပဝင်းခံပွဲ၊ ဝါခေါင်လ-စာရေးတံပွဲ၊ တော်သလင်းလ-လေ့ပြိုင်ပွဲ၊ သီတင်းကျွတ်လ-မြင်းမိုရ်မီးပွဲ၊ တန်ဆောင်မုန်းလ-ကထိန်ပွဲ၊ နတ်တော်လ - စာဆိုတော်ပွဲ၊ ပြာသိုလ-မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလ-ထမနဲပွဲ၊ တပေါင်းလ-သဲပုံစေတီပွဲဟူ၍ ရိုးရာမပျက် ကျင်းပလေ့ရှိကြပေသည်။ ထို့အပြင် နေရာဒေသအလိုက် မြို့နယ်အလိုက် ကျင်းပလေ့ရှိသော ဘုရားပွဲများနှင့်တကွ ဗုဒ္ဓဘာသာအမည်ခံ နတ်ကိုးကွယ်သူများကလည်း (၃၇)မင်းနတ်ပွဲများကို ဆူဆူညံညံကခုန်ပျော်ပါးလျက် ဆင်နွှဲလေ့ရှိကြကုန်၏။ ထိုမျှဖြင့်အားမရနိုင်သေးဘဲ တရုတ်လူမျိုးများ၏ နှစ်သစ်ကူးပွဲတော်၊ ခရစ်ယာန်ဘာသာဝင်များ၏ခရစ္စမတ်ပွဲတော်များတွင်လည်း ဝင်ရောက်နွှဲပျော်ကြ၏။ ထိုမျှမက ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့ စသည့် နေ့ကြီးရက်ကြီးများနှင့် စိတ်ကူးရလျှင်ရသလိုပြုလုပ်လေ့ရှိသော အထိမ်းအမှတ်ပွဲမျိုးစုံကိုလည်း ဆင်နွှဲပျော်ပါးကြကုန်၏။ မိမိတို့ဝါသနာပါရာစွဲလမ်းရာကို အကြောင်းပြုပြီး ပျော်ပါးကြသည်ကို အပြစ်မမြော်လိုသော်လည်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘာသာရေးကို ခုတုံးလုပ်ပြီး မသင့်လျော်သော အမူအကျင့်များဖြင့် ပျော်ပါးကြသည်မှာ ဗုဒ္ဓအလိုတော်မကျသည့်အပြင် အခြို့ကုန်၊ ငွေကုန်ခံပြီး အကုသိုလ်ကိုရယူနေကြခြင်း ဖြစ်ပေသည်။

အထူးသဖြင့် ဘာသာရေးပြုအမည်ခံပြီး ဗုဒ္ဓအဆုံးအမမဟုတ်သည်ကို ဟုတ်

www.burmeseclassic.com

www.burmeseclassic.com

လေဟန်၊ သာသနာတော်၏အနှစ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်အကျင့်မြတ်ကို ပစ်ပယ်၍ အပေါ်ယံအကာကို အနှစ်ဖြစ်လေဟန်၊ လောကီအကျိုးဝီးပွားရွေ့တန်းတင်ကာ လာဘ်လာဘကိုမျှော်ကိုးလျက် အန္တရာယ်ကင်းဘေးရှင်းစေရန် အကြောင်းပြချက်ဖြင့် ထေရဝါဒမှ သွေဖည်စေသော ကိုးကွယ်ရွတ်ဖတ်ပူဇော်မှုများသည် ဗုဒ္ဓသာသနာအစစ်အမှန်ကိုမှေးမှိန်စေသောအကြောင်းများဖြစ်ကြပေသည်။ မိမိတို့ယုံကြည်မှုအရ ရွတ်ကြဖတ်ကြ၊ ပူဇော်ကြသည်ကို ကန့်ကွက်ပြစ်တင်မဆိုချင်သော်လည်း မိမိကြောင့် တစ်ပါးသူအနှောင့်အယှက်ဖြစ်ရသည်ဆိုပါက ကုသိုလ်တရားမတိုးပွားဘဲ အကုသိုလ်အမှုကိုပြုကျင့်ရာရောက်ပေသည်။

ယနေ့ခေတ်တွင် အသံမစဲပဌာန်းပူဇော်ပွဲများကို စီးပွားဥစ္စာတိုးစေဖို့၊ အန္တရာယ်ကင်းဘေးရှင်းစေဖို့ ရည်ရွယ်ချက်ဖြင့် အနယ်နယ်အရပ်ရပ်တို့တွင် အပြိုင်အဆိုင်ကျင်းပနေမှုနှင့်ပတ်သက်၍လည်း နိုင်ငံတော်သံဃမဟာနာယကစာကြည့်တိုက်မှူး အရှင်ပညာသာမိ (မာဂမိ - သာစည်) ဆရာတော်စီစဉ်ပြုစုသော အသံမစဲပဌာန်းပူဇော်ပွဲစာအုပ်တွင် အသံချဲ့စက်သုံးစွဲမှုကို ည(၁၀)နာရီမှ နံနက် (၅) နာရီအတွင်း ဟွန်းများမတပ်ဆင်ဘဲ ဆောင်းဘောက်သာတပ်ဆင်ရန်၊ စာမေးပွဲနီးချိန်၊ ရပ်ရွာအစည်းအဝေးပွဲများရှိနေချိန်၊ အများပြည်သူများအိပ်စက်အနားယူချိန်၊ လူမမာများရှိနေချိန်တို့တွင် ထောက်ထားငဲ့ညှာ၍ အသံကို လျှော့ချအသုံးပြုခြင်းဖြင့် မိမိတို့လုပ်ငန်းလည်းအောင်မြင်၊ ကြားနာသူတို့လည်း ကုသိုလ်တိုး၊ ပတ်ဝန်းကျင်လည်း ထိခိုက်မှုကင်းဝေးမည်ဖြစ်ကြောင်း သတိပေးရေးသားထားပါသည်။

အသိဉာဏ်ပညာကြွယ်ဝပြည့်စုံတော်မူသော ဗုဒ္ဓရာတော်ဘုရားကြီးများ၊ လူရေးလူမှုကိုစာနာထောက်ထားတတ်သောသူတော်ကောင်းပညာရှိပုဂ္ဂိုလ်များက မည်သို့ပင် ဟောကြားဆုံးမပြုပြင်ကြပါသော်လည်း လိုက်နာမှုမရှိသည်က ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများဖြစ်နေကြ၏။ဘာသာရေးအကြောင်းပြပြီး သာသနာပြုလုပ်ငန်းများဆောင်ရွက်နေပါသည်ဆိုသော လူပုဂ္ဂိုလ်များနှင့် ရဟန်းပုဂ္ဂိုလ်အချို့တို့သည် ဟွန်းကြီးဟွန်းငယ်များဖြင့် နှလုံးခုန်ရပ်မတတ် နေ့ရောညပါ ကျယ်လောင်စွာဖွင့်နေကြခြင်းကြောင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများ၊ ကျောင်းသားကျောင်းသူများသာမက ကြားရသူအပေါင်းတို့သည် သာခုခေါ် နိုင်ဖို့ဝေး၍ စိတ်ဆင်းရဲကြီးစွာဖြင့် နားဒုက္ခကို မချမလဲခံစားနေကြရပေသည်။

အသံဆုံမှုသည် ဆုံးဖြတ်ချက်အမှန်ကိုချနိုင်စွမ်းရှိသည့် သာမန်လူကောင်းတစ်ဦးကိုပင် စိတ်ရှုပ်ထွေးစေပြီး အကြမ်းဖက်စေနိုင်သော စိတ်လှုံ့ဆော်မှုများကိုဖြစ်စေနိုင်ပါသည်။ သွေးဆူစေသည့် အရက်သေစာမှိုဝဲထားသူများ၊ နာမကျန်းဖြစ်၍ စိတ်အလိုမကျသူများအဖို့ စိတ်ထိန်းချုပ်ရန်ခက်ခဲစေပါသည်။ သာကေအားဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက်တွင် အလှူခံပဏ္ဍာပ်ရှိ အသံချဲ့စက်အသံကို တိုးပေးရန် မေတ္တာရပ်ခံရာမှ အချေအတင်စကားများကြပြီး ဓားထိုးမှုအထိဖြစ်ပွားခဲ့ပါသည်။ ဆူညံသံသည် လူ၏စိတ်ကို ဖိအားဖြစ်စေပြီး ဒေါသထွက်လွယ်ခြင်း၊ စိတ်အလိုမကျဖြစ်ခြင်း၊ ကြမ်းတမ်းရိုင်းစိုင်းသောစိတ်များဖြစ်ပေါ်စေကြောင်း စိတ်ပညာရှင်များက ဆိုထားပါသည်။ ဆူညံသံကြောင့် အိပ်ရေးပျက်ပြီး အိပ်ရေးမဝသူများသည် စိတ်မကြည်လင်သဖြင့် လုပ်ငန်းခွင်၌ မှားယွင်းမှုများကြုံတွေ့ခြင်း၊ ဆုံးဖြတ်ချက်လွဲမှားခြင်းများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ဆူညံသံကို အချိန်ကြာမြင့်စွာကြားနေရပါက အာရုံကိုထိခိုက်စေခြင်း၊ စိတ်ဖိစီးမှုတိုးလာစေခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါရှိသူများ ရောဂါတိုးစေကြောင်း တွေ့ရှိရပါသည်။

မိမိတို့လူမှုပတ်ဝန်းကျင်၌ အသံမိုးစုံတို့ကို နေ့စဉ်ကြားနေရပါသည်။ ထို အသံများထဲတွင်ကြားလိုသဖြင့် နားစိုက်ထောင်ရသောအသံများရှိသလို မကြားချင်သော်လည်း ကြားနေရသောအသံများလည်းရှိပါသည်။ အသံစွမ်းအားကို DECIBEL ယူနစ်ဖြင့် တိုင်းတာပါသည်။ အတိုကောက်အားဖြင့် db ဟု ရေးသားလေ့ရှိပြီး db နိမ့်သည့်အသံများလွှမ်းခြုံနေသောပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေမည်ဖြစ်သလို db မြင့်သည့်အသံများလွှမ်းမိုးထားသောပတ်ဝန်းကျင်သည် ဆူညံနေပေမည်။ သစ်ရွက်လေတိုးသံသည် 10 db၊ လိုင်းကြက်ခွပ်လေးများ၏အသံသည် 20 db မှ 30 db၊ သာမန်လူတစ်ဦးကြားရုံမျှဖွင့်ထားသော သာယာညင်းပျောင်းသည့်တေးဂီတသံသည် 40 db၊ လူအချင်းချင်းသာမန်ပြောဆိုနေကြသော စကားသံသည် 60 db ရှိ၏။ လမ်းပေါ်၌ မောင်းနှင်နေသောဆလွန်းကား၊ ပစ်ကပ်ကားများ၏စက်သံသည် 70 db နှင့် 80 db အကြား၊ ထရပ်ကားကြီးများနှင့် ဘတ်စ်ကားကြီးများ၏အသံသည် 90 db၊ ကောင်းကင်၌လေယာဉ်များပျံသန်းနေစဉ်ကြားရသောအသံသည် 120 db၊ ဒုံးပျံများ၏ အသံသည် ဂျက်တွန်းကန်အား ပေါ်မူတည်၍ 150 db နှင့် အထက်ရှိပါသည်။

လူတို့၏ သောတအာရုံခံစားမှုနေရာဖြစ်သော နားသည် 70 db ထက်နိမ့်သည့်အသံများအနက် စိတ်ဝင်စားမှုမရှိသောအသံများကို အလိုအလျောက် ဥပေက္ခာပြုထားနိုင်သည့်အစွမ်းတို့ကို သဘာဝက ပေးအပ်ထားပါသည်။ စိတ်အာရုံကည့်တ်မထားသည့်အသံများကို နားကကြားရခြင်းမရှိပေ။ သို့ရာတွင် 70 db ထက်မြင့်သောအသံများကိုမူ စိတ်ဝင်စားသည်ဖြစ်စေ၊ စိတ်မဝင်စားသည်ဖြစ်စေ၊ နားထောင်လိုသည်ဖြစ်စေ၊ နားမထောင်လိုသည်ဖြစ်စေ နားကအလိုအလျောက် လက်ခံပြီးသားဖြစ်နေ၏။ ထို့ကြောင့် အော်ဟစ်ပြောဆိုသောအသံများ၊ ကျယ်လောင်သောသီချင်းသံများ၊ အသံချဲ့စက်မှထွက်လာသောအသံများ၊ ယာဉ်အမိုးမိုးနှင့် စက်ယန္တရားကြီးများမှအသံများသည် 70 db ထက်များစွာကျော်လွန်နေသည်ဖြစ်၍ မကြားချင်သော်လည်း ကြားနေကြရခြင်း ဖြစ်၏။

သုတေသနပြုချက်များအရ 70 db ထက်ကျော်လွန်သော အသံမှန်သမျှသည် သွေးခုန်နှုန်းကို ပို့မိုးမြန်ဆန်လာစေပြီး အချိန်ကြာမြင့်စွာဆက်တိုက်ကြားနေပါက အာရုံကြောများကိုထိခိုက်စေပါသည်။ ဆူညံမှုမြင့်မားသောပတ်ဝန်းကျင်၌ စဉ်းစားတွေးခေါ်မှုကို သိသာစွာထိခိုက်စေ၏။ ဆိတ်ငြိမ်သည့်ပတ်ဝန်းကျင်၌ကြီးပြင်းခဲ့ရသောကလေးများသည် စိတ်ရှည်ခြင်းသည်းခံတတ်ခြင်းအကြောင်းအရာတစ်ရပ်ကို စေ့ငုသေချာစွာစဉ်းစားတတ်ခြင်း၊ စာနာထောက်ထားတတ်ခြင်း၊ နားလည်ခွင့်လွှတ်တတ်ခြင်းစသည့်လူမှုဆက်ဆံရေးနယ်ပယ်၏အရေးကြီးသောစိတ်နေသဘောထားများ ပို့မိုသာလွန်ကြောင်း လေ့လာတွေ့ရှိရ၏။ အထက်မပြတ်ကြားနေရသော db Level မြင့်မားသည့်ဆူညံသံများကို ကြားနေရသူသည် အလွယ်တကူဒေါသထွက်စေနိုင်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက်ကြားလိုက်ရသော ဆူညံသံကြီးများကလည်း ထိတ်လန့်တုန်လှုပ်စေပါသည်။ သုံးပေအကွာအဝေးကြားရသော မော်တော်ကားတစ်စီး၏ အာမခံဟွန်းသံသည် အမြင့်ပေ(၂၀၀)တွင်ပျံသန်းနေသောလေယာဉ်အင်ဂျင်စက်မှထွက်ပေါ်လာသည့်အသံပမာဏနှင့်ညီမျှပြီး 120 db အထိ ရှိပါသည်။ ထော်လာဂျီများ၏စက်သံသည် 100 db မှ 110 dbအထိလည်းကောင်း၊ ရော့ကေးဂီတများ၏ ဆူညံသံအဆင့်သည် 120 db အထိရှိကြ၏။ db မြင့်မားသောအသံများသည် အများသူငါသွားလာနေကြသောနေ့အချိန်၌ပင် သိသာသောအနှောင့်အယှက်ဖြစ်နေသည့်အတွက် လူခြေတိတ်ဆိတ်သည့် ညအချိန်များတွင်မူ ဆိုဖွယ်ရာမရှိတော့ပေ။

ညဘက် အိပ်စက်အနားယူနေသောအချိန်တွင် 45 db အဆင့်ရှိအသံပမာဏသည် အိပ်ပျော်နေရာမှ လန့်နိုးခြင်း၊ အိပ်မပျော်သောအနှောင့်အယှက်ကိုဖြစ်စေနိုင်၏။ db မြင့်မားသောဆူညံသံကြီးများသည် အမိဝမ်းတွင်း၌ရှိနေသောသန္ဓေသားကိုပင် ထိခိုက်မှုဖြစ်စေနိုင်၏။ လေဆိပ်အနီးတွင်နေထိုင်သောကိုယ်ဝန်ဆောင်မိခင်လောင်းများသည် ကိုယ်အလေးချိန်မပြည့်သောကလေးများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများ၊ ကျောနိုးဆစ်မူမမှန်သောကလေးများကို မွေးဖွားစေကြောင်းတုန်လှုပ်ဖွယ်ရာတွေ့ရှိခဲ့ကြရ၏။ မွေးကင်းစကလေးငယ်များ၏ ပတ်ဝန်းကျင်တွင် ကျယ်လောင်သောသီချင်းသံများ၊ ဆူညံသောအသံမျိုးစုံတို့ကို အချိန်ကာလကြာမြင့်စွာကြားနေရပါက ယင်းကလေးများသည် ပုံမှန်ထက်နောက်ကျပြီးမှ စကားပြောတတ်ကြကြောင်း သုတေသနတစ်ခုခွတွေ့ရှိရပါသည်။

ဆူညံသံများသည် လူသားများကို သာမက တိရစ္ဆာန်များ၏ သဘာဝရှင်သန်နေထိုင်မှုပုံစံများအပေါ်၌ သက်ရောက်မှုရှိစေကြောင်း လေ့လာတွေ့ရှိရပါသည်။ မိတ်လိုက်ရာသီတွင် အချင်းချင်းဆက်သွယ်သော သဘာဝစနစ်ကို ဆူညံသံများက ရှုပ်ထွေးသွားစေပြီး မျိုးစိတ်တူအချင်းချင်းပြုလုပ်သည့် ဖို/မ အချက်ပြစနစ်ကို နားမလည်တော့သည့်အတွက် မျိုးပွားမှုကိုထိခိုက်စေပါသည်။ သဘာဝအလျောက် နေ့ခင်းပိုင်းများ၌သာ တွန်ကျူးလေ့ရှိသော သပိတ်လွယ်ငှက်ကလေးများသည် ဆူညံလွန်းသော



ပတ်ဝန်းကျင်ကြောင့် အလေ့အကျင့်ပြောင်းသွားပြီး လူခြေတိတ်သည့်ည အချိန်ရောက်မှသာ တွန်ကျူးလာကြကြောင်း လေ့လာတွေ့ရှိခဲ့ရပေသည်။ လူတို့နှင့်နီးကပ်စွာယဉ်ကျေးလိမ္မာသည့် ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော တိရစ္ဆာန်များသည်ပင် ဆူညံလွန်းသောပတ်ဝန်းကျင်အသံများကြောင့် စိတ်ဖောက်ပြန်ပြီး ထိန်းကျောင်းကျွေးမွေးနေသောသခင်ကိုပင် ရန်ပြုလာတတ်သည်ကို မကြာခဏ ကြုံတွေ့ကြရပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးစည်းကမ်းရှိသည့်နိုင်ငံများသည် ဆူညံသံများ၏ အပြစ်ကို ကောင်းစွာသိရှိသည့်အတွက် ဆူညံသံနှင့်ပတ်သက်၍ ဥပဒေများ ပြဋ္ဌာန်းထားရှိပြီး ထိရောက်စွာလိုက်နာဆောင်ရွက်လေ့ရှိကြပါသည်။ အများပြည်သူသွားလာလှုပ်ရှားသည့်နေရာများ၊ ဆေးရုံများ၊ ကျောင်းများ စသည့်နေရာများတွင် ရှိသင့်ရှိထိုက်သည့်အသံနှင့် ဆူညံသံဟူ၍ နေရာဒေသနှင့် အချိန်ကာလအလိုက် ခွဲခြားသတ်မှတ်ထားလေ့ရှိ၏။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံတွင် လူနေအိမ်ခြေရှိသင့်သည့်ဆူညံသံကို နံနက်(၆)နာရီမှည(၁၁)နာရီအထိ သာခွင့်ပြုပြီး ရုံးပိတ်ရက်၊ အားလပ်ရက်များတွင် နေအိမ်ပြုပြင်ခြင်း အပါအဝင် သီချင်းသံကျယ်လောင်စွာဖွင့်ခြင်းကိုပင် တားမြစ်ပိတ်ပင်ထား၏။ ည(၁၁) နာရီကျော်လျှင် စကားကိုပင် ကျယ်လောင်စွာ အော်ဟစ်ပြောဆို၍မရကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း နေအိမ်ပြင်ပအလုပ်ခွင်များမှထွက်ရှိသည့်အသံဆူညံမှုကို စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။ ရပ်ကွက်/ကျေးရွာအတွင်း အသံချဲ့စက်ဖွင့်ခြင်းနှင့် စပ်ဆိုင်သည့်ခွင့်ပြုချက်ကို ဒေသန္တရဥပဒေအရ ကန့်သတ်ထားပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများကို ဆုံးဖြတ်ပိုင်ခွင့်ပေးထားပါသည်။ သို့သော်လည်း အလှူခံမဏ္ဍပ်နှင့်တကွ ဘာသာရေးအခမ်းအနားများတွင် အသံချဲ့စက်အသုံးပြုခြင်းကို ခွင့်ပြုချက်တောင်းခံသူမရှိသလောက်ဖြစ်နေပြီး သက်ဆိုင်ရာများကလည်း ဘာသာရေးကိစ္စဖြစ်နေသည့်အတွက် အကျယ်မပွားလိုတော့သဖြင့် နားလည်မှုဖြင့် ခွင့်လွှတ်ပေးလိုက်သည်ကများနေပါသည်။ အသံချဲ့စက်ခွင့်ပြုအမိန့်ကို ဒေသန္တရဥပဒေနှင့် ထိန်းချုပ်ထားသည့်အပြင် ပတ်ဝန်းကျင်နှောင့်ယှက်မှုဖြင့် တရားစွဲဆိုနိုင်သည့်ဥပဒေရှိသော်လည်း ဥပဒေပြဋ္ဌာန်းထားပြီး နှစ်ပေါင်း (၇၀) ကျော်သည့် ယနေ့ကာလအထိ ပတ်ဝန်းကျင်ဆူညံမှုဖြင့် တရားစွဲဆိုသည့် စီရင်ထုံးများ မပေါ်ပေါက်သေးကြောင်း တရားရုံးချုပ်ရှေ့နေကြီး ဦးအုန်းညွှန့်က ပြောကြားခဲ့ကြောင်း မှတ်သားမိပါသည်။

မြန်မာလူမျိုးများ၏အားနာလိုက်လျောမှု၊ ဘာသာသာသနာရေးလုပ်နေတာကိုသွားပြောလျှင် အပြစ်ဖြစ်မည်ဟု တွေးကောစိုးရိမ်မှု၊ အကျယ်အကျယ်မပွားလိုမှု စသည်တို့ကြောင့် ဆူညံသံများကို နေ့စဉ်နှင့်အမျှ မကြားလိုသော်လည်း ကြားနေကြရ၏။ အသံဆူညံမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဥပဒေအကြောင်းအရ အရေးယူသည်ဖြစ်စေ၊ အရေးမယူသည်ဖြစ်စေ မိမိတို့သည် ဗုဒ္ဓဘာသာသာသနာဖွံ့ဖြိုးသောတိုင်းပြည်တွင်နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက် တိတ်ဆိတ်ငြိမ်သက်မှုကို လွန်စွာမြတ်နိုးတော်မူသော မြတ်ဗုဒ္ဓ၏ အဆုံးအမတစ်ရပ်ကို လေးစားလိုက်နာခြင်းဖြင့် မိမိ၊သူတစ်ပါး ချမ်းသာကြစေဖို့ ဆူညံသံများလျော့ချဖို့ဟု တိုက်တွန်းဆန္ဒပြုလိုက်ရပေသည်။

ချစ်ဝိုဋ်(မော်ကွန်း)

ကိုးကြမ်း -

၁။ ပါမောက္ခချုပ်ဆရာတော်ဦးဝိစိတာနန္ဒမာလာဘိဝံသ၏တရားတော်များ

၂။ သိပ္ပံစာရေးဆရာ ကိုအောင်၏ ကျန်ပ်တို့နှင့်ဆူညံသောပတ်ဝန်းကျင်

၃။ သတင်းမှတ်စုများ

www.burmeseclassic.com

www.burmeseclassic.com

မုံရွာမြို့နယ် သာစည်ရွာ ဆည်တော်မြင်ဘုရားပူဇော်မှုခရီး

မောင်ရေခဲမိုး(မြောင်)

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ရွာသည် မုံရွာမြို့သာစည်စျေးမြောက်ဘက် တမာတန်းနှင့် ကတ္တရာလမ်းအရှေ့ဆီသို့ထွက်လိုက်လျှင် ဆိုင်ကယ်ဖြစ်စေ၊ သာစည်ရွာမှ ကားဖြင့်ဖြစ်စေ သို့မဟုတ် မုံရွာ-ရွှေဘို ဖြတ်လမ်းသွား အရာတော်နှင့် ရွှေဘို ကားများဖြင့်ဖြစ်စေ သင့်ရာစီးရှိခရီး ဆက်လျှင် သာစည်ရွာကို ရောက်ရှိပါမည်။

ယခင်ကအသွားအလာပြတ်လတ်ပြီး ကားအသွားအလာနည်းခဲ့သော်လည်း ယခုအခါ ကျောက်ခင်းလမ်းမကတ္တရာလမ်းအဆင့်သို့ ရောက်ရှိကာ ယာဉ်ကြီးယာဉ်ငယ်များဖြင့် အချိန်မရွေးပင် သွားလာနေပြီ ဖြစ်ပါသည်။ သာစည်ရွာထဲရောက်လျှင် သာစည်ဆည်ဘောင်သွားလမ်းမှ တောင်ဘက်(လက်ယာ)လမ်းအတိုင်းလိုက်သွားလျှင် ဆည်တော်မြင်ဘုရားကို ဖူးတွေ့ရမည်ဖြစ်သည်။



■ ဆည်တော်မြင်စေတီအစ သာစည်ဆည်တော်က

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အထူးစီမံကိန်းကြီးများအကောင်အထည်ဖော်ရေးအစည်းအဝေးအမှတ်စဉ်(၁/၉၅)တွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး၏ တင်ပြချက်အရ အလယ်ပိုင်းကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းတစ်ခုအဖြစ် သာစည်ရေလှောင်တမံကြီးကို တည်ဆောက်ပါသည်။ ရေလှောင်တမံဧရိယာအတွင်း မလွတ်ကင်းသော စေတီအကောင်း၊ အပျက်(၂၂)ဆူကိုပြောင်းရွှေ့ရာတွင် နှေးဟောင်းဆင်းတုတော်များ၊ ဓာတ်တော်များနှင့် ကျောက်သံပတ္တမြားဌာပနာပစ္စည်းများ ရရှိခဲ့ပါသည်။

မုံရွာမြို့နယ် သာစည်ရွာ၏အရှေ့တောင်ဘက် ရွှဲတောင်ကုန်းပေါ်တွင် မူလကပျက်စီးနေသောစေတီငုတ်တို့၏ ဥမင်လိုဏ်အတွင်း စံပယ်တော်မူသော ရှုပ်ပွားတော်အမြင့်၏ ဉာဏ်တော်မှာ (၅) ပေခန့်ရှိပါသည်။

မူလစေတီတော်နှင့် ရှုပ်ပွားတော်ကို ခြုံငုံကာ ဉာဏ်တော်အမြင့် (၁၀၈) ပေ၊ အောက်ခြေအချင်း (၁၀၀) ပေရှိ ရွှေတိဂုံဘုရားစေတီပုံစံတူစေတီတော်တည်ရန် ၂၉-၁-၉၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့တွင် စတင်ပန္နက်ရိုက်ပြီး တည်ထားခဲ့ပါသည်။

စေတီတော်ကြီး၏တတိယပစ္စယ်အရောက်တွင် စေတီတော်ကြီးအတွင်း ရှိရှုပ်ပွားတော်မှာ မွန်းကျပ်နေကြောင်းကို စေတီတည်စဉ်က ပါဝင်ခဲ့သော နယကဆရာတော် ဟောဓိတစ်ထောင်ဆရာတော်အား အိပ်မက်ပေးရာ ဟောဓိတစ်ထောင်ဆရာတော်က တတိယပစ္စယမှ အချင်း (၄) လက်မခန့်ရှိ ကွန်ကရစ်ကို ဖောက်ထည့်သွင်းပေးရာ ရှုပ်ပွားတော်၏အထက်နားဦးခေါင်းတော်အထိ ရောက်ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်မြတ်ကြီးရှေ့မှခ်ဉ်းနှင့်ဖူးတွေ့ရစဉ်



တဝဂူဓမ္မသိဒ္ဓိဘုရားကြီးအားယနေ့ဖူးတွေ့ရစဉ်



ထူးခြားသည့် ရွေးဟောင်းဆင်းတုတော်

သိမ်တိုက်အတွင်းမှ ထျောင်းတော်မူဘုရားနှင့် ဆရာတော်



ထိုတရစ္ဆတောင်းပြည့်ရုပ်ပွားတော်

၁၅-၆-၁၉၉၅၊ သင်္ကြာရက် ၁၃၅၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့တွင် ဆည်တော်မြင်စေတီတော်' ဟူသော ဘွဲ့အမည်တော်ဖြင့် ရွှေထီးတော်တင်လှူအနေကဇာတင်မင်္ဂလာဆင်ယင်ကျင်းပအောင်မြင်ခဲ့၏။

■ နာယကဆရာတော်များနှင့် ဒါယကာများသခ္ဓါပွား

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဒုတိယဝိုလ်ချုပ်ကြီး မြင့်အောင်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှမြင့်ဆွေတို့၏ လျှောက်ထားချက်အရ စေတီတော်ကြီးတည်ထားရာတွင် ဗောဓိတစ်ထောင်ဆရာတော် အပါအဝင် နာယကဆရာတော် (၃) ပါး၊ ဩဝါဒိစရိယဆရာတော် (၆) ပါး၊ ဦးစီးကော်မတီ(၁၂)ဦး၊ ကျွမ်းကျင်လုပ်သား (၃၅၀၄၀) ဦးနှင့် ဒေသခံလုပ်အားဒါန ရှင် (၅၁၉၇၂) ဦးတို့ဖြင့် တည်ထားပြီးစီးအောင်မြင်ခဲ့ကြောင်း မော်ကွန်းကျောက်စာရေးထိုးထားပါသည်။

တစ်ဖက်မော်ကွန်းတွင် စေတီတော်ကြီး၏ထီးတော်အမြင့်မှာ (၂၇)ပေ ရှိပြီး စိုက်ပျိုးရေးဝန်ကြီးဌာနမှ ကျပ် (၁,၀၀၀,၀၀၀)၊ အများပြည်သူများလှူဒါန်းငွေ (၈,၅၇၁,၁၀၅ ကျပ်) စုစုပေါင်းကုန်ကျငွေ (၉,၅၇၁,၁၈၅ ကျပ်) ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်ကိုတွေ့ မြင်နိုင်ပါသည်။

■ အိပ်မက်အရ တူးဖော် ပွင့်ထွန်းပေါ်သည့် ရုပ်ပွားတော်

ဆည်တော်မြင်ကျောင်းမှာ ဆရာတော်ဦးဉာဏ စတင်သီတင်းသုံးစဉ် (၆) လအတွင်းမှာ ဘုရားဘက္ခာစောင့် ညီအစ်မသုံးဖော်မှ လိုဏ်ဖွင့်ပေးရန် လျှောက်ထားရာ ဦးဉာဏက ဗောဓိထောင်ဆရာတော်ကြီးအား လျှောက်ထားပါသည်။ ဗောဓိတစ်ထောင်ဆရာတော်ကြီးသည် တည်ထားဆဲ ရုပ်တော်မူကြီးမပြီးမီ ပျံလွန်တော်မူခဲ့သဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပေ။

၁၃၆၄ ခုနှစ်၊ တပို့တွဲလကွယ်နေ့မှာ ဘုရားစောင့်ညီအစ်မသုံးဖော်မှ လူယောင်ဖန်ဆင်းပြီးလာရောက်လျှောက်ထားရာ ဆရာတော်မှာလန့်ပြီးပြေးမိပါသည်။ ညီအစ်မသုံးဖော်က တစ်နေ့ကန်တော့ပွဲ (၂၇) ပွဲ၊ သံဃာ (၂၄) ပါး နှင့် (၄၇) ရက်တိတိပွဲပေးပြီး ဖွင့်လှစ်ရမည်ဟုပြောကြားသည်ကို တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမင်းကြီး ဦးသိန်းအောင်တို့ တင်ပြပြီး ဆရာတော်မြတ်ထံ ဩဝါဒခံယူရာ ရွှေဂူဆရာတော်၊ ရွှေဘို ဆရာတော်နှင့် ကျားတွင်းဆရာတော်တို့မှ ဘုရားဖွင့်တာ ဘုရားပွင့်တာနှင့် အတူတူပဲဟု ဆရာတော်ကြီးများက

www.burmeseclassic.com

www.burmeseclassic.com

၂၄-၁၂-၂၀၀၈
တဝဂုဘုရားလိုဏ်ဂူ စတင်တွေ့ရှိန်

၇-၁-၂၀၀၉
ကျောက်တုံးများဖယ်ပြီးစမှတ်တမ်း

၇-၁-၂၀၀၉ နေ့ ရုပ်ပွားတော်မြတ်ကြီး
အားလုံးရှင်းလင်းသန့်စင်ပြီးမှတ်တမ်း

၆-၁-၂၀၀၉ နေ့ စတင်တူးဖော်စအချိန် ဗောဓိတစ်ထောင်ဆရာတော်၏လေပိုက်ကို တွေ့ရှိရစဉ်

ဘုရားကြီးပန်းချီမှတ်တမ်းများနှင့်
တဝဂုဓမ္မသီရိစောင်းတန်း

ဆည်တော်မြင်ကျောင်းတိုက်ဆရာတော် သီတင်းသုံးရာ ဥဏ္ဍသုခကျောင်းတိုက်

ပြန်လည် မိန့်ကြားရာ ဖွင့်ခွင့်ရခဲ့၍ ဆရာတော်ဦးဥဏ္ဍမှာ ဝမ်းသာအားရ နှင့် ၁၆-၁၂-၂၀၀၈ တွင် ကျွမ်းကျင်ပညာရှင်များဖြင့် စေတီတော်ကို ပန္နက်တင်ပြီး စတင်ဖွင့်လှစ်ခဲ့ပါသည်။

ဖွင့်လှစ်စဉ်မှာပင် ကျောက်တုံးကျောက်ခဲများလိမ့်ဆင်းလာလေသည်။ အန္တရာယ်ရှိသောကြောင့် ပုံစံများဖြင့် ကာရံကာ လိုဏ်ဂူဖွင့်ခြင်းကို ရပ်ဆိုင်းခဲ့ရပါသည်။

ဆရာတော်ဦးဥဏ္ဍအား ဘုရားစောင့်ညီမသုံးဖော်မှ အန္တရာယ်ကင်းအောင်စောင့်ရှောက်ပါမည်ဟု တတိယအကြိမ်အိပ်မက်ပေးပြန်သည်။

ဆရာတော်ဦးဥဏ္ဍသည်လည်း ရုပ်ပွားတော်ကြီး ကျောက်တုံးကျောက်ခဲသဲများဖြင့် ကျပ်ညပ်စံပယ်တော်မူနေသည်ကို ကိုယ်စိတ်နှစ်ပါးမအေးချမ်းနိုင်ဘဲရှိရာ ဆရာတော်သည် လိုဏ်ဂူရှေ့မှာ ရပ်လျက် အသက်သေချင်သေပါစေ၊ ရုပ်ပွားတော်ကြီးအား ပိတ်လှောင်ခံရခြင်းမှ လွတ်ကင်းအောင် လိုဏ်ဂူအား ရအောင်ဖွင့်မည်ဟု အမိဋ္ဌာန်ပြုပြီး ဆရာတော်ကိုယ်တိုင် ကျောက်တုံးများကို သယ်ထုတ်ခဲ့ရာ ၂၄-၁၂-၂၀၀၈ နေ့တွင် မူလလိုဏ်ဂူတော်ကို စတင်တွေ့ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆည်တော်မြင်ကျောင်းတိုက်မုခ်ဦးရှေ့မှ ဆရာတော်ဦးဥာဏ

ဆည်တော်မြင်ဘုရားစောင့်ညီအစ်မသုံးဖော်ရုပ်တု



ဆည်တော်မြင်ကျောင်းတိုက်အတွင်းမှ သီမိတိုက်

ဥဏ္ဍသုခကျောင်းတိုက်အတွင်း ဆရာတော်အဖူးမြော်ခံယူနေစဉ်

ကျောင်းတိုက်အတွင်းမှ သာသနိကအဆောက်အအုံများ

၆-၁-၂၀၀၉ ရက်၊ အင်္ဂါနေ့တွင် စတင်တူးဖော်စအချိန် ဟောဓိတစ်ထောင် ဆရာတော်ကြီး၏ လေးလက်မကွန်ကျူး လေပိုက်ကို ရုပ်ပွားတော်အထက်တွင် တွေ့ရှိရသည်။

၇-၁-၂၀၀၉ နေ့ ရုပ်ပွားတော် မြတ်ကြီးအားလုံး ဖယ်ရှားရှင်းလင်းပြီး မူလအတိုင်းဖူးမြင်ကြရသည်။ နှစ်ပေါင်း (၁၅) နှစ်ကြာ ပိတ်လှောင်ခံရသော ရုပ်ပွားတော်ကြီးအား ဖူးမြင်သန့်ရှင်းပြီး သောအချိန်မှာ ရုပ်ပွားတော်မြတ်ကြီးမှ ရောင်ခြည်တော်များကွန့်မြူးရာ သံဃာတော်များနှင့် ပရိသတ်များ ဖူးမြော်ကြရပါသည်။

ထူးခြားသည်မှာ လိုက်ဂူတော်ဖွင့်နိုင်ရန် ညီအစ်မသုံးဖော်မှ ဆရာတော်အား နဖူးတွင်ပေးထားသော စမအနီရောင်သည် ရုပ်ပွားတော်ကြီးစတင်ဖူးမြင်ရသည့်အချိန်တွင် အလိုလိုပျောက်ကွယ်သွားပါသည်။

■ ရဟန်းဖြစ်လာချိန်အခါ

ဖခမည်းတော် ဦးရွှင်၊ မယ်တော် ဒေါ်စန်းရင်တို့၏ သားသမီး(၅)ယောက် အနက် ဒုတိယမြောက်သားအဖြစ်ပါသည်။ မုံရွာမြို့နယ် သာယာစုကျေးရွာ သာယာစုသိမ်တော်ထူး သာစည်ရွာ မဇ္ဈိမာရုံကျောင်းဆရာတော်ဦးဇောတိကကို ဥပဇ္ဈာယ်ပြုလျက် မြန်မာသက္ကရာဇ်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတိုက်အတွင်းမှ သာသနိကအဆောက်အအုံများ



ရှပ်ပွားတော်မြတ်ကြီးရွေ့ဖယ်ထုတ်ရာမှရသော
ကျောက်တုံး။ ကျောက်ခဲဖြင့် တည်ဆောက်ထားသော မိုးရေကန်



ဆည်တော်မြင်ဘုရားသမိုင်းကျောက်စာ



ဆည်တော်မြင်ဘုရားဥာဏ်တော်နှင့်
ခေတ်အလိုက် ကုန်ကျစရိတ်များမှတ်တမ်း

၁၃၅၂ ခုနှစ်၊ နယုန်လဆန်း ၉ ရက်နေ့ မင်္ဂလာအချိန်တွင် ဘွဲ့တော် ဦးဥာဏာအမည်ဖြင့် မြင့်မြတ်သော ရှင်ရဟန်း အဖြစ်သို့ ရောက်ရှိတော်မူပါသည်။

စာပေပညာများကို မုံရွာမြို့ မြို့မ ရွှေဂူကျောင်းတိုက်တွင် ကျမ်းကြီးပေါက် သင်ယူခဲ့ပါသည်။

ဆည်တော်မြင်စေတီခေါ် တစ်ဝဂု ခမ္မသိဒ္ဓိဘုရားကပ်လျက် ၁၀ည်တော်မြင် ကျောင်း၏ပထမကျောင်းထိုင်ဆရာတော် ဦးဥတ္တမက သက္ကရာဇ် ၁၃၅၉ ခုနှစ်အထိ (၂) နှစ် ကျောင်းထိုင်ခဲ့ပါသည်။

ဒုတိယဆရာတော် ဦးသာဂရမှာ ၁၃၆၂ ခုနှစ်အထိ (၁) ဝါ ကျောင်းထိုင်ခဲ့ပါသည်။ သက္ကရာဇ် ၁၃၆၂ ခုနှစ်တွင် မိုးများစွာရွာသွန်းခဲ့သဖြင့် ရွှေထီးတော်ကြီးစောင်းသွား၍ ဗောဓိတစ်ထောင် ဆရာတော်ကြီးကြွရောက်လာစဉ် ဦးပဉ္စင်း ဦးဥာဏာအား အရှင်ဘုရားမှတစ်ပါး အခြားပုဂ္ဂိုလ်များနေမရနိုင်။ အရှင် ဘုရား ကျောင်းထိုင်အဖြစ် သီတင်းသုံး ရန် အမိန့်ရှိပါသည်။

ဆရာတော်ဦးဥာဏာသည် ယနေ့ အထိတိုင် ဆည်တော်မြင်ကျောင်းမှာ သီတင်းသုံးလျက်ရှိပါသည်။ ထိုအချိန်က စစ်ကိုင်းတိုင်းမင်းကြီး ဦးသိန်းအောင်က ဆရာတော်ဦးဥာဏာ သီတင်းသုံးရန် ကျောင်းကိုအပ်ခဲ့ပါသည်။

■ ကျင့်ကြံပွားများနိစ္စဓုဝလုပ်ငန်းများ

ဆရာတော်ဦးဥာဏာသည် ဆည်တော်မြင်ကျောင်းရောက်သည့်အချိန်မှစ၍ နေ့စဉ် နမောတဿဘုရားရှိခိုးဖြင့် ပဌာန်းနိဒ္ဒေသအား (၂) နာရီခန့် ရွတ်ဖတ်ပူဇော်ပါသည်။

နံနက် (၃) နာရီ၊ (၃၀) မိနစ်အိပ်ရာထပြီး မိမိကိုယ်တိုင်လျှပ်စစ်မီးမရခင် က ထင်းလောင်စာဖြင့် ဆွမ်းနှင့် ဆွမ်းဟင်းလေးခွက်ချက်၍ မုန့်ဆွမ်းသုံးပွဲဖြင့် မြတ်စွာဘုရား၊ရှပ်ပွားတော်မြတ်ရွှေ့မှာ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို အာရုံထဲမှာပေါ်အောင် အမှတ်သတိဖြင့်ကပ်လှူပါသည်။

ကိုယ်တိုင်ကပ်လှူပြီး ဘုရားရှင် ဆွမ်းဘုဉ်းပေးနေတာကို အာရုံမှာထင်မှတ်ပြီး ယပ်တော်ခပ်ပေးသော ဝေယျာဝစ္စကို ဝတ်မပျက်မကွက် ဆောင်ရွက်ပါသည်။

ဘုရားဘဏ္ဍာစောင့်များဖြစ်သော မမကြီး၊ မမလတ်နှင့်မမငယ်တို့ကို နေ့တိုင်း ဘုရားလာရောက်လှူဒါန်းကြသူများကို မိမိတို့၏ စွမ်းအားဖြင့် ကူညီပေးကြပါရန် ညစဉ်မိန့်မှာကြားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တဝဂူထိုတ် စတင်ဖွင့်ထုစ်စမြင်ကွင်းပန်းချီ



ဆည်တော်မြင်ရုပ်ပွားတော် တူးဖော်ထားပုံအဆင့်ဆင့်ပန်းချီ

ဆည်တော်မြင်ဘုရားစောင့်သိုက်နန်းရှင်ညီအစ်မသုံးဖော်ပန်းချီ



ဆည်တော်မြင်တဝဂူစမူသိဒ္ဓိစေတီတော်မြတ်ကြီးသမိုင်းအကျဉ်း

■ ရွှတ်ဖတ်ပူဇော် မဟာပဋ္ဌာန်းပွဲတော်

ယခုနှစ်ပါဆိုလျှင် (၈) ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းပွဲကို နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်မှ ၈ ရက်နေ့အထိတိုင် ပင့်သံယာတော်အရှင်မြတ်များက ရွှတ်ဖတ်ပူဇော်ကြပါသည်။

တပေါင်းလပြည့်နေ့တွင် ဘုရားဥစ္စာစောင့် ညီအစ်မသုံးဖော် လျှောက်ထားချက်များနှင့်အညီ (၃၁) ဘုံကျင်လည်ကုန်သောဝေနေယျများကျွတ်လွတ်သာခုခေါ်ဆိုနိုင်ကြစေရန် ပင့်သံယာတော် (၃၁) ပါးတို့ကို ပင့်ဖိတ်လျက် ဆည်တော်မြင်မြတ်စွာဘုရားဗုဒ္ဓပုဇနိယပွဲတော်ကို ကျင်းပလျက်ရှိပါသည်။

■ ကျောင်းတိုက်အတွင်းမှာ ကြည်ညို ဖွယ်ရာ

ဆည်တော်မြင်ကျောင်းတိုက်သို့ မြန်မာနှစ် ၁၃၆၃ ခုနှစ်၊ သက်တော်(၃၀) ဝါတော် (၁၀) ဝါအရ စတင်ကျောင်းထိုင်စဉ်က ထန်းလက်တဲဆောစ်လုံးနှင့် တိုက်တစ်လုံးသာရှိခဲ့ပါကသည်။

ဘုရားရုပ်ပွားတော်မြတ်ကြီးပွင့်တော်မူစဉ်ကထွက်ကျလာသော ကျောက်တုံးကျောက်ခဲများကို ကျောင်းအဝင်လမ်းဘေး မိုးရေကန်ကြီးတည်ဆောက်ထားရာမှာ အသုံးပြုထားပါသည်။

ယခုမြင်တွေ့နေရသောကျောင်းတိုက်တာမျှားနှင့် သာသနိကအဆောက်အအုံများမှာ အဓိဋ္ဌာန်အောင်သူများကလာရောက် ကုသိုလ်ပြုဆောက်လုပ်လျှူဒါန်းထားကြသော ရုပ်ပွားတော်များနှင့် တိုက်တာများဖြစ်ကြပါသည်။

ဘုရားသိမ်တိုက်တော်အတွင်းရှိ လျောင်းတော်မူရုပ်ပွားတော်မြတ်၏ ပုံစံကိုယူ၍ ဗောဓိတစ်ထောင်ကျောင်းတိုက်အတွင်းမှ လျောင်းတော်မူကြီးကို တည်ထားသည်ဟုသိရပါသည်။

ဆရာတော်ကြီး သီတင်းသုံးရာကျောင်းတိုက်မှာ ဉာဏသုခကျောင်းတိုက် ဖြစ်ပါသည်။

အလိုတော်ပြည့်ဘုရား၊ ရှေ့ဟောင်းရုပ်ပွားတော်မြတ်နှင့် ဆည်တော်မြင်တစ်ဝဂူစမူသိဒ္ဓိဘုရားကြီးသည် ကြည်ညိုသဒ္ဓါပွားများဆုတောင်းနိုင်သော နေရာထူးတစ်ခုဖြစ်ကြောင်း သဒ္ဓါဘုရားဖြင့် ရေးသားပူဇော်ရပါသည်။

မောင်ခေချမ်း(မြောင်)

www.burmeseclassic.com

www.burmeseclassic.com

အုံကြွေယိ
ဘေးရန်ကင်းကွာ သုံးပါးရတနာမြတ်ဂါထာ

(၁၁၅) မိုင် ယာဉ်ရပ်နားစခန်း ရောက်တော့ သန်းခေါင်ယံ (၁၂) နာရီ ကျော်နေပြီ ဖြစ်သည်။ မန္တလေးကနေ ထွက်လာသည်မှာ ညနေစောင်း (၆)နာရီ တွင် ဖြစ်သည်။ ဆေးဝါးကျွမ်းကျင် တက္ကသိုလ်တွင် တက်ရောက်နေသော သားဖြစ်သူ နေမကောင်းသဖြင့် ဆေးရုံ ကြီးတွင် တက်ရောက်နေရကြောင်း အကြောင်းကြားလာ၍ ဆရာတပည့် နှစ်ဦး မန္တလေးမှ ရန်ကုန်သို့ ကမန်းက တန်းဆင်းလာခဲ့ကြခြင်း ဖြစ်သည်။ ခရီး တစ်ဝက်ကျော်လာပြီမို့ ကားStandတွင် ကားကိုထိုးကာ ခြေညောင်းလက်ဆန့် အကြောဖြေ၍ အပေါ့အပါးသွားကြ သည်။ ပြီးမှ နီးစပ်ရာ၏ အစွန်ဆုံးဆိုင် သို့ဝင်ကာ အဆာပြေထမင်းဆီဆမ်းကို ကြက်သားကြော်နှင့်စား၊ လက်ဖက်ရည် တစ်ခွက်စီသောက်ကြသည်။ နာရီဝက် ခန့်နားရင်း ဆိုင်၏ရှေ့ဘက်နံဘေးတွင် ခင်းထားသော ထန်းလက်ပက်လက် ကုလားထိုင်လေးတွင် ကျောဆန့်ပြီး မျက်စိမှိတ်ကာ အနားယူမိသည်။ မှေး ခနဲဖြစ်သွားစဉ် ဘေးနားအမှောင်ရိပ်မှ တီးတိုးစကားသံများကြား၍ မျက်လုံး မှေးကာမသိမသာကြည့်မိသည်။လူလေး၊ ငါးဦးက မိမိတို့ဆရာတပည့်နှစ်ဦးကို ကြည့်ကာပြောဆိုနေကြသံဟု ထင်မိ၏။ ခဏနေတော့ ထိုသူများမှာ မိမိ၏ဘေး ဘက်အတန်လှမ်းလှမ်းမှဖြတ်ကာ မှောင် ရိပ်ရှိ ကားပေါ် သို့တက်နေကြသည်ကို မြင်မိပြီး ကားစက်နှိုးမောင်းထွက်ကာ အမြန်လမ်းပေါ် သို့တက်သွားကြောင်း တွေ့ရသည်။ ရန်ကုန်ဘက်သို့ ဦးတည် သွားပြီး ကားပေါ် တွင် လူ(၅) ဦးကိုမြင်ရ သည်။ ကားမှာ နောက်ဘက်နံ အမိုး မပါ Nissan Pickup အမျိုးအစားဖြစ်၍ ရှေ့ခန်းတွင် (၂)ဦး၊ အနောက်ဘက်တွင် (၃) ဦးကို လမ်းမီးရောင်ဖြင့် ရေတွက်နိုင် ခဲ့သည်။ ကားမောင်းသူ၏ ဘေးတွင် လိုက်ပါလာသူမှာ ပါးသိုင်းမွေး၊ မုတ်ဆိတ် မွေးများနှင့် မျက်မှန်အနက်ကြီးတပ်ထား ကြောင်း သတိထားမိလိုက်သည်။

နောက်ထပ်(၁၅) မိနစ်ခန့်အကြာ တွင် တပည့်ဖြစ်သူ သက်ဝင်းက ဆီးရေ ဘရိတ်နှင့် ကားဘီးများစစ်ဆေးပြီး ကြောင်းနှင့် ကားထွက်ရန် အဆင်သင့် ဖြစ်ကြောင်းလာပြောတော့မှ ကိုကျော်ငွေ ကားပေါ် တက်ခဲ့သည်။ ကိုကျော်ငွေ ကားပေါ် ရောက်သည်နှင့် ရန်ကုန်ဆီသို့ ဦးတည်လျက်ကားထွက်ခဲ့သည်။ လက်မှ နာရီကိုကြည့်တော့ နှစ်နာရီတောင်ထိုး တော့မည်။ အိပ်ချင်စိတ်ပြေသွားပြီဖြစ် သဖြင့် နွေသစ်ဆီအကူးတွင် ကုသိုလ် ပွားများစေရန်နှင့် ကျက်သရေမင်္ဂလာ ရှိစေရန် ရသမျှ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်များကို ရွတ်ဆိုပူဇော်နေမိ သည်။ အထူးသဖြင့် သွားနေသော လမ်းခရီး ဘေးအန္တရာယ်ကင်းစေရန်နှင့် သားလေး ကျန်းမာရေးကောင်းစေရန် အတွက် သုံးပါးရတနာမြတ်ဂါထာကို အထပ်ထပ်ရွတ်ပွားပူဇော်ခဲ့သည်။

နာရီဝက်လောက်မောင်းမိတော့ လေကတဖြူးဖြူးတိုက်နေမှုကြောင့်အေး လာသောကြောင့် ကားမှန်တံခါးကိုပိတ် ရသည်။ မှန်ကိုပိတ်ရင်း လမ်းဘေးကို ကြည့်မိတော့ မိုင်တိုင်အမှတ် (၉၈) ဟု ရေးထားသည်ကိုတွေ့ရသည်။ ကိုကျော်

www.burmeseclassic.com

www.burmeseclassic.com

ငွေ ရတနာသုံးပါးဂါထာကို ဆက်ရွတ်နေစဉ် ခပ်လှမ်းလှမ်းမှ အစိမ်းရောင် အလင်းတန်းများလေးငါးခုကို တွေ့လိုက်ရသည်။ လက်နှိပ်မီး၏မှန်ခွက်ကို ရောင်ပြန်စက္ကူပါးကပ်ကာ အသုံးပြုထားသည့် အချက်ပြမီးဟုထင်မိသည်။ စိတ်ထဲတွင် စနိုးစနောင့်ဖြစ်မိ၍ သက်ဝင်းအား -

"မောင်သက်ရေ၊ ကားအရှိန်ကို လျှော့ပြီး ဂရုစိုက်မောင်းစမ်းကွယ်။ ဆရာစိတ်ထဲမှာတစ်ခုခုဖြစ်မှာကို စိုးရိမ်မိလို့ပါကွာ"

ဟုပြောလိုက်ရင်း ကားအရှိန်ကို လျှော့စေသည်။

ကိုကျော်ငွေပြောပြီး (၁၀) မိနစ်တောင်မကြာလိုက်ပါ။ ဒိုင်းဒိုင်းဆိုသည့် ကျယ်လောင်သောအသံနှစ်ချက်ကြားလိုက်ရပြီး ကိုကျော်ငွေတို့၏ SURF ကားလေးမှာ အဝေးပြေးလမ်းမကြီး၏ဘယ်ဘက်ရှိပန်းခုံကိုတိုက်မိကာ ရပ်တန့်သွားခဲ့သည်။

"မောင်သက်၊ ဘာဖြစ်တာလဲကွ၊ အောက်ဆင်းကြည့်စမ်းပါဦး"

ကိုကျော်ငွေ၏ စကားကြောင့် သက်ဝင်းကားပေါ် မှဆင်း၍ အခြေအနေကို ကြည့်ခဲ့ပါသည်။

"ဟာ-ဆရာရေ၊ ကားရှေ့ဘီးနှစ်လုံးစလုံးကွဲသွားတာဗျ"

ကိုကျော်ငွေ မနေသာတော့။ ကားပေါ် မှဆင်းပြီး ကားဘီးများကိုကြည့်ရတော့သည်။

"ဟ - ဟုတ်ပါ့မလားကွ၊ ဘယ်လိုဖြစ်တာလဲ။ ကားဘီးတွေက အသစ်လဲထားတာ တစ်လတောင်မကြာသေးဘူး မဟုတ်လားနော်"

"ဟုတ်တယ်ဆရာ၊ (၁၁) မိုင်ရပ်နားစခန်းမှာတုန်းကလည်း ကားမထွက်ခင် ကျွန်တော်သေချာစစ်ဆေးခဲ့သေးတာခင်ဗျ။ အဲဒီတုန်းက အကောင်းပကတိပါပဲဗျာ"

"အေး-ဒါဆို သံတွေ၊ ဆူးတွေထိတာထင်တယ်ကွ။ အနောက်ဘက်နည်းနည်းပြန်လျှောက်ပြီးလိုက်ကြည့်ရအောင်ကွာ"

ကိုကျော်ငွေတို့ဆရာတပည့် ကားလမ်းအတိုင်း နောက်ပြန်လျှောက်ကြည့်ကြသည်။

"ဟာ-ဆရာရေ ဒီမှာကြည့်ပါဦး။ ပျဉ်ချပ်နဲ့တွဲထားတဲ့ သံချွန်ပြားကြီးဗျ။ သေသေချာချာအကွက်ချပြီး ဖန်တီးထားတာဗျ"

သက်ဝင်းပြသည့်ပျဉ်ချပ်ကိုကြည့်မိသည်။ ပျဉ်ချပ်နံဘေးတွင် တွဲကပ်သံရိုက်ထားသည့်သံပြားကို တွေ့ရသည်။ သံပြားမှ ထိပ်ဘက်၌ မြည့်နေအောင်သ, ထားသည့် အရှည် (၆) ပေခန့်ရှိမည့် ပါးလွှာသောသံပြား ဖြစ်သည်။

"တော်တော်ရက်စက်တဲ့လူတွေကွာ၊ ကားဘီးတွေကွဲပြီး အရှိန်နဲ့ကားမှောက်ရင် အသက်အန္တရာယ်တောင် ဖြစ်စေနိုင်တာပေါ့။ အနီးအနားမှာက လူသူလည်းမရှိ၊ ရွာတွေကလည်းမနီးဆိုတော့ လုပ်ကြံတာသေချာတာပေါ့ကွာ။ တော်သေးတာပေါ့၊ ထောင်ထားတဲ့သံချွန်ပြားက ရှေ့ဘီးနဲ့နင်းပြီးလဲသွားတာမို့ နောက်ဘီးတွေမကွဲတာကွ။ နောက်ဘီးတွေပါကွဲရင်တော့ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး မတွေးရဲစရာပါဘဲ။ မင်းကိုကားအရှိန်လျှော့စေတာလည်း ဘုရားမတားလို့ဆိုရမှာပဲပေါ့။ ဆရာ (၁၁) မိုင်က လုံခြုံရေးစခန်းကို ဖုန်းဆက်အကြောင်းကြားပြီး အကူအညီတောင်းလိုက်မယ်ကွာ"

ကိုကျော်ငွေပြောရင်းဆိုရင်း အိတ်ထဲက မှတ်စုစာအုပ်လေးကို ထုတ်ကာ ဖုန်းနံပါတ်ရှာ၍ လုံခြုံရေးစခန်းများဆီသို့ ဖုန်းဆက်သည်။ သက်ဝင်းကိုလည်း ကားတံခါးများကို Lock ချပိတ်ထားစေပြီး ရှေ့မီးနောက်မီးများဖွင့်ထားရန်နှင့် သတိနှင့်နေရန်မှာရသည်။ လာပါလေပြီ လုံခြုံရေးတွေတော့မဟုတ်။ စောစောက မြင်ခဲ့ရသော အစိမ်းရောင်အလင်းတန်းများ။ လူ (၅) ယောက်ကို ပိုးတဝါးမြင်ရသည်။

ကိုကျော်ငွေတို့ကိုတွေ့ရတော့ -

"ဟာ-ဒီကောင်တွေဘာမှမဖြစ်ပါလားဟ"

အာမေဋိတ်သံဖြင့်ပြောလိုက်သည့် လူတစ်ဦး၏စကားသံကို ကြားရသည်။ ကိုကျော်ငွေတို့နှစ်ဦး၏ အားကိုးရန်မှာ ရတနာသုံးပါးမှတစ်ပါး အခြားမရှိတော့ပါပေ။ ကိုကျော်ငွေက သုံးပါးရတနာမြတ်ဂါထာကို အာရုံစူးနှစ်ရွတ်ဆိုနေမိသည်။

တဖြည်းဖြည်းဖြင့် လူ (၅) ဦးက ကားမီးရောင်ထဲကို ဝင်လာလေပြီ။ ဦးဆောင်လာသူကို ကြည့်မိလိုက်တော့ (၁၁) မိုင်စခန်းမှာ တွေ့ခဲ့ရသည့် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးနှင့် မျက်မှန်အနက်တပ်ထားသည့်လူပင် ဖြစ်သည်။ သူတို့လက်ထဲမှာတော့ ဓားလို၊ တူလို၊ တူးရွင်းလို ပစ္စည်းများကိုင်ထားသည်ကို တွေ့ရသည်။ တစ်စစနှင့်နီးလာတော့ ကိုကျော်ငွေက ဟန်ကိုယ့်ဖို့ဆိုသလိုပင် ခပ်တည်တည်ဖြင့် -

"အကူအညီပေးမယ်လို့ လာကြတာထင်တယ်။ မလိုတော့ပါဘူးကွယ်။ အစ်ကိုတို့ကားလည်း ဘီးပေါက်တာပါ။ ဘာမှအထွေအထူးမဖြစ်ပါဘူး။ အပိုစပယ်ယာဘီးတွေပါပါတယ်။ အစ်ကိုတို့နဲ့အတူလာတဲ့နောက်ကကားလည်းလာနေပါပြီ။ ဒီအနီးအနားကလုံခြုံရေးစခန်းတွေကိုလည်း ဖုန်းဆက်ထားပြီးပါပြီ။ ညီလေးတို့က ရှေ့နားရွာကထင်တယ်နော်။ ဘာရွာလို့ခေါ်သလဲကွယ်၊ မိုင်တိုင်ကလည်း (၉၆) မိုင်လောက်ရှိမှာပေါ့နော်"

စကားရောဖောရောနှင့်လုပ်ကာ တစ်ဖက်ကလည်း ချော့သံ၊ တစ်ဖက်ကလည်းခြောက်သံဖြင့် ပြောလိုက်သည်။ (၉၆) မိုင်ဟု ခန့်မှန်းပြောခဲ့ခြင်းမှာ အစိမ်း ရောင်မီးတန်းလေးများကိုစတွေ့စဉ် လမ်းဘေးမိုင်တိုင်ကိုကြည့်လိုက်တော့ (၉၈) မိုင်ကို သတိထားမိသဖြင့် (၂) မိုင်ခန့်သာမောင်းရသေးရာ ဒီလမ်းပိုင်းမှာ ငါအကုန်သိတယ်ဆိုသည့်ပုံစံဖြင့်ပြောလိုက်ခြင်း ဖြစ်သည်။

မျက်မှန်အနက်နှင့်လူခေါင်းဆောင်သည့်လူတစ်စုမှာ ဇဝေဇဝါဖြစ်ကာ ဘာပြောလို့ဘာလုပ်ရမည်မသိဖြစ် ကုန်ကြသည်။ နောက်မှပြောမိပြောရာ-

"ရွာသာယာပါဗျာ။ ဘာအကူအညီပေးရမလဲဆိုပြီး ကားဘီးပေါက်သံကြားရလို့လာကြတာပါ။ ဘီးဖာတာလဲတာကူပေးရဦးမလားဗျ"

ဟု တစ်ဦးကပြောလိုက်သည်။

ထိုစဉ်မှာပင် ကား၏နောက်ဘက်လမ်းမကြီးဆီမှ ကားမီးရောင်များကိုမြင်ကြရသည်။

"ဟော - ပြောရင်းဆိုရင်းကိုယ်တို့နောက်ကကားနဲ့လုံခြုံရေးကားတွေလာနေကြပါပြီ။ အကူအညီမလိုတော့ပါဘူးကွာ။ အခုလိုလူမှုရေးစိတ်ဓာတ်အပြည့်နဲ့လာကူညီကြတာကို အထူးကျေးဇူးတင်ပါတယ်နော်"

ကိုကျော်ငွေစကားမဆုံးမီမှာပင် ကူညီရန်လာသည်ဆိုသူတစ်စု ပြူးတူးပြာတာအမှုအရာဖြစ်သွားကြကာ ခေါင်းဆောင်လုပ်သူက -

"ပြန်လှည့်ကြမယ်ဟေ့၊ မင်းတို့ဟာ ပစ္စည်းကိုဖြုတ်ပြီး ကားပေါ် အပြေးတင်ကြ။ နောက်ကကားတွေမရောက်ခင် ထွက်နိုင်မှဖြစ်မယ်။ မြန်မြန်လုပ်"

ဆိုသည့် အသံနဲ့ပေးသံကြားရသည်။ ကျန် (၄) ယောက လမ်းပေါ် မှ ဓား

www.burmeseclassic.com

www.burmeseclassic.com

သွားကိရိယာကို တစ်ဖက်လျှင်နှစ်ယောက် ဖြုတ်နေကြသည်။

"ထိန်းထားတဲ့ ဝက်အူတွေလည်း မပြုတ်ဘဲဘာလို့များသွားတပ်ပျဉ်ချောင်းကလဲနေရတာလဲကွ။ တော်တော်ထူးဆန်းတာပဲ"

ဟု တစ်ယောက်၏ ညည်းတွားလိုက်သံကိုကြားရသည်။

"ဟေ့ကောင်တွေ မြန်မြန်လုပ်ကြ၊ မင်းတို့အဖေတွေနီးလာပြီဟ"

ခေါင်းဆောင်လုပ်သူက ပြောပြော ဆိုဆိုဖြင့် ကားဆီသို့ အရင်ပြေးသွားသည်။ ကျန်လူများလည်း ဓားသွားတပ်ပျဉ်ချပ်ကိုသယ်ကာ နောက်မှပြေးလိုက်ကြသည်။ ခဏကြာတော့ ကားမောင်းထွက်သွားသံကိုကြားရသည်။ သူတို့ကားထွက်သည်နှင့် မရှေးမနှောင်းမှာပင် နောက်ဘက်ဆီကမြင်ရသည့် ကားမီးရောင်များလည်းပျောက်သွားခဲ့သည်။

"ဆရာနောက်ကလာတဲ့ကားတွေ ဘာလို့ဒီဘက်ဆက်မလာတာလဲ။ ရပ်နေကြတယ်ထင်တယ်။ ဒီအမြန်လမ်းမကြီးမှာ ခွဲထွက်ချိုးကွေ့စရာလမ်းလည်းမရှိပါဘူးနော်ဆရာ"

"ငါလည်းမသိဘူးလေကွာ၊ အပေါ့အပါးသွားဖို့ ရပ်နေကြတာလားမှမသိတာ"

"ဆရာ ခုနကပြောတဲ့နောက်က ငါတို့ကားလိုက်ပါပြီဆိုတာ ဘယ်ကားကိုပြောတာလဲ။ ကျွန်တော်တို့က တစ်စီးတည်းလာတာလေ"

"အေး - ဟုတ်ပါတယ်၊ ငါတို့က တစ်စီးတည်းလာတာပါ။ ဟိုလူတွေပုံစံကို မသက်သလို ဖိန့်လုံးလှိမ့်လုံးတွေသုံးလိုက်တာပါကွာ။ ဒါပေမယ့် လုံခြုံရေးစခန်းဆီတော့ တကယ်ဖုန်းဆက်ထားတာပါကွ"

ကိုကျော်ငွေတို့ဆရာတပည့်ပြောဆိုရင်း နောက်ကလာမည့်ကားကို မျှော်မိကြသည်။ (၁၅) မိနစ်လောက်ကြာမှ နောက်ဘက်အတော်ဝေးဝေးက ကားမီးရောင်ကိုမြင်ကြရသည်။ အရင်မြင်ခဲ့ရသည့်ကားမီးရောင်များမဟုတ်သည်ကတော့ သေချာသည်။ ယခင်မီးရောင်မြင်ခဲ့ရသောကားများပျက်တာလား၊ ဘီးပေါက်ပြီလားဟု တွေးမိသေးသည်။ ကားမီးရောင်မှာ နီးလာပြီး ကိုကျော်ငွေတို့ ကားအနီးတွင်ရပ်လိုက်သည်။

"လုံခြုံရေးစခန်းကို ဖုန်းဆက်လိုက်တာ ဒီကားပေါ် ကလား ခင်ဗျ"

လုံခြုံရေးအဖွဲ့ ကားဖြစ်ပြီး ပခုံးတွင်ကြယ်နှစ်ပွင့်ဖြင့် ရဲအုပ်တစ်ဦးဆင်းလာကာ ယဉ်ကျေးသိမ်မွေ့စွာမေးခဲ့သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ဆက်တာပါ။ ကျွန်တော်တို့ကားရှေ့ဘီးနှစ်လုံးကွဲသွားတာကြောင့် အကူအညီလိုအပ်လို့ဆက်ရတာပါ"

ကိုကျော်ငွေကအမေးကိုဖြေရင်း (၁၁) မိုင်စနစ်းတွင် တွေ့မြင်ရခဲ့ပုံကစလို့ ကားဘီးကွဲပြီး လူတစ်စုရောက်လာသည်အထိ အဖြစ်အပျက် အခြေအနေများကို အစအဆုံးပြောပြခဲ့သည်။

"အဲတာပဲကြည့်တော့ ဦးလေးရေ၊ ကျွန်တော်တို့လုံခြုံရေးတွေက စည်းကြပ်ထပ်မရှိ လက်ချင်းဆက်မထားနိုင်တော့ ဒီလိုမသမာကောင်တွေကအခွင့်ကောင်းယူပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသလို ကိုယ့်ကျိုးအတွက် သူတစ်ပါးအသက်ကိုမင့်ဘဲ ရက်စက်ယုတ်မာကြတယ်လေ။ အခုလို ညအခါချိန်ဆို သိပ်ဂရုစိုက်ရတယ်။ ဦးလေးတို့ကားဘီးတွေကွဲပြီး လူရောကားပါ ဆိုးဆိုးဝါးဝါး မဖြစ်ကြတာပဲ ကံကောင်းလှပါတယ်ခင်ဗျာ"

လုံခြုံရေးအရာရှိလေးက ပြောခဲ့သည်။

"ဒါနဲ့ တစ်ခုလောက်မေးပါရစေကွယ်။ သားတို့လာခဲ့တဲ့လမ်းမှာ ကားတွေပျက်နေတာ၊ နားနေရပ်နေကြတဲ့ကားတွေ မတွေ့ခဲ့ဘူးလားကွယ့်။ ဒီကနေဆိုရင် နောက်ဘက်လေးငါးဖာလုံလောက်မှာပေါ့"

ဟု မီးရောင်ပျောက်သွားသောကားများအကြောင်းကို ကိုကျော်ငွေကမေးခဲ့သည်။

"ကျွန်တော်တို့စခန်းကထွက်လာကတည်းက ဒီရောက်တဲ့အထိ ဘာကား၊ ဘာယာဉ်မှမတွေ့ခဲ့ပါဘူးခင်ဗျ"

ဟု ရဲအုပ်ကဖြေတော့ ကိုကျော်ငွေတို့ဆရာတပည့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ယောင်နနဖြစ်သွားကြသည်။ ဘာမှတော့ဆက်မပြောမိကြပေ။

ကားပေါ်တွင် အပိုပါလာသောကားဘီးနှစ်လုံးကိုချ၍ ကွဲသွားသောရှေ့ဘီးများတွင် လဲလှယ်တပ်ဆင်ကာ လုံခြုံရေးအဖွဲ့ကို ကျေးဇူးတင်စကားပြော နှုတ်ဆက်လျက် ကိုကျော်ငွေတို့ ဆက်လက်ထွက်လာခဲ့ကြ၏။ ရန်ကုန်မြို့ထဲဝင်တော့ မနက် (၅) နာရီခွဲပင်ရှိနေလေပြီ။ သားရှိရာဆေးရုံကြီးသို့တိုက်ရိုက်သွားခဲ့သည်။ လူမမာဆိုသော သားကလုံးဝနေကောင်းကျန်းမာနေပြီး မနက်စာအိုဇာတင်းနှင့်မုန့်များစားသောက်နေပြီကိုပင် တွေ့လိုက်ရတော့ ကိုကျော်ငွေတစ်ယောက် တစ်ညတာအန္တရာယ်အသွယ်သွယ်ကို တွေ့ခဲ့ရသည်ကိုပင် မေ့ပျောက်ကာ ပီတိနှလုံးရွှင်ပြုံးဝမ်းသာဖြစ်ရပါတော့သည်။

■

"ကဲ - ကိုအံ့ရေ၊ ကျွန်တော့်အဖြစ်ကတော့ ဒါပါပဲ။ သေကံမရောက်သက်မပျောက်လို့ဆိုရမှာပေါ့ဗျာ။ လူယုတ်မာတွေက ကားဘီးတွေကွဲ၊ ကားမှောက်အသက်ပျောက်သည်ထိ ကြံစည်ထားကြတာလေ။ တကယ်လို့ ကားမှောက်ပြီး အသက်မသေရင်လည်း လူကိုသတ်ပြီး ပစ္စည်းလုကြဖို့ အစီအစဉ်ရှိကြတယ်ထင်ပါရဲ့ဗျာ။ ထူးဆန်းတာက ကားမတွေ့ရတဲ့ကားမီးရောင်တွေက ကျွန်တော်တို့ကို ကယ်လိုက်တာပါပဲ။ ကျွန်တော်ကတော့ ရတနာသုံးပါးဂုဏ်တွေးဇူးလို့ အတိအကျပြောလိုက်ချင်ပါရဲ့နော်။ ရတနာသုံးပါးကို ဦးခိုက်ပြီး ရွတ်ဆိုပူဇော်ခဲ့တဲ့ မြတ်ဂါထာတော်တန်ခိုးကြောင့် လမ်းခရီးမှာ အသက်ဘေးကလွတ်မြောက်ပြီး လိုရာခရီးကို ချောမောစွာ ရောက်နိုင်ခဲ့သလို ဆေးရုံတက်နေရတဲ့သားလည်း နေကောင်းကျန်းမာကာ အခုဆိုရင် ကျောင်းပြန်တက်နိုင်ပြီလေ"

"အေးဗျာ-ခင်ဗျားအဖြစ်ကလည်း သည်းထိတ်ရင်ဖိုဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရသလို ကြောက်ရွံ့ထိတ်လန့်ဖွယ်အဖြစ်အပျက်ကြီးပါပဲနော်။ ခင်ဗျားပြောသလို ရတနာမြတ်သုံးပါးရဲ့ဂုဏ်ကျေးဇူးနဲ့စောင့်ရှောက်မှုကြောင့်ဆိုတာကို ကျွန်တော်လည်း ယုံကြည်တယ်ဗျာ။ ဒါကြောင့် ခင်ဗျားရွတ်ပူးပူဇော်နေတဲ့ တန်ခိုးထက်မြက်လှသော သုံးပါးရတနာမြတ်ဂါထာကိုလည်း အပန်းမကြီးဘူးဆိုရင် ကျွန်တော့်ကိုချီးမြှင့်ပေးပါလားဗျာ"

"ဟုတ်ပါပြီလေ၊ ကျွန်တော်ကလည်း ကိုယ်တွေ့သည်းထိတ်ရင်ဖိုရာဇာတ်လမ်းလေးကိုပြောပြပြီး ဒီဂါထာတော်မြတ်ကို ဓမ္မဒါနပြုချင်လွန်းလို့ ခင်ဗျားဆီ တကူးတကလာခဲ့တာပါဗျာ။ ကဲ - ကျွန်တော်ကရွတ်ဆိုပေးမယ်။ကိုအံ့က လိုက်ကူးပေတော့"

သုံးပါးရတနာမြတ်ဂါထာ

■ ဗုဒ္ဓါ တိလောက ဒီပေါ်
ဗုဒ္ဓါ သူရော တရေ့ နဒေါ်။
အစ္စန္တံ သရဏံ ဂုဟံ

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

အိုးခွက်ပန်းကန်၊ အဝတ်အထည်များ အနှံ့စွဲပျောက်စေနည်း

အိုးခွက်ပန်းကန်များနဲ့ အဝတ်အထည်များ အနံ့စွဲပျောက်နည်းကို တင်ပြလိုပါတယ်။ ဒန်အိုး၊ ဒန်ခွက်၊ ကြေးအိုးကြေးခွက်၊ ကြွေအိုး၊ ဖန်အိုး၊ ဖန်ခွက် စသည်တို့မှာ အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ငါး၊ ကြက်သား၊ ဘဲသားချက်သောအိုးများ၊ ထည့်သွင်းအသုံးပြုသော ပန်းကန်၊ ဇွန်းတို့မှာ အသားနံ့စွဲလို့ကျန်တတ်ပါတယ်။ ဘယ်လိုပဲဆေးဆေး အနည်းနဲ့အများအနံ့ကျန်ပါတယ်။

ဘယ်လိုအနံ့ကျန်သလဲဆိုရင် ဒီလိုပါ။ စာရေးသူရဲ့အိမ်ကို မိတ်ဆွေတစ်ယောက် ညအိပ်အလည်အပတ်ရောက်လာပါတယ်။ အဲဒီမိတ်ဆွေက ဂိုဏ်းဝင်တစ်ဦးဖြစ်ပြီး အမဲသား(နွားသား)မစားပါဘူး။ ရာသက်ပန် ဘုရားရှေ့မှာကတိခံပြီးရှောင်ထားသူပါ။ ဒါကိုသိလို့ စာရေးသူက ဝက်သားဟင်းချက်ပြီး ထမင်းကျွေးပါတယ်။ အဲဒီမှာ အနံ့စွဲမှုကပေါ်လာတတ်တာပါပဲ။ အမဲသားမစားတဲ့ မိတ်ဆွေက ထမင်းပွဲကိုထိုင်လိုက်တယ် ဆိုရင်ပဲ အမဲသားဟင်းလား၊ အမဲသားဟင်းနဲ့ရနေတယ်။ ကိုယ်အမဲသားမစားဘူးလို့ ချက်ချင်းပြောပါတယ်။ စာရေးသူသိလိုက်ရိပ်မိလိုက်ပါပြီ။ မိတ်ဆွေမလာခင် နှစ်ရက်ဆက်တိုက် စာရေးသူတို့ မိသားစုအမဲသားဟင်းချက်စားထည့်စားတဲ့ဟင်းအိုး၊ ဟင်းပန်းကန်မှာအနံ့စွဲနေတာဆိုတာသိလိုက်ပါတယ်။

ထို့အတူ အရက်ထည့်သောက်ထားသော ခွက်၊ လက်ဖက်ရည်၊ နွားနို့ထည့်သောက်ထားသောခွက်တွေမှာလည်း ရေနဲ့ဘယ်လောက်ဆေးဆေး ဆပ်ပြာမှုန့်နဲ့ပဲဆေးဆေး အနံ့စွဲကျန်နေတတ်ပါတယ်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီအစိမ်းကို ထမင်းနဲ့မြုပ်စားတဲ့လူ ရေခွက်နဲ့သောက်ပြီး အဲဒီရေခွက်ကို နောက်လူတစ်ယောက်က အသုံးပြုရေခပ်သောက်ရင် ကြက်သွန်ဖြူအနံ့ကိုရတတ်ပါတယ်။ ရေခွက်မှာ အနံ့စွဲကျန်နေခဲ့တာပါ။

ထို့အတူပါပဲ မီးဖိုချောင်မှာ ထမင်းဟင်းချက်ရေးပြုတ်ရေးလုံးပန်းရသူအိမ်ရှင်မတွေရဲ့အကျိ၊ လုံချည်မှာ ထမင်းနဲ့ဟင်းနဲ့၊ မီးခိုးနဲ့၊ မီးဖိုချောင်အနံ့စွဲနေတာ အိမ်ဦးနတ်များသိမှာပါ။ ပန်းရန်လုပ်သူများအဝတ်အထည်မှာ ထုံးနဲ့ ဘိလပ်မြေနံ့စွဲနေသလို ဆေးသုတ်သူများမှာလည်း သဘော်ဆေးနံ့စွဲနေတတ်ပါတယ်။

အဲဒီလို အိုးခွက်ပန်းကန်၊ အဝတ်အထည်များအနံ့စွဲရင် ဆပ်ပြာနံ့စွဲနေတတ်ပါတယ်။ စွဲနေတဲ့အနံ့ပျောက်နည်းလေးတင်ပြရရင် -

ဖတ်ပြီးတဲ့အခါ ဒါလေးများဖြင့် လို့မထင်ပါနဲ့။ မသိရင်ပညာပါပဲ။ စာရေးသူလည်း ရွာကကြီးတော်ထံက သိမြင်ရခဲ့တာပါ။ မီးဖိုကထွက်တဲ့မီးသွေးပြာ၊ ထင်းပြာ၊ ဖွဲပြာ၊ မည်သည့်ပြာမဆို စုဆောင်းရယူထားရပါမယ်။ အဲဒီပြာ (၂)ပြည်သားဆိုရင် ရေ (၃) ပြည်သားအချိုးကျရောမွှေပြီး တစ်ညထားလိုက်ပါ။ နောက်နေ့မနက်မှာ ပြာတွေအနယ်ထိုင်ပြီး အပေါ်ကပြာရေကြည်ကို စစ်ယူရယူထားပါ။ မည်သည့်အနံ့စွဲသောအိုးခွက်ပန်းကန်ဖြစ်စေ၊ အဝတ်အထည်ဖြစ်စေ ပြာရည်ကြည်ထဲမှာ ဆယ့်ငါးမိနစ်စိမ်ထားလိုက်ပြီးမှ ပြာမှုန့်နဲ့ထပ်မံတိုက်ချတ်၍ ရေကြည်ရေသန့်နဲ့ ဆေးလိုက်ပါ။ လုံးဝအနံ့ပျောက်ကြေးညောင်းကြည်လင်ဝင်းပတောက်ပနေပါလိမ့်မယ်။

စာရေးသူတကယ်ကိုမသိတဲ့ပညာကို ကြီးတော်ဆီကရယူခဲ့ပြီး စာရေးသူလို မသိသေးသူတွေသိရအောင် ရေးသားတင်ပြလိုက်ပါတယ်။ သိပြီးသားသူများ ခွင့်လွှတ်စေလိုပါသည်။

နတ်မောက်မင်းသန့်နိုင်

နတ္ထိ မယ့် ဘယ် သဒါ။
■ ဓမ္မော တိလောက ဒီပေါစ၊
ဓမ္မော သူရော တမောနုဒေါ။
အစ္ဆန္ဒံ သရဏံ ဓမ္မံ၊
နတ္ထိ မယ့် ဘယ် သဒါ။
■ သံယော တိလောက ဒီပေါစ၊
သံယော သူရော တမောနုဒေါ။
အစ္ဆန္ဒံ သရဏံ သံယံ၊
နတ္ထိ မယ့် ဘယ် သဒါ။

ဒါကတော့ ဂါထာတော်မူရင်းပါပဲဗျာ။ အဓိပ္ပာယ်ကတော့ -

ဗုဒ္ဓေါ-မြတ်စွာဘုရားသခင်သည်၊ **တိလောက ဒီပေါစ** - လောကသုံးပါး၏ မှီခိုအားထားရာ ကျွန်းကြီးသဖွယ်ဖြစ်ပါပေ ၏။ **ဗုဒ္ဓေသူရော** - ရဲရင့်ခြင်းဖြင့်ပြည့်စုံတော်မူပေသောဘုရားရှင်သည်၊ **တမောနုဒေါ** - အမိုက်မှောင်ဟူသမျှတို့ကို ပယ်ဖျောက်တော်မူပါပေ၏။ **အစ္ဆန္ဒံ** - စင်စစ်အမှန်ပင်လျှင်၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **သရဏံ** - ကိုးကွယ်ဆည်းကပ်ပါ၏။ **မယ့်** - တပည့်တော်အား၊ **သဒါ** - အခါခပ်သိမ်း၊ **ဘယံ** - ဘေးရန်ဟူသမျှ၊ **နတ္ထိ**-မရှိသည်ဖြစ်ပါစေသတည်း။

ဓမ္မော - တရားတော်မြတ်သည်လည်း၊ **တိလောကဒီပေါစ** - လောကသုံးပါး၏ အားထားမှီခိုရာ ကျွန်းကြီးသဖွယ်ဖြစ်ပါပေ၏။ **ဓမ္မောသူရော** - ရဲရင့်ခြင်းကိုဖြစ်စေသော တရားတော်မြတ်သည်၊ **တမောနဒေါ** - အမိုက်မှောင်ဟူသမျှကို ပယ်ဖျောက်တော်မူပါ၏။ **အစ္ဆန္ဒံ** - စင်စစ်အမှန်ပင်လျှင်၊ **ဓမ္မံ**-ပုဒ္ဓဘုရား၏တရားတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ဆည်းကပ်ပါ၏။ **မယ့်** - တပည့်တော်အား၊ **သဒါ** - အခါခပ်သိမ်း၊ **ဘယံ** - ဘေးရန်ဟူသမျှ၊ **နတ္ထိ**-မရှိသည်ဖြစ်ပါစေသတည်း။

သံယော - သံယောတော်အရှင်မြတ်သည်၊ **တိလောကဒီပေါစ** - လောကသုံးပါး၏ မှီခိုအားထားရာ ကျွန်းကြီးသဖွယ်ဖြစ်ပါပေ၏။ **သံယောသူရော** - ရဲရင့်ခြင်းကိုပေးတော်မူသော သံယာတော်မြတ်သည်၊ **တမောနဒေါ** - အမိုက်မှောင်ဟူသမျှကို ပယ်ဖျောက်တော်မူပါပေ၏။ **အစ္ဆန္ဒံ** - စင်စစ်အမှန်ပင်လျှင်၊ **သံယံ** - သံယာတော်အရှင်မြတ်တို့ကို၊ **သရဏံ** - ကိုးကွယ်ဆည်းကပ်ပါ၏၊ **မယ့်**-တပည့်တော်အား၊ **သဒါ** - အခါခပ်သိမ်း၊ **ဘယံ** - ဘေးရန်ဟူသမျှ၊ **နတ္ထိ**-မရှိသည်ဖြစ်ပါစေသတည်း။ ။

"ကိုယ့်အတွက် ရွတ်ဆိုပူဇော်ရင်တော့ 'မယ့်' လို့ဆိုပေါ့ဗျာ။ သူတစ်ပါးအတွက် ရည်စူးရွတ်ဆိုတာဖြစ်ရင်တော့ မယ့်နေရာမှာ သက်ဆိုင်သူအမည်ကိုဖြစ်စေ၊ 'တေ' 'တဝ'လို့ဖြစ်စေ ထည့်သွင်းရွတ်ပွားပူဇော်နိုင်တယ်လေ"

"မှတ်သားထားလိုက်ပါမယ်ဗျာ။ ကျွန်တော်ကနေတစ်ဆင့် ဓမ္မဒါနပြုမယ်ဆိုရင်လည်း ခွင့်ပြုပါလို့ လှန်ကြားပါတယ်နော်"

"လိုရာသုံးစေဗျား"

အံ့ကြွယ်

www.burmeseclassic.com

www.burmeseclassic.com

(သာဓုဝေဘက္ခူ၊ ဓမ္မာစရိယ၊ M.A.)

ဦးဥာဏ်ဇော
ပြုသည့်ကောင်းမှု တောင်းဆုအထွေထွေ (၁၅)

■ ထန်းတစ်ပင်ဆရာတော်၏ဆုတောင်း

သက္ကရာဇ် ၁၀၇၀ ပြည့်နှစ်ခန့်တွင် စေတုတ္တရာမြို့၌ ဖွားမြင်တော်မူသော ဆရာတော် အရှင်နန္ဒမေဓာသည် ထန်းတစ်ပင်ဆရာတော်၊ တိလောကဂုရုဆရာတော်ဟု ကျော်ကြားသည့်အပြင် ရာဇဂုရုဘွဲ့တံဆိပ်တော်(၂)ထပ်ကိုလည်း ရရှိတော်မူပါသည်။ အဘိဓမ္မာပါရဂူဖြစ်တော်မူသောကြောင့် အဘိဓမ္မာဆိုင်ရာကျမ်းစာများကိုအဓိကထားပြုစုတော်မူခဲ့သည်။ကြီးကျယ်ခမ်းနားလှသော ယမိုက် အရကောက်(ယမိုက်ပါဠိတော်နိဿယ) ကျမ်းနှင့် ပဌာန်းအရကောက်(ပဌာန်းပါဠိတော်နိဿယ) ကျမ်းတို့သည် ကောင်းမွန်ပြည့်စုံရုံသာမက ယိုးဒယားဘာသာ၊ သီဟိုဠ်ဘာသာများသို့ ပြန်ဆိုကြရသည်အထိ အောင်မြင်မှုရရှိခဲ့လေ၏။ အဘိဓမ္မပါရဂူထန်းတစ်ပင်ဆရာတော်ကြီးသည် တပည့်သားတို့အား စာပေပို့ချရင်း ကြိုးကြားကြိုးကြားအားလပ်သောအခါ၌ လေးလကြာမျှရေးသားခဲ့သော ၁၀ဌာန်းကုသလတိုက်နိဿယသည် ၁၁၂၁ ခုနှစ်တွင် ပြီးဆုံးပါသည်။ ထိုကုသလတိုက်နိဿယနိဂုံး၌ ထုတ်ဖော်ထားသည့် ဆရာတော်ကြီး၏ လိုလားချက်များကို ဖော်ပြပေးလိုက်ပါသည်။

'ကျမ်းစာများကို ရေးသားပြုစုပါရကြောင်းကောင်းမှုပညာအဝဝနှင့် အခြားကောင်းမှုအစုစုကြောင့် ဤဘဝမှ ဒုတိယဘဝဖြစ်လျှင် နတ်ပြည်၌ဖြစ်ရ၍ သာသနာတော်တည်သရွေ့ကာလပတ်လုံး ဘုရားသာသနာတော်ကိုကြည်ညိုကိုးစားသော၊ အလွန်ဘုန်းကြီးသောသူခပ်သိမ်းတို့ကို ဘုန်းဖြင့်သာအောင်နိုင်သော၊ သုတစ်ပါးတို့က မလွှမ်းမိုးနိုင်သော၊ တန်ခိုးကြီးသောမင်းဖြစ်ရပါလို၏။ သာသနာတော်ကွယ်ပြီးနောက် အထက်အထက် နတ်ပြည်သို့လားရသောအားဖြင့်ပျော်စံနေရပါလို၏။ မေတ္တေယျဘုရားလက်ထက်တွင်လည်း သူတော်ဥစ္စာခုနစ်ဖြာနှင့် ပြည့်စုံသောတန်ခိုးကြီးသောမင်းဖြစ်ရပါလို၏။ ရှေးဘုရားလောင်းတို့ကဲ့သို့ ပါရမီတော်အဝဝကိုဖြည့်ကျင့်ပြီး ပညာဓိကဘုရားဖြစ်၍ နတ်လူအပေါင်းကို သံသရာတည်းဟူသောရေအလျဉ်မှ နိဗ္ဗာန်ပြည်ကျော် ညာကျွန်းမော်သို့ ကယ်တင်နိုင်ရပါလို၏'။

ဂါထာ(၇) ပုဒ်ဖြင့် ဖော်ပြထားသောဆုတောင်းများမှာ ကျစ်လျစ်ရှင်းလင်းလှပသော ဆုတောင်းများဖြစ်ပေသည်။ထို့ပြင် စာချမပျက်စေရန် အကြားအကြားအားလပ်သောအခါ၌ရေးသား၍ ၁၁၃၉ ခုနှစ်တွင် ပြီးစုံးစီးသော

www.burmeseclassic.com

www.burmeseclassic.com

ပဌာန်းပါဠိတော်နိဿယ၏နိဂုံးဌလည်း ဆုတောင်းများကို ဂါထာ (၉) ပုဒ်ဖြင့် ထပ်မံပြဆိုထားပြန်သည်။အချက်အလက် ပြည့်စုံလှသော ထိုဆုတောင်းများကို ထပ်မံဖော်ပြပေးလိုက်ပါသည်။

'ပဌာန်းပါဠိတော်၏ နိဿယကို ရေးသားပြုစုရသော ကောင်းမှုကြောင့် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်၍ သတ္တဝါတို့ကို နိဗ္ဗာန်သို့ပို့ဆောင်နိုင်ရပါလို၏။ သံသရာ၌ ကျင်လည်ရသော် သီလသမာဓိပညာ အားဖြင့် မြင့်မြတ်သူ၊ ခီးမွမ်းအပ်သူ၊ လောကီအရာထူးခွန်ကြောင်မြောက်သူ၊ ဉာဏ်ပညာထက်မြက်သူ၊ လောကဝတ် ဓမ္မဝတ်ကျေပွန်သူ၊ အကျိုးစီးပွားခွင့်လိမ္မာသူ၊ အယုဝါဒဖြောင့်မတ်သူ၊ ပညာရှိသူ၊ အခြံအရံနှင့်ပြည့်စုံသူ၊ ဘုန်းကျက်သရေရှိသူ၊ သဒ္ဒါ စသောသူတော်ဥစ္စာခုနစ်ပါးနှင့်ပြည့်စုံသူ၊ ထင်ရှားကျော်ကြားသူ၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာပရိသတ်တို့အား တရားအလှူပေးလှူနိုင်သူ၊ သူတစ်ပါးတို့၏မိစ္ဆာအယူကိုနှိမ်နင်းနိုင်သူ၊ အသံသာယာသူ၊ အသက်ရှည်သူ၊ အဆင်းလှသူ၊ တည်ကြည်သူ၊ အမျိုးမြတ်သူ၊ ဘေးရန်ကင်းသူ၊ အနာမရှိသူ၊ မိတ်ဆွေကောင်းရှိသူဖြစ်ရပါလို၏။ လေသည် မြင်းမိုရ်တောင်ကို မလှုပ်စေနိုင်သကဲ့သို့ သူတစ်ပါးတို့က ငါ၏ သီလ၊ သုတစသောဂုဏ်ကျေးဇူးကို ပြုစုသော်လည်း လှုပ်စေခြင်းငှာ မစွမ်းနိုင်ပါစေသတည်း။ လောကီလောကုတ်အကျိုးနှစ်ပါးတို့နှင့်ပြည့်စုံသူ၊ အလုံးစုံသောအရပ်ဒေသ၌ ထင်ရှားသူဖြစ်ရပါလို၏။ လူအပေါင်းသည် ငါပြောဆိုသော မှန်ကန်သောစကားကို နာယူကြပါစေ။ ငါသည် အလိုရှိအပ် တောင့်တအပ်သောဆုသည် လျင်စွာပြည့်စုံရပါလို၏။ ငါ၏ကောင်းမြတ်သောအကြံအစည်တို့သည်လည်း ပြည့်စုံရပါလို၏။ ဤပဌာန်းပါဠိတော်နိဿယသည် အခက်အခဲမရှိဘဲ ပြီးစီးသကဲ့သို့ သတ္တဝါအပေါင်းတို့သည်လည်း လောကီ၊ လောကုတ္တရာအကျိုးစီးပွားပြီးစီးခြင်းသို့ရောက်ကြပါစေသတည်း'။

ပုဒ်အနေအထားထပ်၍ ဖောင်းပွသလိုဖြစ်နေသော်လည်း ကျယ်ကျယ်ဝန်းဝန်းရေးသားတတ်သောထန်းတစ်ပင် ဆရာတော်ကြီး၏ စေတနာမေတ္တာများကို ကြည်ညိုနိုင်ကြမည်ဖြစ်သည်။ 'လူအပေါင်းသည် ငါပြောဆိုသော၊ မှန်ကန်သောစကားကို နာယူကြပါစေ' ဟူသောတောင့်တချက်သည် ရှားပါး၍ ထူးခြားသောဆန္ဒတော်ဖြစ်ပေသည်။

■ နန်းကျောင်းဆရာတော်၏ဆုတောင်း

သတ္တရာဇ် ၁၀၁၀ ပြည့်နှစ်တွင် အင်းဝနန်းတက်သော မင်းရဲရန္တမိတ် (ပင်းတလဲ) မင်း၏ မြောက်နန်းတော်ကို ဖျက်၍ ကျောင်းဆောက်လှူဒါန်းခြင်းကို ခံရသောကြောင့် နန်းကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရမထေရ်ကို ဝန်ကြီးနေမျိုးနော်ရထာနှင့် ဝန်ကတော်တို့မှ သတ္တရာဇ် ၉၆၀ ပြည့်နှစ်လောက်တွင် အင်းဝမြို့၌ဖွားမြင်တော်မူသည်။ ရှင်ဘွဲ့ ရဟန်းဘွဲ့မှာ ရှင်အဂ္ဂဓမ္မဖြစ်သော်လည်း အဂ္ဂဓမ္မာလင်္ကာရမဟာရာဇဂုရုဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိတော်မူသောကြောင့် နန်းကျောင်းဆရာတော်အရှင်အဂ္ဂဓမ္မာလင်္ကာရဟု ထင်ရှားတော်မူပါသည်။ နန်းကျောင်းဆရာတော်သည် ကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့ရာ သဒ္ဒါကြီး ရှစ်စောင်နိဿယကျမ်းသည် ကျော်ကြားဆုံးဖြစ်သည်။ ထိုနိဿယသည် ရှာသ၊ သုတ္တန်ဒွေသကျမ်း စသည်တို့ကိုမှီငြမ်းပြု၍ ရေးသားထားသောကြောင့် လွန်စွာကောင်းမွန်ပြည့်စုံသောကျမ်းဖြစ်ပေသည်။ ထိုနိဿယ၌ မည်သည့်ကျမ်းဆရာမျှ အသုံးမပြုဘူးသောနည်းဖြင့် ရေးသားထားသော ထူးခြားချက်တစ်ခုပါဝင်နေပေသည်။ အပိုင်းကဏ္ဍအဦးတိုင်း၌ ပဏာမ၊ ပဋိညာဉ်၊ ဂန္ထာရမ္ဘဂါထာများဖော်ပြ၍ လည်းကောင်း၊ အပိုင်းကဏ္ဍအဆုံးတိုင်း၌ ဂါထာများဖြင့် နိဂုံးအုပ်၍ လည်းကောင်း ရေးသားထားခြင်းဖြစ်သည်။ ထိုနိဂုံးတိုင်းတွင်ပါဝင်နေသော ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ဤကောင်းမှုကြောင့် အရိမေတ္တေယျဘုရားရှင်ကို ဖူးမြင်ရပါလို၏။ ဘုရားဟူ၍ ကြားရာဇာ၌ အဆုံးဖြစ်သော အရဟတ္တဖိုလ်ကိုရပါလို၏'။

သန္ဓိအပိုင်းအဆုံး၌ ဆုတောင်းခဲ့ပါသည်။

နာမ်အပိုင်းကျမ်းဦးဌမှု -

'လောကသုံးပါး၌ ဘုရားဇိနော်၏ သာသနာတော်သည် ကြာရှည်လေးမြင့်တည်ထွန်းပါစေသတည်း။ ကြာရှည်လေးမြင့်တည်ခြင်းကို ငါသည် အလိုရှိ၏။ ငါ၏ အကြံအစည်ကောင်းများသည်လည်း လျင်မြန်စွာပြည့်စုံပါစေသတည်း'

ဟူ၍ ပတ္ထနာပြုတော်မူခဲ့သည်။

ကာရကအပိုင်းနိဂုံး၌ အလိုရှိအပ်သောအရာကို သုံးဆောင်ကြပါစေကုန်။

သာသနာတော်၌ ငါကိုလည်း သိစေကြကုန်ဟူသော ထူးခြားသောအာသီသ တစ်ခုကိုလည်းထုတ်ဖော်ထားခဲ့ပေသည်။

တဒ္ဓိတ်အပိုင်း၏နိဂုံး၌ -

'စာသင်သားအပေါင်းတို့က မိမိအား အမှတ်ရကြပါစေ။ ဤဘဝမှစုတေပြီးနောက် ဟိမဝန္တာတောင်၌ မြတ်သော သီလ၊ ပညာရှိသော နတ်သားဖြစ်ရပါလို၏'

ဟု တောင်းဆုခွဲတော်မူခဲ့သည်။

သဒ္ဒါကြီးနိဿယအားလုံးပြီးဆုံးရာ အခါမှု -

'ငါတင်ပြအပ်သော ရုပ်(သဒ္ဒါ)ကို သူတော်ကောင်းတို့အမြဲသင်ယူကြပါစေ။ ငါကိုလည်း မေတ္တာစိတ်ဖြင့် အမြဲမပြတ် အမှတ်ရကြပါစေ'

ဟု တောင့်တကာ အဆုံးသတ်ထားသည်မှာ မှတ်သားဖွယ်ရာပင်ဖြစ်တော့သည်။

■ ခမ္မကဗျာကျမ်းပြုဆရာတော်၏ဆုတောင်း

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် သံဘိုရွာ ရွှေမိုးအောင်တောရဆရာတော်ဒေါက်တာအရှင်ဝိလာသာလင်္ကာရ (အဂ္ဂမဟာကျော်) သည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့် ထိုထိုကျမ်းဂန်တို့မှထုတ်နုတ်ကာ မှတ်သားကျင့်ကြံဖွယ်ရာ အချက်အလက်ပေါင်းခုနစ်ရာကျော်တို့ကို ကဗျာသံပေါက်များဖြင့် တန်ဆာဆင်ကာ ငါးလကျော်မှ ကြီးစား ရေးသားခဲ့သော ခမ္မကဗျာကျမ်းသည် ၁၃၇၇ ခုနှစ်၊ နယုန်လပြည့် မဟာသမယန္တေတွင်ပြီးစီးပါသည်။ ခမ္မကဗျာကျမ်းနိဂုံး၌ သံပေါက်များဖြင့် ဖော်ပြထားသော ရွှေမိုးအောင်တောရဆရာတော်၏ ဆန္ဒတော်များကို ဖော်ပြပေးလိုက်ပါသည်။

သူတော်ကောင်းဓာတ်၊ တရားမြတ်၊ မပြတ်ရှည်ကြာတည်ပါစေ။

သတ္တဝါကုန်စင်၊ တရားပင်၊ ချစ်ခင်ရှိသေကြပါစေ။

လုံးစုံသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာကောင်းကျိုး 'ပြည့်' ပါစေ။

အမြဲကာနိဗ္ဗာန်၊ ကိုယ်စိစံ၊ ဇကန်ငြိမ်းနိုင်ကြပါစေ။

ဒေါက်တာ ဒေါ်

(သာမဏေဘေဒါ၊ ခမ္မာစရိယ၊ M.A)

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်မြို့ရဲ့အထင်ကရ
ကျိုက်သလံဘုရားရဲ့ပုံတော်များ



မော်လမြိုင်မြို့ရဲ့အထင်ကရ
ကျိုက်သလံဘုရားရဲ့ပုံတော်များ

မော်လမြိုင်မြို့ရဲ့အထင်ကရ
ကျိုက်သလံဘုရားရဲ့ပုံတော်များ

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သု)

မော်လမြိုင်မြို့က နေလဝန်းရဲ့ ပန်းရံပုံဘုရား

ဒီတစ်ခေါက် မော်လမြိုင်ရောက်တော့ နားနားနေနေ သုံးညအိပ်ခရီးမို့ အတော်လေးစုံစုံလင်လင်လေ့လာခဲ့ရပါတယ်။ မြို့ခံတွေရဲ့ဂရုတစိုက်လိုက်လံပို့ဆောင်မှုကြောင့် သွားချင်တဲ့နေရာတွေကိုလည်း စိတ်တိုင်းကျသွားရောက်နိုင်ခဲ့တယ်။ ရှေးဟောင်းသုတေသန (Pottery) ဘာသာရပ်မှာ အိုးတွေ၊ စဉ့်တွေကိုလည်းသင်ယူခဲ့ရတော့ မွန်ပြည်နယ်ရဲ့အိုးလုပ်ငန်းကိုလည်းရောက်တုန်းရောက်ခိုက်လေ့လာချင်ခဲ့ပါတယ်။ မုတ္တမအိုးလို့ခေါ်တဲ့ (Mataban Jar) ကလည်း မြန်မာ့ရှေးဟောင်းသမိုင်းမှာ အတော်နေရာယူထင်ရှားခဲ့တာကိုး။ မော်လမြိုင်မြို့နယ်မုပွန်ရွာမှာ အခုတိုင် အိုးလုပ်ငန်းတွေ၊ အိုးဖိုတွေဖွဲ့ဖွဲ့ဖြိုးဖြိုးမှုဟုတ်တဲ့တိုင်အောင် လုပ်ကိုင်ဆောင်ရွက်နေကြဆဲလို့သိလိုက်ရပါတယ်။ မြို့ခံမိတ်ဆွေ အင်္ဂလိပ်စာကျူရှင်ဆရာကြီး ဦးအုံကြီးမောင်က ကိုယ့်ကို သူ့ဆိုင်ကယ်နောက်မြီးပေါ် တင်ပြီး မုပွန်ကို နေပူပူမှာပဲ ကိုယ်တိုင်လိုက်ပို့ပေးခဲ့ပါတယ်။

ဆရာအုံကြီးမောင်က မော်လမြိုင်မှာဆယ်စုနှစ်နှစ်ခုကျော်နေထိုင်ပြီး စာပြလာခဲ့ပေမယ့် မူလက ရွှေဘို ကျောက်မြောင်းနယ် နွယ်ငြိမ်းရွာဇာတိမို့ အိုးလုပ်ငန်းကိုလည်း သံယောဇဉ်လက်ကျန်အတော်ရှိနေတုန်းပါ။ ကိုယ်ကလည်း ဆေးကျောင်းသားဘဝ ပထမနှစ်မှာ အသုံးလုံးကျေပညာဒါနလုပ်အားပေးရင်း

ပန်းရံပုံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့်
နေလဘုရားမှ ကြည်ညိုဖွယ်ရာ

ပန်းရံပုံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ပန်းရံပုံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ





ပန်းရံပုံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ

ဧရာဝတီမြစ်ကမ်းပါးက နွယ်ငြိမ်းရွာလေး ကိုရောက်ရှိပြီး စိတ်ထဲမှာ စွဲလမ်းနေခဲ့သူမို့ လေတဟူးဟူးတိုက်နေတဲ့ဆိုင်ကယ်ပေါ် ကပဲ နွယ်ငြိမ်းအလွမ်းပြေစကားတွေ အလုအယက်ပြောဖြစ်ခဲ့ကြပါတယ်။

ဆရာအံ့ကျေးဇူးနဲ့ မုပွန်က အိုးဖိုကြီးတွေကို တအံ့တသြလေ့လာကြည့်ခွင့်ရခဲ့ပါတယ်။ မြေသားတွေကို အမှုန့်ထောင်း၊ ရေနဲ့နှဲ့၊ လက်လှည့်အိုးထိန်းစက်ပေါ်မှာ ရွဲ့သားနဲ့အိုးပုံဖော်၊ အခြောက်ခံ၊ ဖုတ်မယ့်အိုးဖိုကြီးထဲ အိုးတွေကိုစီတန်းကာ စနစ်တကျထည့်စတဲ့အိုးလုပ်ငန်းအဆင့်ဆင့်ကို စိတ်ဝင်တစားကျ အနီးကပ်မြင်တွေ့လေ့လာခွင့်ရခဲ့တယ်။ အိုးဖိုပတ်လည်မှာပုံထားတဲ့ စဉ့်ညီညီတွေသုတ်ထားတဲ့ အတောအတန် အရွယ်အစားရှိတဲ့အိုးတွေကိုကြည့်ရင်း၊ ရွှေလကိုယ်သွားမယ့် ကိုရိန်းယားနိုင်ငံက

www.burmeseclassic.com

www.burmeseclassic.com



ပန်းရံပျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေထဘုရားမှ ကြည်ညိုဖွယ်ရာ



ပန်းရံပျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေထဘုရားမှ ကြည်ညိုဖွယ်ရာ



ကင်မ်ချီစိမ်တဲ့အိုးတွေနဲ့တူလိုက်တာလို့ အံ့သြရတယ်။

မုပွန်မှာက မီးဖိုချောင်သုံး၊ အိမ်သုံးအိုးတွေသာအလုပ်များပြီး နွယ်ငြိမ်းမှာလိုတော့ ဟိုတယ်ကြီးတွေမှာ အလှတန်ဆာဆင်တဲ့ စဉ့်ရောင်စုံနဲ့ အိုးတွေ မထုတ်လုပ်ဘူးလို့ ဆရာအံ့ကပြောပါတယ်။ ဒါပေမယ့် သာမန်လက်လုပ်လက်စား တောင်သူလယ်သမားတွေရဲ့ လက်တွေ့လူနေမှုဘဝနဲ့နီးစပ်ပြီး အသုံးတည့်လှတဲ့ စဉ့်အိုးညိုကြီးတွေကို ကိုယ်ကတော့သဘောကျနေမိပါတယ်။ ဒါပေမယ့် အိုးဖုတ်တဲ့လုပ်ငန်းခွင်မှာ မိုးဆက်သစ်လူငယ်လူရွယ်တွေရှိုးရာအိုးလုပ်ငန်းပညာအမွေဆက်ခံကာ သင်ယူလေ့လာလုပ်ကိုင်နေတာမတွေ့ရလို့ အနာဂတ်အတွက် တွေးတောရင်း စိတ်မကောင်းလည်းဖြစ်မိတယ်။ လူငယ်တွေက တစ်ဖက်နိုင်ငံကိုပဲ အသွားများနေကြလို့ ပညာအမွေယူမယ့် မိုးဆက်သစ်တွေ ခါးပြတ်နေပေါ့။ ဒီနေ့ အိုးဖိုမှာ မြေနဲ့၊ မြေသယ်လုပ်နေသူက အသက် ၇၀ ကျော် အဘွားအို၊ လက်လှည့်အိုးထိန်းစက် (potter wheel) ကို လှည့်ပေးနေသူက သူ့ခင်ပွန်း အသက် (၈၀) ကျော် အဘိုးအိုတို့ဖြစ်နေလို့ပါ။

နေပူပူမှာပဲ မုပွန်အိုးဖိုတွေက ပြန်ခဲ့ပြီး ဆရာအံ့အဆက်အသွယ်နဲ့ပဲ စက်မှု(၁)ကနေ လက်လွဲရောင်းချထားတဲ့ ယခင်က အစိုးရပိုင် ကြွေထည်မြေထည်စက်ရုံဟောင်းကိုလည်း ဝင်ရောက်လေ့လာခွင့်ရခဲ့ပြန်ပါတယ်။ သာယာဝတီပန်းကန်စက်ရုံနဲ့ ဆက်စပ်မှုရှိခဲ့တဲ့ စက်ရုံမို့ ဟိုးတစ်ချိန်က ထုတ်လုပ်ခဲ့တဲ့ သမဝါယမဆိုင်တွေ၊ ဝင်းသူဇာဆိုင်တွေမှာ ကိုယ်အမြတ်တနိုးဝယ်စုခဲ့တဲ့ မြန်မာ့ကြွေထည်မြေထည်လက်ကျန်နမူနာတွေကိုလည်း အလွမ်းပြေမြင်တွေ့ခဲ့ရတယ်။ ကြီးမားတဲ့ စက်ကြီးတွေကိုမြင်ရတော့ 'ထုတ်ကုန်နှစ်ဆတိုးမြှင့်ပြီး' ဆိုတဲ့ အလွန်

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်မြို့ရဲ့အထင်ကရ ကျိုက်သလံဘုရားရဲ့ပုံတော်များ

မော်လမြိုင်မြို့ မွန်ယဉ်ကျေးမှုပြတိုက်ထဲက ရှင်စောပုဘုရင်မကြီးနဲ့ ခေါင်းဆောင်းတော်



မော်လမြိုင်မြို့ ပန်းရံဖျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားသို့အဝင်

မော်လမြိုင်မြို့ မွန်ယဉ်ကျေးမှုပြတိုက်ထဲက ရှင်စောပုဘုရင်မကြီးနဲ့ ခေါင်းဆောင်းတော်



မော်လမြိုင်မြို့ ကျိုက်သလံဘုရားဘေး စိန်တုံးမိဖုရားကျောင်း

အကျူးကြွေးကြော်သံတွေ၊ ဆိုင်းဘုတ်တွေအောက်မှာငြိမ်ကျသွားတဲ့စက်မောင်းသံတွေကိုတောင် ကြားယောင်မိပါရဲ့။ စက်ကြီးတွေက အကောင်းအတိုင်းရှိနေဆဲပဲ။ လည်ပတ်လို့လည်းရပါတယ်လို့ စက်ရုံမှူးဟောင်းကပြောပြလို့ နှမြောမိပြန်ပါတယ်။ ပလတ်စတစ်တွေ၊ မယ်လမင်းတွေ ဘယ်လိုပဲ လှပခေတ်မီစွာပေါ်ထွက်လာပေမယ့် မြေအိုးထဲက ရေအေးအေးလေးကို ခပ်သောက်ချင်၊ ကြွေပန်းကန်ထဲက လက်ဖက်သုပ်ကို ကြွေဇွန်းလေးနဲ့ခပ်စားပြီး ကြွေကရားမြေကရားထဲက ရေနွေးကြမ်းလေးငဲ့သောက်ချင်တဲ့ကိုယ်ပဲ ရာဇဝင်ထဲမှာကျန်ရစ်ပြီး မှားနေသလားကွယ်။

အဲဒီကနေ အရှိန်တက်ပြီး ဆရာအံ့ကို -

"မွန်ပြည်နယ်ဟာ ကျေးမှုပြတိုက်ကိုပို့ပေးပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ပန်းရံပျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ

ပန်းရံပျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ

ပန်းရံပျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ

လို့ အကူအညီတောင်းလိုက်မိပြန်တယ်။

"ဟုတ်တယ် - ကောင်းတယ်ဗျာ၊ ကျွန်တော်လည်း မော်လမြိုင်မှာ အနေကြာပေမယ့် တစ်ခါမှမရောက်ဖူးဘူး၊ ဆရာအဖော်ရှိတုန်းသွားမယ်ဗျာ"

ဆိုပြီး ဆရာအုံက ဆိုင်ကယ်ကို စက်နှိုးပါတော့တယ်။

အလာကောင်းပေမယ့်အခါနှောင်းသွားတာကတော့ ဒီနေ့ပြတိုက်ပိတ်ရက်ပါတဲ့။ စေ့ထားတဲ့ပြတိုက်ဝင်းရဲ့ သံပန်းတံခါးဘေးက ဆိုင်းဘုတ်မှာလည်းရေးထားသားပဲလေ။ ပြီးတော့ အခ်ိန်ကလည်း ညနေ (၃)နာရီခွဲပါပြီ။ ဒါပေမယ့် မလျှော့သောဇွဲလုံ့လနဲ့ သံတံခါးကို ကိုယ့်ဘာသာတွန်းဖွင့်ပြီး နှစ်ယောက်သားဝင်သွားကြတယ်။ စေ့ထားတဲ့ပြတိုက်အဝင် တံခါးရွက်က ခပ်ဟဟဖြစ်ပြီး အထဲမှာလည်း လူရိပ်တွေ့လို့စုတ်ဝင်သွားကြပြန်ပါရော။ ပြတိုက်ဝန်ထမ်းအချို့ကိုတွေ့လို့ ကိုယ်ဟာ ရှေးဟောင်းသုတေသနအသိုင်းအဝိုင်းကဖြစ်ကြောင်း၊ ယဉ်ကျေးမှုဂဟဖွင့်တဲ့ပြတိုက်ပညာဘွဲ့လွန်လည်းအောင်ထားပြီးကြောင်း၊ ပြတိုက်ပြခန်းတွေ စိတ်ဝင်စားလို့ ရောက်တုန်းရောက်ခိုက်ကြည့်ပါရစေလို့ ခွင့်တောင်းမိပါတယ်။ ပြတိုက်ကြည့်တဲ့ယဉ်ကျေးမှုလေ့မထွန်းကားတဲ့ကိုယ်တို့နိုင်ငံမှာ ဘယ်ပြတိုက်မှလူဝင်လူထွက်ကောင်းပြီး စည်ကားနေတာမဟုတ်လေတော့ ပြတိုက်မှူးကိုယ်တိုင်ကပဲ မမျှော်လင့်ဘဲ စိတ်ဝင်တစားရောက်လာတဲ့ ကိုယ်တို့ပြတိုက်ချစ်သူနှစ်ဦးကို ကျေကျေနပ်နပ်လိုက်လံရှင်းပြပေးခဲ့တယ်။ ကျေးဇူးအထူးတင်မိရပါတယ်။

လန်ဒန်မြို့တော်ကြီးက အယ်လိစဘက်ပြတိုက်မှာရှိတဲ့ ရှင်စောပုဘုရင်မကြီးရဲ့ခေါင်းဆောင်းသရဖူကိုဆင့်ပွားပြုလုပ်ယူကာ ဘုရင်မကြီးရဲ့ပန်းချီကားကြီးနဲ့အတူပြသထားတာက ကိုယ်တို့ကို အရင်ဆုံး ဆွဲဆောင်လိုက်ပါတယ်။ ဆက်လက်ပြီးလည်း မွန်ရိုးရာခေလေ့ထုံးစံများ၊ ဆေးတံလုပ်ငန်း၊ မွန်ရိုးရာရက်ကန်းလုပ်ငန်း၊ ကျောက်သင်ပုန်းနဲ့ကျောက်တံလုပ်ငန်း၊ ရှေးဟောင်းကြေးလက်စွပ်များ၊ ငွေနားတောင်း၊ မွန်မိကျောင်းတူရိယာ၊ အုန်းမှုတ်တယော၊ မွန်ပုဂ္ဂိုလ်ကျော်တွေဖြစ်တဲ့ ဦးမွန်ထော်၊ စစ်ကဲဦးထော်လေး (second in command of a military unit)၊ ဦးချစ်လှိုင်၊ ကတိုး-တိုင်တစ်လုံးအိမ်ဓာတ်ပုံ၊ မွန်သူဌေးကြီးဦးနာအောက်၊ စိန်တုံးမိဖုရားရဲ့သလွန်နဲ့အသုံးအဆောင်တွေ၊ မွန်တို့ရဲ့ဗုဒ္ဓဘာသာဆင်းတုတော်တွေ၊ မွန်အနုပညာလက်ရာ သစ်သားပန်းပုရုပ်တွေ၊ နောက်ဆုံးမြန်မာဘုရင် သီပေါမင်းနှင့် စုဖုရားလတ်တို့ရဲ့သမီးတော် စတုတ္ထသမီးတော်အကြောင်းရှင်းလင်းချက်တွေကို ပြတိုက်ထဲမှာ တဝကြီး အသေးစိတ်အေးအေးဆေးဆေးလေ့လာခွင့်ရခဲ့ပါတယ်။

ကိုယ်တို့ နိုင်ငံခြားတိုင်းပြည်တွေရောက်တဲ့အခါ ဒေါ်လာငွေ၊ ယူရိုငွေတွေအများကြီးပေးပြီးကြည့်ခဲ့ရတဲ့ ပြတိုက်တွေက ရှေးဟောင်းပစ္စည်းတွေကို ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်နယ်ပြတိုက်မှာတော့ အလကားမူတင်နီးပါးကြည့်ရလို့ နိုင်ငံတော်ကိုအားလည်းနာမိပါရဲ့။ ပြတိုက်မှူးနဲ့ ဝန်ထမ်းမလေးတစ်ဦးက စိတ်ရှည်လက်ရှည်လိုက်ပါပြီး ရှင်းလင်းပြလို့လည်း အံ့ဩစွာနဲ့ ကျေးဇူးတင်ခဲ့ရပါတယ်။ ပြတိုက်ထဲက ရည်ညွှန်းစာတွေကိုလည်း စိတ်အေးလက်အေး ဖတ်ရှုခွင့်၊ ဓာတ်ပုံရိုက်ခွင့်လည်းရခဲ့ပါတယ်။

ဆရာအုံကြီးမောင်ကတော့ -

"ဆရာ့ကျေးဇူးကြောင့် မိမျှော်လင့်ဘဲ ပြတိုက်ကြည့်ခွင့်ရခဲ့တယ်ဗျာ။ ကျွန်တော် စိတ်ဝင်စားလိုက်တာ"

လို့ တဖွဖွပြောနေရဲ့။

သူကိုကြည့်ပြီး ပြတိုက်ပြခန်းတွေချစ်တဲ့ကိုယ်က ပြတိုက်ထဲကို စိတ်ပါဝင်စားသူ လူတစ်ယောက်ပို့နိုင်ခဲ့လို့ဝမ်းသာနေမိပါတယ်။

■ ရှင်စောပုဘုရင်မ၏ ခေါင်းဆောင်းသရဖူ

ကာလ - အေဒီ ၅ ရာစု

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိသည့် - ရန်ကုန်
နေရာ ရွှေတိဂုံကုန်းတော်

အေဒီ ၁၈၅၅ ခုတွင် ရွှေတိဂုံကုန်းတော်ကို သန့်ရှင်းရေးအတွက် တူးဖော်စဉ်က ရရှိ၏။ သရဖူသည် ရွှေအတိဖြင့် ပြုလုပ်ထားပြီး ကျောက်မျက်ရတနာစီခြယ်ထား၏။ သရဖူအစစ်ကို လန်ဒန်-အယ်လီစဘက်ပြတိုက်တွင် ပြသထား၏။ အဝန်း (၇၅) လက်မ၊ အမြင့် (၈၅) လက်မရှိ၏။

■ ဘုရင်မကြီး ရှင်စောပု
(မြန်မာသက္ကရာဇ် ၇၅၅-၈၃၄)

မြန်မာနိုင်ငံတွင် တစ်ပါးတည်းသာ ပေါ်ထွန်းခဲ့သော မွန်ဘုရင်မကြီး တစ်ပါး ဖြစ်ပါသည်။ ရှင်စောပုသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားသူ ဘုရင်မတစ်ပါးဖြစ်ပါသည်။

ရှင်စောပုကို ရာဇာဓိရာဇ်ဘုရင်နှင့် မိဖုရား သုဒ္ဓမာယာတို့မှ သက္ကရာဇ် ၇၅၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဟံသာဝတီမြို့တွင်မွေးဖွားခဲ့ပါသည်။ သက်တော် ၂၀ တွင် သမိန်စည်သူနှင့်စုံဖက်၍ သားတော်တစ်ပါးနှင့် သမီးတော်နှစ်ပါး ထွန်းကားခဲ့ပါသည်။ သမိန်စည်သူ ကံတော်ကုန်ပြီးနောက် မောင်တော် ဗညားရံနှင့်အတူ ဒဂုံသို့ပြောင်းရွှေ့စံနေတော်မူစဉ် အင်းဝဘုရင် သီဟသူ၏သိမ်းပိုက်ခြင်းကိုခံရပြီး အင်းဝတွင် မိဖုရားအရာမြှောက်စားခြင်းခံခဲ့ရပါသည်။

အင်းဝတွင်ခုနစ်နှစ်ကြာပြီးနောက် ဟံသာဝတီသို့ ပြန်လည်ရောက်ရှိစံနေတော်မူခဲ့ပါသည်။ သက္ကရာဇ် ၈၁၄ ခုနှစ်တွင် ဟံသာဝတီထီးနန်းကို ဆက်ခံသော ဘုရင်မကြီး ဖြစ်ပါသည်။ နန်းတက်ချိန်တွင် သက်တော်(၆၀) နီးပါးခန့်ရှိပြီဖြစ်၍ ဗညားထော (ဗညားထာဝ်) (မင်းအို) ဟူသောအမည်ကို ခံယူပါသည်။ အခြားဘွဲ့မည်များမှာ ဂြိတြိဘုဝနာဒိတျဗြဝရ ဓမ္မဇေတြလောကနာထပြဝရ၊ မဟာဓမ္မရာဇာဓိရာဇာဒေဝီဘွဲ့ခံဝိဟာရဒေဝီ၊ ဝိသုဒ္ဓရာဇာ၊ ကျက်ထိရာဇာ၊ ရှင်စောပု စသည်တို့ဖြစ်သည်။

ဘုရင်မကြီးရှင်စောပုသည် ဘာသာတရားကို လွန်စွာကြည်ညိုလေးစားသူတစ်ဦးဖြစ်ပြီး ဒဂုံ၊ ပဲခူး၊ သထုံ၊ ကျိုက်မရောဒေသများရှိ စေတီပုထိုးနှင့် သိမ်ဇရပ်များကို ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း စသော ကောင်းမှုများကို ဆောင်ရွက်ခဲ့ပြီး ကျောက်စာများကိုလည်း ရေးထိုးမှတ်တမ်းတင်ခဲ့ပါသည်။

အထူးသဖြင့် ရွှေတိဂုံစေတီတော်ကြီးကိုအလွန်ကြည်ညိုသူဖြစ်ခြင်းကြောင့် အထူးပြင်ဆင်မွမ်းမံခဲ့သူတစ်ဦး ဖြစ်ပါသည်။ အလှူဒါနများလည်း အများဆုံးလှူဒါန်းကောင်းမှုပြုခဲ့သူတစ်ဦး ဖြစ်ပါသည်။

မော်လမြိုင်မြို့၊ ကျိုက်သလံဘုရားရင်ပြင်က ရုပ်တုများ

ပန်းရံပျံ ဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရားမှ ကြည်ညိုဖွယ်ရာ

မော်လမြိုင်မြို့၊ ကျိုက်သလံဘုရားရင်ပြင်က နဂါးအာဆင်တန်ဆာ

ပန်းရံပျံ ဝတ်တော်ကြီးနဲ့ဆုတောင်းပြည့် နေလဘုရားရင်ပြင်မှ အစောင့်ရုပ်

မော်လမြိုင်မြို့၊ ကျိုက်သလံဘုရားရင်ပြင်ကကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့ ကျိုက်သလံဘုရားဘေး စိန်တုံးမိဖုရားကျောင်း

မော်လမြိုင်မြို့ ကျိုက်သလံဘုရားဘေးက စိန်တုံးမိဖုရားကျောင်းမှပန်းချီကားများ

မော်လမြိုင်မြို့ ကျိုက်သလံဘုရားဘေးက စိန်တုံးမိဖုရားကျောင်းမှပန်းချီကားများ

မော်လမြိုင်မြို့ ကျိုက်သလံဘုရားဘေးက စိန်တုံးမိဖုရားကျောင်းမှပန်းချီကားများ

မွန်ယဉ်ကျေးမှုပြတိုက်ထဲက စိန်တုံးမိဖုရားသလွန်တော်

ဘုရင်မကြီးသည် သက္ကရာဇ် ၈၂၁ ခုနှစ်တွင် သမက်တော် ဓမ္မစေတီမင်းအား ဟံသာဝတီထီးနန်းကို လွှဲအပ်ပေးတော်မူခဲ့ပါသည်။ ဘုရင်မကြီးသည် သက္ကရာဇ် ၈၃၄ ခုနှစ် သက်တော် ၇၉ နှစ်တွင် ဒဂုံမြို့၌ ကွယ်လွန်ခဲ့ပါသည်။

■ စိန်တုံးမိဖုရားသမိုင်းအကျဉ်း

စိန်တုံးမိဖုရားသည် မင်းတုန်းမင်း၏မယ်တော် (ရွှေဘိုမင်း၏တောင်ဆောင်တော်မိဖုရား) ၏ ညီမတော်အရင်းအလွှာကပ္ပမြို့စား နှင့် လေးဗိုလ်ဦးဆိုင်တို့၏သမီးဖြစ်ပါသည်။ စစ်ကိုင်းမြို့အနီး စိန်တုံးတိုက်နယ်ကိုစားရသဖြင့် စိန်တုံးမိဖုရားဟု အမည်တွင်ပါသည်။

အသက် (၁၈) နှစ်အရွယ်တွင် မင်းတုန်းမင်းမှ မိဖုရားအရာမြှောက်စားခဲ့ပါသည်။ ဘွဲ့တော်မှာ သီရိသုပဘာရတနာဒေဝီဖြစ်ပါသည်။ တလုပ်မြို့နှင့်

မော်လမြိုင်မြို့ စွမ်းအားပညာရေးစင်တာရှေ့က တော်ကူးကျောင်း

www.burmeseclassic.com

www.burmeseclassic.com

မုပ္ပန်ရပ်က ရိုးရာအစဉ်အလာ အိုးဖိုမှာ နောက်ဆုံးလက်ကျန်အလုပ်လုပ်နေသူများ



မော်လမြိုင်မြို့။ မုပ္ပန်ရပ်က ရိုးရာအစဉ်အလာ အိုးဖိုရွာက ဆရာအုံကြီးမောင်

စလေမြို့မှာကိုလည်း အပိုင်စားရသူဖြစ်ပါသည်။ မင်းတုန်းမင်းနှင့် မောင်နှမတစ်ဝမ်းကွဲတော်စပ်သူလည်းဖြစ်ပါသည်။

စိန်တုံးမိဖုရားသည် ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူဖြစ်ခြင်းကြောင့် မင်းတုန်းမင်း၏လွန်စွာချစ်မြတ်နိုးခြင်းခံရသူမိဖုရားတစ်ပါး ဖြစ်ပါသည်။ သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် ရတနာပုံမြို့တော်၌ ဝဇီရာရာမကျောင်းတိုက်ကြီးကို တည်ထောင်ကာ သင်္ဃာဆရာတော်ကို တင်လှူကိုးကွယ်ခဲ့ပါသည်။

သီပေါမင်း ပါတော်မူပြီးနောက် စိန်တုံးမိဖုရားသည် အခြွေအရံအနည်းငယ်ဖြင့် မော်လမြိုင်မြို့သို့ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ မိဖုရားကြီးသည် ၁၂၅၃

မော်လမြိုင်မြို့က ရပ်နားလိုက်ရပြီဖြစ်တဲ့ ကြွေထည်မြေထည်စက်ခဲ့ထဲမှာ

မော်လမြိုင်မြို့။ မုပ္ပန်ရပ်က ရိုးရာအစဉ်အလာ အိုးဖိုမှာ ကုန်ရောသူ လေ့လာခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်၊ ပန်းရံပျံဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရား၏ မှတ်တမ်းအညွှန်းစာများ



မော်လမြိုင်မြို့ပြင် အိန္ဒြေအသွားလမ်းမှ ရှုခင်းများ

ခုနှစ် တပို့တွဲလဆန်း ၆ ရက်နေ့တွင် ဝဇီရာရာမဆရာတော်ကြီးအမှူးပြုသော သံဃာ၊ သီလရှင်၊ ဥပါသကာများနှင့် အတူ သီဟိုဠ်ကျွန်းရှိ စွယ်တော်မြတ်ကို သွားရောက်ဖူးမြော်ခဲ့ပြီးအပြန်တွင် အနုရာဓပြို့မှ ဗောဓိပင်ငယ်ကို ပင့်ဆောင်ပြီး မော်လမြိုင်မြို့ရှိ ၎င်းနေထိုင်ရာအိမ်တော်ရာဝင်းအတွင်း စိုက်ပျိုးခဲ့ပါသည်။

သက်တော်ကြီးရင့်လာသည့်အခါ လူဝတ်ကြောင်ကိုစွန့်၍ သီလရှင်ဝတ်ခဲ့ပါသည်။ စိန်တုံးသီလရှင်ကြီးသည် သက်တော်(၆၉)နှစ်အရောက် သက္ကရာဇ် ၁၂၆၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်နေ့တွင် မော်လမြိုင်မြို့၌ အနိစ္စရောက်ခဲ့ပါသည်။

မိဖုရားကြီးသက်ရှိထင်ရှားရှိစဉ်က ပင် ၎င်းအသုံးပြုခဲ့သော ပရိဘောဂ အသုံးအဆောင်များနှင့် အိမ်တော်ရာအား ရတနာဘုံမြင့်ကျောင်းတိုက်သို့ လှူဒါန်းခဲ့ပါသည်။ ရတနာဘုံမြင့်ဆရာတော်မှ သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သဖြင့် ယခုအခါ ခေမာသီရိစာသင်တိုက်အဖြစ် တည်ရှိနေပါသည်။

■ စတုတ္ထသမီးတော်သမိုင်းအကျဉ်း

အင်္ဂလိပ် - မြန်မာ တတိယကျူးကျော်စစ်အပြီး ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာဘုရင်သီပေါမင်းနှင့် စုဖုရားလတ်



မော်လမြိုင်၊ ပန်းရံပျံဝတ်တော်ကြီးနဲ့ ဆုတောင်းပြည့် နေလဘုရား၏ မှတ်တမ်းအညွှန်းစာများ

တို့အား ဖမ်းဆီးပြီး အိန္ဒိယပြည် မဒရပ်မြို့သို့ပို့ဆောင်ခဲ့ပါသည်။ ၎င်းမှတစ်ဆင့် ဘုံဘော(မွန်ဘိုင်း)မြို့ တောင်ဘက် မိုင် (၁၂၀)အကွာရှိ ရတနာဂီရိစံအိမ်တော်သို့ ပို့ဆောင်အကျဉ်းချဖမ်းဆီးထားခဲ့ပါသည်။

ပြတိုက်ကိုတဝကြီးလေ့လာပြီးတဲ့အခါ ပြတိုက်ဖွင့်ချိန်လည်း အတော်ကို လွန်နေပြီမို့ အားနာနာနဲ့ပဲ ပြတိုက်မှူးနဲ့ ပြတိုက်ဝန်ထမ်းမလေးကို ကျေးဇူးတင်စွာ နှုတ်ဆက်ပြီး ပြတိုက်ကပြန်ထွက်ခဲ့ပါတယ်။ ဆရာအံ့ကတော့ ကျေနပ်ပီတိဖြစ်တဲ့မျက်နှာကြီးနဲ့ ဆိုင်ကယ်ကိုဆက်မောင်းပြီး ကိုယ့်တို့တည်းခိုရာ ဒေါက်တာဘိုဘိုလွင်နဲ့ ဒေါက်တာအိအိလှိုင်တို့ရဲ့ စွမ်းအားပညာရေးစင်တာကို ပြန်ပို့ပါတယ်။

နက်ဖြန် မော်လမြိုင်ကပြန်မှာမို့ ဘိုဘိုတို့ဇနီးမောင်နှံကလည်း ညဦးပိုင်းမှာ မော်လမြိုင်က ဘုရားစေတီတွေဖူးဖို့ သူတို့ကားလေးနဲ့ လိုက်ပို့ပေးကြတယ်။ ကျွန်တော်သလဲဘုရားကိုတော့ မကြာခဏရောက်ဖူးပြီး စိန်တုံးမိဖုရားကျောင်းကိုလည်း ကိုယ်က ဆောင်းပါးတွေဖူးအသေးစိတ်ရေးခဲ့ဖူးပြီမို့ ကိုယ်မရောက်ဘူးတဲ့ဘုရားစေတီတွေကိုရွေးခြင်းဆိုက်ပို့ကြပါတယ်။ နီးဘုရားတွေကြောင့် ကျွန်တော်နဲ့ မြန်မာ့လှလှအရပ်ရပ်က

www.burmeseclassic.com

www.burmeseclassic.com

နှီးဘုရားများ' ဆိုတဲ့ခေါင်းစဉ်နဲ့ ကိုယ်ဆောင်ပါးတွေရေးဖူးကြောင်းပြောပြလို့ တောင်ပေါက်ကျောင်းက နှီးဘုရားကြီးကိုလည်း သူတို့ကားနဲ့လိုက်ပို့ကြပါတယ်။

အဲဒီနှီးဘုရားက ပြန်အထွက်မှာတော့ -

"ဦးအေးစိတ်ဝင်စားမယ့်ဘုရားကို လိုက်ပို့ဦးမယ်"

လို့ အိအိလှိုင်က ပြောပါတယ်။

မကြာခင်မှာ မော်လမြိုင်ရဲ့တောင်ကြောတွေကို ကားမောင်းတက်ခဲ့ပြီး တောင်စောင်းလမ်းကွေ့လေးရဲ့ တစ်နေရာမှာကားရပ်လိုက်တယ်။ လမ်းကိုဖြတ်ကူးပြီး ဆုတောင်းပြည့် နေလဘုရားဆိုတဲ့ဆိုင်းဘုတ်ဘေးက သပ်ရပ်သန့်ရှင်းလှတဲ့ကြွေပြားကပ်အုတ်လှေကားပြန့်ပြန့်ကြီးတွေကိုတက်ခဲ့ကြရတယ်။'ဝတ်တော်ကြီး' လို့ ကြားနေကျမဟုတ်တဲ့ အခေါ်အဝေါ်ကိုလည်းတွေးရင်းပေါ့။

ဝိုး . . . သန့်ရှင်းလှပပြီး ရင်ထဲမှာ ရှင်းလင်းကာ အေးစိမ့်သွားအောင် ကြည်နူးဖွယ်ကောင်းတဲ့ဘုရားတန်ဆောင်းကြီးပါလား။ တန်ဆောင်းကြီး(ဝတ်တော်ကြီး)အထဲမှာလည်း ရွှေရောင်ဝင်းလဲ့ကာထူးဆန်းတဲ့ သက်နှံးအဆင်တန်ဆာတွေနဲ့ဆင်းတုတော်မျိုးစုံကိုဖူးတွေ့လိုက်ရပါတယ်။ မှန်စီရွှေချနံရံတွေကလည်း မှန်ရောင်တဝင်းဝင်းနဲ့ လင်းလက်နေပြန်ပါတယ်။ဆင်းတုတော်တွေရဲ့မျက်နှာတော်တွေဟာ ဖြူစင်ဝင်းမွတ်ပြီး ကြည်လင်လှရဲ့။ သပ္ပာယ်လိုက်တာလို့ ကိုယ့်နှတ်က တဖွဖွပြောမိပြီး စိတ်ချမ်းသာလွန်းလို့ ဦးချကန်တော့ဖို့တောင်မေ့သွားမိတယ်။ မော်လမြိုင်သူမော်လမြိုင်သားသူငယ်ချင်းတွေအများကြီးကိုယ့်မှာရှိခဲ့ပေမယ့်လည်း တစ်ယောက်ဆီကမှ ဒီဆင်းတုတော်တွေအကြောင်းမကြားခဲ့မိပါဘူး။ (ရန်ကုန်ပြန်ရောက်လို့ သူတို့ကိုပြောပြတဲ့အခါ တခို့မှား သူတို့ကိုယ်တိုင်တောင် မဖူးမြော်ခဲ့ဖူးဘူးတဲ့)။

တန်ဆောင်းကြီးရဲ့အလယ်မှာ လျှောင်းတော်မူ ဆင်းတုတော်ကြီးရှိပြီး တန်ဆောင်းရဲ့ နံရံသုံးဘက်မှာတော့ ထိုင်တော်မူဆင်းတုတော်တွေက အစီအရီနေရာအပြည့်တည်ရှိနေကြပါတယ်။ တန်ဆောင်းကြီးရဲ့နံရံတွေ၊ တိုင်လုံးတွေ၊ မျက်နှာကြက်တွေကလည်း ဖြူဖွေးလင်းလက်ကာ လာရောက်ဖူးမြော်သူတွေရဲ့ စိတ်ကိုရှင်းသန့်ကြည်နူးစေပါတော့တယ်။ အထူးခြားဆုံးကတော့ အခြားဘုရားတန်ဆောင်းတွေလို ဘုရားလူကြီးတွေရဲ့

မော်လမြိုင်ဖြူပြင် အိန္ဒြေအသွားလမ်းမှ ရှုခင်းများ

မော်လမြိုင်ဖြူပြင် အိန္ဒြေအသွားလမ်းမှ ရှုခင်းများ

မော်လမြိုင်ဖြူပြင် အိန္ဒြေအသွားလမ်းမှ ရှုခင်းများ

www.burmeseclassic.com

www.burmeseclassic.com

လော်စပီကာနဲ့ အလျှံခံသံ၊ ဆူဆူညံညံ ကျယ်ကျယ်လောင်လောင်တစာစာမကြား ရတာလည်း ပါပါတယ်။ အမွေးတိုင်၊ ဖယောင်းတိုင်ညှော်နဲ့တွေအီနေနံနေတာလည်း မရှိလို့ပါ။ တန်ဆောင်းတော်ကြီးနဲ့ဆင်းတုတော်တွေရဲ့ထူးခြားတဲ့နောက်ခံသမိုင်းကို ဘိုဘိုလွင်က ရှင်းပြသလို ဆင်းတုတော်တွေရဲ့ငါးအကြေးကွက်လို့ သင်္ကန်းတော်အဆင်ဒီဇိုင်းတွေကိုလည်း ထူးခြားစွာမြင်တွေ့ဖူးမြော်ရလို့ ကြည်နူးအံ့ဩနေမိပါတယ်။ တန်ဆောင်းတော်ကြီးရဲ့နံရံပေါ်ကအညွှန်းစာတွေကိုလည်း လိုက်ဖတ်ကြည့်မိပါတယ်။ ခုနှစ်သက္ကရာဇ်၊ အခ်ိန်ကာလ၊ အတိုင်းအတာ အပြည့်အစုံနဲ့မို့ နှုတ်တစ်ရာစာတစ်လုံးဆိုတဲ့စကားအတိုင်း တန်ဖိုးရှိလှရဲ့။

■ ပန်းရံပျံဝတ်တော်ကြီး ဆုတောင်းပြည့် နေလဘုရား

နေလဝန်းရံ ပန်းရံပျံဘုရားကြီးနှင့် ဝတ်တော်ကြီးကို ၁၂၇၂ ခုနှစ်တွင် တည်ထားပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၈၀) ကျော် ခရစ်နှစ် ၁၈၂၀ ပြည့်နှစ်ခန့်က အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် ရန်ကုန် (ဒဂုံ) မွန်အမျိုးသားခေါင်းဆောင်များဖြစ်ကြသော သန်လျင်မြို့စားသမိန်ဝန်ဗျူဘွဲ့ခံ ဦးစပ်၊ ဦးထော်လေး၊ စစ်ကဲမင်း-ဒိုင်းဝန်၊ စစ်ကဲမင်း-မောင်ငံတို့ ဦးဆောင်ကြပြီး မွန်တိုင်းရင်းသား နှစ်သောင်းခန့်တို့သည် လှေကြီးလှေငယ်များဖြင့် စစ်ဘောင်မြစ်ဝကို ကျော်ဖြတ်၍ မော်လမြိုင်မြို့နေရာကိုရောက်ရှိခဲ့ကြပြီး မော်လမြိုင်မြို့ကို စတင်တည်ထောင်ခဲ့ကြသည်ဟု ဆိုပါသည်။

(ကျိုက်သလံကျောက်စာ)

သမိန်ပဉ္ဇူးက ညောင်ပင်ဆိပ်အရပ်တွင် လည်းကောင်း၊ စစ်ကဲမင်း-ဒိုင်းဝန်က ဒိုင်းဝန်ကွင်းအရပ်တွင် လည်းကောင်း၊ စစ်ကဲ-မောင်ငံက မောင်ငံအရပ်တွင် လည်းကောင်း၊ ဦးထော်လေးက မုဒုရပ်တွင် လည်းကောင်း စုံးခုံး၍ ရပ်ကွက်တည်နေထိုင်ခဲ့ကြပါသည်။ စစ်ကဲဦးထော်လေးက မြန်မာမင်းထံ ခွင့်ပန်၍ ကျိုက်သလံဘုရားကို ၁၁၂၆ ခုနှစ်တွင် ပြုပြင်၍ ထီးတော်သစ်တင်လှူခဲ့သည်။

(ကျိုက်သလံကျောက်စာ)

ရန်ကုန်(ဒဂုံ)ရှိရွှေတိဂုံစေတီတော်ကိုလည်း ပြုပြင်၍ စောင့်ရှောက်ခဲ့သည်။ အင်္ဂလိပ်အစိုးရမှ ၎င်းကိုအသိအမှတ်ပြုသူကောင်းပြု၍ မြို့တွင်းလမ်းကို စစ်ကဲမောင်ထော်လေးလမ်းမဟူ၍ အမည်ပေးခဲ့သည်။ ညောင်ပင်ဆိပ်အရပ်တွင်နေထိုင်ခဲ့ကြသော မြို့ဝန်-သမိန်ပဉ္ဇူး (ဦးစပ်)၏ သမီးတော် ဒေါ်ခယ်မှ မွေးခဲ့သော ဒေါ်ရင်မှာ တစ်ရွာတည်းနေ သစ်သူဌေးဦးသာညွှတ်နှင့် အကြောင်းပါပေါင်းဆက်ခဲ့ကြသည်။ တိုင်းပြည်နှင့် သာသနာအကျိုးကိုများစွာဆောင်ရွက်ခဲ့ကြသည်။ ၁၈၇၉ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မွေး G.C.B.A သမ္မတဦးချစ်လှိုင်နှင့် သမီးဒေါ်နှင်းမြတို့ ဖြစ်ကြသည်။

ဦးချစ်လှိုင်သည် အင်္ဂလန်နိုင်ငံတွင် ဝတ်လုံတော်ရတွဲ့ကိုယူခဲ့ပြီး ၎င်းအလုပ်ဖြင့် အသက်မွေးခြင်းမရှိဘဲ ငွေအားလူအားဖြင့် အသင်းသို့ အားပေးကူညီခဲ့သည်။ ၁၉၂၂ ခုနှစ်ပြည်လုံးကျွတ်ညီလာခံများက ဦးချစ်လှိုင်ကို သမ္မတဦးချစ်လှိုင်ဟု အပ်နှင်းခဲ့ကြသည်။ နိုင်ငံရေးလောကတွင် ကျော်စောထင်ရှားသည်။ သမီးဖြစ်သူ ဒေါ်နှင်းမြမှာလည်း မော်လမြိုင်မြို့၏ပထမဦးဆုံးအမျိုးသမီးအမတ်ဟောင်းအဖြစ်ဝင်ရောက်လုပ်ကိုင်ခဲ့သော သစ်သူဌေးတစ်ဦးဖြစ်ခဲ့သည်။ မော်လမြိုင်သမိုင်းရာဇဝင်အရ သူဌေးဦးသာညွှတ်သည် မန္တလေးမှ စိန်တုံးမိဖုရားနှင့်အတူလိုက်ပါခဲ့၍ မော်လမြိုင်တွင်ထင်ရှားသောသင်္ဘောဆရာတော်ကြီးဦးဆောင်မှုဖြင့် သူဌေးသူကြွယ်များဖြစ်ကြသော၊ ဦးဗန်း၊ ဦးမောင်ညီ၊ ဦးတိုးလုံး၊ ဦးစိတ္တတို့နှင့်အတူ တောင်ရိုးတန်းတွင် လောကမှန်ကူ၊ လောကဥည္ဘောင်စေတီကို ကြီးကျယ်စွာတည်ထားခဲ့ကြပါသည်။ ထို့ခေတ်အခါက အင်္ဂလိပ်လူမျိုးများအုပ်စိုးနေပြီး မော်လမြိုင်တစ်မြို့လုံးသည် ခရစ်ယာန်ကျောင်းများစွာနှင့် လက်အောက်ခံအင်္ဂလိပ်စာသင်ကျောင်းများသာရှိနေ၍ သူဌေးဦးသာညွှတ်သည် မြန်မာအမျိုးသားပိုင်မြန်မာစာသင်ကျောင်းကြီးတစ်နကျောင်းဆောက်လုပ်လိုသောဆန္ဒများစွာတို့ ဖြစ်ပေါ်လာခဲ့ပါသည်။ သို့ဖြစ်၍ ၎င်းကိုယ်ပိုင်ငွေဖြင့် ပန်းပဲတန်းရပ်တွင် မြေဝယ်ယူ၍ မြန်မာပြည်တွင် သမိုင်းတွင်ခဲ့သော ပထမဆုံး အမျိုးသားကျောင်း (ရှင်မဟာဗုဒ္ဓဂေါသကျောင်း) ကို ငွေများစွာအကုန်ခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။(ယခုအခါ အမှတ်(၉) အစိုးရအထက်တန်းကျောင်းဟု အမည်ခေါ်သည်။)

၎င်းကျောင်းတော်ကြီးဆောက်လုပ်နေခိုက်တွင် သူဌေးဦးသာညွှတ်သည် လွန်စွာမှ ထူးခြားဆန်းကြယ်လှသော အိပ်မက်ရခဲ့ပါသည်။နေ့စဉ်တက်ရောက်ပူဇော်နေကျဖြစ်သော ဆံတော်ရှင်ဦးဇိန စေတီတော်အနီးတွင် ထူးခြားသဟာယ်လှသည့် ဝတ်တော်ကြီးတစ်ဆောင်ကို ဝတ်ဖြူစင်ကြယ်လှအများနှင့်ဆောက်လုပ်နေကြောင်းနှင့် သိုက်စောင့်သိုက်နန်းရှင်များစွာဝင်ထွက်၍ဖူးမြော်နေကြကြောင်း အိပ်မက်ကို နေ့စဉ်ဆိုသလိုမြင်မက်ခဲ့လေသည်။

လပေါင်းများစွာကြာခဲ့ပြီး ပန်းရန်လက်သမားများရှာဖွေသော်လည်း ထူးဆန်းစွာပင်လုံးဝရှာမရဘဲ ဝတ်ကျောင်းကြီးဆောက်လုပ်ရန် ကြန့်ကြာနေခဲ့သည်။ တစ်ညနေတွင် ဦးဇိနဘုရားဘက်မှ အိမ်သို့လမ်းလျှောက်ပြန်လာစဉ် ဘုရားအဆင်းလမ်းတွင် လူတစ်စုနှင့်တွေ့ဆုံပြီး စကားပြောဖြစ်ကြသည်။ ၎င်းလူစုထဲမှ ခေါင်းဆောင်ဆိုသူက သူဌေးဦးသာညွှတ်သည် ပန်းရန်လက်သမားများ ရှာဖွေနေသည်ဟု ကြားသိရ၍လာခဲ့ကြောင်းပြောကြားခဲ့သည်။

သူဌေးဦးသာညွှတ်သည် ၎င်းတို့ကို မြင်မိပြီး အလုပ်အပ်ချင်စိတ်များပေါ်ပေါက်လာ၍ အတိုင်းအတာအရွယ်အစားနှင့်လိုအပ်သောပစ္စည်းစာရင်းများမှတ်ယူအလုပ်အပ်ခဲ့သည်။ ဦးသာညွှတ်က ၎င်သည် စာသင်ကျောင်းကြီးဆောက်လုပ်လက်စဖြစ်နေ၍ နေ့စဉ်မလာနိုင်ကြောင်း၊ လိုအပ်သည်များကို လူကြုံလွတ်မှာကြားရန်နှင့် ပြီးစီးချိန်အကြောင်းကြားရန် အစစအရာရာအားလုံးအပ်နှံကတိစကားများပြောကြားခဲ့သည်။လိုအပ်သောပစ္စည်းများကိုလည်း ပြည့်စုံစွာပို့ပေးခဲ့သည်။

မကြာမီပင် ထူးခြားလှသည့် အဖြစ်အပျက်များ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာတော့သည်။ လများမကြာမီ သူဌေးဦးသာညွှတ်သည် ၎င်းဆောက်လုပ်ခဲ့သော စာသင်ကျောင်းကြီးပြီးစီးပြီး အခ်ိန်တူဆောက်လုပ်လှူဒါန်းနေသော ဝတ်တော်ကြီးလည်းပြီးစီးကြောင်း လူကြုံဖြင့်အကြောင်းကြား၍ ရေစက်ချအခမ်းအနားပြုလုပ်ရန်၊ ပန်းရန်သမားများလက်ခံငွေများရှင်းရန်၊ ငွေများယူ၍ ဦးဇိနဘုရားအနီးရှိ ဝတ်တော်ကြီးဆီလာရောက်ခဲ့ပါသည်။

ကြီးမားလှသောဘုံအဆင့်ဆင့်ရှိသော ဝတ်တော်ကြီးအတွင်း ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိနေသည့်အတိုင်း မျက်နှာတော်များသဟ်ယ်ပမည့် အရွေ့ဦးခေါင်းပြုလျောင်းနေတော်မူဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆုနှင့်၊ ဘေးပတ်လည်မှ သဟာယ်စွာ စံတော်မူနေသည့် ထိုင်တော်မူဆင်းတုတော်များကို ဖူးတွေ့ရပါတော့သည်။ အလင်းရောင်ဝင်ရောက်မှု၊ လေဝင်လေထွက်၊ ထူးခြားလှသောဘုံအဆင့်နှင့် ကျိုက်တဝိုမျက်နှာကြက်များ၊ ပလွင်တံကဲများ၊ ထူးဆန်းလှသည့်ထိုင်တော်မူဆင်းတုတော်ကြီးတစ်ဆူကိုလည်း ဖူးတွေ့လိုက်ရပါတော့သည်။ နတ်ဘုံနတ်နန်းတွင် ဘုရားရှင်သိတင်းသုံးနေသည့်အလားထင်မှတ်ရတော့သည်။ ဆင်းတုတော်အားလုံးနှင့် အလယ်တိုင်လုံးကြီးများ မှန်စီရွှေချထားသည်ကိုလည်း ၎င်းကမမှာကြားဘဲ ရွှေသားအစစ်များနှင့် ရွှေချထားသည်ကဝိုရှိ ထူးခြားလှသည်။

ဝိုရှိ ထူးခြားလှသည်ကား ဆောက်လုပ်ခဲ့သောပန်းရန်ဆရာ (၂၇) ယောက် စလုံး၊ တစ်ယောက်မှရှာမတွေ့ရတော့ခြင်းဖြစ်ပါတော့သည်။ ပန်းရန်ခင်ဗျားများ ရှင်းလင်းရန် ငွေထုပ်ကိုင်ပြီး သူ့ဌေးဦးသာညွှန်းမှာ ရက်ပေါင်းများစွာ ရှာဖွေပါသော်လည်း လုံးဝရှာမတွေ့တော့ပေ။ ဘုရားစောင့်တို့၏ ပြောပြချက်အရ ဝတ်တော်ကြီးအတွင်းနှင့် ပတ်ဝန်းကျင်အားလုံးတွင် လူများနေထိုင်စားသောက်သွားသည့်ပုံစံလုံးဝမရှိခြင်း၊ ကွမ်းစားဆေးလိပ်သောက်လုံးဝမရှိခြင်း၊ ထမင်းဟင်းချက်ပြုတ်စားသောက်သည်ကိုမတွေ့မိရခြင်းနှင့်၊ လုံးဝစကားပြောသံမကြားရခြင်းတို့ကို သတိထားမိရကြောင်းသိရှိခဲ့ရသည်။ သူ့ဌေးဦးသာညွှန်းမှာ ရေစက်ချရန်ခက်ခဲသည့်အဖြစ်ပင် ဖြစ်သည်။

ရက်ပိုင်းအတွင်း ထူးခြားသောအိပ်မက်ကိုရရှိပါတော့သည်။ အိပ်မက်ထဲတွင် ပန်းရန်ခေါင်းဆောင်ဖြစ်သူမှာ ဝစ်ဖြူစင်ကြယ်ဖြင့်တွေ့ရပြီး ၎င်းတို့မှာ နဂါးသိုက်မှလာသောအစောင့်အရှောက်များဖြစ်ကြောင်း၊ သူ့ဌေးဦးသာညွှန်းကို သာသနာစောင့်များပေးသည့် အိပ်မက်အဖြစ်၊ ဝတ်တော်ကြီးကိုဆောက်လုပ်ပေးရန်လာခဲ့ကြောင်း၊ ဝတ်တော်ကြီးကို သာသနာနေလပမာထွန်းလင်းရန်ရည်စူး၍ နေလဘုရားကိုမည်သည့်အစီအရင်ဖြင့်တည်ထားခဲ့ကြောင်းနှင့်၊ ဝတ်တော်ကြီးကို 'ပန်းရံပျံဝတ်တော်ကြီး' ဟု ထူးခြားသောအမည်နာမပေးရန် အိပ်မက်ပေးလေသည်။ ၎င်းတို့သည် သိုက်နန်းရှင်များဖြစ်ကြ၍ လုပ်ခင်ဗျားများမယူဘဲဆောက်လုပ်ကြောင်းနှင့် ၎င်းငွေကို ရေစက်ချပွဲ၌လျှူဒါန်းရန်၊ ဘဝအဆက်ဆက်မှတော်စပ်ခဲ့သော နဂါးသိုက်အစောင့်အရှောက်များကိုပင့်ဖိတ်၍ ရေစက်ချရန်လည်းပြောကြားခဲ့ပါသည်။ သူ့ဌေးဦးသာညွှန်းသည် မော်လမြိုင်ဘက်တွင် ကျော်ကြားလှသော ရေစက်ချပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ဝတ်တော်ကြီးအတွင်းကျင်းပပြုလုပ်၍ လျှူဒါန်းမှုအစုစုတို့ကို အမျှပေးဝေ၍ ဝမ်းမြောက်ဝမ်းသာသာခုခေါ်ဆိုခဲ့ပါတော့သည်။

ဆက်လက်ပြီးလည်း ပန်းရံပျံဝတ်တော်ကြီးရဲ့ထူးခြားမှုတွေကိုဖတ်ရှုခွင့်ရခဲ့ပါတယ်။

■ ပန်းရံပျံဝတ်တော်ကြီး၏ထူးခြားချက်များ

မြန်မာနိုင်ငံတွင် လုပ်အားခငွေတစ်ပြားမှမယူဘဲ ပန်းရန်များပျောက်ဆုံးသွားသော ဘုရားဝတ်တော်ကြီးတစ်ဆူဖြစ်ခြင်း။

ရှေးဟောင်း သမိုင်းဝင် အရှေ့အရပ်ဦးခေါင်းပြုသော မင်္ဂလာပေါင်းလဲလျောင်းတော်မူဘုရားရှိခြင်း။

မြန်မာနိုင်ငံ၏ ပထမဆုံး၊ ရှေးအကျဆုံးဘုရား သမိုင်းဝင် နေလဘုရားတည်ရှိခြင်း၊ (ရွှေတိဂုံဘုရားစနေထောင့်မှ နေလဘုရားထက် ရှေးကျပါသည်။) နေလမြတ်စွာဘုရားမျက်နှာတော်သည် မျက်နှာတော်ရှင်ဘုရားဖြစ်ခြင်း။

ဓာတ်ပုံရိုက်လျှင် တစ်ပုံနှင့်တစ်ပုံ မတူညီခြင်း၊ မူလမျက်နှာတော်နှင့်မတူညီခြင်း။

ကျင့်ကြံအားထုတ်ခြင်း၊ အာရုံပြုခြင်းများတွင် အဓိဌာန်အောင်မှမျက်နှာတော်ပေါ်ခြင်း။

အဓိဌာန်ဆုတောင်းပြည့် နေလဘုရား၏ ပလွင်တံကဲပေါ်ရှိ နတ်သား (၂၇)ပါး၏ပုံတော်များမှာ ပန်းရန်သမား (၂၇)ယောက်၏ရုပ်ပုံများနှင့်တူညီသည်ဟုဆိုခြင်း။

အဓိဌာန်ပြုသူများ၊ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သူ၊ လျှူဒါန်းသူ၊ ဆုတောင်းပြုသူ ထူးခြားစွာအောင်မြင်ကြခြင်း။

နဂါးဆက်၊ သိုက်ဆက်ရှိလျှင် ထူးခြားစွာပြသခြင်း။

မော်လမြိုင်မြို့စောင့်၊ အစောင့်အရှောက်များ သီတင်းသုံးသည့် ဝတ်တော်ကြီးဟုဆိုခြင်း။

ယတ္တန်းစင်တောင်ဆရာတော်ကြီးရသေ့ကြီး ဦးခန္တီနှင့်တကွ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ဓာတ်ပန္နက်ရှိရာဝတ်တော်ကြီးဖြစ်ခြင်း။

မော်လမြိုင်(၅+၄+၅)နှင့် ပန်းရံပျံ(၅+၄+၅)အမည်ဓာတ်ပန္နက်ရှိခြင်း။

မော်လမြိုင်မြို့သူမြို့သားများအထူးကိုးကွယ်ဆည်းကပ်လျှင် အောင်မြင်ကြခြင်း။

■ ကျမ်းကိုးစာရင်း

၁။ ရွှေတိဂုံဘုရားကြီးဆိုင်း (မောင်ဆုရှင်)
၂။ မော်လမြိုင်သမိုင်း
၃။ လစဉ်ထုတ် လောကီမဂ္ဂဇင်းနှင့် စာစောင်များ၊
၄။ စစ်ကဲ့ဦးထော်လေးကျောက်စာ (ကျိုက်သလဲဘုရား)
၅။ ဓမ္မဒူတ (ပထမတွဲ) (ဓမ္မာစရိယ-ဦးဌေးလှိုင်)
၆။ Weekly Eleven News (No.9, Vol 5)
၇။ ကိုယ်တွေ့လေ့လာမှုနှင့်လူကြီးသူမများမှတစ်ဆင့် သမိုင်းပြောကြားမှု

အညွှန်းစာတွေအားလုံးဖတ်ရှုပြီးတဲ့အခါ ဆင်းတုတော်တွေကို အသေးစိတ် တစ်ပတ်ပြန်ကြည့်မိပြန်ပါတယ်။ ဟုတ်ပါရဲ့ - တန်ဆောင်းတော်ကြီးရဲ့တိုင်လုံးတွေ၊ ဆင်းတုတော်တွေရဲ့သက်နိုးတော်တွေဟာ ရွှေရည်ဝင်းလဲ့ပြီး လက်လက်ထနေလိုက်တာ။ ဆင်းတုတော်တွေရဲ့မျက်နှာတော်တွေကလည်း အဆုတိုင်းလိုလိုမှာ ကြည်လင်ဝင်းဖန့်ကာ ကျက်သရေမင်္ဂလာရှိလိုက်တာ။ လုပ်အားခငွေတစ်ပြားမှမယူဘဲ၊ ပန်းရန်များ ပျောက်ဆုံးသွားတယ်ဆိုတဲ့ ဘုရားဝတ်တော်ကြီးအလယ်ကောင်က လျောင်းတော်မူဘုရားကြီးရှေ့မှာ ဒူးတုပ်ထိုင်ချလိုက်ပြီး ကြည်ညိုဖွယ်ကောင်းလှတဲ့မျက်နှာတော်ကို တစိမ့်စိမ့်ဖူးမြော်လိုက်မိပါတော့တယ်။ တကယ်ပဲ နတ်သိကြားတွေတည်ပေးခဲ့လို့ လက်ရာမြောက်စွာသဟာယနေတာလား။ နေလဘုရားရဲ့ပလွင်တံကဲပေါ်ရှိ နတ်သား (၂၇) ပါးရဲ့ပုံတော်တွေဟာ တကယ်ပဲ ပန်းရန်သမား(၂၇) ယောက်ရဲ့ ရုပ်ပုံမျိုးပေလား။

ကိုအေးမြင့် (ဆရာဝတီဇွာ၊ ရွှေ-သု)

www.burmeseclassic.com

www.burmeseclassic.com

■ သာသနာပွင့်လင်းရာ မြောက်ကိုင်းကျေးရွာက မေတ္တာရောင်ခြည်ဦး ကျောင်းတိုက်

မြောက်ကိုင်းကျေးရွာဆိုတာက မြစ်သားမြို့နယ်အဆုံးနဲ့ ဝမ်းတွင်းမြို့နယ်ရဲ့အစမှာ တည်ရှိတဲ့ရွာ ဖြစ်ပါတယ်။ ရန်ကုန်-မန္တလေးကတ္တရာလမ်းမကြီးရဲ့ ဘေးမှာရှိတာပါ။ မြစ်သားနယ်နဲ့ ဝမ်းတွင်းမြို့နယ်ကို စပ်ခြောင်းနဲ့ စပ်တံတားက နယ်ခြားအဖြစ်သတ်မှတ်ထားပါတယ်။ စပ်ခြောင်းရဲ့ အနောက်ဘက်ကမ်းဟာ မြောက်ကိုင်းရွာပါပဲ။ မြောက်ကိုင်းရွာရှိသလို တောင်ကိုင်းရွာဆိုတာလည်းရှိပါတယ်။ တောင်ဘက်မြောက်ဘက်ပါ။

မြောက်ကိုင်းရွာနဲ့ စာရေးသူနဲ့က မစိမ်းလှပါဘူး။ စာရေးသူ မိတ္ထီလာရှမ်းတဲလေကြောင်းအတတ်သင်လေတပ်စခန်းမှာ တာဝန်ထမ်းဆောင်စဉ်အခါက မိတ္ထီလာနဲ့ မြစ်သားကို အခေါက်ခေါက် အခါခါ ကားနဲ့သွားလိုက်ပြန်လိုက် လမ်းကူးကြွက်လုပ်ခဲ့ရတာဆိုတော့ ကားလမ်းဘေးက မြောက်ကိုင်းရွာဆိုတဲ့ဆိုင်းဘုတ်နဲ့ စာရေးသူရဲ့ မျက်စိနှစ်လုံးဟာ တွေ့ဖန်မြင်ဖန်များတော့ မိတ်မဆက်ရဘဲနဲ့ အလိုလိုမိတ်ဖက်ဖြစ်နေခဲ့တာပါ။

ကိုင်းရွာနဲ့ စာရေးသူဟာ ရေစက်ပါတယ်လို့ပြောရမလားဘဲ။ စာရေးသူ အနေနဲ့ ရွှေမုဋ္ဌောမြတ်စွာဘုရားကြီးမှာ ဂေါပကအဖွဲ့စာရေးကြီးအနေနဲ့ တာဝန်

စဇနတ္ထုန်း(မြစ်သား)

ကျေးရွာတော်ရှင် မဟပ်မသိုးဆရာတော်ကြီး ဘဒ္ဒန္တအာသဘမဟာထေရ်မြတ်၏ ရုပ်ကလပ်တော်တည်ရှိရာ မြောက်ကိုင်းကျေးရွာမှ မေတ္တာရောင်ခြည်ဦးကျောင်းတိုက်သို့



အနီးကပ် ဖူးမြင်ရသော စေတီနှစ်ဆူ



ရေးဟောင်းစေတီနှစ်ဆူ

ဗိုလ်ကြီးခထားသော တံခွန်တိုင်ထိပ်များ

လက်ရှိကျောင်းထိုင်ဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်၏ဘုရားခန်းအတွင်းမှရုပ်ပွားတော်

မဟပ်မသိုးဆရာတော်ကြီး သီတင်းသုံးရာ အုတ်တိုက်အတွင်းရှိမြေပေါက်စေတီငယ်တစ်ဆူ

ဗိဟာရမဟာဗုဒ္ဓမိုရ်သာဘုရားဆောင်အတွင်းမှ ရေးဟောင်းရုပ်ပွားတော်တစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com

ဦးညွှန့်မောင်ဗိသားစုမှလှူခါန်းခဲ့သော
ဗောဓိပင်ခြေရင်းတွင် မြတ်စွာဘုရားရှင်မှ
ပဌဝတ္တိပါးဦးအား တရားဟောနေပုံ

သုခဝိဟာရရွှေသိမ်တော်အတွင်းမှ
ရုပ်မွားတော်တစ်ဆူ

ဝိဟာရမဖိုရိပ်သာအတွင်းမှ
ဘုရားဆောင်

ရွေးဟောင်းစေတီတော်ထက်မှ ဘီလူးရုပ်များ

ရွေးဟောင်းစေတီတစ်ဆူထက်မှဘီလူးရုပ်များ

ကြေးခေါင်းလောင်းကြီးနှင့် စာရေးသူ

ယူစဉ်ကာလမှာ မြောက်ကိုင်းနဲ့စာရေးသူဟာ တိုက်တိုင်ဆိုင်ဆိုင်ပဲ ပတ်သက်ခဲ့ပါတယ်။ မြစ်သားတန်ဆောင်တိုင်ပွဲတော်မှာ မြောက်ကိုင်းရွာက ဂေါပကအဖွဲ့အနေနဲ့ စာရေးတန်မဲအဖြစ် ပဒေသာပင်လာရောက်ပို့ဆောင်ရာကနေဆုံစည်းမိကြတာပါ။

နောက်ပိုင်းမှာတော့ မြို့မအရှေ့ကင်းတားဝင်းရပ်ကွက်က လှူဒါန်းတဲ့ပဒေသာပင်ကို မြောက်ကိုင်းရွာ မေတ္တာရောင်ခြည်ဦးကျောင်းတိုက်ကျောင်းထိုင်ဆရာတော်က စာရေးတံမဲပေါက်ရာကနေစပြီး ကင်းထားဝင်းဘာသာရေးလူမှုရေးအဖွဲ့ခေါင်းဆောင် ဦးညွှန့်မောင်နဲ့ မြောက်ကိုင်းရွာဂေါပကအဖွဲ့တို့ရင်းနှီးသွားကြပါတယ်။ ဦးညွှန့်မောင်နဲ့ ပတ်သက်ပြီး စာရေးသူလည်း မြောက်ကိုင်းရွာနဲ့ ပိုမိုပြီး ထိတွေ့မှုရခဲ့ပါတယ်။

ရင်းနှီးမှုကို အကြောင်းပြုပြီး ဦးညွှန့်မောင်အနေနဲ့ မြောက်ကိုင်းရွာကျောင်းကို ဝင်ထွက်သွားလာမှုရှိလာပါတယ်။ ကျောင်းအနေအထား၊ ကျောင်းဝိုင်းအတွင်းက ဘာသာရေးဆိုင်ရာသာသနိကအဆောက်အအုံများနဲ့ဘုရားစေတီပုထိုးများဟာ ဟောင်းနွမ်းပျက်စီးယိုယွင်းနေတာကိုကြည့်ပြီး စိတ်ထဲမှာ ချမ်းမြေ့မှုမရှိခဲ့ပါဘူးဆိုတာ ဦးညွှန့်မောင်က စာရေးသူကို ပြောပြခဲ့ဖူးပါတယ်။

ဦးညွှန့်မောင်ဟာ ဟိန္နူလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူပါ။ ဘာသာရေး၊ သာသနာရေးနဲ့ ပတ်သက်လာရင် အားကြိုးမာန်တက်ဆောင်ရွက်လေ့ရှိသူဖြစ်ပါတယ်။ ဘာသာရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အင်းနားရွှေကူဘုရားကြီးပြုပျက်ပြီး ချုံနွယ်ပိတ်ပေါင်းဖုံးအုပ်နေတာကို ရှင်းလင်းဖော်ထုတ်ရာမှာ သူကိုယ်တိုင် ဦးဆောင်ပြီးလုပ်ခဲ့လို့ ဒီနေ့အင်းနားရွှေကူဘုရားကြီးဟာ သာသနာရောင်ဝါထွန်းလင်းလာပြီး ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်ဖူးမြော်ခွင့်ရခဲ့တာပါ။

ဒါ့အပြင် ရွှေပေါ်ကျွန်း ရွှေပေါ်ကုန်းကျေးရွာအရှေ့ဘက်ထိပ်က တောကြိုအုံကြားထဲမှာ ပျက်စီးယိုယွင်းနေတဲ့ဘုရားစေတီပျက်ရှိရာ ကုန်းတော်ကို သူအဖော် ဦးကျော်တင့်ကိုခေါ်ပြီး နေ့စဉ်သွားရောက်ရှင်းလင်းပြီး လုပ်အားဒါနအဖြစ် ကုသိုလ်ကောင်းမှုပြုခဲ့ပါတယ်။ သူ့အဖော် ဦးကျော်တင့်ဆိုတာကလည်း သူလိုပဲ ဟိန္နူလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦးပါပဲ။

တစ်ချိန်က တောကြိုအုံကြားလို ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ဖုံးအုပ်နေတဲ့ဘုရားကုန်းတော်ဟာ ဦးညွှန့်မောင်တို့ရဲ့ကောင်းမှုကြောင့် ဘုရားစေတီနဲ့ ဘုန်းတော်ကြီးကျောင်းနဲ့ဖြစ်လာတဲ့အပြင် သာသနိကအဆောက်အအုံတွေနဲ့ သာသနာပွင့်လင်းရာနယ်

www.burmeseclassic.com

www.burmeseclassic.com

ယောဂီများတရားပေးရာအဆောင်

ဝိဟာရခမ္မရိပ်သာအဆောင်



သုခဝိဟာရရွှေသိမ်တော်အဆောက်အအုံ

မြေအဖြစ် မြင်တွေ့နေရပြီ ဖြစ်ပါတယ်။ သိမ်တော်ကုန်းကျောင်းရယ်လို့ အခိုင်အမာတည်ရှိပြီး ကိုးကွယ်သူပေါများတဲ့ကျောင်းပါပဲ။

အခုလည်း ဦးညွှန့်မောင်အနေနဲ့ သာသနာတော်အရောင်မှေးမှိန်နေတဲ့ မြောက်ကိုင်းရွာ ဘုန်းတော်ကြီးကျောင်းနဲ့ ကျောင်းဝိုင်းအတွင်းက သာသနိက အဆောက်အအုံတွေကို ပြုပြင်ချင်တဲ့ စိတ်ဆန္ဒက ပြင်းပြလာနေပြန်ပါတယ်။ အဲဒါနဲ့ပဲ သူ့မိသားစုနဲ့တိုင်ပင်ပြီးတော့ မြောက်ကိုင်းရွာ ဘုန်းတော်ကြီးကျောင်းအဝင်ဝမှာ မေတ္တာရောင်ခြည်ဦးကျောင်းတိုက်ကမ္ဘည်းထိုးထားတဲ့မုခ်ဦးကို ပထမဆုံးကုသိုလ်ရှင်အဖြစ်နဲ့ ဆောက်လုပ်ပြီး လှူဒါန်းခဲ့ပါတယ်။

ဦးညွှန့်မောင်မိသားစု လှူဒါန်းထားသော ကျောင်းအဝင်မုခ်ဦး

ဦးညွှန့်မောင်က စတင်လို့ လှူဒါန်းကုသိုလ်ယူခဲ့ရာကနေအစပြုပြီး ဂေါပကအဖွဲ့ဝင်ဦးရွှေဘော်နဲ့အပေါင်းပါဂေါပကအဖွဲ့ဝင်တွေကလည်း ရွာကျောင်း၊ ရွာဘုရားအတွက် တိုးတက်သည်ထက်တိုးတက်အောင်ဆိုတဲ့စိတ်ဆန္ဒအမှန်နဲ့ ရပ်ဝေးရပ်နီးတွေကို သွားရောက်ပြီး အလှူခံထွက်ကြပါတယ်။ အလှူခံအဖွဲ့ဝင်မှာ အသားမည်းမည်း၊ သွားဖွေးဖွေးနဲ့ အမြဲတမ်းအပြုံးမျက်နှာပေးရှိပြီးတစ်ဖက်သားလှူချင်တန်းချင်အောင်ပြောတတ်ဆိုတတ်တဲ့ ကုလားလူမျိုးတစ်ယောက်ပါနေတာကိုမြင်ပြီး လူတွေကအံ့သြနေကြရသလို အထူးအဆန်းလည်းဖြစ်နေကြပါတယ်။

တကယ်တော့ အသားမည်းပေမယ့် အသည်းဖြူပြီး စိတ်ထားမြင့်မြတ်သူ ဦးညွှန့်မောင်ကို လူတွေက ဟိန္ဒူလူမျိုး ဗုဒ္ဓဘာသာဝင်စစ်စစ်ဆိုတာ မသိကြတာမို့ ကုလားကြီးတစ်ယောက်လို့ အထင်မှားပြီး အံ့သြသွားကြတာနေမှာပါ။ အခုလို ဦးညွှန့်မောင်နဲ့ ဂေါပကအဖွဲ့ဝင် ဦးရွှေဘော် - ဒေါ်သန်းတို့မိသားစုရဲ့ ကောင်းမှုကြောင့် အုတ်တိုက်အဆောက်အအုံအဖြစ်နဲ့ ခံထည်စွာမြင်တွေ့ခဲ့ရပြီဖြစ်ပါတယ်။

ဒါ့အပြင် တစ်ခြိုက်က အရောင်အဆင်းယိုယွင်းပြီး အဆင်းမလှဖြစ်နေတဲ့ ဆရာတော်သီတင်းသုံးရာကျောင်းဆောင်ကလည်း ရပ်ဝေးက ဒကာ၊ ဒကာမ မိသားတစ်စုရဲ့ကောင်းမှုကြောင့် သစ်လွင်တောက်ပြောင်တဲ့အုတ်တိုက်အဆောက်အအုံဖြစ်လာခဲ့ပါပြီ။ ကျောင်းထိုင်ဆရာတော်ကိုယ်တိုင်က မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော်ဟုဆိုအပ်သော ဘာသနာတော်မြတ်သုံးရပ်ကို အရှည်မြဲ တည်တံ့တော်မူရန် ရည်ရွယ်ချက်နဲ့ ကျောင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှာ တရားစခန်းဖွင့်လှစ်ထားရှိပါတယ်။

တရားစခန်းကို တစ်နှစ်(၄)ကြိမ် ကျင်းပရာက အခုနောက်ပိုင်းမှာတော့ တစ်နှစ် (၂)ကြိမ်နဲ့ (၇) ရက်တရားစခန်း၊ (၁၀)ရက်တရားစခန်းအဖြစ် ဆောင်ရွက်လျက် ရှိပါတယ်။ နှစ်စဉ် ပြာသိုလနဲ့ တန်ဆူးလတွေမှာတရားစခန်းဖွင့်ပါတယ်။ တရားစခန်းဝင်ယောဂီများအတွက် ကြီးမား ကျယ်ဝန်းတဲ့ဝိဟာရဓမ္မမရိပ်သာအဆောက်အအုံကြီးရှိသလို ယောဂီများနားနေအိပ်စက်ရာအဆောင်များလည်း စနစ်တကျ ဆောက်လုပ်ထားရှိတာမို့ တရားထိုင် ယောဂီများအတွက် အစစအရာရာ အဆင်ပြေချောမွေ့ပြီး စိတ်ချမ်းသာမှုရှိ စေမယ့်တရားစခန်းကြီးလို့ ပြောနိုင်ပါတယ်။

ဒါကတော့ ဝမ်းတွင်းမြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စုအတွင်းမှာ တည်ရှိတဲ့ မြောက်ကိုင်းကျောင်း မေတ္တာရောင်ခြည်ဦးကျောင်းတိုက်တော်အတွင်း သာသနာပွင့်လန်းလာခြင်းကို လက်လှမ်းမီသမျှ တစ်စွန်းတစ်စကို ရသမျှဆွဲထုတ်ပြီး တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

■ မပုပ်မသိုးဆရာတော်ကြီးရုပ်ကလာပ်တော်အား ဖူးမြော်ခဲ့ရခြင်း

မြောက်ကိုင်းရွာဘုန်းကြီးကျောင်းမှာ ပုံလွန်တော်မူတာ နှစ်များစွာကြာမြင့်ခဲ့ပေမယ့် ရုပ်ကလာပ်တော်ကိုပြုပြင်ခြင်း၊ ဆေးထိုးခြင်း စတာတွေကို ဘာတစ်ခုကို မှမပြုလုပ်ပါဘဲနဲ့ ယနေ့ထိတိုင် ဘာအနှစ်ဆိုးမှမရှိခြင်း၊ ဥတုဇရုပ်လွှာမျက်နှာတော်မှစပြီး ဘယ်နေရာမှဖောက်ပြန်ပြောင်းလဲမှုမရှိခြင်းနဲ့အတူ ကျောက်သားပမာ မာကျောနေတဲ့ ဆရာတော်ကြီးတစ်ပါး ရဲ့ ရုပ်ကလာပ်တော်ရှိနေတယ်ဆိုတာ ဦးညွှန့်မောင်အနေနဲ့ စာရေးသူကို ပြောပြခဲ့တာကြာပါပြီ။

စာရေးသူသွားချင်တဲ့နေ့ကျရင် သူ့အိမ်က ကားနဲ့လိုက်ပို့မယ်လို့ အခါခါ ပြောခဲ့ပေမယ့် အကြောင်းအမျိုးမျိုး ကြောင့် မသွားဖြစ်နိုင်ပါဘူး။ မနေ့က အင်းနားရွှေကူဘုရားမှာ ညစဉ် ဘုရားဝတ်ပြုလေ့ရှိတဲ့ စာရေးသူအနေနဲ့ ဘုရားကနေအပြန် အိမ်ရောက်တယ်ဆိုရင်ပဲ သတင်းထူးကြားရပါတယ်။ ဖုန်းသတင်းပါ။

ဖုန်းဆက်သူက မိတ်ဆွေကြီး ဦးညွှန့်မောင်ရဲ့သမီး မစူဇီးပါ။

မစူဇီးက -

"ဘာ နက်ဖြန်ခါ မြောက်ကိုင်းကျောင်းကို အဖေက ဆွမ်းသွားကပ်မှာမို့ ဘာလိုက်ခဲ့ဖို့လှမ်းပြောခိုင်းတာနဲ့ သမီး

မပုပ်မသိုးဆရာတော်ကြီး သီတင်းသုံးရာ အုတ်တိုက်အဆောက်အအုံ

မပုပ်မသိုးဆရာတော်ကြီးအား မှန်ခေါင်းအတွင်း၌ ဖူးမြင်ရပုံ

မပုပ်မသိုးဆရာတော်ကြီး၏ယျက်နှာတော်အား အနီးကပ် ဖူးမြင်ရပုံ

မပုပ်မသိုးဆရာတော်ကြီး၏ ရုပ်ကလာပ်ထားရှိရာ စံကျောင်းတော်

မှန်ခေါင်းအတွင်း လဲလျောင်းနေသော ဆရာတော်ကြီး၏ရုပ်ကလာပ်တော်

မပုပ်မသိုးဆရာတော်ဘုန်းကြီး၏ ပုံတူရုပ်ပွား

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာရောင်ခြည်ဦးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်ဦးကောသလ္လ

မေတ္တာရောင်ခြည်ဦးကျောင်းတိုက်အတွင်းရှိ ယခင်သိမ်အဆောက်အအုံပုံ

ကျောင်းဝင်းအတွင်းမှ နှစ်ရှည်သက်တမ်းရှိ မန်ကျည်းပင်ကြီးများ

အိမ်အသစ်မဆောက်ခင် အိပ်မက်ပေးခဲ့သော သမုန်းပင်

ဆွမ်းအလှူဒါယကာ ဦးညွှန့်မောင် ရေစက်ချနေပုံ

ဦးညွှန့်မောင်၏သမက်နှင့်သမီး ဆွမ်းကပ်အလှူတော်ရေစက်ချပုံ

ဖုန်းဆက်လိုက်တာ"

လို့ပြောပါတယ်။

စာရေးသူအနေနဲ့ ရပ်ကွက်ဘာဝန်ကို တာရားဝင်အလွဲအပြောင်းလုပ်ပြီးဖြစ်တာမို့ စိတ်လက်ပေါ့ပါးစွာနဲ့ပဲလိုက်ခဲ့မယ်လို့ အကြောင်းပြန်လိုက်ပါတယ်။

စာရေးသူအနေနဲ့ ဦးညွှန့်မောင် ချိန်းဆိုထားတဲ့အချိန်အတိုင်း သူ့အိမ်ကို အရောက်သွားခဲ့ပါတယ်။ ရောက်ပြီး မကြာခင်မှာပဲ ဦးညွှန့်မောင်ရဲ့သမက်ဖြစ်သူ ကိုဇော်ကြီးကသွားရှာအောင်လို့လာပြောတာနဲ့ စာရေးသူနဲ့ ဦးညွှန့်မောင်လည်း သူ့မောင်းပို့မယ့်ကားရှေ့ခန်းမှာ နှစ်ယောက်သားတက်ထိုင်လိုက်ကြတယ်။ အိမ်ကနေစထွက်တော့ နာရီလက်တံက မနက် (၉) နာရီကိုပြနေပါပြီ။

ကျောင်းကိုရောက်တော့ (၉)နာရီ ခွဲခါနီးပြီမို့ (၁၀) နာရီမှာ ဆွမ်းကပ်မီ အောင် ဆွမ်းပွဲတွေကို မစူဇီးနဲ့ ကျောင်းကဝေယျာဝစ္စအဖွဲ့တွေက ပြင်ဆင်ကြပါတယ်။ ဆွမ်းကပ်ဖို့အချိန်လိုသေးတာနဲ့ ဦးညွှန့်မောင်က စာရေးသူကို ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ရှိရာ စံကျောင်းတော်ဘက်သွားရအောင်ဆိုပြီး ခေါ်တာနဲ့ စာရေးသူလည်း ဦးညွှန့်မောင် ခေါ်ရာနောက်ကောက်ကောက်ပါအောင် လိုက်သွားခဲ့ပါတယ်။

ရုပ်ကလာပ်တော်ရှိရာ စံကျောင်းတော်က ကျောင်းဝိုင်းရဲ့အနောက်မုခ်ဘက်မှာရှိတာပါ။ ဦးညွှန့်မောင်ရဲ့ကျေးဇူကြောင့် စာရေးသူအနေနဲ့ ဆရာတော်ကြီးကို ဖူးမြော်ခွင့်ရခဲ့ပါပြီ။ ဆရာတော်ကြီးရဲ့ရုပ်ကလာပ်တော်ရဲ့ခေါင်းရင်းမှာ ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်က အမှတ်တရအဖြစ်ထုလုပ်ထားတဲ့ ဆရာတော်ကြီးရဲ့ ပုံတူရုပ်တုတော်ကိုလည်း ဖူးမြော်ခဲ့ရပါတယ်။

အမှန်အတိုင်းပြောရရင် စာရေးသူတို့မြို့နယ်နဲ့ ချောင်းတစ်ခုသာခြားတဲ့ ဟိုဘက်က ဝမ်းတွင်းနယ်မြေမှာ ခုလိုမျိုး မဲပုပ်မသိုးဆရာတော်ကြီးရဲ့ရုပ်ကလာပ်တော်ရှိတယ်ဆိုတာ မြစ်သားမြို့သူမြို့သားတိုင်း မသိရှိကြတာအမှန်ပါဘဲ။ သိရှိခဲ့ရင်တောင်မှ သွားဖို့အဆင်မပြေလို့ မသွားတဲ့သူတွေလည်း ဒုနဲ့ဒေးရှိနေမှာပါ။ စာရေးသူတို့မြို့နဲ့ မိုင်များစွာအလှမ်းကွာဝေးပြီး နာရီပေါင်းများစွာကားစီးသွားရတဲ့ မြင်ခြံမြို့က စွန်းလွန်းဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ကိုင်းရွာကို, တကူးတကသွားရောက်ဖူးမြော်ကြပေမယ့် ကိုယ့်နေထိုင်ရာမြို့နဲ့ နာရီဝက်သာသာကားစီးရင်ရောက်နိုင်တဲ့ကိုင်းရွာကိုတော့ အရောက်အပေါက်နည်းကြတာဟာ လူသားစရာဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

သလားလို့ပါ။ ဒါမှမဟုတ် ဆရာတော်ကြီးအနေနဲ့ လူသိထင်ရှားကျော်ကြားရမယ့်အချိန်ကာလမရောက်သေးလို့ အခုလို လူမသိသူမသိနဲ့ ဆရာတော်ကြီးရဲ့ဂုဏ်သတင်းဟာ တိမ်မြုပ်နေရော့သလားလို့လည်း မတွေးဝံ့တွေးဝံ့နဲ့ တွေးလိုက်မိပါတယ်။

ဒီတော့ ဆရာတော်ကြီးရဲ့ဂုဏ်ပုဒ်ကို ဖော်ထုတ်ဖို့အတွက် စာရေးသူမှာ တာဝန်ရှိတယ်လို့ ခံယူမိတာမို့ ဆရာတော်ကြီးပတ်သက်တဲ့ အချက်အလက်တွေကို ကျောင်းထိုင်ဆရာတော်ထံမေးမြန်းပြီး စာတစ်ပုဒ်ဖြစ်အောင်ရေးထုတ်ဖို့ ကြိုးစားလိုက်မိပါတယ်။

စာရေးသူအနေနဲ့ သက်တော်ထင်ရှားမရှိတော့ပြီဖြစ်တဲ့ ဆရာတော်ကြီးရဲ့ တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးမားမှုကို ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့အနေနဲ့ အခွင့်အလမ်းရှိပါလျက်နဲ့ ဖူးခွင့်မကြုံလိုက်ကြမှာစိုးတဲ့အတွက် စေတနာနဲ့ ဝေမျှရေးသားရခြင်းပါ။

ဘဝနတ်နန်းစံမြန်းတော်မူသွားပြီဖြစ်သော မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စု မြောက်ကိုင်းကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာသဘမထေရ်မြတ်၏ထေရုပ္ပတ္တိအကျဉ်းကို စာရေးသူ လက်လှမ်းမီသမျှ ရှာဖွေတင်ပြလိုက်ပါတယ်။

■ မွေးရပ်ဇာတိနှင့်မိဘနှစ်ပါး

ဆရာတော်ဦးအာသဘအလောင်းအလျာ အမျိုးကောင်းသားကို ကောဇာသက္ကရာဇ် ၁၂၅၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့နေ့ည မြန်မာစံတော်ချိန် နာရီတစ်ချက်ထီးကျော်အချိန်တွင် တောင်ငူခရိုင် အုတ်တင်းမြို့နယ် ညောင်ခြေထောက်အရှေ့ဘက် (၃) မိုင်ခန့်အကွာ မြက်နီကွင်းရွာတွင် ဖွားမြင်တော်မူခဲ့သည်။

ခမည်းတော်နှင့် မယ်တော်တို့မှာ ဦးသာညီ၊ ဒေါ်ကြေး ဖြစ်သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသားရတနာဖြစ်သည်။

■ ပညာသင်ရန်ကျောင်းအပ်နှံ

ငယ်ရွယ်စဉ်အခါ မြက်နီကွင်းရွာကျောင်းဆရာကြီး ဦးပုထုံ၌ အပ်နှံ၍ 'နမောဗုဒ္ဓါယသဒ္ဓိမ်' အစခံသော မြန်မာသင်ပုန်းကြီး၊ မင်္ဂလသုတ်များကို သင်ကြားစေသည်။

■ သာသနာ့ဘောင်စတင်ရောက်ခြင်း

အသက် (၁၁) နှစ်ခန့်အရွယ်တွင် မြက်နီကွင်းကျောင်းဆရာတော် ဦးနန္ဒမာလာကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့က ပထမဦးစွာ သာသနာ့အမွေခံယူကာ သာမဏေဘောင်သို့ သွတ်သွင်းခဲ့သည်။

■ ဒုတိယအကြိမ်ရှင်ပြုပြန်ခြင်း

အသက် (၁၂) နှစ်အရွယ်တွင် ထုံးဘိုကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် တောင်ငူမြို့ အရှေ့ဘက်ကမ်းညောင်ပင်သာရွာနေ ဦးတရုပ်ဖြူ၊ ဒေါ်ငွေးတို့က ထပ်မံ၍ ရှင်ပြုခဲ့ပြန်သည်။

■ တတိယအကြိမ်ရှင်ပြုပြန်ခြင်း

အသက် (၁၃) နှစ်အရွယ်တွင် စစ်ကိုင်းတောင်၌ နေစဉ် မြက်နီကွင်းရွာဇာတိ ဘကြီးတော်အရင်း ဘုန်းကြီးက ဦးရွှေဖယ်၊ ဒေါ်ဆယ် သားရင်း ဦးပဉ္စင်းဦးပဏ္ဍိတထံ၌ ရှင်ပြုကြပြန်သည်။ ဦးပဏ္ဍိတနှင့် ကိုရင်အာသဘတို့မှာ ညီတော်နောင်တော် ဖြစ်သည်။ နောင်တော်နှင့်အတူ (၁၄) နှစ်သားတိုင် ဓမ္မသုခချောင်၌ နေထိုင်ခဲ့သည်။

■ ပုံသက္ကရောင်၌နေထိုင်ခြင်း

အသက် (၁၅) နှစ်အရွယ်တွင် ရှင်ဖြူရှင်လှစောင်းတန်းအထက်ပံသုကူလိကဆရာတော်ဦးသုမင်္ဂလထံတော်တွင် တန်ဆောင်မုန်းလအထိနေခဲ့သည်။

■ ပရိယတ္တိစာပေသင်ယူခြင်း

ထိုအခါ ဖက်တောကျောင်းဆရာတော်သည် စိန်းစားတော်ကျောင်း၌နေထိုင်သည်။ နောင်တော် ဦးပဏ္ဍိတက ဖက်တောကျောင်းဆရာတော်ထံအပ်နှံသည်။ ဖက်တောကျောင်းဆရာတော်က ဒီမှာနေနိုင်မှာလားဟု မေးသည်ကို နေနိုင်ပါသည်ဟု လျှောက်ထားခဲ့သည်။

ဆရာတော်က ဘယ်လောက်ကြာနေမှာလဲဟု ထပ်မေးရာ မပျော် (၃)နှစ်၊ ပျော်(၅) နှစ်နေပါမည်ဟု ဝန်ခံခဲ့သည်။ ဖက်တောဆရာတော်ထံတွင် ဝတ်ကြီးဝတ်ငယ်ပြုစုရင်းနှီးထိုင်ခဲ့သည်။ ဆရာတော်ကြီးက ရှင်ကျင့်ဝတ်၊ ခုတင်ပဋိပတ်ဂုဏ်တွေမွှားနည်းများနှင့်တကွ ပရိယတ္တိအခြေခံသဒ္ဒါငယ်စသောအခြေပြုစာဝါများကို သင်ကြားပို့ချပေးသည်။

ယင်းစိန်းစားတော်ကျောင်းတွင် သာမဏေဘဝဖြင့် (၄) နှစ်တိုင်နေခဲ့သည့်စိန်းစားတောကျောင်းမှ ဖက်တောကျောင်းသို့ ပြောင်းရွှေ့လာသောအခါ အသက် (၁၈) နှစ်ရောက်ခဲ့သည်။

■ မြောက်ကိုင်းသို့ရောက်ရှိခြင်း

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြောက်ကိုင်းကျေးရွာ ဆယ်ဒိုင်အဖွဲ့ဥက္ကဋ္ဌသူကြီးဦးမြင့်၊ ဒါယကာကြီးဦးဘ၊ အောင်သာရွာမှ ကျောင်းဒါယကာဦးကြင်တို့က ပင့်လျှောက်ခဲ့သဖြင့် ၁၉၃၁ ခုနှစ်တွင် မြောက်ကိုင်းကျောင်းဆရာတော် ဦးပဏ္ဍာဝံသထံသို့ရောက်ခဲ့သည်။

■ ရဟန်းအဖြစ်သို့ရောက်ရှိခြင်း

၁၉၃၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက် (၁၅-၄-၁၉၃၂ ခုနှစ်) သင်္ကြန်အတက်နေ့တွင် မြောက်ကိုင်းရွာသူကြီးမင်း ဦးမြင့်၊ သူကြီးကတော် ဒေါ်သိန်းမိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြောက်ကိုင်းကျောင်းဆရာတော် ဦးပဏ္ဍာဝံသကို ဥပဇ္ဈာယ်ပြုလျက် မြောက်ကိုင်းကျောင်း ခဏ္ဍသိမ်၌ ရဟန်းအဖြစ် ရောက်ရှိသည်။

ရဟန်းအဖြစ်ရောက်ရှိသောအခါတွင် ဒွေမာတိကာ၊ ကခ်ီ၊ ခုဒ္ဒသိက္ခာ၊ ဝိနည်းငါးကျမ်းပါဠိတော်များကို ရဟန်း (၀၊) ရသည်အထိ ဥပဇ္ဈာယ်ဆရာတော်က ကိုယ်တိုင်ပို့ချသင်ကြားပေးခဲ့သည်။

■ ဆရာတော်နေထိုင်ဝါဆိုခဲ့ရာကျောင်းများ

ရဟန်း၀ါ (၇) ဝါရသောအခါတွင် မြောက်ကိုင်းကျောင်းမှ ဖက်တောကျောင်းသို့ပြန်၍ ရဟန်း၀ါ (၁၁)ဝါတိုင်နေထိုင်၍ လည်းကောင်း၊ ရဟန်း (၁၁) ဝါအရတွင် ဆယ်ကြိုးတောရဆရာတော်၏အမိန့်ဖြင့် ကျောက်တိုင်တောကျောင်း၌ (၁၆) ဝါအထိ လည်းကောင်း၊ ရဟန်း (၁၇) ဝါအရတွင် ကျန်းမာရေးချို့ယွင်းသဖြင့် တောင်ငူမြို့ ငွေလှန်ကျောင်းတိုက် အဘိုးတော်စပ်သူ ဆရာတော်ကျောင်း၌ (၁) ဝါနေထိုင်၍ ဝါဆိုတော်မူခဲ့သည်။

ဆက်လက်၍ ရဟန်း(၁၈)ဝါအရတွင် ပညာဆည်းပူးရန် ဧရာဝတီမြစ်ကမ်းပေါ်ရှိ တကောင်းမြို့ဟောင်းရွေစည်းခုံဘုရားကြီးအနီးတွင် (၂) ဝါဆို၍ လည်းကောင်း၊ ရဟန်း (၂၀) ဝါအရတွင် ထီးချိုင့်မြို့ နီတာကျင်းကျောင်း၌ ဝါဆိုခဲ့ပြီး ထီးချိုင့်မြို့နယ် ချမ်းမြန်ကျေးရွာ၌ (၂၂) ဝါမှ (၂၅) ဝါအထိ (၄) ဝါတိုင်

www.burmeseclassic.com

www.burmeseclassic.com

နေထိုင်၍ ထီးချိုင့်မြို့နယ် ညောင်ပင်သာယာကျောင်းကြီး၌ (၃၇) ဝါတိုင်နေထိုင်ခဲ့သည်။

■ ကိုင်းကျောင်းသို့ပြန်ရောက်ခြင်း

၁၃၃၀ ပြည့်နှစ်တွင် ကိုင်းကျောင်းဆရာတော်ကြီးဦးပဏ္ဏာဝံသ ကျန်းမာရေးမကောင်းသဖြင့် ညောင်ပင်သာရွာမှ ကိုင်းကျောင်းသို့ ပြန်ရောက်ခဲ့သည်။ ၁၃၃၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလတွင် ဆရာတော် ဦးပဏ္ဏာဝံသ နတ်ထီးစံတော်မူခဲ့ပြီးနောက် ဆရာတော်ကြီးသည် ကိုင်းမြောက်ကျောင်းဘုန်းကြီးအဖြစ် သီတင်းသုံးတော်မူခဲ့ပါသည်။

■ ဆရာတော်ကြီး လူပြည်ပြီး၍ နတ်ထီးစံခြင်း

ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ ညဉ့် (၁) နာရီ (၂၀) မိနစ်အချိန် သက်တော် (၉၁) နှစ်မြောက်သွေးလ၊ မွေးရက်၊ မွေးနေ့ကြုံကြိုက်သော ဟုန်းဝါ (၇၂) ဝါမြောက်ဆိုက်ရောက်ခဲ့နှင့်တွင် ခန္ဓာဟောင်းပစ် အသစ်လဲကာ နတ်တို့ရွာသို့ကြွမြန်းတော်မူသည်။

■ မေတ္တာရောင်ခြည်ဦးကျောင်းတိုက်အတွင်းမှ ပူးစရာအဖုံဖုံ

ကျောင်းဝိုင်းရဲ့အရှေ့ဘက်ထိပ်မှာ ရှေးဟောင်းဘုရားစေတီ (၂) ဆူရှိနေပါတယ်။ ဘွဲ့အမည်နဲ့စေတီတော်တည်တဲ့ခုနှစ်တွေကို မှတ်တမ်းအဖြစ်နဲ့ မတွေ့ရပေမယ့် ကျောင်းထိုင်ဆရာတော်ရဲ့ မိန့်ကြားချက်အရတော့ ကျောင်းဝိုင်းအတွင်းက စေတီပုထိုးနဲ့ သိမ်တွေဟာ ရှေးဟောင်းစေတီနဲ့ ရှေးဟောင်းသိမ်တွေလို့ပဲသိရပါတယ်။

သိမ်တော်ရဲ့အမည်က သုခဝိဟာရ ရွှေသိမ်တော်လို့ ရေးထားတာတွေ့ရပါတယ်။ မူလသိမ်တော်ပုံစံက ဘုံခုနစ်ဆင့်ပုံသစ်သားထည်နဲ့ဆောက်ထားတာပါ။ အချိန်ကာလရှည်ကြာတာနဲ့အမျှ ရာသီဥတုဒဏ်၊ လေဒဏ်မိုးဒဏ်ကြောင့် သိမ်အဆောက်အအုံရဲ့ခြေခိုင်မှုအားနည်းလာတာမို့ အခုအချိန်မှာ ပြန်လည်ပြုပြင်တည်ဆောက်ထားတဲ့ သိမ်အဆောက်အအုံကိုပဲ တွေ့မြင်ရပါတော့တယ်။

ယခင်သိမ်ရဲ့ အလှူဒါယကာ၊ ဒါယကာမတွေတောင် ဦးတိုင်း၊ ဒေါ်ရှမ်းတို့မိသားစုဖြစ်ပြီး ယခုလက်ရှိသိမ်ဒါယကာ၊ ဒါယကာမများကတော့ မြောက်ကိုင်းရွာမှ ဦးရွှေဘော်-ဒေါ်သန်း

တို့ ဖြစ်ပါတယ်။ သိမ်နဲ့ပတ်သက်လို့ ထူးခြားချက်တစ်ခုကတော့ သိမ်မပြုပြင်ခင်မှာ အိပ်မက်ပေးတာပါပဲ။ အိပ်မက်မြင်မက်သူကတော့ ဦးရွှေဘော်ရဲ့ သမီးသန်းသန်းနွယ်ပါ။

အိပ်မက်က သိမ်ပြုပြင်တဲ့အခါမှာ သိမ်ရဲ့ရှေ့မြောက်ထောင့်မှာရှိတဲ့ သမုန်းပင်ကို မထိခိုက်အောင် ဂရုစိုက်ပေးပါလို့ သက်ဆိုင်ရာအစောင့်အရှောက်ကြီး တင်ပြီးအသိလာပေးတယ်လို့ဆိုပါတယ်။ ရှေးဟောင်းအဆောက်အအုံတွေဟာများသောအားဖြင့်တော့ သူ့ဆိုင်ရာပိုင်ရာ မြင်အပ်မြင်အပ်ပုဂ္ဂိုလ်တွေရှိနေကြတာမျိုးပါပဲ။

စေတီနှစ်ဆူမှာ တောင်ဘက်စေတီက တံခွန်တိုင်ရှိပါတယ်။ တံခွန်တိုင်ထိပ်ဖျားမှာ မိုးကြိုးခထားတာပါ။ ခုထိပြန်မပြင်သေးပါဘူး။ ကျောင်းမှာ ဝေယျာဝစ္စတွေကိုကူညီလုပ်ကိုင်ပေးတဲ့ မောင်ဇော်အပြောအရတော့ စေတီတော်ထက် တံခွန်တိုင်ကမြင့်နေတာမကြိုက်လို့ မိုးကြိုးခတာဆိုတဲ့အကြောင်း သူကြားသိရတဲ့တစ်ဆင့်စကားကို ပြန်ဖောက်သည်ချပြီးပြောပြပါတယ်။

လက်ရှိ ကျောင်းထိုင်ဆရာတော် သီတင်းသုံးနေထိုင်တဲ့ကျောင်းဆောင်ရဲ့ ရှေ့မှာ ယခင် မပုပ်မသိုးဆရာတော်ကြီး သီတင်းသုံးနေထိုင်ခဲ့တဲ့ အုတ်တိုက်ငယ်လေးရှိပါတယ်။ အုတ်တိုက်အတွင်းမှာ ဥဏ်တော် (၄) ပေသာသာမျှရှိတဲ့ မြေပေါက်စေတီငယ်တစ်ဆူကို သပ္ပာယ်စွာနဲ့ဖူးမြင်ခဲ့ရပါတယ်။ ဒါ့အပြင် ကျောင်းထိုင်ဆရာတော် သီတင်းသုံးရာ တိုက်ကျောင်းအတွင်းနဲ့ ဓမ္မဝိဟာရဓမ္မရိပ်သာဘုရားဆောင်အတွင်းမှာ ရှေးဟောင်းရုပ်ပွားတော်နှစ်ဆူကိုလည်း ဖူးခွင့်ရခဲ့ပါသေးတယ်။

မပုပ်မသိုးဆရာတော်ဘုရားကြီးရဲ့ ရုပ်ကလာပ်တော်ကို ဖူးမြော်ခွင့်ရသလို ရှေးဟောင်းစေတီ၊ ရှေးဟောင်းရုပ်ပွားတော်များနဲ့ရှေးဟောင်းအဆောက်အအုံများကို လေ့လာဖူးမြော်ခွင့်ရင်တော့ မြောက်ကိုင်းရွာကို တစ်ခါတစ်ခေါက် ဝင်ရောက် လေ့လာဖို့ တိုက်တွန်းချင်ပါတယ်။

စာရေးသူတို့ ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေနဲ့ သာသနာတော်နဲ့ကြုံကြိုက်စဉ်ကာလမှာ လသာတုန်းပိုင်းငင်ဆိုသလို အခွင့်အခါကြုံခိုက်တုန်းမို့ တိုက်တွန်းမိတာပါ။ စေတနာအရင်းခံဆိုပေမယ့် အချို့အချို့သောသူများအနေနဲ့ အခွင့်အခါကြုံကြိုက်ပါသော်လည်း စားဝတ်နေရေး၊ ဝေယျာဝစ္စ၊ ဗာဟိရများနဲ့ မဆုံးနိုင်သော ခန္ဓာဝန်အလုပ်တို့မှာ နစ်မြုပ်နေကြရလေတော့ သွားချင်၊ မြင်ချင်၊ ဖူးချင်၊ ရောက်ချင်ပေမယ့် လိုအင်ဆန္ဒတို့ မပြည့်ဝနိုင်ကြထာတို့လည်း ကိုယ်ချင်းစာမိပါတယ်။

သို့ကလို မသွားမရောက်နိုင်ပေမယ့် စာရေးသူ ရေးသားပူဇော်တဲ့ ဆောင်းပါးထဲက ရုပ်ပွားတော်များ၊ စေတီများနဲ့ ဆရာတော်ကြီးများရဲ့ပုံတော်ကို သူရဇ္ဈမဂ္ဂဇင်းကြီးကတစ်ဆင့် ဖူးမြော်ခွင့်ရကြလို့ စာဖတ်သူတို့ရဲ့အဇ္ဈတ္တအတွင်း သန္တာန်မှာ အေးချမ်းသာယာမှုရရှိသွားကြမယ်ဆိုရင်ပဲ စာရေးသူအနေနဲ့ ရေးသားတင်ဆက်ရကျိုးနပ်ပြီလို့ ဆိုပါရစေ။

စာဖတ်သူများအနေနဲ့ ရခဲလှတဲ့ လူဘဝကိုရစဉ်ရောက်စဉ်ကာလလေးမှာ တတ်နိုင်သရွေ့ ဘာသာရေးကို ကျင့်ကြံကျိုးကုတ်အားထုတ်လုပ်ကိုင်ရင်း လူဘဲ၊ လူဌာန၊ လူဘဝ၏ပန်းတိုင်မင်္ဂဖိုလ်နိဗ္ဗာန်ကိုအရောက်သွားနိုင်ဖို့ကြိုးစားအားထုတ်နိုင်ကြပါစေလို့ စေတနာအမှန်နဲ့ ဆန္ဒပြုရင်း စာရေးသူရဲ့ဆောင်းပါးကို ဒီမှာတင်ပဲ အဆုံးသတ်လိုက်ပါတယ်။

စေတနာမှန်လျှင်ကံကောင်းမည်

စနေသွန်း(မြစ်သား)

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မူတက္ကသိုလ်)
ကိုလိုဆရာတော်ဘုရားကြီးဦးတေဇနိယ
စာမူတစ်ရာ

ကုံလုံဆရာတော်ဘုရားကြီး၏ ထူးခြားချက်အချို့ကို တင်ပြရလျှင် -

၁။ အသက်သတ်လွတ်ခဲ့ဖွယ်ဘောဇဉ်ကို နှစ်ပေါင်း (၃၀) ကျော်ကြာ အောင်စားနေသော်လည်း ကျန်းမာပကတိရှိ၍ ဝဖြိုးနေခြင်း။

၂။ ပါရမီထူးခြားစွာ အသားတော်မှ အမွေးရန့်များထွက်နေခြင်း။

၃။ ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ရောက်လိုသောသူများသည် အသက်သတ်လွတ်စား၍ လာမှသာလျှင် ဆရာတော်ကြီးထံပါးသို့အဆင်ပြေစွာရောက်ရှိနိုင်ခြင်း။

၄။ ဆရာတော်ကြီး၏ ကျောင်းတော်သို့ ဧည့်သည်မည်မျှလာမည်ကို ဆရာတော်ကြီးကကြိုတင်သိရှိနေခြင်း။

၅။ အောက်လမ်းနည်းဖြင့် ပြုစားခံရသောဝေနေယျများသည် ဆရာတော်ကြီးရေချိုးတော်မူပြီးသောရေများကို သောက်သုံးပါက ခံစားနေရသောဝေဒနာများပျောက်ကင်းနိုင်ခြင်း။

၆။ သွေးရိုးသားရိုး အတော်အသင့်မကျန်းမာသူများ ဆရာတော်ကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိဦးခိုက်လိုက်ပါက လုံးဝသက်သာပျောက်ကင်းသွားခြင်း။

၇။ ဆရာတော်ကြီး၏ ကျောင်းတော်သို့ ဧည့်သည်အနေအတွက်မည်မျှပင်ရောက်စေကာမူ အချိန်အခါမရွေး အခက်အခဲမရှိဘဲ တည်းခိုနိုင်ခြင်း။

၈။ ဆရာတော်ကြီးသည် လဲလျောင်းတရားမှတ်သည်မှအပ ထိုနိမိတ္တမရှိခြင်း။

၉။ ဆရာတော်ကြီးထံရောက်ရှိဖူးမြော်လာသူများကို အဆင့်အတန်းမခွဲခြားဘဲ အချိန်ကန့်သတ်မှုမရှိဘဲ အဖူးမြော်ခံခြင်း (ကျန်းမာရေးအတွက် ဦးပဉ္စင်းများ မေတ္တာရပ်ခံခွိန်မှအပ)

၁၀။ ဆရာတော်ကြီး၏ အဓိဋ္ဌာန်မှာ ဆရာတော်ကြီးနှင့်ပဋာန်းဆက်ရှိသူမှန်သမျှ ဖူးတွေ့ခွင့်ရရှိရမည်။

၁၁။ ဆရာတော်ကြီး၏ ကျောင်းတော်တွင် ပစ္စည်းလေးပါးလိုလေသေးမရှိပြည့်စုံပြီး တစ်နှစ်တစ်ခါ ဆရာတော်ပိုင်ပစ္စည်းများကို တစ်ခုမကျန်ပြန်၍ ဝေငှလှူဒါန်းပစ်လေ့ရှိခြင်း။

၁၂။ ဆရာတော်ကြီး၏ ညာဘက်လက္ခဏာတော်တွင် ရှင်သီဝလိပုံတော်နှင့်ဘယ်ဘက်လက္ခဏာတော်တွင် ရှင်ဥပဂုတ္တပုံတော်ပါရှိခြင်း။

၁၃။ ခြေဖဝါးတော်တွင် ကြာပွင့်များပါရှိ၍ ၎င်း၏ခြေဖဝါးတော်နှင့်ဝေဒနာရှိသည့်နေရာကပ်၍ မေတ္တာပို့ပေးပါက ရောဂါဝေဒနာပျောက်ကင်းချမ်းသာခြင်းစသည်တို့ဖြစ်ပါသည်။

ဆရာတော်အလောင်းအလျာကို အေဒီ ၁၉၀၈ ခုနှစ်၊ ဧပြေလ ၄ ရက် (၁၂၆၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်) စနေနေ့ ညနေ (၆) နာရီတွင် ဦးတူး၊ ဒေါ်ထွေးမိတို့မှ မီးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်။

ဆရာတော်သည် ဓနုတိုင်းရင်းသားဖြစ်ပါသည်။ငယ်မည်မှာ မောင်ထွန်းသာဟု ခေါ်ပါသည်။ မွေးချင်း (၇) ယောက်တွင် အငယ်ဆုံးဖြစ်ပါသည်။ အစ်ကိုတော်၊ အစ်မတော်တို့မှာ မဝိုင်း၊ မပုတ်၊ မောင်ညို၊ မောင်ပို၊ မောင်ချို၊ သျှမ်းပို၊ မောင်ထွန်းသာ ဟူ၍ ဖြစ်ပါသည်။

အေဒီ ၁၉၁၀ ပြည့်နှစ် (၁၂၇၂ ခုနှစ်) ဆရာတော်လောင်းလျာ (၃) နှစ်

www.burmeseclassic.com

www.burmeseclassic.com

သားအရွယ်တွင် ဖခင်ဆုံးသွားပါသည်။ မရှေးမနှောင်းပင် မိခင်လည်းဆုံးသွားခဲ့ပါသည်။

ဆရာတော်လောင်းလျှာသည် ရဟန်းဘဝဖြစ်သည်အထိ ခဲခဲယဉ်းယဉ်း နေထိုင်စားသောက်ခဲ့ရသည်။

အေဒီ ၁၉၂၁ ခုနှစ် (၁၂၈၂ ခုနှစ်) အသက်(၁၃)နှစ်အရွယ်တွင် သာမဏေ ဘဝရောက်ခဲ့သည်။ ဒါယကာမှာ တောင်ကြားကြီးရွာမှ ဦးအောင်၊ ဒေါ်ပိုထို့ ဖြစ်သည်။

အေဒီ ၁၉၂၇ ခုနှစ်၊ ဇူလိုင်လ (၆) ရက် (၁၂၈၉ ခုနှစ်၊ ဝါဆိုလဆန်း (၈) ရက်) အသက် (၁၉) နှစ်၊ (၆) လ ပြည့်သောနေ့တွင် ရဟန်းဘောင်သို့ ရောက်ခဲ့ပါသည်။ ရဟန်းဒါယကာများမှာ တောင်ကြားကြီးရွာနေ ပဉ္စင်းဦးဘကြော်၊ ဇနီးဒေါ်ဆွေတို့ကကြီးမှူး၍ တမဲရွာနေ ဦးဖိုးနီ၊ ဒေါ်လန်း၊ ဒေါ်အမာတို့ဖြစ်ကြသည်။

အေဒီ ၁၉၂၉ ခုနှစ် (၁၂၉၁ ခုနှစ်) ရဟန်း နှစ်ဝါရသောအခါ ပင်းတယမြို့ ကျောက်တော်ကျောင်းဆရာတော်ပျံလွန်တော်မူရာသို့ကြွသွားခဲ့သည်။ ၎င်းတို့က အကူအညီတောင်းသဖြင့် ကျောင်းထိုင်ဆရာတော်ရှာပေးရသည်။

ဆရာတော်သည် မန္တလေးသို့ကြွပြီး ဘုရားကြီးတိုက် မော်လမြိုင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ မန္တလေးတွင် လေးဝါခန့်ပညာသင်ကြားခဲ့သည်။

ဆရာတော်သည် ပင်းတယမြို့ ပွေးလှကျောက်တော်ကျောင်းတွင် ပညာသင်ခဲ့သည်။ ရွှေဥဒေါင်းတောင်ဆရာတော် ဦးကုမာရသည် လည်းကောင်း၊ ဘိုကလေးဆရာတော် ဦးပညာဇောတဘဏာစာတိဆရာတော်သည်လည်းကောင်း အတူ ပညာသင်ဖက်ဖြစ်ကြလေသည်။

ဆရာရင်းမှာ ဦးကိတ္တိဖြစ်သည်။ ဦးကိတ္တိသည် အဂ္ဂိရတ်ဖိုထိုးခြင်းတွင် လည်းကောင်း၊ တောတွင်းရှိအပင်များကို ရှာဖွေ၍ ဆေးအဖြစ်သုံးရာတွင်လည်း ကောင်း ကျွမ်းကျင်သူဖြစ်သည်။ ဆရာတော်သည် ဦးဂန္ဓမာထံမှလည်း ပန်းခို၊ ပန်းပု၊ ဆေးပညာ၊ အင်းပညာ၊ မန္တန်ပညာများကို ထူးခြားအောင်သင်ကြားခဲ့သည်။

၎င်းနောက် ဆရာတော်သည် ပွေးလှမြို့တွင် မနေတော့ဘဲ ကုန်းသာယာရွာ ဘုရားအနီးမှ ဝါးကျောင်းကလေးတစ်ခုဆောက်၍နေခဲ့လေသည်။

ထိုအချိန်တွင် ဘုရားနီကျောင်းဆရာတော် ဦးအာသဖပျံလွန်တော်မူသည်။ သို့နှင့် ကျောင်းထိုင်အဖြစ် တာဝန်ယူရသည်။ ထိုအခါမှစတင်၍ အသွေး၊ အသားများကို တစ်သက်လုံးရှောင်ရန် အဓိဋ္ဌာန်ပြုခဲ့သည်။

ဘုရားနီးကျောင်းတွင် တရားအားထုတ်နေစဉ်မှာပင် ဆဋ္ဌသဒ္ဓါယနာတင်တော်မူရန်ပင့်ဖိတ်ခြင်းခံရ၏။ ပင်းတယမြို့နယ်သံဃာ့ကိုယ်စားလှယ်ဖြစ်လာ၏။

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူတော်ကြီးသို့ကြွမြန်း၍ သင်္ဂီယနာတင်ဖူးသည်။

အေဒီ ၁၉၅၆ ခုနှစ်၊ ကောဇာ ၁၃၁၈ ခုနှစ် (သာသနာ ၂၅၀၀ ပြည့်နှစ်) မှာ လောကီကိစ္စများကို အလွန်ငြီးငွေ့တော်မူသဖြင့် တောထွက်ခဲ့လေသည်။

ဆရာတော်သည် ဘုရားနီကျေးရွာမှ ကျွဲကျောင်းသား ဖိုးအောင်အားခေါ်၍ တောထွက်ခဲ့လေသည်။ 'ရော့ - စိပ်ပုတီးကိုင် ရှေ့ကထွက်' ဟု ဆိုပြီး သင်္ကန်းသုံးထည်ဖြင့်တောထွက်ခဲ့သည်။ အနောက်ဘက်တောင်တန်းရှိ ဘော်နှင်းဂူသို့ထွက်ခဲ့ခြင်းဖြစ်သည်။ ထိုဂူသို့ရောက်သောအခါ အလွန်ကြောက်စရာများ တွေ့သဖြင့် ဦးဖိုးအောင်သည် ရွာသို့ပြန်ပြေးလေသည်။

ထိုဘော်နှင်းဂူမှ (၂) ဖာလုံးေသနေရာတွင် ရေအိုင်ကြီးရှိလေသည်။ ထိုအချိန်တွင် ဂဠုန်တောင်မှ အစောင့်နတ်များက သူတို့နေရာ ဂဠုန်တောင်သို့ လာရောက်သာသနာပြုရန် အကြိမ်ကြိမ် လျှောက်ထားကြသည်။ သို့နှင့် ဂဠုန်တောင်သို့ ကြွမြန်းခဲ့ရလေသည်။

ဂဠုန်တောင်ကြားနှင့် (၂) ဖာလုံအကွာတွင် ရေအိုင်ကြီးရှိလေသည်။ နွေဖြစ်စေ၊ မိုးဖြစ်စေ ရေအမြဲရှိသည်။ ပေ(၃၀၀)ပတ်ဝန်းကျင် ကျယ်ပြန့်သည်။ နဂါးများရေကစားသောရေအိုင်ဖြစ်သည်။

ဂဠုန်တောင်ဆိုသည်မှာ ဂဠုန်မင်းကြီးနေထိုင်ရာအရပ်ဖြစ်သဖြင့် ဂဠုန်တောင်ဟုခေါ်တွင်ကြောင်း ဆရာတော်က မိန့်တော်မူဖူးလေသည်။

ဆရာတော်ကြီးသည် စားဖွယ်အာဟာရများကို လူ့ဒါန်းသူရှိလျှင် ဘုဉ်းပေးသည်။ မရှိလျှင်လည်းနေနိုင်သည်။ ရက်ရှည်လများကပ်လှူသူမရှိပါကလည်း ကျန်းမာချမ်းသာစွာနေနိုင်စွမ်းရှိသည်။

အသွေးလွတ်၊ အသားလွတ်၊ သစ်သီး၊ သစ်ရွက်များကိုသာ ဘုဉ်းပေးတော်မူသည်။ ဖြူစင်သောသီလလည်းရှိသည်။ တည်ကြည်သောသမာဓိလည်းရှိသည်။ ထူးမြတ်သောပညာလည်းရှိသည်။ ဆရာတော်ကြီး၏ခန္ဓာကိုယ်မှာ နံ့သာဆီရနံ့များအစဉ်မွှေးသည်။ ဆရာတော်ကြီး၏ ခြေဖဝါးနှစ်ဖက်စလုံးတွင် ကြာဖူးပုံပါရှိလေသည်။

ဆရာတော်ကြီးသည် ဘော်နှင်းဂူတွင် တရားအားထုတ်စဉ်အခါက ညအခါကာလများတွင် ဂူထဲမှအလင်းရောင်များထွက်နေသဖြင့် ရွာသားများသွားရောက်ကြည့်ရှုကြသည်။ ထိုအခါ ဆရာတော်ကြီးတစ်ပါးတည်းကိုသာ တွေ့ရလေသည်။

ဆရာတော်ကြီးသည် ကျားတွင်းဂူသို့ ပြောင်းရွှေ့တရားအားထုတ်ပြန်သည်။ ကျားများ၊ ကျားသစ်များ လာရောက်ပူဇော်ကြသည်။ ဆရာတော်ကြီး အားနမ်းကြသည်။ အရိုင်းတိရစ္ဆာန်များသည် ကြောင်လေးများသဖွယ် သိမ်မွေ့လျက် ပူဇော်ပြီး ပြန်သွားကြမြဲဖြစ်လေသည်။

တစ်ရံရောအခါက ဖြစ်သည်။

ဂဠုန်တောင်တွင် ဆရာတော်ကြီး သီတင်းသုံး တရားအားထုတ်နေစဉ် ရှေးယခင်က လူဆိုးလူမိုက်များခိုအောင်းရာဖြစ်သည့်အလျောက် ဆရာတော်ထံ တပည့်ဒကာများ လာရောက် လှူဒါန်းထားသောပစ္စည်းများကို လူဆိုးများက လာရောက်ယူကြပြန်သည်။ ဆရာတော်ကြီးမှာကား ၎င်းပစ္စည်းများကို ယူချင်သည့်သူယူရန် ခွင့်လွှတ်စွန့်ပယ်ထားပြီးဖြစ်၍ လူဆိုးများအားလည်း အလှူခံပုဂ္ဂိုလ်ဟု သတ်မှတ်ကာ ပေးလှူခဲ့သည်။

လူဆိုးများသည် ကောင်းမွန်စွာ အလှူမခံဘဲ လောဘရမ္မက်ဆိုးကြောင့် ဆရာတော်ကြီးအား ရိုက်နှက်ပြီးကြိုးများဖြင့်တုပ်နှောင်အလှူခံကြရာ ဆရာတော်က -

"ဒကာတို့၊ ဦးပဉ္စင်းမှာ ဘာမှမရှိ။ ရှိသည့်ပစ္စည်းများကိုလည်း ဒကာတို့ကြိုက်သလောက်ရှာဖွေယူပြီးဖြစ်တယ်။ အေး - ဦးပဉ္စင်းဆီမှာကျန်တဲ့ပစ္စည်းက တော့ တရားပဲကျန်တော့တယ်။ တရားဆိုတာ လုံယူလို့မရဘူး။ တောင်းယူလို့လည်းမရဘူး။ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မှရတယ်"

ဟု မိန့်ကြားလေသည်။

ဆရာတော်ကြီးက -

"တုပ်နှောင်ထားတဲ့ကြိုးတွေ ဖြေပေးခဲ့ပါ။ ကြိုးတုပ်စရာမလိုပါဘူး။ ဦးပဉ္စင်းပစ္စည်းများမှာ သေးလှစေးမရှိ၊ သေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

လည်းမရှိ၊ ရှာကြံယူလို့ရသားပဲ"

ဟု ပြောဆိုသော်လည်း ကြီးမဖြေပေးဘဲ ပြန်လည်ထွက်ခွာသွားကြလေသည်။

ဆရာတော်ကြီးသည် ဤပစ္စည်းများကြောင့် ဒုက္ခတွေ့ရသည်။ ဤခန္ဓာကိုယ်ကြီးရ၍ ဒုက္ခရောက်ရသည်။ ကြီးဖြေပေးမည့်သူလည်းမရှိရာ သံဝေဂတရားများ ပို့မိုရရှိ၍ အဓိဌာန်ပြုပြီး တရားရှုမှတ်နေလိုက်ရာ ဖြေပေးမည့်သူမရှိသောကြီးများ အလိုအလျောက်ပြေကုန်လေသည်။

ဆရာတော်ကြီးသည် လူဆိုးများ ချည်နှောင်ခဲ့သောကြိုးကို မီးပုံထဲသို့ ထည့်လိုက်လေသည်။ ထိုအခါ လူဆိုးများနေထိုင်သည့်အိမ်များ မီးလောင်၍ ဆရာတော်ထံမှ ယူထားသော ပစ္စည်းများပေါ်လာလေသည်။

ဆရာတော်ကြီးသည် ကျောက်ဆင်ကြီးဘုရားကိုလည်း ပြုပြင်ခဲ့လေသည်။ ၎င်းဘုရား၏အောက်ခြေကျောက်တောင်ကြီးသည် ဆင်ကြီးတစ်ကောင်နှင့်တူပေသည်။ မည်သည့်ဘက်ကကြည့်ကြည့် ဆင်ဦးခေါင်းများဖြင့် ဝိုင်းရံထားသကဲ့သို့ မြင်ရလေသည်။

၎င်းကျောက်တောင်ပတ်လည်လည်တွင် အလွန်ထူးဆန်းသည်။ တနင်္ဂနွေထောင့်တွင် ကျောက်သားကျောက်ဆောင်ဂဠုန်ပုံရှိသည်။ တနလ်ာထောင့်တွင် ကျောက်သားကျောက်ဆောင်ကျားပုံရှိသည်။ အင်္ဂါထောင့်တွင် ကျောက်သားကျောက်ဆောင်ခြင်္သေ့ပုံရှိသည်။ ဗုဒ္ဓဟူးထောင့်တွင် ကျောက်သားကျောက်ဆောင် ဆင်ပုံရှိသည်။ စနေထောင့်တွင် ကျောက်သားကျောက်ဆောင်နဂါးပုံရှိသည်။ ကြာသပတေးထောင့်တွင် ကျောက်သားကျောင်ဆောင်ကြွက်ပုံရှိသည်။ ရာဟုထောင့်တွင် ကျောက်သားကျောက်ဆောင် ဟိုင်းဆင်ပုံရှိသည်။ သောကြာထောင့်တွင် ကျောက်သားကျောက်ဆောင်ပူးပုံရှိလေသည်။

ကျောက်သားကျောက်ဆောင်များမှာလည်း သူရဿတီမယ်တော်ဟသ်စီးနေပုံဖြစ်နေသည်။ ၎င်းပြင်ကျောက်သားကျောက်ဆောင်ဇော်ဂိုပုံများ၊ ကျောက်သားကျောက်ဆောင်ဘီလူးပုံများလည်း အလိုလိုဖြစ်ပေါ်နေသည်။

တစ်ကြိမ်တွင် စာရေးသူတို့ ကုံလုံကျောင်းတွင် ရောက်ရှိ၍ ဆရာတော်အားဖူးမြော်နေစဉ် ဆရာတော်ကြီးကယခု ကားဖြင့်လာနေသော ဧည့်သည်များ မသန့်ရှင်းဟု ပြောကြားပြီးနောက် ကျောင်းရှေ့တွင် ဂျစ်ကားတစ်စီးလာရပ်ရာ ယောကျ်ားလေးငါးယောက် ကားပေါ်မှဆင်းလာကာ ဆရာတော်ကြီးအား ကန်တော့ကြစဉ် ၎င်းလူများထံမှ အရက်နံ့များထွက်နေသည်ကို စာရေးသူကိုယ်တိုင် ကြုံရ၍ ဆရာတော်ကြီးကြိုတင်သိမြင်နေသည်ကို အံ့သြမိခဲ့ပါသည်။

တစ်ခါတွင်လည်း ဆရာတော်ကြီးထံပါး စာရေးသူတို့ရောက်ရှိဝတ်ပြုကန်တော့နေစဉ် ဆရာတော်ကြီးကယခုလာနေသော ဧည့်သည်ကားကို ကျောင်းဝင်းထဲမဝင်ပါစေနဲ့ဦး။ အလွန်နံသည်။ သူတို့မှာပါလာသောပစ္စည်းများကို ကျောင်းဝင်းအပြင်တွင်ချခဲ့ပြီးဝင်ပါစေဟု မိန့်ကြားရာ ဆရာတော်ကြီး၏ တပည့်တစ်ယောက်သည် ဆရာတော်ကျောင်းသို့ ဦးတည်မောင်းလာသော ဘုရားဖူးကားဆီသို့ ကြိုတင်သွားသည်။

မေးမြန်းစုံစမ်းရာ ကျောင်းရောက်လျှင်ချက်စားရန် ဝက်သားများပင်းတယစေးမှဝယ်ခဲ့ကြောင်းသိရ၍ ဝက်သားများ ကျောင်းဝင်းအပြင်တွင် ချန်ထားခဲ့ပြီးမှ ကျောင်းသို့ လာရောက်၍ ဆရာတော်ကြီးကို ဖူးခွင့်ရခဲ့လေသည်။

ဆရာတော်ကြီး၏ ဘုန်းတန်ခိုးအာနုဘော်မှာ အံ့သြထူးခြားဖွယ်ဖြစ်သည်။ ဆရာတော်ကြီးသည် အသွေးလွတ်၊ အသားလွတ်ဖြစ်သော သစ်သီးဝလံများကိုသာ ဘုဉ်းပေးတော်မူသောကြောင့် ထူးဆန်းသော အသီးအနှံများ ဆရာတော်ကြီးထံသို့ ရောက်ရှိလာတတ်ပေသည်။

ဘူးဘုရားသီး ဆရာတော်ကြီးထံ ရောက်လာသည်။ ဘူးငန်းသီး ဆရာတော်ကြီးထံရောက်လာ၏။ ပြောင်းဖူးကိုးဆူစေတီ ဆရာတော်ကြီးထံ ရောက်လာသည်။

ပြောင်းဖူးကိုးဆူစေတီ ဆိုသည်မှာ ပြောင်းဖူးကိုးဖူးမှာ အလယ်မှ အဖူးကြီးတစ်ဖူးကို ကျန်အဖူးများကဲ့၍ စေတီကြီးတစ်ဆူကိုစေတီများဲ့၍နေသယောင်ပေါ်နေသည်ကို တွေ့ရပါသည်။

ဘူးဘုရား ဆိုသည်မှာ ဘူးသီးမှာ ဘုရားပုံစံရှိနေသည်။ ဘူးငန်း ဆိုသည်မှာ ဘူးသီးမှာ ငန်းတစ်ကောင်ပုံစံရှိနေလေသည်။

ဆရာတော်ကြီးသည် ပရိယတ္တိ၊ ပဋိပတ္တိသာမက ပန်းချီပန်းပုပညာကိုပါ တတ်မြောက်ထားသောကြောင့် ဂဠုန်တောင်ရှိ တန်ဆောင်းများတွင် တပ်ဆင်ထားသောပန်းဆွဲများသည် ဆရာတော်ကြီးရေးဆွဲပြုလုပ်စေသောပန်းဆွဲများဖြစ်ပေသည်။

သက်တော် (၇၅) နှစ်ပြည့် အေဒီ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ရက် (၁၃၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ စနေနေ့) အထိ ကံထပ်ပြီးသည့် အကြိမ်ပေါင်း (၁၂၀၀) ကြိမ်ပြည့်မြောက်ပြီးဖြစ်ပါသည်။

အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်မှ အေဒီ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ကြာသပတေးနေ့တွင် ဆက်ကပ်လှူဒါန်းပါသည်။

ဆရာတော်ကြီးသည် အမေရိကန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အိန္ဒိယဗုဒ္ဓဂယာ စသော အရပ်ဒေသများသို့ သွားရောက်သာသနာပြုခဲ့ပါသည်။

ကုံလုံဆရာတော်ကြီးသည် အေဒီ ၂၀၀၄ ခုနှစ်၊ ဧပြီလတွင် ခန္ဓာဝန်ချတော်မူပါသည်။

ဤဆောင်းပါးဖြင့် ကုံလုံဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်။

တင်အောင်(စက်မူတက္ကသိုလ်)

ကျမ်းကိုး -

၁။ ဂဠုန်တောင်မှ ကုံလုံဆရာတော်ဘုရားကြီး၏ ထေရပွတ္တိအကျဉ်း၊ ၁၉၉၀ ပြည့်နှစ်၊ စာပေလုပ်သားပုံနှိပ်တိုက်။
(မြတ်ပွင့်ဖြူ ပြုစုသည်)

၂။ ကုံလုံဆရာတော်ဘုရားကြီး၏ဩဝါဒကထာများ၊ ၁၉၉၇ ခုနှစ်၊ ပထမအကြိမ်၊ စမ်းမာလာပုံနှိပ်တိုက်။
(ဒေါက်တာမွေရက္ခိတပြုစုသည်)

၃။ ကြည်ညိုသဒ္ဓါပွားစရာ ကုံလုံထေရမဟာ၊ သူရဇ္ဈမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ၊ အတွဲ-၂ အမှတ်-၁။
(စိုးမင်းတင့်-လွိုင်ကော်ပြုစုသည်)

၄။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ)
(မောင်ပန်းမွေး ပြုစုသည်)

၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ရာဇဝတ်အမှုများ
(တင်အောင်သွင်)
(တိုးထက်စီစဉ်၍ ဤအောင်စာပေမှ ထုတ်ဝေသည်)

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်၏ အဆုံးအမ သာသနာတော်ကို အလေးပြုတဲ့ပုဂ္ဂိုလ် ဆိုရင်တော့ မိမိကိုယ်တိုင်လည်း ပရိယတ်ဘက်ကရော၊ ပဋိပတ်ဘက်ကရော ပြည့်စုံသင့်သမျှ ပြည့်စုံအောင်သတိပြုသင့်တာပဲ။

မိမိ၏ တပည့်ပရိသတ်တွေမှာ အကျိုးများအောင် ကိုယ်တိုင်လည်း ဟောပြောသင့်တာပဲ။ သူတစ်ပါးက ဟောပြောနေရင်းလည်း စွမ်းနိုင်သမျှ ကူညီအားပေးသင့်တာပဲ။ အဲဒီလိုဆိုရင် တရားအမွေကို ခိုးမြောက်ရာလည်း ရောက်တယ်။

■ ရန်တိုက်ပေးနေလို့

ကလဿနဲ့ မစ္ဆရိယတွေက သတ္တဝါတွေကို ရန်တိုက်ပေးနေတာပဲ။ သတ္တဝါတွေကတော့ ချမ်းသာချင်ကြတာပဲ။ ရန်မဖြစ်ချင်ဘူး။ ဒါပေမယ့် မိမိတို့ကိုယ်ထဲမှာရှိနေတဲ့ ကလဿမစ္ဆရိယတွေက ရန်တိုက်ပေးနေတာနဲ့ သတ္တဝါတွေ ဆင်းရဲနေကြတာ။

■ ခွေးနှစ်ကောင်နှင့်ထမင်းခဲလေးတစ်ခဲ

မစ္ဆရိယ ဝန်တိုတယ်ဆိုတာဟာ ခွေးများမှာအားကြီးတယ်၊ ခွေးနှစ်ကောင် လိုက်တမ်းပြေးတမ်း ရင်းရင်းနှီးနှီး ကစား နေရာကြရာ ထမင်းခဲလေးတစ်ခဲပစ်ချ လိုက်ရင် အဲဒီထမင်းခဲကိုအပိုင်စီးချင်တဲ့ မစ္ဆရိယနဲ့တစ်ကောင့်တစ်ကောင်အချင်း ချင်းကိုက်ကြတော့တာပဲ။ အဲဒါဟာ ကလဿနဲ့တွဲဖက်မစ္ဆရိယဆိုတဲ့တရားဆိုးက ရန်တိုက်ပေးလို့ အချင်းချင်းကိုက်ပြီး ဆင်းရဲကြရတာပဲ။

■ စိတ်ထဲမှာပဲငြိမ်းပါစေ

နားမခံသာတဲ့စကားသံကို ကြားရလို့ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ အမျက်ထွက်လာရင် ကိုယ်နှုတ်အမူအရာမပျက်စေဘဲ စိတ်ထဲတွင် ကင်းငြိမ်းသွားအောင် ပြုကျင့်ဖို့လိုပါတယ်။

တတ်နိုင်ရင်တော့ အမျက်ထွက်တဲ့စိတ်ကို အမျက်ထွက်တယ်၊ စိတ်ဆိုးတယ် စိတ်ဆိုးတယ်လို့ရှုမှတ်ပြီး ယုယတာက ပိုပြီးကောင်းပါတယ်။

ဒါထက်ပိုပြီးကောင်းတာကတော့ စကားအသံဆိုးကို ကြားဆဲကတည်းက



www.burmeseclassic.com

www.burmeseclassic.com

ကြားလျှင်ကြားချင်း ကြားတယ်ကြားတယ်လို့ မပြတ်ရွှမ့တ်ပြီး အမျက်ထွက်ခြင်းပင်ဖြစ်ခွင့်မရအောင် ကျင့်တာက အကောင်းဆုံးပါပဲ။

■ အချင်းချင်းပဲ

အမျက်ထွက်တာကလည်း နီးစပ်တဲ့ပုဂ္ဂိုလ်အချင်းချင်းဖြစ်တတ်ကြတာပဲ။ အကျိုးကျေးဇူးဖြစ်အောင် ကူညီဆောင်ရွက်ကြတာလည်း နီးစပ်သူအချင်းချင်းပဲ။ ဒါကြောင့် အပြောအဆို စသည့် အဆင်မပြေတာကိုတွေ့ရရင် မိမိအား ကျေးဇူးပြုဖူးတာ၊ ကူညီဆောင်ရွက်ဖူးတာကိုဆင်ခြင်ပြီး စိတ်မဆိုးဘဲ သည်းခံနေသင့်ပါတယ်။

တတ်နိုင်ရင်တော့ နားမချမ်းသာတဲ့စကားသံကို ရွှမ့တ်ပြီး သည်းခံနေနိုင်ရင် ပိုပြီးကောင်းတာပဲ။

■ ကျေးဇူးကန်စိတ်ပေါ်လာရင်

ကျေးဇူးတဲ့မပြန်နိုင်ရင်တောင် သူ့ကျေးဇူးကိုမဖျက်ဖို့ကတော့ အလွန်ပင်အရေးကြီးပါတယ်။ ဒါကြောင့် သူ့ကျေးဇူးကို မရှိသေတဲ့စိတ်ဖြစ်လာရင် ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရွှမ့တ်ပြီးတော့ဖြစ်စေ ပယ်သွားဖို့ပါပဲ။

■ ဂုဏ်ပြိုင်မှု

မြင့်မြတ်သူကို ကိုယ်နဲ့တန်းတူပြုပြီး ဂုဏ်ပြိုင်တဲ့ပဋ္ဌာသဟာ အလွန်ယုတ်မာတဲ့သဘောပဲ။

ယခုနေအခါ ခေတ်ပညာမသင်ဘူးသူ၊ နားမလည်သူက ခေတ်ပညာတတ်သိတဲ့သူတွေကို မိမိနဲ့အတူတူပါပဲလို့ထင်မြင်တာ၊ ပြောဆိုတာဟာ ယုတ်မာသလိုပါပဲ။

■ မာန်ယစ်ကြတာတွေ

ပို့ချမှစ်နှုန်ယ် အသက်ငယ်သေးတာကို အကြောင်းပြုပြီး မာန်ယစ်နေလို့ တရားအားမထုတ်နိုင်တာလည်းရှိတယ်။

လာဘ်လာဘပစ္စည်းတွေပေါများလို့ မာန်ယစ်ပြီး တရားအားမထုတ်နိုင်တာလဲရှိတယ်။

အများက အလေးပြုနေကြလို့၊ ရှေ့ဆောင်ဖြစ်နေလို့၊ အခွင့်အရံတွေများနေလို့ စသည်ဖြင့် မာန်ယစ်ပြီးတော့ တရားအားမထုတ်နိုင်တာလည်းရှိတယ်။

ပရိယတ်စာပေတတ်နေလို့ စာမတတ်တဲ့ပုဂ္ဂိုလ်ထံမှာတရားအားမထုတ်နိုင်တာလည်းရှိတယ်။

အကျင့်သီလနဲ့ ပြည့်စုံနေတာကို စွဲမြဲပြီး အဲဒါလောက်နဲ့ အားရနေလို့

တရားအားမထုတ်နိုင်တာလည်းရှိတယ်။

တရားအားထုတ်ဖို့ စပ်ဆိုင်သူက တိုက်တွန်းရင် တချို့က ဒီလိုငြင်းပယ်နေတာလည်းကြားသိရတယ်။ ကျွန်ုပ်တို့မှာ၊ ကျွန်မတို့မှာ သီလပြည့်စုံနေတာပဲ။ မတော်မသင့်တာပြုမိတယ်လို့မရှိပါဘူး။ ဒီတော့ တရားအားထုတ်ဖို့မလိုပါဘူးလို့ ဒီလိုငြင်းပယ်တာလည်းရှိတယ်။

တချို့က ပုတီးစိပ်နေတာနဲ့အားရပြီးနေလို့ တရားအားထုတ်ဖို့ တိုက်တွန်းတာကို ငြင်းပယ်တာလည်းရှိတယ်။

အဲဒါတွေဟာ တရားအားထုတ်ရေးကို အန္တရာယ်ပြုတဲ့မာန်ယစ်မှုတွေပါပဲ။ အဲဒီလို မာန်ယစ်မှုဟူသမျှတွေကို ဆင်ခြင်ပြီးတော့ဖြစ်စေ ရွှမ့တ်ပြီးတော့ဖြစ်စေ ပယ်ဖို့ပါပဲ။

■ အရိုအသေ

ဘုရားဆင်းတုတော်၊ စေတီတော်တို့၊ သံဃာတော်တို့၊ အသက်ကြီးသူတို့ ဒီလိုရိုသေထိုက်တဲ့အရာတွေရဲ့အနီးအပါးရောက်ရင် ကိုယ်ဖြင့်လည်းကိုင်းညွတ်ပြီး ရိုသေရတယ်။ နှုတ်ဖြင့်လည်းအရိုအသေပြောဆိုရတယ်။

ထမ္ဘဆိုတဲ့မာနရှိနေတဲ့သူကတော့ ကိုယ်ဖြင့်လည်း ခေါင်းငုံ့ခြင်း၊ လက်အုပ်ချီခြင်း စသည်ဖြင့် အရိုအသေမပြုနိုင်ဘူး။ တောင့်ပြီးနေတယ်။ နှုတ်ဖြင့်လည်း ကန်တော့ပါ၏။ ရှိခိုးပါ၏စသည်ကိုပြောဆိုပြီး အရိုအသေပေးစရာမလိုပါဘူးလို့ နှုတ်လုံးသွင်းပြီး ရိုသေကိုင်းညွတ်ခြင်း မရှိတာဟာ ထမ္ဘပါပဲ။

ဒါကလည်း ရိုသေထိုက်တဲ့ဘုရားကိုတောင် မရိုသေလို့ ယုတ်မာတာပဲ၊ ပယ်သင့်တာပဲ။

■ သူများထက်သာပြီး

ကုသိုလ်ဖြစ်ပွားရေးကိုသာ ပံ့ပိုးပြုပြီး သူများထက်သာပြီး ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကိုပွားစေတာကတော့ ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်အလုပ်ပါပဲ။ အပြစ်မရှိပါဘူး။

■ ဘဝင်မြင့်သူတွေ

ပရိယတ္တိဘက်က စာသင်စာချနေတဲ့ပုဂ္ဂိုလ်တွေ၊ တရားဟောနေတဲ့ ဓမ္မကထိကတွေ၊ ပဋိပတ္တိဘက်က တရားကျင့်သုံးဟောပြောနေတဲ့ပုဂ္ဂိုလ်တွေ၊ ဒီလို ပုဂ္ဂိုလ်တွေထဲမှာလည်း တချို့က အစုပိုင်းမှာ မာနဖြင့်အထင်ကြီးခံမှုပဲ နောက်ပိုင်းကျတော့ အလွန့်အလွန်အထင်ကြီးပြီး ဘဝင်မြင့်နေတာလည်းရှိတတ်တယ်။

အဲဒီလိုပုဂ္ဂိုလ်တွေက ပြောဟောရာမှာလည်း ဘဝင်မြင့်တဲ့အပြောအဆိုတွေကို ပြောဆိုလေ့ရှိတတ်တယ်။ ကျမ်းစာရေးရာမှာလည်း ဘဝင်မြင့်တဲ့အသုံးအနှုန်းတွေကို ရေးသားလေ့ရှိတတ်တယ်။

တရားအားထုတ်နေတဲ့ယောဂီထဲကတောင် တချို့က ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါ သူများက သူ့လိုမသိဘူးလို့ထင်တတ်တယ်။ သူကမဂ္ဂင်္ဂန်းဆရာကိုတောင် သူသိသလိုသိဟန်မတူဘူးလို့ ဒီလိုအထင်ကြီးပြီး ဘဝင်မြင့်သူလည်းနည်းနည်းရှိတတ်သေးတာပဲ။

■ လစ်ဟင်းနေတတ်တယ်

လူလောကမှာ စီးပွားဥစ္စာတွေရလွယ်ပြီး ကြီးပွားနေတဲ့လူတွေက အဲဒီစီးပွားဥစ္စာတွေနဲ့ မာန်ယစ်နေတတ်ကြတယ်။ ဥပုသ်စောင့်ဖို့၊ တရားနာဖို့၊ တရားအားထုတ်ဖို့ဘက်မှာစိတ်မဝင်စားဘဲရှိနေတတ်တယ်။

အားလပ်တဲ့အချိန်မရှိဘူးဆိုပြီး အဲဒီစီးပွားရေးထဲမှာသာ စိတ်ဝင်စားနေတတ်တယ်။

ရဟန်းများမှာ လာဘ်လာဘပေါများပြီး ဘုန်းကြီးနေရင် အဲဒီလာဘ်လာဘကိုစွဲမြဲပြီး မာန်ယစ်နေတတ်တယ်။ ဟို့အလျှဒီအလျှ စသည်တွေအတွက်ကြောင့်ကြစိုက်နေရတာနဲ့ တရားကျင့်ရေးဘက်က လစ်ဟင်းနေတတ်တယ်။

သမဏဓမ္မ ရဟန်းတရားဆိုတဲ့ သီလ၊ သမာဓိ၊ ပညာအကျင့်ကို အထူးအလေးပြုသင့်တာပဲ။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

နှလုံးစိတ်ဝမ်းကြိုဆိုချီးကျူးပါစေ

သုတော်အဓိမ်(မန္တလေးသုတေသီ)

www.burmeseclassic.com

www.burmeseclassic.com

■ ကလေးမြို့သို့

စာရေးသူမရောက်ဘူးသော၊ ရောက်လိမ့်မည်ဟုလည်း လုံးဝမမျှော်လင့်သော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိ၍ လာခဲ့ပါပြီ။ ကလေးမြို့ဟု ဆိုသော်လည်း မြို့ထဲသို့မဟုတ်ပါ။ ကျိုက်နှံးတပ်နယ်ရှိတပ်တစ်တပ်သို့ ဖြစ်သည်။ ထိုတပ်တွင်မီးဖွားခွင့်ခံစားနေထိုင်နေသောသမီးနှင့်သမက်ရှိ၍ ဖြစ်သည်။ အလည်ခေါ်၍လည်းတစ်ကြောင်း၊ မြေးနှစ်ယောက်ဖြစ်သောမောင်အုံဝိရအောင်နှင့် မောင်အုံသီဟအောင်တို့ကိုလွမ်း၍ လည်းတစ်ကြောင်းကြောင့်ရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ရောက်တော့လည်း စာရေးသူ၏ဥာဉ်အတိုင်း စာရေးကွက်ရလိုရငြားလေ့လာစုံစမ်းသည်။

"ဟာ-အတော်ပဲဖေဖေ၊ ခုနာမည်ကြီးနေတဲ့ရေဆန်ကျွန်းဘုရားကိုသွားပါလား။ ဖေဖေ့အတွက်တော့ ဆောင်းပါးတစ်ပုဒ်တော့ရမှာသေချာတယ်"

ရေတံတုန်း ရေတွင်းထဲကျသည့် နှယ် သမီးဖြစ်သူ မအိနေခြည်ဦး (ကထိက မုံရွာနည်းပညာတက္ကသိုလ်) က သတင်းပေးလာပါသည်။

"ရေဆန်ကျွန်းဘုရားဆိုတာ"

စာရေးသူက သိပ်ပြီးနားမလည်၍ ပြန်မေးရသည်။

မောင်မောင်ချစ်ဦး(မုံရွာ)

ကလေး-ကလေးဝ-တမူး တြိဂံလမ်းဆုံက

မြတ်ဗုဒ္ဓရုပ်ပွား ရေဆန်ကျွန်းဘုရား



ကြည်ညိုဖွယ်ရာ ရေဆန်ကျွန်းမြတ်ဘုရားလေးဆူ



ရေဆန်ကျွန်းဘုရား တံခွန်တိုင်

ရေဆန်ကျွန်းဘုရားမော်ကွန်းကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com

ရွေးဟောင်းထောင်ပြည့်ဘုရားနှစ်ဆူ

ရေဆန်ကျွန်းမြတ်ဘုရား ဂန္ဓကုဋိတိုက်တော်

"ရေဆန်ကျွန်းဘုရား ဆိုတာက ကျွန်းတုံးကြီးတစ်တုံးဟာ မြစ်ထဲမှာ ရေစီးအတိုင်းမျောမပါဘဲ ရေကိုဆန်တက်နေတာ။ အဲဒီကျွန်းတုံးကြီးတစ်တုံးထဲမှာ ပွင့်တော်မူပြီးတဲ့ဘုရားလေးဆူကို ရုပ်ပွားတော်အဖြစ် ထုလုပ်ထားတာ။ ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ကျွန်းတုံးကိုထုလုပ်ထားတဲ့ ရုပ်ပွားတော်များမို့ အနယ်နယ် အရပ်ရပ်ကဘုရားဖူးတွေ အမြဲလိုလို လာရောက်ဖူးကြတဲ့ဘုရားပါ။ ဖေဖေ့အတွက်တော့ ဆောင်းပါးကောင်းတစ်ပုဒ်တော့ ရမှာအသေအချာပါ"

"အိုကေ - သမီးရေ ကျေးဇူးပဲ၊ ကျေးဇူးပဲ"

ရေဆန်ကျွန်းဘုရားကိုသတင်းပေးသောသမီးဖြစ်သူကိုကျေးဇူးတင်ကြောင်းပြောကြားကာ ရေဆန်ကျွန်းဘုရားသို့ သွားရောက်ဖူးမြော်ရန် သန္နိဋ္ဌာန်ချလိုက်ပါသည်။

■ ရေထဲစုန်ဆန်နေသောကျွန်းတုံးကြီး

ကလေးမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၏ အနောက်မြောက်ဘက်အစွန်ဆုံးကျသောခရိုင်မြို့တစ်မြို့လည်းဖြစ်သည်။ ကလေးမြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းသည် စတုရန်းမိုင် (၈၉၂) ခန့်ရှိသည်။ မုံရွာ၊ ကန့်ဘလူဒေသများနှင့် မဟာမြိုင်တောကြီးကခြားထားသည်။ ပုံတောင်၊ပုံညာတောင်တန်းကြီးနှစ်ခုကလည်း မြောက်မှတောင်သို့ တန်းလျက် ယင်းမာပင်၊ ပေါက်၊ ပခုက္ကူဒေသများနှင့်ခြားထားပြန်၏။ချင်းတွင်းမြစ်သည် ခန္ဓီးဒေသကို ဖြတ်သန်းစီးဆင်းလာပြီး မြောက်မှတောင်သို့ စီးဆင်းကာ ကျွန်းလှ၊ မြေဒူး၊ သက္ကယ်ကျင်းဒေသတို့ဖြင့် ကလေးမြို့ကို ပိုင်းခြားထားပါသည်။

ထိုကဲ့သို့သော မြေပြင်အနေအထားများကြောင့် ကလေးမြို့နယ်သည် သစ်တောဝါးတောပေါများလှသောဒေသဖြစ်သည့်အားလျော်စွာ ခေတ်အဆက်ဆက် ကလေးမြို့နယ် မော်လိုက်ကလေးရွာအနီးမှဖြတ်သန်းစီးဆင်းသော နေရွှေရာမြစ်အတွင်း၌ ထိုရေဆန်ကျွန်းတုံးကြီးသည် ဆယ်ယူမည့်သူမရှိဘဲ မြုပ်လိုက်ပေါ်လိုက် ရေကိုစုန်လိုက်ဆန်လိုက်ဖြင့် ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဟု သိရှိရပါသည်။

■ ရေဆန်ကျွန်းတုံးကြီးကိုခေတ်ပြိုင်

၂၀၀၄ ခုနှစ် နှစ်ဆန်းပိုင်း ဇန်နဝါရီ

www.burmeseclassic.com

www.burmeseclassic.com

ရေးဟောင်းထောင်ပြည့်ဘုရားနှစ်ဆူကို ရေဆန်ကျွန်းဘုရားရင်ပြင်တော်မှ ထုမ်းပြင်ရပုံ



ကလေးပြီး၊ ကျီကုန်းရွာ ရာဇဂိရိတောင်တောင် (ရေဆန်ကျွန်းဘုရား) သို့ အတက်မုခ်ဦး

လအတွင်း နေရာချရာမြစ်ရေကြည်လင်နေချိန်တွင် ထိုရေဆန်ကျွန်းတုံးကြီးကို တွေ့ကြရပြန်သည်။ ယခင်ယခင်နှစ်များက ဤမြစ်ကြောင်းတစ်လျှောက် စုန်လိုက်ဆန်လိုက်မြုပ်လိုက်ပေါ်လိုက်နှင့် ထူးဆန်းအံ့ဖွယ်ဖြစ်နေသော ကျွန်းတုံးကြီးသည် နှစ်ပေါင်းများစွာကြာအောင် ပျောက်နေပြီး ယခုမှ ကလေးမြို့နယ် မော်လိုက်ကလေးရွာအနီး မြစ်အတွင်း၌ တစ်ဖန် ပြန်လည်၍ တွေ့ရှိလာခြင်းပင် ဖြစ်ပါသည်။

လွန်စွာထူးဆန်းသည်မှာ ဤကျွန်းတုံးရှိနေသော နေရာချရာမြစ်သည် ရေစီးကြမ်းတမ်းလှပါသည်။ သို့သော် ရေဆန်ကျွန်းတုံးကြီးသည် ရေစီးသန်သောမြစ်၌ စုန်ခြင်း၊ ဆန်ခြင်း၊ မြုပ်ခြင်း လုံးဝပင်မရှိဘဲ ရေပေါ်ပေါ်ကာ နေရာမရွေ့ရပ်တန့်နေသည်ကိုတွေ့ရှိရပါသည်။ ဤကျွန်းတုံးကြီးကို စတင်တွေ့ရှိသူက မော်လိုက်ကလေးတောင်ရွာနေ ဦးမြင့်ဦးဖြစ် သည်ဟုဆိုသည်။

(စာရေးသူမှာ မော်လိုက်ကလေးတောင်ရွာနေ ဦးမြင့်ဦးအား တွေ့ဆုံ၍ ဤရေဆန်ကျွန်းအကြောင်းဂယနကာသိရှိနိုင်ရန် မော်လိုက်ကလေးတောင်ရွာသို့ သွားရောက်ခဲ့ပါသည်။ သို့သော် အလာကောင်းသော်လည်း အခါနှောင်းသည့် ပုံနှယ် ဦးမြင့်ဦးမှာ ဆုံးပါးသွားပြီဟု သိရှိရပါသည်။)

ဦးမြင့်ဦးမှတစ်ဆင့် မော်လိုက်ကလေးရွာသူရွာသားများ သိရှိသွားပြီး တစ်ရွာလုံးနီးပါးမျှ ထွက်လာ၍ ကမ်းလုံးညွတ်မတတ် ကျွန်းတုံးကြီးကိုကြည့်ကာ အုတ်အော်သောင်းတင်ဖြစ်၍နေပါသည်။

ထိုအခါ ဤကျွန်းတုံးကြီးကိုစတင် တွေ့ရှိသူ ဦးမြင့်ဦးမှ -

"ရေဆန်ကျွန်းစင်စစ်ဖြစ်ပါက၊ မော်လိုက်ကလေးတောင်ရွာ အောင်ဇေယျကျောင်းသို့ ဘုရားထုလုပ်ကိုးကွယ်ရမည်ဆိုပါက ကြွတော်မူပါဘုရား"

ဟူ၍ အဓိဋ္ဌာန်ပြုလျှောက်ထားလိုက်ပါသည်။ တစ်ဆက်တည်းမှာပင် ဦးမြင့်ဦးသည် ရေထဲသို့ဆင်းကာ -

"ရေဆန်ကျွန်းအစစ်အမှန်ဖြစ်ပါက သာသနာအရောင် နေလိုလိုထွန်းပြောင်နိုင်သည့်အရပ်ဒေသ၌ ကိန်းဝပ်စံမျော်နိုင်ပါစေသား"

ဟူ၍ တစ်ရွာလုံး၏ ကိုယ်စားပြုအနေဖြင့် အဓိဋ္ဌာန်ပြုလျှောက်ထားလိုက်ပါသည်။ ထိုအခါ နေရာချရာမြစ်အတွင်း၌ ရပ်တန့်နေသော ကျွန်းတုံးကြီးသည် အထက်သို့လည်းမဆန်၊ အောက်သို့လည်းမစုန်ဘဲ တဖြည်းဖြည်းတရွေ့ရွေ့ဖြင့် မော်လိုက်ကလေးတောင်ရွာဆိပ်ကမ်းဘက်သို့ ဦးတည်ကပ်လာပါသည်။ ထိုအခါ ရွာသူရွာသားများသည် ဝမ်းသာအားရဖြစ်ကာ ကခုန်သူ၊ လက်ခုပ်လက်ဝါးတီးသူ၊ လက်ခေါက်မှုတ်သူများကြောင့် ဆူညံသံတို့မှာ ဘဝဂ်သို့တိုင် အောင်ပင်ဖြစ်၍နေပါသည်။

မော်လိုက်ကလေးတောင်ရွာဆိပ်ကမ်း၌ ကပ်ရောက်လာသော ကျွန်းတုံးကြီးကို ရွာသူရွာသားများအားလုံးစုပေါင်း၍ နေရာချရာမြစ်အတွင်းမှ ဆယ်ယူကာ မော်လိုက်ကလေးရွာတွင် ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ထားခဲ့ကြပါသည်။ အံ့ဖွယ်ကောင်းသော ကျွန်းတုံးကြီးပင်ဖြစ်ပါသည်။

ရေဆန်ကျွန်းတုံးကြီးနှင့်ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ဖြစ်သူ မော်လိုက်ကလေးတောင်ရွာ ရွာသားတစ်ဦးမှ -

"ဟာ - စာရေးဆရာရေ၊ ဆန်းသမှဆန်းမှဆန်းပဲဗျာ။ ဒီလောက်ရေစီးသန်တဲ့မြစ်ထဲမှ ဒီကျွန်းတုံးကြီးဟာ ဘယ်မှမရွေ့ဘဲ ရေပေါ်မှာပေါ်နေတာဗျာ။ ရေအောက်က မြေကြီး(ကြမ်းပြင်)နဲ့လည်း ထိမနေဘူး။ ဘာနဲ့မှလည်းငြိမနေဘူး။ ချိတ်ဆွဲထားခြင်းလည်းမရှိဘူး။ တကယ်ဆိုဗျာ ရေစီးနဲ့အတူမျောပါသွားရမှာ။ ခုတော့ ရေစီးနဲ့မျောပါမသွားတဲ့အပြင် အထက်ကိုတောင် ဆန်တက်နေသေးတယ်။ ဒါကြောင့်လည်း ရေကိုဆန်တက်တဲ့ကျွန်းတုံးမို့ ရေဆန်ကျွန်းလို့ခေါ်တာပါ"

ဟူ၍ စာရေးသူအား ရှင်းလင်းပြောကြားခဲ့ပါသည်။

■ ရုပ်ပွားတော်ထုလုပ်ပြီ

၁၃၆၅ ခုနှစ်၊ တန်ခူးဆုတ် ၁ ရက် (၅-၄-၂၀၁၄) ဗုဒ္ဓဟူးနေ့တွင် မော်လိုက်ကလေးကုန်းမှ ဆယ်ယူရရှိ

www.burmeseclassic.com

www.burmeseclassic.com

ထားသည့်ရေဆန်ကျွန်းတုံးကြီးကို အများပြည်သူ အလွယ်တကူ ဖူးမြော်ကြည်ညိုနိုင်ရန် ကလေးမြို့မှ (၁၈) မိုင်အကွာ ကလေး-တမူးသွားကားလမ်းပေါ်ရှိ ကံသာယာရွာထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာနသို့ ပြောင်းရွှေ့ထားကြပြီး ၂၄-၄-၂၀၁၄ ရက်နေ့တွင် သက်ဆိုင်ရာမြို့နယ်သံဃာနာယကဆရာတော်ကြီးများနှင့် ရဟန်းပညာရှိ လူပညာရှိတို့တိုင်ပင်ကာ အများပြည်သူတို့ကုသိုလ်တရားပွားများနိုင်ရန် မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်ထုလုပ်ကိုးကွယ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ရေဆန်ကျွန်းတုံးကြီးကို ဗုဒ္ဓရုပ်ပွားတော်မြတ်ထုလုပ်ခဲ့သည့် ပန်းပုပညာရှင်မှာ 'မြန်မာမှဉီးအုန်းတင်' ဟု သိရပါသည်။

ထိုရေဆန်ကျွန်းတုံးကြီးကို ဗုဒ္ဓရုပ်ပွားတော်မထုလုပ်မီ သစ်တောဘဏ်ဆိုင်ရာတိုင်းတာမှတ်သားချက်များအရ အလျား (၁၆) ပေ၊ လုံးပတ် (၁၀) ပေ (၁) လက်မ၊ (၁၀၁.၆၇) ကုဗပေနှင့် (၂.၀၃၄) တန်ရှိပြီး ရေဆန်ကျွန်းတုံး ၏သက်တမ်းမှာ နှစ် (၁၂၀) ဟု သုံးသပ်ခန့်မှန်းခဲ့ကြပါသည်။

အဆိုပါ ရေဆန်ကျွန်းတုံးကြီးကို ဗုဒ္ဓရုပ်ပွားတော်ထုလုပ်ပြီးစီးသည့်အခါ ကံသာယာရွာထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းဆရာတော် သဒ္ဓမ္မဇောတိကဇေဘဒ္ဒန္တဇဝနမထေရ်က ကျောင်းဝင်းအတွင်း တိလောကမာရဇိန်စေတီတော်အနီးတွင် ယာယီဂန္ဓကုဋိတိုက်တော်တစ်ဆောင်ဆောက်လုပ်၍ ယာယီထိန်းသိမ်းစောင့်ရှောက်ပူဇော်ထားခဲ့ပါသည်။

■ ရာဇဂိရိတောင်တော်ပေါ်သို့

ရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်ဘုရားအား ကလေးခရိုင်နှင့် တမူးခရိုင်အတွင်းမှ အများပြည်သူများ၊ ပြည်တွင်းပြည်ပမှခရီးသွားဧည့်သည်များ လွယ်လင့်တကူ ပူဇော်သက္ကာရပြုနိုင်ရန် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ကတ္တရာလမ်းမကြီးဘေး ကလေး-ကလေး၀-တမူးတြိဂံလမ်းဆုံနေရာမြစ်သာမြစ်ကမ်းနဖူးထိပ်နေရာကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ဆရာတော်သံဃာတော်များ၊ နာယကဆရာတော်ကြီးများက ရွေးချယ်သတ်မှတ်ပေးခဲ့ကြသည်။

ထိုရွေးချယ်ခဲ့သောမြေနေရာသည် ရှေးနှစ်ပေါင်းတစ်ထောင်ကျော်ကာလက ကြက်ပျံမကျစည်ကားခဲ့ဖူးသော ကလေးမြို့ဟု ကလေးသမိုင်းတွင် ပါဝင်သည့် တိမ်ညင်းမြို့အနီး၌ တည်ထားခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ ထိုနေရာသည် ရာဇဂိရိတောင်တော်ပင် ဖြစ်သည်။

ကျိုက်နုံးကျေးရွာအနီးတွင်ရှိသော အဆိုပါ ရာဇဂိရိတောင်တော်ပေါ်တွင် မြန်မာ့အနုလက်ရာအပြောက်အမွမ်းများဖြင့် ဂန္ဓကုဋိကျောင်တော်ကြီးကိုဆောက်လုပ်ပူဇော်ရန် စီစဉ်ကြပါတော့သည်။ ၉-၂-၂၀၀၅ ရက်နေ့တွင် ရာဇဂိရိတောင်ထက်တွင် ဂန္ဓကုဋိကျောင်းတော်ကြီး ပန္နက်တင်မင်္ဂလာဆောင်ယင်ကျင်းပနိုင်ခဲ့လေသည်။

ကျောင်းတော်ကြီးပြီးစီးသည့်အခိုန် ၂-၇-၂၀၀၅ ရက်နေ့တွင် ကံသာယာရွာ ယာယီဂန္ဓကုဋိတိုက်၌ စံပျော်လျက်ရှိတော်မူသော ရေဆန်ကျွန်းမြတ်စွာဘုရားရုပ်ပွားတော်အား ရာဇဂိရိတောင်တော်ပေါ်ရှိ ဂန္ဓကုဋိကျောင်းတော်ကြီးသို့ ပြောင်းရွှေ့ပင့်ဆောင်ခဲ့ကြပြီးနောက် ၆-၇-၂၀၀၇ရက်နေ့တွင် နာယကဆရာတော်သံဃာတော်အရှင်မြတ်များက ဗုဒ္ဓဘိသေကအနေကဇာတင်လှူတော်မူခဲ့ကြပါသည်။

■ တစ်မူထူးခြားရေဆန်ဘုရား

ယခု ရာဇဂိရိတောင်တော်မြတ်ပေါ်တွင် ကိန်းဝပ်စံပျော်တော်မူသော ရေဆန်ကျွန်းမြတ်ဘုရားထုဆစ်ထားသည့် ပုံသဏ္ဌာန်မှာ တစ်မူထူးခြားသောလက်ရာဖြစ်ပြီး စေတီဘုရားဟုဆိုနိုင်သကဲ့သို့ ဂင်္ဂါဝဠုသဲစုမကပွင့်တော်မူကြကုန်ပြီးသော မြတ်စွာဘုရားတို့ကိုလည်း ရည်မှန်းထုလုပ်ထားသည်ဟုဆိုသည်။ ရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်၏ဉာဏ်တော်အမြင့်မှာ (၁၉) ပေရှိပြီး အောက်ခံပလ္လင်တော်အမြင့်မှာ (၂) ပေ (၉) လက်မရှိကြောင်း သိရပါသည်။ ရေဆန်ကျွန်းရုပ်ပွားတော်မြတ်များထုလုပ်ထားပုံများမှာ အောက်ခြေတွင် ပဒုမာသန (ခေါ်) ကြာပွင့်လွင်ခံ၍ လေးမျက်နှာလှည့်ဘုရားဆင်းဆူအဖြစ် ယခုဘဒ္ဒကမ္ပာတွင် ကဿပ၊ ကောဏာဂုံ၊ ကောဏ်



ရေဆန်ကျွန်းဘုရားကို အဝေးနေရာမှ လှမ်းမြင်ဖူးတွေ့ရပုံ



ရာဇဂိရိတောင်တော်အနီးမှ မြတ်သန်းစီးဆင်းနေသော မြစ်သာမြစ်၏ ရှုခင်းအလှ

www.burmeseclassic.com

www.burmeseclassic.com

တော်မူပြီးကုန်သော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ လေးဆူသော ဘုရားတို့ကို မတ်ရပ်အနေအထားဖြင့် ထွင်းထုလုပ်ထားပါသည်။

■ ဖူးမြော်ပွားထုံမြတ်ဘုရား၏ဂုဏ်

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ ရေဆန်ကျွန်းမြတ်စွာဘုရားအား လာရောက်ကြည်ညိုဖူးမြော်ကြသော အများပြည်သူများ၏ အကျိုးကို မျှော်ကိုး၍ ရေဆန်တုံး၏ မျက်နှာလေးမျက်နှာတွင် ပွင့်တော်မူပြီးဖြစ်သော မြတ်စွာဘုရားလေးဆူ၏ ရုပ်ပွားတော်များကို ဤကဲ့သို့ထွင်းထုပူဇော်ထားရှိပါသည်။

အရှေ့မျက်နှာအရပ်ဘက်မှဖူးမြော်ကြည်ညိုဆုတောင်းမှုပြုနိုင်သောမြတ်စွာဘုရားရှင်မှာ ကကုသန်ဘုရားရှင်ဖြစ်၍ လာဘမုဒြာဟန်ဖြင့် ဖူးတွေ့ရပါသည်။ (အဆိုအမိန့်အရ ဘျောင်းသူကျောင်းသားများ၊ ဉာဏ်နုံနည်းသူများ၊ စာမေးပွဲဖြေဆိုမည့်သူများ ဖူးမြော်ကြည်ညိုအဓိဋ္ဌာန်ဝင်သင့်သည်။ ပန်း၊ ရေချမ်း၊ ဆီမီး လာရောက်ကပ်လှူဆုတောင်းကအဆင်ပြေနိုင်သည်ဟု မိန့်ဖူးပါသည်။)

မြောက်ဘက်မျက်နှာတွင် ဂေါတမဘုရားရှင်အား ဖူးမြော်ကြည်ညိုနိုင်ပြီး မဟာကရုဏာမုဒြာဟန်ဖြင့်ဖူးမြော်နိုင်ပါသည်။ (ဆရာတော်ကြီးမှပင်မိန့်ဆိုရာ ဤမြောက်ဘက်အရပ် ဂေါတမမြတ်စွာဘုရားအား လာရောက်ဖူးမြော်ကြည်ညိုအဓိဋ္ဌာန်ဝင် ပန်း၊ ရေချမ်း၊ ဆီမီးလှူ၍ ဆုတောင်းသူများသည် အများချစ်ခင်ကြည်ညိုလေးစားခြင်း၊အစားအသောက်၊ အဝတ်အထည်ပေါများခြင်း၊ ကုညီမှစမည့်သူပေါ် ပေါက်ခြင်းတို့နှင့်ပြည့်စုံနိုင်သည်ဟု မိန့်ဆိုပါသည်။)

ရေဆန်ကျွန်းဘုရား၏အနောက်မျက်နှာအရပ်တွင် ကဿပဘုရားရှင်အား အဘယလာဘမုဒြာဟန်ဖြင့် ဖူးမြော်ရမည်ဖြစ်ပါသည်။ (ဆရာတော်ဘုရားကြီး၏မိန့်ဆိုချက်အရဆိုပါမူ အနောက်မျက်နှာအရပ်မှ ကဿပဘုရားရှင်အား လာရောက်ဖူးမြော်အဓိဋ္ဌာန်ဝင်ဆုတောင်းကြသောသူများအနေဖြင့် အထူးထူးအပြားပြားသောဘေး၊အထူးထူးအပြားပြားသော အနာရောဂါကပ်သုံးပါးတို့မှလွတ်ကင်းနိုင်သည်ဟု ဆိုပါသည်။)

■ နှစ်ကျိပ်ရှစ်ဆူဘုရား

ဆုတောင်းပြည့်မတ်ရပ်တော်လေးဆူဘုရား၏အထက်၌ထိုင်တော်မူဘုရား၊ ကမ္ဘာတစ်သိန်းထက်၌ပွင့်တော်မူကြကုန်သော သူဇာတာ၊ ပီယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်ဘုရားဆယ်ဆူဖြစ်ပါသည်။

ထိုမှ အထက်ဘက်တွင် -

ကောဏ္ဍည၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရဒဟုဆိုအပ်သော ရှစ်ဆူဘုရားများ။

ထိုမှ အထက်ဘက်တွင် လေးဆူသောရုပ်ပွားတော်များကို ထုလုပ်ပူဇော်ထားပြီး အားလုံးနှစ်ကျိပ်ရှစ်ဆူသော ဘုရားများကို ပူဇော်ထားပါသည်။ ထိုမှအထက်ဘက်တွင် စေတီတော်ပုံကို ထုဆစ်ပူဇော်ထားသည်ကို ကြည်ညိုဖူးမြော်နိုင်ပါသည်။ ထိုရေဆန်ကျွန်းမြတ်ဘုရားတွင် ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံယူတော်မူသည့်ဒီပင်္ကရာဘုရားမှ အစပြု၍ ဂေါတမဘုရားရှင်အထိ နှစ်ကျိပ်ရှစ်ဆူသောဘုရားများကို ထုလုပ်ပူဇော်ထားခြင်း ဖြစ်ပါသည်။

■ ရှားပါးပန်းပုလက်ရာများ

ရာဇဂိရိတောင်တော်ပေါ်ရှိ ရေဆန်ကျွန်းမြတ်ဘုရားတွင် ရှေးမူမပျက်ရှေးအနုလက်ရာများကိုလည်းထည့်သွင်းပူဇော်ထားလေသည်။ မြန်မာ-အိန္ဒိယနယ်ခြားဒေသတွင် ရှားရှားပါးပါးတွေ့မြင်နိုင်သော ထူးခြားလက်ရာများ ဖြစ်သည်။ ထိုရေဆန်ကျွန်းမြတ်ဘုရားတွင် ရှားပါးပန်းပုလက်ရာများ၊ မြန်မာမှသစ်သားထွင်းကနုတ်ပန်းများ၊ ပန်းတော့၊ အုဂ်တော၊ မြန်မာမှသွပ်ပန်းတဉ်းလက်ရာများကို တွေ့မြင်နိုင်ပြီး အဝင်မုခ်ဦး၊ ခြင်္သေ့ရုပ်တုကြီးများ၊ တံခွန်တိုင်၊ ခေါင်းလောင်း၊ မော်ကွန်းကျောက်စာ၊ မဟာရံတံတိုင်း၊ မင်္ဂလာနက်တော် စသည့် သာသနိကအဆောက်အအုံများ ပါဝင်လေသည်။

ဖြတ်သွားဖြတ်လာ နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းခရီးသွားများဝင်ရောက် ဖူးမြော် ကန်တော့ကြသည်ကို မကြာခဏတွေ့ရတတ်ပြီး ရွှေရောင်လွှမ်းသည့် ဂန္ဓကုဋိတိုက်တော်ကြီးကလည်း ခမ်းနားတင့်တယ်လှပါသည်။

■ ထောင်ပြည့်ဘုရားနှစ်ဆူ

ရေဆန်ကျွန်းဘုရား၏တောင်ဘက်ထောင်စုကုန်းတော်ပေါ်တွင်တည်ထားတော်မူသော ရှားပါးရှေးဟောင်းထောင်ပြည့်ဘုရားနှစ်ဆူကိုလည်း ဖူးမြော်ကြည်ညိုနိုင်ပါသည်။ အဆိုပါ ဘုရားနှစ်ဆူသည် ရှေးဟောင်းဘုရားဖြစ်သည်နှင့် အညီဆုတောင်းပြည့်သည်ဟု ဆိုသည်။ ထိုကဲ့သို့ ဆုတောင်းပြည့်သည်ဟူသော သတင်းစကားကြောင့် ရေဆန်ကျွန်းဘုရားသို့လာရောက်ဖူးမြော်ကြသူတိုင်းသည် ထောင်ပြည့်ဘုရားနှစ်ဆူသို့လည်း တက်ရောက်ဖူးမြော်၍ ဆုမွန်များတောင်းကြလျက်ရှိကြောင်းကြားသိရပါသည်။

■ ဖိတ်ခေါ်ပါသည်

မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းမကြီးကြီး၏ဘေး ကလေး-ကလေး၀-တမူးသုံးမြို့လမ်းဆုံနေရာ (ဒေသအခေါ်ကျီကုန်းတောင်) ရာဇဂိရိတောင်တော်ထက်တွင် မဟာသာကဝဋ်မာရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်နိုင်ပါသည်။ ဤရေဆန်ကျွန်းဘုရားသို့ ကလေးမြို့မှလာလျှင် (၆) မိုင်၊(၀)ဖာလုံ၊ ကလေး၀မြို့မှလာလျှင် (၂၈) မိုင်နှင့် တမူးမြို့မှလာလျှင် (၇၅) မိုင် (၄) ဖာလုံခန့်သာဝေးကွာသည်မို့ ခရီးအလှမ်းမဝေးဟုဆိုရမည့်အပြင် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ကောင်းမွန်သဖြင့် ခရီးလေးနှင့် ရောက်ရှိနိုင်ပါသည်။

ထို့ပြင် ရေဆန်ကျွန်းဘုရားစံပယ်ရာ ရာဇဂိရိတောင်တော်ပေါ် မှကြည့်ရှုလျှင် ကွေ့ကောက်စီးဆင်းနေသောမြစ်သာမြစ်၏ ရှုခင်းအလှများ၊ အရှေ့ခပ်ဝေးဝေးမှပုံတောင်ပုံညာတောင်တန်းမှသွယ်တန်းလာသော ထန်တောင်၊ နွားတောင်၊ တောင်လဏ်မောင်းများ၊ သစ်တောဝါးတောများ၊ ကလေး၀ရွှေသမင်တောင်ဆွယ်အထိ စိမ်းစိုသာမော့ဖွယ်ရှုခင်းများကို ကြည်နူးစွာ ခံစားနိုင်မည်ဖြစ်ပါသည်။ ဘုရားလည်ဖူး၊ လိပ်ဥလည်းတူးနိုင်သောမဟာအခွင့်အရေးကြီးတစ်ရပ်ပင် ဖြစ်သည်။

ထို့ကြောင့် ထူးခြားအံ့ဖွယ်ကောင်းလှသော ရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုရန် မနှေးအမြန် အရောက်လှမ်းခဲ့ကြပါဟု နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းဖိတ်ခေါ်လိုက်ရပါသည်။

မောင်မောင်ချစ်ဦး(မုံရွာ)

ကျမ်းကိုး -

ရေဆန်ကျွန်းဘုရားဂေါတမအဖွဲ့၏ လက်ကမ်းစာစောင်

ကိုယ်တိုင်ကွင်းဆင်းလေ့လာရေး

www.burmeseclassic.com

www.burmeseclassic.com

စိုးရာအောကျော်
ကမ္ဘာ့ချမ်းသာရစေတီ

စာရေးသူ တောင်ဥက္ကလာပ မြို့နယ် (၁၃) ရပ်ကွက် ဓမ္မဓိဋ္ဌာန် ကျောင်းသို့ ကိစ္စတစ်ခုဖြင့် ရောက်ရှိသွားခဲ့ရာတွင် ဓမ္မဓိဋ္ဌာန်ကျောင်းစာသင်တိုက်ဝင်းအတွင်းရှိ စေတီတစ်ဆူကို ဆရာတော်ကျောင်း၏ အရှေ့မြောက်ဘက် အင်ကြင်းပင်ကြီးအနီးတွင်တွေ့ရှိရပြီး စေတီတော်ရင်ပြင်သို့တက်ရောက်ကြည့်ရှုရာ စေတီတော်လုံးပတ်ပစ္စယတွင် 'အောင်စေ ပိုင်စေ ခိုင်စေ' နှင့် 'လိုတိုင်းတရင်ရစေ' ဟူ၍ လည်းကောင်း၊ ခေါင်းလောင်းပုံအောက်ဘက်ကြာလှန်တွင် နတ်မင်းကြီး (၄) ပါး၏ ရုပ်တုများကို လည်းကောင်း စေတီ၏ရင်ပြင်ထောင့် (၄) ထောင့်၊ အရံစေတီ (၄) ဆူတို့တွင် စဓဝဝ ဟူ၍ လည်းကောင်း ရေးထိုးထားသည်ကို တွေ့ရှိရသည်။ စေတီတော်ခေါင်းလောင်းပုံ၊ နတ်မင်းကြီး (၄)ပါး၏ အပေါ်ဘက်ခေါင်းလောင်းပုံလုံးပတ်တွင် ထောင့်လေးထောင့်အရပ်တွင် စဓဝဝ ဟူ၍လည်းကောင်း၊ စေတီတော်ကမ္ဘည်းကျောက်စာတွင် 'နေ့-စဓဝဝလ'၊ 'အဘအောင်မင်းခေါင် ကမ္ဘာ့ချမ်းသာရစေတီ' ဟူ၍ ဂမ္ဘည်းရေးထိုးထားသည်တို့ကို တွေ့ရှိရ၏။ ဆရာတော်အားသွားရောက်တွေ့ဆုံလျှောက်ထားမေးမြန်းခဲ့ပါသည်။



ဓမ္မဓိဋ္ဌာန်ကျောင်းသည် ရတနာလမ်းမကြီးပေါ်တွင် ကျောင်းတိုက်မုခ်ဦးအဝင်ပေါက်နှင့် သံသုမာလမ်းမကြီးပေါ်တွင်လည်း မုခ်ဦးအဝင်ပေါက်နှစ်ခုရှိပါသည်။ ဓမ္မဓိဋ္ဌာန်ကျောင်းသည် ငမိုးရိပ်ချောင်းသို့ တောင်ဥက္ကလာပမြို့နယ်မှ စီးဆင်းသော ချောင်းလက်တက်ချောင်းကမ်းနံဘေးတွင်တည်ရှိသောတဲကျောင်းဖြစ်ပါသည်။ ၁၉စာ ခုနှစ်ဝင်းကျင်ကာလက ဖြစ်ပါသည်။ ၂၉-၁၂-၁၉စာ ခုနှစ်တွင် မူလတဲကျောင်းလေးမှ ချောင်းလက်တက်ကမ်းနဖူးကနေ အတွင်းဘက်ကုန်းမြေသို့ ရွှေ့ပြောင်းတည်ဆောက်ခဲ့ရာ မြို့နယ်မှ ကျောင်းကို ပယ်ဖျက်ခိုင်းခဲ့ပါသည်။ နောင်တွင်မူ ဆက်လက်တည်ဆောက်ခွင့်ရရှိခဲ့သည်။ ကျောင်း၏ အရှေ့မြောက်ဘက်တွင်မူ ကုန်းကမူလေးတစ်ခုရှိပါသည်။

ဆရာတော် ဦးဘုမာရသည် ၁၃၀၉ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပြီး သာသနာတော်နှစ် ၂၅၁၀၊ ကောဇာသက္ကရာဇ် ၁၃၂၉၊ တပို့တွဲလဆုတ် (၉) ရက်နေ့တွင် ရွှေတော်ရွာ 'ဆရာတော် ဦးဝိဇယအား ဥပဇ္ဈာယ်ပြု၏။ တပ်တောင်ရွာကျောင်း ခန္ဓသီမ်တော်တွင် ရဟန်းပြုခဲ့ပါသည်။ ယခင်က မြောင်းမြမြို့တွင် သီတင်းသုံးခဲ့ပြီးနောက် ယခုကျောင်းသို့ရောက်ရှိလာပါသည်။ ၁၃၄၁ ခုနှစ်၊ နယုန်လဆန်း ၅ ရက်နေ့တွင် ဖြစ်ပါသည်။ ချောင်းလက်တက်နံဘေးရှိကွင်းထဲတွင်မူ ဖားငါးရှာဖွေကြသူများရှိကြပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။

တစ်နေ့တွင် ဖားငါးရှာဖွေကြသူများထဲမှ ဦးဘိန်တိတ်သည် မိမိတွင် ပါလာသော ဓားမကိုထောင်ပြီး ဤနေရာတွင် စေတီတစ်ဆူပေါ် ပေါ်လာပါစေသော်ဟုအဓိဋ္ဌာန်ပြုသည်အတိုင်း ဆရာတော်သီတင်းသုံးရာ တဲကျောင်းမှကြားသိလိုက်ရသည်။ ဤနေရာတွင်ပင် ယခုအခါ၌ ဓမ္မဓိဋ္ဌာန်ကျောင်းဟူ၍ ပေါ်လွင်ခဲ့သည်။ဦးဘိန်တိတ်၏ဆတောင်း 'ဓားမ ဓိဋ္ဌာန်' နှင့်အဆိုတူကြောင်းကွဲပေါ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com

လာရသည်ဟု ဆရာတော်က ပြောပြပါသည်။

စေတီဖြစ်ပေါ် လာရပုံမှာ တောင်ဥက္ကလာပ (၉) ရပ်ကွက်နေ ဒါယကာတစ်ဦးသည် မော်လမြိုင်ဇာတိဖြစ်ပြီး သားဖြစ်သူသည် ထိုင်းနိုင်ငံတွင် ကျောက်မျက်အရောင်းအဝယ်ပြုလုပ်ရာ အဖမ်းခံခဲ့ရသည်။ ယင်းကိစ္စကို ရပ်ကွက်နေ နတ်ကတော်တစ်ဦးကို မေးမြန်းကြည့်ရာတွင် နေထိုင်ရာခြံဝင်းထဲတွင် သဲပုံစေတီတည်ပြီး တစ်ဝါထား၍ သင့်လျော်သောနေရာသို့ရွှေ့ပြောင်းပေးလိုက်ပါက အမှုကိစ္စမှလွတ်မြောက်မည်ဖြစ်ကြောင်း ပြောကြားချက်အရ (၃) ပေ (၆) လက်မ အရွယ်စေတီလေးကို ခြံဝင်းအတွင်းထားရှိခဲ့သည်။ နတ်ကတော်ပြောကြားခဲ့သည့် တိုင်း တစ်ဝါပင်မကြာလိုက်ရာဘဲ တစ်ပတ်အတွင်း အမှုကလွတ်ကင်းလာခဲ့သည်။ သို့သော် ကတိအတိုင်း စေတီတော်ကို သင့်လျော်ရာသို့ ရွှေ့ပြောင်းပေးရမည်ဖြစ်၏။ နေရာလိုက်ရှာခဲ့ရာတွင် မမွ




ကြာလုန်တွင်တွေ့ရသော နတ်မင်းကြီးများရပ်တု

ကြာလုန်တွင်တွေ့ရသော နတ်မင်းကြီးများကိုယ်တု

www.burmeseclassic.com

www.burmeseclassic.com

ဓိဋ္ဌာန်ကျောင်းဝင်းအတွင်းရှိ ကုန်းကမူကလေးကိုတွေ့ရှိ၍ ဆရာတော်အား လျှောက်ထားခဲ့ရာ ဆရာတော်က ခွင့်ပြုခဲ့ပါသည်။

ဆရာတော်၏ ခွင့်ပြုချက်အရ သဲပုံစေတီကို ကျစ်ကားဖြင့်တင်ဆောင်ပြီး အရှေ့ဘက်မှခဲဦးမှကျောင်းတိုက်အတွင်းသို့ သယ်ဆောင်ရာ ယခင်က ဤနေရာတွင် ရေမြောင်းတစ်ခုရှိနေသဖြင့် မြောင်းကိုဖြတ်ပြီး သစ်သားမျောတိုင်များခင်း၏။ သဲပုံစေတီ၏အောက်တွင် သစ်သားပြားများခံ၍ လူများဖြင့်ဆွဲယူခဲ့ရသည်။ ယင်းနောက် ကုန်းကမူပေါ် သို့ မ,တင်ပြီး သဲပုံစေတီကို ကုပ်ဖြင့်မ,တင်မြေကြီးဖို့ အကြိမ်ကြိမ်ပြုလုပ်ပြီး မြေပြင်မှ (၅) ပေကျော်ရောက်သောအခါ မြေကြီးကို ဝါးထရံများဖြင့် တုပ်ခတ်တုပ်ရိုက်ပြီး ယာယီတင်ထားခဲ့ရပါသည်။ ၁၉၈၂ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ဖြစ်ပါသည်။

သဲပုံစေတီအား တုပ်ခတ်တုပ်ရိုက်ထားသောမြေကြီးကို အုတ်တံတိုင်းလေးဖက်ခတ်ပြီး သဲပုံစေတီကိုငုံ၍ အင်္ဂတေဖြင့်စေတီတော်တည်ခဲ့ရာ သက်ဆိုင်ရာတို့မှ စေတီဆက်လက်မတည်ရန်တားမြစ်ခဲ့ကြ၏။ မြို့နယ်သံဃာဥက္ကဋ္ဌ၏ ပြင်ဆင်ခွင့် ခွင့်ပြုချက်အရဆက်လက်တည်ထားရာ ၅-၃-၈၅ ရက်နေ့တွင် သဲပုံစေတီမှ အင်္ဂတေအုတ်စီစေတီအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

ယခု မြင်တွေ့နေရသော စေတီ၊ စေတီရုံများကို တတိယအကြိမ်မြောက်အဖြစ် ဖိုးဝရွှေဆိုင်မှ ပြန်လည်ပြုပြင်ထားသောလက်ရာအတိုင်းဖြစ်ပါသည်။

ဤစေတီသို့ တရားလာရောက်ကြသူများ လာရောက် အဓိဋ္ဌာန်ပြုကြရာ အဓိဋ္ဌာန်အောင်မြင်ကြသူများရှိခဲ့ကြပါသည်။ စီးပွားရေးအောင်မြင်ခဲ့ကြသည်ဟုလည်း သိရှိခဲ့ရပါသည်။

စေတီ၏အနီးရှိ အင်ကြင်းပင်ကြီးသည် ဖူးတံတစ်ခု၏ပင်စည်မှရှည်ထွက်လာပြီး ဖူးတံမှအပွင့်များတစ်ပွင့်ပွင့်လိုက်ဖူးတံရှည်ထွက်လာလိုက်၊ ပွင့်ဖတ်ကြွေကျပြီး ဖူးတံရှည်ထွက်လာလိုက်ဖြင့် ဖူးတံသည် (၄) လခန့်အကြာအထိ အပွင့်များပွင့်ပြီး ဖူးတံမှာ (၃) ပေကျော်အထိ ရှည်လျားခဲ့သည်။

ထို့အတူ ငှက်ပျောပင်သည် ပင်စည်မှနေ၍ နောက်ထပ်ပင်စည်တစ်ခုဖောက်ထွက်လာပြီး မူလပင်စည်တွင် အသီးမသီးဘဲ ဖောက်ထွက်ပြီး အသီးခိုင်များထွက်လာသဖြင့် ဝန်းကျင်မှလာရောက်ကြည့်ရှုကြသည်ဟု ဆရာတော်က ပြောပြပါသည်။

သို့ဖြစ်ပါ၍ အောင်မင်းခေါင် ကမ္ဘာချမ်းသာရဆုတောင်းပြည့်စေတီသို့ စိတ်ဝင်စားသူများအတွက် ရေးသားတင်ပြလိုက်ရပါသည်။

စိုးဝေဇာကျော်

စေတီ၏ပရဝဏ်

www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံးပိုက်မခွဲရဘဲနေသွားနိုင်သည့်နည်းကိုမေးမည်ဆိုသော ဦးသူသည် နောက်နေ့နံနက် ရုံးတက်လာသောအခါ ရေနွေးထည့်သောဓာတ်ဘူးကြီးတစ်လုံးနှင့်ရေခဲထည့်သောရေခဲဘူးကြီးတစ်လုံးကိုယူလာပါသည်။

သူက -

"ဒါက ဦးအုန်းသွင်ရေနွေးမပြတ်သောက်နိုင်အောင် ရေနွေးအဖြူထည့်ထားဖို့၊ ဒါကတော့ ရေခဲဘူးဆိုပေမယ့် ကျွန်တော်ဆန်ပြုတ်ထည့်သောက်ခဲ့တာ။ ဆန်ပြုတ်ထည့်ဖို့နည်းလမ်းကိုပြောမယ်။ အဲ - ကျန်သေးတယ်၊ ဒါက ဆန်ပြုတ်သောက်ဖို့ ပန်းကန်လုံး"

တရုတ်စားသောက်ဆိုင်တွင်ထမင်းထည့်သောပန်းကန်တစ်မျိုးဟုပြောပြီးဆက်၍ -

"ဆန်ပြုတ်ကိုကျဲကျဲပြုတ်ရမယ်။ ငကွဲဆန်ဟင်းသောက်ဇွန်းနဲ့ (၃) ဇွန်းမောက်မောက်ထည့် ရေခဲ့ဆီဘူး (၄) လုံးစာလောက်ထည့်၊ ထံကိုဝက်ကျန်အောင်ပြုတ်၊ ရေနံဆီတော့ကုန်မယ်။ (ထိုအချိန်က ကျွန်တော်တို့ ရေနံဆီမီးဖိုသုံးကြပါသည်။) ဒီပန်းကန်နဲ့ (၃) လုံးသောက်ရမယ်။ တစ်နေ့ကို (၆) ကြိမ်သောက်ရမယ်။ မနက်ရုံးမလာခင် (၇) နာရီမှာ တစ်ကြိမ်သောက်၊ (ထိုစဉ်က ကျွန်တော်တို့ ပါတီရုံးမှာ (၈) နာရီ ရုံးတက်ပြီး (၃)နာရီခွဲ ရုံးဆင်းရပါသည်။) ကျန်တဲ့ (၂) ပန်ကန်စာကို ဒီဓာတ်ဘူးနဲ့ထည့်လာခဲ့။ ဒီရောက်တော့ အများထမင်းစားချိန် (၁၁) နာရီမှာ တစ်ဝက်သောက်၊ (၁၁) နာရီမှ (၁၂) နာရီအထိ ထမင်းစားချိန်ဖြစ်ပါသည်။)

ညနေ(၃)နာရီ ရုံးဆင်းဖို့ နာရီဝက်အလိုမှာတစ်ခါသောက်၊ ည(၇)နာရီမှာတစ်ခါသောက်၊ ည၌ (၁၂) နာရီမှာ တစ်ခါသောက်၊ စောစောအိပ်တတ်ပြီး ကျန်သူရှိရင် အနှိုးခိုင်း၊ မရှိရင် နှိုးစက်ပေးထား၊ အစာအိမ်ကပုံမှန်မဟုတ်တော့ တစ်ညလုံး ဟောင်းလောင်းထားလို့မရဘူး။

ကျန်တဲ့အချိန်အားလုံးမှာဆာတိုင်း ရေနွေးသောက်၊ ရေနွေးကိုပူပူမသောက်ရဘူး။ နွေးနွေးသောက်ရမယ်၊ ဒါကြောင့် ရေနွေးကို အဆင်သင့်ရနိုင်အောင်ဆိုပြီး ဓာတ်ဘူးကြီးယူလာပေးတာ။ဒီမှာကလေးတွေ ရုံးရောက်တာနဲ့ရေနွေးကျိုကြတယ် မဟုတ်လား။ အဲဒီကယူလိုက်။ အိမ်ကသယ်မလာနဲ့ လေးတယ်။

အခုအစီအစဉ်အတိုင်း (၃) လသောက်ရမယ်။ (၃) လပြည့်ရင် နောက်အစီအစဉ်ကိုပြောမယ်။

ကျွန်တော်ပြောခဲ့တဲ့ လူ (၁၀) ယောက်လောက်ဟာ ဒီအစီအစဉ် (၁၀) ရက်လောက်အရမှာ ဗိုက်အခြေအနေ သိသိသာသာကောင်းသွားတယ်။ ထမင်းစားချင်တာကို မနည်းသည်းခံခဲ့ရတော့ အခြေအနေကောင်းလာတာနဲ့ ထမင်းပြန်စားကြတော့တာပဲ။

ထမင်းစားပြန်တော့လည်း ထိန်းထိန်းသိမ်းသိမ်းစားတာ မဟုတ်ဘူး။ ပုံမှန်အစားအစာ၊ ငါးပိတို့စရာ (ချဉ်ဖတ်)၊ ဝက်သားဟင်း စတာတွေကို အကုန်ပြန် စားကြတော့တာပဲ။ ပြီးတော့ တဝတပြဲစားကြတော့တာပဲ။ ဒီတော့ ပြန်ဖြစ်တော့တာပဲ။ ကျွန်တော့်ကိုလည်းအတွေ့မခံကြတော့ဘူး။ တချို့လည်း ဒုက္ခများသွားကြတယ်"

မှန်ပါသည်။ (၁၀) ရက်လောက်ရတော့ အတော်ကောင်းပြီး ထမင်းစားချင်လာပါသည်။ သို့သော် ကျွန်တော်မဖောက်ပါ။ (၃) လပြည့်သည်အထိ သူပြောသည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာခဲ့ပါသည်။

(၃) လပြည့်တော့ သူက -

"ကဲ - (၃) လပြည့်ပြီ။ ဒုတိယအစီအစဉ်ကိုဆက်ကြရအောင်။ ဆန်ပြုတ်ကိုပျစ်ပျစ်သောက်မယ်။ ဒီပန်းကန်လုံးနဲ့ပဲ၊ ဒီအချိန်အတိုင်းပဲ ဆန်ကို (၂) ဆတင်လိုက်ပေါ့။ ရေကိုလည်းခွိန်ပေါ့။ဆန်ပြုတ်က နူးရမယ်၊ အရည်မဟုတ်ဘူး။ ပျစ်ပျစ်ပဲ။ ဆန်ပြုတ်နဲ့အတူ ငါးပြုတ်ပါစားနိုင်တယ်။ ငါးရံ့ကို ဆီပါရုံ၊ ဆားပါရုံထည့်ပြုတ်၊ ကြက်သွန်ဖြူနီနည်းနည်းထည့်၊ ချင်း၊ စပါးလင်လုံးဝမထည့်နဲ့။ အမှန်က ငါးရံ့ကိုအသားချည်းနှာပြီး ဆန်ပြုတ်ထဲထည့်ပြုတ်ရင်လည်းရတယ်။ ဒါပေမယ့် ဆန်ပြုတ်ကို ဟင်းနဲ့ နှစ်မျိုးစားရတယ်လို့ စိတ်ထဲကဖြစ်အောင်ပြော်ရတာ။ကျွန်တော်လုပ်ခဲ့တဲ့အတိုင်းပဲ။ အဲဒါက (၃)လပဲ။ ရေနွေးပဲသောက်၊ ရေအေးလုံးဝမသောက်နဲ့"

ဟု ဒုတိယအစီအစဉ်ကို ပေးပါသည်။

ကျွန်တော်တစ်သဝေမတိမ်းလိုက်နာခဲ့ပါသည်။

(၃) လပြည့်ပြန်ပြီး (၆) လပြီးသွားသောအခါ သူက -

ချောင်းဆိုအုန်းသွင်
အသက်ရှည်ရာ (၄)

www.burmeseclassic.com

www.burmeseclassic.com

"တတိယအစီအစဉ်ကိုစရအောင်။ တတိယအစီအစဉ်အရ ထမင်းပျော့ပျော့ (၃) လစားရမယ်။ ငကျွဲဆန်ကိုပဲပျော့ပျော့ချက်ရမယ်။ နူးနူးနပ်နပ်နဲ့ ပျော့ပျော့ထွေးထွေးလေးဖြစ်နေရမယ်။ ထမင်းစီစပ်ပျော့မနပ်ဆိုတာမျိုးမဖြစ်ရဘူး။ အမျိုးသမီးတွေချက်တတ်ပါတယ်။ ဦးအုန်းသွင်အိမ်မှာ ကျွန်တော်ထမင်းစားဖူးလို့ ဦးအုန်းသွင်ရဲ့ အမျိုးသမီးဟာ အချက်အပြုတ်ကောင်းသူဆိုတာ သိရတယ်။

စားရမှာတော့ ဒီပန်းကန်လုံးနဲ့ပဲ။ ဒီအချိန်အတိုင်းတော့မဟုတ်တော့ဘူး။ တစ်နေ့ (၃) ကြိမ်ဖြစ်သွားပြီ၊ မနက် (၈) နာရီ၊ နေ့ခင်း (၁၂) နာရီ၊ ညနေ (၆) နာရီမှာစား၊ ညဘက်မစားနဲ့။ အကျင့်မရခင် ဆာလိမ့်မယ်။ ရေနွေးပဲသောက်နေ၊ ထမင်းနဲ့အတူ ကြက်သားကို ဆီမမများစေဘဲ နူးနေအောင် ပြုတ်ကြော်လုပ်ပြီးခပ်ရွှယ်ရွှယ်တစ်တုံးလောက်နဲ့စား၊ အစာအိမ်က အားပြည့်လောက်လာပြီဖြစ်လို့ ခံနိုင်ရည်ရှိမယ်။ ကြက်သားက အစာကြေလွယ်တယ်"

ဟု ပြောပါသည်။

ကျွန်တော် တစ်သဝေမတိမ်းလိုက်နာခဲ့ပါသည်။

(၃) လပြည့်ပြီး (၁) နှစ်ပြည့်ဖို့ (၃) လအလိုမှာ စတုတ္ထအစီအစဉ်ကို စပါသည်။ စတုတ္ထအစီအစဉ်မှာ ထမင်းပျော့ပျော့မဟုတ်ဘဲ ခါတိုင်းစားနေကျပုံမှန်ထမင်းမျိုးကိုစားရခြင်းဖြစ်ပြီး အခြားအပြောင်းအလဲမရှိပါ။

(၃) နှစ်ပြည့်ပြီးတော့ သူက -

"ကဲ - (၁)နှစ်ပြည့်ပြီ ဦးအုန်းသွင်။ တစ်သဝေမတိမ်းလိုက်နာခဲ့တဲ့အတွက် အခုအခြေအနေမျိုးရောက်လာတာပဲ။ ကျွန်တော်လည်း အကြံပေးရကျိုးနပ်လို့ ဝမ်းသာပါတယ်။

ထမင်းကို အရင်ကစားနေကျ အတိုင်း ပုံမှန်စားလို့ရပြီ။ ဟင်းမျိုးစုံနဲ့၊ ငါးပိတို့စရာတွေကိုလည်း စားချင်လာမှာပဲ။ ဒီနေရာမှာ အထိန်းအကွပ်မလုပ်ရင် မကြာခင်ပြန်ဖြစ်မှာပဲ။ ဒီတော့ အရေးကြီးတဲ့ ရှောင်ရန်၊ ဆောင်ရန်များကိုပြောပါ့မယ်။

ထမင်းကို မူလစားခဲ့တဲ့ပန်းကန်လုံးနဲ့တစ်လုံး၊ ပန်းကန်ပြားနဲ့ထည့်ရင် တစ်ပုန်းကန်လှလှပေါ့။ ဒီထက်ပိုမစားပါနဲ့။ စားကောင်းလို့လည်း လုံးဝပိုမစားနဲ့။ မစားချင်လည်းကုန်အောင်စား။ အစာချက်တဲ့အရည်ကပုံမှန်ထွက်မှာပဲ။ နည်းလိုက်များလိုက်ဆိုရင် မကောင်းဘူး။

အလုပ်ကြမ်းသမားမဟုတ်သူတို့ အတွက် ဆောင်ပုဒ်က များများစား၊ မြန်မြန်သေပဲ။

အချိန်ကို သတ်မှတ်ပြီးစားပါ။ (၁၅)မိနစ်ထက်ပိုမစောစေနဲ့။ (၁၅) မိနစ်ထက်လည်းနောက်မကျစေနဲ့။အစာချက်တဲ့အရည်က စားနေကျအချိန်မှာထွက်လာမှာပဲ။ ချက်စရာအစာမရှိရင် အစာအိမ်နံရံကိုလောင်စေပြီးပြန်ဝင်သွားမှာပဲ။ မလွဲသာလို့ မစားနိုင်ရင် ရေနွေးများများသောက်ပေးပါ။

ထမင်းစားနေတုန်းဖြစ်စေ၊ ထမင်းစားပြီးစဖြစ်စေမှာသေ ရေအေးကို လုံးဝ မသောက်ပါနဲ့။ ပွက်ပွက်ဆူဆူနေတဲ့ ထမင်းအိုးထဲ ရေအေးတစ်ခွက်လောင်းထည့်လိုက်ရင်ပွသွားတယ်မဟုတ်လား။ အဲဒီလိုပဲ ပါစကတေဇောလို့ခေါ်တဲ့ အစာချက်မီး သို့မဟုတ် အစာချက်ရည်ဟာ လုံးဝအားပျော့ပြီး အစာမခြေနိုင်တော့ဘူး။ လူတိုင်းတော့ဟုတ်မယ်မထင်ဘူး။ ကျွန်တော်တို့လို အစာအိမ်ရောဂါရှိသူ အတွက်ပြောတာ။

အသားထဲကဆိုရင် နွားသားလုံးဝ မစားနဲ့။ အလွန်ကြမ်းတယ်။ ဝက်က အသားချည်းဆိုရင် နူးညံ့တယ်။ အဆီမပါစေနဲ့။ ဘဲသားလည်းမစားနဲ့၊ ဆိတ်သားစား။ ငါးကတော့ အားလုံးအစာကြေလွယ်တာပဲ။ ဒါပေမယ့် ငါးဖမ်းမ၊ ငါးခုံးမစတဲ့ တက်စာလို သတ်မှတ်ထားတဲ့ငါးတွေတော့ ရှောင်နိုင်ရင် ပိုကောင်းမယ်။

ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ နံနံ၊ ပူစီနံ၊ မျှစ် စတာတွေကို ရှောင်။

လက်ဖက်သုပ်၊ ချင်းသုပ်၊ ဘယ်တော့မှမစားနဲ့။ ဒန်ပေါက်ထမင်းလည်း ရှောင်။

ဘူးသီးကြော်၊ ပဲကြော်၊ အာလူးကြော်စတဲ့အကြော်တွေနဲ့ကြွပ်နေအောင် ကြော်ထားတာမှန်သမျှရှောင်။

ငါးပိစားချင်ရင် တွဲဖက်အစာများများနဲ့ရောစား။ ငါးပိဖုတ်၊ ငါးပိထောင်းမစားနဲ့။ ငရုတ်သီးအခြောက်လုံးဝမစားနဲ့။ ငါးပိရည်ချိုစား၊ မိုးမျှော်သီးကိုစပ်ရှိန်းရှိန်းဖြစ်ရုံထည့်၊ မီးအုံး(မီးဖုတ်)ပြီးထည့်၊ ကြက်သွန်အနီကိုလည်း မီးအုံးလိုက်၊ ပုစွန်ခြောက်ထောင်းထည့်။ တစ်ခုမှတော့မတည့်ဘူး။ ဒါပေမယ့် အများစာနည်းထက်တော့ သက်သာတာပေါ့။ လက်လုပ်ချဉ် (ချဉ်ဖတ်) မှန်သမျှအကုန်ရှောင်။

ကျွန်တော် အကြိုက်ဆုံးအစားအစာဟာ စောစောကပြောတဲ့ငါးပိရည်ကျိုမှုံကိုတမာချဉ်နဲ့တို့စားရတာအကြိုက်ဆုံးပဲ"

ကျွန်တော်က ဖြတ်ပြောလိုက်ပါသည်။

သူက -

"ချဉ်ဖတ်ထဲမှာ တမာချဉ်က အသက်သာဆုံးပေါ့။ နုတာကိုစား၊ ရင့်တာကိုမစားနဲ့။ မတည့်တာတွေကို မရှောင်နိုင်လို့ စားချင်ရင် ဖြေလျှော့ဖို့နည်းလမ်းကို ပြောတာ။ တကယ်တော့ ကျွန်တော်တို့အစာအိမ်သမားဟာ ဆန်ပြုတ်နဲ့ ငါးပြုတ်ကလွဲပြီး စားစရာမရှိဘူး။ မြို့ပြီးပြောရရင်"

နေဦး

ကျွန်တော်ကဖြတ်တားလိုက်သည်။

သူက -

"ဘာလဲ၊ အရက်အကြောင်းပြောမလို့မဟုတ်လား။ ဦးအုန်းသွင် အရက်ကြိုက်မှန်း ကျွန်တော်သိတယ်။ ကျွန်တော်လည်း အင်မတန်အရက်ကြိုက်သူပဲ။ အယ်ကိုဟောက အစာအိမ်ကိုအလွန်ဒုက္ခပေးတယ်။ ဘီယာကတော့ နည်းနည်းပေါ့တာပေါ့။ ရမ်တို့ဘာတို့သောက်ချင်ရင် အရက်တစ်ပက်၊ ဆော်ဒါတစ်ပုလင်း၊ ဒါမှမဟုတ် ရေခဲသောက်။ (၂) ပက်ထက် ပိုမသောက်နဲ့။ ခဏခဏလည်းမသောက်နဲ့ပေါ့။ စားစရာ(အမြည်း)မပါဘဲလည်းမသောက်နဲ့။ အမြည်းများများစား။

ခြုံပြီးပြောရရင် အစာကြေခဲတာတွေကိုရှောင်ပေါ့။ ဦးအုန်းသွင်လည်း ဗဟုသုတနည်းသူမှမဟုတ်ဘဲ။

ကိုယ့်အခြေအနေကိုယ်ကြည့်ပြီး အမှားကျူးလွန်ပေါ့။

အခြေအနေမကောင်းဘူးဆိုရင် ဆန်ပြုတ်ကို တစ်ပတ်၊ (၁၀) ရက်ပြန်သောက်ပေါ့။

ကျွန်တော်က ဦးအုန်းသွင်ထက် (၁၀) နှစ်ကျော် အသက်ကြီးတယ်။ ပြီးတော့ အစာအိမ်ရောဂါရတာလည်း (၁၀) နှစ်ကျော် စောတယ်။ အစာအိမ်ရောဂါသက်တမ်းအနှစ် (၂၀) ကျော်သာတယ်ပေါ့။ ဒါပေမယ့် အခုအခြေအနေမျိုးနေနိုင်တာ အခုလိုထိန်းခဲ့လို့ပဲ"

သို့ဖြင့် ကျွန်တော့် အစာအိမ်ရောဂါကို ထိန်းသိမ်းခဲ့ပါသည်။

ဆက်လက်တင်ပြပါဦးမည်

ချောမဲအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

ရှင်ဥပဂုတ္တထေရ်ကျောင်းအဝင်နတ်ထပ်နှင့် နဂါးကြီးဖူးမြော်သောနေရာ (စက်ဗိုင်းပြထားသည်)

မောက်ပိုမောင်မောင်အေး

အရှင်ဥပဂုတ္တကျောင်းဆောင်ဦး ဖူးသည့်နဂါး

ဗုဒ္ဓစာပေတို့တွင် နဂါးသည် ထင်ရှားသော အခန်းကဏ္ဍ၌ ပါဝင်နေသည်ကို အတော်များများ တွေ့ရှိရပါသည်။ ထင်ရှားသော သာဓကတို့မှာ ဇာတ်ကြီးဆယ်ဘွဲ့တွင် တစ်ခုအပါအဝင်ဖြစ်သည့် ဘူရိဒတ်နဂါးမင်း၊ မြတ်စွာဘုရားရှင်နှင့် သာဝကကြီးများ၊ တာဝတိံသာသို့ကြွစဉ်က အနှောင့်အယှက်ပေးသော နန္ဒောပနန္ဒနဂါး၊ သီဟိုဠ်ကျွန်းမှ မဟောဒရနဂါးမင်း၊ မဏိအက္ခိကနဂါးမင်း၊ အရှင်သာဂတမထေရ် ဆုံးမသော သရက်ပင်ဆိပ်နဂါး စသည်ဖြင့် အများအပြားရှိပါသည်။

မဟာဗုဒ္ဓဝင်၌ပါရှိသော နဂါးနှင့် ပတ်သက်သည့်အကြောင်းအရာတစ်ခုကို တင်ပြရသော် -

ဝေသာလီပြည်တွင် ဘေးကြီးသုံးပါးဖြစ်ပွားသည်ကို ဘုရားရှင်နှင့် သံဃာတော်များကြွရောက်၍ ရတနသုတ် ပရိတ်တရားတော်ဖြင့် ငြိမ်းအေးစေပြီး ရာဇဂြိုဟ်ပြည်သို့အပြန်ခရီးတွင် ဂင်္ဂါမြစ်အတွင်းဝယ်နေထိုင်ကြကုန်သောနဂါးမင်းတို့သည် လူတို့သည် မြတ်စွာဘုရားအား ကြီးစွာသောပူဇော်သက္ကာရမှုကိုပြုကြကုန်၏။ ငါတို့နဂါးများသည် အဘယ်ကြောင့်မပြုလုပ်ဘဲရှိကုန်အံ့နည်း။ပြုလုပ်ကြမည်ဟုကြံစည်တိုင်ပင်လျက် ရွှေလှေ၊ ငွေလှေ၊ ပတ္တမြားလှေများကို ဖန်ဆင်းကြပြီးလျှင် ထိုလှေတို့၌ ရွှေပလ္လင်၊ ငွေပလ္လင်၊ ပတ္တမြားပလ္လင်တို့ကိုခင်းထားကြ၍ ဂင်္ဂါမြစ်ရေတစ်ပြင်လုံးကို ကြာမျိုးငါးပါးတို့ဖြင့်ပွင့်စေပြီး ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်တို့အား သနားခြင်းမြောက်မှုပြုတော်မူပါကုန် ဘုရားဟု မြတ်စွာဘုရားကို လျှောက်ထားတောင်းပန်ကြ၏။

မြတ်စွာဘုရားသည် နဂါးမင်းတို့ လျှောက်ထား တောင်းပန်ချက်ကို လက်ခံတော်မူပြီးလျှင် နဂါးမင်းတို့ ဖန်ဆင်းအပ်သော ရတနာလှေတော်ထက်သို့ တက်တော်မူလေ၏။ ရဟန်းငါးရာတို့သည်လည်း ရတနာလှေငါးရာထက်သို့ အသီးသီးတက်စီးတော်မူကြလေကုန်၏။

နဂါးမင်းတို့လည်း ဘုရားရှင်နှင့် သံဃာတော်တို့အား နဂါးပြည်သို့ပင့်ဆောင်ကြလေသည်။ ထိုနဂါးပြည်ဘုံဝိမာန်၌ မြတ်စွာဘုရားသည် ညဉ့်သုံးယံပတ်လုံး နဂါးပရိသတ်အား တရားဟောတော်မူ၏။ နောက်တစ်နေ့၌ နဂါးမင်းတို့သည် နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား ကြီးစွာသောအလှူဒါနကိုပေးလှူကြကုန်၏။ မြတ်စွာဘုရားရှင်သည် အနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် နဂါးပြည်မှ ထွက်ကြွတော်မူခဲ့လေ၏။

ဘုမ္မစိုးနတ်၊ ရက္ခစိုးနတ်တို့က လည်း တောတောင်သစ်ပင်စသည်တို့၌ အလွန်လုံ့ပကောင်းမွန်သော ထီး၊ တံခွန်တို့ကို စိုက်ထောင်လွှင့်ထူကာ ပူဇော်ကြ၏။ (မဟာဗုဒ္ဓဝင်တတိယတွဲ)

နဂါးတို့သည် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌ ဤကဲ့သို့ မိမိတို့နိုင်ရာ အခန်းကဏ္ဍမှ ဝင်ရောက် ထမ်းဆောင်ကုသိုလ်ယူတတ်သည်ကို စာပေကျမ်းဂန်တို့တွင် တွေ့ရှိရသလို ယနေ့မျက်မှောက်ကာလ၌လည်း ဘုရားတည်၊ ကျောင်းဆောက် စသောကိစ္စများတွင် နဂါးတို့ ပါဝင်ကူညီဖြည့်တင်းပေးသောဖြစ်ရပ်များ ကြားသိနေရပါသည်။

လူဦးရေတို့တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာသောကြောင့် မြို့တော်ရန်ကုန်အား မြို့သစ်များထိုးချဲ့အကွက်ရိုက်ချထားရာတွင် ဒဂုံမြို့သစ်မြောက်ပိုင်းလည်း အပါအဝင်ဖြစ်သည်။ ဒဂုံမြို့သစ်မြောက်ပိုင်း မြေတိုင်းအကွက်ကြီးအမှတ် (၄၄) သည် သတ္တုတွင်းဝန်ကြီးဌာနအကွက်ဖြစ်၍ (၄၄) ရပ်ကွက်ဟူ၍လည်းခေါ်၏။ ထိုမြေကွက်များခွဲခြမ်းစိတ်ဖြာ၍ လူနေအိမ်ခြေ၊ စာသင်ကျောင်း၊ ပန်းခြံ၊ ရေကန် စသည်ဖြင့် အကွက်ရိုက်စဉ်က ကျွန်တော်သည် ဘရေတွင် ၈/ထမြေတိုင်းအရာရှိတာဝန်ထမ်းဆောင်နေသဖြင့် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခဲ့ရပါသည်။

ထိုအမှတ်(၄၄)မြေကွက်အကွက်ရိုက်စဉ်ကပင် အချို့နေရာ၌ ဂန္ဓိရုဆန်သောဖြစ်ရပ်အချို့ ကြုံခဲ့ရဖူး၏။ ဒေသအခေါ် မန်ကျည်းကိုးပင်ဆိုသောနေရာ၌ တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်စဉ် တိုင်းတာရေးကိရိယာ ဖြစ်သည်။ သီအိုဒိုလိုက်မှန်ပြောင်းထဲတွင် အဖြူရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်တစ်ဦးကို မြင်ရသဖြင့် မှန်ပြောင်းမှ မျက်စိခွာ၍ ပေတံကြီးကိုင်အလုပ်သမားကိုလှမ်းကြည့်မိရာ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်မဟုတ်ဘဲ ရိုးရိုးဝတ်ဆင်မြဲအဝတ်အစားနှင့်ပင်ဖြစ်သောကြောင့် အမြင်မှားတာပါဟုသာ မှတ်ချက်ချခဲ့ရ၏။

ထိုနေရာ၌ အမှန်ပင် မန်ကျည်းပင်ကိုးပင်ရှိ၍ တောင်ဘက်တွင် တောထနေသော ရေကန်ပျက်အသွင် ချိုင့်ဝှမ်းယောင်ယောင်ဖြစ်နေ၏။ မန်ကျည်းကိုးပင်မြေကွက်အား လူနေအိမ်ခြေအကွက်မရိုက်ဘဲ ရေကန် သို့မဟုတ် ခြံခြံအဖြစ် သတ်မှတ်လိုက်၏။ မန်ကျည်းကိုးပင်

www.burmeseclassic.com

www.burmeseclassic.com

ကွက်၏ မြောက်ဘက်တွင် ရွှေစင် (၃) လမ်း၊ တောင်ဘက်တွင် ဖိုးရိုဇာလမ်း အရှေ့ဘက်တွင် ရွှေစင် (၅) လမ်း၊ အနောက်ဘက်တွင် ရွှေစင် (၄) လမ်း တို့က စတုဂံပုံ ဝိုင်းရံထား၏။

(၄၄) ရပ်ကွက်တွင် ပထမဆုံး အုပ်ချုပ်ရေးမှူး (ထိုစဉ်က ဥက္ကဋ္ဌ) ဖြစ်ခဲ့သော ဦးချစ်စိန်က -

"ကိုမောင်မောင်အေးရေ၊ ဒီမန်ကျည်းကိုးပင်ကွက်နေရာမှာ ရေကန်လုပ်ရင်ကောင်းမယ်"

ဟု ပြောခဲ့ဖူး၏။

အုပ်ချုပ်ရေးမှူးတို့အဆင့်ဆင့်တက် လာသောအခါ မန်ကျည်းကိုးပင်ကွက်သည် အမှန်ပင် ရေကန်တူးဖော်ခဲ့၏။ ယခုဆိုလျှင် စိမ်းလဲ့ကြည်လင်နေသည့် ရေကန်ကြီးဖြစ်နေပါပြီ။

ရေကန်ကြီး၏ အရှေ့ဘက်တွင်ရှိသော ရွှေစင် (၅) လမ်းမှ သက်ကြီးပိုင်း အဘဦးထွန်းဆိုသူရှိ၏။ တစ်ညတွင် မန်ကျည်းကိုးပင်မှ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးရောက်လာပြီး -

"မောင်ထွန်းလင်း၊ မင်းဟာ ငါနဲ့ ပဌာန်းဆက်အမျိုးတော်ခဲ့ဖူးတယ်။ ဟိုဘဝက ညီအစ်ကိုပေါ့။ မွန်ဘုရင်များရှိစဉ်ကာလက မင်းနဲ့ငါဟာ ဘုရင့်အမှုတော်ထမ်းတွေပဲ။ ဒီနေရာမှာလည်း ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်ကြီးနဲ့ အရှင်ဥပဂုတ္တကျောင်းဆောင်ကြီးရှိခဲ့ဖူးတယ်။ အဲတာမင်းပြန်ပြီးဖြစ်မြောက်အောင်လုပ်ပါ"

ဆို၍ ပျောက်ကွယ်သွား၏။

အဘဦးထွန်းလင်းသည် အိပ်ပျော်နေခြင်းမဟုတ်သဖြင့် အိပ်မက်တော့မဟုတ်နိုင်ချေ။ အချိန်က ည (၁၀) နာရီခန့်ပုတီးစိပ်နေစဉ် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကလာပြောသွားခြင်း ဖြစ်၏။ ထို့ကဲ့သို့ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်ကြီးပြောသွားသောအကြောင်းကို အခြားသူများအား မပြောပြဘဲ (၄၄) ရပ်ကွက်တွင် ဘာသာရေး၊ လူမှုရေးပရဟိတလုပ်ငန်းများကို ကိုယ်ဖိရင်ဖိဆောင်ရွက်နေသော ရွှေစင် (၆) လမ်းမှ ဦးမိုးကျော်ရွှေနှင့် ရွှေစင် (၅) လမ်းမှ ဦးဌေးတို့အား ပြောပြ၏။

ဦးမိုးကျော်ရွှေနှင့် ဦးဌေးတို့ကလည်း နဂိုမူလကပင် ဤရေကန်တွင် အရှင်ဥပဂုတ္တဖောင်တော်ထားရှိမူဇော်ချင်နေသူများဖြစ်ရကား အဘထွန်းလင်း၏ စကားကြားရသောအခါ ပို၍သဒ္ဓါပေါက်၍ အရှင်ဥပဂုတ္တဖောင်တော်မှမဟုတ်တော့ဘဲ အရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်နှစ်ပေါင်းရာကျော်သီတင်းသုံးနိုင်မည့် သံကူကွန်ကရစ် (RC) ကျောင်းတော်ဆောက်လုပ်လျှုဒါန်းရန် ဆုံးဖြတ်လိုက်ကြသည်။

ဆုံးဖြတ်ချက်နှင့်အတူ မိမိတို့ရွာနဲ့စာငွေ၊ သံသရာပဌာန်းဆက်ဆွေတော်မျိုးတော်တို့ လျှုဒါန်းငွေများဖြင့် မန်ကျည်းကိုးပင်မင်္ဂလာကန်တော်၏အလယ်တွင် အရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး၏ (RC) ကျောင်းဆောင်ဆောက်လုပ်ကြသည်။ ရွှေစင်(၅)လမ်းဖက်ခြမ်းကန်ပေါင်မှ အရှင်ဥပဂုတ္တကျောင်းဆောင်တော်အထိ ရေပြင်ကျယ်ကိုကျော်ဖြတ်ရမည့် နတ်လမ်းကိုလည်း သံကူကွန်ကရစ်ဖြင့် ပေအရှည်ရှိသော နတ်လမ်းခင်းလိုက်ကြသည်။

လုပ်ငန်းကိစ္စအဝဝအတွက် ငွေကြေးမလုံလောက်သဖြင့် အချို့တစ်ဝက်ကိုအကြွေးဖြင့်လုပ်ထား၍ (၄၄) စေ့းလေးတွင် တစ်ပတ်တစ်ခါ ဦးမိုးကျော်ဆွေတို့ အလှူခံထွက်ရသည်။ ကြားသိသော သံသရာဆွေတော်မျိုးတော်ပဌာန်းဆက်တို့လည်း လာရောက် လှူဒါန်းကြသည်။

ရှင်ဥပဂုတ္တရဟန္တာမထေရ်အတွက် ကျောင်းတော်နှင့် နတ်လမ်း (RC) ဆောက်လုပ်နေဆဲ (ယခုလည်း ငွေကြေးမလုံလောက်၍မပြီးသေးပါ။) ရွှေစင် (၅) လမ်းမှ သတ္တုတွင်းဝန်ထမ်း (ငြိမ်း) ဒေါ်သန်းအေးသည် နံနက်စောစောထ၍ ကန်ပေါင်ပေါ် ရပ်ကာ ဆောက်လုပ်ဆဲကျောင်းတော်ဆီသို့ . အာရုံပြုကာ လက်အုပ်ခိုမိုး ရိုခိုးကန်တော့ရင်း ဤကျောင်းတော်ကြီးမြန်မြန်ပြီးမြောက်စေရေး ပဌာန်းဆက်တို့ကလည်း အကူအညီပေးကြပါ ဟူ၍ နေ့စဉ်ဆုတောင်း၏။

ဒေါ်သန်းအေးလည်း ရှင်ဥပဂုတ္တကျောင်းတော်ဆောက်လုပ်ရေးတွင်ပါဝင်သော အမှုဆောင်တစ်ဦး ဖြစ်၏။ တစ်ခုသောနေ့မနက်တွင် ထုံးစံအတိုင်း ဆုတောင်းနေဆဲ ရှင်ဥပဂုတ္တကျောင်းဆောင်တော်ဦးအနီး ရေကန်အလယ်မှ ရေများဆူပွက်ထလာကာ ဝုန်းခနဲရေလွှာခွဲ၍ လုံးပတ်လူကိုယ်လုံးခန့်ကြီးမားသော နဂါးဦးခေါင်းပိုင်းကြီးပေါ် ပေါက်လာကာ ရှင်ဥပဂုတ္တကျောင်းတော်ဦးဆီသို့ဦးညွတ်သည်ကို ထင်ထင်ရှားရှားမြင်ရသည်ကြောင့် မှင်တက်မိကာကြည့်နေမိ၏။ အရောင်က စိမ်းပြာရောင်ဖြစ်သည်။ နဂါးကြီးကို မှင်တက်မိကာကြည့်နေရင်း သတိဝင်လာသောကြောင့် အိမ်မှလူများကိုပြန်ရန် အပြေးသွားခေါ်၏။ အိမ်သားများနှင့် ကန်ပေါင်ပေါ် ရောက်ချိန်တွင် နဂါးကြီးကိုမတွေ့ရတော့ဘဲ ရေပြင်တွင် လှိုင်းဂယက်များထနေသည်ကိုသာ တွေ့ကြရတော့၏။

ထိုနဂါးကြီးသည် ဒေါ်သန်းအေးဆုတောင်းမေတ္တာရပ်ခံ၏။ ပဌာန်းဆက်ဆွေတော်မျိုးတော်ပေလော သို့မဟုတ် ပဌာန်းဆက် ဆွေတော်မျိုးတော်များသဒ္ဓါပေါက်၍ လာရောက် ဖူးမြော်ကုသိုလ်တော်ယူနိုင်ကြပါစေကြောင်း နှိုးဆော်တင်ပြအပ်ပါသည်။

မန်ကျည်းကိုးပင်မင်္ဂလာကန်တော်တွင် အရှင်ဥပဂုတ္တမထေရ်မြတ်ကျောင်းတော်ဖြစ်မြောက်ရေးရှင်းလင်းပြောပြသော ဦးမိုးကျော်ရွှေ၊ ဦးမောင်ဌေးနှင့် နဂါးကြီးတွေ့မြင်ပုံရှင်းလင်းပြောပြမှာ သတ္တုတွင်းဝန်ထမ်း(ငြိမ်း)ဒေါ်သန်းအေးတို့အား အထူးကျေးဇူးပါ ခင်ဗျား။

ဗုဒ္ဓသာသနာ့အနှစ်ပမာထွန်းပပါစေ

ဆာတ်ပုံမောင်မောင်အေး

www.burmeseclassic.com

ရှင်ဥပဂုတ္တကျောင်းဦးတွင် နဂါးနှင့်တွေ့သူ ဒေါ်သန်းအေး

www.burmeseclassic.com



မဗြီးသေးသောပန်းချီကားတစ်ချပ်
ရွှေကိုကူစိသားစုမှ ဒုတိယမြောက်တည်ထားကိုးကွယ်မည့်
အောင်ကြစေရန် မြသိန်းတန်စေတီတော်
ဘိုဘို(ရွှေကိုကူ)

ရာသီစက်ဝန်းတို့သည်ကား အချိန်မှန်လည်ပတ်လျက်ရှိရာ ၉ ရက် ၉ လ ၂၀၇၄ ပုဒ္ဓဟူဇနီယပွဲတော်ရက်သည်လည်း နီးကပ်၍လာပြန်ပါ၏။ ပွဲတော်ရက်တွင် ဆေးသိဒ္ဓိသစ္စာရေပေးဝေရန်အတွက် နှစ်စဉ်လျှဒါန်းမြဖြစ်သော မန္တလေးမြို့ ဈေးချိုတော်မြေညီထပ်စပယ်ရုံဆိုင်ခန်း အမှတ် (၉၉) လမင်းသာအလှကုန်စတိုး မှ ကိုမင်းအောင် - မနန်းဆိုင်ဖောင်း၊ ကျိုင်းတုံမြို့မှ ကိုစိုင်းလုံးကျော်က် - မနန်း ခါဟွမ်ပန်းတို့က ရေသန့်ဘူးအတွဲ(၁၅၀) ကြေတင်လျှဒါန်းထားပြီဖြစ်၍ ရေဘူးတို့ကို စာညွှန်းစာရွက်တံဆိပ်ကပ်ရသည်။ တောင်တန်းသာသနာပြုသို့ လျှဒါန်းရန် ပလွင်တော်များကို ဂျပ်ဖာများတွင်ထည့်သွင်း၍ထုပ်ပိုးရသည်။ မြန်မာဆေးများ၊ သင်္ကန်း၊ ပရိက္ခရာများကိုလည်း ထုပ်ပိုးပြင်ဆင်ကြရသည်။

ထိုထုပ်ပိုးပြင်ဆင်မှုတို့မှာ အပြောလွယ်သော်လည်း တကယ်ဆောင်ရွက်သောအခါ လူအင်အားနှင့်အချိန်ပါပေးရ၏။ ပွဲတော်နီးသည်နှင့် သန့်ရှင်းရေးများလုပ်ကြရသည်။ ညအိပ်ဧည့်သည် (ဝေယျာဝစ္စဆောင်ရွက်သောနှစ်ရှည်ရင်းနှီးလာခဲ့သောသူများ) တို့အတွက် အိပ်ရာအိပ်ခင်းများ၊ ဆွမ်းကပ်ရန်နှင့် ဧည့်သည်များအတွက် အိုးခွက်ပန်းကန်များလည်း စတိုခန်းမှထုတ်၍ဆေးကြော သန့်စင်ပြင်ဆင်ကြရသည်။

ပွဲတော်ရက်တွင် အပေါ်ထပ် ဘုရားခန်း၌ ရှင်တော်မြတ်အား ပူဇော်ဖွယ်များထားရှိရန်အတွက် စတီးစင်များ၊ စားပွဲခင်းများ၊ ယိုးဒယားရွှေရောင်၊ ငွေရောင်ကလပ်များထုတ်ယူပြင်ဆင်ကြရ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုရက်များမတိုင်မီမှာပင် ပလ္လင်တော်များကို မန္တလေးမြို့ တောင်စလင်းတိုက်သစ်သို့ ပို့ဆောင်ထားရသည်။ ၂၈-၈-၂၀၁၇ ရက်နေ့တွင် ရုပ်ရှင်တော်မြတ် အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူသည်။ (၂၆) ရက်ကြာမြင့်သော လင်းခေးခရီးစဉ်မှ ပြန်လည်ကြွမြန်းတော်မူလာခြင်း ဖြစ်ပါသည်။ ၂၇-၈-၂၀၁၇ ရက်နေ့က စာရေးသူနှင့် ဦးအေးကိုကိုသွန်းတို့သည် တောင်ကြီးမြို့ ရှိ ရှမ်းပြည်နယ် (တောင်ပိုင်း/ မြောက်ပိုင်း) ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင်နှင့် ဇနီး ဒေါ်သီရိတို့နေအိမ်သို့ သွားရောက်ခဲ့ကြပါသည်။ လင်းခေးမြို့မှ သာဝကများက ရုပ်ရှင်တော်မြတ်၏လျှုဖွယ်ဝတ္ထုတို့ကို စဉ့်ကိုင်မြို့ အထိ လိုက်လံပို့ဆောင်မည်ဖြစ်ရာ ခရီးဝေးလွန်းလှသောကြောင့် ၎င်းတို့ကို တောင်ကြီးမြို့ ရဲမှူးချုပ်၏နေအိမ်သို့သာ ပို့ခိုင်းစေပြီး စာရေးသူတို့က ထိုပစ္စည်းတို့ကို သွားရောက် သယ်ယူရခြင်း ဖြစ်သည်။

ရဲမှူးချုပ် အောင်အောင်သည် လွန်ခဲ့သော (၅) နှစ်ခန့်မှစ၍ ယခုတိုင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်သူဖြစ်ပြီး ဤခရီးစဉ်တစ်လျှောက်လုံး လုံခြုံရေး၊ လူစောင့်ရှောက်မှုများကို ဆောင်ရွက်ခဲ့သည်။ စာရေးသူတို့ရောက်ရှိသွားသောအခါ ရဲမှူးချုပ်ကို မတွေ့ရပါ။ ဒေါ်သီရိကိုသာ တွေ့ရပါသည်။ လင်းခေးမှဧည့်သည်များလည်း မပြန်ကြသေးပါ။ စာရေးသူကိုစောင့်နေကြခြင်း ဖြစ်သည်။ စာရေးသူတို့လည်း ရဲမှူးချုပ်အိမ်မှာပင် ထမင်းစားကြပါသည်။ လင်းခေးဧည့်သည်များကတော့ လူကြီးအိမ်ဖြစ်နေ၍ အားနာသဖြင့် အပြင်ထွက်စားကြသည်ဟု ပြောပါသည်။

ထိုအချိန်တွင် အုန်းတကူး အောင်ကြေစေရန် မြသိန်းတန်စေတီတော်၏ ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော မောင်မျိုးမင်းနှင့် ခိုင်ခိုင်ဝင်းတို့လည်း ၎င်းတို့၏မြေယာလုပ်ငန်းကိစ္စများနှင့် ကလောသို့ ရောက်ရှိနေသဖြင့် စာရေးသူကို တွေ့ဆုံနှုတ်ဆက်ရန်ထွက်လာကြပြီဟုသိရ၍ စာရေးသူတို့လည်း စောင့်နေလိုက်ပါသည်။

တောင်ကြီးမှ သာဝကများလည်း တဖွဲဖွဲလာရောက်လျက်ရှိ၏။ ခိုင်ခိုင်ဝင်းတို့ကိုစောင့်ရင်း မယ်တော်ကြီးက လင်းခေးမြို့တွင် ကြုံတွေ့ရသော ထူးခြားမှုတို့ကို

ပြောပြပါသည်။တကယ်တော့ လင်းခေးမြို့ကို ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရန် အစီအစဉ်မရှိပါ။ လင်းခေးမြို့မှ ဒေါ်ခင်သန်းသည် လွန်ခဲ့သော (၃) နှစ်ခန့်မှစ၍ ရုပ်ရှင်တော်မြတ် တောင်ကြီးသို့ ကြွမြန်းရောက်ရှိတော်မူသည့်အခါ တိုင်း လာရောက်ဖူးမြော်ပြီး ပူဇော်ဆောင်ပူဇော်ခွင့်ပေးပါရန် လျှောက်ထားခဲ့၏။ သူရဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိသော စာရေးသူ၏ ဆောင်းပါးကို ဖတ်ရှုရ

www.burmeseclassic.com

www.burmeseclassic.com

သောအခါမှစ၍ မဂ္ဂဇင်းတွင်ပါရှိသော ရွှေကံကူပုံတော်ကိုကူးယူ၍ ရုပ်ရှင်တော်မြတ်အား အပြင်မှာကိုယ်တိုင်ကိုယ်ကျဖူးတွေ့ခွင့်ရရှိပါစေ၊ တပည့်တော်၏နေအိမ်သို့လည်း ပင့်ဆောင်ပူဇော်ခွင့်ရရှိပါစေဟု အဓိဋ္ဌာန်ဆုတောင်း၍နေခဲ့သည်ဟု သိရသည်။

၂၀၁၆၊ ဧ ရက်၊ ၉ လ ဗုဒ္ဓဟူဇနိယ ပွဲတော်တွင်လည်း ကားကြီးနှစ်စီး၊ လူ (၄၀) ကျော်ခန့်ဖြင့် လာရောက်ခဲ့ကြသူများဖြစ်၍ မယ်တော်ကြီးက ၎င်းတို့၏ သဒ္ဓါတရားကို လေးစားသဖြင့် ယခုကဲ့သို့ ပင့်ဆောင်ပူဇော်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူသောအခါ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နယ်စပ် နန့်ပန်တက် ကျေးရွာမှ ကလေးမြို့နယ် ရဲတပ်ဖွဲ့မှ လာရောက်ကြိုဆိုပြီး ထိုမှရွှေညောင်၊ ထိုမှ တောင်ကြီး၊ ထိုမှ လွယ်လင်အထိ ရဲတပ်ဖွဲ့များမှကြိုဆိုပင့်ဆောင်သွားကြပြီး လင်းခေးခရိုင်းမှူးက နယ်စပ်အထိ ကြိုဆိုကာ လင်းခေးမြို့သို့ ကြိုဆိုပင့်ဆောင်ရာ၌ မြို့အဝင်တွင် အခမ်းအနားဖြင့် မြို့လူထုမှ သောင်းသောင်းဖြဖြ



www.burmeseclassic.com

www.burmeseclassic.com





ကြိုဆိုပင့်ဆောင်ကြကာ မြို့တစ်ပတ်လှည့်လည်အပူဇော်ခံပြီးမှ ဒေါ်ခင်သန်း၏ နေအိမ်သို့ရောက်ရှိသည်။

လင်းခေးမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့ကဲ့သို့ပင် ရှမ်းပြည်ရှမ်းတောင်တို့နှင့်အတူ အညာမြေကဲ့သို့ ရာသီဥတုပူပြင်းပြီး အညာမြေတွင် ပေါက်သော ထန်း၊ မန်ကျည်း၊ ထနောင်း စသည့်သဘာဝပေါက်ပင်တို့ပေါက်ရောက်ပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့နှင့်စပါးများစိုက်ပျိုးကြသည်။ အုပ်ချုပ်ရေးအရသာခရိုင်မြို့ပေးထားသော်လည်း မြို့သည်မကြီးလှပါ။ သာမန်မြို့နယ်အဆင့်ရှိ မြို့ကလေးမျှသာ ဖြစ်သည်။

လင်းခေးမြို့မှာ ဝေးလံခေါင်းပါးပြီး မြို့ငယ်ကလေးမျှသာဖြစ်သော်လည်း အဆိုတော်စိုင်းထီးဆိုင်၏မွေးရပ်ဇာတိမြို့ဖြစ်နေခြင်းကြောင့် လူသိများထင်ရှားရခြင်း ဖြစ်သည်။ မြို့လယ်ခန့်တွင် စိုင်းထီးဆိုင်နေထိုင်သွားသော စိုင်းထီးဆိုင်၏မိဘများနေအိမ်ကိုတွေ့ရသည်။ သာမန်အိမ်တစ်လုံးမျှသာဖြစ်ပြီး ခြံစည်းရိုးပင်ခတ်ထားခြင်းမရှိပါ။

လင်းခေးမြို့တွင် (၁၃)အိမ် ဒေသစာရီကြွမြန်းတော်မူရပြီး အခြေခုဗျူဟာမှူးပိုလ်မှူးကြီးမျိုးမြင့်သန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့မှလည်း ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ဤခရီးစဉ်တွင် ထူးခြားမှုမှာ မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာ နေအိမ်အချို့တွင် ညအခါ မေတ္တာကမ္မဋ္ဌာန်းများပွားများသောအခါ ယခုလက်ရှိအိမ်သားများထဲတွင်မပါရှိသောလူတို့ကို တွေ့မြင်ရသဖြင့် ပုံပန်းသဏ္ဌာန်ကိုပြောပြပြီး အိမ်ရှင်တို့ကို မေးကြည့်ရာ ထိုသူသည် ၎င်းတို့အိမ် မှ ကွယ်လွန်သွားသော အိမ်သားတို့ဖြစ်သည်ဟု ပြောပြကြ၏။ ထို့ကြောင့် မယ်တော်ကြီးက ထိုသူတို့ကို ရည်ရွယ်၍ မေတ္တာပို့အမျှအတမ်းပေးဝေပေးရသည်။ နေ့ခင်းတွင် အမျှအတမ်းပေးဝေပြီးပါက ထိုညတွင် ထိုလူတို့က အိပ်မက်ထဲတွင် ဝတ်ကောင်းစားလှမျှားနှင့် အိမ်ရှင်တို့ကို အိပ်မက်ပေးလာကြသဖြင့် အိမ်ရှင်တို့မှာ ဝမ်းသာမဆုံးဖြစ်ကြရပြီး မယ်တော်ကြီးကို ကျေးဇူးတင်လျက်ရှိကြပါသည်။

တစ်ညတွင် မယ်တော်ကြီး ဤသို့အိပ်မက်မက်ပါသည်။ မယ်တော်ကြီးသည် လင်းခေးမြို့မှ မိတ်ဆွေများနှင့် ယာတောတစ်ခုသို့ရောက်သွားသည်။ ကန်သင်းပေါင်ပေါ်တွင် စုတ်ပြတ်ဝတ်ရေးဝေယင်သောတဲပုတ်ကလေးများတွေ့ရပြီး ကန်သင်းဘောင်တွင်နေရာရှိ တဲငယ်လေးတစ်လုံးတွင်းမှ ငြဒယ်ကြီးနှင့် မုန့်ညှင်းနှင့် ပေါင်မုန့်တို့ရောရ၍ ကျိုနေ

www.burmeseclassic.com

www.burmeseclassic.com

သည်ကိုတွေ့ရ၍ မယ်တော်ကြီးက -

"ဒါဝက်စာလား၊ နွားစာလား"

ဟု မေးရာ ညစ်နွမ်းသောအကျီလုံချည်တို့ကိုဝတ်ထားပြီး ကိုယ်ခန္ဓာကြုံလှိုဖျော့တော့လျက် လူမမာပုံပေါက်နေသော တိုင်းရင်းသူမိန်းကလေးမျာက-

"မဟုတ်ပါဘူးရှင်၊ ဒါတွေက ကျွန်မတို့စားဖို့ပါ။ ဒါတောင်မှ တစ်ယောက်ကို ခွဲတမ်းနည်းနည်းပဲရတာမို့ တစ်ခါမှ ဝအောင်မစားရပါဘူး"

ဟု ပြန်ပြောကြပါသည်။

နံနက်လင်းသောအခါ မယ်တော်ကြီးက အိပ်မက်ကို သတိရလာသဖြင့် ဒေါ်ခင်သန်းနှင့် ရုပ်ရှင်ငွေဒီယိုသရုပ်ဆောင် စိုင်းဘိုဘို၏ မိခင်တို့ကို -

"ဒီမှာကျွတ်လွတ်ခွင့်ပုဂ္ဂိုလ်ထွေတော်တော်ရှိတယ်ဗျ။ အဲဒါကြောင့် အကျွတ်အလွတ်ဒါနပွဲလုပ်ရင်တောင်းမယ်"

ဟု ဆိုလေရာ ဒေါ်ခင်သန်းနှင့် စိုင်းဘိုဘို၏မိခင်တို့က -

"မယ်တော်ကြီးလုပ်ပေးမယ်ဆိုကောင်းတာပေါ့။ အားလုံးစီစဉ်လိုက်ပါ့မယ်"

ဟု ဝမ်းသာစွာပြောကြပါသည်။

ထို့ကြောင့် နောက်တစ်နေ့ ရုပ်ရှင်တော်မြတ်အား နေ့ဆွမ်းဆက်ကပ်ပြီးချိန်၌ အကျွတ်အလွတ်ဒါနပွဲကို စီစဉ်ကြပါသည်။ မြို့ပေါ်ရပ်ကွက် (၉) ခုရှိ ဇရပ် (၉) ဆောင်၊ (၉) ဌာနတွင်ပြုလုပ်ရန်ဖြစ်ပြီး တစ်နေ့တည်းနှင့် အပြီးပြုလုပ်မည်ဖြစ်သည်။

လှူဖွယ်ပစ္စည်းများဖြစ်ကြသော သက်နံး၊ ဆုန်၊ ဆီ၊ ဆေး၊ ဆား၊ အမွေးတိုင်၊ ဖယောင်းတိုင်တို့ပြင်ဆင်ယူဆောင်၍ ဇရပ်တစ်ဆောင်ပြီးတစ်ဆောင်ပူဇော်သွားကြရာ (၉) ခုမြောက်ဇရပ်သို့ရောက်ရှိသောအခါ ထိုရပ်ကွက်လူကြီးများက ဤဇရပ်တွင် အစည်းအဝေးပြုလုပ်စရာရှိကြောင်း၊ ညနေ (၃) နာရီနောက်ပိုင်းမှသာအားမည်ဟုပြောပါသည်။ မယ်တော်ကြီးတို့အဖွဲ့သည်လည်း ဆက်တိုက်ပြုလုပ်လာကြသည်ဖြစ်၍ စောင့်ဆိုင်းရမှာစိုးရိမ်ပါ။ မယ်တော်ကြီးတို့အဖွဲ့တွင် (၉၉)တပ်မှူး၏ဇနီးပါဝင်သဖြင့် မယ်တော်ကြီးက -

"ဒီမှာမရလည်း ညည်းတို့တပ်မမှာရဲ့မှာအဆင်ပြေမလား"

ဟု မေးလိုက်ရာ -

"ပြေတာပေါ့မယ်တော်ကြီး၊ သမီးတို့ကလည်း သမီးတို့တပ်ထဲမှာ ဒီလိုလုပ်ရရင်ကောင်းမှာပဲလို့တွေးနေတာ"

ဟု ဝမ်းသာအားရ ပြောကြားပြီး ချက်ချင်း စီစဉ်စေပါသည်။

အကျွတ်အလွတ်ဒါနပွဲသို့ ပဏ္ဏာ

မှူးကြီးကိုယ်တိုင် တက်ရောက်ပါသည်။ ရွှတ်ဖတ်ပူဇော်မှု၊ ဖိတ်ခေါ်မှုတို့ပြီးသောအခါ မယ်တော်ကြီး၏နောက်မှစကားပြောသံတို့မသဲမကွဲထွက်လာသဖြင့် 'ဒီရဲမေတွေယဉ်ကျေးနှိမ့်ချနည်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတဲ့အလုပ်လုပ်နေတာလည်းဖြစ်တယ်။ ငါနဲ့ ဗျူဟာမှူးကြီးလည်းရှိနေတာကို စကားတွေပြောနေကြတယ်ဟု တွေးကာ နောက်သို့လှည့်လိုက်၏။ ရဲမေတို့သည် တရားစာကိုရွတ်ဖတ်နေကြသည်ကိုတွေ့ရ၏။ ရဲမေတို့ကလည်း ၎င်းတို့အားလုံး၏နောက်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရဘဲ ကြက်သီးထသွားမိကြသည်။ တစ်ဖန် မယ်တော်ကြီးသည် မျက်စိမှိတ်ပြီး တရားစာတို့ကို ပူဇော်သောအခါတွင်လည်း မယ်တော်ကြီးနှင့် ဗျူဟာမှူးကြီးထိုင်နေရာ(၂) ခုအကြားမှာ (၁) ပေခွဲမျှသာရှိ၍ ဤပရိသတ်အတွင်းတွင် မည်သူမျှထိုနေရာမှ ဖြတ်သွားဝံ့သူမရှိသော်လည်း ထိုနေရာကို လူသုံးလေးဦးခန့်ဖြတ်သွားသောခြေသံနှင့် လေဟပ်မှုတို့ကို ခံစားလိုက်ရ၏။

မယ်တော်ကြီးသည် ဤပူဇော်မှုအစီအစဉ်တို့မှာ အကြိမ်ကြိမ်ရောက်လေရာ မြို့ရွာတိုင်းတွင် ပူဇော်နေကျဖြစ်၍ အလျင်ဦးဆုံးပြီးသွား၏။ ထိုအခါ မယ်တော်ကြီးသည် ၎င်းတို့ကို ဒီအတိုင်းစောင့်နေရမည့်အစား၀င်လေအရဟံ၊ ထွက်လေ ပုဒ္ဓါ အာနာပါနဂုဏ်တော်ဟူးများခြင်းဖြင့် စောင့်ဆိုင်းရန် စိတ်ကူးရသဖြင့် ထိုသို့ရှုမှတ်နေ၏။ သမာဓိတည်ကြည်သွားသောအခါ ဤမွန်းခုံနံဘေးမှ တောအုပ်ကြီးကို အာရုံတွင်မြင်တွေ့လာ၏။ တောအုပ်၏အတွင်းပိုင်းကျသောနေရာတွင် ခေါင်းလောင်းမှောက်နေရာအထိသာကျန်ရှိတော့သောရေညိုများဖြင့်မည်းနေသည့်စေတီပျက်(၃) ဆူကို မြင်ရ၏။ အလယ်စေတီမှာအကြီးဆုံးဖြစ်ပြီး နံဘေးမှ စေတီ(၂)ဆူမှာ ဈာပကတော်သေးငယ်၏။

မယ်တော်ကြီးသည် မေတ္တာပို့သခြင်း၊ အမျှအတမ်းပေးဝေခြင်း စသောအစီအစဉ်များအားလုံးပြီးစီးသောအခါမှ ဗျူဟာမှူးကြီးအား -

"ဒီနားမှာရှေးဟောင်းစေတီပျက်(၃) ဆူရှိလား၊ ကျုပ်အာရုံမှာမြင်လာလို့"

ဟု မေးရာ ဗျူဟာမှူးကြီးက မိမိသည်လည်း ယခုမှဤဗျူဟာသို့ရောက်ရှိသည်မှာ မကြာသေးသဖြင့် မသိပါဟုဖြေ၏။ လင်းခေးသူလင်းခေးသားတို့ကိုမေးသောအခါတွင်လည်း မသိဘူးပါမကြားဘူးပါဟုသာ ဖြေကြပြန်သည်။ အမျိုးသမီးတစ်ဦးကသာ ၎င်းယဖ်စ်ကာအဘွားဖြစ်သူနှင့် ဘုန်းကြီးကျောင်းသို့လိုက်သွားလေ့ရှိရာ တစ်ခါတုန်းက ဘုန်းတော်ကြီးနှင့် အဘွားတို့ပြောသံကိုကြားဖူးကြောင်း၊ ထိုစေတီ (၃) ဆူသည် မိုးနဲမိုးငြိစော်ဘွားတို့တည်ထားသည်ကို သိရပြီး မည်သည့်နေရာတွင်ပြိုသည်ကို မသိခဲ့ရ။ လင်းခေးဒေသ၏မြေအောက်တစ်နေရာတွင်တိမ်မြုပ်ပျောက်ကွယ်နေသည့်သဘောပြောခဲ့ကြကြောင်းသာဖြစ်သည်ဟု ဆိုပါသည်။ ထိုအခါထိုစေတီတော် (၃) ဆူမှာ မည်သည့်နေရာတွင်ရှိခဲ့သည်ဟုပင် မသိသာမှု မပြောနိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com

တော့သောအခြေအနေတွင်ရှိနေပါ၏။

ထို့နောက် ခေတ္တခဏမျှ ဗျူဟာမှူးကြီးနှင့် စကားစမြည်ပြောဆိုကြပြီးနောက် မယ်တော်ကြီးတို့လည်း ထိုနေရာမှ ပြန်လည်ထွက်ခွာခဲ့ကြကာ ရုပ်ရှင်တော်မြတ် ကြရောက်သိတင်းသုံးစံပယ်တော်မူရာ နေအိမ်သို့ရောက်ရှိကြသည်။ ထိုညတွင် ဗျူဟာအတွင်းမှ တပ်မတော်အရာရှိကြီးတစ်ဦး၏ဇနီးတွင် ဤသို့အိပ်မက်မြင်မက်၏။ အိပ်မက်ထဲ၌ကလေး၊ လူကြီး၊ လူငယ်လူရွယ်၊ အမျိုးသမီး၊ အမျိုးသား စုစုပေါင်း (၂၀) ခန့် ရောက်ရှိလာကြပြီး မနေ့တုန်းက သာမုဓေါ်လိုက်ရလို့ပါ။ အမျှပေးပါဟုပြောကြ၏။ ထိုအရာရှိကြီး၏ဇနီးက မယ်တော်ကြီးကို ထိုအိပ်မက်ကို ပြန်လည်ဖြေပြနေစဉ် ဒိုလ်ကြီးတစ်ဦး၏ဇနီးရောက်ရှိလာ၏။ မယ်တော်ကြီးနှင့်တွေ့ချင်လို့ပါဟုဆိုသဖြင့် မယ်တော်ကြီးက လက်ခံတွေ့ဆုံလိုက်၏။

"မယ်တော်ကြီး၊ မနေ့ညက အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ရွှမ်းအဘိုးကြီးတစ်ယောက်ရောက်လာတယ်။ ငါက ကိုးမြို့ရှင်ပဲလို့ပြောတယ်။ ပြီးတော့ ရွှေကံကူမယ်တော်ကြီး လင်းခေးရောက်နေတယ်။ မယ်တော်ကြီးက တစ်ဆင့် ဗျူဟာမှူးကိုပြောခိုင်းပေးပါ။ မနေ့က တပ်မှာရဲရဲဘေးက ဖုန်းဆိုးတောကြီးတို့ရှင်းပေးပါလို့ပြောသွားတယ်"

ဟု ဆိုပါသည်။

ထိုအခါ မယ်တော်ကြီးက ချက်ချင်းပင် ဗျူဟာမှူးထံဖုန်းဆက်လိုက်သည်။ ထိုအခါ ဗျူဟာမှူးကြီးက -

"မယ်တော်ကြီးဘာလိုအပ်ပါသလဲ။ ဘာကူညီရမလဲ"

ဟု မေးပါသည်။

မယ်တော်ကြီးက -

"ကျွပ်ကတော့ ဘာမှမလိုပါဘူး။ ကိုးမြို့ရှင်အဖေကြီးကပြောခိုင်းလို့ပါ။ မနေ့က ဓမ္မာရုံဘေးကဖုန်းဆိုးတောကြီးကို ရှင်းပေးပါတဲ့"

ဟု ပြောလိုက်လျှင် -

"ဟုတ်ကဲ့-မယ်တော်ကြီး၊ ကျွန်တော် အခုပဲဆောင်ရွက်လိုက်ပါ့မယ်"

ဟု ပြောပါသည်။

ညနေ(၃)နာရီခန့်တွင် ဗျူဟာမှူးထံမှဖုန်းဝင်လာပါသည်။

"မယ်တော်ကြီး၊ တကယ့်ကိုအံ့သြစရာကောင်းတာပဲ။ အဖေကြီးကိုးမြို့ရှင်ရှင်းခိုင်းတဲ့နေရာကို တောရှင်းလိုက်တာ မယ်တော်ကြီးအာရုံထဲမှာတွေ့တဲ့ ရှေးဟောင်းစေတီပျက်(၃)ဆူထွက်လာတယ်"

ဟု ပြောရာ မယ်တော်ကြီးလည်း ဝမ်းသာအံ့သြမဆုံးဖြစ်ရသည်။ မိမိအာရုံတွင် တွေ့မြင်ခဲ့သော စေတီတော်(၃)ဆူကို မေးမြန်းစုံစမ်းကြည့်စဉ်က မည်သူကမျှ တိတိကျကျမပြောပြနိုင်ကြသဖြင့် မိမိအာရုံထင်မှလွဲမှားလေသလောဟုထင်မှတ်နေရာမှ ယခု မိမိအာရုံထဲတွင် တွေ့ရသော စေတီတော်(၃)ဆူကို ယခု အမှန်တကယ်တွေ့လိုက်ရပြီဆိုသောအခါတွင် ဝမ်းသာမဆုံးဖြစ်ရပါသည်။ ထို့ထက် ဝမ်းသာစရာကောင်းသည်မှာ ယခုအပြင်တွင် လက်တွေ့ဖော်ထုတ်တွေ့ရှိရသော စေတီတော် (၃) ဆူမှာလည်း မယ်တော်ကြီး၏အာရုံထဲတွင် တွေ့မြင်ခဲ့ရသည့် အတိုင်း အလယ်မှစေတီသည် အကြီးဆုံးဖြစ်နေပါ၏။

လင်းခေးမြို့သို့ ရုပ်ရှင်တော်မြတ်အား ဦးဆောင်ပူဇော်သော ဒေါ်ခင်သန်းမှာလည်း ဝမ်းသာမဆုံးဖြစ်နေပြီး ရုပ်ရှင်တော်မြတ်ကြီးကို ပင့်ဆောင်ပူဇော်ခွင့်ရလိုက်တာ မကျွတ်မလွတ်တဲ့သူတွေလည်း ကျွတ်တမ်းဝင်ကုန်ပြီး ကိုယ့်မြို့မှာရှိနေတဲ့ စေတီတော် (၃) ဆူကိုလည်း အခုမှသိခွင့်ရသည်ဟု ဆိုပါသည်။

စာရေးသူတို့စကားကောင်းနေစဉ်မှာပင် ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင်စိုင်းဘိုဘိုတို့မိသားစု ရောက်ရှိလာ၍ မယ်တော်ကြီးက စာရေးသူနှင့်မိတ်ဆက်ပေးပါသည်။

"ဒါက စိုင်းဘိုဘိုရဲ့ အမေပေါ့။ ငါတို့လင်းခေးခရီးစဉ်တစ်လျှောက်လုံးမှာ အဲဒီအိမ်မှာပဲ ညအိပ်ခဲ့တာပေါ့"

စိုင်းဘိုဘို၏ မိခင်သည် အနည်းငယ်ဝဖိုင့်သော်လည်း မွန်ရည်သောဥပမိရှိကာ သဘောကောင်းလှသည်။

"လင်းခေးမြို့ကတော့ ဘုရားကိုကြည်ညိုလိုက်တာကွာ။ အိမ်ချင်းကပ်နေတဲ့အိမ်ကိုကူးပြောင်းပင့်တာတောင် မြို့ကိုတစ်ပတ်ပတ်လိုက်သေးတယ်ကွ"

ဟု မယ်တော်ကြီးပြောပါသည်။

စိုင်းဘိုဘိုသည်လည်း သဘောကောင်းပါသည်။ အပြင်တွင်လည်း ရုပ်ရှင်မင်းသားကြီးဦးဝင်းဦးနှင့် အတော်ကိုတူကြောင်း သတိပြုမိသည်။

"ကဲ - ကြာတုန်း ဆရာတို့ဘို့နဲ့စိုင်းဘိုဘိုအမှတ်တရပေါ့ကွာ"

ဟု ဆိုကာ မယ်တော်ကြီးက ဓာတ်ပုံရိုက်ပေးပါသည်။

ထို့နောက် လင်းခေးမှရွှေဟောင်းစေတီတော်သုံးဆူအကြောင်းဆက်ပြောပါသည်။

"အဲဒီဘုရားသုံးဆူအကြောင်းကို ရဲမှူးချုပ်အောင်အောင်ကိုပြောလိုက်တော့ အဘကလည်း စိတ်ဝင်စားတယ်။ ဗျူဟာမှူးကလည်း စိတ်ဝင်စားတယ်။ မြို့လူထုကလည်း စေတနာထက်သန်ကြတယ်။ အဲဒါကြောင့် အဲဒီစေတီသုံးဆူကို ပြုပြင်ဖို့ရာ ဆုံးဖြတ်လိုက်တယ်။ ငါတို့က ငွေ(၁၀) သိန်းရယ် ထီးတော် (၃) ဆူရယ်၊ ရုပ်ပွားတော် (၃) ဆူရယ် လျှူမယ်။ အဘရဲမှူးချုပ်ကလည်း ကျွန်တော့်မိသားထွင်မဟုတ်ဘဲ အားလုံးကုသိုလ်ယူနိုင်အောင် ပြည်နယ်တစ်ဖွဲ့အနေနဲ့ ကုသိုလ်ပါဝင်မယ်လို့ပြောတယ်ကွ။ဗျူဟာမှူးကိုလည်း ပြောပြီးပြီ။ မကြာခင် ရုပ်မိရုပ်ဖတွေ၊ တာဝန်ရှိသူတွေနဲ့ အစည်းအဝေးတိုင်လိုက်ပါ့မယ်လို့ပြောတယ်"

ထို့အခါ စိုင်းဘိုဘိုကလည်း -

"ဒါဆို အတော်ပဲ မယ်တော်ကြီး၊ ကျွန်တော်ကကျောက်ထုတ်လုပ်ရေးလုပ်နေတာ။ ကျွန်တော်တို့ဆီက ကျောက်က စကျင်ကျောက်ထက်ကိုကောင်းတယ်။ အဲဒီတော့ ရုပ်ပွားတော်တွေကို ကျောက်ဆစ်ပညာရှင်ခေါ်ပြီး လင်းခေးမှာတင်ထုတာပေါ့။ကျောက်လိုသလောက်လည်း လျှူမယ်။ တခြားလိုအပ်တာတွေလည်း ကျွန်တော်ကုသိုလ်ယူပါ့မယ်"

ဟု ပြောပါသည်။

ထို့နောက် မယ်တော်ကြီးသည် အတန်ကြာငြိမ်သက်သွားပြီး တစ်စုံတစ်ရာကိုတွေးမိဟန်ဖြင့် -

"အေးကွ၊ အခုမှသေချာစဉ်းစားမိတယ်။ တို့အုန်းတကူးတောင်ပေါ် ဘုရားလမ်းဖောက်ကိစ္စ မကြန့်ကြာသင့်ဘဲနဲ့ အကြောင်းအမျိုးမျိုးနဲ့ ကြန့်ကြာနေတာ ဒါကြောင့်ဖြစ်မယ်ကွ။ ဒီဘုရားသုံးဆူဟာ ငါတို့ရဲ့အတိတ်ဘဝပဌာန်းဆက်ဘုရားတွေဖြစ်နိုင်တယ်"

ဟု ပြောပါသည်။

ထို့အချိန်မှာပင် ခိုင်ခိုင်ဝင်းနှင့် မောင်မျိုးမင်းတို့လည်း ရောက်ရှိလာကြ၏။ အချိန်လင့်နေပြီဖြစ်၍ စာရေးသူလည်း မောင်မျိုးမင်းတို့အား ခေတ္တခဏမျှ နှုတ်ဆက်စကားပြောပြီးသည်နှင့် ပြန်ရန်ပြင်ရပါတော့သည်။

"ဆရာဘိုဘိုကလည်း သမီးတို့မှာ ကလောကနေ ဒုန်းတက်လာရတာဆိုတော့ ဘာမှတောင်မပြောရသေးဘူး ပြန်တော့မှာလား"

ဟု ပြောရာ ပွဲကျသွားကြတာပေါ့ ဟုပြောပြီး စာရေးသူလည်း တောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

မြို့မှ ပြန်ခဲ့ကြပါသည်။

နောက်တစ်နေ့ ၂၈ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်သည်လည်း ဟဲဟိုး လေဆိပ်မှတစ်ဆင့် တံတားဦးအပြည် ပြည်ဆိုင်ရာလေဆိပ်သို့ ကြွမြန်းတော်မူလာ၍ စာရေးသူတို့လေဆိပ်မှ ကြိုဆိုကာ အောင်မြေသို့ ပင့်ဆောင်ခဲ့ကြပါသည်။

၂-၉-၂၀၁၇ နေ့ နေ့လယ်(၂)နာရီတွင် စာရေးသူတို့ကြိုတင်ပို့ဆောင်ထားသော ပလွင်တော်အလုံး (၅၅၀) (ခုနစ်ဆယ့်ငါးသိန်းတန်ဖိုးသင့်) နှင့် အဝတ်အထည်များ၊ မြန်မာဆေးဝါးများ၊ နံ့သာတိုင်၊ အလင်းတိုင်များတို့ကို တောင်စလင်းတိုက်သစ်ရှိ နယ်စပ်တောင်တန်းကမ်းရိုးတန်းသာသနာပြုအဖွဲ့ချုပ်၏ပဓာနနယကနိုင်ငံတော်ပဟိုဝ်ယဝန်ဆောင်နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်ထူးဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဝါခင်းကုန်းဆရာတော် ဘုရားကြီးဦးတိက္ခအား လျှဒါန်းပါသည်။

၃-၉-၂၀၁၇ နေ့တွင် မန္တလေးမြို့ (၈၃ × ၈၄) လမ်းကြားနှင့် (၃၀ × ၃၂) လမ်းကြား ကန်တော်ကြီးလျှပ်စစ်ဝင်းဖခင်ကြီးဦးကျော်တင့်၊ (မိခင်ကြီးဒေါ်ငွေစိန်) တို့အား ဦးထိပ်ထား၍ ကိုကျော်မင်းသိန်း-မသင်းသင်းလှိုင်တို့မှ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ထားရှိရာ နံနက် (၁၁) နာရီခန့်တွင် စာရေးသူတို့ ထိုအိမ်သို့ ရောက်ရှိသွားကြသည်။ စာရေးသူတို့၏ အစီအစဉ်ဖြင့် ဆရာတော်ဘုရားကြီးဦးတိက္ခ၊ တိုင်းသဲ့ယနာယကဥက္ကဋ္ဌမဓိုးရိမ်ဆရာတော်ဘုရားကြီးဦးဝိစိတ္တသာရာဘိဝံသနှင့်သက်တော်ကြီး၊ ဝါတော်ကြီး အဓိပတိဆရာတော်ဘုရားကြီး(၁၀)ပါးတို့ကို မောင်ကျော်မင်းသိန်းမိသားစုမှ နေ့ဆွမ်းနှင့်တကွ ခဲဖွယ်ဘောဇဉ် စုံလင်စွာ ဆက်ကပ်ကြသည်။ စာရေးသူတို့မိသားစုက ၉ ရက်၊ ၉ လ (၂၀၁၇) ရွှေကံကူပုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်အကြိုဒါနအဖြစ် ဆရာတော်ကြီးတစ်ပါးလျှင် နဝကမဝတ္ထုငွေ (၂) သိန်းကျပ်နှင့် သင်္ကန်းပရိက္ခရာတစ်စုံစီလျှဒါန်းပါသည်။

၄-၉-၂၀၁၇ နံနက်တွင် ရုပ်ရှင်တော်မြတ် စဉ့်ကိုင်သို့ပြန်လည်ကြွမြန်းတော်မူပါသည်။ အောင်မြေတွင် ဧည့်ခံကျွေးမွေးရေးနှင့် လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေး၊ သန့်ရှင်းရေးပြုလုပ်ခြင်း စသည်တို့ဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိပါ၏။ (၅) ရက်ခန့်တွင် စဉ့်ကိုင်မြို့အောင်မြေ၌ ၉ ရက်၊ ၉ လ၊ ၂၀၁၇ ရွှေကံကူပုဒ္ဓပူဇီယပွဲတော်အကြိုအဖြစ် ဆရာတော်ဘုရားကြီးဦးတိက္ခနှင့် တိုင်းသဲ့ယနာယကဥက္ကဋ္ဌမဓိုးရိမ်တိုက်ဟောင်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသနှစ်ပါး အပါအဝင် စဉ့်ကိုင်မြို့နယ်သဲ့ယနာယကဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအားလုံးနှင့် မြို့ပေါ်ကျောင်းတိုက်အားလုံးတို့မှ ဆရာတော် (၂၃) ပါးကို ပင့်ဆောင်၍ ဆွမ်းနှင့်ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်ကြပါသည်။ ထို့နောက် ဆရာတော်တစ်ပါးလျှင် သက်နှံးဒွိစုံ၊ မုန့်ပုံး၊ ဆပ်ပြာ စသည်တို့နှင့် နဝကမ္မဝတ္ထုငွေ (၂) သိန်းကျပ်စီလျှဒါန်းပါသည်။ (ယခင်နှစ်များက မန္တလေးတွင် (၉) ပါး၊ စဉ့်ကိုင်တွင် (၁၂) ပါးမျှသာ ပင့်ဆောင်ခြင်းဖြစ်သဖြင့် တစ်ပါးလျှင် (၃) သိန်းကျပ်စီလျှဒါန်းခဲ့ပါသည်။)

ထိုနေ့မှစ၍ ဘုရားဖူးဧည့်သည်တို့ စတင်ရောက်ရှိပါသည်။ သို့သော် ယခင်နှစ်များကဲ့သို့မစည်ကားပါ။ ယခင်နှစ်များက ဤနေ့မှစ၍ နေ့စဉ်စည်ကားနေပြီဖြစ်သော်လည်း စုရက်နေ့ထိတိုင် ဧည့်သည်တဖွဲဖွဲမျှသာရှိနေပါ၏။ ထိုသို့ဖြစ်ရခြင်းမှာ နိုင်ငံအတွင်း၌ H_1N_1 ရောဂါများဖြစ်ပေါ်နေ၍ တောင်ပြုန်းပွဲတော်နှင့် ရတနာဥပုဒ်တော်တို့ကိုပင် မကျင်းပရဘဲရှိရာ စာရေးသူတို့ဘုရားပွဲကိုလည်း ကျင်းပဖြစ်မည်မထင်သောကြောင့်မလာကြခြင်းဖြစ်ပေမည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီအရေးအခင်းကလည်း အဆိုးရွားဆုံးအခြေအနေဆိုက်ရောက်နေချိန်ဖြစ်ပြန်၍ ၉ လပိုင်း ၁၁ ရက်နေ့တွင် အိမ်ထဲက အိမ်ပြင်မထွက်ရဟူသော ကောလဟလသတင်းများပင် ထွက်ပေါ်နေ၍ လူတို့စိုးရိမ်ထိတ်လန့်လျက်ရှိကြပါ၏။ ထို့ကြောင့် ၈ ရက်နေ့အထိ ပရိသတ်ကျပါးနေခြင်း ဖြစ်သည်။

ထိုအချိန်၌ စာရေးသူတို့ အုန်းကတူးတောင်ပေါ် လမ်းနှင့် ဘုရားတည်ရန် ခွင့်ပြုချက်တင်ထားသည်မှာ တစ်လခွဲမျှရှိပြီ ဖြစ်၏။ အလုပ်သဘောအရ ထိုအတိုင်းအတာသည် လုံလောက်သောကြံ့ကြာမှုဖြစ်ချင်မှဖြစ်ပေမည်။ သို့သော် (၁၂) လပိုင်းတွင် စေတီတော် ပန္နက်တင်နိုင်ရန်အတွက်မူ (၁၀) လပိုင်းထဲတွင် လမ်းဖောက်နိုင်မှတော်ကာကျမည်ဖြစ်၍ မယ်တော်ကြီးက သက်ဆိုင်ရာသာဝကတို့ထံ ထိုကိစ္စကိုဖုန်းဖြင့်မေးမြန်းကြည့်သောအခါ စီစဉ်ဆောင်ရွက်နေပြီဟု သိရှိရကြောင်းပြောပါသည်။

ထိုသို့ဖြင့် (၉) ရက်နေ့သို့ရောက်ရှိလာပါသည်။ မနက်မလင်းမီမှာပင် ဘုရားဖူးဧည့်သည်တို့ ရောက်ရှိနေကြပြီဖြစ်၏။ စာရေးသူတို့လည်း ရက်ရှည်အိပ်ရေးပျက်ပင်ပန်းထားသည်ဖြစ်သဖြင့် နံနက်လေးနာရီခွဲတွင် အိပ်ရာမှလူးလဲပြီးထရ၏။ ထို့နေ့တစ်ရက်တည်းမှာပင် ဘုရားဖူးဧည့်သည်တို့ စုပြုံရောက်ရှိလာကြသည်ဖြစ်၍ စာရေးသူသည် နံနက်လင်းကတည်းက ကုလားထိုင်တွင်ထိုင်၍ သစ္စာရေဝေးရသည်မှာ နေ့လယ်စာထမင်းကို ထိုင်နေရင်းပင် သုံးလေးငွေ့နမ်းမှုဖြင့်ပြီးသွားရပြီးမှသာ ညနေ (၇) နာရီထိုင်ရာမှခဏတစ်ဖြတ်ထပြီး ရေချိုးရပါတော့သည်။ ဤသို့ဖြင့် မထင်မှတ်ဘဲ ၉ ရက်၊ ၉ လပွဲတော်သည် တစ်ရက်တည်းနှင့် စံချိန်တင်ကာ အစည်ဆုံးဖြစ်သွားရပြီး နယ်ထေးပရိသတ်တို့အများဆုံးလာရောက်ခဲ့ကြ၏။

သို့ဖြင့် ၉ ရက်၊ ၉ လပွဲတော်ရက်သည်လည်း အောင်မြင်စွာ၊ အေးချမ်းစွာ၊ စည်ကားသိုက်မြိုက်စွာပြီးစီးသွားခဲ့ပါသည်။

၁၁ ရက်နေ့နံနက်တွင် ဗိုလ်မှူးကြီး မိုးမင်းသိန်းထံမှ ဖုန်းဝင်လာပါသည်။

"ဆရာ၊ ဒီကနေ့မနက်ပဲ မင်္ဂလာသတင်းကြားရပြီ ဆရာ။ လေ့ကျင့်ရေးအရာရှိချုပ်ကခွင့်ပြုလိုက်ပြီတဲ့။ နေ့လယ်ခင်းလောက်စာဝင်မယ်လို့ ပြောပါတယ် ဆရာ"

ဟု ဆိုပါသည်။

စာရေးသူတို့အတိုင်းမသိဝမ်းသာသွားမိပါသည်။ ခိုင်ခိုင်ဝင်းတို့လည်း ယနေ့ရောက်ရှိမည်ဖြစ်ပြီး မန္တလေးဟိုတယ်တွင်ညအိပ်ကြမည် ဖြစ်သည်။

စာရေးသူတို့သည် ခွင့်ပြုမိန့်ကို ဤမျှမြန်မြန်ဆန်ဆန်ရရှိလိမ့်မည်ဟုထင်မထားပါ။ သို့သော် မယ်တော်ကြီးတို့အောင်မြေတွင်ရောက်ရှိခိုက် ၁၂ ရက်နေ့တွင် ခိုင်ခိုင်ဝင်းတို့ကို ချိန်းဆိုထားပြီး အုန်းတကူးသို့ သွားရောက် အဓိဋ္ဌာန်ပြုဆုတောင်းရန်စီစဉ်ထားရှိပြီးဖြစ်ပါသည်။ ယခုမူ သတင်းကောင်းရရှိပြီးသွားရမည်သို့ အားလုံးပျော်ရွှင်တက်ကြွလျက်ရှိကြသည်။

ထို့နေ့ညနေတွင် ရုပ်ရှင်တော်မြတ်အား မန္တလေးမြို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးမှ ပင့်ဆောင်ပူဇော်ပါသည်။ ခါတိုင်းနှစ်ဆိုလျှင် ၁၅ ရက်နေ့မှသာ ဒေသစာရီ၌ နံလည်ကြွမြန်းတော်မူခြင်းဖြစ်သော်လည်း ၁၂ ရက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့၊ မယ်တော်ကြီးတို့အားလုံး အုန်းတကူးသို့သွားကြမည်ဖြစ်ရာ ရုပ်ရှင်တော်မြတ်အား ဆွမ်းကပ်ရန်နှင့် ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စတို့ လစ်ဟင်းမည်ဖြစ်သောကြောင့် ဒုတိုင်းရဲတပ်ဖွဲ့မှူးအား ပင့်ဆောင်ပူဇော်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

စာရေးသူတို့ကား(၆)ဦးနှင့်သွားကြပြီး လူ (၃၀) ကျော်ပါဝင်သည်။ ထိုနေ့က ဗိုလ်မှူးကြီးမိုးမင်းသိန်းမရှိပါ။ မွေးရပ်ဇာတိ ပြည်မြို့သို့ ခွင့်ပြန်သွားသည်ဟု သိရပြီး တပ်ရေးဗိုလ်ကြီးက စောင့်ကြို လျက် လိုအပ်သည်တို့ကို ပြင်ဆင်ပေးပါသည်။ မနေ့က နေ့လယ်ပိုင်းတွင် ခွင့်ပြုချက်စာရောက်ရှိကြောင်းသိရပြီး တိုင်းမှူးထံ ပြန်လည် တင်ပြရမည်ဖြစ်ကာ ခက်ခဲကြန့်ကြာမှုရှိတော့မည် မဟုတ်ကြောင်း ပြောပါသည်။

"ဆရာ၊ အဘကခရီးထွက်သွားပါတယ်။ ဆရာတို့ နေ့လယ်စာကိုလည်း ကျွန်တော်စီစဉ်ထားပါတယ်။ရဲဘော်တွေလည်းပါတယ်။ တောင်ပေါ် သယ်စရာရှိတာခိုင်းစရာရှိတာခိုင်းရအောင်ပါ"

ဟု ပြောပါသည်။

သို့သော် ထိုနေ့နံနက်က ရွာထဲမှ လူငယ်လေးတစ်ဦး ဆိုင်ကယ်မတော်တဆမှုဖြင့် ပွဲချင်းပြီးသေဆုံးသွားသည်ဟူသော စိတ်မကောင်းစရာသတင်းကို ကြားသိလိုက်ရပါသည်။ ရွာထဲတွင် နာရေးကိစ္စရှိနေ၍ တောင်ပေါ် သို့ ရွာသူရွာသားအနည်းငယ်သာလိုက်ပါနိုင်ခဲ့ကြပါသည်။

ရုပ်ရှင်တော်မြတ်သည် ၁၃ ရက်နေ့တွင် မန္တလေးမြို့ မန်းမြို့စွေးအနီးရှိ သီရိရွှေစင်ရွှေဆိုင်မှ ဆက်လက်ပင့်ဆောင်ပါသည်။ စာရေးသူတို့သည် ၁၄ ရက်နေ့တွင် အဘအောင်မင်းခေါင်ထွက်ပွဲနေ့က ဗုဒ္ဓပူဇနီယပွဲတော်ရက်နှင့်တိုက်ဆိုင်နေသဖြင့် ပုပ္ပားသို့မသွားဖြစ်ခဲ့သောကြောင့် ပုပ္ပားသို့ မယ်တော်ကြီးတို့နှင့် အတူသွားခဲ့ကြသည်။ စာရေးသူတို့က စဉ့်ကိုင်မှ ထွက်ခွာပြီး မယ်တော်ကြီးတို့က မန္တလေးမှ ထွက်ခွာလာခဲ့ကြကာ တံတားဦးတွင်ဆုံ၍ ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။ ပုပ္ပားမြို့ အမေကြူ၏ စိမ့်ထင်းမြိုင်ခြံတွင် နေနားစားသောက်ကြပြီးမှ တောင်ကလပ် အဘအောင်မင်းခေါင် ကမ္ဘာအေးအောင်မြေတွင် (၁၀၈) ဖီးပွဲဖြင့် ပူဇော်ပါသည်။ မတ္တရပ်ကြေးသွန်းအဘပုံတော်ကြီးအား ဖိနပ်ကြီးတစ်ရန်နှင့် အဘအား ငွေစလွယ် လှူဒါန်းကာ မေတ္တာပို့သခြင်း၊ ဂုဏ်တော်ပွားခြင်း၊ အမျှအတန်းပေးဝေခြင်း၊ ဆုတောင်းအဓိဋ္ဌာန်ပြုခြင်းများ ပြုလုပ်ကြပြီး ပုပ္ပားမှပြန်ခဲ့ကြပါသည်။

ရုပ်ရှင်တော်မြတ်သည် ၁၅ ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ရွှေသာလာဝတီဆောက်လုပ်ရေးကုမ္ပဏီသို့ ကြွမြန်းတော်မူပြီး ၁၆ ရက်နေ့ ညနေတွင် စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းတော်မူကာ ၁၇ ရက်နေ့ နံနက်စောစောတွင် လွိုင်ကော်မြို့သို့ ဆက်လက် ကြွမြန်းတော်မူပါသည်။

စာရေးသူလည်း ဝေယျာဝစ္စတို့ကို ဆောင်ရွက်ရင်း အောင်မြေတွင် ကျန်ရစ်ပါသည်။ ၂၂-၉-၂၀၁၇ နေ့တွင် ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူပါသည်။ ထို့မှတစ်ဖန် ၂၅-၉-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ ကြွမြန်းတော်မူမည်ဖြစ်သည်။ တကယ်တော့ (၁၀) လပိုင်း (၅) ရက်နေ့မှ နေပြည်တော်သို့ ကြွမြန်းတော်မူရန်ဖြစ်သည်။ နေပြည်တော် ဒေသတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်က ဖိတ်စာများရက်မှားပြီးဝေထားပြီးဖြစ်သောကြောင့် စောရှိကြွမြန်းပေးရမည်ဖြစ်သည်။

ထိုနေ့နံနက် (၅) နာရီတွင် စာရေးသူ၊ ဦးအေးကိုကိုသွန်းနှင့် မောင်သီတို့ နေပြည်တော်သို့ထွက်ခဲ့ကြသည်။(၇)နာရီခွဲတွင် နေပြည်တော်သို့ရောက်ရှိသည်။ ထို့နောက် လေဆိပ်သို့ထွက်ခဲ့ကြသည်။ မယ်တော်ကြီးတို့လည်း လေဆိပ် VIP စစ်တောင်းခန်းမတွင်ရောက်ရှိနေကြပြီဟု သိရ၍ စာရေးသူတို့လည်း မေးမြန်းစံစမ်းပြီး စစ်တောင်းခန်းမသို့ လိုက်သွားကြသည်။ဒုတိယနေပြည်တော်တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးနှင့် ရဲမှူးကြီးအောင်ကိုဦးတို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

ရဲမှူးကြီး အောင်ကိုဦးက ဆရာမတွေ့တာတောင်ကြာပြီဟု ရွှင်လန်းဝမ်းမြောက်ဖော်ရွေစွာပင်နှုတ်ဆက်ပါသည်။ မှန်ပါသည်။ ရဲမှူးကြီးအောင်ကိုဦးနှင့် မဆုံဖြစ်သည်မှာ (၃) နှစ်ကျော် (၄) နှစ်နီးပါးရှိပြီ ဖြစ်သည်။ ရဲမှူးသည် ယာဉ်ထိန်းရဲတပ်ဖွဲ့၌ အကြီးမြင့်ဆုံးရာထူးသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ယခင်အတိုင်းပင် လွတ်လပ်ပျော်ရွှင်ဖော်ရွေစွာပင် ရယ်စရာကလေးများစွက်၍ စကားပြောဆဲပင်ဖြစ်ပါ၏။

တကယ်တော့ ရဲမှူးကြီးသည် (၄၃) နှစ်သာရှိသေးပြီး တာဝန်နှင့်ရာထူးအရ လူကြီးဖြစ်နေရခြင်းဖြစ်သော်လည်း ငယ်ပါသေးသည်။ စာရေးသူတို့နှင့်တွေ့သောအခါမှသာ ပေါ့ပါးလွတ်လပ်စွာ ပြောဆိုရသည်ဖြစ်၍ ပျော်ရွှင်လျက်ရှိပါ၏။ စာရေးသူတို့နှင့် တွေ့ဆုံပြီး မကြာမီမှာပင် ရုပ်ရှင်တော်မြတ်အား နေပြည်တော်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ပင့်ဆောင်ပါသည်။ တိုင်းတပ်ဖွဲ့ဝင်းကြီးထဲသို့ရောက်သောအခါ ခမ္မာရုံလမ်းထိပ်တွင် တိုင်းတပ်ဖွဲ့မှူးကြီးက ကြိုဆိုပင့်ဆောင်ပါသည်။ ခမ္မာရုံထဲတွင် ခမ်းနားသိုက်မြိုက်စွာပူဇော်ပါသည်။ထိုနေ့နံနက်က မယ်တော်ကြီးတို့လည်း နံနက်(၃)နာရီတွင် အိပ်ရာမှထခဲ့ကြရသကဲ့သို့ စာရေးသူတို့လည်း နံနက်(၃)နာရီတွင် အိပ်ရာမှထခဲ့ကြရ၍ အိပ်ရေးပျက်ပင်ပန်းကာ မူးနောက်လျက်ရှိပါသည်။

ထို့ကြောင့် နေ့ (၁၁) နာရီတွင် ဆွမ်းကပ်ပါသည်။ ထို့နောက် စာရေးသူတို့သည် ရဲမှူးကြီး၏နေအိမ်သို့သွားရောက်ပြီး နံနက်စာစားပါသည်။ နေ့ (၁) နာရီတွင် ရဲမှူးကြီးတို့အား နှုတ်ဆက်ပြီး မယ်တော်ကြီးတို့အား ကားရှိရာမြန်းယုံဟိုတယ်သို့ထွက်ခဲ့ကြပါသည်။ ဟိုတယ်အခန်းအထိ မယ်တော်ကြီးတို့၏ ပစ္စည်းများကိုလိုက်လံပို့ဆောင်ပြီးနောက် စာရေးသူတို့လည်း တောင်ငူသို့ခရီးဆက်ခဲ့ကြသည်။ အစ်ကိုကြီး ဦးမောင့်မောင်သည် သမက်ဖြစ်သူ ဗိုလ်မှူးထွန်းထွန်းတွင် (ထောက်/ပို့သင်တန်းကျောင်း၊ နည်းပြချုပ်) နှင့်အတူ နေထိုင်သည်ဖြစ်၍ သွားရောက် တွေ့ဆုံဖြစ်ပါသည်။ နေပြည်တော်နှင့် တောင်ငူမှာ မဝေးလှပါ။ မိုင် (၅၀) ဝန်းကျင်မျှသာရှိပါ၍ နေပြည်တော်ရောက်ခိုက် သွားရောက်ခြင်း ဖြစ်သည်။ ညနေ (၃) နာရီခွဲတွင် တောင်ငူမှပြန်ခဲ့ကြသည်။

၂၈ ရက်နေ့တွင်လည်း စာရေးသူနေပြည်တော်သို့ တစ်ခေါက်သွားရပြန်ပါသည်။ ရုပ်ရှင်တော်မြတ်သည် ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ရဲမှူးကြီးအောင်ကိုဦး၏ နေအိမ်တွင် ကြွမြန်းရောက်ရှိတော်မူလျက်ရှိနေပြီး မချောက ဗုဒ္ဓ၏ ဆံတော်ရှင် (၁၀) ဆူလှူဒါန်းထားသောကြောင့် ထိုဆံတော်တို့ကို သွားရောက်ပင့်ဆောင်ရန် ဖြစ်သည်။ ပြီးခဲ့သောအခေါက်က စာရေးသူအား မောင်သန်း(ကျောက်ဆည်)က လိုက်လံ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပြီး ယခုတစ်ခေါက်တွင် နိုင်နိုင်မှူး (မန္တလေး)တို့က ပို့ဆောင်ပေးခြင်းဖြစ်သည်။ ရဲမှူးကြီးအောင်ကိုဦးသည် ဇေယျ

www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိရပ်ကွက်နှင့်ကပ်လျက် ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာတွင်နေသည်ဟု သိရသည်။ စာရေးသူသည် နေပြည်တော်နှင့်မစိမ်းပါ။ နေပြည်တော်သို့ နိုင်ငံတော်ရုံးများပြောင်းရွှေ့ခါစ ၂၀၀၈ ခုနှစ်က တည်းက နေပြည်တော်သို့ ရောက်ဖူးခဲ့ခြင်း ဖြစ်သည်။ ရုပ်ရှင်တော်မြတ်၏ ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား (စစစ) ညွှန်ချုပ်ဦးအောင်စောဝင်းမိသားစုမှ ပင့်ဆောင်ပူဇော်သောကြောင့် ဖြစ်သည်။ ဇေယျသိဒ္ဓိရပ်ကွက်မှာပင် ဖြစ်၏။ ထိုစဉ်က လွတ်တော်အဆောက်အအုံကြီးပင် ဆောက်လုပ်ရခြင်းမရှိသေးပါ။ထိုနောက် ပိုင်းတွင်လည်း ယခုတိုင် စာရေးသူသည် နေပြည်တော်သို့ နှစ်စဉ် (၃) ခေါက်ထက်မနည်းရောက်ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူသည် မြို့မဈေး၏ နောက်ကျောရှိ ဇေယျသိဒ္ဓိရပ်ကွက်သို့ လာခဲ့သည်။ ပညာသိဒ္ဓိရပ်ကွက်ကိုတွေ့ရှိပြီး ခရေအိမ်ရာသို့စုံစမ်းရောက်ရှိသွားသည်။ သို့သော် စာရေးသူသည် တိုက်အမှတ်နှင့်အခန်းအမှတ်တို့ကိုမသိရှိ။ ထို့ကြောင့် လမ်းထောင့်တစ်နေရာရှိ မုန့်ဆိုင်လေးတွင်ရှိသော ဆိုင်ကယ်သမားတစ်ဦးကို စုံစမ်းကြည့်လိုက်သည်။

"ခရေအိမ်ရာဆိုတာကတော့ ဒါပဲဗျ။ ကျွန်တော်စုံစမ်းလိုက်ဦးမယ်"

ဟု ဆိုကာ ရပ်ကွက်အတွင်းသို့ ဝင်သွား၏။ အတန်ကြာမှထွက်လာပြီး ဒီမှာကတိုက်အလုံး(၂၀၀)ရှိတာ။ အခန်းတွေကလည်းအများကြီးပဲ။ ပြည်ထဲရေးက အရာရှိတွေချည်းနေတာ။တိုက်အမှတ်၊ အခန်းအမှတ်သိမှရှာလို့ရမှာ"

ဟုပြောပါသည်။

ထိုအချိန်မှာပင် မယ်တော်ကြီးနှင့်ဖုန်းရရှိသွားပြီး အကြိုလွှတ်လိုက်၍ စာရေးသူတို့ ရဲမှူးကြီးအောင်ကိုဦးနေထိုင်ရာ တိုက် (၂၀)၊ အခန်း (၁)သို့ ရောက်ရှိသွားသည်။ ဆွမ်းကပ်၍ပြီးခါစ ဖြစ်သည်။ ရဲမှူးကြီးအောင်ကိုဦးကို မတွေ့ရပါ။ ရုံးတက်နေရသည်ဟု သိရပါသည်။ ရဲမှူးကြီးသည် တစ်နိုင်ငံလုံးတွင် ယာဉ်ထိန်းတပ်ဖွဲ့၌ အကြီးဆုံးဖြစ်သောကြောင့် တာဝန်လည်းကြီးလှသည်။ အိမ်သို့ ထမင်းပြန်စကားနိုင်ပါ။ ချိုင့်ဖြင့်ပို့ရ၏။ ရဲမှူးကြီး၏ဖုန်းမဝါနှင့်သာ တွေ့ရသည်။ နေပြည်တော်သည် ရုပ်ရှင်တော်မြတ်အား အမြဲပင့်ဆောင်လျက်ရှိသောကြောင့် သာဝကတို့ပေါ်မျှားလှသည်။ ယခုလည်း မချောတို့အဖွဲ့ ရောဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခဒေါက်တာဦးမိုးကြွယ်၏ဖုန်း ဒေါ်အေးအေးမူတို့လည်း ရောက်ရှိနေ၏။ အဖွဲ့သားများ စုံလင်လျက်ရှိသည်။ ဒေါ်အေးအေးမူက စာရေးသူအား ပုဆိုးလက်ဆောင်ပေးသည်။ မနှစ်ကလည်း ရှမ်းတိုက်ပုံ လက်ဆောင်ပေးဖူးပါသည်။

"ဆရာ၊ ကျွန်မတို့က ဆရာ့ကို အရင်သိရပြီး ဆရာကစီစဉ်ပေးလို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခွင့်ရတာ။ ဆရာ့ကိုကျေးဇူးတင်လို့မဆုံးပါဘူး"

ဟုပြောပါသည်။

ထိုအခါ မယ်တော်ကြီးကလည်း-

"ဟိုနေ့က မင်းပြန်သွားတော့ မဝေရောက်လာတယ်။အဲဒါမင်းအတွက်တဲ့"

ဟု ဆိုကာ လမ်းတံတားဆောက်လုပ်ရေးဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ကျော် - ဒေါ်ဝေဝေမာတို့၏ လက်ဆောင်ပုဆိုးနှင့် အင်္ကျီပေးပြန်ပါသည်။

ထို့နောက် စာရေးသူတို့ ဆံတော်များကိုဖူးမြော်ကြသည်။ ဤတစ်ကြိမ်တွင် ဆံတော်တို့မှာ များပြားလှပါသည်။ (၁၁) ဆူတိတိပင်ရှိပါသည်။ နဂိုက အောင်ကြစေရန်မြသိန်းတန်စေတီတွင် ယခုရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူရာတွင် အပူဇော်ခံလျက်ရှိသော ဆံတော် (၁) ဆူကိုသာ ဌာပနာသွင်းပူဇော်ရန် ရည်ရွယ်ပေးထားခြင်း ဖြစ်ပါသည်။ ယခုမချောက ဆံတော် (၁၁) ဆူလုံးဒါန်းသောအခါ အတိုင်းမသိပမ်းသာပီတိဖြစ်ရ၏။

"မနေ့ညက ဆံတော်တွေကို ရေမှာထည့်ပြီး သပ္ပာယ်တာ ဆံတော်တွေက လူးလွန့်လှုပ်ရှားနေတာပဲ"

ဟု မယ်တော်ကြီးက ပြောပါသည်။

ဤဆံတော်တို့မှာလည်း ရွှေကြက်ယက်တွင် တည်ထား ကိုးကွယ်ခဲ့သော ရွှေက်ကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော်တွင် ဌာပနာခဲ့သော ဆံတော်ရှင်နှင့် လုံးဝဥဿံတူညီလျက်ရှိ၍ ဗုဒ္ဓဘုရားရှင်၏ ဆံတော်အစစ်များ ဖြစ်မည်မှာ သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုဆံတော်ရှင်အား ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် အတည်ပြုခဲ့သောကြောင့် ဖြစ်သည်။ တကယ်တော့ ဗုဒ္ဓ၏ ဆံတော်တို့ကို ထိုသို့ စစ်ဆေးခြင်းမပြုသင့်ပါ။ ယုံသောသူကြည်လိမ့်မည် ဖြစ်သည်။ အကယ်၍ ဗုဒ္ဓ၏ဆံတော်အစစ်မဟုတ်သော်မှ ဥဒ္ဒိဿဆံတော်ဖြစ်မည်၍ ဆံတော်အစစ်ဟု ရည်မှန်းပူဇော်လျှင် ဆံတော်အစစ်အား ပူဇော်ရသကဲ့သို့ တူသောအမျိုးရရှိမည် ဖြစ်သည်။

စာရေးသူတို့လည်း အတန်ကြာနေပြီးနောက် မယ်တော်ကြီးတို့ကို ခေါ်ဆောင်ပြီး မယ်တော်ကြီးတို့ တည်းခိုရာမြန်နန်းယုံဟိုတယ်သို့ ထွက်ခဲ့ကြသည်။ မယ်တော်ကြီးတို့အခန်းဆီလိုက်ပါသွားပြီး အတန်ကြာနေ၍ နေပြည်တော်မှပြန်လည်ထွက်ခွာခဲ့ကြသည်။

နိုင်နိုင်သည် ကားမောင်းကျွမ်းကျင်လှသဖြင့် ကြာမြင့်ချိန် (၄) နာရီနှင့်ပင် စာရေးသူတို့ စဉ်ကိုင်မြို့နေအိမ်သို့ ရောက်ရှိ၏။ စာရေးသူတို့သည် အောင်မြေသို့ရောက်ရှိသောအခါ ဆံတော်များကို ထုတ်ယူပူဇော်ရေတွက်ကြည့်သောအခါ (၉) ဆူမျှသာကျန်ရှိတော့သည်ကို အံ့ဩဖွယ်တွေ့ရှိကြရသည်။ နေပြည်တော်မှာတုန်းက မယ်တော်ကြီးအား စာရေးသူမှ အုန်းတကူး အစ်မတော်တောင်စေတီမှာ ဆံတော် (၁၁) ဆူလုံးပူဇော်မှာပေါ့ဟု မေးသောအခါ မဟုတ်ဘူး။ (၉) ဆူပဲပူဇော်မှာပါ။ လက်ရှိဆံတော် (၁) ဆူရယ်၊ ဒီအထဲက ဆံတော် (၂) ဆူရယ် စုစုပေါင်း (၃) ဆူကို ရုပ်ရှင်တော်မြတ်ကြွမြန်းတော်မူရာမှာ အပူဇော်ခံပေးမှာဟုပြောခဲ့သည်ကို ပြန်လည်သတိရမိသည်။

နိုင်နိုင်နှင့်မမျိုးတို့ကလည်း -

"ဆရာ၊ ဒါကတော့ တော်တော်ကို ထူးဆန်းတာပဲ ဆရာ။ ဆံတော်ကြွတ်ထဲမှာပေါင်းဒါမှန့်ထည့်ထားရင်တောင်ထွက်ကျနိုင်မှာ မဟုတ်ဘူး။ မယ်တော်ကြီးက ဆံတော် (၉)ဆူပဲဌာပနာမယ်ပြောလို့များဆံတော် (၂) ဆူက ကြွသွားတာလား။ ဝိဇ္ဇာတွေနတ်တွေကပင့်သွားတာလား။ တစ်ခုခုတော့တစ်ခုခုပဲ"

ဟုပြောကြပါသည်။

ထိုကိစ္စ စာရေးသူကိုယ်တိုင်လည်း မစဉ်းစားတတ်အောင်ဖြစ်ရသည်။ ဆံတော်ကြွတ်ကို လမ်းတစ်လျှောက်လုံး စာရေးသူကိုယ်တိုင်ပင် ပင့်ဆောင်လာခဲ့ခြင်းဖြစ်သည်။ကြွတ်၏အောက်ခံကလပ်နှင့်အဖုံးနေရာကိုချုပ်စပ်တစ်ခုလုံးဖုံးအုပ်ပြီး တိပ်အပြားကြီးနှင့်ကပ်ထားခြင်းဖြစ်၍ မည်သို့မျှထွက်ကျနိုင်စရာအကြောင်းမရှိပါ။ ဆံတော်ရှင်တို့သည်လည်း မကြာခဏနေရာရွှေ့လျားပြီး အနေအထားပြောင်းလဲလျက်ရှိသည်ကို ဖူးတွေ့ရပါ၏။ ဤဆံတော်သည် ဗုဒ္ဓ၏ဆံတော်

www.burmeseclassic.com

www.burmeseclassic.com

မှုရင်းအစစ်လော၊ ဆံတော်ပွားလော၊ သို့မဟုတ် ရည်မှန်း၍ ကိုးကွယ်သော ဥဒ္ဒိသ္ဆံတော်လော၊ စာရေးသူ၏ ဉာဏ်မီသမျှမှာတော့. မခွဲခြားတတ်သည်သာဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၂၅၀၀) ကျော်ကြာမြင့်ခဲ့မြဲဖြစ်သည့်တိုင် ယနေ့ထက်တိုင် မြတ်စွာဘုရားရှင်၏ တန်ခိုးတော်တို့ တည်ရှိလျက်ရှိနေ၍ မြတ်စွာဘုရားရှင်၏တန်ခိုးတော်ဂုဏ်တော်တို့ကို ကြည်ညိုု၍ မဆုံးနိုင်အောင်ဖြစ်ရပါ၏။

သို့ဖြင့် နေ့ရက်နာရီတို့ကို တရွေ့ရွေ့ကုန်ဆုံးလာခဲ့ပြန်ရာ တန်ဆောင်မုန်းလထဲသို့ ချင်းနင်းဝင်ရောက်၍လာခဲ့ပါသည်။ တစ်နေ့တွင် အုန်းတကူးဆရာတော်ထံမှ ဖုန်းဝင်လာပါသည်။

"ဆရာ၊ ဝိုလ်မှူးကြီးတပ်ကအရာရှိကတော်တွေနဲ့ တပ်ရေးဗိုလ်ကြီးတို့ကထိန်အတွက် ကျောင်းကိုရောက်လာကြတယ်။ ဒါနဲ့ ဦးပဉ္စင်းက အခြေအနေမေးကြည့်တော့ တပ်ရေးဗိုလ်ကြီးကတိုင်းမှူးဆီတော့တင်ထားပြီ အလုပ်စရင်ပြီလို့ပြောတယ်ဆရာ။အဲဒါအကြောင်းကြားတာပါ"

ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ညနေဝိုင်းတွင် စာရေးသူ ဗိုလ်မှူးကြီး မိုးမင်းသိန်းထံ ဖုန်းဆက်လိုက်သည်။ ဗိုလ်မှူးကြီးမိုးမင်းသိန်း၏သဘောမှာ စာကျလာသောအခါ မှသာ လုပ်ငန်းစဉ်စလိုသောဆန္ဒရှိနေကြောင်းသိရပြီး စာရေးသူတို့ကိုယ်တိုင် မှာလည်း တရားဝင်စာထွက်လာမှသာ ကင်းကင်းရှင်းရှင်း စိတ်ချလက်ချဆောင်ရွက်လိုသောဆန္ဒရှိပါ၏။

ညဝိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်စစ်ဦးဗီး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးထင်လင်းအောင်ထံဖုန်းဆက်လိုက်ပြီးဖြစ်ကြောင်း၊ မကြာခင် ခွင့်ပြုစာဝင်လာတော့မည်ဟု ယူဆကြောင်းပြောပါသည်။

ဆရာဘာမှမပူပါနဲ့။ ကျွန်တော် အားလုံး ဆောင်ရွက်ထားပါတယ်။ ဘုရားတည်မယ့်ကောင်းတဲ့ကိစ္စဆိုတော့ အခက်အခဲမရှိပါဘူး"

ဟု ပြောပါသေးသည်။

စာရေးသူလည်း စောင့်လက်စနှင့် စောင့်ရုံသာရှိပါတော့၏။

ထိုအချိန်တွင် ရုပ်ရှင်တော်ပြတ်သည်လည်း နေပြည်တော်မှ ရန်ကုန်မြို့သို့ ကြွမြန်းတော်မူပြီ ဖြစ်၏။ စာရေးသူသည် ဆံတော်ရှင်များကို ပူဇော်ကန်တော့ရင်းနှင့် ဤဆံတော်များကို ရွှေတိဂုံဆံတော်ရှင်သို့ ပင့်ဆောင်သွားပြီး ဓာတ်တော်ပေါင်းရန် စိတ်ကူးဖြစ်ပေါ်မိ၍ ရဲလေးဆီမှဖုန်းလာသောအခါ ထိုကိစ္စကို ထည့်ပြောလိုက်၏။တကယ်သွားရောက်ရန်အထိ မရည်ရွယ်ပါ။ စိတ်ကူးဖြစ်ပေါ်ခြင်းကိုသာပြောပြမိခြင်း ဖြစ်ပါသည်။ ညသို့ရောက်သောအခါ မယ်တော်ကြီးထံမှ ဖုန်းလာသည်။

"မင်းရန်ကုန်လာမလို့ဆို။ လာမယ်ဆိုလည်း အခုငါတို့ရန်ကုန်မှာရှိတုန်းလာလိုက်ပါလား"

ဟု ပြောပါသည်။

ရဲလေးသည် မယ်တော်ကြီးတို့သားမက နိုင်နိုင်ဝင်းထံပါ အကြောင်းကြားလိုက်ပုံရ၏။ ဆရာဘိုဘို ဘယ်နေ့လာမှာလဲ။ ကားဂိတ်လာကြိုလှည့်မယ်။ အိမ်မှာတင်နေရမှာ၊ အိမ်မှာတင်စားရမှာဟုဆိုပါသည်။ ထို့ကြောင့် စာရေးသူလည်း ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ ရန်ကုန်သို့သွားဖြစ်ပါတော့သည်။

ဤတစ်ကြိမ်တွင်တော့ စာရေးသူ၏တပည့်များအား မည်သူမျှလိုက်မပို့ရန် ကြိုတင်ပြောကြားထားလိုက်သည်။ ၎င်းတို့သည် စာရေးသူအား ရန်ကုန်အထိ ၎င်းတို့၏ကားများဖြင့် လိုက်ပါပို့ဆောင်လိုကြ၏။ မည်သူမျှကြိုတင်သိထားကြခြင်းမရှိသောကြောင့် ၎င်းတို့လည်း စီစဉ်ချိန်မရလိုက်၍ လိုက်မပို့ကြရဘဲရှိပါ၏။ မန္တလေးမြို့မှ မောင်ကျော်မင်းသိန်းကကားခဖြတ်ပေးပါသည်။ စဉ့်ကိုင်မြို့သည် အမြန်လမ်းနှင့်အတော်လေးဝေးပါသည်။ စဉ့်ကိုင်မြို့၏အနောက်တည့်တည့်ထွက်ပြီး အမြန်လမ်းသို့တက်နိုင်၏။ ထိုလမ်းသည်ကြမ်း၏။ ထို့အပြင် ထိုလမ်းပေါက်နေရာသည် ထင်ရှားသောနေရာမဟုတ်၍ လိုင်းကားသမားများလည်းသိကြမည်မဟုတ်။ထို့ကြောင့် လိုင်းကားသမားများသိသော၊ ခရီးသည်အများစုကားစောင့်လေ့ရှိသော (၃၅၂) မိုင် စကားအင်းအဝိုင်းသို့ သွားရောက်ခဲ့ကြသည်။ စကားအင်းအဝိုင်းသို့ ကိုဝင်းကိုနှင့် မောင်ဝင်းမော်တို့က ကားနှင့်လိုက်ပို့သည်။

ထိုသို့ဖြင့် ဓောဓောမောမောပင် ရန်ကုန်သို့ရောက်ခဲ့ပါသည်။ အောင်မင်္ဂလာအဝေးပြေးကားကြီးဝင်းသို့ မောင်ရဲလေးက လာရောက်ကာ ကြိုဆိုပါသည်။ ရန်ကုန်မြို့အတွင်းသို့ရောက်သောအခါ ကားကျပ်သဖြင့် အချိန်ကြာမြင့်မှ ခိုင်ခိုင်ဝင်းတို့အိမ်သို့ ရောက်ရှိသည်။ ခိုင်ခိုင်ဝင်းတို့က နံနက်စာများ စားပွဲနှင့် တည်အပြည့်ပြင်ဆင်ပြီး စောင့်ဆိုင်းနေကြသည်။စောစောရောက်လျှင် တစ်ရေးမှ အနားယူရန်ဖြစ်သော်လည်း ရန်ကုန်သို့ (၈)နာရီမှဆိုက်ရောက်ခြင်း၊ လမ်းကျပ်ခြင်းတို့ကြောင့် စာရေးသူတွင် အနားယူချိန်မရှိတော့ပါ။နံနက်စာစားပြီးသည်နှင့် ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဆံတော်ပင့်ဆောင်၍ စာရေးသူတို့ ရွှေတိဂုံစေတီတော်မြတ်ဆီသို့ထွက်ခဲ့ကြသည်။

လေးဆူဓာတ်ပုံ မြတ်စွာဘုရားရွှေတိဂုံစေတီတော်မြတ်ကြီးသည်ကား အပြာရောင်မိုးသားနောက်ခံထားလျက် ရွှေတောင်ကြီးအလား အံ့ဆိုးဖွယ်မကုန်နိုင်အောင် တင့်တယ်သပ်ယပ်လွန်းလှပါ၏။ ဘယ်နှခေါက်ဖူးဖူး၊ ဘယ်နှကြိမ်ဖူးဖူး၊ ဖူးမြော်ကြည်ညိုု၍ မဝနိုင်အောင်ရှိရပြီး ဖူးမြော်စဉ်အခိုက်မှာပင် ငြိမ်းအေးမှုရသလို တလှပ်လှပ်ခံစားရပြီး ကြည်နူးခြင်းပီတိနှင့်အတူ ကြက်သီးဖြန်းဖြန်းထမိပါ၏။

လိုက်၍မမိနိုင်အောင် ဆန်းကြယ်လှပါသော ပဌာန်းဆက်အကြောင်းတရားကံအကြောင်းတရားတို့ကိုလည်း စဉ်းစားမိလေ၏။ ယခု စာရေးသူသည် ဆံတော်ရှင်များကိုပင့်ဆောင်၍ ဂုဏ်တော်များကိုပွားလျက် ရွှေတိဂုံစေတီတော်ကြီးကို လက်ယာရစ်လှည့်၍ ပူဇော်နေ၏။ မောင်မိုးမင်း-ခိုင်ခိုင်ဝင်း၊ (သား) မောင်ကောင်းစံသူ၊ မောင်ရဲလေး၊ ခိုင်ခိုင်ဝင်း၏တူမလေးတို့က နောက်မှစီတန်း၍လိုက်လာကြသည်။ ခိုင်ခိုင်ဝင်းတို့မိသားစုသည် ငွေကြေးအင်အားတောင့်တင်းသူများဖြစ်သကဲ့သို့ မောင်ရဲလေးဆိုလျှင်လည်း အလယ်အလတ်တန်းစား မပူမပင်မကြောင့်မကြေနေရပြီး သုံးနိုင်စွဲနိုင်သောအနေအထားတွင်ရှိ၏။ တကယ်တော့ ၎င်းတို့သည် စာရေးသူနှင့် သိကျွမ်းစရာအကြောင်းမရှိပါဘဲ စာရေးသူအား ချစ်ခင်မြတ်နိုးလေးစားကြလျက် စာရေးသူ၏ပါရမီကို လိုလေသေးမရှိရအောင် ဖြည့်ဆည်းလျက်ရှိကြပါ ၏။

၎င်းတို့ကဲ့သို့ ပါရမီဖြည့်ဆည်းနေကြသူများမှာ ရန်ကုန်မြို့တွင်လည်း အများကြီးရှိသည်။ အခြားမြို့များတွင်လည်းရှိ၏။ အတိတ်ဘဝက မည်သို့သောကုသိုလ်တို့ပြုလုပ်ခဲ့အကြောင့် ပါနည်း။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com

လက်ယာရစ်တစ်ပတ်ပတ်ပြီးသောအခါ ဆံတော်တိုက်တွင် ဆံတော်ရှင်အား ပူဇော်၍ အောင်ပွဲအောင်ပန်းများနှင့် သစ်သီး (၉) မျိုးကို လျူဒါန်းပါသည်။ မေတ္တာဘာဝနာတို့ပွားများပြီးနောက် ဂုဏ်တော်များနှင့်ပဋ္ဌာန်းဒေသနာတော်တို့ ပွားများပြီး စာရေးသူတို့ ပင့်ဆောင်လာသော ဆံတော်ရှင်များနှင့် ရွှေတိဂုံစေတီတော်ရှိ ဆံတော်ရှင်တို့ကို အာရုံပြု၍ ဓာတ်တော်ပေါင်းပြီး မေတ္တာပို့အမျှ အတန်းပေးဝေကာ ဆံတော်ရှင်များကို ပင့်ဆောင်၍ ရွှေတိဂုံစေတီတော်မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။ ဤနေ့၌ ရုပ်ရှင်တော်မြတ်သည် ရွှေတောင်ကြား ရပ်ကွက်ရှိဦးသိန်းအောင်၊ ဒေါ်ခင်မေစန်း၊ သမီးစန်းပပအောင်(ရွှေရည်ပွင့်စိန်တိုက်) မိသားစုတို့နေအိမ်တွင် ကြွမြန်းတော်မူလျက်ရှိ၍ စာရေးသူတို့ ရွှေတောင်ကြား ရပ်ကွက်သို့ထွက်ခဲ့ကြသည်။

ရွှေတောင်ကြားရပ်ကွက်သည် ရှေးကတည်းက သူဌေးသူကြွယ်များသာ နေထိုင်သောနေရိုင်းသောရပ်ကွက်ဟု ကြားခဲ့ဖူးပါသည်။ ယခုလည်း ထို့အတူ သာဖြစ်ပါလိမ့်မည်။ ထူထဲခိုင်ခံ့သော ခြံစည်းရိုးများ၊ ဝင်းတံခါးကြီးများတပ်ဆင်ထားရှိပြီး အလှသစ်ပင်ပန်းပင်များ စိုက်ပျိုးထားသော ဝင်းခြံကျယ်ကြီးများ၊ ခေတ်မီတိုက်ကြီးများဖြင့် ခမ်းနားထည်ဝါလှပါသည်။ သို့သော် လမ်းများမှာမူ ရှေးကတည်းကအတိုင်းဖြစ်ဟန်တူ၏။ ကျဉ်းမြောင်းလှသည့်အပြင် အကွေ့အကောက်များ၊ လမ်းတိုများ၊ လမ်းဆုံလမ်းခွဲများချည်းဖြစ်၍ တော်ရုံလူလာတတ်မည်မဟုတ်ပါ။

"ဆရာ၊ ကျွန်တော် ရန်ကုန်မှာ မွေးရန်ကုန်မှာကြီးတဲ့ရန်ကုန်သားအစစ်ပါ။ ဒါပေမယ့် အရင်က ရွှေတောင်ကြားကိုမကျွမ်းဘူး။ အခုရွှေတောင်ကြားကို မကြာမကြာ ရွှေကံကူဘုရားကြွတော့မှ ကျွမ်းသွားတာ"

ဟု ဆိုပါသည်။

ခြံတံတိုင်းကြီးတွင် 'ရွှေရည်ပွင့်' ဟူသော ရွှေရောင်စတီးဆိုင်းဘုတ်တပ်ထားသည့် ခေတ်မီ (၃) ထပ်တိုက် ဖြစ်သည်။ မြေကိုမည်တော့ဘဲ နောက်ဘက်တွင် နောက်ဘက်တွင် မြေနိမ့်သွား၍ (၃) ထပ်၊ ရှေ့ပိုင်းတွင် (၂) ထပ်ပုံစံ ဖြစ်သည်။ ဦးသိန်းအောင်၊ ဒေါ်ခင်မေစန်း မိသားစုတို့ စုံလင်စွာရှိနေကြပြီး အထက်တန်းလွှာစည့်သည်များကိုလည်း တွေ့ရသည်။

"ဆရာ၊ ကျွန်မမြေးကလေးရဲ့ တစ်နှစ်ပြည့်မွေးနေ့လေ။ မွေးနေ့ရက်မှာ ဘုရားပင့်ခွင့်ကြုံရတာ ဝမ်းသာလိုက်တာဆရာရယ်။ ဒီကလေးက ဘုရားဆီမှာ သားဆုပန်ပြီးမှရတဲ့ကလေးပါ။ မနှစ်က ပုဂံမှာ ရွှေရည်ပွင့်ဟိုတယ်မှာ ဘုရားကြွတုန်းက တစ်လသားပဲရှိသေးတာ။ ကလေးကသဘောလည်းကောင်းတယ်။ ကျန်းမာရေးလည်းကောင်းတယ်။ ဘုရားတွေ့ရင် ကန်တော့တယ် ဆရာ"

ဟု ဒေါ်ခင်မေစန်းက ပြောပါသည်။

ယခုမှ စာရေးသူလည်း အမှတ်ရပါတော့သည်။ မနှစ်က စာရေးသူတို့ကို ပုဂံရွှေရည်ပွင့်ဟိုတယ်သို့ သွားရောက်ခဲ့စဉ်က ထိုကလေးလေးကိုတွေ့ခဲ့ရသည်။ ယခု တစ်နှစ်သားရှိနေပေပြီ။ ကလေးသည် ဥပဓိရုပ်ကောင်းမွန်၏။ ရွှင်၏။

မွေးနေ့ရှင် ဤကလေးသည်ကား လာခြင်းကောင်းသောကလေးပင် ဖြစ်ပါသည်။ ဤကလေး ကိုယ်ဝန်ရရှိစဉ်မှစ၍ မိခင်တွင် ကျန်းမာရေးပြဿနာမရှိ။ စီပွားရေး၊ ငွေရေးကြေးရေးတို့တွင်လည်း တိုးတက်အောင်မြင်၏။ ကလေး၏ကံနှင့် မိဘတို့တွင် အကျိုးတရားရရှိခြင်းပင် ဖြစ်သည်။ ထို့အတူ ဤကလေးသည်လည်း မိဘတို့၏ကံကိုအကြောင်းပြု၍ မွေးကံတည်းက အရာရာပြည့်စုံသော မိသားစုအတွင်း ရောက်ရှိလာသည်မှာ တကယ်ပင်ကံထူးလှပါ၏။

"မယ်တော်ကြီးက သားဆုပန်တုန်းကတည်းကပြောခဲ့တာ ဝဋ်ကြွေးကံကြွေးအပြစ်ခံကြွေးကင်းသောကလေး၊ သိုက်နှောင်ကြိုးကင်းသောကလေး၊ နတ်ပြည်က နတ်သက်ကြွေမည့် နတ်သမီးနတ်သားတွေပဲရောက်ရှိပါစေလို့ ဆုတောင်းပေးခဲ့တာပဲ"

ဟု ဦးသိန်းအောင်က ပြောပြသည်။

မှန်ပါသည်။ စာရေးသူတို့ ရွှေကံကူဘုရားတွင် သားဆုပန်၍ ဆုတောင်းပြည့်ခဲ့ကြသူတို့များခဲ့ပြီဖြစ်ပြီး ဆုတောင်း၍ ရလာသောကလေးတို့မှာလည်း ရုပ်ရည်ချောမောလှ၏။ ဉာဏ်ထက်မြက်၏။ ဘာသာတရားရှိသေ၏။ မိဘတို့လည်း စီးပွားတက်၏။ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးတို့သည်ကား လိုရာရနိုင်သည် အထိပင်ဖြစ်ပါသည်။

ရွှေရည်ပွင့်တွင် အန်တီအေးနှင့် မယ်တော်ကြီးတို့ကို ခေါ်ဆောင်ပြီး စာရေးသူတို့ရွှေတောင်ကြားမှထွက်ခဲ့ကြသည်။ရွှေတောင်ကြားရပ်ကွက်ဆုံးသော် ဝင်ဒါမီယာရပ်ကွက်ဟုသိရပြီး ထိုမှ တက္ကသိုလ်ရိပ်သာလမ်းပေါ် သို့ရောက်ခဲ့လာသည်။ ဤနေရာသည် ဗဟန်းမြို့နယ်အတွင်း၌ပါရှိသည်ဟု အန်တီအေးကပြောပြပါသည်။

ထို့နောက်တွင်တော့ မည်သည့်နေရာများကိုဖြတ်သန်းသွားသည်၊ ဘယ်လိုဦးတည်နေသည်ဟု စာရေးသူမသိပါ။ ရန်ကုန်မြို့သည် ယနေ့အချိန်တိုင် စာရေးသူ၏စိတ်အာရုံစွဲငြိ ကျက်မှတ်ထားနိုင်ခြင်းမရှိသေးပါ။ တစ်နာရီခန့် ကားမောင်းရပြီးသောအခါ ခြံဝင်းကျယ်ကြီး တစ်ခုအတွင်းသို့ ဝင်ရောက်ရပ်နားလိုက်ပြီး ကားပေါ် မှဆင်းခဲ့ကြသည်။ ဟော့ပေါ့ဆိုင်ကြီးတစ်ခုပင် ဖြစ်သည်။ ဆိုင်ခန်းကြီးမှာလည်းကျယ်ဝန်း၏။ စားပွဲဝိုင်းတို့လည်းများ၏။ ဤတစ်ထပ်တည်းမှာပင် လူ(၃၀၀)ကျော်ခန်ရှိ၏။ တကယ်တော့ စာရေးသူသည် ခေတ်မမီသေးဟု ပြောရမည်လားမသိပါ။ မြန်မာထမင်းဟင်းကိုသာနှစ်သက်၏။ တရုတ်ဟင်းအနည်းငယ်နှစ်သက်၏။ မာလာဟင်းနှင့် ဟော့ပေါ့ကိုတော့ လုံးဝမနှစ်သက်ပါ။သို့သော် ထိုသဘောသည် စာရေးသူ၏ အတွင်းစိတ်မျှသာဖြစ်သည်။ ခိုင်ခိုင်ဝင်းတို့၏စေတနာကို တန်ဖိုးထား၍ နှစ်သက်စွာပင် စားလိုက်ပါသည်။

(၄) နာရီခန့် မယ်တော်ကြီးတို့နှင့် လမ်းခွဲပြီး စာရေးသူတို့ အောင်မင်္ဂလာသို့ထွက်ခဲ့ကြသည်။ မယ်တော်ကြီးသည် ရာသက်ပန်ဥပုသ်၊ရာသက်ပန်သက်သတ်လွတ်ဖြစ်သည်။ သို့သော် စာရေးသူတို့ စားသောက်နေကြသည်ကိုကြည့်ပြီး ပိတိဖြစ်နေသည်သာ ဖြစ်သည်။ မယ်တော်ကြီးမှာမူ ရေနွေးတွင် လက်ဖက်ခြောက်ခတ်သကဲ့သို့ ချင်းခတ်ပြီးသားနှင့် ချင်းပြုတ်ရည်ကိုသာသောက်သည်။ အန်တီအေးကတော့ (၉)ရက်တန်သည်၊ တစ်လတန်သည် ဥပုသ်စောင့်ပြီး (၂) ရက် (၃) ရက်ခန့်နားလေ့ရှိ၏။ ယနေ့ အန်တီအေး ဥပုသ်ထွက်သောကြောင့်တိုက်လာခဲ့ခြင်းလည်း ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ သာဝကများတို့သည် အန်တီအေးဥပုသ်ထွက်မည့်နေ့ကိုစောင့်ပြီး ညနေစာဆိုင်ကောင်းကောင်းတွင် ပြုစုနေကျဖြစ်၏။

လမ်းကျပ်သောကြောင့် (၉) နာရီထိုးခါနီးမှ ကားဝိတ်ချရောက်သည်။ (၉) နာရီကားမှာ (၉) နာရီခွဲမှသာထွက်ခွာနိုင်၏။ ဤသို့ဖြင့် ချောချောမောမော

www.burmeseclassic.com

www.burmeseclassic.com

သာသနာအကျိုးဆထက်တိုးပြီး သယ်ပိုးနိုင်ကြပါစေဟု ဆုတောင်းပေးကြရာ စာရေးသူကလည်း ပေးတဲ့ဆုနဲ့ပြည့်ပါစေဟုပြန်လည်ဆုတောင်းပေးရပါသည်။

နေ့ဆွမ်းဆက်ကပ်ပြီးသောအခါ ဆရာတော်ဘုရားကြီးဦးတိကွပြန်လည်ကြွမြန်းသွားနှင့်တော်မူသည်။ မန္တလေးတိုင်း သံဃနာယကဥက္ကဋ္ဌဦးဝိစိတ္တသာရာဘိဝံသဆရာတော်ဘုရားကြီးကတော့ စာရေးသူတို့နှင့်အတူ နေရစ်တော်မူသည်။

မြို့သာမြို့ ရှင်မထီးအောင်မြေရန်အောင်မြေကျောင်း၏ရာဇဝင်မှာ ဤသို့ဖြစ်သည်။ ပုဂံခေတ်တွင် ရှင်အဇ္ဈဂေါဏ (ခေါ်) ရှင်မထီးဆရာတော်ဘုရားကြီး ပေါ်ပေါက်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးသည် အဂ္ဂရတ်ဖိုထိုးသော ပညာဖြင့် ပြဒါးဓာတ်ကို အောင်မြင်ပေါက်မြောက်ခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ပြဒါးဓာတ်ကို အောင်မြင်တော်မူပြီးသောအခါ ပုဂံပြည့်အားရွှေမိုးငွေမိုးရွာစေတော်မူ၏။ ရွှေမိုးငွေမိုးရွာသွန်းပြီးသည်နှင့် ပုပ္ပားတောင်သို့ အရှင်ထွက်သဘောမျိုးထွက်ရပ်လမ်းမြန်းတော်မူခဲ့သည်။ ရှင်မထီးဆရာတော်ဘုရားကြီးသည် ဝိဇ္ဇာလောကတွင် နှစ်ပေါင်း (၉၀၀) မျှနေတော်မူခဲ့ပြီး လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) ကျော်က မြို့သာမြို့တွင် ဒုတိယဘဝအဖြစ်နှင့် ပြန်လည်ပေါ်ထွန်းတော်မူခဲ့သည်။ ထိုစဉ်တုန်းက ဒုတိယရှင်မထီးဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သောနေရာမှာ ယခုရှင်မထီးအောင်မြေအဖြစ် ထင်ရှားနေခြင်း ဖြစ်သည်။

မိုးနည်းရေရှားရပ်ဝန်းဖြစ်သည့် အပြင် မိုးဦးလေဦးမကျသေးသော နွေခေါင်ခေါင်ဖြစ်နေခြင်းကြောင့် စာသင်ကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ရှင်မထီးအောင်မြေသည် လည်းကောင်း၊ မြို့သာနယ်ရှိ မျက်စိတစ်ဆုံးမြင်တွေ့နေရသော တောတောင်လျှိုမြောင်ကုန်းကမ္မတို့သည်လည်းကောင်း ခြောက်သွေ့လျက်ရှိပါသည်။

စာရေးသူတို့လည်း စားသောက်ပြီးစီးကြသောအခါ ရှင်မထီးအောင်မြေရှိရန်အောင်မြင်စေတီတော်ကြီးကို ပူဇော်ကန်တော့ခြင်း၊ ရှင်မထီးဆရာတော်ဘုရားကြီး သီတင်းသုံးသွားတော်မူခဲ့သောကျောင်းတိုက် (ဂူပုံစံဖြစ်သည်။ (၁၀) ပေခန့်သာကျယ်ပြီး သီတင်းပေါက်များမပါရှိပါ။ ဝင်ပေါက်တစ်ပေါက်သာရှိ

ပင် စဉ့်ကိုင်သို့ ပြန်လည် ရောက်ရှိခဲ့ပါသည်။

ဤစာရေးနေချိန် (၂၂-၁၁-၂၀၁၇) အထိ အခြေအနေမှာ တိုင်းမှူး၏ အထက်အရာရှိထံမှ ရရှိမည့်ခွင့်ပြုချက် အမိန့်စာကို စောင့်ဆိုင်းနေရခြင်း ဖြစ်ပါသည်။

စာရေးသူတို့ မျော်မှန်းထားသည့် ၃-၁၂-၂၀၁၇ နေ့တွင် စေတီတော်ပန်းတိုင်တော့မည်မဟုတ်ပါ။ အာယ်ကြောင့် ဆိုသော် ယခု (၁၁) လပိုင်းကုန်ခါနီးပြီဖြစ်သည့်တိုင် ခွင့်ပြုချက်ကျမလာသေးသောကြောင့် ဖြစ်သည်။ လမ်းဖောက်ခြင်းသည်ပင် (၂) လခန့်ကြာမြင့်ဦးမည်ဖြစ်ရာ (၉) လပိုင်းလဆန်းလောက်ကတည်းကစနိုင်ခဲ့မှသာလျှင် ၃-၁၂-၂၀၁၇ နေ့တွင် ပန္နက်တင်နိုင်မည် ဖြစ်ပါသည်။ ယခုလည်းမည်မျှစောင့်ရဦးမည်မသိပါ။ ဆောင်းမကုန်မီလုပ်ငန်းစနိုင်ပါစေဟုသာ ဆုတောင်းမိပါသည်။ စာရွှေသုပရိသတ်အပေါင်းတို့ကလည်း ဝိုင်းဝန်းကူညီဆုတောင်းပေးကြပါဟု လေးမြတ်စွာ ဤနေရာမှ ပန်ကြားအပ်ပါသည်။

၂၀၁၇၊ ၁၁ လပိုင်းရောက်ရှိသည့် တိုင်အောင် ခွင့်ပြုမိန့်ကျရောက်လာခြင်း မရှိသောအခါ ၂၀၁၇ (၁၂) လပိုင်း (၃) ရက်နေ့တွင် မည်သို့မျှအုန်းတကူးတောင် တော်စေတီတော်ပန်းတိုင်နိုင်တော့မည်မဟုတ်တော့ပါ။ စာရေးသူ၏ ၃-၁၂-၂၀၁၅ မွေးနေ့တွင် ရွှေကြက်ယက်တောင်တော်ပေါ် တွင် ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်၊ တြိဖလစေတီတော်ကို ပန္နက်တင်မင်္ဂလာပြုလုပ်နိုင်ခဲ့၏။ တစ်ဖန် ၃-၁၂-၂၀၁၆ ရက်နေ့တွင် ကျရောက်သော စာရေးသူ၏ မွေးနေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်ရှိ စာရေးသူတို့၏ ဇာတိမြို့သာမြို့ အထက်ကျောင်းဝင်းထဲတွင် စာသင်ကျောင်းဆောင်ပန္နက်မင်္ဂလာပြုလုပ်နိုင်ခဲ့၏။ ၂၀၁၇၊ ၁၂ လပိုင်း၊ ၃ ရက်နေ့တွင်လည်း အုန်းတကူးတောင်တော်ပေါ် တွင် အောင်ကြေစေ့ချန်မြသိန်းတန် စေတီတော်ပန်းတိုင်ရန်စီစဉ်ထားရှိပြီး ရည်ရွယ်ပြီး ဖြစ်၏။ အထူးအားဖြင့် စာရေးသူ၏နှစ်မတ်လည်မွေးနေ့ရက်သို့ ရောက်ရှိတိုင်း သာသနာအကျိုးပြုနှင့် ပရဟိတအကျိုးပြုအဆောက်အအုံတစ်ခုခုကို ဆောက်လုပ်လှူဒါန်းပန္နက်ရိုက်မည်ဟု အဓိဋ္ဌာန်ထားရှိပြီးဖြစ်ရာ (၂) နှစ်အထိ ချောမွေ့စွာပြီးစီးခဲ့ပြီးမှ (၃) နှစ်မြောက်တွင် အစဉ်အလာပျက်ရမည်ဆိုက အပျက်မခံနိုင်ပါ။ ပြန်လည်စတင်ရန် လွယ်ကူမည်မဟုတ်ပါ။ ထို့ကြောင့် ယခုနှစ်အတွက် အစဉ်အလာကို ထိန်းသိမ်းနိုင်ရန် တစ်ခုခုကိုတော့ဆောက်လုပ်လှူဒါန်းရမည် ဖြစ်ပါ၏။

ပြီးခဲ့သောနှစ် ၂၀၁၆ ခု၊ ဒီဇင်ဘာ ၃ ရက်နေ့တွင် မြို့သာမြို့ အထက ကျောင်းဝင်းကြီးအတွင်း၌ (ပေ၃၀ × ပေ ၁၂၀) တစ်ထပ်စာသင်ကျောင်းဆောင် ပန္နက်တင်မင်္ဂလာတွင် မန္တလေးမြို့တောင်စလင်းတိုက်သစ်မှ ဝါးခင်းကုန်းဆရာတော်ဘုရားကြီးနှင့် မဝိုးရိမ်မူလတိုက်မှ မန္တလေးတိုင်းဒေသကြီးသံဃနာယကဥက္ကဋ္ဌဆရာတော်ဦးဝိစိတ္တသာရာဘိဝံသတို့ ပါဝင်တော်မူခဲ့ရာ ပန္နက်တင်မင်္ဂလာပြီးဆုံးသောအခါ၌ ဆရာတော်ဘုရားကြီးများကို မြို့သာမြို့ရှိ ရှင်မထီးရန်အောင်မြင်ကျောင်းသို့ ပင့်ဆောင်သွားခဲ့ပြီး နေ့ဆွမ်းများဆက်ကပ်သည်။

ဤယနေ့သည် စာရေးသူ၏ မွေးနေ့ဖြစ်သည်။ စာရေးသူသည် ယခုအသက်အရွယ်ရောက်သည့်တိုင် တစ်ကြိမ်မှမွေးနေ့ပွဲကျင်းပပြုလုပ်ခဲ့ဖူးခြင်းမရှိပါ။ ထိုသို့မွေးနေ့ပွဲမပြုလုပ်ခြင်းမှာ အနောက်တိုင်းယဉ်ကျေးမှုကို အတုယူကျင့်သုံးသည်ဟု ထင်မြင်ယူမိသောကြောင့် ဖြစ်သည်။ ထိုယူဆချက်မှာ စာရေးသူ၏ ကိုယ်ပိုင်လွတ်လပ်သောခံယူမှုမှုမြင်ချက်သာဖြစ်ပါသည်။ လုံးဝညီမှုနဲ့သည်ဟု မပြောတတ်ပါ။ ထို့ကြောင့် စာရွှေသုတို့သည် စာရေးသူ၏ ထိုယူဆချက်ကို အမြင်မတူပါက လွတ်လပ်စွာပင်ပစ်ပယ်နိုင်ကြပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ စာရေးသူတွင် ငြင်းခုံရန် အကြောင်းမရှိပါ။

သို့သော် ဤနေ့သည် စာရေးသူ၏မွေးနေ့ဖြစ်သည်ဟုသိရှိထားကြသော မောင်မျိုးမင်း-မခိုင်ခိုင်နှင့် မောင်ရဲလေးတို့က ရန်ကုန်မြို့မှ မွေးနေ့ကိတ်ကြီးများ ယူဆောင်ခဲ့ကြပြီး ရှင်မထီးအောင်မြေတွင် စာရေးသူ၏ မွေးနေ့ပွဲကို ကျင်းပပေးကြပါသည်။ ၎င်းတို့က အခြားမွေးနေ့များ၏ထုံးစံအတိုင်း ကိတ်မုန့်ပေါ် တွင် ဖယောင်းတိုင်များထွန်းကြ၏။ ထို့နောက် ဖယောင်းတိုင်မီးများနှုတ်လိုက်ပြီး စာရေးသူကို ကိတ်မုန့်လှီးစေပါသည်။ စာရေးသူလည်း ရှက်ရွှက်နှင့်ပင် ၎င်းတို့ပြောသည့်အတိုင်း လုပ်ကိုင်နေရလေ၏။ ထို့နောက် ကိတ်မုန့်များကိုဝေငှပေးလိုက်သည်။ အားလုံးက ဆရာ့ဘို့ဘို့ ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊

www.burmeseclassic.com

www.burmeseclassic.com

သည်။) အတွင်းရှိ ရှင်မထီးဆရာတော် ဘုရားကြီး၏အိပ်ရာနေရာကိုသွားရောက် ကန်တော့သည်။ ထို့နောက် ဝိဇ္ဇာပေါင်း ချုပ်ဓာတ်နန်းနှင့် ရှင်မထီးဆရာတော် ဘုရားကြီး တရားထိုင်ခဲ့သော အောင် ကျောက်ဖျာစေတီတို့သို့ သွားရောက် ကန်တော့သည်။

နဂါးမောင်နှမထနောင်းပင်၊ နဂါး သိုက်နှင့် သိုက်နန်းရှင်တို့ ပျော်စရာ ရွှေမန်ကျည်းပင်၊ သင်္ကြောသာလအမတ် ကြီးနှင့် စစ်သူကြီးနန်းတို့သို့ သွားရောက် မေတ္တာပို့သကြေပြီး စာရေးသူတို့ ရှင်မထီး အောင်မြေမှ ပြန်လည်ကာ ထွက်ခွာခဲ့ ကြသည်။ ရှင်မထီးအောင်မြေသည် မြို့သာမြို့၏ မြောက်ဘက် (၂) မိုင်ခန့် အကွာတွင်ရှိသည်။ ငါန်းဇွန် - မြို့သာ ကားလမ်းပေါ်မှ အနောက်ဘက်တော အတွင်းသို့ တစ်မိုင်ခန့်ဝင်ရောက်ရခြင်း ဖြစ်သည်။ စာရေးသူတို့သည် လာလမ်း အတိုင်းပြန်ရန် ရည်ရွယ်ထားသော်လည်း ရှင်မထီးဆရာတော်ဘုရားကြီးက ရွှေမိုးငွေမိုး၊ လာဘ်လာဘမိုး၊ သာသနာမိုးတို့ကောင်းစေရန် ငါန်းဇွန်မြို့ရှိ မိုးကောင်းရှင်ပင်ဘုရားကို ဝင်ရောက် ကန်တော့ပြီး ဆုတောင်းသွားကြဟု မယ်တော်ကြီးအဲး အာရုံနှင့်မိန့်ကြား တော်မူသဖြင့် စာရေးသူတို့သည် မြို့သာ ဘက်သို့မလိုက်ဘဲ ငါန်းဇွန်မြို့တည်ရှိရာ မြောက်အရပ်သို့ထွက်ခွာခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး သံဃ နာယကဥက္ကဋ္ဌ မဗိုးရိမ်ဆရာတော်ကြီး သည်လည်း စာရေးသူတို့နောက်မှပင် လိုက်ပါကြွမြန်းတော်မူခဲ့လေ၏။ ဆရာ တော်ကြီးသည် မယ်တော်ကြီး ပူဇော် ရွက်ဖတ်သမျှကို သေသေချာချာနား စိုက်ထောင်ပြီး အမှားအယွင်းပါရှိလျှင် ပြင်ပေး၏။

"မယ်တော်ကြီး၊ မှားလို့မရဘူးဗျ။ ဘာလို့လဲဆိုတော့ မယ်တော်ကြီးမှာ တစ်နိုင်ငံလုံးမကဘူး၊ နိုင်ငံခြားတွေအထိ ပါသွားနေတာ။ ပြီးတော့ မယ်တော်ကြီး မှာ တပည့်တွေအများကြီးမို့ မယ်တော် ကြီးမှားရင် လူတွေအများကြီးမှားသွား မှာ"

ဟု မိန့်ကြားတော်မူပါသည်။

ငါးဇွန်မြို့ မိုယ်းကောင်းမြတ်စွာ ဘုရားကြီးအားပူဇော်ကန်တော့ကြသည်။ မယ်တော်ကြီးမှ ဦးဆောင်ပူဇော်ပေးခြင်း ဖြစ်သည်။ မိုယ်းကောင်းရှင်ပင်မြတ်စွာ ဘုရားကြီးကို ပူဇော်ပြီးမှ စာရေးသူတို့ စဉ့်ကိုင်မြို့သို့ထွက်ခွာခဲ့ကြသည်။ မဗိုးရိမ် ဆရာတော်ကြီးသည် စဉ့်ကိုင်မြို့ ရွှေကံကူ အောင်မြေထိတိုင်လိုက်ပါကြွမြန်းတော်မူ ခဲ့သည်။

အောင်မြေသို့ရောက်ရှိသောအခါ ဆရာတော်ဘုရားကြီးက -

"မယ်တော်ကြီး၊ ကျုပ်တို့ မဗိုးရိမ် တိုက်ထဲကို (၅) ထပ်ကျောင်းကြီးဆောက် ပါလားဗျ"

ဟု ရုတ်တရက် မိန့်ကြားတော်မူ လိုက်၏။

မယ်တော်ကြီးသည် ဆရာတော် ဘုရားကြီး၏မိန့်ကြားချက်ကို ကောင်းမွန် ရှိသေစွာနာခံပြီး အတန်ကြာငြိမ်နေပြီး မှ -

"တပည့်တော် ကြီးစားပါ့မယ်။ ၂၀၂၀ပြည့်နှစ်အရှင်ဘုရားရဲ့သက်တော် (၇၅) နှစ်ပြည့် ငွေရတုအောင်ပွဲမှာ ပန္နက် တင်မင်္ဂလာပြုနိုင်ရပါစေမယ်ဘုရား"

ဟု လျှောက်တင်လိုက်သည်။

ဆရာတော်ဘုရားကြီးကလည်း သာဓုခေါ်ဆိုပြီး အတန်ကြာတရားစာပေ များနှင့်ပတ်သက်၍ မိန့်ကြားတော်မူပြီး နောက် ပြန်လည်ကြွမြန်းသွားတော်မူပါ သည်။

မယ်တော်ကြီးသည် မဗိုးရိမ်ဆရာ တော်ဘုရားကြီးအား ကျောင်းဆောက် လုပ်လျှုဒါန်းပါမည်ဟု ကတိပေးလိုက် ပါပြီတည်း။ မန္တလေးမြို့ (၈၇×၈၈)လမ်း နှင့် (၃၇×၃၈) လမ်းကြားရှိ မဗိုးရိမ်တိုက် မကြီး (မဗိုးရိမ်တိုက်ဟောင်းဟုလည်း ခေါ်ကြသည်။) သည်ကား အစဉ်အလာ ကြီးမားသော စံပြကျောင်းတိုက်ကြီးပင် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က ကျောင်းဒါယကာကြီး ဦးရာကျော်ဆိုသောပုဂ္ဂိုလ်ကြီးပေါ် ပေါက် ခဲ့၏။ ထိုဒါယကာကြီးမှ မဗိုးရိမ်ကျောင်း တိုက်ကြီးအတွင်းတွင် ထုထည်ကြီးမား လှသော၊ ကြီးမားခဲ့ထည်သောအုတ်လှေ ကားကြီးတို့ဖြင့်တန်ဆာဆင်သောနှစ်ထပ် ကျောင်းဆောင်ကြီးများ ဆောက်လုပ် လျှုဒါန်းခဲ့၏။ သက်တော်ထင်ရှားဘုရား ရှင်လက်ထက်က ဇေတဝန်၊ ဝေဠုဝန်၊ ပုဗ္ဗာရုံ စသော ကျောင်းကြီးများကို စံနမူနာပြု၍ ထိုကျောင်းတိုက်ကြီးများ ၏အပေါ်ထပ်တွင် လူအရပ်အထက်မှ စ၍ နံရံ၊ တိုင်ဖုံးနှင့် တိုင်လုံးကြီးများ၊ ပုဏ္ဏားကွယ်များ၊ မျက်နှာကြက်များတို့ ကို ရွှေစစ်ရွှေဆိုင်းများခြုံ၍ လျှုဒါန်းခဲ့ သဖြင့် ကျောင်းဒါယကာကြီးဦးရာကျော် ဆိုလျှင် မန္တလေးမြို့တွင်သာမက မြန်မာ တစ်နိုင်ငံလုံးမှာပင် ကျော်ကြားထင်ရှား လူသိများခဲ့၏။

တစ်ဖန် မဗိုးရိမ်ကျောင်း (တိုက်မ ကြီး) ၏ စနစ်မူမှာလည်း ထူးခြား၏။ ကောင်းမွန်၏။ ဤတိုက်အတွင်းရှိ ကျောင်းအားလုံးသည် သံဃိကသာမြစ် ရမည်။ ပုဂ္ဂိုလိကမရှိစေရ။ ဘိဝံသဘွဲ့ရ ရှိသူ၊ ဘိဝံသဘွဲ့ရတာချင်းတူနေလျှင် ဝါကြီးသောပုဂ္ဂိုလ်ကိုသာ ကျောင်းထိုင် စေရမည်။ အကယ်၍ ကျောင်းထိုင် ပုဂ္ဂိုလ်ပျံလွန်တော်မူပါက ထိုကျောင်း ထိုင်ပုဂ္ဂိုလ်မှ ၎င်းနှစ်သက်ရာပုဂ္ဂိုလ်အား ကျောင်းကို သွဲ့ပြောင်းပေးခြင်းမပြုရ အစရှိသောဂုဏ်တို့ဖြင့် လည်းကောင်း၊ ထို့အပြင် အတန်း (၂) နှစ်ကျလျှင် ဤ ကျောင်းတွင်မနေရဟူသော စည်းကမ်း လည်း ချမှတ်ထားသည်။ ထို့ကြောင့် ဤကျောင်းမျိုးတွင် ကျောင်းဆောင် ဆောက်လုပ် လျှုဒါန်းခွင့်ရရှိသည်မှာ အလွန်ပင် ကံထူးလှ၍ ဝမ်းမြောက်ဖွယ် ပင် ဖြစ်ပါ၏။

သို့သော် အဆင့်မီ(၅)ထပ်ကျောင်း ကျောင်းတိုက်ကြီးဆောက်လုပ်မည်ဆိုပါ က မြန်မာကျပ်ငွေ (၅၀၀) ထက်မနည်း ကုန်ကျမည်ဖြစ်ပေ၏။ မယ်တော်ကြီး သည်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီး မဟုတ်ပါ။ လုပ်ငန်းရှင်ကြီးများသော်မှ ထောင်ချီသောအလှူဒါနများကို နှစ်စဉ် ပြုလုပ်နိုင်ရန်မှာ လွယ်ကူမည်မဟုတ်ပါ။ မယ်တော်ကြီးတွင် စိပ်ပုတီးနှင့် တရား စာအုပ်များသာရှိသည်။ သီလနှင့်အကျင့် စရာတို့သာရှိသည်။ သာဝကများကို လည်း ဘုရားပင့်လျှင်လှူရမည်၊ မည်မျှ လှူရမည်ဟု သတ်မှတ်မထားပါ။ လှူလို ကလှူ။ မလှူလိုကမလှူပါနှင့်။ လှူလိုက လည်း ဆန္ဒရှိသမျှသာလှူဒါန်းပါဟုသာ သတ်မှတ်ချက်ထားရှိခြင်းဖြစ်၍ (၅)ထပ် ကျောင်းကြီးဆောက်လုပ်လှူဒါန်းရန်မှာ စာရေးသူတို့အဖို့ ကြီးလေးလှသော တာဝန်ကြီးဖြစ်၍ ထိုတာဝန်ကြီးကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါ့မလား ဟူသောမေးခွန်းကို ဖြေကြားရမည်ဆို လျှင်လည်း သေချာပေါက် လှူဒါန်းပါ မည်ဟု ဖြေကြားနိုင်မည် မဟုတ်ပါ။ ကြိုးစားပါဦးမည်ဟုသာ ဖြေကြားနိုင် မည် ဖြစ်ပါ၏။

(ဆက်ရန်)

ဘိုဘို(ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းဆုသျှင်
တုန့်ပြန်မှုပါရမီ

ခန္တီ၏အနက်ကိုဖွင့်ဆိုရာတွင် ခန္တီသည် ပါဠိဝေါဟာရဖြစ်၏။ မြန်မာစာဝေါဟာရအားဖြင့် သည်းခံခြင်း ဟူ၍ ဖြစ်၏။ သည်းခံခြင်း၏ ကျယ်ပြန့်သော အနက်အရ မြတ်နိုးခြင်းခံရမှုကိုလည်း သည်းခံ၏။ မထီမဲ့မြင်ပြုခြင်းခံရမှုကိုလည်း သည်းခံ၏။ သူတစ်ပါး၏ စော်ကားမှုကို တစ်စုံတစ်ရာတုံ့ပြန်ခြင်းမပြုဘဲ ခွင့်လွှတ်ခြင်းကိုလည်း သည်းခံနိုင်ခြင်းဟုဆိုပါသည်။ တစ်နည်းဆိုသော် သူတစ်ပါး၏ ထိပါးလာမှုကို ငြမ်တာမဟုက်ခြင်းပင် ဖြစ်သည်။

ခန္တီပါရမီသည် အလွန်အရေးကြီးသောပါရမီတစ်ပါးဖြစ်၏။ အထက်မြက်ဆုံးသော ဓမ္မနည်းဖြစ်သည့် ဗုဒ္ဓကျမ်းစာအရ 'သည်းခံခြင်းထက် မွန်မြတ်သော တရားမည်သည်မရှိ' ဟူ၍ ဆိုကြခြင်းဖြစ်သည်။ မထေရ်မြတ်တို့သည်လည်း 'ပြိုင်လာလျှင် အနှုံးပေး၊ လုံးအေးမည်ဆေး' ဟူသော ဓမ္မစကားဖြင့် ခန္တီအလုပ်ကိုပြုကျင့်စေခဲ့သည်။ ဒေါသမထွက် စိတ်မဟုက်ဘဲ စိတ်အေးအေးထား၍ အလျှော့ပေး အနစ်နာခံလိုက်ခြင်းဖြင့် ခန္တီပါရမီပြည့်ရသည်။

လူဘဝ လူလောကထဲနေရခြင်းတွင် လူအမျိုးမျိုးနှင့် တွေ့ကြုံရစမြဲပင်။ လူကောင်းများရှိသကဲ့သို့ လူဆိုးလူမိုက်များလည်းရှိကြပေသည်။ ထိုသူတို့က ဆဲရေးတိုင်းထွာပြုခြင်း၊ ရိုက်နှက်ခြင်း၊ ရန်စခြင်း၊ မထီမဲ့မြင်ပြုခြင်း တို့ကို မိမိက တုံ့ပြန်ပြီး ထိုသူတို့ကဲ့သို့ မပြုလုပ်ဘဲ မိမိသာလျှင် တုံ့ပြန်ခြင်းမပြုဘဲ သည်းခံနိုင်စိတ်ရှိဖို့ အဓိကပင် ဖြစ်သည်။ မိမိကို မည်သို့ပင် စိတ်ဆိုးစေအောင်ပြုပြု၊ အမျက်ဒေါသဖြစ်အောင်ပြုပြု သည်းခံစိတ်ရှိဖို့လိုပါသည်။ သည်းခံနိုင်ခြင်း(ခန္တီစ)စိတ်သည် အလွန်ပြုနိုင်သဖြင့် အမြတ်ဆုံးဟု

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်က ဟောကြားတော်မူပါသည်။

သည်းခံခြင်းဟူသည် မိမိဘက်က အမှားအယွင်းပြုလုပ်ထားခြင်းမရှိ။ ရဲရဲဝံ့ဝံ့နေထိုင်ရခြင်း၊ ပထမဆုံး စိတ်နှလုံးချမ်းသာရခြင်း၊ ရန်အေးငြိမ်းခြင်းတို့ကို သည်းခံစိတ်မထားနိုင်သည်လည်းရှိပေမည်။ သည်းမခံနိုင်ခြင်းစိတ်ကြောင့် အမှားပြုလုပ်မိတတ်ကြပါသည်။ ထိုသို့ခန္တီစိတ်မထားနိုင်လျှင် သည်းခံစိတ်ပေါ်အခြေခံပြီး မဟုတ်သည်တို့လုပ်ခြင်း၊ ပြောနေရခြင်းသည် ဒေါသစိတ်ကိုနှိုးဆွသဖြင့် ဒေါသကိုပွားစေပါသည်။ ဒေါသဆိုသည်မှာ မီး၊ သူတစ်ပါးဒေါသကို မိမိဒေါသနှင့်ခုခံလျှင် ကောက်ရိုးပုံပေါ်မီးစကျသကဲ့သို့ ထတောက်လောင်၍ မဆုံးတော့ချေ။ သည်းခံခြင်းသည် အမွန်မြတ်ဆုံးဖြစ်သဖြင့် သူတစ်ပါး၏ ဒေါသမီးဘယ်လောက်ပြင်းထန်ခန္တီမေတ္တာအပြည့်နှင့်သည်းခံလိုက်လျှင် တစ်ဖက်၏ဒေါသမီး အလိုလိုငြိမ်းသွားပေလိမ့်မည်။

သည်းခံစိတ်မရှိသောသူတို့သည် အကုသိုလ်ကို မကြောက်ကြသူများဟု ထင်ပါသည်။ ဤဘဝတွင်စံ၊ နောင်ဘဝတွင်ခံဟု စိတ်လိုက်မာန်ပါ ဇတ်တရွတ် ပြုမူတတ်သူများလည်းရှိပါသည်။ ထိုသူတို့သည် အကုသိုလ်ဖြစ်မည့်အလုပ်၊ အပြောအဆိုများကို ပြုလုပ်ခြင်းသည် သည်းခံနိုင်စိတ်မရှိသော (ခန္တီမေတ္တာမရှိသော)၊ အကုသိုလ်များသော၊ ဒေါသဖြစ်သော၊ မိုက်မဲသောသူတို့ဖြစ်ကြပေသည်။

သူတော်ကောင်းတို့ အလိုရှိအပ်သောဂုဏ်ကျေးဇူးခြောက်ပါးဖြစ်သော သည်းခံခြင်း၊ နှိုးကြားခြင်း၊ လွှဲလဲရိယရှိခြင်း၊ ဝေဖန်ပိုင်းခြားတတ်ခြင်း၊ သနားခြင်း၊ အမြော်အမြင်ကြီးခြင်းတို့တွင် သည်းခံခြင်းသည် ဒေါသထွက်နေသူတစ်ဦးနှင့် အတူအပြန်ပြောဆိုခြင်းကို တတ်နိုင်သမျှ ရှောင်ရှားရပေမည်။ တစ်ဖက်သတ်၊ တစ်ယူသန်လှုနှင့်လည်း ယှဉ်ဖြိုင်ပြီးပြောဆိုခြင်း မပြုအပ်ပေ။ အကယ်၍ ထိုသူနှင့် မလွဲမရှောင်သာပြောရလျှင်လည်း ချိုသာစွာပြောဆိုအပ်ခြင်းစသဖြင့် ဤအရည်အချင်းသည် သည်းခံစိတ် (ခန္တီမေတ္တာ) ပါရမီရှိသူဖြစ်သည်။

ခန္တီ၏ သဘောသည် သက်ရှိသတ္တဝါ၊ သခါရတို့က မိမိအားကိုယ်အားဖြင့် လည်းကောင်း၊ နွတ်အားဖြင့်လည်းကောင်း၊ ကိုယ်စိတ်နှစ်ပါးတို့ဖြင့်လည်းကောင်း၊ ထိပါးပုတ်ခတ်မှုပြုလာသော် ဒေါသဖြင့် ယင်းပုဂ္ဂိုလ်အား စိတ်ဆိုးခြင်း၊ ပြန်လည်ပြစ်မှားခြင်း၊ လက်စားချေခြင်းမပြုဘဲ သည်းခံ၍နေနိုင်ခြင်းနှင့် သက်မဲ့အဝိညာဏက မိမိခန္ဓာနှင့်ဆက်စပ်နေသော အပူ၊ အအေး၊ ရာသီဥတုနှိပ်စက်ခြင်းဒဏ်၊ အနေအထိုင်၊ အစားအသောက်တို့ ကြမ်းတမ်းခက်ထန်ခြင်း၊ မပြည့်စုံခြင်း စသည်တို့နှင့် တွေ့ကြုံရသည့်အခါ ဒေါမနဿဖြစ်သော စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမချမ်းမြေ့ခြင်းတို့ကိုမဖြစ်စေဘဲ သည်းခံနိုင်ခြင်းကို ခန္တီစဟု ခေါ်ပါသည်။

ခန္တီ - သည်းခံခြင်းတရားသည် တရားအားလုံး၏ ရေသောက်မြစ်ကြီးဖြစ်ပေရာ မေတ္တာအလုပ်သည်လည်း ခန္တီပေါ်တွင် ရပ်တည်မှသာ ဖြစ်နိုင်လေသည်ဟု မေတ္တာဝါဒ (ပြဟ္မာဝိဟာရ အဖွင့်) မှာ ရေးသားထားခဲ့ပေသည်။

ဒေါသကို သူယုတ်တို့မှိုဝဲ၏။ မေတ္တာကို သူတော်ကောင်းတို့မှိုဝဲ၏။

မေတ္တာသည် အရှုံးပေးခြင်းမဟုတ်။ ဒေါသသည်သာ ဆုံးရှုံးခြင်းဖြစ်၏။ ရဂ္ဂရာစရေးဆရာကြီး လီယိုတော်စတွိုင်းကဆိုပါသည်။ လောကမှာ မိဘမရှိလျှင်လည်း အသက်ရှင်နေနိုင်ပါသည်။ ဓတ်စရာ၊ စားစရာ၊ နေစရာအိမ်မရှိကလည်း အသက်ရှင်နေနိုင်ပါသည်။ မေတ္တာစိတ်မရှိလျှင်တော့ အသက်ရှင်ဖို့မလွယ်ဟု ခန္တီစိတ်၏ အခြေခံဖြစ်သော မေတ္တာကို တင်စား ဖော်ပြခဲ့ပါသည်။

■ အင်္ဂါတွိရပါဠိတော်ပထမတွဲတွင်

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးကိုလည်း အနိုင်မကျင့်ပေ။ ထိုမေတ္တာပွားသူအား တစ်စုံတစ်ယောက်သော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

ဘဝသမ္ဘတ္တိအကျိုးပေးသန်သော ကောင်းသောကံဇာတာတို့တွင် ဤမေတ္တာတို့တွင် ဤမေတ္တာကံသည် အထွတ်အမြတ်ဆုံး၊ အသာဆုံးဖြစ်၍ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

ငါးရာငှါးဆယ်ခန္ဓဝါဒီဇာတ်မှ ခန္တီမေတ္တာထားနိုင်သော ရှင်ရသေ့၏ခန္တီမေတ္တာဝတ္ထုတွင်...

တစ်ခါက မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ် ရဟန်းတစ်ပါး၏ အမျက်ထွက်မှုကိုအကြောင်းပြု၍ ဤခန္တီဇာတ်ကို မြတ်စွာဘုရားဟောကြားတော်မူပါသည်။

ဗာရာဏသီပြည် ကာလဗုမင်းစိုးစံသည်ရှိသော် ကုဏ္ဍလအမည်ရှိသော ကုဋေရှစ်ဆယ်ကြွယ်ဝသည်လုလင်တစ်ဦးရှိလေ၏။ ထိုလုလင်အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ သွားရောက် ပညာသင်ယူ၏။ ပညာစုံ၍ပြန်လာသောအခါ မိဘဖတို့ ကွယ်လွန်ကုန်ကြ၍ ကျန်ရစ်သောဥစ္စာတို့ကိုကြည့်ကာ သံဝေဂရမိလေသည်။ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာတို့ကို စွန့်ကြဲပေးကမ်းပြီးနောက် ရသေ့ပြုကာ ဟိမဝန္တာတောသို့ ဝင်လေ၏။

တစ်နေ့သောအခါ ချဉ်၊ ဆားမှီဝဲနိုင်ရန်အလို့ငှာ ဗာရာဏသီပြည်သို့ ချဉ်းကပ်ခဲ့ပြီး မင်းဥယျာဉ်၌ စတည်းချကာ ဆွမ်းခံဝင်တော်မူလေသည်။ ဆွမ်းခံဝင်ရာ၌ စစ်သူကြီး၏ အိမ်တံခါးဝကို ရောက်သောအခါ ထိုစစ်သူကြီးသည် ရသေ့အားကြည်ညိုသောကြောင့် အိမ်အတွင်းသို့ဝင့်ဖိတ်လျက် ဆွမ်းလုပ်ကျွေးလေသည်။ ထို့အပြင် ဥယျာဉ်တော်၌လည်း ကျောင်းဆောက်ပေးကာ လျှဒါန်းလျက် သီတင်းသုံးနေစေလေသည်။

ထိုအချိန်တွင် မင်းကြီးသည် သေရည်ယစ်မူးလျက် ကချေသည်အပေါင်းခြံရံကာ ဥယျာဉ်တော်သို့ထွက်လာ၍ မင်္ဂလာကျောက်ဖျာထက်၌ အနှစ်သက်ဆုံးမိန်းမရင်ခွင်တွင် ကျိန်းစက်ကာ စည်းစိမ်ယစ်မူးလေ၏။ ကချေသည်မအပေါင်းတို့သည်လည်း မင်းကြီးကို ကပြဖျော်ဖြေကြလေရာ မင်းကြီးလည်း နှတ်စည်းစိမ်ကဲ့သို့ ခံစားရင်း အိပ်ပျော်သွားခဲ့လေသည်။ ထိုအခါ ကချေသည်အပေါင်းတို့သည်လည်း မင်းကြီးအိပ်ပျော်နေသည်ကိုသိလျှင် အချိန်ကြာမြင့်စွာအိပ်စက်နေ၍ နိုးနိုင်မည်မဟုတ်။ အခါအခွင့်သင့်ခိုက် ဥယျာဉ်အတွင်းသို့ လှည်လည်ကြည့်ရှုကြကုန်၏။

ဥယျာဉ်တော်အတွင်းရှိ ပန်းမျာ၊ သစ်သီးများနှင့် သာယာချိုမြိန်သော ကျေးငှက်အသံတို့နှင့် မျက်စိပသာဒဖြစ်စေသည့်ဌာန်မျိုးစုံ၊ လိပ်ပြာမျိုးနွယ်ကို မြင်ရသော် ပျော်မွေ့ကြည်နူးကြကုန်၏။ ဤတွင် ပင်လုံးကျွတ်မျှဖူးကြေဆာနေသည့် အင်ကြင်းပင်အောက်၌ သီတင်းသုံးနေသော ရသေ့ကိုတွေ့မြင်သဖြင့် ကြည်ညိုခြင်းရှိကြကုန်လျက် ရှိခိုးဦးချကြလေ

www.burmeseclassic.com

www.burmeseclassic.com

၏။ မင်းကြီးမနိုးမီအချိန်အတွင်း တရား နာကြမည်ဟုသဘောတူကြလျက် ရသေ့ အား တရားဟောကြားစေရန် လျှောက် ထားကြကာ တရားနာကြကုန်လေသည်။

ထိုအချိန်တွင် မင်းကြီးနိုးလာပြီး သော် မိမိပတ်ဝန်းကျင်၌ ကချေသည် အပေါင်းနှင့် အခြေအရံတို့ကို တစ်ယောက် မှမမြင်တွေ့ရသဖြင့် ဥယျာဉ်အတွင်း၌ လိုက်ရှာကာ အင်ကြင်းပင်ရင်း၌ ရသေ့ အားဝိုင်းရံ၍ တရားနာနေသော မိမိ၏ ကချေသည်တို့အားမြင်လျှင် ဒေါသကြီး စွာအမျက်ထွက်၍ ဤရသေ့သည် ငါ၏ အခြွေအရံတို့အား စည်းရုံးသွေးဆောင် သူတည်းဟု စိတ်ရိုင်းဝင်လျက် သတ်အံ့ ဟူသောအသွင်ဖြင့် သန်လျက်ဆွဲကာ သွားလေသည်။

ထိုအခါ မင်းကြီး မြတ်နိုးသော မိန်းမတို့က ဖျောင်းဖျကြသောကြောင့် ဒေါသငြိမ်းကာ သန်လျက်ကိုရုတ်သိမ်း လေသည်။ သို့သော်လည်း မင်းကြီး သည် ရသေ့အပေါ် မကျေနပ်စိတ်ရှိ၍ ဒေါသမပြေနိုင်ဖြစ်သည့်အတွက် ရသေ့ အား မေးခွန်းများစွာကို မောက်မာစွာ မေးလေသည်။

"အရှင်ရသေ့၊ သင့်၌မည်သို့သော မေတ္တာရှိသနည်း"

"အရှင်မင်းကြီး ငါ၌ ခန္တီမေတ္တာရှိ ပါသည်"

"ရှင်ရသေ့၊ ခန္တီမေတ္တာဟူသည် အဘယ်နည်း"

"မင်းကြီး၊ ခန္တီမေတ္တာဟူသည်ကား ဆဲရေးကုန်သောသူတို့၌လည်းကောင်း၊ သွားပန်းပုတ်ခတ်ရိုက်နှက်သူတို့၌လည်း ကောင်း အမျက်ဒေါသမထွက်ခြင်းသည် ခန္တီမေတ္တာမည်ပေ၏"

ထိုအခါ မင်းကြီးသည် ရသေ့၌ ခန္တီ မေတ္တာ တကယ်ရှိ မရှိကိုသိလိုသော ကြောင့် လူသတ်သမားတို့အားခေါ်၍ -

"အချင်းတို့၊ ဤရသေ့စည်းလဲအား ဆွဲငင်ကာ မြေ၌လွှဲ၍ ဆူးတပ်ထားသော ကြိမ်တို့ဖြင့် နံပါးလေးဖက်စလုံးအား အချက်ပေါင်းနှစ်ထောင်ရိုက်လော့"

ဟု အမိန့်ပေး၏။

ပါးကွက်သားတို့လည်း မင်းကြီး အမိန့်အတိုင်း ရသေ့အားရိုက်နှက်သည် ရှိသော် အသားအရေတို့ စုတ်ပြတ်လျက် သွေးချင်းချင်းနီလေ၏။ရသေ့သည် ကြိမ် အားကိုကြိတ်မှိတ်ခံလျက် ဝေဒနာသတိ ဝဋ္ဌာန်ကိုပွားလျက်ရှိလေသည်။

မင်းကြီးသည် ထိုမျှနှင့်အားမရ သဖြင့် -

"ရှင်ရသေ့၊ သင့်၌အဘယ်မေတ္တာ ရှိသေးသနည်း"

"မြတ်သောမင်းကြီး၊ ငါ့၌ ခန္တီ မေတ္တာရှိ၏။ သင်မင်းကြီးတို့သည် ငါ၏ ခန္တီမေတ္တာအား အသားအရေကြား၌ရှိ သည်ဟုထင်မှတ်ထားကြ၏။ ခန္တီမေတ္တာ ကို မမြင်နိုင်ကုန်။ ငါ၏ခန္တီမေတ္တာကား စိတ်အတွင်း၌သာရှိ၏"

ထိုသို့ဆိုလေသော် -

မင်းကြီးလည်း လက်နှစ်ဖက်တို့ကို ဖြတ်စေ၏။ ထို့နောက် ခြေနှစ်ဖက်အစုံ ကိုဖြတ်စေ၏။ ထိုအခါ အဖြတ်ခံရသော နေရာတို့မှသွေးတို့သည် ယိုစီးကျလာ လေသည်။

"ရှင်ရသေ့၊ သင့်၌အဘယ်မေတ္တာ ရှိသနည်း"

"မင်းကြီး၊ ငါ့၌ ခန္တီမေတ္တာရှိ၏"

ထိုအခါ မင်းကြီးလည်း နှာခေါင်း တို့ကိုဖြတ်စေပြန်၏။

သွေးတို့သည် ချင်းချင်းနီစွာထွက် ရှိကုန်၏။ ရသေ့သည် မင်းကြီးပြုသမျှ ကို အမျက်ဒေါသမထားဘဲ ဝေဒနာကို သာရှုမှတ်လျက် မေတ္တာဘာဝနာကိုပွား လေ၏။ မင်းကြီးမေးလေတိုင်း ရသေ့ သည် ခန္တီမေတ္တာရှိကြောင်း ထပ်တလဲလဲ ဖြေဆို၏။

အချိန်ကြာသောအခါ မင်းကြီး သည် -

"ဟယ် - ရသေ့စဉ်းလဲ၊ သင့်ခန္တီ ဝါဒကို သင်သာလျှင် ပိုးရွှတ်၍နေရစ်ပေ တော့"

ဟု ဆိုကာ ရသေ့၏ရင်ညွှန့်အား ခြေဖြင့်ကန်၍ထွက်သွားလေ၏။

ထိုအခါ အနားတွင် ကိုးကွယ် ဆည်းကပ်သည့်စစ်သူကြီးသည် ရသေ့ ၏ ခန္ဓာကိုယ်ပေါ် မှသွေးတို့ကိုသုတ်၍ ခြေပြတ်လက်ပြတ်တို့ကို ကောက်ယူစုပုံ ပေး၍ စိတ်မကောင်းခြင်းများစွာဖြင့် -

"အရှင်ရသေ့ အရှင်ရသေ့အပေါ် ဤသို့ရက်စက်စွာပြုလေသော မင်းကြီး အပေါ် ၌သာလျှင် အမျက်ထားတော်မူပါ။ ဤတိုင်းနိုင်ငံကြီး ပျက်စီးရလေအောင် အမျက်မထွက်ပါလေနှင့်"

ဟု ရှိုးတောင်းပန်လျက် လျှောက် ၏။

"အို-စစ်သူကြီး၊ မင်းကြီးကိုလည်း ငါသည် အမျက်မထွက်။ ကြမ္မာနှင့် ကံ တိုင်းသာလုပ်ဆောင်ခြင်းဖြစ်၏။မင်းကြီး သက်တော်ရာကျော်ရှည်ပါစေသတည်း။ ငါကဲ့သို့သောပုဂ္ဂိုလ်ကား ခန္တီပါရမီကို ဖြည့်ကျင့်နေသူဖြစ်သဖြင့် အရာရာကို သည်းခံခွင့်လွှတ်၏။ အမျက်ထွက်ခြင်း မရှိပါ။ ဤတိုင်းနိုင်ငံအတွက် မစိုးရိမ်ပါ လင့်"

ဟု သည်းခံခွင့်လွှတ်ကြောင်းကို မြွက်ဟမိန့်ကြားလေ၏။

မင်းကြီးလည်း ရသေ့မြတ်မြင်နိုင် သော ဥပစာမှလွန်သည်ရှိသော် ရှစ်သိန်း လေသောင်းအထူရှိသောမဟာပထဝီမြေ ကြီးသည် တုန်ဟုည်းအက်ကွဲ၍ အဝီစိမှ ငရဲမီးလျှံတို့ထွက်လာကာ ကာလာပု မင်းကြီးအား မျိုဝါးဆွဲခေါသွားလေတော့ သည်။

ရသေ့သည်လည်း ထိုဥယျာဉ်၌ ပင် အသက်ခန္ဓာစ့၍ စစ်သူကြီးနှင့်တကွ သော တိုင်းသူပြည်သားအပေါင်းတို့သည် ပန်းနံ့သာအမွှေးအကြိုင်တို့ဖြင့် ရသေ့ မြတ်၏စျာပနအားကျင်းပ၍သင်္ဂြိုဟ်ပေး ကြကုန်လေ၏။

ထိုခန္တီပါရမီရသေ့မြတ်ကား နောင် တွင် ဘုရားရှင်ဖြစ်တော်မူလေ၏ဟူ၍ သာ။

ဦးဆုသူဇင်

မှီငြမ်း -

အဂုတ္တိရ်ပါဠိတော်(မြန်မာပြန်)

www.burmeseclassic.com

www.burmeseclassic.com

သည်အခါ လေ့ကျင့်ခန်းအချိန်ယူပြီးလုပ်သည်။ ဟိုတုန်းက နှစ်ကြိမ်လောက်လုပ်လာရာက နောက်ပိုင်း သုံးကြိမ်လုပ်သည်။ သက်သာလာလို့ အခွင့်ရသည်နှင့် စာဖတ်စာရေးလုပ်ကြည့်သည် မဆိုး။ အချိန်အကြာကြီးတော့ မပေးရဲ။ တစ်ခါဖတ် (၁၅)မိနစ်၊ တစ်ခါရေး စာမျက်နှာ(၁)မျက်နှာ။ ဒါလောက်နှင့်တင်းတိမ်နေရသည်။ မရေးရတာ မဖတ်ရတာစာလျှင်မဆိုး။ နေသာထိုင်သာရှိသွားသည်။ မဖတ်မရေးရသည့် အချိန်များ ဘာရေးလျှင်ကောင်းမလဲ ဆိုတာတွေးသည်။ နံပါတ်စဉ်ထိုးပြီးရေးချင်သည်များ အတိုကောက်ရေးမှတ်ထားသည်။

စာရေးစာဖတ်မလုပ်တာ သီတင်းသုံးပတ်လောက်ရှိတော့ ဖတ်ချင်ရေးချင်လာသည်။ ဆင်ဖြူကျွန်း သာယာကုန်းရွာ

စာရေးသူကို စာမဖတ်ဖို့ စာမရေးဖို့ သမားတော်တွေကပြောထားတာကြောပါပြီ။ ကုပ်မှာ ကိုးပေါင်းရှိ၍ အာရုံကြောညှပ်၍တားမြစ်ထားခြင်း ဖြစ်ပါသည်။ အာရုံစိုက်ရသည့်အလုပ်မလုပ်ဖို့ကိုလည်း ပြောထားပါသေးသည်။ ဆေးစားလျက်၊ လေ့ကျင့်ခန်းလုပ်လျက် အန်တုကာ စာရေးခဲ့ပါသည်။ စာဖတ်ခဲ့ပါသည်။ သည်ပိုးကသေသွားတယ်လို့မှ မရှိဘဲကိုး။ အစပိုင်း အန်တု၍ရသော်ငြား နောက်ပိုင်းမရတော့ပါ။ ခေါင်းမူးတာ၊ အော့တာ၊ အန်တာ၊ ဇက်ကြောတက်တာတွေဖြစ်လာလို့ပါ။ သည်အခါ စာရေးစဖတ်သည့်အလုပ်လုံးဝမလုပ်ဘဲဥပေက္ခာပြုထားရသည်။ စာမဖတ်၊ စာမရေးရတော့ တစ်ခုခုလိုနေသလို၊ လစ်ဟာနေရသလိုရှိလိုက်တာ။ အာသာမပြေနိုင်ဘူးဆိုပါတော့။

ဦးစန္ဒိမာ(စလင်း)

ဆင်ဖြူကျွန်း သာယာကုန်းရွာ စလေတိုက် လယ်ပြင်ကျောင်း ရာကျော်ဆရာတော်ကြီးဦးဥတ္တရ သက်တော်(၁၀၁)နှစ်

ရာကျော်ကျောင်းဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



စလေတိုက် လယ်ပြင်ကျောင်း

ရာကျော်ဆရာတော်ကြီး ဦးဥဏ္ဍရ

ရာပြည့်ကျောင်းဆောင်

စလေတိုက် လယ်ပြင်ကျောင်း ရာကျော်ဆရာတော်ကြီးထံ သွားရောက် ဖူးမြော်ခဲ့ရာ စိုင်းပြင်းနေတာကြာပါပြီ။ ဆရာတော်သက်တော် (၁၀၀) ပြည့်ပွဲကျင်းပပြီးကတည်းက ဖြစ်သည်။ ရာပြည့်ပွဲကျင်းပပြီးကတည်းက၊ ဆရာတော်ကြီးကို ရာကျော်ဆရာတော်၊ ကျောင်းကို ရာကျော်ကျောင်းဟုတွင်သွားပါတော့သည်။ ဆရာတော်ကြီး ဘာကြောင့် အသက်ရှည်ပါသလဲဆိုတာ သိရှိကြည်ညိုချင်လည်းဖြစ်သည်။ ရင်တွင်းဆန္ဒကို ထုတ်ဖော်ပြောပြသောအခါ ဆင်ဖြူကျွန်း ဒေါ်နီလာအေး (တိုင်းရင်းဆေး) ကလည်း သူတို့ကိုးကွယ်သည့် ဆရာတော်ဖြစ်လို့လိုက်ပို့မည့်ဟု ကတိပေးထားသည်။ သို့တိုင်အောင် ဆူကလည်း အလုပ်များသူ၊ ကိုယ်ကလည်း အလုပ်များသူ၊ သူအားတော့ ကိုယ်မအား၊ ကိုယ်အားတော့ သူမအား။ ဆရာတော်ကြီးထံတော်တော်နှင့်မရောက်။ သည်လိုနှင့် (၆) လလောက်ကြာသွားသည်။

"သည်နေ့သည်ရက်မှာအားတယ်။ ဆရာတော်ကြွလာနိုင်မလား"

ဆိုပြီး ဒေါ်နီလာအေးက ဖုန်းဆက်သည်။ ဖြစ်အောင်လာခဲ့မယ်စောင့်သာနေဟု ချိန်းဆိုလိုက်သည်။ ၁၂ ဖေဖော်ဝါရီ ၂၀၁၈ ရက်နေ့၊ နေ့လယ် (၂း၃၀) နာရီအရောက် ချိန်းဆိုလိုက်သည်။ ဒါတောင် ရေတွင်းထဲကရေတွေ စက်နှင့်စုပ်တာနှင့်တိုက်ဆိုင်နေသည်။ မတတ်နိုင်။ ကပ္ပယကိုရင်တို့နှင့် လွှဲထားခဲ့ပြီး ရာကျော်ဆရာတော်ထံအရောက် သွားခဲ့သည်။ ထို့နေ့က ဒေါ်နီလာအေးနှင့်အတူ ကျောင်းဆရာမ ဒေါ်ခင်မြင့်ဦးလည်း ပါလာသည်။

စလင်းနှင့် ဆင်ဖြူကျွန်း (၇) မိုင်သာဝေးသော်ငြား ရာကျော်ဆရာတော်ကြီးကျောင်း တစ်ခါမှမရောက်ဘူးပါ။ ရောက်သွားတော့ အသစ်အဆန်းတွေဖြစ်နေသည်။ သာယာကုန်းရွာ စလေတိုက် လယ်ပြင်ကျောင်းဆိုတာ ဆင်ဖြူကျွန်းအရှေ့မြောက်အစွန်မှာပါ။ကျောင်းအဝင်မှတစ်ပါး ကျောင်းစည်းရိုးအပြင် လယ်ကွင်းကြီးတွေကို တွေ့မြင်နေရသည်။ သစ်ပင်ကြီးများနှင့် စိမ်းစိုနေသည်။ အရိပ်ရသည်။ ကျောင်းအဝင်မှခံဦးကြီးကလည်းဟီးထနေသည်။ မုခ်ဦးအလှူရှင်တို့မှာ ဦးသန်းထိုက်အောင် - ဒေါ်နေဇာလိုင်၊ သမီး မဆုပိုင်စိုး၊ မရွှေရည်လိုင်တို့ ဖြစ်သည်။ ဝင်လျှင်ဝင်ချင်း ရာပြည့်တိုက်ကျောင်းအလှူရှင်မှာလည်း ဆင်ဖြူကျွန်းမြို့ ပြန့်လွင့်ရပ် ဆရာမကြီး ဒေါ်သန်းနှင့် မုခ်ဦးကုသိုလ်ရှင်တို့ပင် ဖြစ်သည်။

ရာကျော်ဆရာတော်ကြီး ကျောင်းပေါ်တွင် တောင်ဝေးမပါဘဲနှင့် လမ်းလျှောက်နေသည်ကို ဖူးတွေ့ရသည်။ ဒေါ်နီလာအေးမြင်သည်နှင့် တန်းမှတ်မိသည်။

ဒေါ်နီလာအေးက-

"တပည့်တော် ဦးသန်းအေး၊ ဒေါ်ငွေးငွေးသမီးပါ ဘုရား"

ဟု လျှောက်လိုက်သည်ဆိုလျှင်ပဲ ဆရာတော်ကြီးက မှတ်မိနေသည်။ စာရေးသူနှင့်လည်း မိတ်ဆက်ပေးသည်။ ထို့နောက် စာရေးသူသိလိုသမျှ စိတ်ရှည်လက်ရှည်ဖြေကြားတော်မူပါသည်။

"တပည့်တော်ဇာတိက ဆင်ဖြူကျွန်း ဆုံကုန်းရွာဇာတိ အဖ ဦးညိမ်း၊ အမိ ဒေါ်အုန်းကြွယ်။ ၁၂၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်နေ့နံနက် (မြန်မာရ်) မှာ တပည့်တော်ကိုမွေးဖွားတယ်၊ ဘနဉ်နွေသား။ လူနာမည် ဦးအုန်း၊ ကျား (၇) ယောက်၊ မ (၂) ယောက်၊ တပည့်တော်

www.burmeseclassic.com

www.burmeseclassic.com



ရာကျော်ဆရာတော်ကြီးနှင့် စာရေးသူ

ရာကျော်ကျောင်းမုခ်ဦး

က မွေးချင်းထဲမှာ (၅) ယောက်မြောက်သား။ အရွယ်ရောက်တော့ (၁၀) နှစ်သားဆိုပါတော့ ဒီကျောင်းစလေလယ်ပြင်ဆရာတော် ဦးဩဘာသထံ စာပေသင်ယူတဲ့လေ။ ဒီဆရာတော်ထံမှာပဲ မိဘတွေက ရှင်ပြုပေးတာ။ ကိုရင်ဘွဲ့က ရှင်ဥတ္တရတဲ့။

ပထမရဟန်းဒကာ ဆင်ဖြူကျွန်းအုတ်ဖိုရပ် ဦးရေအေး-ဒေါ်စိန်။ ဒုတိယရဟန်းဒကာကတော့ ပိုးအနော်ရပ် (ရွှေလက်ဝါး) ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ပု။ တတိယရဟန်းဒကာတော့ ဆုံကုန်းရပ် ဦးဖိုးမြစ် - ဒေါ်ခင်နုတို့ပေါ့။ ဥပဇ္ဈာယ်ဆရာတော်က ဒီကျောင်းဆရာတော် ဦးဩဘာသချည်းပဲ။ အသက် (၃၀) လောက်မှ စာသင်ထွက်ရတယ်ဗျာ။ ဆရာသမားပြုစုနေရလို့။ ပခုက္ကူအရှေ့တိုက် မဟာဝိဇယာရာမတိုက်ဆရာတော် ဦးဇဝနထံမှာ (၁၅) နှစ် ပညာသင်တယ်။ ဝိနည်း (၅) ကျမ်း၊ ကျမ်းကြီးပေါက်စာဆို အဖြစ်နဲ့ သင်ယူခဲ့ရတယ်လေ။ အဲဒီကနေ မန္တလေးရွှေရေးဆောင်တိုက်ဆရာတော် ဦးဝဏ္ဏဝထံ (၁) နှစ် ပညာသင်တယ်။ အဲဒီကနေ ပခုက္ကူမြို့အရှေ့တိုက်မှာ ဆက်ပြီး ပညာသင်တယ်။

ဆရာသမားများက စာမေးပွဲဖြေတာ မနှစ်သက်လို့ မဖြေခဲ့ရရှာဘူး။ တပည့်တော် အသက် (၆၅) နှစ်မှာ ဒီကျောင်းတိုက် ကျောင်းထိုင်တယ်။ ကျောင်းထိုင်သက်နောက်ကျတာက ဒီကျောင်းတိုက်ဆရာတော်များဖြစ်ကြတဲ့ ဆရာတော်ဦးမေဓာ၊ ဦးအာဒိစ္စ၊ ဦးဩဘာသ၊ ဦးသာဂရ၊ ဦးကုသလ၊ ဦးဝိမလ ရှေ့မှာ စိန်ဃာတွေရှိနေမှကိုး။ စလေကျောင်းတိုက်လယ်ပြင်ကျောင်းကိုစတည်တာက ဆရာတော် ဦးမေဓာပေါ့။

မျက်စိနှစ်လုံးစလုံးခွဲထားရတယ်။ သွားတွေတစ်ဝက်လောက်ကျိုးလို့ စိုက်ထားရတယ်။ အဆင်ပြေပါတယ်။ မျက်မှန်မတပ်ရဘူး။ စားနိုင်ဝါးနိုင်တယ်လေ။ ဘာတော့မကြိုက်ဘူး၊ မစားဘူး၊ ဘာတော့စားချင်လိုက်တာ။ ငါချက်ပြုတ်ကျွေးစမ်းဆိုတာမရှိဘူး။ ကြုံရာနဲ့ကိစ္စပြီးလိုက်တာပဲ။ အဲ-အသက်ရှည်တာကတော့ ဆရာသမားတွေ့ခဲ့သေးဂရုပြုစုခဲ့လို့၊ စိတ်ချမ်းသာအောင်ထားခဲ့လို့ စိတ်ချမ်းသာအောင်လည်းနေတတ်လို့လို့ ထင်တာပဲ။ ရဟန်းဒကာတွေက အမွေပေးတာတောင် မယူဘူးရယ်။ ကဲ-ဘယ်လောက်လွတ်လပ်ပေါ့ပါးထားတုံး။

ဒီကျောင်းမှာ တပည့်ရဟန်း (၅) ပါးရှိတယ်။ ကိုရင်ကျောင်းသားကတော့ မူးလို့တောင်ရှူစရာမရှိတာကြာပြီ။ ပခုက္ကူအရှေ့တိုက်ဆရာတော်ကြီးလက်ထောက် တပည့်ဆရာတော် ဦးစန္ဒကမိန့်တယ်။

'ဘုန်းကြီးလိုနေကြစမ်းပါ။အသက်ကြီးလာရင်သိလာလိမ့်မယ်' တဲ့။

ခုလည်းပြောမယ်နော်။ ဘုန်းကြီးက ဘုန်းကြီးလိုနေ၊ လူကလူလိုနေဆိုပြီး မိန့်ပါသည်။

မျက်နှာတော်က ပြုံးလို့ ကြည်လို့။ ဩော်- ဒါကြောင့် အသက်ရာကျော်တာပဲဟု ကောက်ချက်ချနေမိသည်။

(ရာကျော်ဆရာတော်ကြီးဦးဥတ္တရသည် နိရုတ္တိနှိန် သာယကျမ်းကိုင်ဆရာသားပါသည်။ (၄၀)ပါဠိလာစာအုပ် (၄၀) ရှိပါသတဲ့။ ပုံနှိပ်မူထိုင်ဆောင်တော့ ဖြစ်မလာပါ။)

ဦးစန္ဒိမာ(စလင်း)

www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့် ရသစုံလင် ဆေးပက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)

မြန်မာ့ဟင်းခတ်အမွှေးအကြိုင်များထဲတွင် စပါးလင်ပင်ဟာ မြန်မာဟင်းလျာများတွင် တွင်ကျယ်စွာအသုံးများကြသလို ဆေးဖက်ဝင်အစွမ်းသတ္တိများကလည်း ပြည့်စုံအစွမ်းထက်လှပါတယ်။

အထူးသဖြင့် စပါးလင်ကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရဲ့ ရိုးရာဟင်းလျာများတွင် မဖြစ်မနေပါဝင်နေတဲ့ ဟင်းခတ်ဆေးဖက်ဝင်အပင်ဖြစ်နေပါတယ်။

စပါးလင်ပင်ဟာ တကယ်တော့ မြက်မျိုးရင်းဝင်အပင်မျိုးထဲမှ ရနံ့ထွက်အဆီမျိုးပါဝင်နေတဲ့ ဆေးဖက်ဝင်ဟင်းခတ်ပင်မျိုး ဖြစ်ပါတယ်။ စပါးလင်ပင်မှာ Citric ဓာတ်ပေါများစွာပါဝင်နေပြီး ခန္ဓာကိုယ်အတွက် အရေးကြီးတဲ့ ဗီတာမင်အေဓာတ်ရင်းမြစ်ကို ဖြည့်စွမ်းပေးပါတယ်။

စပါးလင်ရဲ့ပင်စည်နဲ့ အမြစ်မှာ ပိုင်းတွေမှာ Lemonal ခေါ်တဲ့ သင်းပျံ့မွှေးကြိုင်သော ဂုဏ်သတ္တိနဲ့ပြည့်စုံပြီး ဆေးဖက်ဝင်အစွမ်းသတ္တိထက်မြက်စေသော ရနံ့ထွက်ဆီအဓိကထွက်ရှိထုတ်ယူနိုင်သောကြောင့် ရေမွှေး၊ ဆပ်ပြာ၊ အင်းဆက်နိုင်ဆေး၊ အကြောအခြင်အတွက်လိမ်းနိုင်သောလိမ်းဆေးစသောလူသုံးကုန်ဆေးဝါးနဲ့ အလှကုန်ပစ္စည်းများ ထုတ်လုပ်အသုံးပြုကြပါတယ်။

စပါးလင်ရဲ့ မွှေးစပ်ခါးသက်ပူရှိန်တဲ့ရနံ့နဲ့ အရသာကြောင့် နှုတ်ခံတွင်းကို မြိန်စေပြီး ဟင်းလျာသားငါးတို့ရဲ့အညှီအဟောက်အနံ့ဆိုးများကို ဖယ်ရှားနှိမ်နင်းပေးနိုင်တဲ့သတ္တိနဲ့ စားသောက်လိုက်တဲ့အခါမှာလည်း နှုတ်ခံတွင်းကအစမွှေးကြိုင်လန်းဆန်းသွားပြီး အစာအိမ်၊ အစာခြေချက်မှုမှာ ကောင်းမွန်စွာကြေညက်ပြီး ဝမ်းမီးကို အားရှိစေပါတယ်။

ဒါကြောင့် အစာအိမ်နဲ့ အူလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ မလိုလားအပ်တဲ့ ဗက်တီးရီးယားပိုးမွှားများနဲ့ သန်ကောင်၊ တုတ်ကောင်များကိုပါ နှိမ်နင်းပေးနိုင်ပါတယ်။

ဒါ့ပြင် စပါးလင်ပင်ကိုပြုတ်၍ဖြစ်စေ၊ ဖျော်ရည်ပြု၍ဖြစ်စေတိုက်ပေးခြင်းဖြင့် ဆီလမ်းကြောင်းပိုးဝင်ခြင်းရောဂါ ဝေဒနာများအတွက် အလွန်ကောင်းမွန်ပါတယ်။

စပါးလင်ရဲ့ရနံ့ဆီကို ခန္ဓာကိုယ်ပြင်ပတွင်လိမ်းပေးခြင်းဖြင့် ခြင်စတဲ့အင်းဆက်ပိုးမွှားများဒဏ်ကို ကာကွယ်ပေးပြီး အကြောအဆစ်အမြစ်ကိုက်ခဲနာကျင်ခြင်း၊ အကြောတက်ခြင်း စသည်တို့ကိုပျောက်ကင်းစေပါတယ်။

အစာအိမ်ရောင်ခြင်း၊ အစာအိမ်လေထခြင်းတို့ကိုလည်း စပါးလင်ပင်ကထိရောက်စွာအကျိုးပြုပါတယ်။ စပါးလင်ရဲ့ပင်စည်ပိုင်းကို သားငါးများချက်ပြုတ်ရာတွင် ဟင်းခတ်အမွှေးအကြိုင်များအဖြစ် ထည့်သွင်းသုံးစွဲကြသလို လက်ဖက်ရည်၊ အချိုယမကာဖျော်ရည်တို့တွင်လည်း စပါးလင်ကို ဆေးဖက်ဝင်ခံတွင်းရှင်းကာရနံ့မွှေးမြေစေခြင်းအတွက် အလွန်အသုံးပြုကြပါတယ်။

မြန်မာတို့ရဲ့ အကြိုက်နှစ်သက်ဆုံးအစာ မုန့်ဟင်းခါးမှာဆိုရင်တော့ စပါးလင်မပါရင် မုန့်ဟင်းရည်မဖြစ်တော့သလောက်အရေးပါလှပါတယ်။ ယခုဟင်းလျာမှာပါဝင်နေတဲ့ငါးဖယ်ဟာဆိုရင်လည်း ပရိတိန်းဓာတ်ကြွယ်ဝစွာပါဝင်နေပြီး ကယ်လစီယမ်၊ သွပ်၊ သံဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီဓာတ်တို့ပါဝင်နေပြီး အထူးသဖြင့် ငါးဖယ်ရဲ့အရေခွံတွင် ကိုလာဂျင်ဓာတ်ပါဝင်နေခြင်းကြောင့် အသားအရေကို များစွာအထောက်အကူပြုစေပါတယ်။

စပါးလင်မွှေးငါးဖယ်လုံးကြော် ချက်ပြုတ်နည်း

ပါဝင်ပစ္စည်းများ

၁။ ငါးဖယ်ခြစ် ၂၀၀ gm
၂။ စပါးလင်ပင်စည် ၁၀ ချောင်း၊
၃။ ကြက်သွန်ဖြူ ၇ တက်၊
၄။ နံနံပင် ၁ စည်း၊
၅။ ချင်း အနည်းငယ်၊
၆။ ငရုတ်ကောင်း အနည်းငယ်၊
၇။ ဟင်းခတ်မှုန့် အနည်းငယ်၊
၈။ မြေပဲဆီ ၂၅ ကျပ်သား၊
၉။ ကြက်ဥ ၂ လုံး။

ရွေးဦးစွာ ငါးဖယ်ခြစ်ပြီးသားအသားများကို ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်းတို့ကို မည်ကဲ့သည်ထောင်းထားပြီး နံနံပင်ကိုနုပ်နုပ်စဉ်း၍ ရောပြီး ငါးဖယ်နဲ့ရောချနယ်ပါ။ဟင်းခတ်မှုန့်ပါအနေတော်ထည့်ပြီးရောသမသွားအောင်နယ်ပြီး ကွမ်းသီးလုံးခန့် အလုံးလေးများလုံး၍ ထားပါ။

ပြီးရင် စပါးလင်ကို သန့်စင်အောင်ဆေးကြောပြီး ပင်စည်အရင်းပိုင်းဘက်တွင် ဓားထက်ထက်နှင့် အလျားလိုက်ပင်စည်ပတ်လည်ကို ဓားနဲ့ခပ်စိပ်စိပ်ခွဲကြောင်းရာကို (၃)လက်မအရှည်လောက်ခွဲပေးပါ။

ပြီးရင် စပါးလင်ကို အပေါ်ဘက်မှလက်နဲ့ဖိချလိုက်ရင် သရက်သီးဆွတ်ခူးတဲ့ခြင်းကလေးလို စပါးလင်ပင်စည်ပိုင်းကဟသွားပြီး ထည့်စရာခြင်းတောင်းကလေးလိုဖြစ်သွားပါမည်။

ငင်းဟသွားတဲ့ စပါးလင်ပင်စည်ထဲကို ငါးဖယ်နယ်ထားတဲ့ အလုံးလေးများ(၁)လုံးကို စပါးလင်တစ်ချောင်းနှုန်းနဲ့သွပ်ထည့်ပြီး အနေအထားလှပသွားအောင် လက်နဲ့အသာအယာပြုပြင်ပေးလိုက်ပြီး -

ကြက်ဥ(၂)လုံးကိုဖောက်ပြီးရောသမသွားအောင် ကြက်ဥမွှေတံနဲ့မွှေထားပြီး ငင်းစပါးလင်မွှေးငါးဖယ်လုံးရှိရာပင်စည်ပိုင်းနေရာ ကြက်ဥရည်တွင်နှစ်လိုက်ပြီး ဆီအိုးတွင်ထည့်၍ မီးညှိညှိနဲ့ကြော်ပါ။ စပါးလင်မွှေးငါးဖယ်လုံးလေးများ ရွှေဝါရောင်သန်းလာလျှင် ဆယ်ယူ၍ ဆီစစ်ထားပြီး မိမိတို့ကြိုက်နှစ်သက်ရာ ဆော့စ်အချဉ်တို့နဲ့ မွှေးကြိုင်ကြွပ်ရွနေသော စပါးလင်မွှေးငါးဖယ်လုံးကြော်လေးများကို သုံးဆောင်နိုင်ကြပါပြီ။

သတ္တဝါမျှား
စားသမျှအားရှိစေ
ကျန်းမာကြပါစေ

ရွှေနဝင်း(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

■ တောင်တန်းပျော် ဆရာတော်ကြီးနှင့် မေတ္တာပဋ္ဌာန်းဆက်များ

တောင်တန်းသာသနာပြု ဦးဥတ္တမ သာရဆရာတော်ကြီးကား တစ်ခေတ်တွင် တစ်ယောက် ထွန်းတောက်ကျော်စောခဲ့သော မေတ္တာရှင်ဆရာတော်ကြီး တစ်ပါးဖြစ်ပါသည်။ ဆရာတော်ကြီးသည် နိုင်ငံအနှံ့လှည့်လည်၍ တရားတော်များဟောကြားကာ ပရိတ်တော်များရွတ်ဖတ်ပူဇော်ရာတွင် ပရိတ်ရေများဆူပွက်ကျလာသဖြင့် အုတ်အော်သောင်းနင်းကျော်ကြားခဲ့ပါသည်။ ဆရာတော်ကြီး၏မေတ္တာဓာတ်များနှင့် ပြည့်ဝနေသော ဖြူစင်ရိုးသားသည့် ဥပဓိရုပ်သွင်ကို ဖူးတွေ့ရသည်မှာလည်း ချစ်ခင်ကြည်ညိုဖွယ်ကောင်းလှပါသည်။

ဆရာတော်ကြီးသည် တရားတော်များဟောကြားရာတွင် ဆရာတော်ကြီးသီတင်းသုံးတော်မူသော ချင်းတောင်တန်းမှလျှိုမြောင်တို့၏သာယာလှပပုံ၊ တောတောင်အနှံ့ တောပန်းရနံ့တို့ဖြင့် မွေးပျံ့ထုံသင်းနေပုံ၊ ကျေးငှက်သာရကာတို့၏ဘာသာဘာဝတွန်ကျူးပြူးပျော်နေပုံ၊ ချောက်၍ သမင်တောက်

www.burmeseclassic.com

www.burmeseclassic.com

စန်းမြင့် (ဦးမိုးမိုးတယ်/ခရီး)
ဂန္ဓာရီခရီးသွားမှတ်တမ်း

ပုံများကို တရားနာပရိသတ်များစိတ်ဝင်စားအောင် ဟောကြားလေ့ရှိပါသည်။ မေတ္တာ၏တန်ခိုးတော်ကြောင့် တောကောင်ကြီးများရှောင်ကွင်းသွားပုံများကိုလည်း ဟောကြားပါသည်။

တရားနာသူအပေါင်း ပျင်းရိခြင်းမရှိစေရန် ညချမ်းအခါ တောင်စောင့်နတ်ကြီးလာတွေ့ပုံ၊ ဝိဇ္ဇာများလာကြပုံများကိုလည်း ဟောကြားသဖြင့် တရာနာသူများ နှစ်သက်ကြည်ညိုကြပါသည်။ တောထွက်ရန်ဖင့်နွေးစိုးရိမ်နေကြသော အရိယာသူတော်စင်တို့ကို တရားထူးရာဒို့ မြို့ရပ်ကိုမှီကြပါဟု အားပေးတိုက်တွန်းနေသည်ဟု ထင်မြင်မိပါသည်။

ကျွန်တော်သည် ဆရာတော်ကြီး၏ဘဝနေနည်းစာအုပ်ကို ဖတ်ရှုခဲ့ရစဉ် ကပင်ကြည်ညိုလေးစားလျက်ရှိပါသည်။ ထို့အပြင် ကျွန်တော့်အနေဖြင့် ဂေါတမမြတ်စွာဘုရား၏တရားဦးတရားမြတ်ဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ္တန်ကိုအကြည်ညိုအမြတ်နိုးဆုံးဖြစ်သကဲ့သို့ ဆရာတော်ဘုရားကြီးအမြဲရွတ်ဆိုပူဇော်လေ့ရှိသော ကဿဖဘုရားရှင်၏ တစ်ဂါထာလျှင် အဖိုးတစ်သိန်းထိုက်သော 'သတသဟသာကာရ'ဂါထာတော်ကိုလည်း အကြည်ညိုဆုံး၊ အမြတ်နိုးဆုံး ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤဂါထာသည် လူသားတို့အတွက်တန်ဖိုးမဖြတ်နိုင်သော ဘဝနေနည်းပင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

အနှစ်ချုပ်ရသော် -

၁။ သူတော်ကောင်းတို့နှင့်တစ်ကြိမ်ပေါင်းဖက်ရုံနှင့် ဘေးရန်မနှောင့်ချမ်းသာရာသို့ရောက်၏။

၂။ သူယုတ်မာတို့နှင့်ကြိမ်ဖန်များစွာ ပေါင်းဖက်သော်လည်း ချမ်းသာမရောက်၊ မစောင့်ရှောက်နိုင်။ သို့ဖြစ်၍ သူတော်ကောင်းတို့နှင့်သာ ပေါင်းဖက်ရှာ၏။ ဘုရားအမှူးရှိသော သူတော်ကောင်းတို့၏တရားကိုသိ၍ မြတ်သည်ဖြစ်၏။

၃။ မွမ်းမံခြယ်လှယ်ထားသောမင်းတို့စီးသည့်ရထားသည်လည်း ဆွေးမြည့်ပျက်စီးခြင်းသဘောရှိ၏။ထို့အတူ မွမ်းမံခြယ်လှယ်ထားသော ဤခန္ဓာကိုယ်သည်လည်း အိုမင်းဆွေးမြည့်ပျက်စီးရ၏။ နိဗ္ဗာန်သည်ကား ဘယ်သောအခါမှ ပျက်စီးခြင်းမရှိပါ။

၄။ မိုးနှင့်မြေသည် ဝေး၏။ သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းနှင့် ဤမှာဘက်ကမ်းတို့သည်လည်း အလွန်ပင်ဝေး၏။ သူတော်ကောင်းတရားနှင့် သူယုတ်မာတရားသည်ကား ထို့ထက်ပင် အလွန်အလွန်ဝေးကွာ၏ဟူ၍ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ မမြင်ဘူးခင်ကပင် ကြည်ညိုရင်းစွဲရှိနေသဖြင့် ဆရာတော်ကြီးအားဖူးတွေ့လိုသည့်ဆန္ဒများဖြစ်ပေါ်နေခဲ့ပါသည်။ ထိုသို့ ဆန္ဒဖြစ်ပေါ်နေစဉ် ဆရာတော်ကြီးသည် ရန်ကုန်မြို့ ဘုရားလမ်းရှိ ကျားကူးဓမ္မာရုံတွင် မတ်လ ၂၆ ရက်နေ့၌ တရားဟောကြားမည်ဟုကြား သိရသောအခါ သွားရောက်၍ ဖူးမြော်ရန်နှင့် တရားနာရန် ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြစ်၍ ကျွန်တော်ပြုလုပ်နေကျ အလေ့အကျင့်အတိုင်း နေ့စဉ် အိမ်မှ နေ၍ ဆရာတော်ကြီးအားမေတ္တာပို့ခြင်း၊ ရွှေတိဂုံစေတီဘိုးဘိုးကြီး၊ ဆူးလေဘိုးဘိုးကြီးနှင့် ကျားကူးဓမ္မာရုံဓောင့်ပုဂ္ဂိုလ်တို့အားကူညီရန် မေတ္တာပို့ခြင်း၊ အမျှအတန်းဝေခြင်းများကို ပြုလုပ်သည်။ အထူးသဖြင့် ဓမ္မာရုံဓောင့်ပုဂ္ဂိုလ်အား ဆရာတော်ကြီးနှင့်အနီးကပ်ဖူးတွေ့ခွင့်ရအောင် ကူညီပေးပါရန် အကြိမ်ကြိမ်မေတ္တာရပ်ခံရပါသည်။

သို့နှင့် မတ်လ ၂၆ ရက်နေ့သို့ ရောက်ရှိလာပါသည်။ ကျွန်တော်သည် အထွေထွေမန်နေဂျာ၏ အခန်းတွင် တာဝန်ကျသူဖြစ်၍ လုပ်ငန်းပမာဏများပြားရသဖြင့် ညနေ (၃) နာရီမှ ထွက်ခွာခွင့်ရပါသည်။ နေရာမရမည်ကိုလည်း စိုးရိမ်သဖြင့် ခပ်သုတ်သုတ် ထွက်ခွာခဲ့ပါသည်။

ဓမ္မာရုံရှေ့ရောက်သောအခါတွင် ရင်အေးသွားပါသည်။ ဓမ္မာရုံ၏ အပြင်ဘက် လမ်းမကြီးဘေးပါမကျန် ဖျာ၊ ကောဇောများအပြည့်ခင်းထားသည်ကို တွေ့ရပါသည်။ တရားနာပုဂ္ဂိုလ်များသည်လည်း ဓမ္မာရုံအတွင်း ရောက်ရှိနေကြပါသည်။ ဆရာတော်ကြီးကြွလာမည့် မင်းလမ်း (၂) ဘက်ကိုလည်း ကြိုးဖြင့် တားထားပါသည်။

ကျွန်တော်မှ ထိုသူတို့အနီးသို့သွားကာ ခုံးတာဝန်များကြောင့် နောက်ကျ၍ တစ်နေရာစာထိုင်ခွင့်များရနိုင်မလားဟု မေတ္တာရပ်ခံကြည့်ပါသည်။

အမျိုးသားတစ်ဦးက -

"ရပါတယ်ဗျာ၊ ကျွန်တော်တို့လည်း အခုပဲပြန်တော့မလို့ပါ။ ခင်ဗျားကုသိုလ်ကံပဲပေါ့ဗျာ"

ဟု ပြောပါသည်။

ကျွန်တော့်အနေဖြင့် ဝမ်းသာအားရသလို အံ့သြခြင်းလည်း ဖြစ်မိသည်။

ကျွန်တော်က -

"ဆရာတော်ကြီးလည်း ကြွလာဖို့ အချိန်နီးပြီပဲ။ တရားနာသွားကြပါလားဗျာ"

ဟု ကျေးဇူးရှင်များအတွက် စိတ်မကောင်းဖြစ်၍ ပြောလိုက်ပါသည်။ ဤနေရာရရှိဖို့ရန် နံနက်စောစောလာ၍ နေရာဦးထားရမှာဖြစ်ပါသည်။

တစ်ယောက်က -

"နေလို့မရတော့ဘူး၊ အင်းစိန်ဟိုဘက်ကလာတာပါ။ မနေ့ညထဲက ဓမ္မာရုံမှာအိပ်ပြီး နေရာဦးထားတာ။ မနက်ဖြန် မတ်လ ၂၇ ရက် တော်လှန်ရေးနေ့ စစ်ကြောင်းတွေချီတက်ဖို့ရှိလို့ အိပ်ခွင့်မပေးရန် ဆရာတော်ထံစာပို့ထားတော့ ပြန်ရတော့မှာပေါ့ဗျာ"

ဟု ပြောကာ ပြန်သွားကြပါတော့သည်။ နေရာကား ဆရာတော်ကြီး၏ ရှေ့ဆယ်ပေခန့်သာဝေးသဖြင့် ကျွန်တော့် ဆုတောင်းပြည့်ပြီးဖြစ်ပါသည်။

ဆရာတော်ကြီး၏ တရားကိုနာကြားရသဖြင့် မရောက်ဘူးသေးသောချင်းတောင်တန်းကြီးနှင့် ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းသင်္ကန်းကို သွားရောက်လိုစိတ်များဖြစ်မိသည်။ တရားနာသူများတောထွက်ချင်စိတ်ဖြစ်လာအောင် ဟောကြားနိုင်သောဆရာတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီး၏ တရားဌမေတ္တာတရား၏တန်ခိုးကြီးမားစွမ်းပကားကို ကိုယ်တွေ့ဖြစ်ရပ်များဖြင့် ဟောကြားသွားရာ မှတ်သားဖွယ်ရာကောင်းလှပါသည်။ လောကဌ မေတ္တာတရားနှင့် နေထိုင်ခြင်းသည် အချမ်းသာဆုံးနေထိုင်နည်းဖြစ်ကြောင်း၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်း ချစ်ခင်ကြောင်းတို့ကို ဟောကြားသွားပါသည်။

တရားပွဲပြီး၍ ဆရာတော်ကြီးမှ မင်းလမ်းအတိုင်း ဘေးနှစ်ဖက်မှ ကပ္ပိယနှစ်ဦးတွဲ၍ ဆင်းလာရာ မင်းလမ်းဘေးမှ ဒကာ၊ ဒကာမများသည် ဆရာတော်ကြီး၏ခြေအစုံကို ထိကိုင်သူကကိုင်၊ သင်္ကန်းစကို ဆွဲသူကဆွဲလုပ်ကြပါတော့သည်။ ဆရာတော်ကြီးမှာ ဘယ်ညာယိမ်းကာ ကျွန်တော့်အနီးသို့ ရောက်ရှိလာပါသည်။ ကပ္ပိယနှစ်ဦးမှာလည်း ဆရာတော်ကြီးကို ထိန်းရ၊ လမ်းကိုရှင်းရဖြင့် ရှေ့ဆက်မရအောင်ဖြစ်နေပြီး ပရိသတ်ကြီးမှာလည်း ပိုမိုတိုးဝှေ့လာပါသည်။

ကျွန်တော့်အနေဖြင့် ဆရာတော်ကြီး လဲကျမသွားစေရန် ဆရာတော်ကြီးနောက်ကျောမှဝင်၍ ကာကွယ်ပေးရင်း ဖေးမထားရပါသည်။ ဆရာတော်ကြီးအပေါ် ကြည်ညိုမြတ်နိုး ချစ်ခင်ကြသောပရိသတ်ကြီး၏အပြုအမူကိုလည်း မတားရက်၊ အခြေအနေကလည်းဆိုးလာသဖြင့် ဆရာတော်ကြီးအားဖက်ထားရပါသည်။ တရွေ့ရွေ့ဖြင့်လျှောက်လှမ်းခဲ့ရပြီးလျှင် ဆရာတော်ကြီးအား ကားပေါ် ရောက်သည်အထိ ခက်ခက်ခဲခဲပို့ဆောင်ခဲ့ရပါသည်။ ဆရာတော်ကြီး၏ မော်တော်ကားထွက်ခွာသွားမှသာ သက်ပြင်းချနိုင်ပါတော့သည်။ကျွန်တော့်ကိုယ်တွင်လည်း ခွေးများဖြင့်ခွေနေသည်။

အေးချမ်းသာယာလှသော ရုံမြို့ငှက်တန်း၌ တစ်ပါးတည်းဓကစာရီကျင့်ကြံအားထုတ်နေထိုင်ခဲ့သောဆရာတော်ကြီးအဖို့ ဤကဲ့သို့ လူမှုရပ်ဝန်းတွင် မည်မျှပင်ပန်းနွမ်းနယ်လိုက်မလဲဟုတွေးကာ စိတ်မကောင်းဖြစ်မိသည်။ သို့သော် ဆရာတော်ကြီးကား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏အကျိုးငှာ နှိုင်ငံအနှံ့ခရီးဆန့်ကာ မေတ္တာတရားကို ဟောကြားနေမည်သာ ဖြစ်ပါသည်။

မတ်လ ၂၆ ရက် ညချမ်းသည်ကား ကျွန်တော်၏ တစ်သက်တာတွင် မေ့မရသောညတစ်ညဖြစ်ခဲ့ပါလေသည်။ ဆရာတော်ကြီးအား ပွေ့ပိုက်ကာ တဒင်္ဂကူညီစောင့်ရှောက်ခွင့်နှင့်အတူ ဆရာတော်ကြီး၏ သီလ သမာဓိ ပညာရန်သည် လည်းကောင်း၊ အားကောင်းလှသောမေတ္တာတရားနှင့်ထုံမွှမ်းထားသော သင်္ကန်းတော်နှင့်ကိုယ်သင်းရနံ့များသည်လည်းကောင်း ကျွန်တော့်ရင်၌ ထာဝရထုံသင်းမွှေးပျံ့လျက်ရှိတော့မည် ဖြစ်ပါသည်။ ဆရာတော်ကြီးအား တဒင်္ဂကူညီစောင့်ရှောက်ကာ ရရှိခဲ့သောဆရာတော်ကြီး၏မေတ္တာဓာတ်များဖြင့် မေတ္တာခရီးလမ်းကိုလျှောက်လှမ်းရမှာပါတကားဟုတွေးနေမိပါတော့သည်။

ဤသည်ကား တောင်တန်းသာသနာပြုဆရာတော်ကြီးနှင့် ကျွန်တော်၏ မေတ္တာပဌာန်းဆက်အစဟုသာ ဆိုရပါလိမ့်မည်။

■ မထူးပေမယ့် ဆန်းလှတဲ့ပဌာန်းဆက်

တောင်တန်းဆရာတော်ကြီးနှင့် ဒုတိယအကြိမ် ဆုံတွေ့ခြင်းက မထူးပေမယ့် ဆန်းကြယ်စွာ တွေ့ဆုံခဲ့ရသော ပဌာန်းဆက်ဟု ဆိုရမည်သာ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ရန်ကင်းပြို့နယ် မိုးကောင်းဓမ္မာရုံ၌ တရားပေးကြွရောက်မည်ဖြစ်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ တရားနာရန် စီစဉ်ထားပါသည်။ မိသားစုမှုများကိုလည်း တရားနာချိန်နီးမှ လာရောက်ရန်မှာကြား

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။ ကျွန်တော်မှ ထုံးစံအတိုင်း အရပ်ရပ်မေတ္တာပို့၍ မိုးကောင်းဘုရား နှင့်ခမ္မာရုံအစောင့်အရှောက်များကိုလည်း ဆရာတော်ကြီး၏ အနီးအနားမှ တရား နာယူခွင့်ရရန်စောင့်ရှောက်ဖို့အကြောင်း မေတ္တာပို့ရပါသည်။

တရားဟောကြားမည့်နေ့ နံနက် (၁၀) နာရီခန့်တွင် မိုးကောင်းဘုရားသို့ နေရာယူရန်ထွက်လာခဲ့ပါသည်။ နေရာ တစ်နေရာတော့ ရတန်ကောင်းပါသည် ဟုတွေး၍ ထွက်လာခဲ့ပါသည်။ သို့သော် ကျွန်တော်ထင်သလိုမဟုတ်။ဆရာတော် ကြီး၏တရားနာပရိသတ်ကား များလွန်း လှပါသည်။ မိုးကောင်းခမ္မာရုံနှင့်မဆံ့။ ဘုရားပရဝဏ်ဝင်ပေါက်ထိနေရာဦးထား ကြသည်ကိုတွေ့ရပါသည်။ ဘုရားဘုရား-အပြင်မှာတောင်ပြည့်နေတာ ခမ္မာရုံထဲ ဆို မဖြစ်နိုင်တော့ဟုတွေးကာ ခမ္မာရုံ အတွင်း ဝင်ရောက်ခဲ့ပါသည်။ ခမ္မာရုံထဲ မှာလည်း ပြည့်ကျပ်အောင် အခင်းများ ခင်းထားကြပါသည်။ နေရာလပ်မတွေ့ သည့်အဆုံး၌ ဆရာတော်ကြီး တရား ဟောမည့်ပလ္လင်အနီးသို့ လျှောက်လာခဲ့ ပါသည်။

ဆရာတော်ကြီး၏ တရားဟော လွှင်ညာဘက်ဆယ်ပေခန့်အကွာတွင် ဘုတစ်ချပ်စာကွက်လပ်တစ်ခုကို တွေ့ရ သည်။ အနီးပတ်လည်မှ ဖျာကော်ဇော ခင်းထားသူများအား ပိုင်ရှင်ရှိမရှိမေးမြန်း ရာ သူတို့နေရာမဟုတ်ကြောင်း၊ မသိ ကြောင်းသာ အဖြေရသည်။ ပိုင်ရှင်များ လာလိုလာငြားစောင့်ကြည့်သော်လည်း ညနေအထိ တစ်စုံတစ်ယောက်မှ လာ ရောက်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဤဖြင့် ဘုရားပရဝဏ်အတွင်း လျှောက် ကြည့်သောအခါ သစ်ပင်တစ်ပင်အောက် တွင် နီးဖျာကြမ်းတစ်ခုကို တွေ့ဖြင့် နေရာကွက်လပ်တွင်ခင်းလိုက်သောအခါ အတိအကျပင်ဖြစ်နေခဲ့၏။ ကျွန်တော် ဘုမိသားစုမှာ ဆရာတော်ကြီးအား အနီး ကပ်ပူးမြောရင်း မေတ္တာတရားများ နာကြားလိုက်ရသည်မှာ ဆရာတော်ကြီး နှင့် ကျွန်တော်၏ မေတ္တာပဋ္ဌာန်းဆက် ဖြစ်ရပ်တစ်ခုဟုသာ မှတ်ယူခဲ့မိကြောင်း ဝင်ပြလိုက်ရပါသည်။

■ ထူးထူးခြားခြား ပဋ္ဌာန်းဆက်လား

တစ်နေ့သောအခါ ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့နယ် (၉) ရပ်ကွက် တပင် ရွှေထီးလမ်းတွင် နေထိုင်သော မိတ်ဆွေ တစ်ဦးသည် ကျွန်တော်၏အိမ်ကိုမေးမြန်း ရောက်ရှိလာပါသည်။ သူ၏ အိမ်နှင့် ကျွန်တော်၏နေအိမ်မှာ များစွာမဝေး ကွာသဖြင့် မကြာခဏ လမ်းပေါ်တွင် တွေ့ဆုံ၍ နှုတ်ဆက်စကားပြောမိကြ သည်။ ယခု ကျွန်တော့်ထံလာသည့်ကိစ္စ မှာ သူသည် တောင်တန်းသာသနာပြု ဦးဥတ္တမသာရဆရာတော်ကြီး၏ မြေး ဖြစ်၍ ဆရာတော်ကြီးမှ သူ၏နေအိမ်သို့ ကြွရောက်တရားဟောမည်ဖြစ်ပါသဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားခြင်း ဖြစ်ကြောင်းပြောပါသည်။ ကျွန်တော့်မှာ မေတ္တာရှင်ဆရာတော်ကြီးအား ထပ်မံ ဖူးတွေ့ရမည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ စွာ လက်ခံခဲ့ပါသည်။

ဆရာတော်ကြီး ကြွလာမည့်နေ့ တွင် ကျွန်တော်နှင့်မိသားစုမှ နံနက်ပိုင်း မှပင် မိတ်ဆွေအိမ်သို့ သွားရောက်၍ ကူညီလုပ်ကိုင်ပေးပါသည်။ ဆရာတော် ကြီး၏မြေးဖြစ်သူမှ ဆရာတော်ကြီး၏ ပုံတူ ခဲကြောင်းဆွဲပန်းချီကို ဆရာတော် ကြီးအားလှူဒါန်းရန် ချိတ်ဆွဲထားပါ သည်။

ညနေ (၄) နာရီခန့်တွင် ဆရာ တော်ကြီး မော်တော်ကားဖြင့် ရောက်ရှိ လာပါသည်။ ထိုအချိန်က တပင်ရွှေထီး လမ်းမှာ ကတ္တရာလမ်းခင်းရန် ဆောင် ရွက်ဆောင်နေဆဲဖြစ်သဖြင့် မိတ်ဆွေ၏ အိမ်ရှေ့မှာ ကျောက်ခဲများဖြင့် သွားလာ ရန်ခက်ခဲနေပါသည်။ သို့ဖြစ်၍ ဆရာ တော်ကြီး ကားပေါ်မှ ဆင်းကြွလာပါက ကြိမ်ကုလားထိုင်တွင်ထိုင်စေပြီး ကုလား ထိုင်အား မချ သယ်ယူရန် ဆောင်ရွက် ထားပါသည်။

သို့နှင့် ဆရာတော်ကြီးကြွလာ၍ ကားတံခါးကိုဖွင့်ပြီးဆင်းလာသောအခါ ဆရာတော်ကြီးအား ကြိမ်ကုလားထိုင် တွင်ထိုင်ရန်ပင့်ဖိတ်လိုက်ပါသည်။ ဆရာ တော်ကြီးမှ တစ်ချက်ငေ့၍ကြည့်ကာ ဆရာတော်ကြီးကိုင်ဆောင်လာသော တောင်ဝှေးကို ကျွန်တော့်အားကမ်းပေး ၍ခုံတွင်ထိုင်လိုက်၏။ ကြိမ်ကုလားထိုင် ကို ပိုင်းဝန်းမချ အိမ်တွင်းသို့ ပင့်ဆောင် ကြပါသည်။

ကျွန်တော်သည် ဆရာတော်ကြီး ၏တောင်ဝှေးတော်ကို မြဲမြံစွာဆုပ်ကိုင် ရင်း ကျွန်ရစ်ခဲ့ပါသည်။ ကျွန်တော်၏ စိတ်အစဉ်သည်လည်း ဝေးလံသီခေါင် သော တောတောင်များဆီသို့ ရောက်ရှိ သွားပါသည်။ ဆရာတော်ကြီးသည် ဤ တောင်ဝှေးကိုအဖော်ပြု၍ တောတောင် ဂန္ဓာရခရီးလမ်းကို လှမ်းကြွခဲ့ပါသည်။ လျှို့မြောင်ချိုင့်ဝှမ်းခရီးကြမ်းကို ဆရာ တော်ကြီးအား ဖေးမကူညီလမ်းကိုထွင် ပေးသည့်တစ်ခုတည်းသောမိတ်ဆွေပင် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ရွှတ်ဆို ပွားများသမျှအရာအားလုံးနှင့် ထုံမွှမ်း လျက်ရှိသော တောင်ဝှေးတော်လည်း ဖြစ်သည်။ ထို့ပြင် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာအပေါင်းနှင့် မေတ္တာဓာတ်များ ပေါင်းစုနေရာလည်း ဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော်သည် မြတ်မြတ်နိုးနိုးရိုရိုသေသေဖြင့် ဖက်တွယ် ထားမိသည်။

"ဗျို့ ဆရာကြီး၊ အဲဒီတောင်ဝှေးနဲ့ ကျွန်တော့်ခေါင်းကို ထုပေးစမ်းပါဗျာ။ ဆရာတော်ကြီးရဲ့တောင်ဝှေးက ရောဂါ တွေပျောက်တယ်ဗျ"

ဟု ပြောသံကြောင့် ကျွန်တော် ပြန်သတိရလာမိသည်။

ထို့အတူ -

"ကျွန်တော့်ကိုလည်း ထုပေးပါ"

"ကျွန်တော့်ကိုလည်း ထုပေးပါ"

နှင့် အသံများထွက်လာကြသည်။ ဘာများတတ်နိုင်ဦးမှာလဲ။ ကျွန်တော် က မထုပေးလျှင် ကျွန်တော့်ကို ခဲဖြင့်ထု ကြတော့မှာ သေချာပါသည်။ သူတို့ ကျေနပ်အောင် တစ်ယောက်ကိုသုံးချက် နှုန်းဖြင့်ထုပေးလိုက်ရပါတော့သည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ အသွေးထဲအသားထဲနှလုံးအိမ်ထဲအထိ ဆရာတော်ကြီး၏မေတ္တာဓာတ်များသည် တောင်ဝှေးတော်ကြီးမှတစ်ဆင့် စီးမျော ဝင်ရောက်လာသည်ကို ခံစားရပါသည်။

ထိုည တရားပွဲကြီးကား တောင် တန်းသာသနာပြုဆရာတော်ကြီးနှင့် ကျွန်တော်၏ ထူးထူးခြားခြား ပဋ္ဌာန်း ဆက်များဟု ခံစားမိပါကြောင်း တင်ပြ လိုက်ရပါတော့သည်။

■ ဂန္ဓာရီခရီးသည် ချင်းတောင်တန်းက ကြိုနေမယ်

၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော်သည် ချင်းပြည်နယ်ရှိကလေး မြို့နှင့် တီးတိန်မြို့များသို့သွားရောက်စစ် ဆေးခဲ့ရပါသည်။ ချင်းတောင်တန်းကား လူသူအရောက်အပေါက်နည်းလှသဖြင့် တောတောင်အထပ်ထပ်မှာ သဘာဝ အလှများဖြင့် ပေါကြွယ်လျက်ရှိပါသည်။ ထုံသင်းကြိုင်လှိုင်နေသည့် အရောင်မျိုး စုံတောပန်းရနံ့များနှင့်အတူ ကျေးငှက် သာရကာတို့၏အသံမျိုးစုံ၊ မြူးပျော်သွား ကျူးသံများသည်လည်း တောတောင် အနှံ့ ပဲ့လွှင့်နေကြသည်။ နိန်းမြတောင် ဇလပ်ပန်းများမှာ နေရာအနှံ့တွေ့မြင်နေ ရသည်။ ချင်းတိုင်းရင်းသားတို့၏အမှတ်

www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်ဖြစ်သော အောက်ချင်းဌက် အကြောင်းကိုလည်း ကြားသိခဲ့ရသည်။

အောက်ချင်းဌက်သည် အသားမစားဘဲ တစ်ကောင်သေဆုံးလျှင် ကျန်တစ်ကောင်သည် ကောင်းကင်မမြေသို့ ထိုးစိုက်သတ်သေကြောင်း၊ ဥဝပ်ချိန်တွင် ဌက်ဖို်ကအစာရှာကွေးကြောင်း၊အသိုက်ပျက်နေပါက ဌက်မအား ပေါက်သတ်၍ ဌက်ဖို်ပါလိုက်သေကြောင်းသိရသည်။

ကျွန်တော်တို့သည် ကလေးမြို့၌ စစ်ဆေးပြီး တီးတိန်မြို့သို့ ဆက်လက်သွားရောက်ရာ ရေများခဲသည်အထိ အအေးဒဏ်ကို တွေ့ကြုံခံစားခဲ့ရသည်။ ဆက်လက်၍ ဗြဟ္မပုတ္တရမြစ်ကိုဖြတ်၍ အသည်းပုံရောဂါကိုကျော်ကာ အိန္ဒိယနယ်စပ်ထိ မိုင် (၄၀) ခရီးကြမ်းကိုလှမ်းခဲ့ကြရသည်။ ဘားတံတားအနီး ချင်းတိုင်းရင်းသားအိမ်တွင်ဝင်အိပ်စဉ် ကျွန်တော့်မှာ ဆီမီးအမွှေးတိုင်များထွန်း၍ မကျွတ်မလွတ်သေးသူတို့အား တရားနာဖိတ်ကာ ပရိတ်တရားများရွတ်ဆိုအမျှအတန်းပေးဝေခဲ့ရသည်။ တောင်ထိပ်တစ်ခုသို့ အရောက်တွင် ကျွန်တော်တို့စီးလာသောကားမှ လက်ကိုင်ပြုတ်သွားသော်လည်း ချောက်ထဲကျမည့်ဘေးမှ လွတ်မြောက်ခဲ့သည်ကို အမှတ်ရနေမိသည်။

ကျွန်တော်တို့အဖွဲ့ ကလေးမြို့သို့ ပြန်ရောက်သောအခါ အခိုင်မရတော့သဖြင့် ဖလမ်းနှင့် ဟားခါးမြို့များသို့ မသွားရောက်နိုင်တော့ဘဲ ရန်ကုန်မြို့သို့ ပြန်ခဲ့ရပါသည်။

ကျွန်တော့်မှာ လှူဖွယ်ပစ္စည်းများဖြင့် လာရောက်ခဲ့သော်လည်း ဆရာတော်ကြီးအား ဖူးတွေ့ခွင့်မရရှိခဲ့သဖြင့် နောင်နှစ်တွင် မဟုတ်မကွက်လာရောက်ဖူးမြော်ခွင့်ရစေကြောင်း ဆရာတော်ကြီးအား ထိုင်ထည်၍ ပြန်လာခဲ့ရပါတော့သည်။

၁၉၉၀ ပြည့်နှစ်အောက်တိုဘာလတွင် ချင်းတောင်တန်းသို့ သွားရောက်စစ်ဆေးရမည့် ဝန်ထမ်းတစ်ဦးမှနေ၍ ကျွန်တော်သွားရမည့် ပခုက္ကူမြို့နှင့် လဲလှယ်ပေးရန် မေတ္တာရပ်ခံသဖြင့် လဲလှယ်ပေးခဲ့ရာ ထိုဝန်ထမ်းမှ ကျေးဇူးတင်ကြောင်း ဝမ်းပန်းတသာပြောပါသည်။ ကျွန်တော်အလွန်သွားချင်နေသော ချင်းတောင်နှင့် ဖူးတွေ့လိုသော ဆရာတော်ကြီးအား တွေ့ရမည်ဖြစ်၍ ကျွန်တော်ကသူ့ထက်ပို၍ဝမ်းသာအားရသည်ကို ပြန်မပြောလိုက်တော့ပါ။

သို့နှင့် ကျွန်တော်သည် ကလေးမြို့သို့ ဒုတိယအကြိမ်ပြန်လည်ရောက်ရှိခဲ့ပါသည်။ ကလေးမြို့မှ (၇၇) မိုင်ဝေးသော ဖလမ်းမြို့ကို တီအီးကားဖြင့်သွားကြသည်။ ထိုမှတစ်ဆင့် ဟားခါးမြို့ကို ရောက်ရှိ၍ တာဝန်များပြီးဆုံးချိန်အပြန် ခရီးတွင် ဆရာတော်ကြီးအား ဖူးမြော်ရန် အားခဲထားပါသည်။ ဆရာတော်ကြီးသီတင်းသုံးရာ တောရကျောင်းသည် ဖလမ်းမြို့မှ (၇) မိုင်ဝေးသည့် လုံဝီးတောင်ပေါ် တွင်ရှိသည်။

ဟားခါးမြို့မှအပြန်ခရီးတွင် တီအီးကားမောင်းသူအား လုံဝီးတောင်ပေါ်မှ ဆရာတော်ကြီးအား ဖူးမြော်လိုပါသဖြင့် ကားကိုခေတ္တရပ်နားပေးရန် မေတ္တာရပ်ခံကြပါသည်။ ကားမောင်းသူမှ ကားပေါ်၌ ပါလာသော ခရီးသည်များမှာ ချင်းတိုင်းရင်းသားများဖြစ်ပါသဖြင့် ရပ်နား၍ အချိန်ကြာမြင့်ပါက ပြဿနာဖြစ်နိုင်သဖြင့် ရပ်ပေးရန်ခက်ခဲကြောင်းပြောပြပါသည်။ ကျွန်တော်တို့မှလည်း ရန်ကုန်မှ ခရီးဝေးလာခဲ့ရ၍ လှူဖွယ်ပစ္စည်းများပါလာကြောင်းပြောသော်လည်း ကားမောင်းသူမှ တွင်တွင်သာငြင်းဆန်နေပါသဖြင့် ကျွန်တော်တို့ လက်လျှော့ရပါတော့သည်။

ကားသည် ဆရာတော်ကြီး၏ လုံဝီးတောင်စခန်းနှင့်နီးနေပြီ ဖြစ်သည်။ ကျွန်တော်လုပ်စရာတစ်ခုသာကျန်တော့သည်။ ကျွန်တော် လက်အုပ်ချီ၍ ဆရာတော်ကြီးအား အာရုံပြုပါသည်။

"ဆရာတော်ကြီးဘုရား၊ ဆရာတော်ကြီးထံလာရောက်ဖူးမြော်ခွင့်ရရန် ယခင်နှစ်များကပင် ဆုတောင်းခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ တပည့်တော်တို့သည် ဆရာတော်ကြီး၏ကျောင်းသခ်ိမ်းအနီးသို့ပင်ရောက်နေပြီးဖြစ်၍ ဖူးမြော်ခွင့်ရလိုပါ၏အရှင်ဘုရား။ ဆရာတော်ကြီးအား စောင့်ရှောက်လျက်ရှိသော တောပိုင်တောင်ပိုင်ကြီးများ ကြားသိကြ၍ ကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါသည်"

ဟု ဆို၍ ပြုပြုသမျှကုသိုလ်ကို အမျှအတန်းပေးဝေလိုက်ပါသည်။

ဒိုင်းဆိုသောအသံကြီးသည် တောတောင်အထပ်ထပ်မဲ့တင်ရိုက်ခတ်သွားပါသည်။ ကားဘီးပေါက်သွားပြီဟုဟု ပြောသံကိုလည်း ကြားလိုက်ရပါသည်။

ကျွန်တော်မှာ ဝမ်းသာလွန်၍ မျက်ရည်များပင်လည်မိသည်။တစ်ဆက်တည်းပင် ကားမောင်းသူ၏ပြောသံကိုလည်းကြားလိုက်ရပါသည်။ ကားကလည်းရပ်လိုက်ရပါသည်။

"ကဲ - ခင်ဗျားတို့ကုသိုလ်ပဲဗျာ။ ဟော့ဒီတောင်တက်လမ်းအတိုင်းသာတက်သွားပေတော့။ ဆရာတော်ကြီးကျောင်းရောက်လိမ့်မယ်၊ ပေါက်တဲ့ကားဘီးက အနောက်ဘက် (၂) လုံးတွဲမှာအတွင်းဘက်က ကားဘီးဖြစ်နေတော့ကြာမယ်။ ပြီးရင် ကျွန်တော်ကားဟွန်းတီးလိုက်မယ်။အေးအေးဆေးဆေးသာပူဇော်ကြပေါ့ဗျာ"

ဟု ပြောပါသည်။

ကျွန်တော်အချိန်မဆွဲနိုင်။ တောင်တက်လမ်းအတိုင်း ပြေး၍တက်သည်။ တောင်ကမ်းပါးယံကြီး၏ အလယ်ရှိ တောင်စောင်းမြေပြန့်လေးတွင် အုတ်ကျောင်းတွင် သစ်သားကျောင်းဆောင်ကို တွေ့ရသည်။ ဦးစွာတွေ့သော ပဒ္မိုဝ်ကိုရှင်လေးနှစ်ပါးကို ဆရာတော်ကြီး၏ကျောင်းအားမေးရာ သစ်သားကျောင်းကို လက်ညှိုးထိုးပြသဖြင့် ရှေ့မစ့ေထားသော တံခါးကို အသာတွန်းဖွင့်၍ ဝင်လိုက်သည်။ ဆရာတော်ကြီးမှာ စာရေးစားပွဲတွင် ထိုင်နေရာမှ ထကာ -

"ဒကာကြီး၊ ဘယ်ကလာတာလဲ"

ဟု မေးပါသည်။

"ရန်ကုန်ကပါဘုရား"

ဆရာတော်ကြီးကို ဖူးလို၍ရောက်လာကြောင်းပြောပါသည်။ ထို့နောက် နောက်မှရောက်လာသူများနှင့်ပေါင်း၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းလိုက်သည်။ ကျွန်တော်မှ ကျွန်တော့်မိတ်ဆွေ၏ပုတီးကိုယူ၍ ကျွန်တော့်ပုတီးနှင့်ပေါင်းကာ ဆရာတော်ကြီး၏ မေတ္တာများထည့်ပေးရန်ပေးအပ်လိုက်ပါသည်။

ဆရာတော်ကြီးမှ ပုတီးနှစ်ကုံးကို ကိုင်ရင်း (၄၅) မိနစ်ခန့် တရားများဟောကြားကာ ပရိတ်ရေများကိုလည်းပေးပါသည်။ ကျွန်တော်မှမိတ်ဆွေဖြစ်သူအား ခေါ်၍ ပုတီးများပြန်ယူရန်ရန် ဆရာတော်ကြီး၏ရှေ့တွင်ရပ်လိုက်ပါသည်။ ဆရာတော်ကြီးထံမှ မေတ္တာဓာတ်များထည့်ပေးထားသည့် ပုတီးနှစ်ကုံးအား တစ်ခုစီခွဲ၍ ကျွန်တော်၏ပုတီးကို ကျွန်တော့်အားလည်းကောင်း၊ မိတ်ဆွေ၏ပုတီးကို မိတ်ဆွေအား လည်းကောင်း ခွဲခြား၍ပေးလိုက်သည်။ ဆရာတော်ကြီး၏နောက်ကွယ်တွင် ကျွန်တော်လုံးထွေး၍ ပေးအပ်လိုက်သည့်ပုတီးကို ဆရာတော်ကြီးသည် ခွဲခြား၍ ရွတ်ထံပေးသည်မှာ အံ့သြဖွယ်ကောင်းရမ်းအဖြစ် ကြုံတွေ့ခဲ့ရပါတော့သည်။

အမှန်တော့ ဆိတ်ကွယ်ရာမှ အရာရာလိုသမျှစွမ်းနိုင်သည့် အရှိယာ

www.burmeseclassic.com

www.burmeseclassic.com

လုံးစုံကိစ္စပြီးစီးအောင်မြင်၍ ရန်အေားဝေးရန် ရွတ်ပါကြ ဂါထာ

နတ်မောက်မင်းသန့်ရှင်

'ကိစ္စမြောင်း လူတို့ဘောင်' ဆိုသည့်အတိုင်း လူ့ဘဝရလာသူတိုင်း ကိစ္စအရေးပေါင်းများစွာကို ကြုံတွေ့ဆင်ဆိုင်ဖြေရှင်းလုပ်ကိုင်နေရသူချည်းဖြစ်ပါသည်။ ကံပစ်ချရာကျရာနေရာတွင် ကျရာဘဝမှ ကာယအလုပ်၊ ဉာဏအလုပ်တွေ တစ်ခုပြီးတစ်ခုမပြီးစီးနိုင်အောင် လုပ်ကိုင်ကြရသည်သာ ဖြစ်ပါသည်။

ရှေ့လထဲတွင် တိုင်းရုံးမှလည်းရုံးစစ်လာမည်။ ဇနီးသည်၏ ကျန်းမာရေးနှင့် သူကိုယ်တိုင် ကျန်းမာရေးအတွက်သည်း ရန်ကုန်အထူးကုဆရာဝန်ကြီးထံ ဆေးစစ်သွားချင်သည်။ သား၏ အလုပ်အကိုင်ရရှိရေးကိစ္စလည်း မိတ်ဆွေအရာရှိနှင့်သွားတွေ့ရန်ရှိနေပြီ သမီးကြီး အလုပ်အကိုင်နေရာပြောင်းရွှေ့ရေးနှင့် အငယ်ဆုံးသား ဘွဲ့နှင်းသဘင်ပွဲတက်ဖို့ မြို့နယ်မှစာပေဟောပြောပွဲစီစဉ်ဆောင်ရွက်ရန် တာဝန်၊ အို -အလုပ်တွေအလုပ်တွေအလုပ်ကိစ္စတွေများလိုက်တာ။ ဘယ်စလုပ်ရမှန်းမသိအောင်ပင် ဖြစ်နေခဲ့ရ၏။ တစ်လ၊ တစ်လခွဲအတွင်းလောက် လုပ်ရမည့်ကိစ္စဝိစ္စတွေကများလွန်းလှ၍ စိတ်အားတင်းထားရပါသည်။

ဤသို့ စိတ်အားတင်းထားရင်းက လောကုတ္တရာဘာသာရေးနှင့်နွယ်သော ဂါထာမန္တန်တွေရွတ်ရန် စဉ်းစားသောအခါ ဖျတ်ခန်းအမှတ်ရသွားသည်မှာ ပြဖွယ်ကိစ္စဟူသမျှ အောင်မြင်ပြီးစီးစေသောဂါထာတော်ကိုအမှတ်ရသွားသည်။ ထိုသို့အမှတ်ရသည်နှင့်ပင် နေ့ချင်းရွတ်ဖတ်ရွတ်ပွားတော့သည်။ ထို့နောက် ပြဖွယ်အလုပ်ကိစ္စတွေတစ်ခုပြီးတစ်ခု စီစဉ်ကာလုပ်တော့သည်။

ဦးစွာပထမ မြို့နယ်စာပေဟောပြောပွဲအတွက် စာပေလုပ်သား(၁၅)ဦးကို စည်းဝေးပွဲခေါ်၊ တိုင်ပင်ဆွေးနွေးဆုံးဖြတ်ချက်ချမှတ်သည်။ (ထိုအချိန်က စာပေလုပ်သားအဖွဲ့ဟု ခေါ်ဆိုသည်။) အစည်းအဝေးပွဲအရ စာရေးဆရာဖိတ်ကြားရေး၊ နေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ လက်ဆောင်ပစ္စည်းပေးရန် တို့နှင့် မြို့နယ်ခန်းမတွင် စီစဉ်ကျင်းပရန် စာပေဝါသနာရှင်လေးများ၊ မိုးဆက်သစ်အတွက် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကျင်းပရန်ပါ အသေးစိတ်စည်းဝေးဆုံးဖြတ်နိုင်ခဲ့သည်။

ထို့နောက်မှ ဇနီးနှင့် သူကျန်းမာရေး ရန်ကုန်သွားရောက်ပြသစစ်ဆေးရန် ဦးစီးမှူးထံခွင့်ငါးရက်တင်သည်။ ကြည်ဖြူစွာခွင့်ပြုသဖြင့် ဝမ်းသာခဲ့ရသည်။ အိမ်တွင် မိသားစုစည်းဝေးပွဲလုပ်သောအခါ သားနှင့် သမီးအလုပ်ကိစ္စအတွက် တွေ့ဆုံရမည့် အထက်လူကြီးမိတ်ဆွေမှာလည်း ရန်ကုန်သို့လာမည့် ရက်နှင့် တိုက်ဆိုင်သွားရာ တစ်ချက်ခုတ် သုံးချက်ပြတ်အဆင်ပြေသွားရသည်။

ထိုသို့ပြီး၍ ရန်ကုန်မှပြန်ရောက်သောအခါ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည့် အငယ်ဆုံးသားအတွက် ကားနှင့် ဘွဲ့ဝတ်စုံချုပ်ရေးများစီစဉ်ရရာရက်ပေါင်း (၄၀) အတွင်း ကိစ္စဟူသမျှ ပြီးစီးအောင်မြင်ခဲ့ရသည်။ ဆောမွေ့အေးမြခဲ့ရသည်။ ထိုကာလထိုအချိန်က ရွတ်ပွားခဲ့သော ဂါထာတော်ကို သူဘယ်တော့မှမမေ့မည်မဟုတ်တော့ပါ။

ပြီးစီးဖွယ်ကိစ္စဟူသမျှ အောင်မြင်ပြီးစီးစေသော အောက်ပါဂါထာတော်ပင် ဖြစ်ပါလေသည်။

- ဗုဒ္ဓ စက္ကံ မယံ သမိဇ္ဈတု၊
  ဓမ္မ စက္ကံ မယံ သမိဇ္ဈတု၊
  သံဃ စက္ကံ မယံ သမိဇ္ဈတု၊
  သဗ္ဗ စက္ကံ မယံ သမိဇ္ဈတု။ ။

ဟူ၍ ဖြစ်ပေသည်။

ပိုမိုကြည်ညိုလေးနက်ရွတ်ပွားနိုင်စေရန် အနက်မြန်မာပြန်ဖော်ပြရသော်-

- ဘုရားစက်ဖြင့် ပြီးစီးဖွယ်ကိစ္စဟူသမျှသည် ပြီးစီးပါစေသတည်း။
  တရားစက်ဖြင့် ပြီးစီးဖွယ်ကိစ္စဟူသမျှသည် ပြီးစီးပါစေသတည်း။
  သံဃာစက်ဖြင့် ပြီးစီးဖွယ်ကိစ္စဟူသမျှသည် ပြီးစီးပါစေသတည်း။
  အားလုံးသောစက်ဖြင့် ပြီးစီးဖွယ်ကိစ္စဟူသမျှသည် ပြီးစီးပါစေသတည်း။

အနက်မြန်မာပြန်မှာ သိထားရန်သာဖြစ်ပါသည်။ အထက်ပါဂါထာသည် အချိန်မရွေး၊ နေရာမရွေး၊ အခါမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး အထူးကောင်းကျိုးပေးပြီး အလုပ်ကိစ္စဟူသမျှ ပြီးစီးအောင်မြင်စေသည့်အပြင် ဘေးရန်မှန်သမျှတို့ ကင်းပအောင်မြင်စေသော ဂါထာတော်ဖြစ်၍ လူတိုင်းရွတ်ပွားစေလိုသော စိတ်စေတနာမေတ္တာဓာတ်ဖြင့် ရေးသားတင်ပြအပ်ပါသည်။

ကြီးပွားတိုးတက်အောင်မြင်ကြပါစေ

နတ်မောက်မင်းသန့်ရှင်

ပုဂ္ဂိုလ်ကြီးများသာဖြစ်ကြသည် မဟုတ်ပါလော။

ကျွန်တော်တို့ ဆရာတော်ကြီး၏ ကျောင်းသခင်မမှအထွက်တွင် ပတ်ဝန်းကျင်ကိုလှည့်ကြည့်မိသည်။ကျောင်းပေါ်မှကြည့်လျှင် တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း တောင်စဉ့်အထပ်ထပ်ကိုမြင်ရသည်။ နောက်ဘက်တွင်မူ ဆရာတော်ကြီးအား ညချမ်းအခိုနှိ လာရောက်တွေ့ဆုံသည့်တောင်စောင့်နတ်မင်းကြီးမိုတင်းနေထိုင်သည့် တောင်ကမ်းပါးယံကြီးကိုလည်းတွေ့ရသည်။ ဤနေရာသည် အေးချမ်းလှ၍ ဆရာတော်ကြီးအား ဝိဇ္ဇာဇော်ဂျီတို့လာရောက်တွေ့ဆုံသည့် သူတော်ကောင်းတို့၏မေတ္တာကမ္ဘာလေးတစ်ခုပင် ဖြစ်ပါသည်။

လူသူအရောက်အပေါက်နည်း၍ အလွန်နက်ရှိုင်းလှသော ချင်းတောင့်တန်းကြီးများ၏အလယ်ရှိ ခိုက်ခိုက်တုန်ချမ်းအေးလှသည့်တောဂနိုင်ငံတွင် တစ်ပါးတည်း ဧကစာရီကျင့်ကြံအားထုတ်နေသည့် ဆရာတော်ကြီး၏ သတ္တိ၊ သီလ၊ သမာဓိ၊ ပညာများကား အံ့ချီးမကုန်နိုင်အောင်ရှိပါတော့သည်။

ဆရာတော်ကြီးဘဝနတ်ထံပျံလွန်တော်မူကြောင်းကြားသိရစဉ်က များစွာကြေကွဲဝမ်းနည်းမိခဲ့ရပါသည်။

ယနေ့တိုင် မပျက်မကွက် ဆရာတော်ကြီး၏သတသဟဿကာရဂါထာတော်ကြီးကို ရွတ်ဖတ်ပူဇော်၍ ဆရာတော်ကြီးပေးအပ်ခဲ့သော မေတ္တာပုတီးကိုကိုင်မိလေတိုင်း မေတ္တာရှင်ဆရာတော်ကြီးအား အကြိမ်ကြိမ်တွေ့ကြုံဆုံစည်းခဲ့ရသည့်အခဲ့သြဖွယ်ပဋ္ဌာန်းဆက်ဖြစ်ရပ်များကို ထာဝရသတိရနေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

စန်းလှိုင်(ငြိမ်း)
ဘုတယ်/ခရီး

www.burmeseclassic.com

www.burmeseclassic.com

လှမြင့် (ရန်ကုန်အထွေထွေ)
အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံဆရာတော်ကြီး အရှင်စန္ဒမဏိ
(ခရစ်နှစ် ၁၈၆၉–၁၉၅၂ ခုနှစ်)

ခရစ်နှစ် ၁၈၉၅ ခုနှစ် သက်တော် (၂၀) တွင် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ ပန်းဝါမြို့၌ ကာလကတ္တားမြို့ ပွဲစားကြီး ဦးချစ်စရိန်နှင့် ဇနီးဒေါ်ချမ်းမြတ်တို့၏ပစ္စယာနုဂ္ဂဟကိုခံယူလျက် စစ်တွေမြို့ ဆရာတော်ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုကာ အရှင်စန္ဒအား ဥဒကုဏ္ဍေပရေသိမ်၌ မြင့်မြတ်သော ရဟန်းဘဝသို့ ခြီးမြှင့်ခဲ့သည်။ အရှင်စန္ဒသည် ရဟန်းဘဝတွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူခဲ့ပြီး အိန္ဒိယနိုင်ငံမှ ပုဒ္ဓဗြတ်စာပေများရှင်၏ သံဝေဇနိယလေးဌာန အပါအဝင်ဖြစ်သော မိဂဒါဝုန်၊ ကည်းမောရုံ၊ ဆီဂရာနယ် စသည့်နေရာဒေသတို့တွင် ဘာသာမတူလူမျိုးမတူသူတို့ အိန္ဒိယနိုင်ငံသား စန္ဒနှင့် အရင်သူရိယသာမဏေနှစ်ပါး၊ ကပ္ပိယသတိုးဦးတို့သည် အိန္ဒိယဘာသာ စကားမတတ်မြောက်ခြင်း၊ အစားအသောက်ဆင်းရဲခြင်း၊ ဟိန္ဒူဘာသာဝင်တို့၏ ဒုက္ခပေးခြင်းများကို သည်းခံလျက် ဆရာတော်အရှင်စန္ဒဇောတိထံ၌ ပင်ပန်းဆင်းရဲစွာ စာပေများသင်ယူခဲ့ကြသည်။ ဟိန္ဒီ၊ သက္ကတ၊ ပါဠိဘာသာရပ်များကို အလေးထားသင်ကြားခဲ့ပြီးနောက် မြန်မာနိုင်ငံ စစ်တွေမြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။ ထို့နောက် မန္တလေး၊ မော်လမြိုင်မြို့များတွင်. အရှင်စန္ဒသာမဏေသည် နာမည်ကြီးစာသင်တိုက်များ၌ ပါဠိ၊ တိပိဋကတ်စာပေများကို သင်ကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ၊ သာသနာတော်ကြီး ပြန်လည်ရှင်သန်စည်ပင်တိုးတက်ဖွံ့ဖြိုးလာစေရန် အခက်အခဲအမျိုးမျိုး၊ ဒုက္ခအထွေထွေကို ရင်ဆိုင်၍ ကြံ့ကြံ့ခိုင်ခိုင် ကြိုးပမ်းမှုကို ရခိုင်ပြည်နယ် မြောက်ဦးမြို့ ပေါက်ပင်ကွင်းရွာ၌ ခရစ်နှစ် ၁၈၇၅ ခုနှစ်၊ မေလ ၂၅ ရက်၊ အင်္ဂါနေ့တွင် ခမည်းတော် ဦးကျော်အောင်၊ မယ်တော် ဒေါ်မိဝင်းယေတို့မှ ဖွားမြင်တော်မူခဲ့သည်။ သားသမီးသုံးဦး ထွန်းကားခဲ့သည့်အနက် အကြီးဆုံးသား ဖြစ်ပြီး မောင်သာပန်းဦး ဟူ၍ အမည်မှည့်ခေါ်ခဲ့သည်။

အသက် (၁၀) နှစ်အရွယ်တွင် စစ်တွေမြို့ စစ်ကဲကျောင်းတိုက်ကြီး၏ ဦးစီးမဟာနာယက ဆရာတော်ကြီး ဦးစန္ဒိမာထံတွင် စတင် ပညာသင်ကြားခဲ့သည်။ အသက် (၁၂) နှစ် အရွယ်တွင် မိဘနှစ်ပါးတို့၏ အထောက်အပံ့ဖြင့် ကျေးဇူးရှင် ဆရာတော်ကြီးဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ သာမဏေဘွဲ့တော်မှာ ရှင်စန္ဒဖြစ်သည်။ စစ်တွေမြို့ စန္ဒိမာရာမကျောင်းတိုက်ကြီး (စစ်ကဲကျောင်းတိုက်ကြီး) ၌ ဆက်လက် ပညာသင်ကြားခဲ့၏။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော် ပြန်လည် ရှင်သန်ရန် ကြိုးပမ်းရွက်ဆောင်နေသော သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံသား အနာဂါရိကဓမ္မပါလသည် စစ်တွေမြို့သို့ ရောက်ရှိလာခဲ့ပြီး လျင် ပညာဉာဏ်အရာ၌ ထက်မြက်၍ စာပေကျမ်းဂန်များကိုအားကြိုးမာန်တက် သင်ကြားနေသည်။ အသက် (၁၂) နှစ် အရွယ် သာမဏေကျော် အရှင်စန္ဒအား အိန္ဒိယနိုင်ငံသို့ပင့်ဆောင်ခဲ့သည်။

ခရစ်နှစ် ၁၈၈၇ ခုနှစ်၊ နိုဝင်ဘာလ (မြန်မာနှစ် ၁၂၄၉ ခုနှစ်၊ တန်ဆောင်မုန်းလ) တွင် စစ်တွေမြို့ သင်္ဘောဆိပ်မှ သင်္ဘောဦး၍ ကာလကတ္တားမြို့သို့ ရှင်စန္ဒ သာမဏေသည် ရှင်သူရိယသာမဏေ၊ ကပ္ပိယကျောင်းသားသတိုးဦးတို့နှင့်စတင် ထွက်ခွာ ခဲ့သည်။

ကာလကတ္တားမြို့သို့ရောက်ရှိလျှင် အနာဂါရိကဓမ္မပါလသည် ပုဒ္ဓဂယာသို့ ဆက်လက်ပင့်ဆောင်ခဲ့သည်။ ပုဒ္ဓဂယာ မဟာဗောဓိပင်ရင်းအနီးရှိ မင်းတုန်းမင်း တရားကြီး အုတ်ဇရပ်၌သီတင်းသုံးနေထိုင်တော်မူသော သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသား ဆရာတော် ရာမညနိကာယ ဆရာတော် အရှင်စန္ဒဇောတိထံ၌ ပညာဆက်လက် ဆည်းပူးသင်ကြားရန် အနာဂါရိကဓမ္မပါလမှ အပ်နှံခဲ့သည်။ အရှင်

www.burmeseclassic.com

www.burmeseclassic.com

နေ့ စနေနေ့မှသည် နယုန်လပြည့်နေ့ တနင်္လာနေ့တိုင်အောင် (၁၈၆၄ ခုနှစ်၊ မေလ) တစ်လတိုင်တိုင် အိန္ဒိယနိုင်ငံအတွင်းရှိ ပုဒ္ဓဘာသာ ရဟန်းတော်သံဃာတော်များအားလုံး ပင့်ဖိတ်လျက် ခမ်းနား ကြီးကျယ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ၁၈၆၄ ခုနှစ် မှစတင်၍ နှစ်စဉ် ကဆုန်လပြည့် ပုဒ္ဓနေ့တွင် ကုသိနာရုံကျောင်းတော်ကြီး၏ မဟာဗောဓိညောင်ပင်၏ညောင်ရေသွန်းပွဲတော်ကြီးကို နှစ်စဉ်မပျက် ကျင်းပလျက်ရှိပေသည်။

ဆရာတော် အရှင်စန္ဒိမဏိသည် အိန္ဒိယနိုင်ငံတွင်သာမက နီပေါနိုင်ငံတွင်လည်း ပုဒ္ဓဘာသာသာသနာတော်ရှင်သန်ဖွံ့ဖြိုးအောင်ဆောင်ရွက်တော်မူခဲ့သည်။ ဘုရားလောင်းဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်ကြီးကိုလည်း ပြုပြင်မွမ်းမံပေးခဲ့သည်။ထို့ပြင် ဆရာတော်ဘုရားကြီးသည် မိမိသီတင်းသုံးနေထိုင်တော်မူသော ကုသိနာရုံကျောင်းအတွင်း၌ သာသနာပြုလုပ်ငန်းများအရှိန်ရလာသည့်အခါတွင် ဆင်းရဲသူဆင်းရဲသားများ ပညာသင်ကြားနိုင်စေရန် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ ဦးစန္ဒိမဏိ ကောလိပ်ကျောင်းတို့ကို အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ဆရာတော်အရှင်စန္ဒိမဏိသည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃာကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့ပြီး တစ်လကျော်မျှ သင်္ဂါယနာတင်ကိစ္စများ ဆောင်ရွက်အားထုတ်ခဲ့သည်။ ထို့နောက် ရခိုင်ပြည်နယ် စစ်တွေမြို့ ဒါယကာကြီးငယ်အပေါင်းတို့၏ပင့်ဖိတ်လျှောက်ထားချက်အရ စစ်တွေမြို့သို့ကြွရောက်တော်မူပြီး တစ်လကျော်ကျော် သီတင်းသုံးနေထိုင်ရင်း တရားရေအေးတိုက်ကျွေးခဲ့သည်။

၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံသမိုင်း၌ သမိုင်းတွင်စေခဲ့သော အိန္ဒိယနိုင်ငံ ဗဟိုတရားရေးဝန်ကြီး ဒေါက်တာအဗ္ဗေဒကာ အပါအဝင် လူပေါင်း (၆) သိန်းကျော်၏ နာဂပူမြို့တွင် ဆရာတော်အရှင်စန္ဒိမဏိထံမှာက်၌ ပုဒ္ဓဘာသာဝင်အဖြစ် ခံယူပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပသာသနာပြုတော်မူခဲ့သည်။ အိန္ဒိယနိုင်ငံ

ဘိန္နဘာသာဝင်တို့၏ အနောင့်အယှက် အဖျက်အဆီးလုပ်ရပ်များ၊ ဒုက္ခပေးမှုဖြင့် ခိုင်းစိုင်းစွာ ပြောဆိုပြုမူမှုများ၊ အစားအသောက်၊ အနေအထိုင်၊ အဝတ်အထည်၊ ဒုက္ခမျိုးစုံတို့ကို သည်းခံစိတ်ဖြင့် လည်းကောင်း၊ သာသနာပြုစိတ်ဓာတ်ဖြင့် လည်းကောင်း ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပုဒ္ဓဘာသာကျောင်းတော်ကြီးများ ဆောက်လုပ် သာသနာပြုရွက်ဆောင်တော်မူခဲ့သည်။ ယင်းသို့ ဆောင်ရွက်တော်မူခဲ့သည့်အတွက် အိန္ဒိယနိုင်ငံအတွင်းရှိ အိန္ဒိယနိုင်ငံတွင် ပုဒ္ဓဘာသာဝင်သူတော်စင်များအနည်းငယ်ပေါ် ထွန်းခဲ့ပြီး အရှင်စန္ဒသည်လည်း အရှင်စန္ဒိမဏိဟူ၍ ထင်ရှားလာခဲ့သည်။

အရှင်စန္ဒိမဏိသည် ရှေးဦးစွာ အိန္ဒိယနိုင်ငံရှိ ကုသိနာရုံဘုရားကြီးနှင့် ဥယျာဉ်တိုက်တို့သည် အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာဝင်များ၏လက်တွင်းသို့ရောက်ရှိနေသောကြောင့် ပုဒ္ဓဘာသာဝင် ရဟန်းတို့နှင့် သူတော်စင်တို့၏ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိရန် ထိုအချိန်က အိန္ဒိယနိုင်ငံကိုအုပ်ချုပ်နေသော ပြိတိသျှအစိုးရဘုရင်ခံထံ တောင်းဆိုလျှောက်ထားခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာဝင်များနှင့် အရှင်စန္ဒိမဏိ ဦးဆောင်သော ပုဒ္ဓဘာသာဝင်ရဟန်းတို့သည် အိန္ဒိယနိုင်ငံ တရားရုံးတော်၌ ခြောက်ကြိမ်တိုင်တိုင် ဘာသာရေးစစ်ပွဲကြီးကို အထင်ကရဆင်နွှဲခဲ့ရလေသည်။ နောက်ဆုံးတွင် အခက်အခဲဒုက္ခအမျိုးမျိုးကို ကျော်လွှားအောင်မြင်ပြီး ကုသိနာရုံကျောင်းတော်ကြီး၊ ကုသိနာရုံပုထိုးတော်ကြီး၊ ရုပ်ပွားတော်ကြီးမြေနေရာမြတ်နှင့် ဥယျာဉ်တော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိတော်မူခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ၏သမိုင်းတွင် ကုသိနာရုံဆရာတော်ဘုရားကြီး အရှင်စန္ဒိမဏိ ဟူ၍ ထင်ရှားကျော်ကြားခဲ့သည်။

ဆရာတော်အရှင်စန္ဒိမဏိသည် အိန္ဒိယနိုင်ငံတွင် ပုဒ္ဓဘာသာဖွံ့ဖြိုးရှင်သန်စေရန် တစ်ပါးတည်းဆောင်ရွက်ရာတွင် အတော်အသင့် အောင်မြင်မှုရရှိခဲ့သော်လည်း အနှောင့်အယှက်၊ အခက်အခဲ၊ အဖျက်အဆီးများနှင့် တွေ့ကြုံရသဖြင့် စိတ်မချမ်းသာမှုခံစားခဲ့ရ၏။ ထို့ကြောင့် အိန္ဒိယနိုင်ငံတော်အတွင်းရှိ ထေရဝါဒ ပုဒ္ဓဂယာနံတော်သံဃာတော်များစုပေါင်းတိုင်ပင်ဆွေးနွေး၍ အဖွဲ့အစည်းတစ်ခုတည်ထောင်ဖွဲ့စည်းဆောင်ရွက်လျှင် ပိုမိုအောင်မြင်ပြည့်စုံတော်မူမည်ဟု အကြံဉာဏ်ရရှိပြီး အိန္ဒိယနိုင်ငံအတွင်းရှိ ထေရဝါဒ ရဟန်းသံဃာတော်များအားပင့်ဖိတ်၍ အစည်းအဝေးပြုလုပ်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးကြီးတွင် အိန္ဒိယနိုင်ငံ ထေရဝါဒပုဒ္ဓဘာသာအသင်းအဖွဲ့ကြီး ဖွဲ့စည်း၍ သဘောတူညီခဲ့ကြပြီး မဇ္ဈိမဒေသမဟာသံဃာအဖွဲ့ချုပ်ကြီးကို ကုသိနာရုံဆရာတော်ကြီးဦးစန္ဒိမဏိ(ပထမ-ဥက္ကဋ္ဌ)၊ သာဝတ္ထိ ဇေတဝန်ကျောင်း ဆရာတော်ကြီးဦးဗဟိန္ဒ(ဒုတိယ-ဥက္ကဋ္ဌ)၊ ဗာရာဏသီပုဒ္ဓဘာသာကျောင်းတိုက် ဆရာတော်ဦးစန္ဒိမာ(အထွေထွေအတွင်းရေးမှူး) ပုဒ္ဓဘာသာစာပေကျမ်းဂန်များတို့၌ လည်းကောင်း၊ အင်္ဂလိပ်၊ ဟိန္ဒူသက္ကတ၊ အူရဒူ၊ ကျောက်စာ စသောစာပေကျမ်းဂန်များတို့၌ လည်းကောင်း ပါရဂူဖြစ်တော်မူသော ဗာရာဏသီပုဒ္ဓဘာသာကျောင်းတိုက်မှ ဆရာတော်ကြီးဦးတင်္ဂါမ(ဘဏ္ဍာရေးမှူး)နှင့် ကြွင်းကျန်သော ဆရာတော်သံဃာတော်များအားအမှုဆောင်များဖြစ် လည်းကောင်း၊ အသင်းသားများအဖြစ် လည်းကောင်း ရွေးချယ်တင်မြှောက်တော်မူသည်။

ဆရာတော်ဦးစန္ဒိမဏိနှင့်ဦးစန္ဒိမာတို့သည် တိုင်းရင်းသားသတ်မှတ်ခံယူပြီး အစိုးရရုံးတော်၌မှတ်ပုံတင်လျက် အိန္ဒိယအစိုးရ၏ အသိအမှတ်ပြုအသင်းကြီးအဖြစ်ကြီးပမ်းဆောင်ရွက်ခဲ့သည်။ မဇ္ဈိမဒေသ မဟာသံဃာအဖွဲ့ချုပ်ဝင် ဆရာတော်သံဃာတော်များသည် ပုဒ္ဓဘာသာသာသနာတော်ကို အိန္ဒိယနိုင်ငံ၌ ပိုမိုရှင်းသန့်ပျံ့နှံ့ထွန်းကားလာစေရန် အားထုတ်ရွက်ဆောင်ခဲ့သည်။ အဖွဲ့ချုပ်ကြီး၏တာဝန်ဖြင့် မဂ်လသုတ်၊ အနတ္တလက္ခဏသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်၊ မဓုစက္ကပဝတ္တနသုတ်စသည်တို့ကို ဟိန္ဒူဘာသာသို့ ပြန်ဆိုလျက် အိန္ဒိယတစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိခဲ့သည်။

ခရစ်နှစ် ၁၉၂၄ နှစ်တွင် ကုသိနာရုံနယ်၌ သြဇာအာဏာကြီးမားသော ဟိန္ဒူရသေ့ကြီးတစ်ဦးက ဆရာတော် ဦးစန္ဒိမဏိအား ကုသိနာရုံတွင် ဆရာတော် ဦးစန္ဒိမဏိကိုယ်တိုင် စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင်တော်ကြီးကို ကဆုန်လပြည့် ပုဒ္ဓနေ့၌ ညောင်ရေသွန်းပွဲတော်ကြီးကို ဦးဆောင်ကျင်းပပေးရန် လျှောက်ထား နှောင်းပန်ခဲ့သောကြောင့် ဆရာတော်အရှင်စန္ဒိမဏိသည် ကုသိနာရုံ၌ မဟာဗောဓိညောင်ပင်တော်မြတ်၏ ညောင်ရေသွန်းပွဲတော်ကြီးကို မြန်မာနှစ် ၁၂၈၆ ခုနှစ်၊ ကဆုန်လပြည့်

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းသန့်နိုင်

ကျွဲ၊ နွား၊ မြင်းတို့ အသက်ရှူပြွန်(လည်ချောင်း) ရောင်ခြင်းအတွက် မြန်မာ့ရိုးရာကုသနည်း

ကျွဲ၊ နွား၊ မြင်းတို့တွင် အသက်ရှူပြွန်ရောင်ခြင်းရောဂါဖြစ်တတ်ပါသည်။ သခင်ဖြစ်သူက သတိမပြု ဂရုမထား မကုသလျှင် ဆုံးရှုံးပျက်စီးတတ်ပြီးများစွာ နစ်နာလှုပါသည်။

ကျွဲ၊ နွား၊ မြင်းတို့ အသက်ရှူပြွန်ရောင်ရခြင်းမှာ ရုတ်တရက် ရာသီဥတု အပူအအေး စိုစွတ်ထိုင်းမှိုင်းမှု အပြောင်းအလဲမြန်ခြင်း၊ တစ်စုံတစ်ရာသောဆေး၊ အစားကြောင့်ရောင်ခြင်း၊ အသက်ရှူပြွန်ချောင်း (လည်ချောင်း) အတွင်းသို့ ပိုးဝင်ခြင်း စသော အကြောင်းရင်းကြောင့် အသက်ရှူပြွန်ရောင်ရခြင်း ဖြစ်ပါသည်။ အခြားသောအကြောင်းများလည်း ရှိနိုင်ပါသည်။

ကျွဲ၊ နွား၊ မြင်းတို့အသက်ရှူပြွန်ရောင်လာလျှင် ထင်ရှားမြင်သာသော ရောဂါလက္ခဏာများပြပါသည်။

ဦးစွာ ချဲ့သလိပ်အရိုများမထွက်ဘဲ ချောင်းခြောက်ဆိုးလာပါမည်။ နောက်ပိုင်း အရိုအချဲ့များထွက်ပြီး ချောင်းအစို ဆိုးလာမည်။ ခန္ဓာကိုယ်ကို ပွတ်သပ်ကိုင်ကြည့်လျှင် အေးစက်တင်းနေတတ်ပါသည်။ အဖျားတက်ပြီး ဝမ်းချုပ်ကာ အစာမစားနိုင်ဘဲ မျက်လုံးအိမ်မှမျက်ရည် ယိုကျနေတတ်သည်။ လည်ပင်း၊ ခေါင်းကို ရှေ့သို့ဆန့်၍ ဆန့်၍ အသက်ရှူနေတတ်ပြီး အသက်ရှူလမ်းကြောင်း (လည်ပင်း) တစ်လျှောက် ပွတ်သပ်ကိုင်တွယ်လျှင် မခံနိုင်ဘဲနာသဖြင့် ရှောင်ဖယ်လှုပ်ရှားနေမည်။

အစာအိမ်သို့နားကပ်ထောင်လျှင် မြည်နေတတ်ပြီး ဂနာမငြိမ်ဖြစ်နေတတ်ပါသည်။

အထက်ပါအချက်များသည် ကျွဲ၊ နွား၊ မြင်းတို့ အသက်ရှူပြွန်ရောင်လျှင် ဖြစ်ပေါ်တတ်သော ထင်ရှားသည့်ရောဂါလက္ခဏာများဖြစ်ပါသည်။

အသက်ရှူပြွန်ရောင်နေသော ကျွဲ၊ နွား၊ မြင်းကိုသီးခြားထားပြီး လေဝင်လေထွက်ကောင်း၍ လေကောင်းလေသန့်ရရှိပြီး ခြောက်သွေ့၍ ပူသောနေရာတွင်တွင်ထားပါ။ ဆောင်းရာသီ၊ မိုးရာသီဆိုလျှင် ဂုန်နီအိတ်၊ ဂွမ်းစောင်ခြုံထားပေးပါ။ ရင်ဘတ်နေရာတွင် တာလပင်ဆီ၊ ပရုတ်ဆီ၊ နှမ်းဆီတစ်မျိုးမျိုးလိမ်းပေးပါ။ မုန်ညင်းဆီနှင့် တာလပင်ဆီလည်း လိမ်းပေးနိုင်ပါသည်။ စိမ်းစိုသောမြက်နုမြက်ချိုမြေစာမြက်ကိုသာ နုပ်နုပ်စဉ်းကျွေးပါ။ ရေတိုက်သောအခါ ဆားတစ်မတ်သား၊ ယမ်းစိမ်းသုံးမတ်သား ရောထည့်ဖျော်ပြီးတိုက်ပါ။

တိုက်ရန်ဆေးအဖြစ်က -
နွယ်ချို သုံးမတ်သား၊
ချင်းခြောက် သုံးမတ်သား၊
ပိတ်ချင်း သုံးမတ်သား၊
မုရာကြီးရွက် တစ်မတ်သား၊

အထက်ပါ ဆေးအမည်လေးပါး ရောထောင်းအမှုန့်ပြုပြီး ပျားရည်စစ်စစ်ဖျော်ကောင်းအောင်ထည့်ပြီးတိုက်ပေးပါ။ တစ်နေ့နှစ်ကြိမ်မှ သုံးကြိမ်ထိတိုက်ပါ။

ဆေးအမည်နည်းသောကျေးလက်ဒေသတွင် နွယ်ချို၊ သဘော်ပွဲ့လျက်၊ ဆေးပရုတ်တို့ကို ငါးမတ်သားစီယူ၍ ပျားရည်နှင့်တိုက်ပါမည်။

နွားဆေးသမားလက်စွဲဆေးမှာ-
ဇဝက်သာ သုံးမတ်သား၊
နွယ်ချို သုံးမတ်သား၊
ရှိန်းဒို ခြောက်ပဲသား၊
* ပိတ်ချင်းသီး ခြောက်ပဲသား၊
* ဆေးပရုတ် တစ်မတ်သား၊

၎င်းဆေးအမည်များကို အမှုန့်ပြု၊ ပျားရည်နှင့် ရောမွှေတိုက်ပါသည်။ သုံးလေးရက် ဂရုစိုက်တိုက်ကျွေးပေးလျှင် ကောင်းစွာကျန်းမာပြီး လုပ်ငန်းခွင်မပျက်အသုံးပြုနိုင်ပါသည်။

ကျွဲနွားမြင်းမွေးမြူသူတိုင်း လိုလျှင်သုံးနိုင်ရန် ရေးသား တင်ပြအပ်ပါသည်။

ကျန်းမာချမ်းသာလန်းဖြာကြပါစေ

နတ်မောက်မင်းသန့်နိုင်

ယူပီပြည်နယ် ကုသိနာရုံဆရာတော်ဘုရားကြီး အရှင်စန္ဒြမဏိသည် သက်တော် (၁၅) အရွယ် သာမဏေဘဝမှ စတင်၍ ၁၉၇၂ ခုနှစ်၊ မေလ ၈ ရက်၊ သက်တော် (၉၇) နှစ်အရွယ် ကုသိနာရုံမြန်မာကျောင်းတော်ကြီးအတွင်း၌ပျံလွန်တော်မူချိန်အထိ ဗုဒ္ဓသာသနာအကျိုးရှင်သန်ထွန်းကားစေရေးအတွက် မနားမနေအားသွန်ခွန်စိုက်ကြိုးပမ်းရွက်ဆောင်ခဲ့သော သာသနာပြုအာဇာနည်မထေရ်မြတ်ကြီး ဖြစ်သည်။

ကုသိနာရုံဆရာတော်ဘုရားကြီး အရှင်စန္ဒြမဏိသည် အိန္ဒိယနိုင်ငံ ပြည်ထောင်စု ယူပီပြည်နယ် ကုသိနာရုံဘိက္ခုသံဃအဖွဲ့ကြီး၏ဥက္ကဋ္ဌမဇ္ဈိမဒေသ ဗုဒ္ဓသာသနာပြုမဟာသံဃအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ၊ နီပေါနိုင်ငံ ဗုဒ္ဓသာသနာတော်ပြုမဟာသံဃအဖွဲ့ချုပ်ကြီး၏မဟာနာယက၊ ဗာရာဏသီမြို့ မိဂဒါဝုန်ဗုဒ္ဓဘာသာကျောင်း၊ အထက်တန်းကျောင်းများ၏ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကုသိနာရုံရှိ ဗုဒ္ဓဂူဝ၊ မတ္တဂူဝဘုရားများအားစောင့်ရှောက်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ၊ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့၏ ဩဝါဒါစရိယ၊ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံအတွင်းရှိ သံဃာတော်များ၏ ဩဝါဒါစရိယနှင့် မဟာနာယက၊ နာနာနယကောဝိဒ၊ ပိဋကတ္တယပါဠိပါရဂူ၊ သာသနာ့ရတုပါရဂူ၊ လဒ္ဓီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ ဂဏာစရိယ၊ ဂဏာပါမောက္ခ၊ ဂုရု-ဂုရု၊ မဟာဂုရုဘွဲ့တံဆိပ်တော်ရ ဟူသော ဝိသေသဘွဲ့ထူးဂုဏ်ဖြင့်အမြောက်အမြားနှင့်ပြည့်စုံသော ပဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဆရာတော်ကြီး ဖြစ်သည်။

လှမြင့် (နေကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ အိန္ဒိယနိုင်ငံပြည်ထောင်စု ယူပီပြည်နယ် ကုသိနာရုံဆရာတော်ကြီး သီရိဘဒ္ဒန္တစန္ဒြမဏိမဟာထေရပ္ပတိကထာ (ဘဒ္ဒန္တကေသရာဘိဝံသ၊မင်္ဂလာရာမ ပါဠိတတ်ကွသိုလ်၊ သိမ်မြဖူလမ်း၊ရန်ကုန်) ဆရာမကြီးဒေါ်ရွှေပု(DSP)ရွှေပြည်စိုးကိုယ်ပိုင်အထက်တန်းကျောင်း၏မြို့ဒါန)

၂။ ရှင်သန်ဇီးထ မဇ္ဈိမ၏ ဘုန်းဝင်ဌာနများ(အရှင်တေဇောဇီဝ၊ နာလန္ဒာတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာပြီဆိုလျှင် နေ့စဉ်ဆိုသလို ဗုဒ္ဓဘာသာသာသနာနှင့်ပတ်သက်သော ဘာသာရေးလုပ်ငန်းများကို တာဝန်တစ်ခုအနေဖြင့် သတ်မှတ်ပြီး လုပ်ဖြစ်နိုင်သမျှ လုပ်ဖြစ်အောင် ကျင့်ကြံကြိုးစားအားထုတ်သင့်ပေ၏။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်အများစုသည် မိမိတို့ကိုးကွယ်သည့်ဘာသာနှင့် ပတ်သက်သည့် ဘာသာရေးဗဟုသုတကို လည်းကောင်း၊ ကျင့်ကြံလိုက်နာဖွယ်ရာတို့ကို လည်းကောင်း စစ်စစ်မှန်မှန် သိရှိသူနည်းသည်ထက်နည်းလာသည်တို့ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေရ၏။

ကျွန်ုပ်နှင့် ရင်းနှီးသော၊ စီးပွားလည်းပြည့်စုံ၍ ခေတ်ပညာလည်း အတော်အသင့် တတ်မြောက်သောသူ၊ ၎င်းတို့အနက် နှစ်မျိုးလုံးမပြည့်စုံဘဲ တစ်မျိုးသာ ပြည့်စုံသည့် (၄၀) ကျော် အရွယ်ရှိသောသူတို့သည် ကျွန်ုပ်နှင့် တွေ့ဆုံသောအခါ ဗုဒ္ဓဘာသာဝင်တစ်ယောက်နေ့စဉ်ပြုလုပ်ဆောင်ရွက်ရမည့် အရာတို့ကိုမေးမြန်းကြ၏။ ထိုအခါ ကျွန်ုပ်က မူလအခြေခံက စ၍ရှင်းပြရ၏။ ထိုသို့ရှင်းပြရသည့်အထဲတွင် ကိုကံကောင်းလည်း တစ်ယောက်အပါအဝင်ဖြစ်၏။

"ကိုကံကောင်းကိုဗျာ၊ ကျုပ်အခြေခံကစပြီးရှင်းပြမယ်။ ဗုဒ္ဓဆိုတာက ဘဝများစွာသံသရာထိုထိုကျင်လည်ရစဉ်အခါတုန်းက ဒါန စတဲ့ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကိုဖြည့်ကျင့်ခဲ့ပြီး မဟာဗောဓိမဏ္ဍိုင်မှာ သစ္စာလေးပါး တရားအလုံးစုံကို ဆရာမရှိဘဲ၊ ဘယ်သူ့အကူအညီမှ မရယူဘဲ ကိုယ်တော်တိုင်ထိုးထွင်းသိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်လို့ အဓိပ္ပာယ်ရတယ်ဗျ"

ဤသို့ ကျွန်ုပ်က ပြောပြသောအခါ -

(မင်းကွန်း)

ကောင်းစံသာ

ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်ဘာသာရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

"ဆရာပြောတော့မှ ပြည့်ပြည့်စုံစုံသိရတော့တယ်။ အစက ကျွန်တော်က ဗုဒ္ဓဆိုတာ ဘုရားလို့ သာမညသိတာလောက်ပဲရှိတယ်။ ဒါအမှန်အတိုင်းဝန်ခံတာပါ။ ဒါနဲ့ ဆက်ပြောပါဦး ဆရာ"

ဟု သူစိတ်ထဲရှိသည့်အတိုင်း ရိုးရိုးသားသား ဝန်ခံစကားဆိုပြီးသည်နှင့် ကျွန်ုပ်က -

"ပြီးတော့ ဗုဒ္ဓဘာသာဆိုတာကို ပြောပြမယ်။ ကျုပ်တို့ဘုရားရှင်ဟာ ဘုရားဖြစ်တော်မူတဲ့အခ်ိန်ကစတင်ပြီး ပရိနိဗ္ဗာန်ဝင်စံသွားတဲ့အထိ (၄၅) ဝါကာလမှာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံးရဲ့အကျိုးပွားတိုးပွားပါစေတော့ဆိုပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရေးအတွက် ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာအဖြာဖြာကို ဗုဒ္ဓဘာသာလို့ခေါ်သတဲ့"

ဟု ရှင်းပြလေလျှင် -

"ဟုတ်လား ဆရာ။ ကျွန်တော်က တော့ ဗုဒ္ဓဘာသာဆိုတာ ကျွန်တော်တို့လိုလူတွေကို ခေါ်တာလို့ ထင်ထားတာဆရာ"

ဟု ကိုကံကောင်းသည် သူ့အထင်သူ့အတွေးကို ပြောပြန်လေတော့၏။

ထို့နောက် ကျွန်ုပ်က -

"အခု အဓိပ္ပာယ်မှန်ကို သိသွားပြီပေါ့။ ဆက်ပြီး ဗုဒ္ဓဘာသာဝင်ဆိုတာကို ရှင်းပြဦးမယ်။ ဗုဒ္ဓဘာသာဝင်ဆိုတာက မြတ်စွာဘုရားဟောကြားခဲ့တဲ့ တရားတော်တွေကို ယုံကြည်သက်ဝင်တယ်။ ကြည်ညိုတယ်။ ကိုးကွယ်ဆည်းကပ်တယ်။ ပြီးတော့ လိုက်နာကျင့်ကြံတယ်။ ကြိုးစားအားထုတ်တယ်။ ဒီလိုပုဂ္ဂိုလ်မျိုးမှ ဗုဒ္ဓဘာသာဝင်ဖြစ်တယ် ကိုကံကောင်း"

ဟု ပြောပြသောအခါ အောက်ပါအတိုင်း ကျွန်ုပ်ကိုပြောလေတော့၏။

"ဒါနဲ့ ဆရာ့စကားအရဆိုရင် ဗုဒ္ဓဘာသာဝင်ဆိုတာ ကျွန်တော်တို့ဘုရားရှင်ဟောကြားထားတဲ့ တရားတော်တွေကိုယုံကြည်တဲ့သူ၊ လိုက်နာဘဲ့သူလို့ သဘောပေါက်သွားပါပြီ။ ဒါဖြင့် ဗုဒ္ဓဘာသာဝင်တစ်ဦးဟာ အမည်ခံသက်သက် ဗုဒ္ဓဘာသာမဟုတ်ဘဲ အမှန်တကယ်ဗုဒ္ဓရဲ့ အဆုံးအမတွေကို လက်တွေ့လိုက်နာကျင့်သုံးရမှာပေါ့နော် ဆရာ။ ဒါမှ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်မှာပေါ့။ မဟုတ်ဘူးလား ဆရာ"

"ဟုတ်တာပေါ့ ကိုကံကောင်းရယ်၊ လူဘဝဆိုတာ အလွန်ရခဲတယ်လေ။ ပြီးတော့ အပါယ်လေးဘုံဆိုတာ ဆင်းရဲဒုက္ခမျိုးစုံကိုသာခံစားနေရတဲ့ဘုံဖြစ်လို့

ဒါနသီလဘာဝနာဆိုတဲ့ကုသိုလ်ကောင်းမှုတွေကိုမပြုနိုင်ဘူး။ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုပြန်တော့လည်း ချမ်းသာမျိုးစုံကိုသာခံစားစံစားနေရတဲ့ဘုံဖြစ်လို့ ကုသိုလ်ပြုလုပ်ဖို့ မေ့လျော့နေပြန်ရော။ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ကုသိုလ်ပြုဖို့မလွယ်ကူပြန်ဘူး။ လူဘုံလူဘဝကသာ ဒုက္ခနဲ့ သုခရောနှောနေလို့ ကိုယ့်အသိဉာဏ်နဲ့ ယှဉ်ပြီး ဒါန၊ သီလ၊ ဘာဝနာကောင်းမှုတွေကို ပြည့်စုံအောင်ဖြည့်ကျင့်နိုင်တယ်။ ဒါတွင်မကဘူး၊ သံသရာဝဋ်က လွတ်မြောက်ရလေအောင် ကြိုးစားအားထုတ်နိုင်တယ်။ ဒါကြောင့် လူဘဝရခဲတယ်လို့ ဘုရားရှင်က ဟောကြားခဲ့တာပါ။ ဒီလို ရခဲလှတဲ့လူဘဝကိုလည်း၊ ဘုရားရှင်သာသနာနဲ့လည်းကြုံ၊ ဘုရားရဲ့တရားတော်တွေကိုလည်း နာကြားရတဲ့ လူဘဝအခ်ိန်အတန့်မှာ ဘုရားရှင်ဆုံးမခဲ့တဲ့ နည်းလမ်းတွေအတိုင်း အမြဲမပြတ်လိုက်နာသင့်တာပေါ့ ကိုကံကောင်းရယ်။ အဲဒီလိုလိုက်နာနိုင်မှသာ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်တော့မှာပေါ့ဗျာ"

ကျွန်ုပ်သည် ဤသို့ စကားအရှည်ကြီးပြောပြီးလေသောအခါ ကိုကံကောင်းက -

"ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာပြီဆိုတာနဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးစစ်စစ်ဖြစ်ဖို့ နေ့စဉ်ဘာတွေလုပ်ရမယ်ဆိုတာကိုလဲပြောပါဦးဆရာ"

ဟု ပြောပြန်သဖြင့် -

"ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာရင် အခု ကျုပ်ပြောမယ့်ဘာသာရေးလုပ်ငန်းတွေကို အသိဉာဏ်ပညာဦးစီးတဲ့ ယုံကြည်မှုသဒ္ဓါတရားနဲ့ နေ့စဉ်ပြုလုပ်ရမယ်။

အဲဒီ တာဝန်လုပ်ငန်းတွေက -

က။ ဘုရားရှိခိုးရမယ်
ခ။ မေတ္တာပို့ရမယ်
ဂ။ အမျှရေမယ်
ဃ။ အလှူဒါနပြုလုပ်ရမယ်
င။ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက်လုပ်ဆောင်ရမယ်
စ။ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ရမယ်

ဟု ကိုကံကောင်း၏ အမေးကို ဖြေဆိုရပြန်၏။

ထို့နောက် -

"ဘုရားရှိခိုးရမယ်ဆိုတာ ဘယ်လိုပုံစံနဲ့ရှိခိုးရမယ်ဆိုတာလည်း ရှင်းပြပါဦး ဆရာ"

ဟု မေးလာသဖြင့် ကျွန်ုပ်က -

"ဘုရားရှိခိုးတယ်ဆိုတာ ဘုရားရှင်မှာ ဂုဏ်တော်ကိုးပါးရှိတယ်။ တရားတော်မှာ ဂုဏ်တော်ခြောက်ပါးရှိတယ်။ သံဃာတော်မှာ ဂုဏ်တော်ကိုးပါးရှိတယ်။ အဲဒီဂုဏ်ကျေးဇူးတွေကို မြန်မာလို ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်းနဲ့ နားလည်သဘောပေါက်ရမယ်။ နှလုံးသွင်းပြီးရွတ်ဆိုရမယ်။ ပြီးတော့ ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး ဆိုတဲ့ ထိခြင်းငါးပါးနဲ့ ရှိခိုးသေသေ လေးလေးစားစားရှိခိုးခြင်းဖြစ်တယ်ဗျ"

ဟုပြောပြပြီးသည်နှင့် ဆက်လက်၍ -

"မေတ္တာပို့တယ်ဆိုတာ ဘယ်လိုပို့ရမှာလဲ ဆရာ"

မေးပြန်သဖြင့် ကျွန်ုပ်က -

"မေတ္တာဆိုတဲ့နေရာမှာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာရယ်လို့ သုံးမျိုးသုံးစားရှိတယ် အဲဒီသုံးမျိုးအနက်က မနောကံမေတ္တာကိုပို့ပေးရမယ်။ ဘယ်လိုပို့ပေးရမလဲဆိုတော့ မိမိကိုယ်တိုင်ဘေးရန်ကင်းပြီးကြီးပွားချမ်းသာချင်သလို ရှိရှိသမျှ သတ္တဝါအားလုံးဟာလည်း ဘေးရန်ကင်းပြီး ကြီးပွားချမ်းသာချင်ကြမှာပဲလို့ ကိုယ်နဲ့ထပ်တူထားပြီး သတ္တဝါအားလုံးကို အာရုံပြုရမယ်။ ကြီးပွားစေလိုတဲ့၊ စိတ်ချမ်းသာစေလိုတဲ့ စိတ်ကိုဖြစ်ပေါ်အောင်မွေးမြူပြီး မေတ္တာတွေပို့လွှတ်ရမယ်။ ကြိမ်ဖန်များစွာပွားများရမယ်။ အဲဒါ မေတ္တာပို့ခြင်းပဲဗျ ကိုကံကောင်းရ"

ဟု ရှင်းပြရပြန်၏။

ထို့အခါ ကိုကံကောင်းက -

"မေတ္တာပို့တာတော့ ရှင်းသွားပါပြီ ဆရာ။ အမျှဝေတာကော ဘယ်လိုဝေရမယ်ဆိုတာ ရှင်းပါဦး ဆရာ"

ဟု မေးပြန်သဖြင့် -

www.burmeseclassic.com

www.burmeseclassic.com



"အမျှဝေရမယ်ဆိုတာက မိမိပြုလုပ်ခဲ့တဲ့ ဒါနကုသိုလ်အမျိုးမျိုးအဖုံဖုံရှိမယ်။ ဆောက်တည်ထားတဲ့ ငါးပါး၊ ရှစ်ပါးဆိုတဲ့သီလကုသိုလ်ရှိမယ်။ ဘုရားဂုဏ်တော် စသည်ရွတ်တာ၊ပုတီးစိပ်တာ၊ တရားထိုင်တာ၊ မေတ္တာပွားတာစတဲ့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာရှိမယ်။ ဒီကုသိုလ်တွေကိုပေါင်းစုပြီး အဲဒီကုသိုလ်တို့ရဲ့အဖို့ဘာဂကို သုံးဆယ့်တစ်ဘုံမှာရှိနေကြတဲ့ သတ္တဝါအားလုံးမိမိနဲ့ထပ်တူ အညီအမျှ ရနိုင်စေဖို့အတွက် အမျှသုံးကြိမ်ပေးဝေရမယ်လို့ဆိုလိုတယ်"

ဟု ကျွန်ုပ်က ဖြေဆိုပြီးသော အခါ ကိုကံကောင်းက -

"ဆရာပြောတဲ့တာဝန်တွေထဲမှာ အလှူဒါနပြုရမယ်လို့ ဆိုတာပါတယ်နော်။ အဲဒီအလှူဒါနကို ဘယ်အချိန်တွေမှာပြုရမှာလဲဆရာ"

ဟု ထပ်မေးပြန်၏။

ထို့အခါ ကျွန်ုပ်ဖြေရပြန်၏။

"ဒါကတော့ ကိုကံကောင်းရယ် အလှူဒါနဆိုတာက အချိန်ကာလကို ကြည့်ပြီး ဥပမာ ဘုရားကိုလှူမယ်ဆိုရင် ဆွမ်းတော်ကပ်မယ်၊ ရေချမ်းကပ်မယ်၊ ပန်းနဲ့သာလှူမယ်၊ ဆီမီးကပ်မယ်၊ သံဃာတော်တွေကို ပိဏ္ဍာဘတ်ဆွမ်းလောင်းလှူမယ် စသည်ဖြင့်ပေါ့လေ။ အလှူဒါနတစ်စုံတစ်ရာဝတ္ထုတစ်စုံတစ်ရာကို စေတနာသုံးတန်ပြဋ္ဌာန်းပြီး အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းပေးကမ်းတာပေါ့ဗျာ"

ထို့နောက် ကိုကံကောင်းသည် သူ၏အကြီးအိတ်ထဲမှ ကွမ်းယာထုပ်ကို ထုတ်ပြီး ကွမ်းယာတစ်ယာကို ပါးစပ်ထဲထိုးသွင်းလိုက်ကာ -

"သာသနာတော်တည်တဲ့ပြန့်ပွားရေးဆောင်ရွက်ရမယ်ဆိုတာကကော ဘယ်လိုဆောင်ရွက်ရမှာလဲဆရာ။ အဲဒါလည်း ကျွန်တော်မသိဘူး ဆရာရေ"

ဟု ဆက်လက်မေးပြန်သဖြင့် -

"ကိုယ့်ခန္ဓာကိုယ်ထဲမှာပဲဖြစ်ဖြစ်၊ သူတစ်ပါးသန္တာန်မှာပဲဖြစ်ဖြစ် မြတ်စွာဘုရားရဲ့အဆုံးအမဆိုတဲ့သာသနာတော်ကို တည်တံ့အောင်၊ ပြန့်ပွားအောင်ပြုလုပ်ဆောင်ရွက်တာကိုပြောတာပေါ့ဗျာ။ ဒီထက် အကျယ်ချဲ့ပြောရရင်တော့ ဘုရားရှင်ရဲ့ အဆုံးအမဆိုတာက မိမိမှာပဲဖြစ်ဖြစ်၊ သူတစ်ပါးမှာပဲဖြစ်ဖြစ်၊ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးဆိုတဲ့ မကောင်းတဲ့အမူအကျင့်မဖြစ်အောင်လုပ်တာရယ်၊ ကောင်းတဲ့အမူအကျင့်သုစရိုက်တွေတိုးသည်ထက်တိုး၊ပွားသည်ထက်ပွားအောင် ပြုလုပ်တာရယ် ဒါတွေပေါ့ဗျာ။ ဒါ့အပြင် ဘာသာရေးအသင်းအဖွဲ့တွေမှာ ကိုယ်ကျိုးမဖက်ဘဲ သဒ္ဓါတရားသက်သက်နဲ့ တက်တက်ကြွကြွပါဝင်ဆောင်ရွက်တာတို့၊ ပရိယတ္တိစာပေတွေသင်ကြားနေတဲ့ ရှင်ရဟန်းသာမဏေတို့ကို ထောက်ပံ့လှူဒါန်းတာတို့၊ ယဉ်ကျေးလိမ္မာသင်တန်း၊ အဘိဓမ္မာသင်တန်း စတဲ့ သင်တန်းတွေမှာ သင်ထောက်ကူဖြစ်တဲ့စာအုပ်၊စာရေးခုံစသည် လှူဒါန်းထောက်ပံ့တာတို့၊ ပဋိပတ္တိအလုပ်အားထုတ်နေကြတဲ့လူနဲ့ရဟန်းတော်များကို ထောက်ပံ့ကူညီတာတို့၊ ဗုဒ္ဓစာပေပြန့်ပွားဖို့အတွက် ဆောင်ရွက်လုပ်ကိုင်တာတို့၊ အိမ်တွင်းသာသနာပြု၊ ရပ်ရွာတွင်းသာသနာပြုဖြစ်တဲ့မွေစကြာ၊ ပဌာန်း၊ ပရိတ်စသည်တို့ကို သင်ကြားပို့ချတာတို့ အစရှိသည်တွေကိုပြုလုပ်ရင် သာသနာတော်တည်တံ့ပြန့်ပွားရေးဆောင်ရွက်တယ်လို့ခေါ် တယ်ဆိုတာမှတ်ထားရမယ်ကိုကံကောင်း"

ဤသို့ ကျွန်ုပ်အနေဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြရပြန်လေတော့သည်။

ကိုကံကောင်းအဖို့ ဘာသာရေးအကြောင်း တကယ့်ကိုမသိရှာသဖြစ်၏။ ယခု အသက်အရွယ် ငါးဆယ်ကျော်လာမှ ကျောင်းကန်ဘုရားနားကပ်ရမည့် အရွယ်ပါလားဆိုသည်ကိုလည်းသိလာသူဖြစ်၏။ ထို့ကြောင့် သူ့ကို အပြစ်မဆိုသာပေ။ ကျွန်ုပ်တို့မြန်မာပြည်တွင် ကိုကံကောင်းလိုလူ မည်မျှရှိမည်မသိပေ။ ကိုကံကောင်းသည် ဗုဒ္ဓဘာသာတစ်ယောက်၏ နေ့စဉ်ပြုရမည့်ဘာသာရေးလုပ်ငန်းတာဝန်များထဲမှ နောက်ဆုံးတာဝန်တစ်ခုကို ဤသို့မေးပြန်၏။

"လက္ခဏာရေးသုံးပါးဆင်ခြင်ရမယ်ဆိုတာ ဘယ်လိုဆင်ခြင်ရမှာလဲဆရာ"

"အင်း-ဒီမေးခွန်းကတော့အတော့်ကိုဖြေရမှာ ကျယ်ဝန်းသဗျ။ ဒါပေမယ့် အတိုချုံးပြီး ကျုပ်သိသလောက်ပြောပါမယ်။ ကျုပ်တို့ခင်ဗျားတို့ရထားတဲ့ခန္ဓာကိုယ်ကြီးကို လူသတ္တဝါ၊ လူပုဂ္ဂိုလ်လို့ခေါ်ဝေါ်တာ၊ ယောကျ်ား၊ မိန်းမလို့ခေါ်ဝေါ်တာ၊ မောင်ဖြူ မောင်နီ စသည်ခေါ်ဝေါ်တာတို့ဟာ ပညတ်အနေနဲ့ မှည့်ထားခြင်းသာ ဖြစ်တယ်။ အဲဒီပညတ်အမြင်မှာတင် မိမိရဲ့ဉာဏ်ကိုရပ်မထားဘဲနဲ့ ဒါတွေဟာ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့သာဖြစ်တယ်။ ဒီရုပ်နာမ်နှစ်ပါးလုံးရဲ့ မူလသဘာဝကို ဝိပဿနာဉာဏ်နဲ့ တကယ်ကြည့်တဲ့အခါ ရုပ်နာမ်တရားတို့ရဲ့ အခုဖြစ်ပြီးအခုချုပ်သွားပုံ၊ အဖြစ်နဲ့အပျက်အချိန်တိုင်းမှာ မပြတ်တရစပ် နှိပ်စက်ခံနေရလို့ဆင်းရဲပုံ၊ ဖြစ်တာပျက်တာတွေကို မဖြစ်အောင်၊ မပျက်အောင် စေခိုင်းလို့မရပုံတို့ကို ရှုမြင်နေတာ၊ သိနေတာကို လက္ခဏာရေးသုံးပါးဆင်ရမယ်လို့ ပြောတာဗျ။ အခုပြောခဲ့တာတွေကို ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့နေ့စဉ်ပြုလုပ်ရမယ့်ဘာသာရေးလုပ်ငန်းတာဝန်လို့ခေါ်ပါတယ်။ ဒီလိုနေ့စဉ်ပြုလုပ်တဲ့နေရာမှာ တစ်ကြိမ်တစ်ခါသာမဟုတ်ဘူး။ ကိုယ်စွမ်းနိုင်ရင် စွမ်းနိုင်သလောက် အကြိမ်များစွာ ပြုလုပ်နိုင်လေလေ ပို၍ပို၍ အကျိုးရှိလေလေလို့ မှတ်ရမယ် ကိုကံကောင်း"

ဟု ကျွန်ုပ်က အဖြေပေးပြီးသော အခါ ကိုကံကောင်းသည် -

"အင်း- ဒီနေ့တော့ ဆရာနဲ့တွေ့ရတော့ သိန်း (၁၅၀၀) ထီပေါက်တာထက် အကျိုးရှိသွားပြီဆရာ။ စိတ်ရှည်လက်ရှည်ရင်းပြလို့လည်း အထူးကျေးဇူးတင်ပါတယ်။ဗုဒ္ဓဘာသာဝင်တစ်ယောက်ရဲ့နေ့စဉ်လုပ်ရမယ့်ဘာသာရေးလုပ်ငန်းတွေကို ကျွန်တော်စွမ်းနိုင်သမျှ လိုက်နာကျင့်ကြံပြီး ရတနာသုံးပါးနဲ့ မိဘ၊ ဆရာကျေးဇူး၊ ဆရာ့ကျေးဇူးတွေကို ပေးဆပ်ပါမယ်လို့ အလေးအနက်ကတိပေးပါတယ်ဆရာ။ ကျွန်တော်ပြန်ပါဦးမယ်ဆရာ"

ကောင်းစံသာ(မင်းဘူမိ)

ကျွမ်းကို -

ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သီတင်းကျွတ်လပြည့်နေ့၌ ငွေစောင်းတန်း၊ ရွှေစောင်းတန်းတို့၏ အလယ်ရှိ ပတ္တမြားစောင်းတန်းမှ လူတို့ပြည် သင်္ကဿနဂိုဏ်မြို့ကိုကြွလာရာတွင် တရားတော်များ ဟောကြားပြီး ငါ၏ လက်ပေါ်၌ရှိသော မြေမှုန့်တို့သည် သာသနာင်းထောင်တည်တဲ့လေအောင် ငါဘုရား၏ကိုယ်စား လူအစရှိသော သတ္တဝါအပေါင်းတို့အား ကောင်းကျိုး ချမ်းသာပေးစွမ်းနိုင်သည့် မဟာသစ်ကနက်ပင်(သင်္ကန်းနက်)ပေါက်ပါစေဟု မိန့်တော်မူပြီး မြေမှုန့်ကို လက်တော်မှ ချတော်မူလိုက်၏။

ခေတ်အဆက်ဆက်ပြောင်းသွားသောအခါ သစ်ပင်အောက်ရှိ ရတနာကျောက်တုံးများမှ အရောင်များဖြာထွက်နေသည်ကို စုန်းပင်ကြီး၊ နတ်ပင်ကြီးဟုသမုတ်ပြီး ရှောင်ရှားနေကြ၏။ ထို့နောက် လိုတရပတ္တမြားကျောက်ကို ရရှိထားသော ဟိန္ဒူဘာသာဝင်တစ်ဦးကို အကြောင်းပြုကာ တိဗက်လားမား ဘုန်းတော်ကြီးနှစ်ပါးနှင့် ဗြာဟ္မဏကုလားဆရာကြီးတို့သည် မဟာသစ်ကနက်ပင်ကြီးကိုခုတ်လှဲကာ ချိန်ခါနက္ခတ်ဝင်ထွက်သတ်မှတ်ပြီး ကောင်းမြတ်သောအခါ၊ဂါထာမန္တန်မန္တရားအစုံစုံနှင့် ထွက်ရပ် ဆေးပေါင်း၊ အင်းပေါင်းစီရင်ပြီး တိဗက်မူတိဗက်ဟန်ဖြင့် မုန်တော်၊ ဦးခေါင်းတော်၊ ကိုယ်တော်၊ လက်တော်၊ ခြေတော်မှအစ လောကီအစီအရင်အမိုးမိုးဖြင့် ရှင်ရှင်တော်မြတ်ကြီးလေးဆူကိုထုလုပ်စီရင်ခဲ့ကြသည်။

မဟာသွံသာရရှင်ရှင်တော်မြတ်တစ်ဆူမှာ တိဗက်ဆရာတော်ကြီးအဆင့်ဆင့်လွှဲပြောင်း၍ မြန်မာနိုင်ငံသို့ ပထမဦးဆုံး ကြွရောက် သီတင်းသုံးတော်မူပါသည်။ သင်္ကန်းနက်အပင်ကြီး၏ မူလသင်္ကန်းနက်သားဖြင့်ထုလုပ်ပူဇော်ထားပြီး တစ်ဆူမှာ ပျောက်ကွယ်နေခဲ့ပါသည်။ အဘိုးဆရာတော်မှာလည်း လွန်ခဲ့သည့် (၂) နှစ်ခန့်က အတွင်းစခန်းသို့ ကြွချီတော်မူကြောင်းသာသိရှိရပါသည်။

သိမီသမျှ အဘိုးဆရာတော်၏ အနွယ်တော်များထံ မေးမြန်းစုံစမ်းရာတွင် အောက်ပါအချက်အချို့သာ သိရှိရပါသည်။

ရှေးအခါက ထွက်ရပ်ပေါက်ဘိုးတော်ကြီးဘိုးသူရိန်မှ အဘိုးလေးကျန်း ဒီဗွဆရာတော် (ပြည်ဆရာတော်ကြီး) အား တာဝန်ပေး၍ မြန်မာပြည်အတွင်း ရှာဖွေရန် မှာကြားပါသည်။ ရှေးယခင်က ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် လေးမျက်နှာကျောင်းတိုက်တွင် မဟာသွံသရရှင်ရှင်တော်မြတ်အား ဖူးတွေ့ရပါသည်။ ဘုရား၏ ဘွဲ့တော်အားမည်သူမျှမသိကြ။ အဘိုးဆရာတော်ကြီးက တိဗက်ပြည်တွင် ထုဆစ်ထားသော မဟာသွံသရ ရှင်ရှင်တော်အစစ်ဖြစ်ကြောင်း ရှင်းလင်း မိန့်ကြားခဲ့ပါသည်။ ၎င်းမှအဆင့်ဆင့်ရှင်ရှင်တော်မြတ်တစ်ဆူအား လက်ဆင့်ကမ်းထိန်းသိမ်းပူဇော်ခဲ့ကြသည်ဟုသာ သိရပါသည်။

ယခုအချိန်တွင် ပျောက်ကွယ်နေသောသင်္ကန်းနက်သား(ယခုရွှေချထားပြီး)မှာ အင်းစိန်မြို့နယ် ဇေယျသိဒ္ဓိကျောင်းဘိုကုန်းရပ်ကွက်၌ ဆရာတော်ဦးကုမာရမှ ထိန်းသိမ်းစောင့်ရှောက်သာသနာပြုနေကြောင်း သိရှိရပါ သည်။ ဆရာတော်ဦးကုမာရမှ မဟာသွံသရရှင်ရှင်တော်အား ဘုရားအနေကဇာတင်ပူဇော်သည့် VCD အခွေချုပ်များဖြင့် မှတ်တမ်းတင်ထားရှိပါသည်။

စာရေးသူမှလည်း မိမိနေထိုင်ရာတွင် ပင့်ဆောင်ပူဇော်ခဲ့သဖြင့် ဆရာတော်၏ VCD မှတ်တမ်းအခွေလေးခုရရှိပြီး ကူးယူပူဇော်နိုင်ပါသည်။

ထို့နောက် ရှင်ရှင်တော်မြတ်ကြီးလေးဆူကို ပင်္ကသို့ ပင့်ဆောင်တော်မူ

www.burmeseclassic.com

www.burmeseclassic.com

ရာ အကြီးဆုံးဖြစ်သော မဟာသွံတိကွ ရုပ်ရှင်တော်မြတ်ကြီးမှ တစ်ပါးတည်းသာ တိဗက်ပြည်တွင် လူတိုင်းကိုးကွယ် ပူဇော်လျက်ရှိပါသည်။ ကျန်ရှိသော ရုပ်ရှင်တော်မြတ်သုံးဆူအနက် (၂) ဆူ ကို အဘိုး 'မဟာလေးကျွန်းဒီဗွ အတုလ' ဆရာတော်ကြီးက မြန်မာ နိုင်ငံသို့ ပင့်ဆောင်တော်မူခဲ့ပါ သည်။ ယခုအခါနိန်တွင် မြန်မာ ဂုဏ်ရည်ရိပ်သာ၊ နီလာလမ်း၊ အမှတ် (၃၈)၊ အဘိုးဆရာတော် ကြီး၏ ကျောင်းတော်တွင် သိတင်းသုံး အပူဇော်ခံလျက်ရှိ ပါသည်။

မဟာသွံရုပ်ရှင်တော်မြတ်ကြီးများ ၏ မြန်မာလိုအနက်အဓိပ္ပာယ်ကို သိလို သောကြောင့် အဘိုး၏ မြေးဖြစ်သူ ဒေါ်စန္ဒာကို မေးမြန်းခဲ့ရာ အောက်ပါ အတိုင်း ပြန်လည် ပြောကြားခဲ့ပါသည်။

မဟာသွံတိကွ ရုပ်ရှင်တော်မှာ တိဗက်ပြည်ရှိ 'ပေါတလ' ကျောင်းတော် တွင် သိတင်းသုံးနေသည်ဟု သာသိရပါသည်။'မဟာ သွံသံဘဝ' ဆိုသည်မှာ 'မဟာ' သည် ကြီးမြတ်သောဟူသည့် အဓိပ္ပာယ်သက်ရောက်ပါသည်။ 'သွံ' ဆိုသည်မှာ အနှစ်သာရနှင့် ပြည့်စုံသော ဟု ဆိုလိုပါသည်။

ထို့ကြောင့် ကြီးမြတ်သောဘဝကို ပိုင်ဆိုင်သည့်ဘုရားဟု ဆိုနိုင်ပါသည်။ တန်ခိုးတော်အနန္တနှင့် ပြည့်စုံသဖြင့် ဆုတောင်းများပြည့်ပါသည်။ ရုပ်ရှင် တော်မြတ်ကြီးအား ကျွန်းမာ ရေးအတွက် အဓိကထား ၍ ပူဇော်ဆုတောင်း သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဟာသွံသာရဆိုသည်မှာ 'သာလွန်ကောင်းမွန်သော'ဟု အဓိပ္ပါယ်ရပါသည်။

'မဟာသွံခ'ဆိုသည့်အဓိပ္ပာယ်မှာ ချမ်းသာသုခကို ပေးစွမ်းနိုင်သော ဘုရားမြတ်ဖြစ်ပါသည်။ သားသမီးရတနာရရန် အတွက် ဆုတောင်းသင့်ပါသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်အချိန်က 'မဟာသွံ' ရုပ်ရှင်တော်မြတ်ကြီး (၂) ဆူအား ရန်ကင်းမြို့နယ်ရှိ (၁၂) လုံးတန်း တိုက်အမှတ် (၂၁၆/၈) တွင် နေထိုင်သောသမီးလေးအိမ်သို့ပင့်ဆောင်ပူဇော်ရာမှ အဘိုးမဟာလေးကျန်းဒိဋ္ဌအတုလဆရာတော်ကြီးနှင့်တွေ့ဆုံဖူးမြော်ရသည့်ကြည်ညိုခွင့်ရခဲ့ပါသည်။

ဤသို့ဖူးမြော်ရသည့်အကြိမ်တိုင်းတွင် အဘိုးထံမှ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်လှသော တရားတော်များကို နာကြားခဲ့ရပါသည်။

ထို့ကြောင့် ၂၀၁၀ ခုနှစ်တွင် ပြည်မြို့ရှိ ရွှေပြည်ပါတ်ကိုင်ကျောင်းတော်၌ နှစ်စဉ်ကျင်းပသည့် တန်ဆောင်မုန်းလပြည့်နေ့ ဆေးပွဲတော်ကြီးသို့ အစ်မဝမ်းကွဲဖြစ်သည့် ဒေါ်ခင်မေတင့် (လော်ကား) ကို အဖော်ပြုကာသွားခဲ့ပါသည်။ တစ်ခါမျှ မရောက်ဘူးသော်လည်း အဝေးပြေးယာဉ်မောင်းများ၏ ကျေးဇူးဖြင့် အဆင်ပြေစွာရောက်ခဲ့ပါသည်။

ကျောင်းတော်ကြီး၏ ဧည့်ခံကြိုဆိုရေးအဖွဲ့မှ ဧည့်သည်များကို သက်သတ်လွတ်အစားအစာများဖြင့် ကျွေးမွေးဧည့်ခံကြပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျောင်းဝင်းအတွင်းရှိ စေတီပုထိုးများကို ဖူးမြော်နေရသော်လည်း 'အဘိုး'ကိုမတွေ့ရသေးသဖြင့် အလွန်ဖူးမြော်လိုလှပါသည်။ ထိုအချိန်မှာ ကျွန်မတို့ညီအစ်မထံသို့ တောင်ပေးလေးထောက်ပြီးလျှောက်လှမ်းလာနေသည့် အဘိုးကို ဖူးတွေ့လိုက်ရပါသည်။ အဘိုးမှာ တောင်ပေးကိုကိုင်ပြီး ထောက်ထားသော်လည်းများစွာ အားပြုလျှောက်နေသည်ဟု မထင်ရပါ။ သက်တော် (၁၀၀) ကျော်ရှိစေကာမူ လျင်မြန်ဖျတ်လတ်သော ဟန်အမူအရာနှင့်စူးရှကြည်လင်လှသည့် မျက်ဝန်းတော်တို့မှာ ထူးခြားသည်ဟု ထင်ပါသည်။ အရပ်တော်မှာ (၅)ပေ၊ (၈)လက်မခန့်မြင့်မားပြီး အသားတော်ညိုပါသည်။

ကျွန်မတို့ သွားရောက်ခဲ့သော ဆေးပွဲတော်မှာ (၁၉) ကြိမ်မြောက်ဖြစ်ပါသည်။ ၂၁-၁၁-၂၀၁၀ မှ ၂၃-၁၁-၂၀၁၀ အထိ (၃) ရက်ကျင်းပပါသည်။ ထို့ပြင် ထူးခြားသော ပွဲတော်နှစ်မျိုးနှင့် ထပ်မံကြုံကြိုက်ရသဖြင့် ကျွန်မအနေနှင့် အလွန်ဝမ်းမြောက်မိပါသည်။

ပထမပွဲတော်မှာ (၃)နှစ်တစ်ကြိမ် ကျင်းပခြင်း ဖြစ်ပါသည်။ ပြည်ရွှေဆံတော်ဘုရားကြီး၏စွယ်တော်လှည့်သော နှစ်ဖြစ်နေသောကြောင့် ဗုဒ္ဓမြတ်စွယ်တော်ကိုရင်ပြင်တော်ပေါ်တွင် အပူဇော်ခံထားရှိရာ ကောင်းစွာ ဖူးမြော်ခွင့်ရခဲ့ပါသည်။

ဒုတိယအလှူပွဲတစ်ခုမှာ ဗုဒ္ဓဘာသာဝင် ထိုင်းလူမျိုးများ လာရောက်ပြီး ပြည်မြို့ ရွှေပြည်ပါတ်ကိုင်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော အဘိုး ဆရာတော်ကြီးကို အမှူးထား၍ ပင့်သံဃာတော်အပါး (၁၀၀၀) တို့အား သင်္ကန်းပရိက္ခရာရွှေပါးအပါအဝင် အသုံးအဆောင်ပစ္စည်းများအား ရက်ရောစွာလှူဒါန်းကြသည့်အလှူပွဲ ဖြစ်ပါသည်။ ကျောင်းတိုက်ရှေ့ရှိ ကျယ်ပြန့်လှသော မြေကွက်လပ်တွင် စားပွဲများပေါ်၌ လှူဖွယ်ပစ္စည်းများတင်ကာ စနစ်တကျ လှူနေကြပုံမှာ အလွန်ပီတိဖြစ်လှသည်။ ကျွန်မနှင့် မမတင့်အား လာရောက်ပါဝင်လှူဒါန်းပါရန် လက်ဟန်ခြေဟန်ဖြင့် ဖိတ်ခေါ်သဖြင့် ပါဝင်လှူခဲ့ရပါသည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် အဘိုးဆရာတော်အား ရန်ကုန်မှ ဦးမိုးဝင်းလှူလိုက်သော သင်္ကန်းတော်မြတ်ကို ကိုယ်တိုင်ကပ်ခွင့်ရပြီးသောအခါ အဘိုးကို ကိုးကွယ်နေသော အထက (၄) တာမွေမှ တပည့်ဟောင်းဖြစ်ခဲ့သူ ဒေါက်တာဒေါ်ဝါဝါဝင်းမြင့် မိသားစုနှင့် ဆုံခဲ့ရပါသည်။

ညနေပိုင်းတွင် ဓမ္မာရုံကြီးထဲ၌ အလှူရှင် ထိုင်းလူမျိုးများနှင့် ဧည့်ပရိသတ်များကို အဘိုးက တရားရေအေး အမြိုက်ဆေးတိုက်ကျွေးကာ သိဒ္ဓိဝင်ဆေးတော်ရည်များကို သောက်သုံးစေပါသည်။

ကျွန်မလည်း အဘိုး၏ တရားတော်များကို မှတ်သားထားလိုသည့် အတွက် မှတ်စုစာအုပ်လေးထုတ်ကာ ရေးမှတ်ခဲ့ပါသည်။ ထိုတရားတော်မြတ်တို့သည် ၂၀၁၈ ခုနှစ်အထိ (၇)နှစ်ခန့် ကြာခဲ့သော်လည်း ကျွန်မစိတ်ထဲတွင် မနေ့တစ်နေ့ကကဲ့သို့ပင်ရှိနေသေးသည်ဟု ခံစားမိပါသည်။

"ရုပ်ခန္ဓာဆိုတာ ဖောက်ပြန်တဲ့သဘောရှိတယ်။ မင်းတို့က ငါ့သား၊ ငါ့မယားဆိုပြီး အမှတ်မှားနေကြတယ်။ အဝိဇ္ဇာပြေးမှ တဏှာလျော့သွားတာ။ အတ္တပြုတ်တဲ့နေ့ဟာ အကောင်းဆုံးကပဲ။ ခန္ဓာက အိုအောင်နာအောင်လုပ်နေတာဆိုတော့ သူ့အလုပ်ကို သူလုပ်နေတာပေါ့။ တိရစ္ဆာန်ဖြစ်တော့လည်း သူ့ကိုသတ်စားကြမှာကိုမသိရှာဘူး။ ရောဂါဆိုတာ တစ်ခုပျောက်ရင် နောက်တစ်ခုပေါ်လာတာပဲ။ လူတွေကြောက်ရမှာက ကိုယ်ခန္ဓာကြီးပဲ။ မှားတဲ့အယူက မှားတဲ့ခန္ဓာကိုရတယ်။ အဖြစ်ကို ဆုတောင်းတော့ အပျက်ရှိတယ်။ ဝေဒနာခံစားထပ်တော့ ဒုက္ခပေါ့။ အဲဒီဖောက်ပြန်မှုကို တွေ့အောင်ရှာပါ။

ဒိဋ္ဌကဖုံးထားတော့ သံသရာသစ်ငုတ်ဖြစ်လာတယ်။ လူဘဝကို အလွဲသုံးစားမလုပ်နဲ့။ အနိစ္စကိုပိုင်ရင် ဒုက္ခနဲ့ အနတ္တကိုပိုင်တယ်။ ဝိပဿနာဉာဏ်အလုပ်ဖြစ်လို့ ဉာဏ်နဲ့ ခန္ဓာကို ကြည့်ပါ။ ခန္ဓာရဲ့ဖောက်ပြန်တာကိုသိပါ။ ငါရှိမှပြီးမှာပါဆိုတဲ့အသိက ပင်လယ်ထဲမှာ လိပ်ကန်းတစ်ကောင်လျှောက်သွားနေသလို ပဲ။

ရုပ်လည်း ဖြစ်တယ်၊ ပျက်တယ် စိတ်ကလည်း ဖြစ်တယ်၊ ပျက်တယ်၊ မျက်စိမှိတ်ရုံနဲ့ ဝေဒနာကိုရှာတွေ့မှာ မဟုတ်ဘူး။ ကိလေသာက ဆီလိုအပေါက်ရှာပြီးထွက်နေတယ်၊ ဝိရိယနဲ့ အားထုတ်ကြပါ။ ဝိရိယထားမှ သမာဓိရတယ်။ ငါဆိုပြီးစွဲနေတယ်၊ သွေးရူးလေးနကုသလို့ရတယ်၊ သံသရာအရူးက ဝိပဿနာဆေးနဲ့ကုမှရတယ်"

အဘိုးတရားမှတ်ပြီဆိုရင် အဘိုးရဲ့ဆရာတော်ကြီးတစ်ပါးက အနားကစောင့်နေတော့မလှုပ်ရဲဘူး။ သမာဓိရအောင်လုပ်ရတယ်။ ပလောင်တိုင်းရင်းသားတွေရဲ့ဒေသမှာ သီတင်းသုံးစဉ်က မိုးကုတ်ဆရာတော်ဘုရားကြီးက ဝိပဿနာနဲ့ဆိုင်တဲ့စာအုပ်သုံးအုပ်ပေးလိုက်တယ်။ ဆက်ပြီးအားထုတ်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ နှုတ်ကရွတ်မနေနဲ့ သူ့အလိုလိုပေါ်လာမယ်။

တစ်နေ့မှာ ကင်းခြေများတစ်ကောင်က လက်မောင်းကတက်လာပြီး အပ်နဲ့ထိုးသလိုစူးသွားတယ်။ ဒါပေမယ့် နေရာကိုမရွေ့ဘူး။ နောက်တော့ဒေဒနာသက်သာသွားတယ်။

ပြီးတော့ အဘိုးရဲ့ဆေးတော်နဲ့မြို့တော်ဝန်ဦးကိုလေးခဲ့ရုံတစ်ယောက်ကို ကုသလိုက်ရတုန်း သွေးအန်လို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ သူလည်း နေကောင်းသွားတယ်။ အဘိုးက အသက် (၉၉) နှစ်ရောက်မှ အဘိုးနေမကောင်းရင် ဆရာဝန်ဆေးကုတာခံတယ်။ ဆေးထိုးတာခံတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒကာတွေ ကုသိုလ်ရအောင်ပေါ့။

သတ္တဝါတွေဟာ သူတို့ရဲ့ခန္ဓာက သူတို့ကိုပြန်သတ်နေတာသိပြီး ဝိပဿနာကိုအားထုတ်ကြပါ။

အဘိုး ခန္ဓာဝန်ချပြီးခိုန်တွင် ဒေါ်စန္ဒာနှင့် ကျွန်မတို့ မကြာခဏဆိုသလိုတွေ့ဆုံဖြစ်ကြရာ ထူးခြားမှုဖြစ်စဉ်များကိုလည်း ကြားသိခဲ့ရပါသည်။

အဘိုး၏ မြေးမလေးတစ်ဦးဖြစ်ပြီး ဒေါ်စန္ဒာ၏ တူမတော်စပ်သူ မဇင်က သူတို့ ပုဂံညောင်ဦးခရီးမှ ရန်ကုန်သို့ အပြန်ခရီးတွင် ကြုံတွေ့ခဲ့ရသောဖြစ်ရပ်တစ်ခုကိုပြောပြပါသည်။

"အဘိုးခန္ဓာဝန်ချပြီးနောက်မှာ နှစ်စဉ်ပြုလုပ်ရတဲ့ ဒေဝမဟိန္ဒိပွဲ သို့မဟုတ် အကျွတ်အလွှတ်ပွဲကို ပုဂံမြို့ဟောင်းမှာ သွားလုပ်ခဲ့ပါတယ်။ အင်း၀၊ ပင်းယစတဲ့ ဒေသတွေမှာ ဆက်လက်ဒါနကုသိုလ်ပြုလုပ်ပေးဖို့ အစီအစဉ်လည်းရှိပါတယ်။ အပြန်ခရီးမှာ ကားမောင်းတဲ့ကိုထွန်းမြင့်က ကျွန်းမာရေးအတွက် လမ်းဘေးမှာ ကားရပ်ပြီးဆင်းသွားပါတယ်။ အန်တီစန္ဒာအပါအဝင် ကျန်သူတွေကတော့ ကားနှစ်စီးပေါ်မှာပဲ သူ့ကိုစောင့်နေပါတယ်။ ကိုထွန်းမြင့် ကားနားပြန်ရောက်ခါနီးမှာ အမလေး - အသက်ရှူကျပ်လို့ ကယ်ကြပါဦး။ လည်ချောင်းမှာ အလုံးကြီးတစ်နေပါပြီလို့ အော်လည်းပြီးရောလဲကျသွားတော့တာပါပဲ။ အားလုံးက စိတ်ပူပြီး နီးစပ်တဲ့ဖြူးမြို့အထိ ဆေးရုံကို ဖုန်းလှမ်းဆက်လိုက်ပါတယ်။ ရန်ကုန်အိမ်ကိုလည်း ဖုန်းဆက်ပြီး ဖြစ်စဉ်ကို ပြောတော့ မြန်မာ့ဂုဏ်ရောင်အိမ်က လူတွေက မဟာသွံဘုရားများကို ဦးထိပ်ထားကာ အဘိုးဆရာတော်ကို ရည်မှန်းပြီး လျှောက်ကြားကြတယ်လို့ နောက်မှသိရပါတယ်"

လူမမာလည်း သူလည်ပင်းကို လက်နဲ့အုပ်ပြီး ဝေဒနာကို မခံမဆံ့ခံစားနေရလေသည်။ အဲဒီအခိုန်မှာ ရန်ကုန်အိမ်၏ ဘုရားခန်းတွင် မွှေးပျံ့သော ရနံ့သင်းသင်းလေးကို ရလိုက်သည်ဟု သိရပါသည်။ ထိုအခိုန်လောက်မှာပင် ကိုထွန်းမြင့်သည် အကောင်းပကတိလို ပြန်ဖြစ်သွားကာ အလုံးကြီးကျသွားပြီး ကျသွားပြီး သည်နေရာကနေ ရန်ကုန်ကို မြန်မြန်ပြန်မည်ဟု ပြောဆိုနေစဉ် ဖြူးဆေးရုံမှ လူနာတင်ကားရောက်လာပြီး ဆရာဝန်က သူ့ကို စမ်းသပ်စစ်ဆေးပါသည်။ အောက်စီဂျင်အလွန်နည်းနေသည်ဟုသိရပါသည်။ နောက်မှထပ်မံသိရသည်မှာ ထိုကိစ္စဖြစ်ပွားခဲ့သော နေရာသည် အမြန်လမ်း မိုင်တိုင်အမှတ် (-) အနီးတွင်ဖြစ်ပြီး ရုတ်တရက် အသက်ရှူကပ်သည့်ရောဂါဖြင့် သေဆုံးသူများရှိခဲ့ဖူးကြောင်း၊ သုံးခွမှ ဘုရားဖူးယာဉ်တစ်စီးမှာလည်း ထိုနေရာတွင် တိမ်းမှောက်ခဲ့ဖူးကြောင်းသိရပါသည်။

နောက်ထပ် ကြုံတွေ့ခဲ့ရသော ထူးခြားဖြစ်စဉ်မှာ ဒေါ်စန္ဒာ၏ယာဉ်မောင်းကိုထွန်းမြင့်၏ တူလေးကျန်းမာရေးနှင့် ပတ်သက်နေပါသည်။ အသက်တစ်နှစ်သားအရွယ်ခန့်ရှိပြီး အာခေါင်ကွဲဝေဒနာကိုကုသရာ ခွဲစိတ်မှု အောင်မြင်သွားပါသည်။ သို့ရာတွင် အဆုတ်အအေးမိဝေဒနာကို ထပ်မံခံစားရသဖြင့် ကလေးဆေးရုံသို့ပို့ရာ အထူးကြပ်မတ်ဆောင်တွင် ထားရှိကုသခဲ့ရပါသည်။ ထို့နောက် အဘိုး၏ ဆေးတော်တစ်လုံးကို ကလေးငယ်အားတိုက်ကျွေးပြီး အဘိုးပရိတ်ကြိုးလေးကို ကလေးခေါင်းအုံးမှာချည်ထားမိပါသည်။ ထို့ကြောင့် ကလေးငယ်မှာ အလွန်ကံကောင်းသွားသည်ဟု ဆိုရပါမည်။

ကိုထွန်းမြင့်နှင့် သူ၏ ညီမလေးလည်း ကလေးကို အခန်းပြင်ပမှစောင့်နေရာ ထိုကြပ်မတ်ဆောင်တွင် အခြားဆေးရုံတင်ထားသည့်လူနာများ ကလေးများမှာလည်း စက်မျိုးစုံတပ်ဆင်ထားပြီး ကုသမှုခံနေရပါသည်။

ထိုအခိုန်တွင် ကလေးငယ်တစ်ဦးကို လူနာတင်လှည်းလေးဖြင့် ကြပ်မတ်ဆောင်ထဲသွင်းသွားသည်ကို ကိုထွန်းမြင့်အပါအဝင် လူအများက မြင်တွေ့လိုက်ပါသည်။ ကလေးငယ်လေး အခန်းထဲရောက်သည်နှင့် အခန်းထဲရှိ လျှပ်စစ်မီးလုံးများ ရုတ်တရက်ပြတ်တောက်သွားကာ အလုပ်လုပ်နေသည့် စက်အားလုံး ခေတ္တရပ်သွားပါသည်။ အဘိုး၏ ဆေးတော်နှင့်ပရိတ်ကြိုးချည်ထားသည့်ကလေးငယ်၏စက်မှာ လုံးဝမရပ်ဘဲ အလုပ်လုပ်နေသည်ကို တာဝန်ကျဆရာဝန်နှင့် သူနာပြုဆရာမများ မျက်မြင်တွေ့ရှိပါသည်။ စက်များပြန်လည်အလုပ်လုပ်သည့်အခိုန်တွင် ဝင်လာသည့် ကလေးငယ်နှင့် အခန်းထဲရှိ ကလေးငယ်တစ်ယောက်မှာ ကွယ်လွန်သွားခဲ့သည်ကို တွေ့ကြုံရပါသည်။ ရက်များမကြာမီ အခိုန်တွင် ကလေးငယ်မှာ ကျန်းမာရွှင်လန်းစွာဖြင့် ဆေးရုံမှဆင်းနိုင်ခဲ့ပါသည်။

အခြား ထူးခြားသည့်ဖြစ်စဉ်မှာ ဒေါ်စန္ဒာ၏ တူမဖြစ်သူ မဇင်၏သားလေး လမင်းမောင်နှင့် သက်ဆိုင်ပါသည်။ ထိုကလေးသည် ဖြူဝင်းသောအသားအရေရှိပြီး အလွန်ချစ်စရာကောင်းပါသည်။ သူ့ဆံပင်လေးမှာ ငယ်ထိပ်လောက်တွင်သာ ခပ်တိုတိုလေးရှိပြီး ကျန်နေရာများကိုညှပ်ထားသဖြင့် ဦးစွန်းထားသော ရှေးမြန်မာကလေးနှင့် တူလှပါသည်။

ကလေးများ ကျောင်းအားရက်တစ်ရက်တွင် အာလိန်ငါးဆင့်ဘုရားသို့ သွားရောက်ဖူးမြော်ကြစဉ် ထိုစေတီမှာ သိတင်းသုံးနေသော သီလရှင်ဆရာကြီးတစ်ဦးက လမင်းမောင်ကို ဘိုးသူတော်ဝတ်စေလိုကြောင်းနှင့် ထိခိုက်ဒဏ်ရာရနိုင်ကြောင်းပြောသဖြင့် (၅) နှစ်သားခန့်ရှိသေးသော ကလေးကို ဘိုးသူတော်ဝတ်ရန်စီစဉ်ကြပါသည်။

ပြည်မြို့ ရွှေပြည်ပတ်ကွိုင်စံကျောင်းသို့ ပြန်ရောက်ကြသောအခါ ကလေးဝတ်မည့်ဝတ်စုံတစ်စုံကို အဘိုးပုံတော်ရွှေမှာ ကပ်လှူလိုက်ပါသည်။ ထို့နောက် အဘိုး၏ စံကျောင်းဒိုင်မာန်အား ကေသီပန်ဦးလှမြင့်က ကျပ်သိန်း (၅၀) ကျော်မှတည်ပြီး အခြားအလှူရှင်များ၏ ကုသိုလ်တော်တို့ဖြင့် ထီးတော်တင်မည့်နေ့တွင် ကလေးကို ဘိုးသူတော်ဝတ်ပေးလိုက်ပါသည်။ မြင်ဗာဟုဆရာတော်နှင့် အခြားသံဃာများကိုလည်း သက်နှီးတော်များ ကပ်လှူပြီး နေ့ဆွမ်းကပ်လှူကြပါသည်။

လမင်းမောင်လေးသည် ဘိုးသူတော်အဝတ်ဆင်မြန်းထားသော်လည်း ဆော့ချင်သော ကလေးဒီဇပျောက်ဟန်မတူပါ။ ထို့ကြောင့် အဘိုး၏ကျောင်းတော်ပေါ်သို့ တက်ရာတွင် သူကအရင်ဦးစွာခုန်ပေါက်ပြေးလွှားပြီး အဘိုး၏ ရေချိုးခန်းထဲသို့ ဝင်ရောက်သွားသည်။ ကျောင်းရှိ ဦးပဉ္စင်းလေးနှင့် ဒေါ်စန္ဒာတို့အုပ်စုမှာ ခပ်မှန်မှန်ပင် လှေကားထစ်များကိုတက်ကြရာ နံဘေးမှာ လေဖပ်သွားသလို ခံစားရပြီး မွှေးပျံ့သည့်ရနံ့များ ရှူရှိုက်မိပါသည်။

ဒေါ်စန္ဒာက ဘယ်သူမှ မရမွေးဆွတ်ထားတာလဲဟုမေးတော့မှ အဘိုး ရေချိုးခန်းထဲမှ ကျယ်လောင်စူးရှသည့်

www.burmeseclassic.com

www.burmeseclassic.com

ကျကွဲကျိုးပဲ့သံများနှင့်အတူ ကလေး၏ အလန့်တကြားအော်သံကို ကြားလိုက်ရသဖြင့် အလွန်စိတ်ပူစွာ အခန်းအတွင်းသို့ ပြေးဝင်သွားကြပါသည်။ အခန်းထဲသို့ ရောက်သောအခါ အလွန်ထိပ်လန့်တုန်လှုပ်စရာမြင်ကွင်းကိုတွေ့လိုက်ရပါသည်။ ဘေစင်မှာ ကျိုးပဲ့ကာ ကြမ်းပေါ်သို့ ပြန့်ကျဲကျနေပြီး အကွဲအစအနများမှာ ထိုးထိုးထောင်ထောင်ဖြစ်နေသည်။ ကလေးမှာအခန်းနံရံအနီးတွင် ခွေခွေလေးရှိနေပြီး မည်သည့်ဒဏ်ရာမျှမရသည်ကို စစ်ဆေးတွေ့ရှိပါသည်။

ကလေးက ဘေစင်ကို ခိုစီးဆော့ရာမှ ကျိုးကျကာ သူလည်းပြုတ်ကျသွားဟန်တူပါသည်။ သားသားကိုဘယ်သူ့ချီသွားတာလဲဟုကလေးကမေးမှ လူကြီးများမှာပို၍ အံ့သြကြပါသည်။ ဘေစင်အောက်တည့်တည့်မှာ ရှိရမည့်ကလေးသည် အကွဲအရှုပ်ပြိုကျရာနှင့် ဝေးသောနံရံဘက်တွင် ခွေခွေလေးလဲနေသဖြင့် ဒဏ်ရာရမည့်အခြေအနေမှလွတ်ကင်းသွားပါသည်။

ထို့ကြောင့် ဒေါ်စန္ဒာတို့သည် အဘိုးက သူတို့ရှေ့မှရောက်နှင့်နေပြီး ကလေးကိုကယ်လိုက်သည်ဟု ယုံကြည်ကြပါသည်။

မဇင်၏သမီးအကြီးလေး မခိုင်ခင်ခင်ခန့်သည် စတုတ္ထတန်းဖြေဆိုရာတွင် နောက်ဆုံးနေ့ လူမှုရေးဘာသာကို ဖြေဆိုရန် အနည်းငယ်ကြောက်နေပါသည်။ စာပြန်ရွေးရန်လည်း အချိန်မရှိတော့သဖြင့် မိခင်မဇင်က (၄) ပုဒ် ခန့်မှန်းပေးရာ မေးခွန်းတွင် နှစ်ပုဒ်ပါလာသည့်အတွက် ဝမ်းသာရပါသည်။

ထူးခြားချက်မှာ အဘိုးစံကျောင်းတွင် စံပယ်ပန်းများကို အခြားပန်းများနှင့်အတူ ဘုရားနှင့် အဘိုးကို ကပ်လှူလေ့ရှိရာ သမီးလေးစာမေးပွဲ ဖြေဆိုချိန်တွင် မွှေးကြည်သော စံပယ်ပန်းရနံ့သင်းသင်းလေးကို စောင့်ကြပ်နေသူ ဆရာမများနှင့် စာဖြေသူများ ရှုရှိုက်မိပါသည်။ ကျောင်းအနီးတွင် စံပယ်ပင်မရှိသကဲ့သို့ စံပယ်ပန်းပန်လာသူမရှိပါ။ ထို့အပြင် စံပယ်ရနံ့ရှိသော ရေမွှေးကိုဆွတ်လာမည်ဟု မထင်မိပါ။ ထိုရနံ့လေးသည် စာဖြေချိန်ပြည့်မှသာပျောက်ကွယ်သွားပါသည်။ ကလေးလည်း ကောင်းစွာဖြေဆိုအောင်မြင်ခဲ့ပါသည်။

ထို့နောက် ရတနာမာန်အောင် ဆရာတော် (ရွှေဗျိုင်းနား) ကလည်း ဌက်ပစ်တောင်ကိုသွားပြီး မကျွတ်မလွတ် သူတို့ကို အမျှဝေပါဟုမိန့်မှာခဲ့ပါသည်။ ရွှေဗျိုင်းနားဆရာတော်ကြီးတွင် ထူးခြားချက်ရှိပါသည်။ တစ်နေ့တွင် ဦးခေါင်းထိပ်ကလေးများတွင် ရွှေရောင်အမွေးနုနုလေးများရှိသော ဝေဘာလီဗျိုင်းလေးတစ်ကောင်ရောက်ရှိလာပြီး ဆရာတော်၏ အရှေ့တွင် နားလိုက်ပါသည်။ သူတို့ကို တစ်ဝါတွင်းလောက် ဦးနှောင့်ပြုပါဟု ခွင့်တောင်းချက်ကြောင့် ဆရာတော်က လက်ခံလိုက်သည်ဟုဆိုပါသည်။ ဗျိုင်းလေးက မည်သို့ပြောဆို၍ ဆရာတော်က အဘယ်ကြောင့်နားလည်သွားသည်ဆိုသည်မှာ ပဟေဠိသဖွယ်ဖြစ်နေပါသည်။

နောက်ပိုင်းတွင် ဌက်ကလေးများ အုပ်လိုက်ပါသိန်းလောက်ာ ဆရာတော်ကျောင်းတွင် နေထိုင်ကြပါသည်။ အချို့ဗျိုင်းလေးများမှာ ဆရာတော်၏ လက်တော်ပေါ်မှာနားခိုကြသဖြင့် အလွန်ယဉ်ပါးသည်ဟုဆိုနိုင်ပါသည်။ သားငါးများ ချက်လေးသော်လည်း မစားဘဲ ထမင်းနှင့် အခြားသက်လွတ်ပေါက်ပေါက်များကို သာစားကြပြီး ဝါကျွတ်သောအခါ ဌက်ကလေးများအားလုံး ပြန်သွားကြပါသည်။ ထိုအချိန်မှစ၍ ဆရာတော်ကြီးကို ရွှေဗျိုင်းနားဆရာတော်ဟု အမည်တွင်ကြော်ကြားခဲ့ပါသည်။

ဒေါ်စန္ဒာက သူမ၏ အိပ်မက်အကြောင်းကို ဆက်လက်ပြောကြားပါသည်။

"ကျွန်မခပ်ငယ်ငယ်တုန်းကပေါ့။ ဘွဲ့ရပြီးချိန်မှာ တရားရိပ်သာထဲဝင်ပြီး ဝိပဿနာတရားကို အားထုတ်လိုစိတ်ရှိတော့ အဘွားက မင်းကွန်းမှာ ဇရပ်ဆောက်ပေးမယ်လို့ဆိုပါတယ်။ မင်းကွန်းဆရာတော်ကြီးရဲ့အစိမ်းရောင်ညီမက ဒေါ်မမကြီးနဲ့ ဒေါ်မမလေးလို့ ခေါ်ပါတယ်။ အဘွားက ဇရပ်ဆောက်ပေးမယ်လို့ပြောတဲ့ညမှာပဲ ထူးဆန်းတဲ့ အိပ်မက်ကို မြင်မက်ခဲ့ပါတယ်။

သာယာလှတဲ့ တောတန်းလေး တစ်နေရာမှာ အေးမြကြည်လင်တဲ့ရေတွင်းသွင်စီးနေတဲ့ စမ်းချောင်းကလေး တစ်ဖက်မှာ ကျွန်မမတ်တတ်ရပ်ပြီး ချောင်းလေးရဲ့ အခြားတစ်ဖက်ကို လှမ်းကြည့်လိုက်ပါတယ်။ သပ်ရပ်စွာ ဆောက်ထားသော တစ်ပါးကျောင်းကလေးတစ်လုံးကို မြင်လိုက်ရပြီး အဲဒီကိုသွားလိုစိတ်ပေါ်လာပါတယ်။ အဲဒါနဲ့ စမ်းချောင်းလေးပေါ်မှာ ဖြတ်ဆောက်ထားတဲ့တံတားလေးကတစ်ဆင့်ကူးသွားခဲ့ပါတယ်။

ကျောင်းလေးအရှေ့ကို ရောက်ပြီး အထဲကို လှမ်းကြည့်လိုက်တဲ့အခါမှာ ပင်နီအင်္ကျီနဲ့ ပုဆိုးအဖြူကွက်ကို ဝတ်ထားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးကို မြင်လိုက်ရပါတယ်။ ပုဂ္ဂိုလ်ကြီးက ထိုင်နေရာမှ လက်ယပ်လှမ်းခေါ်လို့ သူ့ရှေ့မှာ ထိုင်လိုက်ပါတယ်။

'မင်း အရင်တုန်းက ဆုတောင်းခဲ့တယ်လေ။ အဲဒီဆု၊ အဲဒီကတိကိုမမေ့နဲ့၊ ကိုယ်လွတ်မရုန်းနဲ့။ ချည်တိုင်ကန္တားဟာ ဘယ်လောက်ပဲပြေးပြေး နောက်ဆုံးတော့ ချည်တိုင်ကိုပြန်လာတာပါပဲ။ အချိန်တန်ရင်တော့ ဝိပဿနာကိုကူးနိုင်ပါပြီ သမီး' လို့ပြောပါတယ်။

အိပ်ရာကနိုးတော့မှ ဒီပုဂ္ဂိုလ်ကြီးဟာ အဘဘိုးမင်းခေါင်ဆိုတာ သိလိုက်ရပါတယ်"

ထို့နောက် အဘိုး၏ ဆေးတော်အကြောင်းကို စကားလမ်းပြောင်းသွားပါသည်။

ရင်သားကင်ဆာရောဂါဖြစ်နေသည့်အမျိုးသမီးလေးတစ်ဦး အဘိုးထံလာရောက် ဖူးမြော်ရာတွင် အဘိုးက ဆေးလုံးလေး (၅) လုံးကို ပေးလိုက်ပါသည်။

ထိုလူနာအမျိုးသမီးကလေးသည် အလှူအတန်းများလုပ်လိုပါသေးကြောင်း၊ အသက်ရှည်လိုကြောင်းလျှောက်ထားရာ အဘိုးက နားထောင်နေခဲ့ပါသည်။ ဘာမှမမိန့်ပါ။ ၎င်းတို့ ပြန်သွားသောအခါ အဘိုးက ဒေါ်စန္ဒာကို ရောဂါလွန်သွားပြီဟုမိန့်ပါသည်။

ထူးခြားချက်မှာ ဝေဒနာရှင်သည် ဆေးတော်ကို သောက်သုံးပြီးနောက် ခံစားရသော အခြေအနေကို အဘိုးထံ မကွဲယ်လွန်မီ လူလွတ်လျှောက်ထားစေပါသည်။ အဘိုးဆေးတော်မသောက်မီ အချိန်က သူ့ရင်ဘတ်တစ်ခုလုံးကို ညှို့မည်းသည့်မြွေကြီးတစ်ကောင်ကရစ်ပတ်ထားသည်ဟု စိတ်အာရုံမှာ မြင်သိနေပါသည်။ ဆေးတော်ကို သောက်သုံးမှီဝဲပြီးချိန်တွင် ထိုမြွေအမည်းကြီးပျောက်ကွယ်သွားသည်ဟု တစ်ဆင့်လျှောက်ပါသည်။ သို့ရာတွင် မကြာမီ ရက်ပိုင်းတွင် လူနာကွယ်လွန်သွားခဲ့ပါသည်။ ဓင့်ကြောခွဲမ်းသာသော်လည်း အလှူထက် ဝေဒနာဆိုးကလက်ခိုကွဲးပြုဖြစ်ပါသည်။ ကျွန်မတို့စကားဝိုင်းတွင် အဘိုးဆရာတော်ကြီး၏ အိမ်းတွင် နှစ်ပေါင်းများစွာ ကိုးကွယ်လာသည်းကပ်နေသည့် အန်တီချို

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒေါ်စန္ဒာက သူမထံလာရောက်ပြီး ဆေးတော်များသောက်သုံးသူအချို့တွင် ကြုံကြိုးထိုးသူတစ်ယောက်၏ ဝေဒနာသက်သာလာကြောင်းနှင့် ထူးဆန်းသည့်မော်တော်ကားလေးတစ်စီးအကြောင်းကိုသိရပါသည်။

နေသာသည့် နံနက်ခင်းအချိန်တွင် အဘိုး၏ စံကျောင်းတော်သို့ ကားလေးတစ်စီးဖြင့် လူတစ်စုရောက်လာပါသည်။ ဆေးတော်လို့၍ လာရောက်သောမိသားစုမှ ၎င်းတို့၏ အခက်အခဲတစ်ခုကို ဒေါ်စန္ဒာအား ပြောပြပါသည်။

"ကျွန်တော်တို့ အခုစီးလာတဲ့ကားလေးဟာ ဝယ်ထားတာ သိပ်မကြာသေးပါဘူးဗျာ။ ဒါပေမယ့် ထူးခြားမှုတွေကို မကြာခဏတွေ့နေရတော့ သိပ်ပြီးဘဝင်မကျလှပါဘူး အန်တီ။ ဒါကြောင့် ဖြစ်နိုင်ရင် ကားလေးကိုလာကြည့်စေလိုပါသည်"

ဟု လူငယ် ကိုကျော်ကျော်နှင့် သူမိသားစုများ၏ ပြောဆိုမှုကြောင့် စံကျောင်းတော်အရှေ့တွင်ရပ်ထားသောမော်တော်ကားလေးကို လေ့လာကြည့်လိုက်ပါသည်။

"အဲဒီကားက မောင်းနေတုန်း ဘေးမှာရှိနေတဲ့ တခြားကားတွေကို ဝင်ဝင်ပြီး တိုက်မိမလိုဆွဲဆွဲသွားတတ်တယ်။ စတီယာရင်ကိုကိုင်ထားလည်းမရဘူး။ မနည်းသတိထားမှ သူ့လမ်းကြောင်းပေါ် ပြန်ရောက်သွားတော့တယ်ခင်ဗျာ။ ပြီးတော့ ကားလေးရဲ့အရှေ့ဘက်ကိုကြည့်လိုက်ပါဦးခင်ဗျာ"

ဟု သူငယ်လေးကပြောသဖြင့် ကားလေးကို ငုံ့ကြည့်လိုက်ပါသည်။

"ကားမှာ အက်ကြောင်းလေးရှိနေပါလား၊ မပြင်ဘူးလားကွယ်"

"ပြင်တာပါပဲခင်ဗျာ၊ ဒါပေမယ့် အက်ကြောင်းပြန်ပေါ် လာတာပါပဲ။ သူ့နောက်ကြောင်းကို ပြန်စုံစမ်းလိုက်တော့ လွန်ခဲ့တဲ့ သုံးနှစ်ကျော်လောက်က မော်တော်ဆိုင်ကယ်စီးလာသူနှစ်ဦးကို တိုက်မိပြီး သူကွယ်လွန်သွားတယ်လို့ သိရပါတယ်။ ဖြစ်တာကလည်း တောင်ကြီးမြို့ ရောက်ရှိသစ္စာဆိုဆုတောင်းပြီး သောက်လိုက်ပါသည်။ ထူးခြားမှုမှာ ဆေးတော်သောက်ပြီး မကြာမီ အပူရှိန်ကျဆင်းသဖြင့် ခြင်ဆီဖောက်ရန်မလိုတော့ပါ။ လူနာအားစိတ်ချနိုင်ရန်အတွက် နောက်တစ်ပတ်ခန့် Drip မှ တစ်ဆင့် နောက်ဆုံးရောက်ရှိသည့် ပိုးသတ်ဆေးများဆက်တိုက်သွင်းပြီး ကုသသဖြင့် ယခုတိုင် ကျန်းမာပြီး သာသနာ့လုပ်ငန်းများ တတ်စွမ်းသမျှဆောင်ရွက်လျက်ရှိနေပါသည်။

အဘိုးက 'ဓာတ်တစ်လုံးမှားရင် တောင်တစ်လုံးခြားသည်'ဟူသည့် စကားကို တစ်ခါတစ်ရံ မိန့်တတ်ပါသည်။

(၇) ရက်သားသမီးများကို ကယ်တင်ရန်အတွက် အသက်ကယ်ဆေးတော်များကို တန်ဆောင်မုန်းလပြည့်နေ့ တစ်ညလုံး တစ်ပါးတည်း သိဒ္ဓိတင်ပါသည်။

'ငါသည် တစ်နှစ်လျှင်တစ်ကြိမ် သာလျှင် ငါတာဝန်ရှိသည့်အတိုင်း ငါတတ်မြောက်ထားသော တိဗက်ဝိဇ္ဇာပညာရပ်ဖြင့် သတ္တဝါများအား ကယ်တင်ပါမည်'

ဟု မိန့်ကာ ဆေးတော်များကို သိဒ္ဓိတင်ပါသည်။

ကျန်သောအချိန်များတွင် ဝိပဿနာတရားကိုသာ ရှုမှတ်ပွားများတော်မူလေ့ရှိပါသည်။

ထို့ပြင် ပြည်မြို့ရှိ မင်းကြီးတောင်အနီး ရွှေပြည်ပါတ်ကွိုင်ကျောင်းဝင်းထဲတွင် သာသနိကအဆောက်အအုံများကို အဓိပ္ပာယ်ရှိစွာဖြင့် တည်ဆောက်ခဲ့ပါသည်။

သိမ်တော်ကို တည်ဆောက်ရာတွင် ဝိနည်းတော်နှင့်အညီတည်ဆောက်ခဲ့ရာ ဘုံကိုးဆင့်ရှိပြီး ဘေးမှာအကာအရံများထားပါ။ ကွမ်းစင်တိုင် (၁၉) လုံးရှိပြီး ရွှေပြိန်းချထားပါသည်။ အံမရပူရမ စကျင်ကျောက်များကို ရထားသဖြင့် သယ်ဆောင်ကာ ကြမ်းခင်းထားပါသည်။

လှေကားလေးစင်းရှိကာ ထိုလှေကားများအောက်ခြေတွင် ရေကျုံးဖြင့် ပတ်ထားပါသည်။ မိုးရာသီ၌ ကျုံးထဲတွင် ရေစီးရေလာရှိပါသည်။

ဤသို့ပြုလုပ်ထားသည့် ရည်ရွယ်ချက်မှာ လူ၊ ရဟန်းသံဃာများနှင့် သောမြေနှင့် ရဟန်းတော်များ ကံကြီးကံငယ်ဆောင်သော သိမ်တော်ကြီးမြေအား ကျုံးဖြင့်ခြားထားခြင်း ဖြစ်ပါသည်။

ခရေက်လာပြီး သူမ၏ အဖြစ်အပျက်ကို ထပ်မံပြောပြပါသည်။

ကျွန်မတို့မိသားစုဟာ အဘိုးကို နှစ်ပေါင်းများစွာ ကိုးကွယ်ခဲ့ကြပါသည်။ မြောက်ဒဂုံမှာရှိတဲ့အိမ်ကိုလည်း မကြာခဏဆိုသလို အဘိုးကြွရောက်တတ်ပါသည်။ ကျွန်မခင်ပွန်း လေဖြတ်သွားရာတွင် အဘိုး၏ ဆေးတော်များကြောင့် အတော်သက်သာလာပါသည်။ နှစ်အနည်းငယ်ကြာသောအခါ အဘိုးက ကျွန်မခင်ပွန်းကို ထူးခြားသည့်စကားကို မိန့်ပါသည်။

'မင်းနေလို့မရတော့ဘူးကွာ၊ တရားကိုသာရှုမှတ်နေတော့' ဟုဆိုပါသည်။

ခင်ပွန်းဖြစ်သူလည်း တတ်စွမ်းသမျှ တရားကိုအာရုံပြုပြီး နှစ်အတန်ကြာသောအခါ ကွယ်လွန်သွားခဲ့ပါသည်။

မြောက်ဒဂုံအိမ်ကိုလည်း အဘိုးက မရောင်းနဲ့ဆိုလို့ မရောင်းဖြစ်ခဲ့ပါဘူး။ အခုတော့ ဈေးတက်သွားသည့်အပြင် အခြေတကျနေနိုင်ပါပြီဟု ဆိုပါသည်။ ထို့နောက် ဂျပန်၊ ထိုင်း၊ ကိုရီးယား စသည့်နိုင်ငံများသို့ အဘိုးနှင့်အတူ ဒေါ်စန္ဒာလိုက်ပါသွားရာ ရောဂါဖြစ်သူများကို ဆေးတော်ဖြင့် ကုသပျောက်ကင်းခဲ့ကြောင်း ဆက်လက်ပြောပါသည်။

ထိုအခါ ကျွန်မ၏ ခင်ပွန်းဖြစ်သူဦးမျိုးဝင်း ဆေးရုံတွင် အသက်လုနေရသည့်ချိန်တွင် အဘိုးထံသို့ သမီးလေး ခိုးမိသူကိုယ်တိုင် ဆေးတော်သွားတောင်းခံရာတွင် အဘိုးက -

"မင်းအဖေ မသေပါဘူးကွယ်။ သာသနာပြုရဦးမယ်"

ဟု မိန့်ကြားကာ ဆေးတော်များခိုးမြှင့်လိုက်ပါသည်။ သို့နှင့် ဆေးရုံမဆင်းနိုင်ပြီး ကျန်းမာရွှင်လန်းစွာ အိမ်ပြန်နိုင်ခဲ့ပါသည်။

ဆေးရုံတွင် အဘိုးဆရာတော်၏ ဆေးတော်မသောက်သုံးမီ ခါးဆစ်ရိုး ဖောက်၍ ရိုးတွင်းခြင်ဆီအား ရောဂါအတွက် စစ်ဆေးရန် စီစဉ်ကြပါသည်။ နည်းလမ်းအမျိုးမျိုးဖြင့် ရောဂါအားပမ်းသပ်ရာဖွေသော်လည်း ရှာမရပါ။ အဖျားမှာ တောက်လျှောက်မကျဘဲ ဖြစ်နေသည်မှာ ရက်အတန်ကြာနေပြီဖြစ်ပါသည်။

လူနာက ခါးအဆစ်မှ ရိုးတွင်းခြင်ဆီအဖောက်မခံသဖြင့် ဆေးရုံနှင့်အချေအတင်ပြောဆိုနေရပါသည်။ ထိုစဉ် အဘိုးခိုးမြှင့်သော ဆေးတော်တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com

မှာပါ ခင်ဗျာ။ အရင်ပိုင်ရှင်လက်ထက် ဖြစ်မယ်ထင်ပါတယ်"

ဟု သူငယ်လေးက ရှင်းပြပါသည်။

ဒေါ်စန္ဒာ စဉ်းစားချင့်ချိန်ရပါပြီ။ အဘိုးမိန့်ကြားချက်များအနက် ဒီကားလေးနှင့် သက်ဆိုင်မည်ဟုထင်ရသော မိန့်ကြားချက်ကို စဉ်းစားလိုက်ပါသည်။

အစွဲများတွင် မကျွတ်လွတ်သူ၏ အစွဲနှင့် 'လမိုင်းဓာတ်အစွဲ' များရှိတတ်ကြောင်း ထိုနှစ်ခုကိုခွဲခြားနိုင်ရမည်ဟု မိန့်ခဲ့ပါသည်။

သို့နှင့် ဒေါ်စန္ဒာက တူမလေး မင်းကို အဘိုး၏ ပရိတ်တော်ရေနှင့် ပရိတ်ကြိုးများသွားယူခိုင်းလိုက်ပြီး မိမိ၏ကျင့်စဉ်များနှင့် ကုသိုလ်ကောင်းမှုများကို စိတ်ထဲမှ သစ္စာဆိုလိုက်ပါသည်။

ယခုလာသူများမှာ အဘိုးဆေးတော်ကို သောက်သုံးခဲ့သဖြင့် အဘိုး၏ တပည့်များဖြစ်သွားပါပြီ။ ထို့အပြင် ကားလေးမှာ အဘိုး၏စံကျောင်းထဲတွင် ရပ်ထားသဖြင့် အဘိုး၏အရိပ်အာဝါသ အောက်တွင်ရောက်ရှိနေပါပြီ။ထို့ကြောင့် အစွဲတရားရှိလျှင် ဖယ်ရှားပေးတော်မူပါ။ လမိုင်းကကျီစယ်သည်ဆိုလျှင်လည်း ခွင့်လွှတ်ပါဟု စိတ်မှရွတ်ဆိုလျက် ပရိတ်ရေဖြင့် ကားလေးကိုပက်လိုက်ပါသည်။ ဤသို့ရွတ်ဖတ်နေစဉ်မှာ ကားလေးသည် တိဗက်ဆေးတော်ကြီး၏ အရိပ်အာဝါသအောက်မှာရောက်နေသဖြင့် နှောင့်ယှက်မှုများဖယ်ရှားပါဟု လည်း ရွတ်ဆိုလိုက်ပါသည်။

ထိုအချိန်တွင် ကားမောင်းသူထိုင်သည့်နေရာမှ အရိပ်အမည်းတစ်ခုသည် ကားထဲမှထွက်သွားသည်ကို ဖျတ်ခနဲမြင်လိုက်ရသဖြင့် ဒေါ်စန္ဒာက အမျှပေးဝေလိုက်ပါသည်။

"ဘာမှမဖြစ်တော့ဘူး သား"

ဟု ဆိုပြီး ကားလေးကို တစ်ပတ်ပြည့်အောင် ပရိတ်ရေဖြင့် ဖျန်းပက်လိုက်ပါသည်။ အရိပ်အကြောင်းကိုမူ သူတို့အား မပြောပြလိုက်တော့ပါ။

အဘိုး၏ဆေးတော်ကို သောက်သုံးခဲ့ရသဖြင့် ဝေဒနာပျောက်ကင်းချမ်းသာရရခဲ့သော လုပ်ငန်းရှင်အမျိုးသမီးတစ်ဦး၏အကြောင်းကို ထပ်မံတင်ပြလိုပါသည်။ ဦးမျိုးဝင်းနှင့် ခင်မင်နေသူဖြစ်ပြီး ကျွန်မသည် သူမ၏နုံးခန်းသို့ တစ်ခါတစ်ရံလိုက်ပါသွားခဲ့ပြီး သိကျွမ်းပါသည်။

ဒေါ်ဝတ်ရည်က အဘိုးဆရာတော်သက်ရှိထင်ရှားရှိစဉ် သွားရောက်ဖူးမြော်ခဲ့စဉ်ကကြုံတွေ့ခဲ့ရသည့် ထူးခြားမှုဖြစ်စဉ်တစ်ခုကို စီကာပတ်ကုံးပြောပြပါသည်။ အသက်(၆)နှစ်(၇)နှစ်အရွယ် ငယ်ရွယ်စဉ်အခါက ထားဝယ်မြို့တွင် အဘွားနှင့်အတူ ဥပုသ်စောင့်ခြင်း၊ မုန့်ဖိုးများစုပြီးလှူဒါန်းခြင်း၊ ရတနာသုံးပါးကို အလွန်ရိုသေကိုင်းရှိုင်းသူတစ်ဦးအဖြစ် ယခုအချိန်အထိ ဥပုသ်သီလမပျက်စောင့်ထိန်းခဲ့ပါသည်။ အသက် (၇) နှစ်အရွယ်တွင် ကိုယ်ခန္ဓာ၏ အသားအရေမှာ ညစ်ထေးလာကာ အရေပြားပါရာများဖြင့် ဆေးဝါးကုသမှုခံခဲ့ပါသည်။ သို့ရာတွင် ရောဂါမပျောက်ခဲ့ပါ။

ဦးမျိုးဝင်းထံမှ အဘိုး၏လိပ်စာမေးပြီး အဘိုးကို သွားရောက်ဖူးမြော်စေခဲ့ပါသည်။ နှစ်ကြိမ်သုံးကြိမ်မျှ အဘိုးကို ဖူးမြော်ခဲ့ရာ လူတိုင်းကို မွေးနေ့များမေးပြီး ဆေးတော်များကို ဝေငှပေးပါ သည်။

ဒေါ်ဝတ်ရည် အသက် (၃၃) နှစ်၏ အလှည့်တွင် ဆေးတော်နှစ်လုံးကို ပေးပြီး -

"ဒီဆေးသောက်စဉ်မှာ ထူးခြားလိမ့်မယ်"

ဟု မိန့်ကြားရာ သူမက ငါလည်း ဘာရောဂါမှမရှိပါဘူး။ ဒါပေမယ့် သောက်လိုက်မယ်ဟု စဉ်းစားမိပါသည်။ ၎င်း၏ အရေပြားပေါ်ရှိ ယားယံသောရောဂါအကြောင်းကို မေ့လျော့နေမိပါသည်။

သို့နှင့် သူမ၏နေအိမ်သို့ ပြန်ရောက်ရာတွင် ဆေးတော်သောက်ရန် ညွှန်ကြားချက်အတိုင်း ဘုရားခန်း၌ ရှိသေစွာ ပြင်ဆင်ဆောင်ရွက်ပါသည်။ ဘုရားရှိခိုးပြီး မေတ္တာသုတ်၊ ဂုဏ်တော်ကွန်ချာကို ရွတ်ဆိုပူဇော်ခဲ့ပါသည်။

ထိုအချိန်တွင် လက်နှစ်ဖက်စလုံးမှာ လက်အုပ်ချီထားရာ ပုံစံများပြောင်းပြီး တိဗက်တို့ထုံးစံအတိုင်း ရှိခိုးပါတော့သည်။ သူ့ကိုယ်သူ သိသော်လည်း တားဆီး၍မရခဲ့ပါ။

ဆေးတော်ကို သောက်ရာတွင်လည်း မိမိစိတ်မဟုတ်တော့ဘဲ အထဲက ပုဂ္ဂိုလ်တစ်ပါးက လာရောက်တိုက်ကျွေးသကဲ့သို့ခံစားရပါသည်။ ဆေးတော်သောက်နေစဉ်အတွင်း အတိတ်ဘဝတစ်ခုက အသားအရေမကောင်းသော ရဟန်းအိုတစ်ပါးကို မနောက်ဖြင့် ပြစ်မှားမိခဲ့ကြောင်း အသိစိတ်တွင် ဖျတ်ခနဲပေါ်လာပါတော့သည်။

သူမသည် ယခုဘဝတွင် ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူဖြစ်သော်လည်း ထိုအကုသိုလ်ကံတရားက ယခုဘဝတွင် နှိပ်စက်နေကြောင်းသိလိုက်ရကာ ချက်ချင်းပင် စိတ်ထဲမှရှိခိုးကန်တော့ကာ တောင်းပန်လိုက်ပါသည်။ ထို့နောက်များစွာမကြာမီအချိန်ကာလတွင် သူမ၏ အသားအရေမှာ စိုပြည်ဝင်းပလာပြီး ရောဂါ (၉၆) ရာခိုင်နှုန်းခန့် ပျောက်ကင်းသွားပါသည်။

သူမ၏အခြေအနေကို နားထောင်ရသောအခါ ဒဏ္ဍပြို့နယ် သမတကမ်းခြေရပ်ကွက်အတွင်းနေထိုင်သည့် အမျိုးသမီးတစ်ယောက်အကြောင်းကို သတိရမိပါသည်။ ထိုအမျိုးသမီးနှင့် အလှူသွားရာတွင် အလှူရှင်၏ ကားပေါ်မှာတွင် တွေ့ခဲ့ပါသည်။

ထို့နောက် အမျိုးသမီးအကြောင်းကို ဒေါ်စိန်ဌေး၏သမီးဖြစ်သူ မချစ်စုက တစ်ဆင့်ပြောပြရာ ကျွန်မအနေနှင့် အံ့သြပြီး ရတနာသုံးပါးနှင့် မပြစ်မှားထိုက်သူများကို မပြစ်မှားမိစေရန် သတိသံဝေဂရမိပါသည်။

ထိုအမျိုးသမီးသည် ရတနာသုံးပါးကို ကြည်ညိုကိုးကွယ်ပြီး ပရိတ်တလုပ်ငန်းများကိုလည်း စိတ်ဝင်စားစွာလုပ်ဆောင်နေသူဖြစ်ပါသည်။ သို့ရာတွင် သူကိုးကွယ်နေသည့် ရတနာတော်တစ်ပါးမှာ တရားဟောသည့် တရားပွဲများတွင် အရက်သေစာသောက်စားခြင်း၏အပြစ်များကို ထည့်သွင်းဟောလေ့ရှိပါသည်။ ထိုသို့ တရားဟောရာတွင်လည်း ထိုအမျိုးသမီး၏ ဖခင်ဖြစ်သူကို နမူနာထားကာ ဟောကြားသည့်အခါ ဖခင်၏အရက်သေစာသောက်သုံးကြောင်းကို လူပုံအလယ်မှာ တရားထဲထည့်ဟောသဖြင့် အရှက်ခွဲသည်ဟု ယူဆသွားပြီး ထိုရဟန်းတော်ကို အလှူရှိရှိလျှင်မပင့်ရန် ပြောဆိုပြစ်မှားမိပါသည်။ မကြာမီ ထိုအမျိုးသမီးသည် သွားဖုံးကင်ဆာရောဂါအစပြုလာပြီး ဆေးဝါးများကုသဆဲမှာပင် ရဟန်းတော်ကို ဝန်ချတောင်းပန်ခြင်းနှင့် လမ်းခင်းလုပ်ငန်းတွင် ကူညီဆောင်ရွက်ရာမှ သက်သာပျောက်ကင်းသွားသော်လည်း အပေါ်သွားများကြေကျကာ သွားဖုံးချည်းသာကျန်ပါတော့သည်။ပရိတ်တလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများကို ယခုထက်ကိုင်တက်ကြွစွာ ဆောင်ရွက်နေဆဲဖြစ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လပိုင်းတွင် သူငယ်ချင်း၏ သမက်ဖြစ်သူ စစ်ဗိုလ်လေးသည် ကျောက်ကပ်ရောဂါရပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး အတွင်းစခန်းသို့ ကြွမြန်းတော်မူပြီးသည်မှာ ယခုဆိုလျှင် (၂) နှစ်ရှိပါပြီ၊ သတ္တဝါများအား အသက်ကယ်တင်ရာတွင် မည်သည့်အခကြေးငွေမျှအလှူခံတော်မမူပါ။ ယခုထက်တိုင် ဖြစ်ပါသည်။ စာရေးသူ၏ ဆောင်းပါးတစ်ပုဒ်အား ၂၀၁၇ ခုနှစ် ဇူလိုင်လထုတ် သူရဇ္ဈမဂ္ဂဇင်းကြီး စာမျက်နှာ (၁၃၅) တွင် 'အသက်ကယ်ဆေး (၂) လုံးဖြင့် အသက်ကယ်တင်တော်မူသော သက်တော်ရှည် ပြည်မြို့ မဟာလေးကျွန်းဒိဋ္ဌ အတုဆရာတော်ကြီးနှင့် ဖူးမြော်ရစဉ် ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များ' ခေါင်းစဉ်ဖြင့် ဖြစ်ရပ်မှန်တင်ပြခဲ့ပါသည်။ စာဖတ်သူ ပရိသတ်မှ ဆေးတော်ရယူလိုပါက ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်အား ခွင့်ပြုချက်ရယူ၍ ဖော်ပြခဲ့ပါသည်။ ဒေါ်စန္ဒာ (အဘိုးဆရာတော်၏ မြေးဖြစ်သူ) ဖုန်း ၀၁-၅၅၃၈၁၆၊ ၀၉-၇၃၁၁၉၉၄၃၊ ၀၉-၄၂၇၁၈ ၃၉၀ ဖြစ်ပါသည်။

ယခုဖြစ်ရပ်မှန်ကိုယ်တွေ့ဆောင်းပါးရေးနေစဉ် ဖော်ပြပါ ဖုန်းများဖြင့် ဆက်သွယ်၍ အဘိုးဆရာတော်၏ အသက်ကယ်ဆေးလုံးများအား တောင်းခံသောက်သုံး၍ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှကင်ဆာဝေဒနာရှင်တစ်ဦး၊ ကနေဒါနိုင်ငံမှ မြန်မာလူမျိုး ကင်ဆာဝေဒနာရှင်များ၊ နေပြည်တော်ရှိ ရာထူးအဆင့်အမျိုးမျိုးဖြင့် တာဝန်ယူဆောင်ရွက်နေကြသော နိုင်ငံ၀န်ထမ်းပုဂ္ဂိုလ်များ၏ ရောဂါဝေဒနာများ၊ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ရောဂါဝေဒနာရှင်များသည် မိမိတို့၏ ပြုခဲ့သော ကောင်းမှုကုသိုလ်ကံအလျောက် ရောဂါဝေဒနာဆိုးများမှ သက်သာပျောက်ကင်းလျက်ရှိကြောင်း အမြဲကြားသိနေရပါသည်။

ကျန်ရှိသော ရောဂါဝေဒနာရှင်များအား အသက်ရှည်ကျန်းမာ ရောဂါဝေဒနာများပျောက်ကင်းချမ်းသာစေရန် စေတနာကောင်းဖြင့် အထက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်၍ ဆရာတော်ဘုရားကြီး၏မူအတိုင်း ဆေးဖိုး အသုံးငွေအလှူမခံဘဲ အသက်ပေါင်းများစွာ ဆက်လက်ကယ်တင်လျက်ရှိပါကြောင်း လေးလေးစားစားဖြင့်အသိပေးရေးသားအပ်ပါသည်။

ကျေးဇူးတင်လျက်

တင်တင်နိုး(ပေါင်းတည်)

ထွက်နေစဉ် ရွှတ်ဆိုရန် အဆင်မပြေပါက ရေသန့်ဘူးငယ်တစ်လုံးကို အဖုံးဖွင့်ကာ သရဏဂုံအခေါက် (၉၀) ရွတ်ပြီး သောက်လျှင်လည်း အကျိုးထူးပေးပါသည်။

ထို့နောက် အိမ်အပြန်လမ်းတွင် မုံရွာလေးကျွန်းစကြံာရပ်တော်မူဘုရားကြီး၏သမိုင်းမော်ကွန်းစာအုပ်စာမျက်နှာ (၅၅)တွင် ဗောဓိတစ်ထောင်ဆရာတော်ကြီးရေးသားထားခဲ့သည့် ဆုံးမစာကို အမှတ်ရနေမိပါသည်။

■ စားလိုက် သွားလိုက်
သောက်လိုက် ပေါက်လိုက်
ဝတ်လိုက် ချွတ်လိုက်
တိုးလိုက် နှုတ်လိုက်နှင့်
အကျိုးယုတ်မိုးချုပ်လေတော့သည်

၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် အဘိုးလေးကျွန်းဒိဋ္ဌဆရာတော်ကြီး သက်တော် (၁၁၈) နှစ်၊ ဆရာတော်ကြီးက သက်တော် (၁၀၈) နှစ်ဟု မိန့်ပါသည်။ ဆရာတော်ကြီးက တပည့်ဒါယကာတစ်ဦး (တပ်မတော်မှ ဗိုလ်ချုပ်အဆင့်) က အောင်ပန်းမြို့ဆေးရုံကြီးသို့ ပင့်ခဲ့ကြောင်း၊ ဆေးရုံတွင် လူနာတွဲပ်ကြပ်ကြီးတစ်ဦးမှာ အသက်ငင်နေသဖြင့် အသက်ကယ်နိုင်သော်လည်း ဆေးလုံးတော်မပါ၍ ဆေးမကုနိုင်၍ မိမိရှေ့မှောက်တွင် ကွယ်လွန်သွားကြောင်း အတော်စိတ်မကောင်းဖြစ်မိ၍ သတ္တဝါများအသက်ကယ်ရန် ဆေးတော်ကို ပြန်ကိုင်ခဲ့ရကြောင်း မိန့်ကြားပါသည်။

အဘိုးဆရာတော်ကြီးမှာ လူ၊ သတ္တဝါ၊ မိမိအပါအဝင် သေပွဲဝင်ရမှာ မုချဖြစ်သော်လည်း ကုသိုလ်ကံအကျိုးပေးကြောင့် အသက်ရှင်ခွင့်ရနိုင်သည့် ပုဂ္ဂိုလ်၊ သတ္တဝါများအား အသက်ရှင်စေလိုသော စိတ်စေတနာကြီးမားတော်မူပါသည်။

မင်္ဂလာဒုံစစ်ဆေးရုံတွင် တက်ရောက်ကုသမှုခံခဲ့ရပါသည်။ စိတ်ထားအလွန်ကောင်းမွန်ပြီး ယောကျ်ားမဖြစ်သူက သားတစ်ယောက်ကဲ့သို့ ချစ်ခင်စွာပြုစုကုသပေးပါသည်။ ၎င်း၏ရောဂါမှာ ထူးဆန်းသည်ဟု ဆိုရပါမည်။ ဆရာဝန်ကြီးများ ပြောကြားမှုကို ကျွန်မတို့လို သာမန်အရပ်သူတစ်ယောက်အနေဖြင့် ထပ်ဆင့်ပြောရလျှင် လူခန္ဓာကိုယ်မှာ မကောင်းသည့်ပိုးနှင့်ကောင်းသည့်ပိုးတို့ တိုက်ခိုက်တတ်သည်ဟုသိထားပါသည်။ထိုစစ်ပွဲလေးမှာ သူ့ကိုယ်ခန္ဓာအတွင်းမှ ကောင်းသောရောဂါပိုးအချင်းချင်းတိုက်ခိုက်နေသည်ဟု ဆိုရပေမည်။ ရှားပါးလှသည့် ရောဂါမျိုးဟုသိရပါသည်။ သူငယ်ချင်းဖြစ်သူလည်း အဘိုး၏ ဆေးတော်ကို သွားရောက် တောင်းခံခဲ့ရာ မဟာဘွဲ့ဘုရား များနှင့် အဘိုး၏ပုံတော်ရှေ့မှာ ရှိခိုးနေရာမှ သူနှုတ်ကို တစ်ယောက်ယောက်က ရိုက်လိုက်သကဲ့သို့ ခံစားရပြီး နောက်သို့ယိုင်သွားပါသည်။

ထို့နောက် သိဒ္ဓိများပေးသည်ဟု ယူဆပြီး ဆေးရုံသို့ ဆေးတော်များယူသွားပြီး စစ်ပိုလ်လေးကို တိုက်ကျွေးခဲ့ပါသည်။ ယခုအခါ ရောဂါများသက်သာလာပြီး ဆေးရုံမှ ခေတ္တပြန်ဆင်းကာ အနားယူနေပါသည်။

ယခုအခါ ကမ္ဘာသူကမ္ဘာသားများမှီတင်းနေထိုင်ရာ ကမ္ဘာကြီးသည် ငါသာလျှင် မှန်သည်၊ တစ်ဖက်သားမှာ အမြဲမှားသည်ဟူသောအတ္တနှင့်လောဘတို့၏ လှုံ့ဆော်မှုကြောင့် ပူလောင်လျက်ရှိပါသည်။ အတ္တမီးများလျော့ပါးသွားစေရန် ကိုယ်ချင်းစာစိတ်နှင့် မေတ္တာတရားများကသာ အကူအညီဖြစ်ပေလိမ့်မည်ဟု ယုံကြည်ပါသည်။

ကျွန်မအနေနှင့် အဘိုးဆရာတော်ကြီး၏သရဏဂုံပုတီးစိပ်နည်းကို ဒေါ်စန္ဒာထံမှတစ်ဆင့်ရရှိထားသောကြောင့် နည်းမှန်စွာဖြင့် ကုသိုလ်ပြုလျက်ရှိပါသည်။ ထိုနည်းမှာ ဘုရားကျောင်းဆောင်ရှေ့တွင် ဖလားငယ်လေးတစ်လုံးချထားပြီး ထိုဖလားထဲတွင် သောက်ရေထည့်ထားရပါသည်။ ခွက်ဟု မသတ်မှတ်ရပါ။ ကိုးနဝင်းကျေစေရန် ဖလားဟုသတ်မှတ်ရပါသည်။ သရဏဂုံသုံးပါးကို ဒုတိယမွှေနှင့် တတိယမွှေဟု (၉) ခေါက် ရွတ်ဆိုပြီးမှ ပုတီးတစ်လုံးကို ချရပါသည်။ ထိုကဲ့သို့ အခေါက် (၉၀) ရွတ်ဆိုပူဇော်ပြီးလျှင် ထိုဖလားထဲရှိရေကို သိဒ္ဓိရေအဖြစ် သောက်သုံးရပါသည်။ အကယ်၍ ခရီး

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမ္ဘအဆက်)

၁၉၆၄ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ အမေရိကန်ပြည်ထောင်စု ဆေးပညာရှင်များအသင်းမှထုတ်ဝေသော ဆေးသုတေသနဂျာနယ်တွင် ရှေ့အခန်း၌ဖော်ပြခဲ့သော ဟာဂျီးနီးယားတက္ကသိုလ် ပရစ်တွဌာနမှ ပါမောက္ခအီအင်စတီဗင်ဆင်၏ လူဝင်စားသုတေသနပြုချက်များကို လူအများစနစ်တကျသိရှိစေရန် ပြုပြင်ရေးသား၍ ဖော်ပြခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုတွင်သာမက အနောက်နိုင်ငံများသို့ ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သည်။

သိပ္ပံပညာသာ ပထမ၊ သိပ္ပံပညာသာ ဒုတိယ၊ သိပ္ပံပညာသာ တတိယဟု ယူဆထားသောအနောက်တိုင်း သိပ္ပံပညာရှင်များသည် ဘဝဆက်သံသရာဝါဒ အပေါ် အလေးအနက် စဉ်းစားလာကြသည်။ယခင်ကမူ အနောက်တိုင်းသိပ္ပံပညာရှင်အများသည် လူဝင်စားဝါဒကို လက်ခံလိုကြခြင်းမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ နားလည်ထားသော သိပ္ပံနိယာမသဘောတရားများနှင့် ကိုက်ညီခြင်းမရှိသောကြောင့် ဖြစ်၏။

ထို့အတူ အမေရိကန်ပြည်ထောင်စုရပ်သံလွှင့်အစီအစဉ်တွင် ဒေါက်တာစတီဗင်ဆင်သည် သူစနစ်တကျသိပ္ပံနည်းကျ သုတေသနပြုထားသော နိုင်ငံတကာမှ လူဝင်စားဟု အသိအမှတ်ပြုထားသည့် သူများ၏ အမှုတွဲ(၂၀၀) ကျော်အနက် လူအများစိတ်ဝင်စားဖွယ်ရာအမှုတွဲအချို့အား 'လူဝင်စားတို့၏အံ့ဖွယ်အမှတ်တရများ' ဟူသောအမည်ဖြင့် ထုတ်လွှင့်ပေးခဲ့သဖြင့် လူသေ၍ ဝင်စားသည် ဟူသော ထူးခြားဖြစ်စဉ်ကို အနောက်တိုင်းသူအနောက်တိုင်းသားများက အလေးအနက်ထားလာခဲ့ကြ သည်။

အမေရိကန်ပြည်ထောင်စု မနောသုတေသနဖောင်ဒေးရှင်းမှထုတ်ဝေသော Tomorrow ဟူသော သုတေသနစာစောင်တွင်လည်း လူဝင်စားဝါဒနှင့်ပတ်သက်သော ဆောင်းပါးများ၊ တွေ့ရှိလေ့လာချက်များ၊ အနောက်တိုင်းမှ လူဝင်စားဟုအများက ယူဆထားသူများအကြောင်း ဆောင်းပါးများကို ဓာတ်ပုံသာဓက အထောက်အထားများနှင့် ဝေဝေဆာဆာဖော်ပြပေးခဲ့သဖြင့် လူဝင်စားဝါဒမှာ အနောက်တိုင်းခရစ်ယာန်ဘာသာဝင်များအတွင်း အထူးဂယက်ရိုက်ခဲ့၏။ ဤသို့အတွင်း အီဂျစ်နိုင်ငံတော်လှန်ရေးအစိုးရ၏ အာဘော်ဖြစ်သော AL.Ahram (ပီရမစ်သတင်းစာကြီးတွင် အသက် (၆၀) ကျော်အရွယ်ရှိဖြစ်သော အီဂျစ်ရသေ့မ ဝင်စားသည့် ဒေါ်ရော်သီအယ်ဒီအကြောင်း ဆောင်းပါးတစ်စောင် ပါဝင်လာခဲ့သည်။ ထိုသတင်းစာကြီးမှာ အင်္ဂလိပ်ဘာသာနှင့် လည်းကောင်း၊ အီဂျစ်ဘာသာနှင့် လည်းကောင်း ထုတ်ဝေခဲ့ရာ စောင်ရေသုံးသန်းနီးပါး ထုတ်ဝေရသဖြင့် အီဂျစ်နိုင်ငံတွင် ဩဇာအကြီးမားဆုံးသတင်းစာကြီးတစ်စောင်ဖြစ်သည်။ လက်ရှိ အီဂျစ်အစိုးရတွင်



လှမိုး(ပညာရေး)
နိုင်ငြိမ်စုံမ်းမှ လွမ်းရိပ်သာ
(အခန်းဆက်ဇယား၆၊၇)

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယသမ္မတ တာဝန်ယူထားရသော အနံ၀ါဆာဒက်မှာ ယခင်က ထိုသတင်းစာကြီး၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်၏။

ဤသတင်းစာကြီးတွင် ဒေါ်ရော်သီအယ်ဒီ၏ ပုံရိပ်များကို အသေးစိတ်ဖော်ပြခဲ့သဖြင့် အီဂျစ်နိုင်ငံရှိ အင်္ဂလန်နိုင်ငံမှ ဩဇာကြီးမားသော သတင်းစာကြီးများ၊ အမေရိကန်ပြည်ထောင်စုမှ နယူးယောက်တိုင်းသတင်းစာကြီးနှင့် ဂါရှင်တန်ပို့(စ်)သတင်းစာကြီးများတို့မှ သတင်းအယ်ဒီတာများသည် ဒေါ်ရော်သီအယ်ဒီအား လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဤသို့အတွင်း အီဂျစ်အစိုးရ ရှေးဟောင်း၀န်ကြီးဌာနသည် ဒေါ်ရော်သီအယ်ဒီရေးသားပြုစုသည့် A dream of the Past (အတိတ်မှအိပ်မက်)ဟူသော စာတမ်းအား ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။ ယင်းစာတမ်းတွင် ဒေါ်ရော်သီအယ်ဒီသည် အီဂျစ်နိုင်ငံမြို့တော်ဟောင်းကြီးများရှိ နတ်ဘုရားကျောင်းနံရံများ၊ ပိရမစ်များ၊ ကျွဲရိုးပုရပိုက်၊ မှတ်တမ်းအထောက်အထားများတွင် တွေ့ရသော အထောက်အထားများကို ကိုးကား၍ ဓရိုဘုရင်များခေတ်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေအနေများကို ရေးသားဖော်ပြခဲ့သည်။

ထိုစာတမ်းတွင်ပင် သူကိုယ်တိုင် အီဂျစ်နိုင်ငံ ရှေးဟောင်းမြို့တော်များရှိ ပိရမစ်များ၊ နတ်ဘုရားကျောင်းများ၊ သချိုင်းဂူများတွင်တွေ့ရသော ဆေးရေးပန်းချီများကို ကူးယူရေးဆွဲထားသော ပန်းချီကားများကိုပါ ယင်းစာတမ်းတွင် ဖော်ပြထားသဖြင့် နိုင်ငံတကာမှ အီဂျစ်ရှေးဟောင်းပညာရှင်များက တအံ့တသြဖြစ်ခဲ့ကြရသည်။ နိုင်ငံတကာတက္ကသိုလ်ကျောင်းတိုက်ကြီးများရှိ သမိုင်းပညာဟောဌာနများမှ တာဝန်ရှိသူများကလည်း ယင်းစာတမ်းနှင့် ပက်သက်သည့် ဆေးနှင်းဆွေးနွေးချက်များကိုပုံနှိပ်ထုတ်ဝေခဲ့သည်။ အနောက်တိုင်း အီဂျစ်သမိုင်းပညာရှင်လောကအား အထူးဂယက်ခိုက်ခတ်ခဲ့ရသည်။ ဒေါ်ရောသီအယ်ဒီရေးသားပြုစုသည့်စာတမ်းတွင် သူကိုယ်တိုင်ရေးဆွဲဖော်ပြသည့် ပန်းချီပုံများမှလည်း တကယ့်အီဂျစ်ဖရိုဘုရင်များခေတ်က နတ်ဘုရားကျောင်းနံရံများတွင် ရေးဆွဲထားသည့် ပန်းချီကားများများနှင့် ထူးထူးခြားခြား တူညီနေပြီး သက်ရောမြောက်လှသည်ဟု အကဲဖြတ်ခဲ့ကြသည်။

ဒေါက်တာဟန်နီအယ်(လ်)ဇိုင်နီကလည်း သူနှင့် ဒေါ်ရော်သီအယ်ဒီတို့တွေ့ဆုံဆွေးနွေးသည့် ရှေးဟောင်းအီဂျစ်သမိုင်းအပေါ် ရှုမြင်သုံးသပ်ချက်များ၊ အနောက်တိုင်းသား အီဂျစ်ရှေးဟောင်းသမိုင်းသုတေသီများရေးသားပြုစုခဲ့သည့် အီဂျစ်နိုင်ငံသမိုင်းများတွင် ဖော်ပြခဲ့သော အမှားအယွင်းအချက်အလက်များကို ပြင်သစ်နိုင်ငံမှ ထုတ်ဝေသော လာဖီရိုဂိုသတင်းစာကြီးတွင် ရေးသားဖော်ပြခဲ့သဖြင့် အနောက်တိုင်းမှ ရှေးဟောင်းသမိုင်းပညာရှင်များသည် ဒေါ်ရော်သီအယ်ဒီနေထိုင်သည့် အာရဗတ် အဘိုက်ဒိုးကျေးရွာကလေးသို့ တဖွဖွလာရောက်ခဲ့ကြသည်။ အခြားကမ္ဘာလှည့်ခရီးသည်များကလည်း အဖွဲ့လိုက်တစ်စုတစ်ဝေးတည်းလာရောက်၍ ဒေါ်ရော်အယ်ဒီအား တွေ့ဆုံကြရာ အာရဗတ်အဘိုက်ဒိုးကျေးရွာကလေးမှာ နေချင်းညချင်း ပွဲလမ်းသဘင်တမျှ စည်ကားလာခဲ့သည်။

အီဂျစ်ခရီးသွားလာရေး၀န်ကြီးဌာနကလည်း နိုင်ငံတကာမှလာရောက်သည့်သမိုင်းသုတေသီများ၊ ပညာရှင်များအား ဒေါ်ရော်သီအယ်ဒီနှင့်တွေ့ဆုံဆွေးနွေးနိုင်ရန် အစီအစဉ်များပြုလုပ်ပေးခဲ့သည်။

အီဂျစ်ရှေးဟောင်းယဉ်ကျေးမှု၀န်ကြီးဌာနကလည်း လူ၀င်စားဒေါ်ရော်သီအယ်ဒီ၏ချစ်သူဟောင်းပထမမြောက် ဆက်တိုဘုရင်ကြီးထီးနန်းမတက်မီ ခရစ်တော်မပေါ်မီ ဘီစီ ၁၃၀၇ ခုနှစ်ခန့်က ထီးနန်းတက်ခဲ့သော ပထမမြောက် ရမ်းဆက်ဘုရင်ကြီးကို ဂုဏ်ပြုသည့် အနေဖြင့် ကိုင်ရိုမီးရထားဘူတာရုံကြီး၏အမည်ကို ပထမမြောက် ရမ်ဘက်ဖရိုဘုရင်ကြီးဟု အမည်ပေးခဲ့သည်။ (ရမ်ရမ်ဆက်ဖရိုဘုရင်ကြီးမှ ဘီစီ၁၃၀၇ ခုနှစ်တွင်နန်းတက်ခဲ့ပြီး ၁၃၀၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ပထမမြောက်ဆက်တိဘုရင်ကြီးမှာ ခရစ်တော်မပေါ်မီ ဘီစီ ၁၃၀၆ ခုနှစ်တွင် ထီးနန်းတက်၍ ခရစ်တော်မပေါ်မီ ဘီစီ ၁၂၉၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်)

ယခင် အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ပင်ထားခြင်း၊ ယာယီရပ်ဆိုင်းထားခြင်းပြုလုပ်ခဲ့သော အီဂျစ်ရှေးဟောင်းသုတေသနလုပ်ငန်းများ၊ ပရောဂျက်များ၊ ရှေးဟောင်းမြို့တော်ကြီးများရှိ အဆောက်အအုံတူးဖော်ရေးလုပ်ငန်းများကို ပြန်လည်ဆက်လက်ဆောင်ရွက်စေခဲ့သည်သာမက ဒေါ်ရော်သီအယ်ဒီမှာ အသက်အရွယ်အရလည်းကောင်း၊ ကျန်းမာရေးအခြေအနေအရလည်းကောင်း သုတေသနအရာရှိဘ၀မှ အငြိမ်းစားယူခဲ့ပြီးဖြစ်သော်လည်း အီဂျစ်အစိုးရရှေ့ဆောင်ယဉ်ကျေးမှုဌာနအကြံပေးအဖြစ်လည်းကောင်း၊ ကိုင်ရိုမြို့တော်ရှိ အမျိုးသားပြတိုက်အကြံပေးအဖြစ် ပြန်လည်ခန့်အပ်ထားခဲ့၏။

အဘိုက်ဒိုးမြို့တော်ဟောင်းတွင် ဖွင့်ထားသော အီဂျစ်အစိုးရရှေးဟောင်း၀န်ကြီးဌာနခွဲမှ တာဝန်ရှိသူများကလည်း ဒေါ်ရော်သီအယ်ဒီ၏နေရေးထိုင်ရေး၊ ကျန်းမာရေးကို ဂရုတစိုက်ပြုခဲ့ကြသည်။ အသက် (၆၀) ကျော်လာခဲ့ပြီဖြစ်သဖြင့် ဒေါ်ရော်သီအယ်ဒီ၏ကျန်းမာရေးအခြေအနေမှာ ယိုယွင်းလာခဲ့သည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများ စွဲကပ်လာသောအရိပ်အယောင်များတွေ့ရှိလာခဲ့သည်ဟုသံသယရှိလာသော ဒေါက်တာဟန်နီအယ်ဇိုင်းနီသည် သက်ဆိုင်ရာမှ တာဝန်ရှိသူများ၏အကူအညီနှင့် ကိုင်ရိုမြို့ဆေးရုံကြီးမှ အထူးကုသမားတော်အဖွဲ့တစ်ဖွဲ့အား အာရဗတ်အဘိုက်ဒိုးကျေးရွာသို့လာရောက်၍ ဒေါ်ရော်သီအယ်ဒီ၏ ကျန်းမာရေးကို စစ်ဆေးစေခဲ့သည်။ လစဉ်ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း စီစဉ်ထားခဲ့၏။ ဒေါ်ရော်သီအယ်ဒီကမူ အသက်အရွယ်ရလာသော်လည်း စိတ်ဓာတ်ကျဆင်းခြင်းမရှိ ယခင်အတိုင်း အိုက်ဆစ်မယ်တော်ကြီးနတ်ဘုရားကျောင်းနှင့် အိုစစ်ရစ်နတ်ဘုရားကျောင်းများ၏သန့်ရှင်းရေး၊ ပထမမြောက်ဆက်တီဘုရင်ကြီးသချိုင်းဂူသန့်ရှင်းရေး၊ နေ့စဉ်ပန်းကုံးချခြင်းစသော လုပ်ငန်းများကိုမူ ဝတ္တရားမပျက်ဆောင်ရွက်ခဲ့သည်။

သူ့အား နေ့စဉ်လာရောက်တွေ့ဆုံနေကြသော ကမ္ဘာလှည့်ခရီးသည်များ၊ စာနယ်ဇင်းလောကမှပုဂ္ဂိုလ်များ၊ သမိုင်းသုတေသီများအားလည်း တွေ့ဆုံ၍ ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့၏။ သူ့အားလာရောက်တွေ့ဆုံကြသူများတွင် အမေရိကန်ပြည်ထောင်စုမှ အိမ်ထောင်ရှင်အမျိုးသမီးများ ပါ၀င်ခဲ့သည်။ ထိုအဖွဲ့တွင် ပါ၀င်သည့် အမျိုးသမီးကြီးတစ်ယောက်၏ သားဖြစ်သူက ဗီယက်နမ်စစ်ပွဲတွင် ပျောက်ဆုံးသွားခဲ့သော အမေရိကန်ပြည်ထောင်စုစစ်ကမ်းခြေတက်

www.burmeseclassic.com

www.burmeseclassic.com

တပ်အဖွဲ့မှ အရာခံဗိုလ်တစ်ဦး ဖြစ်၏။ ထိုကာလက ဒေါ်ရော်သီအယ်ဒီမှာ လူဝင်စားတစ်ဦးအဖြစ်သည်သာမကဘဲ ကွယ်လွန်သူတို့၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟု သတင်းကြီးနေသူဖြစ်၏။ သို့ဖြစ်၍ အထက်ဖော်ပြပါ အမေရိကန်ပြည်ထောင်စုသူ အမျိုးသမီးကြီးသည် ဒေါ်ရော်သီအယ်ဒီနှင့်တွေ့ဆုံ၍ သူသားဖျောက်ဆုံးရမှုကို အာရုံခံကြည့်ရှုပေးရန် မေတ္တာရပ်ခံသည်။ ဒေါ်ရော်သီအယ်ဒီကမူ သူသည် အများယူဆသလို Medium ခေါ် နတ်ဝင်သည်တစ်ဦးမဟုတ်သော်လည်း အခါအားလျော်စွာ ကွယ်လွန်သူများ၏ဝိညာဉ်နှင့်ဆက်သွယ်နိုင်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့၏။ သို့သော် နတ်ဘုရားမယ်တော်အိုစက်အား အာရုံပြု၍ မေတ္တာရပ်ခံမည်ဆိုပါက ကွယ်လွန်သူများ၏ဝိညာဉ်နှင့် အချိန်အခါသင့်ပါက ဆက်သွယ်နိုင်သည်ဟု ပြောပြခဲ့သည်။ ဖျောက်ဆုံးနေသော အမေရိကန်ပြည်ထောင်စုသားကမ်းခြေတက်တပ်ဖွဲ့အရာခံဗိုလ်၏ဝိညာဉ်နှင့် ဆက်သွယ်နိုင်ခဲ့သည်ဟု ဆိုသည်။

ယင်းထူးခြားဖြစ်စဉ်ကို အထက်ဖော်ပြပါ အမျိုးသမီးကြီးသည် အမေရိကန်ပြည်ထောင်စုသို့ပြန်လည်ရောက်ရှိသည်နှင့် သူနှင့်ဒေါ်ရော်သီအယ်ဒီတို့သူ၏ဖျောက်ဆုံးနေသော သားဖြစ်သူ၏ဝိညာဉ်နှင့်တွေ့ဆုံကြရပုံများကို အထောက်အထားသာဓကခိုင်ခိုင်မာမာနှင့် Globe သတင်းစာကြီးတွင် ဆောင်းပါးတစ်စောင်ရေးသားဖော်ပြခဲ့၏။ ထို့အတူ အမေရိကန်ပြည်ထောင်စုတွင် ဝါအရင့်ဆုံးနှင့် သက်တမ်းအရှည်ဆုံး၊ သိက္ခာအကြီးမားဆုံးသတင်းစာကြီးတစ်စောင်ဖြစ်သော ခရစ်သိပ္ပံမော်နီတာသတင်းစာကြီးကလည်း ဒေါ်ရော်သီအယ်ဒီ၏ လူဝင်စားဘဝထူးခြားဖြစ်စဉ်ကို ဓာတ်ပုံအထောက်အထားများနှင့် ဝေဝေဆာဆာဖော်ပြထားသောအခန်းဆက်သတင်းဆောင်းပါးတစ်စောင်ကိုဖော်ပြပေးခဲ့သည်။

ဘီဘီစီရုပ်သံလွှင့်အစီအစဉ်ကလည်း လူတို့ကွယ်လွန်ခဲ့ပြီးကာလ ဘဝကူးရခြင်းကို သိပ္ပံနည်းကျ လေ့လာထားသော သုတေသီများကို ခေါ်ယူ၍ In search of the Dead တစ်ဘဝပြီးတစ်ဘဝဖြစ်ရပ်ဆန်းများကို ဆန်းစစ်ရှာဖွေခြင်း အမည်ဖြင့် ဆွေးနွေးခန်းတစ်ခုကို ထုတ်လွှင့်ပေးခဲ့ရာ လူဝင်စား သို့မဟုတ် ဘဝဆက်သံသရာဝါဒကို ထုတ်လွှင့်ပေးခဲ့၏။ ထိုဆွေးနွေးခန်းတွင် အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် ဇြတိသျှမိသားစုမှဖွားမြင်ခဲ့သော ဒေါ်ရော်သီအယ်ဒီ၏ လူဝင်စားဘအကြောင်း ပါဝင်လာခဲ့သည်။ ယင်းသတင်းကိုပင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယနေ့ရုရှား) မှထုတ်ဝေသော ဆိုဗီယက်အစိုးရအာဘော်သတင်းစာကြီးများဖြစ်ကြသော ပရာဗဒါဒါသတင်းစာနှင့် အက်(စ်)ဗက်ရှာသတင်းစာကြီးများလည်း အကျယ်တဝင့်ဖော်ပြပေးခဲ့၏။

အတည်မပြုရသေးသောသတင်းများအရ ဒေါ်ရော်သီအယ်ဒီ၏လွန်းမောတသဖွယ်ဘဝကို အမေရိကန်ပြည်ထောင်စု ဟိုးလိုလူ(ဒ်)မှ ရုပ်ရှင်အဖြစ် ရိုက်ရန်စီစဉ်ဆောင်ရွက်နေသည်ဟူသော သတင်းများလည်းထွက်ပေါ် လာခဲ့သည်။

ဤသို့ အုတ်အော်သောင်းတင်း သတင်းများထွက်ပေါ် လာနေချိန်တွင် အမေရိကန်ပြည်ထောင်စု ချီကာဂို တက္ကသိုလ်မှ အရှေ့တိုင်းသမိုင်းဘာသာပါမောက္ခနှင့် သမိုင်းပညာရှင် ဂျွန်အေဝယ်(လ်)ဆင်နှင့် သုတေသီအများသည် ဒေါ်ရော်သီအယ်ဒီနေထိုင်သော အဘိုက်ဒိုးကျေးရွာသို့ လာရောက်၍ ရက်သတ္တပတ်နှစ်ပတ်မျှနေထိုင်ကာ သတင်းကြီးနေသော ဒေါ်ရော်သီအယ်ဒီအား တွေ့ဆုံ၍ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသနလုပ်ငန်းများနှင့် ပတ်သက်သော အတွေ့အကြုံများကို လည်းကောင်း၊ ဒေါ်ရော်သီအယ်ဒီ၏ လူဝင်စားဘဝအကြောင်း အသေးစိတ်ဆွေးနွေးသွားခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ကမ္ဘာကုလသမဂ္ဂအစည်းအဝေးတွင် ယူနစ်စကိုအဖွဲ့ဦးဆောင်ကျင်းပသည်။ အီဂျစ်နိုင်ငံအဘိုက်ဒိုးမြို့ဟောင်းရှိ ပျက်စီးယိုယွင်းသော နတ်ဘုရားကျောင်းအဆောက်အအုံများနှင့်အဘိုက်ဒိုးမြို့တော်ဟောင်းရှိ ပျက်စီးယိုယွင်းစပြုနေသော ပထမမြောက် ဆက်တီဘုရင်ကြီး၏ သချိုင်းဂူအားပြုပြင်ရေးကိစ္စနှင့် ပတ်သက်၍ စာတမ်းတစ်စောင်ကို ဒေါက်တာဟန်နိုအယ်(လ်) ဇိုင်နိုက ဖတ်ကြားတင်သွင်းခဲ့ရာ အစည်းအဝေးသို့ တက်ရောက်ကြသူအများက ယင်းရှေးဟောင်းအဆောက်အအုံများကို ယူနစ်စကိုအဖွဲ့ကြီးမှ ငွေကုန်ကြေးကျခံ၍ ပြင်ဆင်ရန် သဘောတူခဲ့၏။

ကမ္ဘာ့ကုလသမဂ္ဂယူနစ်စကိုအဖွဲ့ထောက်ပံ့သော ငွေကြေးများဖြင့် အီဂျစ်အစိုးရသည် အဘိုက်ဒိုးမြို့ဟောင်းရှိသမိုင်းဝင်နတ်ဘုရားကျောင်းများသာမက လူဇာ၊ ကာနက်၊ ဂီဇာအရပ်တို့ရှိ ရှေးဟောင်းသမိုင်းဝင်ပိရမစ်များ၊ စဖင်းရုပ်တုများ၊ သချိုင်းဂူများ၊ ဒွန်ဒရားမြို့ဟောင်းရှိ နတ်ဘုရားကျောင်းများကိုပါ ရှေးမူမမျက် ပြင်ဆင်ထိန်းသိမ်းခွင့်ပြုခဲ့ပြီး ဒေါ်ရော်သီအယ်ဒီအား ပထမမြောက်ဆက်တီဘုရင်ကြီး၏ သချိုင်းဂူအားပြုပြင်ရာတွင် အကြံပေးအဖြစ် တာဝန်ရှိသူများနှင့်တွဲဖက်ထားခဲ့သည်။ သက်ဆိုင်ရာမှတာဝန်ရှိသူများက ဒေါ်ရော်သီအယ်ဒီအား ပထမမြောက်ဆက်တီဘုရင်ကြီး၏ ဂူသချိုင်းအနီးလာရောက်နေထိုင်ခွင့်ပြုခဲ့သည်။ သချိုင်ဂူနံရံရှိ ဆေးရေးပန်းချီကားများကိုလည်း ပျက်စီးခြင်းမရှိစေရန် ပြုပြင်ထားနိုင်ခဲ့သည်။

၁၉၇၉ ဧပြီလ ပထမပတ်တွင်မူ အမေရိကန်ပြည်ထောင်စု နယူးယောက်တိုင်းသတင်းစာကြီးမှ အီဂျစ်နိုင်ငံ ကိုင်ရိုသတင်းဌာနခွဲ၏ အကြီးအကဲဖြစ်သူ မစ္စတာခရစ်စတိုဖာဝါရင်သည် လူဝင်စားဟုသတင်းကြီးနေသော ဒေါ်ရော်သီအယ်ဒီနေထိုင်သည့် အဘိုက်ဒိုးကျေးရွာသို့လာရောက်၍ တွေ့ဆုံရာ ဒေါက်တာဟန်နိုအယ်(လ်)ဇိုင်နိုလည်းရှိခဲ့သည်။

နယူးယောက်တိုင်းသတင်းစာကိုင်ရိုဗျူရို၏ အကြီးအကဲဖြစ်သူ ခရစ်စတိုဖာဝါရင်သည် ဒေါ်ရော်သီအယ်ဒီပြောပြသည့် သူငယ်စဉ်ဘဝ သူဘဝဟောင်းက ကြုံခဲ့ရသည့် လွန်းမောတသဖွယ်ဘဝ၊ ယခုဘဝတွင်ဆုံခဲ့ရသောချစ်သူအဗဒူ မာဂျစ်၊ သူ့သားငယ် ဆက်တီ၊ သူ့အချစ်တော်ကြောင်များ၊ သူရေးသားပြုစုခဲ့သော အီဂျစ်ရှေးဟောင်းသမိုင်းနှင့် ပတ်သက်သည့်စာတမ်းများ၊ ပိရမစ်များအကြောင်းရေးသားထားသည့်မှတ်တမ်းများ၊ သူနေ့စဉ်ရေးသားသည့်နေ့စဉ်မှတ်တမ်း၊ သူနေ့စဉ်တွေ့ရသည့်ပထမမြောက်ဆက်တီဘုရင်ကြီး၏ဝိညာဉ်စသည်တို့ကို အသံသွင်းယူသည်။ ဒေါ်ရော်သီအယ်ဒီ သူနေ့စဉ်ဝတ္တရားမပျက် ပထမမြောက် ဆက်တီဘုရင်ကြီးသချိုင်းဂူသို့ လွန်းသူပန်းခွေသွားရောက်ချ၍ ဂါရဝပြုမှု စသည်တို့ကို ဓာတ်ပုံဖြင့်လည်းမှတ်တမ်းတင်ခဲ့သည်။

အဘိုက်ဒိုးကျေးရွာတွင် နေထိုင်သူများ၊ အဘိုက်ဒိုးမြို့ရှိ အီဂျစ်အစိုးရ ရှေးဟောင်းယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများ၊ အဘိုက်ဒိုးမြို့တော်ဟောင်းကြီးရှိ သမိုင်းဝင်အဆောက်အအုံများကိုပြုပြင်ထိန်းသိမ်းရန် တာဝန်ယူနေရသော

www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်နီယာများနှင့်လည်း တွေ့ဆုံ၍ ဆွေးနွေးခြင်း၊ စုံစမ်းလေ့လာခြင်းများ ပြုလုပ်ခဲ့သည်။

မစ္စတာခရစ်စတိုဝါရင်သည် ဤကဲ့သို့ စနစ်တကျသုတေသနပြုလုပ်ခဲ့ပြီး သူကြုံရဆုံရတွေ့ရသည့်ဖြစ်ရပ်များကို နယူးယောက်တိုင်းသတင်းစာကြီးသို့ ဆောင်းပါးရှည်တစ်စောင်ရေးသားပေးပို့ခဲ့သည်။ နယူးယောက်တိုင်းသတင်းစာကြီးကလည်း ခရစ်စတိုဝါရင်ပေးပို့သည့် ဆောင်းပါးရှည်ကြီးကို တစ်စုံတစ်ရာပြင်ဆင်ခြင်းမပြုဘဲ ၁၉၇၉၊ ဧပြီလ ၁၇ ရက်နေ့ထုတ် နယူးယောက်တိုင်းသတင်းစာမှ စတင်၍ အခန်းဆက်ဆောင်းပါးရှည်ကြီးအဖြစ် ဓာတ်ပုံအထောက်အထားဝေဝေဆာဆာဖြင့် ထည့်သွင်းဖော်ပြပေးခဲ့၏။

ဤအခန်းဆက်ဆောင်းပါးရှည်ကြီး၏ခေါင်းစဉ်ကိုလည်း 'လိုက်ခဲ့တော့မောင့်ဒေဝီ' အမည်ဖြင့် ဖော်ပြခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ သတင်းစာဖတ်ပရိသတ်များအဖို့ စိတ်ဝင်စားဖွယ်အခန်းဆက်ဆောင်းပါးဖြစ်ခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာမှရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်သောကုမ္ပဏီများက အထူးစိတ်ဝင်စားခဲ့လေသည်။ ရုပ်မြင်သံကြားအစီအစဉ်ရိုက်ကူးရန် စကားကမ်းလှမ်းခဲ့သည်ဟူသောသတင်းများ လည်းထွက်ပေါ်လာခဲ့၏။

၁၉၈၀ပြည့်နှစ်၊ အောက်တိုဘာလတွင်မူ ဘီဘီစီရုပ်သံလွှင့်ဌာနမှ ရုပ်သံလွှင့်အစီအစဉ်ထုတ်လုပ်ရေးမှူး ဂျူလီယန်ကေး(ပ်)နှင့် ရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ဝင်များသည် အီဂျစ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၏ သဘောတူညီချက်အရ ဒေါ်ရော်သီအယ်ဒီနေထိုင်သော အဘိုက်ဒိုးကျေးရွာသို့ ရောက်ရှိလာခဲ့ကြသည်။ ဒေါ်ရော်သီအယ်ဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အီဂျစ်နိုင်ငံမှ လူဝင်စားဒေါ်ရော်သီအယ်ဒီ အမည်ဖြင့် (၅၅) မိနစ်ပြသရသော ဇာတ်လမ်းတိုတစ်ခုရိုက်ကူးသွားခဲ့သည်။ ထိုရုပ်ရှင်ကား၌ အာရဘတ်အဘိုက်ဒိုးကျေးရွာလေးတွင် နေစဉ် ဒေါ်ရော်သီအယ်ဒီသွားလာနေထိုင်ပုံ၊ ဒေါ်ရော်သီအယ်ဒီ၏ အချစ်တော်ကြောင်များ၊ ဒေါ်ရော်သီအယ်ဒီပြောပြသည့် သူဘဝဇာတ်လမ်း အသေးစိတ်များကို ဖော်ပြထားခဲ့သည်သာမက ဒေါ်ရော်သီအယ်ဒီနှင့်နေထိုင်ကြသော ရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခန်းများကိုလည်း ရိုက်ကူးသွားခဲ့၏။

ထိုအဖွဲ့နှင့်အတူ လိုက်ပါလာသော လန်ဒန်မြို့ ဗြိတိသျှအမျိုးသားပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုတာဝန်ခံ ဒေါက်တာတီဂျီအိတ်(ခ်)ဂျိမ်း(စ်)နှင့်လည်း အဘိုက်ဒိုးမြို့တော်ဟောင်းရှိ နတ်ဘုရားကျောင်းများပြင်ဆင်မွမ်းမံသည့်ကိစ္စရပ်များ ရှေ့ကြုံတွေ့ရမည့်အခက်အခဲများ၊ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် မည်သို့မည်ပုံ ဆောက်ရွက်ရမည်များကို ဆွေးနွေးခဲ့၏။

ထိုနှစ် အောက်တိုဘာလ ၂၀ရက်နေ့တွင်မူ ဗြိတိသျှအမျိုးသားအီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသီနှင့် 'အဘိုက်ဒိုးမြို့တော်ဟောင်းတွင် တွေ့ရလေ့ရှိသော ဘာသာရေး အစွဲအလမ်းများ' ဟူသောစာအုပ်ကို ရေးသားထုတ်ဝေသူ ဒေါက်တာရိုစလီဒေးဗစ်သည် ဒေါ်ရော်သီအယ်ဒီနှင့်တွေ့ဆုံ၍ဆွေးနွေးမှုများ ပြုလုပ်သွားခဲ့၏။

ဤသို့အတွင်း ယခင်နှစ်က ဒေါ်ရော်သီအယ်ဒီနှင့် ရက်သတ္တပတ်တစ်ပတ်ခန့်တွေ့ဆုံသွားခဲ့သော အမေရိကန်ပြည်ထောင်စု လောင်အိုင်လင်ကောလိပ် ပရဟိတ်ပညာဌာနမှ ပါမောက္ခ ဒေါက်တာဘော့ဘရိုင်ယာသည် 'ရှေးဟောင်းအီဂျစ်လောကီပညာ' ဟူသောစာအုပ်ရေးသားထုတ်ဝေ၏။ ထိုစာအုပ်တွင် အီဂျစ်လူမျိုးတို့၏ ရှေးဟောင်းလောကီပညာရပ်ကိုလည်း ဒေါ်ရော်သီအယ်ဒီသည် လက်တစ်ဆုံးနှိုက်လေ့လာတတ်မြောက်ထားသူဖြစ်သူဟု ရေးသားဖော်ပြခဲ့၏။

၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ပြည်ထောင်စု လော့(စ်)အင်ဂျလိ(စ်)မြို့ အခြေစိုက်ပရစိတ်ပညာသုတေသနမှ ဒေါက်တာစတက်ဖင်ရှုစ်(ဇ်) ခေါင်းဆောင်သော ပရစိတ်ပညာသုတေသနမှ အဖွဲ့ဝင်များသည် 'အလက်စန္ဒြား ပရောဂျက်'အမည်ဖြင့် အီဂျစ်နိုင်ငံသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော ကိလီယိုပါထရာဘုရင်မနှင့် မတ်(စ်)အင်တိုနီ၏ဘဝနှင့် ပျက်စီးပျောက်ဆုံးနေသော သချိုင်းဂူများအကြောင်းရေးသားရန် ကိုင်ရိုမြို့သို့ရောက်ရှိလာခဲ့ကြပြီး အဘိုက်ဒိုးမြို့ဟောင်းသို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်ခဲ့၍ ဒေါ်ရော်သီအယ်ဒီနှင့်တွေ့ဆုံခဲ့ကြသည်။ ဒေါ်ရော်သီအယ်ဒီ၏ လူဝင်စားဘဝကို အသေးစိတ် မေးမြန်းစုံစမ်းမှုပြုလုပ်ခဲ့ကြ၏။ ထို့နောက် သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင်မူ ဒေါ်ရော်သီအယ်ဒီသည် အမှန်တကယ် လူဝင်စားတစ်ဦးဖြစ်သည်ဟု ယုံကြည်ကြောင်း၊ သူတို့သည် ယခင်ကမူ အမေရိကန်ပြည်ထောင်စု ဗာဂျီနီးယားဆေးတက္ကသိုလ် ပရစိတ္တဌာနပါမောက္ခဒေါက်တာအီအင်စတီဗင်ဆင်သုတေသနပြုလုပ်နေသော လူဝင်စားဝါဒအပေါ် သံသယရှိခဲ့ကြောင်း၊ သို့သော် အာရဘတ်အဘိုက်ဒိုးတွင် နှစ်ပေါင်းများစွာတစ်ဦးတည်းနေထိုင်နေသူ ဗြိတိသျှအမျိုးသမီးဒေါ်ရော်သီအယ်ဒီနှင့်တွေ့ဆုံမှမှသာ ဘဝဆက်သံသရာဝါဒကို အလေးအနက် ယုံကြည်ခဲ့သည်ဟု ထုတ်ဖော်ပြောဆိုခဲ့၏။

ဗြိတိသျှအမျိုးသားနက္ခတ်ဗေဒပညာရှင်နှင့် သိပ္ပံဝတ္ထုရေးဆရာဒေါက်တာကာ(လ်)ဆင်ကလည်း သူသည် ဒေါ်ရော်သီအယ်ဒီအကြောင်း ရေးသားဖော်ပြသည့်စာအုပ်များစာတမ်းများကို ဖတ်ရှုမိရာမှ ဘဝဆက်သံသရာဝါဒအပေါ် အလေးအနက်ထားခဲ့မိသည်ဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောကြားခဲ့သည်။

၁၉၈၁ မတ်လဆန်းကစတင်၍ အသက်အရွယ်ကြီးရင့်လာခဲ့ပြီးဖြစ်သော ဒေါ်ရော်သီအယ်ဒီ၏ကျန်းမာရေးအခြေအနေမှာ ချို့ယွင်းလာခဲ့သည်။ သူ့အားလေးစားခင်မင်သူ ဒေါက်တာဟန်နီအယ်လ်ဇိုင်နီသည် ကိုင်ရိုမြို့မှ သမားတော်များကိုခေါ်ယူ၍ သူမအားစစ်ဆေးကြည့်ရှုကုသစေသည်။ အီဂျစ်အစိုးရရှေးဟောင်းဝန်ကြီးဌာနကလည်း အထူးသမားတော်ကြီးများပါဝင်သောအဖွဲ့တစ်ဖွဲ့ကို အဘိုက်ဒိုးမြို့ဟောင်းသို့ စေလွှတ်၍ ဒေါ်ရော်သီအယ်ဒီ၏ ကျန်းမာရေးကို အနီးကပ် ကုသစေခဲ့သည်။ သို့သော် ၁၉၈၁ ဧပြီလ (၂၁) ရက်နေ့တွင် ပထမမြောက် ဆက်တိဘုရင်ကြီး၏ ချစ်သူဟောင်းဝင်စားသူဟုဆိုသူ ဗြိတိသျှအမျိုးသမီး ဒေါ်ရော်သီအယ်ဒီသည် သွေးချို၊ ဆီးချိုရောဂါဝေဒနာဖြင့် အာရဘတ် အဘိုက်ဒိုးကျေးရွာကလေးရှိ သူနေအိမ်တွင် ကွယ်လွန်ခဲ့ရ၏။

အီဂျစ်အစိုးရရှေးဟောင်းဝန်ကြီးဌာနကမူ ကွယ်လွန်သူ၏ဆန္ဒအရ သူရုပ်အလောင်းအား ပထမမြောက် ဆက်တိဘုရင်ကြီး၏ ဂူသချိုင်းနှင့်ယှဉ်လျက် မြှုပ်နှံခဲ့သည်။

ကြိုး(ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမ္းအဆက်)

■ အိုဘယ်သူယောင်မယ်

အဘယ်မျှကြောကြာအိပ်မောကျသွားသည်မသိ။ သစ်ရွက်တွေအကြားမှ ယိုစိမ့်ကျလာသည့် နေရောင်ကြောင့် ကျိန်းစပ်စပ်မျက်လုံးနှစ်လုံးကို ဖွင့်ကြည့်မိတော့မှ -

"အလို - မိုးစင်စင်လင်းနေပါပကောလား။ ဟင် - ငါဘယ်နေရာများရောက်နေပါလိမ့်"

ပတ်ဝန်းကျင်ကို ဝေခွဲမရသည့် ဒွဟအတွေးတို့ဖြင့် စူးစမ်းကြည့်လျှင်ပဲ -

'အလိုလေး - အပင်ကြီးတစ်ပင်အောက် ငါရောက်နေပါလား။ ဘယ်လို ဖြစ်တာပါလိမ့်။ ညက ငါတို့ ဟိုအမယ်ကြီး အိမ်မှာအိပ်နေပါရက်နဲ့ ခုတော့ဘယ်သူတွေကများရွှေ့လာလို့ ဒီမြေမွေ့ရာပေါ်ရောက်နေရတာလဲ။ ဟင် - ငါ့ဘေးမှာလည်း တဝေါဝေါရေစီးသံတွေကြားနေရတယ်။ တန်တော့ တို့ချောင်းနံဘေးက သစ်ပင်ကြီးအောက်ရောက်နေပါလား"

ကျွန်ုပ် နည်းမျိုးစုံဖြင့် စဉ်းစားခန်းဝင်လိုက်မိပြီ။

'အင်း - ညတုန်းကအဖြစ်ဟာ အိပ်မက်မက်တာလား တကယ်ပဲလား။ တကယ်ဆိုရင် မကောင်းဆိုးဝါးရွာကို ရောက်သွားလို့ တို့ကို ကျီစယ်လိုက်တာကော မဖြစ်နိုင်ဘူးလား။

အဲ-ဒီတောဒီတောင်တွေဟာ ရေကြမ်းမြေကြမ်းဖြစ်လို့ မကောင်းဆိုးဝါးနာနာဘာဝတွေ တို့ကိုသတိပေးတဲ့အနေနဲ့ ခုလိုလုပ်လိုက်တာလား။

တော်ပါသေးရဲ့။ တို့တစ်တွေ ဘုန်းကံကြီးလွန်းလို့သာပေါ့။ နောက်မဟုတ်ရင် လိပ်ပြာတောင်နုတ်ချင်နုတ်သွားဦးမှာ'

ဟုတ်ကဲ့ ကျွန်ုပ်ဦးနှောက်မှာ အုပ်ခေါင်း (ဦးခေါင်း) နှင့် အိုးစားကွဲပြီး အိုးထိန်းစက်လိုချာချာလည်နေပြီကော။

သတိရလို့ ဘေးဘီသို့ကဲကြည့်မိလိုက်မှ ကျွန်ုပ်၏တပည့်ကျော် အိုက်ပီးမှာ ကျွန်ုပ်အနီးမှာပင် ခွေခွေလေးအိပ်နေသည်အား တွေ့ရှိလိုက်ရတော့၏။

အင်း - အိပ်မက်တော့မဖြစ်တန်ကောင်းပါဘူး။ အိပ်မက်သာဆိုရင် ရွာထဲက ငါ့အိပ်ရာမှာ ငါတစ်ယောက်ထဲရှိနေရမယ်မဟုတ်လား။ အိပ်မက်မဟုတ်လို့သာ ငါ့တပည့်က ငါ့အနားမှာရှိနေတာပေါ့"

သို့ဖြင့် ကျွန်ုပ်သည် အိပ်မက်မဟုတ်သည့် တစ်ပြန်နေတုန်းက တောလည်ရင်း စပါးကြီးမွှေနှင့်ပက်ပင်းတိုးခဲ့သည့်အဖြစ်ကို အမှတ်ရလာသည်။ ထိုသို့ဖြင့် ကျွန်ုပ်သည် အိုက်ပီးကို အလျင်စလို နှိုးပြီး ဖြစ်ကြောင်းကုန်စင်အား ဇာတ်စုံခင်းပြလိုက်ရ၏။ သည်တွင် အိုက်ပီးသည် ခေတ်ဆေးမိထားသည့်ငါးပမာ ဖွတ်မွေ့ပုတက်မွေ့ ငေါင်းစင်းစင်းဖြစ်နေရှာသည်။

အတော်ကလေးကြာမှ သတိပြန်လည်လာတော့၏။ ကျွန်ုပ်တို့လည်း ဖုတ်ဖက်ခါထလိုက်ကြပြီး ချောင်းရိုးတစ်လျှောက်လျှောက်ရင်း စူးစမ်းကြည့်မိကြသည်။

အို - ဘုရားဘုရား၊ တို့တစ်တွေ စပါးကြီးကို ဒုံးလေးနဲ့ပစ်လိုက်ကြတဲ့နေရာကို ရောက်နေပါလား"

"ဟုတ်ပါ့ ဆရာလုံရေ၊ ထူးဆန်းလိုက်တာများဗျာ။ တပည့်တို့ စပါးကြီးအညို့ခံနေရတာများလားဟင်"

ကျွန်ုပ်လည်း အိုက်ပီး၏ စကားကြောင့် နောက်ကျောမလုံသလိုဖြစ်ကာ ဘေးဘီသို့ကျိုးကန်းတောင်းမျှော်ကြည့်လိုက်မိ၏။

"ကဲ-ဘာမှရှည်ရှည်ဝေးဝေးတွေးမနေနဲ့။ တို့သာ အညို့ခံနေရရင် အခုလောက်ဆို စပါးကြီးပိုက်ထဲရောဝင်ကူးတာကြာလှပေါ့။ ဒါနဲ့ အိုက်ပီးရေ ငါ့စိတ်ထဲမှာ အလိုလိုနေရင်း တို့အိပ်ခဲ့တဲ့သစ်ပင်ကြီးကိုပဲစိတ်စွဲနေတယ်။ ညက ငါအိပ်မက်မက်တယ်ကွ။

အိပ်မက်ထဲမှာ သေသွားတဲ့ ငါ့မယ့်(အမေ)က ဘာပြောလဲသိလား။ သား လူလေး မင်းအိပ်တဲ့ သစ်ပင်ပေါ်မှောက်ကြည့်လိုက်စမ်း။တစ်ခုခုထူးတာတွေ့လိမ့်မယ်။ တွဲလဲခိုနေတဲ့ အသီးနှစ်လုံးကို ငါ့သားမြင်ပါလိမ့်မယ်။ နှစ်လုံးစလုံးကို မိမိရရနူးဆွတ်လိုက်လို့ပြောပြီးတော့ အိပ်မက်ထဲမှာပျောက်သွားတယ်။ ကဲ - လာ ပြောနေကြာတယ်။ တို့ အခု

www.burmeseclassic.com

www.burmeseclassic.com

ညီရောင်

အိုဘယ်နတ်ကယ် သူယောင်မယ်နှင့် ဆန်းကြယ်မာယာ မြိုင်မဟာတော

အခြားသစ်ပင်သစ်ရွက်တွေလိုမဟုတ်ဘဲ ဝိုင်းတဲ့အရွက်ကဝိုင်း၊ ရှည်တဲ့အရွက်ကရှည် တစ်မျိုးတစ်ဘာသာစီ။အရောင်အသွေးတွေကလည်း စုံလှပါဘိ။ နီနီပြာပြာဝါဝါစိမ်းစိမ်း အသွေးအမွေးစုံလို့ အိပ်မက်ထဲမှာမြင်တဲ့အတိုင်း ဆန်းကြယ်လှပါကလား။ ဟင်- ဟိုမှာလည်း တို့လို့တွဲလောင်းနဲ့ အသီးကလေးနှစ်လုံး။ အသီးပုံစံကလည်း သီးနေကျအသီးတွေကို ပုပုလုံးလုံးမဟုတ်ဘဲ ရှည်လမ္မော်နဲ့ပါလား။

ကျွန်ုပ်မှာ လက်လှမ်း၍ မမီတမီ အနေအထားဖြင့် တွဲလဲခိုနေသည့် ထိုအသီးနှစ်လုံးအားခုန်၍ ဆွတ်ခူးလိုက်ချေပြီ။ သည်တော့မှ လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားသည့် အသီးနှစ်လုံးအား ဖင်ပြန်ခေါင်းပြန်လှည့်ပတ်ပြီးကြည့်မိလေတော့၏။

"ဟယ်. . . ဟင် အဘယ်အသီးပါလိမ့်။ ပုံစံက လူမိန်းမ၊ လူယောကျ်ားတွေနဲ့တူလိုက်တာ"

ကျွန်ုပ် မည်မျှ အံ့သြတုန်လှုပ်မိမည်ကို စာဖွဲ့၍ပင်မီနိုင်မည်မဟုတ်တော့ပါ။

"အဟတ်ဟားဗား ဒါသူယောင်အိုဘယ်နတ်ကယ်သစ်ပင်ကြီးအောက်ပြန်သွားကြမယ်"

ကျွန်ုပ်တို့လည်း ချောင်းရိုးမှလှည့်ပြန်လာကြပြီးလျှင် မိမိတို့အိပ်မောကျခဲ့သည့် သစ်ပင်ကြီးအောက်သို့ ဝင်ရပ်လိုက်ကြ၏။

ကျွန်ုပ်သည် တမလွန်ဘဝသို့ရောက်သွားရှာပြီဖြစ်သည့် မိခင်ကြီးပေးသည့်အိပ်မက်အတိုင်း ထိုသစ်ပင်ပေါ်သို့ မော့ကြည့်လိုက်မိ၏။

အလို-ထူးဆန်းလှချေလား။ ဒီအပင်က သစ်ရွက်တွေဟာ

www.burmeseclassic.com

www.burmeseclassic.com

သီးတွေပဲဖြစ်ရမယ်။ ငါနဲ့ထိုက်လို့ ငါရတာ ငါတစ်ယောက်တည်းပိုင်ပြေပေါ့"

ဝါရွှေရောင်ရင့်ရင့်အဆင်း သို့တည်းမဟုတ် ရွှေအိုရောင်အဆင်းဆောင်သည့် သူယောင်မယ်မှာ လူမိန်းမနှင့်မခြားနေလိုနတ်ကယ်လှသူရယ်ဟု တင်စားလောက်သည်။

လူမိန်းမတို့၏ ဆင်းသွင်ရုပ်ပါကြံအင်ဝါတို့အတိုင်း သမင်ရုပ်ကလေးပမာ တင့်တယ်ပေကြောင်း အံ့မခန်းဆန်းကြယ်စွာတွေ့လိုက်ရပေ၏။ မျက်ဦး မျက်လုံးနှင့် နှုတ်ခမ်းလွှာတို့ကိုရှုလေဦး။ ကျွမ်းကျင်လိမ္မာသည့်ပန်းပုဆရာတစ်ဦးက စိတ်ရှည်လက်ရှည်ထွင်းထုထားသည့် အလား ရှိုက်ဖိုကြီးငယ်အသွယ်သွယ်တို့မှာလည်း သွဉ်စွာနှင့်သူ အံဝင်ခွင်ကျရှိလှပါပေ၏။ခြုံ၍ ဆိုရလျှင် ပြည့်စုံပြီးမြောက်သော ပန်းပုရုပ်သဏ္ဌာန်အသီးကလေး တစ်လုံးဟုသာ ဆိုလိုက်ချင်တော့၏။

ကျွန်ုပ်၏ သီးခြားခံစားချက်ဖြင့် ခိုင်းနှိုင်းရလျှင် သူယောင်ပင်မှ အနီသူယောင်သီး သို့တည်းမဟုတ် သူယောင်မယ်သည် ကျွန်ုပ်အတွက်တော့မူ မြတ်မျိုးမြင့်မှန် ကြင်ပေတန်သည့် တင့်လှပေဟန် ယမင်းသူဇာလေးပါတကား။

ကျွန်ုပ်ပင် မကြားဘူး၊ မမြင်ဘူးခဲ့သည့် သူယောင်ထီးအသီးရှည်ကိုလည်း ကြည့်လိုက်ပါဦး။ လူယောက်ျားအသွင် အပြင်သဏ္ဌာန် ကျားမာန်ဝင့်ဝင့် ရင့်ကျက်တည်ငြိမ်သောမျက်နှာ ကြွက်သားအဖုဖုထထ၍ ခရာချင်စရာဟုဆိုလောက်အောင်ပင် ဆန့်ကျင်ဘက်လိင် (ကွတ်ထိယ) တို့အကြိုက် ကျစ်လျစ်ပြေပြစ်လှစွာသောကိုယ်နေဟန်ထားကို ပိုင်ဆိုင်ထားပြန်သည်။ မျက်လုံးမျက်ဖန်အသားအရောင်မှာတော့ သူယောင်မယ်အတိုင်းပင်။

ထိုသူယောင်သီး အထီး၊ အမ နှစ်ခုစလုံးတူညီနေသည့်အချက်မှာကား လက်ဘေးကပ်ပြီး မတ်ရပ်အနေအထားအတိုင်း မျက်စိစုံမှိတ်ထားသည့်အသွင် သဏ္ဌာန်သာ။

(မှတ်ချက် - ကျွန်ုပ်၏စာမူနှင့် ပူးတွဲပါဓာတ်ပုံအားကြည့်ပြီး လေ့လာနိုင်ပါသည်။)

ဤသို့မယုံနိုင်စရာဆန်းကြယ်သည့် လူပုံလိုလိုအသီးနှစ်လုံးကို မြင်သည်နှင့် ပါးစပ်အဟောင်းသားဖြစ်နေသည့်တပည့်က-

"လုံးနန္ဒာ၊ တကယ်တော့ ဒီအသီးနှစ်လုံးသာ ဆရာလုံခွုံးတာမမြင်မိဘူး ဆိုရင် ဂျွန်ဒေါ်ယုံနိုင်မှာတောင်မဟုတ်ဘူး။ ဒါနဲ့ဒါကဘာသီးလဲဟင်"

ငင်းအမေးရှိသည်နှင့်-

"ဒါလား၊ ဒါက သူယောင်သီးလို့ခေါ်တယ်။ ရှေးက လူတချို့ထိုက်တန်လို့ရတဲ့သူတွေရှိခဲ့ဖူးကြောင်း ကြားဖူးတာတော့ ရှိခဲ့တာပေါ့ကွာ။ စာပေကျမ်းဂန်တွေထဲမှာတော့ သူယောင်မယ်နဲ့မျော်ပါးကြတဲ့ဇော်ဂျီတောင်ရှိခဲ့ဖူးတယ်။

မင်းလည်း ကြားချင်ကြားဖူးမှာပါ။ တို့ သူတို့ထက်ကံကောင်းတာတစ်ခုက တစ်ပင်တည်းမှာ သူယောင်မယ်ရော သူယောင်ထီးပါ အစုံလိုက်ရလိုက်တယ်မဟုတ်လား"

ကျွန်ုပ်က ရှင်းပြအပြီး သူ့ဆီက ကတိတစ်ခုတောင်းလိုက်လေ၏။

"ကဲ ငါတပည့်၊ ခုဆိုရင် မင်းလည်း မြင်ပြီးသွားပြီ။ ငါ့ဆီမှာရှိတာလည်း မင်းသိလိုက်ရပြီ။ ဒီတော့ ဒီအချိန်ကစပြီး မင်းပါးစပ်ပိတ်ထားပေတော့။ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ စကားကျယ်ကျယ်မဟမိစေနဲ့။ ငါပြောတာသဘောပေါက်ရဲ့လား။ တစ်သက်လုံး ငါ့အပေါ် သစ္စာရှိရှိစောင့်ထိန်းသွားပါ့မယ်လို့ မင်းကတိပေးစွာဆိုနိုင်ပါ့မလား"

ကျွန်ုပ်က သူထံမှကတိတောင်းအပြီး အိုက်ပီးသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် -

"က. . . ကတိပေး. . ပေးပါတယ် ဆရာလုံခွုံးရယ်။ ဘယ်လိုသစ္စာဆိုပြရမလဲ သာပြောပါ"

"အေး - မင်းဆိုရမယ့်သစ္စာက များများစားစားတော့မဟုတ်ဘူး။ တကယ်လို့ ကျွန်တော် မောင်အိုက်ပီးသည် ကျွန်ုပ်၏ဆရာ ဦးစိုင်းနန္ဒာအား သူယောင်မယ်နှင့်ပတ်သက်ပြီး ကတိဆန္ဒဖောက်ဖျက်ခဲ့သော် သေခြင်းဆိုးအမျိုးမျိုးနှင့်သေရပါစေသားလို့ မင်းဆိုလိုက်"

ကျွန်ုပ်၏ တိုတောင်းပြတ်သားပြီး အဆင်တန်ဆာမပါသည့်ကျိန်စာအတိုင်း အိုက်ပီးသည် ကျွန်ုပ်ချပေးသည့်သံနေသံထားအတိုင်း သံယောင်လိုက်ပြီး တုန်လှုပ်ခြင်းကြီးစွာလိုက်ဆိုရှာပါသည်။

"ကဲ - ကိစ္စပြီးပြီ။ တို့ရွာပြန်ကြမယ်။ ဒီကိစ္စဒီမှာတင်ရပ်တန်းကရပ်။ ရွာကိုရောက်တဲ့အခါမှာ ခါတိုင်းလိုပဲ ဟန်မပျက်သာနေ"

အိုက်ပီးအား မာမာထန်ထန်ပြောအပြီး ကျွန်ုပ်လည်း ထိုသူယောင်သီးနှစ်လုံးအား မြားတံများထည့်သည့်ခြင်းတောင်းထဲ လုံလုံခြုံခြုံထည့်ကာ နှစ်ဦးသား ရွာသို့ပြန်ခဲ့ကြတော့၏။

အပြန်လမ်းသည် ပြောပလောက်စရာမထူးခြားသည်နှင့် ကျွန်ုပ်ရှည်ရှည်ဝေးဝေးစာမဖွဲ့လိုတော့ပြီ။ သူယောင်မယ်၊ သူယောင်ထီးစုံတွဲအသီးကိုတော့ လိုလိုမည်မည်ဓာတ်ပုံရိုက်ယူပြီး လုံခြုံရာမှာ သေချာသိမ်းထားလိုက်၏။

အလျဉ်းသင့်တုန်း အိုက်ပီးအကြောင်းကိုတော့ စကားဦးနည်းနည်းသန်းပါဦးမည်။

ဟိုးငယ်ငယ်လေးကတည်းကပင် မိဘနှစ်ပါးဆုံးပါးသွားရှာသည့် ၎င်းအား ကျွန်ုပ်သည် အမဲလိုက်ရင်း တစ်ခုသောရှမ်းရွာတစ်ရွာမှာ ခိုကိုးရာမဲ့ဖြစ်နေသည်နှင့် သနားမိပြီး ကောက်ယူမွေးစားလိုက်မိလေ၏။ ယခုအနေ ကျွန်ုပ်ဇနီးသည် နန်းရွက်ခမ်းနှင့်ရွယ်တူတန်းတူခန့်ရှိရောမည်။

ကျွန်ုပ်ခေါ်လာခဲ့စဉ်က အိုက်ပီးမှာ နှပ်ချေးတောင်မစင်သေး။ အလွန်ဆုံးရှိလှ ရှစ်နှစ်ကိုးနှစ်သားသာသာခန့်ပေါ့။ မိမိအတွက် လက်တိုလက်ဟောင်း ခိုင်းစေလျက် အသက် (၁၅) နှစ်ကျော်ကျော်လောက်ရှိချိန်မှာ ကျွန်ုပ်နှင့်အတူ မုဆိုးစိုင်သင်လိုက်ရင်း ကျွန်ုပ်သွားလေရာ တောမြိုင်ကန္တာထဲသို့ မုဆိုးအလုပ်သင်အဖြစ် ခေါ်သွားခဲ့ပါတော့၏။

ယခုတော့လည်း တပည့်ကျော် အိုက်ပီးသည် အားကိုးအားထားလောက်သည့်ကြီးကောင်ဝင်မုဆိုးပေါက်ကလေးဖြစ်နေပါပကောလား။

ကျွန်ုပ်ကွန်းခိုရာနေအိမ်သို့ရောက်ရှိပြီး နောက်တစ်နေ့မှာပင် ဇနီးသည် နန်းရွက်ခမ်းက -

"စူ (မြန်မာလိုတော့ စုကို မောင်၊ ကိုကိုဟု အဓိပ္ပာယ်ရသည်) တောလည်တာ ဒီတစ်ခေါက် ဘာများထူးထူးဆန်းဆန်းတွေ့ခဲ့ရသေးလဲဟင်"

ကျွန်ုပ် သည်တစ်ခေါက် ဘာမှအထူးအဆန်းပစ္စည်းများမပြနိုင်သည့်အတွက် ဇနီးသည်က သင်္ကာမကင်းသလို မေးလိုက်သည်။

အရင်အခေါက်တွေတုန်းကဆိုလျှင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ပင့်ကူဖင်ပိတ်အမြုတေ၊ ငုံးအမြုတေ၊ ချိုးအမြုတေ၊ ဝါးအမြုတေ စသည့် တစ်ခုခုတော့ ကျွန်ုပ်နှင့် တစ်ပါးတည်းပါကိုတိတ်ချေ၏။

သည်တစ်ခါ သို့အမေးကြောင့် ကျွန်ုပ်မှာ အိုးမလုံအုံပွင့်သလို လိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com

ဒီလုံသလို တုန်လှုပ်မိသေး၏။ သို့ဖြင့်ပင် မယုတ်မလွန်စကားကိုတော့ပြောလိုက်ရသည်။

"အင်း-ဒီတစ်ခေါက်တော့ ဘာမှမည်မည်ရရ ရခဲ့တယ်မရှိပါဘူး ခမ်းရယ်။ ပြောပြီးပြီးပဲ ဟိုလွတ်သွားတဲ့ငါး အားပါးပါးကြီးလှချေလားဆိုရမလိုပေါ့ ခမ်းရယ်ဟဲဟဲ။ ပေနှစ်ဆယ်၊အစိတ်လောက် ရှိတဲ့ စပါးကြီးမွှေတစ်ကောင်ရေထဲငုပ်ပြေးပြီးကတည်းက ဘာမှရှာဖွေခွင်စိတ် မရှိတော့တာနဲ့ တပ်လန်ပြန်ခဲ့ရတယ်လေ"

စကားလှုံ့ဆော်မှု မယားအလှကို ရယ်ကျဲကျဲဖြင့် နှစ်သိမ့်လိုက်ရသော်လည်း ကျတ်ဆီရွာသို့ရောက်သွားပုံ၊ သူယောင်သီးများရခဲ့ပုံတို့ကိုမူ ကျန်ုပ်သည် သိုသိုသိပ်သိပ်ပင် ထိမ်ချန်ထားလိုက်မိ၏။

နိစ္စဓုဝအဖြစ် တောလည်ခြင်း၊ ပရဆေးပင်များရှာဖွေခြင်း၊ ဂန္ဓိရပစ္စည်းတို့ကို စေ့ငုခြင်း၊ ငါးများထွက်ခြင်းဖြင့် သာ အချိန်များစွာတို့ကို ကုန်လွန်စေပြီး နောက် ကျန်ုပ်သည် ဧရာဝဏီကင်းပျောက် ညရောက်လာတိုင်း ဇနီးသည် မသိအောင် သူယောင်မယ်အသီးကလေးအား လျှို့ဝှက်ထားသိုနေရာမှထုတ်ထုတ်ကြည့်ရင်း ဝိတိသောမနဿစိတ်တို့ဖြစ်မိပါသည်။ သူယောင်ထီးအသီးကလေးကို မူ ဇာတ်တူ ပုရိသအန္တယိဝင်မို့လားရယ်မသိ အမှတ်တရပစ္စည်းမှတစ်ပါး လွန်စွာ တန်ဖိုးထားရင်ခုန်ခြင်းမဖြစ်မိဘဲ ဧရာဟောင်း ပစ္စည်းများစုဆောင်းထားသည့်ထန်းခေါက် ဖာကြီးထဲသို့ ပစ်စလက်ခတ်ပင်ပစ်ထားလိုက်မိလေတော့၏။ သူယောင်မယ်ကိုမူ မြတ်နိုးစွာဖြင့် ရွှေကနုတ်စိယွန်းအစ်လေးထဲမှာ ကတ္တိပါအနီစခံကာ လုံလုံခြုံခြုံ သိမ်းဝှက်ထားလိုက်ပါသည်။

တောဇိုက်ရာမှ ပြန်ရောက်ခါစ သုံးလေးရက်မှာတော့ ကျန်ုပ်သည် ဇနီးဖြစ်သူ နန်းရွှက်ခမ်းနှင့် ဟန်မပျက်ပင် လင်ခန်းမယားခန်းအဖြစ် အတူအိပ်ဖြစ်ပါသေးသည်။

ယောကျ်ားပဉ္စင်း မိန်းမပုခက်တွင်း လို့ ဆိုရိုးရှိခဲ့သည်မဟုတ်တုံလော့။

ကျန်ုပ်က အသက် (၅၀) ကျော် အဘိုးကြီးဟူမခေါ် လောက်သေးသည့် သန်တုန်းမြန်တုန်းအရွယ်လူလတ်ပိုင်း၊ ဇနီးသည်မှာက ကျန်ုပ်ထက် အသက် (၂၀) ကျော် ငယ်ရွယ်သူဖြစ်ချေ၍ လောကလူရွာခမျာတာအတိုင်းပြောရလျှင် သွေးသားဆူဖြိုး၍ ကောင်းတုန်းအရွယ်။

တိုင်းရင်းဖြစ် ဗိန္ဒေါဆရာယောင်ယောင် ကျန်ုပ်သည် ငယ်ရွယ်သူမိန်းမသားကို ပိုင်ဆိုင်ထားသူဖြစ်ရကား မရှိသေစကားဆိုရသော် ကျားခွန်အားရှိဖို့ လိုသည်မဟုတ်ပါလား။ နောင်တစ်ချိန်မှာ သက်တူရွယ်တူတွေ့၍ ကျန်ုပ်ကိုပစ်သွားရင် ဘယ့်နှယ်လုပ်မလဲ။လမ်းခွဲကာ နောက်လင်နှင့်လိုက်သွားမှဖြင့်ဆိုသည့် အတွေးက ကျန်ုပ်ကို နေ့စဉ်နှင့်အမျှ နှိပ်စက်လျက်ရှိနေချေ၏။

နန်းရွှက်ခမ်းနှင့်ကျန်ုပ်ညားဖြစ်တာ ကလည်း သူ့ဆေဘေးဆန္ဒနှင့်မဟုတ်။ သူ့ဖခင်၏ အသက်ကို ကျန်ုပ်ကယ်လိုက်သည်မှအစ အရင်ကပင် မျက်စိကျနေသည့် မိန်းကလေး သူ့ကို ကျန်ုပ် အတွက် ကျေးဇူးဆပ်လိုက်ခြင်းပါပေ။

ထိုစဉ်က သူ့အဖေ လုံးလူ တောထဲသွားမျှစ်ခိုးစဉ် စပါးကြီးညို့ချက်မိထားတာကို လက်မတင်လေးမြင်လိုက်ရ၍ ကျန်ုပ်အသက်စွန့်ကယ်ပေးလိုက်ခြင်းဖြစ်၏။

"လူလေး စိုင်းနန္ဒာ၊ ခုလို အဘအသက်ကိုကယ်တင်လိုက်တာ အဘအရင်းကျေးဇူးတင်ခ(ကျေးဇူးတင်တယ်)။ လူလေးကို ကျေးဇူးဆပ်စရာ အဘမှာ ဘာမှမရှိပေ။ လူလေးလို့ချင်တာပြော"

အဘပြောသည့် ရေလာမြောင်းပေးစကားကြောင့် ကျန်ုပ်အမောပြေသွား၏။

"အို- အဘမှာရှိတာပ။အဘသမီးလေ။ သူနဲ့ ကျွပ်ကို အဘပေးစားရင် ကျေးဇူးကြွေးကျေတာပ"

မျက်နှာပူပူနှင့်ကျန်ုပ်တောင်းဆိုမိတော့၏။

ဤသို့ဖြင့် နန်းရွှက်ခမ်းနှင့် ကျန်ုပ်သည် ဆီပေးလို့ဆန်ရသည့်အလဲအလှယ် တစ်ခုအဖြစ် ညားကြလေသတည်းပေါ့။

သည်သို့ဖြင့် အချစ်မပါဗလာသက်သက်နှလုံးသားဖြင့် နန်းရွှက်ခမ်းသည် ကျန်ုပ်မွေ့ပျော်ရာ မုဆိုးတင်းကုပ်သို့လိုက်လာခဲ့ရသည်။

ခုတော့ ကျန်ုပ်အသက်အရွယ်ကြီးပြီ။ တစ်ချိန်က မက်ခဲ့သည့် အိပ်မက်ဆိုးတို့မှာလည်း နောက်ထပ်တစ်ဖန် ကျန်ုပ်အား နှိပ်စက်ကြပြန်ပြီ။

သဘောနုသည်ပဲပြောပြော ကျန်ုပ်ခေါ်ယူမွေးစားထားသည့်အိုက်ပီးလည်း ကြီးကောင်ဝင်လာပြီ။ အနေရိုးသည့် တောတွင်းသားလေးပင်ဖြစ်လင့်ကစား ဝန်တိုမစ္ဆရိယစိတ်က ငယ်ရုပ်လိုမဟုတ်ချေသည့် သူ့အဆင်းသဏ္ဌာန်တို့ကို ကြည့်ပြီး နေရှိသရွေ့ ကျန်ုပ်သက်ပြင်းချမိတော့၏။ ကျန်ုပ်အတွက် ခိုင်လုံသည့် သည်သို့သောအကြောင်းအချက်များစွာကြောင့် ကျန်ုပ်သည် သက်လုံဆေးအဖြစ် ခွန်အားတို့ကို တိုးပွားစေသည့် အကောင်ပလောင်၊ သစ်ဥသစ်ဖု၊ ပျားရည် စသည်တို့အား အပတ်တကုပ်လျှို့ဝှက်စွာရှာနေမိတော့၏။ ဆိုရပါလျှင် ဖျံသို၊ ဆံတ်ချိန်း၊ ကြံသွေး၊ ကျောက်သွေး၊ မျောက်ခွေးခါး၊ ခွေးလေးငယ်အယဉ်စေ့၊ ကျားရိုးကျားစွယ်တို့မှာ အရေးကြုံသက်လုံကောင်းဖို့ဆိုသည့်နှယ် မရဏမင်းကိုအန်တုမည့် ကျန်ုပ်၏နတ်ဩသဓေဆေးများပင်ဖြစ်တော့သည်တကား။

သို့သော် သူယောင်မယ်ယမင်းသီးကလေးကို ပိုင်ဆိုင်လာရပြီးခိုန်မှာတော့ သူယောင်မယ်၏ညှို့ချက်ကြောင့်များလားမသိ။ ကျန်ုပ်၏ လူမိန်းမနှင့် ပျော်မွေ့ရမှာကို စိတ်လက်မပါဘဲဖြစ်သွားရလေတော့၏။ သို့ဖြင့် ကျန်ုပ်သည် တုန်လှုပ်ချောက်ချားဖွယ်ကောင်းသည့် အမှုတစ်ခုကို ရူးရူးမိုက်မိုက်ပြုလိုက်မိချေပြီတကား။

■ သူယောင်မယ်အားအသက်သွင်းခြင်း

ဤနေရာတွင် ကျန်ုပ်၏ ကံကုလက်လှည့်အောက်လမ်းဆရာဖြစ်သည့် လုံးစိတ္တ၏ အခန်းကဏ္ဍသည် မပါမဖြစ်ပါဝင်ရပါတော့မည်။ ကျန်ုပ်ဆိုခဲ့ပြီးပါပကော။ ကျန်ုပ်သည် ဗိန္ဒေါအတတ်၊ မုဆိုးအတတ်တို့ကို တစ်ဖက်ကမ်းခပ်မတုတ်တောင် အတန်အသင့်မျှ တတ်ထားလေရကား ဂန္ဓိရအဆောင်အယောင် ပစ္စည်း ပီးဆေး (ပြီးဆေး) ဝိယဆေး ဘက်သို့လည်း ခြေဦးလှည့်ဖို့ စိစ်အားထက်သန်ခဲ့ပြန်၏။ ထိုစဉ်က ရှမ်းဆေးဆရာအမည်ခံ အောက်လမ်းဆရာမှော်ဝိဇ္ဇာကြီးလုံးစိတ္တနှင့် တစ်ခုသောတောတွင် တစ်နေရာမှာ ဆေးပင်ရှာရင်း အတူတွေ့မိသည်မှအစ သူ၏သွေးဆောင်စည်းရုံးမှုတို့ဖြင့် ဝိယနှင့်ဆိုင်သည့် အောက်လမ်းအတတ်တို့အပေါ် မွေ့လျော်စိတ်တို့ဖြစ်မိသည်။

ဆရာကြီးလုံးစိတ္တသည် အင်ဝိဇ္ဇာအဖြာဖြာကျမ်း၊ ကဝေဗေဒသွတ္တရကျမ်းတို့ကို သင်ပြပေးသော်လည်း အဆုံးတိုင် ပညာမပေးခဲ့ချေဘဲ ဆရာစားချက်ခဲ့ပါသည်။

သူဆေးကုထွက်သည့်အချိန်တွင် ကျန်ုပ်သည် သိမ်းဝှက်ထားသည့် အနီစာအုပ်များနှင့် သူ၏လှို့ဝှက်မှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

တို့ကို အလျင်အမြန်ရှာဖက်ကာ စိတ်ထဲမှာပင် ကျက်မှတ်ထားလိုက်မိသည်။ သူပြောပြသည့်အထဲတွင် သူယောင်မယ် အကြောင်းလည်း တစ်ခုအပါအဝင်ဖြစ်၍ ထိုအချိန်က မမြင်ဘူးလိုက်သည့် ထိုသူယောင်မယ်သီးအား လားလားမျှ ကျွန်ုပ်စိတ်မဝင်စားခဲ့ပါချေ။ ဟော-အခုတော့ အနို့ သူယောင်သီးကိုလက်ဝယ် ပိုင်ပိုင်ရရှိပြီမဟုတ်ပါလား။ သူတောင် မမြင်ဘူးသည့် စာတွေ့အသိဖြင့်သိခဲ့ရသည့် သူယောင်သီးအပေါ် တစ်ကိုယ်တည်းစွန်းစားပြီးကျွန်ုပ်အသုံးချပေတော့အံ့။

သို့ဖြင့် ကျွန်ုပ်သည် လမိုက်ညတစ်ည၌ တပည့်အိုက်ပီးကိုတောင် အဖော်မခေါ်တော့ဘဲ တောနက်ထဲသို့ အထီးတည်းထွက်ခွာလာခဲ့သည်။ကျွန်ုပ် လျှို့လျှို့ဝှက်ဝှက်ပြုမည့် သည်အလုပ်အတွက် ကျွန်ုပ်မှတစ်ပါး အခြားသိဖို့ လူကောလိုပါဦးမလား။ တိုတိုပဲပြောကြပါစို့။

ကျွန်ုပ်သည် အသင့်ဝှက်ယူလာခဲ့သည့် သူယောင်မယ်ကလေးအား ရှမ်းလွယ်အိတ်တွင်းထည့်ကာ ဦးတည်ရာဖြစ်သည့် အထိကရထိုသစ်ပင်ကြီးဆီသို့ ခရီးဆက်လိုက်သည်။ ကျွန်ုပ်သွားရမည်က ထိုအသီးတိုးပွားစီးရာ သူယောင်ပင်ကြီးဆီသို့ပဲမဟုတ်ပါလား။ အောက်လမ်းဆရာကြီးလုံးစိတ္တသည် လူတို့တွေ့ဖို့ပင် မဆိုထားနှင့်။ ဇော်ဂျီ၊ တပသီတို့ပင် အကြောင်းတိုက်ဆိုင်မှတွေ့တတ်သည့် သူယောင်သီးကို ကျွန်ုပ်လည်းတွေ့လိမ့်မည် မထင်သည်နှင့် ဒဏ္ဍာရီတစ်ပုဒ်လို ကျွန်ုပ်ကို ပညာပေးခဲ့ခြင်း ဖြစ်သည်။

ယခုတော့လည်း သေလွန်သွားရှာပြီဖြစ်သည့် ဆရာကြီးသည် ဆရာထက် လက်စောင်းထက်သည့် ကျွန်ုပ်၏ မော်အစွမ်းဖြင့် အသက်သွင်းခန်းကို မြင်နိုင်ဖို့ရာ မဖြစ်ခဲ့တော့ပြီထကား။

ကျွန်ုပ်သည် ဆရာကြီးလုံးစိတ္တ ညွှန်ကြားဖူးသည့်အတိုင်း ကနဦးမှာ သူယောင်ပင်ရှိရာမှ (၉) ပေခန့်အကွာတွင် စည်းဝိုင်းတစ်ခုကိုထားလိုက်သည်။ ရှမ်းပြည်တစ်ခွင်မှာ (၉) ဂဏန်းကို မသုံးကောင်းသော်လည်း ကိုးနဝင်းကျော်သည့် အနေဖြင့် ကိုးဂဏန်းကို အသုံးချလိုက်မိ၏။ ဒါကလည်း (၉) ရက်နေ့မှာ မွေးဖွားလာခဲ့သည့် ကျွန်ုပ်၏အတ္တအစွဲဟုဆိုရပါမည်။

သူယောင်ပင်မှယူသော် မြောက်စူးစူးတွင် နေရာယူပြီးဖြစ်သည့် ကျွန်ုပ်သည် ထိုသူယောင်ပင်ရှိရာသို့သွားကာ ခွဆုံတစ်ခုမှာပင် ပြန်ယူဖို့ဖြစ်လောက်ခဲ့တင်ထားလိုက်သည်။ ထိုစဉ်က ညသည် လငုပ်ဖမ်းထားသည့်အဖို့နှင့်ကြောင့်လားမသိ။ နာကျင်ကျင်အဆင်းတို့ဆောင်ကာ ချောက်ချားဖွယ်အတိမှောင်ပိန်းကျနေသည်။ အုပ်မိုးထားသည့်သူယောင်ပင်ကြောင့်လည်း လပြောက်တောင်မထိုးနိုင်ရှာ။ ကျွန်ုပ်လည်းချထားသည့် စည်းဝိုင်းထဲမှာပင် ဆေးဖယောင်းတိုင်ထွန်းခြင်း၊ အင်း၊ စမတို့ဖြင့် မကောင်းဆိုးရွားနာနာဘာဝတို့မကပ်နိုင်ရန် စီမံရလေတော့၏။

ကြားဖူးနားဝနှင့် ဆရာကြီးပြောပြထားသည့်အတိုင်းဆိုလျှင် သူယောင်ပင်သူယောင်သီးတို့သည် ဘီလူးသရဲမျိုးနွယ်များဖြစ်၍ သူ့အစွမ်းသိဒ္ဓိကို ကိုယ့်ထံ ကူးစက်ပွားပူဖို့ရန် ကျွန်ုပ်ကြိုးစားရပါတော့မည်။

ကျွန်ုပ်ဖြင့် ကျွန်ုပ်သည် အောက်လမ်းဆရာကြီးလုံးစိတ္တအာဂုံဆောင်ရွက်ပြပေးထားသည့် ဂါထာလိုလိုအမိန့်စာစုပုဒ်ဖြင့် ဌာနီးကရိဏ်းကျကျရွတ်ဖတ်သရဇ္ဈာယ်လိုက်၏။

"အို-သူယောင်ပင်၊ သင့်အသီးဖြင့် တန်ခိုးသိဒ္ဓိပြီးစေသည့် ဤသူယောင်မယ်အပေါ် သင့်ဝိညာဉ်ပူးစေလျက် ကျွန်ုပ်လိုရာသုံးနိုင်ဖို့ ဆောင်ကြဉ်းပေးပါလေတော့"

ဤသို့ ရွတ်ဆိုအပြီးတွင် ကျွန်ုပ်သည် လေ၏လျင်မြန်ခြင်းပင် လိုက်မမီနိုင်သည့်အရှိန်အဟုန်မျိုးဖြင့် သူယောင်ပင်ရှိရာသို့ အဆောတလျင်ပြေးဝင်လေတော့၏။ ဂါထာမရွတ်မီကတည်းက ကျွန်ုပ်သည် ဆရာကြီးပြောထားသည့် စကားတို့ကို မှတ်သားထားပြီမဟုတ်ပါလော။

"ငါ့တပည့် ဂါထာရွတ်ပြီးတာနဲ့ အသားကုန်သုတ်ခြေတင်ပြီး သူယောင်သီးကိုရအောင်ယူ။ ပြီးတာနဲ့ မောင်မင်းတားထားတဲ့စည်းဝိုင်းထဲကိုဝင်။ ဒီအခါမှာ စည်းအပြင်ရောက်နေတဲ့ သူယောင်ပင်ဘီလူးမကြီးကဘာမှမတတ်နိုင်တော့ဘူး။ ဒီသူယောင်မယ်သီးကိုဆောင်ထား။ မောင်ရင်ဆန္ဒရှိသလို ညတိုင်း ပျော်ပါးဖို့ အမိန့်ပေးလို့ရတယ်"

ဆရာကြီးပင် သတိတစ်ချက်လွတ်သွားသည်လားမသိ။ ကျွန်ုပ်အရင် သူယောင်ပင်ပေါ်မှ ခုန်ဆင်းလာသည့် ဘီလူးမကြီးသည် ခွဆုံကြားတွင်ရှိသည့် သူယောင်သီးအား အမွေးရှည်သူလက်မည်းကြီးဖြင့် ဆောင်ယူဖို့ကြိုးစားနေပြီးကော။

သို့သော် အချည်းနှီးပါတကား။ သူ့အနေဖြင့် ဆောင်ယူဖို့ကိုမမြောနှင့်။ အနီးသို့ပင်မကပ်နိုင်။ အနားသို့တိုးဝင်လိုက်သည်နှင့် သူယောင်မယ်အနီးမှ တစ်စုံတစ်ခုသည် ရောင်ခြည်တော်တို့လွှတ်ကာ သူ့အားတွန်းလွှတ်လိုက်သည့်နှယ် အနီးကပ်ခွင့်ပင်မပေးချင်တော့။

"ဟား ဟား ဟား - ဘုရားဝုဏ်တော်၏ရောင်ခြည်စက်ကွင်းအောက်မှာ သင်မကပ်နိုင်တော့ပြီတကား"

ထိုအချိန်က ကျွန်ုပ်သည် ကြောက်ရလန့်ရမှန်းပင်မသိချေတော့ဘဲ ဤသို့ဒါန်းကျူးရင့်မိလေ၏။

ဤတွင် ကျွန်ုပ်၏မြှုပ်ကွက်အဖြစ် လျှို့ဝှက်ချက်တစ်ခုကိုအသုံးချလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်၏ဆရာကြီးလုံးစိတ္တသည် ကျွန်ုပ်အား ပညာကုန်သင်ပေးလင့်ကစား ဆရာစားတစ်ခုကိုတော့ ချန်ထားရစ်ခဲ့သည်။ ဒါကိုလည်း ကျွန်ုပ်သည် သူတစ်ဦးတည်းသာသိသည့် သူ့လျှို့ဝှက်မှတ်တမ်းကို ဦးယူကြည့်မိ၍ ဆိုရှိရခြင်းဖြစ်သည်။

သူယောင်သီးကို ဆောင်ယူစဉ် ကနဦးအနေနှင့် ဘုရားဆင်းတုတစ်ဆူအတူယှဉ်ထားသိဒ္ဓိပွားလတ္တံ့တဲ့။

ဤနည်းဖြင့် ကျွန်ုပ်သည် သူယောင်ပင်စောင့် ဘီလူးမကြီးအား အနိုင်ပိုင်းပြီးသကာလ ခဏချင်းမှာပင် စည်ပိုင်းအတွင်းသို့ပြေးဝင်လေတော့၏။ ဆပ်ဖားလျားချလျက် အကျီနောက်ပြန်ဝတ်ကာ အထက်ဆင်ဇောက်ထိုးဖြင့် ကိုးရိုးကားရားဘီလူးသဘက်မကြီးသည် ခဏမျှ မိမိကိုစားမတတ်ဝါးမတတ်စိမ်းစိမ်းကြည့်ပြီးလျှင် သူယောင်ပင်ပေါ်သို့ စောက်ထိုးတက်ရင်း ကိုယ်ဝယောင်ပျောက်ကွယ်သွားပါတော့တော့၏။တစ်ညလုံး ကျွန်ုပ်လည်း စည်းအတွင်းမှာပင် ဘီလူးသရဲနှင်ဂါထာတို့ကို စဉ်ဆက်မပြတ်ရွတ်ဖတ်သရဇ္ဈာယ်ရင်း ရောင်နီအလင်းကို ဆောင်ကာ လာရာလမ်းဆီသို့ ခရီးဆက်လိုက်သည်။

■ သူယောင်မယ်နှင့်ပျော်ပါးခြင်း

ပဏာမသဘောဖြင့်စကားပြောရှည်နေမိသည်နှင့် ကျွန်ုပ်နှင့်သူယောင်မယ်ဇာတ်လမ်းမှာ လိုရာကိုမရောက်နိုင်၍ ဤတွင်တစ်ခန်းရပ်ဆိုင်းလိုရင်းကိုသာ ရေးသားပါတော့အံ့။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဘယဆေးဖော်ရန်နှင့် မှတ်တမ်းများပြုစုရန် ဟူသည့် အကြောင်းပြချက်ဖြင့် ကျွန်ုပ်၏အမှတ်ရအဆောင်ပစ္စည်းများအခန်းဆီသို့ ပြောင်းရွှေ့အိပ်စက်ရန်ပြင်ဆင်ရပေတော့သည်။

ထိုအခန်းအား လုံလုံခြုံခြုံသော့ခတ်ခြင်း၊ မှတ်တမ်းစာအုပ်နှင့် စာရေးကိရိယာများအား ယုတ္တိရှိရှိပြင်ဆင်ထားခြင်း၊ သူယောင်မယ်ယင်းသီးလေးအား အမွေးနုံသာတို့ဖြင့်ထုံမွှမ်းခြင်း စသည့် အလုပ်တို့ကိုပြုပါလေတော့၏။

မည်မျှကြာကြာ ပြင်ဆင်နေရာချနေမိသည်မသိ။ ဩကာသ လောကကြီးအား လေသာပြတင်းဝမှ ပြူကြည့်လိုက်စဉ်တွင် အမှောင်ထုကြီးသည် အခိုင်အမာတည်ဆောက်ပြီးဖြစ်ကြောင်းသတိပြုမိတော့သည်။ ဟော - အချိန်အခါကောင်းတော့ဖြင့် ဆိုက်ရောက်၍လာပါပြီဟော။ လှလှပပသန့်သန့်ပြန့်ပြန့်ပြင်ဆင်ထားသည့်အိပ်ရာထက်သို့ သူယောင်မယ်သီးလေးကို အသာချ မလှမ်းမကမ်း သွန်းညှိထားသည့် ဖယောင်းတိုင်မီးအသာငြိမ်းပြီး အမှောင်ကမ္ဘာထဲမှာ ကျွန်ုပ်သည် သူယောင်မယ်လေးအား ခွေးဘစ်ယောက်ပမာ ညှင်သာစွာ ခွေးဘစ်ပွတ်သပ်မိလေ၏။ ကျွန်ုပ်စိတ်ကူးမှာ ရာဂအမှောင်ဖုံးကာ ကာမဆန္ဒနေပြီဖြစ်၍ ထိုအဝိဇ္ဇာတို့ဖုံးကာမဆီသမ္မလုပ်စွာန်မဝင်နိုင်တော့လေပြီ။

သို့နှင့်အမျှ သူယောင်မယ်ခေါ်ခေါတစ်ပုဒ်ကို လှိုက်မောစွာရွတ်ဆိုမိလေ၏။

"အိုသူယောင်မယ်၊ အိုဘယ်နတ်သမီးသူယောင်မယ်လေးရေ၊ ဒီတစ်ည အေးပေးပါရန် ကျွန်ုပ်ထံပါး ခစားလေ"

ကျွန်ုပ်သည် ဤမည်သောမန္တန်ကမ္ဘာထဲဝယ် သူယောင်မယ်နှင့်ပေါင်းနှောရန် စိတ်ကူးမိမာန်ထဲသို့ အစဉ်အစဉ်ကိုနှင်ထုတ်ပေးကာ ဇက်ကြိုးကိုတင်လိုက်သည်။

ထိုစဉ် ကျွန်ုပ်၏အစုံသောမျက်လုံးများမှာ သူယောင်မယ်ရမ္မက်အနှံ့ခြင်း၊ ဆွေးခဲ့ထားခံရသလို မှေးစင်းနေရာမှ ပွင့်လောခြင်းသို့အလျှင်းရောက်ရှိလေ၏။

ဝိဇ္ဇာဇော်ဂျီတပသီတို့သည် မိမိတို့ဆင်းအပ်သည့် သူယောင်သီးကို ကြိုတင်သည့်တောင်ဝှေးဖြင့်တို့ကာ အသက်သွင်းပြီး ဌက်သွင်ပွဲကြွ အသက်ဝင်လာသည့် သူယောင်မယ်လေးများနှင့် အဘိဇ္ဈာပွားပျော်ပါးကြလေသတဲ့။

သည်သို့ဆိုလျှင် ကျွန်ုပ်သည် လည်း. . . ။

အိပ်မက်ကမ္ဘာမှာ ကျွန်ုပ်သည်သာ ဖေဇော်ဂျီ ဇော်ဂျီသည် ကျွန်ုပ်ပင်ဖြစ်တော့သည်။

ကျွန်ုပ်နှင့် သူယောင်မယ်သည် တောမဟာသည်မြိုင်စခန်းတွင် အလွမ်းသင့်နေကြပြီကော။

တောင်ဝှေးကို ထမ်းကာမ,ကာ သူယောင်မယ်လေးနှင့် သမင်လိုက်ခန်း လိုက်တမ်းပြေးတမ်းကစားနေသည့်ကျွန်ုပ်မှာ ပီဘိ ဇော်ဂျီပျိုလေးပမာပါတကား။ ထို့ပြင် ကျွန်ုပ်၏သူယောင်မယ်သီးအပေါ် အသက်သွင်းပေထသော ပီယသိဒ္ဓိတန်ခိုးစွမ်းအင်ဖြင့် သူယောင်မယ်လေးအား ရစ်နှောင်ဖွဲ့ငင်ဖြားယောင်းမိပါတော့၏။

နှီးတစ်ဝက် အိပ်မက်လေလား၊ တကယ်လား ခွဲခြားခြင်းငှာ မစွမ်းသာသော်လည်း သူယောင်မယ်အား အတူသိပ်ပြီးအိပ်ဖြစ်သည့် မင်္ဂလာဦးအစ ပထမညမှာပင် ကျွန်ုပ်သည် သူယောင်မယ်တို့ပျော်စံရာ ရေတံခွန်တောင်အနီးသို့ မောင်မယ်ယှဉ်ကာ ရောက်သွားကြပါသည်။ အေးမြမြရေအလျဉ်၏ညင်သာစွာသောအတွေ့အထိ၊ တောပန်းတောင်ပန်းတို့၏သင်းတပျံ့ပျံ့ရနံ့များကလည်း ကျွန်ုပ်နှာဝမှာ မွှေးအင်ထုံမွှမ်းကာ ကလူ၏သို့မြူ၏သို့နှယ်။ ရေတံခွန်အနီးတောကြီးတစ်နေရာတွေ့ ကျွန်ုပ်တို့မောင်နှံအတွက် အိမစက်ညက်ညောနေသည့် ပန်းမွေ့ရာကအဆင်သင့်။

ဤသို့ဖြင့် ကျွန်ုပ်သည် ညစဉ်ညဆက် လက်ရှိဇနီးမယားကိုပစ်ပယ်ကာ အိပ်မက်ကမ္ဘာမှ သူယောင်မယ်နှင့်ပင် ပျော်ပါးနေမိချေသည်။

တစ်နေ့ နံနက်စာစားရန် ကျွန်ုပ်ဇနီးသည်မှလှမ်းခေါ်၍ ကျွန်ုပ်လည်း အလုပ်ခန်းမှထွက်လာစဉ် ၎င်းကဆီးပြီး အပြစ်ဖို့လေ၏။

"ရှင်တစ်နေ့တစ်နေ့ ဘာတွေလုပ်နေလဲ။ အခန်းချည်းအောင်နေတာပဲ။ ရှင့်မျက်နှာလည်း မှန်ထဲပြန်ကြည့်စမ်းပါဦး။ တကတဲ တကယ့်မျောက်ခေါင်းအတိုင်းပဲ"

ကျွန်ုပ်မှာ ကိုယ့်အပြစ်နှင့်ကိုယ့်မို့ မည်သို့မျှစကားမဆိုသာတော့ဘဲ နံနက်စာကိုသာ ကသုတ်ကရက်စားပြီး အခန်းအောင်းရပြန်၏။

ရက်များကြာလာသည်နှင့် အမျှနန်းရွှက်ခမ်းသည် အလိုမကျခြင်း၊ အမျက်ဒေါသထွက်လွယ်ခြင်းနှင့်အတူ အကြောင်းမရှိ အကြောင်းရှာအဖက်မတန်သလို ဆက်ဆံလာပါသည်။

ထိုစဉ်အခါက နန်းရွှက်ခမ်းသည် လင်ခန်းမယားခန်းဖြတ်မှန်းမသိဖြတ်ထားခဲ့သည့် ကျွန်ုပ်အပေါ် အားမလိုအားမရဖြစ်နေပုံရမှန်း သူမျက်နှာကိုဖတ်ကြည့်ခြင်းဖြင့် ကျွန်ုပ်စိတ်အာရုံက အလိုလိုသိနေခဲ့ပါသည်။

သူ့ခမျာ အိမ်ထောင်ရေးသုခမျှတစွာမခံစားရခြင်း။ လင်၏ဥပေက္ခာပြုခံနေရခြင်းအတွက် နာလိုခံက်နေပုံရသည်။ ထိုမှစတင်ကာ ကျွန်ုပ်အပေါ် မချေမငံဆက်ဆံခြင်း ရိုင်းပျလာခြင်းမျိုးတို့ဖြင့် တုံ့ပြန်လာပါသည်။

အလိုမကျသော မိန်းမတို့၏ သဘောသဘာဝပါပေ။ တစ်ချိန်က လင်မယားချင်းပွတ်လင်းစွာယုယကြည်နူးဖွယ်တို့အပေါ် မျှဝေခံစားခဲ့သူချင်း အတူတူ နားလည်ပေးနိုင်သော်လည်း ကိုယ့်အကြောင်းနှင့်ကိုယ်မို့ မသိလိုက်မသိဘာသာမျက်နှာလွှဲပစ်လုပ်လိုက်ရသည်။

တစ်ညကလည်း ညဉ့်နက်သန်းခေါင်တိုင် သူရှိရာသို့ ဆောင်တော်မကူးသေးသည့် ကျွန်ုပ်ကို ကျွန်ုပ်အလုပ်ခန်းရှေ့သို့ တံခါးခေါက်ကာ အခေါ်ရောက်လာသည်။

"စုရေ့ အိပ်ချိန်တောင်လွန်နေပြီသိရဲ့လား။ ဘာများအလုပ်ရှုပ်နေလဲ။ တကတဲ မိန်းမက လာခေါ်ရတယ်လို့။ ဟွန်း - ကောက်ညင်းကမစေးဆန်ကြမ်းကစေးနေလိုက်တာ"

ကျွန်ုပ်မှာ သူယောင်မယ်အတွေးနှင့် အိပ်မွေးနေသည်ဖြစ်ရကား -

"အိပ်နှင့်ခမ်းရယ်။ အစ်ကိုလည်း ဆေးတစ်ဖုံဖော်ဖို့ အလုပ်ရှုပ်နေလို့ ပြီးမှလာနိုင်တော့မယ်"

"ဟင်-ပြောလိုက်ရင်ဒီအတိုင်းပဲ။ နောက်တော့လာတာလည်းမဟုတ်ဘူး ပုံပြောသွားတယ်။ ကဲ - မလာလည်းပြီးရော။ နောက်လည်းမလာနဲ့ရတယ်"

နန်းရွှက်ခမ်းသည် အလိုမပြည့်သည့်လေသံဖြင့်ဒေါသကလေးထွက်ကာ ခြေသံပြင်းပြင်းနှင့် သူ့အခန်းဘက်ပြန်လျှောက်သွားသံကို ကြားလိုက်ရတော့၏။ မနီးမဝေးရောက်မှ တောက်ခေါက်သံတစ်ခုကိုပြုရင်း နေ့နှင်းပေါ့ကွာဟု

www.burmeseclassic.com

www.burmeseclassic.com

အချက်ပေးလိုက်သလို အရိပ်အယောင် ပြသွားခေါ်။

■ လူပ်နိုးလာသည့်သံသယ

ဆိုရေးရှိကဆိုရပါဦးမည်။

သူယောင်မယ်ဇာတ်လမ်း အစပြု ချိန်အထိ ကျွန်ုပ်သည် ငုပ်ကောင်အဖြစ် ဇာတ်ရုပ်ဖော်ထားသည့် တပည့်ကျော် သစ္စာရှင်ကြီး ကိုအိုက်ပီးအား မေ့လျော့စွာ ဇာတ်မြှုပ်ထားခဲ့မိသည်။ဟော- အခုတော့ ဒီအရပ်ဇနပုဒ်မှာ ဒီဇာတ်ထုပ် ကိုခင်းပြဖို့ အချိန်တန်လာပြီ။

သူယောင်မယ်နှင့် အိပ်မက်ဆန်ဆန် ပျော်ပါးနေစဉ်အတွင်း ကျွန်ုပ်သည် အချိန်ယန္တရားကြီးတစ်ခုလုံးကို ခဏငယ် မျှ ရပ်တန့်ထားမိသလိုရှိခဲ့ပေ၏။

သို့ဖြင့် အိုက်ပီးနှင့် ကျွန်ုပ်မှာ အတွေ့အနေနည်းပါးခဲ့ရ၏။ ထိုအချိန်က ကျွန်ုပ်သည် သူယောင်မယ်ကာမ မှိုင်းမိနေ၍ တောလိုက်ဖို့ကိုမဆိုထားနှင့် အိမ်မှကိစ္စဗာဟီရအဝဝ သံမယ်နတစ်စ လောက်တောင် ကူဖော်လောင်ဖက် မဖြစ်ခဲ့ပါခေ့။

အရာအားလုံးကို သူယောင်မယ် နှင့်သာ ပုံအပ်ထားမိသည်။ ရံဖန်ရံခါ ကျွန်ုပ်ဇနီးနန်းရွှက်ခမ်းနှင့် လိုသည်ထက် ပိုမိုရင်းနှီးလာသည့်အိုက်ပီးကိုမြင်ရတတ် သော်လည်း သူယောင်မယ်အဝိဇ္ဇာဖုံးနေ သည့်ကျွန်ုပ်ဘဝမှောင်အတိကျခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် အကြောင်းအ ကျိုးအကောင်းအဆိုးတို့ကို ဝေဖန်ပိုင်း ခြားနိုင်သည့်အင်အားတို့ဆုတ်ယုတ်ခဲ့ပြီ။ စဉ်းငယ်မျှပင် သိရှိရပ်မိခြင်းအလျှင်း မရှိခဲ့။ နီးစပ်ခြင်းဆိုသည့်အရိပ်အယောင် ကို အကောင်အထည်မဖော်နိုင်ခဲ့။

တစ်နေ့ ဆေးပင်ဆေးဥတို့ ရှာဖွေ ပြီး အမှတ်မထင်ပြန်လာသည့်တစ်နေ့မှာ တော့ အိုက်ပီးသည် နန်းရွှက်ခမ်း၏ အခန်းထဲမှကသုတ်ကရက်ပျာယီးပျာယာ ထွက်ချလာသည်အား သံသယဝင်စွာ မြင်လိုက်ရပါသည်။

"ဟေ့ကောင် ငါမိန်းမအခန်းထဲကို ဘာဝင်လုပ်တာလဲ။ ဆရာကတော် အခန်းကို မင်းဝင်ခွင့်ရှိလို့လား"

"ဟို . . . ဟို ဟိုလေ မမလေးက လှမ်းခေါ်လိုက်လို့ ဂျွန်ဒေါ်ဝင်လိုက်မိပါ တယ် ဆရာလုံး။ မမလေးက အကြောတက်နေလို့လာနှိပ်ပေးစမ်းဆိုပြီး အမိန့် ပေးခိုင်း. . . ခိုင်းစေလိုက်လို့ပါ"

ကျွန်ုပ်သဘောပေါက်ရလေပြီ။ 'အင်း - မိန်းမတွေဟာ ဒုသန သောဇာတ်လမ်းကို သူတို့လက်နက် အဖြစ် တခ်ဏုပ္ပတ္တိဉာဏ်သုံးပြီး မာယာ တစ်သိန်းအပလိန်းအနန္တနဲ့အသုံးချလိုက် ပါ လား။ အင်း - ဒီလိုနဲ့မှောက်မထားတဲ့ ဇာတ်ဝင်ခန်းတစ်ခုကို အစပျိုးလိုက်ကြ တာပဲ။ ဘယ်မိန်းမကကော ကျွန်မကို ချစ်လှည့်စမ်းပါလို့ နှုတ်စကားနဲ့ပြော ထွက်မှာလဲ။ အဲဒီတော့ အတွေ့အထိနဲ့ မျှားတော့တာပဲပေါ့'

မည်သို့အတွေးပွားမိသလို နောင် များတော့ သတိထားရပါတော့မည်။ သို့သော် ကျွန်ုပ်သည် အစိုးရိမ်လွန်တာပဲ ဖြစ်မှာပါဆိုပြီး ပေါ့ပေါ့တန်တန်သဘော ထားမိသည်။ ကျွန်ုပ်အနေနှင့် သူယောင် မယ်ညို့ချက်က ဒီထက်မက ဆွဲဆောင် ထားပြီဖြစ်တာကြောင့်လည်း ဖြစ်ပါမည်။ ရံဖန်ရံခါ ကျွန်ုပ်သည် နန်းရွှက်ခမ်းနှင့် အိုက်ပီးတို့ ထမင်းအတူစားနေကြရင်း သူယောင်မယ်ဆိုသည့်စကားတစ်ခွန်းကို လည်း လှစ်ခနဲဆိုသလို နားစွန်နားဖျား ကြားမိလေသေးသည်။

ဖိုနှင့်မတို့၏အနေနီးစပ်မှုကြောင့် အိုချင်းထားအိုချင်းထိ၊ ကြိုးချင်းထားကြိုး ချင်းငြိဆိုသည့်စကားပုံအတိုင်းလားဆို တာ ကျွန်ုပ်မဝေခွဲနိုင်တော့။ ဖောက်လွဲ ဖောက်ပြန်သံသယနှင့်တည်ဆောက်ထား သည့် အိမ်ထောင်ရေးလျှို့ဝှက်ချက်ကို လည်း ကျွန်ုပ်အမှုမထားနိုင်ခဲ့။

စိတ်ကူးယဉ်တဏှာပေမဖြင့်သာ ယာနစ်မျောနေသည့်ကျွန်ုပ်သည် လက်ရှိ အိမ်ထောင်ရေးအပေါ် ပစ်ပယ်ထားမိ ပြီမဟုတ်ပါလား။

■ သူယောင်မယ်ကျိန်စာ

တစ်နေ့တွင် မထင်မှတ်သော ပြိုက်ဆိုးကြမ္မာက ကျွန်ုပ်တို့၏အိမ်ထောင် ရေးဝဲဂယက်အား ကျားကွက်ရွှေ့သလို အလှည့်အပြောင်းလုပ်ပစ်လိုက်ခေ့။ ထိုနေ့က ကျွန်ုပ်သည် အသက်အန္တရာယ် အလွန်တရာစိုးရိမ်ရသည့် လူနာတစ်ဦး အား အချိန်မီ ဆေးကုသရန်အတွက် အရေးတကြီးအိမ်မှထွက်လာမိခဲ့သည်။ လူနာမှာ အဆိပ်ပြင်းသည့်တောကြီးမြွေ ဟောက်လို မြွေဆိုးတစ်ကောင်အကိုက် ခံရသဖြင့် အသက်မီစေခြင်းအလို့ငှာ စေတနာဗရပွဖြင့် ထွက်လာလိုက်ရ၍ ကျွန်ုပ်သည် မိမိလျှို့ဝှက်အခန်းတံခါး အား ပိတ်ရန်မေ့လျော့သွားခဲ့သည်။ မသိ စိတ်၏ စေ့ဆော်ချက်ကြောင့်ပေလော မသိ လူနာကို ဆေးသာကုနေရသော်လည်း ကျွန်ုပ်စိတ်ကမဖြောင့်။

မိမိအခန်းသို့သာပြန်ချင်ဇောသန် နေမိခဲ့၏။

လေးငါးရက်ခန့် တံခါးပိတ်မထား သည့်အတွက် ကျွန်ုပ်စိတ်က လေးလံ ထိုင်းမှိုင်းပြီး သူယောင်မယ်အတွက် ရတက်မအေးနိုင်ဖြစ်ရသည်။ ရက်လ အလီလီသို့သိပ်ထားသည့် မိမိလျှို့ဝှက် ချက်မှာ ခဏချင်းဖြင့် အထုပ်ဖြေပြလိုက် သလိုဖြစ်သွားပြီးဟု စိတ်လေးလံစွာ ဖြင့် လူနာအိမ်တွင် စောင့်စားရင်း တမြွေမြွေခံစားနေရပါသည်။

လူနာသက်သာလာချိန်မှာတော့ ပြန်ချိန်တန်၍ ကျွန်ုပ်ပြန်လာခဲ့ပါပြီ။

ကျွန်ုပ်ထင်သည့်အတိုင်းပါပေ။

အိမ်တံခါးသော့ချောင်းကို မိမိတို့ နှစ်ဦးတည်းသာသိသည့် ကုမုဒြာကြာ ပန်းအိုးအောက်မှနှိုက်ယူ။ သော့ဖွင့်ပြီး အိမ်ထဲသို့ဇာဝင် -

"ဟင် လူတွေတိတ်လို့ ဘယ်မှား သွားနေကြပါလိမ့်"

တစ်ခန်းဝင်တစ်ခန်းထွက်အိမ်အနှံ့ လည်ပတ်ရှာသော်လည်း တစ်ဦးတစ် ယောက်မျှ မတွေ့သည်နှင့် ကျွန်ုပ်လည်း စိတ်မောလူမောဖြစ်ကာ မိမိအိပ်ရာ ထက်ဆီသို့ ခြေပစ်လက်ပစ်လဲချလိုက်ပါ တော့၏။ သည်တွင် မိမိလက်တစ်ဖက် က တစ်စုံတစ်ခုကို ဖိကိုင်မိသည်နှင့် အဆောတလျင်ကောက်ယူကြည့်လိုက် မိသည်။

စာရွက်ခေါက်လေးတစ်ရွက်။ သိ လိုဇောဖြင့် အမောတကောဖတ်ကြည့် လိုက်မိ၏။

ဦးစိုင်းနန္ဒာ

ကျွန်မ အိုက်ပီးခေါ်ရာနောက် လိုက်သွားပြီ။ ရှင်တန်ဖိုးထားတဲ့ သူယောင်မယ်နဲ့ သူယောင်ထီးကိုပါ တစ်ပါတည်းယူသွားလိုက်ပြီ။ လိုက် မရှာပါနဲ့တော့။

နန်းရွှက်ခမ်း

ရူးပြီ။ ကျွန်ုပ်ရူးရပါပြီ။

မြွေပါလည်းဆုံး သားလည်းဆုံး ဆိုသလို ကျွန်ုပ်အတွက် သူယောင်မယ် လည်း ကိုယ်ထင်မပြိုင်တော့သလို မယား အလှဇကဝိမှာလည်း သစ္စာမဲ့ကျွန်ယုတ်မာ ဖြားယောင်းခြင်းနှင့်အတူ ကျွန်ုပ်ဘဝမှ အပြီးအပိုင်စွန့်ခွာသွားလေပြီ။

"သွားပြီ၊ ငါဘဝတွေ့ခဲ့ရစုန်မျော ပါပကောလား။ ဘာမမြင်တတ်သူယောင် မယ်အငွေ့ရနံ့နဲ့ လင်ဖြစ်မှုကို ဆုံးရှုံးလိုက် ရပြီကော။ ဇာလျှပ်ရေထင်ရှေ့သမင်

www.burmeseclassic.com

www.burmeseclassic.com

အလိုက်မှားပါပေါ့လား"

ကျွန်ုပ် ကြီးစွာသော နောင်တတို့ ဖြစ်မိပြီး အတူနေစဉ်တုန်းက ချစ်ဇနီး၏သံယောဇဉ်အဖိုးအနှုတ်ကိုမသိရသော်လည်း ခွဲခွာရလေမှ ကျွန်ုပ်သည် နေမထိထိုင်မသာဖြစ်လျက် ကြည့်လေမြင်လေ ရာရာတို့သည်လည်း ကျွန်ုပ်အတွက် အဓိပ္ပာယ်တို့ ကင်းမဲ့ကြလေပြီတကား။ ထိုအချိန်က ကျွန်ုပ်သည် စိတ်နှင့်ကိုယ် မကပ်ချေဘဲ အလူးတစ်ယောက်လို တစ်အော်မြည်တမ်းရင်း ခြေဦးတည့်ရာသို့ အသိမဲ့ခန္ဓာဖြင့် လျှောက်သွားနေမိတော့၏။ လမ်းခရီးတစ်လျှောက် လူတကာတို့ကို လက်တို့ရင်း-

"ဟိတ် ငါ့မိန်းမတွေ့လား။ တွေ့ရင်ပြောကြပါဗျာ။ ငါ့မိန်းမနဲ့သူယောင်သီးကိုလဲမယ်လေ။ ဟီးဟီး - အလကားမတောင်းပါဘူး လဲမှာလဲမှာ"

ဟုပြောနေတတ်ကြောင်း စိတ်ကောင်းဝင်ခိုန်ထွင် အပေါင်းအသင်းများ၏ဆိုစကားအရ သိလိုက်ရပါသေးသည်။

ကျွန်ုပ်သည် တကယ်မရှိတော့သည့် သူယောင်မယ်ယမင်းရုပ်ကို အဟုတ်တကယ်ရှိလေသလားဆိုသည့် အမှတ်ဖြင့် တောအထပ်ထပ်တောင်အသွယ်သွယ်သို့ မျက်စိလည်ရင်း သူယောင်မယ်ကျိန်စာသင့်ခဲ့ပါ၏။ ကျွန်ုပ်ဝိုးမိုးချုပ်ကိုင်ထားသည့်သူယောင်မယ်ချုပ်ကြိုးမှာသည်း သစ္စာမဲ့ကြောက္ခလိလင်မယားဇာ၏ အသွားမှကြောင့် ကျွန်ုပ်အပါးမှအထိန်းအချုပ်မဲ့လွတ်မြောက်သွားပါပြီ။ ကျွန်ုပ်သည် မယားပျောက်ရှာပုံတော်ဖွင့်ရင်း သစ္စာမဲ့လင်မယားတို့၏သတင်းများကို နားစွင့်နေမိတော့၏။

ပြုသွားရက်သူ သစ္စာဖောက်တို့၏ သတင်းများကလည်း ကောင်းခြင်းကို ဆောင်ယူစေဘဲ တောမီးပမာ ကျွန်ုပ်ထံပါးသို့ ပျံ့လွင့်လာချေ၏။

ရုပ်သေးရုပ်လိုလို၊ ကော်ပတ်ရုပ်လိုလို သူယောင်မယ်လိုလိုအရုပ်ကလေးခစ်ရုပ်ပိုက်ပြီး စားရမဲ့သောက်ရမဲ့ဆင်းရဲခံစွာသော လင်မယားလိုစုံတွဲတစ်တွဲအား ဆယ့်နှစ်ပွဲစေ့များတွင် တွေ့တွေ့နေရတတ်ကြောင်း။

တချို့ကလည်း တောကြီးတစ်ဟောက ရေငုပ်တွင်းကြီးတစ်တွင်းရှေ့ မှောင် မြွေညို့ခံထားသလို စိတ်နှင့်ကိုယ်ပင်ဘဲ ထိုမရဏတောတွင်းကြီးထဲ ဆင်းကြည့်နေသည်အားမြင်မိပါကြောင်း။

နောက်ဆုံးတွေ့လိုက်သည့်လူတို့၏ ပြောစကားအရ ထိုသို့ စိတ်မနှံ့စွာ ငိုယိုတောင်းပန်နေသည့် လင်မယားနှစ်ယောက်ကို တောကြီးတစ်နေရာမှာ အမှတ်မထင်တွေ့ခဲ့ရကြောင်း တွေ့ရှိသူ မုဆိုးများက မရေမရာပြောလာကြပြန်သည်။

ဒဏ္ဍာရီလား၊ ပုံပြင်လားမသိနိုင်သည့်သတင်းစကားများလည်း ကြေကွဲနေသည့်ကျွန်ုပ်နလုံးအိမ်ကို ကြိမ်ဖန်များစွာ ထိခတ်စေတော့၏။

"သူယောင်ပင်က ငါ့အသီးတွေကို ပြန်ပေးလို့တောင်းနေကြပြီ။ မပေးဘူး မပေးနိုင်ဘူး။ ဟောဟိုမှာ စပါးကြီးကောင်ကြီးက ငါတို့ကိုရေငုပ်တွင်းထိပ်ကနေ ညို့ခေါ်နေပြီ။ လာမယ် လာမယ် သူယောင်သီးတွေကိုပိုက်ပြီးတော့ကိုလာမယ်။ မြွေညို့ရှင်ကြီးရေ ငါတို့ မင်းရှိတဲ့ရေငုပ်တွင်းကြီးထဲခုန်ဆင်းလာပြီဟေ့"

လူမမှန်သည့် အသံနက်ကြီးဖြင့် တစ်အော်နေသည့်လူရွယ်တစ်ဦး။ ၎င်းနှင့်အတူ ကြဲလှီဖျော့တော့ အာဟာရချို့တဲ့ဟန်ရှိသည့် မိန်းမရွယ်တစ်ဦးသည် သွေးရူးသွေးတန်းဖြင့် သံကုန်ဟစ်ကာ အဆိုပါတွင်းနက်ကြီးထဲသို့ခုန်ဆင်းသွားသည်ကို သစ်ခုတ်ဝါးခုတ်သမားများက မြင်လိုက်ကြကြောင်း သတင်းသဲ့သဲ့မှာ နွေလေရူးနှင့်အတူ လွင့်မျောလာကြပြန်၏။

အချိန်က လူကို ကုစားသည်ဆိုသော်စကားအတိုင်းပါပေ။ ရာသီအလိုလိုပြောင်း၍ နှစ်များကြာညောင်းလာသည်နှင့်အမျှ ကျွန်ုပ်၏နာကျင်ကျွမ်းမြဲမှုသည်ဝေဒနာတို့သည်လည်း အချိန်သမားတော်၏ ကုစားချက်ကြောင့် အရာရာကို နားလည်ခွင့်လွှတ်တတ်လာပါပြီ။ ဆရာတော်ကြီးများ၏ မြွက်ကြားရာ ကဗျာလင်္ကာတို့ကြောင့်လည်း မိန်းမတို့၏အတွင်းသဘောကို စောကြောတတ်လာပါပြီ။ ဒါကြောင့်လည်း မယဒေဝကျမ်းလာ မနုလည်ဆရာတော်ဘုရား က -

အဋ္ဌာပတိ၊ ရှစ်လင်ရှိလည်း
လွန်ဘိပိုမို၊ ကိုးယောက်ကိုလျှင်
အလိုရှိမြဲ လွန်ပြည့်ခဲ့၏
လို့ စပ်ဆိုထားသလို -
တစ်နေ့ဆယ်ကြိမ်
တင်းမတိမ်သည်၊
ပန်းထိမ်လိုမျိုး ရတိုင်းခိုး၏
လို့ ဆိုထားပါသေးသည်။
လယ်တီပဏ္ဍိတ ဦးမောင်ကြီးက
လည်း -

ရှေ့ကကျစ်ချ လွန်စကြိုးကို
ခွေးမခိုးစားကိုက်ဝါးကာမျိုချ
လင်ကြိုးပစ္စည်းသိမ်းဆည်းမသို
လင်မြောင်အား
မယားလောကွတ်ပို

ဟု လော်လီဖောက်ပြားတတ်သည့် မိန်းမများကို ထိုသို့ ရတုကဗျာတို့ဖြင့် ရှုံ့ချသရော်အပြစ်ဆိုခဲ့သေးသည် မဟုတ်ပါလား။ ကျွန်ုပ်အဖြစ်နှင့် တိုက်ဆိုင်လွန်းပေစွ။

သို့ဖြင့် ကျွန်ုပ်သည် သံသရာအဖို့ ရာလည်း ကောင်းကျိုးမမည်သည့် မုဆိုးအလုပ်ကိုအပြီးတိုင်စွန့်လွှတ်ကာ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းဖြင့်သာ ကျွန်ုပ်၏ အကုသိုလ်အလုပ်အပေါ် ပြည်ဖုံးကားချလိုက်သည်။

ယခုအခါမှာ ကျွန်ုပ်၏ မုဆိုးတင်းကုပ်မှ ကျားသားရေ၊ ဆတ်သားရေ စသည့်သားကောင်တို့၏ သားရေနှင့် ဦးချိုပန်းခက်၊ အမြွေတေပစ္စည်းအစုစုတို့ နေရာတွင် ဘာသာရေးစာပေ၊ ဗဟုသုတဟင်းလေးအိုးကြီး စသည့် စာပေများ၊ ဝတ္ထုမဂ္ဂဇင်းများဖြင့်သာ နေရာယူမိကြပါပြီ။ အခါအားလျော်စွာ ဘာသာပြန်ဆောင်းပါး၊ အတွေးအခေါ် အစဉ်နှင့် ဂန္ဓဝင်ဝတ္ထုတို့ကိုလည်း ရှိနှင့်ပြီးသည့် ဝါသနာအရ ဖတ်ဖြစ်ပါတော့သည်။ သို့ဖြင့် ကမ္ဘာ့စာပေထဲမှ ကမ္ဘာကျော်ဆိုးပေကြီးများစာရင်းဝင် ကလိရီ၏ စကားကိုငှားသုံးရပါလျှင်-

'ငါ၏အကျိုအောက်တွင် နွမ်းနယ်နေသော နှလုံးသားတစ်ခုရှိ၏။ ထိုနှလုံးသားသည် နွမ်းနယ်နေလင့်ကစား ကြင်နာတတ်သည်ဖြစ်၍ မည်သူ့ကိုမျှ ဘေး မပြုလို' ဟူ၍။

ကျွန်ုပ်သည် သူယောင်မယ်ကြောင့် ဘဝပျက်ခဲ့ရသလို ထိုသူယောင်မယ်ကြောင့်လည်း အသိတရားရခဲ့ပါပြီ။

သို့ဖြင့် ကျွန်ုပ်သည် ကျွန်ုပ်တွေ့ကြုံဖြတ်သန်းခဲ့ရသော ဤဂန္ဓိရဆန်သည့်ဇာတ်လမ်းတွင် သူယောင်မယ်ကြောင့် ဘဝများစွာပျက်စီးသွားရသည်ကို သံဝေဂယူရင်း မလုပ်ကောင်းမဆောင်ကောင်းသည့် အဆောင်ပစ္စည်းနောက်သို့ ရေလိုက်မလွဲကြပါကုန်။

ဤတွင် ကျွန်ုပ်၏ အရှက်သိက္ခာနှင့်ရင်းပြီး အရှက်ထုပ်ကို စက်ဆုပ်စွာ နောင်တနှင့်ယှဉ်လျက် အထုပ်ဖြေပြလိုက်ရပါတော့သတည်း။

ညီဇော်

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)
နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်သောခါ ဩဇာလေးနက် ပေါ်ဆီတည်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သောသစ္စာစကားတစ်ခုဖြစ်ပါ၏။

ယခုဖော်ပြမည့် ဆေးပင်မှာ အုန်းပင်ဖြစ်ပါ၏။ အုန်းပင်ဟုဆိုပါလျှင် တုတ်ထောက်နို့သောက်သိကြပါ၏။

များသောအားဖြင့် အုန်းပင်မှ အုန်းသီးကို မုန့်အမျိုးမျိုးလုပ်စားကြ၏။ အရည်ကိုသောက်ကြ၏။ အသားကိုလည်း နည်းအမျိုးမျိုးဖြင့် စားသောက်ကြ၏။ လူသာမန်တို့သည် အသားကိုစားသောက်ရုံ၊ အရည်ကိုသောက်ရုံမျှသာ သိထားကြ၏။

အုန်းပင်မှရသော အုန်းသီးနှင့် အခြားပစ္စည်းများ ဆေးဖက်ဝင်ကြောင်းကို တင်ပြသွားပါမည်။

■ ဂုဏ်နှင့်စွမ်းရည်သတ္တိ

အာယုပေဒအလိုအားဖြင့် အုန်းသီးသည် ကြေခဲ၏။ ပြေပြစ်၏။ အေး၏။ သုက်ကိုပွားစေ၏။ အရသာချို၏။ ဝိပါကဒ္ဒချို၏။ နှလုံးကိုအကျိုးပြု၏။ သည်းခြေဒါသကိုနှိပ်၏။ မူးယစ်စေတတ်၏။ ကာမကို အားပေး၏။ ဆီးအိမ်ကိုသုတ်သင်တတ်၏။ အားကိုဖြစ်စေ၏။ ဝဖြိုးစေ၏။ သလိပ်ကိုပွားစေ၏။ နှုတ်ကိုမြိန်စေ၏။ တွန့်ရွဲ့စေ၏။ ဖောရောင်ခြင်း၊ ရေတင်ခြင်း၊ သည်းခြေနာ၊ သွေးဖောက်ပြန်ခြင်းတို့ကို ငြိမ်းစေ၏။ အဆုတ်နာနှင့် အနာပေါက်ခြင်းများကို ပျောက်ကင်းစေ၏။

■ အုန်းပွင့်

အုန်းပွင့်သည် အေး၏။ မလကို ချုပ်စေ၏။ သွေးဝမ်းသွားခြင်း သွေးအန်၊ သွေးကျဖြစ်ခြင်း၊ ပြည်တုလာသရောနာ၊ ဆီးလွန်သောအနာများကို ပယ်တတ်၏။

■ အုန်းမြစ်

အုန်းမြစ်သည် ဆီးကိုရွှင်စေ၏။ လည်ချောင်း၊ အာခေါင်၌ပေါက်တတ်သောအဖုတို့ကို ပယ်ဖျောက်တတ်၏။

■ အုန်းဆီ

အုန်းဆီသည် အားကိုဖြစ်စေ၏။ ကြေကျက်ခဲ၏။ အားကုန်ခန်းသောသူများကို အားအင်တိုးစေတတ်၏။ ဝဖြိုးစေတတ်၏။ ပိုးကိုနှိုင်၏။ လေနှင့်သည်းခြေကိုနှိုင်၏။ ထို့ပြင် ဆီးချုပ်နာ၊ ပြည်တုလာသရောနာ၊ ပန်းနာရင်ကျပ်၊ ချောင်းဆိုးခြင်း၊ အဆုတ်နာဖြစ်ခြင်း၊ အသိတရားနည်းပါးခြင်း၊ မေ့လျော့ခြင်း၊ ထိခိုက်သောဒဏ်ရာများကို အလွယ်တကူပျောက်ကင်းစေ၏။ ကျင်ကြီး၊ ကျင်ငယ်တို့ကိုရွှင်စေ၏။ ဝမ်းမီးကိုပျက်စေတတ်၏။ ခါးကိုက်ခြင်းတို့ကိုလည်း ပျောက်ကင်းစေ၏။ ဝဲစိုး၊ ဝဲခြောက်များကိုလည်း ပယ်ဖျောက်တတ်၏။

■ ဆံပင်ကျွတ်ခြင်းနှင့်မီးလောင်နာ

ဆံပင်ကျွတ်ပြီး ဦးခေါင်းတွင် ကွက်၍ပြောင်နေခြင်းနှင့် မီးလောင်နာဒဏ်သင့်သောအနာများကို အုန်းနို့၊ နှမ်းဆီဖျော်၍ လိမ်းပေးပါ။

■ ကာလဝမ်းသွားစဉ်အော့အန်ခြင်း

အော့အန်ခြင်းနှင့်တကွ ကာလဝမ်းရောဂါသွားမူ အုန်းစိမ်းရည်ကိုတိုက်ပါက ရောဂါပျောက်ကင်းပါလိမ့်မည်။

■ ခေါင်းတစ်ခြမ်းကိုက်ရောဂါ

အုန်းရည်ကို နှာခေါင်းအတွင်း အနည်းငယ် အနည်းငယ်ခတ်၍ပေးမူ ရောဂါပျောက်ကင်းပါ၏။

အကြောတက်ရောဂါ

အုန်းသီးအသားဆန်ကို သေးသေးစိတ်၍ ၎င်းအဲပေါ်မှ ဇဝက်သာအမှုန့်ကို လုံအောင်ဖုံး၍ တစ်ညအိပ်ပါ။ အရည်များထွက်လာပါလိမ့်မည်။ နံနက်တွင် အရည်ကိုသင့်ရုံသောက်ပါ။ အုန်းသီးဆန်ကိုလည်း သင့်ရုံစားပါ။ ရေချိုပေးပါ။ ပျောက်ပါလိမ့်မည်။

■ ကြွက်ဆိပ်ဖြေဆေး

မုန်လာဥမြစ်သတ္တုရည်နှင့်အုန်းသီးဆန်အသားကိုသွေး၍ ကြွက်ကိုက်သောဒဏ်ရာကိုလိမ်းပေးပါ။ ကြွက်ဆိပ်ဖြေပါလိမ့်မည်။

■ ဆီးအောင့်နာနှင့် သွေးအန်သွေးကျရောဂါ

အုန်းရည်တွင် ကြံသကာနှင့် နံနံစေ့အမှုန့်ကိုရောစိမ်၍သောက်ပါ။

■ ကိုယ်သားကိုယ်ရေပူလောင်ခြင်း

အုန်းသီးစိမ်း၏ အသားဆန်ကို တစ်နေ့ (၂) ကြိမ်မျှ သင့်သလိုစားပါ။ ပျောက်ကင်းပါ၏။

■ ချောင်းဆိုးရောဂါ

သဗျက်သီးအနက်နှင့် အုန်းသီးစိမ်းအသားဆန်ကိုရောစားပါ။ ချောင်းဆိုးသွေးပါပျောက်ပါ၏။

■ ဝမ်းသွားရောဂါ

ဝမ်းသက်လျှောပြီးနောက် အိမ်သာမှပြန်လျှင်ပြန်ခြင်း အုန်းသီးစိတ်ပိုက်ဆံတစ်ပြားမျှစတိပြုစားပါ။ ဝမ်းရပ်သွားပါလိမ့်မည်။

■ ဂူလုံးရောဂါ

ဝမ်းတွင်း၍ လေဂူ (လေလုံး) သလိပ်ဂူ (သလိပ်လုံး) များကို အုန်းနို့ (၃) ကျပ်သားတွင် ဖာလာဖြူအမှုန့်ရွေးကြီးလေးရွေးလေးရွေးသားစပ်၍သောက်ပါ။ တစ်နေ့ကို (၂) ကြိမ် သောက်ပေးပါ။ လေလုံး၊ သလိပ်လုံးများကြေ၍သွားပါလိမ့်မည်။

■ သွေးဝမ်းကျရောဂါ

အုန်းပင်၏အမြစ်ကိုယူပါ။ရေသန့်စင်အောင်ဆေးပါ။ ကျောက်ပျဉ် (သန့်သန့်) တွင် ဆန်ဆေးရည်နှင့်သွေးပါ။ ဆေးရည်သုံးဇွန်းခန့်ရရှိပါလျှင် ဆေးကို ပန်းကန်တစ်ခုတွင်ထည့်၍ သံပိုင်းတစ်ခုကို မီးဖုတ်ပြီး သံပူသတ်ပေးပါ။ သံပူဖြင့် ဆေးကို (၃) ကြိမ် သတ်ပေးပြီးနောက် လူနာအားတိုက်ပေးပါ။ သွေးဝမ်းကျရောဂါပျောက်ကင်းပါလိမ့်မည်။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလို့ပါ။တိုင်းရင်းဆေးဗဟုသုတပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။

တစ်စက်ချင်းကျလာသောရေစက်ရေပေါက်သည် အိုးအိုင်ကန်တို့ကို ပြည့်ပြီးဘိသကဲ့သို့ တစ်ခုချင်းတစ်ခုချင်းမှတ်သားပါက တိုင်းရင်းဆေးပညာ ပြည့်စုံလာပါလိမ့်မည်။

စစ်မှန်သော
မေတ္တာစေတနာသစ္စာဖြင့်
မဟာနွယ် (မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီတင်ဆောင်မိုး (အပြာထပ်) ကော်ဂနီ(၄)ပါးနှင့် မောက်ချအကွာရာ ဤပညာ

www.burmeseclassic.com

အကျွန်ုပ်သည် ရွေးဦးပဏာမ အနေနှင့် (၄) ပါး ဟူ၍ အနောက်မယ်တော်၊ ယောကတော်၊ ဆောကတော်၊ ရေယဉ်မယ်တော်စသော နတ်စိမ်းဒေဝီတို့အား ဇော်ဂနီဟူ၍ သုံးနှုန်းထားခြင်းအား မှားယွင်းပါက စာဖတ်သူတို့အား တောင်းပန်ပါ၏။ ထို့မှတစ်ဖန် မောက်ချအကွာရာအား အသုံးပြုရန်အတွက် သိမ်ဝင်သပိတ်ကွဲစစ်စစ် အဓိကရှိထားဖို့ ပြောပါရစေ။ သိမ်ဝင်သပိတ်ကွဲ၏တန်ဖိုးသိဒ္ဓိစွမ်းအားကြီးမားပုံကို လက်တွေ့အသုံးပြုကြည့်လျှင် သိနိုင်ပါသည်။ ပြည့်စုံအောင်ရေးသားဖော်ပြရန်အတွက် ယခင် ရေးသားခဲ့သော 'လက္ခဏနှင့် တစ္ဆေပြောသောပီယဆေး' စာမူထဲက အကြောင်းအရာများ အနည်းငယ်ပါရှိမည်ဖြစ်၏။

ဤကား ရွေးဦးပဏာမစကားဖြစ်ပါသည်။

အခန်း(၁)
ခရီးသွားလျှင်အောင်ပွဲဆင်နည်း

အခါနှစ်က လွန်ခဲ့သော (၁၄) နှစ်ခန့်ကဖြစ်သည်။ ၁၃၆၅၊ တပို့တွဲလဆုတ် ၄ ရက်နေ့။ အကျွန်ုပ်၏မိတ်ဆွေတစ်ဦး သူငယ်ချင်းကိုရှာဖွေရန် ခရီးစတင်ထွက်သောနေ့ဖြစ်၏။ အကျွန်ုပ်ခေါင်းဆောင်၍ ဆရာ(၄)ဦး ချောက်မြို့က စတင်၍ ခရီးထွက်ရန်အတွက် ရွှေသူဌေးရပ် အကျွန်ုပ်တို့နေအိမ်၌ ပြင်ဆင်နေ၏။ အကျွန်ုပ်၏မိခင်ကြီးက နံနက်စာအတွက် ချက်ပြုတ်နေလေ၏။ အညာဒေသ အညာသားများအကြိုက် အညာငရုတ်သီး၊ ကြက်သွန်နီထောင်းနှင့် စားတော်ပဲထမင်းပွဲ၊ အကျွန်ုပ်အလွန်နှစ်သက်သော ချဉ်ပေါင်ရွက်၊ ငါးခေါင်းဟင်းနှင့် ငါးတန်ဗိုက်သားဆီပြန်ဟင်းကို စေတနာအပြည့်နှင့် ချက်ပြုတ်၍ နံနက်စာစီရင်ပေး၏။

ဟေမာန်ရာသီ နှင်းငွေရည်ဆိုင်းညိုညိုမှိုင်းက နောက်ဆုံးကျလ တပို့တွဲလဟုခေါ်နိုင်၍ နံနက်ခင်း၏ အအေးဓာတ်က ချမ်းစိမ့်စိမ့်။

ရေနွေးပွဲနှင့် ထမင်ဟင်းပူပူနွေးနွေးကစားသောက်၍ ကောင်းလွန်းလှ၏။ အနောက်တိုင်းသားများပင်လျှင် မြန်မာထမင်းဟင်းကို စားသောက်ရရင် ဆွေမျိုးမေ့သွားလောက်မည်ဟု တင်စားကရနိုင်ပေ၏။

နံနက် ထမင်းစားပိုင်းတွင်တော့ အကျွန်ုပ်၏ဖခင်ဖြစ်သူ ဆရာကြီးဦးထွန်းကြည်က -

"ကဲ - သား မောင်တင်အောင်မိုး၊ မင်းတို့ အခု ခရီးထွက်မယ့်နေ့ဖြစ်တော့ မင်းတို့စားတဲ့အာဟာရက မင်းတို့သွားမည့်ကိစ္စအပေါ် အကျိုးသက်ရောက်ပုံလေးတွေကိုသိလား။ ကဲ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား (၄) ပါးထဲက အာဟာရအကြောင်းပေါ့။ ရှင်းရှင်းပြောရရင် အစာအာဟာရနဲ့ အောင်မြင်မှုရရှိအောင် ယတြာနည်းပေါ့ကွာ"

ဤသို့ဖြင့် အကျွန်ုပ်တို့၏နံနက်စာထမင်းဝိုင်းတွင် ခရီးကိစ္စအောင်မြင်စေရန် စုံးသုံးရမည့်ယတြာနည်းအား ပြောပြပါသည်။ ဝါရဒေါဟဒ (ခေါ်) နေ့အလိုက်စားသုံးအပ်သော ခရီးယတြာအာဟာရများက -

၁။ တနင်္ဂနွေနေ့

ခရီးသွားလျှင် နို့ခမ်းစားသွားပါ သို့မဟုတ် ငှက်ပျောသီး စားသွားပါ။

(နို့ခမ်းလုပ်နည်း နို့၊ သကြား၊ ငရုတ်ဆီ၊ ပျားသလက်၊ ဖာလာ ဆတူ

၁၅၅
သူရဇ္ဇမဂ္ဂဇင်း
စာအမှတ် ၄၇၉၃/၁၀၂၀၀၀

www.burmeseclassic.com

ရော)

၂။ တနလ်ာနေ့

ခရီးသွားလျှင် နို့ဓမ်းစားသွားပါ။ သို့မဟုတ် မန်ကျည်းသီးစားသွားပါ။

၃။ အင်္ဂါနေ့

ခရီးသွားလျှင် ပုံးရည်စားသွားပါ။

၄။ ဗုဒ္ဓဟူးနေ့

ခရီးသွားလျှင် နို့ပူပူလေးသောက်သွားပါ။

၅။ ကြာသပတေးနေ့

ခရီးသွားလျှင် နို့ချဉ်၊ ဒိန်ချဉ် သောက်သွားပါ။

၆။ သောကြာနေ့

ခရီးသွားလျှင် မကြိုချက်ရသေးသော နို့စိမ်းသောက်သွားပါ။

၇။ စနေနေ့

ခရီးသွားလျှင် နှမ်းနှင့်ထမင်းရောစပ်၍စားသွားပါ။ သို့မဟုတ် လှူဒါန်းပြီးမှသွားပါ။ အစစအရာရာ ဧကန်မုချ ကောင်းကျိုးသုခများရစေနိုင်ပါသည်။ ဤကဲ့သို့ ဝါရဒေါရဟဒစားသုံးအပ်သော အစာအာဟာရအကြောင်းများကိုပြောကြရင်းက ခရီးသွားမည့်အရပ်မျက်နှာအကြောင်းသို့ ရောက်လာ၏။

ထိုအခါ မောင်အောင်ကိုကိုဖြိုးက -

"ဦးလေးမိုးရေ အခု ကျွန်တော်တို့ (၄)ယောက်က နေ့နံလည်းမတူ၊ အသက်အရွယ်လည်းမတူပေမယ့် သွားရမယ့်အရပ် မျက်နှာကတူနေတယ်။ ဆိပ်ဖြူက အနောက်အရပ်ဖြစ်နေတယ်လေ။ အဲဒီတော့ တစ်ဦးနဲ့တစ်ဦးမတူညီတဲ့အကြောင်းကိစ္စတွေတွေ့ကြုံရမယ့်အဖြစ်အပျက်တွေကို အကြမ်းအားဖြင့် ပေဒင်ဟောပေးပါဦးဗျာ"

ဤသို့ဖြင့် ခရီးသွားပေဒင်အခန်းပါရှိလာ၏။

အကျန်ုပ်က -

"ကဲ - မောင်အောင်ကိုကိုဖြိုးရေ အကြမ်းအားဖြင့် ဒီလိုသာမှတ်ထားလိုက်တော့ကွာ"

■ ခရီးသွားရောင်းကြဉ်ရန်

၁။ တနင်္ဂနွေသားသမီးများ

ကြာသပတေးနေ့၌ မြောက်အရပ်သို့ မသွားကောင်း။ မွေးနေ့၌လည်း မြောက်အရပ်၊ အနောက်အရပ် မသွားကောင်းပါ။

၂။ တနလ်ာသားသမီးများ

သောကြာနေ့၌ အနောက်တောင်ထောင့်အရပ် မသွားကောင်းပါ။ မွေးနေ့၌လည်း အနောက်တောင်ထောင့်အရပ်နှင့် မြောက်အရပ်မသွားသင့်ပါ။

၃။ အင်္ဂါသားသမီးများ

စနေနေ့၌ အရှေ့မြောက်အရပ် မသွားကောင်းပါ။ မွေးနေ့၌လည်း အရှေ့မြောက်ထောင့်နှင့် အနောက်တောင်ထောင့်အရပ်သို့ မသွားသင့်ပါ။

၄။ ဗုဒ္ဓဟူးသားသမီးများ

တနင်္ဂနွေနေ့၌ အရှေ့အရပ်သို့ မသွားကောင်းပါ။ မွေးနေ့၌လည်း အရှေ့အရပ်နှင့်အရှေ့မြောက်ထောင့်သို့မသွားကောင်းပါ။

၅။ ကြာသပတေးသားသမီးများ

တနလ်ာနေ့၌ အရှေ့တောင်ထောင့်သို့ မသွားကောင်းပါ။ မွေးနေ့၌လည်း အရှေ့တောင်ထောင့်အရပ်နှင့် အရှေ့အရပ်မသွားသင့်ပါ။

၆။ သောကြာသားသမီးများ

အင်္ဂါနေ့ တောင်အရပ်သို့မသွားကောင်းပါ။ မွေးနေ့၌လည်း တောင်အရပ်နှင့် အရှေ့တောင်အရပ်မသွားသင့်ပါ။

၇။ စနေသားသမီးများ

ဗုဒ္ဓဟူးနေ့၌ အနောက်အရပ်သို့ မသွားကောင်းပါ။ မွေးနေ့၌လည်း အနောက်အရပ်နှင့် တောင်အရပ်သို့ မသွားသင့်ပါ။ ၎င်းအထက်ပါဖော်ပြထားသော ခရီးမသွားသင့်သောနေ့ရက်နှင့် ရာဟုမျက်နှာမူရာအရပ်ကျလျှင် ဧကန်ဆိုးကျိုးဒုက္ခဖြစ်စေ၏။

ခရီးမသွားကောင်းသောရာဟုမျက်နှာ

မတ်လ ၁၁ ရက်နေ့က စတင်၍ ဇွန်လ ၂၁ ရက်နေ့အထိ (၃) လကျော်မျှ အတွင်း အရှေ့မြောက်အရပ်သို့မသွားကောင်း။ သို့မဟုတ် အရှေ့မြောက်အရပ်သို့မျက်နှာပြု၍ ခရီးမသွားကောင်း၊ စကားမပြောကောင်း၊ အဆင်မပြေဖြစ်နိုင်၏။

ဇွန်လ ၂၁ ရက်နေ့က စတင်၍ စက်တင်ဘာ ၁၆ ရက်နေ့အထိ (၃) လ အတွင်း၌ အနောက်အရပ်သို့မသွားကောင်း။ သို့မဟုတ် အနောက်အရပ်သို့မျက်နှာပြု၍ ခရီးမသွားကောင်း။ အနောက်သို့မျက်နှာပြု၍ စကားမပြောကောင်း၊ အဝတ်မဝတ်ကောင်း၊ အဆင်မပြေမှုများဖြစ်ပေါ်နိုင်၏။

စက်တင်ဘာ ၁၆ ရက်နေ့က စတင်၍ နိုဝင်ဘာ ၂၉ ရက်နေ့အထိ (၃) လအတွင်း၌ အနောက်တောင်အရပ်ကို ရောင်ကြဉ်ရမည်။ အထက်ပါအတိုင်းမှတ်ပါ။

နောင်အခါ 'ခရီးသွားလျှင် အောင်ပွဲဆင်နည်း' ဟူ၍ ပြည့်စုံစွာရေးသား ဖော်ပြပေးပါမည်။

ဤသို့ဖြင့် အကျွန်ုပ်တို့ ဆရာလေးဦး၏ နံနက်စာထမင်းဝိုင်းလေးသည် စာပေစကားပြောကြလျက် နံနက် (၈) နာရီခန့်အချိန်သို့ ရောက်ရှိလာလေ၏။

အခန်း(၂)

အိမ်ဝိုင်းထဲ၌ရှိသောမိန္ဓာပစ္စည်းများ ဖယ်ရှားနည်း

အကျွန်ုပ်တို့ နံနက်ထမင်းစားသောက်ပြီးသည့်နောက် ခရီးထွက်ရန် အတွက် အသင့်ဖြစ်နေချိန် အိမ်ဝိုင်းရှေ့လမ်းမပေါ်တွင် ကားတစ်စီးရပ်လာ၏။ ကားထဲမှာ အသက် (၅၀) ခန့်အရွယ် အမျိုးသမီးနှင့် အမျိုးသားတစ်ဦးတို့ ဆင်းလာ၍ -

"ဆရာဦးတင်အောင်မိုးကျွန်တော်တို့ဝင်ခဲ့ပါရစေ"

ဟူ၍ အိမ်ထဲသို့ ဝင်ခွင့်တောင်းလေသည်။

အကျွန်ုပ်က -

"ဟုတ်ကဲ့ - ဝင်ခဲ့ပါခင်ဗျာ။ ကျွန်တော်က ဦးတင်အောင်မိုးပါ"

ဟု အကျွန်ုပ်ကပင် စတင်၍ မိမိကိုယ်ကို မိတ်ဆက်ပေးလိုက်၏။

ထိုအခါ အမျိုးသမီးက -

"ဆရာရေ၊ ကျွန်မတို့မိသားစုကို ကယ်ပါဦးဆရာ။ ကျွန်မတို့အိမ်ထဲက သရဲရောက်နေတယ်ဆရာ။ လိုက်ကြည့်ပေးပါနော်။ သရဲရောက်နေတာ (၂)ရက်လောက်ရှိပြီ။ ပထမနေ့က အိမ်ထဲက ပစ္စည်းတွေကို နေရာရွှေ့လိုက်၊ ခွဲလိုက်လုပ်တယ်ဆရာ။ အခုညကကျတော့ ထင်ထင်ရှားရှားကြီးကို ရုပ်ပုံပြပြီး အိမ်ထဲမှာသောင်းကျန်းနေတယ်။ဆရာလိုက်ကြည့်ပြီး သရဲကိုနှင်ပေးပါ ဆရာရယ်။ ညကဆိုရင် ကျွန်မတို့မိသားစု အိမ်က်ပစ်ပြီး အခြားဆွေမျိုးတွေအိမ်ကိုသွားအိပ်ရတယ်။ အခု နံနက်မိုးလင်းတာနဲ့ ဆရာ့ကိုအားကိုးပြီးလာခဲ့ရတာပါ"

ဟူ၍ အားကိုးတကြီးပြောဆိုတော့သည်။ ထိုအမျိုးသမီး၏ပုံသဏ္ဌာန်

www.burmeseclassic.com

www.burmeseclassic.com

ဘ လွန်စွာမှ ကြောက်လန့်နေပုံရ၏။ အမျိုးသားအနေနှင့်လည်း စီးပွားဥစ္စာများအတွက်ပါ စိတ်မချဘဲ စိုးရိမ်နေပုံရ၏။ သို့သော် သူတို့လင်မယားဘဝက သူခိုးထက် သရဲကိုပိုကြောက်နေသော အခြေအနေ။ လူလောကၦ ယုတ်မာသောသူများ၏ အောက်လမ်းနည်းပညာကြောင့် ဒုက္ခခံရသောဘဝများကသနားစရာကောင်းလှ၏။

ထို့ကြောင့် အကျွန်ုပ်က -

"ခင်ဗျားတို့ကို ကျွန်တော် ကူညီပါမယ်။ စိတ်အေးအေးထားကြပါ။ ဒီနေ့ည အဲဒီသရဲကြီး ခင်ဗျားတို့အိမ်ထဲက ထွက်သွားအောင် ကျွန်တော် ဆီမီးတိုင် စီရင်ပေးလိုက်ပါမယ်။ ကျွန်တော်က တော့ ခုခရီးသွားရမယ့်ကိစ္စရှိနေတယ်။ ဖြစ်မနေသွားရမည့်ကိစ္စပါ။ ဒါကြောင့် ခင်ဗျားတို့အိမ်ကိုတော့ မလိုက်နိုင်ဘူးဗျာ"

ထိုသို့ အကျွန်ုပ်က ပြောလိုက်သည့်အခါ အမျိုးသားက -

"ဆရာရယ်၊ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ ဆရာ။ ကျွန်တော်တို့မိသားစုကို ကယ်တင်ပေးပါဆရာ။ အခုဆရာ ခရီးသွားမယ့်ကိစ္စ ဘာအလုပ်ပဲဖြစ်ဖြစ် ငွေဘယ်လောက်ပဲကုန်ကုန် ကျွန်တော် ဘာဝန်ယူဖြေရှင်းပါမယ်ဆရာ။ ဆရာ့ကိုယ်စား ကျွန်တော်သွားပါမယ်။ ကျွန်တော့်အိမ်က သရဲကိုသာ အခုချက်ချင်း ထွက်သွားအောင် ဆရာလုပ်ပေးပါနော်"

ထိုကဲ့သို့ မရမက အကျွန်ုပ်အား အတင်းခေါ်လေတော့သည်။

ထိုအခါ အကျွန်ုပ်က -

"ကျွန်တော့်ကိစ္စက ငွေနဲ့ဖြေရှင်းမယ့်ကိစ္စလည်းမဟုတ်ဘူး။ လူစားထိုးလို့လည်းမရဘူးဗျာ။ ရှင်းရှင်းပြောရရင် ကျွန်တော့်မိတ်ဆွေ သရဲတစ္ဆေကို သွားရှာဖွေမယ့်ကိစ္စဗျာ"

ဟု ပြောလိုက်သောအခါ သရဲခြောက်ခံနေရသော လင်မယားသည်များစွာတုန်လှုပ်ချောက်ချားသွားလေ၏။ အကျွန်ုပ်ကိုပင် အောက်လမ်းဆရာကဲ့သို့ ထင်မှတ်သွားပုံရ၏။

'ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး' ပမာကဲ့သို့ အကျွန်ုပ်အား ကြောက်လန့်သောမျက်နှာများဖြင့် ကြည့်နေ၏။

ထိုအခါ အကျွန်ုပ်က -

"ကျွန်တော့်စကားကြောင့် ခင်ဗျားတို့ ကျွန်တော့်ကို အောက်လမ်းဆရာလို့



ထင်သွားရင်မှားလိမ့်မယ်။ ကျွန်တော့် မိတ်ဆွေ သရဲတစ္ဆေဆိုတာက လူဘဝတုန်းက ငယ်သူငယ်ချင်းဗျာ။ သူနာမည်က ကိုကျော်မြင့်လို့ ခေါ်တယ်။ ကားဆရာဘဝဖြင့် ဆိပ်ပြဿ စလင်း၊ မကွေးဒေသစုံ၊ ကားစုံမောင်းနေရင်း အသည်းရောင်အသားဝါရောဝါနဲ့ ဆုံးပါးသွားတာပါ။ စိတ်ထားသိပ်ကောင်းတဲ့သူပါ။ ကျွန်တော်မြစ်အနောက်ဘက်ကို မကျွပ်ဆင်သွားရင်း မမျှော်လင့်ဘဲ သရဲဘဝနဲ့ ပြန်တွေ့ခဲ့ရလို့။ အခု နောက်ထပ် သူ့ကို ပြန်ရှာပြီး သူ့အတွက် ကုသိုလ်ကောင်းမှုပြုပေးဖို့ပါ။ သရဲမွေးဖို့ သရဲသွားရှာမယ့် အောက်လမ်းဆရာမဟုတ်ပါဘူးဗျာ"

ဟု အကျွန်ုပ်လည်း သရဲမိတ်ဆွေအကြောင်းအားပြည့်စုံစွာ ပြောပြလေတော့သည်။

(အနုစိတ်သိလိုလျှင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလထုတ်၊ သူရဇ္ဈမဂ္ဂဇင်း၌ လကွယ်နေ့နှင့် တစ္ဆေပြောသော ပီယဆေး စာမူ၌ကြည့်ပါ။)

အထက်ပါအတိုင်း အကျွန်ုပ်သည် ဘဝဖြစ်စဉ်အား ရှည်လျားစွာ ဖြေရှင်းပြသောအခါ သရဲခြောက်ခံရသောလင်မယားလည်း အကျွန်ုပ်အပေါ် ပြန်လည်၍ ယုံကြည်လာလေ၏။

ထိုအခါ အမျိုးသမီးက -

"ဆရာ့ကို အထင်လွဲမှားမိတာ ခွင့်လွှတ်ပါဆရာ။ ကျွန်မတို့အိမ်က သရဲအမြန်ပြေးအောင်သာစီရင်ပေးပါ ဆရာ"

အကျွန်ုပ်က -

"ကဲ - ဒါဆိုရင် အိမ်ဝိုင်းထဲကမိစ္ဆာများနဲ့မသန့်သောပစ္စည်းများဖယ်ရှားပေးတဲ့ဆီမီးတိုင်ပေးလိုက်မယ်။ ပထမဆုံး ဒီည အိမ်ရောက်ရင် အိမ်ထဲက လျှပ်စစ်မီးအားလုံးပိတ်ပြီး ဒီမီးတိုင်ကိုသာ မီးထွန်းလိုက်ပါ။ အဲဒီသရဲမီးတိုင်ရဲ့အလင်းကိုမခံနိုင်ဘူး။ ဘာမှမခက်ပါဘူး။ ကြောက်လည်းမကြောက်နဲ့တော့"

ဤသို့ဖြင့် အကျွန်ုပ်က အားပေးစကားပြောလိုက်ပါသည်။

ထိုအခါ၌ အမျိုးသားက -

"ဆရာပေးတဲ့ဆီမီးတိုင်ကို ဘယ်ပုံဘယ်နေရာထွန်းရတာလဲဆရာ"

အကျွန်ုပ်က -

"သရဲပြေးအင်းရုပ်ဖော်ဆီမီးတိုင် ထွန်းနည်းက သပိတ်တစ်လုံးကိုမှောက်ပြီး သပိတ်ဖင်ပေါ် မီးထွန်းရတာ။ သပိတ်အဟောင်းတစ်လုံးကို ဘုန်းကြီးကျောင်းသွားတောင်းရင် ရပါတယ်။ မီးထွန်းတဲ့အခါ သပိတ်နှုတ်ခမ်းနဲ့ မြေကြီးမထိအောင် သပိတ်အောက်က အုတ်ခဲ (၃) လုံးခံပြီး ထွန်းရတယ်ဗျာ"

(ပုံစံကြည့်ပါ။)

မီးထွန်းသောအခါ သပိတ်အောက်၌ မည်းမှောင်နေပြီး အိမ်ဝိုင်းမြေ၌ မီးရောင်လင်းနေမည်။

ထိုအခါ ၎င်းသပိတ်အောက်သို့ မိမိဝိုင်းမြေအတွင်း၌ရှိသော မသန့်သောရုပ်အင်း၊ နှံအင်းများနှင့် သွေး၊ အရိုးများ၊ ပစ္စည်းများရောက်ရှိလာမည်။ညသန်းခေါင်ယံအချိန်၌ မီးခြား၊ အခြားအလင်းရောင်များလုံးဝမထွန်းနှင့်။ နံနက်သောအခါ သပိတ်အောက်သို့ကြည့်က လက်တွေ့ မိမိကိုယ်တိုင်မြင်သိနိုင်၏။ မိမိလက်နှင့် လုံးဝမကိုင်နှင့်။ ဂေါ်ပြားနှင့် ကောက်၍ ဝိုင်းအပြင်သို့ထုတ်၍ မီးရှို့ပါလေ။

ထို့နောက် မကောင်းမိစ္ဆာဟူသမျှ အိမ်ဝိုင်းမြေထဲက လက်တွေ့ဖယ်ရှားနိုင်သော ဆီမီးတိုင်ပြုလုပ်နည်းအား အနုစိတ် ရှင်းပြ၍ စီရင်ပြုလုပ်ပေးလိုက်ပါတော့သည်။

နောက်အခါ၌ မိမိအိမ်ဝိုင်းမြေထဲ၌ မကောင်းမိစ္ဆာများ၏ရုပ်မြှုပ်၊ အင်းမြှုပ်၊ ပစ္စည်းမြှုပ်များကို ဖယ်ရှားနည်းနေးသားဖော်ပြပေးပါမည်။

အကျွန်ုပ်တို့အဖို့ မွန်းလွဲချိန်ကျပြီး နောက်၌သာ ဆိပ်ဖြူ ချင်တောင်ရွာဆီသို့ခရီးထွက်နိုင်ရတော့၏။ အေးမြသောတပို့တွဲလ ဆောင်းညနေချမ်းကာလ၌ သာယာကြည်နူးဖွယ်ကောင်းလှပေသည်။ လောကီ၊လောကုတ္တရာနှစ်ဖြာအကျိုးထူးစေသော အဓိဋ္ဌာန်ကျင့်စဉ်များ ပွားများအားထုတ်ရန်အတွက် အကျွန်ုပ်တို့ ပြီးခဲ့ကြလေတော့သည်။

ပန်းချီတင်အောင်မိုး(ချောက်)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သမိန်ထောရွာကြီးက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ ရွာကြီးဆိုပေမယ့် အိမ်ခြေ (၁၀၀၀၀) ကျော်ရှိလို့ တောမြို့ကလေးဆိုရင်လည်း မမှားပါဘူး။ အလွန်စည်ကားပြီး လယ်ယာစိုက်ခင်းတွေဝိုင်းနေလို့ အလွန်သာယာပြီး စပါးဆန်ရေပေါကြွယ်ဝတဲ့ ရွာကြီးပါ။ ဆန်စပါးအပြင် ဆီထွက်သီးနှံနဲ့ ရာသီပေါ် သီးနှံတွေလည်း ထွက်ရှိပါသေးတယ်။

ကျွန်တော်တို့ရွာဦးမှာ ဦးပညာဝံသရဲ့ရှေးဟောင်းကျောင်းကြီးရှိပြီး ကြာမျိုးစုံလင်တဲ့ ရေကန်ကြီးလည်းရှိပါတယ်။ ရွာအတွက် အားထားရတဲ့ သောက်ရေကန်၊ သုံးရေကန်ကြီးလည်းရှိပါတယ်။ ရွာအတွက် အားထားရတဲ့ သောက်ရေကန်၊ သုံးရေကန်ကြီးပေါ့။ မိုးကာလနဲ့ ဆောင်းကာလမှာ ရေခပ်များလို့ မနက်ပိုင်း တစ်တောင်လျော့လျှင် ညနေပိုင်း တစ်တောင်ပြန်တိုးတယ်။ ကန်ထဲမှာ ငါးမျိုးစုံနဲ့ ကလေးတစ်ရပ်လောက်ရှိတဲ့ ကျွဲငါးပတ်ကြီးတွေ မြူးထူးပျော်ပါးကြတာ မြင်နေရတယ်။ ဘေးမဲ့ကန်ကြီးဖြစ်လို့ ဆရာတော်က ငါးဖမ်းဆီးခွင့်မပြုပါဘူး။ ငှက်မျိုးစုံ၊ ရေစွတ်လီ၊ ရေဝမ်းဘဲ၊ ကြာဖက်၊ တို့ငှက်တွေမြူးထူးပျော်ပါးကြတယ်။ ကန်ပေါင်ပေါ် မှာတော့ဖြင့် အဓိကရုမန်ကျည်းပင်ကြီးတွေနဲ့ မြန်မာကုက္ကိုပင်၊ ညောင်ချဉ်ပင်ကြီးတွေရှိတယ်။ သမိန်ထောရွာကြီးကို မွန်မင်းသမီးက တည်ထားခဲ့ပြီး ဆုတောင်းပြည့်စေတီတစ်ဆူ၊ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းနဲ့ သောက်ရေကန်ကြီးကို တူးဖော်တည်ဆောက်ခဲ့တာလို့လည်း အဆိုရှိပါတယ်။

ရှေးဟောင်းကျောင်းကြီးက ကျွန်းသားနဲ့တည်ဆောက်ခဲ့ပြီး တိုင်တစ်လုံးကို လူကြီးတစ်ဖက်စာခန့်ရှိပါတယ်။ ဒေါ်ဟာအဆက်ဆက်ပြုပြင်ခဲ့လို့ ရှေးဟောင်းကျောင်းကြီးဖြစ်ပေမယ့် ခိုင်ခံ့တည်ငြိမ်၊ ယိုးဒယားပန်းတွေနဲ့ ဘုံဆောဆင်ထားတာ မူလလက်ရာအပျက်သေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ထောင်မျူးကြီးသိန်းဝင်း

တိုပြန်မေတ္တာ

သွပ်မိုးကိုတော့လဲရတာပေါ့။ ကျောင်းထိုင်ဆရာတော်အစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ရပ်ရွာကလည်း ချမ်းသာကြွယ်ဝတော့ နောက်ခံတောတန်းစိမ်းစိမ်းနဲ့ ရွေးဟောင်းကျောင်းတော်ကြီး၊ ရွှေရောင်ဝင်းနေတဲ့ စေတီတော်ကလေးနဲ့ ကြာကန်ကြီးက အလွန်လိုက်ဖက်တင့်တယ်သာယာလှပါတယ်။ ရွာလယ်မှာတော့ အဓိကရညောင်ပင်ကြီးတွေနဲ့ ဈေးတန်းရှိပါတယ်။

ကျွန်တော်က အလယ်တန်းကျောင်းသား။ အသက် (၁၂) နှစ်ရှိပြီ။ မိဘတွေက လယ်လယ်ယာတွေနဲ့ ရာသီ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်တော့လည်း ရေချိုးပြီး ညစာစား၊ စာကြည့်စားပွဲထိုင်တော့မှ ကြေးပုရိုက်ကလေးကို အမှတ်ရမိတော့တယ်။

ဒါနဲ့ပဲ မီးမှန်အိမ်ကို မီးစာမြှင့်ပြီး ဖတ်ကြည့်တော့ -

'ထိုက်တန်သူများရစေသတည်း။

ကျွန်ုပ် မွန်မင်းသမီး သီရိစန္ဒာသည် အင်းဝနေပြည်တော်မှ စစ်သူကြီး တစ်ဦး၏ဇနီး ဖြစ်သည်။ အင်းဝပျက်တော့ စစ်ဘေးရန်ရှောင်ရှားရင်း အောက်ပြည်အောက်ရွာသို့ ရံရွေတော်တစ်စုနှင့် ရောက်ခဲ့ကြပြီး ဤသမိန်ထောရွာကို တည်ထောင်ကာ အခြေချခဲ့သည်။ ရွာဦးကျောင်း ဆုတောင်းပြည့်စေတီတော်နှင့် သောက်ရေကန်ကြီးကို အဓိဋ္ဌာန်ဖြင့် တည်ဆောက်လှူတမ်းခဲ့ခြင်း ဖြစ်သည်။ ပို့လျှသော ရွှေငွေရတနာများကိုတော့ ဆုတောင်းပြည့် စေတီတော်အနီးတွင် မြှုပ်နှံထားခဲ့သည်။ ကဆုန်လပြည့်နေ့ည (၁၀) နာရီအချိန် ဆုတောင်းပြည့်စေတီတော်၏ စိန်ဖူးတော်ထိပ် အရိပ်ကျရာ နေရာတွင် တစ်ဦးတည်းတူးပါလေ။ ထိုက်တန်သူရစေသတည်း။

မွန်မင်းသမီးသီရိစန္ဒာ'

နာရီကိုကြည့်မိတော့ ည (၉)နာရီ ထိုးလုပြီ။ ကျွန်တော်လိုအပ်သည်များကို အလျင်အမြန်ပြင်ဆင်ရလေတော့သည်။ ယနေ့ညက ကဆုန်လပြည့်ည တောင်ပေါ် ဆုတောင်းပြည့်ဘုရားတွင် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူသူများက ည (၉) နာရီ ခန့်အထိရှိနေပေဦးမည်။ ကျွန်တော် အိမ်မှတိတ်တဆိတ်ထွက်ခွာလာခဲ့သည်။ ကိုင်းခုတ်ဓားနှင့် တူးရွင်းတစ်ချောင်း၊ လက်နှိပ်မီးတစ်လက်၊ သောက်ရေတစ်ဘူးနှင့် လွယ်အိတ်တစ်လုံးသာပါလာခဲ့သည်။

ဆုတောင်းပြည့်ဘုရားတောင်ပေါ်ရောက်တော့ ည (၉) နာရီကျော်ချေပြီ။ လပြည့်ည လမင်းကြီးက ထိန်ထိန်သာနေသည်။ တောင်ကင်တွင် မိုးဦးကာလဖြစ်သော်လည်း တိမ်များကင်းစင်နေသည်။ ဆုတောင်းပြည့်ဘုရားပုရိုဝဏ်အတွင်း လူရှင်းနေသော်လည်း ဆီမီးပူဇော်လက်ကျန်များက မငြိမ်းသေး။ ပန်းရနံ့များက သင်းပျံ့နေသည်။ တိုးလေအေးကလေးတဖြူးဖြူးတွင် စေတီတော်၏ဆည်းလည်းသံကလေးများတချွင်ချွင်က စိတ်ကိုကြည်နူးစေသည်။ ကျွန်တော် ဆုတောင်းပြည့် စေတီတော်အား ပေါ်သီးနှံစိုက်ပျိုးကြလို့ ချမ်းသာကြွယ်ဝကြပါတယ်။ ကျွန်တော်ကတော့ ကျောင်းမတတ်မီ မနက်စောစော ရွာလယ်က စေ့းတန်းမှာ အမွှေးတိုင်၊ ဖယောင်းတိုင် ရောင်းပါတယ်။ ကျွန်တော့်ဆိုင်အနီးမှာ အဓိကရ ညောင်ပင်ကြီးရှိပြီး ဆုတောင်းပြည့်လို့ အရပ်တကာနယ်တကာက ဧည့်သည်တွေလာကြပြီး လိုအပ်တဲ့ဆုပန်ကြလို့ ကျွန်တော့်အတွက် အမွှေးတိုင်၊ ဖယောင်းတိုင်အပြင် ပန်းမျိုးစုံလည်း ရောင်းရတော့ တစ်ဖက်တစ်လမ်းက မိသားစုဝင်တွေကို ရှာဖွေပေးနိုင်ပါတယ်။

ကျွန်တော်နေ့လယ် (၁၂) နာရီ ကျောင်းတက်ရတော့ အမေကကူရောင်းပေးပါတယ်။ ညနေကျတော့ အမေက ချက်ပြုတ်စရာသားငါးတွေဝယ်ပြီး ဆိုင်သိမ်းတာပေါ့။ အသီးအနှံတွေကတော့ ခြံထွက်ဖြစ်လို့ ဝယ်စရာမလိုပါဘူး။ ရောင်းရတဲ့ပန်းတွေကလည်း ခြံထွက်တွေမို့ အလွန်လတ်ဆတ်ပါတယ်။

ကျွန်တော် မနက်ခင်း ဆိုင်ဖွင့်တာနဲ့ ပထမဆုံးလုပ်ရတာက အနီးရှိ ညောင်ပင်ကြီးက မွန်မင်းသမီးနတ်ကွန်းကိုရေချမ်းကပ်၊ ပန်းလဲ၊ အမွှေးတိုင်ထွန်းပူဇော်ဆုတောင်းရတာက အဓိကအလုပ်ပါ။ ညောင်ပင်ကြီးနဲ့ နတ်ကွန်းကို ဆုတောင်းပြည့်လို့ ယုံကြည်ကြသူများက ရွှေပြန်းချထားတာ ဝင်းထိန်နေတာပါပဲ။ ကျွန်တော်ကတော့ နေ့စဉ်ယုံကြည်မှုနဲ့ ဆုတောင်းလို့ထင်ပါရဲ့ စေ့းအရောင်းအဝယ်အလွန်ကောင်းတယ်။ ကျွန်တော့်လို ပန်းရောင်းချကြသူတွေရှိကြပေမယ့် ကျွန်တော့်လောက်ရောင်းမကောင်းကြပါဘူး။ နေ့စဉ် ရေချမ်းကပ်၊ ပန်းကပ်၊ အမွှေးတိုင်၊ ဖယောင်းတိုင်တွေနဲ့ ပူဇော်လို့လားမသိပါဘူး။ ကျွန်တော့်ကို မွန်မင်းသမီးက မျက်နှာလိုက်ပြီး အကျိုးပြုဟန်တူပါတယ်။ တခြားသူတွေလည်း ကျွန်တော့်အတုယူပြီး လိုက်လုပ်ကြပေမယ့် ကျွန်တော့်လောက်ရောင်းမကောင်းကြပါဘူး။

နွေရာသီရောက်တော့ ကြာကန်ကြီးရေခန်းလာတယ်။ ဒါပေမယ့် သောက်ရေကတော့ ရပါသေးတယ်။ ရေအကုန်ခန်းသွားတာမဟုတ်ပါဘူး။ ထူးဆန်းတာကတော့ အဲဒီအချိန်ကျရင် ကန်ကြီးထဲမှာ ငါးမျိုးစုံကိုမတွေ့ရတော့တဲ့အပြင် လှပ်ရှားမြူးထူးခုန်ပေါက်နေတတ်တဲ့ ကျွဲငါးပတ်ကြီးကိုလည်း မမြင်ရတော့ပါဘူး။ ကန်ရေပြင်ဟာ ငြိမ်သက်နေတယ်။ ငှက်မျိုးစုံလည်းမလာတော့ဘူး။ ကန်ပေါင်မှာပေါက်တဲ့လက်ပံပင်ကြီးက အပွင့်နီနီရဲရဲတွေကိုတော့ ကျီးကန်းနဲ့ တောဆရက်အုပ်တွေ ဆူညံစွာ ကျက်စား မြူးထူးပျော်ပါးကြပါတယ်။ တစ်မျိုးတစ်ဘာသာဆန်းသစ်ပြီး သာယာလှပတဲ့မြင်ကွင်းပါပဲ။ သစ်ရွက်ကြွေချိန်လေတွေတိုက်တော့ ဝမ်းနည်းသလိုလိုတော့ ခံစားမိတယ်။ သင်္ကြန်အပြီး မိုးဦးကျတာနဲ့ ကန်ထဲကို ငါးမျိုးစုံနဲ့ ငှက်မျိုးစုံတွေ ပြန်ရောက်လာတာပဲ။ ညှိုးလျော့နေတဲ့ ကြာပန်းမျိုးစုံကလည်း ဝေဝေဆာဆာပွင့်လန်းလာတယ်။

ရွာပတ်ဝန်းကျင်က လယ်ကွင်းတွေစိမ်းလန်းလာပြီ ရိုးဖြတ်စုန်ဆင်းရာ တောရနံ့တောင်ရနံ့သင်းပျံ့လာပြန်တယ်။ ကျွန်တော်ကတော့ မိုးရာသီကိုအကြိုက်ဆုံးပဲ။ မိုးရွာရေစိုပေမယ့် ပတ်ဝန်းကျင်သဘာဝတစ်ခွင်လုံး စိမ်လန်းသာယာနေပြီး မိုးရာသီမှာ အသီးအနှံနဲ့ သားငါးတောထွက်စားစရာပေါလို့ပါပဲ။

ကဆုန်လမှာတော့ ညောင်ရေသွန်းပွဲတော်ကျင်းပလို့ ကျွန်တော်မှီခိုနေတဲ့ ညောင်ပင်ကြီးပတ်ဝန်းကျင်ဟာ အလွန်စည်ကားတယ်။ ညောင်ပင်ကြီးကို အုတ်ရိုးပတ်ကာရံထားလို့ ညောင်ရေလောင်းကြတာနဲ့ ရေတွေပြည့်လျှံပြီး ပတ်ဝန်းကျင်မှာ ညစ်ပတ်ပေကျံကုန်တယ်။ အဲဒါတွေ အမှိုက်တွေကို ညနေစောင်းမှာ ရှင်းလင်းသုတ်သင်ရတာကတော့ ကျွန်တော်တစ်ဦးတည်းပါပဲ။ အဲဒီလပြည့်နေ့ဟာ စေ့းရောင်းအလွန်ကောင်းပေမယ့် ညောင်ရေသွန်းသူတွေပြန်သွားမှ သန့်ရှင်းရေးလုပ်ရတဲ့ကျွန်တော့်မှာတော့ မိုးကြိုးစုံးချုပ်မှ အိမ်ပြန်ရမြဲပါပဲ။

■

အဲဒီညကတော့ ထူးခြားတယ်ဗျ။ ကျွန်တော် ညောင်ပင်ရင်းကိုရှင်းလင်းပြီး အမှတ်မဲ့ နတ်ကွန်းကိုလှမ်းကြည့်မိတော့ ဖယောင်းတိုင်မီးရောင်နဲ့ တလက်လက်တောက်ပနေတဲ့ ကြေးပုရိုက်တစ်ချပ်ကို တွေ့ရတယ်။ ရွှေဝါရောင်တောက်နေတဲ့ပုရိုက်ပေါ်မှာ ရွေးဟောင်းလက်ရေးနဲ့ ရေးထားတဲ့စာတွေကို တွေ့ရတယ်။ မှေးမှိန်နေလို့ လေတိုက်လို့ ယိမ်းထိုးနေတဲ့ ဖယောင်းတိုင်မီးအလင်းရောင်နဲ့ဖတ်လို့မရဘူး။ ဒါနဲ့ ကျွန်တော်လည်း ကြေးပုရိုက်ကလေးကို လွယ်အိတ်ထဲထည့် ဆိုင်သိမ်းပြီး အိမ်ပြန်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

လွယ်အိတ်ထဲတွင် အသင့်ပါလာသည့် အမွေးတိုင်နှင့် ဖယောင်းတိုင်များထွန်းညှိ ပူဇော်ပြီး ဝေနေယျသတ္တဝါအပေါင်းနှင့် တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် စေတီတော်ဒါယိကာမ မွန်မင်းသမီးအား ရည်စူးပြီး မေတ္တာပို့ အမျှဝေဆုတောင်းသည်။

အချိန်က (၉း၄၅) နာရီခန့်ရှိပြီဖြစ်ကြောင်း ကျွန်တော်၏ လက်ပတ်နာရီကလေးက ညွှန်ပြနေသည်။ စေတီတော်ကလေး၏ စိန်ဖူးတော်ထိပ်အရိပ်မှာ ဘုရားတံတိုင်းအပြင်ဘက် မြရာပင်ချုံကလေးများပေါ် သို့ ကျရောက်နေသည်။ ည (၁၀) နာရီထိုးရန် (၁၅) မိနစ်ခန့်စောင့်ရဦးမည်ဖြစ်သဖြင့် ကျွန်တော် ည သဘာဝပတ်ဝန်းကျင် အလှအပကိုခံစားရင်းနာရီကိုသာ မကြာခဏကြည့်နေမိသည်။ အချိန်နှင့်အမျှ စိန်ဖူးတော်အရိပ်ဘ ရွေ့လျားနေသည်။ ပတ်ဝန်းကျင်ကတိတ်ဆိတ်ငြိမ်သက်လွန်းနေလေသည်။ အဝေးဆီမှပုရစ်အော်သံများကိုပါကြားရပြီး အခြားဘာသံကိုမှမကြားရ။ ရွာတွင်း၌လည်း လူငယ်အိပ်ချိန်ကျော်လွန်ပြီး သူကြီးခေါင်းချချိန်နီးပြီ ဖြစ်သည်။

ည (၁၀) ခန့်အချိန်တွင် ရွာဦးကျောင်းက တုံးမောင်းခေါက်သံကြားရပြီး ခွေးများအူကြသည်။ ညဘက်ထွက်သော ဇီးကွက်ငှက်များ၏ တကွပ်ကွပ်အော်သံများကိုကြားရသည်။ ကျွန်တော့် လက်မှနာရီလေးကလည်း ည(၁၀)နာရီတိတိကို ညွှန်ပြနေချေပြီ။ ဆုတောင်းပြည့်စေတီတော်ကလေးက (၉) တောင်သာရှိ၍ စိန်ဖူးတော်အရိပ်မှာ ကျွန်တော်နှင့်မဝေးလှပါ။ ကျွန်တော် နေရာမှ အလျင်အမြန်ထလိုက်သည်။

စိန်ဖူးတော်ထိပ်၏အရိပ်က မြရာချုံကိုလွှမ်း၍ ကြိမ်ချုံကလေးထဲကျနေသည်။ ကြိမ်ချုံဆိုသည်မှာ ဆူးများပါရှိသောကြောင့် လူများက အနီးသို့မကပ်ကြပါ။ ကျွန်တော် ချက်ချင်း အသင့်ပါလာသော ကိုင်းခုတ်ဓားဖြင့် ကြိမ်ချုံအား အမြန်ရှင်းလင်းရာ အပေါ်ပိုင်းတွင်ခုတ်ထွင်ရလွယ်ကူသော်လည်း အောက်ခြေအားရှင်းလင်းတော့ ကိုင်းခုတ်ဓားသွားခွင်ခန်မြည်ပြီးမီးပွင့်သွားသည်။ အမာခံပစ္စည်းတစ်ခုနှင့်ခိုက်မိခြင်း ဖြစ်သည်။ ကျွန်တော်အသင့်ပါလာသော လက်နှိပ်ဓာတ်မီးကလေးဖြင့်ထိုးကြည့်လိုက်တော့ အခိုင်အမာစိုက်ထူထားသော ကျောက်ဂုတ်ကလေးတစ်ခုကို တွေ့ရသည်။ မြေပေါ်တွင် (၆)လက်မခန့်သာပေါ်နေခြင်း

ဖြစ်သည်။ မွန်မင်းသမီး၏အမှတ်အသားနေရာမှန်ပြီဟု ကျွန်တော်ယုံဆမိသည်။

ထို့ကြောင့် ကျောက်ဂုပ်ကလေးပတ်လည်မှ ကြိမ်ငုတ်များအား တူးရွင်းဖြင့် အသာအယာ ရှင်းလင်းရသည်။ ပင်ခြေတွင် ဆူးများကပိုများသည်။ ကြိမ်ဆူးများမှာအဆိပ်ရှိသည်။ စူးမိပါက အသားတွင်ကျိုးကျန်နေတတ်ပြီး ဒဏ်ရာအနာက အတော်ဖြင့်မပျောက်တတ်ပါ။ ထို့ကြောင့် မှောင်ကြီးမည်းမည်းတွင် အလွန်သတိထားရသည်။ ကြိမ်ချုံအမြစ်များရှင်းလင်းပြီးတော့ ကျွန်တော် ကျောက်အုတ်ကလေးအံရင်းကို စတင်တူးဆွသည်။ ဂဝံမြေဖြစ်၍ အတော်မာသည် ညချမ်းခိုချိန် ခါဖြစ်သော်လည်း ချွေးတဒီးဒီးကျလာသည်။ အတွင်းသို့ တစ်တောင်ခန့်တူးမိမှ ကျောက်ဂုတ်ကလေးလှုပ်လာသဖြင့် ကျွန်တော်နှိပြီး တဖြည်းဖြည်းဆွဲနုတ်ရသည်။

ကျောက်ဂုတ်ကလေးကျွတ်သွားမှ တွင်းကိုချဲ့ပြီးဝိုက်၍တူးရသည်။ အထဲမှ ပစ္စည်းကိုမထိခိုက်စေရန် ဖြစ်သည်။ အမည်းရောင်စဉ့်အိုးလေး၏ နှုတ်ခမ်းဝပေါ် လာသည်။ကျွန်တော်စိတ်ရှည်လက်ရှည်ချော့၍ တူးဆွနေစဉ် ခေါင်းပေါ်မှ ညှင်းကိုတစ်ကောင်ဂစ်ဟုန်မြည်ကာ အနီးကုပ်ပျံသွားပြီး ဆုတောင်းပြည့်စေတီလေးဘက်မှ အိမ်မြှောင်စုတ်ထိုးသံနှင့် တောက်တဲ့တစ်ကောင်၏ အော်မြည်သံကိုကြားရသည်။ လေပြင်းတိုက်ခတ်လာပြီး စေတီတော်၏ ဆည်းလည်းသံလေးကိုလည်း ကြားလိုက်ရသည်။ ကျွန်တော် အောင်မြင်၍ ကောင်းချီးပေးဟန်တူပါသည်။

ကျွန်တော် အသာအယာတူး၍ စဉ့်အိုးမည်းကလေးကိုဖော်လိုက်တော့ အစိတ်သားခန့် စဉ့်အိုးကလေးဖြစ်သည်။ နှုတ်ခမ်းဝတွင် ပျားဖယောင်းဖြင့် ဖော်မံပြီးပိတ်ထား၏။ နှစ်ရှည်စွာလုံခြုံအောင် စီမံဆောင်ရွက်ထားပုံရပါသည်။ ည (၁၀) နာရီထိုးကတည်းက ကျွန်တော် တစ်ဦးတည်း ကြိမ်ချုံအားခုတ်ထွင်ရှင်းလင်းပြီး ကျောက်ဂုတ်ကိုဇောနှင့်တူးဖော်ရသဖြင့် ချွေးသံတရွှဲရွှဲဖြင့် ယခုမှ နားရတော့သည်။ နာရီကလေးကို ငဲ့ကြည့်မိတော့ ညဉ့်သန်းခေါင် (၁၂) နာရီထိုးတော့မည်။ လမွန်းတည့်နေပြီ။ ယခုမှကြောက်ရကောင်းမှန်းသိတော့သည်။ ချွေးများကို လွယ်အိတ်လွယ်ကြိုးဖြင့်သုတ်ပြီး စဉ့်အိုးမည်းကလေးကိုလွယ်အိတ်ကလေးထဲထည့်ပြီးနောက် စေတီတော်အား ဦးသုံးကြိမ်ချ၍ နတ်၊ လူ၊ ငြဟ္မာ သတ္တဝါအပေါင်းအား မေတ္တာပို့၍ အမျှဝေသည်။ မွန်မင်းသမီးအား ကျေးဇူးတင်ကြောင်းမေတ္တာပို့ဆုတောင်းပြီး တစ်ချိုးတည်းလစ်ခဲ့တော့သည်။ လပြည့်ညဖြစ်၍ တော်ပါသေးသည်။ ပတ်ဝန်းကျင်ကို မြင်နေရသည်။

အဝေးတောတန်းဆီမှ မျောက်အော်သံ၊ ခွေတောက်သံများကို ကြားလာရသည်။ ပုစဉ်းရင်ကွဲများက တစိစိအော်လာသည်။ လေပြည်ကလေးတစ်ချက်အသုတ်တွင် စေတီတော်ကလေး၏ထီးတော်မှဆည်းလည်းသံကလေးများကို တချွင်ချွင်ကြားလာရသည်။ တောင်ပေါ်မှဆင်း၍ လာရာလမ်းအတိုင်း သမိန်ထောရွာကြီးဆီသို့ သုတ်ခြေတင်၍ပြန်ခဲ့တော့သည်။ ရွာထိပ်တွင် ကင်းစောင့်သူများရှိသောကြောင့် ရွာထိပ်ကမဝင်တော့ဘဲ ရွာကိုပတ်၍ လယ်ကွင်းကိုဖြတ်ပြီး ကျွန်တော်တို့အိမ်ဝိုင်းရှိရာသို့လှမ်းခဲ့၏။ ခြံအနောက်ဘက်စည်းရိုးတွင် ကျွန်တော် ဖောက်ထားသော မလွယ်ပေါက်ရှိသဖြင့် အသာအယာဝင်ခဲ့သည်။ ကျွန်တော်တို့အိမ်ကြီးမှာ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်ပြီး မိဘများက အပေါ်ထပ်တွင်အိပ်ကြပြီး ကျွန်တော် တစ်ဦးတည်းသာ အောက်ခန်း၌နေသဖြင့် လွတ်လပ်ပါသည်။ အခန်းတံခါးကိုပိတ်၊ မီးမှန်အိမ်ကိုထွန်းညှိပြီး ကျွန်တော်ချွေးစိုနေသော အဝတ်အစားများကိုလဲလှယ်၊ အခန်းထဲ၌အသင့်ဆောင်ထားသော ဖီးကြမ်းဂှက်ပျော်သီး(၂) လုံးစား၍ ရေတဝသောက်လိုက်ရတော့သည်။

အေးဆေးသွားမှ လွယ်အိတ်ထဲက စဉ့်အိုးမည်းကလေးကိုထုတ်သည်။ ပေကျံနေသော မြေမှုန့်များကို အဝတ်စုတ်နှင့် သုတ်သင်ရှင်းလင်းရသည်။ အိုးကလေးကိုဆကြည့်ရာ အတော်ကလေးလေးလံနေသည်။ ဖော်မံထားသောထိပ်ကဖယောင်းကို ဓားသွားချွန်ကလေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ကလော်ကြည့်တော့မရ။အလွန်မာကျော နေသည်။ ထို့ကြောင့် အလယ်ကို ဓား နှောင့်ဖြင့်ရိုက်မှ အက်ကြောင်းများပေါ် လာသဖြင့် ဓားဦးဖြင့်ထိုးဆွဲပြီး ပျား ဖယောင်းများကို ဖယ်ရှားရသည်။ တစစီ ဖယ်ရှားလိုက်တော့မှ အိုးအတွင်း၌ ဆွေး မြည့်နေသည့် အနီရောင်ဇာတ္တိပါအိတ် ကလေးပေါ် လာသည်။ ကတ္တိပါစလေး များကို ဖယ်ရှားလိုက်တော့မှ အထဲတွင် ဝင်းလက်တောက်ပနေသည့်ရွှေဟောင်း ရွှေငွေလက်ဝတ်ရတနာများကို တွေ့ရ တော့သည်။ အဖိုးတန်ကျောက်မျက်များ စီခြယ်ပြုလုပ်ထားသည့် လည်ဆွဲ၊ လက် ကောက်၊ လက်စွပ်များဖြစ်ကြသည့် စုစု ပေါင်းအလေးချိန် (၂၀) ကျပ်သားခန့်ရှိ ပေလိမ့်မည်။ ကျွန်တော် လုံခြုံစွာသိမ်း ဆည်းပြီး ညအိပ်ရာဝင်တော့ နောက် တစ်နေ့မနက် (၂)နာရီခန့်ရှိပြီဖြစ်သည်။

ကျွန်တော် ကောင်းစွာ အိပ်မော်ကျ သွားသည်။ မနက် (၅) နာရီအိပ်ရာက ထနေကျ။ မနက် (၄)နာရီတွင် မနက်စာ ကြော်လော်ချက်ပြုတ်တတ်သော အမေ လာနှိုးမှန်းတော့သည်။

"သားရေ ထတော့ကွယ့်၊ မနက် (၅) နာရီကျော်ပြီ။ အမေပဲပြုတ်ထမင်း ကြော်နဲ့ ငါးရံ့ခြောက်ဆီဆမ်း၊ ရေနွေး ကြမ်းစီစဉ်ထားခဲ့တယ်။ မင်းအဖေလည်း လယ်ထဲဆင်းဖို့ ဓားသောက်ပြင်ဆင်နေ ပြီ။ သား ညက အိပ်ရာဝင်နောက်ကျ တယ်ထင်ပါရဲ့။ နေရောကောင်းရဲ့လား။ ကဲ-အမေသွားမယ်။ သားဆိုင်ခန်းကို ခင်းကျင်းပြင်ဆင်ရဦးမှာ။ -သားစား သောက်ပြီးမှ အေးအေးဆေးဆေးလိုက် ခဲ့ပါ။ အမေသွားနှင့်တော့မယ်"

"နေပါဦး အမေ"

"သားဘာပြောစရာရှိလို့လဲကွယ့်"

ကျွန်တော်ချိတုံချတုံဖြစ်နေသည်။ ရတနာအိုးကိစ္စကို အမေ့အား ဦးဦးဖျား ဖျားပြောချင်နေသော်လည်း ပါးစပ်က ပြောမထွက်။ တစ်ခုခုက ဟန့်တားထား သလိုပင်။

ထို့ကြောင့် -

"အမေ ဆိုင်မခင်းခင် ညောင်ပင် ကြီးကနတ်ကွန်းကို ဖယောင်းတိုင်၊ အမွှေး တိုင်ထွန်းပြီးတော့ ပန်းတွေနဲ့ ဦးဦးဖျား ဖျားပူဇော်ရမယ် အမေရဲ့။ ဒါကြောင့် ခဏစောင့်ပါ။ ကျွန်တော်လည်း အတူ လိုက်ခဲ့ပါ့မယ်"

"ဟဲ့သားရဲ့၊ မင်းမျက်နှာသစ်မယ်၊ အဝတ်လဲမယ်၊ မနက်စာထမင်းကြော် စားမယ်၊ အိမ်သာတက်မှာနဲ့ အတော် ကြာဦးမှာ။ အမေသွားနှင့်ပြီး ဆိုင်ခင်း မယ်။ သားလာမှ ကိုယ်တိုင်ပူဇော်ရင် ကောမဖြစ်ဘူးလားကွယ့်"

"ရတော့ရပါတယ်။ ကျွန်တော်က ဆိုင်မခင်းခင် ဦးဦးဖျားဖျားပူဇော်ချင် လို့ပါ"

"စိတ်ထဲမှာ ဆန္ဒရှိလို့ ရှိသေလေး စားရင်ပြီးတာပါဝါကွယ်။ သားလုပ်စရာ လုပ်ပြီးနောက်ကသာလိုက်ခဲ့ပါ။ အမေ သွားနှင့်တော့မယ်။ သားနဲ့စကားပြော နေရတာနဲ့ ဆိုင်ဖွင့်ချိန်တောင်နောက် ကျနေပြီကွယ့်"

"ဟုတ်ကဲ့ပါ အမေ၊ သားအမြန် ဆုံးလိုက်ခဲ့ပါ့မယ်"

အမေထွက်သွားတော့ ကျွန်တော် ကမန်းကတန်းပြုဖွယ်ရာများကိုဆောင် ရွက်ရတော့သည်။ နာရီဝက်ခန့်အချိန် ကြာသွား၍ အမေကျန်ခဲ့သော အမွှေး တိုင်၊ ဖယောင်းတိုင်ထုပ်များကိုထမ်း၍ အမြန်လိုက်ခဲ့ရပါတော့သည်။

ကျွန်တော် ဆိုင်သို့ရောက်တော့ အမေက ဆိုင်းခင်းပြီးပြီ။ ရောင်းရန်ပန်း မျိုးစုံကိုနေရာချ၍ ပြင်ဆင်နေသည်။ ကျွန်တော် ဦးစွာနတ်စင်မှသောက်တော် ရေများ၊ ပန်းများလဲပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိပြီး ရိုသေစွာ ထိုင်ဝတ်ပြုဆုတောင်းပါသည်။

ထိုစဉ် ကျွန်တော့်နားထဲသို့လား၊ စိတ်ထဲသို့လားမသိ အသံတစ်သံဝင်လာ သည်။

"ငါ့သားအောင်မြင်ပြီပဲ။ ရလာတဲ့ ပစ္စည်းတွေအထဲက သုံးပုံတစ်ပုံကို ဆုတောင်းပြည့်စေတီတော်ကလေးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပြီး အဘွားတို့ကို မေတ္တာပို့၊ အမျှဝေပါ။ ကျန်တဲ့နှစ်ပုံကိုတော့ ငါ့မြေးကြိုက်သလို သုံးပေရော့။ မိဘနဲ့ ဆရာသမားတွေကို တော့ မမေ့နဲ့ကွယ့်။ အမြဲတမ်း ဦးချ ကန်တော့ပါ။ ငါ့မြေးနဲ့ထိုက်တန်လို့ခီးမြှင့် တာပါ။ ကျန်းမာချမ်းသာပြီး ကြီးပွား တိုးတက်ပါစေကွယ်။ အဘွားအမြဲတမ်း စောင့်ရှောက်ကူညီပါ့မယ်"

ကျွန်တော်ဝတ်ပြုအပြီး အမေ့ကို လှမ်းကြည့်တော့ အမေက ဆိုင်ခင်းပြီး ဖြစ်သဖြင့် သူကြိုက်သောသေနပ်ဖက် နှင့်လိပ်ထားပြီး အထဲ၌ဆေးရိုး(၃)ခွဲသား ခင်းပြီးနေလှန်းထားသောဆေးရိုး) ထည့် ထားသော တစ်တောင်ခန့်ရှည်သည့် ဆေးလိပ်ကြီးကို တဖွားဖွားဖွာနေသည်။ ကျွန်တော်ကြားခဲ့ရသောမယ်တော်ကြီး ၏အသံကို ကြားရဟန်မတူပါ။

"ကဲ - အမေပြန်ပါတော့။လယ်ထဲ ဆင်းရဦးမှာမဟုတ်လား။ ကျွန်တော် နတ်ကွန်းပတ်ဝန်းကျင်ကို သန့်ရှင်းရေး လုပ်ပြီးတာနဲ့ ဆိုင်ထိုင်ပြီး စျေးရောင်း နိုင်ပါပြီ"

"အေးအေး-သား၊ ဒါဆို အမေပြန် တော့မယ်။ မင်းအဖေ မနက်စာစား သောက်ပြီး အမေ့ကိုစောင့်နေလောက် ပြီ။ ကဲ - အမေသွားတော့မယ်"

"ဟုတ်ကဲ့ပါ အမေ"

ကျွန်တော် စျေးဆက်ရောင်းရာ မနေ့က လပြည့်နေ့စံချိန်ကိုပင်ကျော် သွားပါတော့သည်။ အလွန်စျေးရောင်း ကောင်းသောနေ့ ဖြစ်ပါသည်။

ထို့ကြောင့်လည်း မယ်တော်ကြီး လမ်းညွှန်သလို မိဘများအားဖွင့်ဟတိုင် ပင်ပြီး ဆရာတော်အား လျှောက်ထား၍ ဆုတောင်းပြည့်စေတီတော်ကလေးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော် ပါသည်။ စေတီတော်အား ရွှေသင်္ကန်း ကပ်လှူခြင်း၊ ဆရာတော်ဘုရားရေစက် ချမင်္ဂလာအခမ်းအနားတွင် ကြွရောက် လာကြသော တရားနာပရိသတ်အား ထမင်းကျွေးခြင်း၊ ဆရာတော်သံဃာ တော်များအား သင်္ကန်းပရိယဏ္ဏရာ အစုံနှင့် ဝတ္ထုငွေများ ကပ်လှူပူဇော်ပြီး မယ်တော်ကြီးနှင့် အခြေအရံများအား မေတ္တာပို့၊ အမျှဝေ ခင်းပေးဝေပါသည်။

ကောင်းသောမင်္ဂလာ အခွံ့ ပြစသည်။

ကျွန်တော်တို့အိမ်ပြန်ရောက်တော့ စိန်ရွှေရတနာများအား မြို့တက်ရောင်းရ ငွေများကို ကျွန်တော် ရေတွက်နေစဉ် အဖေက -

"သားရေ၊ မရေပါနဲ့တော့ကွာ။ ကုန်ချင်သလောက်ကုန်ပါစေ။ ကျွန်တာ အဖေတို့ စားသင့်စားထိုက်တာပေါ့"

ကျွန်တော်ရေတွက်မှုပြီးစီးတော့ မယ်တော်ကြီးပြောသလို သုံးပုံတစ်ပုံ အတိသာကုန်ကျပြီး ကျန်နှစ်ပုံကွက်တိ ကျန်နေပါသေးသည်။ ကျွန်တော်လည်း တိုင်းတာကန့်သတ်၍ လှူဒါန်းခြင်း မဟုတ်ပါ။ ထို့အပြင် အဖေနှင့်ကျွန်တော် မြို့တက် ရွှေရောင်းစဉ်က ကျွန်တော် ကံစမ်းခဲ့သည်။ အောင်ဘာလေထီ (၅) စောင်အနက်မှ တစ်စောင်မှာ (၁၀)သိန်းဆုပေါက်ကြောင်း အကြောင်း ကြားလာခြင်းဖြစ်ပါတော့သည်။

ဒေါ်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com

တောင်တွင်းရွှေပြည်က တစ်ပိုင်တစ်နိုင် ပရဟိတတွဲလက်များ

ဈာန်လင်းထက်(စာပေဗိမာန်ဝတ္ထုရှည်ပထမဆုရ)

တောင်တွင်းကြီးမြို့မှ ရခိုင်ဘုရားကြီး



ရွှေအင်းတောင်ဘုရား

တောင်တွင်းကြီးမြို့ကိုရောက်တော့ နံနက်(၃)နာရီထိုးပြီ ဖြစ်၏။ ဇန်နဝါရီလ ၏ဆောင်းက မြေလတ်ပိုင်းမြို့ကြီးအား သွမ်းခြုံရစ်ပတ်နေ၏။ မြောက်လေအေး ၏သရမ်းမှုကြောင့် နားရွက်ဖျားတွေ အေးစက်လာ၏။ မြို့လယ်အာဇာနည် ပန်းခြံမှာ ခရီးသည်တင်ကားကြီးရပ် သည်။စာပေဟောပြောပွဲဖြစ်မြောက်ရေး ကော်မတီကလာကြို၍ တည်းခိုရာအိမ် သို့လိုက်ပို့ပေးပါသည်။

တောင်တွင်းကြီးမြို့ ဇီဝိတအခမဲ့ ဆေးကုခန်း၏(၇)နှစ်ပြည့်အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်နှင့် စာပေဟောပြော ပွဲသို့ လေ့လာရေးခရီးလိုက်ခဲ့ရန် ပန်းဆိုး တန်းစာအုပ်အဟောင်းတန်းမှ မိတ်ဆွေ ကိုဇော်မိုးကပြောသည်။ သူ၏ ဇော်မိုး စာပေနှင့်အတူ ဇန်ပွင့်စာပေကပါ စာအုပ် အရောင်းဆိုင်များဖွင့်ကြမည်။ ထိုစာပေ မှ သမီးငယ်နှစ်ဦးနှင့်ကလည်း ခင်မင်ရင်း ခဲ့ရှိ၍ ဖြတ်သွားဖြတ်လာသာ ကြုံတွေ့ ခဲ့ရဖူးသော တောင်တွင်းရွှေပြည်သို့ လေ့လာရေးခရီးလိုက်ခဲ့ပါတော့သည်။ တခြားစာအုပ်တိုက်အဖြစ် ရန်အောင် စာပေကလည်း ဆိုင်ဖွင့်သည်။ တချို့ စာအုပ်တိုက်များက တိုက်အနေဖြင့် လိုက်ပါမဖွင့်ကြသော်လည်း စာအုပ်များ ထည့်ပေးလိုက်ကြသည်။

တောင်တွင်းကြီးမြို့ မြို့နယ်ခန်းမ တွင် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ညစဉ် (၂) ရက်ကျင်းပ မည့် စာပေဟောပြောပွဲတွင် ရန်ကုန်မှ စာရေးဆရာမနှစ်ဦးဖြစ်သောဆရာမကျူး နှင့်ဆရာမမသီတာ(စမ်းချောင်း)၊ မန္တလေး မှ ဆရာကျိုဇော်နှင့် ဆရာညိုထွန်းလူတို့ ဖြစ်ကြသည်။

တကယ်တမ်း ကျွန်ုပ်စိတ်ဝင်စားနေ မိသည်က ဟောပြောပွဲကျင်းပမည့်မြို့နယ် ခန်းမအနီးကပ်လျက် အဆောက်အအုံ လေးမှာ ဖွင့်လှစ်ထားရှိသည့် ဇီဝိတ အခမဲ့ဆေးခန်းလေး ဖြစ်သည်။

နံနက်လင်းတော့ မြို့ခံစာပေ ဝါသနာရှင်နှင့် နယ်ခံသတင်းထောက် ဖြစ်သူကို အောင်ကျော်ကျော် လာခေါ် သည်။ ကိုဇော်မိုးမိတ်ဆက်ပေး၍ ကျွန်ုပ် အား သူရဇမဂ္ဂဇင်းမှ ပင်တိုင်စာရေးဆရာ သတင်းစာဆောင်းပါးရှင်အဖြစ် သိရှိ သွားကြသည်။ မြို့ခံကဗျာဆရာလေး ကိုလွင်ကို၏ ရှုမ်းခေါက်ဆွဲဆိုင်သို့ ခေါ် သွားသည်။ ကျန်သည့် လူငယ်နှင့်အတူ ဇန်ပွင့်စာပေမှ သမီးငယ်များကိုဇော်မိုး တို့က ညက ခရီးပန်းလာကြ၍ ဆက်နှပ် နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တွင်းကြီးမြို့ကျောက်သရေဆောင် ရွှေအင်းတောင်ဘုရား

ရွှေအင်းတောင်စေတီမှ တန်ဆောင်းပြာသာဒ်များ



နတ်ဗိုတောရမှ စေတီတစ်ဆူ

ကိုလွင်ကို ရှမ်းခေါက်ဆွဲဆိုင်မှာ မြို့ခံစာပေဝါသနာရှင်များဖြစ်ကြသော စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီနှင့်တွေ့ဆုံရ၏။ မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ်သည် စာပေရေခံမြေခံကောင်းသောဒေသဖြစ်သည်။ တော်ရုံဝမ်းစာ၊သင့်ရုံစာပေအတွေ့အကြုံနှင့်ဝင်သွားလျှင် သွက်သွက်ခါပြီး ရယ်စရာဖြစ်သွားနိုင်၏။

'ပေလေးပေ ရှင်လေးပါး' ဟု အင်းဝခေတ် မြန်မာစာပေတို့၌ ကျော်ကြားသည့် သိုက်ဝင်ရှင်လေးပါးဖြစ်သော မြို့လုလင်ရွာနေ ဦးသောကြာ-ဒေါ်နှင်းဆီတို့၏သား၊ ငယ်မည်မောင်ဥက္ကာ၊ နောင်အခါ ရှင်ဥတ္တမကျော်၊ မြို့လုလင်ရွာနေ ဦးကြည်-အမိနတ်ထိန်းကြီးမယ်ဒွေးတို့၏သား ငယ်နာမည် မောင်ညို၊ နောင်အခါ ရှင်မဟာသီလဝံသ၊ သတို့ထမ်းရွာ မိဘအမည်မသိ ရှင်အုန်းညို၊ မန်ကျည်းယောင်ရွာ မိဘအမည်မသိ ရှင်ခေမာစသည့် မြန်မာ့ဂန္ထဝင်စာပေပညာရှင်ရဟန်းပညာရှိတို့မွေးဖွားရာ မသိမတတ် မရှိမတစ်လုံးကြေ ဉာဏဇေလက်ာရ မဟာခမ္မရာဇာဓိရာဇဂုဏ်တွဲတဆိပ်တော်ရ သာသနာပိုင်ဆရာတော်ခင်ကြီးဖျော်၊ ထို့နောက် အယူဝါဒမည်သို့ပင်ဖြစ်စေ ကျောက်တွင်းအရေးတော်ပုံကြောင့်ထင်ရှားခဲ့သည့် ကမ္ဘာ့အဘိဓမ္မာပညာရှင် ဘာသန္တရပါရဂူ တောင်တွင်းကြီးမြို့ပေလေးပင် နတ်မိုတောရဆရာတော် သျှင်ဥက္ကဋ္ဌ၊ ထို့နောက် ကျွန်ုပ်တို့၏မြင်ဆရာ၊ ကြားဆရာ စာပေလူကြမ်းမင်းသားကြီး တောင်တွင်းမှ ဆရာကြီးဦးအောင်သင်းတို့၏ ဇာတိချက်ကြွေမွေးဖွားရာနယ်မြေဖြစ်သော တောင်တွင်းကြီးနယ်ပါတည်း။

တခြားကျွန်ုပ်မသိသေးသော စာပေပညာရှင်များရှိပါလိမ့်ဦးမည်။ ထို့ကြောင့်ပင် ထိုနယ်ခွဲရောက်တော့ စိတ်ထဲကရွံ့သလိုလိုတော့ရှိသား။

သို့သော် ရှမ်းခေါက်ဆွဲစား၊ လက်ဖက်ရည်သောက်ရင်းက တစေ့တစောင်းအကဲခတ်မိရာမှ စာပေကိုချစ်မြတ်နိုးသူများ စာမဖတ်သူပပျောက်ရေးဟု အသံပြာမတတ်ဟစ်အော်နေရသော ယနေ့ခေတ်မှာ စာဖတ်သောမြို့၊ ပေါ့ပေါ့ပါးပါးနေတတ်ကြသော လူငယ်စိတ်ရင်းစေတနာဖြူစင်မှုများကို တွေ့လာရသောအခါ ကျွန်ုပ်၏အလွမ်းအသားထဲသို့ ကြည်နူးပေျာ်ရွှင်မှုခလေးစားချစ်ခင်မှုတို့သည် စီးဝင်လာကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com

■

မြို့နယ်ခန်းမကြီးဘေး ဇီဝိတအခမဲ့ဆေးခန်းလေးက နံနက် (၉) နာရီကျော်တော့ လူနာတို့တဖွဖွရောက်လာကြ၏။ အသက်အရွယ်ကြီးသူ၊ မကြီးတကြီး၊ ငယ်ရွယ်သူတချို့လည်းပါလာ၏။ ကျွန်ုပ်အား ဆေးခန်းမှာတာဝန်ရှိသော ကဗျာဆရာလေးကိုလွှင့်ကိုက ဆေးခန်းရှေ့စားပွဲခုံမှာ ရေနွေးကြမ်းဓာတ်ဘူး



တောင်တွင်းကြီးမြို့မှ နတ်မိုတောရ



ဆရာဝန်ကြီး ဓေါက်တာသန်းနိုင်

ဇီဝိတဓါတုအခမဲ့ဆေးခန်းလေး

တစ်လုံးနှင့်ချည်နှောင်ထား၏။ ဆေးခန်းမှာ တာဝန်ကျနေသော မိန်းမပျိုနှစ်ဦးက ရောက်လာသော လူနာများအား စာရင်းသွင်းမှတ်တမ်းပြုနေ၏။

လူနာများတဖွဖွစုဝေးရောက်ရှိလာကြသည်။ ဆရာဝန်ကရောက်မလာသေး။ နာတာရှည်ရောဂါပြမည့်သူလည်းပါသည်။ ရာသီဖျားကြောင့် နာရည်ယိုရွဲနေသူလည်းရှိ၏။ အီးစီဂို၊ အာတြာဆောင်းအခမဲ့အရိုက်ခံမည့်သူတွေလည်းပါသည်။ သူတို့ပိုက်ဆံမတတ်နိုင်ကြပါ။ လူနာများ၏မျက်နှာမှာ ယုံကြည်မှုအပြည့်ဖြင့် မျှော်လင့်ချက်ရောင်ခြည်တောက်ပနေကြသည်ကိုတွေ့ရ၏။

ကျွန်ုပ်သည် ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက်သောက်၍ တောင်တွင်းကြီးနံနက်ခင်း၏ အအေးဒဏ်ကိုခုခံရင်း ဆေးခန်းအား မသိမသာလေ့လာနေပါသည်။ မကြာမီ လူငယ်တစ်ဦးနှင့် လူကြီးတစ်ဦး ကားအဖြူလေးစီးပြီး ရောက်လာ၏။ ကိုအောင်ကျော်ကျော်က အိမ်မှာကိစ္စရှိသေး၍ ပြန်သွားပြီဖြစ်သည်။ လူငယ်ဆိုသော်လည်း လူလတ်ပိုင်းသို့ဝင်စအရွယ်ဖြစ်ပြီး လူကြီးမှာ စစ်စိမ်းရောင်စွပ်ကျယ်ချိုင်းပြတ်နှင့်ဦးခေါင်းမှာ အလံဖြူတချို့တစ်ဖက်တင်ထားသော ပုဂ္ဂိုလ် ဖြစ်၏။ သူတို့နှစ်ယောက်က ကျွန်ုပ်ထိုင်နေသောစားပွဲမှာ ဝင်ထိုင်ကြ၏။ ကိုလွင်ကိုမိတ်ဆက်ပေးမှ ဤဆေးခန်းအား စတင်ပြုစုပျိုးထောင်ခဲ့သူ နှစ်ဦးဖြစ်နေမှန်းသိရသည်။ နှစ်ဦးစလုံးမှာ မြို့ခံလုပ်ငန်းရှင်ကြီးတွေဖြစ်၏။ သို့သော် ဟိတ်ဟန်ဝင့်ကြွားပလွှားခြင်းမရှိဘဲ ပြုံးရွှင်ဖော်ရွေစွာ စကားပြောဖြစ်ကြသည်။ ထိုနှစ်ယောက်သည် မာနထောင်လွှားခြင်းမရှိသောသူဌေးများပေတည်း။

မကြာမီ ဆရာဝန်ကြီးတစ်ဦးရောက်လာသည်။ ကျွန်ုပ်ကိုပြုံးပြပြီး ဆေးခန်းထဲဝင်သွား၏။ မှတ်တမ်းပြုနေသော ကလေးမလေးက လူနာတစ်ဦးကို စခေါ်သည်။ မိန်းမကြီးတစ်ဦး ဆရာဝန်အခန်းထဲဝင်သွားသည်။ ခဏနေတော့ ဟောက်သံများထွက်ပေါ်လာ၏။

"ခင်ဗျားတို့တော်တော်ခက်တယ်။ ရောဂါသက်သာလာတာနဲ့ဆေးကိုမှန်မှန်မသောက်ချင်ဘူး။ သွေးတိုး၊ ဆီးချိုသွေးချိုဆိုတာ ရောဂါသက်သာတယ်ဆိုပြီး ပေါ့နေလို့မဖြစ်ဘူး။ ကျုပ်တို့စေတနာကိုလေးစားပါဗျ။ ခင်ဗျားအတွက် ပြောနေရတာ။ ကဲ - ပြဿနာမရှိပါဦး၊ ဘာဖြစ်လို့ဆေးမှန်မှန်မသောက်တာလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဆေးကုန်သွားလို့လား။ ဆေးကုန်ရင် နောက် (၄) လစာ အလကားထပ်ပေးလိုက်မယ်။ ဒီနေ့အလှူရှင်က ကျွေးပဲ သူငယ်ချင်းကိုဌေး သူတစ်သိန်းလှူထားတယ်။ သောက်ဆေးအတွက် လုံလုံလောက်လောက်ပေးလိုက်မယ်”

ဆေးခန်းအတွင်းမှ ဆရာဝန်ကြီး၏ ဆူသံဟောက်သံများကြောင့် ကျွန်ုပ် နည်းနည်းလန့်သွားသည်။

“ဆရာက ဒီလိုပဲ ဆေးမသောက်ရင် အံကြိတ်စိတ်ဆိုးတယ်။ သူလူနာတွေက ဆီးချို၊ သွေးချို၊ နှလုံးရောဂါသမားတွေများတယ်လေ။ အလှူရှင်ဦးဌေးဆိုတာ ဆရာ့ရှေ့မှာထိုင်နေတဲ့ စွပ်ကျယ် ချိုင်းပြတ်နဲ့လူကြီး”

ကားအဖြူကလေးနှင့်ရောက်လာသော လူရွယ်ဖြစ်သည့် ဘဏ္ဍာရေးမှူးကိုစိုးငယ်တာ ရှင်းပြသည်။ ဦးဌေးက တဟဲဟဲရယ်ရင်း ကျွန်ုပ်ကိုပြုံးပြ၏။ ကိုစိုးငယ်က စကားဆက်ပြန်သည်။

“ဒေါက်တာက သမားတော်ဘွဲ့ MRCP PART 2 ကို ဆက်မတက်တော့ဘဲ ဆေးခန်းသံယောဇဉ်နဲ့ပြန်လာတာဗျ”

“ဗျာ. . . ဘယ်လို”

ကျွန်ုပ်သည် အရှေ့အရပ်မှ နေနောက်ထပ်တစ်စင်းထွက်လာသည်ကိုမြင်ရသောသတ္တဝါတစ်ဦးကဲ့သို့ ထိတ်လန့်အံ့သြထူးဆန်းသွား၏။ စည်းစိမ်ဥစ္စာမမက်ဘဲ ပရဟိတစိတ်ကြီးမားသော ဆရာ၏ ကရုဏာတရားကြောင့် စကားပြောတင်းမာပြီး ပြတ်ပြတ်ပြောတတ်သော သူဝသီကို ခွင့်လွှတ်နိုင်လိုက်ပါတော့သည်။

ဇီဝဟာဒါနဆေးခန်း၏ဘဏ္ဍာရေးမှူး ကိုစိုးငယ်ကဆက်ပြောပါသည်။

“ကျွန်တော်တို့ဆေးခန်းလေးဖြစ်ပေါ်လာပုံကလည်း ရယ်ချင်စရာတော့ အကောင်းသား ဆရာရဲ့”

ကျွန်ုပ်က သူ့ကိုမသက်မသာဖြင့် ကြည့်မိပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ရင်ဘတ်ထဲမှာ တိုယိုတာမက်တူးတစ်စီးမက တန်ဖိုးကြီးသောနှလုံးခုန်နှုန်းထိန်းဘက်ထရီကိုတပ်ထားရ၍ ဖြစ်ပါသည်။

ဆေးခန်းလေးဖြစ်ပေါ်လာပုံကား ဤသို့ဖြစ်ပါတော့သည်။

■

တောင်တွင်းကြီးမြို့ကား ရှေးမြို့ဟောင်းဖြစ်၏။ ထိုမြို့ကြီးအား တတိယ

လူနာအား စမ်းသပ်ကုသနေသော ဆရာဝန်ကြီးဦးသန်းနိုင်



ဆေးခန်းအတွင်းမှာ ဆေးဝါးပစ္စည်းစုံစွာနှင့် စေတနာ့ရှင်ဝန်ထမ်းများ



သွေးစစ်ကိရိယာပါ စုံလင်စွာဖြင့်

အကြိမ် ပြန်လည်တည်ထောင်သော မမျိုမဒေသ ကလိုက်ရုံးပြည်ရှင်မင်းသားကြီးသည် သာသနာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၉၂ ခုနှစ်တွင် ယခု တောင်တွင်းကြီးမြို့အား တတိယ အကြိမ်မြောက် တည်ထောင်၏။

နန်းတော်ရာ ရွှေပန္နက်ရိပ်နေစဉ် ကဒူးလူမျိုးတစ်ယောက်သည် တင်းထိမ်ကိုခေါင်းပြီးခြုံ၍ အတောဘူးအားလွယ်ပြီး နွားနက်တစ်ကောင်ကိုစီးလာ၏။

www.burmeseclassic.com

www.burmeseclassic.com

လာရောက်ကြသော လူနာများ

ဆေးခန်း (၇) နှစ်မြောက် စာပေဟောပြောပွဲ



တောင်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ အဖွင့်မိန့်ခွန်းပြောကြားစဉ်

နိမိတ်ဖတ်ကြ၏။)

ထိုကဲ့သို့လူမျိုးသည် ကြောက်အားလန့်အားဖြင့် အရက်ဘူးထိုး ရွေပန္နက်ပေါ်သို့ပစ်ချလိုက်ရာ ပန္နက်ပေါ်အရက်ရည်ဖျန်းသကဲ့သို့ဖြစ်သွားပါတော့သည်။ ထိုအခါ ပညာရှိအမတ်များကမင်းကြီးအား ဤတိုင်းပြည်သည် အစာရေစာပေါများ၍ သောက်စားမူးယစ်ပျော်ပါးသူပေါများအံ့ဟု နိမိတ်ကောက်ကြပါသည်။

ထိုအတိတ်နိမိတ်ကြောင့်လားမသိ ရေခဲမြေခဲကိုက လူမင်းသားတို့ပေါများသည်ကိုတွေ့ရလေ၏။

တစ်ရံရောအခါ တောင်တွင်းကြီးမှ လူလတ်ပိုင်း စီးပွားရေးပြည့်စုံသူ (၄) ဦးသည် သူတို့စုံနေကျ အမေ့အိမ်သေတင်းကုပ်၌ နေဝင်ရိတရောမှာ ဆက်ရက်မင်းစည်းစိမ်အားခံစားကြရင်း ထွေရာလေးပါးပြောဆိုနေကြပါသည်။

ရင်ဘတ်ထဲမှာ နှလုံးစက်တပ်၍ အသက်ရှင်ရှင်တည်နေရသူ လူငယ်တစ်ဦးက သူ့ခံစားချက်အား ဤသို့ရှင်ဖွင့်၏။

"လူတွေဟာတကယ်တမ်းမကျန်းမာတဲ့အခါ ဆေးကုဖို့ငွေမရှိရင် သေမှာပဲကွ"

"ဟုတ်တယ်လေ၊ ဒါကြောင့်လည်း ဆင်းရဲတဲ့သူတွေဟာ ရောဂါဖြစ်လာရင် ဆေးခန်းမသွားနိုင်တော့ ဆေးမြီးတိုနဲ့ ရမ်းမှန်းပြီးကုနေကြတာ"

"ရာသီဖျားက ပြဿနာမရှိပေမယ့် နာတာရှည်ရောဂါစွဲကပ်လာရင် ဘယ်လိုလုပ်မလဲ"

"မင်းတို့စဉ်းစားကြည့်လေ၊ ဆေးခန်းကြီးတွေသွားဖို့က ရော်က်သွားတာနဲ့ ဆီး၊ ဝမ်း၊ သွေး၊ ဓာတ်မှန်၊ အာတြာဆောင်း၊ အီးစီဂျီ၊ အထူးကုဆရာဝန်ကြီးရဲ့စမ်းသပ်ခ၊ ပြီးတော့ ဝယ်ဖို့ဆေးဖိုး။ကဲ-ပိုက်ဆံမရှိရင် သေဖို့သာပြင်တော့"

တစ်ယောက်တစ်ပေါက်ပြောရင်း သူတို့စကားဝိုင်း တိတ်ဆိတ်သွားပြန်ပါသည်။ သူတို့လေးဦးသည် တစ်စုံတစ်ခုအားတွေးနေကြ၏။ထို့ကြောင့် ယမကာဝိုင်းသည်ငြိမ်သက်လျက်။ ဖန်ခွက်တွေထဲမှရေခဲတို့ အရည်ပျော်ကုန်ပြီး ပယင်းရောင်သည် တဖြည်းဖြည်းအရောင်ဖျော့လာသည်။ ဆိတ်ပဟင်းပန်းကန်သည် အေးတိအေးစက်။

"ငါတို့တစ်ခုခုလုပ်ကြရင်တော်းမယ်"

ထိုစကားသည် လေးဦးစလုံးမှ အသံပြိုင်တူထွက်လာ၏။ ထို့ကြောင့်

နှုန်းတော်ရာ ရွှေပန္နက်အနီးသို့ ရောက်လျှင် ကြင်းသံ၊ နဝင်းသံ၊ အတိတ်နိမိတ်၊ စနည်းအသံကိုစောင့်ကြည့်နားထောင်နေသူမင်းလုလင်တို့က ထိုကဲ့သို့လူမျိုးကို ဝမ်းဆီးကြ၏။ (မှတ်ချက် မြန်မာ့လောကီပညာ၌ မည်သည့်အဆောက်အအုံ၊ စေတီပန္နက်မဆို ရွှေပန္နက်ရိုက်နေစဉ် ကြားရမြင်ရသောနိမိတ်စနည်းတို့အား မြင်တွေ့နားထောင်ပြီး ရှေ့ဘာဖြစ်မည်ဟု အဆိုး၊ အကောင်းတို့အား

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလိုက်ကြသည်။ သူတို့လေးဦးသည် တောင်ကွင်းကြီးမြို့မှာ ပြည့်စုံကြွယ်ဝသော လုပ်ငန်းရှင်များဖြစ်ကြ၏။

"ငါတို့ဇိမ်တဒါနဆေးခန်းလေးဖွင့်ရင်ကောင်းမလား"

"အေး-ကောင်းတယ်၊ ငါတို့ငွေစုကြပြီး ဆေးခန်းဖွင့်မယ်"

"နေကြဦးလေ၊ ပိုက်ဆံစုပြီး ဆေးခန်းဖွင့်တာကဟုတ်ပါပြီ။ ဆရာဝန်မရှိရင် ဘယ်လိုလုပ်မလဲ"

"ဒီလိုဆိုရင် ငါတို့အစ်ကိုကြီး ဒေါက်တာသန်းနိုင်ကိုဆွေးနွေးပြီး အကူအညီတောင်းရင်ကောင်းမယ်။ သူက အိန္ဒိယရုပ်ရှင်ထဲက (၅)ရူပီးဆရာဝန်လို ဆေးခန်းလာတဲ့သူတွေကို ပိုက်ဆံစကားမပြောဘဲ ပေးသလောက်နဲ့ ဆေးကုပေးနေတာ"

"ဟုတ်တယ်၊ အစ်ကိုကြီးကဖြစ်နိုင်ရင် အလကားတောင် ဆေးကုပေးချင်တာ။ လူနိုင်ဖြစ်တဲ့ ကိုကြီးဌေးကိုခေါ်သွားရင်ကောင်းမယ်"

လူငယ်လေးဦးသည် ယမကာဝိုင်းကိုရပ်၍ တက်ကြွသောခြေလှမ်းများဖြင့် ကိုကြီးဌေးအိမ်ရှိရာသို့ ချီတက်ခဲ့ကြပါတော့သည်။

၂၀၁၀ ပြည့်နှစ်၏ ဒီဇင်ဘာဆောင်းသည် သူတို့အား အအေးဒဏ်ဖြင့် နှိပ်စက်၍မရတော့ပါ။ သူတို့၏ပရဟိတစိတ်က ပီတိအဟုန်ဖြင့်နွေးထွေးနေကြပြီတည်း။

■

"ဒီကလေးတွေ လုပ်ချင်တာပဲရှိတာ မင်းတို့ပိုက်ဆံချမ်းသာလို့ ပရဟိတအခမဲ့ဆေးခန်းဖွင့်တာက ဟုတ်ပါပြီ။ ဘယ်မှာလဲ ဆရာဝန်"

"အစ်ကိုကြီးရှိတယ်လေ"

"ဟ - ငါတစ်ယောက်တည်းနဲ့ဖြစ်မလား၊ အခမဲ့ဆေးခန်းဆိုတာနဲ့ အားကိုးရာမဲ့နေတယ်။ လူနာတွေအကုန်လုံးပြုံလာကြမှာ။ ရာသီဖျား၊ ထိခိုက်ဒဏ်ရာရ၊ နာတာရှည်ရောဂါသည် ဆရာဝန်တစ်ယောက်တည်းက ဒီအကုန်လုံးကိုကုရမှာ။ ငါက ဇီဝကလည်းမဟုတ်ဘူး"

ဒေါက်တာဦးသန်းနိုင်၏ ဆူပူဟောက်သံကြောင့် သူငယ်ချင်းဖြစ်သူ ကိုကြီးဌေးသည် မျက်နှာစပ်ဖြဲဖြဲဖြစ်လာ၏။ ပြီးတော့ စကားစပြောသည်။

"ငါတပည့်တွေထဲမှာ မင်းက အတော်ဆုံးဆိုပြီး ငါတို့လာခဲ့တာ။ မင်း

စာပေဟောပြောပွဲနှင့်အတူ စာအုပ်ဈေးပွဲတော်

ဟောပြောပွဲနှင့်အတူ စာပေပန်းခင်း


တောင်တွင်းကြီးမြို့ခံများ၏ ကြိုးစားအားထုတ်မှုဖြစ်သော အာဇာနည်ပန်းဆိုး

မည့်ချင်ရင် ဘယ်လိုလုပ်မလဲ စဉ်းစား"

"အောင်မာ-မောင်ဌေး၊ ဆေးခန်းဖွင့်တယ်ဆိုတာ လွယ်မှတ်လို့။ ပိုက်ဆံရှိတိုင်းလုပ်လို့မရဘူးကွ။ ဆရာဝန်အဓိကကွ။ ဆရာဝန်မရှိရင် ခါးပြတ်သွားမှာ"

"အေးလေ ဒါကြောင့်လည်း ငါ့တပည့်ရင်းဖြစ်တဲ့ မင်းဆီလာခဲ့ပေါ့။ အခုလည်း မင်းဆေးခန်းက အခမဲ့နီးနီးဖြစ်နေတာပဲဟာ"

သူငယ်ချင်းနှစ်ဦး အချီအချပြော

www.burmeseclassic.com

www.burmeseclassic.com

နေကြသည်ကို လူငယ်လေးတွေက သဘောကျပြီးရယ်ကြ၏။

ဤသို့ဖြင့် ဒေါက်တာ ဦးသန်းနိုင်က ဆေးကျောင်းဆင်းပြီး ဆရာဝန်ပေါက်စများနှင့် တခြားတောင်တွင်းကြီးမြို့မှာ ဆေးခန်းဖွင့်နေသော ဆရာဝန်များကို စည်းရုံးမည်။ လူငယ်တွေက တစ်ယောက် ငွေသိန်းနှစ်ဆယ်၊ အစိတ်ဦးထည့်ကြ၊ ကိုကြီးဌေးတို့လို လုပ်ငန်းရှင်တွေကလည်း ရန်ပုံငွေဝိုင်းထည့်သဖြင့် ဆေးခန်းလေးဖွင့်ဖို့သည် တဖြည်းဖြည်း ချဉ်လုံးပေါ် လာပါတော့သည်။ စတင် ဖွင့်လှစ်သည့်နေ့က ၁၃-၁-၂၀၁၁ ခုနှစ် ဖြစ်သည်။

ဇီဝိတအခမဲ့ကုသခန်း (တောင်တွင်းကြီးမြို့ ဆေးခန်းဆိုင်းဘုတ်လေးအားကြည့်ပြီး ကရုဏာရှင် တက်ကြွလှုပ်ရှားသူလူငယ်လူကြီးများပီတိဖြစ်နေကြပါတော့သည်။

■

ယနေ့ ၁၃-၁-၂၀၁၈ ခုနှစ်ဆိုလျှင် အခမဲ့ဆေးကုသခန်းဖွင့်လှစ်လာခဲ့သည်မှာ (၇) နှစ်ပြည့်မြောက်၍လာပါတော့သည်။ သူတို့တွေသည် ဆေးခန်းရုပ်တန့်လုနီးပါး အခက်အခဲများကိုလည်း ရင်ဆိုင်ခဲ့ကြရ၏။ ဆေးခန်းလာပြရင်း အိမ်အပြန်လမ်းစရိတ်မရှိ၍ အိပ်ထဲကစိုက်ပြီး ဆိုက်ကားခ၊ ဆေးဝါးဓာတ်စာဖိုးထုတ်ပေးရပေါင်းကလည်း မနည်းတော့ပြီ။ တစ်ခါတလေ ရန်ပုံငွေနည်းပါးသွားသဖြင့် မျက်ကလဲဆန်ပျာလည်းဖြစ်ခဲ့ကြရ၏။

"လုပ်ကြပါဦးကွ၊ ပိုက်ဆံနည်းပါပြီဦးထည့်ကြဦး"

ဟု အော်ကြဟစ်ကြရင်း ဟိုလူထည့်သည်လူထည့်ဖြင့် ဆေးခန်းသည် ယိုင်နဲ့နေရာမှ ပြန်လည်တည့်မတ်လာခဲ့ရသည်က အကြိမ်ကြိမ်။

ဤသို့ဖြင့် ဆေးခန်းလေးသည် ကိုယ်လက်အင်္ဂါစုံလင်စွာဖြင့် လူလားမြောက်ခဲ့ရပါသည်။ ဆေးခန်းမှာ တီဘီရောဂါဝေဒနာရှင်များအား သွေးဖောက်၊ သလိပ်စစ်၊ ဓာတ်မှန်ရိုက်သည်ကအစ ဆေးခန်းသုံးပစ္စည်းကိရိယာတန်ဆာပလာများ၊ အီးစီဂျီစက်များ၊ အာတြာဆောင်းကိရိယာ၊ တောင်တွင်းကြီးသား အင်ဂျင်နီယာများအဖွဲ့မှ လှူဒါန်းထားသော ဓာတ်ခွဲခန်းသုံး သွေးစစ်၍ ရောဂါရှာဖွေစက်မှအစ အသေးစားခွဲစိတ်ကုသခြင်း ပါမကျန် ပြုလုပ်စွမ်းဆောင်လာနိုင်ခဲ့ကြ၏။

သို့သော် ပရဟိတလုပ်ငန်းတစ်ရပ် ရေရှည်ရပ်တည်နိုင်ရန်မှာ ငွေကြေးရှိရုံ၊ နေရာထိုင်ခင်းရှိရုံ၊ လုပ်မည့်သူရှိရုံဖြင့် မရပ်တည်နိုင်။ ဘက်ပေါင်းစုံလုံလောက်မှုရှိမှ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

ထိုဆေးခန်းလေးသည် စဖွင့်သည့် အခြိန်မှ ယနေ့ (၇) နှစ်တာကာလအတွင်း သွေးတိုး၊ ဆီးချိုသွေးချို၊ နှလုံးရောဂါ၊ တီဘီရောဂါသည်မှအစ အသေးစားခွဲစိတ်ခြင်း၊ ရာသီဖျား စသည်ဖြင့် လူနာပေါင်းထောင်သောင်းမက အခမဲ့ကုသပေးခဲ့ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း (၈၀၀)နီးပါး သုံးစွဲခဲ့ရပြီးဖြစ်ပါသည်။ ထိုငွေများနှင့်လုပ်အားစိုက်ထုတ်သော စေတနာရှင် ဆရာဝန်ကြီးများသည် တောင်တွင်းကြီးဒေသခံများသာ ဖြစ်၏။ ဆေးခန်းဖြစ်မြောက်ရေးကော်မတီသည်လည်း မြို့ခံပရဟိတစေတနာရှင်များသာ ဖြစ်၏။

ကျွန်ုပ်တွေ့မြင်ခဲ့ရသော ပရဟိတဇီဝိတအခမဲ့ဆေးခန်း၏အခြေအနေမှာ လာရောက်ပြသကြသော လူနာဦးရေနှင့် ဆရာဝန်အချိုးအစား မမျှတတော့ခြင်းနှင့် ဆေးခန်းရန်ပုံငွေတဖြည်းဖြည်းနည်းပါးလာခဲ့ခြင်း ဖြစ်၏။

ဆရာဝန်ကြီး (၃) ဦးသည် အသက်အရွယ်ကြီးရင့်ပြီဖြစ်၏။ ဆ-မလိုင်စင်ရမျိုးဆက်သစ်ဆရာဝန်လေးများက ယခင်က ဆေးခန်းမှာ ဝန်းရံခဲ့ကြသော်လည်း သူတို့အဝိုးရဆေးရုံများ၌ တာဝန်ထမ်းဆောင်ကြရသောအခါတွင် ဆရာဝန်ကြီးများအတွက် အားကိုးရာလက်မောင်းပြတ်ရ၏။ ထို့ကြောင့် ဆေးခန်းအတွက် စေတနာဆရာဝန်များလိုအပ်နေပါသည်။ မြို့ခံစေတနာရှင်များနှင့် ဆေးခန်းမတည်ခဲ့သူတွေကလိုသမျှကိုစိုက်ထုတ်ကုန်ကျနေကြသော်လည်း ရန်ပုံငွေရှားပါးလာသည်မှစ၍ ဆေးခန်းရပ်တည်နိုင်ရန် အခက်အခဲဖြစ်လာ၏။ သို့သော်လည်း တောင်တွင်းကြီးတစ်နယ်လုံးမှ ကျေးလက်ပြည်သူလူထုသည် ထိုဆေးခန်းလေးကို အားကိုးကြ၏။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ တီဘီရောဂါကြောင့် လူသက်တမ်းမစေ့နိုင်ဘဲ ငွေကြေးမတတ်နိုင်သဖြင့် စိတ်ပျက်အားလျော့ပြီး သေမည့်နေ့ကိုထိုင်စောင့်နေကြရာမှ ထိုဆေးခန်းလေးပေါ် ပေါက်လာ၍ ရောဂါဝေဒနာများတစ်နေ့တခြား သက်သာလာကြပြီး ငွေမကုန်ဘဲကျန်းမာလာကြ၍ စိတ်ချမ်းသာကိုယ်ကျန်းမာရှိကြရပါသည်။

ဒါနကုသိုလ်သည် ရေမျှားရာမိုးလိုက်ရွာ၍ မလိုအပ်သည့်နေရာ၌ ပိုလျှံနေခြင်းထက် အမှန်တကယ်လိုအပ်နေသောနေရာများ၌ လှူဒါန်းခြင်းဖြင့် မိမိအတွက်ရော လူပတ်ဝန်းကျင်အတွက်ပါ အကျိုးရှိပါသည်။

မကျန်းမာနေသော ဆင်းရဲသားပြည်သူများအတွက် အမှန်တကယ် အကျိုးပြုပေးနေသော ထိုကဲ့သို့ဆေးခန်းမျိုးတွေမှာလှူဒါန်းခြင်းက မျက်မှောက်ရော နောင်သံသရာအတွက်ပါ ကုသိုလ်မျိုးစေ့ချခြင်းပေတည်း။

■

တောင်တွင်းကြီးမြို့၏ဆောင်းညသည် နှင်းမှုန်များကြားမှာ ကလူဏ်သို့မြူဏ်သို့နှင့်။ လူတွေက အအေးဒဏ်ကို ဂရုမစိုက်ကြ။ တဖွဖွဖြင့် မြို့နယ်ခန်းမရှိရာသို့ စုဝေးလာကြသည်။ မကြာမီ ဟောခန်းကြီးမှာ လူတွေပေါင်းလန်သွား၏။

ဇီဝိတအခမဲ့ဆေးခန်း (၇) နှစ်အပြည့်အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် စာအုပ်စျေးပွဲတော်ကျင်းပနေခြင်းဖြစ်သည်။

ဆရာမကျူးက စိတ်လက်မာန်ပါစွာဟောပြောနေသလို ဆရာမ မသီတာ (စမ်းချောင်း) ကလည်း သူမအလှည့်မှာ ဟောပြောမည့်အကြောင်းအရာအတွက် စကားလုံးများစီနေ၏။ နောက်တစ်နေ့ညမှာ မန္တလေးသားစာရေးဆရာများဖြစ်သည့် ဆရာဂျီဇော်နှင့် ဆရာညီထွန်းလူတို့ ဟောပြောကြပါဦးမည်။

သတင်းသမားဆောင်းပါးရှင်ကျွန်ုပ်ကတော့ ထိုဆေးခန်းကလေးကိုကြည့်ပြီး ပီတိအဟုန်ဖြင့် ဆောင်းပါးရေးရန် အချက်အလက်တို့ကောက်ယူ၍ကောင်းနေဆဲ။

"ဆရာ၊ မန္တလေးက စာရေးဆရာနှစ်ယောက်သွားခေါ်မယ်။ ဆရာက အညာကို ခရီးဆက်မှာဆိုတော့ တစ်ခါတည်းလိုက်ခဲ့ပါ အဆင်ပြေသွားတာပေါ့"

ဆေးခန်းဘဏ္ဍာရေးမှူး ကိုစိုးငယ်က လာခေါ်၍ ကမန်းကတန်း အိတ်ဆွဲပြီး မန္တလေးသို့ခရီးဆက်ခဲ့ရပါသည်။

ပရဟိတဇီဝိတအခမဲ့ဆေးခန်းလေးကို ကုသကယ်တင်ပေးမည့် အလှူရှင်များပေါ် ပေါက်ပါစေဟု ဆန္ဒပြုရင်းဖြင့်။

ဘုန်လင်းထက်

(စာပေဗိမာန်တွဲသုံးဦးပထမဆုရ)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆောင်းသစ်ခဲ့လေပြီ။

မြောက်လေပြန်ရာသီသို့ရောက်ခဲ့ပြန်ပေါ့။ သည်အချိန်ဆိုလျှင် သူရောက်လာစမြဲပါ။ ဒါကြောင့်လည်း သူသည် ယခုဆို ရွှေဝါရောင်စပါးခင်းကို ဖြတ်သန်းလာခဲ့သည်။ သူသည် ဤလယ်ကွင်းထဲမှ တစ်စုံတစ်ခုကို အာရုံစူးစိုက်ငေးမောလျက်ရှိနေသည်။ သူသည် မြင်သာသောနေရာမှ လက်အုပ်ချီမိုးလျက် သူ့လက်နှစ်ဖက်က သူ၏နဖူးထက်မှာ ကြာဖူးငုံသဏ္ဌာန်တင်လျက် သူသည် အားပါးတရ ဖူးမြော်လိုက်ရ၍ သူ၏မျက်နှာကြည်လင်ဝင်းပလာ၏။

သူ၏ရင်ထဲမှာ ပိတိဖြစ်နေမည်မှာ သေချာ၏။ သူစိတ်ချမ်းမြေ့စွာ ဝမ်းမြောက်နေပါသည်။ သူစူးစိုက်ကြည့်နေသည့်အရာကား ဘုရားကြီးကုန်းကျေးရွာ၌ တည်ထားကိုးကွယ်နေကြသည့် စေတီတော်မြတ်ကြီး ဖြစ်ပါတော့သည်။

စာရွှေသူတို့နှင့်မိတ်ဆက်ပေးပါအုံ။ သူ၏အမည် ဦးထွန်းမြဟု ခေါ်ပါသည်။ ဦးထွန်းမြသည် ရန်ကုန်မြို့တွင်နေထိုင်ပါသည်။ အသက်အရွယ်အားဖြင့် (၈၀) ဝန်းကျင်သို့ရောက်ခဲ့ပြီ။ ကုန်သွယ်ရေး(၁)အရာရှိဟောင်းတစ်ဦးဖြစ်ခဲ့၏။ ယခုအခါကုန်သွယ်ရေး(၁)မရှိတော့ပါ။ သူလည်း ပင်စင်ယူပြီးဖြစ်လေ၏။

ဦးထွန်းမြသည် ကံကြီးမျိုးဆက်တစ်ယောက်ဖြစ်ပါသည်။ ကံကြီးကျေးရွာသည် ဘုရားကြီးကုန်းကျေးရွာနှင့်ရွာနီးချင်းဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ သိပ်မဝေးကွာလှပါ။ သူ၏ ဘိုးဘေးဘီဘင်အဆက်ဆက်ကလည်း ဤမြေမှာမွေး၊ ဤမြေမှာပင် ကြီးပြင်းခဲ့ကြသူများ ဖြစ်ကြကုန်၏။ ယခုသူရပ်နေသည့် ဘုရားကြီးကုန်းလယ်မြေတစ်ကြောမှာ ငယ်စဉ်က သူဆော့ကစားဖူးလေ၏။

သို့သော်လည်း လူလောကကြီးရဲ့ သဘာဝအတိုင်း ပျော်ရာမှာမနေရ တော်ရာမှာနေခဲ့ရသူ သူသည် ရန်ကုန်မြို့ကြီးမှာ အခြေချနေထိုင်ခဲ့ရပါ၏။ ကံကြီးကျေးရွာသို့ မကြာမကြာအရောက်လာလေ့ရှိပါသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ဤဘုရားကြီးကုန်းစေတီတော်မြတ်ကြီးကို ပြုပြင်နိုင်သူမရှိခဲ့ပါ။

ကံကြီးမျိုးဆက်တစ်ဦးဖြစ်သော ဒေါ်ဌေးကြည်(ခေါ်)မနီသည် ဦးမြင့်ဇော်နှင့်အကြောင်းပါကာ ရန်ကုန်မြို့ကြီးခံပင် အခြေကျနေထိုင်ပါသည်။ သူတို့သည်လည်း ဗုဒ္ဓဘာသာဝင်။ သာသနာတော်ကြီးထွန်းကားစေလိုသောစိတ်အားထက်သန်သူများ ဖြစ်ကြသည့်အတိုင်း သူတို့ဝန်တာနိုင်လောက်သည့်အထိုက်အလျောက် စေတီတော်ကြီးကိုပြုပြင်ခဲ့ဖူးပါသည်။

ယခုအခါတွင်ကား ဦးထွန်းမြသည် ဘုရားကြီးဘက်စုံမွမ်းမံပြုပြင်ရေး

(ဘဆုံးလွှဲး)

အောင်မြင့်ထွန်း

သိုက်ဆရာကြီး၊ ဘုရားသိုက်စောင့်နှင့် ဘုရားကြီးကုန်းစေတီတော်

www.burmeseclassic.com

www.burmeseclassic.com

အကောင်အထည်ဖော်နိုင်ခဲ့ပါ၏။ သူ၏ သားဖြစ်သူ ကိုအောင်မျိုးထွန်းကလည်း ဝိုင်းဝန်းကူညီလေရာ ဦးထွန်းမြတအား တက်ခဲ့ရသည်။ ဘုရားကြီးကုန်းစေတီတော်မြတ်ကြီးကို ဦးထွန်းမြဦးဆောင်ပြုပြင်ရာတွင် ပတ်ဝန်းကျင်ကျေးရွာများကလည်း ပါဝင်ကူညီလာကြသည်။ ဘုရားကြီးဘက်စုံပြုပြင်ရေးပါဝင်လှူဒါန်းခဲ့ကြသောအနီးဝန်းကျင်ရှိ ကျေးရွာများမှာ ကံကြီး၊ ကညင်ကုန်း၊ တံခွန်တိုင်၊ ကြာပိတ်ကျေးရွာတို့မှ ကုသိုလ်ရှင်များဖြစ်ကြကုန်၏။

သာသနာတော်ကြီးထွန်းကားရေးအတွက် အားတက်သရောဝိုင်းဝန်းကြကုန်၏။ စည်းလုံးညီညွတ်မှုအားပင် ဖြစ်၏။ သာသနာ့အရိပ်မှာ ခိုလှုံခြင်းဖြင့် အေးချမ်းမှုငြိမ်းချမ်းမှုရရှိကြကုန်၏။

ဦးထွန်းမြ၏ ဦးဆောင်လှုပ်ရှားဆောင်ရွက်မှုရလဒ်ကား စေတီတော်မြတ်ကြီးကို ထုံးသင်္ဃန်းမှရွှေသင်္ဃန်းကပ်လှူနိုင်ခြင်း၊ တိုက်ခန်းဇရပ်ငယ်ဆောက်လုပ်နိုင်ခြင်း၊ စေတီရင်ပြင်ကွန်ကရစ်ခင်းနိုင်ခြင်း၊ ရေတွင်းဟောင်းပြုပြင်သုံးစွဲ၍ ရရှိသွားခြင်း၊ ဘုရားမီးပူဇော်ရန် မီးစက်တစ်လုံးဖြစ်တည်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ စေတီတော်မြတ်ကြီးမှာ သစ်လွင်တောက်ပလျက် သန့်ရှင်းသပ်ရပ်မှုရှိနေပြီ ဖြစ်လေသည်။ သာသနာတော်အရောင်ထွန်းပြောင်းစေခဲ့ပါ၏။

ယနေ့အချိန်အခါ၌ ဘုရားဝေယျာဝစ္စဆောင်ရွက်ကြမည့် လူငယ်လေးများစုစည်းကာ ကိုအောင်နိုင် ဂေါပကအဖွဲ့ဝင်မှ ဦးဆောင်လျက် သာသနာတော်အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နေကြပြီဖြစ်၏။ ဘုရားကြီးကုန်းနယ်မြေသာသနာတော်ပြန့်ပွားရေးမီးရှူးတန်ဆောင်ထွန်းပြောင်လင်းလက်ခဲ့ရပြီဖြစ်သည်။

ဦးထွန်းမြသည် ထိုစေတီတော်မြတ်ကြီးနှင့်ပတ်သက်၍ သူ၏ဘိုးဘေးဘီဘင်အဆက်ဆက် လက်ဆင့်ကမ်းစကားလုံးလေးများ သူ့ထံမှောက်ရောက်လာခဲ့သည်။ ထိုစေတီတော်ကြီး၏ နယ်မြေမှာ ရင်မောလွမ်းဆွတ်ကြေကွဲဖွယ်ရာဇာတ်လမ်းတစ်ပုဒ်လည်း အမှန်တကယ်ပေါ် ပေါက်ခဲ့ဖူးပါသည်။ ဦးထွန်းမြသည် စေတီတော်မြတ်ကြီးကို ငေးမျှော်ကြည့်ရှုကာ ခေတ်ဟောင်းမှ အတိတ်ပုံရိပ်များတရေးရေးမြင်ယောင်လျက်ရှိနေပါတော့သည်။

■

ဘုရားကြီးကုန်းစေတီတော်မြတ်ကြီးသည် ခေတ်အဆက်ဆက်မှ သမိုင်းဝင်ဘုရားဖြစ်ခဲ့ပါသည်။ ရှေးလူကြီးအဆက်ဆက် လက်ဆင့်ကမ်းပြောကြားခဲ့သည်များအရ သမိုင်းဝင်ဘုရားဟုမှတ်သားရပါ၏။ မြန်မာပြည်အောက်ပိုင်း ဟံသာဝတီနယ်တစ်ဝိုက်မှာ မွန်တလိုင်းတို့ကြီးစိုးခဲ့ချိန်က ဖြစ်ပါသည်။ မြောင်းမြမြို့ကို လွန်ခဲ့သောနှစ်ပေါင်း (၉၀၀) ခန့်က မြို့စားကြီး လောက်ဖျား တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ အောက်ပုဂံဟု ခေါ်ရလောက်အောင်ပင် စေတီပုထိုးအမျိုးမျိုးတို့ တည်ထားကိုးကွယ်ခဲ့သည့် အလေ့ထွန်းကားခဲ့ပါသည်။

ကံကြီးကျေးရွာအနီးရှိ ယခုဘုရားကြီးကုန်းအရပ်ဒေသဖြစ်လာမည့်နေရာ၌လည်း ထိုစေတီတော်မြတ်ကြီးကိုတည်ထားကိုးကွယ်ခဲ့ကြပါသည်။ ယခုအခေါ် ဘုရားကြီးကုန်းကို ခေတ်ဟောင်းကာလက လက်ပံကုန်းဟု ခေါ်တွင်ကြပါသည်။ သာသနာတော်ထွန်းကားရာ နယ်မြေဖြစ်ခဲ့ပါသည်။

တစ်ချိန်သောကာလက မြန်မာပြည်အောက်ပိုင်း၌ စစ်မက်ရေးရာတိုက်ပွဲများထူပြောခဲ့ပါ၏။ ဆိုးရွားစွာပြင်းထန်ခဲ့ပါ၏။ စစ်ဘေးစစ်ဒဏ်ကပေးသောရလဒ်သည်ကား ကျေးရွာနေအိမ်များ ပျက်စီးကုန်၏။ ကျေးရွာအများအပြား ပျက်စီးသည့်အထဲတွင် လက်ပံကုန်းကျေးရွာလည်း ပါဝင်သွားခဲ့လေ၏။ ရွာပျက်ကြီးဖြစ်သွားတော့သည်။ ရွာပျက်သွားသောကြောင့် စေတီတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်မှုကင်းခဲ့ရပါ၏။ ရွာမရှိသောအခါ ဖုန်းဆိုးတောများကြီးစိုးလာ၏။ ချုံနွယ်ပိတ်ပေါင်းတောထလာကာ ရွာကိုဖုံးလွှမ်းသွားတော့သည်။

လက်ပံကုန်းကျေးရွာပျောက်ကွယ်သွားသည့်အလျောက် ကုန်းမြေပြင်ပေါ်မှာ မွန်တလိုင်းတို့တည်ထားကိုးကွယ်ခဲ့ကြသောစေတီကြီးကို ဆူးချုံနွယ်ပင်ကြီးများ ရစ်ပတ်ဖုံးလွှမ်းသွားပါတော့သည်။ လူသူအရောက်အပေါက်မရှိတော့ချေ။ ဖြတ်သွားဖြတ်လာတစ်ဦးတလေရှိသော်ငြား ထိုစေတီကြီးကို မမြင်နိုင်မတွေ့နိုင်တော့ချေ။

ရှေးအခါက သစ်ပင်ကြီးငယ်တို့ ထူထပ်မှိုင်းညို့အုပ်ဆိုင်းကာ နွယ်ပင်ချုံပုတ်ပင်များ ထူပြောနေပုံမှာကျား သတ္တဝါတို့ ခိုအောင်းနိုင်သည့်အထိဖြစ်ပါတော့၏။

တစ်ခုသောကာလဝယ် ထိုစေတီပျက်နေရာမှာနာရီဝက်ခရီးနှင်ရလောက်သည့်နယ်မြေသို့ လူစိမ်းများပြောင်းရွှေ့ရောက်ရှိလာကြပါသည်။ မိသားစုအလိုက်ပြောင်းရွှေ့လာကြကာ အခြေချနေထိုင်ကြသည်။ ရွာအခြေတည်ထောင်လိုက်ကြပါ၏။ ယခုမှဖြစ်ပေါ် လာသော ရွာအသစ်ကိုအညာစုကျေးရွာဟုခေါ်ကြလေ၏။

အညာစုကျေးရွာဖြစ်တည်လာပုံမှာ ဤသို့ဖြစ်လေ၏။

သူတို့မူလနေထိုင်ရာ ဒေသကားစလေမြို့ဖြစ်၏။ အညာဒေသဖြစ်သည့်အလျောက် မိုးနည်းပါးခြင်းနှင့်လည်းကြုံကြိုက်ကြကုန်၏။ ပူပြင်းခြောက်သွေ့သောအညာဒေသလည်းဖြစ်လေသည်။ အညာသူအညာသားတို့သည် တောင်ယာစိုက်ပျိုးရေးသမားများဖြစ်ကြကုန်၏။ အညာကောက်ပဲသီးနှံဖြစ်သော ပဲ၊ ပြောင်း၊ နှမ်း၊ ဝါးသည့်သီးနှံတို့ကို ရာသီအလိုက် စိုက်ပျိုးကြရင်း အသက်မွေးဝမ်းကျောင်းပြုကြရကုန်၏။

စိုက်ပျိုးရေးလုပ်ငန်းသည်မိုးရေလုံလောက်မှသာလျှင် သီးနှံဖြစ်ထွန်းအောင်မြင်ပါသည်။ တောင်သူတို့သည် မိုးကိုမျှော်ကြ၏။ မိုးကိုအားကိုးအားထားပြုနေကြရသူများဖြစ်ကြလေကုန်၏။ စိုက်ပျိုးရေသမားသည် မိုးရေကြောင့် အသက်ရှင်ရပ်တည်နေရသည် ဆိုလျှင်လည်းမှားအံ့မထင်။ မိုးရေမလုံလောက်၍မိုးနည်းပါးသည်နှစ်တွင် မြေဆီမြေနှစ်တို့သည် အစိုဓာတ်နည်းပါးကြလေကုန်၏။ သီးနှံအထွက်နှုန်းညံ့ဖျင်း၏။

ထို့ထက်ပိုမို့ဆိုးရွားသည့်ဖြစ်ရပ်မှာ တစ်ခုသောမိုးရာသီတွင် ဒုဗ္ဘိက္ခရကပ်ကြီး ဆိုက်ရောက်လာပါတော့သည်။ ကောင်းကင်ယံတွင် တိမ်မည်းမည်းမိုးသားတို့သည် ဘယ်ဆီဘယ်ဝယ်ရောက်ကုန်ကြပါလိမ့်။ ကောင်းကင်ပြာကြီးကို သာ မြင်နေကြရသည်။ မိုးရွာမည့်အရိပ်အရောင်မတွေ့မမြင်ကြရချေတကား။ နေမင်း၏အရောင်ရှိန်သည် အပြီးကြီးစွာခြစ်ခြစ်တောက်ပပြင်းလေစွ။ ယာမြေမှာအစိုဓာတ်ပျောက်ဆုံးကာ မြေဆီမြေနှစ်တို့ခြောက်သွေ့ကြလေကုန်၏။ မြေပြင်တစ်ခုလုံးပတ်ကြားအက်တို့ဖြင့် ကြွယ်နှက်ကုန်သည်။ အသီးအနှံစိုက်ပျိုးရန်လုံးဝမဖြစ်နိုင်တော့သောခြောက်သွေ့မာကျစ်သည့်မြေသားလုံးမှမည်သည့်အသီးအပွင့်တို့မှ ဖြစ်ပေါ် လာနိုင်မည်မဟုတ်။

အငတ်ဘေးဆိုးကြီးနှင့်ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ကြရလေကုန်သည်။ ငတ်မွတ်ခေါင်းပါး
ခြင်းဘေးဒဏ်ခံကြရသူတို့သည် မိမိတို့
နေထိုင်ခဲ့သောအရပ်ကို တွယ်တာနေ၍
မဖြစ်တော့ပါ။ ထိုအရပ်ကို သံယောဇဉ်
ဖြတ်ကာစွန့်ခွာကြကုန်၏။ သူတို့သည်
ရေကြည်ရာ မြက်နုရာဒေသကိုရှာဖွေရန်
ဒုက္ခခွာကြပါတော့သည်။ အချို့သော
သူတို့သည်ကား အောက်ပြည်အောက်
ရွာသို့စုန်ဆင်းကြကုန်၏။ အငတ်ဘေး
ဆိုက်ရောက်ရာဒေသဆီမှထွက်ပြေးတိမ်း
ရှောင်လာကြသူ လူတစ်စုတို့သည် လက်
ပံကုန်းနှင့်မနီးမဝေးနာရီဝက်ခရီးပေါက်
သော မြေနေရာကောင်းကို ရွေးချယ်
ဆိုက်ကြပါ၏။

ထိုနေရာရပ်ဝန်းသည် ရေမိုးပြည့်
စုံလေ၏။ ယာသမားတို့သည်စိုက်ပျိုး
ကောင်းမည့်နေရာကိုနှစ်ခြိုက်ကြလေ
ကုန်သတည်း။

အညာသူအညာသားတို့ စုဝေး
နေထိုင်ရာအရပ်ကို အညာဟုဟုခေါ်ပါ
သည်။

*

ထိုအညာစုကျေးရွာသားထဲတွင်
အသက် (၃၀) နီးပါးရှိ လူရွယ်တစ်
ယောက်သည် အညာသားဆိုသော်
လည်း အသားလတ်၏။ နက်စွေသော
ဆံကေသာကို အုန်းဆီလူးထားရာ
ဝံတုန်းရောင်ကေသာမှာ နက်ပြောင်စို
နေ၏။ သူ၏ဆံကေသာကို ဆံမြိတ်ထုံး
ခွဲထားလေ့ရှိ၏။ အသက်ကြီးပိုင်းများ
သာ မွားသောအားဖြင့် သျှောင်တစောင်း
ထုံးထားလေ့ရှိကြပါသည်။ သူပေါင်းသင်း
ပေါ်မှ ထိုးကွင်းမင်ကြောင်တို့ဖြင့် ပန်းရ
လွှက်ရှိနေပါ၏။ သူသည် လူပုံချောဖြစ်
လေသည်။

သူ့ကို စလေကိုခွေးဟု ခေါ်ကြပါ
သည်။

ထိုခေတ်ထိုအခါက သစ်ပင်သစ်
တောတို့သည် သစ်ကြီးဝါးကြီးတို့ဖြင့်
အတိပြီး၏။ တောသူတောင်သားတို့
သည် အိမ်ဆောက်ရန် တောထဲမှပြည့်
စုံစွာ ရရှိသုံးစွဲနိုင်ကြပါ၏။ ထမင်းဟင်း
ခက်ပြုတ်ရန်မီးဖိုဆောင်သုံးထင်းအတွက်
ကိုမူကား ပြောစရာမလိုချေ။ နေ့စဉ်
လိုအပ်သလို တောထဲဝင်တောတိုးကာ
ထင်းခုတ်ယူနိုင်ကြလေ၏။ ဓားမတစ်
ချောင်း ခါးကြားထိုးကာ လွတ်လပ်စွာ
ထင်းခွေနိုင်ကြပါသည်။

ထို့ကြောင့် အညာစုသားတို့သည်
ယခုအခေါ် ဘုရားကြီးကုန်းဖြစ်လာမည့်
လက်ပံကုန်းတောထဲဝင်ကာ သစ်ဝါး
ထင်းရှာကြလေကုန်၏။

စလေကိုခွေးတို့အိမ်တွင် မီးဖို
ဆောင်ထမင်းဟင်းချက်ပြုတ်ရန် ထင်း
ကုန်နေပြီ ဖြစ်သည်။ ကိုခွေးသည် ပုဆိုး
ဟောင်းတစ်ထည်ခေါင်းပေါင်းလိုက်၏။
ထင်းခုတ်ရန် ဓားမတစ်ချောင်းကိုယူ
လာသည်။ သူသည် လက်ပံကုန်းတော
သို့ဝင်လေ၏။ အုပ်ဆိုင်းညို့မှိုင်းနေသော
တောထဲတွင် ရှဉ့်ကလေးများ၊ ယုန်လေး
များ အစာရှာကျက်စားနေကြသည်။
ပင်ယံထက်တွင်လည်း ကျေးငှက်သာရ
ကာတို့ အေးချမ်းစွာအစာရှာကြကုန်၏။
တေးသံသာတို့ ရင့်ကျူးကြကုန်၏။
မြိုင်ယံတစ်ကြောဝယ် ပျော်ရွှင်စွာ
တိုအုပ်ကူးဒီအုပ်ကူး မြူးထူးကြကုန်
၏။ တောအထပ်ထပ်မှ လွင့်ပျံလာသော
ချိုးငှက်ကူသံသည် ခွဲ့နွဲ့နေပါ၏။ ဗွတ်
ကလုံငှက်၊ သစ်တောက်ငှက်တို့သည်
လည်း တစ်ကိုင်းမှတစ်ကိုင်းခုန်ကူးလျက်
ရှိကြသည်။

ကိုခွေးသည် တောတိုးရင်း ချွန်ထွဲ
ပိတ်ပေါင်းမြင့်မြင့်ကြီးတစ်ခုမှာ ထူးထူး
ခြားခြားအံ့ဖွဲ့မြင့်မားနေသည်ကို သတိပြု
မိသည်။ ထိုချုံကြီးမြင့်မားနေပုံမှာ မည်သို့
သောထူးခြားမှုရှိနေပါသနည်း။ ကိုခွေး
သိလို၍ စူးစမ်းလျက်ရှိသည်။ ထိုချုံကြီး
အောက်ခြေကို အနည်းငယ်ခုတ်ထွင်
လိုက်ပါ၏။ ချွန်ထွဲများကို လူတစ်ကိုယ်
စာဝင်သာရုံရှင်းလင်းလိုက်၏။ ထိုအခါ
အဆောက်အအုံလိုလိုအရာတစ်ခုကိုတွေ့
လိုက်ရသည်။ တစ်ပတ်လည်လှည့်ပတ်
၍ ကိုခွေး လိုက်လံကြည့်ရှုလေ၏။

တစ်ပတ်လည်ပိုင်းပတ်လျက်အုတ်
နှံစီထားသည်တွေ့ရှိရသည်။ ဤအတိုင်း
ဆိုပါက စေတီတော်ကြီးတစ်ဆူဖြစ်နိုင်
ကြောင်း ကိုခွေး တွေးဆမိပါသည်။

သူတို့ရွာတွင် အများစုပေါင်းကိုး
ကွယ်ရာစေတီပုထိုးမရှိသေးချေ။ ဤ
စေတီပျက်ကြီးကိုပြုပြင်မွမ်းမံလိုက်လျှင်
သူတို့ရွာသားများ ကြည်ညိုဖွယ်ရာ
ကိုးကွယ်ပူဇော်နိုင်မည့် စေတီတော်ကြီး
ဖြစ်လာနိုင်ပါသည်။

ကိုခွေးသည် သူစဉ်းစားမိသည်တို့
ကို အညာစုရွာသူကြီးထံ တင်ပြလိုပေ
သည်။ ထို့ကြောင့် သူသည် ရွာသို့အမြန်
ပြန်ခဲ့တော့သည်။ ရွာလူကြီးထံ အကျိုး
အကြောင်း တင်ပြလိုက်ပါသည်။ သူကြီး
လည်း အခြားသောရွာသားနှစ်ယောက်
အဖော်အဖြစ် ထပ်မံခေါ်ဆောင်ကာ
စေတီပျက်ကြီးကို သွားရောက် စူးစမ်း
လေ့လာသည်။ ကိုခွေးတွေးဆသလို
အကောင်အထည်ဖော်ရန်ဆုံးဖြတ်လိုက်
၏။

ရွာသူကြီးသည် အထူးစည်းဝေးပွဲ
အဖြစ် မောင်းထု၍ ရွာသားတို့ကို စုဝေး
စေလိုက်၏။ ထို့နောက် သူကြီးသည်
ရွာသားတို့ကို ဤသို့ တိုင်ပင်ညှိနှိုင်း
လေ၏။

"ကိုင်း- ရွာသူရွာသားအပေါင်းတို့
ကျုပ်တို့ အညာစုတစ်ရွာလုံး အားလုံး
ကိုးကွယ်ပူဇော်နိုင်မယ့် စေတီဟောင်း
ကြီးတစ်ဆူကို ပြန်လည်ဖော်ထုတ်ကြ
မယ်။ သာသနာတော်ရောင်ထွန်းပြောင်
လင်းလက်စေရမယ်။ ရွာသူရွာသားအ
ပေါင်းတို့ အားလုံးသဘောတူကြပါ
သလား"

"သဘောတူပါတယ်၊ သဘောတူ
ပါတယ်"

အညာစုရွာသူရွာသားတို့သည်
သာသနာတော်ထွန်းကားစေရေးညီညွတ်
ကြသော ရွာသူရွာသားတို့ဖြစ်ကြကုန်
၏။ အချိန်မဆိုင်းကြပါ။ တစ်ယောက်
ကစတစ်ရာဆိုသလို ဘုရားကြီးကိုအုပ်မိုး
နေသောချုံနွယ်သစ်ပင်တို့ကို တစ်ယောက်
တစ်လက် ညီညာစွာ မမောနိုင်မပန်းနိုင်
ခုတ်ထွင်ရှင်းလင်းကြသည်။ အညာစုရွာ
ကွမ်းတောင်ကိုင်တို့သည် ရေအိုးကိုယ်စီ
ရွက်ကာ လက်ပံကုန်းသို့ လိုက်လာကြ
သည်။ သာသနာတော်အကျိုးအတွက်
ခွေးဒီးဒီးကျအောင်လုပ်အားပေးလှူနေ
ကြသူများကို တစ်ယောက်ချင်းထံသွား
၍ အမောပြေစေရန် ထန်းရေမှုတ်ဖြင့်
ရေကြည်အေးတို့တိုက်ကျွေးကြပါသည်။
လုပ်အားပေးသူများ အမောပြေကြလေ
ကုန်၏။ လုပ်အားဆက်ပေးနိုင်ကြပါ
သည်။

စေတနာသဒ္ဓါတရားထက်သန်ကြ
ကာ တစ်နေ့တစ်ဦး မုန့်မျိုးစုံလုပ်ကာ
လာရောက်ပြီး ကျွေးမွေးလှူဒါန်းကြရာ
ပွဲတော်လေးတမျှ စည်ကားလှပေစွ။
အညာမုန့်များဖြစ်ကြကုန်သောထန်းသီး
မုန့်၊ အညာသားကျောကုန်း၊ ဗေဒါမုန့်၊
မုန့်လှည်းဘီး၊ မရွေးမုန့်စသည်တို့ စုံလင်
သည်။ အညာစုရွာသားတို့ တက်ညီ
လက်ညီဖြင့် ဆောင်ရွက်လိုက်ကြလေရာ
တစ်လကျော်အချိန်ကြာညောင်းသော်
စေတီတော်ဟောင်းရုပ်လုံးပေါ် လာသည်
ပြိုကျနေသောအုတ်ဟောင်းများကိုလည်း
ပြန်လည် အသုံးပြုရန် စနစ်ကျအစီ
အရီထားရှိကြ၏။

ထို့နောက် မူးတိတော်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်မွမ်းမံပြုပြင်၊ ပြင်ဆင်လိုက်ကြရာ ထုံးသက်နှံးကပ်စေတီတော်ကြီး အဖြစ် ရုပ်လုံးပေါ် ခဲ့ပြီဖြစ်သည်။ မကြာမီအချိန်အတောအတွင်း ကြည်ညိုဖွယ်ရာ စေတီတော်ကြီး ဖြစ်ပေါ် လာတော့၏။

ရွာသူရွာသားတို့စုပေါင်းထည့်ဝင် အလှူငွေဖြင့် ကြေးခေါင်းလောင်းလေး များစီဝေနေသောထီးတော်ကြီးကို ရန်ကုန်မြို့မှမှာယူလိုက်ကြပါသည်။ စေတီတော်မြတ်ကြီးထီးတော်တင်လှူခြင်း၊ ထုံးသက်နှံးကပ်လှူခြင်းပြီးစီးလေ၏။ ဘုရားခြေတော်ရင်းကိုလည်း ဘုရားဝတ်ပြုနိုင်ရန် သစ်ပင်ငုတ်များတူးဖော်ကာ မြေပြင်ညီလိုက်ကြလေ၏။

ကုန်းမြေမြင့်တွင်တည်ထားသော စေတီတော်ကြီးကို အစွဲပြု၍ ထိုအရပ်ဒေသကို ဘုရားကြီးကုန်းဟု ခေါ် ဝေါ်သမုတ်ကြလေကုန်၏။

ဘုရားရိပ်ကြောင့် ဤရပ်ဝန်းတစ်ခွင်၌ အေးချမ်းပြီး သာတောင့်သာယာရှိခဲ့ပါသည်။ နေချင့်စဖွယ်ဖြစ်လာရ၏။ အေးချမ်းသော နေရာဒေသကို အဘယ်သူသည် မနှစ်သက်ရှိအံ့နိုးမထင်။ ထိုအရပ်ဒေသကို မှီခိုနေထိုင်လိုကြသော မိသားစုများ တစ်စုပြီးတစ်စု ရောက်လာကြ၏။ မိသားစုတို့တဖွဖွ ရောက်ရှိလာကြပြီး အခြေချနေထိုင်ရွာတည်လိုက်ကြပါတော့၏။

ဘုရားကြီးကုန်းကျေးရွာ ဟူ၍ အထင်ကရ ကျော်စောထင်ပေါ် လာခဲ့ပါတော့သည်။

■

ထိုစေတီတော်မြတ်ကြီးကို ဘုရားကြီးကုန်း၊ အညာစုတို့မှ ရွာသူရွာသားတို့သည် ညနေချမ်းအခါသမယ၌ ပန်း၊ ရေချမ်း၊ ဆီမီး လာရောက် ကပ်လှူပူဇော်ကြကုန်၏။ လပြည့်၊ လကွယ်ရက်များ၌ ကိုခွေးလည်း ဘုရားကြီးသို့ လာရောက်ကာ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်လေ့ရှိပါသည်။ ဘုရားရိပ်တရားရိပ်ခိုလှုံပြီး ညဉ့်နက်မှပြန်လေ့ရှိပါသည်။

ထိုစေတီတော်ကြီးမှ ရောင်တော်လွှတ်သည်ကို ကိုခွေးသည် ကြည်နူးစွာ ဖူးမြော်ခွင့်ရရှိဖူးသည်။ ညဉ့်သန်ခေါင်ယံတွင် မီးလုံးကြီးတစ်လုံး ဘုရားနှင့် ဘုရားအနီးရှိ ထန်းပင်သို့ ကူးချည်သန်းချည် သွားလာနေသည်ကိုလည်း ကိုခွေးမြင်ဖူးသည်။ အညာစုရွာသားတို့သည် ရတနာသုံးပါးဆည်းကပ်ခြင်းဖြင့် သုခချမ်းသာကို ရရှိခံစားကြရသည်။

တစ်ခုသော လပြည့်နေ့တွင် ကိုခွေးသည် အိမ်အလုပ်လုပ်ရင်း ညဉ့်နက်သွားလေ၏။ ဤလိုရက်မျိုးတွင် သူသည် ဘုရာသွားလေ့ရှိသဖြင့် ဘုရားဝတ်ပြုလိုစိတ်ပြင်းပြလာ၏။ ဘုရားကြီးတွင် ဘုရာဂုဏ်တော်များကိုပွားများလို၍ မယောင်းတိုင်နှင့်ယမ်းမီးခြစ်ဘူးလေးယူပြီး ဘုရားကြီးသို့ထွက်လာခဲ့၏။ ဒီအချိန်ဆိုလျှင် ဘုရားတွင်လူသူပြတ်လပ်သော အချိန်ဖြစ်လေ၏။ ကိုခွေးသည် ဘုရားထံပါးသို့ လျှောက်လှမ်းလာရင်း စေတီကြီးနှင့်မနီးမဝေးအရောက် စေတီပစ္စယံတွင် ဖယောင်းတိုင်ပူဇော်ထားသည်ကို တွေ့ရှိလိုက်ရ၏။ ဘုရားဖူးသူရှိနေသေးတာလားဟု သူစဉ်းစားမိလိုက်ပါသည်။

ဘုရားနှင့် နီးလာသောအခါတွင် မွေးကြိုင်သော သင်းပျံ့ပျံ့ရနံ့တစ်မျိုးကို ရှုရှိုက်မိလေသည်။ ထိုမွေးရနံ့သည် လူအများ ဘုရားကိုပူဇော်လေ့ရှိသည့် အမွေးတိုင်ရနံ့နှင့် လုံးဝမတူချေ။

ဘုရားကုန်းတော်ပေါ် သို့တက်လာသော ကိုခွေးသည် ဘုရားခြေတော်ရင်းတွင် အံ့အားသင့်စရာကြုံရလေ၏။ ညဉ့်နက်နက်အချိန်ခါမဲ့ကြီးမှာ မိန်းမပျိုလေးတစ်ဦး ပဆစ်တုပ်ထိုင်လျက် ဘုရားအာရုံပြုနေပါ၏။ တုတ်တုတ်မျှမလှုပ် ငြိမ်ချက်သားကောင်းလှချေ၏။ ကိန္နရာရုပ်တုခြထားသည့် အလားသဏ္ဌာန်နှင့် တူနေပါသည်။ သူမ၏ လက်အစုံဝယ် ပဒုမ္မာကြာပွင့်ကြီးငါးခိုင်မှာစွင့်ကားလျက် လန်းဆန်းနေပါ၏။ ဤအရပ်ဤဒေသနှင့်အနီးဝန်းကျင်၌ ကြာမျိုးပေါက်သော ရောက်မရှိပါ။ ဤဒေသ၌ ကြာပင်မရှိဘဲ အဘယ်ကြောင့် ပဒုမ္မာကြာပန်းကပ်လှူနိုင်လေသနည်း။

ကိုခွေးသည် ဘုရားဝတ်မပြုနိုင်သေးပါ။ အမျိုးသမီးငယ်ကို အံ့သြတကြီး ကြည့်နေမိပါသည်။ သူမ၏ဆံနွယ်များကို ဆံသားရင်း၌ ဖဲကြိုးဝါဖြင့် စုစည်းလျက် ချည်နှောင်ထား၏။ ဆံသားအဖျားသည် သူမ၏ ကျောပြင်ထက်မှ လျှောဆင်းကာ မြေပေါ် တွင် စုပုံနေ၏။ ဆံနွယ်ဆံလုံးကောင်းသော မိန်းကလေးဖြစ်ပါသည်။

ထိုစဉ်ခိုက် မိန်းကလေး ဘုရားဝတ်ပြုပြီးဖြစ်၍ သူမလှုပ်ရှားလာ၏။ သူမ၏ဦးခေါင်းကို ညင်သာစွာ သမင်လည်ပြန်လှည့်လိုက်ရာ ကိုခွေးကို တွေ့မြင်သွားပြီး သူတို့မျက်လုံးချင်းဆုံမိသွားကြပါသည်။ သူမ၏မျက်ဝန်းရွှမ်းစိုတောက်ပနေ၏။

သူမက ကိုခွေးကို ခင်မင်လိုစိတ်ဖြင့်ပြုံးပြလေသည်။ ထိုအပြုံးပန်းကို ကိုခွေးသည် နှစ်လိုစွာဖြင့် တုံ့ပြန်ပြုံးပြလိုက်ရင်း အချင်းချင်းမိတ်ဆက်မိသွားကြလေ၏။ ရင်းနှီးဖော်ရွေစွာနှုတ်ဆက်လိုက်ကြပါသည်။

"ဒီကနေ့မငယ်၊ ဘုရားလာဝတ်ပြုတာလားကွယ်"

"ဟုတ်ပါတယ် မောင်ကြီးရှင့်"

"နေ့မငယ်၊ သင်သည် ဘယ်အရပ်ကတုံး"

"နေ့မလေးက ဒီနားကပါပဲ မောင်ကြီးရယ်၊ မောင်ကြီးကော ဘုရားဝတ်ပြုတာလား"

"ဟုတ်ပါ့ နေ့မငယ်၊ မောင်ကြီးလေ အရင်က နေ့မငယ်ကိုမမြင်မိလေပြီကော"

"ဒီကနေ့မှလာဖြစ်ပါတယ် မောင်ကြီးရှင့်။ ဘုရားဆည်းလည်းသံလေးတွေကြားလိုက်ရတော့ နေ့မရင်ထဲမှာကြည်နူးလာပြီး ဘုရားဆီကိုမလာဘဲမနေနိုင်အောင်ပါဘဲ မောင်ကြီးရှင့်။ ဘုရားရိပ်သာ အေးချမ်းပြီး စိတ်ချမ်းသာလိုက်တာ မောင်ကြီးရယ်နော်"

"ဟုတ်တာပေါ့ နေ့မရယ်၊ အသံတွေအားလုံးထဲမှာ ဘုရားဆည်းလည်းသံဟာ မောင်ကြီးအဖို့ ကြည်နူးစရာအကောင်းဆုံးပါပဲကွယ်"

"ဩော်-မောင်ကြီးရယ်၊ ညဉ့်နက်နေပြီမို့ နေ့မလေးပြန်ပါဦးမယ်ရှင့်"

မိန်းမပျိုသည် ကိုခွေးကိုနှုတ်ဆက်ကာ ဘုရားကုန်းတော်ပေါ် မှဆင်းသွားလေ၏။ သူမ မည်သည့်အရပ်သို့ပြန်လေသနည်း။ ကိုခွေးသည် သူမသွားရာဘက်သို့ မျက်စိတစ်ဆုံးလိုက်ကြည့်နေမိပါသည်။ ဘုရားနှင့်မလှမ်းမကမ်းရှိနေသော ထန်းပင်အနီးသို့ရောက်သော် သူမပျောက်ကွယ်သွားပါသည်။

ထိုညက ကိုခွေးအိပ်မက်ထဲတွင် မိန်းမပျို၏ ကြည့်လင်သောအပြုံးလွှမ်း

www.burmeseclassic.com

www.burmeseclassic.com

ဦးသွားလေသည်။ ထိုအချိန်မှစ၍ ကိုခွေးသည် လပြည့်ညတိုင်း ညဥ့်နက်ခဲပြီး ဘုရားသို့လာရောက်သည့်အကျင့်ဖြစ်ဘည်လာခဲ့ပါ၏။ လပြည့်ညတိုင်း မိန်းမသိန္နင့် တွေ့ဆုံခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်များ ရရှိလာခဲ့သည်။ သူတို့နှစ်ဦးတွေ့ရဖန်များလာသေအခါ ရင်နှီးခင်မင်ခွင့်များတိုးရ၍လာခဲ့ပါသည်။

"ဒါနဲ့ နှမငယ်၊ နှမရဲ့အမည်နာမ မောင်ကြီးသိခွင့်ရှိနိုင်မလားဟင်"

"နှမလေး မောင်ကြီးကိုပြောပြခွင့်နေတာပါ။ နှမလေးနာမည်ကို မောင်ကြီးတော်ထားနော်။ နှမရဲ့အမည်နာမကမင်းစိန်လို့ ခေါ်ပါတယ်ရှင့်။ နှမရဲ့အမည်ကိုမေးပြီး မောင်ကြီးရဲ့အမည်ကိုလည်းပြောပြလေ"

"နှမသိချင်ရင် မောင်ကြီးပြောပြပါဗျာ။ မောင်ကြီးရဲ့အမည်ကို ကိုခွေးလို့ခေါ်ပါတယ်ကွယ်"

မမင်းစိန်ကျေနပ်သွားကာ ကိုခွေးကိုပြုံး၍ကြည့်နေလေသည်။

ကိုခွေးနှင့်မမင်းစိန်တို့သည် ရင်နှီးနှံသယောဇဉ်ကြီးတစ်ဦးကိုတစ်ဦးရစ်ပတ်ခဲ့ကြသောင်မိကြလေ၏။ တစ်ဦးကိုတစ်ဦးမတွေ့စကားလုံးများဖွင့်ဟ မခွဲနိုင်မခွာနိုင်ဖြစ်လာကြတော့သည်။ နှစ်ဦးသားမခွဲနိုင်သည့်အဆုံး ဘုရားကြီးကုန်းရွာမှာပင် တစ်အိုးတစ်အိမ်ထူထောင်လိုက်ကြ၏။

ကိုခွေးနှင့် မမင်းစိန်တို့ ချစ်ခင်စွာပေါင်းသင်းလာကြရာ သူတို့နှစ်ယောက်ချစ်ခြင်းမေတ္တာခိုင်မြဲစေမည့်သံယောဇဉ်ကြီးတစ်မျှင်တိုးပွားလာခဲ့ပါ၏။ ချစ်စရာကောင်းသည့် သားရတနာလေးကို ရရှိလိုက်ကြပါသည်။ သူတို့၏သားရတနာလေးကို လင်မယားနှစ်ယောက်တုန်နေအောင်အပြိုင်ချစ်ရှာကြလေ၏။ သားလေး၏အမည်ကို မောင်ရင်သွေးဟု မည်ခေါ်လေသည်။ ကိုခွေးနှင့်မမင်းစိန်တို့၏ မေတ္တာရိပ်အောက်ဝယ် မောင်ရင်သွေးကုန်းမာစွာဖြင့် ရှင်သန်ကြီးထွားခွင့်ရရှိခဲ့ပါ၏။

မောင်ရင်သွေး(၇)နှစ်သားအရွယ် ရောက်ရှိခဲ့သည်။

"ရှင်မရေ၊ သားလေးကိုရှင်ပြုပေးရအောင်ကွာ။ ရှင်မရဲ့သဘောကရော"

"ကောင်းတယ် မောင်ကြီးရေ၊ သားလေးကို သာသနာတော်သွတ်သွင်းပေးမှမိဘဝတ္တရားကျေမှာနော်။ အဲဒါမှ ရှင်မနဲ့ မောင်ကြီး သာသနာ့ဒါယကာ၊ ဒါယိကာမကြီးတွေဖြစ်ခွင့်ရမှာရှင့်။ တွေ့ရင်းနဲ့တောင် ကြက်သီးတွေထလာပြီး ပျော်လာတယ် မောင်ကြီးရယ်"

"အေး - ဒါဖြင့် မောင်ကြီး သားလေးအတွက် သင်္ကန်းကို ပုသိမ်မြို့မှာသွားဝယ်မယ်ကွာ။ မောင်ကြီးလမ်းမှာစားဖို့ ရှင်မကစားနပ်ရိက္ခာဖူလုံအောင်ထည့်ပေးလိုက်နော်"

"ဟုတ်ကဲ့ပါ မောင်ကြီးရယ်၊ မကြာစေနဲ့နော် မြန်မြန်ပြန်လာနော် မောင်ကြီး။ ရှင်မက မောင်ကြီးနဲ့ တစ်ခါမှ ခွဲဖူးတာမဟုတ်တော့ ရှင်မတော့ မောင်ကြီးကို လွမ်းနေမှာပဲ မောင်ကြီးရယ်"

ကိုခွေးသည် စိတ်အားငယ်ရှာနေသူလေးကို ထွေးပွေ့နှစ်သိမ့်ပေးလိုက်ပါ၏။

■

ဘုရားကြီးအနီးမှ ချောင်းရိုးသည် ကံကြီးချောင်း၏လက်တက်ခွဲဖြစ်ပါသည်။ ဘုရားကြီးချောင်းရိုးအတိုင်း ကိုခွေးသည် လက်လှော်လှေလေးဖြင့် စုန်ဆင်းခဲ့ပါ၏။ ကံကြီးချောင်းဝမှထွက်သော် ပုသိမ်မြို့သို့ သွားသောမြစ်ကြီးနှင့် ဆက်သွယ်လျက်ရှိနေရာ ထိုမြစ်ကြီးအတိုင်း ဆက်လက်လှော်ခတ်ခဲ့ပါတော့သည်။ ကိုခွေးသည် လှေကလေးကို ပေါ့ပါးသွက်လက်စွာလှော်ခတ်နေသည်။ ကိုခွေး၏စိတ်သည် ပျော်ရွှင်လေရကား သီချင်းတကြော်ကြော် သီဆိုကာ စိတ်ကူးယဉ်လှေကိုလှော်နေရာ မောရပန်းရမှန်းပင် မသိတော့ချေ။

စိတ်ရွှင်နေသောကြောင့် သူ၏ခန္ဓာကိုယ်သည် လန်းဆန်းတက်ကြွနေ၏။

သူ့ခရီးစဉ်မှာ ရေဆန်အနည်းငယ်ကြုံခဲ့သည်။ ထို့ကြောင့် မိုးစုပ်စုပ်ချစ်မှ ပုသိမ်သို့ရောက်ပါသည်။ ညမှောင်ပြီဖြစ်သောကြောင့် ကိုခွေး ကုန်းပေါ်သို့မတက်နိုင်တော့ချေ။ လှေဆိပ်တံတားတိုင်မှာ လှေကြိုးချည်လိုက်ပါ၏။ လှေပေါ်တွင် ယနေ့ညအိပ်ရန်သာရှိတော့၏။ လှေကို တစ်နေကုန်လျှော်လာရသော ကိုခွေးသည် ပင်ပန်းလာသည့်အလျောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပါသည်။ ထိုခေတ်ထိုအခါက လူတို့သည် ကိုယ်ကျင့်တရားကောင်းမွန်သူ၊ ရိုးသားဖြောင့်မတ်သူများလေရာ ထိုတစ်ညတာကို အေးချမ်းစွာဖြတ်သန်းနိုင်ခဲ့ပါ၏။

နံနက်အရုဏ်တက်ချိန်တွင် ကိုခွေးအိပ်ရာမှနိုး၏။ ကိုယ်လက်သုတ်သင်ပြီးသည်နှင့် ဘုရားဝတ်ပြုသည်။ သတ္တဝါအများကို မေတ္တာပို့သည်။ ပြီးနောက် သူလိုချင်တာကို ဆုတောင်းသည်။

မိုးစင်စင်လင်းပြီ ဖြစ်၏။

နံနက်ခင်းမိုးသောက်ချိန်မှစတင်၍ နေခြည်လင်းတန်းများအောက်ဝယ် ပုသိမ်မြို့ကြီးနိုးထလှုပ်ရှားစပြုလာ၏။ ပုသိမ်မြို့အရောင်းဆိုင်ခန်းများ ဝိရိယကောင်းကြပါ၏။ နံနက်အရုဏ်တက်သည်နှင့် ဆိုင်ခန်းများဖွင့်လှစ်ပြီးကြကုန်၏။ရောင်းကုန်များအစီအရီသေသပ်စွာပြင်ဆင်ပြီးဖြစ်ကြကုန်၏။သေသပ်စွာစီရီထားသောရောင်းကုန်များမြင်ရသူအဖို့ ဝယ်ချင်စရာ။

ကိုခွေးသည် လှေပေါ်မှဆင်းကာ ကုန်းပေါ်သို့တက်လာခဲ့ပါ၏။ ပုသိမ်ကမ်းနားလမ်းတစ်လျှောက် သူလျှောက်လာခဲ့သည်။ ကမ်းနားပိုင်းတွင် သင်္ကန်းဆိုင်မရှိချေ။ ကမ်းနားမှခွါး၍ ကုန်းဘက်လမ်းတွင် သင်္ကန်းဆိုင်ကိုရှာသည်။ ဟော - တွေ့ပါပြီ။ ကိုခွေးအမြင်ချင်ဆုံး၊ အတွေ့ချင်ဆုံး သင်္ကန်းဆိုင်ကြီး။ ကိုခွေးသည် အားရပမ်းသာစွာဖြင့် သင်္ကန်းဆိုင်အတွင်းသို့ဝင်ခဲ့ပါသည်။ ဆိုင်ရှင်သည် သဘောကောင်းလေ၏။ ကိုခွေးအား သင်္ကန်းမျိုးစုံထုတ်ပြသည်။ သင်္ကန်းသားအရည်အသွေးစစ်ဆေးကြည့်ရှုနိုင်စေရန် သင်္ကန်းကိုဖြန့်ပြသည်။မိမိကြိုက်နှစ်သက်သောသင်္ကန်းကိုရွေးချယ်စေသည်။ ဝယ်သူကို စိတ်ချမ်းမြေ့စေ၏။

သင်္ကန်းရောင်းသူက ကိုခွေးကို ဘယ်အရပ်ကလာတာလဲ။နောက်လည်း လာအားပေးပါဦးဟု ရင်းနှီးဖော်ရွေစွာ မိတ်ဖွဲ့စကားဆို၏။

ကိုခွေးသည် အရည်အသွေးအကောင်းဆုံးသော ကိုရင်ဝတ်သင်္ကန်းတစ်စုံဝရိက္ခာစုံလင်စွာဝယ်ယူလိုက်ပါ၏။ အိမ်အပြန်နောက်ကျမည်စိုးသဖြင့် ပုသိမ်မြို့ထွင်း လည်ပတ်ခြင်းမရှိ။ လှေဆိပ်သို့ တိုက်ရိုက်ဆင်းခဲ့ပါ၏။ ကိုခွေးပုသိမ်မြို့တွင် အချိန်မဖြုန်းလိုပါ။ အိမ်ရှင်မနှင့် သားရတနာကို သူဝယ်ယူလာသောသင်္ကန်းကိုပြလိုလှပါသည်။ သူတို့လည်း သင်္ကန်းကိုကြည့်၍ ပျော်ရွှင်နေကြလိမ့်မည်ဟုတွေးရင်း ကိုခွေးရင်ထဲ တစ်မျိုးစိမ့်ပီတိဖြစ်နေ၏။

လှေထွက်ရန် တံတားတိုင်မှ လှေကြိုးဖြုတ်နေစဉ် -

"လှေပေါ်က ဆရာကြီး ခဏလေးခဏလေး"

လူကြီးတစ်ယောက်အပြေးအလွှားခေါ်နေသည်။ သူ့ကိုခေါ်နေခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကိုခွေးသည် အသံလာရာ တံတားပေါ် သို့ လှမ်းကြည့်လိုက်သည်။ ခေါင်းပေါင်း၊ နှုတ်ခမ်းမွေးကားကား၊ တိုက်ပုံအကျီအနက်၊ ပုဆိုးအဖြူနှင့် အနက်ကွက်တုံး၊ ပိန်းတန်းဖိနပ်စီးထား သူလူခုံခဲ့ကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။ လွယ်အိတ်ကြီးတစ်လုံးကိုလည်း လွယ်ထားပါ၏။ ထိုလူကြီးသည် လေ့ရှိရာသို့ အမြန်လျှောက်လာနေလေသည်။ ထို့ကြောင့် ကိုခွေးသည် လေ့ကြီးကိုမဖြေသေးဘဲ ထိုလူကြီးကိုစောင့်လိုက်သည်။

ထိုလူကြီးကတံတားပေါ် မှနေ၍ -

"မောင်ရင်က ဘုရားကြီးကုန်းကို ပြန်မှာဆို။ သင်္ကန်းဆိုင်ကညွန့်လို့လို့ပါ"

"ဟုတ်ပါတယ် နောင်ကြီး"

"ဟန်ကျလိုက်လေကွယ်၊ ကျွပ်က လေ့ကြဲချာနေတာ။ မောင်ရင်နဲ့ အခန့်သင့်လို့လေ။ ဘုရားကြီးကုန်းကို ကျွပ် လေ့ကြဲလိုက်ပါရစေ။ ကျွပ်ကိုကူညီပါနော် မောင်ရင်"

စိတ်ရင်းကောင်းသူ ကိုခွေး အချိန်ဆွဲနေပါ။ ခေါင်းပေါင်းနှင့်ဆရာကြီးကို ခေါင်းညိတ်ခွင့်ပြုလိုက်သည်။ ထိုလူကြီး လေ့ပေါ် ကိုရောက်သည်နှင့် ကိုခွေး လေ့ကြီးကိုဖြေလိုက်၏။ လေ့ကလေးကို ကမ်းမှခွာလိုက်လေသည်။ ကိုခွေးလေ့ကိုစတင်လော်ခတ်နေ၏။ နှစ်ယောက်သား နှုတ်ဆိတ်နေရာမှ ထိုလူကြီးက -

"ကျွပ်က ဒီနှောဆရာပါ။ ဗမာဆေးဆရာကြီးတစ်ဦးပေါ့။ ဒီလွယ်အိတ်ကြီးထဲမှာ ဗမာဆေးမျိုးစုံပါပါတယ်။ ကျွပ်ရဲ့အထက်ဘိုးတော်တွေလမ်းညွှန်ချက်အရ ဘုရားကြီးကုန်းက ဒုက္ခသည်တွေကို ကယ်တင်ပေးရမယ်လို့ အမိန့်ရှိလိုက်တယ်။ ကျွပ်ကို ဦးဂုမ္ဘာန်လို့ခေါ်တယ်"

ထိုလူကြီးက သူ၏လွယ်အိတ်ကို ပုတ်ပြ၏။ သူ့ကိုယ်သူလည်း မိတ်ဆက်၏။

"ဝမ်းသာလိုက်တာဆရာကြီးရယ်၊ ကျွန်တော်တို့ရွာမှာဆေးကုပေးတဲ့ဆရာ မရှိပါဘူး။ အခုလိုဆရာကြီးလိုက်လာပြီး ဆေးကုပေးမယ်ဆိုတော့ ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော်က ကိုခွေးပါ ဆရာကြီး"

ကိုခွေးသည် ဝမ်းသာစွာဖြင့်ကြိုတင်ကျေးဇူးတင်နေရှာသည်။ ကိုခွေးသည် သဘောကောင်းသူဖြစ်သည်။ လူတစ်ဖက်သားကို ကူညီချင်စိတ်ရှိသူဖြစ်ပါသည်။ ယခုသူခေါ်လာသူမှာလည်း လူအများ၏အသက်ကို ကယ်တင်ပေးမည့် ဗိန္ဓောဆရာကြီး။ ကိုခွေး ပျော်ပါသည်။ ဘုရားကြီးကုန်းတွင် ဆေးဆရာမရှိပါ။ ယခု ဗမာဆေးဆရာကြီးတစ်ယောက်ရောက်ရှိလာပြီး လူနာများကို ကယ်တင်ပေးနိုင်တော့မည် ဖြစ်ပါ၏။ ဘုရားကြီးကုန်းကျေးရွာသူရွာသားတို့၏ ကျန်းမာရေးအတွက် ဝမ်းမြောက်ဖွယ်ပါ။ ကိုခွေးသည် ဝမ်းသာဖွယ်တွေးတောလျက် ထပ်ဆင့်ပျော်ရွှင်နေ၏။

■

ကိုခွေး အတွေးတက်တက်စင်လွဲမှားကုန်၏။

ဘုရားကြီးကုန်းရောက်သောအခါ ကိုခွေးနောင်တအကြီးအကျယ်ရလေ၏။ မပြင်နိုင်သောအမှားတစ်ရပ်ကို ကိုခွေး ကျူးလွန်ခဲ့လေပြီကော။ ထိုဆရာကြီးကြောင့် သူတို့မိသားစုဘဝပျက်ကိန်းဆိုက်ရတော့၏။ ကိုခွေးသည် ဝမ်းနည်းကြေကွဲဖွယ်ရာ ရင်နာစရာများနှင့် မရှုမလှရင်ဆိုင်ရရှာ၏။

ယခုအချိန်မှာတော့ ကိုခွေးသည် လေ့ကိုမှန်မှန်လှော်နေ၏။ သူ၏မျက်ဝန်းထဲမှာ သူ့ကိုဝမ်းပန်းတသာကြိုနေကြရှာမည့်သားအမိကို မြင်ယောင်နေမိ၏။ သူ၏အပြန်ခရီးမှာ ရေပြည့်ဖြစ်သောကြောင့် လေ့ကိုရေစုန်ဖြင့်မျှောချခဲ့သည်။ ညနေစောင်းမှာ သူတို့လေ့ဘုရားကြီးကုန်းသို့ ရောက်လာကြပါသည်။ ကိုခွေး၏စိတ်ထဲမှာ သားလေးကိုလည်း ရှင်ပြုပေးရတော့မည်။ ရွာထဲမှလူမမာများကိုလည်း ဆေးကုသပေးနိုင်တော့မည်။ ကိုခွေးဘဝအတွက် ပျော်စရာချည်းများသား။

ကိုခွေးသည် လေ့ပေါ်မှ ဦးစွာဆင်း၏။ သူက ရှေ့မဦးဆောင်လျက် ဆရာကြီးကို သူ့အိမ်ဆီသို့ ခေါ်ဆောင်လာခဲ့လေသည်။သူတို့အိမ်ရှေ့ကိုရောက်သည်နှင့် -

"ရှင်မရေ၊ ရှင်မ"

ကိုခွေးသည် အိမ်ရှေ့မှ သူ့ကို ကြိုဆိုနေမည့် မမင်းစိန်ကို မတွေ့၍ အော်ခေါ်လိုက်၏။ အိမ်သူအိမ်သားတို့၏အရိပ်အခြည်ကိုမတွေ့ရချေ။ သူ့ကိုကြိုမည့် သူမရှိချေ။ သူ၏ရှင်မက ယမန်နေ့ကပဲ သူမကတော့ လွမ်းနေရော့မည် အမြန်ပြန်လာခဲ့ပါဟု တရရမှာနေသူ။ ယခုတော့ သူမ၏ချစ်လင် ကိုခွေးကို မကြိုဆိုခဲ့ပါတကား။

ကိုခွေးသည် အိမ်ပေါက်ဝမှ အိမ်ထဲသို့လှမ်းကြည့်၏။ အိမ်နောက်ဖေးမီးဖိုဆောင်အပေါက်ဝတွင် သူ့ကိုကျော ခိုင်းထိုင်နေသော မမင်းစိန်။ သူပြန်ရောက်သည်ကို လုံးဝဂရုမစိုက်ပါ။ စိမ်းစိမ်းကားကားပြုမူနေပါသည်။ ကိုခွေး စိတ်မကောင်းဖြစ်ရပါသည်။ သူမ၏ဆံပင်ကြိုးများပွရောင်းကာ သူမ၏ကျော ပြင်ထက်မှာ ရှုပ်ရှုပ်ထွေးထွေးဖားလျားကျနေ၏။

အသွင်ထူးလေစွ။ မမင်းစိန်အမူအရာကိုကြည့်၍ ကိုခွေး ထိတ်လန့်သွားပါသည်။

မမင်းစိန်ကို တွေ့လိုက်ရပြီဖြစ်၍ ကျေနပ်စွာပြုံးလိုက်သူက ဦးဂုမ္ဘာန်။

မမင်းစိန်သည် ကိုခွေးနှင့်ပါလာသူကို မည်သူမည်ဝါဖြစ်ကြောင်းမကြည့်ဘဲနှင့် အတပ်သိနေပါ၏။ မမင်းစိန်သည် သူမယောကျ်ားကို ဒေါသအလွန်ထွက်နေပါသည်။ 'ကိုခွေးရယ်၊ မဆင်မခြင်လုပ်ရက်လေခြင်း' ဟု သူမ၏ရင်ထဲမှာ တန့်ခွန့်ခံစားရရှာသည်။ ဦးဂုမ္ဘာန်သည် အိမ်ပေါ် သို့မတက်ပါ။ သူလိုအပ်သောအရာကိုတွေ့ရှိလိုက်ရပြီ ဖြစ်ပါ၏။ ဦးဂုမ္ဘာန်မျက်နှာကြီးမှာ ပြုံး၍ သူလာရကျိုးနပ်လေပြီဟု သူ၏စိတ်ထဲမှာအေးသွား၏။

ကိုခွေးသည် မမင်းစိန်၏ ယခုလို ပုံစံမျိုးကို တစ်ခါသားမျှမမြင်ဘူးခဲ့သူသည် ရင်ခုန်စိတ်လှုပ်ရှားခဲ့ရသည်။ ကိုခွေးသည် မမင်းစိန်အနားတိုးကာ မရတရဲလေသံလေးဖြင့် -

"ရှင်မ ရှင်မရယ် ဘာဖြစ်တာလဲကွယ်"

"တော့်အပြစ်တော်မသိဘူးလား"

"မသိလို့ပါ ရှင့်မရယ်၊ မောင်ကြီးတောင်းပန်ပါတယ်ကွယ်။ မောင်ကြီးက ဘာလုပ်မိလို့လဲဟင်"

မမင်းစိန်သည် ကိုခွေးဘက်သို့ လှည့်ကာ ခါးထောက်မတ်တတ်ရပ်ပြီး မီးဝင်းဝင်းတောက်မျက်လုံးတို့ဖြင့်ကြည့်၏။ ကိုခွေး အံ့အားသင့်ရသည်။ သူမ၏မျက်နှာပေါ်မှာ ဒေါသရိပ်တို့လွှမ်းမိုးနေ၏။ သူဒေါသအလွန်ထွက်ကာ မီးခြိမ်းသံအလား ဟစ်အော်ပြောဆိုလိုက်၏။

"တော်ဟာလေ မိသားစုကိုဖျက်ဆီးမယ့်သူကိုမှ မနှဆင်မခြင်ခေါ်လာလား"

"မဟုတ်ရပါဘူးကွယ်၊ သူက ဗမာဆေးဆရာကြီးတစ်ယောက်လေ။ လူနာတွေကို ကယ်တင်နေတာ။ ရှင်မရယ် မဟုတ်တာမစွပ်စွဲပါနဲ့ဦးဘူးကွယ်"

"တော်ပါဟာ မြွေပွေးခါးပိုက်ပို

www.burmeseclassic.com

www.burmeseclassic.com

လိုက်တာပဲ။ ရှင်မသိရင်မှတ်ထား။ အဲဒါ သိုက်ဆရာကြီးပဲ"

"ဘာ"

ကိုခွေး အံ့အားသင့်ရလေပြီ။

"သူက သိုက်ဆရာဖြစ်တာနဲ့ တို့နဲ့ဘာဆိုင်လို့လဲ အနေသာကြီးပ ါရှင်မရယ်"

"တော်ဟာလေ နံလွန်းထုံလွန်းပါတယ်။ သူက ဘုရားသိုက်လာတူးတာ။ ကျုပ်ကိုလာဖမ်းတာပဲ"

"မဟုတ်တာတွေ မတွေးပါနဲ့ ရှင်မရယ်။ ရှင်မကို ဖမ်းစရာအကြောင်းမရှိတာကွာ"

"အရိပ်ပြလို့မှ အကောင်မထင်တဲ့ လူကြီး၊ ကျုပ်က ဥစ္စာစောင့်ပဲ။ ကဲ-သိပြီလား"

"ဟေ"

ကိုခွေးသည် မမင်းစိန်ထံမှမထင်မှတ်သောစကားကြားလိုက်ရ၍ 'ဟေ' တစ်လုံးသာပြောလိုက်နိုင်ပြီး အံ့အားကြီးသင့်နေပါတော့၏။ မယုံနိုင်ပါ။ သူမယုံနိုင်ပါ။ ဘယ်လိုတွေဖြစ်ကုန်ပါလိမ့်။သူဘာလုပ်ရမည်နည်း။ လင်မယားနှစ်ယောက်အချေအတင်စကားများနေကြသည်ကို စိတ်မရှည်သူက သိုက်ဆရာကြီးဖြစ်ပါတော့၏။

"တော့ - ဥစ္စာစောင့်မ၊ စကားများမနေကြနဲ့။ မင်း ငါလက်ကမလွတ်တော့ပါဘူး။ ကိုင်း-ကြာတယ်ကွာ၊ ငါ့ရှေ့မှာ ဒူးထောက်အညံ့ခံလိုက်စမ်း"

"ကျုပ်ကိုဖမ်းနိုင်ရင်ဖမ်းလိုက်စမ်းပါ။ ကျုပ်အကြောင်းကောင်းကောင်း သိစေရမယ်"

မမင်းစိန်သည် သိုက်ဆရာကြီးကို ကြုံဝါးလိုက်ပြီးနောက် ကိုခွေးကို တီးတိုးမှာကြားနေသည်။ ပြီးသည်နှင့် သူမသည် စေတီကြီးရှိရာဘက်သို့ထွက်လာခဲ့သည်။ နေဝင်သွားပြီဖြစ်၏။ မှောင်စပျိုးလေပြီ။ ကိုခွေးလိုက်မလာခဲ့ရချေ။ သူမသည် သိုက်ဆရာကြီးဦးဂုမ္ဘာနှင့် ပညာပြိုင်မှ ဤပွဲအဆုံးသတ်မည် ဖြစ်၏။ ကိုခွေး သူမနောက်လိုက်လာပါက သားလေး မောင်ရင်သွေး ပါလာတော့မည်။ သိုက်ဆရာကြီးလက်ချက်နှင့် မောင်ရင်သွေးထိခိုက်နိုင်၏။ ထို့ကြောင့် အိမ်တွင် မောင်ရင်သွေးကို စောင့်ရှောက်ထားရန် ကိုခွေးအား မှာကြားခဲ့ခြင်းဖြစ်ပါတော့သည်။

"ဟေ့ကောင်မ ရပ်လိုက်စမ်း"

ဦးဂုမ္ဘာနှက် မမင်းစိန်ကို အမိန့်ပေးလိုက်၏။ မမင်းစိန်သည် သူမ၏ပိုင်နက်ထဲသို့ သိုက်ဆရာကြီးကိုမျှားခေါ်လို၍ ဆက်လျှောက်သည်။ မမင်းစိန်ကို ဦးဂုမ္ဘာန်မတားနိုင်ချေ။ ဦးဂုမ္ဘာန်သည် အမိန့်ပေး၍မရမှန်းသိလိုက်ရသည့်အခါ သူမနောက်သို့သာဆက်၍ဆက်၍လိုက်လာရပါသည်။ မမင်းစိန်သည် ဘုရားစေတီနှင့် ထန်းပင်ကြားအရောက်မှာ ရပ်တန့်လိုက်ပါ၏။ ဆရာကြီးသည် မမင်းစိန်ကို အမိလိုက်လာပြီး မမင်းစိန်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်၏။ အချိန်ကြာသွားပါက ဥစ္စာစောင့်ကိုလွတ်သွားမည်ဝိုး၍ ဦးဂုမ္ဘာန်သည် ဘေးလွယ်အိတ်ကြီးထဲမှ ဆေးကြိမ်လုံးကိုထုတ်ကာ ညာလက်ဖြင့် ကိုင်မြှောက်လိုက်၏။ လရောင်အောက်မှာ သိုက်ဆရာနှင့် ဥစ္စာစောင့်မတို့ ပညာပြိုင်ပွဲ မည်သူနိုင်လေမလဲ။

ဦးဂုမ္ဘာန်၏ ဆေးကြိမ်လုံး လေထဲမှာ လွှဲ၍ရွမ်းခနဲမြည်ကာ မြေကြီးပေါ် သို့ကျ၏။

"ဘုတ်"

ဆေးကြိမ်လုံးနှင့်ထိသောမြေပြင်မှအလင်းတန်းကြီးထွက်သွားပြီးမမင်းစိန်ကိုဘုရားမြေမှတွန်းထုတ်သွား၏။

"ဟား ဟား ဟား ဟား"

ဦးဂုမ္ဘာန်သည် အောင်မြင်သောအသံကြီးဖြင့် အားပါးတရရယ်မောလိုက်ပါတော့၏။ သူ၏ရယ်မောသံကြာရှည်မခံပါ။ အဝေးသို့လွင့်သွားသောမမင်းစိန်မှလေရာသို့ပြန်လည်ရောက်ရှိလာသည်။ ဦးဂုမ္ဘာန်မျက်စိမျက်နှာပျက်သွားသည်။ သူသည် သူ၏ဆေးကြိမ်လုံးဖြင့် မြေပြင်ကို ထပ်မံ၍ရိုက်ချလိုက်ပြန်၏။ ထန်းသီးအရွယ်ပမာဏရှိ မီးလုံးကြီးများ မမင်းစိန်ထံသို့အဆက်မပြတ်လွှတ်နေ၏။ မမင်းစိန်ကောင်းစွာတိမ်းရှောင်နိုင်၏။ ဦးဂုမ္ဘာန်တုန့်လှုပ်ကာ ဇောချွေးများရွှဲစိုလာတော့သည်။ နောက်ဆုံးတစ်ချက်သာ ဦးဂုမ္ဘာန်သူ၏ပညာကုန်အစွမ်းပြရပေထော့မည်။

ဦးဂုမ္ဘာန်သည် အံကိုခဲကာ သူ၏ဆေးကြိမ်လုံးဖြင့် အပြင်းထန်ဆုံးရိုက်လေတော့၏။

"ဝုန်း"

မိုးကြိုးလျှပ်စစ်မီးကွင်းများတစ်ကွင်းပြီးတစ်ကွင်း မမင်းစိန်ကို ရစ်ပတ်နေလေပြီ။ မမင်းစိန် မြေပြင်သို့လဲကျသွား၏။ သူမ လူးလိမ့်နေရရှာပါသည်။

သို့သော် တစ်ခဏအတွင်း မီးကွင်းများပျောက်ပျက်သွားကာ လျင်မြန်စွာ ရုတ်ခြည်းထခုန်လိုက်သူက မမင်းစိန်။ သိုက်ဆရာနှင့် ဘုရားသိုက်စောင့်တို့၏ တိုက်ပွဲကား ပြင်းထန်ခဲ့ပါသည်။ သိုက်ဆရာကြီးသည် ဥစ္စာစောင့်မကို ဖြိုလဲနိုင်ခြင်းမရှိပါလေ။ ဦးဂုမ္ဘာန်မျက်လုံးပြူးရလေ၏။ မမင်းစိန်သည် ခိုင်ခိုင်မာမာ ရပ်တည်လိုက်၏။ ဦးဂုမ္ဘာန်ရှိရာသို့ လက်ညှိုးထိုးလိုက်ပြီး သူမ၏နှုတ်မှ တွတ်တွတ်ရွတ်လိုက်သည်နှင့်တစ်ပြိုင်နက် -

"ဝေါ ဝေါ ဝေါ"

လေပြင်းများဟိုမှသည်မှဝှေ့ယမ်း တိုက်ခတ်ကုန်၏။ သစ်ကိုင်းကြီးများလေသရမ်းကြောင့် တဝီဝီဖြင့်ယိမ်းခါလှုပ်ရှားကြလေကုန်၏။ အချို့ကိုင်းကြီးများ ချွတ်ခနဲကျိုး၏။ သစ်ကိုင်းကျိုးကြီးများ လေပြင်းခေါ် ဆောင်ရာပါသွားရရှာ၏။ လေပြင်းများဝှေ့ရမ်းနေရာ ဆရာကြီးခေါင်းပေါင်းကျွတ်ကာ နှောင်ထုံးဖွဲ့ထားသော သူ၏သွေးတစောင်းပြေလျှောကျ၏။ သူတို့၏အဝတ်အစားများဆံနွယ်များ လေထဲမှာတလူလူလွင့်နေကြလေတော့၏။

ထိုအချိန်မှာ မမင်းစိန်၏ ဖနောင့်တစ်ချက် မြေပြင်နှင့်မိတ်ဆက်လိုက်၏။

ဒီရေလိုင်းများမြည်ဟည်းကာတက်လာ၏။ ဘုရားကုန်းတော်ပေါ် တွင် ချက်ချင်း ရေပြင်ကြီးဖြစ်သွားလေသည်။ လှိုင်းဂယက်ကြီးများက ဦးဂုမ္ဘာန်ကိုဆွဲယူနေ၏။ ရေပြင်သည် ဘုရားခြေတော်ရင်းဝဝိုင်းလျက် ဝဲကတော့ထိုးနေသည်။ ဒီရေများသည် ဘုရားခြေတော်ရင်းနှင့် ထိစပ်ခြင်းမရှိခဲ့ပါ။ ဦးဂုမ္ဘာန်သည်သာ ဒီရေလှိုင်းကြားထဲမှာ သူ၏ အသက်ရှင်သန်ရေးအတွက် အသက်လုကူးခပ်နေရပါတော့သည်။

ရေပြင်ကျယ်ကြီးမှာဦးဂုမ္ဘာန်တစ်ယောက်လွတ်မြောက်ပါမည်လော။

■

ကိုခွေးမမင်းစိန်နှင့်မောင်ရင်သွေးတို့အိပ်ရာဝင်ကြသည်။ မမင်းစိန်သည် ကိုခွေးကို လုံးဝလုံးဝစကားမပြောတော့ပါ။ ကိုခွေးသည် မမင်းစိန်စကားပြောရန် ကြိုးစားကြည့်ပါသေး၏။ သို့သော် အချည်းနှီးသာ။ ကိုခွေးစိတ်လျှော့ရလေ၏။ ကိုခွေးသည် ညဉ့်နက်သည့်တိုင်အောင် အတွေးကျယ်နေမိပါသည်။ သန်းခေါင်ယံအချိန်တွင် ကိုခွေး အိပ်မှေ့ခုခံလိုက်ရသည့်နှယ် သတိလွတ်သွားသည်။ ကိုခွေးအိပ်မက်မက်လေသည်။ အိပ်မက်ထဲတွင် အဘွားအိုတစ်ဦး ပေါ်ထွက်လာသို့တောင်ငေး

www.burmeseclassic.com

www.burmeseclassic.com

ထောက်ကာ ထောက်ကာလာနေပါ၏။ ကိုခွေးအနီးသို့ရောက်လာသော အဘွားအိုက -

"စိတ်ထားကောင်းတဲ့ မောင်ရင်၊ မောင်ရင်မသိလို့ အခုလိုဖြစ်ရတာ အဘွားနားလည်ပါရဲ့ကွယ်။ ဒါပေမယ့် အဘွားတို့မှာအန္တရာယ်ကျရောက်လာပြီ။ ပြင်မရတဲ့ အမှားကြီးကို မောင်ရင်ကျူးလွန်လိုက်မိပြီကွယ့်။ စိတ်ထားကောင်းတဲ့မောင်ရင်နဲ့ တို့တစ်တွေခွဲခွာရလိမ့်မယ်။ အဘွားတို့ သိုက်ပြောင်းရပါပြီကွယ်။ ဥစ္စာပစ္စည်းတွေတင်ထားတဲ့ လှည်းတန်းအရှည်ကြီးကို မောင်ရင်မထိပါနဲ့။ နောက်ဆုံးလှည်းပေါ်မှာ ပါတဲ့ပစ္စည်းတွေက ဘုရားပစ္စည်းတွေပါ။ ဘုရားပစ္စည်းကိုမထိပါနဲ့။ နောက်ဆုံးလှည်းပေါ်မှာ အဘွားရဲ့ပစ္စည်းပါတယ်။ မကြာခင် မောင်ရင်လှည်းသံတွေကြားရတော့မယ်။ လှည်းသံတွေကြားတာနဲ့ မောင်ရင်ထွက်လာခဲ့ပါ။ မောင်ရင့်အတွက် အဘွားပစ္စည်းတချို့ချပေးခဲ့မယ်။ လာဖြစ်အောင်လာခဲ့နော်။ မောင်ရင့်အတွက် အဘွား ကူညီခဲ့ချင်တယ်"

အဘွားအိုသည် ကိုခွေးကို သေသေချာချာမှာကြားပြီးနောက် အိမ်မက်ထဲမှ ပြန်လည် ထွက်ခွာသွားပါတော့သည်။

ထိုစဉ် လှည်းမောင်းသံများ၊ ခြွေသံများ၊ နွားခလောက်သံများ ဆူညံစွာကြားလိုက်ရသည်။ အဘွားအိုပြောသည့်အတိုင်း မှန်နေ၍ သူသည် အိပ်ရာထဲမှ လူးလဲထကာခေါင်းထောင်ကြည့်မိသည်။ ထို့နောက် သူ့ဘေးတွင်အိပ်နေသော မမင်းစိန်တို့သားအမိကိုကြည့်လိုက်သော အခါ သူ၏မိန်းမ မမင်းစိန်၊ သူ၏သားလေး မောင်ရင်သွေးတို့ကိုမတွေ့ရတော့ပါ။ ကိုခွေးရင်ခုန်စိတ်လှုပ်ရှားကာ ဝနာမငြိမ်တော့ပါ။ မမင်းမိန်တို့သားအမိကို အိမ်တွင်းအိမ်ပြင်အိမ်အောက်တို့တွင် အပြေးအလွှားရှာဖွေနေမိသည်။

အဘွား၏ပြောစကားများ သူ၏အသိစိတ်ထဲမှာမရှိတော့ပါ။ အဘွားအို ရှိရာနောက်ဆုံးလှည်းဆီသို့သွားရန် သူသတိမရတော့ချေ။ နွားလှည်းမောင်းသံ၊ ခြွေသံ၊ နွားခလောက်သံများ သူနှင့်ဝေး၍ ဝေး၍သွားချေပြီ။

"ရှင်မရေ ရှင်မ မမင်းစိန်၊ သားလေး မောင်ရင်သွေးရေ"

ကိုခွေးသည် တကြော်ကြော်ဟစ်အော်ခေါ်၍ ရှာဖွေနေမိသည်။ မမင်းစိန်တို့သားအမိ အရိပ်အယောင်မျှမမြင်ရတော့ပါ။

နံနက်အရုဏ်တက်ပြီဖြစ်လေ၏။

ရွာထဲမှ ကိုမိတ္တနှင့် မဝသုံတို့လင်မယား စေတီတော်ကြီးကို အရုဏ်ဆွမ်းကပ်လှူရန် ဆွမ်းအုပ်ပိုက်ကာ အိမ်မှထွက်လာခဲ့ကြသည်။ စေတီတော်မြတ်ကြီးကို လှမ်းမြင်ရလောက်သောနေရာ အရောက်တွင် စေတီရင်ပြင်ပေါ်တွင် လှည်းလှည်းလှည်းလှည်းနှင့် လှည်းရှားနေသော အရာကို မဝီဝီးတဝါးတွေ့မြင်ကြ၏။ မဝသုံ ကြောက်ရွံ့သွား၏။ မဝသုံသည် သူမယောကျ်ား၏လက်မောင်းကိုမလွတ်တမ်းဆုပ်ကိုင်ထားသည်။ သူမ၏မျက်နှာဆီးရွှန်းခန့်သာရှိနေတော့၏။ သူမယောကျ်ား ရှေ့ဆက်လျှောက်သည်ကို မဝသုံလည်း ကြောက်ဆုတ်ကြောက်ဆုတ်နှင့်လိုက်ပါလာရ၏။

ဘုရားရင်ပြင်တော်မှာ ဘာလဲသိချင်ကြပါ၏။ ဘုရားအနီးသို့ ရောက်ကြသောအခါမှ တိုက်ပုံအင်္ကျီအနက်နှင့် လူကြီး ဆံပင်တွေဖရိုဖရဲနှင့် မြေပြင်မှာ အသက်လုကူးခပ်နေသည်ကို ထူးဆန်းစွာတွေ့လိုက်ကြရတော့သည်။ ဦးဂုမ္ဘာန်၏ မျက်နှာ၊ ရင်ဘတ်၊ လက်၊ ခြေထောက်တို့စုတ်ပြတ်သတ်ကာ သွေးချင်းချင်းနီရဲစိုရွှဲနေပါတော့၏။ ခြေထောက်နှစ်ဖက်လည်း ယက်ကန်ယက်ကန်။ လက်နှစ်ဖက်လည်း အားယူ၍ လျံလမ်းစွာ ယက်ကန်လှုပ်ရှားနေသည်။ သူ့အနီးသို့ ကိုမိတ္တတို့လင်မယားရောက်နေသည်ကိုလည်း သူမသိ။ သူ့အသက်ရှင်ရေးအတွက်သာ ရုန်းကန်လှုပ်ရှားဆဲ။ သို့သော် နေရာကတော့မရွှေ့ချေ။

"ဗျို့ - ဆရာကြီး၊ ရေကူးတမ်းဆော့နေတာလား"

ကိုမိတ္တက အသံပြု၏။

သိုက်ဆရာကြီးက သူတို့ကို ဂရုမပြုအား။ အသက်ဘေးမှ လွတ်မြောက်ရန်သာ ကူးခပ်နေဆဲ။ စကားသံဖြင့်မေး၍မရသောအခါ ကိုမိတ္တသည် ဦးဂုမ္ဘာန်၏ ခန္ဓာကိုယ်ကိုလက်ဖြင့်ပုတ်လိုက်ပါ၏။

ထိုအခါမှ -

"ဟင်း - ငါဟာ မြေပြင်ကိုရွေ့ပြင်ထင်ပြီးကူးခပ်နေရတာပါလား"

သိုက်ဆရာကြီးအသိသတိဝင်လာပြီး သက်ပြင်းရှည်ကိုချ၏။ ရေကူးခြင်းမှလည်း ချက်ချင်းရပ်၏။ ဆရာကြီး သတိရလျှင်ရချင်း ထိုနေရာတွင်ဆက်လက်မနေရဲတော့ပါ။ ဘုရားကြီးကုန်းသို့ နောက်ထပ်တစ်ဖန်နောက်ပြန်မလှည့်စတမ်း ခြေကုန်သုတ်ပြေးလေတော့၏။ ဘုရားကြီးကုန်းနယ်မြေကို ဘယ်သောအခါမှရင်မဆိုင်ရဲတော့သောသိုက်ဆရာကြီးပါတကား။

■

ကိုခွေးသည် ရွာထဲလှည့်ပတ်ကာ သားပျောက်မယားပျောက်ရှာပုံတော်ဖွင့်နေ၏။ သားနှင့်မယားကိုတကြော်ကြော်ခေါ်နေရှာသည်။ အရူးတစ်ပိုင်းဖြစ်နေရှာသော ကိုခွေး၏ဘဝက သနားစရာကောင်းလှချေ၏။

"သားလေးရေ၊ ရှင်မရေ"

ကိုခွေး ရွာထဲလှည့်ပတ်ရှာဖွေနေစဉ် ကိုခွေးနှင့်အခင်မင်ရဆုံး သူငယ်ချင်းကိုဘတုတ်နှင့် ရွာလယ်လမ်းမတွင်ဆုံမိကြ၏။ ကိုဘတုတ်က -

"လာပါ သူငယ်ချင်းရယ်၊ စိတ်အေးအေးထားစမ်းပါကွာ။ ပြန်လာမှာပါကွ"

"မလာဘူး ဘတုတ်၊ ငါလိုက်ရှာရမယ်။ ငါလိုက်ရှာရမယ်ကွ"

"ငါလည်းပဲ ကူရှာပေးမှာပေါ့ သူငယ်ချင်းရယ်"

ကိုဘတုတ်ကဘယ်လိုပင်နှစ်သိမ့်ပေးသော်ငြား ကိုခွေးသည် သူ၏ရင်တွင်းမှာ ပူလောင်ကျွမ်းနေပါ၏။ သူ၏ရင်ထဲမှာဘယ်လိုမှမအေးနိုင်ရှာ။ သူ့တစ်ကိုယ်လုံးမှာ အပူဓာတ်များသာ ကြီးစိုးလျက်ရှိနေ၏။ အပူမီးများသာ လောင်ကျွမ်းနေပါ၏။

"ငါ့ရင်တွေ ပူလောင်လှပါပြီ သူငယ်ချင်းရယ်၊ တွေ့အောင်ရှာရမယ်။ ငါ့သားလေးက ရှင်မပြုရသေးဘူးကွ။ သူ့အမေက သိပ်ကိုရှင်ပြုပေးချင်နေတာ။ ငါလုပ်မပေးနိုင်ခဲ့ဘူးကွာ။ ငါအသုံးမကျလို့ ဒီလိုဖြစ်ရတာ။ မမင်းစိန်ပြောတာမှန်တယ်။ ငါ့အပြစ်ဟုတ်တယ်။ ဒါငါ့အပြစ်ပဲ။ ဒါတွေဟာ ငါ့အပြစ်တွေပဲကွာ။ သားလေးရေ သားလေး"

ကိုခွေးသည် တစ်နေကုန် မရပ်မနားအော်ရင်းခေါ်ရင်း သူ၏အပြစ်ကို သူ ခွင့်မလွတ်နိုင်လောက်အောင် အပူလှိုင်းကြောက ဝမ်းတွင်းက အပူရှိန်မြင့်မားလာသည်။ ရင်တွင်းအပူလှိုင်းများထကြွရုန်းကန်ကြလေကုန်၏။ သူ၏နှလုံးအိမ်တွင် ဖွဲမီးလောင်သကဲ့သို့ တငွေ့ငွေ့လောင်ကျွမ်းနေသည်မှာ ရင်တွင်းအပူမီးမငြိမ်းနိုင်ရှာတော့ပါ။ ပူပန်ဖို့လို အပူလှိုင်းလုံးကြီးတင်းကျပ်လာသော် ခံနိုင်ရည်မရှိတော့ဘဲ ဝုန်းခနဲလဲကွဲလေတော့

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း-ရွာသစ်)
သျှစ်သွား(ရှစ်ရှား)ရွက်အစွမ်း



သျှစ်သွားပင်

ဘုရားအလောင်းပညာရှိ မဟော်သဓာဇာတ်တော်လာ နွားတရားစီရင်ခန်းအား စာဖတ်သူတို့ သိကြပြီးဖြစ်ပါသည်။ နွားပိုင်ရှင် နွားသူဌေးအား ပါရမီအဟုန်ဖြင့် အလောင်းတော်ပညာရှိအတတ်သိသော်လည်း ပရိသတ်ပိုလ်အများသိစေလိုတဲ့အတွက် ယခုသျှစ်သွားရွက်အား နွားများထောင်းတိုက်ရာမှ ဝမ်းတော်လာနွားချေးမှ နွားသူဌေးအား ဖော်ထုတ်လိုက်သောပညာခန်းဖြစ်ပါသည်။

သျှစ်သွားပင်အား ယနေ့ခေတ်ဆေးသုံးမရှိသလောက် အလွန်နည်းနေပါပြီ။ အပူပိုင်းဒေသများတွင် သျှစ်သွားပင်မရှိသလောက်ရှားလေ၏။ ကိုစိုးတို့ ယောချောင်မှာတော့ လိုသလောက်ခူးယူနိုင်အောင်ပေါများလှပါသည်။ ဂန္ဓင်္ဂါနယ်မှအစ ကလေးနယ်အထိ မြစ်သာမြစ်ကြောင်းတစ်လျှောက်နဲ့ နန့်ကသည်းမြစ်ကမ်းနံဘေး သဲသောင်ခုံအင်းများတွင် အများဆုံးပေါက်ပါသည်။

အထူးသဖြင့် သောင်ပြင် ပဲခင်း၊ နှမ်းခင်း၊ နေကြာခင်းတိုင်းမှာ သျှစ်သွားပင်အများဆုံးပေါက်ပါသည်။ အင်တိုင်းကုန်းလယ်နဲ့အခင်းတွေမှာတော့ ဒီအပင်မတွေ့ရ။

ကိုစိုး၏မိတ်ဆွေကြီး ဖိုးစိုးမင်းရဲ့သား ကိုကျော်မိုးတို့အခင်းက နန့်ကသည်းမြစ်ကမ်းပါးအနီးရှိလေတော့ တစ်ခါတစ်ရံ ဟင်းရွက်ဆွတ်သွားတဲ့အခါ သျှစ်သွားပင်တွေကဆီးကြိုနေပါသည်။ တချို့နေရာတွေက တောထူထူပေါက်နေပါသည်။ တခြားအခင်းတွေမှာလည်း ထူပိန်းစွာပေါက်ပါသည်။

သျှစ်သွားပင်ဟာ တောင်သူတွေအတွက် ပေါင်းမြက်ပမာဒုက္ခပေးသလို ပေါများပါသည်။ တချို့တောင်သူတွေ ဒီအပင်ကြောင့် ညည်းသံပေးကြပါသည်။

သျှစ်သွားပဇ်ဟာ အပင်ပုမျိုးဖြစ်ပြီး အမြင့်တစ်တောင်ခန့်သာရှိ၏။ အညွှန့်ဆိတ်က အစေးအဖြူထွက်ပါသည်။အရသာချဲ့ဆိမ့်ကာစားလို့ကောင်း၏။ အညွှန့်မချိုးလျှင် တစ်ကိုင်းတည်းထီးထီးနေတတ်ပြီး အညွှန့်ချိုးထားလျှင် အညာခွေးသေးပန်းပင်ကဲ့သို့ ကိုင်းဖြာဝေနေပါသည်။

ဒီနယ်မှ သျှစ်သွားပင်က တစ်နှစ်ကို (၂) ကြိမ်တိတိပေါက်လေ့ရှိပါသည်။ မိုးကျစ ကဆွန်၊ နယုန် နှမ်းစိုက်ချိန်တွင် သျှစ်သွားပင်စတင်ပေါက်ပါပြီ။ နှမ်းသိမ်းချိန် ဝါခေါင်လတွင် အပင်များရှင်သန်ကြီးထွား၍ အပွင့်အသီးတွေနှင့်

၏။ စိတ်၏အပူရှိန်အမြင့်များဆုံးတောက်လောင်လိုက်ပြီ ဖြစ်သည်။ အပူရှိန်နှုန်းအမြင့်များဆုံးရောက်သည်နှင့် ပွက်ပွက်ဆူနေသောသွေးများ သူ၏ပါးစပ်မှပွက်ခနဲထိုးအန်ချလိုက်သည်။ သွေးများစွာထရစပ်အန်နေသည့်အတွက် ကိုခွေးသည် မဟန်နိုင်တော့ဘဲ မြေပြင်ထက် ဒူးထောက်လဲကျကာ အသက်ထွက်သွားလေ၏။

ဘုရားကြီးကုန်းရွာသူရွာသားတို့ ထိုနေ့ကိုမမေ့နိုင်ရှာတော့ပါ။

■

ဦးထွန်းမြသည် ခေတ်ဟောင်းကာလ ဘုရားကြီးကုန်းနယ်မြေမှာဖြစ်ပွက်ခဲ့ပုံအလုံးစုံတို့ သူ၏ အတွေးကွန်ရက်ပုံလွှင့်ခဲ့သည်။ အတွေးကွန်ရက်ကိုချုပ်ငြိမ်းစေပြီး ယနေ့ ပစ္စုပ္ပန်ကာလဆီသို့ သူ၏အာရုံကို ပြန်လည်စုစည်းလိုက်ပါ၏။ ယနေ့ခေတ်တွင်မူကား ဘုရားကြီးကုန်းနယ်မြေတွင် အနိဋ္ဌာရုံအဆိုးများ ကွယ်ပပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ဘုရားကြီးကုန်းစေတီတော်မြတ်ကြီးကို ပြန်လည်ဖော်ထုတ်ပြုပြင်မွမ်းမံကိုးကွယ်ခဲ့ကြသည့် အညာစုကျေးရွာသည်လည်း ဟိုအရင် ကရင်-ဗမာအဓိကရုဏ်းဖြစ်စဉ်ကတည်းက ရွာကိုဖျက်ဆီးသူများကြောင့် ရွာသူရွာသားတို့ ကစဉ့်ကလျားနှင့်ထွက်ပြေးကြကုန်၏။ အိမ်မည်း၊ မြောင်းမြမြို့နယ်များသို့ ရောက်ရှိကာ အခြေချနေထိုင်ကြသူများလည်းရှိကြလေ၏။ အညာစုရွာသည်လည်း အခြေပျက်အနေပျက်ဖြစ်ကာ ပြန်လည်လာရောက်နေထိုင်သူမရှိတော့ချေ။ ရွာပျက်ဖြစ်သွား၏။ အညာစုရွာအမည်ပါပျောက်ကွယ်သွားပါသည်။

ယခုအချိန်မှာ ဘုရားကြီးကုန်းစေတီတော်မြတ်ကြီး၏ ဘွဲ့အမည်မှာ ပြည်လုံးချမ်းသာစေတီတော်ဟု အမည်တွင်၏။ ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။

ဘုရားကြီးကုန်း၏မြောက်ဘက်တွင် ကညင်ကုန်းကျေးရွာ၊ အရှေ့ဘက်တွင် ကံကြီးကျေးရွာ၊ တောင်ဘက်တွင် ကြာပိတ်ကျေးရွာ၊ အနောက်ဘက်တွင် တံခွန်တိုင်ကျေးရွာတို့တည်ရှိကြပါသည်။

ယခုအခါ ကိုအောင်နိုင်တို့လို လူငယ်လေးများ၏ လုပ်ဆောင်ချက်များသည် သာသနာတော်အတွက် အားတက်ဖွယ်ဖြစ်ခဲ့ရပါ၏။ ယခုလို စိတ်ဓာတ်ကောင်းများနှင့် လူငယ်လေးများစွာပေါ်ထွက်လာစေကြောင်းကို ဦးထွန်းမြဆုတောင်းမိပါသည်။ ရှေးဟောင်းသမိုင်းဝင်ဘုရားကြီးကုန်းစေတီတော်မြတ်ကြီးအား ဖူး၍ မဝနိုင်အောင် ကြည်ညိုနေမိပါတော့သည်။

၍ သမိုင်းဝင် ဘုရားကြီးကုန်းစေတီတော်မြတ်ကြီးနှင့် ပတ်သက်သောဆောင်းပါး ဖြစ်မြောက်ရေးအတွက် ကူညီပေးပါသော ဦးမောင်မောင်မြင့်၊ ဒေါ်ခင်စန်းမြင့်တို့အား အထူးကျေးဇူးတင်ပါကြောင်းမှတ်တမ်းပြုအပ်ပါသည်။

သုခီအတ္တာနံ ပရိဟရန္တု

အောင်မြင့်သန်း(မသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

သျှစ်သျှားပင်

အသီး အပွင့် အရွက် အနီးကပ်မြင်ရပုံ

ဝေဆာနေပါပြီ။

နှမ်းတွေရိတ်သိမ်းပြီး ပဲခင်းတွေ အတွက် ထယ်ထိုး၊ ကုန်းထွန်၊ မြေလှန်တာနှင့် သျှစ်သျှားပင်တွေ ခဏတာ ကွယ်ပျောက်သွားပါပြီ။ သူရဲ့အသီးမျိုးစေ့တွေက အလိုလိုမျိုးစေ့ချသလိုဖြစ်သွားပါပြီ။

ပဲတွေစိုက်ပြီးတာနဲ့ သျှစ်သျှားပင်တွေက အပြိုင်အဆိုင်အသစ်ပြန်ပေါက်ပါပြီ။ တပို့တွဲ၊ တပေါင်း ပဲနီပဲဖြူရိတ်သိမ်းချိန်အထိ သျှစ်သျှားပင်အားတွေ့မြင်နိုင်ပါသည်။ ဒီနယ်မှာ တစ်နှစ် (၂) ကြိမ်တိတိ ရှင်သန်သောအပင်ငယ်မျိုးဖြစ်ပါသည်။

သျှစ်သျှားရွက်ကို ဝမ်းချုပ်သည့် အခါသာ အသုံးပြုကြလေ၏။ မိတ်ဆွေကြီးရဲ့သား ကိုကျော်မိုး နောက်တိတိလုပ်လိုက်ပုံလေး ကြုံတုန်းပြောလိုက်ဦးမည်။

သူက ဘူတာမှာစျေးရောင်းသလို တစ်ဖက်က တောင်သူလုပ်တာပေါ့။ သူတို့ဆိုင်မှာ ရထားဝန်ထမ်းတွေထမင်းချိုင့်ဆွဲစားကြသည်။ တနေ့ စကားစပ်ရင်း သျှစ်သျှားပင်အကြောင်း ပြောရာက ရထားဝန်ထမ်းတစ်ဦးက စိတ်ဝင်တစားရှိသွားသည်။ ကျော်မိုးပြောလိုက်တာက ငါးကြီးသားနဲ့ သျှစ်သျှားရွက်ကိုချက်စားကြည့်၊ ထမင်းအလွန်မြိန်ကြောင်းဆွေးလိုက်။ ဒီဝန်ထမ်းက အဲဒီလိုချက်စားချင်သည်ပေါ့။ တောသွားလျှင်ခူးခဲ့ပေးဖို့မှာတာပေါ့။

ကိုကျော်မိုးက သူ့တောသွားရင်းအပြန် သျှစ်သျှားရွက်တွေ ခါးပိုက်ဆောင်တစ်လုံး တစ်ပြည့်သားလောက်ကောက်ပြီး ဒီဝန်ထမ်းရထားနဲ့အပြန်ပေးလိုက်တာပေါ့။

ဒီဝန်ထမ်းက ကလေးမြို့မှာနေတာ။ နောက်တစ်နေ့ စေးထဲကငါးကြင်းတစ်ပိဿာနဲ့ အဲဒီသျှစ်သျှားရွက်တွေအကုန်ထည့်ချက်လိုက်ပါရော။ အဲဒီဝန်ထမ်းက ကလေး(၃)ယောက်နဲ့မိသားစု (၅) ယောက် ဒီနေ့မနက် ငါးကြင်းနဲ့ သျှစ်သျှားရွက်ဟင်းစားလိုက်ကြတာ စားကောင်းလွန်းလို့ မနက်ပိုင်းမှာပဲဟင်းတွေကုန်သွားပါရော။

အဲ - နေ့လယ် (၁၂)နာရီကျော်တော့ ပိုက်ထဲက ငွေငွေဂွတ်ဂွတ်မြည်ကုန်ပြီတဲ့။ မအောင့်နိုင်ကြတော့ဘူး အိမ်သာပြေးပြီပေါ့။ လင်မယား (၂) ယောက်၊ ကလေး (၃) ယောက် အိမ်သာတန်းစီတက်ရတာပေါ့။ အဲဒီနေ့ ညနေပိုင်းကျောင်းသားကလေး (၃) ယောက် ကျောင်းမသွားနိုင်ဘူးတဲ့။ ပြောပုံအရ မနက်ပိုင်း စာကလေးတွေနေပူလှုန်းနေသလို အိမ်သာရှေ့မှာငုတ်တုတ်တန်းစီနေရပါသတဲ့ဗျာ။

ရထားဝန်ထမ်းကပြန်ပြောတော့ ကိုကျော်မိုးက ခွက်ခွက်လန်ရယ်ပြပေါ့။ ကျော်မိုးက သက်သက်နောက်လိုက်တာ ထည့်ရမည့်သျှစ်သျှားရွက်အချိုးအစားကို မပြောဘဲထိမ်လိုက်တာ အမှန်က ဒီဝန်ထမ်းကို သျှစ်သျှားရွက်အကြောင်း ဘယ်လောက်သိသလဲဆိုတာ စမ်းလိုက်တာ တက်တက်စင်လွဲတာပဲ။

အဲဒီနေ့က မိသားစု (၅) ယောက် ဝမ်းတွေလျှောလို့ လောသွားပေမယ့် နောက်တော့ ကိုကျော်မိုးကသိတယ်မှတ်လို့ နောက်လိုက်တဲ့အကြောင်း ပြန်တောင်းပန်တာပေါ့။အမှန်က သျှစ်သျှားရွက်တစ်ဆုပ်နှစ်ဆုပ်လောက်နဲ့ချက်စားရမှာပါ။

သျှစ်သျှားရွက်ကို တခြားအသီးအရွက်တွေနဲ့လည်း ချက်စားနိုင်ပါတယ်။ အကြော်စုံအမျိုးမျိုးနဲ့ပေါင်းပြီးကင်ပေါင်းကျော်စားနိုင်ပါတယ်။ ဟင်းခါးချက်စားလျှင်လဲလည်းရပါတယ်။ လက်တစ်ဆုပ်နှစ်ဆုပ်ခန့်ထည့်ပြီးလိုရာချက်စားနိုင်ပါသည်။

ဝမ်းချုပ်လွန်သူတွေ စမြင်းခဏခဏခံသူတွေ၊ လိပ်ခေါင်းဖြစ်သူတွေ ဝမ်းပျော့ဆေးဝယ်စားနေရတဲ့သူတွေဟာ ဒီသျှစ်သျှားရွက်ကို ဆေးအဖြစ်မှီဝဲသင့်ပါသည်။

တစ်ယောက်စာအတွက် သျှစ်သျှားညွှန့်နှစ်ညွှန့်သုံးညွှန့်အား ထမင်းအိုးနှပ်သည့်အခါ ထည့်ပေါင်း၍ မြုပ်စားပါ။ ဝမ်းခိုင်သူများက ငါးညွှန့်ထက်မပိုဘဲ မြုပ်စားလိုက်လျှင် ဝမ်းပေါက်ပါသည်။

လူတွေအပြင် အိမ်မွေးတိရိစ္ဆာန်များဝက်ချုပ်ဝေဒနာခံစားရတာသိတာနှင့် သျှစ်သျှားရွက်ကို ချက်ချင်းသတိရလိုက်ပါ။ အထူးသဖြင့် နွားတွေ၊ ဓာတ်တွေ ဓာတ်ချုပ်လွန်လျှင် သေဆုံးတတ်ပါသည်။ ထိုအခါ သျှစ်သျှားရွက်အား ထုထောင်းလိုက်မ၊ ဝမ်းခေါင်းအတွင်း ဝင်အောင်တိုက်ပါ။ မကြာခင် ဓာတ်ပေါက်လာပါမည်။

သျှစ်သျှားရွက်ကို နွားတွေ၊ ကျွဲတွေ အလွန်ကြိုက်ပါသည်။ ကိုကျော်မိုးရဲ့ နွားထီး၊ နွားမတွေ တောပါသွားရင် အလွတ်မကောင်းတော့ဘူး။ နွားတွေကလွတ်တာနဲ့ သျှစ်သျှားတောတိုးဝင်သွားရင် ပြန်ထွက်မလာကြတော့ဘူးတဲ့။ တစ်နေ့ကုန်ကားနေအောင်စားပါသတဲ့။

အဲဒီလို သျှစ်သျှားရွက်တွေအစားများတဲ့နွားတွေကတော့ နှစ်ရက်၊သုံးရက် ဝမ်းသွားမရပ်ပါဘူးတဲ့။ ဆက်တိုက်ဝမ်းလျှောနေပါသတဲ့။

အမြဲတမ်းဓာတ်ချုပ်နေသူတွေက ရက်ခြားရက်ခြား ထမင်းစားတဲ့အခါမှာ သျှစ်သျှားရွက်နှစ်ညွှန့်သုံးညွှန့်မြုပ်စားပါ။ ရေရွှည်သုံးစွဲလိုလျှင် အရွက်ကိုအခြောက်လှန်းအမှုန့်ပြု၊ စားတော်ပဲစေ့ခန့်လုံးတစ်နေ့တစ်လုံး (သို့) နှစ်လုံးစားပေးလျှင် ဓာတ်ချုပ်ဝမ်းချုပ်ဝေဒနာကင်းပေးစေပါမည်။

သျှစ်သျှားပင်က နေရာဒေသအနှံမပေါက်တာတော့ ကိုဝိုးလည်းမတတ်နိုင်ပါ။ အဲ-အသုံးလိုလို့ ဆေးသုံးဖို့ တကယ်လိုရင်တော့ ကိုဝိုးတို့ရွာလာခဲ့ပါ။ လိုသလောက် ကြိုက်သလောက် အလကားအလကားခူးပေးလိုက်ပါမယ်ခင်ဗျား။

စိုးမင်း(မြောက်စည်း-ဆွာသစ်)

www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး
ဆီးဝေနာနဲ့ရှားစောင်းပြဿဒ်

နေ့စဉ် နံနက်တိုင်း နေပြည်တော်ဝန်းကျင်က ဘုရားတန်ဆောင်းကျောင်းကန်တွေကိုသွားပြီး ကိုတင်ထွန်းနဲ့ ကျွန်တော် ကုသိုလ်ပြုကြတာ ထုံးစံပါ။ အလှည့်ကျပတ်သွားနေတော့ကာ ကျောင်တစ်ကျောင်းကို ကြာကြာမှတစ်ခါရောက်ဖြစ်တာပါ။

ရာဇဌာနီလမ်းမကြီးရဲ့မြောက်ဘက် ဥပ္ပါတသန္ဓိစေတီတော်ကြီးအလွန် အရှေ့ဘက်ကုန်းအဆင်းမှာ အောင်သိဒ္ဓိအလိုတော်ပြည့်ကျောင်းရှိတယ်။ အဲဒီကျောင်းမှာ တစ်နှစ်ကိုနှစ်ကြိမ်လောက် တရားစခန်းဖွင့်တယ်။ ပြီးတော့ ကြည်ညိုဖွယ်ရာ အောင်သိဒ္ဓိအလိုတော်ပြည့်စေတီတော်လည်းရှိတယ်။ ဆရာတော်ကြီးက သက်တော် (၈၀) ကျော်ပါပြီ။

၎င်းပြင် မြန်မာနှစ်သစ်ကူးအပြီးမှာ ဆရာတော်ကြီးကို မုန့်၊ ပန်းတွေလှူဒါန်းဖို့ရောက်ပါတယ်။ လှူဒါန်းအပြီးမှာတော့ ခေတ္တစကားပြောဖြစ်ပါတယ်။ အဲဒီမှာ ဆရာတော်ကြီးက -

"ဒကာကြီးတို့အောင်ဇမ္ဗူရုပ်ကွက်ရဲ့တောင်ဘက်မှာ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးရှိတယ်။ အခုအဲဒီဆေးရုံကြီးမှာ ဘုန်းကြီးရဲ့ နောင်တော်ကြီး ဆေးရုံတက်နေတော့ မနေ့ကတောင် အဲဒီဆေးရုံကြီးကို ဘုန်းကြီးရောက်ပါသေးတယ်။ ကားနဲ့ဆိုတော့ ခဏနဲ့ရောက်တာပါ"

လို့ အမိန့်ရှိပါတယ်။

ဒါနဲ့ ကျွန်တော်ကပြန်လျှောက်ပါတယ်။

"ဘာရောဂါဖြစ်လို့ပါလဲ ဘုရား"

"အေးဗျာ၊ အသက်ကကြီးလာတော့ ဆီးချိုဝေနာဖြစ်တာပဲပေါ့။ ဘယ်လိုမှကြံမရတာနဲ့ ဆေးရုံတင်လိုက်ရတာ။ ဒကာ၊ ဒကာမတွေအားလုံးက ဇမ္ဗူသီရိအထူးကုဆေးရုံကြီးကိုညွှန်းတာနဲ့တင်လိုက်တာပဲ။ ခုတော့ အတော်သက်သာသွားပါပြီ။ ဆေးရုံကြီးကလည်း ကောင်းပါဗျာ"

"မှန်ပါ၊ တစ်တိုင်းပြည်လုံးက အားကိုးတကြီးလာကုနေကြတာပါဘုရား။ ခေတ်မီစက်ကြီးတွေနဲ့ အဆင့်မြင့်လှပါတယ်ဘုရား"

"ဟုတ်ပါ့ဗျာ၊ လူတွေစည်လိုက်တာလွန်ရောဗျ။ ဒီလိုဆီးချိုဝေနာလောက်တော့ ကျုပ်တို့အညာမှာသာနေရရင် စာမဖွဲ့လောက်ပါဘူးဗျာ။ အညာမှာက ရှားစောင်းပြဿဒ်ပင်တွေ အလွန်ပေါတယ်။ ဒီလိုဆီးဝေနာဖြစ်လို့ကတော့ ရှားစောင်းပြဿနည်းနည်းလိုပြီး ထန်းလျက်နဲ့သာကျိုသောက်လိုက်ပါဗျာ။ ခဏနဲ့ယူပစ်သလိုပျောက်ပါတယ်။ ဒီမှာကတော့ ရှားစောင်းပြဿဒ်မရှိဘူးလေ။ ဒါနဲ့ ဆေးရုံတင်လိုက်ရတာပါ"

လို့ ပြောပြပါတယ်။

သက်တော်ရှစ်ဆယ်ကျော် ဆရာတော်ကြီးဆီက အမှတ်တမဲ့ကြားလိုက်ရတဲ့ အညာဒေသရဲ့မြန်မာ့ဂိုဏ်ရာဆေးနည်းတစ်ခုပါ။ တကယ်တော့ သူတို့ရဲ့ရင်ထဲမှာသိမ်းထားတဲ့ဆေးနည်းလေးတွေပါ။ စကားဆက်စပ်လို့ထွက်ပေါ်လာခြင်းပါ။

ရှားစောင်းပြဿဒ်က ကျွန်တော်တို့ဒေသရဲ့ပေါက်ပင်မဟုတ်တာကြောင့် တွေ့ဖို့ခက်ခဲတဲ့အပင်မျိုးပါ။ အညာမှာတော့ လမ်းဘေးတွေမှာ အမြင်ကတ်လောက်အောင်ပေါတာပါ။ ခုတ်မနိုင် သိမ်းမနိုင်အောင်အလွန်ပေါက်ကြတာပါ။ ကျွန်တော်တို့ဆီမှာကျတော့ အလှစိုက်ကြသူအချို့ရှိခဲ့ဖူးပါတယ်။ အခုခေတ်မှာ မြေတွေတန်ဖိုးရှိတော့ကာ ခုတ်ထွင်ရှင်းလင်းကြတာကြောင့် မြင်ရဖို့ခက်ခဲသွားခဲ့ပါပြီ။

ပခုက္ကူ မြင်းခြံ၊ မုံရွာ စတဲ့ဒေသကြီးတွေမှာ ရှားစောင်းပြဿဒ်တွေ အလွန်ပေါပေမယ့် ဆရာတော်ကြီးအမိန့်ရှိတဲ့ဆေးနည်းကို သိသူတွေရှိသလို မရှိသူတွေလည်းရှိနေကြဦးမှာပါ။ အခြားအသုံးတွေလည်း ဒေသအလိုက် များစွာရှိနေဦးမှာပါ။

ဒေသရဲ့ပေါက်ပင်မဟုတ်သော်လည်း အလှစိုက်ကြသူတွေကြောင့်ရှားစောင်းပြဿဒ်ပင်ရှိကောင်းရှိနိုင်ကြပါတယ်။ ရှိခဲ့လို့ရှိရင် ဆရာတော်ကြီးအမိန့်ရှိသလို ရှားစောင်းပြဿဒ်ထိပ်ပိုင်းလေးအနည်းငယ်ယူပြီး ပါးပါးလှီးကာ ထန်းလျက်နဲ့ကျိုသောက်ရင် ဆီးကျင်၊ ဆီး ချုပ်၊ ဆီးပူ၊ ဆီးကျောက်တည်စတဲ့ ဆီးဝေနာတွေပျောက်ကင်းနိုင်ပါလိမ့်မယ်။ သင့်တင့်မျှတပြီး သောက်ကောင်းရုံလောက် ကျိုချက်ဖို့အရေးကြီးပါတယ်။

ရှားစောင်းစေးနဲ့ မျက်ခွေးဆိုပြီး မတည့်တာကိုနှိုင်းတဲ့စကားရှိပါတယ်။ ရှားစောင်းမျိုးနွယ်တွေဟာ မျိုးပေါင်းများစွာရှိပြီး သူတို့ဟာ အပူပိုင်းကန္တာရပေါက်ပင်တွေဖြစ်ကြတယ်။ သူတို့ဟာသူတို့မသေအောင် ရေသိုလှောင်အားကောင်းတာကြောင့် အရည်ရွှမ်းအပင်တွေဖြစ်ကြတယ်။ အဲဒီအစေးဟာ မျက်စိထဲဝင်ရင် အလွန်ပူစပ်ကာ မျက်စိတိမ်စွဲနိုင်တယ်။ ကွယ်လည်းကွယ်သွားနိုင်ပါတယ်။ မျက်စိနဲ့လုံးဝမတည့်ပါဘူး။ အဲဒါကြောင့် ရှားစောင်းစေးနဲ့မျက်ခွေးဆိုပြီး ဆိုကြခြင်းပါ။

ပြီးတော့ ရေသိုလှောင်အားကောင်းတဲ့သူတို့ကို အကောင်တွေမစားနိုင်အောင် ဆူးပြွတ်ပြီး အပင်ကိုဆူးတွေနဲ့ ကာကွယ်ကြတယ်။ အဲဒီဆူးတွေကလည်း အလွန်ဆိပ်ပြင်းပါတယ်။ ဒါကြောင့် ရှားစောင်းပြဿဒ်ပင်ယူမယ်ကိုင်မယ်ဆိုရင် မျက်စိထဲ အစေးမဝင်အောင်၊ ဆူးမစူးအောင် သတိထားကိုင်တွယ်ကြပါလို့ အမှာစကားလေးပါးလိုက်ပါရစေ။

အောင်သိဒ္ဓိအလိုတော်ပြည့်ဆရာတော်ကြီးအား ဦးတင်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

မဟာပထမံပညာ၏မြေပြင်ဂိုက်းချုပ်

ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးဌေး ၄၀

■ လူတစ်ယောက်ကို ကြောင်တစ်ကောင်အဖြစ် ဖန်တီးနိုင်သော ဝိဇ္ဇာရေပညာ

ကိုထွန်းမြိုင်သည် ငါးဆူကုန်းဘုန်းကြီးကျောင်းမှ သူ၏အသုံးအဆောင်ပစ္စည်းပစ္စယအချို့ကိုယူဆောင်ပြီး ရုပ်စုံတန်ဆောင်းသို့ရောက်ရှိလာရာ ရသေ့ကြီးဦးအောင်ပြည့်သည် တန်ဆောင်းထဲမှထွက်လာပြီး ပစ္စည်းများကို ဝိုင်းကူယူပြီး -

"လာ - ကိုထွန်းမြိုင်၊ ဗဟန်း (၃) လမ်းအိမ်ကိုသွားကြမယ်။ ဟိုကျမှလိုတဲ့ပစ္စည်းပစ္စယတွေ ဗဟန်းစွေးထဲသွားပြီး ဝယ်ကြတာပေါ့"

ဟု ပြောပြီးနောက် နှစ်ဦးသားရွှေတိုဂုံဘုရားအရှေ့ဘက်မုခ်စောင်းတန်းမှဆင်းခဲ့ကြ၏။

ထို့နောက် ဗဟန်း (၃) လမ်းအိမ်သို့ရောက်ခဲ့ကြ၏။ ရသေ့ကြီး၏ငှားထားသော ဗဟန်း (၃) လမ်းအိမ်ကို ကိုထွန်းမြိုင်သည် အိမ်ရှေ့မှကြည့်လိုက်ပြီး အိမ်တံခါးကို သော့ခတ်ထားခြင်းမရှိဘဲ စေ့ရုံသာစေ့ထားသည်ကို သတိပြုမိလိုက်သဖြင့် -

"ဆရာကြီး၊ ဆရာရဲ့အိမ်တံခါးကိုလည်း သော့ခတ်မထားပါလား။တော်ကြာတစ်ယောက်ယောက်က ပစ္စည်းတွေကို ဝင်ယူသွားမှဖြင့် ဆရာကြီးရယ်"

"အဲဒီကိစ္စအတွက်ကတော့ ပူစရာမရှိပါဘူးကွယ်။ အိမ်စောင့်ရှိပါတယ်။ လာလာ - ကိုထွန်းမြိုင်၊ အိမ်ထဲဝင်ကြမယ်"

ဟု ပြောပြောဆိုဆို ရသေ့ကြီးဦးအောင်ပြည့်က အိမ်တံခါးကို တွန်းဖွင့်ပြီးဝင်သွားသဖြင့် ကိုထွန်းမြိုင်လည်း နောက်မှလိုက်ရလေ၏။

အိမ်ထဲဝင်လိုက်သည်နှင့် ကြောင်ကလေးတစ်ကောင်က အခန်းထဲမှထွက်လာပြီး ခရီးဦးကြိုပြုသည့်သဘောဖြင့် နှုတ်ဆက်သည်ကို တွေ့ရသည်မှတစ်ပါး အခြားသော တစ်စုံတစ်ဦးကိုမျှ မတွေ့ရသဖြင့် ကိုထွန်းမြိုင်သည် ရသေ့ကြီး၏ အိမ်စောင့်ရှိပါတယ်ဟူသောစကားကို စဉ်းစားမရအောင်ရှိလေ၏။ ထို့နောက် သူ၏ ပစ္စည်းပစ္စယများကို အိမ်ထဲတွင်နေရာချထားလိုက်ပြီးနောက် အောက်ထပ်တစ်ထပ်လုံးရော အိမ်အပေါ်ထပ်သို့ပါတက်ပြီး ကြည့်ရှုလေရာ အခြားသော တစ်စုံတစ်ဦးကိုမျှမတွေ့ရသဖြင့် ကိုထွန်းမြိုင်၏စိတ်ထဲတွင် စောစောက အိမ်ခန်းထဲကထွက်လာသည့် ကြောင်ကလေးကိုများ ရည်ညွှန်းပြီးပြောလေသလားဟုသာ စိတ်ထဲတွင်သာမှတ်ထားလိုက်၏။ ရသေ့ကြီးကိုကား ဤအကြောင်းနှင့်ပတ်သက်ပြီးထပ်၍မမေးတော့ပေ။

ထို့နောက် ထိုနေ့မှစပြီး ကိုထွန်းမြိုင်သည် ဆရာဦးအောင်ပြည့်၏ ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ရင်း ကျန်အချိန်များတွင် မိမိ၏ပုံမှန်လုပ်ငန်းစဉ်ဖြစ်သော ပထမံအင်းများသောက်ခြင်း၊ ဂါထာ၊ ပရိတ်၊ မန္တန်များ၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ ပုတီးစိပ်ခြင်း၊ သမထဘာဝနာရှုမှတ်ခြင်း၊ တရားအားထုတ်ခြင်း စသည့် နိစ္စဓုဝ ပြုမူဆောင်ရွက်ရမည့်ကိစ္စများကို အားပါးတရ စိတ်အေးလက်အေးပြုလုပ်နိုင်ခွင့်ရသွားလေ၏။

ကိုထွန်းမြိုင်၏အခြားသောဝေယျာဝစ္စတို့မှာ ဘုရားကျောင်းဆောင်တွင် ဘုရားရှင်အား ဆွမ်း၊ ပန်း၊ သောက်တော်ရေများကပ်ခြင်း၊ ဘုရားကျောင်းဆောင်သန့်ရှင်းရေး၊ အိမ်သန့်ရှင်းရေးများလုပ်ခြင်း၊ လိုအပ်သည်များကိုလျှော်ဖွပ်ခြင်းနှင့် စားသောက်ရန်အတွက် ချက်ပြုတ်ကြော်လှော်ရခြင်း ဖြစ်ပါသည်။

စားသောက်ရန်အတွက်ချက်ပြုတ်သည်တွင် ဆရာဦးအောင်ပြည့်နှင့် ကိုထွန်းမြိုင်တို့၏ နှစ်ယောက်စုစားပြင် ကြောင်ကလေးအတွက်ပါ ထည့်ဝေးရ၏။ အဆိုပါ ကြောင်ကလေးသည် ငါးကြော်ကိုသာ ကြိုက်နှစ်သက်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်းမြိုင်သည် နေ့စဉ်မနက်တိုင်း စေးသို့သွားပြီး ကြောင်ကလေးအတွက် ငါးခူ၊ ငါးကျည်းများကို ဝယ်ပြီး သီးသန့် ကြော်ပေးခဲ့ရ၏။ ကြောင်ကလေးကလည်း ကိုထွန်းမြိုင်ကြော်ကျွေးသည့် ငါးကြော်များကို နှစ်မြိုက်စွာစားလေ၏။ ဤသို့ဖြင့် ကိုထွန်းမြိုင်သည် နိစ္စဓူဝ အလုပ်များကိုလုပ်ကိုင်ရင်း နေထိုင်လာခဲ့သည်မှာ လပေါင်းများစွာပင်ကြာလာခဲ့လေ၏။

ဆရာဦးအောင်ပြည့်သည်လည်း ကိုထွန်းမြိုင် အင်းပညာကိုဝါသနာပါမှန်း သိ၍ သူတတ်ထားသည့် အင်းမှန်သမျှ ကိုသင်ပေးသဖြင့် ကိုထွန်းမြိုင်လည်း

www.burmeseclassic.com

www.burmeseclassic.com

အထူးပင်သဘောကျနှစ်ခြိုက်နေလေ၏။ ဦးအောင်ပြည့်လည်း အတူနေထိုင်ဖန်များသဖြင့် ကိုထွန်းမြိုင်အပေါ် တွင် ပိုမို ခင်မင်လာသည့်အပြင် ယုံကြည်စိတ်ချမှု ပါရှိလာခဲ့လေတော့၏။

ထို့ကြောင့်လည်း တစ်နေ့နံနက် စောစောတွင် ဆရာဦးအောင်ပြည့်သည် ကိုထွန်းမြိုင် ဘုရားဝေယျာဝစ္စပြီးသည်တွင် -

"ကိုထွန်းမြိုင်ရေ၊ ဒီကို ခဏလာပါဦးကွာ"

ဟု ခေါ်လိုက်သဖြင့် ကိုထွန်းမြိုင်လည်း ဦးအောင်ပြည့်ဆီသို့ ရောက်သွားသောအခါ ဦးအောင်ပြည့်က -

"မင်း ဗဟန်းစေ့းထဲသွားပြီး ပုဆိုးတစ်ထည်နဲ့ အင်္ကျီတစ်ထည်လောက် သွားဝယ်ကွာ"

ဟု ပြောပြီး ပိုက်ဆံပါထုတ်ပေးသဖြင့် ကိုထွန်းမြိုင်လည်း အံ့အားသင့်သွားပြီး-

"ဆရာ အခုဝယ်ခိုင်းတဲ့ အင်္ကျီနဲ့ ပုဆိုးတွေက ဘာလုပ်မို့လဲ။ ဒီမှာရှိတာက ဆရာနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတာ။ ဆရာက ဝတ်ကြောင်ကိုဝတ်တာလည်းမဟုတ်ဘူး။ ကျွန်တော့်အတွက်ကလည်း မလိုဘူးလေ"

ဟု ပြောလိုက်သောအခါ ဆရာဦးအောင်ပြည့်က ပြုံးစစအမူအရာသို့ ပြောင်းသွားပြီး -

"အခုတော့ ဘာမှမေးမနေပါနဲ့ဦးကွာ။ နောက်တော့မင်းသိမှာပါ။ ငါပြောတဲ့အတိုင်းသာသွားဝယ်လိုက်။ ငါအင်္ကျီအတိုင်းပေးလိုက်မယ်။ အဲဒီဆိုဒ်ကိုဝယ်ခဲ့ကွာ"

ဟု ပြောပြီး ဦးအောင်ပြည့်က အင်္ကျီအတိုင်းများကို ပေးလိုက်သဖြင့် ကိုထွန်းမြိုင်လည်း ဗဟန်းစေ့းထဲခပ်သုတ်သုတ်သွားပြီး အင်္ကျီနှင့်ပုဆိုးကို နှစ်စုံဝယ်ပြီးပြန်လာခဲ့သည်။ ဆရာဦးအောင်ပြည့်ထံရောက်တော့ မအောင့်အည်းနိုင်တော့ဘဲ -

"ဆရာရယ်၊ ဆရာလုပ်တာက ပဟေဠိဆန်လိုက်တာ။ ကျွန်တော်ဖြင့် မစဉ်းစားတတ်အောင်ပါဘဲ။ ဒီအိမ်မှာ ဆရာနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတာ။ ဒီသွားဝယ်လာတဲ့ ပုဆိုးနဲ့ အင်္ကျီတွေက ဘာလုပ်ဖို့လဲ"

လို့ မေးတော့ ဦးအောင်ပြည့်လည်း ပြုံးလိုက်ပြီး -

"ဒီလိုကွယ့် ကိုထွန်းမြိုင်ရဲ့။ အခုဒီမှာ ငါ့သားရှိတယ်လေ။ သူ့အတွက်ပေါ့"

"ဟာ - ဆရာကလည်း ကြံကြံဖန်ဖန် ဒီအိမ်မှာ ဆရာနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိနေတာ။ တခြားဘယ်သူမှလဲ မတွေ့ပါလား"

ဟု ပြောလိုက်သောအခါ ဆရာဦးအောင်ပြည့်လည်း ဟက်ဟက်ပက်ပက်ပင်ရယ်လိုက်ပြီး -

"အေး-မင်းဘယ်တွေ့ပါ့မလဲ။ ငါက ပုံသဏ္ဌာန်ပြောင်းထားတာကိုး။ ဒါပေမယ့် ငါ့သားကို မင်းပဲ နေ့တိုင်း ထမင်းနဲ့ ငါးကြော်ကျွေးနေတာလေ မတွေ့ဘူးလား"

"အဲဒါတော့တွေ့တယ်လေဆရာ။ အဲဒါက ကြောင်လေးပဲဟာ"

"ဟ - အဲဒီကြောင်လေးဟာ ငါ့သားပဲပေါ့။ ကဲ - လာပါ ကိုထွန်းမြိုင်။ ငါတို့အိမ်ပေါ် သွားကြရအောင်"

ပြောပြောဆိုဆို ဆရာဦးအောင်ပြည့်သည် အိမ်ပေါ် သို့တက်သွားသဖြင့် ကိုထွန်းမြိုင်လည်း နောက်မှလိုက်သွားလေသည်။ အိမ်ပေါ် ရောက်သောအခါ ဦးအောင်ပြည့်သည် ကြောင်လေးကို ပိုက်ပြီး အခန်းထဲဝင်သွားကာ အထဲမှ အခန်းတံခါးကိုဂျက်ထိုးလိုက်၏။

ထို့နောက် ခေတ္တမျှအသံတိတ်ဆိတ်သွား၏။ မကြာမီတွင်ပင် အခန်းထဲမှ စကားပြောသံများကြားရလေသည်။ ကြားရသည့်အသံများကား သဲသဲကွဲကွဲ သိပ်မရှိလှပေ။ ကိုထွန်းမြိုင်လည်း မယုံကြည်နိုင်သောအတွေးမျိုးဖြင့် စိတ်ဝင်စားစွာမျှော်လင့်စောင့်စားနေခဲ့၏။ ခဏကြာတော့ တံခါးဂျက်ဖြုတ်သံကြားရသဖြင့် အခန်းတံခါးဝသို့ မျှော်လင့်စွာကြည့်လိုက်ရာ ဆရာဦးအောင်ပြည့်သည် လူငယ်တစ်ဦးကို ပခုံးဖက်၍ထွက်လာသည်ကိုတွေ့ရသဖြင့် ကိုထွန်းမြိုင်လည်း ဘာပြောရမှန်းမသိအောင် ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

ထိုစဉ်တွင်ပင် ဆရာဦးအောင်ပြည့်က -

"ကိုထွန်းမြိုင်၊ ဒါ ငါ့သားလေးပဲ။ သူနာမည်က မောင်သန်းတဲ့။ မောင်သန်းကတော့ မင်းကိုသိပြီးခင်မင်ရင်းနှီးပြီးသားပါ။ မှတ်ထားနော်"

ဟု ပြောလိုက်သောအခါ ကိုထွန်းမြိုင်လည်း အံ့ဩလွန်းသဖြင့် ဘာပြန်ပြောရမှန်းမသိဘဲဖြစ်နေပြီး အတန်ကြာမှင်တက်နေပြီးမှ -

"ဩော် - ဟုတ် ဟုတ် ဟုတ်ကဲ့ပါ ဆရာ မှတ်မိပါပြီ"

"မင်းကိုအပ်ထားလိုက်မယ်။ ဘာပဲဖြစ်ဖြစ် မောင်သန်းက မင်းရဲ့ညီပဲပေါ့ကွာ ဟုတ်လား"

ဟု ဆက်ပြောရာ ကိုထွန်းမြိုင်လည်း ဝမ်းသာအားရဖြင့် မောင်သန်း၏ပခုံးကိုလှမ်းဖက်လိုက်လေ၏။ ထို့နောက် ဗဟန်း(၃) လမ်း၏အိမ်တစ်အိမ်အပေါ် ထပ်မှနှစ်နှစ်ကာကာရယ်မောလိုက်သော ရယ်သံများထွက်ပေါ် လာလေ၏။

■

ထို့နောက်ပိုင်းတွင် ကိုထွန်းမြိုင်သည် ဆရာဦးအောင်ပြည့်၏ဝေယျာဝစ္စသာမက သားဖြစ်သူ ကိုသန်းတို့၏ ဝေယျာဝစ္စကိုပါ ဝတ္တရားမပျက်မကွက် လုပ်ကိုင်ပေးခဲ့၏။ ကိုသန်းကလည်း အေးအေးဆေးဆေးနေတတ်သူမျိုး ဖြစ်သဖြင့် ကိုထွန်းမြိုင်ကလည်း တကယ့်ညီအရင်းတစ်ဦးသဖွယ် ချစ်ခင်သွား၏။ ထိုသို့ သုံးဦးသား ပျော်ပျော်ရွှင်ရွှင်နေထိုင်နေကြစဉ် တစ်နေ့၌ ဆရာဦးအောင်ပြည့်သည် အပြင်မှ ကသုတ်ကယက်ပြန်လာပြီး ခရီးရောက်မဆိုက်ပင် -

"ကိုထွန်းမြိုင်၊ အခြေအနေအရ ငါရွာကိုခဏပြန်ရမယ်။ မောင်သန်းကို ရွာပြန်ပို့ပေးရဦးမယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ဘာလုပ်ပေးရမလဲ"

"ဒီတော့ ဒီဗဟန်း (၃) လမ်းအိမ်ကိုအိမ်စောင့်ပေးနိုင်မလား"

"ဟာ-ဆရာ၊ ဒီကိစ္စအတွက်တော့ ဘာမှမပူပါနဲ့။ စိတ်အေးအေးထားပြီး ပြန်ပါ။ ကျွန်တော်သေချာဂရုစိုက်လိုက်ပါမယ်"

"အေး - မင်းကိုတော့ စိတ်ချပါတယ်"

နောက်တစ်နေ့ ဆရာဦးအောင်ပြည့်သည် သားဖြစ်သူနှင့်အတူ ပခုက္ကူဒေသရှိ သူ့ရွာသို့ပြန်သွားကြလေ၏။ နှစ်ပတ်ခန့်ကြာသောအခါ ဆရာဦးအောင်ပြည့်သည် ရွာမှပြန်ရောက်လာခဲ့၏။

ဆရာပြန်လာသဖြင့် ကိုထွန်းမြိုင်လည်း အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် ဦးအောင်ပြည့် ရွာပြန်စဉ်တွင် သူတစ်ဦးတည်းရှိနေခိုက် ဤဝိဇ္ဇာဓရပညာနှင့်ပတ်သက်ပြီး တွေးစရာများ၊ သိချင်သည်များ အများအပြားပေါ် ပေါက်လာသဖြင့် ဆရာဦးအောင်ပြည့်ကို အမျှော်ကြီးမျှော်နေခြင်း ဖြစ်၏။ ထိုအခါ ကိုထွန်းမြိုင်လည်း ဆရာဦးအောင်ပြည့်၏ ဝေယျာဝစ္စကို ယခင်အတိုင်း ဝတ္တရားမပျက်ဆောင်ရွက်ပေးခဲ့၏။ ထို့နောက် ဆရာကြီးအားလပ်သည့်အချိန်များတွင် အရိပ်

www.burmeseclassic.com

www.burmeseclassic.com

ခြံသြကြည့်ပြီးသိလိုသည်များကိုချဉ်းကပ်မေးမြန်းခဲ့၏။

တစ်ညသ၌ ဆရာဦးအောင်ပြည့်သည် သူ့အလုပ်ကိစ္စများပြီးစီးချိန် ရေနွေးကြမ်းထိုင်သောက်နေစဉ်၌ ကိုထွန်းမြိုင်သည် အသာချဉ်းကပ်သွားပြီး -

"ဆရာကျွန်တော်သိချင်တာလေးရှိလို့ ဆရာ့ကိုမေးလို့ရမလားဆရာ"

"ဟာ - ကိုထွန်းမြိုင်ရယ်၊ မင်းနဲ့ငါဟာ တစ်ယောက်နဲ့ တစ်ယောက် ဘာကန့်သတ်ချက်မှထားတဲ့သူတွေမှမဟုတ်တာ။ ဘာစကားပလ္လင်မှခံစရာမလိုပါဘူး"

"ဒီလိုပါ ဆရာ၊ အခုမေးချင်တဲ့ဟာတွေက ပညာနဲ့ပတ်သက်တဲ့အကြောင်းအရာနဲ့ ဆရာရဲ့ဘဝဖြစ်စဉ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေဖြစ်နေလို့ပါ။ ဒါကြောင့် ဆရာဖြေချင်မှန်းမဖြေချင်မှန်း မသိလို့ ကြုံပြီး အခုလို စကားပလ္လင်ခံရတာပါ"

"ဩော် - အေး အေး၊ ဟုတ်ပါပြီကွာ။ မင်းအတွက်ကတော့ အထူးပေါ့။ ရပါတယ်ကွာ။ မင်းမေးတာတွေထဲက ဖြေလို့ရတာအကုန်ဖြေပါ့မယ်။ မင်းဘာမေးမှာလဲမေးလေ"

"ကျွန်တော်သိချင်တာ ဟိုတစ်ခါတုန်းက ဆရာရဲ့သား ညီလေးမောင်သန်းကို လူစင်စစ်ကနေ ကြောင်လေးတစ်ကောင်ဖြစ်အောင်ဘာလို့လုပ်ထားတာလဲ"

"ဩော် ဒါလား၊ ငါကငါ့သားလေးကိုအရမ်းချစ်တာ။ ဘာဘေးအန္တရာယ်မှလဲမကျရောက်စေချင်ဘူး။ ဒါကြောင့် လူတစ်ယောက်အနေနဲ့ ရန်ကုန်ကိုခေါ်လာရင် လူတိုင်းသတိထားမိမယ်။ ဒါကြောင့် ပခုက္ကူကထွက်လာကတည်းက ကြောင်လေးတစ်ကောင်အသွင်ပြောင်းပြီး ခေါ်လာတော့ ဘယ်သူမှမရိပ်မိဘူး။ သတိလည်းမထားမိကြဘူး။ အဲဒီလိုဖြစ်တော့ သားလေးအတွက်လည်း ဘေးအန္တရာယ်ကင်းတာပေါ့။ အဲဒါကြောင့် ကြောင်လေးတစ်ကောင်လိုလုပ်ထားတာပါ"

"ဒါပေမယ့် အဲဒီလိုလုပ်ထားတော့ ညီလေးမောင်သန်းအဖို့ ဒုက္ခတွေအခက်အခဲတွေမဖြစ်နိုင်ဘူးလား"

"အေး-ဟုတ်တယ်၊ သူ့အဖို့အခက်အခဲတော့ဖြစ်နိုင်တယ်။ ဒါပေမယ့် ငါ့အဖို့က သူ့ကိုအဲဒီလိုလုပ်မထားလို့မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့အလုပ်နဲ့ ဝတ္တရားအရ လုပ်ရတဲ့အလုပ်ကို မင်းလည်း သိသင့်သလောက်သိမှာပဲ။ ဒါကြောင့် လူမုန်းများတယ်။ ဒုက္ခပေးချင်တဲ့လူလည်းများတယ်။ ဒါကြောင့် ငါ့ကို ဒုက္ခပေးချင်တဲ့လူတွေက ငါ့ကိုဒုက္ခပေးလို့မရရင် ငါ့သားလေးကို ဒုက္ခပေးလာနိုင်တယ်။ ဒါကြောင့် သူတို့လုံးဝသတိမထားမိအောင်လုပ်ရတာပေါ့။ ဘာပဲဖြစ်ဖြစ် သားလေးအဖို့တော့ ကြောင်လေးတစ်ကောင်ပုံသဏ္ဌာန်မျိုးနဲ့ နေရတာကလွဲပြီး ဘေးအန္တရာယ်ကင်းမယ်။ လွတ်လွတ်လပ်လပ်လည်းနေရတာပေါ့ မဟုတ်ဘူးလား။ တကယ်လို့ သူ့ကို လူပုံသဏ္ဌာန်နဲ့ထားမယ်ဆိုရင် သူ့ကို ရန်ကုန်ခေါ်လာတော့ ငါအပြင်သွားတဲ့အချိန် ဗဟန်း (၃) လမ်းအိမ်မှာ သူ့ကို တစ်ယောက်တည်းထားခဲ့ရမယ်။ သူ အတွက်လည်း အန္တရာယ်ရှိမယ်။ ငါ့အဖို့လည်း အပြင်သွားတဲ့နေရာမှာ နောက်ဆံတင်းနေရမယ်လေ။ နောက်ပိုင်း မင်းရောက်လာတော့ အဆင်ပြေသွားတာပေါ့။ မင်းကလည်း သားလေးနဲ့ အချိန်ပြည့်နေပေးနိုင်တယ်လေ။ ဒါကြောင့် ငါလည်း စိတ်တစ်ပိုင်းအေးသွားရပြီးတော့ လူပုံသဏ္ဌာန်ပြန်ပြောင်းပေးထားလိုက်တာပေါ့"

"ဟုတ်ကဲ့ - သဘောပေါက်ပါပြီဆရာ။ နောက်တစ်ခုက အဲဒီလို လူတစ်ယောက်ကို အခြားပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလို့ရတာဘာပညာမျိုးပါလဲဆရာ"

"ဒီပညာက လူကိုတင် ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲလို့ရတာမဟုတ်ဘူး၊ ကျန်တဲ့သတ္တဝါတွေကိုလည်း လူပုံသဏ္ဌာန်ဖြစ်၊ အခြားသတ္တဝါပုံသဏ္ဌာန်အဖြစ် အားလုံးပြောင်းလို့ရတဲ့ပညာ"

"ဟာ - ဒီလိုဆိုတော့ အတော်မြင့်တဲ့ပညာပဲနော်။ အရာရာကိုဖန်ဆင်းရသလိုမျိုးဖြစ်နေတာပေါ့။ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာခြားတွေဆို အဲဒီလို ဖန်ဆင်းရှင်မျိုးဆို ကိုးကွယ်ကြမှာ။ အခုကိုးကွယ်နေကြတဲ့ ဖန်ဆင်းရှင်ဆိုတဲ့ ဘုရားက ပြောသံသာကြားဖူးတာ ဘယ်မှာရှိမှန်းလဲမသိကြဘူး။ တစ်ခါမှလည်း မတွေ့ဘူးကြဘူး။ အခုတော့ ဘာပဲပြောပြော ကျွန်တော်က ဖန်ဆင်းရှင်ကို မျက်မြင်ကိုယ်တွေ့ တွေ့နေရပြီပေါ့ ခင်ဗျာ"

ဟု ပြောပြီး ကိုထွန်းမြိုင်သည် မိမိကိုယ်မိမိ သဘောကျစွာဖြင့်ရယ်မောလေ၏။

ထိုအခါ ဆရာကြီးက ဆက်ပြီး-

"အဲဒီပညာက လူတွေ၊ သတ္တဝါတွေတင်ပြောင်းလဲလို့ရတာမဟုတ်ဘူး။ ဝိညာဉ်တွေ၊ ပရလောကဘဝတွေကိုလည်း အကုန်လုံးလိုတဲ့အရာပြောင်းလို့ရတယ်"

"ဟာ - ဟုတ်လား ဆရာကြီး။ အရမ်းအံ့သြဖို့ကောင်းလိုက်တာ။ ဒီပညာကိုဘယ်လိုခေါ်ပါသလဲ ဆရာကြီး"

"ဒီပညာကိုတော့ ဘူတရှမ်ပညာလို့လည်းခေါ်၊ တခြားခေါ်တဲ့နာမည်တွေလည်းရှိသေးတာပေါ့။ ဘာလဲ မင်းက ဒီပညာကိုတတ်ချင်လို့လား"

"ဟုတ်ကဲ့ - အရမ်းတတ်ချင်ပါတယ်။ ဖြစ်နိုင်ရင်သင်ပေးပါလား"

"အေးအေး - ဟုတ်ပြီ၊ သင်ပေးမယ်။ ဒီပညာတတ်ဖို့ကတော့ ပထမဆုံးအခြေခံကျင့်စဉ်တွေကျင့်ထားရတယ်ကွယ့်။ အဲဒါတွေကို အရင်လေ့ကျင့်ထားရမယ်"

"ဘယ်လိုအခြေခံကျင့်စဉ်လဲဆရာ။ ဘယ်ကျင့်စဉ်မျိုးမဆို ကျွန်တော်ကောင်းကောင်းကျင့်နိုင်ပါတယ်"

"အေး-ဟုတ်ပါပြီ။ မင်းကျင့်နိုင်မယ်ဆိုတာ ငါယုံပါတယ်။ မင်းဟာ ဘယ်ကိစ္စမဆို တစိုက်မတ်မတ်လုပ်နိုင်မယ့်သူပဲ။ နောက်ပြီး မင်းမှာ ဒီပညာတွေနဲ့ ပတ်သက်ပြီး ပါရမီပါတယ်ဆိုတာလည်း ငါသိပါတယ်။ အဲဒီတော့အခြေခံအနေနဲ့ မင်းစကျင့်မယ်ဆို ငါပြပေးမယ်။ စစချင်းကျင့်တဲ့အခါမှာတော့ နည်းနည်းခက်လည်းခက်တယ်။ ဘေးအန္တရာယ်တွေလည်းများတယ်"

"ဘယ်လိုကျင့်စဉ်မျိုးမို့လို့ ဘေးအန္တရာယ်များတာလဲ ဆရာ"

"ဘေးအန္တရာယ်များဆို ကျင့်တဲ့ကျင့်စဉ်ကိုက ရုပ်နဲ့နာမ်နဲ့ခွဲပြီးကွာအောင်ကျင့်ရတဲ့ကျင့်စဉ်မျိုးမို့လို့ပဲ။ ဆိုလိုတာက မင်းမှာခန္ဓာငါးပါးရှိတယ်။ နာမ်ခန္ဓာ (၄) ပါးနဲ့ ရူပကွဲရုပ်ခန္ဓာက တစ်ပါးရှိတယ်။ အဲဒီမှာ နာမ်ခန္ဓာလေးပါးကိုပေါင်းပြီး တစ်ပါးထဲဖြစ်အောင်ကျင့်ရာဝယ် အဲဒီမှာ နာမ်ခန္ဓာတစ်ပါးနဲ့ ရူပ်ခန္ဓာတစ်ပါးပဲ မကျန်တော့ဘူးလား။ အဲဒီမှာလည်း နာမ်ခန္ဓာတစ်ပါး၊ ရုပ်ခန္ဓာတစ်ပါးကို သုပ်သပ်စီဖြစ်အောင်ကျင့်ရမယ်။ အဲဒီအခါမယ် နာမ်နဲ့ ရုပ်သီးခြားစီဖြစ်သွားရင် ရုပ်ခန္ဓာက ဒီအတိုင်းထားရမယ်မဟုတ်လား။ နာမ်မရှိတော့တဲ့ရုပ်ခန္ဓာကြီးဟာ အချိန်မရွေး ဘေးအန္တရာယ်မကျနိုင်ပေဘူးလား"

ရှေ့လဆက်အပါ

ပထမသန်းကြည်အေးရွှေ

www.burmeseclassic.com

www.burmeseclassic.com

ယင်းနေရာအား ကျွန်ုပ်သည် ခဲ့ညားထည်ဝါသည်ဟုမယူဆပေ။ အမိုးပါသောစကြိလေးခုမှ ဝင်ရောက်လျှင် သီးသန့်ဘုရားခန်းသို့ ရောက်ရှိသည်။ ဘုရား၏ဘေးပတ်ပတ်လည်တွင်တည်ရှိနေသော ဝတ္ထုပစ္စည်းမှန်သမျှသည် ယိုယွင်းပျက်စီးနေသောအခြေအနေတွင် ရှိနေသည်။ အရှေ့ဘက်ရှိ ရေကန်မှာ ဟောင်းနွမ်းဆွေးမြည့်နေသည်။ ရေကန်တစ်ခုတွင်သာ သန့်ရှင်းသောရေကိုတွေ့ရှိရပြီး လိပ်များရေကူးနေသည်။

အိမ်သို့အပြန်တွင် ကြာသပတေးနေ့ညက ဓားပြများစီးနင်းတိုက်ခိုက်သွားသောအိမ်တစ်အိမ်ကို မောင်နှက ကျွန်ုပ်အားပြသည်။ အိမ်တွင်နေထိုင်သူများမရှိတော့ပေ။ ထိုနေရာသည် ကျွန်ုပ်နေထိုင်လျက်ရှိသော ဟိုတယ်နှင့်မနီးမဝေးတွင် တည်ရှိသည်။

၇၊ ဖေဖော်ဝါရီ။

ယမန်နေ့ကကျွန်ုပ်လေ့လာခဲ့သော နေရာများဆီသို့ သွားရောက်သည်။ မန္တလေးတောင်ခြေတွင် ဘုရင်၏ပဋိဉာတ်တိုက်ကိုတွေ့ရှိခဲ့သည်။ ပဋိဉာတ်တိုက်တွင် သီပေါမင်းပိုင်ဆိုင်သည့်ပေစာများ၊ ၎င်း၏ခမည်းတော်နှင့် သူ၏အဆက်အနွယ်များပိုင်ဆိုင်သော ပေစာများကို သိမ်းဆည်းထားသည်။ ယင်းပဋိဉာတ်တိုက်ကို လွန်ခဲ့သော နှစ်လခန့်က ဓားပြများ တိုက်ခိုက်လုယူသွားခဲ့ကြသည်။ ပဋိဉာတ်တိုက်တွင် ပေစာများထားရှိသည့် သေတ္တာများရှိသည်။ အဆောက်အအုံ၏ပတ်လည်တွင် ပေစာများပြန့်ကျဲလျက်ရှိသည်။ ပေစာများတွင် သီဟိုဠ်အက္ခရာများဖြင့် ရေးသားထားသည်ကို တွေ့ရှိရသည်။

ကျွန်ုပ်သည် အဆိုပါပေစာများမှ အနည်းငယ်ကို အမှတ်တရလက်ဆောင်ပစ္စည်းအဖြစ် ယူဆောင်လာခဲ့သည်။ အလားတူပင် အလွန်ရှေးကျသော အက္ခရာများကို မင်ဖြင့်ရေးသားထားသည့်ပေစာများကိုလည်း ယူဆောင်ခဲ့သည်။ အဆိုပါပေစာများသည် မန္တလေးနေပြည်တော်ကိုမတည်ဆောက်မီအချိန်ကပင် ပဋိဉာတ်တိုက်သို့ရောက်ရှိနေဟန်တူသည်။ ပဋိဉာတ်တိုက်တွင် ရဟန်းတော်နှစ်ပါးနှင့်တွေ့ဆုံခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့ထံမှ ပဋိဉာတ်တိုက်နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို မသိရှိခဲ့ရပါ။ ရဟန်းတော်နှစ်ပါး၏ ပြောပြချက်အရ ဘုရင်၏ဘိုးဘေးဘီဘင်၏ပေစာများကို အပြင်ဘက်တွင် ထားရှိကြောင်း၊ သီပေါမင်း၏ခမည်းတော်ပိုင်ပေစာများကို နောင်တစ်နေရာတွင်ထားရှိကြောင်း၊ သီပေါမင်းပိုင်ပေစာများကို အလယ်ပိုင်းတွင်ထားရှိကြောင်း သိရှိရသည်။ ပဋိဉာတ်တိုက်တွင် သေတ္တာအလုံးနှစ်ဆယ်ကျော်ကျန်ရှိနေသေးသည်။

သေတ္တာတစ်လုံးတွင် ပဋိဉာတ်အကြောင်းရေးသားထားသောပေစာကို ထိန်းသိမ်းထားသည်။ ရှေးချထားသော သေတ္တာကိုမူ ဓားပြများယူဆောင်သွားကြပြီ ဖြစ်သည်။ ကျန်ရှိနေသေးသော သေတ္တာတစ်လုံးကိုကြည့်ခြင်းအားဖြင့် ထိုသေတ္တာများ၏ အမျိုးအစားကို ခန့်မှန်းနိုင်ပြီဖြစ်သည်။ ထိုသေတ္တာသည် တစ်ချိန်က ရွှေချထားဟန်ရှိသည်။ လက်ရှိအချိန်တွင် ရွှေများလုံးဝမရှိတော့ပေ။

ဤနေရာမှကြည့်လျှင် ခဲ့ညားထည်ဝါသောမြင်ကွင်းကိုတွေ့မြင်ရ၏။ ဘုံကြာသာဒ်အဆင့်ဆင့်ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံများကို တွေ့ရှိရသည်။ မန္တလေးရွှေပြို့တော်သည် အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လျင်မြန်စွာ ဖွံ့ဖြိုးလာခဲ့သည်။ မြို့တော်သည် သက်တမ်းကာလအားဖြင့် နှစ်သုံးဆယ်ခန့်ရှိခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အားဖြင့်
အစားကိုမန္တလေးမြို့ကို တည်ဆောက်ခဲ့သည်မှာ
ကာသည်။စ၅၅ ခုနှစ်မတိုင်မီက ဖြစ်သည်။ မြို့
ရှိသည်။တော်ကို မြေနိမ့်ပိုင်းတွင်တည်ဆောက်
မရှိတော့ဘားပြီး အရှေ့ဘက်တွင် တောင်တန်း
များရှိသည်။ အနောက်တိုင်းမှ မြို့တော်
ခဲ့ညားများနှင့်မတူညီသည့်အချက်မှာ ခဲ့ညား
မြင်ရ၏။ ထည်ဝါသော ပုဂ္ဂလိကအဆောက်အအုံ
ာက်လုပ်များမတွေ့ရခြင်းပင် ဖြစ်သည်။ ကမ္ဘာ
ခဲ့များကို သည့်ခရီးသည်များအတွက် နန်းတော်
မြို့တော် နှင့် ဘုန်းတော်ကြီးကျောင်းများတည်ရှိ
လောက် သည်။ ဤပုံစံမှာ အရှေ့တောင်အာရှ
ခဲ့သည်။ တွင် မြင်တွေ့နေရသည့်ပုံစံပင်ဖြစ်သည်။
လအား အိန္ဒိယနိုင်ငံမှ ရှေးဟောင်းအဆောက်
သည်။

အအုံများက အိန္ဒိယလူမျိုးတို့သည် ရှေး
ကျသောဘာသာရေးအရအရေးပါသည့်
ဘုရားကျောင်းများနှင့် နန်းတော်များ၊
ဘုန်းတော်ကြီးကျောင်းများကို ထိန်းသိမ်း
စောင့်ရှောက်လေ့ရှိသည်ကို သက်သေခံ
နေသည်။ အလားတူပင် ခံတပ်များ၊
ဘုရင့်နန်းတော်များကိုလည်း ထိန်းသိမ်း
လေ့ရှိသည်။ ပုဂ္ဂလိကအဆောက်အအုံ
များ၏ အကြွင်းအကျန်များကို ယနေ့
ထက်တိုင် သဲလွန်စရှာမရသေးပါ။

ယနေ့တွင် သီဟိုဠ်နိုင်ငံသား Sar-
amedha ဆိုသူ ကျွန်ုပ်ထံရောက်ရှိလာ
သည်။ သီပေါမင်းလက်ထက်တွင် သူ
သည် စာအုပ်ချုပ်သူနှင့် ဘာသာပြန်
အဖြစ်လုပ်ကိုင်ခဲ့သည်။ ၎င်းက သီဟိုဠ်မှ
စာအုပ်များကို မြန်မာဘာသာသို့ ပြန်ဆို
ခဲ့သည်။ ယမန်နေ့က ကျွန်ုပ်သွားရောက်
ခဲ့သော ရဟန်းတော်၏ ဘွဲ့အမည်မှာ
Panduvamso ဖြစ်သည်။ သီဟိုဠ်နိုင်ငံသား
က ဘွဲ့အမည်ပေးထားသော အခြား
ရဟန်းတော်မှာ Nanavamso ဖြစ်ကြောင်း
သိရှိရသည်။

သီဟိုဠ်နိုင်ငံသားက သီပေါမင်း
မှာ ရက်စက်သူမဟုတ်ကြောင်း ၊ သို့ရာ
တွင် သူ၏မိဖုရားမှာ အမြဲလိုလိုပင်
ပြဿနာရှာတတ်ကြောင်း ပြောပြသည်။
ဒေသခံများကလည်း သီဟိုဠ်နိုင်ငံသား
နှင့်တစ်သံတည်းထွက်သည်။ သီပေါမင်း
သည် ပါဠိသဒ္ဒါများကိုဖတ်ရှုပြီး အဘိဓမ္မာ
သင်ဟကျမ်းကိုလည်း လေ့လာကြောင်း
သိရှိရသည်။

သာသနာပိုင်ထေရ ဆိုသည်မှာ
သင်္ဃထေရပင် ဖြစ်သည်။ ဆရာတော်
သည် ပညာရှင်တစ်ဦးမဟုတ်ကြောင်း၊
ဘုရင်အား ငယ်စဉ်ဘဝက စာသင်ကြား
ပေးခဲ့သော မင်းဆရာဖြစ်ခြင်းကြောင့်
ဘုရင်က သာသနာပိုင်ရာထူးကိုချီးမြှင့်
ခြင်းဖြစ်ကြောင်း မိနယ့်ဗ်ကဆိုသည်။

ညစာစားရာတွင် ဂျာမန်များထဲမှ
ဗြိတိသျှဘုရင်ခံသည် သင်္ဘောပေါ်တွင်
ဆက်လက်ရှိနေမည်ဖြစ်သည်။ သူဆိုက်
ရောက်မည့်နေ့ရက်ကို ၁၂ ရက်နေ့
အထိ ရွှေ့ဆိုင်းထားသည်ဟု
သိရှိရသည်။

၈၊ ဖေဖော်ဝါရီ။

ဓမ္မသင်္ဘောပေါ်သို့ထပ်မံ
ရောက်ရှိပြန်သည်။ ဖုန်ထူပြီး
အန္တရာယ်ရှိသောခရီးကို ထပ်မံ
သွားရောက်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

၉၊ ဖေဖော်ဝါရီ။

အဝေးပြည်တော်ကို လွမ်းမြင်နေရသည့်မြင်ကွင်းရှိသည်။ စစ်ကိုင်းမြို့တွင် ရပ်နားသည်။ ခေါင်းလောင်းသံကြားရသည်နှင့်တစ်ပြိုင်နက်တည်း ခရီးသွားတို့သည် နေ့လယ်စာစားရန်တွက် စုဝေးနေကြသည်။ ကျွန်ုပ်မှတစ်ပါး တွေ့ရင်ရသမျှလူများမှာ စစ်ဘက်မှဖြစ်သည်။ ကြည်းတပ်မှစစ်သည်များ၊ ရေတပ်မှ စစ်သည်များ ပါဝင်သည်။ ပြောဆိုနေကြသည့်အကြောင်းအရာများမှာ ယမန်နေ့ညနေက အတိုင်းပင် ဖြစ်လေသည်။ မန္တလေးနေပြည်တော်ထွင်တွေ့ရှိရချက်များ၊ ပထမညတွင် လုယက်မှုများပေါ်ပေါက်ပုံ၊ မန္တလေးမြို့တော်ရှိ လူတိုင်းလူတိုင်း အဖိုးတန် ကျောက်မျက်ရတနာများကို လုယက်ကြပုံ၊ နန်းတွင်းသူတို့သည် ၎င်းတို့ပိုင်ပစ္စည်းများကို ကာကွယ်ရန်ကြိုးစားရင်း ကျာပွတ်ဖြင့်အရိုက်ခံရပုံတို့ကို ပြောဆိုနေကြခြင်း ဖြစ်သည်။ လူတို့သည် ရတနာများ၊ ငွေကြေးများ၊ စိန်များ၊ အထူးသဖြင့် နန်းကျဘုရင်၏ ပတ္တမြားတို့ကိုရှာဖွေနေကြသည်။ သို့ရာတွင် မည်သည့်ရတနာများကိုမျှ မတွေ့ရပေ။

စစ်သားတစ်ဦးထံမှ လူငယ်တစ်ဦးသည် စလေဒင်ထံသို့ လာရောက်ပြီး မြို့ပန့်ထားသောရတနာများရှိသည့်နေရာပြသပေးမည်ဟု လာရောက်ပြောကြားကြောင်းသိရှိရသည်။ ထိုလူငယ်က ၎င်းအား နှစ်ဆယ်ရာခိုင်နှုန်းပေးရန် တောင်းဆိုသည်။ စလေဒင်က ငါးရာခိုင်နှုန်းပေးမည်ဟု ပြောကြားသည်။ လူငယ်က သဘောမတူဘဲ ထွက်ခွာသွားသည်။

နေပြည်တော်တွင် အမျိုးသမီးများကျာပွတ်ဖြင့်အရိုက်ခံရသည်။ အရက်မူးနေသောစစ်သည်များက စျေးများတွင် ရိုင်းရိုင်းစိုင်းစိုင်းပြုမူခဲ့ကြသည်။ ဘုရင်ပိုင်ပစ္စည်းများကို လုယက်ပြီးထားရှိသော ဂိုဒေါင်များတွင်လည်း အစောင့်များက ခိုးယူခဲ့ကြသည်။ စစ်ဆင်ရေးကာလအတွင်း ဖြစ်ပျက်ခဲ့သမျှ အသေးစိတ်အကြောင်းအရာများကို ဗြိတိသျှအရာရှိများက ယမန်နေ့ည ညစာစားရာတွင် ပြန်ပြောနေကြသည်ကို ကြားသိရသည်။ ဗြိတိသျှတို့ဆင်နွှဲသောစစ်ပွဲသည် ဂုဏ်ယူစရာမကောင်းသောစစ်ပွဲပင် ဖြစ်သည်။ တိုက်ခိုက်ရခြင်းမရှိဘဲ အလွယ်တကူပင် နိုင်ငံကိုရရှိလိုက်ခြင်း ဖြစ်သည်။

နန်းတွင်းမှရရှိသော ပစ္စည်းများကို ထုခွဲရောင်းချသောကော်မတီအကြောင်းကိုလည်း မိန့်ယဲ့ဗ်က မှတ်တမ်းတင်ခဲ့သည်။ လေလံတင်ပွဲများမှာလည်း ရှက်ဖွယ်ကောင်းလှသည်။ လုယက်ထားသောပစ္စည်းများကို မူလတန်ဖိုးထက် သုံးဆခန့်တင်ပြီး လေလံတင်ရောင်းချခြင်းဖြစ်သည်။ ရရှိသောငွေများကိုဆုချသည်။ မည်သည့်အကြောင်းပြချက်ဖြင့် ဆုချပါသလဲ။ ရဲရင့်မှုအတွက်လား။ မေးခွန်းထုတ်စရာဖြစ်သည်။ မြန်မာတို့သည် ခုခံတိုက်ခိုက်ခြင်းမပြုလုပ်လိုက်ရဘဲ အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

မြင့်မားသော တံတိုင်းကြီးများအတွင်း ရွှေချထားသောအဆောက်အအုံများတွင် သီပေါမင်းနေထိုင်ခဲ့သည်။ ဘုရင်နန်းကျရခြင်းမှာ လွန်စွာခေါင်းမာသောမိဖုရားကိုယ့်ကြည်ခြင်းနှင့် ချစ်မြတ်နိုးခြင်းတို့ကြောင့်ဖြစ်သည်။ နန်းတော်ကြီးကို ဗြိတိသျှတို့က သိမ်းပိုက်ထားကြ၏။ ဗြိတိသျှအရာရှိတို့သည် နန်းတော်ခန်းမဆောင်ကို အရာရှိတို့၏စားရိပ်သာအဖြစ် ပြုလုပ်ထားကြသည်။

အတုမရှိကျောင်းကိုလည်း ဗြိတိသျှတို့သိမ်းပိုက်ထားကြသည်။ မန္တလေးတောင်ပေါ်သို့ တက်ရောက်ပြီး လှမ်းမျှော်ကြည့်ပါက မန္တလေးရွှေမြို့တော်၏ အလှအပကို မြင်တွေ့နိုင်သည်။ တစ်ချိန်က ရွှေရောင်တဝင်းဝင်းနှင့်ရှိခဲ့သော ဘုရားပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ နန်းတော်များတွင် ဗြိတိသျှတပ်များက ဝင်ရောက်နေရာယူထားကြသည်။ ဗြိတိသျှစစ်သည်တို့၏အဖြူရောင်ရွက်ဖျင်တဲများ၊ ဘုန်းကြီးကျောင်းများ၏ဝရန်တာများတွင် ဗြိတိသျှအရာရှိတို့ စစ်ဝတ်စုံများလှန်းထားသည်ကို မြင်တွေ့ကြရသည်။

ရဟန်းတော်များလည်း ဘုန်းတော်ကြီးကျောင်းများမှ ထွက်ခွာသွားကြသည်။ ဗြိတိသျှတို့က တစ်နိုင်ငံလုံးကို သိမ်းပိုက်ထားရာ တိုင်းပြည်၏အနာဂတ်သည် ၎င်းတို့အပေါ် တွင်မူတည်သည်။ မြန်မာနိုင်ငံအား လုံးဝသိမ်းပိုက်အုပ်ချုပ်မည်။ သို့တည်းမဟုတ် ဗြိတိသျှတို့၏အကာအကွယ်အစောင့်အရှောက်ခံနိုင်ငံအဖြစ်ပြုလုပ်မည်ကိုလည်း ကွဲကွဲပြားပြား မသိရသေးပေ။ အပြောင်းအလဲများကို မန္တလေးနေပြည်တော်က စတင် ပြုလုပ်မည်ဖြစ်သည်။

၉၊ ဖေဖော်ဝါရီ။

ဘာသာတရားကိုအလွန်ကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင်တို့၏ နေပြည်တော်သည် ဒေသခံများအကြား အခြားယုံကြည်ကိုးကွယ်မှုကို ဖြန့်ဖြူးသော ဗဟိုဌာနဖြစ်လာနိုင်သည်။ ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်နေကြသော ရဟန်းတော်များလည်း ဘေးလွတ်ရာသို့ရောင်တိမ်းကုန်ကြပြီး ဖြစ်သည်။ ယခင်ကကဲ့သို့ မြန်မာမင်းများ၏ အထောက်အပံ့နှင့် ဘာသာတရားကိုင်းရှိုင်းသောဒေသခံများ၏လှူဒါန်းမှုကို မရရှိနိုင်တော့ပေ။ ဘုရင်၏ရည်ရွယ်ချက်များပိတ်ပင်ထားခြင်းခံရပြီး မကြာမီနှစ်များအတွင်း ရက်ရောသောအလှူရှင်များ၏နေရာတွင် ဘာသာခြားမျိုးဆက်တို့ဖြင့် အစားထိုးခံရတော့မည်ဖြစ်သည်။ အနောက်တိုင်းက လုံးဝအောင်ပွဲခံသွားပြီ ဖြစ်သည်။

၁၀၊ ဖေဖော်ဝါရီ။

ရွှေကျင်မြို့အနောက်တွင် ခရီးသည်အသစ်တစ်ဦးတိုးလာသည်။ ၎င်းက ထိုဒေသရှိ ဓားပြများအကြောင်း ကျွန်ုပ်တို့အား ပြောပြသည်။ သူ၏သတင်းပေးချက်အရ ဓားပြအရေအတွက် ငါးဆယ်ခန့်ရှိကြောင်း သိရှိရသည်။ ဓားပြခေါင်းဆောင်ရှမ်းမင်းသားတစ်ဦးဖြစ်သည်ဟုဆိုသည်။ ခရီးသည်ပြောပြသော အရေအတွက်မှာ ခဲ့ကား လွန်းသည်ဟု ထင်မြင်သည်။ အဆိုပါခရီးသည်သည် ဘုံဘောဘားမားကုမ္ပဏီမှဖြစ်သည်။ လွန်ခဲ့သောနှစ် နိုဝင်ဘာလက ဘုံဘောဘားမားကုမ္ပဏီသည် ကြိုးမားသောအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ၎င်းအဖြစ်အပျက်ကို ထိုစဉ်က ထုတ်ဝေခဲ့သော သတင်းစာများတွင် ဖော်ပြခဲ့သည်။

ကျွန်ုပ်နှင့်အတူလိုက်ပါလာသော စစ်သားများသည် စိတ်ဝင်စားဖွယ်ကောင်းသူများဖြစ်သည်။ ယမန်နေ့ညက ညစာစားရာတွင် ၎င်းတို့အထဲမှ တစ်ဦးက တည်ငြိမ်သောလေသံဖြင့် ပြောကြားရာတွင် ၎င်းအနေဖြင့် သေနတ်ပစ်လေ့ကျင့်ရာတွင် အပြစ်မဲ့သောမြန်မာတစ်ဦးကို သတ်မိကြောင်း၊ လျှော်ကြေးအဖြစ် ရူပီးငွေ(၅၀)ကို ကွယ်လွန်သူ၏ ဆွေမျိုးများကိုပေးခဲ့ကြောင်း၊ ထိုငွေမျှဖြင့် သူတို့ကျေနပ်ကြောင်း၊ သူတို့သည် ရူပီးငွေ(၃၀)သာတောင်းကြောင်း၊ ပို၍သေးသောငွေ ရူပီးငွေ(၂၀) ဖြင့် နောက်တစ်ဦးတို့သတ်နိုင်ကြောင်းအားပါးတရဖော်ပြဆို၏။ အခြားတစ်ဦးကလည်း ၎င်းသာထိုအဖြစ်မျိုးဖြင့်ငြဲလျှင် ရူပီးငွေ(၃၀၀)ပေးမည်ဟုဆိုသည်။ ၎င်းတို့ပြောပြချက်များအရ လူတစ်ယောက်ကို ယင်ကောင်တစ်

www.burmeseclassic.com

www.burmeseclassic.com

ကောင် သို့မဟုတ် ခွေးတစ်ကောင်ကို အလွယ်တကူသုတ်သင်နိုင်သည့်သဘော ကိုဆောင်နေသည်။

မန္တလေးတွင် အရာရှိများသည် တစ်မွတ်နေသော ခွေးလေခွေးလွင့်များကို ဥရောပခွေးများအကူအညီဖြင့် ရှင်းလင်းသုတ်သင်ကြသည်။ အတူမရှိ ကျောင်းတွင် ဘရင်ဆယ်လ်မှ ထွက်ရှိသော အမျိုးအစားကောင်းမွန်သည့် ကော်ဇောတစ်ခုကိုတွေ့ရသည်။ ယင်း ကော်ဇောကို ဗြိတိသျှတပ်စခန်းမှ အစေခံကခိုးယူသွားသည်။

ယနေ့မွန်းလွဲ (၁) နာရီခန့်တွင် ရွာတစ်ရွာအနီး၌ ဘုရင်ခံချုပ်လိုက်ပါလာသည့်ရေယာဉ်စုကိုတွေ့ရသည်။ မီးသင်္ဘော်သုံးစင်းတွင် ဘုရင်ခံ၊ ဘုရင်ခံကတော်နှင့် ဘုရင်ခံအစောင့်တို့လိုက်ပါလာသည်။ သင်္ဘောတစ်စင်းတွင် တိုင်းမှူးစစ်သတင်းထောက်တစ်ဦးပါလာသည်ကို သတိပြုမိသည်။

၁၁၊ ဖေဖော်ဝါရီ။

(၁၀) နာရီခန့်တွင် သရက်မြို့မှ ခံတပ်များနှင့် စစ်တန်းလျားများကိုမြင်ရသည်။သရက်မြို့သည် ဧရာဝတီမြစ်ကမ်းပေါ် တွင်တည်ရှိပြီး အဝေးမှကြည့်လျှင် လှပသောမြင်ကွင်းကို တွေ့ရသည်။

ယမန်နေ့က ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာသော ချင်းတွင်းသားက ဘုံဘောဘားမားဘစ်ကုမ္ပဏီနှင့် မြန်မာဘုရင်သီပေါမင်းတို့အကြင်းပွားပုံကိုပြောပြသည်။ သူ၏ပြောပြချက်အရ မြန်မာအစိုးရသည် ကုမ္ပဏီမှ ရူပီးငွေ(၁၀)သိန်းတောင်းခံကြောင်း၊ကုမ္ပဏီကငေးဆောင်ရန်ငြင်းဆိုကြောင်း၊ သစ်လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ငွေပေးဆောင်ရန် ပြင်ဆင်ခဲ့ကြောင်း၊ မြန်မာအစိုးရက အပြစ်ရှာဖို့ကြိုးစားကြောင်း၊ ဘုံဘောဘားမားကုမ္ပဏီအနေဖြင့် စာချုပ်ပါအချက်အလက်များကို လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသည်ဟု သိရှိရသည်။ ဗြိတိသျှအစိုးရက ကြားဝင်ဖျန်ဖြေပြီး အမှုကို တွဖက်ခံနှုန်းဖြင့်စစ်ဆေးရန် အဆိုပြုသည်။ ၎င်းအဆိုပြုခြင်းကို သီပေါမင်းက သဘောမတူဘဲ ကုမ္ပဏီမှပေးဆောင်ရန်ရှိသော ဒဏ်ငွေကိုလည်း (၂၃) သိန်းအထိ တိုးမြှင့်လိုက်သည်။

ထိုကာလအတွင်း မန္တလေးမြို့မှ ပြင်သစ်ကောင်စစ်ဝန် မစ္စတာဟတ်စ်သည် ပတ္တမြားတွင်းလုပ်ကိုင်ခွင့်ကို ရယူပြီး ဗြိတိသျှတို့ မြန်မာနိုင်ငံကိုမတိုက်ခိုက်စေရပါဟု ပြောကြားခဲ့သည်။ သို့ရာတွင် အင်္ဂလန်သည် စစ်ပွဲတွင် ပါဝင်လာပြီး နယ်စပ်ကို အလွယ်တကူဖြင့် သိမ်းပိုက်လိုက်သည်။

ဟမ်(ပ်)ရှင်းယားတပ်မှ စစ်သည်သည် ရတနာပုစ္စည်းများကို လုယက်သည်။ မြင်းတစ်ကောင်ဝယ်စီးသည်။ ဘဏ်တွင်လည်း စုငွေများအပ်နှံထားသည်။ သူ၏မြင်းနှင့်သွားလာနေစဉ် မြန်မာတစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားသည်။ မြန်မာလူမျိုးတို့သည် ကျိုးနွံနာခံတတ်သူများဖြစ်ပြီး ခေါင်းမာသူများမဟုတ်ပေ။

ပြည်မြို့သို့ မွန်းလွဲ (၁း၃၀) တွင် ရောက်ရှိသည်။ မီးသင်္ဘောပေါ် မှတြည့်လျှင် လွန်စွာမှလှပသည်။ သို့ရာတွင် အလွန်ပူပြင်းလှသည်။

မောင်နုသည် မြို့ကိုရောက်ရောက်ချင်း ပိုက်ဆံတောင်းသည်။ အီတလီကောင်စစ်ဝန် အင်္ဂျီနောအကြောင်းပြောရဦးမည်။ သူသည် ဧရာဝတီဖဇော်တီလာနှင့် ဘုံဘောဘားမားကုမ္ပဏီတို့၏ကိုယ်စားလှယ်ဖြစ်သည်။ သူသည် နန်းတွင်းအကြောင်း ကျောင်းစွာသိရှိသူဖြစ်သည်။ သီပေါမင်းလက်ထက်က သူသည် မန္တလေးတွင် ဗြိတိသျှတို့အဖို့ အသုံးဝင်သောပုဂ္ဂိုလ်ဖြစ်သည်။ အင်္ဂျီနောသည် လျှို့ဝှက်ထောက်လှမ်းရေးရန်ပုံငွေ ပေါင်စတာလင် (၂၀,၀၀၀) ရရှိသူဖြစ်သည်။

ပြင်သစ်ကောင်စစ်ဝန် ဟာစ်နှင့် သီပေါမင်းတို့ ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေစဉ် အင်္ဂျီနောသည် ထိုစာချုပ်ကို ဗြိတိသျှလက်အတွင်းသို့ ရောက်အောင်ပေးပို့ခဲ့သည်။ ၎င်းသည် စိတ်ဝင်စားဖွယ်ကောင်းသော စာရွက်စာတမ်းများကို မည်သူ့ထံပို့ရမည်ကို ကောင်းစွာသိရှိသည်။

၁၂၊ ဖေဖော်ဝါရီ။

နံနက် (၇) နာရီတွင် ကျွန်ုပ်ရွှေတောင်မြို့ရှိ မုနိန္ဒထံသို့ သွားရောက်သည်။ ထိုသို့ သွားရောက်ခြင်းမူထွက်ပေါ်လာသောရလဒ်သည် ကျွန်ုပ်စိုးရိမ်နေသလို ဝမ်းနည်းစရာဖြစ်မလာခဲ့ပေ။ ရွှေတောင်သို့သွားသည့်လမ်းမှာ အလွန်ပင် အဆင်ပြေလှသည်။ ဧရာဝတီမြစ်နှင့်ယှဉ်လျက် ဖောက်လုပ်ထားခြင်းဖြစ်ပြီး နံနက်ပိုင်းတွင် အလွန်အေးမြလှသည်။ ရွှေတောင်မြို့မှလွန်သွားလျှင်မူ အလွန်ပူပြင်းလှသည်။

ကျွန်ုပ်သည် မီးသင်္ဘောပေါ် တွင်ပင် နားနေသည်။ ဘန်ဂလိုထက်စာလျှင် ပို၍ သက်သောင့်သက်သာရှိသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ၎င်းမြို့သည် အာရိယန်ကမ္ဘာ၏ နယ်နိမိတ်အစွန်တွင်ရှိသည်။ အလွန်ရှေးကျသော တရုတ်နှင့် အိန္ဒိယယဉ်ကျေးမှုနှစ်ခုနှင့် ကမ္ဘာကြီးနှစ်ခု၏ နယ်နိမိတ်တွင်ရှိနေသည်။ ရန်ကုန်မြို့မှစပြီး အရှေ့ဖျားဒေသစတင်ခြင်းဖြစ်ပြီး ထိုဒေသသို့ အနောက်တိုင်းမှ လူများကလွှမ်းမိုးရန် ကြိုးစားနေခြင်း ဖြစ်သည်။ သို့ရာတွင် ရန်ကုန်မြို့မှအရှေ့ဖျားတံခါးဂိတ်သို့ ဘယ်နှရက်၊ ဘယ်နှနာရီဖြင့် ရောက်ရှိအောင်သွားနိုင်မည်ကို တိတိကျကျတွက်ဆ၍ရသည်။ ခရီးသွားလာရာတွင်လည်း သက်သောင့်သက်သာရှိသည်။ ဘုံဘေမြို့မှာမူ သင်္ဘောဖြင့် တစ်တန်းရထားဖြင့်တစ်တန်းသွားရောက်ရပြီး ကာလကတ္တားသို့ရောက်ရှိအောင် နာရီပေါင်း(၆၀) သွားရသည်။ ကာလကတ္တားမှရန်ကုန်သို့သွားလျှင် ၃၄ရက်ခရီးဖြစ်သည်။ မြို့ကြီးများနှင့် ဗြိတိသျှပိုင် ဝေးလံသော ဒေသများအကြားလမ်းပန်းဆက်သွယ်ရေးဖောက်လုပ်နိုင်သည့်ဗြိတိသျှတို့၏စွမ်းရည်သည် အားကျဖို့ကောင်းသည်။

၁၃၊ ဖေဖော်ဝါရီ။

ယနေ့တွင် ပြည်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ယမန်နေ့က မစ္စတာအလက်ဇန္ဒြာနှင့် ညစာစားသည်။ ဤခရီးတွင် ဓားပြများကို တွေ့မြင်ရသည်။ဘုရင်ခံ ပြည်မြို့ကိုဖြတ်သန်းသွားစဉ်က ၎င်းတို့သည် မဲခူးမြို့သို့ သွားရာလမ်း မိုင် (၅၀) ခန့် အကွာအဝေးအထိ ခြေးနားထည်ဝါမှုကိုပြသခဲ့သည်။ ကျွန်ုပ်ဝတ်ဆင်သောဘောင်းဘီတစ်စုံ ပြည်မြို့တွင် အခိုးခံရသည်။ ဓားပြများယူသွားဟန်မတူပါ။နိုင်ငံတစ်နိုင်ငံလုံးတွင် ဓားပြများအန္တရာယ်ရှိသည်ဟု ယနေ့တွင် မစ္စတာကျော်ဒန်က ကျွန်ုပ်အား ပြောပြသည်။ ကျော်ဒန်ဆိုသူမှာ ရန်ကုန်မြို့မှ ကျော်ဒန်ဟိုတယ်ပိုင်ရှင် ဖြစ်သည်။ ဓားပြတို့သည် နေရာအနှံ့တွင်ရှိနေကြသည်။

ဆက်လက်ဖော်ပြပါမည်

ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

1.P.Minayeff, Travels in and Diaries of India and Burma, Calcutta.

www.burmeseclassic.com

www.burmeseclassic.com

မင်းဘူး-ဗိုလ်ဥတ္တမ
ဝိပါက်ကြမ္မာ မရှန်းသာ

မြန်မာစကားဝိပါက်ဟူသည် ပါဠိစကား ဝိပါကကို မြန်မာမှသုံးစွဲထားခြင်းဖြစ်သည်။ မြန်မာစကားတွင် ကာလဝိပါက် နောက်ဝိုးတက်ဟူလည်းကောင်း၊ ဝိပါက်ကြမ္မာမရှန်းသာဟူလည်းကောင်း၊ ဝိပါက်အမှန်ဇောအပြန်ဟူ၍လည်းကောင်း ရှိသည်။ ဝိပါက်ဆိုသည်မှာ မိမိပြုလုပ်ခဲ့မှု၏ အတျိုးရလဒ် ဖြစ်၏။ လုံးဝရှောင်လွှဲ၍မရသောအရာ ဖြစ်လေသည်။ အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသည် ဦးသားငါးရာ ရိုက်နှက်ခံရပြီး, အရိုးတွေကြေမွကာ ပရိနိဗ္ဗာန်ပြုခဲ့ရသည်မှာ ရှေးဘဝကပြုခဲ့မှု၏ ဝိပါက်ဖြစ်သည်။

ဤစာရေးသူကျွန်တော်သည် ဗုဒ္ဓဘာသာကိုယုံကြည်သက်ဝင်ကိုးစားသောမိခင်၏ အဆုံးအမအောက်တွင် ကြီးပြင်းခဲ့သူဖြစ်ပေရာ ငယ်စဉ်ကလေးဘဝကတည်းက မိခင်ကြီးမှတစ်ဆင့် ဗုဒ္ဓဝါဒအဆုံးအမနှင့် ရင်းနှီးခဲ့သူဖြစ်သည်။ မိမိကိုယ်ကိုမိမိစင်ကြယ်အောင် ကြိုးစားနေထိုင်ခဲ့သူဖြစ်သည်။ သို့သော် ယခုဘဝတွင် မပြုလုပ်ခဲ့ဘူးပါလျက် မကောင်းတာတွေကြုံခဲ့ရသည်။ ရွှေတိဂုံတုရားတွင် ဖိနပ်အခိုးခံခဲ့ရဖူးသည်။ အိမ်ရှေ့ဝရန်တာသံဇကာကထီးအခိုးခံခဲ့ရဖူးသည်။ ယုံကြည်၍ အပ်နှံထားသောငွေများ ဘဏ်ကောက်တွင် အလိမ်ခံခဲ့ရဖူးသည်။ ဒါတွေဘာကြောင့်ဖြစ်ခဲ့ရသလဲ။ ယခုဘဝတွင်စင်ကြယ်စေကာမူ ဘဝဟောင်းက မစင်ကြယ်ခဲ့မှု၏ အကျိုးရလဒ်တွေဖြစ်သည်။

ခင်မင်သူ၊ သိကျွမ်းသူ၊ မိမိ၏ပတ်ဝန်းကျင်က တစ်စုံတစ်ယောက်နှင့် အဆင်မပြေဖြစ်ကာ ထိုသူက မိမိကို မကောင်းကြံစည်သည်(ချောက်ချသည်)ဆိုတာ ဘာဆန်းလို့လဲ။ မိမိနှင့် တစ်ခါဖူးမျှသိကျွမ်းခြင်းမရှိပါဘဲလျက် တွေ့တွေ့ချင်းပင် မကောင်းကြံစည်ခြင်းကို စာဖတ်သူခံရဖူးပါသလား။ ကျွန်တော်ခံရဖူး၏။ မှတ်မှတ်သားသားလည်းဖြစ်ရပါ၏။

မန္တလေးတက္ကသိုလ်ကျောင်းသားဘဝ ရွှေပြည်အေးဆောင်တွင် နေထိုင်ခဲ့စဉ်က ဖြစ်၏။ တနင်္ဂနွေတစ်မနက်တွင် ဟောလ်ကျူတာဖြစ်သော ဆရာဦးအေးကို (ယခု ဒေါက်တာ ချစ်ငယ်-ဒဿန)က

www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်ပြန်ရန် အဖော်ခေါ် သဖြင့်လိုက်သွားခဲ့၏။ ဆရာ့အိမ်ရောက်ပြီး ခဏအကြာဝယ် -

"လာကွာ၊ အနားကအသိအိမ်က မွေးနေ့ဖိတ်ထားတယ်တဲ့ သွားကြဦးစို့"

ဟု ဆရာကခေါ် ပေရာလိုက်သွားခဲ့ခပြန်၏။ ထိုအလျှုအိမ်က ကော်ဖီ၊ ကိတ်မုန့်နှင့် ဧည့်ခံသည်။ ကိတ်မုန့်က ပြဿနာမဟုတ်။ ကော်ဖီက ချိုရမည့်အစား ငန်နေလေ၏။ ဆရာတပည့်နှစ်ယောက်တို့ကြိတ်မှိတ်သောက်ခဲ့ကြပြီး သည်ကျေးဇူးပဲ စောဒကမတက်ဘဲ ပြန်ခဲ့ကြသည်။

နောက်တစ်ပတ်အကြာဝယ် ဆရာ့ဆံမှပဲပြန်ကြားရပါသည်။ ကောလိပ်ကျောင်းသားနှင့် သူ့ဆရာတို့လာကြလို့ ကော်ဖီထဲဆားခတ်တိုက်လိုက်ပါသည်တဲ့။ ကျေးဇူးတင်ပါသည်။ ကော်ဖီထဲ ကနဦးအမှန့်ခတ်မတိုက်သည့်အတွက်၊ ကြွက်သတ်ဆေးထည့်ပြီး မတိုက်သည့်အတွက် ကျေးဇူးတင်ပါသည်။ ပြုသူအသစ်ဖြစ်သူအတောင်းဟူသည် ယင်းကိစ္စမျိုးကိုခေါ် ၏။ ဖြစ်သူသည် ကြွေးဟောင်း ဝိပါက်ကိုဆပ်လိုက်ပြီး ပြုသူကမူ ကြွေးသစ်ကိုယူ၍ သွားခဲ့ပါပြီကော။ ယင်းမန္တလေးမြို့ ပုလဲငွေရောင်အရပ်က တစ်စုံတစ်ဦးသည် ကျွန်တော်တို့ဆရာတပည့်နှစ်ဦးအား မြင်မြင်ချင်း ယခုကဲ့သို့ ချောက်ချလိုစိတ်ဖြစ်ရခြင်း၏ တရားခံသည် အခြားသူမဟုတ်ပါ။ ဘဝဟောင်းက မိမိတို့၏မကောင်းသောစေတနာကံပဲ ဖြစ်ပါ၏။

ဝိပါက်အမှန်ဇောအပြန် ဟူသောစကားရှိ၏။ ဇော ဟူသည် ဝိထိစိတ်ဖြစ်မှု (၁၇)ချက်ထဲက အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဇော (၇) ချက်ရှိသည်။ စိတ်တစ်စိတ်ဖြစ်ဖို့ရန် (၁၇) ချက်ရှိသည်။ နှင်းဆီပွင့်တစ်ပွင့်ကို မြင်သည်ဆိုပါစို့။ ဘဝင်ကိုရိုက်၊ ဘဝင်ကိုကျော်သွား၊ ဘဝင်ဖြတ်သွား၊ ဒွါရဝါးပေါက်တံခါးပွင့်၊ မြင်စိတ်ဖြစ်၊ လက်ခံစိတ်ဖြစ်၊ စူးစမ်းစိတ်ဖြစ်၊ ဆုံးဖြတ်စိတ်ဖြစ်၊ ဇော (၇) ချက်ဖြစ်၊ တဒါရုံဖြစ်စသည်တို့ဖြစ်သည်။ ဇောတွင် ကုသိုလ်ဇောခေါ် သည်။ သို့မဟုတ် အကုသိုလ်ဇောခေါ် သည်။ သို့မဟုတ် ကုသိုလ်၊အကုသိုလ်မဟုတ်သော အဗျာကတဇောခေါ် မည်။ နှင်းဆီပွင့်ကိုမြင်၍ ဘုရားကပ်လိုလျှင် ကုသိုလ်ဇောဖြစ်မည်။ ကြိုက်နှစ်သက်၍ပန်ဆင်လိုလျှင် လောဘစိတ်ဖြစ်ပြီး အကုသိုလ်ဇောခေါ် မည်။ ဘုရားတင်ဖို့လည်း သတိမရ၊ ပန်လည်း မပန်ချင်ဘဲ အမှတ်တမဲ့ဖြစ်သော် အဗျာကတာဇောခေါ် မည်။

နံနက်စောစောတွင် လူမစင်ပုံကြီးကိုမြင်တွေ့ရာ၌ရှာလျှင် ဒေါသအကုသိုလ်ဇောခေါ် မည်။ သို့သော် ဓာတ်သဘောတစ်ခုအဖြစ် သဘောထားလျှင် ကုသိုလ်ဇောခေါ် မည်။ ထို့ကြောင့် ဇောစိတ်ဟူသည် နှလုံးသွင်းမှုနှင့်ဆိုင်သည်။ ယောနိသောမနသိကာရ - မှန်စွာနှလုံးသွင်းသော်ကုသိုလ်ဇောခေါ် ၍၊ အယောနိသောမနသိကာရ - မှားယွင်းစွာ နှလုံးသွင်းသော် အကုသိုလ်ဇောခေါ် မည်။ ပြုပြင်၍ရသည်။ ပြောင်းလဲ၍ရသည်။ တစ်စုံတစ်ခုကို ဒေါသဖြစ်လျှင် အကုသိုလ်ဇော ခေါ် မည်။ သို့သော် သတိကပ်၍ မိမိဒေါသဖြစ်နေပါလားဟူ၍ ဆင်ခြင်ကာပြုပြင်သော် ကုသိုလ်ဇောပြန်ဖြစ်သည်။ ထို့ကြောင့် ဇောအပြန်ဟုဆိုခြင်းဖြစ်သည်။ ဝိပါက်ခေါ် ဝိပါကသည် ပြုလုပ်ခဲ့ပြီးဖြစ်၍ ပြုပြင်၍ မရတော့။ ပြုခဲ့သည့်အတိုင်းပဲကောင်းတာလုပ်လျှင် ကောင်းကျိုးရကာ မကောင်းတာလုပ်လျှင် မကောင်းကျိုးပါမည်။ ထို့ကြောင့် ဝိပါက်အမှန်ဟုဆိုခြင်းဖြစ်သည်။

ဝဋ်မှာ အမြဲ ငရဲမှာအပ ဟူသောစကားမှာလည်း အလားတူဖြစ်သည်။ မြတ်စွာဘုရားလက်ထက်တော်အခါက လေတွင်ပျံဝဲနေသော ကျီးကန်းတစ်ကောင်၏ လည်ပင်းကို မီးလောင်နေသောကရွတ်ခွေ(ကောက်ရိုးခွေ)တစ်ခုက လေမှာပဲပျံဝဲကာလာစွပ်သဖြင့် ယင်းကျီးကန်းမှာ မီးလောင်ပြီးသေရသည်။ မြတ်စွာဘုရားက ယင်းကျီးကန်းသည် ဘဝတစ်ခုတွင်ခိုင်း၍ မရဘဲ ပေကပ်နေသောနွားကို လယ်သမားအဖြစ်နှင့် နွား

www.burmeseclassic.com

www.burmeseclassic.com

လည်ပင်းကောက်ရိုးစွပ်ကာ မီးတိုက်ခဲ့ရာက နွားသေခဲ့ရသည်။ ယင်းအကျိုးရလဒ်အဖြစ် ယခုကဲ့သို့ဖြစ်ရသည်ဟု ဟောတော်မူ၏။ ဝိပ၊ ဘဉ်ကြွေးမည်သည် ရေတွင်နေ၍လည်းမလွတ်၊ လိုဏ်ဂူအောင်နေ၍လည်းမလွတ်။ လေမှာပျံဝဲနေ၍လည်းမလွတ်နိုင်ဟု ဆုံးမတော်မူသည်။

ခင်ပွန်းတော်ဘေးသေရာကစွဲ၍ဖြစ်သောခွေးကို ရေဒဿသိအိုးချည်ကာ နှစ်သတ်ခဲ့ဖူးသဖြင့် ယခုဘဝတွင် ရေဒဿသိအိုးချည်ကာအခွံခံရသောလေ့သူကြီးကတော်၊ ဖွတ်တစ်ကောင်ကို သူတွင်းကထွက်၍မရအောင် ခုနစ်ရက်ပိတ်ခဲ့ဖူးသောနွားကျောင်းသားများတစ်ဖြစ်လဲရဟန်းတော်များ ခုနစ်ရက်လုံးလုံးဂူတွင်း၌ပိတ်ပိနေခဲ့ပုံတို့ကိုလည်း မြတ်ဗုဒ္ဓက ဟောတော်မူ၏။

ဗောဓိသတ္တမင်းသားတို့မောင်နှံတွင် သားသမီးမရပေ။ ဗောဓိသတ္တမင်းသားက မြတ်စွာဘုရားနှင့် သံယာတော်များကို ဆွမ်းပင့်ဖိတ်ကြွေးသည်။ ဘုရားကြွလာစဉ် နန်းတော်အဝင်အဝဲ၌ ကမ္မလာအဖြူကိုခင်းထားသည်။ မြတ်စွာဘုရားကြွလာပြီး ယင်းကမ္မလာအခင်းအဖြူအစပ်ဝယ် ရပ်နေတော်မူသည်။ ဗောဓိသတ္တမင်းသားက လျှောက်လှမ်းတော်မူပါဘုရားဟုဆိုသော်လည်း မြတ်စွာဘုရားက လျှောက်လှမ်းတော်မမူ။ မင်းသားက သုံးကြိမ်ပြည့်အောင် လျှောက်သော်လည်း မြတ်စွာဘုရားက ရပ်နေတော်မူဆဲ။ နောက်ဆုံးတွင် နောက်တော်ဝါးက အရှင်အာနန္ဒာမဲထေရ်က မင်းသားကမ္မလာအဖြူထည်ကိုရုပ်သိမ်းလိုက်ပါဟုဆိုသောအခါ ဗောဓိသတ္တမင်းသားသည် သူ၏အခင်းအဖြူထည်ကို ရုပ်သိမ်းလိုက်ရတော့သည်။ သည်တော့မှဘုရားရှင်လည်း အတွင်းသို့ဆက်ကာ ကြွမြန်းတော်မူလေ၏။

ဆွမ်းဘုန်းပေးအပြီးဝယ် မင်းသားက ဘုရားရှင်အား လျှောက်ထား၏။

"မည်သည့် အကြောင်းကြောင့် ကမ္မလာဖြူထည်ပေါ်၌ မကြွလှမ်းပါသနည်း ဘုရား"

ထိုအခါ ဘုရားရှင်က မင်းသားကိုပြန်၍မေးတော်မူသည်။

"ဒဂ္ဂတော် မင်းသား၊ ဘာကို အဓိဋ္ဌာန်ထားသလဲ"

ထိုအခါ မင်းသားက -

"မှန်လှပါ။ တပည့်တော်တို့နှိမ်နှင်းမောင်နှံ၌ သားသမီးရဖို့အကြောင်းရှိပါက မြတ်စွာဘုရားရှင်သည် ဤကမ္မလာအဖြူထည်ပေါ် သို့နင်းပါစေဟု အဓိဋ္ဌာန်ထားပါတယ်ဘုရား"

ဟု ပြန်လည် လျှောက်တင်သည်။

ထိုအခါ ဘုရားရှင်က -

"မှန်တယ်မင်းသား၊ မင်းသားတို့တွင် သားသမီးရဖို့ရန် အကြောင်းမရှိပေသဖြင့် ငါဘုရားသည် ဤကမ္မလာအဖြူထည်ပေါ်၌မလျှောက်ခဲ့ခြင်းဘဲဖြစ်တယ်"

ဟု မြွက်ကြားလေသည်။

ထို့နောက် မြတ်စွာဘုရားလည်း ဗောဓိသတ္တမင်းသားတို့ဇနီးမောင်နှံဝယ် သားသမီးမရရခြင်းအကြောင်းကို ရှင်းလင်းမြွက်ကြားတော်မူလေသည်။

ဘဝတစ်ခုတွင် ဗောဓိသတ္တမင်းသားနှင့် ယခုဇနီးသည်တို့သည် သင်္ဘောဖြင့်ခရီးသွားရာ၌ လမ်းတွင် သင်္ဘောပျက်ကာ လူသူမရှိသောကျွန်းတစ်ကျွန်း၌တင်လေသည်။ ယင်းကျွန်းတွင် သူတို့နှစ်ဦးသည် အသက်ရှင်ရန်အလို့ငှာ ငှက်ဥတွေကိုပဲစားခဲ့ကြ၏။ ယင်းကျွန်းပေါ်မှာပဲ သဲတို့ကွယ်လွန်ခဲ့ကြသည်။ ယင်း၏ အကျိုးဆက်ရလဒ်အဖြစ် ယခုဘဝတွင် သားသမီးရတနာမရခြင်း ဖြစ်သည်။ အကယ်၍များ ထိုစဉ်က ဇနီးမောင်နှံနှစ်ဦးတွင် တစ်ဦးဦးက ဤငှက်ဥတွေကိုမစားဘဲနေခဲ့ပါသော် ယခုဘဝ၌ သားသမီးရနိုင်သည်ဟုလည်း မြတ်စွာဘုရားကဆက်၍ မိန့်ကြားတော်မူခဲ့လေသည်။

ဤဖြစ်ရပ်က လူတို့သည် အသက်ရှင်သန်ရေးနှင့် သီလစောင့်ထိန်းမှုတို့အနက် သီလစောင့်ထိန်းမှုက မည်မျှအရေးကြီးပုံကိုပြဆိုလေသည်။ အသက်သေဖို့ရှိက ဒီဘဝပဲဖြစ်မည်။ သီလပျက်သော် သံသရာ၌လိုက်၍ အကျိုးပေးလေသည်။

မလိကာသည် သာမန်ကျေးတော သူလေးတစ်ဦးသာ ဖြစ်သည်။ အခါတစ်ပါးတွင် မြတ်စွာဘုရား ဆွမ်းခံကြွလာခိုက်ဝယ် မလိကာက မြတ်စွာဘုရားအား မုန့်ဆွမ်းကိုကပ်လှူခဲ့သည်။ ထိုအခါ မြတ်စွာဘုရားက ပြုံးတော်မူ၏။ ဆက်လက်၍ကြွမြန်းခိုက်တွင် အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရားအား ပြုံးတော်မူရခြင်းအကြောင်းရင်းကိုပါ လျှောက်ထားမေးမြန်းသည်။

"အာနန္ဒာ၊ ငါဘုရားအား ဤသို့မုန့်ဆွမ်းကပ်လှူရသည့်အကျိုးကြောင့် ဤမိန်းမပျိုသည် ရက်သတ္တတစ်ပတ်အတွင်း မိဖုရားအရာကို ရလိမ့်မည်"

ဟု မြတ်စွာဘုရားက ဖြေကြားတော်မူသည်။

ကောသလမင်းနှင့် တူတော် အဇာတသတ်တို့သည် နယ်စပ်ကနယ်တစ်နယ်ကိုအကြောင်းပြုကာ မကြာခဏပစ်ခိုက်ဖြစ်ကြသည်။ တစ်ရက်တွင် စစ်ရုံးလာရာက ပင်ပန်းနွမ်းနယ်စွာ မြင်းစီး၍ ကောသလမင်းကြီးပြန်လာစဉ် ခြံဥယျာဉ်တစ်ခုထဲကနေ အင်မတန်သာယာနာပျော်ဖွယ်ကောင်းလှသော မိန်းကလေးတစ်ဦး၏ သီချင်းဆိုသံကို ကြားလိုက်ရသည်။ သို့နှင့် မြင်းဇော်ကို ဆွဲ၍ ယင်းခြံဝင်းအတွင်းသို့ ဝင်လိုက်သည်။ ဘုရင်ကြီးမြင်းစီးဝင်လာသည်ကို မြင်တွေ့သောအခြားမိန်းမပျိုလေးများက ထွက်ပြေးကြလေ၏။

မလိကာဆိုသောမိန်းမပျိုလေးကမူ ထွက်မပြေးသည့်အပြင် မြင်ဇော်ကို ဖမ်းထိန်း၍ ဘုရင်မြင်းပေါ်မှဆင်းရန် လက်ကမ်းပေးလိုက်သည်။ ပြီးသော် ဘုရင်အား ရေပူရေချမ်းကမ်းလှမ်းသည်။ စစ်ရုံး၌မောကြီးပန်းကြီးပြန်လာသော ကောသလဘုရင်မှာ ဤသို့ပြုစုခံရရာက မနောခွေသွားခဲ့တော့သည်။ သို့နှင့် မလိကာအား အာဏာလိကော၊ ကာလိကော ခင်ပွန်းလင်ရှိမရှိမေးမြန်းရာ မလိကာက ခင်ပွန်းလင်မရှိပါကြောင်း ပြန်လည်လျှောက်ထားသည်။ နန်းတော်သို့ပြန်အရောက်ဝယ် မှူးမတ်များကို ယင်းကျေးရွာသို့စေလွှတ်ကာ မလိကာအား မိဖုရားအဖြစ် သိမ်းပိုက်ခဲ့တော့သည်။

ကောသလဘုရင်နှင့် မိဖုရား မလိကာတို့သည် အင်မတန်ချစ်ကြသည်ဆို၏။ ရဲဖန်ရဲခါ ဘုရင်မိဖုရားမိတ်အခန့်မသင့်သော် မြတ်စွာဘုရားရှင်ထံသွားရောက်ဖူးမြော်ကာ လျှောက်ကြလေ၏။ မြတ်စွာဘုရားက မင်းတို့ဇနီးမောင်နှံသည် ယခုမှမဟုတ်။ ရှေးလွန်လေပြီးသောအခါ ကိန္နရာဖိုကိန္နရာမဘဝကပင် ချောင်းရေကျသဖြင့် တစ်ညတာဝေးခဲ့ရသည်ကို ရက်ပေါင်းခုနစ်ရာပူဆွေးခဲ့ကြသော ဇနီးမောင်နှံဖြစ်ခဲ့သည်ဟု အတိတ်ကိုပြန်ပြောင်းဟောကာ ပြန်ဖြေတော်မူခဲ့သည်ဟု ဆိုပါသည်။ မလိကာသည် ဘုရားရှင်၊ ရဟန်းသံဃာများကို မြှောက်မြှားစွာသော လှူဖွယ်ဝတ္ထုများအား အကြိမ်များစွာလှူခဲ့သူ။ ခုသော် တစ်ကြိမ်တွင် မတော်သောအာဟာရစ်ခုကို ပြုခဲ့မိသည်။ အို-ဖြစ်မှဖြစ်ရလေ၊ ဒါကို မြတ်စွာဘုရားရှင်သိတော်မူမှာပါ။ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသိတော်မူ

www.burmeseclassic.com

www.burmeseclassic.com

နေမဝင်ကြယ်လေး(နတ်မောက်)
အမျိုးသမီးများ အဖြူဆင်းလျှင်

နောက်နေ့သောက်သုံးရန်အတွက် ဆင်တုံးမန္တယ်တစ်ထွာခန့်ကို နုပ်နုပ်စဉ်းပြီး ရေအေးတစ်ခွက်ထဲထည့်စိမ်ထားပါ။ တစ်ညသိပ်စိမ်ထားပြီး နောက်နေ့တွင် စိမ်ရည်ကိုသောက်လိုက်ပါ။ မီးယပ်ဖြူဆင်းခြင်းလုံးဝပျောက်ကင်းသွားပါမည်။

အလွယ်အသာထိရောက်ပျောက်ကင်းစေသောဆေးနည်းဖြစ်၍ ရေးသားတင်ပြအပ်ပါသည်။

နေမဝင်ကြယ်လေး(နတ်မောက်)

အမျိုးသမီးတိုင်း အပျိုဖော်ဝင်အရွယ်ရောက်လာချိန်တွင် တစ်လတစ်ခါ (အချို့ ရှားရှားပါးပါး တစ်လနှစ်ခါဟု ဆိုသည်) ရာသီသွေးဆင်းခြင်းသည် ထူးခြားသော အာဝေနိကဒုက္ခဟု မြတ်ဘုရားကဟောကြားခဲ့ပါသည်။

ထိုသို့ သဘာဝမမှတာအတိုင်း မဟုတ်ဘဲ အဖြူဆင်း၊ အနီဆင်းခြင်းများလည်း တစ်ခါတစ်ရံကြုံတွေ့ရတတ်ပြီး မီးယပ်ဖြူ၊ မီးယပ်နီဆင်းသည်ဟု ဆိုပါသည်။ အလွန်အားအင်ယုတ်လျော့ပြီး သွေးပေါင်ကျကာ မူးမေ့လဲသွားသည် အထိဖြစ်တတ်ပါသည်။

ထိုသို့ မီးယပ်ဖြူ(အဖြူ)ဆင်းလျှင် အောက်ပါဆေးကို အမြန်ဆုံးပြုလုပ်သောက်ပေးပါ။

ပထမနေ့တွင် အရေးပေါ်အမြန်သောက်ရန် ဆင်တုံးမန္တယ်တစ်တောင်းခန့်နုပ်နုပ်စဉ်းပြီး ရေမတ်ခွက်သုံးခွက်နှင့် တစ်ခွက်ကျန်အောင်ပြုတ်ကျိ၍ ထိုပြုတ်ရည်ကို ရေစစ်ဖြင့်စစ်ယူကာသောက်ပေးပါ။

ဒုတိယအကြိမ်အဖြစ် ဆွေမျိုးတွေကိုသုတ်သင်ရန်အကြံဖြင့် ဝိဋ္ဌပျပလည်းတပ်နှင့်ခီလာပြန်၏။ မြတ်စွာဘုရားသခင်လည်း သိတော်မူသဖြင့် ပထမအကြိမ်ကဲ့သို့ အရိပ်ကောင်းစွာမရသောသစ်ပင်ခြေကနေဝိဋ္ဌပျပကိုစောင့်တော်မူခဲ့၏။ ဝိဋ္ဌပျပလည်း သူ၏တပ်နှင့်ရောက်လာကာ ဘုရားရှင်ကိုဖူးတွေ့ပြီးသကာလ ပထမအကြိမ်ကဲ့သို့လျှောက်တင်သည်။ ဘုရားရှင်ကလည်း ပထမအကြိမ်အတိုင်း ဖြေဆိုတော်မူခဲ့သည်။ ဝိဋ္ဌပျပလည်း တပ်ကိုရုပ်၍ ဒုတိယအကြိမ်ပြန်လှည့်သွားခဲ့သည်။ ဝိဋ္ဌပျပလည်း တတိယအကြိမ်စစ်ခီလာခဲ့ပြန်သည်။

ဤအကြိမ်တွင်မူ ဆွေမျိုးတော်သာကီဝင်တို့၏ ဝိပါက်ကြမ္မာမရုန်းသာပြီဟူသောအဖြစ်ကို သိတော်မူသော မြတ်စွာဘုရားသည် နယ်စပ်သို့ကြွတော်မမူခဲ့တော့ပေ။ သာကီဝင်တို့သွေးခြောင်းစီးကာ သေပွဲဝင်ခဲ့ကြရတော့သည်။ ဝိပါက်ကြမ္မာ ဟူသောအကြွေးဆပ်ဖို့ရှိလာခဲ့သော် မြတ်စွာဘုရားသည်ပင် ကာကွယ်စောင့်ရှောက်ခြင်းမပြုနိုင်တော့ပေတကား။

ဤကဲ့သို့ အကုသိုလ်ကံပြုခဲ့မှုကြောင့် ရရှိသောအကျိုးဝိပါက်ကို ဓမ္မပဒဝါဠိတော်တွင် ရှေ့ကသွားသော နှားခြေရာကို နောက်ကလှည်းဘီးက ကြိတ်ခြေဘိသကဲ့သို့ဟူ၍ ဥပမာပေးခဲ့မှုလေသည်။

မမ်းသူး-ဝိုလ်ဥတ္တမ

မှာပဲဟု ဒေါမနဿစိတ်ဖြစ်ကာ ယင်းဒေါမနဿစိတ်ဖြင့်ပင် ကွယ်လွန်ခဲ့ရာကသေပြီးငရဲ၌ ခုနစ်ရက်ခံရသည်။

ကောသလမင်းကြီးက မြတ်စွာဘုရားထံလာ၍ဖူးမြော်ရင်း မလိကာသည် ဘယ်ဘုံဘဝ၌ ရုပ်သစ်နာမ်သစ်ဖြစ်တော်မူပါသလဲဘုရားဟုမေးရန်ရည်ရွယ်ခဲ့သည်။ သို့သော် ပထမရက်၊ဒုတိယရက်မှသည် သတ္တမမြောက်ရက်အထိ မေးရန် မေ့မြောနေခဲ့သည်။ အဋ္ဌမမြောက်ရက်တွင် မေးသောအခါမှ တုသိဘာနတ်ပြည်မှ ခန္ဓာအသစ်ရနေပေပြီဟု မြတ်စွာဘုရားကဖြေတော်မူလေသည်။

ကောသလမင်းကြီးသည့် မှူမတ်တို့၏ ကုန်းချောစကားကို ယုံကြည်ကာ သူ၏စစ်သူကြီး ဗန္ဓုလနှင့်သားသုံးဆယ့်နှစ်ယောက်(၁၆ကြိမ်အမြောမွေး)ကို နယ်စပ်သို့ ဥပါယ်တမျှဉ်နှင့် စေလွှတ်ကာ မီးလောင်တိုက်သွင်း၍သတ်ခဲ့၏။ထို့နောက် ဗန္ဓုလ၏တူတော်သူကို စစ်သူကြီးအရာမြှောက်ခဲ့သည်။ ကောသလဘုရင်သည် ဘုရားရှင်အား ဝင်ရောက်ဖူးမြော်နေခိုက် ဝယ် စစ်သူကြီးအသစ်က ကောသလ၏သား ဝိဋ္ဌဠျပမင်းသားကို ဘုရင်မြှောက်ကာ ကောသလကို ဘုရင်အဖြစ်မှဖြုတ်ချလိုက်တော့သည်။

ကောသလဘုရင်သည် မြတ်စွာဘုရားနှင့် အမျိုးတော်လိုပါသည်ဆိုပြီး သာကီဝင်မျိုးများထဲက မိန်းမပျိုတစ်ဦးကို မိဖုရားမြှောက်ရန် တောင်းခံခဲ့သည်။ သာကီဝင်မျိုးတွေက မဟာနာမ်မင်းနှင့် ကျွန်မကရသောမိန်းမပျိုကို ကောသလသို့ မိဖုရားမြှောက်ရန်ပေးလိုက်သည်။ ကောသလနှင့်ယင်းမိဖုရားကနေ ဝိဋ္ဌဠျပကို မွေးဖွားခဲ့သည်။ ဝိဋ္ဌဠျပအရွယ်ရောက်၍ သာကီဝင်မျိုးတွေကို သွားရောက် ကန်တော့သည်။ ကန်တော့ပြီး အပြန်ဝယ် ဝိဋ္ဌဠျပထိုင်ခဲ့သောနေရာကို သာကီဝင်မျိုးတွေကန်းနှိန့်နှင့်ဆေးကြောသည်။ ယင်းကို ဓားကျန်ရှိပြန်လုပ်ယူသော ဝိဋ္ဌဠျပ၏စစ်သည်က မြင်တွေ့ကာ မင်းသားသို့ လျှောက်လေသည်။ ဝိဋ္ဌဠျပက ဩော်-ငါဘုရင်ဖြစ်တဲ့တစ်နေ့ သင်တို့လည်ချောင်းသွေးနဲ့ခြေဆေးတာပေါ့ဟု ကြုံးဝါးခဲ့သည်။

ယခု ဝိဋ္ဌဠျပသည် ဘုရင်ဖြစ်လာခဲ့ပြီး သူ၏ တစ်ခါက အငြိုးအတေးကို အကောင်အထည်ဖော်ရန် စစ်သည်အလုံးအရင်းနှင့် သာကီဝင်မျိုးရှိရာသို့ခီသည်။ ဒါကို မြတ်စွာဘုရားကသိတော်မူသည်။ နှစ်နိုင်ငံနယ်စပ်ရှိ အရိပ်ရှိသောသစ်ပင်အောက်တွင် သီတင်းသုံးတော်မမူ။ ကျိုးတိုးကျဲတဲ့သစ်ပင်ခြေမှာသီတင်းသုံးလျက်ရှိသည်။ စစ်ခီလာသောဝိဋ္ဌဠျပသည် ဘုရားရှင်အား ဖူးတွေ့ရသည်နှင့် စစ်သည်တို့အားရပ်စေသည်။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဤဘက်ကမ်းရှိအရိပ်ရှိရာသစ်ပင်အခြေသို့ကြွတော်မူပါဟု လျှောက်တင်သည်။

ထိုအခါ မြတ်စွာဘုရားက သစ်ရိပ်ဝါးရိပ်ထက် ဆွေမျိုးရိပ်ကအေးချမ်း၏ဟု ပြန်လည်မြွက်ကြားတော်မူ၏။ ဝိဋ္ဌဠျပလည်း ဘုရားရှင်အား ရှိခိုးဝတ်ပြုကာ တပ်ကို ရုပ်ပြီးပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြို့သစ်ရောက်တော့ ည (၇) နာရီထိုးပါပြီ။ ရွာက လက်သမား(၃)ဦးလိုက်ပါလာသည်။ အခကြေးငွေနှင့်ဆောင်ရွက်ရန် လိုက်ပါလာခြင်းမဟုတ် ဘဲ ရွာသားအချင်းချင်း သံယောဇဉ်ကြောင့် ကူညီရန် လိုက်ပါလာခြင်း ဖြစ်ပါသည်။ မြို့နှင့်ရွာက (၇) မိုင်ဝေးပြီး ပဲခူးရိုးမနှင့် ရွာက (၅) မိုင်ဝေးပါသည်။

တောရွာမှာနေသော်လည်း လယ်မြေများမရှိပါ။ မိဘအမွေဖေးသောလယ်မြေများမှာ အကြောင်းအမျိုးမျိုးကြောင့် ရောင်းချစားသောက်ခဲ့ရသဖြင့် လယ်တစ်ကောမျှ မကျန်တော့ပါ။ လယ်မြေမရှိဘဲ တောရွာမှာနေရသဖြင့် ဝမ်းရေးအတွက် ခက်ခဲပါသည်။ ကျပန်းအလုပ်များကိုသာကြုံသလိုလုပ်ကိုင်စားသောက်နေရပါသည်။ ကိုမြင့်အုန်းနှင့် မဌေးခင်တွင် သားသမီးနှစ်ဦးရှိပြီး အကြီးမဖြစ်သူက (၈)တန်းနှင့် အငယ်ကောင်က (၃)တန်းရောက်နေကြပါပြီ။ ကလေးများရှေ့ရေးအတွက်စဉ်းစားရပါမည်။ လင်မယားနှစ်ယောက်စလုံးက

www.burmeseclassic.com

www.burmeseclassic.com

အသက် (၃၀)ကျော်အရွယ်သာ ရှိသေးပြီး မြို့တွင် အလုပ်ကောင်းကောင်းလုပ်ကိုင်နိုင်ပါက ကြီးပွားတိုးတက်နိုင်သည့် စဉ်းစားပြီး ရွာမှပြောင်းရွှေ့လာခြင်း ဖြစ်ပါသည်။ မြို့တွင်နေသော အစ်ကို ဝမ်းကွဲကလည်း ခေါ်ပါသည်။

"တောမှာ လယ်မရှိယာမရှိဘဲ လုပ်ကိုင်စားသောက်ရတာခက်ခဲတယ်။ မြို့မှာက အလုပ်ပေါတယ်။ မြို့ကိုသာ ဘက်ခဲ့တော့။ မြို့သစ်က ငါနေတဲ့ခြံရှေ့မှာ ခြံလွတ်တစ်ခုရှိတယ်။ တစ်သိန်းလောက်နဲ့ ရနိုင်တယ်"

ရွာမှခြံကွက်ကိုရောင်းပြီး အိမ်ကို ဖျက်၍ ကားနှစ်စီးဖြင့်သယ်လာခြင်း ဖြစ်ပါသည်။ ထိုစဉ်က နဝတအစိုးရတက်ပြီး နောက်ပိုင်း မြို့သစ်များတိုးချဲ့သည့်အချိန် ဖြစ်ပါသည်။ ကိုမြင့်အုန်းပြောင်းလာသည့်မြို့သစ်က မူလမြို့၏မြောက်ဘက် အထွက် အခြေခံပညာအထက်တန်းကျောင်း၏ အနောက်ဘက်တွင် တိုးချဲ့ထားခြင်း ဖြစ်ပါသည်။ ကျောင်းနှင့်မြို့သစ်ကြားတွင် ရန်ကုန် - ပြည်ကားလမ်းမကြီးရှိပါသည်။

ရန်ကုန် - ပြည်ကားလမ်းမကြီးမှ အနောက်ဘက်သို့ ခရီးကွေ့ဝင်ပြီး လေးခုမြောက်လမ်းတွင် ကိုမြင့်အုန်းခြံတည်ရှိပါသည်။ ကိုမြင့်အုန်း၏ဇာတာက ဘုရားကျောင်းကန်အနီးတွင်နေရတတ်ပါသည်။ ယခုလည်း ကိုမြင့်အုန်းခြံ၏မျက်စောင်းထိုးနေရာတွင် သုံးရေကန်ကြီးရှိနေပါသည်။

ပစ္စည်းများကို ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များပါကူချေးသဖြင့် မကြာမီ ပြီးစီးသွားပါသည်။ မော်တော်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များမှာ မြို့ပေါ်မှဖြစ်သဖြင့် ပစ္စည်းချပြီး ပြန်သွားကြပါသည်။ ကိုမြင့်အုန်းတို့ ညစာထမင်းစားရန်ပြင်ဆင်ပါသည်။ ညစာအတွက် ထမင်းဟင်းများကို ရွာမှချက်ပြုတ်ပြီးအိုးများနှင့်ထည့်ယူလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"မဌေးခင်ရေ၊ ထမင်းဝိုင်းနှစ်ဝိုင်း ပြင်ကွာ။ ငါနဲ့ ကိုအေးငွေတို့က တစ်ဝိုင်းစားမယ်။ နင်တို့သားအမိတွေက တစ်ဝိုင်းစား"

"ကိုမြင့်အုန်းရေ၊ ဖျာနှစ်ချပ်ခင်းထားပါဦး။ ကျွန်မထမင်းဝိုင်းအတွက်ပြင်လိုက်မယ်"

လဆန်းရက်ဖြစ်သဖြင့် ခြံထဲတွင် လရောင်ဝင်းနေပါသည်။ ရွာမှချက်ယူလာသော ကြက်သားဟင်း၊ ငါးပိကြော်၊ ချဉ်ပေါင်ကြော်တို့ဖြင့် မြိန်ရှက်စွာစားသောက်ကြပါသည်။ ထမင်းစားပြီးသည့်အခါ ကိုအေးငွေက စကားစပါသည်။

"တို့နာရီဝက်နားမယ်ဟေ့၊ ပြီးရင် အလုပ်စမယ်"

ကိုမြင့်အုန်းတို့နားနေစဉ် အိမ်ရှေ့အိမ်မှ အစ်ကိုဝမ်းကွဲ ကိုထွန်းမြင့်ရောက်လာပါသည်။

"မဌေးခင်တို့သားအမိတွေ တို့အိမ်မှာလာအိပ်ဟေ့"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်မအိုးခွက်တွေဆေးကြောပြီးလာခဲ့ပါမယ်"

ကိုးနာရီခွဲတွင် လုပ်ငန်းပြန်စပါသည်။ ကိုအေးငွေကတိုင်းတွင်းတူးရမည့် နေရာများကို သစ်သားငုတ်ရိုက်ပေးပါသည်။

"စံသီးနဲ့ ငွေတိုးက တိုင်တွင်းတူးကွာ"

စံသီးနှင့် ငွေတိုးတို့က အသက်နှစ်ဆယ်ကျော်အရွယ်လူငယ်များဖြစ်ကြပါသည်။ ကိုမြင့်အုန်း၊ ကိုအေးငွေ၊ စံသီးနှင့် ငွေတိုးတို့က အရင်းနှီးဆုံး မိတ်ဆွေသူငယ်ချင်းများဖြစ်ကြ၏။ လက်သမားအလုပ်ကိုလည်း ယင်းတို့လေးဦး အတူတွဲလုပ်ကိုင်ဖူးပါသည်။ ညဉ့်နက်လာသဖြင့် လရောင်ကလည်း ပိုပြီးလင်းလာပါသည်။ ကိုမြင့်အုန်းတို့လေးဦး တက်ညီလက်ညီလုပ်ကြသဖြင့် မနက်မိုးလင်းသည့်အခါ သုံးပင်တစ်ထပ်မြေစိုက်အိမ်လေးတွင် ထုပ်၊ လျောက်၊ ဒိုင်း၊ မြားများ တပ်ဆင်ပြီးသွားပါသည်။ မဌေးခင်တို့သားအမိတွေလည်း ရောက်လာကြပါသည်။

"ဟယ် - အိမ်လေးကအတော်ပြီးသွားပြီ"

ထိုစဉ် အိမ်ရှေ့သို့ ကောက်ညှင်းပေါင်းသည်ရောက်လာပါသည်။

"ကောက်ညှင်းပေါင်း၊ ပဲပြုတ်"

"မဌေးခင်ရေ၊ ကောက်ညှင်းပေါင်းနဲ့ပဲပြုတ်ဝယ်ကွာ"

"ကောက်ညှင်းပေါင်းလာပါဦး"

သစ်သားအတိုစများဖြင့် ရေနွေးတစ်အိုးတည်ပြီး ကောက်ညှင်းပေါင်းပဲပြုတ်ကို ဆီဆမ်း၍ စားသောက်ကြပါသည်။ ကောက်ညှင်းပေါင်းစားပြီး ခဏနားကြပါသည်။ ထို့နောက် အိမ်မိုးခြင်း၊ ကာခြင်းများကို ဆက်တိုက်လုပ်ကြပါသည်။ နေလယ်စာစားချိန် အိမ်လေး၏ရုပ်လုံး ပီပီပြင်ပြင်ပေါ် လာပါသည်။ ထမင်းစားပြီး ဆက်လက်လုပ်ကိုင်ကြရာ နေ့လယ်တွင် တစ်ထပ်သွပ်မိုးထရံကာ အိမ်လေးပြီးသွားပါသည်။ ညနေတွင် ကိုအေးငွေတို့သုံးဦး ရွာပြန်သွားပါသည်။

"မြင့်အုန်းရေ၊ ငါတို့ပြန်မယ်ဟေ့၊ လုပ်စရာရှိရင်လည်း လူကြုံနဲ့မှာပေါ့ကွာ"

"ကိုအေးငွေတို့အိမ်လည်လာဦးနော်"

"အေးပါ မဌေးခင်ရာ၊ တို့လာခဲ့ပါဦးမယ်"

ကိုမြင့်အုန်းက အိမ်အနောက်မှ မြက်များကိုပေါက်တူးဖြင့်ရှင်းပါသည်။ ခြံထောင့်နားတွင် ဆက်လက်ရှင်းမည်ပြုစဉ် မဌေးခင်က လှမ်းပြောပါသည်။

"ကိုမြင့်အုန်းအလုပ်နားပါတော့။ ရေချိုးပြီးရင် ထမင်းစားကြမယ်။ ညကလည်း မအိပ်ရဘူးဆိုတော့ ဒီနေ့စောစောနားမှဖြစ်မယ်"

"အေးအေး - လာပြီ"

ကိုမြင့်အုန်း ရေချိုးပြီး ထမင်းစားကြပါသည်။တစ်ညလုံးတစ်နေ့လုံးအလုပ်လုပ်ထားသဖြင့် ခေါင်းအုံးနှင့်ခေါင်းထိသည်နှင့်တစ်ပြိုင်နက် ကိုမြင့်အုန်းအိပ်ပျော်သွားပါတော့သည်။

"လူကလေး ထ၊ ထ"

"လူကလေး ထပါဦး"

နားထဲတွင် အသံကြားသဖြင့် ကိုမြင့်အုန်း အိပ်ရာမှနိုးသွားပါသည်။

"လူကလေးကိုပြောစရာရှိလို့"

အသံက ခေါင်းရင်းဘက်မှထွက်လာခြင်းဖြစ်ပါသည်။ ကိုမြင့်အုန်းအိပ်ရာမှထထိုင်ပြီး ခေါင်းရင်းသို့ကြည့်လိုက်ပါသည်။တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အံ့သြသွားပါသည်။ တွေ့လိုက်ရသည်က ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအို။ လက်ထဲမှာတောင်ဝှေးကိုင်ထားပြီး အဖြူရောင်ခေါင်းပေါင်းစွပ်ထားသည်။

"မင်းကိုပစ္စည်းတစ်ခုပေးမလို့ကွ"

ကိုမြင့်အုန်း မှင်တက်မိနေပြီး ဘာမှပြန်မပြောဖြစ်ပါ။

အဘိုးအိုက ဆက်ပြောပါသည်။

"အိမ်နောက်က မြက်မရှင်းရသေးတဲ့မြေကွက်မှာ ဆီးပင်တစ်ပင်ရှိတယ်။ အဲဒီဆီးပင်ကို ရှင်းပစ်ပြီး အမြစ်ကိုပါ ဆွဲနုတ်လိုက်ပါ။ အဲဒီလိုဆိုရင် မင်းလို ချင်တဲ့ပစ္စည်းကိုတွေ့လိမ့်မယ်"

အဘိုးအိုကပြောပြီးပျောက်ကွယ်သွားပါသည်။ ကိုမြင့်အုန်းလည်း ပြန်ပြီး အိပ်ပျော်သွားပါသည်။ တောမှာနေစဉ်ကတည်းက မနက်လေးနာရီမှာ အိပ်ရာကနိုးနေက၊။ ယခုလည်း ဘုန်းကြီးကျောင်းမှအုန်းမောင်းခေါက်သံနှင့်အတူ ကိုမြင့်အုန်း အိပ်ရာမှနိုးလာပါသည်။

ညကအဖြစ်အပျက်ကိုပြန်စဉ်းစားနေပါသည်။ အိပ်မက်လိုလို၊ တကယ်လိုလိုဖြစ်နေပါသည်။ စိတ်ထဲမှာဝေခွဲမရဖြစ်နေ၏။ အိပ်မက်မက်တာပဲဖြစ်မှာပါဟုတွေးမိပါသည်။ တကယ်ဖြစ်တယ်ဆိုလျှင် အိမ်ထဲမှာမှောင်နေသဖြင့် အဘိုးအိုကိုမြင်နိုင်မည်မဟုတ်ပါ။ အိပ်မက်မက်ခြင်းဖြစ်သဖြင့်သာ အဘိုးအိုကိုအိပ်မက်ထဲတွေ့ရခြင်းဖြစ်သည်ဟု ကောက်ချက်ချလိုက်ပါသည်။ မည်သို့ပင်ဖြစ်စေ မနက်မိုးလင်းလျှင် ဆီးပင်အောက်တွင်တူးကြည့်မည်ဟု စိတ်ကူးထားလိုက်ပါသည်။

အလင်းရောင်လာသည့်အခါတွင် ကိုမြင့်အုန်း အိပ်ရာမှထပြီး မျက်နှာသစ်သွားတိုက်ပါသည်။ ထို့နောက် ဓား၊ ပေါက်တူး၊ တူရွင်းများယူပြီး ခြံထဲသို့ဆင်းခဲ့ပါသည်။ မဌေးခင်တို့သားအမိတွေကတော့ အိပ်နေဆဲဖြစ်ပါသည်။

ပထမဦးဆုံး ဆီးကိုင်းများကို ဓားဖြင့်ခုတ်၍ ရှင်းလင်းပါသည်။ ထို့နောက် ပင်စည်ကိုဖြတ်ပါသည်။ ထို့နောက် ဆီးပင်ငုတ်ကိုဖော်ရန်အတွက် ဆီးပင်ပတ်လည်ကို တူးရွင်းဖြင့်တူးပါသည်။ ဆီးမြစ်များက ဘေးဘက်ကိုဖွာထွက်ပြီး မြေကြီးကိုကုပ်ထားသည်။ အချို့အမြစ်များကို ပေါက်တူးဖြင့်ပေါက်၍ဖြတ်ရပါသည်။ ထို့နောက် ဆီးပင်ငုတ်ကိုအားစိုက်ပြီး ဆွဲနုတ်လိုက်ရာ ဆီးမြစ်များပါကျွတ်ထွက်သွားပါသည်။

ဆီးပင်ကို ဆွဲနုတ်ပြီးနောက် မြေကြီးကို လက်ဖြင့်ယက်၍ကြည့်လိုက်ရာ လက်ကောက်ဝတ်ခန့်ရှိသည့် မည်းမည်းရှည်ရှည်အခွောင်းတစ်ခုတွေ့လိုက်ရ၏။ မြေကြီးများကပ်နေသဖြင့် ရေဖြင့်ဆေးကြောပွတ်တိုက်လိုက်သည့်အခါ ပုဆိန်တစ်လက်ဖြစ်နေသည်ကိုတွေ့လိုက်ရပါတော့သည်။

ပုဆိန်ရသဖြင့် ကိုမြင့်အုန်းအလွန်အံ့သြဝမ်းသာရပါသည်။ မနေ့ကပင် ပေါက်ဆိန်အကြောင်း မဌေးခင်နှင့်ပြောမိသေးသည်။ ဆက်ပြောင်းလာစဉ်က

www.burmeseclassic.com

www.burmeseclassic.com

ငင်းတုံးများကို ကားဖြင့်သယ်လာခဲ့ပါသည်။ သို့သော် ပုဆိန်ပါမလာသဖြင့် ငင်းခွဲရန် အခက်အခဲဖြစ်နေပါသည်။ မဌေးခင်ကိုပြောမိပါသေးသည်။

"မဌေးခင်ရေ၊ တို့ပုဆိန်မယူခဲ့ဘူး"

"ဟုတ်ပါ့တော်၊ ပုဆိန်က ဘေးအိမ်ငှားထားတာ။ သူတို့ကလည်းမေ့၊ ကျွန်မတို့ကလည်းမေ့နဲ့ မယူခဲ့ရဘူး။ နောက်မှလူကြုံနဲ့မှာရတော့မှာပဲ"

"လောလောဆယ် ထင်းခွဲဖို့ခက်နေတယ်"

"အစ်ကိုတို့အိမ်မှာရှိရင် ခဏငှားပြီးတော့ခွဲပေါ့တော်"

အလိုအပ်ဆုံးပစ္စည်းကို ယခုကဲ့သို့တွေ့ရသဖြင့် အံ့သြဝမ်းသာဖြစ်ရပါသည်။ ပုဆိန်အသွားသည် သံချေးအနည်းငယ်စားနေသဖြင့် ကျောက်တုံးဖြင့်ပွတ်တိုက်လိုက်ရာ သံချေးများကွာသွားပြီးပြောင်လက်လာသည်။ ပုဆိန်ရိုးမာလည်း ရှားသားအနှစ်ဖြစ်သဖြင့် သေးပြောင်နေပါသည်။ မဌေးခင်နိုးလာသဖြင့် ပုဆိန်ကိုပြလိုက်ပါသည်။

"မဌေးခင်ဒီမှာကြည့်ပါဦး"

"ဟယ်- ပုဆိန်ပါလား၊ ဘယ်ကရတာလဲ"

"ဒီခြံထဲကရတာ"

"ဟယ်-အံ့သြဖို့ကောင်းလိုက်တာ"

ကိုမြင့်အုန်းက ထိုပုဆိန်ဖြင့် ထင်းတုံးများကိုခွဲကြည့်ရာ အသွားအလွန်ထက်သဖြင့် ထင်းတုံးများကိုလွယ်လွယ်ကူကူခွဲ၍ရပါသည်။ ထို့နေ့က ရွာမှပါလာသော ထင်းတုံးများအတော်များများကိုခွဲဖြစ်ပါသည်။

■

ဒုတိယညတွင်လည်း ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုက ကိုမြင့်အုန်းကို အိပ်မက်ပေးပါသည်။

"မြေကြီးထဲကို တစ်ထွာလောက်ဆက်တူးလိုက်ပါ။ ထူးဆန်းတဲ့ပစ္စည်းတစ်ခုတွေ့လိမ့်မယ်"

မနက်မိုးလင်းသည့်အခါ တူးလက်စနေရာတွင်အောက်သို့ဆက်တူးပါသည်။ အဘိုးအိုအိပ်မက်ထဲတွင်ပြောဆိုသည့်အတိုင်း တစ်ထွာခန့်တူးမိသည့်အခါ ပစ္စည်းတစ်ခုတွေ့ပါသည်။ ကွေးကွေးကောက်ကောက်ပစ္စည်းဖြစ်ပြီး မြေကြီးများကပ်နေသဖြင့် မည်သည့်ပစ္စည်းမှန်းမသိပါ။ အလေးချိန်ကတော့စီးပါသည်။

ထိုပစ္စည်းကို ရေဖြင့်ဆေးကြောပွတ်တိုက်လိုက်သည့်အခါ ဆေးတံတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ အရောင်ကဖြူဆွတ်နေပါသည်။ ဆေးတံအိုးကို ကြာကလပ်ခံပြီးထွင်းထားခြင်းဖြစ်ပါသည်။ ဆေးတံအိုး၏ဘေးတွင် တစ်လက်မအရှည်ခန့် ပိုက်လုံးသဖွယ် ထွင်းထားပြီး ဖောင်းကြွကနုတ်ပန်းများပါပါသည်။ ပိုက်လုံး၏ထိပ်တွင် ဆေးတံရိုးကောက်ကောက်ရှိပါသည်။ ဆေးတံရိုးသည် မင်းသမီးလက်နှစ်ဖက်ကိုဆန့်ပြီး လက်ဝါးတစ်ခုကိုမှောက်၊ တစ်ခုကိုလှန်ပြီး က,နေသည့်ပုံသဏ္ဌာန်ဖြစ်ပါသည်။ ထိုဆေးတံကိုယူပြီး အိမ်ရှေ့ခြံရှိ အစ်ကိုကိုထွန်းမြိုင်ထံ ကိုမြင့်အုန်းထွက်ခဲ့ပါသည်။

"ကိုထွန်းရေ"

"လာဟေ့မြင့်အုန်း၊ အိမ်ထဲဝင်လာခဲ့"

အိမ်ထဲရောက်သည့်အခါ ကိုမြင့်အုန်းက ယူလာသည့်ပစ္စည်းကို ကိုထွန်းမြိုင်ကိုပြပါသည်။

"ကိုထွန်း၊ ဒီမှာကြည့်ပါဦး"

ကိုထွန်းမြိုင်က ပစ္စည်းကိုယူကြည့်ပါသည်။

"ဆေးတံလေးပါလား၊ မင်းဘယ်ကရတာလဲ"

"ဘယ်ကရတာလဲလို့တော့ မမေးပါနဲ့ဗျာ။ ကျွန်တော်ပြောလို့မဖြစ်လို့ပါ"

"အေးပါကွာ၊ ဒီဆေးတံကသစ်သားကိုထွင်းထားတာမဟုတ်ဘူး။ မြေဆေးတံလည်းမဟုတ်ဘူး။ သတ္တုဒါမှမဟုတ် ကျောက်တုံးကိုထွင်းထုထားတာဖြစ်မယ်။ ငါစမ်းကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို ကိုထွန်းမြိုင်က ဆေးတံရိုးကို ကြမ်းကြားထဲထည့်ပြီး ကလန့်လိုက်ပါသည်။ တားချိန်မရလိုက်ပါ။

"ထောက်"

ဆေးတံရိုးကျိုးသွားပါပြီ။

အကောက်၏ အရင်းနေရာမှ ကျိုးသွားခြင်း ဖြစ်ပါသည်။

"ဟာ-ကိုထွန်း ဘယ်လိုလုပ်လိုက်တာလဲ"

"အေးကွာ၊ ငါလည်းဖြည်းဖြည်းလေးစမ်းကြည့်တာပါ။ အားလွန်သွားလို့ကျိုးသွားတာ စိတ်မဆိုးပါနဲ့ကွာ"

"စိတ်ဆိုးတော့လည်း ဘာမှဖြစ်မလာတော့ပါဘူးဗျာ။ ကျောက်ကိုကန်လန့်ချိုးတော့ကျိုးသွားတာပေါ့"

"အေးကွာ၊ နှမြောဖို့ကောင်းလိုက်တာ လက်ရာကတော်တော်ကောင်းတယ်ကွ၊ ပျူခေတ်လက်ရာနဲ့တူတယ်"

"ပျူခေတ်လက်ရာဖြစ်လည်းကျိုးသွားတော့ တန်ဖိုးမရှိတော့ပါတူးဗျာ။ ကျွန်တော်ပြန်ဦးမယ်"

"အေးကွာ၊ ငါ့ကိုခွင့်လွှတ်ပါကွာ"

ဆေးတံကျိုးကိုယူပြီး စိတ်ပျက်လက်ပျက်ဖြင့် ကိုမြင့်အုန်းပြန်ခဲ့ပါသည်။ ထိုနေ့တစ်နေ့လုံး မည်သည့်အလုပ်ကိုမျှလုပ်၍မရတော့ပါ။

■

တတိယညတွင်လည်း အဘိုးအိုက အိပ်မက်ထပ်ပေးပါသည်။ ဒီတစ်ကြိမ်ပေးသည့်အိပ်မက်က ထူးခြားပါသည်။

"လူကလေး၊ ဒီတစ်ခါ မြေကြီးကိုနက်နက်တူးရမယ်။ ပထမဦးဆုံး ရှားငုတ်သုံးခုကိုကြိုဂံပုံစံတွေ့ရမယ်။ အဲဒီရှားငုတ်သုံးခုရဲ့အလယ်ကိုဆက်တူးရင် အုတ်ခဲသုံးလုံးတွေ့ရမယ်။ အုတ်ခဲသုံးလုံးကိုဖယ်လိုက်ရင် အောက်မှာ မင်းအတွက်ရင်းနှီးစားသောက်ဖို့လိုအပ်တဲ့ ပစ္စည်းတွေတွေ့ရမယ်။ အဲဒီပစ္စည်းရဲ့တစ်ဝက်ကိုသုံးပါ။ တစ်ဝက်ကိုလျှူပါ"

မနက်ရောင်နီလာသည့်အချိန်တွင် ကိုမြင့်အုန်းခြံထဲသို့ဆင်းခဲ့ပြီး ဆီးပင်နေရာကို ဆက်လက် တူးဖော်ပါသည်။ နှစ်တောင်နီးပါးတူးပြီးသည့်အခါတွင် အိပ်မက်ထဲကအတိုင်း ရှားငုတ်သုံးခုကို ကြိုဂံပုံစံအတိုင်း ဖိုခုံလောက်ဆိုင်လျက် တွေ့လိုက်ရပါသည်။ ရှားငုတ်တို့၏ထိပ်ဖျားများသည် သိမ်ပန့်ကတိုင်ကဲ့သို့ထိပ်ဖျားကချွန်နေပါသည်။ ရှားငုတ်သုံးခု၏ အလယ်၌ တစ်ထွာခန့်တူးမိသည့်အခါ အုတ်ခဲသုံးလုံးကို တစ်ခုနှင့်တစ်ခု ဘေးချင်းကပ်စီထားသည်ကို တွေ့ရပါသည်။

အုတ်ခဲများသည် ယခုခေတ် အုတ်ခဲများနှင့်မတူဘဲ ဖြက်ကြီးပါသည်။ အလျားလည်းရှည်ပါသည်။ အုတ်ခဲများမီးကျက်သဖြင့် ချွင်ချွင်မြည်နေပါသည်။ အုတ်ခဲသုံးလုံးကို ဖယ်လိုက်သည့်အခါ သံပြားအဝိုင်းတစ်ခုတွေ့ပါသည်။ သံပြားသည် မီးခဲသေတ္တာသံပြားကဲ့သို့ထူသည်။ သံပြားဘေးပတ်လည်ကိုယက်ကြည့်ရာ သံပြားအောက်၌စဉ့်အိုးတစ်လုံးပေါ်လာပါသည်။ စဉ့်အိုး၏ ဘေးပတ်လည်ကို တစ်ထွာခန့်တူးကြည့်ရာ စဉ့်အိုးသည် အဝကျယ်ပြီး အောက်ဘက်တွင်ရှူးသွားသည်ကိုတွေ့လိုက်ရပါသည်။စဉ့်အိုးဘေးပတ်လည်တွင်လည်း ကနုတ်ပန်းခွေများကိုတွေ့ရပါသည်။

ထိုသို့တူးနေစဉ် ကိုမြင့်အုန်းစိတ်

www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် စိုးရိမ်စိတ်များဝင်လာပါသည်။

'အိုးထဲမှာဘာတွေရှိသလဲ၊ အိုးထဲကပစ္စည်းတွေကိုယူပြီးသည့်အခါ ဘာတွေဆက်ဖြစ်မလာမလဲ။ အန္တရာယ်ရှိတာတွေကြုံလာနိုင်မလား။ ဒီပစ္စည်းတွေက ဘယ်သူပိုင်တာလဲ။ ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုက ငါ့ကိုဘာပြုလို့ပေးတာလဲ။ လူကြီးတွေနဲ့တိုင်ပင်ပြီး သူတို့အကြံကိုယူတာကောင်းမယ်'

ထိုသို့စဉ်းစားပြီး မြေကြီးထဲကအိုးကိုမဖော်ဘဲ အိမ်ရှေ့အိမ်မှ အစ်ကိုဖြစ်သူကိုထွန်းမြိုင်အိမ်သို့ထွက်ခဲ့ပါသည်။

"ကိုထွန်း"

"မြင့်အုန်း၊ ဝင်ခဲ့လေကွာ။ ဘာပစ္စည်းတွေ့လာပြန်ပြီလဲ"

"အဲဒီကိစ္စပြောမလို့ ကိုထွန်းရဲ့၊ အခု ဆယ်ဝင်စဉ်အိုးတစ်လုံး တွေ့ထားတယ်။ အပေါ်က သံပြားထူနဲ့အုပ်ထားတယ်။ အထဲမှာဘာတွေရှိသလဲတော့ မသိဘူး။ အဲဒါဆက်တူးသင့်၊ မတူးသင့် ကိုထွန်းတို့နဲ့လာတိုင်ပင်တာ"

ထိုစဉ် ကိုထွန်းမြိုင်၏ ဇနီးသည် မခင်လှပါ စကားဝိုင်းထဲသို့ ဝင်လာပါသည်။ မခင်လှကိုပါ ကိုမြင့်အုန်းကရှင်းပြပါသည်။ မခင်လှကတွေးတွေးဆဆပြောပါသည်။

"အိုးထဲမှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေလည်းရှိနိုင်တယ်။ ဒါပေမယ့် အဲဒီပစ္စည်းတွေ နင့်ကိုပေးပြီး နင့်သားသမီးတွေကို တောင်းရင် တယ့်နှယ်လုပ်မလဲ။ နင့်မှာလည်း သမီးတစ်ယောက်၊ သားတစ်ယောက်ရှိတယ်မဟုတ်လား"

ကိုထွန်းမြိုင်က အကြံပေးပါသည်။

"ဘကြီး ဦးဖြူကို ပြောပြရင် မကောင်းဘူးလား"

"ဟုတ်တယ် ကောင်းတယ်၊ ကျွန်မသွားခေါ်လိုက်မယ်"

မခင်လှ ဘေးအိမ်ကိုထွက်သွားပါသည်။ ခဏအကြာတွင် ဘကြီးဦးဖြူနှင့်အတူ မခင်လှ ပြန်ရောက်လာပါသည်။ နာမည်နှင့်လိုက်အောင် ဘကြီးဦးဖြူက အသားဖြူရုံတင်မကဘဲ ဆံပင်မွေး၊ မုတ်ဆိတ်မွေးများပါဖြူနေပါပြီ။ အသက်က (၇၀) ကျော်အရွယ် ဖြစ်၏။ ထိုထွန်းမြိုင်က အကျိုးအကြောင်းပြောပြပါသည်။ အဘဖြူက အတန်ကြာစဉ်းစားပြီးမှပြောပါသည်။

"ဒီလောကက ရှုပ်ထွေးတယ်ကွ၊ အပေးအယူတွေလည်းရှိတာတ်တယ်။ နှစ်အပိုင်းအခြားအကန့်အသတ်တွေလည်းရှိ

တယ်။ မင်းမှာလည်း မိသားစုရှိနေတော့ ပစ္စည်းတွေကိုမယူတာကောင်းပါတယ်။ သူနေရာမှာပဲခြေရာလက်ရာမပျက်ထားလိုက်ပါ"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် လည်း စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေလို့ အခုလိုလာမေးတာပါ။ အဘပြောသလို လုပ်ပါ့မယ်။ အဘကိုလည်းကျေးဇူးတင်ပါတယ်"

ကိုမြင့်အုန်း အိမ်သို့ပြန်လာပြီး တူးထားသည်များကို နဂိုအတိုင်း မြေကြီးများပြန်ဖုံးလိုက်ပါသည်။

■

စဉ့်အိုးထဲမှပစ္စည်းများကိုမယူဘဲ မြေဖို့ပြီးသည့်နောက်ပိုင်း ကိုမြင့်အုန်း အိပ်မက်မရတော့ပါ။ မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းလုပ်ကိုင်ရန် စဉ်းစားရပါသည်။ စျေးရောင်းရန်အတွက် ဆိုင်ခန်းရရန် အစ်ကိုဖြစ်သူ ကိုထွန်းမြိုင်ကို အကူအညီတောင်းရပါသည်။

"ကိုထွန်း၊ ကျွန်တော်တို့ ကုန်စုံရောင်းဖို့စဉ်းစားထားတယ်။ ဆိုင်ခန်းတစ်ခန်းလောက်ငှားပေးပါဦး"

"အေး - ငါစုံစမ်းပေးမယ်"

ညနေတွင် ကိုထွန်းမြိုင် အပြင်မှပြန်လာပြီး ကိုမြင့်အုန်းကို ခေါ်သဖြင့် ကိုမြင့်အုန်း သွားတွေ့ပါသည်။

"ဘူတာနားက ရုံးကြီးလမ်းထဲမှာ ဆိုင်ခန်းတစ်ခန်းအားတယ်။ ပိုင်ရှင်က ငါ့မိတ်ဆွေပဲ။ ခဏနေရင် တို့နှစ်ယောက်သွားနဲ့သွားတွေ့မယ်"

"ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော် မဒွေးခင်ကိုသွားပြောပြီးပြန်လာခဲ့ပါမယ်"

ကိုထွန်းမြိုင်နှင့် ကိုမြင့်အုန်းတို့နှစ်ဦး ဘူတာရုံ၏ အနောက်ဘက်ရန်ကုန်-ပြည်လမ်းဘေးရှိ အိမ်တစ်အိမ်သို့ ရောက်ခဲ့ပါသည်။

"ဟော - မောင်ထွန်းမြိုင်ရောက်လာပြီ၊ လာ - အိမ်ထဲဝင်ထိုင်ပါ"

"ဦးမြင့်ဝေ၊ ဒါ ကျွန်တော့်ညီ ကိုမြင့်အုန်းပါ။ တောကပြောင်းလာတာ ရက်ပိုင်းပဲရှိသေးတယ်။ အဲဒါစျေးရောင်းချင်တယ်ပြောလို့ခေါ်လာတာ"

"မောင်ရင်ကဘာရောင်းမှာလဲ"

"ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ စားသောက်ကုန်ကုန်ခြောက်ရောင်းမယ်လို့ စဉ်းစားထားပါတယ် ဦးလေး"

"ဒါဖြင့် ဒီလိုလုပ်ကွာ မောင်ထွန်းမြိုင်ညီဆိုတော့ ဦးရဲ့မိတ်ဆွေပါပဲ။ ဆယ့်လေးငါးရက်လောက်ရောင်းကြည့်လိုက်ဦး။ ရောင်းလို့အဆင်ပြေပြီဆိုမှ ဆိုင်ခန်းငှားဖို့လုပ်ကြတာပေါ့။ ဒီအတောအတွင်းမှာ ဦးလေးဆိုင်ငှားခမယူသေးပါဘူး"

"ဒီလိုဆိုရင်တော့ ကျေးဇူးပါပဲ ဦးလေးရယ်။ ဆိုင်ရောက်ဖို့ အားလုံးစီစဉ်ပြီးရင် ဦးလေးထံထပ်လာပါဦးမယ်"

"အေးပါကွာ၊ ဆိုင်ဖွင့်တော့မယ်ဆိုရင် ဆိုင်သော့လာယူပေါ့ကွာ"

"ဦးမြင့်ဝေ၊ ကျွန်တော်တို့ပြန်ပါဦးမယ်"

"အေးအေး - မောင်ထွန်းမြိုင်"

လိုအပ်သောပစ္စည်းများစုဆောင်းပြီး ကုန်ခြောက်ဆိုင်ဖွင့်လှစ်ရောင်းချပါသည်။ ကိုမြင့်အုန်းတို့ဆည် နေရာဒေသသစ်သို့ဈေးကွက်သည်မှာ ရက်ပိုင်းသာရှိသေးပြီး အသိမိတ်ဆွေမရှိသဖြင့် (၁၀) ရက်လောက်ကြာသည်အထိစျေးရောင်း၍ အဆင်မပြေပါ။ ဝယ်ယူသူအလွန်နည်းပါသည်။ ထို့ကြောင့် လင်မယားနှစ်ယောက်တိုင်ပင်ကြပါသည်။

"ကိုမြင့်အုန်း၊ စျေးကရောင်းလို့မကောင်းဘူး။ တခြားပစ္စည်းပြောင်းပြီးရောင်းရင်ကောင်းမလား၊ ဒါမှမဟုတ်ရင်လည်း ဘာလုပ်ငန်းလုပ်ရင်ကောင်းမလဲ စဉ်းစားပါဦး"

"အသိမိတ်ဆွေနည်းတာလည်းပါမှာပေါ့ကွာ။ ခဏသည်းခံပြီးစောင့်ပါဦး။ လုပ်ငန်းတစ်ခုက ချက်ချင်းပြောင်းဖို့ကလွယ်မှာမဟုတ်ဘူး။ ပြီးတော့ လောလောဆယ် ဆိုင်ခန်းငှားခပေးရတာမှ မဟုတ်ဘဲ"

ထိုညတွင် ကိုမြင့်အုန်း အိပ်မက်ပါသည်။ ဝတ်ဖြူစင်ကြယ် အဘိုးအိုရောက်လာပြီးပြောပါသည်။

"မင်းဘာမှစဉ်းစားမနေနဲ့။ တွေ့တဲ့ထီကိုသာထိုးလိုက်"

ထိုကဲ့သို့ပြောပြီး အဘိုးအိုပျောက်ကွယ်သွားပါသည်။ မနက်မိုးလင်းသည့်အခါ စျေးရောင်းသွားမည့် မဒွေးခင်အားမှာလိုက်ပါသည်။

"မထွေးခင်ရေ၊ တွေ့တဲ့ထီဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်နံပါတ်ပဲဖြစ်ဖြစ် ထိုးချင်တဲ့နံပါတ်ကိုထိုးလိုက်ပါ"

ညနေ ဈေးသိမ်းပြီးလို့ပြန်လာခဲ့တဲ့တွင် မဌေးခင်က အားရပမ်းသာပြောပါသည်။

"ကိုမြင့်အုန်းရေ၊ ဘယ်ထီဆိုင်ကိုမှသွားမထိုးရဘူး။ ဆိုင်ရှေ့ကို ရွှေသူဌေးထီဆိုင်ကနယ်လှည့်အရောင်းကားရောက်လာလို့ ထီတစ်စောင်ထိုးလိုက်တယ်"

တစ်နေ့တွင် အိမ်သို့ ည့ေသည်တစ်ဦး သားတော်မောင်နှင့်အတူရောက်လာပါသည်။

"လမ်းထိပ်မှာအဖေအမေနာမည်မေးနေလို့ သားခေါ်လာတာ"

"ညီလေးဘာကိစ္စရှိလို့လဲ"

"အစ်ကိုတို့ ရွှေသူဌေးထီဆိုင်မှာ ထီထိုးထားလား"

"အေး-တစ်စောင်ထိုးထားတယ်"

"ထီလက်မှတ်ပြပါဦး"

ထိုလူငယ်က ထီလက်မှတ်ကိုယူကြည့်ပြီးပြောပါသည်။

"ဝမ်းသာပါတယ်အစ်ကို၊ အစ်ကိုထိုးထားတဲ့ထီလက်မှတ်က တစ်သိန်းဆုပေါက်ပါတယ်"

"တကယ်လား"

"တကယ်ပါအစ်ကို၊ ဆိုင်မှာထဲက ကျွန်တော်တိုက်လာပြီးပါပြီ"

"အဲဒီတော့ အစ်ကိုဘာလုပ်ရမလဲ"

"ဘာမှလုပ်စရာမလိုဘူး အစ်ကို။ ဆွေတစ်သိန်း ကျွန်တော် ဆိုင်ကယူလာပြီ။ ထီလက်မှတ် ကျွန်တော့်ကိုပေးလိုက်ပါ။ ထိုပေါက်တဲ့ ထီလက်မှတ်တွေကိုစုပြီး ဆိုင်က ရန်ကုန်ထီရုံးမှာသွားဆုတ်မှာ"

ပြောပြောဆိုဆိုပင် ငွေတစ်သိန်းဆုတ်ပေးပါသည်။

"အစ်ကို၊ ရေကြည့်ပါဦး"

"တစ်သိန်းပြည့်ပါတယ်"

"ဒါဆို ကျွန်တော်ထီလက်မှတ်ယူသွားတော့မယ်နော်"

"အေးပါ ညီလေးရာ။ အခုလို ကိုယ်တိုင် ငွေလာထုတ်ပေးလို့ ကျေးဇူးတင်ပါတယ်"

ရွှေတစ်ကျပ်သားကို ကျပ်နှစ်သောင်းခန့်သာရှိသဖြင့် ရှစ်တန်းတက်နေသောသမီးကြီးကို ဆွဲကြိုးတစ်ကုံးဝယ်ပေးမည်ဟု လင်မယားနှစ်ယောက် တိုင်ပင်ကြပါသည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့် ကိုမြင့်အုန်း ထိတစ်သိန်းဆုပေါက်သည့်အကြောင်း အနီးအနားအိမ်များသိသွားကြပါသည်။ ညနေတွင် အိမ်သို့ အဘဦးဖြူရောက်လာပါသည်။

"မောင်မြင့်အုန်း၊ ထီတစ်သိန်းဆုပေါက်တယ်ဆို"

"ဟုတ်ကဲ့ပါ အဘ၊ မနက်က ထီဆုတွေလာလျော်သွားပြီ"

"ဘယ်ဆိုင်ကပေါက်တာလဲ"

"ရွှေသူဌေးထီဆိုင်ကပါ"

"ထီပေါက်စဉ်နဲ့တိုက်ကြည့်သေးလား"

"မတိုက်ကြည့်ရဘူး အဘ"

"သူမှာ ထီပေါက်စဉ်ပါမလာဘူးလား"

"မပါဘူး အဘ"

"ဟာ - မင်းဥစ္စာက မရေမရာနဲ့၊ ဘာမှန်းညာမှန်းမသိဘဲ ဘာပြုလို့ ထီလက်မှတ်ကိုပေးလိုက်ရတာလဲ"

"သူကလည်း ယုံအောင်ပြောတော့ ယုံလိုက်မိတယ် အဘရယ်"

"ကိုယ်တိုင်ထီပေါက်စဉ်နဲ့တိုက်ပြီး ထီရုံးမှာသွားထုတ်မယ်လို့ပြောလိုက်ရမှာ။ တကယ်ပေါက်တာက တစ်သိန်းမကဖြစ်နိုင်တယ်"

"ဒါဆို ဘာလုပ်ရမလဲ အဘ"

"တို့ မနက်ဖြန် ရွှေသူဌေးထီဆိုင်ကို သွားစုံစမ်းမယ်။ မောင်ထွန်းမြိုင်ကိုပါခေါ်သွားမယ်"

ရွှေသူဌေးထီဆိုင်က ကိုမြင့်အုန်းတို့မြို့မှထီဆိုင်မဟုတ်ပါ။ ရန်ကုန်-ပြည်လမ်းဘေး မြောက်ဘက်ကပ်ရက်မြို့မှ ထီဆိုင်ဖြစ်ပါသည်။ ကိုမြင့်အုန်းတို့သုံးဦးဟိုင်းလတ်လိုင်းကားဖြင့် ထီဆိုင်ရှိရာမြို့သို့ထွက်ခဲ့ကြပါသည်။ ထီဆိုင်သို့ရောက်သည့်အခါ မေးကြည့်ပါသည်။

"ကိုမြင့်အုန်း၊ မဌေးခင်နာမည်နဲ့ ထီပေါက်တာရှိသလား"

"ပေါက်တယ်၊ ဟိုမှာဆိုင်းဘုတ်ထောင်ထားတယ်"

ဆိုင်းဘုတ်တွေထီပေါက်သူများအမည်နှင့် ပေါက်သည့်နံပါတ်၊ ပေါက်သည့်ဆွေများကို ရေးထားပါသည်။ ကိုမြင့်အုန်း၊ မဌေးခင်တို့အမည်ဖြင့် ပေါက်သည့်ဆွေက ဆယ်သိန်းကျပ်ဖြစ်သည်ကို တွေ့လိုက်ရပါသည်။

"ဟာ-ဆယ်သိန်းဆုပေါက်တာ"

"ကျွန်တော့်ကို တစ်သိန်းပဲလျော်သွားတယ်"

"ဘယ်သူလဲ"

"ကားနဲ့ထီလိုက်ရောင်းတဲ့သူ၊ ထီဆိုင်ကလျော်ခိုင်းတာလို့ပြောတယ်"

"ဟာ - မဟုတ်ပါဘူး။ ကျွန်တော်တို့ဘာမှမသိဘူး။ ကျွန်တော်တို့ဆိုင်ကလျော်ခိုင်းတာလည်း မဟုတ်ဘူး"

ဒါဆိုရင် သူနဲ့ ကျွန်တော်တို့တွေ့ချင်တယ်။ သူဘယ်မှာလဲ၊ ဘယ်မှာနေတာလဲ"

"သူက ဒီမြို့မဟုတ်ဘူး။ အညာကရောက်လာတာ၊ ရောက်လာတာလည်းမကြာသေးဘူး။ မနေ့က အညာပြန်ဦးမယ်ပြောပြီးပြန်သွားပြီ"

"အညာကလိပ်စာကိုရောသိလား"

"အဲဒါတော့မသိဘူး"

"သွားပါပြီဗျာ"

ကိုမြင့်အုန်း စိတ်ပျက်လက်ပျက် ညည်းလိုက်ပါသည်။

အဘဖြူက နှစ်သိမ့်စကားပြောပါသည်။

"ငါထင်တဲ့အတိုင်းဖြစ်လာတာပဲ မောင်မြင့်အုန်းရေ။ ဒါပေမယ့် စိတ်မကောင်းမဖြစ်ပါနဲ့ကွာ။ ထိုက်သလောက်ပဲရတယ်လို့ သဘောထားလိုက်ပါ"

ကိုထွန်းမြိုင်ကပြောပါသည်။

"ကျွန်တော်တို့ ရန်ကုန်ထီရုံးကိုလိုက်သွားရင်မကောင်းဘူးလား"

"မရတော့ဘူး မောင်ထွန်းမြိုင်၊ တို့က နှစ်ရက်တောင်နောက်ကျနေပြီ။ အခုနေဆိုရင် ထီဆုကထုတ်ပြီးလောက်ပြီ။ ပြီးတော့ ထီဥပဒေအရ ထီလက်မှတ်လက်ဝယ်ရှိသူကိုသာ ဆွေထုတ်ပေးမယ်လို့ အတိအလင်းကြေညာထားပြီးသား။ ဘယ်လိုနည်းနဲ့မှမရတော့ဘူး။ ကံပေါ့ကွာ"

"သုံးဦးသား မည်သည့်စကားကိုမျှမပြောနိုင်တော့ဘဲ ပြန်ခဲ့ကြပါသည်။ ကိုမြင့်အုန်းကတော့ မျက်ရည်ဝဲနေပြီး မျက်ရည်မကျအောင်ထိန်းနေရပါသည်။ စိတ်ထဲကတော့ အဘိုးအိုကို တောင်းပန်လိုက်ပါသည်။

"အဘိုးရယ်၊ ကျွန်တော်ဘဏ်ပညာနည်းလို့ အဘိုးပေးသလောက်မရတာ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

သုသုသ

ဖြစ်ရပ်မှန်ကိုရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ကာယကံရှင်၏ဆန္ဒအရ အမည်များ လွဲပြောင်းထားပြီး နေရာဒေသအတိအကျဖော်ပြမထားပါ။ အဘိုးအို နှင့်ပတ်သက်သည့် ထူးခြားဖွယ်ရာကောင်းသော ဖြစ်ရပ်များကို ဆက်လက် တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com

မိဘတွေပဲဖြစ်စေ၊ ညီ/ညီမတွေပဲဖြစ်စေ၊ သားသမီးတွေပဲဖြစ်စေ ရောဂါတစ်ခုခု စွဲကပ်လာရင် ချင့်ချိန်စဉ်းစားလုပ်ကြဖို့၊ အငိုက်မမိစေဖို့ အကြံပြုသတိပေးခြင်းသက်သက်ဖြစ်ပါတယ်။

မိသားစုတွေထဲက တစ်ဦးဦးကျန်းမာရေးညံ့လို့ သွေးရိုးသားရိုး (သို့) ပယောဂဝေဒနာတို့စွဲကပ်လာပြီဆိုလျှင် သူနာရှင် ပထမဆုံးလုပ်တတ်တဲ့အကျင့်က နတ်မေးခြင်း၊ ဗေဒင်မေးခြင်းပါပဲ။

ပထမဦးစွာ နတ်မေးမည်ဆိုပါစို့။ နတ်ကတော်က ယောကျ်ား၊ မိန်းမအစုံပဲ။ မုန့်တဲ့နတ်ကတော်က အလွန်နဲ့ညီးတယ်။ မမှန်တဲ့နတ်ကတော်က ဒုနဲ့ဒေးပဲ။ နောက်သတိပေးချင်တာက အဲဒီနတ်ဆရာ/နတ်ကတော်ဟာ လောကီပညာဘာမှကြီးကြီးကျယ်ကျယ်မတတ်ဘူး။ တည့်တည့်ပြောမယ်။ ပညာကောင်းမရှိဘူး၊ မတတ်ဘူး။ တတ်တယ်ပြောရင် လိမ်တာ။ သူတို့စွမ်းတာကလိမ်တာ တစ်မျိုးထဲစွမ်းတာ။

ကောင်းပြီ၊ နတ်ဆရာသွားမေးသည်ဆိုပါစို့။ ဟိုရောက်တဲ့နဲ့ လောကွတ်တွေစပေးတာ။ လာသမီးတို့ သားတို့၊ အမေတို့ အဖေတို့က မျှော်နေတာ။ ငါ့သားတွေသမီးတွေ ဒုက္ခရောက်နေမှန်းသိတယ်။ အမေကယ်မယ် အဖေကယ်မယ်။ ဒီရောက်မှတော့ ရေစင်ဖျန်းလန်းသွားစေရမှယ်။

နတ်ဆရာက ဒီလိုစဆွဲတယ်။ မေးမယ့်သူက ဒါနဲ့တင် အထင်ကြီးလို့ ငါတို့ဒုက္ခတွေ့နေတာ အတပ်သိနေပါလား။

ကြားညှပ်ပါရစေ။ နတ်ဆရာ/နတ်ကတော်အဟောတိုင်းမှာ အလုံးရှိတယ်၊ အပင်းရှိတယ်၊ ရွာသူပြုစားထားတယ်၊ တော်တော်မျက်မုန်းကျိုးနေတယ် ပြီးရင် ယတြာနင်းဖိခွေခိုင်းမယ်။ ပြီးရင် အမဲသားအစိတ်သားကို ဘယ်လိုချက်၊ ကြက်ကောင်လုံးကို ဘယ်လိုကြော်၊ ခေါ်ပျပ်နဲ့ ရွာအနောက် သချိုင်းကုန်း ဘယ်အချိန်သွားကျွေးဖြစ်ရမယ်။ ဒီလိုဟောတဲ့နတ်ဆရာက တစ်ပုံကြီး။ ဘာအမှောင့် ပယောဂမှမရှိလဲ ဒီတိုင်းဟော။ နောက်တစ်ယောက်လာလည်း ဒီတိုင်းဟော။ တစ်နေကုန် (၁၀) ယောက် သွားမေးအဲဒီ (၁၀)ယောက် ရွာသူပြုစားတယ်ပဲ။ ပါးစပ်ထဲရှိတာတွေလျှောက်ပြောနေတာ။ ဒါက ရိုးရိုးလေးလိမ်တဲ့နတ်ဆရာ၊ နတ်ကတော်ပဲ။

ထွင်တာတော့မဟုတ်ဘူး။ လိမ်ကောင်းအောင်လို့ ဟန်ဆောင်တာ။ ထပ်ပြောဦးမယ်။ လိမ်ချင်လို့ဟန်ဆောင်တာ။ ဘယ်နတ်မှမပူးဘူး။ သိစေချင်လို့။ နတ်မေးမယ့်ဧည့်သည်လာလိုက်တာနဲ့ ယောကျ်ား/မိန်းမ တစ်ယောက်ယောက်က ကိုကြီးကျော်၊ အမေဂျမ်း၊ အမေရေယဉ်၊ ဦးမင်းကျော်၊ မနဲ့လေးဝင်ပူးယောင်ဆောင်တယ်။ လက်နှစ်ဖက်တုန်တုန်ခါခါလှုပ် ဓာတ်စီးသလိုလို နာမ်စီးသလိုလို ဟန်ဆောင်လုပ်ဟောတဲ့သူက တစ်ပြည်လုံးနီးပါးပဲဗျ။

ဒီလိုဟန်ဆောင်တာ စာဖတ်သူလည်းလုပ်တတ်တယ်။ ခဏလေးလေ့ကျင့်ရတာ ဘာမှမခက်ဘူး။ နတ်ထိန်းတဲ့သူ အလဲ့ရှူးလုပ်တာ။

အဖေကြီးရဲ့ အမေကြီးရဲ့ ဘိုးဘိုးကြီးရဲ့ သူတို့က အဖွဲ့နဲ့လိမ်တာလည်းလုပ်သေးတယ်။ သူများသွားတိုင်း သူများယောင်တိုင်းသွားနေမှာစိုးလို့။ ဝင်စီးတဲ့အခါမှာ သတိထားကြည့်ပါလား မျက်လုံးပေကလတ်ပေကလတ်နဲ့ တစ်ဖက်လူကို သူဘက်ပါအောင် အကဲခတ်တာ။ တချို့က မျက်လုံးတောင်မပိတ်ဘူး ပြောင်လိမ်စားတာ။



www.burmeseclassic.com

www.burmeseclassic.com

စိုးမင်းဝ
(ဗြောက်စည်းရွာသစ်)

အောက်လမ်း၊ စုန်း၊ နတ်၊ ပယောဂအစွဲကြိုးရင်
ယတြာမချေနဲ့၊ မရာဘူး

တချို့ နတ်ကတော်တစ်ယောက် နှစ်ယောက်က အောင်လံထူစစ်သူကြီး လောက်သင်ထားတယ်။ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ၊ ဘင်္ဂ၊ မရဏ၊ ပုတိ အဟောသက်လေးကိုအလွတ်ကျက်ပြီး ဒေါင်ဒေါင်မြည်ဟောနေတဲ့နတ်ကတော် လည်းရှိသေးတယ်။ တချို့နတ်ကတော်

www.burmeseclassic.com

www.burmeseclassic.com

က စဲတနာကြေးပဲယူတာ။ ခုခေတ် နတ်ဆရာ/ကတော်က ဓားပြတိုက်သလို တောင်းနေလွန်းလို့ မသိတဲ့သူတွေအဖို့ ပြောပြနေရတာ။

ခြင်းချက်အနေနဲ့ ထူးခြားတဲ့ အမျိုးသမီးနှစ်ယောက် နတ်ဟောတဲ့ အကြောင်းအနည်းငယ်ပြောဦးမယ်။ တောမြို့လေးက မွန်အမျိုးသမီး။ သူက ကျွန်တော့်ကို အလွန်လေးစားတယ်။ တချို့ကိစ္စတွေမှာ တိုင်ပင်တယ်။ ကျွန်တော့်ထက် (၅) နှစ်လောက်ကြီးပေမယ့် ဦးစိုးမင်းပဲခေါ်တယ်။

သူက (×××) ဆေးဂိုဏ်းဝင်ထားတယ်။ သူ့ဆေးဟာအထက်ဆေးအဖြစ်ပဲ လက်ခံထားတယ်။ ပုတီးတအားစိပ်တယ်။ တရားတအားထိုင်တဲ့ယ်။ ဒီတူန်းက မိမိပင် သူလိုမကျင့်နိုင်သေးပေ။ ကြာတော့ သူက အမြင်ဓာတ်အကြား ဓာတ်တွေပွင့်လာတယ်။ အထူးသဖြင့် နတ်ဟောဗေဒင်သဘောပဲ။ တော်တော်မှန်တယ်။ သခ္ခိုင်းကုန်းမှာတောင် တစ်ယောက်တည်းတရားသွားထိုင်တယ် အဲလောက် သတ္တိကောင်းတာ။

ပယောဂရှိတာ၊ မရှိတာကအစ မှန်တယ်။ သူက ဆေးအခံရှိလို့ ပယောဂတွေ့ရင် ကုတယ်မထင်နဲ့ သူမကုရဲဘူး။ သူ့ပညာက ပယောဂမနိုင်မှန်းအလိုလို သိတယ်။

သူနတ်ဟောလို့ ပယောဂတွေ့ရင် ကျွန်တော့်ဆီတန်းလွှတ်တာပဲ။ လွှတ်လိုက်တဲ့သူတိုင်းတန်းမိတာပဲ။ ဒီအမျိုးသမီး ဒီထက်မြင့်အောင် ဒီထက်ထင်ပေါ်အောင် မိမိအကြံပေးတာ အကြိမ်ကြိမ်ပဲ။ သူက လုံးဝလက်မခံဘူး။ သူ့အထင်က ပညာပြောင်းသင်လိုက်ရင် နတ်မဟာရမှာစိုးလို့ထင်ပါရဲ့။ တွဲခေါ် မရလို့ထားခဲ့ရတယ်။

လက်ရှိ သူကျင့်နေတဲ့အခိဋ္ဌာန်ဟာ စာဖတ်သူတို့မကျင့်နိုင်ဘူး။ သူမွေးနေ့၊ ဥပုသ်နေ့ ဒီနှစ်ရက် ထမင်း၊ သရေစာဘာမှမစားဘူး။ ရေပဲသောက်တယ်။ သက်သတ်လွတ်ပဲစားတယ်။ ဟင်းခွဲမှုန့်မပါဘူး။ သူက ကလေး (၃) ယောက် အမေမုဆိုးမ။ ဒီလိုကျင့်တာ နှစ်(၂၀) ကျော်ပြီ။ အခုလည်းကျင့်တုန်းပဲ။ သူ ဥပုသ်မှိုးနေတာ သူမသိဘူး။

နတ်ဟောခဲပေးသလောက်ပဲယူတယ်။ စီးပွားရေးအသင့်အတင့်ရှိတယ်။ တစ်နှစ်က သူ့ဆီကျွန်တော်ရောက်တော့ လမ်းစရိတ်ငွေငါးထောင်ကနတော့လိုက်သေးတယ်။ တကယ်လို့သာ ပညာကောင်းသင်လိုက်မယ်ဆိုရင် ဒီအမျိုးသမီးဟာ တကယ့် ထိတ်ထိတ်ကြဖွစ်လာမှာအမှန်ပါပဲ။

သူ့ကိုဝင်ပူးတဲ့နတ်တွေက အောက်နတ်အကုန်လုံးပဲ။ သူနတ်အမှန်တကယ် ဝင်ပူးရင် လူလွတ်ပြီး ကျွန်တော့်ကိုခေါ်ခိုင်းတယ်။ သူလုပ်တာကြည့်ဖို့။ သူက ဘာတွေပြတယ်မှတ်သလဲ။ အဲဒီနတ်ပူးလျက်နဲ့ ရေနွေးပွက်ပွက်ဆူနေတဲ့သံစည်ပိုင်းပြတ်ထဲဝင်ထိုင်ပြတာ မီးတွေတောင်ငြိမ်းတယ်။ ငှက်ကြီးတောင်ဓားနဲ့ ဗိုက်ထောက် ထိုးသွင်းတာ ဗိုက်မပေါက်ဘူး။ ဒီဓားဂငယ်လိုကွေးသွားတယ်။ တကယ့်လက်တွေ့ပြတာ။ သူက လမိုင်းအောက်နတ်တွေနဲ့နတ်ဟောစားတဲ့အမျိုးသမီးကြီးပါပဲ။

နောက်တစ်ဦးက ကလေးနယ်က အပျိုကြီးတစ်ယောက်ပေါ့။ ပညာသည်ပြုစားခံရတာ။ သွက်သွက်ခါအဝတ်အစားမဲ့ ချူးသွားတဲ့သူ။ ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ အဲဒီအပျိုကြီးဟာ တွေ့တဲ့သူက ဝိုင်းဖမ်း၊ အဝတ်အစားဝတ်ပေးရရှာတယ်။

အဲ- မကြာဘူး သမားတစ်ယောက်နဲ့တွေ့ပြီး သူ့ရောဂါတွေ ပျောက်ပြီး တရားထိုင်၊ ဥပုသ်တွေဝင်တာနဲ့ နတ်ဟောပညာရလာတယ်။

ဒီအပျိုကြီးလည်း ပထမအမျိုးသမီးလို ပုံစံတူတယ်။ အပျိုကြီးဟာ နတ်ဟောပညာရတော့ ဘယ်သူမေးမေးဟောတယ်။ ဟောခမတောင်းဘူး။ စေတနာကြေးပဲယူတယ်။ ပယောဂရှိတယ် မရှိဘူးလည်း မှန်တယ်။ သူကိုယ်တိုင် ဆေးမကုရဲဘူး။ ပွဲတွေတောင်းပိုက်ဆံတွေထည့်ခိုင်းဒီလိုယဖြာချေတာ မျိုး တစ်ခါမှမတွေ့ဖူးဘူး။ သူ့ပညာလေးနဲ့ ဟောစားတာ။ နယ်လှည့်ဟောတာမျိုး လည်းမလုပ်ဘူး။ ယခု ဒီအမျိုးသမီးဟာ ဒီလိုကျင့်လာတာ နှစ် (၂၀) လောက်ရှိပြီ။ ငုပ်လျှိုးနေတုန်းပဲ။ မိမိအကြံပေးတော့လည်းမလိုပေ။

ဒီနေရာမှာ ပညာခန်းရှိပါတယ်။ ပညာရပ်တစ်ခုလိုက်စားမယ်ဆိုရင် ကိုယ်ပိုင်ဉာဏ်နဲ့ စေ့စေ့စပ်စပ်လေ့လာနိုင်မှ ကောင်းတာ၊ ဆိုးတာပေါ်တယ်။ ဆေးထဲမှာ ဘာတွေပါသလဲ၊ အင်းထဲမှာ ဘာတွေပါသလဲဆိုတာနဲ့ အဖြေရှိနေပြီ။ မြင့်မြတ်ဂဏ၊ ယုတ်ညံ့တာ ဒါနဲ့တင် အဖြေပေါ်ပြီးသား။

ဒါက နတ်ဟော ဗေဒင်အဟောကို နှိုင်းယှဉ်ပေးတာ။ တကယ်အစစ်အမှန်ဟောနိုင်တဲ့သူက မရှိသလောက် နည်းတယ်ဆိုတာ သိစေချင်လို့။ ခုခေတ် နတ်ကတော်၊ နတ်ဆရာတွေ အထက်က နတ်ဟောဆရာမနှစ်ယောက်နဲ့ယှဉ်ကြည့်၊အစပ်တောင်မဟုတ်ဘူး။ဒီဆရာမနှစ်ယောက်ပညာကောင်းသာသင်ရရင် ပါရမီရှင်တွေပဲ။ ကဲ - ထားတော့။

တချို့ဗေဒင်ဆရာက ဗေဒင်ဟောတယ်။ ပယောဂဆရာလည်းလုပ်တယ်။ တချို့က ရိုးရိုးလေး ဗေဒင်တစ်မျိုးပဲဟောတယ်။ ဒီနှစ်ဦး မတူတာရှိတယ်။

ဥပမာ - ဗေဒင်လည်းဟော၊ ပယောဂလည်းကုတယ်ဆိုပါစို့။ ဗေဒင်ဟောတာမှန်တယ်ထား။ သူ့အဟောက စုန်းပယောဂ၊ နတ်ပယောဂ၊ အလုံး၊ အပင်း၊ ဘယ်နေ့သားသမီးမှာ ပြုစားထားတယ်ဟောလိုက်ပြီ။

ဒီလိုဟောရင် အမေးခံသူနာရှင်က အနည်းနဲ့အများ ထိတ်လန့်မှုရှိသွားပြီ။ သူနာရှင်ထိန်းလန့်လေ-အဲဒီဆရာက မောင်းတင်လေပဲ။ ဒီလိုပယောဂအစွဲရှိရင် ကျန်းမာရေးဆက်တိုက်ညံ့မယ်။ အမြန်ဆုံးကုမှရမယ်။ ရက်ကြာလို့မရဘူး။ ကြာရင် ခြေနှစ်ချောင်းထွက်ကိန်းရှိတယ်။ ထပ်ဆင့်ခြမ်းခြောက်ပြန်တယ်။ ဖေးမလိုစိတ်လုံးဝမရှိဘူး။ ဧရနစ်သူကို ဝါးချွန်နဲ့ထိုးသလိုပေါ့။

သူခိုန်ခြောက်လေ ဒီကကြောက်လေပဲ။ အမှန်က သူ့ဘက်ပါအောင်ဆွဲခေါ်တာ။ သူ့ဘက်ပါရင် လိုသလိုဆွဲစားမှာပဲ။ သူတွက်ခြေကိုက်ဖို့တစ်ခုပဲ စဉ်းစားတယ်။ တစ်ဖက်လူအပေါ် မမတ္တာမထားနိုင်ဘူး။

တစ်ဖက်က ဒီလိုဆို ကျွန်မတို့/ကျွန်တော်တို့ ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ အကြံတောင်းလိုက်တာနဲ့ သွားပြီ။ ဟိုကအကြံအောင်ပြီ။

ဆရာလုပ်ပေးမယ်။ဆရာလုပ်ပေးနေကျ အထက်ပုဂ္ဂိုလ်တွေ သာသနာပွဝိဇ္ဇာပွဲငါးပွဲနဲ့ ပွဲထဲမှာ တစ်ပွဲ ငွေငါးသောင်းစီလျှ ယဖြာချေသွား။ ဆရာကိုယ်တိုင် ချေပေးလိုက်မယ် ဘယ်နှယ့်လဲ။

မရှိတဲ့ ဆင်းရဲသားဆို ဒီစကားကြားတာနဲ့ သွေးတက်နိုင်တယ်။ ရှိတဲ့သူကလည်း ပြောသမျှယုံတယ်ဗျ။ ဖိုးကဘယ်လောက်၊ ငွေကဘယ်လောက် အကုန်ထုတ်ပေးတယ်ဗျ။

ဆရာ့ကိုအားကိုးပါတယ်ဗျာ ကူညီပါ။ စောင့်ရှောက်ပါပြောရော ဘာမှမပူကြ

www.burmeseclassic.com

www.burmeseclassic.com

နဲ့တော့ ဆရာကဗေဒင်ဟောတဲ့အထက်လမ်းဆရာကြီးပါ။ သမီးတို့ သားတို့ ငါးနှစ်မတို့ အားလုံးစိတ်ချမ်းသာစေရမယ်။ ဒီနေ့ပဲ ပွဲတွေအပ်၊ ယတြာချေပေးလိုက်မယ်။

ညနေ ဘယ်ဘုရားမှာ တစ်ခါထဲပွဲစုံတွေ့ရမယ်။ မယုံရင်တော့ လာကြည့်ကြပေါ့။ ကဲကဲ - စိတ်ချမ်းသာကိုယ်ချမ်းသာပြန်ကြပေတော့။ ညနေဘယ်ဘုရားမှသွားမကြည့်နဲ့။ သူပါးစပ်ကပြောတဲ့ ဘုရားလည်း ဘယ်မှာမှန်းမသိဘူး။ ဘယ်သာသနာပွဲမှမထိုးဘူး ငွေကိုလိမ်ယူလိုက်တာ။

ဗေဒင်ရိုးရိုးလေးဟောတဲ့ သူကလည်း သူများနည်းတူ ယတြာတွေချေခိုင်းတာပဲ။ လာသမျှ မေးသမျှ ဟောခလည်းယူတယ်။ ယတြာအပေါ် ကလည်းယူတယ်။ တချို့ဆရာက ဟောခနည်းနည်းလေးယူပြီး ယတြာရာမှာ အပိုင်တွယ်တာ တချို့ဆရာက အဟောမှာလည်း ပက်စက်တယ်။ ယတြာမှာလည်း ပက်စက်တယ်။ မတရားသဖြင့် လိမ်နေလွန်းလို့ သတိပေးတာ။

သူတို့ပြောတဲ့ ယတြာ ယတြာဆိုတာ လောကီပညာရပ်တွေမှာ ကုန်မယ်မထင်ဘူး။ ယတြာက အလွန်များပြားကျယ်ပြန့်တယ်။ ငွေတစ်ပြားမှမကုန်တဲ့ ယတြာတွေ တစ်ပုံကြီးပဲ။ အဲဒီငွေမကုန်တဲ့ယတြာဟာ အလွန်စွမ်းတယ်။ ထိရောက်တယ်။ ကျေတယ်။ လွတ်ကင်းသွားကြသူတွေ ဒုနဲ့ဒေးပဲ။ အခုတချို့ ပညာရှင်ဆရာကြီးတွေ ဒီငွေမကုန်တဲ့ ယတြာပဲပေးတာများတယ်။ တကယ်လည်း ထိရောက်အောင်မြင်တယ်။ ဒါသက်တွေ့ပဲ။ ကိုစိုးလည်း ဒါမျိုးပဲကြိုက်တယ်။ ဒါမှ ကုသိုလ်လည်းရ ဝမ်းလည်းဝတစ်ဖက်သားလည်း ကူညီတယ်။ ကိုယ့်အတွက်လည်း ဝမ်းစာရတယ်။ ဘယ်လောက်ကောင်းသလဲ။

အတိုက်အခိုက်တွေများပြားတာ၊ ကျန်းမာရေးမကောင်းတာ၊ စီးပွားကျတာ၊ အိမ်ထောင်ရေးအဆင်မပြေတာ၊ ပယောဂမျက်မုန်းကျိုးတာ စတဲ့ ဆိုးကျိုးတွေဟာ ကိုယ့်ဟာကိုယ် ယတြာချေလို့ရတယ်။ ကျေပါတယ်။

ဥပမာဗျာ အများသွားနေတဲ့ တံတားကျိုး အပေါက်အပြဲဖာပေးတာ။ ပွက်ကူးတဲ့တံတားသေးသေးလေးလုပ်ပေးတာ။ တွင်း ချိုင့်ခွက်ဖို့ပေးတာ။ ရွာဦးကျောင်းက စေတီ၊ အမို့က်လှည်းတာ၊ ပေါင်းမြက်ရှင်းတာ၊ ဘုရားအိုဘုရားပျက်ပေါင်းမြက်ရှင်းလင်းတာ၊ ရှစ်မျက်နှာဘုရား ဂြိုဟ်ပြေနံပြေ ဆီမီးပန်းလှူပေးတာ၊ ဌက်ကလေးတွေ တိရစ္ဆာန်တွေ အစာကျွေးတာ၊ ဘေးမဲ့လွတ်ပေးတာ၊ ဘုရားမှာ ဆွမ်း၊ ပန်း၊ ဆီမီး၊ ရေချမ်းလှူပေးတာ၊ အမှားရှိရင်ခွင့်လွှတ်ဖို့ မိခင်၊ ဖခင်အား ရှိခိုးတောင်းပန်တာ၊ ဥပုသ်သီလဆောက်တည်တာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများတာ စတဲ့စတဲ့ ယတြာနည်းတွေ ဒုနဲ့ဒေးရှိပါတယ်။

ဒီလိုယတြာတွေကို တစ်ခါနှစ်ခါသုံးခါ ထပ်ခါတလဲလဲလှုပ်ပေးနေရင် ဆိုးနေတဲ့ကံတွေပြေပါတယ်။ ကံတွေပွင့်စေပါတယ်။ ဆရာ့ဆရာကြီးများဟာ ဒီလို မွန်မြတ်တဲ့ အလှူဒါနလေးတွေကို ခိုင်းစေတတ်ကြပါတယ်။ ဒီယတြာက အမွန်မြတ်ဆုံး အသန့်ရှင်းဆုံးပါပဲ။

တစ်ခုတော့ရှိတယ်။ ဝဋ်နာကံနာတော့ သူဝဋ်ကြွေးကံကြွေးကုန်မှသာ လွတ်ကင်းမှာ။ ဝဋ်ကြွေးမကုန်ရင်တော့ ခံရမှာပဲ။ ဒါက ခြွင်းချက်ပေါ့။

ကောင်းပါပြီ။ သတိပေးလိုတာရှိသေးတယ်။ ဗေဒင်ဟောတဲ့ အထက်လမ်းဆရာကြီး(အယောင်ဆောင်)ဖြစ်စေ၊ အထက်လမ်းဆရာ (စည်းဖောက်-ဒုနဲ့ဒေး)ဖြစ်စေ၊ နတ်ဆရာ၊ နတ်ကတော်ဖြစ်စေ သူတို့ထံဝေဒနာရှင်မိသားစုက ဗေဒင်မေး၊ အဟောမှာ စုန်း၊ နတ်၊ အောက်လမ်း၊ ပယောဂ၊ အပင်း၊ အစွဲ၊ အလုံးရှိတယ်ပြော။ မယုံနဲ့။ စိတ်ထဲကမယုံရေးချမယုံလို့ပြုံးနေလိုက်။ စကားမကျွံနဲ့၊ မအံ့သြနဲ့။ ရင်ကော့ထားကြောက်စရာမလိုဘူး။

ဘာကြောင့်လဲ။ခန္ဓာကိုယ်အတွင်းထဲက နှလုံး၊ အသည်း၊ အူတွေကို စာဖတ်သူမြင်သလား။ ကိုယ့်ခန္ဓာထဲက ကလီစာတွေရှိတာ ရုပ်ရှင်၊ ဗီဒီယို စာတွေမှာတွေ့မှာပေါ့။ တကယ်ထိုးဖောက်မြင်နိုင်စွမ်းရှိသလား။ သေချာတယ်။ ကိုယ်တောင် မမြင်ဖူးဘူး။ အဲဒီဟောတဲ့ဆရာမသိဘူး။ မမြင်ဖူးဘူး။ ကိန်းဂဏန်းနဲ့ဖမ်းမှန်းတုတ်တာ။ တကယ်မှန်တယ်ဆိုရင် နမူနာလေးပြောလိုက်မယ်။

စာဖတ်သူက လက်ညှိုးထိပ် ဆူးတစ်ချောင်းဝင်နေတာ မသိသလိုနေ၊ အဲဒီဆရာတွေဆီသွားမေး၊ သူကခြေထောက်ကအနင်းများတော့ခြေထောက်မှာပဲ ဟောမှာပေါ့။ ဒီတော့ ခန္ဓာကိုယ်အတွင်းထဲက သူတစ်ပါးပြုစားတာကိုး။ ဒီလိုလိမ်စားနေတဲ့သူတွေက မသိပါဘူး ကုပေးနိုင်စွမ်းလည်းမရှိဘူး။

ပယောဂဆိုတာ ကျယ်ပြန့်တယ်။ သွေးရိုးသားရိုးနဲ့မတူ ကွဲပြားတယ်။ ပယောဂက တစ်ဖက်သားပြစားခံရတာ။ သီးသန့်ကွဲပြားတယ်။ ဒီလိုပယောဂရှိတယ်၊ မရှိဘူးဆိုတာ ဗေဒင်အင်္ဂဝိဇ္ဇာ ပညာရှင်ဆရာကြီးတွေသိတယ် ကိုစိုးတို့ တောင်မသိဘူး။ ဥပမာလေးပြဦး မယ်။

စာဖတ်သူရဲ့ ခြေဝါးထဲအမှတ်မထင် ဆူးတစ်ချောင်းအဖျားကျိုးလို့ အသားထဲမှာ ကျန်ခဲ့မယ်ဆိုပါစို့။ အသားထဲ ဆူးများကျန်တော့ ဖဝါးနာပြီး ရဲရဲမနင်းနိုင်ဘူး။ ထော့နဲ့ထော့နဲ့ပေါ့။ ရက်ကြာရင် အဲဒီဆူးများက ပြည်တည်အနာဖြစ်မယ်၊ ကိုက်မယ်၊ ဖျားမယ်၊ အဆိပ်ရှိတဲ့ဆူးဆိုရင် မေးခိုင်ပိုးဝင်နိုင်တယ်။

အဲဒီအသားထဲက ဆူးဖျားကို စာဖတ်သူ ဘယ်လို ထွက်အောင်လုပ်မလဲ။ စောစောကပြောသလို အုန်းပွဲတွေတောင်း၊ တစ်ပွင်းသောင်း၊ တစ်သိန်းထည့်ခိုင်း ယတြာချေလိုက်ရင် အသားထဲက ဆူးခုန်ထွက်ပါ့မလား။မထွက်ဘူး။

အပ်၊ ရှောက်ဆူးအချွန်တစ်ခုစုံနဲ့ ကလော်ထုတ်မှဒီဆူးထွက်မှာ။ ပယောဂကြောင့် အလုံးအမင်းဟာလည်း ဒီလိုထွင်းထုတ်မှထွက်တာ ရှင်းပါရဲ့လား။

အခုဒေတာ အထက်လမ်းဆရာအမည်ခံတွေက တစ်ပုံတစ်ခေါင်းရှိနေတယ်။ သတင်းကြီးတာနဲ့ ပြေးမကပ်နဲ့ဦး။ တချို့ဆရာက အထက်လမ်းဆရာတော့ဟုတ်တယ်။ ဆေးခံရှိတယ်။ ဘာစရာမှမရှိဘူး။ တချို့ဆရာက ကာမေသုကျူးလို့ အငယ်အနှောင်းတိတ်တိတ်ပုန်းနဲ့ ဆေးပျက်နေတဲ့သူ။ သူကလည်း ဆရာကြီးတဲ့။ ဗရုတ်သုတ်ခဆေးတွေထိုးလို့ ဆရာကြီးတဲ့။ အောက်ဆေးတွေနဲ့ ဆရာကြီးတဲ့။ အဲဒီဆရာတွေ သန္ဓေဘူး၊ တိုက်ဘူး၊ ဥစ္စာစောင့်လို့ အတိုက်အမြစ်ပြတ်အောင်မကုနိုင်ဘူး။ ကုနိုင်စွမ်းလည်းမရှိဘူး။ အမြစ်ပြတ်အောင်လည်း မကုတတ်ဘူး။ ရေမန်းလေးကွမ်းရွက်လေး ရွေအင့်ပျောက်ပြီ ဆရာတွေပေါ့။

ဒီလိုပြောတာ အပြစ်မြင်ကြမယ် ထင်ပါရဲ့။ ဟုတ်ကဲ့ - ကိုစိုးက မှန်တာပဲပြောတတ်တယ်။ လိမ်တာ၊ ညာတာကထင်ရှားနေလို့ပဲလေ။ ဆရာကောင်း ဆရာမွန်တွေနဲ့ ဖီလာဆန့်ကျင်သူတွေဟာ လိမ်နေတာနဲ့အတူတူပါပဲ။ ဒါကြောင့် ပယောဂရှိရင် ယတြာမချေနဲ့ လုံးဝမချေနဲ့။

စိုးမင်း(ခြေကန်စည်းရွာသစ်)

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးရတနာပုံပင်းနေပြည် ပဟိုရိစင်နှင့် မြန်မာ့နာရီ

• တစ်ရက်သော နေ့လယ်ခင်းဝယ် လယ်တွင်းဂုဏ်ရည်စာပေအဖွဲ့လူငယ် မောင်မယ်များအား မန္တလေးရွှေနန်းတော် သို့လေ့လာရေးခရီးလိုက်ပါပို့ဆောင်ဖြစ် လေသည်။ စာရေးသူတို့နေထိုင်ရာအရပ် နှင့် မြန်မာမင်းများနောက်ဆုံးနန်းစံရာ ရတနာပုံနေပြည်တော် (မန္တလေး) သည် အချိန်တစ်နာရီခန့်မောင်းနှင်ရသောခရီး ဖြစ်ပါသည်။ စာရေးသူ၏ကားပေါ်တွင် လယ်တွင်းဂုဏ်ရည်စာပေအဖွဲ့မှ စာပေ ဝါသနာရှင်လူငယ်မောင်မယ်များ အပြုံး ကိုယ်စီအပျော်များစီးဆင်းလျက် ကြည် လင်သော၊ မျက်နှာရွှင်ပျသောအပြုံးများ ဖြင့်ငြင်းခုံကြရင်းလိုက်ပါခဲ့ကြလေသည်။

စဉ့်ကိုင်မြို့မှ ထွက်လာခဲ့သည့် စာရေးသူတို့မော်တော်ကားသည် စဉ့်ကိုင် နှင့် အမရပူရနယ်မြေချုပ်စပ် ဒုဋ္ဌဝတီ မြစ်ငယ်မြစ်အား ဖြတ်ကျော်လျက် မန္တလေး ရွှေနန်းသတ်နယ်မြေသို့စတင်ဝင်ရောက် လာလေသည်။

ထိုမှတစ်ဆင့် မြို့ပြ၏ အင်္ဂေ အသက်များလွှမ်းခြုံလျက် မိုးမျှော် အဆောက်အအုံများ၊ ခေတ်မီလှပသည့် တိုက်တာများ၊ လမ်းတံတားများအား ကျော်ဖြတ်လျှင် မန္တလေးရွှေမြို့တော်၏ ကြားမဲ့ (တံခါး) မှ နန်းမြို့တွင်းသို့စတင် ဝင်ရောက်ရပါသည်။ မန္တလေးနန်းမြို့ အတွင်းသို့ ဝင်ရောက်သည်ဆိုလျှင်ဖြင့် စာရေးသူ၏အတွေးစိတ်ဝယ် ပဒေသရာဇ် စနစ်အား လွမ်းဆွတ်ခြင်း၊ သတိရခြင်း ရွေးမြန်မာများ၏ လူနေမှုဓလေ့စရိုက် များနှင့် ခေတ်ကာလအနေအထားတို့ အား ပြန်လည်မြင်ယောင်တမ်းတမိနေ တော့၏။ ကားရပ်လျှင်ရပ်ချင်း အချို့ သော စာပေဝါသနာရှင်များသည် နန်းတော်အတွင်းသို့ ဝင်ရောက်လေ့လာ ကြသူများရှိသကဲ့သို့ အချို့သောသူများ သည် မင်းတုန်းမင်းတရားကြီး၏အုတ်ဂူ တော်၊ ဆင်ဖြူမရှင်မိဖုရားကြီး၏အုတ်ဂူ တော်၊ ဥပုသ်ဆောင် စသည့်နေရာများ သို့ အပြေးသွားရောက်လျက် လေ့လာ သည်လည်းရှိလေသည်။ နန်းတွင်း ကျောက်စာရုံတွင် ကျောက်စာများဖတ်ရှု လေ့လာလိုသူများသည်လည်း ကျောက် စာရုံရှိရာသို့ အပြေးအလွှားသွားလာ လျက်။

မန္တလေး နန်းတွင်းကျောက်စာရုံ အနီးတွင် တွေ့မြင်ရသည်က နန်းတွင်း ပဟိုရိစင်ဖြစ်လေသည်။ စွယ်တော်စင် ၏ မြောက်ဘက် ရွှေတော်ယုတံခါး လမ်းမခြားလျက်နေရာတွင် ပဟိုရိစင် တည်ရှိသည်။ ထုထည်ကောင်းသော လေးထောင့်စတုရန်းပုံအုတ်ခဲ့အမြင့်ခံပြီး တိုင်ဖြူလေးလုံးထူ၍ ထိုအပေါ်မှ လည် ပေါ်ပါ စုထိုးပြာသာဒ်ဆောင်တင်ထား သည်။ ထိုအဆောင်တွင် ပဟိုရိစည် နှင့် ခေါင်းလောင်းချိတ်ဆွဲထားပါသည်။ ရှေးယခင် မြန်မာမင်းများလက်ထက် တော်အခါက အချိန်နာရီသိရှိစေရန် ပဟိုရိစင်မှတီးခတ်ရသည်။ ပဟိုရိစင်မှ အသံဖြင့် လွှတ်ရုံးများတက်ခြင်း၊ ဆင်း ခြင်း စသည့် တိုင်းပြည်အုပ်ချုပ်ရေး ယန္တရားများတွင် ပဟိုရိစင်၏ အခန်း ကဏ္ဍသည် တစ်စိတ်တစ်ဒေသပါဝင်ခဲ့ လေသည်။ ပဟိုရိစင်မှ အသံဖြင့် လွှတ် တော်တက်ခြင်း၊ လွှတ်တော်ဆင်းခြင်း များအပြင် ရွှေနန်းတော်တံခါးပိတ်ခြင်း ဖွင့်ခြင်းများပြုလုပ်လျက် မင်းဘုရင်မှူ မတ်များနှင့်တကွ တိုင်းသူပြည်သားများ အား အချိန်သိရှိစေရန် ကူညီဆောင် ရွက်ပေးလျက်ရှိလေသည်။

ရှေးခေတ်အခါက တိုင်းပြည်ရေးရာ အုပ်ချုပ်ရေးယန္တရားအတွက် အဓိကက ပါဝင်အချက်ပေးခဲ့သည့်ပဟိုရိစည်သည် ယနေ့ အချိန်တွင် တီးသုကင်းမဲ့လျက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်ကို မြင်တွေ့ရပါသည်။

ရှေးယခင်က မြန်မာ့ပဟိုရိစင်၏ အရေးပုံများနှင့် ယနေ့ဖြစ်ရပ်တို့အား နှိုင်းယှဉ်ကြည့်ရှု၍ လွမ်းဆွတ်လျက်ရှိ ကာ မျက်ရည်စို့ခဲ့ရသည်ကို မည်သူမ သိရှိမည်မဟုတ်ချေ။ ထိုသို့ မြန်မာ့ပဟို ရိစင်အား လွမ်းဆွတ်လျက်ရှိပြီး ခံစားနေစဉ် စာပေဝါသနာရှင်လူငယ် သည့် ကိုစိုးမိုးလွင်မှ ပဟိုရိစင်အကြောင်း ရှင်းပြရန်ဆိုလာပါသည်။ ထို့ကြောင့် သိရှိသည့်အတိုင်း ပဟိုရိစင်နှင့်ပတ်သ

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးနန်းတွင်းရှိ ပဟိုရ်စင်

၌ အောက်ပါအတိုင်း ရှင်းပြလိုက်ပါသည်။

ရှေးမြန်မာမင်းများ လက်ထက်တော်၌ တစ်ရက်လျှင် ပဟိုရ်စည်(၈)ကြိမ် ဒီးကြသည်။ နေ့ (၄) ကြိမ်၊ ည(၄)ကြိမ် ဒီးခြင်း ဖြစ်ပါသည်။ ပဟိုရ်စင်တွင် နာရီတော်မှူးအဖြစ် ဗေဒင်အတတ်ပညာရှင်တို့ကိုခန့်ထားလေ့ရှိသည်။ နာရီတော်မှူးအောက်တွင် နာရီစောင့်သူ မင်းမှူးထမ်းနှင့်မောင်းတီးသူနှစ်ဦးထား ရှိထားပါသည်။ ၎င်းတို့နှစ်ဦးသည် စနစ်ကျတိုင်းထွာပြုလုပ်ထားသည့်ရေနာရီအား စောင့်ကြည့်လျက် ပဟိုရ်စင်သို့ အသိပေးအကြောင်းကြားရလေသည်။ ရှေ့ဆောက် မြန်မာမင်းများတွင် ယခုကဲ့သို့ ဒီဂျစ်တယ်နာရီများ၊ အော်တိုနာရီများ၊ စက်နာရီများမရှိချေ။ ရှေးယခင်က နေအား အသိမှတ်ပြုကာ နေနာရီများသုံးစွဲခဲ့ကြလေသည်။ မြန်မာတို့တွင် ရှေးမင်းများလက်ထက်က ရေနာရီများကို သုံးစွဲခဲ့ကြပါသည်။ မြန်မာနာရီမှာ ယခုကာလ စက်နာရီများကဲ့သို့ တစ်ရက်ကို သန်းခေါင်မှ နောက်သန်ခေါင်ဟု ဘိုးတာခြင်းမဟုတ်ပါ။ မြန်မာတစ်ရက်မှာ တစ်နေ့နှင့်တစ်ညဖြစ်ပါသည်။ မြန်မာနာရီအားဖြင့် တစ်ရက်တွင် နာရီ (၆၀) ရှိသည်။ နေ့နာရီ (၃၀)၊ ညနာရီ (၃၀) ဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်က ရေနာရီပြုလုပ်ပုံမှာ ရတနာအပြည့် စီခြယ်ထားသည့် ရေအင်တုံထဲတွင် ရေအပြည့်ထည့်၍ ရေမျက်နှာပြင်ပေါ်တွင် အပေါက်ဖောက်ထားသော ကြေးဖလားတစ်ခုတင်ထားလေသည်။ ကြေးဖလား၏ အလေးချိန် ကြေးနီအချိန် (၁၆)ကျပ်သားလေး၏။ ဖောက်ခုနစ်လက်သစ်မျက်နှာဝအကျယ်(၉)လက်သစ်ရှိသည်။ ဖလားအောက်ခြေအလယ်တည့်တည့်၌ ဆယ်နှစ်အရွယ် ကညာပျိုမိန်းမ၏ဆံပင် (၁၆)ပင်စုဝင်သာရုံအပေါက်တစ်ခုဖောက်ကာ ရတနာရေအင်တုံတွင်ချထားရ၏။ ဖြူဆံပင် (၁၆) ပင်စုရှိသောအပေါက်မှ ရေဝင်လျက် ကြေးဖလားတစ်ကြိမ်မြင့်လျှင် တစ်နာရီသတ်မှတ်လေ့ရှိသည်။

ထို့အတူ မူကွဲတစ်ခုအနေဖြင့် ရေနာရီကို ကျပ်ချိန် (၆၄) သားရှိသော ကြေးနီအချိန်(၅၁)သားဖြင့်ပြုလုပ်သည်။ ထိုကြေးခွက်တွင် ရေစင်တစ်စလယ် ဒဂံးချိန်အားဖြင့် (၃၂) ကျပ် (၁၃) ပဲကို ခွင်၍ထည့်ရသည်။ အဝလက်(၉)သစ် အမြင့်လက်(၇)သစ်ရှိသောကြေးရေခွက်အား အောက်တွင် ရွှေ (၄) ပဲသားကို အရှည်လက်လေးသစ်ရှိသော အပေါက်ငယ်တစ်ခုဖောက်သည်။ ထိုခွက်ငယ်ကို ရေခွက်ကြီးထဲတွင် ချရသည်။ ရေဝင်ပြီး ခွက်မြုပ်လျှင် ငွေမောင်းတစ်ခါတီးရသည်။ တစ်မောင်းဟုလည်း ဖော်ပြပြီး တစ်နာရီကို တစ်မောင်းဟု သတ်မှတ်သည်လည်းရှိလေ၏။ ထိုသို့စောင့်ကြည့်လျက် နာရီတော်ရုံအလှည့်ကျသူတစ်ဦးသည် ပဟိုရ်စင်သို့သွားရောက်ပြောကြားရသည်။ထိုအခါ ပဟိုရ်တီးသွေးသောက်ကြီးတို့သည် ခေါင်းပေါင်းဖြူ၊ အင်္ကျီရှည်ကြီးများဝတ်ဆင်လျက် ပဟိုရ်စည်ပေါ်မှနေ၍ ရွှေနန်းတော်ကြီးအား သုံးကြိမ်ဦးချလျက် နံနက်တစ်ချက်တီးခိုက်ဖြစ်လျှင် ပထမခေါင်းလောင်းတစ်ချက် (နောင်)၊ ဒုတိယစည်တော်တစ်ချက် (ဒိုင်း) ဟူ၍ အစဉ်အတိုင်း (၁၁) ချက် ပြည့်မြောက်အောင်တီးရသည်။ ထို့အတူ မွန်းတည့် (၂) ချက်တီးအချိန်တွင် (၂၂) ချက်၊ နေဝင်ချိန်တွင် (၄၄) ချက်တီး၍ အချက်ပေးရပါသည်။ ပဟိုရ်စည်မှာ ရွှေနန်းတော်တွင်ထားရှိသော ရေနာရီအား ကြည့်ရှုလျက် တီးခတ်အချက်ပေးရခြင်းဖြစ်သောကြောင့် မြို့တော်သူမြို့တော်သားများအနေဖြင့် အချိန်ကာလအပိုင်းအခြားနာရီများကို သိရှိနိုင်မည်ဖြစ်ပါသည်။ ပဟိုရ်စည်တီးများအား လစာငွေအဖြစ် (၅၅) ကျပ် ချီးမြှင့်ကြောင်းနှင့် ပုဆိုး၊ ခေါင်းပေါင်း၊ ပိတ်အင်္ကျီများအား ချီးမြှင့်မြောက်စားလေ့ရှိကြောင်း သိရသည်။

ထို့အပြင် လွတ်တက်လွတ်ဆင်းကိစ္စများနှင့် မြို့ပို့ဆီတံခါးဖွင့်ပိတ်ခြင်းတို့ပါ စီမံဆောင်ရွက်ရခြင်း ဖြစ်သည်။ ရွှေနန်းတော်နှင့်ကွာဝေးသော တောအရပ်များတွင်မူ နေလုံးအားကြည့်ရှုလျက် နေထွက်စပြုချိန်၊ နေထန်းတစ်ဖျား၊ ဆွမ်းခံဝင်ချိန်၊ မွန်းတည့်ချိန်၊ ညနေစောင်း စသဖြင့် နေ့ခင်းအချိန်များအတွက် နေအားသတ်မှတ်ကြည့်ရှု၍ အချိန်ကိုခန့်မှန်းကြရ၏။ ညပိုင်းအချိန်များအတွက်မူ နေဝင်ဖျိုးဖျ၊ သူငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချချိန်၊ သန်းခေါင်ကြက်၊ လင်းအားကြီးကြက် စသဖြင့် ကြက်တွန်သံများအား အစွဲပြု၍ မှတ်သားကြရကြောင်းလေ့လာမိသမျှ အား ပြန်လည်ရှင်းပြရသည်။

စာပေဝါသနာရှင်များအား မိမိမှတ်သားမိသမျှ ရှင်းပြကာ တစ်ချိန်တစ်ခါက အသက်ဝင်ရှင်သန်လျက် တိကျစွာ တာဝန်ထမ်းဆောင်ခဲ့သည့် နန်းတွင်း ပဟိုရ်စည်၏စည်တီးသံမကြားရသည်မှာ သူကျွန်ဘဝမှ ယနေ့ခေတ် မျက်မှောက်ခေတ်တိုင်အောင်ဖြစ်ကြောင်းပြောကြားရင်း ကျွန်ုပ်၏အိမ်အပြန်ခရီးသည်ကား တစ်ချိန်တစ်ခါက ဘုန်းသမ္ဘာကြီးမားခဲ့သည့် ရွှေဟောင်းမင်းနေပြည်တော်ကြီးအတွင်းမှ ပဟိုရ်စည်သံအား ကြားချင်လွန်းလှသည့်စိတ်ဆန္ဒများအားထိန်းချုပ်လျက် အပြန်လမ်းခရီးတွင် အမည်မသိရွှေဟောင်းစာဆိုတစ်ဦး၏ -

■ တို့တောရွာ
ပြောစရာ အချိန်ဆောင်ရမှာဖြင့်
အိမ်ခေါင်အိပ်တန်းက
ချိပ်ပန်းတောင်ပံပွေလို့
ညောင်ကန်တွေ
ဆူလှယ်တွန်မှဖြင့်
အရွယ်မှန် သူငယ်အိပ်ချိန်ဟု
အတိတ်နာရီ မှန်လိုက်တာက
ကြက်သံအကြား။
နားမချို
ခုများမှ ရွှေပဟိုရ်တဲ့
နေညို့လျှင် ဒေါင်စိုင်းအောင်
နောင်ဦးတဒုဒုနှင့်
ဆူလေသည် ဘယ်နှယ်မြို့ ရယ်လို့
ရှင်ဘုရင်လူမော်တို့ရယ်
မင်းမို့ခံစား

ဟူသော ပဟိုရ်စည်ကဗျာအား အလိုလိုရေရွတ်မိ၍သာ။ ။

အင်းကြေးခဲ့(စင်္ကာပူ)

ကျမ်းကိုး
ဦးအေးငြိမ်း၏
မြန်မာ့ပြက္ခဒိန်ပုံကနည်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

(ယခင်လမှအဆက်)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး အမရပူရ မင်္ဂလာတိုက်၌ ဟောကြားပြသဆုံးမအပ်သော ကြောက်စရာဒီဋ္ဌကြီး ညအလုပ်ပေးတရားတော် ဖြစ်ပါသည်။ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့ ဟောကြားသောတရား ဖြစ်ပါသည်။

"အရှင်ဘုရား၊ မိုးကုတ်ဆရာတော်ကြီးရဲ့တရားကိုနာရတာ တပည့်တော်ကြက်သီးတွေထလာတယ်ဘုရား။ ဒဋ္ဌိကိလေသာအကြောင်း ပြည့်ပြည့်စုံစုံသိရပါတယ် ဘုရား။ ဒီတရားတစ်ပုဒ်ထဲတင် တပည့်တော် ဆရာတော်ကြီးရဲ့ သာဝကဖြစ်သွားပါပြီ ဘုရား"

"သာဓု သာဓု သာဓု ဒကာကြီး"

"ဘုရား"

"ဆရာတော်ကြီးရဲ့ တရားတော်က ဟစ်ကြိမ်နာရုံနဲ့ အားမရဘူး၊ ဦးပဉ္စင်းဆို အကြိမ်ကြိမ်နာတယ်"

"ဒီတရားကိုနာရတာ ရင်ထဲမှာ အမြင်သစ်အတွေးသစ်ရပါတယ်။ စေ့စေ့စပ်စပ်တော့မသိသေးပါဘုရား။ အရှင်ဘုရားကထပ်ဆင့်ရှင်းပေးပါဦးဘုရား"

"ဒီတရားရဲ့အနှစ်က ဒဋ္ဌိကိလေသာအကြောင်းဟောတာပဲ။ ဒဋ္ဌိဖြစ်ဖို့ အကြောင်းဆက် (၄) ခုက လာတာ။ နီဝရဏကြောင့် အဝိဇ္ဇာ ဖြစ်တယ်၊ အဝိဇ္ဇာကြောင့် နှလုံးသွင်းမှားတယ်။ နှလုံးသွင်းမှားလို့ အတ္တသညာဖြစ်တယ်။ အတ္တသညာကြောင့် ဒဋ္ဌိဖြစ်ပါတယ်"

"ရှင်းပါတယ်ဘုရား"

"ဒဋ္ဌိကြောင့် ဒိဋ္ဌပါဒါန်ဖြစ်မယ်၊ ဒိဋ္ဌပါဒါန်ကြောင့် ကံကိုဖြစ်စေတာပဲ၊ ကံမြောက်သွားရင်တော့ အပါယ်ဇာတိဖြစ်တော့တယ်"

"အနှစ်ချုပ်ကိုသဘောပေါက်ပါပြီ ဘုရား"

"ဒဋ္ဌိကိုဝိပဿနာဆေးနဲ့မှပျောက်တယ်။ ဝိပဿနာရှုမှတ်ဖို့ ဆက်တောတာ"

"တင်ပါဘုရား"

"ဆရာတော်ကြီးရဲ့တရားကိုနာပြီး တရားထိုင်ကြရအောင်"

"တင်ပါ"

"ကဲ - ဒကာကြီး၊ တရားမထိုင်မီ ကြိုတင်ပြုလုပ်ရမယ့်ပုဗ္ဗကိစ္စတွေရှိတယ်"

"တင်ပါ"

"လိက်ဆို့။ တပည့်တော်၏ ခန္ဓာ (၅)ပါး၊ ရုပ်နာမ်(၂)ပါးကို မြတ်စွာဘုရား အားလျှဒါန်းပါ၏အရှင်ဘုရား။ တပည့်တော်သည် မိုက်မဲတွေဝေသည့်အလျောက် ရတနာ (၃) ပါးနှင့်တကွ မိဘ၊ ဆရာ၊ ပုဂ္ဂိုလ်မြတ်တို့အား ကံ(၃)ပါးတို့တွင် တစ်ပါးပါးဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှပျောက်ပါစေခြင်းငှာ ကိုးကွယ်ဘုရား တောင်းပန်ဝန်ခံကန်တော့ပါ၏အရှင်ဘုရား။ ကိုယ်စောင့်နတ်၊ လေးစောင့်နတ်၊ ကျောင်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်များနှင့်တကွ ရှိရှိသမျှသတ္တဝါ

www.burmeseclassic.com

www.burmeseclassic.com

အဏ္ဏဝါလျှိုင်း

မိုးသုံးမိုးနှင့်ဦးဝင်းမောင်

ဟုသမျှတို့သည် အသက်ထက်ဆုံး ဘေး မသီရန်မခ ကျန်းမာချမ်းသာကြပါစေ။ ရှေးရှေးဘဝ ယခုဘဝ မြဲမြံသမျှ တပည့်တော်တို့၏ ဒါန၊ သီလ စသော ကုသိုလ်တို့သည် တပည့်တော်တို့အလိုအပ်သော မဟိုလ်နိဗ္ဗာန်ကိုရောက်ပါစေခြင်းအကျိုးငှာ လျင်မြန်စွာကျေးဇူးပြုပါစေသတည်း။ ငါသည် မုချသေရမည်။ အချိန်ပိုင်းသာ သိတော့သည်။ အသေမဦးခင် ဥဏှာအောင် အားထုတ်ပါတော့မည်။ ပုတ္ထဇ္ဇနရင် ကမ္မဋ္ဌာန်းတောင်းရမယ်။ ဘာဝင်းက ဦးပဉ္စင်းကို ကမ္မဋ္ဌာနာစရိယ အဖြစ်မှတ်ပါ"

"မှန်ပါဘုရား၊ သတ်မှတ်ပါတယ် ဘုရား"

"ဒါဆို လိုက်ဆို။

ကမ္မဋ္ဌာန် မေ ဘန္တေဒေထ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ။ ဘန္တေ အရှင်မြတ်ဘုရား၊ တပည့်တော်အား၊ သံသရာဝဋ္ဋဒုက္ခတော-သံသရာဝဋ်ဆင်းရဲမှ မောစနတ္ထာယ - လွတ်မြောက်ပါခြင်းအကျိုးငှာ၊ ကမ္မဋ္ဌာန် -မင်္ဂလာဇိုလ်ပေါက်နိဗ္ဗာန်ရောက်ကြောင်းအကောင်းဆုံးသော ကမ္မဋ္ဌာန်းကို ပေးသနားတော်မူပါဘုရား။

ကဲ-ဒကာကြီးက တင်ပျဉ်ခွေထိုင်ပြီး တရားအားထုတ်မယ်ဆိုရင် ထိုင်ပုံထိုင်နည်းကိုပြောမယ်။ ခြေထောက်နှစ်ချောင်းကို ထပ်မထားရဘူး။ ရှေ့နောက် ယှဉ်ထားရမယ်။ ခါးနဲ့ခေါင်းကိုမတ်မတ်ထားပါ။ လက်နှစ်ဖက်ကို ရှေ့ရင်ခွင်ထဲမှာ ဘယ်ဘက်လက်ဝါးပေါ် မှာ ညာဘယ်လက်ကိုထပ်ထားပါ။ လက်မနှစ်ခုထိထားပါ။ ပါးစပ်ကိုပိတ်ပြီး မျက်စိကိုပိတ်ပြီးထားရမယ်"

"တင်ပါ့ဘုရား"

"ကြာရှည်ထိုင်နိုင်မယ့်အနေအထားဖြစ်လို့ အခုပြောတဲ့အတိုင်းထိုင်ပါ"

"တင်ပါ့"

"နှာသီးဖျားနဲ့နှုတ်ခမ်းတစ်နေရာကို စိတ်ထဲကမှတ်ထားပါ။ ဒီနေ့ တစ်နေရာကိုပဲမှတ်ရမှာ ဖြစ်တယ်။ အသက်ရှူသွင်းရင်း မှတ်ထားတဲ့နေရာကို ဖြတ်သွားရမယ်။ အသက်ရှူထုတ်ရင်လည်း မှတ်ထားတဲ့နေရာကို ဖြတ်သွားရမယ်။ အဝင်လေက ခလုတ်တိုက်တယ်၊ အထွက်လေက ခလုတ်တိုက်တယ်"

"တင်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ဝင်သွားတဲ့လေကို ထိသိနေရမယ်၊ ထွက်သွားတဲ့လေကိုလည်း ထိသိနေရမယ်။ ထိပြီး သိတာကို ဝင်လေ၊ ထွက်လေဆိုပြီးမှတ်ပါ။ ကဲ - စမှတ်ပေတော့"

ဒကာကြီးဝင်းသည် ဆရာတော်ပြောသည့်နည်းအတိုင်း စတင်တရားထိုင်ပါတော့သည်။ ဝင်လေ၊ ထွက်လေကို နှာသီးမှားတွင် မှတ်နေတဲ့ မှတ်စတေ့ ထိတယ်၊ သိတယ်နဲ့ စည်းချက်ကျကျကိုက်နေတာမှတ်လို့ကောင်းတယ် နေတာပေါ့။

သိပ်မကြာပါဘူး။ နှာသီးဖျားက နေတဲ့စိတ်က ဘေးချော်သွားတော့တာပဲ။ ဝမ်းဗိုက်ကဖောင်းတာကိုမြင်ရတယ်၊ ပိန်တာကိုမြင်ရတယ်၊ ဝမ်းဗိုက်ရဲ့လှုပ်ရှားမှုကိုမြင်ရပါတော့တယ်။ စိတ်ထဲဝင်လေ၊ ထွက်လေမှတ်စိတ်မရှိတော့ပါ။ သတိရလာလို့ မှတ်စိတ်ကို နှာသီးဖျားကို ပြန်ပို့ရတယ်။

ဝင်လေ၊ ထွက်လေ၊ ဝင်လေ၊ ထွက်လေပြန်မှတ်ပြန်သည်။ သိပ်မကြာပါ။ အသံကြားရသည်။ ဌက်သံတွေ ဝင်လာ၏။ ဘာလို့ ဌက်အော်တာလဲ။ အစာမြင်လို့ အော်တာလား။ ရန်သူလာလို့အော်တာလား၊ သဘာဝအရ အော်တာလား စသဖြင့် စဉ်းစားနေပြန်သည်။ ဒီဌက်က ဘာဌက်လဲ စသဖြင့် အတွေးအာရုံတွေဝင်လာပြန်သည်။ ဝင်လေ၊ ထွက်လေသည် ပျောက်သွားပြန်သည်။ သတိရတော့ ဝင်လေ၊ ထွက်လေကိုမှတ်ဖို့ နှာသီးဖျားကိုစိတ်ကပို့ရသည်။ ဝင်လေ၊ ထွက်လေကို ပြန်မှတ်ပါသည်။

ဝင်လေ၊ ထွက်လေမှတ်နေပြန်သည်။ ဟော - မကြာပါ အာရုံထဲတွင် ဝန်ထမ်းတစ်ယောက် သူ့မိန်းမ ကလေးမွေးမို့ ငွေလာချေးသည်။ လစာကဖြတ်ပါလို့ပြောသည်။ သနားပါသည်။ လစာမဖြတ်လို့ နောက်လကျရင် ဘယ်လိုစားမလဲ။ နောက်လစားဖို့ ထပ်ချေးရပြန်မည်။ ဒါဆို မွေးလာတဲ့ကလေး လူဘဝထဲမှာ အသက်ရှင်ဖို့ ဘယ်လိုရုန်းကန်မှာလဲ။ ဘယ်ဆေးရုံမှာမွေးမှာလဲ၊ ဘယ်တော့မွေးမှာလဲ စသဖြင့် အတွေးတွေဝင်လာ၏။ တွေးရင်းဖြင့်မျောနေသည်။ သတိရလာတော့ ငါတရားထိုင်နေတာပဲ။ နှာသီးဖျားမှာ ဝင်လေ၊ထွက်လေမှတ်နေတာပဲ၊ စိတ်ထွက်သွားနေတာပဲလို့ အသိဝင်လာ၏။

နှာသီးဖျားကို စိတ်ပြန်ပို့၏။ ဝင်လေ၊ ထွက်လေမှတ်နေရင်း တင်ပါးဆုံနှင့် ကြမ်းပြင်ကြား ထိတွေ့မှုနေရာမှ အချက်ပြလာသည်။ ပထမ ပူလာ၏။ ပူရာမှ အောင့်လာ၏။ အားပါးပါး. . . နာတယ် နာတယ်။ အောင့်နေသောနေရာ၊ နာနေသောနေရာကို သေသေချာချာရှုလိုက်သောအခါ ပို၍ပို၍နာကျင်လာလေသည်။ အောင့်ထားပါ။ သည်းခံပါဟု မိမိကိုယ်ကို အားပေး၏။ သိပ်မကြာလိုက်ပါ။ ဒူးကနာလာပြန်သည်။ အကွေးနေရာက ပြတ်ထွက်တော့မည်ဟု ထင်ရ၏။ တင်ပါးဆုံက ဝေဒနာနှင့် ဒူးမှဝေဒနာမှာ အနာချင်းပြိုင်နေလေသည်။ ကြာလေ နာလေ၊ ကြာလေ နာလေ ဝေဒနာတွေစုပြီးတက်လာပါတော့သည်။

သာမန်အချိန်တွင် မနာကျင်ဘဲ တရားထိုင်မှ ဘာလို့နာတာလဲ၊ ဘာလို့ကျင်တာလဲ။ ဒီဝေဒနာက ဘယ်လိုကော်အောင်ရှုရမှာလဲ။ ဘုရားဘုရား-ဝေဒနာတို့သည် တစ်စတစ်စများလာသည်။ အစုလိုက်အပြုံလိုက်နှိပ်စက်နေသည်။ ခန္ဓာကို မပြင်မချင်း နှိပ်စက်ကြလေသည်။ ပူနေသောတင်ပါး၊ အောင့်နေသောတင်ပါးကို သက်သာစေချင်သည်။ မသိမသာလေးကြွပြီး တစ်ဖက်စောင်းပေးလိုက်၏။ ဘယ်ဘက်ကြွပြီး ညာဘက်ကလည်း သူ့ကိုသက်သာအောင် လုပ်ပါလို့ တောင်းဆိုနေလေသည်။ ညာဘက်တင်ပါးကိုကြွပေးလိုက်ရပြန်သည်။ ခဏသက်သာသလိုဖြစ်ပြီး ကြမ်းပြင်နှင့် ထိနေသောနေရာတို့မှာပူလာပြန်သည်။ အောင့်လာပြန်သည်။ တင်းလာပြန်သည်။ မကြာမီ ဝေဒနာတို့မှာနှိပ်စက်ကြပြန်သည်။မျက်နှာအမူအရာမှာ ဝေဒနာကြောင့် ရှုံ့မဲ့နေလေသည်။ ကြိတ်မိုက်၍ခံ၏။ အောင့်အည်း၍ခံ၏။ ဥပေက္ခာပြု၍ထိုင်၏။ သို့သော် ဝေဒနာနှင့် ယှဉ်လျှင် အရှုံးပေးရလေသည်။ မကြာခဏကြွပေးရ၏။ မသိမသာကြွပေးရ၏။ ခန္ဓာအလိုက္ခလိုက်လျောပေးရလေသည်။

ဝင်းမောင်. . အားတင်းထားလေ။ မင်းစိတ်ကို တင်းထား။ သဒ္ဓါတရားကို ရွေ့တန်းတင်ထား။ ယုံကြည်မှုမပျောက်စေနဲ့။ တရားထိုင်လို့ သေရင်သေပါစေ ငါမလှုပ်ဘူးမပြင်ဘူး။ ဒီလိုပဲ အားတင်းထားပါ။ ခန္ဓာရဲ့ကျေးကျွန်ဖြစ်ရတာ ဘဝတွေများခဲ့ပါပြီ။ အခု (၁) နာရီလေးတော့ ခန္ဓာကျေးကျွန်မခံနဲ့။ ကြိုးစားထားဟု မိမိကိုယ်ကိုအားပေး၏။ သိပ်မကြာပါ။ ဝေဒနာကထပ်တက်လာပြန်သည်။ ကြွပေးသည့် အရသက်သာမှုကို တောင့်တနေပြန်သည်။ ဝေဒနာနှင့်သဒ္ဓါလွန်ဆွဲနေလေသည်။

"ဒကာကြီး၊ ဝေဒနာတွေပြင်းနေရင်ပြောင်းရှုပေး။ အရှုခံတရားကိုပြောင်းရှုပေး

ဆရာတော်မှ သတိပေး၏။ ဝင်လေ၊ ထွက်လေမှတ်နေရာက ဝေဒနာလွှမ်းမိုးသွားသဖြင့် ဝင်လေ၊ ထွက်လေမှတ်စိတ်ပျောက်သွား၏။ မူလကမဋ္ဌာန်း ဝင်လေ၊ ထွက်လေကို မှတ်၏။ ဝေဒနာလာကပြန်တက်လာတော့တာပဲ။(၁)နာရီပြည့်အောင်တရားထိုင်ပါမည်ဟု ကတိပြုထားတာ၊ နာရီကိုသိချင်လာသည်။ ဘုရား. . . ဘုရား အခုမှ (၂၀)မိနစ်ပဲ ရှိသေးသည်။ နာရီကလည်းကြာလိုက်တာ။ (၁) နာရီပြည့်ဖို့ အဝေးကြီးကျန်သေး၏။ ဒီ(၁)နာရီပြည့်အောင် ဘယ်လိုထိုင်ရမှာလဲ။

"ဒကာကြီး၊ တရားထိုင်စဆိုတာ ဒီလိုကြုံရပါတယ်။ စိတ်ဓာတ်မကျနဲ့၊ ကြိုးစားထား။ သတိကိုလက်မလွတ်စေနဲ့။ သတိတရားလက်ကိုင်ထားပြီးမှမှတ်ပါ"

ဆရာတော်သတိပေးသဖြင့် ကိုယ့်ကိုယ်ကိုယ်ပြန်ဆင်ခြင်၏။ ခန္ဓာကိုယ်အား ဘုရားအား လှူပါ၏။ ငါ့ခန္ဓာမဟုတ်တော့။ အသက်ကိုမငဲ့ကွက်ဘဲ ကြိုးစားအားထုတ်ပါမည်။ မလျော့သောဝီရိယကိုအသုံးချ၍ ဆက်မှတ်ပြန်သည်။ မကြာမီ နာရီသံပတ်သံကို ကြားရ၏။ ကြားတယ်ကြားတယ်ဟုမှတ်၏။ နှာသီးဖျားတွင် စိတ်ရောက်လာသဖြင့် ဝင်လေ၊ ထွက်လေကိုမှတ်၏။

ဝေဒနာသည် ငုပ်ရာမှ ခေါင်းထောင်လာပြန်သည်။ သူ့ကိုမရှုနဲ့၊ သူ့ကို ဂရုမစိုက်နဲ့၊ အသိစိတ်က နှာသီးဖျားမှာပဲ ကပ်ထားလေ။ ဝင်လေ၊ ထွက်လေကို ဇွတ်မှတ်လေသည်။ ဝေဒနာကို စိတ်မရောက်အောင် မည်သို့ပင် ဝင်လေ၊ ထွက်လေမှတ်သော်လည်းမရပါ။ နောက်ဆုံး ဝေဒနာက အနိုင်ရလေသည်။ မပြင်ပေးလျှင်တော့ သေရတာမည်ဟု ခံစားနေရ၏။ မျက်နှာမှာရုံ့မဲ့ပြီး ခွေးသီးခွေးပေါက်များကျလာ၏။ တရားရဖို့ဝေးလို့ ဝင်လေ၊ ထွက်လေပင် ပျောက်ဆုံးနေလေသည်။

"ဒကာကြီးပြင်ပေး၊ ခန္ဓာကိုပြင်ပေး။ အသိကပ်၊ သတိလေးနဲ့ပြင်ပေး"

ခန္ဓာကိုယ်ကို နေရာချ၏။ ကမ္မဋ္ဌာန်းအစမှ ပြန်ရှုရသည်အထိစ၏။ ခုမှ ဝင်လေ၊ ထွက်လေကို မှတ်လို့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဝေဒနာတက်လိုက်၊ ပြင်လိုက်၊ ဝေဒနာတက်လိုက်၊ ပြင်လိုက်နှင့် ချာပတ်ချာလည်နေပါတော့သည်။ ကြိုးစားပမ်းစားဖြစ်ညှစ်ပြီး တရားထိုင်တာ (၁) နာရီစေ့သွားတော့၏။ ငါအခုမှပဲလွတ်လွတ်လပ်လပ်နေရတော့မယ်ဆိုပြီး ဝမ်းသာစိတ်ပေါ် လာ၏။

"ဣမာယ ဓမ္မာနု ဓမ္မပတ္တိပတ္တိယာ ဗုဒ္ဓံပူဇေမိ ဣမာယ ဓမ္မာနု ဓမ္မပတ္တိပတ္တိယာ ဓမ္မပူဇေမိ ဣမာယ ဓမ္မာနု ဓမ္မပတ္တိပတ္တိယာ သံဃာပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပတ္တိယာ - ဤလောကုတ္တရာတရား(၄)ပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားကို၊ ပူဇေမိ - ပူဇော်ပါ၏၊ အရှင်ဘုရား။ ဓမ္မံ - တရားတော်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏၊ အရှင်ဘုရား။ သံဃာ - သံဃာတော်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏၊ အရှင်ဘုရား။ ဤယနေ့ပုပြုပြုသမျှသောကုသိုလ်အပေါင်းတို့အား ကိုယ်စောင့်နတ်၊အိမ်စောင့်နတ်၊ကျောင်းစောင့်နတ်၊ ကမ္ဘာစောင့်နတ် နတ်မြတ်နတ်ကောင်းအပေါင်းတို့အား အမျှဝေပါ၏။ အမျှ. . . အမျှ. . . အမျှ. . . ယူတော်မူကြပါကုန်လော"

"သာဓု. . . သာဓု. . . သာဓု"

"ဒကာဝင်း"

"ဘုရား"

"တရား(၁)နာရီစေ့အောင် မနည်းကြိုးစားမှတ်နေတယ်နော်"

"ဟုတ်တယ်ဘုရား၊ တပည့်တော် ဝေဒနာတွေမကျော်နိုင်ဘူး ဘုရား"

"အေး- တရားဆိုတာ အပြောလွယ်သလောက် အလုပ်ခက်တယ်။ ကြောက်မသွားနဲ့၊ ဆရာတော်သင်ပေးမှာပေါ့"

"မှန်ပါဘုရား"

"တရားထိုင်စ ယောဂီတွေရမှာ စိတ်ကိုနှိမ်နင်းအောင်မရှုတတ်ဘူး။ ဝင်လေထွက်လေတစ်ခုတည်း၊ တစ်နေရာတည်းမှတ်တာကို မမှတ်နိုင်ကြဘူး။ ကြိုးစားမှတ်ရင် စိတ်ကိုထိန်းနိုင်သွားမှာပါ"

"စိတ်ကလည်းဘုရား၊ ထွက်လိုက်တာ ကိုယ်ငယ်ငယ်ကအကြောင်းတွေအကုန်ပြန်မြင်ရတယ်ဘုရား။ စိတ်က ခရာခဏထွက်တယ်"

"ပထမအဆင့်က သမာဓိထူထောင်ဖို့မှတ်တာပါ။ စိတ်ကတောထဲကနွားရိုင်းရွာထဲဝင်လာသလို ထိတ်ထိတ်ပျာပျာအလန့်တကြားပြေးလွှားနေသလိုပဲ"

"တင်ပါ့"

"နွားရိုင်းကို ကြိုးချည်ထားရင် ပထမတော့ ခြေကန်ရုန်းနေတာပဲ။လွတ်လွတ်လပ်လပ်နေရာကကြိုးနဲ့ချည်ထားတော့ ချည်တိုင်ကို ခြေကန်ရုန်းကန်တော့တာပေါ့။ ချည်တိုင်ကို ပတ်ပြေးတယ်။ ရုန်းတယ်။ ကြိုးကခိုင်နေတော့ ချည်တိုင်နဲ့တော့ လွတ်မသွားဘူးပေါ့"

"တင်ပါ့"

"တရားထိုင်စ ယောဂီ ဆိုတာ ဒီလိုပါပဲ။ တစ်သက်လုံး စိတ်ကိုလွတ်ထားတာ။ လွတ်လွတ်လပ်လပ်နေတဲ့ စိတ်ကို နှာသီးဖျားမှာပဲမှတ်ပါဆိုပြီး မှတ်ခိုင်းတော့ ဘယ်မှတ်ချင်မှာလဲ။ စိတ်ကရိုင်းနေတော့ ခြေကန်ရုန်းတော့တာပေါ့။ စိတ်ခရာခဏထွက်တယ်။ တရားမှတ်လို့မရဘူး၊ ထပြေးချင်တယ်ဆိုတာဖြစ်ပေါ် လာတယ်။ ဒါကြိုးချည်စမို့ ရုန်းနေတာပါ။ စိတ်ကိုယဉ်အောင်လေ့ကျင့်ရမှာ၊ ကြိုးစားမှတ်ရမှာ"

"တင်ပါ့"

"နွားနှာခေါင်းကိုဖောက်ပြီး ကြိုးထိုးထားတဲ့ ယဉ်နေတဲ့နွားတွေကျတော့ လယ်ထွန်လို့ရတယ်၊ လှည်းမောင်းလို့ရတယ်။ လူတွေခိုင်းလို့ပါတယ်မဟုတ်လား"

"ရပါတယ်ဘုရား"

"နွားတောင်ရိုင်းနေတာက ယဉ်အောင်လုပ်လို့ရသေးတာပဲ။ ဒကာကြီး စိတ်ကိုလည်း ယဉ်အောင် ကြိုးစားအားထုတ်ပေါ့"

"တင်ပါဘုရား။ တပည့်တော် ကြိုးစားအားထုတ်ပါမယ်ဘုရား"

"ဒကာကြီး နောက်တစ်ခါ တရားလာအားထုတ်ပါဆိုရင် လာဖို့ကြောက်နေတယ်မဟုတ်လား"

"တင်ပါ့ဘုရား"

"ဒီအဆင့်မှာ ဒီလိုအခက်အခဲတော့ တွေ့ရတာပေါ့။ ဒီအခက်အခဲကို ဘယ်လိုကျော်ဖြတ်ရမယ်ဆိုတာ နည်းစနစ်ရှိတယ်"

"နည်းရှိရင်ပြောပေးပါဘုရား"

"မိုးကုတ်ဆရာတော်ဘုရားကြီးလည်း ဒီနည်းလမ်းနဲ့သွားတာပဲ။ ဆရာတော်ဘုရားဖောက်ခဲ့တဲ့လမ်းကိုလျှောက်ရင် သေချာပေါက် နိဗ္ဗာန်ရောက်မယ်"

"တင်ပါ့"

"လမ်းကရှိပြီးသားပါ။ ဆရာတော်က ပရိယတ္တိစာချဆရာတော်ဖြစ်တယ်။ ပဋိပတ္တိအကျင့်ကိုကိုယ်တိုင်ကျင့်ခဲ့တယ်။ နောက်ဆုံးရဟန္တာဖြစ်ပြီး ကိုယ်တိုင်ပြတဲ့ လမ်းကလွဲပါ့မလား"

"မလွဲနိုင်ပါဘုရား"

"ဒီဆရာတော်ကိုယ်တိုင်ကျင့်ပြီး နိဗ္ဗာန်ကို ကိုယ်တိုင်မျက်မှောက်ပြုခဲ့လို့ ဆရာတော်ညွှန်ပြတဲ့အတိုင်း လွယ်လွယ်ကူကူလိုက်သွားရုံပါပဲ"

"မှန်ပါ"

"ကိုယ်တိုင်ကျင့်ဖို့ပဲလိုတာ"

"အားရှိသွားပြီဘုရား၊ ကိုယ်တိုင်ကျင့်မှာပါ.ဘုရား"

"ဒါက ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို အလုပ်စခန်းနဲ့သွားရင်း ပြင်ပေးတာ။ ဒါပဋိစ္စသမုပ္ပာဒ်ကို အရင်သိဖို့လိုတယ်။

"တင်ပါ့"

"ဒီလက်ဆောင်ပုဒ်(၂)ခုကို အရကျက်ခဲ့။ နောက်မှရှင်းပြပေးမယ်"

"တင်ပါ့ဘုရား"

ဒကာဝင်းသည် ဆရာတော်ပေးလိုက်သော မိုးကုတ်ဆရာတော်ဘုရား၏ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာတော်နှင့် လက်ဆောင်ပုဒ်ကိုဖတ်နေမိတယ်။

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အဂါတစ်ဆယ့်နှစ်ပါး 'တရားကိုယ်များနှင့် သုံးအစပ် နှစ်ရပ်မူလ ဝဋ်သုံးဝန့် ကာလသုံးဖြာ ခြင်းရာနှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်သိစေအပ်သည် သဲသရာမှလွတ်ကြောင်းတည်း'

'အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန် ကံကြောင်းရှပ်နာမ်ပေါ် အပင်မှမျိုး၊ မျိုးမှအုပင် အမျှင်မပြတ်ဆက် စပ်သည်ဟန် ကံကြောင့်နာမ်ရုပ် နာမ်ကြောင့် ကံအဖန်ဖန် ဖြစ်ပြန်နည်းလျော် ငြဟ္မာသိကြား စသည်များက ထင်ရှားပြုပြင်စီရင်ဖန်ဆင်း အကြောင်းရင်းကြောင့်လူ၊ နတ်များစွာ ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့်ရှုမျှော်'

နောက်နေ့တွင် ဆရာတော်ထံသို့ ရောက်လာပြီး စာပဋိစ္စသမုပ္ပာဒ်ကို ရှင်းပေးဖို့ လျှောက်ထားလေသည်။ ဆရာတော်က စက်ဝိုင်းထဲမှာ စာတည်ပုံ၊ မြားတပ်ပုံ၊ စာတို့၏ အဓိပ္ပာယ်ကို ရှင်းပြလေပါသည်။ ဆရာတော်က ရှင်းပြပေးပါသည်။ ဆရာတော်က ရှင်းပြတာကို မသိရင် မေးမြန်းလျှောက်ထား၏။ အာဝုံဆောင်ရမည်ကို အာဝုံဆောင်၏။ ဤသို့ဖြင့် စာသင်ကျောင်းသားလေးလို မိုးကုတ်ဆရာတော်၏ တရားဒေသနာတော်ကို ထဲထဲဝင်ဝင် လေ့လာလိုက်စားနေပါသည်။

"ဒကာကြီး"

"ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ ဆရာတော်ကြီးရဲ့ တရားခွေနာကြရအောင်"

"တင်ပါ့ဘုရား"

၂၉-၁၁-၁၉၆၁ ခုနှစ် ဟောကြားတော်မူသော တရားတော်ကို နာကြလေသည်။ ဆရာတော်ကြီးကိုမှန်းပြီး ကြည်ညိုမိလေသည်။ ရဟန္တာမထေရ်မြတ်ကြီးကို မဖူးတွေ့နိုင်၊ မမီလိုက်နိုင်သော်လည်း ဆရာတော်ကြီး၏ အသံ၊ ဆရာတော်ကြီး၏တရားများကိုနာကြရသဖြင့် ဆရာတော်ကြီးကို ဖူးတွေ့ရသလို ခံစားရ၏။ တရားတော်ကို ယုံကြည်လေးစားပြီး အနှစ်သာရကို ခံစားမိသောအခါ ဆရာတော်ကြီးကို ပို၍ကြည်ညိုသဒ္ဓါဖွားမိနေပါသည်။ မိမိမှတ်စုတွင်း ဆရာတော်ကြီး၏ တရားအနှစ်ချုပ်ကို မိမိသိသလိုရေးချလိုက်၏။

■ ဆရာတော်၏အထွဋ်ပွတ္တိ

"အရှင်ဘုရား၊ ဒီနေ့တော့ မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ ထေရုပွတ္တိကို ဟောပါဘုရား"

"ဆရာတော်ဘုရားကြီးရဲ့ ထေရုပွတ္တိအကျဉ်းကို သိချင်တာလား"

"တင်ပါ့ဘုရား"

တစ်ဘဝသာသနာကျမ်းပြုဆရာတော် ဦးဃောသိတ ပြုစုတဲ့ မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ထေရုပွတ္တိစာအုပ်ရှိတယ်။ ဒကာကြီး အခြိန်ရရင် လေ့လာပေါ့"

"တင်ပါ့ဘုရား၊ အခု ဆရာတော် ဟောတာပဲ အရင်နာပါရစေ ဘုရား"

"ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ထေရုပွတ္တိအကျဉ်းကို ဟောကြားပေးမယ်။ ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို သိရှိခံစားရလို့ရှိရင် ဆရာတော်ကြီးကို ကြည်ညိုသဒ္ဓါဖွားများနိုင်တယ်။ ဆရာတော်ဘုရားကြီးကိုအားကျပြီးတော့ ဆရာတော်ကြီးလျှောက်လှမ်းခဲ့တဲ့လမ်းအတိုင်း လိုက်နာကျင့်သုံးနိုင်ပြီး နိဗ္ဗာန်ချမ်းသာသုခကို ကိုယ်တိုင်မျက်မှောက်ပြုနိုင်တာပေါ့"

"မှန်ပါဘုရား"

"မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ဘွဲ့က 'ဦးဝိမလ' ဖြစ်တယ်။ ဆရာတော်အလောင်းအလျာဖြစ်မယ့် ငယ်နာမည်မောင်လှဘော်ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ရွာမှာ သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့ ဗုဒ္ဓဟူးနေ့၊ နေ့လယ် (၂) နာရီမှာ ခမည်းတော် ဦးအောင်ထွန်း၊ မယ်တော် ဒေါ်ရွှေအိတ်တို့မှ ဖွားမြင်ခဲ့တယ်"

"တင်ပါ့"

"ရဟန္တာဖြစ်မယ့် သန္ဓေသားကို လွယ်ထားရတဲ့ မယ်တော် ဒေါ်ရွှေအိတ်ဟာ သားကိုယ်ဝန်ရဲ့အရှိန်ကြောင့် ဥပုသ်သီလစောင့်ခြင်း၊ စာပေကျမ်းဂန်များကို ဖတ်လိုခြင်း၊ တရားနာခြင်းများချင်ခြင်း အာသာဆန္ဒဖြစ်ပေါ် ခဲ့တယ်"

"တော်တော်ထူးခြားတာပဲဘုရား"

"မောင်လှဘော် (၉) နှစ်သားအရွယ်မှာ ဥယျာဉ်တော်ရွာရှိ ကျောင်းတောရကျောင်း ဆရာတော် ဦးစာဂရအရှင်မြတ်ကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေအဖြစ်ကို ခံမြွောက်ကြတယ်"

"တင်ပါ့"

"ဗုဒ္ဓဟူးသား ဆိုတော့ 'ဝိမလ' လို့ အမည်ပေးတယ်။ ဆရာတော်ထံမှာ သဒ္ဒါ၊ သင်္ကြိတ်အခြေခံစာတွေ သင်ကြားခဲ့တယ်။ ကိုရင်ဘဝကပင် ထူးခြားမှုတွေ ထင်ထင်ရှားရှားရှိခဲ့တယ်"

"တင်ပါ့ဘုရား"

"ကိုရင်ဝိမလ(၁၂)နှစ်သားအရွယ်မှာ ကိုရင်သင်္ကန်းကို ကြိုးတန်းပေါ်မှာ ခေါက်တင်ထားတာ ပျားကောင်တွေ ဝိုင်းအုံလာပြီး သိုက်အုံဖွဲ့ကြတော့တာပဲ"

"တင်ပါ့ဘုရား၊ ဆက်အမိန့်ရှိပါဦးဘုရား"

"ဒီသာမဏေဟာ နောင်အခါ ဘုန်းကံကြီးမားတဲ့အကျော်အမော်ဆရာတော်တစ်ပါးဖြစ်လိမ့်မယ်လို့ နိမိတ်ဖတ်ကြတယ်"

"တင်ပါ့"

"ကိုရင်ဝိမလ (၁၄) နှစ်အရွယ် ရောက်တော့ သေလောက်တဲ့ဘေးနဲ့ကြုံတွေ့ရတယ်။ လူတွေကတော့ သေပြီလို့ ဝိုင်အော်ကြ၊ အသက်ကယ်ဖို့လုပ်ကြ၊ ကြောက်လန့်တကြားထိတ်ထိတ်လန့်လန့် ဆူဆူညံညံဖြစ်သွားကြတယ်"

"ဘယ်လိုဘေးကြီးလဲ ဘုရား"

"ကိုရင်ဝိမလနဲ့အစ်ကိုဝမ်းကွဲတော် စပ်သူ ကိုရင်စန္ဒာတို့ညီအစ်ကိုနှစ်ပါး ဒုဋ္ဌဝတီမြစ်ကို လှေနဲ့ကူးကြတယ်"

"တင်ပါ့"

"မြစ်ထဲက ကြောက်မက်ဖွယ် ဝဲဂယက်ထဲကို ကိုရင်နှစ်ပါးလှော်တဲ့လှေ မျောပါသွားတယ်။ ဒီဝဲက ဘယ်လှေမှ မဖြတ်ရဲဘူး။ ဖြတ်တဲ့လှေမှန်သမျှ ချာချာလည်ပြီးမြုပ်တော့တာပဲ"

"ဒါဆို ကိုရင်နှစ်ပါးလှေက ဘာဖြစ်သွားလဲဘုရား"

"ထူးဆန်းတာက ကိုရင်နှစ်ပါးလှေက ကန်ရေပြင်ကိုလှော်ခတ်ရသလို ဘာအန္တရာယ်မှမရှိဘူး။ လူတွေနဲ့အော်သံဆူညံသံကိုပင် ကိုရင်နှစ်ပါးက အုံသြနေတာ။ နောင်ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်ဟာ ရဟန္တာမဖြစ်ဘဲမသေဘူး"

"ဩော် - တပည့်တော်ကြည်ညိုလိုက်တာပါဘုရား"

"သဘာဝဘေးကြီးကို ကျော်ဖြတ်နိုင်သလို သံသရာဝဲသြဃကြီးက အမှန်းကင်းလွတ်အောင် လှော်ခတ်နိုင်မယ့် အာဇာနည်သူရဲကောင်းပဲ"

"မှန်ပါဘုရား"

"ဝိမလကိုရင်မှာ အစ်မအရင်းသီလရှင် ဒေါ်သုစာရီဆိုသူရှိတယ်။ သူက အမရပူရမြို့ မင်္ဂလာတိုက်ကျောင်းမှာ အဘိမဟာထင်ရှားတဲ့ ပထမကျော်ဆရာကြီးဦးအုန်းထံမှ ပညာသင်နေတာ။ ကိုရင်ဝိမလလည်း တောကျောင်းမှာ စာသင်ရတာ အားမရလို့ အစ်မဖြစ်သူနေတဲ့ အမရပူရ မင်္ဂလာတိုက်ကျောင်းကိုလိုက်သွားပြီး အစ်မနဲ့အတူ စာတိုက်တယ်။ အမရပူရဟာ ကိုရင်ဝိမလရဲ့အောင်မြေ ဖြစ်တယ်။ ကိုရင်ဝိမလအသက် (၂၀) ပြည့်တော့ မင်္ဂလာတိုက်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး မြင့်မြတ်သောရဟန်းဘဝသို့ရောက်တော်မူတယ်"

"ဘယ်နေ့က ရဟန်းဖြစ်တာလဲဘုရား"

"၁၂၈၁ ခု၊ ဝါဆိုလဆန်း ၈ ရက်နေ့မှာ ရဟန်းဖြစ်တာ"

"ရဟန်းခံတဲ့နေ့ သိမ်ကထွက်လာပြီး ဆရာတော်နေမယ့် မကူဋကျောင်းမှာ သင်္ကန်းမှာ ခွေးတွေစိုရွဲနေလို့ ၈၈ တစ်ဖြုတ် တန်းပေါ်မှာတင်လှန်းထားတာ မိနစ်ပိုင်းအတွင်း ပျားတွေဝိုင်းအုံလာတယ်၊ ပျားစွဲတယ်"

"ဒုတိယအကြိမ်သင်္ကန်းပျားစွဲတာလား ဘုရား"

"ဟုတ်တယ်၊ နောင်ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်ဆိုတာ လူတွေကမသိပေမယ့် ပျားတွေကသိတယ်နဲ့တူတယ်။ မြင့်မြတ်တဲ့ ရဟန်းလောင်းကို ဂုဏ်ပြုတာ အသိအမှတ်ပြုတာလို့ထင်တယ်"

"တပည့်တော်ကြက်သီးထွေးလာတယ်ဘုရား။ ဒီဖြစ်ရပ်ကိုကြည့်ပြီး အမရပူရ အောင်ခြင်းရွှမ်းပါးရာတော်က ဒီရဟန်းဟာ ယခုဘဝအဖြာပင် တရားထူးတရားမြတ်ရမယ့်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဖြစ်လိမ့်မယ်လို့ ပုဗ္ဗနိမိတ်ဖတ်တယ်"

"တင်ပါ့၊ မိုးကုတ်ဆရာတော်လို့ ဘာလို့အမည်တွင်တာလဲ ဘုရား"

"အစ်မဖြစ်တဲ့သီလရှင်ဆရာလေး ဒေါ်သုစာရီနဲ့ စာသင်ဖက် မိုးကုတ်မြို့သူ သီလရှင် ဒေါ်သုစာရီ၊ ဒေါ်ဝိစာရီက သိမ်ထပ်မင်္ဂလာပြုလုပ်ရာက မိုးကုတ်ဆရာတော်အမည်သို့ စခေါ်ကြတာပါပဲ"

"တင်ပါ့ဘုရား"

"အမရပူရမှာ စာလိုက်လို့ အဘိဓမ္မာတရားကို စမ်းသပ်ပို့ချခိုင်းတာ အောင်မြင်တယ်။ပထမကျော်ဆရာအုန်းက မိမိကိုယ်စား စာချစေခဲ့ရာက စာချဆရာတော်ဖြစ်တဲ့အပြင် ဆရာကြီးဦးအုန်းလက်စမသတ်နိုင်တဲ့ အဘိဓမ္မာတံခွန်ကျမ်းကြီးကို လက်စသတ်ရေးသားတော်မူတယ်"

"တင်ပါ့"

"သင်္ကန်းပျားစွဲနိမိတ်ကိုဖတ်တော်မူတဲ့ အောင်ခြင်းရှစ်ပါးဆရာတော်က ဦးဝိမလရဲ့ နောင်အနာဂတ်အရေးကို မျှော်တွေးပြီး ဆုံးမတော်မူတယ်။

မောင်ပဉ္စင်း၊ စာချရတာကုသိုလ်ပဲရှိတာ။ တရားဟောရတာလည်း ကုသိုလ်ပဲရတာ။ မိမိကိုယ်တိုင် ဦးစွာပထမ ဝိဇ္ဇာအသိဉာဏ်နဲ့ကိစ္စပြီးအောင် ဆောင်ရွက်ပါလို့ဆုံးမတာပဲ

"ရဟန္တာအရှင်မြတ်ဖြစ်ဖို့တိုက်တွန်းနှိုးဆော်တဲ့ ကျေးဇူးရှင်ဆရာတော် တစ်ပါးပါးပဲ ဘုရား"

"ဆရာတော် ဦးဝိမလရဲ့ စိတ်ထဲမှာ နှင့်ခနဲခံစားလိုက်ရတယ်။ သံဝေဂဉာဏ်တွေချက်ခြင်းဝင်ရောက်လာတယ်"

"တင်ပါ့"

"ဒီအချိန်ကစပြီး ညဉ့်အချိန်တွေမှာ ဝိပဿနာအားထုတ်ဖို့ အချိန်ထားတော်ဖူးတယ်။ ဆရာတော်ဟာ ဝိပဿနာဘာဝနာအလုပ်ကိုအားထုတ်ကြီးစားကျင့်ကြံတော်မူတယ်။ ဒီအချိန်ကစလို့ ဆရာတော်ရဲ့ဝိပဿနာဉာဏ်ဟာ ဥဒယဗ္ဗယဉာဏ်အဆင့်ကိုရောက်နေဟန်တူပါတယ်"

"ဆရာတော် တိတိကျဟောပေးပါဘုရား"

"ဆရာတော်က ငါရဟန္တာဖြစ်တယ်။ ဘယ်နေ့က ဘယ်ဉာဏ်ရတယ်ဆိုတာ ဟောကြားခဲ့တာမရှိဘူး။ဘုရားရှင်ကလည်းမပြောဖို့ ပညတ်ထားတော်မူတယ်။

၁၂၉၄ ခုနှစ်မှာ မိုးကုတ်မြို့ကဦးလယ်၊ ဒေါ်ပြုးတို့ ပင့်လျှောက်ချက်အရ နှစ်စဉ် တရားဟောပင့်တာကို လက်ခံပေးခဲ့တယ်။ ဝိပဿနာတရားစခန်းများဖွင့်လှစ်ပေးခဲ့တာယ်။ မြန်မာများသာမက ပန်ချာပီ၊ ဂူဂျာရတီ စတဲ့လူမျိုးခြားတွေတရားလာအားထုတ်ကြတယ်။ ၁၃၁၆ ခုနှစ်မှာပဲ ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ပုံတို့က မိုးကုတ်မြို့မှာ မင်္ဂလာတိုက်လို့ ကမ္ဘည်းထိုးပြီး တိုက်ကျောင်းကြီးဆောက်လုပ်လှူဒါန်းတော်မူခဲ့တယ်"

"တင်ပါ့ဘုရား"

"ဒုတိယကမ္ဘာစစ်ဖြစ်တော့ ဆရာတော်ဟာ မိုးကုတ်မြို့မှာပဲ စစ်ဘေးရှောင်ရင်း ဝိပဿနာတရားကိုအားထုတ်တော်မူတယ်။ ပထမမိုးကုတ်မြို့သုသာန်ကျောင်းမှာ ခေတ္တသတင်းသုံးပြီး မိုးကုတ်မြို့နဲ့ (၄)မိုင်ခန့်ဝေးတဲ့ ဘော်ပတန်းရွာသို့ကြွပြီး သီတင်းသုံးတယ်"

"တင်ပါ့"

"ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ပုံတို့က ဆွမ်းဒါယိကာမများအဖြစ် ဘော်ပတန်းရွာကိုပြောင်းရွှေ့နေပြီး ဆရာတော်ကြီးကို ပစ္စည်း (၄)ပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြတယ်"

"အဒေါ်နှစ်ယောက်လုံးရဲ့ မဟာကုသိုလ်ကို တပည့်တော် သာခုခေါ်ပါတယ်ဘုရား"

"ဒုတိယကမ္ဘာစစ်အတွင်းမှာ လူတွေ သေကြေကျေကြ၊ ငတ်ကြလုံကြနဲ့ ခေတ်ဆိုးခေတ်ပျက်ကြီးနဲ့ ကြုံတွေ့နေကြတယ်။ လူတွေအတွက် ကပ်ဆိုးဆိုက်နေပေမယ့် ဆရာတော်ကတော့ ဝိပဿနာပွားများအားထုတ်ရင်း ဖြစ်ပျက်ကို မြင်တယ်၊ ဖြစ်ပျက်ကိုမုန်းတယ်၊ ဖြစ်ပျက်ဆုံးတော်မူတယ်"

"ဖြစ်၊ပျက်ဆုံးတော့ ဘာဖြစ်လဲ ဘုရား"

"ဖြစ်၊ပျက်ဆုံးတော့ မဖြစ်မပျက်တာပေါ်လာတာပေါ့"

"မဖြစ်၊ မပျက်တာ ဆိုတာက"

"နိဗ္ဗာန်ပေါ့"

"တင်ပါ့ဘုရား"

"မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပဋိပတ်တို့ ရတော်မူတယ်။ ဘော်ပတန်းရွာဘေးမှာရှိတဲ့ သယံဇာတကျောက်ဂူအတွင်းမှာပဲ ကိလေသာတွေအမြစ်ပြတ်ချေမှုန်းသုတ်သင်ပြီး နောင်ဖြစ်မယ့် ဇာတိမျိုးစေ့ လုံးဝမရှိတော့တဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုတော်မူတယ်"

"သာဓု သာဓု သာဓုပါ ဘုရား"

"ဒုတိယကမ္ဘာစစ်ဖြစ်ပြီးလို့ တစ်နေ့သောညမှာ ဆရာတော်တွင် အိပ်မက်တစ်ခုမက်တယ်"

"တင်ပါ့"

"သီဟိုဠ်ကျွန်းကို ကောင်းကင်ကပျံပြီး မကစေတီကို ဖူးမြော်ဂန္ဓာရုတယ်။ စေတီတော်ကြီးကို ပြုပြင်ပြီး သာသနာပြုရတယ်လို့ မြင်မက်တော်မူတယ်"

"တင်ပါ့၊ နောက်ဘာဖြစ်လဲ ဘုရား"

"အိပ်မက်ကစင်းတယ်။ နောက်မကြာမီ သီဟိုဠ်ကျွန်းမဟာစေတီဂေါပကအဖွဲ့ ဆရာတော်ထံရောက်လာတယ်"

"အရှင်ဘုရား၊ တပည့်တော်တို့ မဟာစေတီမှာ အဖိုးအနှုတ်ခံတဲ့ စိန်ဖူးတော် ကပ်လှူပူဇော်ပေးပါဘုရားလို့ အမိန့်တော်ရတဲ့တောင်းပန်လျှောက်ထားစာရောက်လာတယ်။ တပည့်ဒါယကာ၊ ဒါယိကာမများကိုပြောတော့ မိုးကုတ်၊ မန္တလေး၊ အမရပူရ၊ ညောင်လေးပင်တို့က ဒါယကာ၊ ဒါယိကာမတွေ နှိုးဆော်လို့ စိန်ဖူးတော်ကိုတင်လှူတော်မူစာယ်"

"ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်ဘုရား"

"ဒါတင်မကဘူး၊ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီရဲ့ စိန်ဖူးတော်ကိုလည်း တင်လှူပေးခဲ့တယ်။ ဆရာတော်ရဲ့အိပ်မက်အတိုင်း အထွတ်အထိပ်သို့ သာသနာပြုနိုင်ခဲ့တယ်"

"တင်ပါ့"

"၁၃၂၄ ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက် (၈-၇-၆၂) ခုနှစ်မှာအေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကောလှန်ရေးအစိုးရသာသနာရေးနှိုးဆွဉာနကဆက်

www.burmeseclassic.com

www.burmeseclassic.com

ကပ်လူဒါနိုးတဲ့ 'အဂ္ဂမဟာပဏ္ဍိတဘွဲ့' တံဆိပ်တော်ကို အလှူခံတော်မူတယ်"

"တင်ပါဘုရား"

"ရန်ကုန်သို့ နှစ်စဉ် ကြွရောက်တရားဟောတဲ့ဆရာတော်ဘုရား ရန်ကုန်က ဒါယကာကြီး ဦးစောမောင်က အရှင်ဘုရားရှေ့နှစ်ရန်ကုန်ကြွဦးမှာလို့လျှောက်တာ"

"ဆရာတော်က ဘယ်လို့မိန့်သလဲ ဘုရား"

"ဒါကတော့ ငါ့ခန္ဓာက ပြောလိမ့်မယ်ကွာလို့ အမိန့်ရှိတယ်။ ဆရာတော်ဟာ မိန့်ကြားခြင်းဖြစ်တယ်"

"ဆရာတော်ပရိနိဗ္ဗာန်မစံမီထူးဆန်းတာတွေကိုသိပါရစေဘုရား"

"တော်သလင်းလဆန်းပိုင်းမှာ ညဉ့်မိုးကွဲတော်စပ်သူ ဦးဘတုတ်အား ရိပ်သာအတွင်း လမ်းအနည်းငယ်ပျက်နေတာကို မောင်ဘတုတ် ဒီလမ်းကို ကောင်းကောင်းမွန်မြင်ထားဖူးခြင်းသွားချင်တယ်။မြန်မြန်ရစ်ပြင်လို့ ဆရာတော်က အထူးအဆန်းမိန့်ကြားခဲ့တယ်"

"တင်ပါ"

"ညတစ်ညမှာ တပည့်(၅)ယောက် ဝတ်ဖြည့်ခံနေစဉ် မောင်လှဘူး၊ ငါ့အခန်းထဲမှာ မြွေတစ်ကောင်ရှိတယ်။ မင်းဖမ်းပြီး ဘေးကင်းရာကို သွားလွှတ်ချေလို့ မိန့်ကြားတယ်။ ဦးလှဘူးလည်း အခန်းထဲ လှည့်ပတ်ရှာဖွေရှာမတွေ့ဘဲရှိနေတယ်။ မတွေ့ဘူးဘုရားလို့ လျှောက်တာပေါ့။ မင်းကွာ မြွေတစ်ကောင်လုံး မမြင်ဘူးလား။ ဒီလက်ကိုင်ကွင်းမှာ လေလို့ ထပ်မံမိန့်ကြားတယ်။ ဦးလှဘူးလည်း လက်ကိုင်ကွင်းကိုသွားကြည့်ရာ မြွေမာန်ထနေတာကို တွေ့မြင်ရတယ်"

"တင်ပါ"

မြွေတစ်ကောင်လုံး ရဲရဲနီနေတဲ့ အဆိပ်အလွန်ပြင်းတဲ့ မြွေပြဒါးမျိုးဖြစ်တယ်။ ဦးလှဘူးက အိုးတစ်လုံးမှာထည့်ပြီး ဘေးကင်းရာလွှတ်ပေးတယ်။

"မြွေကဘာဖြစ်သွားလဲဘုရား"

မြွေဟာ အလွန်ပြောင်ချောနေတဲ့ အခန်းတံခါးကို ဘယ်လိုမှ မတက်နိုင်ပါဘူး။ ရိုးရိုးမြွေတော့ ဟုတ်မယ်မထင်ဘူး။ မာရ်နတ်ရဲ့ကိုယ်စားလှယ် နဂါးမင်းလာရောက်ပင့်လျှောက်တာ ဖြစ်မယ်လို့ ထင်ကြေးပေးကြတယ်"

"တင်ပါ"

"တော်သလင်းလကုန်လောက်မှာ ကျောင်းဒကာဦးကျော်သိန်းရောက်လာတယ်။ ကျော်သိန်း၊ မင်းလည်း ငါ့ကျောင်းကိုလာနေဦး။ အခြား အရောင်းအဝယ်ကိစ္စတွေ ဘာမှမလုပ်နဲ့။ ငါနဲ့ ဒီရိပ်သာအတွင်း အဆောက်အအုံတွေ လိုက်ကြည့်ရအောင်ဆိုပြီး ခေါ်တယ်"

"တင်ပါ"

"ကျော်သိန်း၊ မင်း ဒီအဆောက်အအုံတွေ အမြန်ပြီးအောင်လုပ်။ ငါကြည့်သွားချင်တယ်လို့ ပြောတာ ဆရာတော်ကြီးပျံတော်မူလိမ့်မယ်လို့မထင်ဘူး ရန်ကုန်ကြွမှာပဲလို့သာထင်တာ"

"တင်ပါ"

"သီတင်းကျွတ် လပြည့်နေ့မှာ တရားဟောတော်မူရာမှာ သီတင်းကျွတ်ဆိုတာ သေခါနီးပြီးပဲလို့မှတ်ကြ ဆိုပြီး ဆုံးမတော်မူတယ်။ သစ္စာသိတဲ့ပုဂ္ဂိုလ်တွေ ဆွမ်းသွတ်စရာလိုသေးလား။ ကိုယ့်ကိုယ်ကိုယ်သိအောင်လုပ်ပါ။ သိလို့ရှိရင် အိမ်ကိုမှာခဲ့။ ငါသေရင် ဆွမ်းမသွတ်နဲ့တော့လို့။ သေမှအရှက်ကွဲမခံနဲ့ စသဖြင့် ဆုံးမတော်မူတယ်။ ဒီတရားကို သတ်လွတ်တရားလို့ သေဘေးကြီးကို ညွှန်တော်မူတယ်။ ဒကာ၊ ဒကာမတွေ ဒီကျောင်းပေါ်မှာ အလောင်းကောင်အသုဘကြီးတင်ထားရင် ဘာတွေထွက်လာမလဲ စသဖြင့် လပြည့်နေ့မှာ ဟောကြားတော်မူခဲ့သေးတယ်။

"တင်ပါ"

"သီတင်းကျွတ်လပြည့်ကျော်၁ရက်နေ့မှာတော့ ဆရာတော်အခန်းထဲမှာ တစ်စုံတစ်ယောက်နဲ့ စကားပြောသံကို မသဲမကွဲကြားရတယ်။ အခန်းအပြင်ဘက်အိပ်နေတဲ့ ဦးလှဘူးက နားစွင့်နေခိုက် ဆရာတော် အခန်းထဲမှာ တရားဟောကြားနေတာကိုကြားနေရတယ်"

"တင်ပါ"

"သီတင်းကျွတ်လပြည့်ကျော်၁ရက်နေ့မှာတော့ ဆရာတော်အခန်းထဲမှာ တစ်စုံတစ်ယောက်နဲ့ စကားပြောသံကို မသဲမကွဲကြားရတယ်။ အခန်းအပြင်ဘက်ကအိပ်နေတဲ့ ဦးလှဘူးက နားစွင့်နေခိုက် ဆရာတော် အခန်းထဲမှာ အလင်းရောင်ကြီးပေါ်ထွက်လာတာကို တွေ့လိုက်ရတယ်"

"တော်တော်ထူးဆန်းတာပဲဘုရား"

"သီတင်းကျွတ်လပြည့်ကျော်၂ရက်နေ့မှာတော့ မြန်အောင်က ဦးတင်၊ ဦးအောင်ဇံဝေ၊ ကျားပျဲ ဦးသန်းမောင်တို့ ရောက်ရှိလာကြတယ်"

"ဆရာတော်က ဒကာတွေကို ဆုံးမသြဝါဒပေးတယ်။ ဦးတင် ဘာပူစရာရှိသတုံး။ ဦးသန်းမောင်လည်း အသက်ကြီးပြီ။ ဦးတင်၊ ဦးအောင်ဇံဝေ ဘုန်းကြီးတို့ အသက်တွေကြီးပြီ။ နောင်ဆို ဒီသာသနာမရှိတော့ဘူး၊ ကွယ်တော့မယ်။ ဘယ့်နယ်ကြောင့်ကွယ်ရမှာလဲလို့ဆိုလို့ရှိရင် ကွယ်ခါနီးတန်လို့ကွယ်ရမှာ။ ရထားကထွက်ခါနီးနေပြီ၊ မီးရုံးလေးရှိတယ်၊ တက်မီးရုံးလေးရှိတယ်။ ရထားထွက်နေပြီဆိုတာ ရိပ်မိကြသလား စသည်ဖြင့် နိမိတ်စကားတွေ မိန့်ကြားခဲ့တယ်"

"အရှင်ဘုရား၊ ဒီသာသနာကွယ်တော့မယ်ဆိုတာ တပည့်တော်နားမလည်ဘူးဘုရား"

"မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကိုပြောတာ။ ဆရာတော်ကြီး ပရိနိဗ္ဗာန်ဝင်တော့မယ်၊ တရားမဟောနိုင်တော့ဘူးလို့ဆိုလိုတာ။ ဒကာကြီးက ဘုရားသာသနာနဲ့လွဲနေတာထင်တယ်"

"တင်ပါဘုရား"

"ည(၁၂)နာရီမှာတော့ ဝင်းထိန်သောအရောင်တွေကိုတွေ့မြင်ရတယ်။ အခန်းထဲမှာလည်း ဆရာတော်စကားပြောသံကြားနေရတယ်။ ဦးလှဘူးက အခန်းတံခါးကိုဖွင့်ကြည့်တော့ ဆရာတော်ကို ထိုင်လျက်ဖူးတွေ့ရတယ်။ ဦးလှဘူးက ဆရာတော်ဘယ်သူနဲ့စကားပြောနေတာလဲလို့လျှောက်တာ လှဘူးရာမင်းကလည်း သိရက်သားနဲ့ ထပ်မေးနေပြန်ပါပြီလို့ မိန့်တော်မူတယ်"

"ဆရာတော်က ဘယ်သူနဲ့စကားပြောနေတာလဲ ဘုရား"

"စကားပြောနေတာက ဒီလိုနားလည်ရမယ်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ပရိနိဗ္ဗာန်စံဖို့ သူမယ်တော်ကြီးရှိရာကိုကြွသွားတယ်။ ညီတော်စုဒ္ဓကလိုက်သွားတယ်။ ပရိနိဗ္ဗာန်စံဝင်ခါနီး မထေရ်ကြီးထံ နတ်တွေကြွလာတယ်။ သွေးတွေအန်နေတဲ့ ကိုယ်တော်ကြီးကို ပြုစုဖို့ လျှောက်တယ်။ မလိုဘူး။ ငါ့မှာ ညီတော်စုဒ္ဓ ရှိတယ်။ ပြန်ကြလို့မိန့်ကြားတယ်။ ညဉ့်လယ်မှာ ပြဿာတွေထပ်ရောက်လာတယ်။ မထေရ်ကို ပြုစုဖို့ လျှောက်တယ်။ ငါ့ကိုဖူးပြီးပြန်ကြ။ ငါ့ကို ပြုစုဖို့ ညီတော်စုဒ္ဓရှိတယ်လို့ မိန့်ကြားတယ်။ အရောင်တွေတလင်းလင်းတလက်လက်နဲ့ တစ်ပါးပြီးတစ်ပါးကြွလာပြီး ကိုယ်တော်ကြီးကို ပြုစုချင်ကြတယ်၊ တရားနာချင်ကြတယ်။ နောက်ဆုံး ပရိနိဗ္ဗာန်မစံဝင်မီမှာ ဖူးမြော်ချင်ကြလို့ လူပြည်ကိုဆင်းလာကြတာ"

"ရှင်းပါပြီဘုရား။ မိုးကုတ်ဆရာ

www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးက ရဟန္တာဆိုတော့ ပရိနိဗ္ဗာန်စံဝင်ခါနီး နတ်တွေ၊ ဗြဟ္မာတွေက လာရောက် လျှောက်ထားကြတယ်။ လာရောက်ဖူးမြော်ကြတော့တယ်လို့ ထင်ပါတယ်ဘုရား"

"သီတင်းကျွတ်လပြည့်ကျော်ဉုရက် နေ့မှာတော့ မနက်ဖြန်ကထိန်ခင်းဖို့ သားရှင်ပြုဖို့ အလှူရှိတာမို့ ဧည့်သည်တွေ အများကြီးရောက်လာကြတယ်။ ညပိုင်း ဆရာတော်အားဝတ်ပြုပြီး မနက်ဖြန် သီတင်းကျွတ်လဆန်းဉုရက် နံနက်(၅)နာရီ အရောက်အားလုံးလာခဲ့ကြ။ ဘယ်လောက် အရေးကြီးကြီး၊ ဘယ်လောက်အကြောင်း ရှိရှိ ဒီကိုရောက်အောင်လာခဲ့ကြလို့ မိန့်တော်မူတယ်။ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့မှာ ဆရာတော်ရဲ့ နောက်ဆုံးနေ့တစ်နေ့တာ ဖြစ်ပါတယ်"

"တင်ပါ့"

"ရှင်ပြုပွဲရှိလို့ မင်္ဂလာတို့က်မှာ ရဟန်းရှင်လူအစည်းကားဆုံးဖြစ်တယ်။ ရေစက်ချပွဲကို မနေ့က ကြိုတင်ရေစက်ချထားခဲ့ပြီး ဖြစ်တယ်။ ကျောင်းအမကြီး ဒေါ်တင်လှက နံနက်(၅)နာရီမှာ ဆရာတော်အတွက် ကွေကာအုပ်ဖျော်ပြီးဝင်လာတယ်။ ဆရာတော်က ဟဲ့-တင်လှ၊ သွား-ငါ့အိပ်ရာပြင်ပေးစမ်းဆိုပြီး မခိုင်းစဖူးခိုင်းတော်မူတဖ်။

တင်လှ၊ နင့်အသက်အများကြီးငယ်သေးတယ်၊ လောကဓံတို့က်ခိုက်ဖို့ အများကြီးရှိသေးတယ် စသဖြင့် တရားဟောလေသည်။ သံသရာမှာ ခရီးသွားနေတဲ့ခရီးသည်အကြောင်းပြော၍ သစ်ပင်ကြီးကိုအမှီသဟဲပြု၍ နားခိုရကြောင်း၊ ဒီသစ်ပင်အိုကြီးက ဘယ်သူနှင့်တူသလဲလို့ မေးပါတယ်။ ဒီသစ်ပင်ကြီးက ဆရာတော်နဲ့ တူပါတယ်လို့ ဒေါ်တင်လှက လျှောက်ထားတယ်"

"တင်ပါ့"

"ကျောင်းဒကာ ဦးကျော်သိန်းကို ခေါ်ပြီး မိန့်ကြားပါတယ်"

"ဘယ်လိုမိန့်ကြားတာလဲဘုရား"

"ကျော်သိန်း လာ၊ ဒီရှေ့ကိုတိုး ဦး။ မင်းသေသေချာချာနားထောင်။ မင်း ငါမရှိရင် မင်းမှာ လောကဓံတရားအမျိုးမျိုး အတိုက်အခံရလိမ့်မယ်။ ဒီတရားကို ခံနိုင်ဖို့ မင်းတရားရှုပေးရလိမ့်မယ်။ မနိုင်နိုင်အောင် တရားရှုမှတ်ထားပါ။ မင်းမှာရှိသမျှပစ္စည်းတွေကို ဘဏ်နဲ့စွန့်လွှတ်ထား။ ပေးစရာရှိတဲ့အကြွေးတွေလည်း ပေးလိုက်။ ကြားလား။ မင်းတို့ လောကခံလှိုင်းပိလိမ့်မယ်လို့မှာကြားနေတယ်"

"ဘာလို့မှာတာလဲဘုရား"

"အဘိဉာဏ်ဆိုတာကြားဖူးလား"

"ကြားဖူးပါတယ်ဘုရား"

"အဘိဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိသူတစ်ပါးနောင်အနာဂတ်ကာလမှာ ဖြစ်လတ္တံ့သောအကြောင်းအရာကို မြင်တော်မူတယ်။ ပါဠိလိုတော့ အနာဂတံသ အဘိညာဉ်လို့ခေါ်တယ်"

"တင်ပါ့"

"ဒကာကြီးဦးကျော်သိန်းက ရက်ကန်းစက်ပိုင်ရှင်သူဌေးကြီးပဲ။ နောင်ကာလမှာ ပြည်သူပိုင်သိမ်းလိမ့်မယ် ဆိုတာကြိုသိနေလို့ သူပိုင်ပစ္စည်းတွေကို ဘဏ်နဲ့ကြိုပြီးစွန့်လွှတ်တာ တရားရှိ ဆိုပြီး မိန့်ကြားခဲ့တာပဲ"

"တပည့်တော်ဆရာတော်ကိုကြည် ညိုလွန်းလို့ ပီတိသောမနဿဖြစ်မိပါတယ် ဘုရား"

"နံနက်(၆)နာရီမှာတော့ ဦးချစ်လှ၊ ဒေါ်သောင်းတို့က သားရှင်ပြု၊ ကထိန်ဆွမ်းကျွေးအတွက် သံဃာအပေါင်း (၂၀၀) ကို ဆွမ်းကပ်ကြတယ်။ ဆရာတော်က မဘုဉ်းပေးပါဘူး။ သံဃာတော်များဆွမ်းဘုန်းပေးပြီးတဲ့အခါ ဆရာတော်ကိုယ်တိုင် လှူဖွယ်ပစ္စည်းတွေကို လိုက်ဆက်ကပ်တယ်။ ထေရ်ကြီး၀ါကြီးဆရာတော်ကြီးများကို ပြန်ကြွရာမှာ တစ်ပါးပြီးတစ်ပါး လိုက်လံ၍ ဝတ်ပြုတယ်။ ကားပေါ်အရောက် ရွှင်လန်းဝမ်းမြောက်စွာနဲ့ပဲ အခေါက်ခေါက်သွားချည်နေလှည့်နှုတ်ဆက်တယ်။ အလှူပွဲကြီးပြီးလို့ ရိပ်သာဘက်ကိုကူးလာတယ်"

"ငါ့ခန္ဓာကိုယ်ကြီးကလေးလှပြီလို့ ဦးလှဘူးကိုပြောတော့ ဦးလှဘူးက နားမလည်ဘူး။ မင်းကလည်း တယ်အတဲ့ အကောင်လို့ပြုံးပြီးမိန့်တော်မူတယ်"

"တင်ပါ့"

"ဒေါ်တင်လှက ဆရာတော်အား ကော်ဖီကပ်လို့ ဆရာတော်က ကော်ဖီကို ဘုဉ်းပေးပြီး တင်လှ ခုရက်ပိုင်း နင်အိပ်မက်များ ထူးထူးဆန်းဆန်းတွေ မမတ်ဘူးလားလို့ မေးတယ်"

"တင်ပါ့"

"ဒေါ်တင်လှက ရိပ်သာထဲက စေတီတစ်ဆူမှာ ဆရာတော် တရားမှတ်နေတယ်။ စေတီကြီးက မီးခိုးတွေအုပ်ပြီး စေတီရဲ့ဖောင်းရစ်ကစပြီး တအိအိပြိုကျလာတယ်။ ဆရာတော်အပေါ် ပိကျကုန်တယ်။ ဒါပေမယ့် ဆရာတော်ကတော့ ဘာမှမဖြစ်ဘူးလို့လျှောက်တင်တယ်"

"တင်ပါ့"

"တင်လှ၊ နင့်အိပ်မက်က တယ်စင်းပါလား။ ပုဗ္ဗနိမိတ်ဆိုတာ ဒီလိုပေါ်စမြဲပဲ။ ငါလို ခံနိုင်ရည်ရှိအောင် တရားကိုနာနာမှတ်။ ကြိုးစားအားထုတ်ပါလို့ အမိန့်ရှိတယ်။ ဆရာတော်က ခဏစောင့်ဆိုပြီး အခန်းထဲဝင်သွားတယ်။ သင်္ကန်းလဲပြီး စောစောက ဝတ်ထားတဲ့ ဧကသီသင်းပိုင်နဲ့ အံ့သကိုင့်ကိုကိုင်ပြီး ထွက်လာတယ်။ ရှေ့ - ဒီသင်္ကန်းတွေနင် ဇရပ်ယူသွားပြီး သိမ်းထား။ ရေမလျှော်နဲ့လို့ မိန့်ပြီး ပေးတော်မူတယ်"

"ဘာလို့ပေးခဲ့တာလဲဘုရား"

"ဒါယိကာမအရင်းမို့ ရဟန္တာနောက်ဆုံးအသုံးပြုခဲ့တဲ့ပစ္စည်းကို အမွေအဖြစ်စွန့်ခဲ့တာပေါ့။ ဒီလိုပစ္စည်းမျိုးရဖို့ မလွယ်ဘူးလေ။ ဒီနေ့မှာပရိဘောဂနိပ္ပန္နမှာပဲ"

"တင်ပါ့"

"နံနက်(၁၁)နာရီမှာ ကော်ဖီတစ်ခွက်နဲ့ စွပ်ပြုတ်ဘုဉ်းပေးသေးတယ်။ ဓာတ်ပုံအရိုက်ခံသေးတယ်။ ဆရာတော်ပြောတဲ့စကားတွေက အံ့အားသင့်စရာလူတွေ ရုတ်တရက်နားမလည်နိုင်စရာစကားတွေသာ မိန့်ကြားခဲ့တယ်။ အရှင်ဘုရားကျန်းမာရေးမကောင်းရင် ဆရာဝန်ပင့်ဖို့လျှောက်ထားတော့ ကိစ္စမရှိပါဘူး။ မနေ့က ပန်ကာလေမိသွားလို့ အခိုးနည်းနည်းငှဉ်းသွားတာပါလို့ အသံကောင်းကောင်းမိန့်ကြားတယ်"

"ပြီးတော့ ဘာဖြစ်သေးလဲဘုရား"

"ဦးသန်းမောင်ကို ဝမ်းချုခိုင်းတယ်။ ကဲ- ဦးသန်းမောင်၊ ကျုပ်ကို ဝမ်းချုပေးစမ်းလို့ဆိုပြီး ဝမ်းချုတယ်။ ကုဋီကို ကိုယ်တိုင်ကြွတယ်"

"အရှင်ဘုရား၊ ဘာလို့ဝမ်းချုတာလဲ"

"လူတွေသေရင်မချိမဆံ့ဖြစ်ထုတ်လိမ်ကောက်ပြီးမှ သေတယ်။ မသေခင် ငယ်ချေးပါတယ်လို့ ဆိုတယ်။ ငယ်ချေးပါရင်တော့ သေတော့တာပဲ။ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်တွေဟာ ပရိဘောဂနိစ်ရင် ခန္ဓာက ဓာတ်တော်ကျမယ်။ ခန္ဓာထဲက မကောင်းတဲ့ အညစ်အကြေးတွေကို ကြိုတင်စွန့်ထုတ်ပစ်ရတယ်။ သူတို့က ဓာတ်တော်မှမဖြစ်တာ"

"ရှင်းပါပြီဘုရား"

"(၁၂)နာရီကျော်တော့ ဒေါက်တာဆိုနီနဲ့ ဆရာဝန်ကြီး စောမြမောင်တို့ရောက်လာကြတယ်။ ဆရာတော်က တပည့်ဒါယကာတွေ ကုသိုလ်ရပါစေဆိုပြီး 'ကဲကဲ-ဆေးထိုးစရာရှိရင် ဆေးထိုးကြ၊ အချိန်မရှိတော့ဘူး။ မင်းတို့ဆေး

www.burmeseclassic.com

www.burmeseclassic.com

ထိုးလည်း ဘာမှမတတ်နိုင်ပါဘူးလို့ မိန့်ကြားခဲ့တာ"

"တင်ပါ့"

"တပည့်ဒါယကာ၊ဒါယိကာမတွေကို နောက်ဆုံးသံဝေဂရဖို့ဆုံးမခဲ့တယ်။ ခပ်သိမ်းသတ္တဝါ များသူ၊ ငါကား မရဏာမင်း သူ့လက်တွင်းသို့ မယွင်းမှန်စွာအနိစ္စချည်း၊ ကာလဘယ်ခါ ဘယ်နေ့မှာဟု ချိန်ခါနေ့ရက် ချိန်အချက်လျှပ် သက်သက် ဘယ်မှာ မရှိပါခဲ့ မှန်စွာမုချ သေကြရလိမ့်မယ်။ မြင်ကြခုပင်၊ သေပွဲဝင်ခဲ့ ယခင်ရှေးခါ ထိုနည်းသာတည်း၊ သတ္တဝါထုံးတမ်း စဉ်လာလမ်းမို့ ဖြောင့်တန်းသေချာ မလွှတ်ပါတည်း ဟူသော ဓမ္မသံဝေဂကဲ့သို့ ကဲကဲ အားလုံးဦးပဉ္စင်းများရော၊ ဒကာဒကာမတွေရော ခန္ဓာရှိရင် ခန္ဓာရှိသူတိုင်း ခံစားရမယ့် ဝေဒနာကို ကြည့်ထားကြ။ ဒီခန္ဓာရှိရင် ဒီဝေဒနာကို သတ္တဝါတိုင်း ခံစားရမယ်လို့ မိန့်ကြားခဲ့တယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးဟာ ၁၃၂၉ ခုနှစ်၊ သီဓာင်းကျွတ်လပြည့်ကျော် (၄) ရက်နေ့၊ (၁)နာရီ (၂၀)မိနစ် အချိန်မှာ (အနုပါဒိသေသ) ခန္ဓာဇာတ်သိမ်းပြီး အကြွင်းမဲ့အေးချမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါတော့တယ်"

"သာဓု. . . သာဓု. . . သာဓု"

"ဆရာတော်ကြီးကို ရဟန္တာလို့သိတာတော့ ဓာတ်တော်တွေကျမှ သိရတာ။ ဆရာတော် ပရိနိဗ္ဗာန်စံတော့ သာမန်ရဟန်းတစ်ပါးပဲလွန်တော်မူတယ်လို့ပဲထင်နေကြတာ။ တပည့်အရင်းတွေ ရဟန်းသံဃာတွေကလည်း သာမန်ရဟန်းလို မပုပ်မသိုးအောင်ဆေးထိုးကြတယ်"

"တင်ပါ့"

"ပဲ့လွန်တော်မူတဲ့နေ့ ည(၉)နာရီမှာ ဥတုဇရုပ်ကလာပ်တော်ကို ဆေးသွင်းကြတယ်။ ဆရာတော်ရဲ့ပေါင်ရင်းက သွေးကြောကိုဖြတ်ပြီး ဆေးသွင်းတာမှာ လူကောင်း လူရှင်ကောင်လို သွေးကြောက သွေးစိမ်းတွေ အပေါ်ကို (၄) လောက်ပန်းထွက်တယ်။ ဆေးကို (၇) ရက်လုံးဆေးသွင်းတာ (၇)ရက်လုံး သွေးကပန်းထွက်တယ်"

"တင်ပါ့ဘုရား"

"သီတင်းကျွတ်လပြည့်ကျော်၁ရက်နေ့မှာတော့ နိဗ္ဗာန်ကျောင်းချတယ်။ နိဗ္ဗာန်ကျောင်း သာဓုကီဠနသဘင်ကို ပို့ဆောင်ကြတယ်။ ၁၃၂၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်မှာ ဦးကျော်သိန်း၊ ဒေါ်တင်လှတို့ ဇည့်ခံမဏ္ဍပ်ကိုပင့်ဆောင်လာစဉ်မှာ လူအုပ်ကြီးအပေါ် ပျားကောင်

တွေ ပျံသန်းလာပြီးတော့ ရုပ်ကလာပ်မရောက်မီအချိန်ပိုင်း မဏ္ဍပ်မုတ်ဆိတ်မှာပျားစွဲတယ်"

"ဒါဆို ပျားစွဲတာ သုံးကြိမ်ပေါ့ဘုရား"

"ပြာသိုလပြည့်နေ့ ည(၂)နာရီခွဲမှာ မီးသင်္ဂြိဟ်မယ့်ရုပ်ကလာပ်တော်ဟာ ပကတိကိုယ်းစက်နေသလို အသားအရေဟာ ပျော့အိနေတယ်။ မျက်လုံးတော်က ပကတိအကြည်ဓာတ်မပျက်ဘဲရှိနေတယ်"

"ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိဟ်ရာမှာ လူထုပရိသတ်နှစ်သိန်းနီးပါးရှိတယ်။ သံဃာတော်တွေက တစ်ထပ်၊ မီးသတ်ရဲတွေကတစ်ထပ်အထပ်ထပ်ရံထားတယ်။ မီးရှို့ရာမှာ မီးကမလောင်ဘူး။ မီးရှို့လို့မရဘူး။ သံဃာတစ်ပါးက စိတ်မချည်လို့ ဓာတ်ဆီပုံလိုက်ပက်ဖျန်းပြီး မီးရှို့သော်လည်း မီးတောက်တက်မလာဘူး။ မီးခိုးကြီးဝုန်းဆိုထွက်လာပြီး သံဃာထော်တွေ အုတ်ပလ္လင်ပေါ်က ဆင်းပြေရတယ်"

"ဘာဖြစ်လို့ မီးမလောင်တာလဲဘုရား"

"ရဟန္တာရဲ့ ရုပ်ကလာပ်ကို နတ်တွေ၊ ဗြဟ္မာတွေ လာရောက်ဖူးမြော်ကြတယ်။ နတ်တွေရဲ့ဆန္ဒအရ ဖူးမြော်လို့မဝသေးလို့ ခဏဆိုင်းငံ့ထားချင်ပုံပေါ်တယ်။ ဒါကြောင့် ဓာတ်ဆီလောင်းပြီး မီးသင်္ဂြိဟ်တာ မီးမလောင်တာပေါ့"

"တင်ပါ့"

"နောက်တော့ သူ့အလိုလို မီးထလောင်တယ်။ ဆရာတော်ရဲ့ရုပ်ကလာပ်က အုပ်ပ်နှံ့မထွက်ဘူး။ မီးလောင်ပြီး ည(၉)နာရီမှာတော့ အပူဓာတ်လျော့ကျချိန်မှာ အုတ်ပလ္လင်မှာ တွေ့သမျှ အရာဝတ္ထုမှန်သမျှ သိမ်းကျုံးပြီး အိတ်များနဲ့ထည့်ပြီး ဦးအောင်ဇံဝေဦးစီးပြီး ကျောင်းတိုက်ကိုပို့ကြတယ်"

"အစောင့်တွေအထပ်ထပ်ချထားတယ်။ ပြာသိုလပြည့်ကျော် ၃ ရက်နေ့မှာတော့ ကျောင်းကိုပို့ထားတဲ့ ပစ္စည်းများကို တပည့် ဒါယကာ၊ ဒါယိကာမတွေ ရဟန်းသံဃာတွေရှေ့မှာ ကြည့်ရှုကြတော့ မီးမစွဲဘဲကျန်ခဲ့တဲ့ သူငယ်အိမ်မပျက် မျက်လုံးအစုံရယ်၊ ခိုတ်ဖြစ်နေတဲ့လက်ဆစ်အရိုးတော်ရယ်။ သွားတော်တွေကို ဖူးတွေ့ရတယ်"

"အရိုးက ခိုတ်ဖြစ်နေတာက ဘာလို့ ဘာလို့ဖြစ်နေတာလဲဘုရား"

"ပုထုဇဉ်တွေရဲ့ အရိုးတစ်ခုနဲ့ တစ်ခုဆက်ထားက တော့ဆက်ဖြစ်တယ်။ ရဟန္တာတွေရဲ့ အရိုးတစ်ခုနဲ့ တစ်ခုဆက်တာက ခိုတ်ဆက်ဖြစ်တယ်။ ဘုရားရှင်တို့ရဲ့အရိုးက ကွင်းဆက်ဖြစ်တယ်"

"ဒါအရိုးမိုးကုတ်ဆရာတော်ဘုရားကြီးက ရဟန္တာဖြစ်ကြောင်း အရိုးခိုတ်ဆက်ကိုထားခဲ့တာလို့ထင်တယ်ဘုရား"

"မျက်လုံးက လူသားတွေရဲ့ခန္ဓာမှာ အနူးညံ့ဆုံးရုပ်ကလာပ်ပဲ။ ပျက်စီးလွယ်တယ်။ အခုမီးရှို့တာ အခြားအရိုးတော်တွေ၊ အသားတွေ မီးလောင်ပြီး ဓာတ်တော်ဖြစ်တာတောင် မျက်လုံးတစ်စုံက သူငယ်အိမ်မပျက် မီးမခဲ့ဘူးဆိုတာလည်း အတော်ထူးဆန်းတာပဲ"

"ဆရာတော်ကြီးရဲ့ ဒါယိကာမဖြစ်တဲ့ ဒေါ်တင်လှက ထမင်းချက်ရင်းနဲ့ သောတာပန်ဖြစ်တာ။ ထမင်းအိုးပွက်နေတာကိုကြည့်ပြီး မိမိခန္ဓာကို ဖြစ်ပျက်တင်ရှုရာက သောတာပတ္တိမဂ်ကျသွားတာ။ ဆရာတော်ဘုရားက တင်လှတောင် သောတာပန်ဖြစ်သွားပြီပဲလို့ ပြောတာ။ ရဟန္တာမထေရ်မြတ်ကြီးက တစ်ပါးသူရဲ့စိတ်ကို သိတော်မူတယ်။ တစ်နေ့ တရားပွဲမှာ အနူရောဂါသည်ကြီးတရားလာနာတာ မသင့်တော်ဘူးလို့ လျှောက်တင်ကြတာ၊ အေးပါကွာ - သူ တစ်ဆင့်တက်ဖို့ တရားလိုနေတာ။ ဒါကြောင့် တရားလာနာတာ။ အခု သူ တရားရသွားပြီ။ နောင်မလာတော့ပါဘူးလို့ပြောတာ။ ဆရာတော်က အနှစ်၁၀ ဖြစ်မယ့်တရားကိုဟောတာ၊ ဒီဘရားက အနူရောဂါသည်ကို အနောဂါဖြစ်အောင်ဟောတာ။ တချို့ပဉ္စမေပေမယ့် တစ်ခါတစ်ရံမှာ တချို့တစ်ယောက်ကို ရည်ညွှန်းပြီး ဟောတာလို့ သိရတယ်"

"ဆရာတော်ကြီးရဲ့ ပညာဂုဏ်ကို

www.burmeseclassic.com

www.burmeseclassic.com

ခိုးကျူးပါတယ်။ သာခုခေါ်ပါတယ် ဘုရား"

■

■ ရုပ်ရှင်အဖွဲ့ မိုးနဲသို့ ရုပ်ရှင်လာရိုက်ခြင်း

"ကိုဝင်း"

"ဘာလဲ ငြိမ်းမောင်ရ"

"ဘုန်းကြီးကျောင်းပဲ နေတိုင်း သွားမနေနဲ့။ ဆိုင်လည်းထိုင်ပေးဦး"

"ဟ - လူရှင်းမှ အားမှ ဘုန်းကြီး ကျောင်းသွားတာပါကွ"

"မနက်ဖြန် ဒီဆိုင်မှာ ရုပ်ရှင်အဖွဲ့ တွေ ခေါက်ဆွဲကြော်လာစားလိမ့်မယ်။ ဆရာမရှိလို့မဖြစ်ဘူး။ ကျွန်တော်တစ် ယောက်တည်းမနိုင်ဘူး"

"အေးပါကွာ - ငါထိုင်ပေးပါ့မယ်။ ဒါနဲ့ ဘယ်ကရုပ်ရှင်အဖွဲ့တွေလဲကွ"

"ဆရာကတော့ တုံးပါ့ဗျာ။ မိုးနဲ မြို့မှာ ဒီလောက်သိမ့်သိမ့်တုန်အောင် ဖြစ်ပျက်နေတာ ဆရာမသိဘူး"

"အေးပါ။ ငါမသိဘူးကွ"

"ရုပ်ရှင်မင်းသား ကျော်ဟိန်း၊ ရုပ်ရှင်မင်းသမီး ခင်သန်းနုတို့ မိုးနဲမှာ ရုပ်ရှင်ရိုက်တာ။ ဒါရိုက်တာက စိန်ဖေတင်။ အချစ်တစ်ပွဲစစ်ပွဲတစ်ရာဇာတ်ကားလာ ရိုက်တာ"

"ဩော်. . . ဒါကြောင့် ဒီရှမ်းမ တွေ နှန့်နန့်တက်နေတာကို"

"ရုပ်ရှင်မင်းသမီး၊ မင်းသားဆိုတာ ရုပ်ရှင်ထဲမှာပဲတွေ့ဖူးတာ။ အခုအပြင်မှာ မြင်ရတော့ နေ့တိုင်းသွားကြည့်ကြတာ ပေါ့"

"အေးပါ။ သူတို့ရုပ်ရှင်ရိုက်တာနဲ့ ငါတို့ဆိုင်နဲ့ဘာဆိုင်လို့လဲ"

"မိုးနဲကိုရောက်တော့ အကောင်း ဆုံးခေါက်ဆွဲဆိုင်ကိုမေးတာ စုံစမ်းထား တာ"

"အေး"

"လူတွေကကျွန်တော်တို့ခေါက်ဆွဲ ဆိုင်ကိုညွှန်တာပေါ့။ ဒါကြောင့် သူတို့ ရုပ်ရှင်တစ်ဖွဲ့သားလုံး မနက်ဖြန်မနက် မှာ လာစားကြမှာ"

"ဒါဆို ငါတို့က ရုပ်ရှင်ရိုက်တဲ့ နေရာမှာသွားကြည့်စရာမလိုဘဲ ငါတို့ရှိ တဲ့နေရာကိုလာမှာပေါ့"

"ဟုတ်တယ်၊ လာစားကြမှာ"

"အေးပါ အေးပါ၊ မင်းက အဓိက ပဲ။ ဝယ်စရာရှိတာဝယ်ထားလိုက်။ ငါက ဆိုင်အခင်းအကျင်းပြင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကို"

ငြိမ်းမောင်တစ်ယောက် မနက် ဖြန်အတွက် လိုအပ်တဲ့ စားဖွယ်များကို စျေးသို့သွားဝယ်လေသည်။ ကျွန်တော် လည်း ဆိုင်ကိုသန့်ရှင်းရေးလုပ်၏။အမိုး အကာမှအစ သန့်ရှင်းရေးလုပ်၏။ ဆက်တီ များကို ပါတီယူနစ်မှင်ပြီး စနစ်တကျ နေရာချထား၏။ ဆက်တီစားပွဲကို ပလတ်စတစ်ဖြင့်ခင်းပြီး ဆက်တီထိုင်ခုံ များကို မွေ့ရာခင်းကျောမှီတို့ကိုချထား လေ၏။ ရုပ်ရှင်အသိုင်းအဝိုင်းမှလာကြ မှာဖြစ်၍ သူတို့အဆင့်နှင့်ညီအောင်ပြင် ဆင်ပေးထားပါသည်။

နောက်နေ့နံနက်တွင် ဒါရိုက်တာ စိန်ဖေတင်နှင့်အဖွဲ့လူ(၃၀)ခန့် ကားဖြင့် ရောက်လာသည်။ ရုပ်ရှင်မင်းသား ကျော်ဟိန်း၊ မင်းသမီး ခင်သန်းနုတို့ကို ကြည့်ချင်ကြသဖြင့် လူငယ်များတို့ ဆိုင် ကို ကူညီ၍ လုပ်အားပေးကြသည်။

"ဟုတ်ကဲ့၊ ကျော်ခေါက်ဆွဲဆိုင်က တာဝန်ခံ ဦးဝင်းလို့ ခေါ်ပါတယ်။ မိုးနဲ ကိုရောက်စဉ် ကျွန်တော့်ဆိုင်ကိုလာအား ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ဆရာတို့အဖွဲ့နဲ့ လိုက် လျောညီထွေဖြစ်အောင်တော့ ဆိုင်ကို ကြိုးစားပြင်ဆင်ထားပါတယ်"

"ရပါတယ် ကိုဝင်း၊ ကျွန်တော်တို့ က ကျော်ခေါက်ဆွဲကောင်းတယ်ကြား လို့ ခေါက်ဆွဲကြော်စားဖို့လာတာပါ။ ဆိုင်အခင်းအကျင်းက အဓိကမဟုတ် ပါဘူး"

"ကျွန်တော်တို့က အိမ်ရှင်မဟုတ် လား။ ဧည့်သည်ကို ပြုစုပေးရမှာ ကျွန်တော်တို့တာဝန်လေ။လိုအပ်တာရှိ လည်း သည်းခံစားပေါ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"အားလုံးထိုင်ကြပါ"

ကျော်ဟိန်းကိုတော့ ကျွန်တော် ကြည့်မရပေ။ကွေးကွေးကောက်ကောက် နှင့် လမ်းသရဲဆန်၍ ဘဝင်မကျမိ။ သို့သော် ရုပ်ရှင်မင်းသမီး ခင်သန်းနုကို အနီးကပ်ကြည့်မိသောအခါ ကျွန်တော့် ရင်ဝယ် တုန်လှုပ်နေမိပါတော့သည်။ မိန်းမကို အထင်မကြီးတတ်သော မိန်းမ တို့ကို စိတ်မဝင်စားသော ကျွန်တော် ခင်သန်းနု၏အလှတွင် ယစ်မူး၍ နေမိပါ တော့သည်။ ငါနဲ့သာယူရင်၊ ငါမိန်းမဖြစ် ရင် စသဖြင့် ကာမစွဲနှစ်ဝရဏများကြီးစိုး လာပါတော့သည်။ချုပ်တည်း၍ မရသော ကိလေသာများသောင်းကျန်းနေလေ၏။

"ကိုဝင်း"

"ဟုတ်ကဲ့"

"ဒါကတော့ ရုပ်ရှင်မင်းသမီး ခင်သန်းနုပါ"

"ခင်သန်းနုကိုတော့ မိတ်ဆက် ပေးဖို့မလိုဘူးထင်တယ် ဒါရိုက်တာကြီး။ ဘာလို့လဲဆိုတော့ ခင်သန်းနုကို လူတိုင်း သိကြတယ်။ လူတိုင်းကိုတော့ ခင်သန်းနု က ဘယ်သိနိုင်မှာလဲ"

"ဟုတ်ကဲ့ - ဒါက ကျော်ဟိန်း၊ ဒါက. . . ဒါက. . . "

စသဖြင့် မိတ်ဆက်ပေး၏။

"ကျွန်တော့်ဆိုင်မှာ ကျွန်တော် ဧည့်ခံခွင့်ရတာ . ကျွန်တော်ဝမ်းသာ ကျေနပ်မိပါတယ်။ ဆိုင်ကိုလာစားလို့ အများကြီးဝမ်းသာမိပါတယ်။ ဒီနေ့စား တဲ့စရိတ်တွေအကုန်ကျွန်တော်လျှုတာ ပါ"

"ကိုဝင်း မဟုတ်တာ၊ ကျွန်မတို့က ခေါက်ဆွဲကြော်ကောင်းတယ်ဆိုလို့အော် ဒါမှာထားတာပါ"

"ဟုတ်ကဲ့၊ ရုပ်ရှင်နယ်က နာမည် ကြီး မင်းသား၊ မင်းသမီးတွေ တောခေါင် တဲ့ကျွန်တော်တို့မြို့ကို ရုပ်ရှင်လာရိုက် တဲ့အတွက် မြို့သူမြို့သားများကိုယ်စား ကျေးဇူးတင်ပါတယ်။ မိုးနဲမြို့ကိုရောက် ပြီး ကျွန်တော့်ဆိုင်ကို အခုလို လာစား တဲ့အတွက် ဂုဏ်ယူနေတာပါ။ ကြောင်ပြာ ပြီးသားလည်းဖြစ်သွားတာပေါ့"

"အလကားစားရတဲ့အတွက်ကျေး ဇူးတင်ပါတယ်"

ရုပ်ရှင်မင်းသမီး ခင်သန်းနုသည် အပျိုလား၊ အိမ်ထောင်ရှင်လားမသိ။ သူပါးစပ်မှထွက်လာသော လေသံတို့ သည် များစွာနားဝင်ချိုနေလေတော့ သည်။ ဆိုင်အကြောင်း၊ မိုးနဲအကြောင်း ကျွန်တော့်အကြောင်းကိုမေးပါလေတော့ သည်။ ကျွန်တော်က လူပျိုလူလွတ်တစ် ယောက်ဖြစ်ကြောင်းပြောဆိုလိုက်ရသဖြင့် များစွာပင်ဘဝင်ကျနေမိပါတော့သည်။ ခင်မင်ရင်နှီးမှုများစွာဖြင့် နှုတ်ဆက်၍ ပြန်သွားကြလေသည်။ သူတို့ပြန်သွား တော့လည်း တွန်တော့်ရင်ထဲတွင် ကျန်ရှိနေသောအာရုံခင်သန်းနုကတော့ ကျွန်တော့်နားကမခွာတော့ပါ။စားလည်း သူအမြဲပါ၊ သွားလည်း သူအမြဲပါ၊ အိပ် လည်း သူအမြဲပါသည်။ ဩော် . . . ရုပ်ရှင်မင်းသမီး ခင်သန်းနုရယ်၊ မင်းရဲ့ အာရုံတွေဟာ ငါ့ကိုနှိပ်စက်နေတော့ တာပဲ။ မင်းနဲ့ငါမဖြစ်နိုင်ဘူးဆိုတာ သိကြီးနဲ့ ငါ့ရင်ထဲမှာ မင်းဘာလို့ကြီးနေ တာလဲ။ ခင်သန်းနုကို မေ့မရအောက်မရ သော ကိလေသာအာရုံများဖြင့် ဖမ်းစား နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွင် ဆရာတော်ကျောင်းရောက်တော့ တရားလည်းမထိုင်ချင်၊ တရားလည်းမနာချင်ဖြစ်လာ၏။

"ဒကာကြီး"

"ဘုရား"

"ဘာဖြစ်လာတာလဲ။ ဒကာကြီးကြည့်ရတာ ကိလေသာမီးတောက်နေတယ်နဲ့တူတယ်"

"ဟုတ်တယ်ဘုရား။ မနေ့က တပည့်တော်ဆိုင်ကို ဒါရိုက်တာ စိန်ဖေတင်တို့အဖွဲ့ ခေါက်ဆွဲလာစားကြတယ်။ ရုပ်ရှင်မင်းသမီး ခင်သန်းနုကိုကြည့်ပြီး တပည့်တော်စိတ် ဂနာမငြိမ်ဖြစ်သွားတာပဲ"

ဆရာတော်ကပြုံးသည်။ လောကီလူသားတို့တွေ့ကြုံရသောမီးကို သူသိလေသည်။

"ဒကာကြီး"

"ဘုရား"

"အာရုံနဲ့ ဒွါရတိုက်တော့ မြင်ခန္ဓာပေါ်တယ်။ မနေ့ကမြင်ခဲ့တဲ့ ခင်သန်းနုက မြင်ပြီးခဲ့ပြီ။ မြင်တဲ့နေ့မှာလည်း မြင်ပြီး ပျက်သွားပြီ။ ဒီနေ့အထိရှိပါ့မလား"

"မရှိပါဘုရား"

"ဒီနေ့ထိရှိနေတဲ့ ခင်သန်းနုဟာ အာရုံခန္ဓာပဲ၊ အာရုံ ခင်သန်းနုပဲ။ အာရုံဥပါဒါနက္ခန္ဓာက မရှိတဲ့တရားဘဲ။ မရှိတာကို စွဲနေတာကဥပါဒါန်၊ လိုချင်နေတာက တဏှာ၊ မရှိပါဘူးလို့မသိတာက အဝိဇ္ဇာ"

"တင်ပါ့"

"တကယ့်ခန္ဓာအစစ်က မနေ့က မြင်တဲ့အခိုက်မှာပဲ မြင်စိတ်ဖြစ်ပြီး ချုပ်သွားတာ။ ဒီနေ့ထိကျန်နေတဲ့တရားက ဥပါဒါန်ဆိုတဲ့ ကိလေသာတရားပဲ။ ဒီခန္ဓာက တကယ်အစစ်မဟုတ်ဘူး။ အရှိတရားမဟုတ်ဘူး။ မရှိတာကိုလည်း အရှိထင်ပြီးစွဲနေတာ။ ဘာနဲ့တူလဲ"

"အရူးနဲ့တူပါတယ်ဘုရား"

"မရှိတာကို အရှိထင်ပြီး စွဲနေတာက လူကိုဒုက္ခပေးတာ။ တကယ်ခန္ဓာအစစ်က လူကိုဒုက္ခမပေးဘူး။ ဘုရားရဟန္တာတွေဟာ ဒီအာရုံခန္ဓာ ဥပါဒါန်အာရုံခန္ဓာချုပ်ငြိမ်းကြလို့ ရဟန္တာတွေဖြစ်သွားကြတာ။ သူတို့မှာ ကျန်နေတာတော့ ခန္ဓာအစစ်ဖြစ်တဲ့ ပဉ္စက္ခန္ဓာဆိုတဲ့ ဝိပါကဝဋ်ခန္ဓာပဲ"

"တပည့်တော် ရှင်းသွားပြီဘုရား။ တပည့်တော်တရားထိုင်တာ ကိုယ့်ကိုယ် ကိုယ် မဂ်ရပြီထင်တာ ခင်သန်းနုနဲ့တွေ့မှ ငါအထင်ကြီးနေတာလို့ သိရတော့ တယ်ဘုရား"

"ဒကာကြီးက သမာဓိအဆင့်ပဲ ရှိသေးတယ်။ ဝိပဿနာကို ကြိုးစားရဦးမှာ"

"တပည့်တော် ကြိုးစားပါ့မယ် ဘုရား"

"သာဓု. . . သာဓု. . . သာဓု"

■ အေးမြသောမိဘရိပ်ဝယ်

"မောင်စိန်ဝင်း"

"ဟုတ်ကဲ့"

"မင်း ငါနဲ့ တောင်ကြီးကိုလိုက်ခဲ့"

"ဟုတ်ကဲ့၊ လိုက်ခဲ့မယ်"

"မင်းကားမောင်းတတ်လား"

"မောင်းတတ်ပါတယ်"

"အေး - မနက်ဖြန် ငါတို့ တောင်ကြီးသွားကြရအောင်"

"ဟုတ်ကဲ့ခင်ဗျား"

နလကဥက္ကဋ္ဌကြီး ဗိုလ်ကြီးဆယ်လွင်သည် တောင်ကြီးသို့မကြာခဏသွားရ၏။ ရှမ်းပြည်နယ်၏မြို့တော်ဖြစ်သလို ပြည်နယ်အုပ်ချုပ်ရေးမြို့ဖြစ်၏။ အစည်းအဝေးတက်ရ၏။ အစိရင်ခံစာတင်ရ၏။ မြို့အုပ်ချုပ်ရေးကိစ္စအဝဝ မြည်နယ်ရုံးနှင့် ဆက်စပ်သွားနေသည်။ ယခုလည်း အစည်းအဝေးသွားရခြင်းဖြစ်၏။ လင့်ရိုဘာကားလေးကိုမောင်းပြီး ဆရာတပည့် နှစ်ယောက် တောင်ကြီးသို့ထွက်ခွာလာ၏။

"မောင်စိန်ဝင်း"

"ဟုတ်ကဲ့ ဆရာ"

"မင်း အုတ်ကျောင်းကိုမကြာခဏ ရောက်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ရောက်ပါတယ်"

"အေး - ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်ခိုရတာ ကောင်းပါတယ်"

"ဟုတ်ကဲ့၊ မိုးကုတ်ဆရာတော်ကြီးရဲ့တပည့်တွေပါ။ ဆရာတော်ကြီးရဲ့ခွေးတွေနာတယ်၊ ဆွေးနွေးကြတယ်"

"သိပ်ကောင်းတာပေါ့။ ဆရာတော်ကြီးရဲ့ခွေးတွေရယူရင်ယူခဲ့ပေးပါဦး။ တရားနာကြည့်တာပေါ့"

"ဟုတ်ကဲ့ ဆရာ၊ တရားခွေးတွေ အများကြီးပဲ။ နာနိုင်သလောက်ယူပေးပါ့မယ်"

"အေးအေး-ကိုယ့်ရင်ထဲမှာတရားကိန်းနေတာအကောင်းဆုံးပဲ"

"ဟုတ်ကဲ့"

"မင်းတောင်ကြီးမှာအသိရှိလား"

"ဟုတ်ကဲ့၊ ဦးလေးအရင်းရှိပါတယ်"

"ဒါဆိုရင် မောင်စိန်ဝင်းက တောင်ကြီးရောက်ရင် မင်းဦးလေးအိမ်သွားနေလို့ရတာပေါ့"

"ဟုတ်ကဲ့၊ ရပါတယ်"

"တောင်ကြီးမှာ ကားမောင်းတဲ့သူရှိတယ်။ ဟိုရောက်ရင် ဒီကားကို သူမောင်းလိမ့်မယ်။ မင်းလည်း မင်းမိဘတွေရှိတဲ့မြို့ကို ခွင့်(၁၀)ရက်ပေးလိုက်မယ်၊ မင်းပြန်ပေါ့"

"ဟုတ်ကဲ့"

"မိဘတွေနဲ့ မတွေ့ရတာ ဘယ်လောက်ကြာပြီလဲ"

"(၅)နှစ်လောက်ရှိမယ်ထင်တယ်"

"တော်တော်ကြာပြီပဲ။ မိဘတွေကို ပိုက်ဆံပေးနိုင်တာတစ်ခုတည်းနဲ့တာဝန်ကျေပြီလို့ထင်နေရင်မှားတယ်"

"ဟုတ်ကဲ့"

"မိဘတွေ သက်ရှိထင်ရှားရှိစဉ် မိဘတွေထံ ပြန်ပေးရတယ်။ ကိုယ်သားသမီးအရင်း ပြန်တွေ့ရရင် မိဘတွေရဲ့ရင်ထဲမှာ အလွန်ပျော်တာ။ နောက် မိဘတွေကို ကိုယ်ထိလက်ရောက်ကန်တော့ရတာ အပြစ်တွေကျေတယ်"

"ဟုတ်ကဲ့"

"မိဘတွေရဲ့မေတ္တာဓာတ်ကိုခံယူရတယ်။ မိဘတွေရဲ့မေတ္တာဓာတ်က အလွန်ကြီးမားတော့ ကိုယ့်ကိုစောင့်ရှောက်နေတယ်။ ဘုန်းကံလည်းကြီးတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်က ငွေပို့ပေးနေလို့ တာဝန်ကျေပြီးထင်တာ"

"မဟုတ်ဘူး မောင်စိန်ဝင်း၊ မင်းတစ်ပြားမှမပေးနိုင်လည်း မိဘတွေက မမျှော်လင့်ဘူး။ အဓိက သိတတ်မှုပဲ။ ကိုယ်က မိဘအပေါ် မေတ္တာထားပေးရတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျွန်တော်လည်း အတွေးအခေါ်အသစ်တစ်ခုရသွားပါတော့သည်။ ဗိုလ်ကြီးဆယ်လွင်ပြောမှ သတိရလာတော့သည်။ အမေ၊ အဖေ အသက်တွေအတော်ကြီးနေပြီ။ သားကိုမတွေ့ရတာ (၅) နှစ်တောင်ရှိပြီ။ သားကို တွေ့ချင်၊ မြင်ချင်မှာပေါ့။ ခုမှ အမေ့မျက်နှာကို မြင်ယောင်လာပါတော့သည်။ အမေရယ်၊ သားကိုမျှော်နေပြီလား။ သားလည်း မေမေ့ကို သိပ်သတိရနေတာ။ သား မနက်ဖြန် မေမေ့ထံအပြေးသွားခဲ့မယ်နော်။ မေမေ ဝမ်းသာမှာကို သား မြင်ယောင်နေမိ၏။

နောက်နေ့တွင် တောင်ကြီးမှ

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်ဝင်း(လှတော)

မျက်စိနာ၊ မျက်ရိုးကိုက်၊ မျက်စိမှုန်ဝါးခြင်းဖြစ်သော်

ညနေ (၄) နာရီမှာ ကျွန်တော်တို့မြေးအဘိုးလမ်းလျှောက်ရန် စစ်ကိုင်း-ရွှေဘိုကားလမ်းပေါ် တက်ပြီး မြောက်တည့်တည့်ကိုရောက်ပါသည်။ ထိုမှ အရှေ့လမ်းဆုံ၊ အရှေ့လမ်းဆုံနှင့် အနောက်လမ်းဆုံကြားမှာ တောင်မြောက်ဆည်မြောင်းတစ်ခုရှိနေသည်။ ဆည်မြောက်အနောက်တောင်ပေါ်မှာ မြောက်တည့်တည့်ဆက်လျှောက်ပါသည်။

ဒေသက ဆည်မြောင်းကို မူးဟုခေါ်၍ ဆည်မြောင်းပေါင်းကို မူးရိုးဟုဆိုကြပါသည်။ သိမှတ်ထားကြပါသည်။

မူးရိုးအနောက်ဘက်မှာ ရွှေကျင်ဝရိယတိုက်စာသင်တိုက်အဆောင်အဆုံများကိုလည်းကောင်း မနီးမဝေး အရှေ့ဘက်တွင် မင်္ဂလာအုတ်ကျောင်းတော်ကြီး၏ အဆောက်အအုံများကို လည်းကောင်း တွေ့မြင်ရပါသည်။ စိတ်မှာကြည်နူးဝမ်းသာဂုဏ်ယူရပါသည်။

ကားတစ်စီးသွားနိုင်သောအကျယ်ရှိပြီး ကျောက်ခဲကြောလမ်းကလေးဖြစ်၍ ကျွန်တော်တို့လမ်းလျှောက်ရတာကောင်းမွန်ပါသည်။

မြောက်တည့်တည့်ကလာသောဆိုင်ကယ်တစ်စီးက ကျွန်တော်တို့မြေးအဘိုးအနီးမှာရပ်လိုက်ပါသည်။

"လမ်းလျှောက်ကြတာကတော့ ပုံမှန်ပဲဗျို့။ ဟ - ကလေးက ပြန်ခွင့်ရသလား"

ဟု ဆိုင်ကယ်ပေါ်ကနေမှမေးပါသည်။

ထိုသူက ကျွန်တော်တို့မြေးအဘိုးနှင့်ရင်းနှီးသူ ဦးကျော်မြင့်ဆိုသူ ဖြစ်ပါသည်။

"ဆေးကျလို့ စစ်တက္ကသိုလ်က ပြန်လွှတ်သဗျ"

ဟု ကျွန်တော်ပြန်ပြောလိုက်ရပါ၏။

ကျွန်တော့်မြေး မောင်ဘုန်းပြည့်သို့သည် ၂၀၁၆ ခု စစ်တက္ကသိုလ်ဝင်ခွင့်ရ၏။ ၁၃ ရက်မှ စစ်တက္ကသိုလ်မှာနေခဲ့ရပြီး မျက်စိပါဝါရှိ၍ဆေးအဖွဲ့ကပြန်လွှတ်ခြင်းဖြစ်ကြောင်း ကျွန်တော်ရှင်းပြသည်။

မျက်စိပါဝါချဖို့ လိုအပ်ကြောင်း၊ မျက်စိပါဝါကျလျှင် ၂၀၁၇ ခုနှစ်တွင် ဆက်တက်ခွင့်အတွက် အသက်မီသေးကြောင်းကိုပါ ကျွန်တော်ဆက်ပြောမိသွားပါသည်။

"အဲသလိုကိုး။ ဒါများ ဦးဇော်ဝင်းရယ် စောစောကပြောရောပေါ့။ လာကြအိမ်လိုက်ခဲ့ကြ"

ဟုဆိုပြီး ဦးကျော်မြင့်ဆိုင်ကယ်ကို ပြန်တွေ့ပါသည်။ ဖြည်းဖြည်းပြန်စီးသွားပါ ၏။

မူးရိုးအနောက်ဘက်မှာ ဦးကျော်မြင့်အိမ်နှင့်ခြံရှိနေပါသည်။ ကျွန်တော်တို့မြေးအဘိုးနောက်ကနေလျှောက်လိုက်ခဲ့ကြပါ၏။

ကျွန်တော်တို့မြေးအဘိုးအိမ်ရှေ့တန်းလျားမှာ ဝင်ထိုင်ကြသည်။ ဦးကျော်မြင့်က အိမ်မထဲဝင်သွားပြီးပြန်ထွက်လာပါသည်။ ကျွန်တော်တို့ရှေ့တန်းမှာမှာ ဦးကျော်မြင့်ထိုင်လိုက်ပါ၏။

ဦးကျော်မြင့်လက်ထဲမှာ အနက်ရောင်သစ်သီးအလုံးကလေးတစ်လုံးပါလာ၏။ ထိုသစ်သီးကလေးအခွံလေးကို ဦးကျော်မြင့်ကိုက်ခွဲလိုက်ရာ အတွင်းမှအနက်ရောင်အစေ့လေးတစ်စေ့ထွက်လာ၏။

အသီးအခွံကမာပုံရ၏။

"ဟောဒါလေးကို အိပ်ရာဝင်ချိန်မှာ ရေအေးနဲ့ ကျောက်ပျဉ်ပေါ် တင်ပြီးသွေးပါ။ ရလာတဲ့အနှစ်ကို မျက်လုံးအထက်အောက်ဘေးနှစ်ဖက်မှာ ထူထူလိမ်းပေးဗျာ။ မျက်စိနာမျက်ရိုးကိုက်က (၃) ရက်ထပ်ပို့မလိမ်းရဘူး ပျောက်ပါတယ်။ မျက်စိမှုန်ဝါခြင်းအတွက်ကတော့ ရက်ကြာကြာလိမ်းပေးရမယ်။ မျက်မှန်သမားတွေ မျက်မှန်ချွတ်ရတဲ့အထိ ပါဝါကျပါတယ်။ စိတ်ရှည်ရှည်နဲ့ကြိုးစားပြီးလိမ်းပေးဖို့တော့လိုသဗျာ"

ဟု ကျွန်တော့်ကိုလှမ်းပေးသဖြင့် ယူလိုက်ရပါသည်။

ကျွန်တော်တို့ ဦးကျော်မြင့်အိမ်မှအထွက် -

"အခြေအနေကိုကျွန်တော့်ကိုပြန်ပြောပါဦး"

ဟုမှာပါ၏။

"ဘာသီးတုံးဗျ"

ဟု ကျွန်တော်ကမေးရာ -

"ကျီသီးဗျ။ သူ့ရာသီသူ့ရက်ရောက်မှသီးတယ်။ ကျွန်တော့်ကုန်းထဲမှာ ကျီပင်တွေရှိတယ်။ လိုသလောက်ရတယ် မမှုနဲ့ဗျာ"

ဟု ပြန်ဖြေပါသည်။

ဦးကျော်မြင့်က တောင်ဘက်တည့်တည့် ဆိုင်ကယ်ဖြင့်ထွက်သွားပြီး ကျွန်တော်တို့မြေးအဘိုးက မြောက်တည့်တည့်လျှောက်ခဲ့ကြပါသည်။

အချိန်မရသဖြင့် ကျွန်တော်တို့ ဝေးဝေးမလျှောက်နိုင်တော့ပါ။

အိမ်ကို ပြန်ရောက်သည့်ချိန် သမီးအငယ်မကို ကျီသီးအစေ့လေးပေးပြီး ဆေးအသုံးပြောပြလိုက်ပါသည်။

ထိုနေ့မှစတင်ပြီး အိပ်ရာမဝင်မီ ကျွန်တော့်မြေးမောင်ဘုန်းပြည့်လှဲကို သူ့အဒေါ် ကျွန်တော့်သမီးအငယ်မက လိမ်းပေးပါတော့သည်။

ရက်တစ်ပတ်မျှ ကြာသွားပြီး ကျွန်တော် မန္တလေးကို အလုပ်ကိစ္စနှင့် သွားရာ မြေးကြီးကိုပါခေါ်ခဲ့ပါသည်။

နာမည်ကြီးမျက်စိဆေးခန်းကြီးတစ်ခုမှာ ကျွန်တော့်မြေး မျက်စိဝင်ချိန်ပါသည်။ ခေတ်ပေါ် စက်ကြီးများဖြင့် စမ်းသပ်ပါသည်။ မယုံနိုင်အောင်ဖြစ်ပါ၏။

ကျွန်တော့်မြေးကြီးက အဝေးမှန် (၁၇၅)၊ (၂၀၀) က (၁၂၅)၊ (၁၅၀) သာရှိပါတော့သည်။

တစ်ပတ်အတွင်း ပါဝါ (၅၀) ကျသွားခြင်းဖြစ်ပါသည်။

နောက်ရက် ကျွန်တော်တို့မြေးအဘိုး လမ်းလျှောက်ချိန် ဦးကျော်မြင့်အိမ်ကိုဝင်ပြီးတွေ့ပါသည်။

မြေးကြီး ပါဝါ (၅၀) ရက်တစ်ပတ်အတွင်းကျပါကြောင်း ကျွန်တော်ပြောပြပါသည်။

ဦးကျော်မြင့်က -

"ဝမ်းသာပါတယ်ဗျာ"

ဟုပြောပြီး နောက်ထပ် ကျီသီးနှစ်လုံးထပ်ပေးလိုက်ပါသည်။

သုံးမည့်ရက်ရောက်သော် အခွံကို ခွာလိုက်ပါဟုလည်းမှာပါသည်။

ဦးကျော်မြင့်သည် လယ်သမားခြံသမားတစ်ဦးဖြစ်ပြီး ဝါသနာအရ ဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာများ လေ့လာနေသူဖြစ်ပါသည်။

ကျီစေ့ကို ရေအေးဖြင့် ကျောက်ပျဉ်ပေါ် တင်သွေးပြီး ရသမျှအနှစ်ကို ညအိပ်ရာမဝင်မီ မျက်စိအထက်အောက်ဆေးနှစ်ဖက်ကိုလိမ်းပေးရပါမည်။

(၃) ရက်အတွင်း မျက်စိနာမျက်ရိုးကိုက်ခြင်းပျောက်မည်ဟုလည်းယုံကြည်ပါသည်။

မျက်စိမှုန်ဝါးခြင်း (အနီးမှုန်၊အဝေးမှုန်) အတွက် ရက်တစ်ပတ်မျှလိမ်းပေးရုံမျှဖြင့် ပါဝါ (၅၀) ကျသွားခြင်းက ကိုယ်တွေ့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဒေသတော်တော်များများတွင် ကျီပင်များရှိနေကြောင်းပါက်ကြောင်း သိရှိရပါသည်။

မေတ္တာဖြင့်
ကိုဇော်ဝင်း(လှတော)

www.burmeseclassic.com

www.burmeseclassic.com

အိမ်အရောင်းအဝယ်စာချုပ်လက်မှတ်ထိုးရန် ကျွန်မ၏ အစ်မဖြစ်သူရန်ကုန်မြို့မှဖုန်းဆက်လာသဖြင့် ကျွန်မတာဝန်ထမ်းဆောင်ရာ ကျောင်းအုပ်ကြီးထံတွင် ခွင့်စာတင်၍ ရန်ကုန်သို့ထွက်လာခဲ့သည်။ ကျွန်မမှာ မော်လမြိုင်မြို့ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော အလယ်တန်းပြဆရာမတစ်ဦးဖြစ်သည်။ ကျွန်မတို့ညီအစ်မတွင် မိဘများမရှိတော့ပါ။ ကျွန်မတို့နှစ်ဦးသာသွေးရင်းများဖြစ်ပြီး နှစ်ဦးစလုံး အိမ်ထောင်မပြုဘဲနေခဲ့ကြသည်။ မိဘများရှိစဉ် ဒဂုံမြို့သစ်တောင်ပိုင်းတွင် နေထိုင်ခဲ့ကြသည်။ ကျွန်မဘွဲ့ရပြီး ကျောင်းဆရာမအလုပ်ရခဲ့သည်။ အလုပ်ဝင်သည်မှ ယနေ့အထိ တာဝန်ကျရာမော်လမြိုင်မြို့တွင်သာ နေထိုင်ခဲ့သည်။ ကျွန်မအသက်ပင် သုံးဆယ်ကျော်ခဲ့ပြီဖြစ်သည်။ ကျွန်မ၏ အစ်မဖြစ်သူမှာ လက္ခဏာ၊ ဗေဒင်ဟောသည့်လုပ်ငန်းဖြင့် ရန်ကုန်မြို့တွင်သာနေထိုင်ခဲ့သည်။မိဘများမရှိတော့သည့်နောက် ပိုင်း ညီအစ်မနှစ်ဦး တကွဲတပြားစီနေထိုင်ရန် မသင့်

မောင်မောင်မိုးအောင်
(ဘဝမီမာန် စာပူဆုရ)

ရေဝဲအော်သံကြီးနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

တော့ဟုထင်မြင်လာခဲ့သည်။ ကျောင်းဆရာမ အလုပ်မှာ မိန်းကလေးနှင့် အသင့်လျော်ဆုံးအလုပ်ဟု မမကဖြေခဲ့သည်။ ဒဂုံတောင်ပိုင်းမှအိမ်ကိုရောင်းချလိုက်သည်။စရန်ငွေယူထားပြီးဖြစ်သည်။ ယခု အပြီးအပြတ်ငွေချေတော့မည်ဖြစ်၍ မမက ကျွန်မကို ဖုန်းဆက်ခေါ် လိုခြင်း ဖြစ်သည်။ စာချုပ်ပေါ် တွင် လိုစဉ်းယောက်စလုံး လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ ကျွန်မ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့မှာပင် အိမ်အရောင်း

www.burmeseclassic.com

www.burmeseclassic.com

အဝယ်စာချုပ်ချုပ်ဆိုဖြစ်သည်။ အိမ်ရောင်းရင်ငွေအချို့ကို မမက ဘဏ်တွင် အပ်နှံထားလိုက်၏။ညီအစ်မနှစ်ယောက် အထုပ်အပိုးများဖြင့် မော်လမြိုင်သို့ပြန်လာခဲ့ကြသည်။ ညီအစ်မနှစ်ဦး ရထားစီးရပြန်လာခဲ့ကြသည်။

"မမနဲ့အမြဲတမ်းအတူတူနေရတော့မှာမို့ ညီမလေးသိပ်ဝမ်းသာတာပဲ"

"တို့ညီအစ်မနှစ်ယောက် အပြန်အလှန်ကူညီစောင့်ရှောက်ပြီးနေကြတာပေါ့။ ဒါနဲ့ ညီမလေးဝယ်ဖို့ပြောဆိုထားတဲ့အိမ်က တကယ်ရောင်းမှာနော်"

"စိတ်မပူပါနဲ့ မမရယ်၊ ဝယ်မယ့်အိမ်က ညီမလေးအခုလက်ရှိငှားနေတဲ့အိမ်နဲ့ကပ်လျက်ပဲ။ အိမ်ရှင်က မုဆိုးမတစ်ဦးပါ။ ညီမလေး လူကြီးတွေနဲ့ပြောဆိုထားပြီးသား။ ညီမလေးတို့ရောက်လို့ ငွေချေပြီးတာနဲ့ အိမ်ရှင်က တောကိုပြန်တော့မှာတဲ့။ တစ်ယောက်တည်းနေဖို့ မသင့်တော်လို့ တောက ဆွေမျိုးတွေဆီပြန်နေမှာတဲ့"

"အေးပါလေ၊ ငါ့ညီမလေး စိတ်ချမ်းသာရင်ပြီးတာပါပဲ"

ကျွန်မတို့ညီအစ်မနှစ်ဦး နေထိုင်မည့်အိမ်ကို ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ယခုကျွန်မသူငယ်ချင်းများနှင့်အတူ စုပေါင်းငှားရမ်းနေထိုင်သည့်နေအိမ်နှင့်ကပ်လျက်ဖြစ်၏။ မော်လမြိုင်မြို့ မောင်ငံရပ်ကွက်တွင်ရှိသည်။ ကျွန်မတာဝန်ထမ်းဆောင်နေသည့်ကျောင်းနှင့်လည်းနီးလေသည်။ ဆယ့်ငါးမိနစ်ခန့်လမ်းလျှောက်သွားလျှင် ကျောင်းသို့ရောက်ရှိနိုင်သည်။ ဆယ့်ငါးနှစ်ခန့် ကျွန်မ နေထိုင်ခဲ့ပြီးလည်းဖြစ်၍ ကိုယ့်ဇာတိရပ်ကွက်လိုဖြစ်နေပါသည်။ ပတ်ဝန်းကျင်လည်း အေးချမ်း၍ လူသန့်သဖြင့် အခြေချနေထိုင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ရထားပေါ်တွင် မမနှင့် စကားပြောရ၍မဝနိုင်အောင်ပင်ဖြစ်နေခဲ့သည်။ နေမွန်းတိမ်းစအချိန်တွင် ကျွန်မတို့စီးလာသောရထားမှာ မုတ္တမသို့ရောက်လာသည်။ မုတ္တမရောက်သည်နှင့် မော်လမြိုင်ကိုဆက်သွယ်ဖောက်လုပ်ထားသည့် သံလွင်တံတားကြီးကိုလှမ်းတွေ့ရသည်။ ရထားက သံလွင်တံတားပေါ် ရောက်လာသည်။

"ဒီတံတားကြီးဖွင့်ပြီးကတည်းက မမမော်လမြိုင်ကိုတစ်ခေါက်မှမရောက်ဖြစ်သေးဘူး။ ရှုခင်းတွေကလှလိုက်တာနော် ညီမလေး"

ရထားကြီးသံလွင်တံတားပေါ် အဖြတ်တွင် ရှုခင်းများကိုကြည့်ရင်း မမကပြောလိုက်သည်။ တံတားပေါ်မှလှမ်းကြည့်လိုက်ရာ ဟိုးဝေးဝေးညာဘက်ယွန်းယွန်း မော်လမြိုင်အနောက်ဘက်တွင် ကလိတောင်တန်း၊ ဘီလူးကျွန်းကိုလှမ်းတွေ့ရသည်။

"ဟိုးမှာလှမ်းတွေ့နေရတာ ကလိတောင်တန်း၊ ဘီလူးကျွန်းလို့ခေါ်တယ်။ ချောင်းဆုံမြို့နယ်ပေါ့။ မွန်တိုင်းရင်းသားတွေအများဆုံးနေတဲ့ဒေသပေါ့"

မမကို ကျွန်မ ရှင်းပြလိုက်သည်။ တဖြည်းဖြည်းနှင့်မော်လမြိုင်နှင့်နီးလာသည်။ လက်ဝဲဘက်သို့လှမ်းကြည့်လိုက်သည်။

"အဲဒါ ခေါင်းဆောင်ကျွန်းမဟုတ်လား၊ အပေါ်စီးကမြင်ရတဲ့ရှုခင်းက လှလိုက်တာ"

"ဟုတ်တယ်၊ ခေါင်းဆောင်ကျွန်းပါပဲ"

"ကျွန်းပေါ်မှာစေတီတစ်ဆူဖူးတွေ့ရတယ်။ ဘာစေတီလဲ ညီမလေး"

"အဲဒီစေတီရဲ့ မူလဘွဲ့အမည်က ဆံတော်ရှင်လို့သိရတယ်။ ခုတော့ သစ္စာမဏ္ဍိုင်လို့ဘွဲ့အမည်တွင်နေပြီ"

"ညီမလေးက ခေါင်းဆောင်ကျွန်း အကြောင်းတော်တော်သိနေပါလား"

"ညီမလေး မော်လမြိုင်မှာနေခဲ့တာကြာပြီလေ။ အဲဒီခေါင်းဆောင်ကျွန်းပေါ် တော့ နှစ်ခေါက်သုံးခေါက်လောက် သာရောက်ဖူးခဲ့တာ။ ကျွန်းပေါ်က ကျောင်းထိုင်ဆရာတော်ပြောပြလို့ သိခဲ့ရတာ။ ဒီကျွန်းရဲ့နောက်ခံသမိုင်းက စိတ်ဝင်စားဖို့ကောင်းတယ်။ ပြီးတော့ ထူးဆန်းတာတွေလည်းကျွန်းပေါ် မှာရှိသေးတယ်"

"မမလည်း စိတ်ဝင်စားပါတယ်။ ညီမလေးသိသလောက်ပြောပြပါလား"

"ညီမလေး ကြားဖူးသမျှ ပြောပြမယ်။ အနော်ရထာမင်းကြီးဟာ ပဋ္ဌကတ်တော်များရရှိရေး သုဝဏ္ဏဘုမ္မိကို ချီတက်လုပ်ကြံရာမှာ ပထမအကြိမ်မအောင်မြင်ခဲ့ဘူး။ ဒုတိယအကြိမ်မှာတော့ ဒီခေါင်းဆောင်ကျွန်းကိုရောက်လာပြီး ခေါင်းဆောင်ဖက်လာပြု၊ သစ္စာအဓိဌာန်ပြုပြီးတော့မှ သုဝဏ္ဏဘုမ္မိကို ချီတက်လုပ်ကြံတယ်။ အလွယ်တကူအောင်မြင်ခဲ့တယ်လို့ဆိုကြတယ်။ အနော်ရထာမင်းနောက်ပိုင်း ဟံသာဝတီဘုရင် ရာဇမိရာဇဟာလည်း အင်းဝဘုရင်မင်းခေါင်နဲ့ နှစ် (၄၀) စစ်ပွဲဆင်နွှဲရာမှာ ဒီကျွန်းကို ရောက်လာပြီး ခေါင်းဆောင်ဖက်လာပြုခြင်း၊ သစ္စာအဓိဌာန်ပြုခြင်းများပြုလုပ်ခဲ့တယ်လို့လည်း ပြောကြတယ်။ ပြီးတော့ အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာမှာလည်း ဘေးလောင်းတော် အနော်ရထာမင်းကို အစွဲပြုပြီး ဒီကျွန်းမှာ ခေါင်းဆေးမင်လာပြုခဲ့တယ်တဲ့။ အလောင်းမင်းတရားဦးအောင်ဇေယျဟာ သန်လျင်မြို့ကို ချီတက်လုပ်ကြံရာမှာ မအောင်မြင်လို့ ဒီကျွန်းကိုရောက်လာပြီး နတ်ရေတွင်းမှာ ခေါင်းဆေးမင်လာပြု အောင်မြေနှင်းသစ္စာအဓိဌာန်ပြုခြင်းတို့ပြုလုပ်ခဲ့တယ်။ ပြီးမှ သန်လျင်ကို ချီတက်လုပ်ကြံတယ်။ အလွယ်တကူအောင်မြင်ခဲ့တယ်လို့ သိရတယ်"

"ညီမလေးပြောပုံအရဆိုရင်တော့ ဒီကျွန်းဟာ သမိုင်းဝင်ကျွန်းပေါ့။ စိတ်ဝင်စားဖို့ကောင်းလိုက်တာ"

"ဒီကျွန်းရဲ့နာမည်က ဆယ့်ငါးခုလောက်ရှိတယ်လို့ပြောကြတယ်။ ညီမလေးမှတ်မိသလောက် နာမည်တွေကတော့ ခေါင်းဆေးကျွန်း၊ ပွန်ဇလိုင်ကျွန်း၊ သင်္ကြန်ကျွန်း၊ ပတ္တမြားကျွန်း၊ ကျီးကျွန်းတွေပဲ မမရယ်၊ တခြားနာမည်တွေရဲ့ဖြစ်စဉ်ကိုမသိပေမယ့် ကျီးကျွန်းလို့ခေါ်တာတော့ သိတယ်။ ညနေဘက်ဆိုရင် မော်လမြိုင်ပတ်ဝန်းကျင်က ကျီးငှက်တွေအုပ်စုဖွဲ့ပြီး ဒီကျွန်းလာပြီး အိပ်တန်းတက်ကြတာ။ နံနက်အရုဏ်တက်အိပ်တန်းဆင်းချိန်ဆိုရင် ကျီးငှက်ထောင်ပေါင်းများစွာ ဆူညံပျံ့ဝဲနေတာတွေ့ရတယ်"

"ဒါကြောင့် ကျီးကျွန်းလို့ခေါ်ကြတယ်မဟုတ်လား ညီမလေး"

"ဟုတ်တယ် မမရဲ့၊ ဒီခေါင်းဆေးကျွန်းဟာ မော်လမြိုင်နဲ့ မုတ္တမကြားမှာရှိပေမယ့် မော်လမြိုင်ဘက်ကမ်းနဲ့ ပိုနီးတယ်။ ကျွန်းပတ်ပတ်လည်မှာ ကျောက်ဆောင်တွေထူထပ်ပိုင်းခဲနေလို့ ကြောက်မက်ဖွယ်ဝကြီးတွေဖြစ်ပေါ်နေတယ်။ ရေဝေအော်သံကြီးတွေလည်း ကြားနေရတယ်"

"ဒီခေါင်းဆေးကျွန်းက စိတ်ဝင်စားစရာပါပဲလား၊ ညီမလေးပြောပြတာတွေထဲမှာ ဒီကျွန်းမှာ သစ္စာအဓိဌာန်ပြုပြီး ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ အောင်အောင်မြင်မြင်ဖြစ်ခဲ့တယ်နော်။ ဒီတော့ ညီမလေးကိုတစ်ခုပြောချင်တယ်။ အိမ်ရောင်းပြီးကတည်းက မိဘတွေအတွက် ရည်စူးပြီး အလှူဒါနလုပ်ဖို့ရည်ရွယ်ထားတယ်လေ"

"ဟုတ်တယ်လေ ဘုရားစေတီလို့လဲ မမရဲ့။ မိဘအတွက်ရည်စူးပြီး ကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်ပြုတာပဲ မမကြိုက်သလိုသာ ဒီစဉ်ပါ"

"မမစဉ်းစားမိတယ်။ တို့မိဘတွေ အတွက်ရည်စူးပြီးလုပ်မယ့်အလှူကို အဲဒီ ခေါင်းဆောင်ကျွန်းပေါ် မှာသွားလုပ်ရင် ကောင်းဘူးလား"

"သိပ်ကောင်းတဲ့အကြံပဲ။ ညီမ လေးစိစဉ်ပေးမယ်။ ညီမလေးလည်း သဘောကျတယ်။ မမဆန္ဒအတိုင်းဖြစ် စေရမယ်"

ကျွန်မတို့ မော်လမြိုင်ပြန်ရောက် ပြီး မမမှာ ကျွန်မနှင့်အတူ လက်ရှိငှား ရမ်းနေထိုင်သောအိမ်တွင်ပင် နှစ်ပတ် ခန့်နေခဲ့သည်။ ကျွန်မပြောဆိုထားသော အိမ်ကို အပြီးအပိုင်ဝယ်ယူပြီးမှ ညီအစ်မ နှစ်ယောက် ကိုယ်ပိုင်အိမ်သို့ပြောင်းရွှေ့ နေထိုင်ကြသည်။ ကျွန်မတို့ဝယ်သော အိမ်မှာပျဉ်ထောင်သွပ်မိုးတိုက်ခံအိမ်လေး သာဖြစ်သည်။ အိမ်တက်မင်္ဂလာအဖြစ် သံယာတော်ငါးပါးပင့်ဖိတ်ပြီး ဆွမ်းကျွေး ဒါနပြုခဲ့ကြသည်။ အားလုံး အခြေတကျ ဖြစ်ပြီးမှ မမဆန္ဒအတိုင်း ခေါင်းဆောင်ကျွန်း ဘွင်အလှူလုပ်ရန် စီစဉ်ရတော့သည်။

ဆယ်ရက်ခန့်ကြိုတင်၍ ကျွန်မ ခေါင်းဆောင်ကျွန်းသို့သွားခဲ့သည်။ ဆရာ တော်ထံလျှောက်ထားပြီး အလှူပြုလုပ် မည့်ရက် တောင်းခံရသည်။ ဥပုသ်နေ့ တွင် ဆွမ်းကျွေးဒါနပြုခွင့်ရခဲ့သည်။ ကျောင်းရှိသံယာအားလုံးနှင့် ကျွန်းသို့ ရောက်လာသမျှ ဥပုသ်သည်များကို နံနက်စာကျွေးမွေးဒါနပြုမည်ဖြစ်သည်။ ဆရာတော်ထံမှ သတ်မှတ်ရက်ရပြီး ကျွန်မခေါင်းဆောင်ကျွန်းမှပြန်လာခဲ့သည်။

"ဘယ်လိုလဲ၊ အလှူလုပ်ဖို့အဆင် ပြေရဲ့လား"

"အဆင်ပြေပါတယ်။ နောက်တစ် ပတ်ဥပုသ်နေ့မှာဆွမ်းကျွေးခွင့်ရတယ်"

"မမတို့ ဒီကနေ ဘာတွေစီစဉ် သွားရမှာလဲ"

"ဟိုမှာအားလုံးအဆင်ပြေတယ်။ အိုးခွက်ပန်းကန်ခွက်ယောက်ကျောင်းမှာ ရှိပြီးသား။ ချက်ပြုတ်စရာတွေသာယူ သွားရုံပဲ။ အဖိတ်နေ့ည ဟိုမှာသွားအိပ် ရမယ်။ ဒါမှ နောက်တစ်နေ့ အရုဏ်ဆွမ်း မီမှာ"

ကျွန်မက ကျောင်းရှိ သံယာ တော်အရေအတွက်၊ ရောက်လာနိုင်မည့် ဥပုသ်သည်၊ ဘုရားဖူးဧည့်သည်ခန့်မှန်း အရေအတွက် မမကိုပြောပြလိုက်သည်။ အားလုံးသိရှိပြီးသည်နှင့် အလှူအတွက် မမစီစဉ်ပါတော့သည်။

နေ့လယ်ပိုင်းတွင် လှူဖွယ်ပစ္စည်းများ၊ ချက်ပြုတ်စရာပစ္စည်းများနှင့်အတူ ကျွန်မတို့ ခေါင်းဆောင်ကျွန်းသို့သွားခဲ့ပါသည်။ ကျွန်မသူငယ်ချင်းဖြစ်သူဆရာဓသန်းသန်း လည်းအတူတူပါလာသည်။ မော်လမြိုင် ဘက်ကမ်းမှ စက်တပ်သမွန်ပေါ် သို့ ပစ္စည်းများတင်ပြီး ခေါင်းဆောင်ကျွန်းဘက် သို့ကူးလာကြသည်။

"တို့သုံးယောက်တည်းနဲ့ချက်ပြုတ် လို့ဖြစ်ပါတယ်နော် ညီမလေး"

"ဖြစ်ပါတယ် မမရဲ့၊ တစ်ညလုံး ချက်ကြမှာပဲ။ အစစအဆင်ပြေအောင် စီစဉ်ပေးမယ်လို့ ဆရာတော်က မိန့်ကြား ခဲ့သေးတယ် မပူပါနဲ့"

ကျွန်မတို့ ခေါင်းဆောင်ကျွန်းဘက် သို့ကူးလာချိန်သည် ရေကျချိန်ဖြစ်နေ သည်။ ကျောက်တုံးကျောက်ဆောင်များ ကို တွေ့နေရသည်။ကျောက်ဆောင်များ ကိုကွေ့ပတ်၍ မောင်းနှင်လာသည်။ မကြာမီ ခေါင်းဆောင်ကျွန်းသို့ရောက်လာ သည်။ ကမ်းကပ်ပြီး လှေပေါ် မှပစ္စည်း ပစ္စယများချနေစဉ်မှာပင် တဝူးဝူးနှင့် ရေငဲအော်သံကြီးများကြားလိုက်ရသည်။ ထိုရေငဲအော်သံကြီး ကြားရချိန်မှာပင် ကုန်းပေါ် မှကျောင်းသူကျောင်းသားအ ရွယ် ငါးဦးလှေဆိပ်သို့ အပြေးဆင်းလာ ကြသည်ကို လှမ်းတွေ့ရသည်။ ကိုးတန်း ဆယ်တန်းအရွယ်ကလေးများ ဖြစ်မည် ထင်သည်။ စကားလုံးဝမပြောဘဲ ကျွန်မ တို့ပစ္စည်းပစ္စယများကို ထမ်းသူထမ်း ရွက်သူရွက်ဖြင့် ကူညီသယ်ယူသွားကြ သည်။

"တွေ့လား မမ၊ ဆရာတော်က လိုအပ်မယ်ထင်လို့ အားလုံးစီစဉ်ပေး လိုက်တာဖြစ်မယ်။ ချက်ပြုတ်ရေး မမ ဘာမှမပူနဲ့တော့"

"လုပ်အားပေးငါးယောက်တိုးလာ တော့ မမတို့သက်သာတာပေါ့။ သူတို့ လေးတွေလည်း ကုသိုလ်ရတာပေါ့ကွယ်"

ကျွန်မတို့ ပစ္စည်းများသယ်၍ ကျွန်းပေါ် ရောက်လာစဉ် ကိုရင်လေး တစ်ပါးရောက်လာသည်။ ကျွန်မတို့နေ ထိုင်ချက်ပြုတ်ရမည့်နေရာကိုပြပေးသည်။ ပြီးနောက် လိုအပ်သောအိုးခွက်ပန်းကန် ခွက်ယောက်များစာရင်းပြုစု၍ထုတ်ပေး သည်။ ကျွန်မတို့မလုပ်ရပါ။ ကလေးများ သာ ဝိုင်းဝန်းသယ်ယူပေးကြသည်။ သူတို့ အုပ်စုတွင် ယောကျ်ားသုံးဦးနှင့် မိန်းက လေးနှစ်ဦးပါဝင်သည်။ ညနေမှောင်စပျိုး သည်နှင့် ကျီးငှက်အော်မြည်သံများဆူညံ နေပါတော့သည်။ ခေါင်းဆောင်ကျွန်း ကောင်းကင်ယံတွင် ကျီးငှက်ထောင်ပေါင်း များစွာ အိပ်တန်းတက်ရန် အော်မြည် ပျံဝဲနေကြ၏။ လုပ်အားပေးရောက်လာ သောကလေးငါးယောက်မှာ သွက်လက် ချက်ချာအလိုက်သိတတ်ကြ၏။ရေသယ် သူသယ်၊ ထင်းခွဲသူခွဲ ပန်းကန်ခွက်ယောက် ဆေးသူဆေးနှင့် အကွက်စေ့စေ့ ကူညီ လုပ်ကိုင်ပေးကြသည်။ ထိုနေ့က အားလုံး အလုပ်ရှုပ်နေကြသဖြင့် ညကိုးနာရီကျော် မှ ညစာစားဖြစ်တော့သည်။ ထမင်းဝိုင်း ပြင်ပြီး သူတို့ကိုထမင်းအတူစားရန်ခေါ် သည်။မည်သို့ခေါ် ခေါ် သူတို့မစားကြပါ။ နောက်မှစားမည်ဟုသာပြောကြသည်။ ကျွန်မတို့သုံးယောက်တည်းသာ ညနေ စာစားကြသည်။ကျွန်မတို့စားသောက်ပြီး ချိန်တွင် သူတို့ရောက်လာပြီး စားသောက် ထားသည့်ပန်းကန်များ သိမ်းဆည်းဆေး ကြောပေးကြသည်။ ထမင်းစားသောက် ပြီး နံနက် အရုဏ်ဆွမ်းအချိုပွဲအတွက် သစ်သီးများပြင်ဆင်နေကြသည်။ လိုအား တစ်ချောင်းလိုနေသဖြင့် ကျွန်မသူငယ် ချင်း သန်းသန်း မီးဖိုချောင်ဘက်သို့ဝင် သွားသည်။ သန်းသန်း ဓားယူပြီးပြန်လာ သည်။ သန်းသန်း၏အမူအရာမှာ ထူးခြား နေ၍ ကျွန်မ သူ့ကိုမေးလိုက်သည်။

"သန်းသန်း ဓားသွားယူတာ ဘာ တွေ့လာလို့လဲ၊ နင့်ပုံကတစ်မျိုးဖြစ်နေ တယ်"

"ဟိုလေ၊ သူတို့ငါးယောက်ထမင်း စားနေကြတာ ထူးနေသလိုပဲ"

"ထမင်းစားတာဘယ်လိုထူးလို့လဲ"

"ထမင်းကို ပန်းကန်တွေနဲ့ထည့် မစားကြဘဲ ဒန်အိုးကြီးနဲ့ခပ်းထဲထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းစားနေကြတာ"

"ပန်းကန်တွေပြန်ဆေးရမှာစိုးလို့ ထင်ပါတယ်ဟာ"

"ငါ့စိတ်ထဲ ထူးဆန်းနေသလားလို့ပါ"

လှီးချွတ်ချက်ပြုတ်နေကြရင်း ထိုညတွင် သူတို့မအိပ်ကြပါ။ ကျွန်မတို့ကို သာအိပ်စေပါသည်။ မမကလည်း သူတို့ကို အားနာ၍ အိပ်ခိုင်းသည်၊ မအိပ်ကြပါ။ မမက တစ်မှေးလောက်မှေးလိုက်မည်ဟုဆိုကာ ခေတ္တအိပ်လိုက်သည်။ ကျွန်မနှင့် သန်းသန်းမှာ မအိပ်တော့ပါ။ ဆက်လက် ချက်ပြုတ်လုပ်ကိုင်နေခဲ့ကြသည်။ ကျွန်မအလုပ်လုပ်နေရင်း သူတို့အုပ်စုကို လှမ်းကြည့်လိုက်မိသည်။ ငါးယောက်သား ထောင့်တစ်နေရာတွင်ခွေခွေလေးဖြစ်သလို အိပ်နေကြသည်ကို တွေ့လိုက်ရသည်။ မအိပ်ဟုသူတို့ပြောခဲ့သော်လည်း ယခု သူတို့အိပ်ပျော်နေကြသည်။ သူတို့ကို ကျွန်မ မနှီးရက်တော့ပါ။ ကျွန်မနှင့်သန်းသန်းနှစ်ဦးသာအလုပ်များဆက်လုပ်နေခဲ့သည်။ သန်းခေါင်ကျော်အချိန်သို့ပင်ရောက်လာခဲ့ပြီး ပတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်နေသည်။ ချောက်ချားဖွယ်ရာပင်ဖြစ်နေသည်။ ထိုစဉ်မှာပင် တဝူးဝူးနှင့် ရေဝေအော်သံများကြားလိုက်ရသည်။ လူခြေတိတ်ချိန်မို့ ရေဝေအော်သံကြီးမှာပိုမို ကျယ်လောင်စွာပင်ကြားရသည်။ ရေဝေအော်သံဆူညံနေစဉ်မှာပင် သူတို့ငါးဦးအိပ်ရာမှနိုးလာကြသည်။ ရေဝေအော်သံကြောင့် သန်းသန်းမှာကြောက်ရွံ့သည့်ဟန်ပန်ဖြင့် ကျွန်မအနားတိုးကပ်လာသည်။ ထိုစဉ် မမလည်း အိပ်ရာမှနိုးလာသည်။ အရက်တက်တော့မည်ဖြစ်သည်။ အရက်ဆွမ်းအမီ ကြုံတင်ပြင်ကြရတော့သည်။ သူတို့ငါးယောက်လည်း ကူညီလုပ်ကိုင်ပေးကြသည်။

ကျွန်မတို့ဆွမ်းပွဲပြင်ဆင်ပြီးစမှာပင် ကိုရင်လေးရောက်လာသည်။ ဆွမ်းပွဲအဆင်သင့်ဖြစ်ကြောင်း ကိုရင်လေးကို လျှောက်ထားလိုက်သည်။ ကိုရင်လေးပြန်ကြွသွားပြီး မကြာမီ ဆရာတော်နှင့် သံဃာတော်များကြွလာသည်။ ကျွန်မတို့ အရက်ဆွမ်းကပ်သည်။ ဆွမ်းဘုဉ်းပေးပြီး အချိုပွဲဆက်ကပ်သည်။ အားလုံးပြီးမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေသည်။ ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူးဒါနပြုသည်ဖြစ်၍ ဆရာတော်က ကျွန်မတို့မိဘအမည်များကို ထည့်သွင်းပြောကြားအမျှပေးဝေခဲ့သည်။

ရေစက်ချပြီး အမျှပေးဝေရာတွင် သူတို့ငါးယောက်၏ သာခုခေါ် သံမှာ ကျယ်လောင်စွာပေါ်ထွက်လာသည်။ ကျယ်လောင်လွန်းလှသော သူတို့သာခုခေါ် သံကြောင့် ဆရာတော်က အံ့ဩသည့်မျက်နှာထားဖြင့် သူတို့ငါးဦးမျက်နှာကို လှမ်းကြည့်လိုက်သေးသည်။

ရေစက်ချအမျှဝေအပြီးတွင် ဆရာတော်နှင့် သံဃာတော်များ ကျောင်းပေါ်သို့ ပြန်လည်ကြွသွားတော့သည်။ ထို အချိန်တွင် မိုးစင်စင်လင်းနေပြီဖြစ်သည်။ ဥပုသ်ခေမ့်မို့ ဥပုသ်သည်နှင့် ဘုရားဖူးများ တဖွဲဖွဲရောက်လာကြသည်။ ဥပုသ်သည်များအား ကျောင်းပေါ်တွင် ဆရာတော် ကသိလပေးသည်။ သီလပေးရင်း ကျွန်မတို့ နံနက်စာအလျှူကို အသိပေးပြောကြားခဲ့သည်။ ဆရာတော်သီလပေးပြီးသည်နှင့် ဥပုသ်သည်များ ကျွန်မတို့ ဒါနပြုရာဇရပ်သို့ရောက်လာကြ၏။ ရောက်လာသမျှလူအားလုံး ကျွန်မတို့က နံနက်စာဖြင့် ဒါနပြုကျွေးမွေးပါသည်။ ခန့်မှန်းထားသည်ထက် လူများပိုပိုမိုမိုရောက်လာကြသည်။ မမက ပိုပိုမိုမိုစီစဉ်ထားခဲ့သဖြင့် လောက်ငအဆင်ပြေခဲ့သည်။ (၁၂) နာရီနီးတော့မှ ကျွေးမွေးဒါနပြုမှုပြီးပျက်သွားတော့သည်။ လူရှင်းသလောက်ဖြစ်သွားသည်။ အားလုံးပြီးစီးတော့မှ ကျွန်မတို့ နံနက်စာစားရန် သတိရတော့သည်။ ကျွန်မတို့ နံနက်စာစားကြစဉ် သူတို့ငါးယောက်ကိုလည်း အတူစားရန်ခေါ်သည်။ မဆာသေးဟုဆိုကာ ပန်းကန်ခွက်ယောက်များဆေးကြောနေကြသည်။ စားသောက်ပြီးစီး၍ ပစ္စည်းများသိမ်းဆည်းနေချိန် ကိုရင်လေးရောက်လာသည်။ ဆရာတော်က ကျွန်မတို့ညီအစ်မကို အခေါ်ခိုင်းလိုက်ကြောင်းပြောသည်။ သန်းသန်းကို ထားရစ်ခဲ့ကာ ကျွန်မတို့ကျောင်းပေါ် လိုက်သွားကြသည်။ သူတို့ငါးဦးပန်းကန်ခွက်ယောက်များပွတ်တိုက်သန့်ရှင်းရေးလုပ်ရင်းကျန်ရစ်ခဲ့သည်။

လမ်းတွင် ရုပ်ပွားတော်စေတီတစ်ဆူဖူးတွေ့ရသည်။ ထိုရုပ်ပွားတော်ရှေ့တွင် တစ်ပင်လုံးပြွတ်ခဲသီးနေသော ဆီးဖြူပင်ကြီးတစ်ပင်တွေ့ရသည်။

ကျွန်မက မမကိုရှင်းပြလိုက်သည်။

"ဆီးဖြူပင်တွေသဘာဝက မိုးရာသီမှာအသီးသီးလေမရှိဘူး။ ဒါပေမယ့် ဒီကျွန်းပေါ်မှာတော့ သုံးရာသီစလုံးသီးနေတယ်။ မိုးတွင်းမှာလည်းသီးနေတာပဲ"

"ဒီကျွန်းက ထူးဆန်းတာတွေ အများသားပါလား"

ကျွန်မတို့ စကားတပြောပြောဖြင့် ဆရာတော်ကျောင်းဆီသို့ဆက်သွားကြသည်။ သစ္စာမကျိုင်စေတီတော်ထောင့် လေးထောင့်တွင် ခက်လက်ဝေဆာအုပ်ဆိုင်းနေသော တောင်လုံးကျော်ပင်ကြီးများကို တွေ့ရလေသည်။ ကျွန်မတို့ စိတ်ဝင်စားမှန်းသိနေသဖြင့် ကိုရင်လေးက ကျွန်မတို့ကိုရှင်းပြသည်။

"ဒီတောင်လုံးကျော်ပင်တွေကထူးဆန်းတယ်။ အပင်ရဲ့အမြစ်ကို လက်နဲ့ဆုပ်ထားပြီးရင် တစ်ပတ်လောက်အထိ လက်မှာမွှေးရနံ့မပြယ်ဘဲစွဲကျန်နေတယ် ဒကာမကြီး"

ဆရာတော်ကျောင်းရှေ့အရောက် မျက်နှာစာတွင် အပွင့်၊ အသီး၊ အရွက် အကိုင်းနှင့် အမြစ်များပါမကျန် တစ်ပင်လုံး ကတ္တီပါရောင်နီမြန်းနေသော မာလကာသီးပင်နှစ်ပင်ကို ထူးဆန်းစွာတွေ့ရပြန်သည်။ ကျွန်မတို့ကျောင်းပေါ် ရောက်ချိန်တွင် ဆရာတော်ကို အဆင်သင့်ဖူးတွေ့ရသည်။ ဆရာတော်က ကျွန်မတို့အလာကို စောင့်ဆိုင်းနေဟန်တူသည်။ ကျွန်မတို့ဦးချပြီးချိန်တွင် ဆရာတော်က မေးသည်။

"ဒကာမကြီးတို့ အားလုံး အဆင်ပြေတယ်မဟုတ်လား"

"အားလုံးအဆင်ပြေပါတယ်ဘုရား ဧည့်သည်တွေက မှန်းထားတာထက်ပိုရောက်လာတယ်။ တပည့်တော်မတို့ သုံးယောက်တည်းဆိုမနိုင်ဘူး။ လုပ်အားပေးကလေးငါးယောက် ဆရာတော်စီစဉ်ပေးခဲ့လို့သာ အဆင်ပြေခဲ့တာ။ သူတို့ငါးယောက်အပင်ပန်းခံပြီး ကူညီဖေးမကြပါတယ်ဘုရား"

"ဘယ်ကလုပ်အားပေးငါးယောက်လဲ။ အဲဒီငါးယောက်က ဒကာမကြီးတို့ခေါ်လာတာမဟုတ်လား။ ဘုန်းကြီးစီစဉ်ပေးတာမဟုတ်ဘူး"

"တပည့်တော်မတို့ ခေါ်လာတာမဟုတ်ပါဘူး။ တပည့်တော်မတို့လှေဒီကျွန်းကိုဆိုက်ပြီး ပစ္စည်းတွေလှေပေါ်ကချနေတုန်း သူတို့ကျွန်းပေါ်ကပြေးဆင်းလာကြတာ။ တပည့်တော်မတို့ အခြေအနေသိလို့ ဆရာတော်ကြုံတင်စီစဉ်ပေးထားတာလို့ထင်နေခဲ့ကြတာ"

"ဘုန်းကြီးရေစက်ချအမျှပေးလုန်းက သူတို့သာခုခေါ်ကြတယ်။ သူတို့သာခုခေါ် သံက ထူးနေတာ။ စိတ်ထဲမသက်လို့ ခုလိုခေါ်မေးတာ။ အဲဒီကလေးငါးယောက်က ဘုန်းကြီးစီစဉ်ပေးတာမဟုတ်ဘူး။ သူတို့ပုံစံတွေကထူးနေ

www.burmeseclassic.com

www.burmeseclassic.com

တော့ ဘုန်းကြီးစိတ်ထဲတစ်မျိုးဖြစ်နေတယ်လေ"

"ထမင်းကျွေးတော့လည်းပန်းကန်နဲ့မစားဘူး။ စလောင်းဖုံးကြီးထဲထည့်စားကြတယ်။ သူတို့ဘယ်ကရောက်လာတာလဲဘုရာ့။ တပည့်တော်မတို့ကြောက်လာပြီ"

မမကကြောက်ရွံစွာဖြင့်လျှောက်ဘင်သည်။ ကျွန်မလည်း ယခုမှကြောက်စိတ်ဝင်လာမိသည်။

"ဒါနဲ့ သူတို့ဘယ်လိုရောက်လာတာလဲ ပြန်ပြောပြပါဦး"

"သူတို့ရောက်လာပုံက ဒီလိုပါဘုရား။ တပည့်တော်မတို့လေ ဒီကျွန်းကို ဆိုက်ပြီး ပစ္စည်းတွေချဖို့လုပ်နေတုန်း ရေဝေအော်မြည်သံကြီးတွေ ရုတ်တရက်ကြားရတယ်။ အဲဒီရေဝေအော်သံနဲ့အတူ သူတို့ငါးယောက် ကုန်းပေါ်ကပြေးဆင်းလာပြီး ပစ္စည်းတွေဝိုင်းသယ်ပေးကြပါဆယ်"

"ရေဝေကြီးအော်သံနဲ့အတူရောက်လာတဲ့သူတွေပေါ့"

"ဟုတ်ပါတယ်ဘုရား"

"ဒု သူတို့ရှိနေသေးလား"

"ဇရပ်မှာရှိနေပါတယ်။ တပည့်တော်မတို့ဒီကျောင်းပေါ် တက်လာတော့ သူတို့ပန်းကန်ခွက်ယောက်တွေဆေးကြောသန့်စင်ရင်းကျန်နေခဲ့တာ"

"ဘုန်းကြီးသူတို့ကိုတွေ့ချင်တယ်။ လာ သွားကြရအောင်"

ဆရာတော်ဦးဆောင်ကာ ကျွန်မတို့ ကျောင်းပေါ် မှဆင်းလာကြသည်။ လမ်းခုလတ်အရောက်တွင် ဇရပ်တွင် ကျန်ရစ်ခဲ့သော ကျွန်မသူငယ်ချင်း သန်းသန်း ကျွန်မတို့ထံ ခပ်သွက်သွက် လျှောက်လာသည်ကို လှမ်းတွေ့ရသည်။

"ရေကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲ၊ တို့ဆီလာတာလား"

"ဟို ဟို ဟို ငါးယောက် မနေ့ကလိုပဲ ဒန်အိုးစလောင်းဖုံးကြီးပြောင်းပြန်လှန်ပြီးထမင်းထည့်စားနေကြတာထပ်တွေ့ရတယ်။ငါတစ်ယောက်ထဲကြောက်လာလို့ နင်တို့ဆီလိုက်လာတာ"

"သူတို့ရှိနေသေးတယ် မဟုတ်လား"

"ထမင်းစားနေကြတာ"

"လာ - အတော်ပဲ။ ဆရာတော်ပါလာတယ်။ ဆရာတော်လည်း သူတို့နဲ့တွေ့ချင်နေတာ။ ဇရပ်ကိုသွားကြမယ်"

ကျွန်မတို့ဇရပ်အဝင်အဝအရောက် မှာပင် ရေဝေအော်သံကြီးကြားလိုက်ရသည်။ ဇရပ်တစ်ဆောင်လုံးတိတ်ဆိတ်ငြိမ်သက်နေသည်။ မည်သည့်လှုပ်ရှားမှုမှမတွေ့ရသလို မည်သည့်အသံဇလံမှလည်း မကြားရတော့ပေ။ ဇရပ်ပေါ် သို့ရောက်ခဲ့သော်လည်း သူတို့ငါးယောက် စလုံးပျောက်နေသည်။ ရေဝေအော်မြည်သံနှင့်အတူ ပျောက်ကွယ်သွားကြပြီထင်သည်။ ဇရပ်အနှံ့လိုက်လံရှာဖွေသော်လည်း လုံးဝအစအနပင်မတွေ့ရတော့ပေ။

"သန်းသန်း နင်ပြောတော့ သူတို့ရှိနေတယ်ဆို"

"ဟုတ်ပါတယ်၊ ငါထွက်လာတော့ သူတို့ထမင်းစားနေကြတာ"

လူတစ်ယောက်မှ မတွေ့ရသော်လည်း အိုးခွက်ပန်းကန်ဇွန်းစသည်တို့မှာ သူအမျိုးအစားလိုက် သန့်ပရှင်းသပ်ရပ်စွာစီထားသည်ကို အံ့သြဖွယ်တွေ့လိုက်ရသည်။

"ဟယ်-အံ့ပါရဲ့၊ ငါထွက်လာတုန်းက အိုးခွက်ပန်းကန်တွေကဖြန့်ကျဲနေတာ ဘာမှအညီအညာမစီရသေးဘူး။ ခုတော့. . . "

သန်းသန်းစကားမဆက်နိုင်တော့ပါ။ ကျွန်မ ဆရာတော့်မျက်နှာကိုလှမ်းကြည့်လိုက်သည်။

"တော်တော်ထူးဆန်းတဲ့အဖြစ်ပါပဲ။ ထူးဆန်းတဲ့ဖြစ်ရပ်၊ ဂမ္ဘီရဆန်တဲ့ကိစ္စမျိုးတွေဖြစ်ခဲ့ဖူးပေမယ့် ဒီလိုအဖြစ်မျိုးမကြုံခဲ့ဖူးဘူး။ ပရလောကသားတွေထင်ပါရဲ့။ ဒီလပြည့် ဒကာမကြီးတို့အလှူရှိတာ ဘုန်းကြီးကြိုတင်ပြီးကြေညာထားတယ်။ သူတို့လည်း ကုသိုလ်ယူချင်လို့ ကိုယ်တိုင်ဝင်ပြီးလုပ်ခဲ့ကြတာထင်ပါရဲ့။ သူတို့သာခုခေါ် ချင်လွန်းလို့လျှောက်လာကြတာ။ သူတို့သာခု အကျယ်ကြီးခေါ် တာ ဒကာမကြီးတို့ ကြားခဲ့ကြတယ်မဟုတ်လား။ ဒကာမကြီးတို့နဲ့ ပဋ္ဌာန်းဆက်ရှိခဲ့လေသလား မပြောတတ်တော့ဘူး။ ဒကာမကြီးတို့ပေးဝေတဲ့အမျှကုသိုလ်ရလို့ ပြန်သွားကြပြီပေါ့။ ကဲကဲ - ပြန်ကြပေတော့။ ပစ္စည်းတွေကိုရင်လေးလာသိမ်းလိမ့်မယ်။ လေ့ဆိပ်အထပ်ပိုပေးမယ်"

ကျွန်မတို့သုံးဦးတွင် အဝတ်အစားအပိုတစ်စုံစီထည့်ထားသည့်အိတ်တစ်လုံးသာပါလာရာ ထိုအိတ်ကို သန်းသန်းက ကောက်လွယ်လိုက်၏။ ဆရာတော်နှင့်အတူ လေ့ဆိပ်သို့ဆင်းလာကြသည်။ လေ့ဆိပ်အရောက်တွင် မနေ့က ကျွန်မတို့စီးလာသည့်လှေကို အံ့ဆင်သင့်တွေ့ရသည်။ ကျွန်မတို့ကြိုတင်မှာကြားထား၍ လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ကျွန်မက မနေနိုင်တော့ဘဲ လှေမောင်းသည့် ဦးကြီးကို မေးလိုက်မိသည်။

"ဦးလေး စောစောက ကိုးတန်း၊ ဆယ်တန်းအရွယ်ယောကျ်ားလေးသုံးယောက်နဲ့ မိန်းကလေးနှစ်ယောက် မော်လမြိုင်ဘက်ကမ်းကူသွားတာတွေ့မိသေးလား"

"တူမကြီးတို့မှာထားလို့ လေဆိပ်မှာစောင့်နေတာကြာလှပြီ။ မနေ့တုန်းက ပစ္စည်းတွေ ဝိုင်းသယ်ပေးတဲ့ကလေးတွေမဟုတ်လား မတွေ့မိပါဘူး။ ဒီကလေးငါးယောက်မှတ်မိပါတယ်။ လေ့ဆိပ်ဆင်းတဲ့လမ်းက ဒီတစ်လမ်းပဲရှိတာ ဘာဖြစ်လို့မေးတာလဲ၊ သူတို့ကိုစောင့်ရဦးမှာလား"

"ဘာမှမဟုတ်တော့ပါဘူး၊ တွေ့မိလားလို့ မေးကြည့်တာပါ။ စောင့်ဖို့လည်း မလိုတော့ပါဘူး"

လေ့သမားဦးကြီးက နားမလည်နိုင်သောမျက်နှာဖြင့် ကျွန်မကိုလှမ်းကြည့်လိုက်သည်ကို သတိထားမိလိုက်သည်။

"ကဲကဲ - ပြန်ကြပေတော့၊ ရေဝေအော်သံကြီးနဲ့အတူရောက်လာပြီး ရေဝေအော်သံကြီးနဲ့အတူပျောက်ကွယ်သွားတဲ့သူတို့အတွက် ဒကာမကြီးတို့အမျှအတန်းပေးဝေခဲ့ပြီးပြီပဲ။ ကောင်းဈာယ်လို့သာမှတ်ပေါ့"

"သဘောပေါက်ပါပြီဘုရာ့၊ ဆရာတော့်ခေါင်းဆေးကျွန်းမှာအလှူလာလုပ်ရတာ ဆန်းကြယ်တဲ့အဖြစ်နဲ့ကြုံခဲ့ရပါတယ်ဘုရာ့"

"ဒီကျွန်းက ထူးဆန်းတာတွေအများသားပဲ။ နတ်ရေတွင်းဆိုတာလည်းရှိသေးတယ်။ နောက်လာခဲ့ဦးပေါ့။ နတ်ရေတွင်းအကြောင်းစိတ်ဝင်စားသွားမယ်။ ဘုန်းကြီးရှင်းပြပေးမယ်"

"အသေအချာလာခဲ့မယ် ဘုရား၊ တပည့်တော်မတို့ကို ခွင့်ပြုပါဦး"

ဆရာတော်အား ဦးချကန်တော့ပြီး ခေါင်းဆေးကျွန်းမှ မော်လမြိုင်ဘက်ကမ်းသို့ကူးလာကြသည်။ အားလုံးနှုတ်ဆိတ်နေကြသည်။ • ရေဝေအော်သံကြီးကြားရဦးမည်လားဟုစိုးရိမ်ခဲ့သော်လည်း မော်လမြိုင်ဘက်ကမ်းရောက်သည်အထိ ရေဝေအော်သံကြီးမကြားရတော့ပါ။

မောင်မောင်ဦးအောင်
(စာပေဗိမာန်စာမူဆုရ)

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန) နိမ္မုဏာဘုရားအမှတ်၁၊၂ကုန်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် နှစ်အလိုက်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များအနက်မှ ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများဖြစ်သည့် စူးစမ်းရှာဖွေကွင်းဆင်းလေ့လာခြင်း၊ တူးဖော်သုတေသနပြုခြင်းနှင့် ရှေးဟောင်းသုတေသန၏ ပင်မလုပ်ငန်းကြီးတစ်ခုပင် ဖြစ်ပါသည်။

ထို့အတူ ရခိုင်ပြည်နယ်ရှိ သမိုင်းတင်ခေတ်လာတွင်ပါဝင်သော မြောက်ဦးမြို့ဟောင်း၏သမိုင်းကွင်းဆက်သစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်အထောက်အထား အသစ်များပိုမိုပြည့်စုံစွာတွေ့ရှိနိုင်ရန်နှင့် ပြည်သူလူထုအတွင်း ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးလိုစိတ်များ တိုးပွားရှင်သန်လာပြီး ထိုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်များပိုမိုရင့်သန်လာစေရန်အတွက် တူးဖော်သုတေသနလုပ်ငန်းနှင့်ယဉ်ကျေးမှုအမွေအနှစ်လက်ရာအဆောက်အအုံများထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အစဉ်တစိုက်အားထုတ်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းသည်လည်း (၂၀၁၇ - ၂၀၁၈) ခုနှစ် ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့၏ ရှေးဟောင်းအဆောက်အအုံများ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းပါဝင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နိုင်ရန် ရှေးဟောင်းအဆောက်အအုံတချို့ ထိန်းသိမ်းနိုင်ရန်အတွက် ဘဏ္ဍာငွေများချပေးခဲ့ပါသည်။ ထိုအထဲတွင် နိမ္မုဏာအမှတ်၁၊၂ကုန်းလည်း ထိန်းသိမ်းရန်ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် နိမ္မုဏာအမှတ်၁၊၂ဘုရားကုန်းကိုထိန်းသိမ်းရန်အတွက် တောများကိုခုတ်ထွင်ရှင်းလင်းခြင်း၊ မြေခဲသံခဲများကို ဖယ်ရှားရှင်းလင်းပြီး သုတေသနပြုလုပ်ခြင်းလုပ်ငန်းများကိုလုပ်ပြီး ထိန်းသိမ်းဆောင်ရွက်တော့မည် ဖြစ်ပါသည်။

သုတေသနပြုထိန်းသိမ်းခြင်းလုပ်ငန်းများကို အောက်ပါရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ (က) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းချင်နိုင်ရန်အတွက် အထောက်အထားခိုင်မာသည့် ရှေးဟောင်းအဆောက်အအုံတည်ဆောက်ပုံစနစ်ကို သိရှိနိုင်စေရန်၊ (ခ) မြေပြင်မြေအောက်ကြွင်းကျန်ရစ်သော ရှေးဟောင်းအထောက်အထားများကို သုတေသနဖြုခြင်းကြောင့်

ဘုရားကုန်းမြောက်ဖက်တွေ့ရှိရသည့်ဘုရားဦးတော်



ပန်းဆိုးသဏ္ဌာန်ရေဆိုးငယ်များ



ရေဆိုးငယ်အပိုင်းအစလက်ရာများ



ခွက်ငယ်ကလေးများ



စဉ့်နှင့်အိုးခြမ်းကဲ့သို့အစများ

www.burmeseclassic.com

www.burmeseclassic.com

မြောက်ဦးမြို့ဟောင်းရှိ ယဉ်ကျေးမှုဆိုင်ရာအထောက်အထားများ ပို့မိုပြည့်စုံစွာသိရှိနိုင်စေရန်၊ (ဂ) မြောက်ဦးခေတ်၏ အဆောက်အအုံတည်ဆောက်မှုနည်းစနစ်ကို လေ့လာမှတ်တမ်းတင်နိုင်ရန်၊ (ဃ) မြန်မာနိုင်ငံရှိခေတ်ပြိုင်ယဉ်ကျေးမှုထွန်းကားခဲ့သောအခြားဒေသများနှင့် နှိုင်းယှဉ်သုတေသနပြုလေ့လာနိုင်စေရန်၊ (င) ဌာန၏ လုပ်ဆောင်မှုများကို ဒေသခံပြည်သူများ သိရှိနားလည်ပြီး မိမိတို့၏ အရပ်ဒေသရှိ မြောက်ဦးမြို့ဟောင်းသမိုင်းနှင့်ဆက်စပ်နေသည့် ကိုယ်ပိုင်ယဉ်ကျေးမှုအဆင့်အတန်းကို နားလည်သဘောပေါက်ကာ ရှေးဟောင်းအဆောက်အအုံများစွာကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်တို့ ဖြစ်ပါသည်။

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ဟောင်း နိမ္မဏာဘုရားအမှတ်ငါးကုန်းသုတေသနပြုထိန်းသိမ်းခြင်းလုပ်ငန်းကို အောက်ပါအတိုင်း ဖွဲ့စည်းပြီး ဆောက်ရွက်ခဲ့ပါသည်။ (က) ဦးညိမ်းလွင် (ညွှန်ကြားရေးမှူး) ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲတာဝန်ခံ အဖွဲ့ခေါင်းဆောင်၊ (ခ) ဦးဝင်းစိန်၊ ပုံဆွဲအဖွဲ့ဝင်၊ (ဂ) ဦးမောင်မောင်သန်း၊ လုံခြုံရေးငါးအဖွဲ့ဝင်နှင့်၊ (ဃ) ဦးနေဆန်းဦး၊ နေ့စားပုတ်ပြတ်အဖွဲ့ဝင်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

မြောက်ဦးခေတ်အစောပိုင်း ပထမမြောက်ဦးခေတ်မြောက်ဦးရွှေနန်းသည် ဆယ်ဆက်မြောက် ဘုရင်မင်းစောအို (ခေါ်) စလတ္တာစောမွန်သည် ရခိုင်သက္ကရာဇ် ၈၈၉ ခု၊ အေဒီ ၁၅၂၇ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ နိမ္မဏာ(နိဗ္ဗုဏာ)ဆိုသော အမည်မှာ နှရဟူဏာဟူသောပါဠိစကားမှ လာသောအမည်ဖြစ်ပြီး လူအများပူဇော်သက္ကာရပြုသည့်နေရာဟု အဓိပ္ပာယ်ရပါသည်။ သတ္တာရဏန်တောင်စဉ်ခုနစ်လုံးတို့၌ ရခိုင်ဘုရင်မင်းစောအိုသည် ကြီးကျယ်ခမ်းနားသော စေတီခုနစ်ဆူကိုတည်ထားတော်မူရာ ဤနိမ္မဏာဘုရားကုန်းအမှတ်ငါးသည်လည်း တစ်ဆူအပါအဝင်ဖြစ်ကြောင်းသိရှိရပါသည်။

နိမ္မဏာဘုရားအမှတ်ငါးကုန်း၏ တည်နေရာမှာ မြောက်ဦးမြို့ဟောင်းနှန်းတော်ကုန်း၏အရှေ့ဘက် တစ်မိုင်ခန့်အကွာ နိမ္မဏာတောင်တန်းအလယ်လောက်တွင် တည်ရှိပါသည်။ ဝေနှစ်ရာ



ပဏ္ဍင်ပျက်နှင့်ဆင်းဆုတော်ကျိုး



နိမ္မဏာဘုရားအမှတ်ငါးကုန်းကို ထိန်းသိမ်းပြီး မြင်တွေ့ရသည့်အနေအထား

နီးပါးခန့်ရှိသော တောင်ပေါ်တွင်တည်ထားသည်ကို တွေ့ရှိရပါသည်။ နိမ္မဏာဘုရားလေးကုန်း (အလယ်နိမ္မဏာ) ၏ မြောက်ဘက်၊ နိမ္မဏာဘုရားကုန်းအမှတ်ခြောက်၏ တောင်ဘက်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ဘုရားညီနောင်၊ အနောက်ဘက်တွင် ဝင်းမနားကျီတော် တည်ရှိပါသည်။

နိမ္မဏာဘုရား အမှတ်ငါးသည် တောင်မြောက်သွယ်တန်းနေသော နိမ္မဏာတောင်တန်းကြီး၏အလယ်လောက် မြေညီလွင်ပြင်တွင် တည်ဆောက်လှူဒါန်းထားပါသည်။ အရှေ့ဘက်တွင် ဘုရားညီနောင်တောင်ကုန်းနှင့် မိဖုရားကြီးဂူ၊ ကိုးသောင်းပုထိုးတော်တို့တည်ရှိပါသည်။ အနောက်ဘက်တွင် ဝင်းမနားကျီတော်၊ ဝင်မနားတံတိုင်းနှင့် ဝင်းမနားတောင်တန်းတို့ တည်ရှိပါသည်။ တောင်ဘက်တွင် အလယ်နိမ္မဏာ၊ အောက်နိမ္မဏာ၊ ပန်းမြောင်သွားလမ်းတို့ တည်ရှိပါသည်။ မြောက်ဘက်တွင် နိမ္မဏာဘုရားမြောက်နှင့်နိမ္မဏာခုနစ်တို့တည်ရှိပါသည်။ နိမ္မဏာတောင်တန်းမြောက်ဘက်တွင် ဘုန်းကြီးဒုံကျိုးနှင့် ဆင်အိုးသွားလမ်း၊ ကသစ်မြောင်းကျိုးတို့ တည်ရှိပါသည်။ နိမ္မဏာဘုရားအမှတ်ငါးသည် ပေနှစ်ရာနီးပါးခန့်မြင့်သောတောင်ပေါ် နေရာတွင်တည်ရှိနေပါသည်။

ဘုရားကုန်းပေါ်မှ သစ်ပင်ဆူးခဲ့တော်များကို ပထမအနေဖြင့် ခုတ်ထွင်ရှင်းလင်းပြီး ကုန်းပေါ်တွင်ကျန်ရှိနေသော အမှိုက်သရိုက်၊ ရွက်ခြောက်၊ သစ်ကိုင်းခြောက်များကို ရှင်းလင်းပါသည်။ ထို့နောက် ဘုရားကုန်း၏ အားပတ်ပတ်လည် အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့တွင် ပြန့်ကျဲနေသော ကျောက်ဖြာကျောက်ခဲ၊ အုတ်ခဲများကိုကောက်ယူ၍ စုပုံထားပါသည်။ ၎င်းနောက်ဘုန်းပုတ်ပတ်လည်မှာ မြို့နေသောရပ်ခံ သဲခဲများကိုလည်း နုတ်ယူရှင်းလင်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုန်းပေါ်မှ ကျောက်ကြားအုတ်ကြားပို့နေသော မြေသားများကိုလည်း ဖယ်ရှားရှင်းလင်းရပါသည်။

ဘုရားကုန်းပေါ်နှင့် ဘေးပတ်ပတ်လည်တို့မှ မြေသားမြေခဲ၊ သံခဲများကို ရှင်းလင်းပြီးနောက် ကျန်ရှိနေသော မြေလွှာကျောက်စိအုတ်စိများကိုလေ့လာကြည့်သည့်အခါ တောင်ကုန်းပတ်ပတ်လည်ကို မြေညှိ၍ အလယ်တွင်မို့မောက်စွာ တောင်မြေသားချန်ထားသည့်အနေအထားတွေ့ရှိရပါသည်။ မို့မောက်နေသောတောင်မြေသားပတ်ပတ်လည်ကို ထုထောင်း၍ ထိုအထက်တွင် ကျောက်တုံးများပတ်စီထားသည်ကို တွေ့ရှိရပါသည်။ကျောက်စီအောက်တွင်ထုထောင်းထားသော မြေကျစ်လွှာနှင့် အာလူးကျောက်များရောနှော၍ခံထားသည်ကို တွေ့ရှိရပါသည်။ ကျောက်စီတစ်ပေခန့် အထက်တွင် အုတ်စီနှစ်ပေခန့်လောက် စာစီထားသည်ကိုလည်းတွေ့ရှိရပါသည်။ အုတ်စီနှစ်ပေခန့်အထက်တွင် မြေသား၊ အုတ်၊ ကျောက်တို့ ရောနှောစွာတည်ရှိနေသည်ကို တွေ့ရှိရပါသည်။ ထိုအလွှာအထက်တွင် ပြန့်ကျဲနေသော ကျောက်ပလွင်နှင့် ကျိုးပြတ်မှောက်နေသော ကျောက်ဆင်းတုတော်ကြီးအကျိုးအပိုင်းကိုလည်း တွေ့ရှိရပါသည်။ ပလ္လင်ပျက်မှာ အလျား၊ အနံခုနစ်ပေခန့်ရှိပါသည်။ ပလ္လင်ပျက်အမြင့်သုံးပေကျော်ခန့်ရှိပါသည်။ ကျောက်စီများအပြည့်မရှိတော့ပေ။ ပလ္လင်ပျက်၏ တောင်၊ မြောက်၊ အနောက်တို့တွင်ထောင့်ဖော်၍ကျောက်စီထားသည်ကိုတွေ့ရှိရ၏။ အရှေ့ဘက်မျက်နှာကိုသာအဝန်းပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်ပျက်အရှေ့မြောက်ဘက်တွင် ကျောက်ဆင်းတုတော်ကျိုးကြီးမှောက်နေသည်ကို တွေ့ရှိရပါသည်။ မှောက်နေသောကျောက်ဆင်းတုတော်ကျိုးအမြင့်လေးပေကျော်ခန့်ရှိပါ၏။ အုတ်နှင့် ကျောက်ဆင့်ရောတည်ဆောက်ထားသောဘုရားကုန်းအဆောက်အအုံမှာ အလျား (၄) ပေ (၆) လက်မ၊ အနံ (၃၄) ပေနှင့် အမြင့်(၄) ပေ၊ (၆) လက်မခန့်ရှိပါသည်။ အဆောက်အအုံကုန်း၏ အနောက်တောင်ထောင့်ဝဲ၌ တောင်ခြေသို့လျှောဆင်းသွားသည့်အနေအထားတွေ့ရှိရပါသည်။ အောက်ခြေမှ အတွင်းဘက်အနားသို့ တစ်ပေလောက်ဆုတ်၍ ကျောက်စီထားပါသည်။ ပတ်ပတ်လည်ဘောင်နံရံအထူလေးပေခန့် ကျယ်ပါသည်။ ဤကုန်းမှ စဉ့်အပဲ့အစ၊ အိုးခြမ်းကွဲ၊ မြေမီးဖုတ်ရေကရားနှုတ်သီး အပိုင်းအစ၊ ခွက်ကလေးနှင့် ပန်းအိုးသဏ္ဌာန်ရေခွက်ကလေးများကို တွေ့ရှိရပါသည်။

ဤနိမ္မုဏ္ဍာဘုရားအမှတ်ငါးကုန်းတွင်ပြန့်ကျဲနေသောကျောက်ပလ္လင်ပျက်အပိုင်းအစများနှင့် ကျောက်ဆင်းတုတော်ကျိုးကြီးတစ်ဆူကို ဖူးတွေ့ရပါသည်။ ဆင်းတုတော်ကျိုး၏ကျောက်ဆစ်လက်ရာအပိုင်းအစမှာ ကျောက်ပလ္လင်ပျက်၏ အရှေ့မြောက်ဘက်တွင် မှောက်နေသည်ကို တွေ့ရှိရပါသည်။ မှောက်နေသော ကျောက်ဆင်းတုတော်ကျိုးကြီးဘုန်းစွန်းအကျယ် လေးပေခြောက်လက်မခန့်၊ ထုအထူသုံးပေခန့်နှင့် ဆင်းတုတော်ကျိုး အမြင့်နှစ်ပေဆယ်လက်မခန့်သာ ကျန်ရှိပါတော့သည်။ ခါးအထက်မှ ကျိုးပဲ့သွားခြင်းဖြစ်သည်။ ကျိုးပြတ်၍ မြေကြီးထဲမြုပ်နေသော ဆင်းတုတော်လက်မောင်းတစ်ပိုင်းမှာလည်း အရှည်နှစ်ပေခြောက်လက်မခန့်နှင့် အခွင်းတစ်ဆယ့်တစ်လက်မခန့်ရှိပါသည်။ ပြန့်ကျဲနေသော ကျောက်ပလ္လင်ပျက်မှ ရွှေတစ်လုံး အခွင်းနှစ်လက်မခွဲခန့်ရှိပြီး အရှည်နှစ်လက်မခန့်ရှိပါသည်။ ကျောက်ပလ္လင်မှ နှစ်ထပ်ကြာဖတ်တစ်ဖတ်အရှည်နှစ်လက်မခွဲခန့်ရှိပြီး အကျယ်လေးလက်မခွဲခန့်ရှိပါသည်။ ကြာညှပ်ကြာဖတ်မှာ ရှစ်လက်မခန့်ရှည်ပြီး တစ်လက်မခွဲခန့်ကျယ်သည်ကို တွေ့ရှိရပါသည်။ ကျောက်ပလ္လင်တော်ကို ကြာမှော်က်၊ ကြာလန်၊ ရွှဲလုံး၊ ဖောင်းများဖြင့် အလှဆင်ထားပါ၏။ ကြာမှော်က်၊ ကြာလန်များကို နှစ်ထပ်ကြာဖတ်၊ ကြာညှပ်ကြာဖတ်များဖြင့် အလှဆင်ဖန်တီးထားပါသည်။ ကျောက်ဆင်းတော်၏ခါးဆစ်အလယ်တွင် မှန်ကွက်သဏ္ဌာန်အကွက်များထုဆစ်ပြီးမှ မည်ဟု ယူဆရပါသည်။ ကျောက်ဆစ်လက်ရာမှန်ကူကွက်အပိုင်းအစများကိုလည်း



ဘုရားကုန်းကို ထိန်းသိမ်းရေးအတွက် မြေခဲ၊ သံခဲများ ရှင်းလင်းနေစဉ်

ဘုရားကုန်းကိုထိန်းသိမ်းရန်အတွက် တောရှင်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိရပါသည်။ ကျောက်ပလ္လင်တော်ပျက်ရှေ့မြေကြီးမှမြုပ်၍ တွေ့ရှိရသောဆင်းတုတော်ခြေတော်တစ်ဖက်အရှည်မှာ ရှစ်လုံးခန့်ရှိပြီး အကျယ်ရှစ်လုံးမခန့်နှင့် အထူလေးလုံးမခန့်ရှိပါသည်။ အကောင်းခြေချောင်းသုံးချောင်းနှင့်အပိုင်းခြေချောင်းတစ်ချောင်းပါရှိပါသည်။ ခြေချောင်းကလေးများကိုအဆစ်ကလေးများပေါ်အောင် ထုဆစ်ထားခြင်းမှာ လက်ရာမြောက်လှပါသည်။

ဤဘုရားကုန်းတော်၏ တံတိုင်းအောက်ခြေအပြင်ဘက်နားတွင် ကပ်လျက် ဦးတော်တစ်လုံးတွေ့ရှိရပါသည်။ ကျောက်ဆစ်လက်ရာ ဦးတော်ငယ်ပင်ဖြစ်ပါ၏။ ကျောက်ဦးတော်ငယ်အမြင့် သုံးလက်မကျော်ခန့်၊ အကျယ်နှစ်လက်မကျော်ခန့်သာတွေ့ရှိရပါသည်။ မျက်နှာတော်မှာ လုံးပပြီး နားတော်ရှည်သည်ကို တွေ့ရှိရပါသည်။ နားတော်မှာ ပြောင်ချောသာတွေ့ရှိရပါ၏။ ဦးတော်ထိပ်တွင် ပဲ့နေပါသည်။ မျက်ခုံးတော်နှစ်ဖက်မှာ စင်ရော်တောင်ပုံခတ်သည့်ဟန်တစ်ဆက်တည်းထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ မျက်လုံးသွယ်ပြီး နှာခေါင်းတိုပါသည်။ ပါးစပ်တော်မှာပြုံးနေပါ၏။ ဌာပနာတော်မှ ကျောက်ဆင်းတုတော်ကျိုးဦးတော်ဖြစ်ဟန်တွေ့ရှိရပါသည်။ လေးမြို့ခေတ်လက်ရာဟန်ဖူးတွေ့ရ၏။ ကုန်းပေါ်ဘက်တွင်လည်း အုတ်ကျိုး၊ ကျောက်တုံးကျိုးများ ပြန့်ကျဲနေသည်ကို တွေ့ရှိရပါသည်။

ကုန်းပေါ်မှတွေ့ရှိရသည့်စဉ့်အဖဲ့အစတစ်ဖဲ့မှာ အရှည်နှစ်လက်မကျော်ခန့်ရှိပြီး အကျယ်နှစ်လက်မနီးပါးခန့်ရှိပါသည်။ အထူသုံးပိုင်းတစ်ပိုင်းလက်မခန့်ရှိပါသည်။ စဉ့်အဖဲ့အစမှာ ပန်းကန်လုံးမှပဲ့ထွက်ခဲ့ဟန်တူပါသည်။ စဉ့်အဖဲ့အစအတွင်းမျက်နှာပြင်ပေါ်တွင်တော့ စဉ့်အစိမ်းပုပ်ဖျော့ရောင်ကို တွေ့ရှိရပြီး အလယ်လောက်တွင် အဆင့်တစ်ရစ်တစ်ရစ်ဖော်ထားပါသည်။ အဆင့်ရှစ်အပေါ်ပိုင်းကို အချောတွေ့ရှိရပြီး အောက်ပိုင်းကို ရပ်စောက်အစင်းကြောင်းလေးများဖြင့် အလှဆင်ထားပါသည်။ စဉ့်ဖဲ့အပြင်မျက်နှာပြင်တွင် စဉ့်နီညိုရောင်၊ အစိမ်းရင့်ရောင်နှင့် အစိမ်းဖျော့ရောင်တို့ တွေ့ရှိရပါသည်။ စဉ့်ပန်းကန်လုံးဖဲ့အလယ်သားမှာ မြေမီးဖုတ်ရောင်တောက်ပနေပြီး မြေသားကျစ်လျစ်မာကျောပြီး ရွှဲဆန်သည်ကို တွေ့ရှိရပါသည်။

ဤကုန်းပေါ်မှတွေ့ရှိရသည့်အိုးခြမ်းကွဲအဖဲ့အစအနည်းငယ်မှာ အိုးခြမ်းကွဲသုံးဖဲ့လောက်ကို ရေးသားဖော်ပြသွားပါမည်။ ပထမတစ်ဖဲ့မှာ အရှည်သုံးလက်မခန့်ရှိပြီး အကျယ်နှစ်လက်မခန့်ရှိပါသည်။ အထူလေးပိုင်းတစ်ပိုင်းလက်မခန့်ရှိပါ၏။ အိုးခြမ်းကွဲမှာ တစ်ခြမ်းပိုင်းအနေအထားတွေ့ရှိရပါ၏။ အတွင်းခွက်နေပြီး အချောသာ တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်တွင် လက်စင်းရာအဆင့်ဆင့်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤမြေမီးဖုတ်အိုးခြမ်းကွဲမှာ အရောင်ဖျော့ပြီး မြေသားပွကာ သဲဆန်သည်ကိုတွေ့ရှိရပါသည်။ ဒုတိယမြေမီးဖုတ်အိုးခြမ်းကွဲတစ်ဖဲ့မှာ အရှည်နှစ်လက်မခန့်ရှိပြီး အကျယ်တစ်လက်မကျော်ခန့်နှင့် အထူငါးပိုင်းတစ်ပိုင်းလက်မ







www.burmeseclassic.com

www.burmeseclassic.com

ခန့်ရှိပါသည်။ အပြင်တွင် အရစ်တစ်ရစ် ဖော်ထားပြီး အတွင်းခွက်၌ အချောသာတွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲ၏ မြေမီးဖုတ်အရောင်မှာ အရောင်ဖျော့ပြီး မြေသားသဲဆန်သည်ကိုတွေ့ရှိရပါသည်။ တတိယအိုးခြမ်းကွဲမှာ အရှည်နှစ်လက်မခန့်၊ အကျယ်တစ်လက်မခန့်နှင့် အထူငါးပိုင်းတစ်ပိုင်းလက်မခန့်ရှိပါသည်။ အတွင်းရောအပြင်ပါ အချောသာတွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲအဖွဲ့အစမှာ ကွဲနေပြီး မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။ မြေသားကျစ်ပြီး ရွှံ့ဆန်သည်ကိုတွေ့ရှိရပါသည်။

မြေမီးဖုတ်ရေကရားနှုတ်သီးအပိုင်းအစကိုလည်း တွေ့ရှိရပါသည်။ မြေမီးဖုတ်ရေကရားနှုတ်သီးအစရှည်ကိုးစင်တီမီတာကျော်ခန့်၊ အရင်းပိုင်းအချင်း လေးစင်တီမီတာခန့်နှင့် အဖျားအချင်း တစ်စင်တီမီတာခွဲခန့်ရှိပါသည်။ အရင်းအထူတစ်စင်တီမီတာကျော်ခန့်ရှိပြီး အဖျားအထူနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။နှုတ်သီးအဖျားအလယ်ပေါက်အချင်းနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အရင်းအလယ်ပေါက်အချင်းနှစ်စင်တီတီတာခန့်ရှိသည်ကိုတွေ့ရှိရပါသည်။ မြေမီးဖုတ်ရေကရားနှုတ်သီး၏ အရောင်မှာ မြေမီးဖုတ်အရောင်ဖျော့၍ မြေသားလည်ညှဲ့ကာ သဲဆန်သည်ကိုတွေ့ရှိရပါသည်။ ဤကုန်ပေါ်မှတွေ့ရှိရသော မြေမီးဖုတ်ခွက်ကလေးတစ်ခွက်မှာ အမြင့်နှစ်စင်တီမီတာရှိပြီး ထိပ်ဝအချင်း ခုနစ်စင်တီမီတာခန့်နှင့် အောက်ခြေအချင်းနှစ်စင်တီမီတာခန့်ရှိပါသည်။ ခွက်ကလေးအနက်တစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်နှင့် ခွက်အထူတစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ ခွက်ကလေး၏ အနားတစ်ဖက်ပဲ့နေပါ၏။ ခွက်အတွင်းအချောတွေ့ရှိရပြီး အပြင်လက်စင်းရာများဖော်ထားသည်ကိုတွေ့ရှိရပါသည်။ ခွက်ကလေးမှာ အဝန်းအနေအထားတွေ့ရှိရပြီး မြေမီးဖုတ်အရောင်ဖျော့ကာ သဲဆန်၍ မြေသားပွသည်ကိုတွေ့ရှိရပါသည်။

နိမ္မူဇာဘုရားကုန်း အမှတ်ငါးမှ ပန်းအိုးသဏ္ဌာန် မြေမီးဖုတ်ရေအိုးလေးအများအပြားကိုလည်း တွေ့ရှိရပါသည်။ ထိုအများအပြားထဲမှ သင့်တော်မည့် ရေအိုးကလေးများကို ရေးသားဖော်ပြသွားပါမည်။ မြေမီးဖုတ်ရေအိုးကလေးတစ်လုံးမှာ အမြင့်ငါးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အဝအပြင်အနားအချင်းလေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ လည်ပင်းအချင်းနှစ်စင်တီမီတာခန့်ရှိပါ၏။ ရေအိုးကလေးဝမ်းဗိုက်အချင်း လေးနှစ်ပိုင်းတစ်ပိုင်းခန့်ရှိပြီး ဖင်အချင်းနှစ်စင်တီမီတာခန့်ရှိပါသည်။ ရေအိုးကလေးအနက် ငါးစင်တီမီတာခန့်ရှိပါသည်။ ရေအိုးကလေးမှာ အကောင်းပကတိတွေ့ရှိရပြီး အနားအထူနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ မြေမီးဖုတ်ရေအိုးလေးအရောင်မှာ တောက်ပပြီး မြေသားကျစ်လျစ်ပြီး မြေသားရွှံ့ဆန်သည်ကိုတွေ့ရှိရပါသည်။ အိုး၏ဝမ်းဗိုက်သားအပြင်ဘက်တွင် ပတ်လည်အစင်းကြောင်းကလေးဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤပန်းအိုးသဏ္ဌာန်ရေအိုးလေးမှာ လက်ရာမြောက်သည့် ချစ်စရာရေအိုးကလေးတစ်လုံးပင် ဖြစ်ပါသည်။

နောက်ခွက်ကလေးတစ်ခွက်မှာ အမြင့်နှစ်စင်တီမီတာခန့်ရှိပြီး ထိပ်ဝအချင်းခြောက်စင်တီမီတာခန့်ရှိပါသည်။ အောက်ခြေအချင်းသုံးစင်တီမီတာခန့်ရှိပါ၏။ ခွက်အနက် တစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အထူနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ ခွက်ကလေးမှာပေပွနေပြီး အနားတစ်ခြမ်းလည်းပဲ့နေသည်ကိုတွေ့ရှိရပါသည်။ ခွက်ကလေးမှာ မြေသားကျစ်လျစ်ပြီး အရောင်မှာ မြေမီးဖုတ်ရောင်ဖျော့သည်ကိုတွေ့ရှိရပါသည်။ မြေမီးဖုတ်ပန်းအိုးသဏ္ဌာန်ရေအိုးကလေးတစ်လုံးမှာ အမြင့်ငါးစင်တီမီတာခန့်ရှိပါ၏။ အိုးကလေးမှာ အပေါ်အနားပျက်စီးနေပြီး အိုးလည်ပင်း နှစ်စင်တီမီတာခန့်၊ အိုးဝမ်းဗိုက်အချင်းလေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်နှင့် အိုးဖင်အချင်း နှစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးကလေးအနက် လေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အနားအထူသုံးပိုင်းတစ်ပိုင်း စင်တီမီတာခန့်ရှိပါသည်။ အိုးဖင်ကလေးမှာ အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အိုးကလေးပြုလုပ်ထားသောမြေသားမှာပွပြီး သဲဆန်ကာ အရောင်မှာလည်း မြေမီးဖုတ်အဖျော့ရောင်တောက်ပနေသည်ကိုတွေ့ရှိရပါသည်။

နောက်ရေအိုးကလေးတစ်လုံးမှာ အမြင့် ငါးစင်တီမီတာခန့်၊ အိုးလည်ပင်းအချင်းနှစ်စင်တီမီတာခန့်နှင့် အိုးဝမ်းဗိုက်အချင်း ငါးစင်တီမီတာခန့်၊ အိုးဖင်အချင်း သုံးစင်တီမီတာခန့် အသီးသီးရှိကြသည်ကို တွေ့ရှိရပါသည်။ အိုးကလေးအနက် လေးစင်တီမီတာကျော်ခန့်ရှိပြီး အနားအထူသုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးလည်ပင်းအတွင်းအချင်းတစ်စင်တီမီတာကျော်ကျော်ခန့်ရှိပါသည်။ ဤမြေမီးဖုတ်အရောင်မှာ အရောင်ဖျော့ပြီး အိုးပြုလုပ်ထားသော မြေသားကျစ်လျစ်ကာ သဲပွင့်ငယ်ကလေးများပါရှိသည်ကို တွေ့ရှိရပါသည်။ အိုးကလေးအပြင်ဘက်တွင် လက်ရာများမတွေ့ရှိရသဲ့ အချောသာတွေ့ရှိရပါသည်။ နောက်အိုးကလေးတစ်လုံးမှာလည်း အပေါ်အနားလည်ပင်းကကျိုးနေပြီး ရေအိုးကလေးအမြင့် လေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ လည်ပင်းအမြင့်အချင်းသုံးစင်တီမီတာခန့်ရှိပြီး အတွင်းအချင်းတစ်သုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အနားအထူလည်းသုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးဝမ်းဗိုက်ကလေးအချင်းလည်း လေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အိုးဖင်အချင်း သုံးစင်တီမီတာခန့်ရှိပါသည်။ အိုးဝမ်းဗိုက်သားနှင့်ဖင်အနားလည်းပဲ့နေပါ၏။ ဤပန်းအိုးသဏ္ဌာန် မြေမီးဖုတ်ရေအိုးကလေးမှာ မြေသားပွပြီး သဲပွင့်ကလေးများပါရှိနေကာ မြေမီးဖုတ်အရောင်မှာ အရောင်ဖျော့သည်ကိုတွေ့ရှိရပါသည်။ ဤအိုးကလေးမှာလည်း အပြင်တွင်လက်ရာမတွေ့ရှိရသဲ့ အချောသာဖြစ်ပြီး အိုးအနက်လေးစင်တီမီတာခန့်ရှိသည်ကိုတိုင်းတာတွေ့ရှိရပါသည်။

မြေမီးဖုတ်ရေအိုးကလေးအခြားတစ်လုံးမှာလည်း အမြင့်ငါးစင်တီမီတာခန့်ရှိပြီး အိုးလည်ပင်းအမြင့် အချင်းသုံးစင်တီမီတာခန့်ရှိကာ အတွင်းအချင်းတစ်သုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အနားအထူသုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါ၏။ အိုးဝမ်းဗိုက်အချင်းငါးစင်တီမီတာခန့်ရှိပြီး အိုးဖင်အချင်းသုံးစင်တီမီတာခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ အိုးအနက် လေးစင်တီမီတာကျော်ခန့်ရှိပြီး အိုးလည်ပင်းအဝအနားပဲ့နေသည်ကိုတွေ့ရှိပါသည်။ အိုးအပြင်အနားလည်း အချောသာတွေ့ရှိရပါ၏။ ဤမြေမီးဖုတ်ရေအိုးကလေးမှာ မြေသားကျစ်လျစ်ပြီးရွှံ့ဆန်ကာ အရောင်မြေမီးဖုတ်ရောင်တောက်ပနေသည်ကိုတွေ့ရှိရပါသည်။ နောက်အိုးကလေးတစ်လုံးမှာလည်း လည်ပင်းအပေါ်ပိုင်းကျိုးပဲ့နေပြီး အိုးကလေးအမြင့်လေးစင်တီမီတာခန့်ရှိပါသည်။ လည်ပင်းအပြင်

www.burmeseclassic.com

www.burmeseclassic.com

အခြင်းနှစ်စင်တီမီတာခန့်ရှိပြီး အတွင်း အခြင်းတစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးအနားအထူတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အိုးဖင်အခြင်းသုံးစင်တီမီတာခန့်ရှိပါသည်။ အိုးကလေး၏ဖင်အောက်ဘက် မျက်နှာပြင်တွင်လည်း အဝန်းကလေးတစ်ဝန်းပါရှိပါသည်။ အိုးငယ်အပြင်မျက်နှာအချောသာတွေ့ရှိရပြီး အိုးအတွင်းအနက်သုံးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးပြုလုပ်ထားသောမြေသားမှာ ကျစ်လျစ်မာကျောမှုရှိသော်လည်း သဲပွင့်ကလေးပါသည်ကိုတွေ့ရှိရပါသည်။ မြေမီးဖုတ်ရေအိုးကလေးမှာ တောက်ပနေသည်ကိုတွေ့ရှိရပါသည်။ နောက်ထပ်မြေမီးဖုတ်ရေအိုးပိုင်းကလေးတစ်လုံးမှာ အပြင်လေးစင်တီမီတာခန့်ရှိပြီး အိုးလည်ပင်းထိပ်ဝအပြင် အခြင်းနှစ်သုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးလည်ပင်းအတွင်းအခြင်း တစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးနှာအထူနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုး၏လည်ပင်းမှအပေါ်ပိုင်းမရှိတော့ပေ။ အိုးငယ်၏ ဝမ်းပိုက်အကျယ်အခြင်းမှာ လေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အောက်ခြေအခြင်းမှာ နှစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးဖင်မှာ အရစ်ငယ်တစ်ရစ်ဖော်ထားပါ၏။ အိုးငယ်အပြင် လက်ရာအချောသာတွေ့ရှိရပြီး အိုးမြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။ အိုးပြုလုပ်ထားသော မြေသားမှာ ကျစ်လျစ်မာကျောပြီး ရွှံ့ဆန်သောမြေသားဖြင့် ဖန်တီးထားသော အိုးကလေးတစ်လုံးပင် ဖြစ်ပါသည်။

ပန်းအိုးသဏ္ဌာန် အခြားရေအိုးငယ်တစ်လုံးမှာ အပြင့်ခြောက်စင်တီမီတာခန့်ရှိပြီး အိုးထိပ်ဝအပြင်အကျယ်လေးစင်တီမီတာခန့်အတွင်း အကျယ်သုံးစင်တီမီတာခန့်ရှိပါသည်။ အိုးကလေးအနားအထူနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးလည်ပင်းအခြင်းနှစ်စင်တီမီတာနီးပါးခန့်ရှိပါသည်။ အိုးကလေး၏ ဝမ်းပိုက်အခြင်းလေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးဖင်အခြင်း နှစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပြီး အိုးအနက် ငါးစင်တီမီတာခန့်ရှိပါသည်။ အိုးအတွင်းရော အပြင်ပါ အချောသာ တွေ့ရှိရပြီး အိုးဖင်တွင်းအနားရစ်ကလေးတစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အိုးကလေးဖန်တီးထားသောမြေသားများမာကျောကျစ်လျစ်ပြီး သဲဆန်ပါသည်။ အိုးအရောင်မှာ မြေမီးဖုတ်အဖျော့ရောင်အဖြစ်တွေ့ရှိရပါသည်။ ရေအိုးငယ်မှာ အပျက်အစီးအနာအဆာမရှိဘဲ အကောင်းပကတိ တွေ့ရှိရ၏။ သူ့ခေတ်နှင့် သူ့လက်ရာမြောက်သည့် ပန်းအိုးငယ်သဏ္ဌာန်ရေအိုးတစ်လုံးပင် ဖြစ်ပါသည်။

နောက်မြေမီးဖုတ်ပန်းအိုးငယ်သဏ္ဌာန် ရေအိုးငယ်တစ်လုံးမှာလည်း အမြင့်ငါးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့် တွေ့ရှိရပါ၏။ အိုးကလေးအပြင် ထိပ်ဝအခြင်း သုံးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်၊ အတွင်းအခြင်း သုံးစင်တီမီတာခန့်နှင့် အိုးအနားအထူ သုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးလည်ပင်းအခြင်း နှစ်စင်တီမီတာခန့်ရှိပါ၏။ အိုးဝမ်းပိုက်အခြင်း လေးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ကျယ်ပြီး အိုးဖင်အခြင်းသုံးစင်တီမီတာခန့်ကျယ်သည်။ အိုးအတွင်း မျက်နှာပြင်တွင် အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်တွင် လည်ပင်းအထက်၌ အရစ်နှစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အိုးသားမှာ မာကျောကျစ်လျစ်ပြီး သဲပွင့်ကလေးများ အိုးပတ်ပတ်လည်တွင် တွေ့ရှိနေရပါသည်။ သဲဆန်သော မြေအမျိုးအစားဖြင့် ဖန်တီးပြုလုပ်ထားပါသည်။ အိုးအရောင်ကိုလည်း မြေမီးဖုတ်အဖျော့ရောင်ဖြင့်သာ တွေ့ရှိရပါ၏။ အိုးမှာ အပျက်အစီးမရှိဘဲ သူ့ခေတ်နှင့်သူ ချစ်စရာကောင်းသော ပန်းအိုးသဏ္ဌာန် ရေအိုးငယ်တစ်လုံးပင် ဖြစ်ပါသည်။ အိုးအနက် ငါးစင်တီမီတာခန့်ရှိပါ၏။

အခြားမြေမီးဖုတ်ရေအိုးငယ်တစ်လုံးသည်လည်း အပြင့်ငါးစင်တီမီတာခန့်ရှိပြီး အိုးထိပ်ဝအပြင်အခြင်းလေးစင်တီမီတာခန့်ရှိပါသည်။ အိုးထိပ်ဝအတွင်း အခြင်းလည်း သုံးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးအနားအထူသုံးပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးလည်ပင်းအခြင်း နှစ်စင်တီမီတာခန့်နှင့်အိုးဖင်အခြင်း နှစ်နှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ အိုးအတွင်းမျက်နှာပြင်တွင် အရစ်ကလေးများအဆင့်ဆင့် လည်ပင်းရောက်အောင်အထိဖော်ထားပါ၏။ အပြင်မျက်နှာပြင်တွင်လည်း လည်ပင်းထိ အရစ်ရစ်ဆင့်၍ဖော်ထားပြီး လည်ပင်းအောက်တွင် အရစ်လေးများမတွေ့ရှိရဘဲ အချောသာတွေ့ရှိရပါသည်။ အိုးဝမ်းပိုက်တွင်လည်း အရစ်အဆင့်ဆင့်ဖော်ထားပြီး အိုးဖင်တွင်လည်း အနားရစ်တစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ အိုးအပြင်သားကို အရစ်ကလေးများဖြင့် အလှဆင်ထားသည်မှာ ချစ်စရာကလေးဖြစ်နေပါ၏။ အိုးငယ်တို့ပြုလုပ်ဖန်တီးထားသော မြေသားမှာ သဲပွင့်ငယ်များပါရှိပြီး အိုးငယ်ပတ်ပတ်လည်တွင် သဲပွင့်ကလေးများ အဖတ်လိုက်တွေ့ရှိရပါ၏။ အိုးမြေမီးဖုတ်အရောင်မှာ တချို့နေရာတွင် အရောင်တောက်ပပြီး တချို့နေရာတွင် နီညိုရောင်တွေ့ရှိရပါသည်။ အိုးသားမှာ မာကျောကျစ်လျစ်သည်ကို တွေ့ရှိရပါသည်။ အိုးအနက် ငါးစင်တီမီတာနီးပါးရှိသည်ကိုတွေ့ရှိရပါသည်။ ဤအိုးငယ်မှာ အကောင်းပကတိတွေ့ရှိရပြီး မာကျောကျစ်လျစ်သည်ကို တွေ့ရှိရပါသည်။

နောက်ထပ်ခွက်ငယ်တစ်ခွက်မှာ အပြင့် သုံးစင်တီမီတာနီးပါးခန့်ရှိပြီး အတွင်းအနက် နှစ်စင်တီမီတာကျော်ခန့်ရှိပါသည်။ ခွက်ကလေးထိပ်ဝအပြင်အခြင်းခြောက်စင်တီမီတာခန့်လောက်ရှိပြီး အတွင်းထိပ်ဝအခြင်း ငါးနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်နှင့် အနားအထူနှစ်ပိုင်းတစ်ပိုင်းစင်တီမီတာခန့်ရှိပါသည်။ ခွက်ကလေးမှာ ဒန်အိုးသဏ္ဌာန်လုံးချော၍တွေ့ရှိသည်။ ခွက်ကလေးမှာ အတွင်းရောအပြင်ပါ အချောသာတွေ့ရှိရပါသည်။ မြေမီးဖုတ်ခွက်လေးမှာ မြေသားပွပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ခွက်ကလေးမှာ အကောင်းပကတိတွေ့ရှိရပြီး ချစ်စရာခွက်ကလေးပင်ဖြစ်ပါသည်။

နိမ္မူဇာဘုရားကုန်းအမှတ်ငါးကို ခြုံငုံသုံးသပ်ရလျှင် အဆောက်အအုံကုန်းကို ခေတ်နှစ်ခေတ်ထပ်၍တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ တွေ့ရှိရသော ရွှေဟောင်းဝတ္ထုပစ္စည်းလက်ရာများမှာလည်း နှစ်ခေတ်လက်ရာများကိုတွေ့ရှိရပါသည်။ ထို့ကြောင့် နိမ္မူဇာဘုရားကုန်းအမှတ်ငါးမှာ လေးမြို့ခေတ်၊ မြောက်ဦးခေတ်နှစ်ခေတ်တည်ဆောက်ခဲ့သော ဘုရားကုန်းတော်တစ်ခုပင်ဖြစ်သည်ဟု ယူဆရပါသည်။

အနန္တောအနန္တငါးပါးတို့
ထာဝရဦးထိပ်ပန်ဆင်
ကန်တော့ပါပျက်

ပန်းချီထူးဝ(ရွှေဟော်သင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com

ပခင်္လမ္ဖအဆက်)

■ ခေါင်းလောင်းခိုးကြသူများ

ထိုအချိန်သည် ရှေးဟောင်းပစ္စည်းများ၊ သာသနိကအဆောက်အအုံမှ ရှေးဟောင်းပစ္စည်းများ၊ ရုပ်တုရုပ်ပွားများ၊ ရှေးဟောင်းစာပေများ၊ ကြေးစည်ခေါင်းလောင်း စသည်များ မည်သည့်ပစ္စည်းမဆို ဝယ်လက်ရှိရာ ရှေးဟောင်းပစ္စည်းခိုးသူတို့သည် မရောင်းရမှာ မပူရပေ။ အထိုက်အလျောက်ရောင်းကြရပေရာ ဝိသမလောဘသားတို့သည် ဘုရားတန်ဆောင်းကျောင်းကန်တို့မှပစ္စည်းတို့ကို ခိုး၍ ရောင်းချကြသောခေတ်ဖြစ်ပေ၏။

ရှေးဟောင်းပစ္စည်းခိုးသူတစ်စုဓာတ်တော်ကုန်းပေါ်ရှိ ခေါင်းလောင်းအားခိုးယူရန် တိတ်တဆိတ်ရောက်လာကြလေ၏။ ဘုရားကုန်းတော်ပေါ်တွင် ဘုန်းတော်ကြီးတစ်ပါးသာရှိလျက် တွင်းတဲနှစ်တဲရှိတွင်းသမားတို့မှာ ညပိုင်းအထိဆင်းနေကြသဖြင့် ကုန်းတော်မှာတိတ်ဆိတ်လျက်ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ခိုးသူတို့၏ရည်ရွယ်ချက်မှာ စေတီတော်ကြီး၏အဝိုထောင့်တွင်တည်ထားသော ခေါင်းလောင်းကြီးခိုးယူရန် ဖြစ်သည်။ ခေါင်းလောင်းသည် သေးသေးမဟုတ်ပေ။ အတန်ပင်ကြီးသဖြင့် လူ (၄)ယောက်ထမ်းမှသာနိုင်မည်ဖြစ်ရာ ခိုးသူအဖွဲ့သည် (၄)ယောက်ဖွဲ့စည်းကာ ရောက်လာခြင်းဖြစ်ပေ၏။ကုန်းပေါ်တွင် ဘုန်းတော်ကြီးရှိသည်ဖြစ်ရာ ထိုဘုန်းတော်ကြီး ဘယ်နေရာတွင်ရှိသည်ကို ဦးစွာကြည့်ကြ၏။ ကျောင်းငယ်လေးပေါ်တွင်မရှိသဖြင့် လှည့်ပတ်ရှာဖွေကြည့်ရာ စေတီတော်ကြီး၏မြောက်ဘက်မုခ်ငယ်လေးပေါ်၌ ပြင်ပကိုကျောပေးလျက် စေတီတော်ကြီးအား မျက်နှာမူလျက် ဘုရားထိုင်နေသော ဘုန်းတော်ကြီးကို တွေ့ကြရလေ၏။

ထိုအခါ ခေါင်းဆောင်လုပ်သူသည် ဘုန်းတော်ကြီးအား စောင့်ကြည့်ရန် တစ်ယောက်ထားကာ သုံးယောက်သည် ခေါင်းလောင်းကြီးအား ခဲရာခဲဆစ်ဖြုတ်၍နေလေ၏။ သံလုံးရှုပ်တန်းဖြင့်တင်ထားသော အုတ်ခဲမှအုတ်များအား အသံကျယ်လောင်စွာမမြည်စေရန် သံချောင်းတို့ဖြင့် စိတ်ရှည်လက်ရှည်ထိုး၍ခွာနေရာ အတန်ကြာသော် ဖြုတ်၍ရသွားလေ၏။

ထိုခေါင်းလောင်းကြီးအား ဝါးထမ်းပိုးဖြင့် ထမ်းယူကြမည်ဖြစ်ရာ ဝါးထမ်းပိုးလည်းပါပါသည်။ ခေါင်းလောင်းကြီးအား ဖြုတ်၍ရပြီဖြစ်သဖြင့် ဝါးထမ်းပိုးလျှိုကာ အဆင်း၌ မရွေ့လျောစေရန် ကြိုးဖြင့် အသေအချာတုပ်နှောင်လိုက်၏။ ထမ်းရန်အသင့်ဖြစ်သောအခါ ကင်းစောင့်နေသူကိုသွားခေါ်ရန် နောက်ဘက်သို့လှည့်လိုက်စဉ် သူတို့လွန်စွာအံ့သြသွားကြလေတော့၏။ အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီးသည် သူတို့အားနောက်မှနေ၍ မမြဲတံမသုန်ရပ်ကြည့်နေသောကြောင့်ဖြစ်ပေ၏။ ဘာတစ်ခွန်းမျှပြောဆိုခြင်းမပြုပေ။

ထိုအခါ ခိုးသူသုံးယောက်သည် အလန့်တကြားနှင့် ကုန်းအောက်သို့ တစ်ခဲတည်းဆင်းပြေးလေတော့၏။ကင်းစောင့်နေသောအဖော်ကိုပင်မခေါ်အားတော့ပေ။ ကင်းစောင့်နေသောသူမှာလည်း ဘုန်းတော်ကြီးအားစောင့်ကြည့်၍နေရာ ဘုန်းတော်ကြီးကား မလှုပ်မယှက် တရားအားထုတ်လျက်သာရှိသဖြင့် အေးအေးလူလူပင် ဘုရားရင်ပြင်၌ထိုင်ကာ စောင့်လျက်ရှိပေ၏။ ဘုရား၏ ဆည်းလည်းသံလေးများသည် လေအနွဲ့တွင် တချွင်ချွင်မြည်ကာ ကြည်နူးအေးမြမှုကိုဖြစ်စေ၏။

သုရန္ဓဝဂ်း အခန်း ဆက် ဝတ္ထုရှည်

(ဦးကုန်၏) ရွှေပြည်စိုး

ကျွန်ပ်နှင့်အတ်တော်ဘုရားကုန်း

www.burmeseclassic.com

www.burmeseclassic.com

အခ်ိန်သည် တောကြက်များပင် တွန်နေပြီဖြစ်ရာ ညဉ့်နက်စပြုပြီဖြစ်ကြောင်း သိလိုက်ရလေ၏။ ညသည် လရောင်ပျပျဖြင့် သာယာလျက်ရှိသော်လည်း ကင်းစောင့်သူက ခေါင်းလောင်းဖြုတ်နေသူတို့ထံ စိတ်ရောက်နေလေ၏။ ဒီကောင်တွေ ခေါင်းလောင်းဖြုတ်တာ ကြာလှပြီဖြစ်သည်။ ဘာဖြစ်နေကြသလဲဟု တွေးနေမိလေ၏။

ထိုစဉ်မှာပင် ညဉ့်နက်အောင် တွင်းဆင်းနေကြသော တွင်းသမားအုပ်စု၏ ဓာတ်မီးရောင်များအား ကုန်းပေါ်မှ အတိုင်းသားမြင်နေရရာ မကြာမီပင် ကုန်းပေါ် သို့ရောက်ရှိကြတော့မည်ဖြစ်သည်။ ထို့ကြောင့် ချက်ချင်းပင် စေတီတော်ကိုပတ်ကာ အင်္ဂါထောင့်ရှိ ခေါင်းလောင်းကြီးရှိရာကြည့်မိ၏။ လူတစ်ဦးမှ မတွေ့ရရာ ဒီကောင်တွေ ထမ်းသွားလောက်ပြီဟုတွေးလျက် လမ်းအတိုင်း အမြန်ပြေးဆင်းသွားလေတော့၏။

တွင်းသမားတို့ရောက်လာသော အခါဝယ် ကျောင်းဝယ်လေး၏မျက်နှာစာတွင် စကြော်လျှောက်နေသော ဘုန်းတော်ကြီးကိုတွေ့ရသဖြင့် ရှိခိုးဝတ်ပြုကြလေ၏။ ထိုအခါ ဘုန်းတော်ကြီးမှ ခေါင်းလောင်းအား ကျောင်းထဲသို့သွင်းထားရန် အမိန့်ရှိလေ၏။ ထို့ခေါင်းလောင်းခိုးသောသတင်းမှာလည်း ဟိုးလေးတကျော်ဖြစ်ခဲ့ပါသည်။

■ ခေါင်းလောင်းထိုးသံ

ခေါင်းလောင်းကြီးဖြုတ်ချထားသောအခါ ဘုရားကုန်းတော်ပေါ်၌ ခေါင်းလောင်းထိုးသံမကြားရတော့ပြီ။ နေ့၌သော် လည်းကောင်း၊ ည၌သော်လည်းကောင်း ကိုညီတို့အုပ်စုနှင့် ကိုညွှန့်တင်တို့အုပ်စုရှိနေသောအခါ မကြာမကြာ ခေါင်းလောင်းထိုးသံကြားရတတ်လေ၏။ ထိုအခါ ကုန်းပေါ်သို့ မည်သူများ ဘုရားလာဖူးကြသနည်းဟုထွက်၍ကြည့်သော်လူသူအရိပ်အယောင်မျှပင် မမြင်ရချေ။

ကိုညီနှင့်ကိုညွှန့်တင်တို့၏တဲသည် ညောင်ပင်ကြီး၏အနောက်ဘက်၌တည်ရှိရာတဲထဲမှထွက်လျှင်ပင် ခေါင်းလောင်းကိုလှမ်းမြင်ရသောအနေအထား၌ရှိ၏။ သို့သော် ထိုခေါင်းလောင်းထိုးသံကြား၍ ထွက်ကြည့်တိုင်း ခေါင်းလောင်းထိုးသူကို တစ်ခါမှမြင်တွေ့ရလေ့မရှိပေ။

ရံဖန်ရံခါ ခေါင်းလောင်းထိုးသံကြားနေဆဲ၌ပင်လျှင် အလျင်အမြန်ထွက်ကြည့်ပါသော်လည်း ခေါင်းလောင်းသံသာမြည်နေသည်။ ခေါင်းလောင်းထိုးသူဟူ၍ မြင်ရခြင်းမရှိသောအခါ သူတို့၏ရင်တွင် ပုစ္ဆာတစ်ခုဖြစ်နေရလေ၏။

ဤမြင်ရဘဲ ခေါင်းလောင်းသံထွက်နေခြင်းက နာနာဘာဝဝိနာဘာဝ (ခေါ်) ပရလောကများ သို့မဟုတ် နတ်များ၊ ဝိဇ္ဇာများ ခေါင်းလောင်းထိုးကာ အမျှဝေခြင်းဖြစ်ပေမည်ဟု သူတို့ယူဆထားကြလေသည်။ ဤကုန်းတော်ကား မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ကိန်းဝပ်ရာဌာနဖြစ်ရာ သာမည ကုန်းတော်မဟုတ်မှန်း သူတို့သိကြ၏။ သိုက်နန်းရှင်ညီအစ်မလေးဖော်နေသည်ဟုလည်း ကြားဖူး၏။ သို့ကြောင့် အမှားမပြုမိစေရန် အထူးသတိထားကာနေကြပါသည်။

သူတို့သည် နံနက်ပိုင်း တွင်းမသွားမီ ဘုန်းတော်ကြီးအတွက် ရေနွေးဓာတ်ဘူး၊ စားရသမျှသောဆွမ်း၊ ဆွမ်းဟင်းတို့ကို ကပ်လှူခဲ့ကြ၏။ ဘုန်းတော်ကြီးကား နံနက်(၈)နာရီကျော်ကျော်တွင် ကျောက်ပြဿဒ်သို့ ဆွမ်းခံအမြဲကြွလေ့ရှိသည်။

ဖောက်တွင်းရာသီများဖြစ်သော ဆောင်းနှင့် နွေတွင် အထူးကြိုးစားလုပ်ကိုင်ကြရရာ စောစောသွား၊ မှောင်မှပြန်စနစ်ဖြစ်သည်။ တွင်းလုပ်သူတိုင်းသည် တွင်းရှင်ပေါလဲဖြစ်စေ၊ အလုပ်သမားတွင်းသားဖြစ်စေ ပတ္တမြားရရှိ၍ သူဌေးဖြစ်ရေး ဟူသော လောဘစိတ်က ဦးစီးထားရာ မည်သို့လုပ်ရလုပ်ရ ညည်းညူသည်ဟူ၍မရှိကြပါ။ ကြည်ကြည်ဖြူဖြူ လုပ်ကြသည်သာဖြစ်သည်။ သူတို့သည် တွင်းတော (ခေါ်) တွင်းလုပ်ကွက်နှင့် နီးအောင် ဓာတ်တော်ကုန်း၌လာနေကြသလို သူများထက် လုပ်အားပိုအောင် လည်းလုပ်ကြသူများဖြစ်၏။ ဆိုရသော် အလုပ်လောဘကြီးသူများ၊ အလုပ်ကြိုးစားသူများဖြစ်ကြပါသည်။

မှောင်ရီပျိုးပျ တွင်းမှစောစော ရောက်သောအခါများတွင်မူ ချက်ပြုတ်စားသောက်ကြပြီးသည်နှင့် ဘုန်းတော်ကြီး၏ကျောင်းလေးထဲဝင်ကာ စကားစမြည်ပြောဆိုတတ်ကြလေ၏။ လမ်းကူလီ (ခေါ်) လမ်းလုပ်သားဘဝမှ သူတို့ မျက်စိအောက်တွင် ရဟန်းဝတ်သွားသော တောထွက်ရဟန်းဦးရွှေမန်းအား အလွန်ကြီးလည်း အထင်ကြီးခြင်းမရှိကြပါ။ သူတို့သည် ထိုရဟန်းကိုမှီ၍ ဤကုန်းတော်ပေါ်တွင်လာနေကြခြင်းဖြစ်ရာ သူ၏ကျေးဇူးရှိသည်ဖြစ်၍ ဂါရဝပြုခြင်းဖြစ်ကြပေ၏။ ရဟန်းတစ်ပါးပေမို့ လေးစားခြင်းအဆင့်မျှသာရှိပါသည်။ ထိုရဟန်း၏ ကျင့်ကြံကြိုးကုတ်အားထုတ်မှုအား သတိမမူမိကြပေ။ ထိုအချိန်တွင် အမှတ်တမဲ့သာရှိပါသေးသည်။ တစ်နေ့ ညပိုင်းတွင်မူ ဘုန်းတော်ကြီးထံရောက်ကြရာ ခေါင်းလောင်းထိုးသံကိစ္စကို မေးလျှောက်ကြလေ၏။

ထိုအခါ ဘုန်းတော် ကြီးက -

"ဒီလိုဗျ၊ ဒီကုန်းတော်ကြီးမှာတည်ရှိနေတဲ့ ဓာတ်တော်စေတီတော်ကြီးဟာ မြတ်စွာဘုရားရဲ့ ဓာတ်တော်မွေတော် အစစ်တွေကိန်းဝပ်စံပယ်နေတာခင်ဗျားတို့အသိပဲ။ ဒီအခါမှာ ကောင်းကင်ခရီးကနေ သူတို့ရဲ့တန်ခိုးကဒ္ဓိပါဒ်နဲ့သွားလာနေကြတဲ့ ဝိဇ္ဇာဇော်ဂျီတပသီတွေ ပြီးတော့ လောကီပညာအစွမ်းနဲ့ ပျံသန်းနိုင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီစေတီတော်ကြီးပေါ် ကကျော်ပြီး ပျံသန်းသွားလာလေ့မရှိကြဘူး။ စေတီတော်ကြီးရောက်တာနဲ့ ဆင်းပြီး ရှိခိုးဦးတိုက်သမှုပြုကြတယ်။ အဲ - သူတို့တွေ ရှိခိုးဝတ်ပြုပြီးရင် သူတို့ရဲ့ကုသိုလ်ကို ခေါင်းလောင်းထိုးပြီး အမျှပေးဝေလေ့ရှိတယ်။ သာမန်လူတွေဆိုတာကတော့ ဒီကုန်းပေါ်ကို ယောင်လို့တောင်တက်ကြတာမဟုတ်ဘူး။ အမှားအားဖြင့် ကြောက်လို့ပေါ့ဗျာ။ ပြီးတော့ ဒီကုန်းတော်ကြီးပေါ်မှာ ခင်ဗျားတို့ကျုပ်တို့ချည်းနေတယ်မအောက်မေ့နဲ့။ မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေလည်း အများအပြားနေထိုင်တယ်။ နောင်ခင်ဗျားတို့သတိထားရင် မြင်ရတွေ့ရပါလိမ့်မယ်။ ဒီမှာက ရှက္ခစိုးကြီးရှိတယ်။ သိုက်စောင့်ညီအစ်မလေးဖော်ရှိတယ်။ ကျန်တဲ့အစောင့်အရှောက်တွေဆိုတာလည်း အများကြီးရှိတယ်။ အဲဒီညီအစ်မလေးဖော်မှာ ကျန်တာတွေက သဘောကောင်းတယ်။ ဒုတိယညီမအလတ်ကတော့ သိပ်ပြီးသည်းခံလေ့မရှိဘူး။ သူက ဒေါသကြီးတယ်။ မထင်ရင်မထင်သလို ပြုမူတတ်တယ်။ ခင်ဗျားတို့လူမမြင်ရဘဲကြားကြားနေရတဲ့အမျှဝေတဲ့ခေါင်းလောင်းသံတွေဟာ အဲဒီပုဂ္ဂိုလ်တွေရဲ့အမျှဝေခေါင်းလောင်းသံတွေပါဗျာ"

ဟု ရှင်းပြလေ၏။

ထိုအခါတွင်မူ ခေါင်းလောင်းထိုးသူမမြင်ရပါဘဲ မြည်မြည်နေတတ်သည့် သဘောကိုသိရလေ၏။ ထိုသို့ပြောသောအခါတွင်မူ ဘုန်းကြီးဦးလေးအား ကျင့်ကြံကြိုးကုတ်အားထုတ်အားကောင်းသဖြင့် သာမန်မဟုတ်တော့ဘဲပြိုပြူသည်ကို သိကြရလေသည်။ နေ့နေ့ည၌ ကျင့်ကြ

www.burmeseclassic.com

www.burmeseclassic.com

ကြီးကုတ်အားထုတ်မှုကို သူတို့သိနေကြ၏။ သို့သော် အတူနေသူအချင်းချင်းပို့အထင်ကြီးခြင်းမရှိခဲ့သည်မှာ အမှန်ပင်ဖြစ်ချေ၏။ ယခုသော်မူ အထင်တကြီးရှိရလေပြီ။

■ ခဲထုခံရခြင်း

ယနေ့ဥပုသ်နေ့ဖြစ်သည်။ မိုးကုတ်စည်းကမ်းအရ ပတ္တမြားမြေတစ်ခွင်လုံးတွင်းနားကြသည်။ လပြည့်၊ လကွယ်တည်းဟူသော ဥပုသ်နေ့များတွင် တွင်းစောင့်နတ်များ ဥပုသ်စောင့်သောနေ့ဟု သတ်မှတ်ကာ တွင်းဆင်းခြင်းမပြုကြသည်မှာ ကာလအားဖြင့် ကြာခဲ့ပြီဖြစ်သည်။ တွင်းစောင့်နတ်များသည် တွင်းလုပ်သူများမထိခိုက်အောင်အစဉ်စောင့်ရှောက်သော်လည်း ဥပုသ်နေ့တွင်မူ ဥပုသ်စောင့်ကြသဖြင့် မစောင့်ရှောက်နိုင်ကြပေ။ ထို့ကြောင့် လူတို့ကလည်း ဥပုသ်နေ့တွင် တွင်းနားကာ ဆံပင်ညှပ်ခြင်း၊ လည်ပတ်ခြင်း၊ စားသောက်ခြင်း၊ ဈေးဝယ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း၊ ချစ်သူနှင့် စုံတွဲခုတ်ခြင်း စသောအမှုတို့ကိုပြုကြလေ့ရှိပါသည်။ကျွန်ုပ်တို့ကျောက်ပြဿဒါး ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး၊ ငွေးပင်၊ သစ်ဆိမ့်ကုန်း၊ စခန်းကြီး၊ အထက်ကျောက်ကြမ်း၊ အောက်ကျောက်ကြမ်း၊ ကင်းကပိုင် စသောစသောရွာတို့သည် မိုးကုတ်မြို့၏အနောက်ခြမ်းဖြစ်သော ကျပ်ပြင်သို့တက်ကာ ပျော်ကြပါးကြစားကြသောက်ကြလေ့ရှိသည်။ အချို့လည်း မိုးကုတ်အထိဆင်း၍ပျော်ပါးကြ၏။ ထိုခေတ်ထိုအခါကား သိပ်ပြီးမတိုးတက်သေးရာ တကုပ်ကုပ်နှင့်ခြေကျဖဲသုတ်ရသောခေတ်ဖြစ်သည်။

သစ်ဆိမ့်ကုန်း၊ စခန်းကြီး၊ ဓာတ်တော်၊ ကပိုင်၊ သစ်ဆိမ့်ကုန်း၊ အထက်ကျောက်ကြမ်း၊ အောက်ကျောက်ကြမ်း ရွာတို့မှာ ကားလမ်းဘေးဖြစ်သဖြင့် လိုင်းကားဖြင့်သာသွားကြပြန်ကြပါသည်။ အိုက်ညီနှင့် ကိုညွန့်တင်တို့အုပ်စုများမှာ တစ်နေကုန်ပျော်ပါးကာ လိုင်းကားဖြင့်ပြန်ရောက်ခဲ့ပြီဖြစ်သည်။ လပြည့်ညဖြစ်ရာ လသည် ထိန်ထိန်သာလျက်ရှိသော်လည်း သူတို့တဲနှစ်လုံး၏ ဝန်းကျင်အုပ် ညောင်ပင်ရိပ်ကြောင့် အလင်းအားနည်းပါးလျက်ရှိ၏။ အချိန်မှာ ည(၈)နာရီခန့်ရှိပြီဖြစ်သည်။

ထိုအုပ်စုနှစ်စု၌ အလွန်အရယ်သန်သော တရုတ်ကလေး စံကွီး (ခေါ်) ချစ်ရွှေနှင့် အိုက်ဆာ ဟူသော ရှမ်းတွင်းသားတို့ရှိ၏။ ရယ်စရာမောစရာပြောသော် သူတို့သည် ကျယ်လောင်စွာအားပါးတရ အော်ဟစ်ရယ်မောလေ့ရှိ၏။ ကျန်သောသူတို့မှာမူ သာမန်မျှသာရယ်ကြ၏။

ချစ်ရွှေသည် ဗန်းမော်နယ်မှ တရုတ်ဖြစ်ကာ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။ ရိုးသား၍ ကြီးစားသောလူငယ်ဖြစ်ကာ ဖြောင့်မတ်မှန်ကန်သူအဖြစ် တစ်ရွာလုံးက အသိအမှတ်ပြုခံရသည်။ ရောက်စ၌ အတော်ပင်ငယ်သေးကာ သူကြီးဦးထွန်းညိုအိမ်၌နေလျက် ယခုသော် သူကြီး၏သား ကိုအိုက်ညီနှင့် တွဲဖက်လုပ်ကိုင်နေခြင်း ဖြစ်၏။ ဧရောက် သည့်သက်တမ်းမှာ ကျွန်ုပ်က ချစ်ရွှေထက် အနည်းငယ်သာစောပါသည်။ သို့ကြောင့် တွင်းပညာကျွမ်းကျင်တတ်မြောက်နေပြီဖြစ်လျက် ကိုညီလက်လွှဲရသောတပည့် ဖြစ်ပေ၏။ ကျွန်ုပ်တို့က ချစ်စနိုးဖြင့် စံကွီးဟုခေါ်ကြလေ၏။ အိုက်ဆာမှာ လက်ဖက်တောင် တော့ဆန်မှ လာသောရှမ်းဖြစ်ပေ၏။

'မိန်းမများစုမိတော့ အတင်း ယောကျ်းများစုမိတော့ အဖျင်းဟူသော စကားအတိုင်း တဲနှစ်တဲစုကာ အဖျင်းများပြော၍ တဝါးဝါးရယ်မောနေကြလေ၏။ ထိုသို့အဖျင်းစကားများပြော၍ ရယ်မောကောင်းနေတုန်းမှာပင် ဖျောင်း. . . ဖျောင်း. . . ဖျောင်း ဟူသော တဲရှေ့ရှိ အဝတ်လှန်းဝါးတန်းအား ခဲဖြင့်ထုသံကြားရသဖြင့် ချက်ချင်းတိတ်သွားကြလေ၏။

ဘုရားကုန်းတော်ပေါ်၌ မဖွယ်မရာ အဖျင်းစကားများပြော၍ ရယ်မောနေသဖြင့် ဘုန်းတော်ကြီးမှ ခဲဖြင့်လာထုသည်ဟုအထင်ရှိကာ တဲပြင်သို့လှမ်းကြည့်လိုက်ကြ၏။ ဘုန်းတော်ကြီးမဟုတ်ပါ။ ဝတ်ရုံဖြူကိုခြုံထားသောပုဂ္ဂိုလ်သည် တဲရှေ့၌ ငြိမ်သက်စွာရပ်လျက် သူတို့တဲကိုကြည့်နေသည်ကို တွေ့ရတော့၏။

ထိုပုဂ္ဂိုလ်သည် သင့်တင့်သောအရပ်အမောင်းရှိပြီး ဝတ်ရုံမှာအမှောင်ထဲ၌ ဆွတ်ဆွတ်ဖြူကာ တောက်ပလျက်ရှိပြီး သူတို့အားမကျေမနပ်ကြည့်နေဟန်ရှိသည်။ သို့ကြောင့် သူတို့သည် ထိုဖြူဖြူအရာကိုကြည့်ကာ မလှုပ်မယှက်ငြိမ်သက်လျက် ကြောက်ရွံ့စွာကြည့်နေမိကြတော့၏။ အတန်ကြာသောအခါ ထိုနေရာမှ ထွက်ခွာသွားတော့၏။ သူ၏ ဝတ်ရုံဖြူသည် လေတွင်နှဲ့ညွှဲစွာတဖျတ်ဖျတ်ခတ်လျက် ကြည့်၍ အလွန်ကောင်းပေ၏။ ဤကုန်းတော်ပေါ်၌ သူတို့သည် ထိုဖြူဖြူအရာကို ပထမဦးဆုံး စတင်မြင်တွေ့ရခြင်း ဖြစ်ပေ၏။

ထိုအရာအား ဘုန်းတော်ကြီးအား မေးလျှောက်ရာ-

"မင်းတို့တစ်တွေ ဒီကုန်းတော်ပေါ်မှာ ပေါက်ကရတွေမပြောမိစေနဲ့ကွ။ လူမသိပေမယ့် နတ်သိတယ်။ ညက မင်းတို့အဝတ်တန်းကိုခဲနဲ့ထုတာ အလတ်မကွ။ အလတ်မက အရပ်ရှည်တယ်။ အကြီးဆုံးနဲ့ တတိယညီမက သာမန်အရပ်အမောင်းပဲ။ အငယ်ဆုံးလေးကျတော့ အရပ်နည်းနည်းပုတယ်။အလတ်မကလွဲရင် ကျန်တာတွေက သဘောပြည့်တယ်။ သိမ်မွေ့တယ်။ သည်းခံတယ်။ အလတ်မကကြမ်းတယ်။ ထက်တယ်။ ဒီမှာနေရင် အများမပြုမိစေနဲ့"

ဟု အမိန့်ရှိလေ၏။

ထိုအခါကျမှ သူတို့အားလုံးသည် တဲကိုမထုဘဲ အဝတ်တန်းကို ဆက်တိုက်သုံးလေးချက် မှန်အောင်ထုနိုင်သည်မှာ လူဆိုကမည်သို့မျှမထုနိုင်ကြောင်းသဘောပေါက်ကြရလေ၏။

ထို့နောက် ညအခါများတွင် ဘုရားကြီးအား သွား၍ကန်တော့စဉ်၌ လည်းကောင်း၊ ကုန်းတော်ပေါ်၌ လည်းကောင်း အမှောင်ထဲတွင် ဖြူဖွေးသောအရာများသွားလာလှုပ်ရှားနေကြသည်ကို မြင်တွေ့ကြရပါသည်။ ကြာသော် ကြောက်ဖွယ်ဟုမမြင်ဘဲ သာဝကအချင်းချင်းဟု မှတ်ယူကြ၏။ ထိုဖြူဖြူတို့အား ဘုန်းတော်ကြီး၏တပည့်မှတ်ယူကြပါတော့သည်။ သို့ကြောင့် လုံးဝမကြောက်ကြတော့ပေ။ သို့သော် သူတို့အနီးသို့မူ သွား၍မကြည့်ရဲကြပါ။

www.burmeseclassic.com

www.burmeseclassic.com

■ မြင်ဖူးသည်ရှိအောင်

ယနေ့သည် ဥပုသ်နေ့ဖြစ်ရာ ချစ်ရွှေသည် တဲစောင့်မည်ဟုပြောကာ ကျန်ရစ်ပါသည်။ ချစ်ရွှေတွင် မိုးကုတ်မြို့ စစ်တန်းကုန်းရပ်၌ ချစ်သူရှိ၏။ သူ၏ ချစ်သူမှာ ခရစ်ယာန်တို့အလေးထားရာ ချာ့(ခ်)ကျောင်းတက်ရာမှ စတင်ရင်းနှီးကာ ချစ်ကျွမ်းဝင်ခဲ့သော လီဆူးမလေးဖြစ်၏။လီဆူးစစ်မဟုတ်။ တရုတ်လီရှော စပ်ဖြစ်၍ ချောမောလှပ၏။ ထိုလီဆူးမလေး၏မိသားစုမှာ စစ်တန်းကုန်းရပ်ကွက်၌ အရက်နှင့်စားသောက်ဆိုင်လေးဖွင့်လှစ်ကာ ဘဝရပ်တည်နေကြ၏။ ဖခင်တရုတ်၊ မိခင်လီဆူးမဖြစ်သည်။ ယခင်အပတ် မိုးကုတ်သွားစဉ် စိတ်ထဲတွင် အဆင်မပြေဖြစ်ခဲ့သဖြင့် ယခု အပတ်စိတ်ကောက်ကာ ဆန္ဒပြခြင်းဖြစ်သည်။

သူ၏ မိသားစုများသည်လည်းကောင်း၊ သူ၏ချစ်သူမိသားစုများသည်လည်းကောင်း ခရစ်ယာန်များဖြစ်ကြပါသည်။ငယ်စဉ်တောင်ကျေးကလေးဘဝမှသည် ခရစ်ယာန်ဘာသာကိုးကွယ်ကြီးပြင်းခဲ့သော ချစ်ရွှေသည် ဗုဒ္ဓမြတ်စွာ၏ကုန်းတော်ပေါ် လာရောက်နေထိုင်ရသောအခါ၀ယ် ဗုဒ္ဓ၏သားတော် ဘုန်းတော်ကြီး ဦးရွှေမန်း၏ ထူးခြားမှုတို့ကိုလည်းကောင်း၊ ကျင့်ကြံကြီးကုတ်အားထုတ်မှုတို့ကိုလည်းကောင်း၊ ပရလောကသားဟု ဆိုအပ်သော သူတို့အခေါ် ဝိညာဉ်ကောင်များသည် ဘုန်းတော်ကြီးအား ဦးခိုက်ကာ ဆည်းကပ်ကိုးကွယ်မှုပြုကြသည်ကို လည်းကောင်း ကြိမ်ဖန်များစွာ မြင်တွေ့ခဲ့ရပေပြီ။ သူတို့ဘာသာတွင် ထိုသို့မရှိပါ။ ကြားလည်းမကြားဖူးပါ။ ကြုံလည်းမကြုံဖူးပါ။

သို့ကြောင့် သူ၏စိတ်တို့သည် ဗုဒ္ဓဘာသာနှင့် ငေးနှီးကျွမ်းဝင်နေပြီဖြစ်သည်။ထို့ပြင် ဗုဒ္ဓသာသနာတော်အပေါ် အလွန်ပင် လေးစား ကြည်ညိုကြသည့် ကျောက်ပြဿဒ်၊ ကျောက်ဖျာရွာ၌ ကြီးပြင်းထိတွေ့ရခြင်းသည်လည်းတစ်ကြောင်းဖြစ်သည်။ ကျောက်ဖျာသူကြီးအိမ်၌နေစဉ် နေ့စဉ် ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းသွားပို့ရ၏။ ဘုန်းတော်ကြီးဦးနာဂိန္ဒကို အစဉ်ဖူးတွေ့ရ၏။ ထိုစဉ်အခါကမူ သူစိတ်တွင် ဘုန်းတော်ကြီးကျောင်းနှင့် အသားကျသည်မှလွဲ၍ ဗုဒ္ဓဘာသာအပေါ် ယိမ်းယိုင်မှုမဖြစ်ခဲ့ဘူးချေ။ သူ့ရင်တွင် ထာဝရဘုရားသခင်သာရှိနေသောအချိန်ဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာဘုန်းတော်

ကြီးနှင့်မူ ကျွမ်းဝင်မှုရှိနေခဲ့ပြီ ဖြစ်သည်။

ယခုသော်မူ သူ့စိတ်တို့သည် ဗုဒ္ဓဘာသာအပေါ် ကြည်ညိုစိတ်အတော်ပင် ယိမ်းယိုင်ခဲ့ပြီ ဖြစ်သည်။ တင်းပြည့်ကျပ်ပြည့်တော့မဟုတ်သေးပါ။ မိမိကိုယ်ကို ဗုဒ္ဓဘာသာဟုလည်း မခံယူသေးပါ။ ဘုန်းတော်ကြီး ဦးရွှေမန်းနှင့် သူတို့အုပ်စု ဝင်ရောက်ဖူးမြော်ကာ စကားစမြည်ပြောဆိုကြစဉ် သူသည် ရှိခိုးဝတ်ပြုခြင်းမရှိဘဲ သည်အတိုင်းပင်ဝင်ထိုင်ကာ ပြောဆိုလေ့ရှိ၏။ လူလူချင်းရှိမိုးရ၊ ရွာပ်တုရွာပ်ပွားရှိမိုးရဟု ငယ်စဉ်က ရိုက်သွင်းထားသောအသိကတင်းခံနေသောကြောင့်ဖြစ်ပေ၏။

ချစ်ရွှေသည် တစ်နေ့တာကို ဝတ္ထုစာအုပ်ဖတ်၍ ကုန်လွန်မည်ဟု ဆုံးဖြတ်ကာ ကြူးမွေး၏ ဟာသဝတ္ထုများကိုဖတ်နေပါသော်လည်း ကြာသော် ပျင်းလာသဖြင့် တဲထဲမှထွက်ခဲ့ပါသည်။ ထိုအခါ သေးငယ်သောထရံကျောင်းလေးအတွင်းမှ စကားပြောသံများကြားရရာ ဘုန်းတော်ကြီးထံ မည်သူရောက်နေသနည်းဟုသိလိုသဖြင့် ကျောင်းအနားကပ်ကာ ထရံပေါက်မှချောင်းကြည့်လေ၏။ ကျောင်းလေး၏အဝင်တံခါးကမူပိတ်ထားပါသည်။

အထဲကိုအသေအချာကြည့်သောအခါ ဆွတ်ဆွတ်ဖြူဝတ်ရုံကိုခြုံထားသော မိန်းကလေးတစ်ဦးသည် ဆရာတော်ရှေ့တစ်လံကျော်ကျော်တွင်ထိုင်ကာ စကားပြောနေခြင်းဖြစ်၏။ ခြုံထားသည့်မှာ သေချာပိရိလွန်းလှ၏။ ခြေဖျားလက်ဖျားမျှပင် မမြင်ရပေ။

ချစ်ရွှေသည် မြင်လိုက်သည်နှင့် သိုက်နန်းညိအစ်မလေးဖော်မှ တစ်ဦးဦးဖြစ်မည်ကိုအတပ်သိလိုက်၏။သို့ကြောင့် မျက်နှာကို မြင်ဖူးချင်စိတ်ဖြင့် စိမ်ပြေနပြေခြောင်းနေလေတော့၏။ ထိုအခါ စကားပြောသော နှုတ်ခမ်းရဲရဲလေးနှင့် ဖြူဝင်းသောအသားကို အနည်းငယ်သာမြင်ခွင့်ရလေ၏။ အသားမှာ ဖွေးဆွတ်ဝင်းလျက် နှုတ်ခမ်းလေးမှာ ရဲတွတ်နေ၏။

သည်မျှဖြူဝင်း၊ သည်မျှလှ သည်မျှချောမွတ်သော မိန်းကလေးတစ်ဦးအား နှစ်ကိုယ်ကြားစကားပြောရသောအခါ မိမိသာဆိုက တပ်မက်စိတ်၊ တွယ်တာစိတ်၊ ရာဂစိတ်တို့ဖြစ်ပေါ် မှာအမှန်ဖြစ်သော်လည်း ဘုန်းတော်ကြီးဦးရွှေမန်းမှာမူ မိမိကဲ့သို့ဖြစ်ပုံမရှိပါ။ ထို့ကြောင့်လည်း နှတ်တို့ဆည်းကပ်ကိုးကွယ်ခြင်းဖြစ်မည်ဟု ချစ်ရွှေ သုံးသပ်မိပါသည်။

ထို့အပြင် သတိထားမိသည်မှာ ဘုန်းတော်ကြီးနှင့် သိုက်နန်းရှင်တို့ပြောနေသောစကားများသည် မြန်မာစကားမဟုတ်သဖြင့် ချစ်ရွှေ တစ်လုံးမှနားမလည်ပါ။ နီးနီးကပ်ကပ်မို့ ပီပီပြင်ပြင်ကြားနေရပါသော်လည်း ဘာစကားဟု၍ ချစ်ရွှေ မသိပါ။ ချစ်ရွှေသည် တရုတ်လိုလည်းတတ်၏၊ ရှမ်းလိုလည်းတတ်၏၊ ဗမာလိုလည်းတတ်၏။သုံးဘာသာတတ်သူဖြစ်သည်။ ယခု ဘုန်းတော်ကြီးတို့ပြောနေသောစကားများကိုမူ တစ်လုံးမှနားမလည်ချေ။

အတန်ကြာသော် ချစ်ရွှေသည် ချောင်းရသည်မှာ ညောင်းလာသဖြင့် စေတီတော်ကြီး၏မြောက်ဘက်ရင်ပြင်တွင်ထိုင်ကာ အချိန်ဖြုန်းနေလေတော့၏။ သူ့ချစ်သူကို သတိရသလို သိုက်နန်းရှင်၏ နှုတ်ခမ်းရဲရဲလေးကိုလည်း မြင်ယောင်နေမိတော့၏။ သူတို့အားလုံးတွင် သိုက်နန်းရှင်အား နီးနီးကပ်ကပ်မြင်ဖူးသူမှာ ချစ်ရွှေပထမဆုံးဖြစ်သည်။ သူကားကံထူးလှပေ၏။ သူချောင်းကြည့်နေသည်ကို ဘုန်းတော်ကြီးနှင့် သိုက်နန်းရှင်တို့သိမည်ဖြစ်ပါသည်။

(ချစ်ရွှေသည် သူနီးနီးကပ်ကပ်မြင်ခဲ့ဖူးသည်ကို ဝုန်းယူစွာ ကြိမ်ဖန်များစွာ ပြောပြခဲ့ပါသည်။)

■ ရောင်ခြည်တော်ဖူးကြရခြင်း

ယနေ့သည် လပြည့်ညဖြစ်ရာ ရာသီဥတုသည် သာသာယာယာရှိလှပေ၏။ ကိုအိုက်ညီကား ဖြူဖြူပူပူဖြစ်တတ်ကိုညွှန့်တင်ကား ညိုညိုထောင်ထောင်မောင်းမောင်းကြီးဖြစ်သည်။ သူတို့နှစ်ဦးသည် ပုံစံဆန့်ကျင်ဘက်ဖြစ်သော်လည်း လူပျိုကြီးများဖြစ်ခြင်း၊ ဘာသာတူးမူးနှ

www.burmeseclassic.com

www.burmeseclassic.com

ပျော်ပါးခြင်းဟူသော ဂုဏ်ဝုဝ်နှင့် စရိုက်တစ်ထပ်တည်းကျလေ၏။ ထို့ကြောင့် သောက်ဖော်စားဖက် ကိုညွှန့်တင်အား ကိုညီမှခေါ် ခဲ့ခြင်းဖြစ်သည်။ နှစ်ဦးစလုံး သဘောမနော်ကောင်းသူများဖြစ်သည်။ သူတို့သည် ဓာတ်တော်ကုန်းပေါ်၌ အရက်မသောက်ရဟူသောစည်းကိုတော့ သူတို့ဟာသူတို့ထုတ်၍ သူတို့ဟာသူတို့ လိုက်နာကြရာ ဤသည်မှာ လေးစားဖွယ်ဖြစ်ပေ၏။ သောက်လိုစားလိုပျော်လိုပါးလိုက ဥပုသ်နေ့တွင်းနားရက်၌ ပြင်ပတွင် ကြိုက်သလိုကနိုင်ကြသည်။ ဘုန်းတော်၌မူ ခဲအထုခံလျှင်းနောက်၌ အပျော်အပြက်စကားများမပြောရဲကြတော့ပေ။

အဘယ့်ကြောင့်ဆိုသော် ဘုန်းတော်ကြီးသည် သာမန်မဟုတ်တော့၍ လည်းကောင်း၊ ပရလောကသားများ သွားလာနေထိုင်ကြသည်ကို မြင်တွေ့ရ၍လည်းကောင်း မော့ဟော့ရမ်းရမ်းနေထိုင်ခြင်း ရှိကြတော့ပါ။ ရံဖန်ရံခါ စေတီတော်ကြီး၏ ရင်ပြင်အုတ်ခဲ၌ ဂုဏ်တော် ပုတီးစိပ်ကြလေ့ရှိပါသည်။ ထိုသာယာသောသဘာဝတွင် သူတို့သည် စေတီတော်ကြီး၏ရင်ပြင်တွင် ဘုရားရှိခိုးသူကဦး၊ ပုတီးစိပ်သူကစိပ်၊ စကားပြောသူကပြောနှင့် စိတ်လက်ကြည်နူးနေကြလေ၏။ ထိုသို့ကြည်နူးနေခိုက်ဝယ် ချစ်ရွှေသည် အလန့်ကြားနှင့် ကိုညီအား -

"ဆရာ ဆရာ ဟိုမှာ ဟိုမှာ"

ဟူ၍ လက်ညှိုးထိုး၍ ပြသလေ၏။ ထိုအခါ အားလုံးမဝ် စေတီတော်ကြီး၏ ထီးတော်ဆီ မော့ကြည့်ကြရာ ရောင်ခြည်တော်ခြောက်သွယ်သည် ထီးတော်ကြီးဝန်းကျင်၌ လဲ့ထိန်ကာ ကွန့်မြူးနေသည်ကို ဖူးတွေ့ကြရလေ၏။

"ဟာ - ဖူးကြ ဖူးကြ၊ ရောင်ခြည်တော်တွေလွှတ်နေတယ်ဟေ့"

ဟုပြောကာ အားလုံးရှိခိုးကြလေ၏။ တစ်သက်နှင့်တစ်ကိုယ်မကြုံဘူးခဲ့သောချစ်ရွှေသည် ဗုဒ္ဓဘုရားတန်ခိုးတော်ပါတပါလားဟုသိကာ အများနည်းတူ ရှိခိုးလေ၏။ ရောင်ခြည်တော်ကွန့်မြူးခြင်းသည် အတန်ကြာသော် မြေးမိုးပျောက်ကွယ်သွားခဲ့လေ၏။ ရောင်ခြည်တော်လွှတ်သည့်အကြောင်းအား ဝမ်းသာအားရ ဘုန်းတော်ကြီးထံ ဝင်၍လျှောက်ကြလေ၏။

"အေးဗျာ - ခင်ဗျားတို့က ခုမှကြုံဘာကိုး။ ဘုရားကြီးက ဓာတ်တော်တွေကြာမကြာကွန့်မြူးပါတယ်။ လူတွေဆို တာက ကိုယ့်အလုပ်နဲ့ ကိုယ်ဝမ်းရေးအတွက် သွားလာလှုပ်ရှားနေကြရတော့ကာ ဘုရားဆီအာရုံမရောက်ကြဘူးလေ။ ဒီတော့ ဓာတ်တော်တွေက ရောင်ခြည်တော်တွေကွန့်မြူးလည်း ဘယ်ဖူးကြရမှာတုန်း။ အခုတောင်မှ ခင်ဗျားတို့ ဘုရားနားရောက်နေခိုက်နဲ့ကြုံလို့ဖူးရတာ။ တဲထဲထိုင်နေရင်ဖူးရမှာမဟုတ်ဘူး"

ဟု အမိန့်ရှိကာ ချစ်ရွှေဘက်လှည့်၍ မေးလေ၏။

"ဘယ်လိုလဲ မောင်ချစ်ရွှေ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်တွေက ရောင်ခြည်တော်ကွန့်မြူးတာဖူးရပြီ မဟုတ်လား"

"မှန်ပါ။ ဖူးရပါပြီ ဘုရား"

"ဘုရားကို ဝတ်ပြုလိုက်တယ် မဟုတ်လား"

"မှန်ပါဘုရား"

"အေးအေး - ကောင်းပါတယ်ဗျာ၊ သာဓု သာဓု သာဓု"

ဟူ၍ ဘုန်းတော်ကြီးက သာဓုအနုမောဒနာပြုလေ၏။ ရောင်ခြည်တော်ကွန့်မြူးသည်ကို လက်တွေ့ဖူးရသောအခါတွင်မူ တင်းမထားနိုင်တော့ဘဲ ဗုဒ္ဓမြတ်စွာအပေါ်၌ ယုံကြည်သဒ္ဓါပေါ်ပေါက်လာသဖြင့် ကြည်ကြည်နူးနူးပင် ဦးချဝတ်တွားကာ မိမိကိုယ်မိမိ ဗုဒ္ဓဘာသာဝင်ဖြစ်သွားပြီဟု သတ်မှတ်လိုက်တော့၏။ ထိုနေ့မှစကာ ဘုန်းတော်ကြီး ဦးရွှေမန်းအား အများနည်းတူ ရှိခိုးဦးတင်ပြုလေ၏။ အားလပ်ချိန်များတွင် ဘုန်းတော်ကြီး၏ ဝေယျာဝစ္စလေးများ ဆောင်ရွက်ကာ ကပ္ပိယအလုပ်လုပ်လျက် ကုသိုလ်ယူလေ၏။

များမကြာမီပင် သူကြီးဦးထွန်းညိုနှင့် သူကြီးသား သူ၏ပေါလ် ကိုအိုက်ညီကို မိဘအရာထားကာ မိုးကုတ်မြို့စစ်တန်းကုန်းရပ်ရှိ သူ၏ချစ်သူကိုသွား၍ တောင်းဆိုကာ ခရစ်ယာန်တို့ထုံးစံအတိုင်း ချာ(ခ်)ကျောင်း၌ လက်ထပ်ပွဲကျင်းပ၏။ သတို့သမီးဖခင်က ခရစ်ယာန်ဘုန်းတော်ကြီးအား အရိုအသေပေးရန် ပြောဆိုရာ ချစ်ရွှေက လူလူချင်းအရိုအသေမပေးနိုင်ကြောင်းပြောဆိုသဖြင့် သတို့သမီးဖခင်နှင့် စကားများကြရလေ၏။ ချစ်ရွှေသည် အရင်လိုစိတ်မျိုးလုံးဝမရှိတော့သဖြင့် ထိုသို့ဖြစ်ရခြင်း ဖြစ်သည်။ သူလည်း ကျွန်ုပ်ကဲ့သို့ပင် အဖိတ်နှေ့ပြန် ဥပုသ်နေ့နား၊ ဥပုသ်လွန်တစ်ရက် တွင်းဆင်းအမြဲပြန်ရောက်စနစ်ဖြင့် ဇနီးနှင့် ခပ်ကွာကွာပေါင်းနေရသူဖြစ်သည်။ မနက်ပိုင်း မန္တလေးကားများပေါရာ ဓာတ်တော်သို့ အလွယ်တကူရောက်သဖြင့် အခက်အခဲမရှိပေ။ ယခင်က ဘာသာတူခဲ့သော်လည်း ဇနီးသည်ယခုသော် ဘာသာခြားဖြစ်သွားရာ သူ့ရင်တွင် တစ်မျိုးကြီးခံစားနေရလေ၏။

■ ကြိုတင်သိရှိခြင်းများ

သူတို့သည် တွင်းအစောပြန်ရောက်သောညများ၌ ဘုန်းတော်ကြီးဆီသွားကန်တော့လေ့ရှိကြ၏။ အထူးသဖြင့် တွင်းဆေးသောနေ့များ၌ တွင်းဆေးပြီး အစောပြန်လေ့ရှိကြရာ ဘုန်းတော်ကြီးသည် သူတို့ရလာသောကျောက်ကြီးကျောက်ကောင်းတို့အား အတပ်ပြောလေ့ရှိသည်။

"ကိုညီတို့ ဒီနေ့တွင်းဆေးခဲ့တယ် မဟုတ်လား"

"မှန်ပါဘုရား"

"ကျောက်နီ အရည်တစ်ပတ်ကျငါးကာရက်အရွယ်လောက် ရခဲ့တယ် မဟုတ်လား"

"မှန်ပါဘုရား"

"အေးဗျာ၊ အဲဒီကျောက်အပြစ်တစ်ချက်ငြိသွားလို့သာပေါ့။ ရှိမို့ရင် စေ့းအတော်ရမှာဗျ"

"ခုကော ကိုယ်တော်"

"အေးဗျာ - ခုအတိုင်းဆိုရင် ခင်ဗျားတို့ကျောက်ငါးသောင်းတော့ရမှာပါ"

"အဲဒီထက်မပိုနိုင်ဘူးလား။ တပည့်တော်တို့က သိန်းကျောက်ထွင်ထားတာ။ ငါးသောင်းတော့မရောင်းနိုင်ပါဘူး ကိုယ်တော်ရာ။ ကျောက်ရဖို့ရာလွယ်မှတ်လို့"

"ကဲဗျာ - ဒါဆိုရောင်းကြည့်ပေါ့။ ရောင်းကြည့်ရင်သိမှာပါ"

ဟုဆိုလေ၏။

အမှန်တကယ်လည်း ကျောက်ကုန်သည်များနှင့်တွေ့တွေ့ဆိုဆိုရောင်းသောအခါဝယ် ငါးသောင်းထက်ပိုပေးသူမရှိရာ ငါးသောင်းနှင့်ရောင်းလိုက်ရလေ၏။ ထိုအခါ ဘုန်းတော်ကြီးထံလျှောက်၍ ရယ်မောပြောဆိုဖြစ်ကြ၏။ ထိုအခါ ချစ်ရွှေက ဘုန်းတော်ကြီးအား လျှောက်၏။

"အရှင်ဘုရားရဲ့ အတပ်သိတဲ့ပညာ တပည့်တော်လည်း ရချင်ပါတယ်"

"ဟဲ့-ဘာလုပ်မလို့တုံး မောင်ချစ်ရွှေရဲ့"

ဟုမေးရာ

www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက်သိနေမှတော့ ဘယ်ကျောက်ဝယ်ရင်ဘယ်လောက်မြတ်တယ်၊ ဘယ်ကျောက်ကဘယ်လောက်တန်တယ်ဆိုတာ ခန့်မှန်းလို့ရပြီလေ။ အဲဒီတော့ ဘယ်ကျောက်တူးတော့မှာလဲ။ ကျောက်ကုန်သည်လုပ်စားတော့မှာပေါ့ ဘုရား"

ဟုပြန်လျှောက်ရာ အားလုံးရယ်မောကြလေ၏။ ထိုသို့ အတပ်ပြောဆိုသည်မှာ ကိုညီတို့ကျောက်ကြီးရတိုင်းဖြစ်သည်။ ပြောတိုင်းလည်းလွဲသည်မရှိမှန်သည်ချည်းဖြစ်ရာ ဘုန်းတော်ကြီးအပေါ် လွန်စွာကြည်ညိုကြလေ၏။ ထို့အခါ မြတ်စွာဘုရား၏ တရားတော်သည် တကယ်လုပ်သော် အဟုတ်ဖြစ်ကြောင်း မျက်မြင်မို့ သဘောပေါက်ကြရလေ၏။ ဘုန်းတော်ကြီးတော်ကြောင်းလျှောက်ထားသော -

"ဩော်- ဒကာတို့ ဒါက မြတ်စွာဘုရားရဲ့တရားတော်အနှစ်မဟုတ်ပါဘူး။ အကာတွေပါ။ ဒါမျိုးတွေဆိုတာက လောကုတ္တရာတရား မဟုတ်ပါဘူး။ လောကီတွေပါ။ ကျင့်ရင် လူတိုင်းရနိုင်ပါတယ်။ အထင်ကြီးစရာလည်းမဟုတ်ပါဘူးဗျာ"

ဟု ပြန်လည်အမိန့်ရှိရာ ကိုညီနှင့် ကိုညွန့်တင်တို့သည် ဘာသာရေးတီးမိခေါက်မိသိကြသူများဖြစ်သဖြင့် ဘုန်းတော်ကြီးသည် လောကီ၏စွာန်အဘိညာဉ်ကိုရထားပြီဟုသာ ခန့်မှန်းနိုင်ကြလေ၏။

■ ချစ်ရွှေသို့ကိုယ်ပွားပြခြင်း

"ချစ်ရွှေတို့ရောက်ကြပြီလား"

"မှန်ပါဘုရား၊ နည်းနည်းမိုးချုပ်သွားတာနဲ့ တပည့်တော်အရောက် နောက်ကျသွားတာပါဘုရား"

"ရပါတယ်ဗျာ၊ ဒီမှာက ဘာမှ အရေးမကြီးပါဘူး။ ဒါထက် မောင်ချစ်ရွှေရေ. . ."

"ဘုရား"

"စေတီတော်ကြီးရဲ့မြောက်ဘက်မှာ ရဟန်းတစ်ပါးတရားအားထုတ်နေသကွယ့်။ အဲဒါ အနီးကပ်ဓာတ်မီးနဲ့ ထိုးကြည့်ပြီး ကြည်ညိုလို့ရတယ်။ ပြီးတော့ ကျောရိုးလေးတွေကိုကိုင်ကြည့်လို့လည်းရတယ်။ ကဲကဲ - သွားဖူးချေ

ဟု အမိန့်ရှိလေရာ ချစ်ရွှေသည် ချက်ချင်းပင် စေတီတော်၏လူတစ်ထိုင်စာမျှသာရှိသော လေးမျက်နှာမုခ်များမှ မြောက်ဘက်မုခ်ရှိရာသို့ အမြန်လာခဲ့လေ၏။ မုခ်ထဲသို့ ဓာတ်မီးဖြင့်ထိုးကြည့်

ရာ ကျောပြင်တွင် ခြင်္သေ့များသီးနေအောင် ကိုက်ခဲလျက်ရှိသည့် မလှုပ်မယှက် ဘုရားဘက်မျက်နှာမူ၍ ပြင်ပသို့ကျောပေးထိုင်နေသည့် ရဟန်းတစ်ပါးကို ဖူးတွေ့ရလေသည်။ ဓာတ်မီးဖြင့်ထိုးကြည့်၍ရသည်ဟုမှာလိုက်ရာ ဓာတ်မီးဖြင့် အသေအချာထိုးကြည့်မိ၏။

"ဟင်"

ပါးစပ်မှ အံ့သြသံပင်ထွက်သွားတော့၏။ သူ၏ဓာတ်မီးထိုးမှုကြောင့် ခြင်္သေ့တို့က တဝီဝီပျံသန်းနေကြလေ၏။ ဟုတ်မှ ဟုတ်ပါ့မလားဟူ၍ အသေအချာကြည့်ပြန်၏။ ထိုင်နေသောရဟန်းမှာ ဘုန်းကြီးဦးရွှေမန်းဖြစ်၍ နေသည်ကို အံ့သြဖွယ်တွေ့ရပါသည်။ သည်ဘုန်းတော်ကြီးအား ရှေ့မှကြည့်ကြည့် နောက်မှကြည့်ကြည့် ဘေးမှကြည့်ကြည့် မှားစရာလုံးဝအကြောင်းမရှိပေ။ ဘုန်းတော်ကြီးသည် မလှုပ်မယှက် ပုံမှန်အသက်ရှူကာ တရားထိုင်လျက်ရှိချေ၏။

'ကျောရိုးလေးတွေကို ကိုင်ကြည့်လို့ရတယ်' ဟု မှာလိုက်သောကြောင့် သေချာသည်ထက်သေချာအောင် ကျောရိုးငေါငေါကိုကိုင်ကြည့်မိပြန်၏။ တကယ့်အရိုးအစစ်များဖြစ်ပေ၏။ ချစ်ရွှေသည် အလွန်ကြည်ညိုစိတ်ဖြစ်ရကား အကြိမ်ကြိမ်ရှိခိုးဝတ်ပြုပြီး ကျောင်းလေးတဲသို့ ပြန်ဝင်ခဲ့လေ၏။

"ဘယ်လိုလဲဗျာ ဖူးခဲ့ရရဲ့လား"

"မှန်ပါ ဖူးခဲ့ရပါတယ်ဘုရား။ အဲဒီတရားထိုင်နေတဲ့ကိုယ်တော်က အရှင်ဘုရားနဲ့ တစ်ပုံစံတည်းပါပဲဘုရား"

"ဟုတ်လား - လူတူမရှား နာမည်တူမရှားဆိုတာလို တူတာနေမှာပါ ချစ်ရွှေရာ"

"မဟုတ်ပါဘူး၊ အရှင်ဘုရားမှ အရှင်ဘုရားပါပဲ။ ကျောမှာလည်း ခြင်္သေ့သီးလို့ တပည့်တော်ကျောရိုးတောင် ကိုင်ကြည့်ခဲ့ပါသေးတယ်"

"ကျုပ်နဲ့တူလို့လား"

"တူရုံမကပါဘူး၊ သင်္ကန်းကလည်း ကိုယ်တော် အခုဝတ်ထားတဲ့ သင်္ကန်းခပ်ဟောင်းဟောင်းပါပဲ။ သေချာအောင် တပည့်တော် ဓာတ်မီးနဲ့ထိုးကြည့်ခဲ့တာ အရှင်ဘုရားအစစ်ပါ"

"အေးလေ - တူတယ်ဆိုလည်း ထားလိုက်ပါတော့။ ဒါထက် ချစ်ရွှေကြီးတို့ တွင်းမဆေးရသေးဘူးလား"

"နောက်နေ့ဆိုဆေးရပါပြီဘုရား"

"အေးအေး - ကောင်းတာပေါ့ကွာ"

"တပည့်တော်တို့ ကျောက်ကြီးကျောက်ကောင်းရနိုင်မှာလားဘုရား"

"အေးကွာ - အဲဒါတော့ မင်းတို့ရဲ့ရေမုန်ကိုမေးကြည့်ရင်သိမှာပါ"

ဟူ၍ စကားလွှဲလိုက်တော့၏။

ရေမုန်ကိုမေးကြည့် ဟူသည်မှာ ဆေးကြည့်ဟုပြောလိုက်ခြင်းဖြစ်ပေ၏။ ခေတ်အကြာတွင် ဘုန်းတော်ကြီးအား ဝတ်ပြုကာ တဲသို့ပြန်လျက် သံတင်းထူပို့မကြောင့် ချက်ချင်းပင် ဘုရားရင်ပြင်သို့ ရောက်ရှိကြပြီး မြောက်ဘက်မုခ်၌ တရားထိုင်နေသည်ကို လည်းကောင်း၊ ကျောင်းငယ်အတွင်း၌ သီတင်းသုံးနေသည်ကိုလည်းကောင်း တစ်ပြိုင်တည်း ဖူးခွင့်ရလိုက်ကြပေ၏။ နောက်နောင် ထိုသို့မဖူးရတော့ချေ။

■ ဝိဇ္ဇာတို့၏အစည်းအဝေးညီ

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည်။ မနက်စာကို စောစောချက်ပြုတ်ကြကာ နံနက် (၇) နာရီကျော်ကျော်တွင် နံနက်စာစားကြမည်ဖြစ်ပြီး ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ ကျုပ်ပြင်သို့တက်၍ ပျော်ကြပါးကြမည်ဖြစ်သည်။ (၁၅) ရက်တစ်ပတ်ကို တွင်းသားတို့လည်ပင်းရှည်အောင်မျှော်ကြ၏။ ဥပုသ်နေ့အလုပ်နားသော် ဇောင်းမှလွတ်သောမြင်းကဲ့သို့ မြူးထူးပျော်ပါးကြမည်ဖြစ်သည်။ လူဟူသည် ဝါသနာစရိုက်အမျိုးမျိုးရှိရာ ကိုယ်လုပ်ချင်ရာလုပ်ရသော် အလွန်ကျေနပ်ကြလေ၏။ ထိုးစံအတိုင်း ကိုညီက စားဦးစားဖျားကို ချိုင့်ကလေးဖြင့် ဘုန်းတော်ကြီးဦးရွှေမန်းအားသွားလျှောက်ကာ လမ်း၍ကပ်လိုက်၏။

"ကိုညီ ဒီနေ့ည အိပ်လည်မှာလား"

www.burmeseclassic.com

www.burmeseclassic.com

"ပြောလို့မရပါဘူးဘုရား၊ အိပ်ချင်လည်းအိပ်ဖြစ်မယ်ထင်ပါတယ်"

"ဒီကနေ့ညဟာ နက္ခတ်စုံတဲ့ တန်ဆောင်မုန်းလပြည့်ညလေ"

"သိပါတယ်ဘုရား"

"ဒီနေ့ည ဒီဘုရားကြီးမှာ ဝိဇ္ဇာတွေအစည်းအဝေးရှိတယ်။ အဲဒါမျိုး ကိုညီတို့တစ်သက် ကြုံချင်မှကြုံကြမှာ။ သက်တော်ရှည်ဝိဇ္ဇာဆရာတော်ကြီးတွေကို ကုသိုလ်မပြုချင်ဘူးလား။ ဖူးကောမဖူးချင်ဘူးလား"

"ကုသိုလ်လည်းပြုချင်ပါတယ်၊ ဖူးလည်းဖူးချင်ပါတယ်ဘုရား"

"ကြုံတောင်ကြုံခဲ့ပို့ပြောတာနော်။ အဲဒါ ကုသိုလ်ပြုချင်တယ်ဆိုရင် ဖျော်ရည်တစ်မျိုးမျိုးစီစဉ်ပါ။ ပြီးတော့ ပုဂ္ဂိုလ်အသီးသီးတွေထိုင်ရအောင် အခင်းတွေစီစဉ်ပေးပါ"

"မှန်ပါ၊ အခင်းအတွက် တပည့်တော်တို့ရဲ့ ယိုးဒယားဖျာတွေရှိပါတယ်ဘုရား။ အကုန်စုလိုက်ရင် မနည်းပါဘူး။ ဒါထက် ဖျော်ရည်က ဘာဖျော်ရည်စီစဉ်ရင်ကောင်းမလဲဘုရား"

"သံပရာဖျော်ရည်ကောင်းပါတယ်ဗျာ၊ သံပရာသီးနဲ့ သကြားသာဝယ်လာခဲ့ပါ ဟုတ်လား။ ကဲကဲ - သွားစရာရှိတာသွားဦး။ ညြော - ဒါထက် ကိုညီရေ အမွေးတိုင်ထုပ်လည်း အထုပ်ကြီးနှစ်ထုပ်လောက်ဝယ်ခဲ့ဗျ"

ဟု မှာလိုက်လေ၏။

ကိုညီသည် ဝမ်းသာအားရ သူတပည့်များကိုပြောပြ၏။ ကိုညွှန့်တင်တို့အဖွဲ့မှာမူ ကျပ်ပြင်သားအုပ်စုဖြစ်သဖြင့် ကျပ်ပြင်တွင် ညအိပ်ပြီးမှလာလေ့ရှိရာ ပြောမပြတော့ပေ။ ချစ်ရွှေမှာမူ လွဲမရှောင်သာဘဲ ဇနီးဖြစ်သူထံ အိပ်စက်ရမည်ဖြစ်သည်။

ထိုနေ့ ညနေစောင်းတွင် ချစ်ရွှေမှလွဲ၍ ကိုညီနှင့်တင်းသားများပြန်ရောက်လာကြ၏။ ဆရာတော်ကြီးများအား သံပရာဖျော်ရည်ကပ်ရန် သံပရာသီးနှင့် သကြားတို့ အလုံအလောက်ဝယ်ခဲ့ကြပါသည်။ မိုးချုပ်သည်နှင့် ဓာတ်တော်စေတီတော်ကြီး၏ အရှေ့ဘက်ရင်ပြင်တွင် အခင်းများခင်းကျင်းကြပါသည်။ အုတ်ခုံရင်ပြင်၌ ရဟန်းဝိဇ္ဇာများအတွက်ခင်းရ၏။ ထိုသည်ကို ကော်ဇောများ၊ စောင်များဖြင့် ခင်းကျင်းကြ၏။ မြေပြင်ပေါ်တွင် ဖျာများခင်းကြပါသည်။

မြတ်စွာဘုရားအား အလင်းတိုင်၊ အမွေးနုံသာတိုင်များဖြင့် အဆက်မပြတ်

ပူဇော်ကာ အစည်းအဝေးသို့လာရောက်ကြမည့် ရဟန်းဝိဇ္ဇာ၊ လူဝိဇ္ဇာတို့ကို သင့်တင့်သောနေရာတွင်ထိုင်ကာ မျှော်လင့်လျက်ရှိကြပါသည်။ ရာသီဥတုကောင်းမွန်သဖြင့် လမင်းသည် ထိန်ထိန်လင်းလျက်ရှိရာ အရာရာကို ပီပြင်စွာမြင်နေရပါသည်။

ည (၈) နာရီကျော်ကျော်တွင်မူ ဝီဆိုသောလေတိုးသံသဲ့သဲ့ကိုကြားရကာ ရဟန်းတော်တို့သည် လည်းကောင်း၊ လူဝိဇ္ဇာတို့သည် လည်းကောင်း တဖွဖွ ရောက်လာကြပါတော့သည်။ အချို့သည် ဘုရားတေးချို့စပ်မှ ထွက်လာ၏။ အချို့က ဘုရားကြီးမြောက်ဘက်မှထွက်လာ၏။ ကြွလာသော ရဟန်းဝိဇ္ဇာ၊ လူဝိဇ္ဇာတို့အား ဓာတ်တော်ဘုန်းတော်ကြီးမှ ကြိုဆိုနေရာချလျက်ရှိပါသည်။ရဟန်းတော်များသည် အရှေ့ဘက်ရင်ပြင်ပြည့်လုနီးပါးရှိသည်။

"ကဲ- ကိုညီ ဆရာတော်တွေစုံပြီ။ သံပရာရည်ကပ်တော့"

ဟု ခွင့်ပြုသည်နှင့် ကိုညီနှင့် တပည့်တို့သည် ကြွရောက်လာကြသော ဝိဇ္ဇာဝိရိယဆရာတော်ကြီးများအား သံပရာဖျော်ရည်ကပ်ကြပါသည်။ဘုရားရင်ပြင်အောက်ရှိဖျာအခင်းများပေါ် ဝယ် လူဝိဇ္ဇာများ ငြိမ်သက်စွာထိုင်လျက်ရှိကြလေ၏။ ဝိဇ္ဇာများသည် ဝတ်ဖြူစင်ကြယ်များ မဝတ်ကြဘဲ သာမန်လူတို့ဝတ်သကဲ့သို့ပင် ဝတ်ဆင်ထားကြပါသည်။ ကိုညီတို့သည် ရဟန်းတော်များကို ဆက်ကပ်ပြီး နောက် လူဝိဇ္ဇာများကို ဆက်ကပ်ကြပါသည်။

လူဝိဇ္ဇာများ၏နောက်တွင်မူ ဆွတ်ဆွတ်ဖြူသောဝတ်ရုံတို့ကိုခြုံထားသော သိုက်နန်းရှင်များနှင့် ရုက္ခစိုးတို့နေရာယူကာ ထိုင်နေကြသည် တွေ့ရလေ၏။ ထိုအခါတွင်မှ ကုန်းတော်ပေါ်ရှိ ပရလောကမှပုဂ္ဂိုလ်များ မည်မျှများသည်ကိုမြင်တွေ့ ဖူးလေ၏။ ဆယ်ဦးထက်မနည်းရှိနေခြင်းပင် ဖြစ်သည်။

သံပရာရည်များဆက်ကပ်လျှဒါန်းပြီးသော် 'ကိုညီတို့က ဟိုးနောက်ဆုံးမှာ ထိုင်ပြီးကြည်ညိုပါ' ဟု ဘုန်းတော်ကြီးဦးရွှေမန်းကမှာသဖြင့် ဝတ်ရုံဖြူများဝတ်ရုံထားကြသည့်အုပ်စု၏နောက်တွင်ထိုင်ကြရလေ၏။ ရဟန်းဝိဇ္ဇာ၊ လူဝိဇ္ဇာ၊ ပရလောကသားများ၊ ကိုညီတို့အုပ်စုဟူ၍ အုပ်စုလေးစုရှိကာ ထိုအတွေ့အကြုံ ထိုမြင်ကွင်းသည် တစ်သက်နှင့်တစ်ကိုယ်ကြုံရန် အလွန်ခက်ခဲသောမြင်ကွင်းဖြစ်ပေ၏။ အလွန်သင်းပျံ့သောရနံ့ကလည်း မွှေးကြိုင်လျက်ရှိ၏။ ထိုရနံ့သည် သူတို့ထွန်းထားသောအမွှေးတိုင်ရနံ့များမဟုတ်ပေ။

အစည်းအဝေး၏ပြောဆိုသံအားကိုညီတို့ဆိုသွဲ့သဲ့သာ ကြားရပါသည်။ ပြောဆိုသံသည် ညင်သာသောအသံဖြစ်ရာ ဘာပြောမှန်းမသိကြပေ။ ည (၁၀) ခန့်တွင်မူ အစည်းအဝေးပြီးကာ ရဟန်းဝိဇ္ဇာ၊ လူဝိဇ္ဇာတို့နှင့် ပရလောကသားအသီးသီးတို့သည် သူတို့၏မျက်စိရှေ့၌ပင် တောထဲဝင်ကာ ပျောက်ကွယ်ကုန်ကြလေ၏။ သူတို့၏မျက်စိရှေ့၌ တစ်ဦးမှ ကောင်းကင်သို့ ပျံတက်ခြင်းမတွေ့ရပေ။ ကုန်းတော်ပေါ်၌ ဘုရားတို့အုပ်စုနှင့် ဘုန်းတော်ကြီးသာကျန်ရစ်ကာ ဘုန်းတော်ကြီးက-

"ကိုညီ၊ ခုလိုကြုံတွေ့တာကို လူတွေကိုလိုက်မပြောပါနဲ့။ ဒါဟာ ပြောစရာမဟုတ်ဘူး။ ကိုညီတို့ကဖူးထိုက်လို့ ဖူးလိုက်ရတာပါ။ ဒီလိုပုဂ္ဂိုလ်တွေက ဖူးရခဲပါတယ်။ နောင်ကြုံဖို့မလွယ်ဘူး"

ဟု အမိန့်ရှိပါသည်။

ထိုအခါတွင်မှ ဘုန်းတော်ကြီးဦးရွှေမန်းကား ဝိဇ္ဇာလမ်းစဉ်ကိုလိုက်နေသောရဟန်းဟုသိလိုက်ရလေ၏။ မျက်စိလည်လမ်းမှားပြီး ဝိဇ္ဇာလမ်းကိုရောက်သွားသလား၊ သို့တည်းမဟုတ် ဝိဇ္ဇာလမ်းကိုပဲသက်သက်လိုက်လေသလားဟူသည်ကိုတော့ သိနိုင်စွမ်းမရှိပါ။ သမထအစွမ်းဖြင့် ဝိဇ္ဇာလမ်းကိုရောက်သွားသည်ဟုသာ ကိုညီခန့်မှန်းတတ်ပါသည်။

(ဝိဇ္ဇာများအစည်းအဝေးအကြောင်းအရာမှာ ကိုညီကိုယ်တိုင်ပြောပြခြင်းဖြစ်ပြီး၊ ကျန်သော အကြောင်းအရာတို့မှာ စံကွီး (ခေါ်) ချစ်ရွှေနှင့် ရှမ်းကဗျာဖိုးခင်တို့မှပြောပြခြင်း ဖြစ်သည်။)

(ဆက်ရန်)

ဒဂုန်ညီညီစိုး (မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

အိမ်တစ်အိမ်ကိုကြည့်လိုက်လျှင် များသောအားဖြင့် အိမ်မွေးတိရစ္ဆာန်များကို ဝါသနာအလျောက် တယုတယမွေးတတ်ကြသည်ကို တွေ့ရပါသည်။ တောရောမြို့ပါမွေးတတ်သည့် အိမ်မွေးတိရစ္ဆာန်များကတော့ ခွေးနှင့်ကြောင်ပဲဖြစ်ပါသည်။ မြို့မှာတော့ ကြက်တူရွေး၊ သာလိကာ စသည်များကို အနည်းအကျဉ်း တွေ့ရတတ်ပါသည်။ ခွေးကိုတော့ သူခိုးသူဝှက်ရန်မှ ကာကွယ်ရန်ရည်ရွယ်မွေးကြပြီး ကြောင်ကိုတော့ နေအိမ်ရှိကြွက်ရန်မှကာကွယ်ရန်ရည်ရွယ်မွေးကြခြင်း ဖြစ်ပါသည်။

စာရေးသူ၏အိမ်၌ ယခင်က ကြောင်မနှစ်ကောင်မှ အပြိုင်အဆိုင် ပေါက်ဖွားခဲ့ရာ အားလုံးပေါင်း ကြောင်ဆယ်ကောင်ခန့်ရှိခဲ့ပါသည်။ ထမင်းစားလျှင် ထမင်းစားခန်း၌ သူတို့ကို ရှောင်ပြီး သွားနေရသဖြင့် တခါတစ်ရံ အိမ်ရှင်မက မြည်တွန်တောက်တီးပြောဆိုနေသည်ကို တွေ့ရပါသည်။ စာရေးသူအိမ်က စျေးဆိုင်လည်းရှိသဖြင့် အိမ်သို့စျေးဝယ်လာသည့် ကျေးရွာသူများက ရင်းနှီးခင်မင်လာသောကြောင့် ကြောင်မွေးလို၍ အိမ်ရှင်မထံ အကျိုးအကြောင်းပြောပြီးတောင်းခံသဖြင့်ပေးခဲ့ပါသည်။ မြို့ပေါ်နေသူများမှလည်း ကြွက်များသောင်းကျန်းနေသောကြောင့် ကြောင်ပေါက်လေးများ မွေးချင်သဖြင့် တောင်းခံလာသောကြောင့် အိမ်ရှင်မကပေးလိုက်ပါသည်။ ထိုသို့ ပေးလိုက်သောကြောင့် အိမ်၌ ကြောင်ထီးသုံးကောင်သာကျန်ပါတော့သည်။

ထိုကြောင်ထီးသုံးကောင်၏အရောင်အသွေးမှာ အနက်စင်စင်တစ်ကောင်၊ အဝါရောင်နှစ်ကောင်ဖြစ်သည်။ အနက်စင်စင်ကိုတော့ ငနက်ဟု နာမည်ပေးထားပြီး အဝါနှစ်ကောင်ကိုတော့ ငတောင်းနှင့် ငယက်ဟု နာမည်မေးထားပါသည်။ အနက်စင်စင်ကို ငနက်ဟု အမည်ပေးထားခြင်းကိုတော့ အကျယ်တဝင့်မတင်ပြလိုတော့ပါ။ ငတောင်းနှင့် ငယက်ဟု အမည်မေးထားခြင်းကိုတော့ အနည်းငယ်တင်ပြလိုပါသည်။

ငတောင်းက တညောင်ညောင်နှင့် လူပါးစပ်လှုပ်တိုင်း အစာတောင်းပါသည်။ ငယက်ကတော့ သူ၏လျှာဖြင့် ငနက်နှင့် ငတောင်းကို နေ့တိုင်း မျက်နှာနှင့် ကိုယ်လုံးကိုလျက်ပေးသောကြောင့် ငယက်ဟုနာမည်ပေးခဲ့ခြင်းဖြစ်ပါသည်။ ငယက်က လျှာဖြင့် လျက်ပေးလျှင်

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်(ဒဿိုက)

ကြောင်ကလေးငတောင်းဟိ
နောက်ဆုံးခရီး

www.burmeseclassic.com

www.burmeseclassic.com

ငတောင်းက မျက်စိမှိတ်ပြီးဖိမ်ခံနေတတ်ပါသည်။ တစ်ခါတစ်ရံ ငတောင်း၏ခေါင်းကို ငယက်က လက်လေးနှစ်ဖက်ဖြင့်ညှပ်ပြီးလျှာဖြင့်တယုတယလျက်ပေးတတ်ပါသည်။ ထို့ကြောင့် ငယက်ဟု နာမည်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ငတောင်းနှင့်ငယက်က ညီအစ်ကိုအရင်းဖြစ်ရာ သူတို့နှစ်ယောက်က ပိုမိုခင်မင်ရင်းနှီးစွာနေတတ်ပြီး နေကက တခြားကြောင်မကြီးမှ မွေးဖွားသောကြောင့် သိပ်ပြီးခင်ခင်မင်မင်နေခြင်းမရှိပါ။ ထို့ပြင် နေကမှာ အိမ်အလွန်လည်တတ်ပြီး နံနက်စာစားချိန်မှ အိမ်ကိုရောက်လာတတ်ပါသည်။

ကြောင်ကလေးငယက်က ကြွက်ကို သဲသဲမဲမဲခုတ်သော်လည်း အိမ်ခြေရင်းဘက်မှ အိမ်အမိုးပေါ်ရှိ ခိုများကိုတော့ မရရအောင် ခုတ်ပြီးစားတတ်ပါသည်။ စာရေးသူက ခိုကိုရအောင် ခုတ်စားနေသည်ကိုတွေ့ရလျှင် စိတ်ထဲမကောင်းမိပါ။ သို့သော် ဘယ်လိုမှ မတတ်နိုင်သောကြောင့် စိတ်မကောင်းစွာပဲ ကြည့်နေမိပါသည်။ ကြောင်လေးငယက်က ထိုအိမ်ခေါင်မိုးပေါ်မှ မဆင်းတတ်သဖြင့် တညောင်ညောင်နှင့်အော်ပြီး အိမ်ကလူများကို မျက်စိကလေးပေကလပ်ပေကလပ်နှင့်လှမ်းကြည့်နေပါသည်။ သုံးလေးရက်ကြာသော်လည်း ငယက်ကမဆင်းနိုင်ဘဲအော်ပြီး အကူအညီကိုသာတောင်းနေတတ်ပါသည်။ စာရေးသူက သုံးကြိမ်လောက်ပြန်ဆင်းနိုင်အောင် နည်းမျိုးစုံသုံးပြီး အောက်သို့ရောက်အောင် အကူအညီပေးပြုလုပ်ခဲ့သော်လည်း နှစ်ရက်လောက်နေလျှင် ထိုအိမ်ခေါင်မိုးပေါ်သို့ရောက်ပြီး ထုံးစံအတိုင်း တညောင်ညောင်အော်၍ အကူအညီတောင်းမြဲဖြစ်ပါသည်။ ထိုအိမ်ခေါင်မိုးပေါ်သို့တက်စဉ်က အိမ်ခြေရင်း အိမ်ရှေ့မှပုန်းညက်ပင်မှတစ်ဆင့်ခုန်တက်သွားပါသည်။ သို့သော် အဆင်းကိုတော့ အဲဒီလမ်းကြောင်းအတိုင်း ပြန်မဆင်းတတ်ဘဲဖြစ်နေပါသည်။ သုံးလေးရက်ကြာလျှင် ခိုသားမစားရတော့သဖြင့် ပိုပြီးအော်သံပေးအကူအညီတောင်းခံပါတော့သည်။ ခိုတွေကလည်း အနားသို့အကပ်မခံတော့ပဲ ချောင်တိမ်းနေကြပါသည်။ ထို့ကြောင့် စာရေးသူက အိမ်အပေါ်ထပ်ပြတင်းပေါက်မှ အစာကို ကျွတ်ကျွတ်အိတ်ဖြင့်ထည့်၍ ဟိုဘက်အိမ်ခေါင်မိုးပေါ် သို့ပစ်ပေးခဲ့ရပါသည်။

စာရေးသူက ခက်ခက်ခဲခဲကြောင်ကလေးငယက်ကို အောက်သို့ရောက်အောင်လုပ်ပေးခဲ့သော်လည်း ငယက်က ခိုသားကိုကြိုက်နှစ်သက်လို့လားမသိပါ။ ထိုအိမ်ခေါင်မိုးပေါ် သို့ ရောက်မြဲရောက်သွားပါသည်။ နောက်ဆုံးအကြိမ်မှာတော့ အိမ်ရှင်မက စိတ်ဆိုးဒေါသထွက်ပြီး တက်တုန်းကတက်တတ်ပြီး ပြန်မဆင်းတတ်တဲ့ကြောင် ဒီအတိုင်းထားလိုက်လုပ်မပေးနေတော့နဲ့ဟုပြောခဲ့ပါသည်။ အိမ်မွေးတိရစ္ဆာန်မွေးရသည့်ဒုက္ခကလည်း သတ္တဝါတွေကို သနားတတ်သူကသာလျှင် အမျိုးမျိုးဒုက္ခခံပြီးမွေးကြရသည် သာဖြစ်ပါသည်။

အိမ်ရှင်မ၏ ဒေါသကို စာရေးသူက -

"ကိုယ်ကမွေးခဲ့မိပြီပဲ။သူတို့ဒုက္ခကို ခံရတော့မှာပေါ့။ မသိတတ်တဲ့သတ္တဝါဆိုပေမယ့် သူတို့လည်းလူလိုပဲ။ လောဘဇောရှိလို့ ခက်ခက်ခဲခဲ ခေါင်မိုးပေါ် ရောက်အောင်သွားခဲ့တာပေါ့"

"အိမ်မှာလည်း ကောင်းကောင်းမွန်မွန်ကျွေးနေတာ။ ခိုသားကိုတော့ တော်ကြိုက်နေသလားမသိဘူး"

"ခိုတွေက ပထမတော့ သူ့ကို အနားအကပ်ခံမှာပေါ့။ နောက်တော့ တစ်ကောင်နှစ်ကောင်ဖမ်းခုတ်သွားတာမြင်တော့ ဘယ်အနားအကပ်ခံမလဲ။ ဒါကြောင့် ဒီကောင်တဖြည်းဖြည်းပိန်လာတယ်လို့တောင်ထင်နေမိတယ်။ အိမ်မွေးသတ္တဝါဆိုတာက လူတွေရဲ့မြို့စုယုယကြင်နာမှုကိုလိုချင်ကြတာ စိတ်ရှည်စမ်းပါကွာ"

ကြောင်ကလေးငယက်ကို သုံးကြိမ်မြောက် အိမ်ခေါင်မိုးပေါ်မှ ဆင်းနိုင်အောင်လုပ်ပေးခဲ့သော်လည်း ငယက်က ထိုအိမ်ခေါင်မိုးပေါ် သို့ စတုတ္ထမြောက်တက်သွားပြန်ပါသည်။ စာရေးသူလည်း သိပ်ပြီးစိတ်မရှည်တော့သဖြင့် နောင်တရအောင်ပစ်ထားလိုက်ပါသည်။ အစာကိုတော့ ကျွတ်ကျွတ်အိတ်ဖြင့်ထည့်ပြီး နေအိမ်အပေါ် ထပ်ပြတင်းပေါက်မှနေအနောက်ဘက်အိမ်ခေါင်မိုးပေါ် သို့ ပစ်တင်ပေးခဲ့ပါသည်။ ငါးရက်မြောက်နေ့မှာတော့ အနောက်ဘက်အိမ်ခေါင်းမိုးမှ ဆယ်တောင်မျှ အကွာအဝေးရှိသည့် စာရေးသူ၏နေအိမ်ရှေ့ကသွပ်အဖြစ်အမိုးပေါ် သို့ ရဲတင်းစွာခုန်ချခဲ့ပါသည်။ အဲဒီနောက်တော့ လုံးဝမသွားတော့ပါ။ အိမ်မှာရှိနေသည့်ကြောင်လေးငတောင်းနှင့်သာ ဆော့ကစားနေပါတော့သည်။ ဒုက္ခကို ဒုက္ခမှန်းသိသွားလို့လားတော့ မသိပါ။

ကြောင်ကလေးငတောင်းကတော့ အိမ်မွေးသတ္တဝါပီပီ လူနှင့်အတော်နီးစပ်ပြီး သခင်ကိုမျက်နှာလုပ်တတ်သည်ဟု ဆိုရပါမည်။ တောင်းက ငါးခေါင်းဝယ်ပြီး ငါးခေါင်းကိုဓားနှင့်ခွဲစိတ်ကျွေးလျှင် အလွန်ကြိုက်နှစ်သက်ပါသည်။ စားရမှန်းသိလာသည့်အခါ အိမ်ရှင်မစွေးမသွားမီ အိပ်ခန်းထဲ၌ စွေးဖိုးပိုက်ဆံယူနေသည့်အခါ အိမ်ခန်းတံခါးဝမှငေးမောပြီး သခင်မ၏အရိပ်အကဲကိုကြည့်နေပါသည်။ စွေးခြင်းယူစွေးသွားသည်နှင့် သခင်မနောက်ကလိုက်ပါတော့သည်။ စွေးက နေအိမ်နှင့်သုံးအိမ်ကျော်ပဲသွားရပါသည်။ သို့သော် ငတောင်းက စွေးထဲအထိမလိုက်ပါ။ အနောက်ဘက်ဝပ်လျက် အိမ်ရှေ့အထိသာလိုက်ပို့ပြီး ထိုအိမ်ရှေ့ရှိ သစ်ပင်အောက်၌စောင့်နေတတ်ပါသည်။ ထိုသစ်ပင်အောက်၌ဆော့လိုက်၊ မြေကြီးပေါ်လှိမ့်လိုက်နှင့် အိမ်ရှင်မစွေးအပြန်ကိုစောင့်နေပါသည်။ အိမ်ရှင်မ ပြန်လာသည်ကို မြင်သည်နှင့် နောက်မှတညောင်ညောင်အော်ပြီးလိုက်လာပါတော့သည်။ တဖဲ့ဖဲ့တစ်ရံ ငနက်နှင့် ငယက်တို့ အိမ်လည်သွားနေလျှင် သူတစ်ကောင်တည်းဝင်အောင်စားရပါသည်။ အိမ်ရှင်မက ကျွေးလည်းကျွေး၊ ငတောင်းကိုလည်း စကားတွေ့ပြောနေပါတော့သည်။

"နင်တစ်ယောက်တည်းဝအောင် စားနော် ငတောင်း၊ ဟိုနှစ်ကောင်မရှိဘူး စိတ်ကြိုက်ဆာစားပေတော့"

"မီးဖိုချောင်ထဲဦးသည်ရောက်နေ စကားပြောနေတယ်မုတ်တယ်၊ ငတောင်းနဲ့ပြောနေတာကိုး"

စာရေးသူက အိမ်ရှင်မရေးရင်းမှ

www.burmeseclassic.com

www.burmeseclassic.com

ဦးဖိုချောင်ထဲစကားပြောသံကြားသဖြင့် အိမ်ရှင်မဆီသွားကြည့်ပြီးပြောခြင်း ဖြစ်ပါသည်။

"ငတောင်းက တိရစ္ဆာန်ဖြစ်ပေမယ့် အသိတရားရှိပြီး သခင်ကိုအလိုက်သိတတ်တယ်။ ကျွန်မစျေးသွားတိုင်း လိုက်ပို့တယ်။ အပြန်ကို လမ်းတစ်ဝက်က စောင့်ကြိုတတ်တယ်။ သိပ်ပြီးအသိတရားရှိတဲ့ငတောင်းပါတော်"

"ဟုတ်တယ်၊ မင်းစျေးသွားရင် ငါက အိမ်ရှေ့ဒန်းပေါ်ကနေ ငတောင်းကို ကြည့်နေတာ သခင်ပေါ် အလွန်သိတတ်တဲ့ကြောင်ကလေး။ဟိုငနက်နဲ့ငယက်ကတော့ ဘာမှအလိုက်မသိဘူး။ အဲဒီနှစ်ကောင်က စားမယ်၊ အိမ်လည်မယ် ဒါပဲ သူတို့အသိ အဲဒါ တိရစ္ဆာန်အသိပေါ့။ ငတောင်းက တိရစ္ဆာန်အသိထက်သာတယ်နော်"

"ဟုတ်ပါတော်၊ ငတောင်းက အိမ်မလည်ဘူး။ သခင်ကိုအလိုက်သိတတ်တော့ စားစရာရှိရင် သူပဲအများဆုံးစားရတယ်"

တစ်ခါတစ်ရံ အိမ်ရှင်မက အိမ်တွင်ရှိနေသည့်မြေးယောကျ်ားကလေး (၈) တန်းကျောင်းသား မောင်ရဲအောင်ကို ကြောင်ကလေးငတောင်းနှင့်နှိုင်းယှဉ်ပြီး ဆူတတ်ပါသည်။

"နင့်ကျွေးထားရတာ ကြောင်လေးငတောင်းလောက်တောင် အားမကိုးရဘူး။ ဘွားအေ စျေးကပြန်လာတာမြင်တာတောင် လာမကြိုဘူး။ ဒန်းပေါ်က ကြောင်တောင်ကြည့်နေတယ်။ ငတောင်းက စျေးသွားရင် လိုက်ပို့တယ်။ လမ်းတစ်ဝက်က စောင့်ကြိုနေတယ်။ အခုစျေးကပြန်လာတော့ နောက်ကနေလိုက်လာတာတွေ့တယ်မဟုတ်လား။ နင့်ကို အဖေရောအမေပါသေသွားလို့မွေးထားရတာ ကျေးဇူးသိတတ်တဲ့ကလေးမဟုတ်ဘူး"

"ဒီကလေး ငတောင်းလောက် မသိတတ်တာတော့အမှန်ပဲ။ တစ်ခါတလေ ဒန်းပေါ်ကနေ စျေးဘက်ကိုငေးကြည့်နေပေမယ့် ဟိုမှာ မင်းဘွားအေ စျေးခြင်းတောင်းဆွဲပြန်လာတာမြင်တယ် မဟုတ်လား။ သွားကြိုဆိုမှပြေးသွားတယ်"

စာရေးသူက အိမ်ရှင်မကျေနပ်အောင် ထောက်ခံပြောလိုက်ပါသည်။ ထိုအခါ အိမ်ရှင်မက သူ့မြေးအားမျက်စောင်းထိုးကြည့်ပြီး အိမ်ထဲဝင်သွားခဲ့ပါသည်။

ပြီးခဲ့သည့် ၂၀၁၇ခုနှစ် ဩဂုတ်လမှာတော့ ငတောင်း၏ ကျန်းမာရေးက ဘယ်လိုကနေဘယ်လိုဖြစ်ပြီးဖောက်ပြန်လာမှန်းမသိပါ။ တဖြည်းဖြည်းပိန်လို့နေပါသည်။ အစာလည်းကောင်းကောင်းမစားပါ။ နို့မှန့်ဝယ်ပြီး ဖျော်တိုက်သော်လည်း ကောင်းကောင်းမသောက်ပေ။ တိရစ္ဆာန်အစားအစာရောင်းသည့်ဆိုင်က ကြောင်စာဝယ်နေကျမို့ ရင်းနှီးနေသောကြောင့် အကျိုးအကြောင်းပြောပြရာ သင့်တော်ရာအစားအစာနှင့် ဆေးများဝယ်ပြီး ကျွေးမွေးပြုစုသော်လည်း အသက်ရှင်နိုင်ဖို့က မျှော်လင့်ချက်ဝေးနေ၏။ အစာဆိပ်သင့်ပြီး နေမကောင်းဖြစ်နိုင်သည်ဟု ယူဆသောကြောင့် ကန်စွန်းရွက်ကိုထောင်းပြီး အရည်ညှစ်တိုက်သော်လည်း နာလန်ထူနိုင်ခဲ့ခြင်း မရှိပါ။

စာရေးသူနှင့် အိမ်ရှင်မတို့ စိတ်မကောင်းစွာဘဲကြည့်နေမိပါသည်။ သတ္တဝါတစ်ခု ကံတစ်ခုလို့သာ စိတ်ထဲမှတ်ထင်ပြီး ကြောင်ကလေး ငတောင်း ယခုဘဝထက်မြင့်မြတ်သည့်ဘုံတစ်ခုသို့ ရောက်ပါစေဟုသာ ဆုတောင်းနေမိပါသည်။ လူအသိဉာဏ်နှင့် အလွန်နီးစပ်သည့် ငတောင်းကို ဝေဒနာက နှိပ်စက်နေပေသည်။ မကြည့်ချင်သော်လည်း ကြည့်နေမိသည်။ မမြင်ချင်သော်လည်း မြင်နေမိသည်။ တိရစ္ဆာန်ကိုမွေးမိတော့လည်း သံယောဇဉ်ကဖြစ်ရပါသည်။ အိမ်ရှင်မကလည်း စျေးသွားစျေးပြန် အပို့အကြိုလုပ်နေသည့်ကြောင်ကလေး ငတောင်း၏ပုံရိပ်ကိုပြန်လည်မြင်ယောင်ပြီး စိတ်မကောင်းဖြစ်နေမိသည်။ ဒီတော့ စာရေးသူက အိမ်ရှင်မကိုအားပေးစကား ပြောရပါသည်။

"ဘယ်တတ်နိုင်မှာလဲကွာ။ သက်ရှိသတ္တဝါဆိုတာသေဖို့မွေးလာတာပဲ။ လူတွေလည်း ဒီလိုပဲ ရောဂါဝေဒနာကို ခံစားပြီးသေကြရတာပဲ။ သခ်ၤါရကိုသာ မြင်နိုင်အောင်ကြည့်ပြီးနှလုံးသွင်းဖြေသိမ့်ရမှာပေါ့။ ငတောင်း အတိတ်ဝဋ်ကြွေးရှိခဲ့ရင် ဒီဘဝမှာပဲ ကျေပါစေတော့လို့ ဆုတောင်းပေးရမှာပေါ့ကွာ"

"ကျွန်မတော့ စျေးသွားတိုင်း ကြောင်ကလေးငတောင်းကို သတိရနေမိတော့မှာပဲ"

"သေသောသူ ကြာရင်မေ့ ဆိုတဲ့ဆိုရိုးစကားရှိနေတာပဲ။ ကြာတော့လည်း မေ့သွားမှာပေါ့။ အချိန်အတိုင်းအတာတစ်ခုအထိတော့ တို့အားလုံး ငတောင်းလေးကို သတိရနေကြမှာတော့ အမှန်ပဲ။ ကြောင်လေးငတောင်း ကောင်းရာမွန်ရာဘုံဘဝရောက်ပါစေလို့ သတိရတဲ့အချိန်လေးမှာ ဆုတောင်းကြတာပေါ့ကွာ"

လိမ္မာသောကြောင်လေးငတောင်း သေဆုံးသည့်နေ့ကတော့ ကျွန်ုပ်တို့မိသားစု နံနက်စာထမင်းဝိုင်း၌ ငတောင်းလေးအကြောင်းကို သတိတရပြောဆိုနေမိကြပါသည်။ တရားသဘောနှင့် ကြည့်လျှင်တော့ လူက အရင်ဆုံးဥစ္စာပစ္စည်းများကို စွန့်သွားကြရသလို တစ်ခါတရံ ပစ္စည်းဥစ္စာက လူကိုစွန့်သွားကြရသည်ပဲမဟုတ်လား။ ဤကြောင်ကလေး ငတောင်းသည်လည်း တိရစ္ဆာန်ဘဝဖြင့် စာရေးသူတို့နေအိမ်၌ ကောင်းစွာစားသောက်နေရသော်လည်း ကျွန်ုပ်တို့ကို သူက အရင်စွန့်သွားခဲ့လေသည်။

ထို့ကြောင့် လူ့အသိဉာဏ်နှင့် အလွန်နီးစပ်သည့် ငတောင်းလေးသည် သခင်ကို သခင်မှန်းသိပြီး လိမ္မာသောသားသမီးတစ်ယောက်ကဲ့သို့ အိမ်ရှင် သခင်မအပေါ် တာဝန်ကျေပွန်စွာထမ်းဆောင်သွားခဲ့သည်။ ကြောင်ကလေး ငတောင်းသေသွားပြီးတာတောင် သူ့အကြောင်းကို ကျန်ရစ်ခဲ့သည့်သခင်က သတိတရရှိနေပြီး စိတ်မကောင်းကြီးစွာဖြင့် အမှတ်တရစကားတွေပြောနေရလောက်အောင် တာဝန်ကျေသွားခဲ့သည့် ကြောင်ကလေးငတောင်း အတိတ်ဘဝက ဝဋ်ကြွေးများရှိခဲ့လျှင် ထိုအတိတ်ဝဋ်ကြွေးများပြေပျောက်ပြီး အပါယ်လေးဘုံမှလွတ်မြောက်၍ သုဂတိဘုံသို့ရောက်ပါစေလို့သာ ဆုတောင်းနေမိပါကြောင်း သည်။

မောင်မောင်အောင်(ဇဋ္ဌနိုက)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

အဖေ့ကို မပြန်ခရီးသွားအဖြစ် အားလုံးက သတ်မှတ်လိုက်ကြပြီဖြစ်သော်လည်း အမေကမူ တစ်နေ့ပြန်လာလိမ့်မည်အထင်နဲ့ တစ်ဆောင်းလုံး၊ တစ်နွေလုံး ပင်လယ်နားသွား၏။ ပင်လယ်ပြင်ကို လှမ်းကြည့်ကာ ငေးမော၏။ မိုးကျ၍ လှိုင်းကြီးလေထန်ရောက်လာတော့မှ အမေပင်လယ်နားမသွားတော့။ မပြန်ခရီးသွားကြသော သူအစ်ကို၊ သူဦးလေး၊ သူအဖေတို့ကို လက်ချီးရေတွက်၍ ငိုသည်။ အဖေ့ကိုမူ တစ်နှစ်လောက်ကို သတိရတိုင်းငိုတတ်သည်။

ပင်လယ်ကို အမေစိတ်နာသည်။ ပင်လယ်ဟူသောအသံကိုပင် အမေမကြားနိုင်ဖြစ်ခဲ့ရသည်။ ပင်လယ်ကိုပြင်ရလျှင် အမေ၏ မျက်ရည်တို့သည် ပင်လယ်ပြင်နှင့်အပြိုင် အိုင်ထွဲခဲ့ရသည်။ နောက်တော့ ပင်လယ်ဘက်ကို လုံးဝ ခြေဦးမလှည့်တော့။

အဖေဆုံးပြီးနောက် ပင်လယ်ထွက်မည်ဆိုသောသားကို သူကိုသတ်ပြီး မှထွက်။ သူသေပြီးမှသွားဟု ယတိပြတ်ပြောခဲ့သည်။ ရွာရှိအချို့ကမူ လင်စိတ်နှင့်ရွှေးသွားပြီဟုပင် တီးတိုးဆိုကြသည်။ နောင်တိုင်ပင် တစ်ခါတစ်ခါ အမေ့ကို သံသယဝင်ချင်သည်။ ညကြီးသန်းခေါင် ထငိုတတ်သောအခါများတွင်ဖြစ်သည်။

အမေသည် အဖေ့ကိုအလွန်ချစ်သည်။ ရိုးလွန်းသော ဆလုံမျိုးနွယ်ပီပီသားကို သခင်၊ လင်ကို ဘုရားအမှတ်ပြု၍ ကျိုးနွံခဲ့သည်။ လင်သားကို အားကိုးမိခိုလိုစိတ်ထက် ချစ်စိတ် မြတ်နိုးစိတ်က ပိုသည်။ ထို့ကြောင့် 'နင်ပင်လယ်ထွက်မှ ထမင်းစားရမှာမဟုတ်ဘူး၊ ငါမှာလက်ခြေရှိတယ်။ နင့်အဖေမရှိပေမယ့် နှင် ထမင်းမငတ်စေရဘူး၊ ငါလုပ်ကျွေးနိုင်တယ်' ဟု ကြုံးဝါးခဲ့လေသည်။ လူလားမမြောက်သေးသောသားကို တကယ်လည်းလုပ်ကျွေးခဲ့၏။ ဤသားအား အမေသည် သူ့အဖေ၊ သူ့ဦးကြီး၊ သူ့ဦးလေး၊ သူ့ယောက်ျားတို့ကဲ့သို့ ပင်လယ်၏သတ်ဖြတ်ခြင်းကိုမခံနိုင်ဟုကြွေးကြော်ခဲ့သည်။

သူ့အဖေမရှိသောနောက်ပိုင်းမှာမူ လူလားမြောက်လာသောသားကို ပင်လယ်ပြင်ခိုးထွက်လိုက်သွားမှာစိုး၍ မျှော်အောက်က အပျော့က်မခံနိုင်ဖြစ်ခဲ့သည်။ အစ်ကိုကြီးကိုထွန်းသောင်အိုတို့ကိုတွန်းကလို သွားသွားလာလာလုပ်နေသည်ကိုပင် စိတ်မချ။ ခဏခဏလာကြည့်၊

www.burmeseclassic.com

www.burmeseclassic.com

ဖိုးကျော့

ဒဋ္ဌိကန္တာရမြို့တော်

သူ ရ ဒ္ဓ မ ဂ္ဂ ဇ ဉ် း အ ခ န် း ဆ က် ဝ တ္ထု ရှ ည်

သားစုံစမ်းတတ်၏။

ထို့ကြောင့် အစ်ကိုကြီးကပါ -

"အစ်မနိုင်းတစ်သက် ညီလေး ပင်လယ်ပြင်ကိုမထွက်စေရပါဘူးစိတ်ချ ပါ"

ဟု ကတိစကားဆိုထားရသည်။

ထို့ကြောင့် အစ်ကိုကြီးက -

"ညီလေး၊ မင်းအမေ စိတ်မချမ်း သာဖြစ်မယ့်အလုပ်တော့လုံးဝရှောင်ပါ ညီရာ။ မိခင်ရဲ့တန်ဖိုး မိခင်ရဲ့မေတ္တာ ကို အမိမဲ့သွားမှန်းလည်တာ။ အစ်မနိုင်း ကို ငါကိုယ်ချင်းစာတယ်။ မင်းပင်လယ် ပြင်ထွက်မှာ အစ်ကိုကြီးလည်းမလိုလား ဘူး။ အသက်အန္တရာယ်နီးတယ်။ မင်း ကနုံကမာငုပ်၊ မုတ်ကောင်ရှာလိပ်ထိုး သည်း တော်သားပဲ။

ဒါတွေသူများတွေလိုစိတ်ပြေလက် ပျောက်အပျော်လုပ်တာကို အစ်ကိုကြီး မကန့်ကွက်ဘူး။ အစ်ကိုကြီး ဟာလာ စက်နဲ့ အုန်းခြံမှာလည်း မင်းတို့သားအမိ ရှိရင် အစ်ကိုကြီး လူငှားမလိုဘူး။ မင်း ပင်လယ်ထွက်ဖို့ စိတ်မကူးပါနဲ့ကွာ။ အစ်ကိုကြီး ညီလေးတို့သားအမိကို တစ်လ နှစ်ရာ လစဉ်ထောက်ပံ့မယ်။ ဆန်က လည်း ကိုယ့်လယ်ထွက်ပဲ။ နောက်ဆို ဆီအုန်းတွေလည်း ဈေးကောင်းရလာမှာ ပဲ"

အစ်ကိုကြီးပြောသည်မှာ အမှန် ပင် ဖြစ်သည်။ အမေက အစ်ကိုကြီးဆီ အုန်းခြံတွင် မြက်ရှင်းပေါင်းသင်လုပ်ပေး ရသလို သူက ဟာလာစက်နှင့် အစ်ကို ကြီး၏ အိမ်ဗာဟီရကိုလုပ်ပေးရသည်။ ကိုယ်ပိုင်အချိန်ကို အတွင်းမြစ်ချောင်းထဲ အပေါင်းအသင်းများနှင့်သွား၍ ကန ကမာငုပ်သည်။ ပင်လယ်ကမ်းစပ်ချိုင် တွင် လိပ်ထိုးသည်။ ချောင်းဝသဲနွဲ့၌ ခုံ စောက်၊ မုတ်ကောင်နှိုက်သည်။ အခွံရှာ ၍ အစ်ကိုကြီးဆီရောင်းသည်။ အစ်ကို ကြီးကလည်း အခွံဝယ်သောအလုပ်ကို အပျော်သဘောမျိုးသာလုပ်တော့သည်။ အစ်ကိုကြီးထောက်ပံ့ငွေနှင့် သားအမိ နှစ်ယောက် ကောင်းစွာဖုလုံသည်။

သို့သော် အောင်တိုင်က မပျော်။ ပင်လယ်ပြင်ကိုထွက်၍စွန့်စားကြည့်ချင် သည်။ အဖေတို့၊ အဘိုးတို့ ဦးကြီးတို့ လို သတ်သွားသောပင်လယ်ပြင်သည် ဘယ် လိုနေလဲသိချင်သည်။ သူ့ဘဝတွင် သူတို့အရွယ် ပင်လယ်မပြုဘူးသူမှာ

www.burmeseclassic.com

www.burmeseclassic.com

သူတစ်ယောက်သာရှိလေတော့သည်။ ထို့ကြောင့်လည်း သူ့အမေ အလေးစားဆုံး၊ အားအကိုးဆုံး ဦးဂျလားကို တစ်ခါအပူကပ်၍ပြောခိုင်းကြည့်၏။ သို့သော် သူကွန်ချက်က ဟင်းစားပင်ရမည့်ပုံမပေါ်ပေ။

အမေ၏ငိုကြွေးရှိုက်မအန်ထွက်လာသံသည် သူ့နှလုံးကို စူးဝင်သွားသလို ခံစားလိုက်ရ၏။ ပြောမိမှားသောစကားကို နောင်တရသည်။ အမေ့ကို သနားသည်။ သူသာ ပင်လယ်ပြင်ထွက်၍ အဖေ့လိုဖြစ်သွားခဲ့လျှင် ဤတစ်ခါ မုချအမေရွေးလိမ့်မည်။ အားကိုးအားထားမဲ့သောအရွယ်မကြီးဘဝနှင့် စားရမဲ့မဲ့သောက်ရမဲ့မဲ့နှင့် အရွယ်မကြီးဘဝနှင့် အမေလျှောက်သွားနေရပေလိမ့်မည်။ အမေ ဦးဂျလားအား ပြောကြားလိုက်သောစကားက သူ့စိတ်သူ့နှလုံးသားမှာ ဆူးစူးသလိုခံစားလိုက်ရသည်။

"သူ့အဖေတုန်းကလည်း ပင်လယ်ပြင်က ပြန်မလာတော့ဘူးဆိုတာ အစ်ကိုကြီးကို ပြောလို့သာပြောရတာ ကျွန်မစိတ်ထဲသိနေသလိုပါပဲ။ ကျွန်မတို့မိသားစုထဲက ယောက်ျားသားတွေအားလုံးဟာ ပင်လယ်နတ်ကျိန်စာမိထားကြသူတွေပါ။ ဒီသားကို ကျွန်မပင်လယ်ပြင်မထည့်ပါရစေနဲ့။ အစ်ကိုကြီးကို မယုံကြည်လို့ မဟုတ်ပါဘူး။ ပင်လယ်နတ်မိစ္ဆာကို ကြောက်လွန်းလို့ပါ။ ကျွန်မစိတ်ထဲသိနေပါတယ်။ ပင်လယ်ထွက်ရင် ကျွန်မသားလေးကို ပင်လယ်နတ်က ပြန်မလွှတ်တော့ပါဘူး။ ပင်လယ်သွားမပြန်လမ်းကို သူ့အဖေလိုပဲသွားရမှာ အစ်ကိုကြီးတို့ကြည့်နိုင်ကြမှာလား။ ကျွန်မမှာ ဒီသားလေးတစ်ယောက်တည်းပဲအားကိုးစရာ"

အမေစကားအဆုံးတွင် ဦးဂျလားလည်း မှိုင်ကျသွား၏။

"ငါကလည်း ကလေးကို သနားလို့ပါ။ သူ့ခမျာ သူများရည်တူတန်းတူတွေလို ပင်လယ်သိပ်ထွက်ချင်နေတယ်ဆိုတာ လာလာပြောပြောနေလို့ပါ။ ငါ့ညီမ စိတ်မချမ်းသာမယ့်အလုပ် အစ်ကိုကြီးနောက်ထပ်လာမတိုက်တွန်းတော့ပါဘူး။ စိတ်ချပါ။ အောင်တိုင်ကို ပင်လယ်မထွက်ဖို့ အစ်ကိုကြီးလည်း ဖျောင်းဖျပြောပါ့မယ်"

နောက်ဆုံးစကားနှင့် ဦးဂျလားလည်း အဖေရှိတုန်းကလိုပင် လက်လျှော့ပြန်သွားသည်။

အမေက အောင်တိုင့်ဆီလှမ်းကြည့်သည်။

"ဟင် - သား၊ ပင်လယ်မထွက်တတ်ရင် သူ့သမီးနဲ့မပေးစားနိုင်ဘူးလို့ လေသံပစ်ထားလား"

"မကြားမိပါဘူး အမေရာ"

"အေး - ပင်လယ်မထွက်လို့ သူ့သမီးနဲ့ မပေးစားနိုင်ဘူးဆိုရင်လည်းနေပါစေ။ နင် ပင်လယ်တော့ ငါ့တစ်သက် မထွက်ရဘူးမှတ်။ငါသိတယ်။နင်ပင်လယ်ထွက်ရင် နင့်အဖေလို သေမှာပဲ။ ငါတို့အမျိုးမှာ ယောက်ျားသားဆိုလို့ နှင်တစ်ယောက်ပဲရှိတော့တယ်။ နင့်ကို အမေအဆုံးအရှုံးမခံနိုင်ဘူး။ နင်ပင်လယ်မထွက်တတ်လို့ တစ်ရွာလုံးမိန်းကလေးတွေကမကြိုက်ကြဘူးဆိုရင်လည်းမပူနဲ့။ ဟိုဘက်ကမ်းမှာ အမေတို့အမျိုးမိန်းကလေးတွေရှိတယ်။ငါ့သားကို အမေ မိန်းမရှာပေးစားမှာပေါ့။ အမေ့မှာ ပိုက်ဆံလည်းရှိတယ်။ ငါ့သားအတွက် အမေပိုက်ဆံစုထားတယ်၊ ဘာမှမပူနဲ့"

အမေ့မျက်နှာကို လုံးဝမကြည့်မိ။ ငုငူကြီးထိုင်နေ၏။

"မိဇံကသားကိုဘာပြောလို့လဲ"

"ဘာမှမပြောပါဘူး၊ မိဇံကိုလည်း ကျွန်တော်မကြိုက်ပါဘူး"

"အေး-မကြိုက်နဲ့၊ မိဇံကိုနှင်ယူရင် သူ့အစ်ကိုတွေနဲ့ ပင်လယ်ထွက်ရမှာပဲ။ ဦးဂျလားကလည်းထွက်ခိုင်းမှာပဲ။ မိဇံကိုယူရင် နင်ဘယ်လိုမှပင်လယ်မထွက်ဘဲနေလို့ရမှာမဟုတ်ဘူး။ ခုကပင် ဦးဂျလားက ဒီယုန်မြင်လို့ ဒီချဲ့လာထွင်တာ အမေသိတာပေါ့"

အမေသဘောထားပြောင်းသွားသည်ကို အောင်တိုင်အံ့သြမိလေသည်။ ဟိုတုန်းကဆိုလျှင် သူပဲ မိဇံနှင့်ရေလာမြောင်းပေးရော၊ ပြောင်ပြောင်တင်းတင်းပါ အမေပဲပြောပြောနေ၏။ ယခုတော့ ပြတ်ပြတ်ပင် သူပင်လယ်ထွက်မှာစိုး၍ မိဇံကိုမယူနှင့်ဟုဆိုသည်။

"သားကို အမေရေဒီယိုကက်ဆက်တစ်လုံးဝယ်ပေးမယ်၊ ဒီတစ်ခါ မဟီသွားတဲ့လူရှိရင်မှာလိုက်ပေးမယ်"

"မလိုပါဘူး အမေရာ၊ ရေဒီယိုကက်ဆက်ဘာလုပ်မှာလဲ။ အစ်ကိုကြီးမှာလည်းရှိတာပဲ။ တိပ်ခွေတွေလည်း အများကြီး။ ကျွန်တော်နားထောင်ချင်တဲ့အချိန်မှာ နားထောင်လို့ရနေတာပဲ။ သွားမဝယ်ခိုင်းလိုက်နဲ့ အမေ"

အမေ၏အသံက ခဏဆိတ်သွားသည်။

သူမျက်နှာကိုစူးစူးစိုက်စိုက်ကြည့်နေမှန်းသိသည်။ သက်မချသံသဲ့သဲ့နှင့် အမေစကားသံပေါ်လာသည်။

"ငါ့သား၊ ဘာလို့စိတ်ညစ်နေတာလဲဟင်၊ ဇိဇံကပင်လယ်မထွက်ရင် မကြိုက်နိုင်ဘူးများပြောထားလို့လား"

"အမေကလည်းဗျာ၊ မိဇံကို ကျွန်တော်မကြိုက်ပါဘူးဆို"

အမေက ပြောပြီးသားစကားကို ပြန်မေးနေသလို သူကလည်း ပြောပြီးသားစကားကိုပင်ပြန်ပြောရ၏။

"သားက ဦးဂျလားကို ပင်လယ်ထွက်. . . "

"မဟုတ်ပါဘူးအမေရာ၊ ဦးဂျလားကို ပင်လယ်ထွက်ချင်တယ်ပြောမိတာလည်း စကားစပ်မိလို့ပါ။ ပင်လယ်ကပြန်လာတဲ့ သူ့သားကောင်းကျော်တို့၊ ဗထို့တို့အကြွားပိုတာမခံချင်လို့ပါ။ အမေ့ကို သားကတိပေးပါတယ်။ အမေ့တစ်သက် ပင်လယ်မထွက်ပါဘူး။ သားပင်လယ်ထွက်မှာ အစ်ကိုကြီးကလည်းမလိုဘူး၊ အမေနဲ့သားတို့ကို အစ်ကိုကြီးတစ်လတစ်လလစဉ်နှစ်ရာနှစ်ရာပေးနေတာပဲ စားမကုန်ပါဘူး"

"ဒါပေါ့ သားရယ်၊ အမေနဲ့သားစားမကုန်ပါဘူး။ သားအဖေရှာပေးထားခဲ့တဲ့ငွေလည်း အမေ့မှာရှိတာပဲ။ သားလိမ္မာလာတာကို အမေဝမ်းသာလို့ကိုတာငါ့သား၊ အမေ့သားအသက်ရှည်လို့ ဘုန်းကြီးပါစေ၊ အန္တရာယ်မျိုးကိုးဆယ့်ခြောက်ပါးကင်းပါစေ၊ သွားလေရာလာလေရာခလုတ်မထိဆူးမငြိပါစေနဲ့၊ အသံကြားသနားပါစေ၊ မျက်နှာမြင်ချစ်ခင်ပါစေ၊ ကျမယ့်မီးငြိမ်းပါ"

အမေ၏မဆုံးနိုင်သောဆုပေးသံများကိုငြိမ်၍ နားထောင်နေရင်းကနေစိတ်ကျဉ်းကျပ်လာမိသည်။ အမေ့ကို ပိုသနားလာမိသဖြင့် အမေ့တစ်သက်တော့ ပင်လယ်ကိုမထွက်တော့ဘူးဟုလည်း အတိအကျကို ဆုံးဖြတ်ချက်ချလိုက်သည်။

ယခုထိ အောင်တိုင်တစ်ယောက်ယောက် တစ်ဖွဲ့ဖွဲ့နှင့်ပင်လယ်ဦးထွက်သွားမှာ အမေကစိုးရိမ်တုန်း။ သားဘယ်သွားသွားအမေ့ကိုပြောသွားနော်ဟုအမြဲပြောတတ်သည်။

တစ်နေ့ကလည်း မမျှော်လင့်ဘဲ အပေါင်းအသင်းတွေနှင့် ရွာအစွန်တွင်တွေ့ပြီး အမေ့ကို အိမ်ပြန်မပြောမိခဲ့ပဲ မြစ်ကောက်ဘက်ကို ကန့်ကမာင့်ကူးသွားမိသည်။ ထိုအခါ ညနေထိုင်းစားနည်းနည်းနောက်ကျသည်နှင့် အမေက အစ်ကိုကြီးအိမ်ပြေးကြည့်လိုက်၊ ဆီအုန်း

www.burmeseclassic.com

www.burmeseclassic.com

ခြံထဲပြေးကြည့်လိုက်၊ ရွာမှာတွေ့သူတိုင်းကိုမေးလိုက်နှင့် ဆောက်တည်ရာမရဖြစ်တတ်သည်။ ထို့ကြောင့် အိမ်အပြင်ထွက်တာနှင့် သူမပြောလျှင် အမေကမေးသည်။

ယနေ့လည်း -

"သားဘယ်လဲ"

မေးတော့၏။

"မော်တော်ဆိုင်ပါ အမေ"

"အေးအေး"

သူများတွေလို ပင်လယ်လည်း မထွက်ရသဖြင့် အောင်တိုင် စိတ်ပြေလက်ပျောက်မော်တော်ဆိုင်ဆင်းလာ၏။ ရတနာနဒီမော်တော် သူတို့ရွာဆိပ်၌ လာကပ်နေသည်မှာ တစ်နှစ်ကျော်ပြီ။ သို့သော် ကြည့်စရာရှုစရာဆို၍လည်း တခြားဘာမှမရှိသောသူတို့ရွာသူရွာသားများအတွက် မော်တော်ဆိုင်က်မည့်နေ့ဆိုလျှင် မော်တော်ဆိုင်မှာလူအပြည့်။ မိမိရွာက ခရီးသည်ရှိရှိမရှိရှိ မော်တော်ဆိုင်သို့ဆင်းဆင်းကြည့်နေတတ်ကြသည်မှာ အစဉ်အလာတစ်ခုလိုဖြစ်နေလေသည်။ ကလေးသူငယ်၊ မိန်းမ၊ ယောကျ်ား၊ လူစုံကို တွေ့ချင်လျှင် မော်တော်ဆိုင်ဆင်းမှတွေ့ရတတ်သည်။

နေရိပ်ကွယ်သော ကျောက်တုံးကြီးတစ်ခုနားတွင် အောင်တိုင်ထိုင်ချလိုက်သည်။ မျက်လုံးအစုံက မော်တော်စက်သံကြားရာဘက်ဆီရောက်နေ၏။ ဒီရေတက်ချိန်တွင် ရေမြုပ်နေသော ကျောက်ဆောင်ကျောက်တန်းများနှင့် ရေမည်မျှတက်တက်ရေမလွှမ်းနိုင်သော ကျောက်ဆောင်ကျောက်တုံးကြီးများကို ကွေ့ပတ်မောင်းလာနေရသောမော်တော်ကိုမမြင်ရသေး။ စက်သံက မော်တော်ကွေ့ကောက်သွားလိုက်တိုင်းတိုးလိုက်ကျယ်လိုက်ဖြစ်နေသည်။

မကြာမီပင် ရတနာနဒီမော်တော်သည် စက်ရှိန်သတ်ကာ ဆိပ်ကမ်း၌ကပ်လာသည်။

"ဟင်"

ဟု အသံထွက်သွားကာ သူမတ်တတ်ထရပ်လိုက်သည်။

ယိုးဒယားလွယ်အိတ်ကြီးလွယ်၍ မသူ မော်တော်ပေါ်ကဆင်းလာသည်။ ဒီရေကျချိန်ဖြစ်သဖြင့် ကမ်းဘက်ကို စောင်းထောင်နေသော ပျဉ်ချပ်ကုန်းတောင်အတိုင်း မသူ စာကလာသည်။ သူတို့ရွာသားနှစ်ယောက်သုံးယောက်လည်း မသူနောက်ကလိုက်ဆင်းလာကြသည်။

သုံး၊ လေးနှစ်ခန့်မတွေ့ရသော မသူကို မမျှော်လင့်ဘဲ ရုတ်တရက်တွေ့လိုက်ရသဖြင့် အံ့အားသင့်သလို ငေးကြည့်နေ၏။ မသူ၏ဖွံ့ထွားမှုနှင့်လှပမှု၊ အဝတ်အဆင်ပြောင်းလဲမှုပေါ် တွင် ခဏတော့ မှင်တက်မိနေ၏။ မိမိ၏သုံးနှစ်ကျော်ကာလ ကြီးခိုင်ထွားကျိုင်းလာမှုကို တော့ ကိုယ့်ကိုယ်ကိုယ် သတိမရ။ ငယ်စဉ် ကလေးဘဝဟုသာ စိတ်ထဲထင်နေ၏။ ရင်တခုန်ခုန်နှင့် သူမသူ့ကိုငေးကြည့်နေမိသည်။

မသူကလည်း အပျိုစိတ်နှင့်လားမသိ သူ့ကိုနှုတ်မဆက်။ မျက်လွှာတစ်ချက်ချကာ သူ့အနားကဖြတ်လျှောက်သွား၏။

"ကြည့်စမ်း၊ မသူ လှလာလိုက်တာဟယ်၊ ဓာတယ့်မြို့သူမကြီးကျနေတာပဲ။ လူတောင်မှားလို့ပါလား"

"နှင့်အဖေ အမ်းကူးကြီးကောမပါဘူးလား"

"အေးဟယ် - လှလာလိုက်တာ၊ ငါတို့ရွာသူမဟုတ်ရဲလား"

ဆိပ်ကမ်းရှိ မိန်းမသူများ ပါးစပ်ပေါက်ပေါက်ဖောက်နေကြချိန်တွင် သူမာကြီးတင်နှုတ်ဆက်ရမှန်းမသိ။ တံတွေးနှင့်ဆေးငုံဖက်တွေကို ထွေးချလိုက်ကာ မသူကိုငေးကြည့်နေတုန်း။ မသူသည် လူကြီးများကို ဖော်ရွေယဉ်ကျေးစွာဖြင့် နှုတ်ဆက်နေ၏။

တွေ့လိုမြင်လိုစိတ်နှင့် သုံးနှစ်ကျော်ကြာစောင့်ဆိုင်းခဲ့ရသော မသူကို တကယ်တမ်းတွေ့ရသောအခါ သူနှုတ်အ, နေသည်။ နှုတ်ဆက်ရမှာပင် ရွံ့နေ၏။ မသူနှင့်အကြည့်တစ်ချက်ဆုံမိသွားရာ ရင်ထဲမှာ ကတုန်ကယင်ဖြစ်သွားသည်။ မသူ၏ မျက်ခုံး၊ မျက်လုံး၊ မျက်ရစ်၊ လိုင်နာဆီးလာသောအကြည့်ကို သူရင်ခုန်နေသည်။ အကြည့်ချင်းပင်မဆုံရဲဘဲ အကြည့်လွဲလိုက်မိ၏။

မသူက ရွာသူရွာသားတွေကို နှုတ်ဆက်ပြီး သူတို့အိမ်ရှိရာဘက်သဲပြင်အတိုင်းလျှောက်သွား၏။ ရွာသူရွာသားအသိတွေက မသူ့ကိုလှမ်းကြည့်နေကြတုန်း။ သူက မိမိအိမ်ဘက်ကိုသွားသလိုလိုနှင့် လေကာကျောက်တုံးကြီးတစ်တုံးကွယ်သည်နှင့် မသူနောက်မယောင်မလည်နှင့်လိုက်လာလေသည်။ သဲလမ်းပေါ် က မသူ၏ဖိနပ်ခြေရာကို မြင်မှ အစ်ကိုကြီးပေးဝတ်ထားသောဖိနပ်ကိုသတိရသည်။ ယခုသူ့ခြေထောက်တွင် ဖိနပ်မပါ။ စိတ်အားတစ်ချက်ငယ်သွားလိုပင်။ ကိုယ်ပေါ် တွင်မူ ဂျင်းဘောင်းဘီတစ်ပတ်နွမ်းနှင့်၊ ဂျင်းဆာဖရီကုတ်လက်တိုနှင့်။

ဆိပ်ကမ်းတွင် မြင်ထားခဲ့သော မသူက နောက်ပြန်တစ်ချက်လှည့်ကြည့်၏။ အကြည့်ချင်းတစ်ချက်ဆုံမိသွားရာ ရင်ထဲဖိုခနဲဖြစ်သွား၏။ မသူသည် လေကာကျောက်တုံးကြီးတစ်ခုနားတွင် ရပ်လိုက်၏။ သူမှာ မသူရှိရာကို ဆက်လျှောက်သွားရမလိုရပ်နေရမလို နှင့် ခြေလှမ်းပျက်ချင်နေ၏။ မသူနှင့်တွေ့ရမှာ၊ စကားပြောရမှာ မဝံ့မရဲသလိုဖြစ်ပြီး ရင်ခုန်နေသည်။

"ကိုအောင်တိုင်"

"ဗျာ"

သူ လန့်သွားသလို ထူးလိုက်သည်ကို မသူကရယ်၏။

ယခင် မုန်တိုင်းညနှင့် စက်လှေပျက်ညကတွေ့ကြသလို နှင်၊ ငါမပြောတော့ဘဲ ကိုတစ်လုံးပါလာသည်ကိုတော့ သူလည်းရယ်ချင်သလိုပင်။

"နှုတ်တောင်မဆက်ဘူး၊ မသူကတော့ အမ်းကူလာတိုင်း ကိုအောင်တိုင်တို့သတင်းအမြဲမေးရတာယ်"

သူကသာ မဝံ့မရဲဖြစ်နေသော်လည်း မသူကမူ ဘာမှရှိုးတိုးရှန့်တန့်မဖြစ်သောလေသံ၊ သာမန်အရပ်သူအရပ်သားအသိတွေကို မေးသံမျိုးနှင့် ပြော၏။

ဘယ်လိုလိုပြောပြော ဘယ်လိုနှုတ်ဆက်ဆက် အောင်တိုင်စိတ်ထဲမှာ ဘယ်လိုပျော်သွားမှန်းမသိ။ အပျော်ကြီးပျော်သွား၏။ ထို့ကြောင့် မသူ့ရှေ့ရပ်ရဲသွားသည်။ မသူဆီ အမွေးနုံတစ်ခုရ၏။ မသူ၏ ကိုယ်သင်းနံ့မဟုတ်မှန်းတော့သိသိလေသည်။ မုန်တိုင်းညကကြောက်ကြောက်နှင့်အတူဖက်နေခဲ့ကြသဖြင့် မသူ့ကိုယ်သင်းနံ့ကို သူယခုထိမှတ်မိနေသလိုပင်။ သူ့ကိုယ်ကတော့ ပင်လယ်နံ့၊ ဆားငန်နံ့နံနေမည်ထင်သဖြင့် နီးနီးကပ်ကပ်တော့ သူမကပ်ရဲ။

သူ့ကို မေသူခေါ် သည်ကလည်း ရွာကမိဇီတို့ကို ဘုန်းကြီးသင်ပေးထား၍ ခေါ် သလို အစ်ကိုမဟုတ်။ ကိုတစ်လုံးတည်းသာ။ မြို့ကြီးသူများအခေါ် ဟုထင်လိုက်၏။ မည်သို့ခေါ် ခေါ် နားဝင်ချိုသည်။

မျက်နှာစပ်ဖြဖြနှင့် ဘာစကားမှမပြောဘဲ သူ့ရှေ့လာမိနေသော အောင်တိုင်ကို မသူကပင် -

"ကျွန်မ ကျေးဇူးရှင်ပါနော်၊ မမှေ

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး"

အောင်တိုင် ပို၍ ဝမ်းသာသွားသည်။

မုန်တိုင်းညနှင့် စက်လှေပျက်ညကလို နှင်ငါမပြောတော့သည်ကိုတော့ အောင်တိုင်မအံ့သြတော့။ ရွာမှာလည်း ဘုန်းကြီးသင်ပေးထားသဖြင့် ကောင်လေး၊ ကောင်မလေးတွေက ကျွန်တော်၊ ကျွန်မပြောဆိုတတ်နေကြပြီ။ သို့သော် မေသူကိုပြောရမှာတော့ သူလျှာဖရဲသဖြင့် -

"တို့လည်း အမြဲနေ့စဉ် အေး - သတိရပါတယ် မေသူရယ်။ ဟိုဘက်ကမ်းမှာ ကျောင်းသွားနေတယ်ဆိုတော့ ပြန်မလာပါဦးမလားလို့ ပူလိုက်ရတာ။ ခုရုတ်တရက်တွေ့လိုက်ရတော့ ဘာပြောရမှန်းတောင်မသိဖြစ်သွားတယ်။ နှုတ်ဆက်ချင်လို့ နောက်ကလိုက်လာတာပါ။ တို့တော့ ဘုန်းကြီးကျောင်းပဲနေခဲ့ရတယ်"

"ဟင် - ခု ကျွန်မတို့ရွာမှာဘုန်းကြီးကျောင်းရှိတယ်"

"ဟုတ်တယ်၊ ရှိတယ်၊ မုန်တိုင်းထပြီးတဲ့နှစ်ကပင်ရှိတယ်"

"ကိုအောင်တိုင်တို့ကို ဘုန်းကြီးကစာသင်ပေးတာပေါ့နော်"

"အင်း - သင်ပေးပါတယ်၊ ကောင်မလေးတွေပါသင်ပေးတယ်"

ဤတစ်ခါတော့ မေသူမျက်နှာကို သူရဲရဲကြည့်ရဲပြီ။ လှလိုက်တဲ့မေသူ။ မေသူမျက်နှာကိုကြည့်ပြီး သူရင်ခုန်လာပြန်၏။

"အမ်းကူက ရွာအကြောင်း ဘာမှမပြောဘူး။ သူမိန်းမတစ်ယောက်ကူဖော်လောင်ဖက် ထမင်းချက်ခေါ် ထားတယ်ဆိုတာပဲ လာတိုင်းစကားလုပ်ပြောတတ်တယ်။ ဆိုင်ဖွင့်ပေးထားတယ်ဆိုပါလား"

"ဟုတ်တယ်၊ မေသူတစ်ခါမှမမြင်ဖူးသေးဘူးလား။ ဟိုဘက်ကမ်း ဈေးဝယ်သွားရင် ဆိုင်တံခါးပိတ်သွားတာပဲ။ မေသူဆီမဝင်ကြဘူးလား"

မေသူကခေါင်းခါသည်။

"အိမ်တော့ မှတ်မိပါတယ်နော်"

"အဖေက အိမ်ပြောင်းဆောက်ထားလို့လား"

"မပြောင်းပါဘူး။ အရင်အိမ်ပါပဲ"

စကားပြောရင်း မေသူတို့အိမ်ဘက်အတူလျှောက်လာကြ၏။

ဦးအောင်စိန်တို့အိမ်ရှေ့ရောက်လာကြသည်။ ကက်ဆက်သံကြားတော့ မေသူက လှည့်ကြည့်၏။

"ကက်ဆက်သံပါလား"

"ဟုတ်တယ်လေ၊ ဦးအောင်စိန်တို့အိမ်က ကက်ဆက်သံ၊ အစ်ကိုကြီးမှာလည်း တစ်လုံးရှိတယ်"

အစ်ကိုကြီးဟု ဆိုလိုက်ကာ အောင်တိုင်မျက်နှာကိုကြည့်ပြီး-

"ဘယ်သူရယ် ကိုအောင်တိုင်"

"အစ်ကိုကြီး ကိုထွန်းသောင်ကို ပြောတာ"

"သြော် - သူလား၊ မေသူ့ကို ကျောင်းထားပေးဖို့လည်း အမ်းကူကို သူပဲတိုက်တွန်းတာ။ မြိတ်ဘက်သွားရင် မဟီကိုလည်းဝင်လာတတ်တယ်။ ဒီဘက်ကမ်းမှာ ကျောင်းလာနေတာဆိုလို့ ညီမလေးတစ်ယောက်ပဲရှိတယ်။ စာကြိုးစားသင့်တဲ့။ မှန့်ဖိုးလည်းပေးပေးသွားတတ်တယ်။ သူက မော်လမြိုင်ကောလိပ်ထွက်တဲ့။ ဘွဲ့ရပြီးသား။ သူမှာစက်လှေတွေနှစ်စီးတောင်ရှိတယ်တဲ့။ သူလှယုံတွေနဲ့ထားတယ်ပြောကြတယ်။ မေသူတော့ စဉ်းစားမရဘူး၊ သူလိုလူက ကျွန်မတို့ရွာမှာလာနေတာ အံ့သြစရာပဲ။ စိတ်ကောင်းတော့ တော်တော်ရှိတယ်ပြောကြတယ်"

"ဟုတ်ပါတယ်၊ တို့လည်း အစ်ကိုကြီးဆီပဲအနေများတယ်"

"ဟုတ်လား"

"ဟုတ်တယ်"

အောင်တိုင်က သူ့အစ်ကိုကြီးအကြောင်း မေသူကိုပြောပြလာသည်။

"မဟီက မြို့လားဟင် မေသူ"

"ရွာကြီးပါ၊ မြို့နယ်ခွဲဖြစ်တော့မယ် ပြောသံကြားတာပဲ။ ဧည့်သည်တွေလည်း တစ်ခါတစ်ခါလာကြတာတွေ့ရတယ်"

အောင်တိုင်က သူတို့ရွာအောက်စက်လှေပျက်တုန်းက ဧည့်သည်တွေကို သတိရသဖြင့် -

"ဘာလာလုပ်ကြတာလဲ၊ ပစ္စည်းလာဝယ်ကြတာလား"

"ဓာတ်သတ္တုဆိုလား၊ ကမ်းလွန်ရေနံရှာဖွေရေးဆိုလား ပြောကြသံကြားတယ်"

"အဲဒီလူတွေကိုနဲ့တူတယ်၊ တို့ရွာကလူတွေ လိပ်ဥသွားရောင်းကြတာ ပိုက်ဆံတော်တော်ရကြတယ်"

အောင်တိုင်ကလည်း သူ့ရွာ၏ ပြောင်းလဲသွားပုံကို အားကျမခံပြန်ပြောပြ၏။

မေသူတို့အိမ်နားထိသူလိုက်လာသည်။

"ကျွန်မတို့ရွာလည်း တော်တော်ပြောင်းလဲနေတာပဲ။ အုန်းပင်တွေကတော့အရင်အတိုင်းပဲ။ မုန်တိုင်းတိုက်ပြီးမှ..."

မေသူ မုန်တိုင်းကိုသတိရသည်ကို အောင်တိုင်ဝမ်းသာမိသည်။ မုန်တိုင်းကို သတိရလျှင်မေသူ သူ့ကိုမေ့မည်မဟုတ်။

"လဲကျသွားတဲ့အပင်တွေကို ပြန်ထူပြီး စိုက်ထားကြတာတွေပါ"

"ရှင်တာပဲနော်"

"မရှင်တဲ့အပင်တွေလည်းရှိတယ်"

"ကျွန်မတို့ရွာလည်း မဟီလိုစာသင်ကျောင်းရရင် သိပ်ကောင်းမှာပဲနော်။ ကျွန်မတို့ မိန်းမသားတွေလည်း စာတတ်ကြမယ်"

"အခုလည်း ဘုန်းကြီးသင်ပေးလို့ မိန်းကလေး"

"ဟင် - ဟုတ်လား"

မေသူက အံ့သြသလိုဆိုသည်။

"ဟုတ်တယ်၊ ကမ်းကြီးသတ်ဘက် ကဦးဂျလားသမီး မိဇံ အစ္စာမ သိတယ် ဟုတ်လား"

မေသူက ခေါင်းညိတ်ပြပြီး ပြုံးရယ်သည်။

ကစားကြရာမှ စကားများပြီး မေသူကို ဘိန်းစားသမီးပြောသဖြင့် မိဇံနှင့်သူတစ်ခါသတ်ထားကြသည်ကို သတိရပုံရှိ၏။

"ဟိုတုန်းက စာအုပ်နဲ့မျက်နှာမခွာလို့ မျက်စိကန်းလိမ့်မယ်တောင်ပြောခဲ့ကြတာ။ ရွာမှာ သူ့ကိုဘယ်လူမှလိုက်မမီဘူး။ ဘုန်းကြီးကမြှောက်ထားလို့ မိုးမမြင်လေမမြင်ခဲ့တဲ့ ကောင်မလေး"

အောင်တိုင်၏စကားကို မေသူကရယ်သည်။

မေသူ သူတို့ခြံထဲ ဝင်သွားသောအခါ အောင်တိုင်လည်း အစ်ကိုကြီးအိမ်ဘက်ထွက်လာသည်။

■

"အဖေ နေမကောင်းလို့ ခဏပြန်လာတာ သန်ဘက်ခါပြန်မယ်"

မေသူစကားကြောင့် အောင်တိုင်ရင်ထဲဟာသွားသည်။

တစ်ရွာတည်းသာနေသော်လည်း မေသူ၏အဖေ နေမကောင်းဖြစ်နေမှန်း သူမသိ။ လူငယ်တွေအလုပ်မဟုတ်သော်လည်း မေသူနှင့်ပတ်သက်နေသဖြင့် သိသင့်သည်။ သတင်းမေးသင့်သည်ဟု သူ့ရွာက မဟီသွားသူအချို့ပြန်ကာလျှင် မင်းတို့မိသားစုကို မေသူအကဲတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ဝမ်းသာရသည်။ မေသူအား သူ အမြဲသတိရနေသည်မှာလည်း ဤသည်တို့ကြောင့်ဖြစ်သည်။ မမျော်လင့်ဘဲ မိုးတွင်းကြီးပြန်လာသော မေသူကို အပြီးပြန်လာသည်ထင်၍ ဝမ်းသာခဲ့၏။ ယခုပါးစပ်ကဖွင့်ပြောလိုက်မှသာ သူ့အဖေ နေမကောင်းကြောင်းသိရ၏။

"ခုဘယ်လိုနေသေးလဲ"

လူကြီးသူမဟန်နှင့်မေးမိ၏။

"သက်သာသွားပါပြီ"

"ဘာဖြစ်တာလဲ"

"ဆေးကြောင့်ပါ"

မေသူအဖေ ဘိန်းစားသည်ကို ငယ်ငယ်ကပင် ကြားဖူးသိဖူးထားသော အောင်တိုင် နှုတ်ပိတ်သွားသည်။

ရွာမှာ ကနုကမာငုပ်သူများ၊ တစ်ခါတလေ အပျော်ရွှင်သူများပင် ယခု အခါ ဘိန်းဝယ်မရ၍ ညည်းကြသံကြားရသည်။ အစိုးရက ဘိန်းကို မြို့တ်ဘက်တွင် ပိုက်စိပ်တိုက်လိုက်ဖမ်းနေသည်ဟု လည်းကြားသိရသည်။ ယခင်က ဘိန်းရောင်းသော မေသူတို့အဖေပင် ယခု ဘိန်းကြောင့် နေမကောင်းဖြစ်ရသည်ဆို၏။

မေသူပြောသော သန်ဘက်ခါကြောင့် သူတွေဝေသွားသည်။ မနက်ဖြန် တစ်ရက်တော့ မေသူမွက်နှာကိုမြင်နိုင်သေးသည်။ အစ်ကိုကြီးအိမ်လာရင်း မေသူဆီဝင်ရမည်။ နေ့ခင်းနေ့လယ်ဆိုလျှင် စျေးဝယ်လာသူများလည်း မရှိသလောက်ပါးသည်။ ညနေဆိုလျှင်တော့ အသိမိန်းကလေးတွေက ထွေရာကမာဝယ်ရင်း လာနှုတ်ဆက်ကြသလို ကောင်လေးတွေကလည်း ပိုးကြေးပန်းကြေးလားမသိ ပဲလှော်၊ ထန်းလျက်က အစ ထွေရာကမာလာဝယ်၍ ရစ်သီရစ်သီလုပ်ကြသည်။

လူရှင်းလျှင် သူသည်လည်း ပဲလှော်ဝါးရင်း မေသူနှင့်စကားပြောရသည်။ သို့သော် မေသူ့ကိုချစ်ကြောင်း မပြောဝံ့။ ရေလာမြောင်းပေးပင်မဟုတ်သေး။ စိတ်ထဲကချစ်နေသော်လည်း နှုတ်မဟရဲ့။ သူက မြို့ဟန်ပေါက်နေသဖြင့် အလိုလိုရွံ့နေ၏။ မေသူကို သူကြိုက်နေချစ်နေကြောင်း အများသိမှာလည်းစိုးသည်။ အထူးသဖြင့် အမေနားပေါက်ကြားမှာ သူမလိုလား။

ပဲလှော်နှင့် ထွေရာကမာ တစ်ပဲ၊ တစ်မူဖိုးဝယ်လျှင် မေသူပိုက်ဆံမယူတတ်။ ဒါ ငါ့ကို မေသူကြိုက်နေလို့လား။ သူက ပိုက်ဆံအတင်းပေးလျှင် အို - နေပါစေဆို၊ ကိုအောင်တိုင်တို့ကျေးဇူးကျွန်မမှာ ဆပ်မယ်ဆိုတော်မကုန်နိုင်ပါဘူးနော်ဟုပြောပြီး ပိုက်ဆံကို စျေးဝယ်သူမရှိချိန် အတင်းပြန်ပေးတတ်သည်။ မဟီတွင် ကျောင်းသွားနေလို့ စကားပြောတတ်လိုက်တာ။ မေသူကိုသူတစ်ခါမှစကားပြောမနိုင်။ ကျေးဇူးရှိလို့ပေးတယ်ဆိုတာ အောင်တိုင်မလိုချင်။ ချစ်လို့ပေးတာပဲလိုချင်သည်။

"ဘာယူမလဲ ကိုအောင်တိုင်၊ ယူလေ"

အတွေးလွန်သွား၍ နှုတ်ဆိတ်နေသောသူ့ကို မေသူက ခါတိုင်းလို တစ်ခုခုဝယ်မည်ထင်၍ပြော၏။

"အလကားတော့ မယူချင်ဘူး။ ပေးတာလည်းမျှားပြီ"

မေသူကရယ်ပြီး -

"ဒါဆိုလည်း ပေးလေ၊ ပိုက်ဆံပေး"

သူလှမ်းပေးဆောပိုက်ဆံတစ်မတ်ကို ဤတစ်ခါတကယ်ယူ၏။ ထန်းလျက်က တစ်မတ်ဖိုးမက။ အောင်တိုင် စိတ်ထဲဝမ်းသာလုံးဆို့ချင်သွား၏။

"အဒေါ်နိုင်းမုန့်လုပ်စားဖို့ယူသွား၊ မေသူ့ဆီက ပိုက်ဆံနဲ့ဝယ်လာတာပဲဆိုပြီး လမ်းမှာတင် အကုန်လည်းစားမပစ်နဲ့ဦး"

ဘယ်လိုသဘောနှင့် ပြောသည်တော့မသိ။ သူ့ကို ကြည်ကြည်လင်လင်ကြည့်၍ အရယ်တစ်ဝက်နှင့်ပြော၏။ သူလည်း ဝမ်းသာ၍ရယ်မိ၏။

မေသူမပြန်မီ တစ်ရက်တုန်းကလည်း အောင်တိုင် မေသူ့တို့ဆိုင်ကို ရောက်သည်။ ထိုနေ့ကတော့ မေသူ့ကို မတွေ့။ သူ့အဖေ၏ နောက်မိန်းမဟာ စျေးဆိုင်ထိုင်နေသည်။ အိမ်ထဲ မေသူရှိနေမှန်းတော့သိသည်။ သူ့အဖေနှင့် ဘာတွေပြောနေကြမှန်းမသိ။ မေသူက သူ့အဖေကိုတစ်ချက်တစ်ချက်အော်သံကြားသည်။ မေသူ တော်တော်နှင့်ထွက်လာမည်မဟုတ်မှန်းသိ၍ ပဲလှော်တစ်မူးဖိုးဝယ်ကာ ပြန်လာသည်။ မနက်ဖြန်ဆို မေသူပြန်တော့မှာပဲဟု တစ်လမ်းလုံး တွေးလာသည်။

ဤနေ့ အဦးဆုံး မော်တော်ဆိပ်ကို အစောဆုံးရောက်လာသူမှာကား အောင်တိုင်ပင် ဖြစ်သည်။ ဤသည်ကို သူက မေသူ သိစေချင်သည်။ သို့သော် မည်သူဘယ်လိုမှမသိနိုင်။ မေသူ မော်တော်ဆိပ်သို့ ရောက်လာချိန်မှာ ခါတိုင်းလိုပင် မော်တော်ဆိပ်မှာ ကလေးလူကြီး၊ မိန်းမ၊ ယောကျ်ားအယောက် နှစ်ဆယ်လောက်ရှိနေပြီ။

ရွာထဲလမ်းက သဲသောင်ပေါ် မေသူဆင်းလာကတည်းက သူမြင်နေ၏။ မော်တော်ဆိပ် မေသူရောက်လာ၏။ သူ့ကိုတစ်ချက်ကြည့်သည်။ လူအုပ်ထဲက မသိမသာတော့ပြုံးသည်။ သူတို့အိမ်နားကမိန်းမကြီးနှစ်ယောက်ကိုလိုလို သူ့ကိုလိုလို ပြန်တော့မလို့ဟုဆိုသည်။ မိန်းမကြီးနှစ်ယောက်က မေသူ့လက်ကို ကိုင်ပြီး စကားပေါက်ပေါက်ဖောက်နေကြသဖြင့် အောင်တိုင်မှာ စိတ်ညစ်သွားသည်။ မေသူက သူ့ကိုသီးသန့်နှုတ်ဆက်စေချင်သည်။ မေသူ သို့အား သီးသန့်နှုတ်မဆက်သည်ကို အစကဝမ်းနည်းရမလိုနှင့် နောက်တော့ သတိရသည်။

လူရှင်းသောဆိုင်တွင် နှစ်ယောက်ချင်းတွေ့၍ ဘာပဲပြောပြော အများရှေ့မေသူလည်း သူ့ကုန်ဆွေးဆည်ရမယ်မှန်း အောင်တိုင်သဘောပေါက်သည်။

မော်တော်ပေါ်က လက်လှမ်းပြသောအခါမှာလည်း အများကိုနှုတ်ဆက်သည့်သဘောသာ။ သို့သော် အကြည့်ကတော့ သူ့ဆီ၌ရှိလိမ့်မည်ထင်သည်။

ထိုနေ့က မော်တော်ဆိပ်၌ နောက်ဆုံးရွာပြန်တက်လာသူမှာလည်း အောင်တိုင်သာ ဖြစ်သည်။ မေသူပါသွားသော မော်တော် ကျောက်မောင်နှမကျောက်ဆောင်ကြီးနှစ်လုံးကြားက ကွေ့သွားသည်အထိ မော်တော်ကိုမမြင်ရတော့သော်လည်း စက်သံဖုတ်ချက်ဖုတ်ချက် ပျောက်သွားမှ သူရွာကိုတက်လာသည်။

■

အစ်ကိုကြီး ဟိုဘက်ကမ်းသွားတာ ဒီတစ်ခါကြာလိုက်လေဟု သူတွေးလာသည်။ အစ်ကိုကြီးပြန်လာလိမ့်မယ် အထင်နှင့် သူမော်တော်ဆိပ်ဆင်းစောင့်ခဲ့သည်မှာ တစ်ပတ်ခန့်ပင်ရှိလေပြီ။ ယနေ့လည်း အစ်ကိုကြီးမျှားပါလာလေမလားဟူသောအတွေးနှင့် မော်တော်ဆိပ်ဆင်းလာသည်။

မော်တော်ဆိပ်နားက ကျောက်တုံးကြီးကိုမြင်သောအခါ မေသူ့ကိုသတိရသည်။ မေသူ မဟီကိုပြန်သွားတိုင်း ဤကျောက်တုံးပေါ်က သူစောင့်ကြည့်ခဲ့ရသည်။ မေသူ ရွာကထွက်ပြီး သဲသောင်အတိုင်း လျှောက်လာနေသည်ကိုလည်း ဤကျောက်တုံးပေါ်ကနေ မြင်ရသည်။ အများနှင့်လိုလို ရောသောရင်း၌တော့ မယ်ဟု မေသူပြောခဲ့သည်ကိုသတိုးကြားယောင်ပါသည်။ ရထားနှင်ဒီ နတ်မော်ကျွန်းကိုကွေ့၍ ပျောက်သွားသည်ထိ

www.burmeseclassic.com

www.burmeseclassic.com

ဤကျောက်တုံးပေါ်က သူရဖ်ကြည့်ခဲ့သည်။

မေသူကို သတိရသဖြင့် ကျောက်တုံးပေါ် တက်လာ၏။ ကျောက်တုံးပေါ်မတ်တတ်ရပ်၍ ရတနာနဒီမော်တော်နတ်မော်ကျွန်းဦးမှပေါ်လာမည်ကို သူငေးကြည့်နေသည်။ ဟိုဘက်ကမ်းလိုက်မည့်သူ၊ ပုလဲကျွန်းဘက်သွားမည်သူများကိုလည်း ဆိပ်နား၌ မြင်နေရသည်။ အားလုံး ရတနာနဒီမော်တော်ကို စောင့်နေကြသည်။

မော်တော်စက်သံတဘုတ်ဘုတ်ကိုကြားလာရသည်။ နတ်မော်ကျွန်းဦးကို ကွေ့ဝင်လာသော မော်တော်ကိုလည်း မြင်လာရသည်။ မော်တော်ပေါ်၌ ခါတိုင်းထက်များသည်။ စက်သတ်ဝင်လာသော မော်တော်သည် ဆိပ်ကမ်းကို ကပ်လာ၏။ မော်တော်ပေါ်က ကုန်းဘောင်ပေါ် ပျဉ်ပြားထိုးကျလာသည်။ ရေအီနေသဖြင့် မော်တော်ကုန်းပတ်သည် ဆိပ်ကမ်းနှုတ်ခမ်းထက်မြင့်နေသည်။

"အစ်ကိုကြီး"

အားရဝမ်းသာအော်၍ ကျောက်တုံးပေါ်ကပြေးဆင်းလာသည်။ အစ်ကိုကြီးသည် လက်တစ်ဖက်မြှောက်၍ သူ့ကိုပြုံးပြနေသည်။ ဟင်-အစ်ကိုကြီးတော့ မိန်းမရလာပြီလားဟု ရုတ်တရက်ထင်လိုက်သည်။ အဲဒါကြောင့် ကြာနေတာလားဟု အတွေးဝင်ပြီးမှ အစ်ကိုကြီးနောက်က မိန်းမချောဆီ သေချာကြည့်မိ၏။

"ဟာ - မေသူ၊ မေသူပဲ"

မေသူကလည်း အစ်ကိုကြီးနှည်းတူ သူ့ကိုလား၊ ဆိပ်ကမ်းရှိအားလုံးသူ့ကိုလားမသိ ပြုံးပြသည်။ မော်တော်နှုတ်ခမ်းနှင့်ဆိပ်ကမ်းနဖူးပေါ် တင်ထားသောကုန်းပျဉ်ချပ်ကိုနင်း၍ အစ်ကိုကြီးသည် ရှေ့ကဆင်းလာ၏။ မေသူသည် ညွှတ်ပဲ့ညွှတ်ပဲ့လှုပ်ခါနေသော ကုန်းဘောင်ပျဉ်ချပ်ပေါ် မလှမ်းရဲလှမ်းရဲနှင့် အစ်ကိုကြီးအကျီစကို ဆွဲပြီး နောက်ကလိုက်ဆင်းလာ၏။ အောင်တိုင့်ရင်ထဲတစ်မျိုးကြီး ခံစားလိုက်ရသည်။

အောင်တိုင့်သည် အစ်ကိုကြီးကို ကျော်ကာ မေသူကို လှမ်းကြည့်နေ၏။ လှလိုက်သည့်မေသူ၊ ဆံပင်အကောက်အခွေတွေကလည်း ခေါင်းမှာအပြည့်။ နှုတ်ခမ်းနီ၊ ပါးနီတွေနှင့် ပုံပြင်ထဲကနတ်သမီးလားထင်ရသည်။ နန္ဒင်းရောင်စိုရွှမ်းသောအကျီလုံချည်တစ်ပြေးတည်းနှင့် ရွှေ့ရွှေ့လှမ်းဆင်းလာသော မေသူသည် လွင့်နေသည်။ အောင်တိုင် မေသူကို အသက်ရှူရပ်မတတ် လှမ်းကြည့်နေသည်။

တစ်နှစ်နှင့်တစ်နှစ် လုံးဝမတူ။ တစ်နှစ်တစ်ခါ အဆင်အပြင် ပြောင်းလဲလာတတ်သောမေသူကို အောင်တိုင် မျက်စိထဲပြန်မြင်နေမိ၏။ ခေါင်းကစ၍ ပြန်တွေးမိ၏။ သုံးနှစ်ကြာပြီးပြန်အတွေ့မှာ ရွာမှာတုန်းကလို ဆံရစ်ဝိုင်းနှင့် မဟုတ်ဘဲ အုပ်လုံးသိမ်းထားလေသည်။ နောက်တစ်နှစ်မှာမှာ ကျစ်ဆံပြီးနှင့်၊ နောက်တစ်နှစ်မှာ ဗာပါဆံတစ်ဖက်တစ်ဆုပ်နှင့်။ ယခုတော့ သူခေါင်းကဆံပင်တွေမှာ အခွေအကောက်တွေနှင့်။ ဘယ်လိုပဲနေနေ သူ့မျက်စိထဲမှာ မေသူကား လှလျက်ပလျက်။ ဤနှစ်ပိုလှလာသည်။ ကိုယ်လုံးကိုယ်ထည်လည်း သူ့နေရာနှင့်သူပိုထွားလာ၏။ နှစ်တိုင်းတွေ့နေ၊ မြင်နေ နှစ်ယောက်ချင်းဆိုလျှင် စကားဆိုနေကြဖြစ်သော်လည်း ဤနှစ် မေသူမျက်နှာကို သူစေ့စေ့ကြည့်ရဲသလိုဖြစ်သွားသည်။ မေသူနှင့်အကြည့်တစ်ချက်ဆုံလိုက်စဉ် ရင်ထဲ ကတုန်ကယင်ဖြစ်သွား၏။

ကမ်းနဖူးပေါ် လှမ်းတက်လာသော အစ်ကိုကြီး၏ ပခုံးပေါ်က သားရေအိတ်ကြီးကိုလှမ်းယူလိုက်သည်။ မေသူ့ကို စကားပြောရမှာ အမ်းတမ်းတမ်းဖြစ်နေ၏။ ငယ်စဉ်က မေသူနှင့်သူ မုန့်တိုင်းဆဲတွေ့ခဲ့ကြသည်ကို လူကြီးတွေက နောက်နောက်နေကြတာ အစ်ကိုကြီးလည်းကြားဖူးထားမှာပါဟု မဆီမဆိုင် အတွေးနှင့် ရင်ခုန်သွားပြန်၏။

"စက်တွေကောင်းပါတယ်နော် ညီလေး"

"ဟုတ်. . . ဟုတ်ကဲ့ အစ်ကိုကြီး၊ ကောင်းပါတယ်။ ဟာလာစက်ရောပဲ့ချိတ်စက်ပါ ဘာမှမဖြစ်ပါဘူး"

အစ်ကိုကြီး၏အမေးကို သူက ရှေ့ဆိုင်ရပ်၍ ဖြေ၏။

"အဒေါ်နိုင်း နေကောင်းလားကိုအောင်တိုင်"

"အင်း - ကောင်းပါတယ်၊ မေသူအမ်းကူလည်း အဲ - ကောင်းပါတယ်"

မေသူ့အဖေကိုသာပြောပြီး မေသူ့မိထွေးကို ပြောရမှာ အားနာသဖြင့် နှုတ်ဆွံ့သွားသည်။

သူကသာ မေသူမျက်နှာကိုကြည့်၍ ရင်ခုန်နေသော်လည်း မေသူကမူ ပကတိလေသံနှင့်သာ။ မျက်ခုံးတွေ့၊ မျက်တောင်တွေ့ ဤလိုလှအောင်ဘယ်လိုများလုပ်လာပါလိမ့်ဟု တွေးသည်။

အစ်ကိုကြီးတို့ကို ရွာသားတစ်ယောက်က နှုတ်ဆက်သဖြင့် စကားပြတ်သွား၏။ ထို့ရွာသားမှာ မြစ်ကောက်ဘက်မှ ပသျှူကြီးဦးမောလဖြစ်၏။ အသားမည်းလွန်း၍ အချို့က ကွယ်ရာတွင် အော်ကုလားခေါ်ကြသူ။ ကုလားကပင် ပြော်၊ အေး၊ အင်း အံ့သြသင့်ရမည်ဟူသော အရပ်ပြက်လုံး၊ အဘိုးကြီးမှာ အသက်ခုနစ်ဆယ်ကျော်ပြီ။

"မောင်ထွန်းသောင်ဆီ အဘ ပစ္စည်းတစ်ခုပြစရာရှိလို့ လာခဲ့ဦးမယ်"

"ဟုတ်ကဲ့ - လာခဲ့ပါအဘ"

အစ်ကိုကြီးက ပြီးစလွယ်ပြောလိုက်သော်လည်း အဘိုးကြီးက စကားမဖြတ်နိုင်သေး။ သူကော မောင်ထွန်းသောင်ဟု အစ်ကိုကြီးနှင့်အောင်တိုင်တို့ အနားတွင်ရပ်နေသော မေသူ့ကိုမေး၏။ အောင်တိုင်ထင်သလို အဘိုးကြီးကလည်း ထင်ပုံရ၏။

"သက ဟိုဘက်ကမ်းမှာ ကျောင်းသွားနေတဲ့ ဒီရွာသူပဲ အဘ"

မေသူ့ကို စိုက်ကြည့်နေလေ၏။

အစ်ကိုကြီးက ရှိပ်မိပုံရသဖြင့် -

"ဦးအလျောင်သမီးလေ၊ ရေနီပိုင်းက"

"အာပါးပါး၊ အလျောင်သမီးကိုး။ ကျူပ်ကဘယ်မြို့ သူလဲလို့။ မြိတ်သူမများလားတောင်ထင်တာ"

အဘိုးကြီးစကားကို အားလုံးဝိုင်းရယ်ကြသည်။

မေသူကလည်း အဘိုးကြီးစကားကို ရှက်ပြုံးပြုံးနေ၏။

"သူကကော"

အဘိုးကြီးက အောင်တိုင်ကိုမေးပြန်၏။

"သူက အစ်မနိုင်းသားလေ၊ ကျွန်တော့်ညီလို့ပါပဲ"

"ဩော်-အေး၊ မောင်အောင်သိုက်သားကိုး၊ လူပျိုကြီးတောင်ဖြစ်နေပြီပဲ။ လူလေးတို့အဖေနဲ့ အဘနဲ့ သိပ်ချစ်ကြတာပေါ့။ သိပ်စိတ်ကောင်းရှိတဲ့ထားဝယ်သား၊ အဘ မင်းအဖေကို သိပ်နှမြောတယ်။ လူကောင်းတစ်ယောက်ပျောက်သွားရှာတယ်"

မဟဘက်ကလား၊ ဘယ်ဆိပ်ကိုက်လာကြသည်မသိသော ရွာသူ့ရွာသားစုံယောက်သုံးယောက်ပင် ဆိပ်ကမ်းကထွက်သွားကြပြီ၊ မော်တော်ကိုလည်း စက်စနိုးနေပြီ။ အဘိုးကြီးက စကားရှည်နေတုန်း။

www.burmeseclassic.com

www.burmeseclassic.com

"ပြန်ဦးမယ်"

အဘိုးကြီး၏ စကားကြောင့် အောင်တိုင်က အဖေ့ကိုသတိရ၍ မျက်နှာညိုးသွားစဉ် မေသူက ပြန်ဦးမယ်ဆိုတော့ အောင်တိုင်က မေသူကို ဘယ်လိုနားလည်ရမှန်းမသိဖြစ်သွား၏။ တွေ့စကမူ အစ်ကိုကြီးနှင့်ပင် ရလာကြသလား ထင်ပြီး ဝမ်းနည်းသွားမိသည်။ ယခုအတူလာကြသူအစ်ကိုကြီးကိုပင် တလေးတစားနှုတ်မဆက်ဘဲ ရွာဘက်တက်သွားသည်။ အစ်ကိုကြီးကလည်း အဘိုးကြီးနှင့်စကားပြောမပျက်။ မေသူက ပြန်ဦးမယ်ဆိုသည်ကိုလည်း လှည့်မကြည့်။ အစ်ကိုကလည်း အိမ်ထောင်မရှိသူ လူပျို။ မေသူကလည်း အပျိုဖြစ်သဖြင့် အရပ်ထုံးစံခပ်အမ်းအမ်းဖြစ်သည့်ပုံပင်။ မော်တော်ပေါ်က ဆင်းလာစဉ်၌ အစ်ကိုကြီးအကျီကိုကိုင်၍ ဆင်းလာသည်မှာလည်း မိန်းမသူများသည် ရှေ့ဘယ်ယောက်ျားသားကိုမဆို အမှီသဟဲသဘောမျိုးသာဟု အောင်တိုင်တွေးမိလိုက်သည်။

"သွားလိုက်ဦးမယ် အဘ"

ဟု အစ်ကိုကြီးက စကားဖြတ်လိုက်မှ အဘိုးကြီးက-

"အေး အေး၊ အဘတစ်နေ့လာခဲ့ဦးမယ်"

ဆိုသည်။

ဆိပ်ကမ်းတွင်ရှိနေကြသေးသော လူငယ်လူရွယ်များကို အဘိုးကြီးက ဘယ်သူသားလဲ၊ ဘယ်သူလဲနှင့် တစ်ယောက်စီလျှောက်မေးကျန်နေခဲ့၏။ ဤသည်မှာ သူတို့ပဿုံးထုံးစံထင်သည်။

"ဒီတစ်ခေါက် အစ်ကိုကြီး မြိတ်သွားတာ ကြာလိုက်တာ။ ကျွန်တော် မော်တော်ဆိပ်ဆင်းဆင်းကြိုနေတာ တစ်ပတ်တောင် မကတော့ဘူး"

"မင်းမျှော်နေလိမ့်ဆိုတာ ငါထင်သားပဲ။ မေသူက သူစာမေးပွဲပြီးအောင်စောင့်ပါ။ လိုက်ပါရစေဆိုတာနဲ့ကြာနေခဲ့တာကွ။ ငါမြိတ်က မဟီရောက်နေတာ တစ်ပတ်လောက်တောင်ရှိနေပြီ"

အစ်ကိုကြီးစကားက အောင်တိုင်ရင်ထဲတစ်မျိုးဖြစ်သွားပြန်သည်။

"မေသူက သူဘာသာသူလာလိမ့်မပေါ့ အစ်ကိုကြီးရာ။ ခါတိုင်းလည်း လာနေကျပဲ။ မျှော်ဦးတောင်ခြေမှာချမယ်ဆိုတဲ့ ဆီအုန်းပင်တွေ ပြောင်းစိုက်ဖို့ ကျွန်တော်စောင့်နေတာ"

"လာတာတော့ ဟုတ်တာပေါ့ ညီလေးရာ၊ မေသူ စာမေးပွဲကျမှာစိုးလို့ စာပြေးရသေးတယ်။ အုန်းကရုပါတယ်ကွာ၊ ပီနံပျိုးတွေပဲ။ နောက်တော့ပြောင်းကြတာပေါ့"

အစ်ကိုကြီးက သူမျက်နှာကိုတစ်ချက်လှည့်ကြည့်၍ပြော၏။

မေသူကို စာပြေးရသေးတယ်ဆိုစကားကိုတော့ အောင်တိုင်ရင်ထဲ တစ်စုံတစ်ခုလှုပ်ခတ်သွားမိသလိုပင်။

ရှေ့ကထွက်သွားသော မေသူက လှည့်ကြည့်လှည့်ကြည့်နှင့် သွားနေ၍လားမသိ။

အစ်ကိုကြီး ခြေလှမ်းသွက်သွားသည်။ အောင်တိုင်လည်း အစ်ကိုကြီး ခြေလှမ်းကိုအမီလိုက်ပါနေရ၏။ ရွာဝင်လမ်းတွင် မေသူတို့ရှိ၏။ အောင်တိုင်က ပင် -

"မေသူ စာမေးပွဲဖြေနိုင်ခဲ့လား"

မေးလိုက်မိ၏။

"ဖြေနိုင်ပါတယ်"

"ခု ဘယ်နှတန်းလဲ"

"ခြောက်တန်း"

ဘာရယ်လို့မဟုတ်။ အောင်တိုင် သက်မတစ်ချက် ချမိလိုက်သည်။

ခြောက်တန်းဆိုတာ အစ်ကိုကြီး နီးနီးလားဟုလည်း တွေးမိ၏။ ဘုန်းကြီးကျောင်းတွင် သေစာရှင်စာလောက်သာ သင်ခဲ့ရသောသူက ဝမ်းနည်းသလိုဖြစ်မိသည်။ စိတ်အားငယ်သွားသဖြင့် ဆက်မမေးမိ။

"မေသူတို့ရွာ တော်တော်ပြောင်းလဲသွားတယ်နော် အစ်ကိုကြီး"

ရွာထဲက ကက်ဆက်ရေဒီယိုသံတွေကိုကြားရ၍ မေသူက ပြော၏။

သုံးနှစ်ခန့် လူချင်းမတွေ့ကြရဘဲ ကြာမှ မေသူနှင့် ပထမဆုံးတစ်ခေါက်တွေ့ကြရသည့်နှစ်က မေသူပြောသောစကားကို အောင်တိုင် ယခုပြန်၍သတိရမိလိုက်သည်။ ထိုနှစ်က ယခုလိုပင် ဦးအောင်စိန်တို့အိမ်က ကက်ဆက်သံကြောင့် မေသူပြောခဲ့သောစကား။

ရွာတင်လား မေသူရယ်၊ မေသူတောင် တစ်နှစ်တစ်မျိုးပြောင်းလဲနေတာပဲ။ ပထမတွေ့စနှစ်က ဆံတောက်ဖားဖား၊ နောက်တစ်နှစ်ကျစ်ဆံမြီး၊ နောက်တစ်နှစ် ဗျာပါဆံတစ်ဖက်တစ်ဆုပ်၊ အခုကြည့်လေ အတွန့်အလိမ်အကောက်အကွေ့တွေနဲ့ စကားပြောတာကလည်း မေသူ၊ မေသူတဲ့။ ဒါပေမယ့် ကျွန်မပြောတာထက် မေသူ၊ မေသူပြောတာ ပိုနားထောင်ကောင်းပါတယ်။ အိုး-

မေသူ ဘယ်လိုပဲလုပ်လာလာ ငါ့မျက်စိထဲမှာတော့ ပိုပိုလှလာတာပဲ။ မေသူ ဘယ်လိုပြောပြော ငါ့နားထဲမှာတော့ အမြဲနားထဲမှာတော့ အမြဲနားဝင်ချိုနေတာပဲ' ဟု ပြောချင်လိုက်သည်မှာ လျှာယားနေ၏။ သို့သော် အစ်ကိုကြီးပါနေသဖြင့် သူနှုတ်မထွက်ရဲ။ အပျိုလူပျိုတွေဖြစ်နေကြပြီဟူသော အသိကလည်း သူ့နှုတ်ကို အောင့်အည်းထိန်းချုပ်ထားရသည်။

အစ်ကိုကြီးတတော့ -

"အပြောင်းအလဲဆိုတာ ဖြစ်စဉ်တရားပဲလေ မေသူရယ်။ လူတွေဟာ ဝူအောင်းရာကနေ ဒုံးပျံဂြိုဟ်တုခေတ်ရောက်လာကြတာပဲမဟုတ်လား"

"အင်းနော်၊ အစ်ကိုကြီးပြောသလို ခု မဟီဘက်မှာ ရွာဖွေနေကြတဲ့အဖွဲ့က ကမ်းလွန်ရေနံတွေ့ရင် တစ်နှစ် နှစ်နှစ်အတွင်း သူတို့ရွာတွေ မြို့ဖြစ်သွားမယ်။ တိုက်ကြီးတာကြီးတွေလည်းဖြစ်လာကြမယ်ပြောနေကြတာပဲ အစ်ကိုကြီးရယ်"

"ဖြစ်နိုင်တာပေါ့၊ ကူဝိတ်တို့ ဆောဒီအာရေဗျတို့လောက်မဖြစ်နဲ့ဦး၊ အင်ဒိုနီးရှားလောက်ပဲ ကမ်းလွန်ရေနံတစ်တွင်းနှစ်တွင်းပဲရ၊ ပတ်ဝန်းကျင်ဟာပြောင်းလဲသွားနိုင်တာပေါ့"

မေသူနှင့် အစ်ကိုကြီးတို့ပြောလာကြသောစကားထဲ သူနှုတ်ဝင်မရ။ ဆောဒီအာရေဗျ၊ ကူဝိတ်၊ အင်ဒိုနီးရှားဆိုတော့စကားတွေသူမကြားဖူး၊ ကမ်းလွန်ရေနံဆိုသောစကားကတော့ သည်ဘက်နှစ်ပိုင်းမှာ လူပြောများလာသည်။ ကူဝိတ်၊ ဆောဒီအာရေဗျ၊ အင်ဒိုနီးရှားဆိုတာတွေကလည်း ရေနံတွင်းနှာမည်တွေနေမှာပဲဟု တွေးလာ၏။

ရွာလမ်းထဲ ရောက်လာကြတော့ မေသူက အစ်ကိုကြီးကိုပင် နှုတ်မဆက်ဘဲ သူ့အိမ်ဘက်ထွက်သွားသည်။ သူနှင့် အစ်ကိုကြီးတို့ကလည်း အစ်ကိုကြီးတို့အိမ်ဘက်ထွက်လာကြ၏။

ပြန်ခါနီ ဦးအောင်တိုင်က -

"မနေ့က သဲချောင်းဝကို အမေဆင်းလို့ အစ်ကိုကြီးကြိုက်တတ်တဲ့ ခုံးစောက်တွေရထားတယ်၊ အစ်ကိုကြီး စောစောလာခဲ့"

ဟု ပြောပြီး အိမ်ပြန်လာခဲ့သည်။

(အဆက်ရန်)

ဦးကျော့

www.burmeseclassic.com

www.burmeseclassic.com

မင်းနန္ဒရိန်

ရေမုဆိုးနှင့်ရောဂရင်

သူအမည်က ကောမလ။

သို့သော် နေထိုင်သည့်မြို့ကုန်းရွာတစ်ဝိုက် အမြတ်(ခါးပြတ်) ရွှေခြေကျင်းဘုန်းကြီးသောင်တစ်ဝိုက်တွင်တော့ သူကို ရေမဆိုးကောမလဟု သိထားကြသည်။

သူဇာတိက ဘိုကလေးမြို့နယ် အောက်ဘက်အပိုင် ကျွန်းညိုကြီးနယ် ရွာခွဲလေးဖြစ်သော ဆတ်ချောင်းရွာ။ သို့သော် ခါးပြတ်(အမြတ်)ရွာသူဖြစ်သော နော်အေးမယ်နှင့် အကြောင်းပါခဲ့ပြီးနောက် မြို့ကုန်းရွာတွင် လာရောက် အခြေချနေသူဖြစ်ပြီးလျှင် မိကျောင်းဖမ်းရာတွင် အလွန်ကျွမ်းကျင်သော ရောဂရင်ကရင်တိုင်းရင်းသား စောလုထွန်း၏ညီဖြစ်ပြီး ကောမလ၏ မိကျောင်းဖမ်းပညာအဆင့်ကလည်း မသေးလှချေ။

အချိန်ပြည့် ကွမ်းတမြုံ့မြုံ့ဝါးနေတတ်သဖြင့် သွားများကကွမ်းကြေးတက်ပြီး မည်းချိတ်နေသော်ငြား သူ၏ပိရိလှသောနှုတ်ခမ်းက အလုပ်လုပ်ရာတွင် သေသပ်ကျနမှုရှိကြောင်းကို ဖော်ပြနေလေ၏။

သို့သော် ခါးပြတ်သူနော်အေးမယ်နှင့် အကြောင်းပါပြီးနောက် အသက်အန္တရာယ်ကြီးလှသည့်မိကျောင်းဖမ်းခြင်းအလုပ်ကို အိမ်သူ၏ စားမြစ်ချက်နှင့် စွန့်ပယ်ထားသူဖြစ်သော်လည်း တစ်လောကတင် ရေလုပ်သား အောင်တင့်လာ၍ ယခုတစ်လော သရွက်ဖျားချောင်းများတွင် ပါးပြူသောင်းကျန်းနေသဖြင့် ရှင်းလင်းပေးပါရန် သို့မဟုတ်ပါက ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ချောင်းဝမ့ထွက်နိုင်လျှင် ရွာပျက်၍ ဆင်းရဲအတိဒုက္ခရောက်ကြရပြီး စွန့်ခွာပြေးကြရုံသာရှိတော့ကြောင်းကို အကျိုးအကြောင်းပြအကူအညီတောင်းခံသဖြင့် မိမိစွန့်လွှတ်ထားသောအလုပ်ကိုပြန်လည်လုပ်ကိုင်ပေးရဦးတော့မည်။

ညဦးကပင် အောင်တင့်နှင့်တိုင်ပင်၍ ဖော့ကြိုး၊ အစီကြိုး၊ သန္ဘတ်၊ မိုန်းတို့၊ ခနီဖုးတံရှည်တို့ကို အသင့်ပြင်လှုက်မနက်တွင် လာခဲ့ရန် အောင်တင့်ကိုချိန်းဆိုပြီး တပြူလာ (ကွမ်းယာ) ဝါးလှုက်စောင့်မျှော်နေလေ၏။

ထိုအချိန်တွင် ကိုအောင်တင့်မှာ သူ၏ဇနီးထည့်ပေးလိုက်သော ထမင်းကြမ်းနှင့်ငါးရံ့ခြောက်ဖုတ်ကို လှေဝမ်းထဲထည့်ယူဆောင်လျှက် ရေမုဆိုး ကောမလ၏အိမ်ရေဆိပ်(လှေဆိပ်)သို့ လှော်ခတ်ပြီး ရောက်ရှိလာပါသည်။

ဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် လပြည့်နေ့မို့ လပြည့်ရေက ဒီရေနှင့်အတူ တဖြည်းဖြည်းမြင့်တက်လာနေပြီ။

"ဝေး-ဖထီးရေ၊ နင့်ထို့(ခွေး)တွေ ကြည့်ထားဦး။ ဒီကောင်တွေကရမ်းကရမ်းနဲ့"

"ဝေး အောင်တင့်ရေ၊ ရဲရဲသာသာလာခဲ့၊ ငါ့ထို့ (ခွေး) တွေ ဇင်းဘောင်ကျွန်းဘက်ကို တောလည်ဖို့ ငွေသောင်ခကာလာငှားသွားတယ်ဗေ့"

အောင်တင့်လည်း မုဆိုးကြီး ကောမလအိမ်ထဲ အခုမှရဲရဲဝင်သွားပြီး အသင့်တွေ့ရသော ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ပါသည်။ ထိုအချိန် ကောမလ၏အိမ်သူက စားဖွယ်များလာချပါသည်။

"ကဲ- ကောင်လေး အောင်တင့်ရေ၊ မင်းအကြိုက်ပဲတစ်လောကုန်းက ဇင်းဘောင်ကျွန်းဘက်ကို မခွေးတင့်တို့

www.burmeseclassic.com

www.burmeseclassic.com



မျောက်အုပ်သွားရှင်းရင်းကနေရလာတဲ့ ဆတ်ဖားကြီးက အသားခြောက်လာမှု သားတာ တစ်ဝအော်(စား)လိုက်ဦး"

"အေးမယ်ရေ၊ တကွီး (ငှက်ပျော သီး) ပါချပေးရဲ့လား"

ရိုးရှင်းသောကရင်တိုင်းရင်းသား ပီပီရှိတာချကျွေးခိုင်းနေ၏။ ရေနွေးအကြမ်းတစ်အိုး၊ ဆတ်သားခြောက်ဆီ သုတ်ဆမ်း၍ မြို့ရင်းက ပါးဖြူရှင်းလင်းရေး အစီအစဉ်ကို ပြောပြနေလေသည်။

"ငါတို့ပင်လယ်ပိုင်းအောက်ဘက် တွေမှာ မိကျောင်းတွေပေါပေမယ့် ဒီလို အတင့်ရဲ၊ လူဆွဲရဲတာမျိုးတော့ မကြားဖူးဘူး။ တစ်ခါက အမာနယ်ဆက်မှာ ငါသိလဆိုရင် မိကျောင်းပေါတဲ့နယ်မြေ ကိုးတွင်းအစပ်နားမှာနေတာ။ အဲ - ထူး တာက ဖိုးသီလနဲ့ မိကျောင်းတွေဟာ ဘယ်လိုဆက်စပ်နေသလဲတော့မသိဘူး။ ဖိုးသီလကလည်း ပင်လယ်ပိုင်းမှာသာနေတယ်။ သတ္တဝါတွေသတ်တာဖြတ်တာ မလုပ်ဘူး။ မေတ္တာထားသလားမသိပါဘူး။ တချို့မိကျောင်းတွေဆို သန္တတ်ထိတာတို့၊ သူတို့အချင်းချင်းနေရာလု တိုက်ခိုက်ပြီး ဒဏ်ရာအနာတရဖြစ်လာရင် ညာဘက်မှာ ဘယ်သောင်၊ ဘယ်လတာပြင်၊ ဗျိုက်တော၊ သရွတ်ဖျားမှာ ဒဏ်ရာရနေလို့ အဘိုးဆေးကုပေးပါဦးဆိုပြီး အိပ်မက်ပေးတဲ့နေရာကိုဆေးသွားကုတာပဲ။ ဒဏ်ရာပျောက်ကင်းသက်သာသွားရင် အဲဒီမိကျောင်းဟာ ပင်လယ်ထဲကိုဆင်းသွားတာပဲ။ ဖိုးသီလကို အန္တရာယ်မပြုတဲ့အပြင် ကျေးဇူးတောင်ဆပ်သွားကြတယ်။ ဒါက ငါကိုယ်တွေ့ပဲ အောင်တင့်ရေ"

"ထူးခြားလှချေလားဗျာ"

"ထူးတာမှာ တအားထူးတာဝေ့။ ဒါနဲ့ နင်က ပဲ့စီးလိုက်ရမှာဆိုတော့ ပါးဖြူနဲ့ရင်ဆိုင်တဲ့အခါ လျင်မြန်ရမယ်။ သတိရှိရမယ်။ မိကျောင်းတွေက သူတို့ အားကိုးတာ ရိုက်အားကောင်းတဲ့အမြီးရိုက်ချက်ပဲ။ ငါက သန္တတ်လွတ်လိုက်ပြီဆိုရင်နဲ့ နင့်လှေဝမ်းထဲကို ဝပ်ချဖို့လုံးဝမလွန်ဝေ့"

ပါးဖြူနှင့်တွေ့လျှင် ဆောင်ရန်၊ ရှောင်ရန်နည်းများကို ပြောပြ၍ နှစ်ဦးသား လှေဆိပ်သို့ဆင်းလာ၍ မိကျောင်းဖမ်း

www.burmeseclassic.com

www.burmeseclassic.com

လေ့ (သစ်လုံးထွင်းလေ့နှံ့နှစ်ဖက်သစ်လုံးအရှည်နှစ်လုံးဟိုဘက်ဒီဘက်အကျအနချည်ထားသည်လေ့) အခန့်မသင့်လျှင် မိကျောင်းမှ ကိုယ်နှင့်ထိမ်း၍ မမှောက်အောင် အထူးစီမံပြုလုပ်ထားသောလေ့) ပေါ်တက်လိုက်၏။

"ကျိုက်က လှမြင့်၊ ခါးပြတ်က ကပွလီ လူနှစ်ယောက်နဲ့ ရွှေထီးက ဆိတ်တစ်ကောင်စားပြီးပြီဆိုတော့ ဒီပါးဖြူကိုမိမိလို့မဖြစ် ဖထီးရေ"

ဟု ချောင်းရိုးတစ်လျှောက်လှော်ခတ်ရင်းပြောလိုက်၏။

"ဝေ့-အောင်တင့်၊ မိကျောင်းဆိုတာ ချောင်းဖျားသရွတ်ဖျားမှာနေတာ။ ဟိုကောင်ငခွေးတင်တို့က အတွေ့အကြုံမရှိဘဲနဲ့ ဟိုလူစုဒီလူစုနဲ့ ချဲ့လျှောက်တိုးနေလို့က သတိပေးနေသလိုဖြစ်မှာ။ ရေဘုရင်ဆိုတာ သိပ်ပါးနပ်တာ။ ရန်သူအငွေ့အသက်ရလို့က သရွတ်ဖျားက ဘယ်တော့မှမဆင်းဘူးမှတ်ဝေ့"

ကောမလ၏ ရေမုဆိုးအတွေ့အကြုံအရ ပါးဖြူရွာအနီးဝန်းကျင်တွင် နေတော့မည်မဟုတ်။ ထို့ကြောင့် ချောင်းဖျားသရွတ်ဖျားအထက်သို့ ရေကိုဆန်၍လှော်ခဲ့သည်။သရွတ်ဖျားအထက်ပိုင်းသို့ရောက်လာလေ ချောင်းလုံးကမကောင်းမဖြောင့်တော့ဘဲ ကျဉ်းမြောင်းလာ၏။ ရေစူးကနက်လှသလို ပင်လယ်ထွက်ပေါက်ချောင်း သဲသောင်ပြင်ဆီသို့ ဂရုပြုကြည့်နေ၏။ တစ်နေရာတွင် မိကျောင်းနှစ်ကောင်သတ်ပုတ်ထားသည့် ကိုင်းပြတ်၊ ကိုင်းပင်ငုတ်တို့ ဝမ်းပိုက်ရာ ရှုပ်ယှက်ခတ်နေသည့်ခြေရာများကိုကြည့်၍ ညဦးပိုင်းက မိကျောင်းနှစ်ကောင်နေရာလုခြင်းဖြစ်နိုင်သည်။ တစ်လောတုန်းကအမာနယ်ဘက်မှ နေရာပြောင်းလာသောနှာပြတ်ကြီးနှင့် ပါးဖြူတို့နေရာစားကျက်လှုပ်ရပြီး နှာပြတ်ကြီး အရှုံးပေးခဲ့ပုံရ၏။ ထို့ကြောင့် ဒီနယ်မြေတွင် ပါးဖြူသောင်းကျန်းနေခြင်းဖြစ်သည်။ နှာပြတ်ဆိုသည်မှာ သံကွင်းဆက်မိကျောင်းနှင့် ပျဉ်ဒရယ်ဘက်တွင် နေရာလုရာမှ နှာခေါင်းပြတ်၍ ထွက်ပြေးလာသောကြောင့် အနီးဝန်းကျင်ရွာများတွင် နှာပြတ်ဟုခေါ်ကြခြင်း ဖြစ်၏။

တစ်နေရာတွင် ဗျိုက်တောစပ်နံစပ်စပ်၌ ရုတ်တရက်ကြည့်လျှင် ရေအိုင်ထဲတွင် သစ်တုံးသဏ္ဌာန်တစ်ခုကို တွေ့ရှိလိုက်၍ ကောမလ သေချာစွာကြည့်လိုက်သော် ဟုတ်ပါပြီ ပါးဖြူမှ ပါးဖြူအစစ်။

တွေ့ကြပြီကော။

သန္တာကိုကိုင်လျက် လက်ဟန်ခြေဟန်အချက်ပြလိုက်ရာ အကင်းပါးသောအောင်တင့်က လှေကိုတက်သံမကြားရအောင်လှော်နေတာကိုရပ်လိုက်၏။ သောင်လထာစပ်ကို ခေါင်းပြုထားသဖြင့် ပါးဖြူက သူတို့ကိုမမြင်။ ရေဘုရင်ဖြစ်၍ စိတ်ချလက်ချနေပုစာလုံးနေပုံရသည်။ ပါးစပ်ကဟလျက်ရှိ၏။

ထိုအခိုက် ပါးဖြူကျောပေါ်နှင့် ပါးစပ်ထဲရှိ ရေညှိစားပိုးကောင်များကို စားသောက်နေသည့် ငှက်ကလေးများ ရုတ်တရက် ထပျံအပြေး ဗျိုက်တောစပ်မှရေကြက်များက အသံပေးလျက်ပျံသွား၏။

"ဝိုး ဝိုး ဖျန်း ဖျန်း"

ကြီးမားမည်းနက်သောအမြီးကြီး ကိုယမ်းလိုက်သည်နှင့် လေထဲတွင် ကိုင်းပင်အပိုင်းအစသစ်ငုတ်များမွှာကျဲသွားပြီး ရေထဲသို့ရှောခနဲဆင်းပြေးသွားရာ ပါးတွင်အဖြူကွက်ကြီးကအထင်းသား။

စက္ကန့်ပိုင်း၊ မိနစ်ပိုင်း ပြောင်းလဲသွားသောအခြေအနေ။ ရေမုဆိုးကြီးကောမလ၏ငယ်မူပြန် သန္တာအစွမ်းက ဂယက်ထနေသော ရေပြင် (၆) ပေခန့် အကွာပစ်လွှတ်ပြီး လှေဝမ်းထဲဝပ်ချလိုက်၏။

"ဝိုး ဝှစ် ဒုတ်"

"ဝိုး ဝိုး ဖျန်း"

"ဝုန်း ဝုန်း"

အသံမြည်လျက် အမြီးမည်းမည်းကြီးကလှေပေါ်ဝဲပျံသွား၏။ ရေပြင်ထဲတွင် တဝုန်းဝုန်းအသံပေးလျက် ပါးဖြူဒေါသဖြစ်နေသည်။

ရေဘုရင်နှင့် ရေမုဆိုးတို့ အသက်လုပွဲပေမို့ သည်းထိတ်ရင်ဖိုဖွယ်ရာ တုန်လှုပ်ဖွယ်ရာ နှောက်တစ်ကြိမ် သန္တာကိုကိုင်၍ အစီကြိုးကို ကောမလက လျှော့ထားပေးသည်။ ရေပြင်ပေါ်၌ သွေးကွက်တချို့ အမြှုပ်ပွက်ပွက်ဆူလာသည်ကို တွေ့ရ၏။

ရေအောက်တွင် ဒဏ်ရာအနာတရနှင့် ဒေါသတကြီး လှုပ်ရှားရုန်းကန်နေ၏။

"ဝုန်း ဝုန်း ဝုန်း"

နောက်တစ်ကြိမ် ပါးဖြူ ရေပြင်ပေါ်သို့ အသက်ရှူရန်ပြေးတက်လာသောအခါ ရေမုဆိုးကောမလက ပါးဖြူ၏ အရေဖျော့နေရာ ဝမ်းဗိုက်ဘေးကို သန္တာဖြင့်ပစ်လွှတ်လိုက်ရာ -

"ဝိုး ဒုတ်"

ပစ်မှတ်က စူးရောက်လှ၏။

"ဝိုး ဘုန်း ဖျန်း"

အမြီးရိုက်ချက်ကလည်း ကြောက်ခမန်းလိလိ ရေအောက်ကြမ်းပြင်တွင် လူးလိမ့်ရန် ဒဏ်ရာပျောက်အောင်လုပ်သဖြင့် သန္တာသွားက သူ့ကိုယ်တွင်းဆောင့်သွားလေ ပိုရှန်းလေ သန္တာသွားကနစ်မြုပ်ဝင်သဖြင့် ရေပေါ်တက်ပြီး လှေကိုမှောက်ရန် ကိုယ်ဖြင့်ထမ်း၏။

"ဝေ့ - အောင်တင့်၊ အစီကြိုးကို လျှော့ပေး၊ တင်းမထားနဲ့၊ ဖော့ကြိုးတွေ လျှော့လိုက်ဝေ့"

ရေကိုဆန်သော လှေကလေးကပြေးသွားလိုက်၊ တန့်သွားလိုက်နှင့် ပါးဖြူသွေးတိုးစမ်းနေရာ နာရီဝက်ခန့်အကြာမှာ ကြမ်းချင်တိုင်းကြမ်းသော်လည်း အတွေ့အကြုံရင့်သော ရေမုဆိုးကြီး ကောမလလက်အောက်တွင် အရှုံးပေးလိုက်ရလေတော့သည်။

နေညှိလေပြီ။ ပါးဖြူဘဝနေသည်လည်း ဝင်ခဲ့လေပြီ။ အနောက်အရပ်တောတန်းဆီသို့ လိမ္မော်ရောင်နေနီလုံးကြီးတရိပ်ရိပ်ကျဆင်းနေချိန် လူနှစ်ယောက်နှင့် လှေတစ်စင်း အနောက်ဆီတွင် ပါးဖြူဆိုသည့် ရေဘုရင်ကြီးကို ဖူးကြာကြီး (ပိုက်ခေါင်းကြီး)နှင့်တွဲလျက် တွေ့လိုက်ရသလို လှေဆိပ်တွင်လည်း ပါးဖြူဆိုသည့်မိကျောင်းကြီး ချောင်းထိ တစ်လျှောက် ရေလုပ်သားများကို နည်းမျိုးစုံအနှောင့်အယှက်ပေးခဲ့သဖြင့် ဖင်မီလာခဲ့ရာ လာရောက်ကြည့်ရှုကြသူရွာသူရွာသားများနှင့် စည်ကားခဲ့သည်။ ပါးဖြူမိကျောင်းကြီးကိုသုတ်သင်ပြီးနောက် ချောင်းရိုးတစ်လျှောက် ကျိုက်၊ အမြှတ်(ခါးပြတ်)၊ ရွှေလှေခြင်းကုလားထိပ်၊ မြို့ကုန်းတစ်ဝိုက်တွင် ယခင်ကလို ရေလုပ်ငန်းဖြင့်အသက်မွေးကြသူ၊ ဆားချက်လုပ်ငန်းများပြန်လည်၍ စည်ကားဖွံ့ဖြိုးဝေစည်လာခဲ့တော့လေသည်။

မင်းနန္ဒိုဦး

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွက်
ဓနသိဒ္ဓိနက္ခတ်မဂ်လာအခါတော်
ရှိန်းအောင်(ဂုဏ်ရှိ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်၊ ၎င်းအခါသုံးပါးထပ်ချိန်တို့၌ အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ အထူးသဖြင့် မဟာဝေဒပုမန္တန်တော်ကြီးအပါအဝင် ခန် လာဘ် ဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာဖြစ်ကြကုန်သည်ဖြစ်၏။ ဤကာလတွင် စန်းသည် ဓနိသိဒ္ဓနက္ခတ်ဖြင့် နှစ်ကြိမ်ယှဉ်သည်။ ပထမအကြိမ်မှာ ၁-၇-၂၀၁၈ နေ့၊ နံနက် (၈း၅၃) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၎င်းနေ့ ညဉ့် (၈း၅၂း၄) နာရီတွင် စန်းသည် ဓနိသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်မည်ဖြစ်ကာ ၂-၇-၂၀၁၈ နေ့ နံနက် (၈း၅၃)နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှထွက်ခွာမည် ဖြစ်သည်။ ၁-၇-၂၀၁၈ နေ့ (၂း၄း၅၁) နာရီမှ (၂း၂း၂၁) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်ကိုလဂ်ဖြတ်ကျော်မည်ဖြစ်ပြီး (၂-၇-၂၀၁၈) နေ့ နံနက် (၃း၄း၀၁)နာရီမှ (၃း၄း၂၉) နာရီထိ ဓနသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်ကျော်မည်ဖြစ်သည်။

ဒုတိယအကြိမ်ဖြစ်သော (၂-၇-၂၀၁၈) နေ့ ညဉ့်၊ နေ့လယ် (၂း၅၄)နာရီတွင် စန်းသည် ဓနိသိဒ္ဓိနက္ခတ်သို့စတင်ဝင်ရောက်ကာ (၂၉-၇-၂၀၁၈) နေ့နံနက် (၂း၅၄း၀၅) နာရီတွင် စန်းသည် ဓနိသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်မည်ဖြစ်ပြီး ၎င်းနေ့ နေ့လယ် (၂း၅၄) နာရီတွင် စန်းသည် ဓနိသိဒ္ဓနက္ခတ်ဖြင့်ထွက်ခွာမည်ဖြစ်သည်။ (၂၈-၇-၂၀၁၈) နေ့တွင် (၁၉း၅၄း၄၃) နာရီမှ (၁၉း၃၉း၀၉) နာရီအတွင်း လဂ်သည် ဓနိသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်ပြီး (၂၉-၇-၂၀၁၈) နေ့ နံနက် (၁း၅၈း၄၉) မှ (၁း၅၅း၁၇) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနိသိဒ္ဓိနက္ခတ်ကို ဖြတ်ကျော်မည်ဖြစ်သည်။

လဂ်ဖြတ်ကျော်ချိန်			မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်		
ရက်	စဝင်ချိန်	စထွက်ချိန်	ရက်	စဝင်ချိန်	စထွက်ချိန်
၁	၂း ၄၄း ၅၁	၂း ၅၅း ၂၁	၁	၃း ၄၈း ၅၇	၃း ၅၅း ၂၅
၂	၂း ၅၀း ၅၅	၂း ၅၆း ၂၅	၂	၃း ၅၄း ၀၁	၃း ၅၈း ၂၉
၃	၂း ၅၆း ၅၉	၃း ၀၂း ၂၉	၃	၃း ၅၀း ၀၅	၃း ၀၂း ၃၃
၄	၃း ၀၂း ၀၃	၃း ၀၆း ၃၂	၄	၃း ၀၆း ၀၉	၃း ၀၅း ၃၆
၅	၃း ၀၆း ၀၆	၃း ၀၉း ၃၅	၅	၃း ၀၉း ၁၂	၃း ၀၈း ၃၉
၆	၃း ၀၉း ၀၉	၃း ၁၂း ၃၈	၆	၃း ၁၂း ၁၅	၃း ၁၁း ၄၂
၇	၃း ၁၂း ၁၂	၃း ၁၅း ၄၁	၇	၃း ၁၅း ၁၈	၃း ၁၄း ၄၅
၈	၃း ၁၅း ၁၅	၃း ၁၈း ၄၄	၈	၃း ၁၈း ၂၁	၃း ၁၇း ၄၈
၉	၃း ၁၈း ၁၈	၃း ၂၁း ၄၇	၉	၃း ၂၁း ၂၄	၃း ၂၀း ၅၁
၁၀	၃း ၂၁း ၂၁	၃း ၂၄း ၅၀	၁၀	၃း ၂၄း ၂၇	၃း ၂၃း ၅၄
၁၁	၃း ၂၄း ၂၄	၃း ၂၇း ၅၃	၁၁	၃း ၂၇း ၃၀	၃း ၂၆း ၅၇
၁၂	၃း ၂၇း ၂၇	၃း ၃၀း ၅၆	၁၂	၃း ၃၀း ၃၃	၃း ၂၉း ၀၀
၁၃	၃း ၃၀း ၃၀	၃း ၃၃း ၀၀	၁၃	၃း ၃၃း ၃၆	၃း ၃၂း ၀၃
၁၄	၃း ၃၃း ၃၃	၃း ၃၆း ၀၃	၁၄	၃း ၃၆း ၃၉	၃း ၃၅း ၀၆
၁၅	၃း ၃၆း ၃၆	၃း ၃၉း ၀၆	၁၅	၃း ၃၉း ၄၂	၃း ၃၈း ၀၉
၁၆	၃း ၃၉း ၃၉	၄း ၀၂း ၀၉	၁၆	၄း ၀၂း ၄၅	၄း ၀၁း ၁၂
၁၇	၄း ၀၂း ၄၂	၄း ၀၅း ၁၂	၁၇	၄း ၀၅း ၀၈	၄း ၀၄း ၁၅
၁၈	၄း ၀၅း ၀၅	၄း ၀၈း ၁၅	၁၈	၄း ၀၈း ၅၁	၄း ၀၇း ၁၈
၁၉	၄း ၀၈း ၄၈	၄း ၁၁း ၁၈	၁၉	၄း ၁၁း ၃၄	၄း ၁၀း ၂၁
၂၀	၄း ၁၁း ၃၁	၄း ၁၄း ၂၁	၂၀	၄း ၁၄း ၁၇	၄း ၁၃း ၂၄
၂၁	၄း ၁၄း ၁၄	၄း ၁၇း ၂၄	၂၁	၄း ၁၇း ၀၀	၄း ၁၆း ၂၇
၂၂	၄း ၁၇း ၀၀	၄း ၂၀း ၂၇	၂၂	၄း ၂၀း ၄၃	၄း ၁၉း ၃၀
၂၃	၄း ၂၀း ၄၆	၄း ၂၃း ၃၀	၂၃	၄း ၂၃း ၂၆	၄း ၂၂း ၃၃
၂၄	၄း ၂၃း ၂၃	၄း ၂၆း ၃၃	၂၄	၄း ၂၆း ၀၉	၄း ၂၅း ၃၆
၂၅	၄း ၂၆း ၀၀	၄း ၂၉း ၃၆	၂၅	၄း ၂၉း ၅၂	၄း ၂၈း ၃၉
၂၆	၄း ၂၉း ၃၇	၅း ၀၂း ၃၉	၂၆	၅း ၀၂း ၅၅	၅း ၀၁း ၄၂
၂၇	၅း ၀၂း ၀၆	၅း ၀၅း ၄၂	၂၇	၅း ၀၅း ၀၈	၅း ၀၄း ၄၅
၂၈	၅း ၀၅း ၄၅	၅း ၀၈း ၄၅	၂၈	၅း ၀၈း ၂၁	၅း ၀၇း ၄၈
၂၉	၅း ၀၈း ၂၄	၅း ၁၁း ၄၈	၂၉	၅း ၁၁း ၃၄	၅း ၁၀း ၂၁
၃၀	၅း ၁၁း ၀၃	၅း ၁၄း ၂၁	၃၀	၅း ၁၄း ၅၀	၅း ၁၃း ၂၄
၃၁	၅း ၁၄း ၄၆	၅း ၁၇း ၂၄	၃၁	၅း ၁၇း ၂၆	၅း ၁၆း ၂၇

www.burmeseclassic.com

www.burmeseclassic.com

ကျွန်းစဉ်မြေစောခက်

(အပျိုသားဘဝပေဆုရ)

တစ်ကျွန်းပြန်၏ဇာတ်ကြောင်းပြန်

တောင်လေမုတ်သုံအပင့်တွင် လှိုင်းလုံးကြီးများကို ငြောင်းဆန်အောင် လှုပ်ရှားစေပြီး ကုလားတန်မြစ်ရေပြင်ကို အရှုပ်ဆိုးစေ၏။ မိုးဦးကာလမို့ လေထန်လှိုင်းကြမ်းနေခြင်းပင် ဖြစ်၏။ စစ်တွေဆိပ်ကမ်းမှ ထွက်ခွာလာသော သင်္ဘောသည် ကမ်းရိုးတန်းသွားသင်္ဘောပီပီ လေဘယ်လောက်တိုက်တိုက် လှိုင်းဘယ်လောက်ထန်ထန် အားမလျှော့။ နောက်ကို ဆုပ္ပက်နေသော ကုလားတန်မြစ်ရေပြင်ပေါ်က လှိုင်းလုံးကြီးများကို တိုးဝှေ့ပြီး ပြေးမြေပြေးနေသည်။ ဘင်္ဂလားပင်လယ်ပြင်ဘက်မှ တိုးဝင်လာသော လှိုင်းလုံးများမှာ ဘေးတိုက်လှိုင်းဖြစ်၍ သင်္ဘောမှာဘယ်ညာလှိမ့်ကာ ပင်ပန်းကြီးစွာတိုးနေရသည်။ တစ်ခါတစ်ခါ လှိုင်းလုံးများသင်္ဘောနံရံကိုပြေးရိုက်လိုက်ရာ လှိုင်းလုံးများ ပြိုကွဲသွားပြီး သင်္ဘောကုန်းပတ်ရှိ ခရီးသည်များဆီသို့ ပင်လယ်ရေများ ဖွာခနဲဖွာလန်းကြပြီး သွန်ချလာသည်။

ခရီးသည်များမှာ လှိုင်းဒဏ်ကြောင့် အန်သူအန်အော့သူအော့နှင့် မချိမဆံ့ခံစားနေကြရ၏။ အချို့က သမ္မုဒ္ဒေကိုရွတ်၊ အချို့က နမောတေကိုရွတ်နှင့် ဗုဒ္ဓမှအပ ကိုးကွယ်စရာမရှိပြီဟု မှတ်ယူနေကြဟန်ရှိ၏။ ဘုရားတသံ၊ ဂါထာရွတ်သံ၊ ကြောက်လန့်တကြားအော်သံ၊ လှိုင်းရိုက်သံတို့ဖြင့် သင်္ဘောတစ်စီးလုံး ဆူညံသောသောရှိခြေ၏။ ယောကျ်ားကြီးအချို့သာ ကြောက်စိတ်ကိုဟန်ဆောင်ဖုံးဖိပြီး ကျွဲကူးမြစ်ကျဉ်းထဲမြန်မြန်ရောက်ပါစေဟု ကြိတ်ဆုတောင်းနေကြ၏။

ဤမျှအထိ သင်္ဘောတစ်စီးလုံးကြက်သူငယ် ရေအိုင်ကျသည့်နှယ် မချွေနိုင်မကယ်နိုင်ဖြစ်နေကြသည့်အခြိန်တွင် သင်္ဘောသားတွေ တာဝန်ထမ်းဆောင်နေကြသလိုပင် သင်္ဘောရှေ့ဘက်ပြေးလိုက်နောက်ဘက်ပြေးလိုက်နှင့် ရှုပ်ယှက်ခတ်လှုပ်ရှားနေသော သက်ကြားအိုခရီးသည်တစ်ဦးကို အများထဲတွင် ထူးထူးခြားခြားတွေ့လိုက်ရသည်။ အဘိုးအိုမှာ ဆံပင်တွေ တစ်ခေါင်းလုံးဖွေးဖွေးဖြူနေရုံမက မုတ်ဆိတ်ကျင်စွယ်တို့ကပါဖြူဖွေးနေပေပြီ။သို့သော် အရွယ်နှင့်မမျှအောင် သန်မာထွားကျိုင်းပြီး သွက်လက်နေပေ၏။ နှုတ်ခမ်းကိုတင်းတင်းစေ့ထားပြီး မျက်လုံးက အသက်အရွယ်နှင့်မမျှအောင် စူးရှနေပေသည်။ ခရီးသည်အဘိုးအိုမှာ မောက်ဖြိုးနေသည့် ပစ္စည်းပုံများကို အောက်သို့ဆွဲချတန်ချ၏။ မရွေ့လျားစေရန် အဆီးအတားလုပ်ပေးတန်လုပ်ပေး၏။ အသက်အရွယ်ကြီးရင့်နေသည်ကို ပဓာနမထားဘဲ အများဒုက္ခကို တတ်နိုင်သည့်ဘက်က ကူညီနေခြင်းပင် ဖြစ်သည်။

ကမ်းရိုးတန်းသွားသင်္ဘောသည် တစ်နာရီကျော်ကျော်ခန့် လှိုင်းသရမ်းများနှင့်စီးချင်းထိုးပြီးခါနိုင်တွင် တောင်ဖူးကျွန်းအနီး ဖြတ်သန်းစီးဆင်းနေသော ကျွဲကူးမြစ်ထဲဝင်လာခဲ့ပေသည်။ မြစ်ကျဉ်းထဲသို့ဝင်လာခဲ့ပြီမို့ လှိုင်းဒဏ်များလည်း မြစ်ဝကျယ်လောက်လိုဆိုးတော့ချေ။ ခရီးသည်များမှာမူလည်း သေကံမရောက်၍ သက်မတော်ကြီးဟု အာရုံရပြီးမျက်နှာပြင်များ ဝင်းပလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သက်ကြားအိုအဘိုးကြီးမှာလည်း စိတ်ချသွားဟန်ဖြင့် သင်္ဘောကုန်းပတ် နေရာလွတ်တစ်ခုတွင် ဝင်ထိုင်ရန်ပြင် လိုက်သည်။

"ထိုင်ပါအဘ ထိုင်ပါ"

ကျွန်တော့်မှာ နဂိုကပင်ခရီးသည် ကြီး၏လှုပ်ရှားမှုကိုစိတ်ဝင်စားနေသဖြင့် ကိုယ့်နေရာအနီးမှာပင်ထိုင်၍ အေး ဆေးပြေစေရန် နည်းနည်းဖယ်ပေးလိုက် သည်။ ခရီးသည်များမှာ လှိုင်းရွက်ဒဏ် ကြောင့် အဝတ်အကျီကုန်းစုံစုံဖတ်ဖတ် ဖြစ်နေကြပေပြီ။ အဘိုးအိုကြီး၏အဝတ်

www.burmeseclassic.com

www.burmeseclassic.com

အထည်များလည်း အများနည်းတူစိုစွတ်နေပေပြီ။ လေငြိမ်လိုင်းငြိမ်နေရာသို့ ရောက်ခဲ့ပြီမို့ ခရီးသည်များ အိတ်ထဲက အဝတ်ဖြင့် လဲဝတ်လိုက်ကြလေသည်။ သို့သော် သက်ကြားအိုခရီးသည်မှာ လုံးဝတုန်လှုပ်ခြင်းမရှိဘဲ သည်အတိုင်း ပေပြီးထိုင်နေပေ၏။

"အဘ၊ အဝတ်မလဲဘူးလား"

"ငါ့မှာ လဲစရာမပါဘူး။ ပါလာတာလည်း စိုကုန်ပြီ"

ကျွန်တော့်အမေးကို ခရီးသည်အိုးကြီးက သည်မျှသာပြောသည်။

"ဟာ - အဘကလည်း ဒီလောက်အေးနေတာ အဝတ်မလဲလို့ဘယ်ဖြစ်မလဲ၊ ကျွန်တော့်မှာပါပါတယ်"

ကျွန်တော်သည် ပြောပြောဆိုဆို အိတ်ထဲကအဝတ်တစ်စုံကို ခရီးသည်အားပေးသည်။

"နေပါစေကွာ၊ သည်အတိုင်းနေလည်း ရပါတယ်"

"မဟုတ်ဘူး အဘ၊ အဘကမနားမနေလုပ်နေတာ အရမ်းအေးမှာပဲ။ တော်ကြာ နေမကောင်းဖြစ်နေလိမ့်မည်"

"မလိုဘူးကွာ"

"မဟုတ်ဘူးနော် အဘ၊ အဘအဝတ်မလဲရင် ကျွန်တော်စိတ်ကောင်းမှာမဟုတ်ဘူး၊ လဲလိုက်ပါ အဘရာ"

သည်တွင်မှ အဘိုးအိုသည် ကျွန်တော်ကမ်းပေးသောအဝတ်ကိုလှမ်းယူပြီးလဲဝတ်လိုက်၏။

သင်္ဘောမှာ ရခိုင်ရိုးမတောင်တန်းကြီးမှစီးဖြာဆင်းနေသော ကျွဲကူးမြစ်ကို ဆန်တက်မြဆန်တက်နေလေသည်။ ပေါက်တောမြို့အလွန်တွင် မြစ်မှာပိုမို ကျဉ်းလာပြီး ကမ်းစပ်နှစ်ဖက်တွင် သစ်ပင်များမှာ လေတိုးအားကြောင့် ယိမ်းထိုးကခုန်နေကြသည်ကိုလှမ်းမြင်နေရသည်။

"အဘရေ၊ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ဗျာ၊ အဘက ဘယ်ကလဲမသိဘူး"

ခရီးသည်ကြီး ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

"ငါက မင်းပြောမြို့နယ် လောင်မီးကျွန်းကပဲကွယ့်"

"အဘ အိုကြီးအိုမနဲ့ ဘာကိစ္စခရီးသွားနေတာလဲဟင်"

"ငါက ခရီးသွားနေတာမဟုတ်ဘူး၊ လူသတ်မှုနဲ့ တစ်သက်တစ်ကျွန်းထောင်ကျလာတာဟဲ့"

"ဟင်"

အခြိန်အတော်ကြာမှထွက်ကျလာသောစကားကြောင့် ကျွန်တော်အလွန်အမင်းအံ့သြသွားသည်။

ကျွန်တော့်မှာ သူ့အသက်အရွယ်နှင့်သူ့ရုပ်ရည်ကိုကြည့်ပြီး လူသတ်မှုနှင့် တစ်သက်တစ်ကျွန်းထောင်ကျခဲ့သည်ဆို၍ ရင်လှိုင်းခတ်သွားခြင်းပင် ဖြစ်သည်။

"စိတ်ဝင်စားလို့ပါ။အဘအဖြစ်ကို တစ်ဆိတ်သိခွင့်မရဘူးလား"

ကျွန်တော် အတော်လေးကြောမှ မဝံ့မရဲမေးဖြစ်လိုက်သည်။

"ရပါတယ်ကွယ်၊ အဖြစ်အပျက်ကို အဘပြောပြမယ်နော်"

သင်္ဘောကတော့ လေးမြို့မြစ်ညာကိုဆန်တက်နေသည်။

■

ရခိုင်ရိုးမတောင်တန်းကြီးမှ စီးဖြာကျနေသောလေးမြို့မြစ်သည် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းရှိ နတ်မြစ်၊ မယူမြစ်၊ ကုလားတန်မြစ်တို့နှင့်အပြိုင် ဒေသအကျိုးကို ဆောင်ရွက်ပေးနေသော မြစ်ကြီးတစ်သွယ်ဖြစ်ပေ၏။

လေးမြို့မြစ်မှာ နွယ်ချိုဖိုးခေါင်ရိုးမတောင်မှ စီးဆင်းလာပြီး မြစ်၏ဝဲယာကမ်းနှစ်ဖက်တွင် မြေနုလွင်ပြင်များကိုဖြစ်ပေါ်စေပြီး ဆန်ရေစပါးကောက်ပဲသီးနှံဖြစ်ထွန်း၏။ ကျေးလက်ပြည်သူများ၏ ဝမ်းသမုဒ္ဒရာ အူအင်္ဂါများကို အာဟာရဖြည့်ပေးနေသော မြစ်ကြီးတစ်သွယ်ဟုပင်ပြော၍ရပေသည်။

လူဆိုသည်ကလည်း အခက်သားကလား။ မိခင်၏ ဝမ်းကြာတိုက်မှာ ကလလရေကြည်တည်လာခြင်းအကြောင်း တရားကိုယ်၌ကပင် လောဘနှင့်စခဲ့ကြသည်ကို။ သည်တော့ လူသားတို့၏စိတ်သန္တာန်မှာအစဉ်စိုးမိုးနေသော လောဘတရားကြောင့် ယှဉ်ပြိုင်မှုဆိုသည်လည်း ဖြစ်လာတတ်ကြကုန်၏။

မင်းပြားမြို့နယ်အတွင်းရှိ လေးမြို့မြစ်ကမ်းနံဘေးက လောင်မီးကျွန်းနှင့် လက်သန်းချောင်းတို့မှာ ချောင်းတစ်ချောင်းသာခြားထားသော ရွာနီးချုပ်စပ်များပင်ဖြစ်ကြ၏။ ဤရွာနှစ်ရွာသည် စပါးပေါ်ခိုရိ၊ ငွေပေါ်ခိုရိ နွေဦးရာသီရောက်ပလားဆို လေပြိုင်ပွဲကျင်းပလေ့ရှိကြ၏။ တစ်ခုထူးခြားသည်က ရွာနှစ်ရွာစလုံးတွင် အာဏာပါးကွက်သားလို ဟာမျိုး ဘာမထိလူမိုက်လူရမ်းကားတွေရှိကြခြင်းပင်။

တစ်ခုသော နွေဦးတွင် သူတို့ရွာနှစ်ရွာ လေပြိုင်ပွဲကျင်းပကြ၏။ ရေလယ်ကြောနှင့် ရေကမ်းစပ်ရေကြောင်းကို တစ်ယောက်တစ်လှည့်စီ နေရာယူပြီး ယှဉ်ပြိုင်လော်ခတ်လိုက်ကြရာ တစ်ကြိမ်စီနိုင်ပွဲဖြင့် သရေဖြစ်နေ၏။

လက်သန်းချောင်ရွာ ပြိုင်လေ့တွင် ရွာခံလူမိုက်ကြီး သိန်းမောင်ဦးက လေ့ဦးစီးဖြစ်သည်။ သိန်းမောင်ဦးမှာ လေ့လော်ကောင်းသလို ဗလလည်းကောင်းသဖြင့် ပန်းဖူးဆွတ်သူပြိုင်လေ့ဦးစီးအဖြစ် ရွာကရွေးထား၏။ လောင်မီးကျွန်းဘက် လေ့တွင်လည်း သောကြာဦးမှာ လေ့လော်ကောင်းပြီး ခွန်အားလည်းပြည့်သဖြင့် လေ့ဦးစီးအဖြစ် တာဝန်ယူပြီး ယှဉ်ပြိုင်ရ၏။

သိန်းမောင်ဦးနှင့် သောကြာဦးနှစ်ဦးစလုံးမှာ နယ်ခံလူသန့်လူမိုက်ကြီးများဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မျက်စောင်းတခဲခဲ အံတကြိတ်ကြိတ်နှင့် သူတင်ကိုယ်တင် ဗိုလ်ရပ်နေကြသူများ ဖြစ်ကြ၏။ ဤသို့ သရေပွဲဖြစ်နေသည်ကို အားကောင်းမောင်းသန်ပြိုင်လေ့ဦးစီးနှစ်ယောက် လုံးဝမကျေနပ်ကြ။ တောက်တခေါက်ခေါက်ဖြင့် အားမလိုအားမရဖြစ်နေကြ၏။

အခုတစ်ကြိမ် ပြိုင်ရမှာကတော့ တတိယအကြိမ်ဖြစ်သည်။ လက်သန်းချောင်သား လေ့လော်သမားများမှာလည်း သည်တစ်ခေါက်နိုင်ရမည်ဟု အံခဲထားကြ၏။ လောင်မီးကျွန်းသား လေ့သမားများကလည်း သူတို့လေ့ပဲ ပန်းဖူးဆွတ်မည်ဟု ကြွေးကြော်ကြ၏။

နာမည်ကြီးရွာနှစ်ရွာမို့ လေ့ပြိုင်ပွဲကြည့်ပရိသတ်များမှာ ကမ်းလုံးညွတ်မျှပြည့်နေ၏။ လေ့ပြိုင်ကြသည့်ရွာနှစ်ရွာတင်မက ပတ်ဝန်းကျင်ရွာများကပါလာရောက်အားပေးနေကြလေရာ တကယ့်အကြိတ်အနယ်ရှိသော လေ့ပြိုင်ပွဲကြီးပင်။ ပွဲခင်းထဲတွင် စွေးရောင်းစွေးဝယ်တွေနှင့်ကျိတ်ကျိတ်တိုးစည်ကားနေသလို ရွာသားအချင်းချင်း ဟန်ရေးပြပြီး ကြွားမာန်ထုတ်နေကြသည်လည်း ထိမိလျှင် ရိုက်ကြမည့်အလားဖြစ်နေကြ၏။

တောင်ပိန္နဲသားသစ်ကို ထွင်းလုပ်ထားသော အလျားတူအနံတူပြိုင်လေ့နှစ်စီးမှာ အားကောင်းမောင်းသန်။ လေ့ပြိုင်သား လူညီထွားများကလည်း တူရုပ်တူ အားမာန်တူတွေမို့ပြိုင်ကြတာ ထွက်သည်ဆိုလျှင်ပဲ နတ်မြစ်ပျိုသို့ မြူးကြွားကြွားဆိုသလိုဖြစ်နေခဲ့ပေသည်။ မာန်သွင်းပြီး တက်နေကြသည်မှာ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ ကောင်းသလို သည်းထိတ်ရင်ဖို လည်း ရှိလှပေ၏။

"ဆွဲ"

ဟော - ဝီစီမှတ်ပြီး အချက်ပေး လိုက်ပေပြီ၏။ ပြိုင်လေ့နှစ်စီးမှာ မြင်း စောင်းထဲမှ လွတ်လိုက်သည့်မြင်းနှစ် ကောင်နှယ် ဒုန်းစိုင်းကာပြေးနေကြလေ ပြီ။ ကမ်းနှစ်ဖက်က ပရိသတ်များက လည်း လက်ခေါက်ထိုးပြီးမှတ်သူမှတ်၊ လက်ခုပ်လက်ဝါးတီးပြီး အားပေးသူပေး အော်သူအော်ခေါ် သူခေါ် နှင့်လေ့ပြိုင်ပွဲ ကြီးက စည်မှုစည်။

ပြိုင်လေ့နှစ်စီးကတော့ ရေပန်း ပွားများတဖွားဖွားနှင့်ဒုန်းစိုင်းပြေးနေလေ ရဲ့။ လူညီတက်ညီဆိုတော့ ဘယ်လေ ကမျှ အစွန့်ထွက်ပြီး လေ့ဦးစွန်းသွား သည်ကိုမတွေ့ရ။ ပရိသတ်အားပေးသံ များနှင့်ပြိုင်လေ့များ၏ပြေးအားမှာ ခွိန် သားကိုက်ရှိလှပေရာ အလွန့်အလွန် ကြည့်ကောင်းလွန်းသောပွဲကြီးတစ်ပွဲပါ ပေ။

ဟော ဟော ဟော - လေ့နှစ်စီး စလုံး ပန်းတိုင်သို့ရောက်လုပေပြီ။ ခုခွိန် ထိ လေ့ဦးတူပဲရှိနေသေးတယ်။ ဟော - ပန်းဝင်သွားခဲ့ကြပေပြီ။ ပြိုင်လေ့နှစ်စီး စလုံး ဦးတူ။ ဘယ်လေကမှ အသာမရ။ ပြိုင်တူပန်းဝင်သွားကြသည်။

"ဟာ"

"ဟင်"

"ဟဲ့"

ပရိသတ်များဆီက ချက်ချင်းပင် အံ့သြသံများ ဆူဆူညံညံထွက်သွားကြ သည်။ အကြောင်းသော်ကား လက်မန်း ချေရွာ ပြိုင်လေ့၏လေ့ဦးစီး လူမိုက်ကြီး သိန်းမောင်ဦးသည် လေ့ဦးတူ အပြိုင် ပန်းဝင်ကြလျက်နှင့်သူတို့လေ့နိုင်သည်ဆို ပြီး ပန်းဖူးကိုဆွတ်ပြီး အောင်ပွဲခံနေခဲ့ပေ ပြီ။ အောင်ပွဲခံ သိန်းမောင်ဦး၏မျက်နှာ က ဘယ်သူ့ကိုမှ မစဉ်းစားဆိုသည့် ထိမထင်မျက်နှာမျိုးနှင့်။

သူတို့လက်သန်းချေရွာသားတို့က လည်း သိန်းမောင်ဦး၏ အပြုအမူကို အကျေနပ်ကြီးကျေနပ်ပြီး အောင်မြင် သူတို့ ဝသီအတိုင်းအော်ဟစ်သံတဟေး ဟေးနှင့် အောင်ပွဲသံဆူညံလို့နေပေပြီ။ လောင်မီးကျရွာသားများမှာ တရားနည်း လမ်းမကျသော ယှဉ်ပြိုင်ပွဲအတွက် ရင် ထုမနာဖြစ်ကာ မကျေမချမ်းခံစားနေကြ ရ၏။ အံကြိတ်သူကကြိတ်၊ တောက် ခေါက်သူကခေါက်နဲ့ ဒေါသအစွန်း ရောက်ပြယုဂ်များက လောင်မီးကျရွာ သားတို့၏မျက်နှာပြင်များတွင် ထင်ဟပ် နေကြ၏။

အဆိုးဆုံးကတော့ လောင်မီးကျ ရွာသား လူမိုက်ကြီးပြိုင်လေ့ဦးစီးသော ကြာဦးပေတည်း။ ကတုံးပေါ် ထိပ်ကွက် ခံလိုက်ရလေခြင်းဟု အနိုင်နဲ့ပိုင်းသွားတဲ့ လူမိုက်သိန်းမောင်ဦးကို မျက်စောင်းတခဲ ခဲဖြစ်နေ၏။ နဂါးမျက်စောင်းလိုသာ အစွမ်းထက်ရင်တော့ လူမိုက်ကြီးသိန်း မောင်ဦးပြာကျလောက်ပေပြီ။

ရှုံးသူမှိုင်၊ နိုင်သူပြုံးကြသည့် လူ လောက၏ယှဉ်ပြိုင်မှုသဘောပဲလေ။

■

လက်သန်းချေရွာသားတို့သည် လေ့ပြိုင်ပွဲအနိုင်ရမှုအထိမ်းအမှတ်အဖြစ် ဇာတ်သဘင်ဆင်ယင်ကျင်းပပြီး အောင် မြင်မှုအတွက် အောင်ပွဲခံနေကြ၏။ လေ့ ပြိုင်အနိုင်ရခြင်းမှာလည်း သိန်းမောင် ဦး၏ စွမ်းဆောင်ရည်ကြောင့်မို့လို့ လက် သန်းချေတစ်ရွာလုံး လူမိုက်သိန်းမောင် ဦးကို ခိုးကျူးကြ၏။ ကျေးရွာအတွက် တကယ့်အားထားရသူဟု အလေးအ နက်ပြုကြ၏။ ဇာတ်ပွဲကပြီး ဂုဏ်ပြုခြင်း ကိုလည်း လူမိုက်ကြီး သိန်းမောင်ဦးက ပင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဤသို့ လက်သန်းချေရွာသား လူမိုက်သိန်းမောင်ဦး၏ အပြုအမူလုပ် ရပ်များကို မကျေမချမ်းနှင့် အံတကြိတ် ကြိတ်ဖြစ်နေရသူက ဓလောင်မီးကျရွာ သား သောကြာဦးပင် ဖြစ်သည်။ ငါလိုလူ အမောက်ဆိတ်ခံရလေခြင်းဟု ဒေါသ နှင့်ခံပြင်းစိတ်သည် ရင်နှင့်အမျှပြည့်နှက် နေ၏။

သောကြာဦး ခံစားနေရလေ သိန်းမောင်ဦးကြိုက်လေပင်ဖြစ်သည်။ ရှင်းရှင်းပြောရလျှင် သိန်းမောင်ဦးမှာ သောကြာဦးကို သည့်ထက်အနိုင်ယူပြ ချင်သည်။ ဂုတစ်ဂုမှာနှစ်ကောင်အောင်း နေရသောအဖြစ်ကို သူအလိုမရှိ။ နယ် တစ်နယ်မှာ ဗိုလ်နှစ်ယောက်ရှိနေခြင်းကို လူမိုက်ကြီး သိန်းမောင်ဦး ဆေးရောင် ပြောင်းချင်နေသည်။ သို့ဖြစ်၍ သောကြာဦးကိုအပြတ်ရှင်းပြီး တစ်နယ် လုံးတွင် တစ်ကောင်တည်းပဲ ဗိုလ်လုပ်လို သည်မှာ လူမိုက်သိန်းမောင်၏ကျိတ်ကြံ နေသောအတွင်းစိတ်ပင်ဖြစ်သည်။

သို့ဖြစ်၍ ဇာတ်ပွဲစတင်ကပြသည့် ပထမညတွင်ပင် သိန်းမောင်ဦးသည် တစ်ဖက်ရွာက သောကြာဦးကို ဇာတ်ပွဲ လာကြည့်ရန် ဖိတ်လိုက်၏။ အရက်တိုက် မည် ထမင်းကျွေးမည်။ ဇာတ်ပွဲအတူ ကြည့်ကြမည်စသည်အားဖြင့် ဖိတ်မန္တကပြုလိုက်၏။

သိန်းမောင်ဦးက သူဖိတ်လိုက် လျှင် သောကြာဦး သေချာပေါက်လာ လိမ့်မည်ဟု ယုံကြည်ထား၏။ မလာ ဘဲနေခြင်းဖြင့် အညံ့စားလူမိုက်အဖြစ် သောကြာဦး လက်ခံလိမ့်မည်မဟုတ်ဟု သိန်းမောင်ဦးခံယူထား၏။ သောကြာဦး ကလည်း လက်သန်းချေရွာသို့ ဇာတ်ပွဲ သွားကြည့်ရန်အတွက် သိန်းမောင်ဦး၏ ဖိတ်ကြားချက်ကို လက်ခံရန် ဆုံးဖြတ် လိုက်၏။ သို့သော် မွေးသမိခင် အမေ နှင့် သိပ်ချစ်ရသော မိန်းမက အသက် အန္တရာယ်အတွက် စိုးရိမ်၍ အတန်တန် ဆီးလို့ကာလို့တားသည့်အတွက်ကြောင့် သောကြာဦး ပွဲကြည့်မရောက်ဖြစ်။

ပွဲနောက်ဆုံးနေ့ရက်တွင်မတော့ သောကြာဦးဆီသို့ လက်ရေးမညီမညာ နှင့် စာတစ်စောင် တန်းတန်းမတ်မတ် ရောက်လာခဲ့ပြန်သည်။

သို့/
မိတ်ဆွေကြီး သောကြာဦး

ဒီနေ့ည ငါတို့ရွာ ဇာတ်ပွဲသို့ လာ ဖြစ်အောင်လာခဲ့ပါ။

မလာဖြစ်ရင် ပုဆိုးချွတ်ပြီး ထဘီ ပဲဝတ်နေလိုက်တော့။

ဒါပဲ
သိန်းမောင်ဦး
လက်သန်းချေရွာ။

စာမှာ ဤမျှသာဖြစ်သည်။

သိန်းမောင်ဦးစိန်ခေါ် မှုကြောင့် သောကြာဦးအတွက် ရှက်ခြင်းနှင့်ဒေါသ ဖြစ်ခြင်းသည် သွေးကြောမျှင်များအနှံ့ ပြည့်သွားသည်ဟုဆိုရပေမည်။ ချက်ချင်း ပဲ မားမြောင်တစ်ချောင်းကို ခါးကြား ထိုးပြီးပြေးထွက်လိုက်၏။

အမေနှင့် မိန်းမက မသွားသင့် သည့်ကြောင်း တားမြစ်ကြ၏။ သို့သော် မရတော့ချေ။ သောကြာဦးလည်း သိန်းမောင်ဦးနှင့် အပြိုင်မိုက်နေသည့် နာမည်ကြီး နယ်လူမိုက်ပဲလေ။ ဘယ်ခံ ပါ့မလဲ။ ကမ္ဘာမြေပြင်အား ခြေထောက် ဖြင့် ခပ်ကြမ်းကြမ်းပေါက်ပြီး ကဆုန် ပေါက်ထွက်ခဲ့၏။ စိန်ခေါ် ရင် တိမ်ပေါ် ထိလိုက်မယ်ဆိုတာ သူလိုလူမျိုးတွေ ပေါ့။

မောင်ရိပျိုးခဲ့ပြီမို့ သောကြာဦးတို့ လောင်မီးကျရာဘက်မှာ အမောင်ထုက စိုးမိုးနေပေပြီ။ ဇာတ်ပွဲကပြသည့် သိန်း မောင်ဦးတို့ လက်သန်းချေရွာဘက်မှာ

www.burmeseclassic.com

www.burmeseclassic.com

တော့ ဆိုင်းသံဗုံသံတွေနှင့် ဆူညံနေပေ၏။

"ဝုတ်. . . ဝုတ်. . . . ဝုတ်"

ရွာပြင်သို့ လှမ်းအထွက်တွင် ခွေးတစ်ကောင်ကဆီးဟောင်သည်။ ဟောင်နေရုံမက စားတော့ဝါးတော့မည့်အတိုင်း သောကြာဦးအနီးသို့ပြေးဝင်လာသည်။

"ဒီး. . . ဒုတ်"

"ဂိုဏ်"

သောကြာဦးမှာ အိမ်ကထွက်လာကတည်းက ဒေါသစွန်းလာခဲ့ပြီမို့ စိတ်ကမရှည်ချင်။ လက်ထဲမှာ အသင့်ကိုင်လာသည့် စားမြောင်နှင့်လှမ်းပေါက်လိုက်ရာ ခွေးခမျာ တစ်ချက်သာအသံပေးနိုင်ပြီး စားမြောင်ကြီးတန်းလန်းနှင့်ငြိမ်သက်သွားခဲ့ပေပြီ။

ရွာလမ်းမထွက် လယ်ကွက်ကို ကျော်ကာ တံတားပေါ် လျှောက်ခဲ့၏။ သောကြာဦးမှာ မာန်သွင်းပြီးလာခဲ့လို့ပေလောမသိ။ နိမိတ်ဆိုတာမျိုးပဲထင်ရဲ့။ တံတားအဆုံးသို့အရောက်တွင် တံတားဦးကျိုးကျသွားပြီး သောကြာဦးပါဟပ်ထိုးလဲကျသွားသည်။ သောကြာဦးကား တွေဝေမနေ။ လဲကျရာမှ ရုန်းထပြီး ရှေ့သို့ လျှောက်မြဲလျှောက်သည်။ ညကလည်းမှောင်နေပြီ။ တံတားအဆင်း တောလမ်းတစ်ခုအရောက်တွင် ငှက်ဆိုးထိုးသံတစ်ခုက အသည်းနှလုံးသို့တိုင်စိုက်ဝင်သွားသလို သောကြာဦး ခံစားလိုက်ရလေ၏။ ငှက်ဆိုးထိုးသံကြောင့် သောကြာဦးမှာ မတုန်လှုပ်သည့်အပြင် ဒေါသကိုမြှောက်ပေးသလိုတောင်ဖြစ်သွားသေးသည်။

ပွဲခင်းထဲအရောက်မှာ သိန်းမောင်ဦး အဆင်သင့်ကြိုနေပေပြီ။ တစ်ယောက်လက်တစ်ယောက်ပြေးဆွဲပြီး လှုပ်ယမ်းလိုက်ကြသည်။ ပွဲခင်းထောင့်တစ်နေရာသို့ နှစ်ယောက်အတူသွားပြီး အရက်သောက်ကြ၏။ သိန်းမောင်ဦးကတော့ အောင်နိုင်သူမို့ ရယ်ရယ်မောမောပဲပြောဟယ်ဆိုဟယ်နှင့် အာဝဇ္ဇန်းရွှင်လှသည်။ အရက်သောက်ပြီး အနံ့စာဝိုင်းသို့ရောက်လာကြ၏။ အနံ့စာထိုးကြ၏။ ဖဲဝိုင်းသို့ရောက်လာကြ၏။ ဖဲဝင်ကစားကြပြန်သည်။

လူမိုက်ကြီးနှစ်ယောက်မှာ ပွဲကြည့်ဖို့နေရာသို့ကား မရောက်ပေ။ အရက်ဝိုင်း၊ ဖဲဝိုင်း၊ အနံ့စာဝိုင်းတွင်သာသွားသွားပြန်ပြန် ပြောင်းဆန်နေကြ၏။ နှစ်ယောက်စလုံးမှာ အကြံတူညာဏ်တူမို့တစ်ယောက်အခြေအနေတစ်ယောက်အမြဲအကဲခတ်

နေကြ၏။ ညှဉ်သူခဲစတမ်းပေါ့။

"မိတ်ဆွေ တို့အရက်တစ်ခွက်လောက်ပြန်သောက်ကြရအောင်ကွာ"

"ရတယ်လေ၊ မိတ်ဆွေသဘောပဲ။ ကြိုက်တာလုပ်"

လူမိုက်ကြီးနှစ်ယောက် အပေးအယူဖြောင့်နေကြပေ၏။ ချောင်ကျကျ အရက်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ပြီး မကျေပွဲသောက်လိုက်ကြပြန်၏။ ပြောလိုက်သောက်လိုက်နှင့် အရှိန်ကလည်း တော်တော်မြင့်နေကြပေပြီ။ ညကလည်း သန်းခေါင်ကျော်ပေပြီ။ သို့သော် သူတို့နှစ်ယောက်၏စိတ်အစဉ်မှာ ဇာတ်စင်မှာ ဘာဇာတ်ကွက်ကပြနေကြသည်ဟု သူတို့မသိ။ ဘာတွေလုပ်နေကြသည်လည်း သူတို့နားမလည်။

"ရော့-မိတ်ဆွေ ဒီမှာဓား ငါ့ကိုထိုးသတ်လိုက်"

"ဒေါက်"

သိန်းမောင်ဦးသည် ခါးကြားကဓားမြောင်ကိုထုတ်ပြီး စားပွဲပေါ်ဝစ်ပေါက်လိုက်၏။ ဓားမြောင်ကြီးမတ်မတ်ထောင်နေပေပြီ။

"မိတ်ဆွေ ဒီလိုတော့မလုပ်နဲ့လေ"

"ခင်ဗျားမထိုးရင် ကျွန်ုပ်ထိုးမှာနော်"

သိန်းမောင်ဦးမှာ မူးမူးရွှားရွှားနဲ့ ဆွဲနုတ်ပြီး သောကြာဦးရင်ဝကိုမာန်သွင်းပြီး ထိုးစိုက်လိုက်၏။ သောကြာဦးကလည်း လျင်သည်။ ဖြုန်းခနဲ ရှောင်ပြီး ဘေးသို့ရွှေ့ပေးလိုက်ရာ သိန်းမောင်ဦးမှာ ကိုယ့်ကိုယ်ကိုယ် အရှိန်မထိန်းနိုင်ဘဲ လဲကျမလိုလိုဖြစ်သွား၏။ သောကြာဦးမှာ တိုက်ခိုက်ခံရပြီဟုသိလိုက်သည်နဲ့ ခါးကြားကဓားမြောင်ကို ဆွဲထုတ်ပြီး သိန်းမောင်ဦး၏ ဟန်ချက်ပျက်နေမှုကို အခွင့်ကောင်းယူပြီး ပြေးထိုးလိုက်ရာ ရင်ဝထဲသို့ဓားမြောင် အရိုးရင်းထိစိုက်အောင် ဖောက်ဝင်ခဲ့လေပြီကော။ သိန်းမောင်ဦးကား ရင်ဝမှာ ဓားမြောင်ကြီးတန်းလန်းနဲ့လဲကျသွားခဲ့လေပြီ။

"ဝူး ဝူး ဝူး"

တစ်နယ်လုံးမှာ ဟိုးဟိုးကျော်အောင် မိုက်ရိုင်းနေသော လူမိုက်ကြီး သိန်းမောင်ဦး ခွေးလိုအူပြီး သွေးအိုင်ထဲ နစ်နေခဲ့လေပြီမို့ လူမိုက်ဇာတ် ဤတွင်ပဲ အဆုံးသတ်ခဲ့လေပြီကော။

ယင်းအချိန်အခါက မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်စိုးကာလပေမို့ သောကြာဦးကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးပြီး စီရင်ချက်ချကာ ကပ္ပလီကျွန်းသို့ အပို့ခံခဲ့ရလေသည်။

■

"အဖြစ်အပျက်ကတော့ ဒါပါပဲကွယ်"

"ရင်ထဲမကောင်းလိုက်တာ အဘရယ်"

"အဘ ထောင်က ခုမှလွတ်တာလား"

"ထောင်က လွတ်တာတော့ ကြာပါပြီကောကွယ်။ အဘလည်း ကိုယ့်ရပ်ကိုယ့်ရွာပြန်မလာချင်တာနဲ့ ဒီလိုပဲပြည်မဘက်မှာ အလုပ်ကြမ်းတွေလုပ်ပြီးဖြစ်သလိုနေခဲ့တာပေါ့ကွယ်။

ခုတော့ အသက်ကလည်း ရလာတော့ ကိုယ့်ရပ်ကိုယ့်ရွာ အရမ်းလွမ်းလာတာနဲ့ ပြန်လာခဲ့တယ်ဆိုပါတော့ကွယ်။ ရွာရောက်ရင် ဆွေတွေမျိုးတွေတောင် အတော် ပြောယူရဦးမယ်"

သည်တစ်ခါတော့ ခရီးသည်ကြီး၏မျက်နှာပြင်တော်တော်ကြီး ဝေဝေဝါးဝါးဖြစ်သွားသည်။

■

ဟိုးလွန်ခဲ့သည့်နှစ်ပေါင်း (၄၀) ဝန်းကျင်ခန့်လောက်က စစ်တွေမှ မင်းပြားသို့အလာ သင်္ဘောပေါ်တွင် ကျွန်းပြန်ကြီးသက်ကြားအိုဦးသောကြာဦးကို မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရာ သူ၏ဇာတ်ကြောင်းပြန်ပြောပြမှုအား မှတ်တမ်းအဖြစ် ပုံဖော်ရေးသားလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်းစဉ်ဇြေစာခက်
(အမျိုးသားစာပေဆု၊ ၎)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ကရကဋ်ရာသီပြောင်း
မနှဒိန်းဇာတာဟောကိန်း

မင်းရှိန်အောင်



၁၆-၇-၂၀၁၈ နေ့၊ ညဉ့် (၂ဒုး ၂း ၀၁) နာရီအခိုန်တွင် တနင်္လာပြည်သည် မေထုန်ရာသီမှ ကရကဋ်သို့ဝင်ကူးပြောင်းဝင်ရောက်ရာ၌ ဥဒယလဂ်သည် မိဿရာသီ (၁၆) ဒီဂရီ၊ (၄၀) မိနစ်မှာ ပေါ်ထွက်နေသည်။ ၎င်းကို ကရကဋ်ရာသီ စူဠသင်္ကြန်ဇာတာခွင်ဟုလည်း ခေါ်ဆိုကြသည်။

ဤဇာတာခွင်၏ထူးခြားချက်မှာ ဗုဒ္ဓဟူးပြိုဟ်နှင့် ကြာသပတေးပြိုဟ်တို့သည် ပြိုဟ်ပြိုင်ဖြစ်ကာ အင်္ဂါပြိုဟ်နှင့် ကိတ်ပြိုဟ်တို့သည် (၂) ဒီဂရီအတွင်း ပူးယှဉ်ကြသည်။ ယူရေနပ်ပြိုဟ်သည် ရာဟုပြိုဟ်ကို (၉၀) ဒီဂရီမြင်ကာ တနင်္ဂနွေပြိုဟ်၊ ပလူတိပြိုဟ်၊ တနင်္လာပြိုဟ်နှင့် နက်ပကျွန်းပြိုဟ်တို့သည် (၁၈၀) ဒီဂရီအတွင်း မြင်ကြပါသည်။ ယူရေနပ်ပြိုဟ်နှင့် သောကြာပြိုဟ်၊ သောကြာပြိုဟ်နှင့် စနေပြိုဟ်၊ ကြာသပတေးပြိုဟ်နှင့် အင်္ဂါပြိုဟ်၊ စနေပြိုဟ်နှင့် ယူရေနပ်ပြိုဟ်တို့သည် (၁၂၀) ဒီဂရီအတွင်း မြင်ကြသည်။

၎င်းတို့ကိုခြုံ၍ ဟောချက်ထုတ်ရလျှင် နယ်စပ်ရေးရာနှင့်လုံခြုံရေးဆိုင်ရာ၊ တိုင်းရင်းသားရေးရာဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ တရားဥပဒေပြုရေးဆိုင်ရာ၊ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာတို့နှင့် နီးနွယ်လျက် သံတမန်ဆိုင်ရာ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ၊ မီဒီယာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာတို့မှ နှုးညံ့ပျော့ပျောင်းသယောင် ဗျူဟာမျိုးပြောင်း၍ပုံဖော်လာလိမ့်မည်။ သို့သော် ချောကလက်ဖုံးအုပ်သော ဆေးခါးကြိုးသောက်ရသလိုဖြစ်သဖြင့် အစိုးရအဖို့ တင်းမာပြတ်သားစွာ လှုပ်ရှားမှုများရှိလာလိမ့်မည်။ အစိုးရအဖွဲ့၌ ပုံမှန်မဟုတ်သော ပြုပြင်ပြောင်းလဲမှုများရှိလာလိမ့်မည်။ အစိုးရအဖွဲ့ထိပ်သီးပုဂ္ဂိုလ်များ၊ နိုင်ငံတော်ထိပ်သီးပုဂ္ဂိုလ်များ ထိပါးတိုက်ခိုက်မှုများခံရသလို ပြုပြင်ပြောင်းလဲမှုများရှိတတ်မည်။

အလုပ်သမား၊ လယ်သမားအပါအဝင် အခြေခံလူတန်းစားတို့၏စားဝတ်နေရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ တောင်းဆိုမှုများ၊ အစိုးရအဖွဲ့အစည်းများအပေါ်၌ မျှော်လင့်ချက်ဝေးကွာမှုအတွက် ဆန္ဒထုတ်ဖော်မှုများပိုမိုပြင်းထန်လာလိမ့်မည်။ ကပ်ဘေးဆန်သော ကျန်းမာရေးပြဿနာပေါ်ပေါက်တတ်မည်။

ကလေးသူငယ်၊အမျိုးသမီးဆိုင်ရာ ရာဇဝတ်မှုခင်းများကြောင့် ပြင်းထန်တင်းမာမှုများဖြစ်ပေါ်တတ်မည်။ ပညာဆိုင်ရာ၊ ဖြေဖျော်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာတို့၌ မထော်တဆမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှုများဖြစ်ပေါ်တတ်မည်။ အိမ်ယာမြေ၊ လယ်ယာမြေ၊ သစ်တောမြေ စသောမြေယာဆိုင်ရာနှင့် ပတ်သက်၍ ဖြေရှင်းချက်က မကုန်နိုင်ဖြစ်တတ်မည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေး၌ မလိုလားအပ်သောပြဿနာပေါ်တတ်မည်။NGO, INGO ပရဟိတအဖွဲ့အစည်းတချို့၏မမျိုးသားမှု၊ တို့မီးရှို့မီးများကို တွေ့ရလာတတ်မည်။ ထင်ရှားသောအမျိုးသမီးတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မီးကြီး၊ ဒီလှိုင်းကြီး၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ မြေငလျင်လှုပ်ခြင်းများကြုံရနိုင်သည်။ ရာသီဥတုမကောင်းမှု၊ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၌ ထိခိုက်တတ်မည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

သက်ပွ
အုံဖွယ်ကောင်းသော ကြုံကြိုက်မှု

၁၉၈၀ ကျော် နှစ်များက ဖြစ်မည် ထင်၏။ ကျွန်တော် အဝတ်အစားဝယ်သည် ကိုအကြောင်းပြုပြီး အဖေက အပြစ်ပြောတာနှင့် စိတ်ကောက်ကာ ညနေပိုင်း တွင် ထမင်းမစားတော့ဘဲ စောစောစီးစီး အိပ်ရာဝင်ပြီး နောက်နေ့တွင် အိမ်မှတိတ်တိတ်ကလေး ထွက်၍ အမေမွေးဖွားရာ ချက်မြူပ်ဖြစ်သည့် မဂူကျေးရွာကိုသွားလည်မည်ဟု ဆုံးဖြတ်လျက် အဝတ်တစ်ထည်ကိုယ် တစ်ခုနှင့် ထွက်လာခဲ့လေသည်။

ရပ်ကွက်ထိပ်တွင် ဂိတ်ထိုးထား သော (၄၀) ဘတ်စ်ကားကို စီးပြီး ညောင်ပင်လေးဈေးမှတ်တိုင်တွင်ဆင်း ကာ ဘိုကလေးသွားမည့်သဘော်ဆိပ်၌ ကနေ့ထွက်သဘော်အမည်ကိုမေးမြန်း ပြီး လက်မှတ်ဝယ်၏။ သဘော်က သမ္မူလ (ယခုအချိန်တွင် ထိုသဘော် များ ပြေးဆွဲမှုမရှိတော့ဟု ထင်ပါ သည်)။

သို့ဖြင့် ညနေငါးနာရီခန့်တွင် ဈေးသည်အချို့ သဘော်ပေါ် မှဆင်း သွားချိန်တွင် သဘော်စထွက်၏။ ရေ လမ်းခရီးအသွားအလာနည်းလှသော ကျွန်တော့်အဖို့ မြင်မြင်သမျှအထူးအ ဆန်းဖြစ်၍နေ၏။

စင်ရော်ငှက်ကလေးတို့ သဘော် ဘေးမှ ဟိုသည်ပျံဝဲကာလိုက်ပါလာပုံနှင့် ရေဋ္ဌေဒါပင်တို့ အစုလိုက်အပုံလိုက် မျောပါလာပုံသည် ကျွန်တော့်မျက်စိမြင် ကွင်းတွင် တစ်သက်မမေ့နိုင်စရာဖြစ်ခဲ့ ပေသည်။

မြစ်ပြင်ကို ဖြတ်လိုက်လာသော လေပြည်ကလည်း ကိုယ်ခန္ဓာကို တိုးဝင် ထိကစားနေသဖြင့် အကျိုအနားစ၊ ပုဆိုး အနားစတို့ပင်ဖတပ်ဖတပ်ဟူသောအသံ ထွက်နေ၏။ ထို့ပြင် ညနေဆည်းဆာ နေရောင်က မြစ်ပြင်တွင် ပုံဖော်နေကြ သော လှိုင်းကြက်ခွပ်လေးများပေါ် သို့ ဟပ်ထိုးလဲကျနေရာ အနုပညာဆန်ဆန် ပြောရလျှင် ရွှေရောင်များ တဖျပ်ဖျပ် လက်နေသကဲ့သို့ မြင်နေရလေသည်။ ခရီးသွားတို့၏ စကားသံတွေကလည်း ဟိုနားတစ်ပေါက်သည်နားတစ်ပေါက် အသံမျိုးစုံထွက်နေလေရာ ကျွန်တော့် အနေဖြင့် မကြားစဖူး သောတထူးနေ သလို သဘော်ဦး၏ရေပြင်ကိုထိုးခွဲသံက ကျွန်တော့်နားတွင် လွန်စွာနားထောင် ၍ကောင်းနေကြောင်း အမှန်ပင်ဝန်ခံ ဝန်ခံရပေမည်။

ကျွန်တော်သည် အသက်တစ်ခါ မှ မစီးဘူးသဖြင့် ပင်လယ်သွားလိုက်

www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောဦးဘက်သွားလိုက်ဖြင့် တခြားခရီးသည်များ မျက်စိနောက်လောက်အောင်ဖြစ်နေလေတော့သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့သွားရာ၌ အလယ်လျှောက်လမ်းကို အားပြုရသည်ဖြစ်ရာ လျှောက်လမ်းတွင်ထားသော ပစ္စည်းပစ္စယတို့ကို ကျော်ခွသွားရသောကြောင့် ဖြစ်ပေသည်။

သင်္ဘောသည် တွဲတေးတူးမြောင်းကထွက်ပြီး မကြာခင်မှောင်ရိပျိုးတော့မှ ကိုယ့်နေရာကိုယ်ထိုင်ကာငြိမ်သွား၏။

ဤသို့ဖြင့် သင်္ဘောသည် နောက်တစ်နေ့မနက်လေးနာရီခန့်တွင် ဘိုကလေးမြို့ကိုရောက်၏။ အချိန်အနည်းငယ် စောနေသဖြင့် ကျွန်တော်သည် ကမ်းပေါ်မတက်သေးဘဲ သင်္ဘောပေါ်မှာ အချိန်ဖြုန်းနေလိုက်သည်။ တစ်နည်းအားဖြင့် ဆိပ်ကမ်းအလှပ်သမားတွေသယ်ယူနေတာကို စိတ်ဝင်တစား စူးစမ်းလေ့လာမိတာလည်းပါ၏။ ပြီးမှ ကမ်းပေါ်တက်လျက် လက်ဖက်ရည်ဆိုင်ထိုင်ကာ မဂ္ဂရွာသို့သွားမည့် မျိုးချစ်သန်းပွဲထောင်ကို နေ့လယ်ဆယ့်တစ်နာရီခန့်တွင် စောင့်စီးပြီး မဂ္ဂရွာကို ထွက်လာခဲ့ပေသည်။

ကိုင်းတောဝအရောက် ပဲ့ထောင်ချိုးကွေ့ဝင်တာသာမှတ်မိပြီး ကျန်တာမမှတ်မိတော့ပေ။ ရွာရောက်ခြင်းကိုသာမှတ်မိ၏။

ရွာခံဖြစ်သူ အမေအစ်ကိုကြီး ဦးလေးစံထွန်းက မမျှော်လင့်ဘဲ ကျွန်တော်ရောက်လာသဖြင့် အံ့သြတကြီးဖြစ်ကာ အားရဝမ်းသာပင် အိမ်ထဲမှထွက်၍ ဆီးကြိုရှာလေသည်။

ယင်းညဉ့် ရွေးဟောင်းနှောင်းဖြစ်များကို ဦးလေးကပြောပြနေသဖြင့် ညဉ့်နက်မှအိပ်ရ၏။ သို့တစေ ခရီးသွားသူတို့ ဖြစ်တတ်သည့်ထုံးစံအတိုင်း အိပ်ရာပြောင်းသဖြင့် မအိပ်တတ်ရကာ အစောကြီးပင်နိုးနေလေပြီ။ နိုးလာသည်နှင့် တစ်အိမ်တက်ဆင်းလိုက်လည်းကာ ကြုံသည့်အိမ်မှာထမင်းစားပြီး ရွာခံကလေးတစ်ယောက်ကိုခေါ်ကာ ညွှေ့သည်ဖြစ်သည့်အတိုင်း ရွာရိုးကိုးပေါက်လျှောက်သွားလေတော့သည်။

ကလေးကလည်း မည်သည်းမညျော့ပျော့ပါးပါးပင် လိုက်ပါလာ၍ ကျွန်တော့်မှာစိတ်သက်သာရမိပေသည်။

ယင်းနောက် နေ့လယ် တစ်နာရီကျော်ခန့်တွင် ဓမ္မသုခမဟာကန့်ရွာဦးကျောင်း (ယခုဓမ္မသုခမဂ္ဂကန့်ကျောင်း)ကိုဝင်ဖူးတော့ တချို့ဘုန်းဘုန်းတို့ကိုနိုးနေတာမြင်မိသဖြင့် မနှောင့်ယှက်လိုရကား အလိုက်တသိပင် ရွာနောက်ဘက်သို့ ထွက်လာခဲ့မိသည်။

နွေရာသီဖြစ်ခြင်းကြောင့် ရွာနောက်ကျော လယ်ကွင်းတွေက နှံပြတ်များနှင့် မျက်စိတစ်ဆုံးမြင်လိုက်ရသည်။ လွင်ပြင်ကျယ်ကြီးလိုဖြစ်နေသဖြင့်လည်း လေကတဝူးဝူးတိုက်ခတ်နေ၏။

တစ်နေရာအရောက်၌ အရိပ်ကောင်းသော ချုံနွယ်ထူထူတွင် ရဟန်းတစ်ပါး သက်သောင့်သက်သာထိုင်နေသည်လှမ်းတွေ့လိုက်ရသည်။ ထို့ကြောင့် စကားစမြည်ပြောဖို့အတွက် အနားကို အရောက်သွားမိသည်။

ဦးပဉ္စင်းက ကျွန်တော့်ကိုတွေ့သည်နှင့် လူတိုင်းမြင်လျှင် ကျေနပ်သွားနိုင်သည့်အပြုံးမျိုးပြုံးပြလျက် နှုတ်ဆက်၏။ ကျွန်တော်လည်း ထိုအပြုံးကြောင့် အားတက်သွားကာ သင့်တင့်သည့်နေရာမှာဝင်ထိုင်လိုက်ပြီး ရွာခံကလေးနှင့် အတူဦးချကန်တော့လိုက်သည်။ ဦးပဉ္စင်းက ကျွန်တော့်ကိုကြည့်ပြီး -

"ဒကာက ရန်ကုန်က ထင်တယ်"

"မှန်ပါ့ဘုရား"

ဦးချုပြီးသည်နှင့် ကိုယ်ဟန်လိုအလိုက်သင့်ဖြစ်စေရန် ပြင်ထိုင်လိုက်ရင်း-

"အရှင်ဘုရားကဘယ်ကျောင်းမှာ သီတင်းသုံးပါသလဲ"

မေးလျှောက်လိုက်လျှင်ဦးပဉ္စင်းက -

"တိုဘက်ရွာကပါ။ ဒီဘက်ရွာကို ကိစ္စလေးတစ်ခုရှိလို့ထွက်လာတာ။ နေပူနေတာနဲ့ အရိပ်ကောင်းတဲ့ဒီချုံထဲ ခဏဝင်ထိုင်နေတာ။ လေကလည်း တိုက်နေတယ်မဟုတ်လား။ အမောပြေသွားတာပေါ့"

"တင်ပါ့ဘုရား"

ကျွန်တော်သည် ထိုအချိန်မှ ဦးပဉ္စင်းကိုစေ့စေ့ကြည့်မိ၏။ ဦးပဉ္စင်းအသက်လည်း မသကာရိုလှ လေးဆယ်ကျော် ငါးဆယ်ကျော်ဝန်းကျင်သာ။ အသားအရေသည် ဝင်းပြီးအဝါရောင်ဘက်သို့လု၏။ မျက်နှာသည် အေးငြိမ်းချမ်းမြေ့နေသောအသွင်ရှိသည်။ မျက်ခုံးသည် မည်းနက်လျက်ထူ၏။ မျက်လုံးသည် ကြည်လင်တောက်ပကာ အမှားအမှန်ခွဲခြားတတ်ကြောင်း ဖော်ပြသလို ဖြစ်နေ၏။ ကျွန်တော်တတ်သလောက် မှတ်သလောက် အကဲခတ်ပြောရလျှင် ကိလေသာထူပြောသော မျက်ဝန်းမျိုးမဟုတ်ပေ။

ဤသို့ဖြင့် ပဋိသန္ဓာရစကားပြောရင်း ကျွန်တော် မဂ္ဂရွာရောက်လာကြောင်း သိသွားလေသည်။ ထိုအခါ ဦးပဉ္စင်းက ပြုံး၏။ ယင်းအပြုံးသည် ဒါယကာတို့မြင်ပါက သဒ္ဓါထိုင်၍ ပိုကြည်ညိုလာ

www.burmeseclassic.com

နိုင်သော လွတ်လပ်မှုအပြုံးဖြစ်ကြောင်း မှတ်ချက်ပြုမိပေသည်။ ဦးပဉ္စင်းက ကျွန်တော့်ကိုမကြည့်ဆဲမိန့်၏။

"ဦးပဉ္စင်းပြောပြမယ် နားထောင်။ ဘုရားရှင်က အဂ်္ဂတ္တရန်ကာယ် တိကနိပါတ် သမဏဂဂ် သက်ဝါသုတ်မှာပေါ့ ဒီလိုဟောထားတယ်"

"တင်ပါ့ဘုရား"

"မြတ်စွာဘုရားက နောက်ပါရဟန်းတော်မြတ်များနဲ့ ကောသလတိုင်း သက်ဝါနိဂုံးကို ကြွရောက်လာတယ်။ အဲဒီနားမှာ ကဿပဂေါတ္တဆိတဲ့ရဟန်းဟာ ကျောင်းပိုင်နဲ့ကျောင်းထိုင်နေတာပေါ့။ မြတ်စွာဘုရားက တရားမဏ္ဍပ်နဲ့ စပ်တဲ့သိက္ခာပုဒ်ကိုဟောပြတဲ့အခါ အဲဒီကဿပဂေါတ္တရဲ့စိတ်ထဲမှာ ရဟန်းကြီးဂေါတမဟာ အလွန်ခေါင်းပါးလှတယ်။ သည်းမခံနိုင်ဘူး၊ မနှစ်သက်ဘူးဆိုပြီး ဖြစ်ပေါ်လာတယ်။

အဲလိုနဲ့ မြတ်စွာဘုရားဟာ တရားဟောပြီး ရာဇဂြိုဟ်ပြည်ကိုပြန်ကြွသွားတာပေါ့။ အဲလိုကြွသွားလို့ မကြာခင်မှာပဲ ကဿပဂေါတ္တစိတ်ထဲမှာ ပူပန်ခြင်း၊ နှလုံးမသာယာခြင်းဖြစ်ပေါ်လာတယ်။ အဲဒါကြောင့် ငါဟာ မြတ်စွာဘုရားထံမှောက်သွားပြီး ပြစ်မှားမိတဲ့အပြစ်ကို ဝန်ခွတောင်းပန်ရင်ကောင်းမှာပဲလို့တွေးပြီး ရာဇဂြိုဟ်ပြည်ကိုလိုက်သွားတာပေါ့"

ယင်းနေရာ၌ ဦးပဉ္စင်းသည် ပြောလက်စစကားကိုရပ်ကာ ကျွန်တော့်အားကြည့်၏။ ကျွန်တော်ကတော့ ဦးပဉ္စင်းဘာကိုရည်ရွယ်၍ သည်တရားတော်ကို ပြောပြနေရသနည်းဟုအဓိပ္ပာယ်မပေါက်သေးလင့်ကစား စိတ်ဝင်တစားတော့ နားထောင်နမိပေသည်။

အဖော်ခေါ်လာသည့်ရွာခံကလေးက တကျိကျိအော်မြည်နေသောငှက်အသံတို့နောက်လိုက်ကာ ဖမ်းဖို့ချောင်းမြောင်းကြည့်ရှုနေ၏။ တစ်ချက်တစ်ချက် အဝေးရွာမှဖွင့်နေသော ဓာတ်စက်သံက လေနှင့်အတူပါလာပြီး ဝေ့ဝဲကြားရသည်မှတစ်ပါး ကျွန်တော်တို့နေရာသည် အတော်ပင်တိတ်ဆိတ်အေးချမ်းနေကြောင်း အသိအမှတ်ပြုမိ၏။

ဦးပဉ္စင်းဆက်လက်မိန့်သည်။

"ရာဇဂြိုဟ်ပြည်အနီးမှာရှိတဲ့ ဂိဇ္ဈကူဋ်တောင်မှာ မြတ်စွာဘုရားရှင်နဲ့တွေ့တော့ ရှိသေစွာရှိခိုးဦးညွတ်ပြီး သူ့အဖြစ်ကိုလျှောက်ထားတယ် ဒကာဧည့်သည်ရဲ့။ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်ရဲ့စိတ်မှာ မကျေပ်နဲ့စပ်တဲ့ သိက္ခာပုဒ်တရားပြတော်မူစဉ် ဆောက်တည်နေတော်မူစဉ်၊ ထိတ်လန့်စေတော်မူစဉ်၊ စိတ်နလုံးရွှင်စေတော်မူစဉ်၊ တရားဓမ္မဟောပြတော်မူစဉ်မှာ ဒီရဟန်းကြီးဟာ အလွန်ခေါင်းပါးတဲ့ရဟန်းကြီးပဲလို့ သည်းမခံနိုင်ခြင်း၊ မနှစ်သက်ခြင်းတွေတပည့်တော်မှာဖြစ်ခဲ့ရပါတယ်။ တပည့်တော် အရှင်ဘုရား အပေါ် ပြစ်မှားမိခဲ့ပါတယ်။

အဲဒါကြောင့် တပည့်တော် နောင်အခုလို မပြစ်မှားတော့ပါဘူး။ မပြစ်မှားမိအောင် စောင့်ထိန်းပါ့မယ်။ အခုပြစ်မှားမိတာကို သည်းခံပြီးခွင့်လွှတ်တော်မူပါဘုရားလို့ လျှောက်ထားလိုက်တယ်။ မြတ်စွာဘုရားကလည်း အပြစ်ကိုအပြစ်လို့မြင်ပြီး ဝန်ခွတောင်းပန်တာကိုလက်ခံတော်မူတယ်။ ပြီးတော့ ဆုံးမစကား ဆက်လက်မိန့်ကြားတယ်။

ချစ်သားကဿပ သီတင်းကြီး၊ သီတင်းလတ်၊ သီတင်းငယ်အားဖြင့် သုံးပါးသောရဟန်းတို့တွင် အဘယ်ရဟန်းပင်ဖြစ်စေကာမူ အကြင်ရဟန်းသည် သိက္ခာကိုအလိုမရှိ၊ သိက္ခာကို ဆောက်တည်ခြင်းရဲ့ ဂုဏ်ကျေးဇူးကိုလည်း ဆိုလေ့မရှိ။ သိက္ခာကိုအလိုမရှိတဲ့ တစ်ပါးသောရဟန်းများကိုလည်း သိက္ခာ ဆောက်တည်စေခြင်းမပြု၊ သိက္ခာကို အလိုရှိသောရဟန်းတို့ရဲ့ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့မရှိ။

ဒီလိုသဘောရှိသောရဟန်းရဲ့ဂုဏ်ကျေးဇူးကို ငါသည် မပြောဆိုပေတဲ့။ ဘာကြောင့်လဲဆိုတော့ ဒီရဟန်းရဲ့ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားက မိန့်ကြားတယ်ဆိုပြီး အခြားသောရဟန်းတို့မှတ်၍ အဲဒီရဟန်းကို ဆည်းကပ်ကုန်လိမ့်မယ်။ အတုလိုက်ကျင့်လိမ့်မယ်။ အဲလိုကျင့်ခဲ့လျှင် ထိုရဟန်းတို့အား ရှည်မြန်စွာ အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းသာဖြစ်လိမ့်မယ်တဲ့။ အဲဒါကြောင့် ဒီလိုသဘောရှိတဲ့ရဟန်းရဲ့ဂုဏ်ကျေးဇူးကို ငါဘုရားမဆိုခြင်းဖြစ်တယ်တဲ့။ ကြည့်စမ်း၊ ဘယ်လောက်ကောင်းတဲ့မြတ်စွာဘုရားရဲ့အမြင်လဲ၊ ဒကာရောမြင်လား"

ရုတ်တရက်အမေးခံလိုက်ရသဖြင့် ကျွန်တော် ဘာပြောရမှန်းမသိ ကြောင်အအဖြစ်သွားရလေသည်။ ကျွန်တော့်အမူအရာကိုကြည့်ပြီး ဦးပဉ္စင်းက ပြုံးပြီး ဆက်ပြောပြန်၏။

"အဲ့မှာ ဘုရားရှင်က ကဿပတဲ့။ အကြင်ရဟန်းဟာ သိက္ခာကိုအလိုရှိတယ်။ ထိုဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိတယ်။ သိက္ခာကို အလိုမရှိတဲ့ အချို့သောရဟန်းတို့ကိုလည်း ဆောက်တည်စေတယ်။ သိက္ခာကိုအလိုရှိတဲ့ ရဟန်းတို့ရဲ့ဂုဏ်ကျေးဇူးကိုလည်းပြောဆိုလေ့ရှိတယ်။ ဒီသဘောရှိတဲ့ရဟန်းရဲ့ဂုဏ်ကျေးဇူးကို ငါဘုရားချီးမွမ်းတော်မူတယ်တဲ့။

ဘာကြောင့်လဲဆိုတော့ ဒီရဟန်းရဲ့ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားရှင် ချီးမွမ်းတယ်ဆိုပြီး ဖခြားသောရဟန်းတို့အားကျကာ အဲဒီရဟန်းကို ဆည်းကပ်ကုန်တယ်တဲ့။ အတုလိုက်ပြီး ကျင့်ကုန်တယ်တဲ့။ အဲလိုကျင့်တဲ့ရဟန်းတွေဟာ ရှည်မြင့်စွာ အကျိုးစီးပွားများမယ်။ ချမ်းသာမယ်တဲ့။ဒါကြောင့် ဒီလိုသဘောရှိတဲ့ရဟန်းရဲ့ဂုဏ်ကျေးဇူးကို ငါချီးမွမ်းတယ်တဲ့။

ဒီတရားတော်ကိုကြည့်ရင် အမှားတစ်ခုကို အပြစ်လို့မြင်ပြီး ဝန်ခံတာဟာ လေးကလူးရွာကောင်းကျိုးကိုဆောင်တဲ့ သူတော်ကောင်းတရားဖြစ်တယ်ဆိုတာ ဒကာလေးလက်ခံတယ်မလား"

ဦးပဉ္စင်းက စကားလည်းဆုံး မေးခွန်းလည်းထုတ်လိုက်ချိန်မှာ ကျွန်တော်သည် အဝတ်အစားဝယ်မှုအတွက် ဆုံးမပြောဆိုသော အဖေ့ကို ငြိုငြင်စိတ်ဖြင့် အိမ်ကထွက်လာပုံကို ရုတ်ခြည်းပဲ ကွက်ခနဲမြင်၏။ ဦးပဉ္စင်း၏တရားရည်ရွယ်ချက်ကိုလည်း ထိုအခါမှ သဘောပေါက်နားလည်သွားသည်။

စည်းနှင့်ကမ်းနှင့်နေတတ်သုံးတတ်သော အဖေ့အကျင့်များကို လွန်လွန်းသည်ဟုထင်မြင်ကာ ကျွန်တော်သည် တစ်ဖက်သတ် အမြင်စောင်းနေရကာ ယခု အဝတ်အစားဝယ်သည့်အပေါ် အကြောင်းပြု၍ ယခင်ဓကားတွေအပေါ်မှာပါ အပြစ်သိမ်းကျုံးယူလျက် ထွက်ခွာခဲ့ခြင်းဆိုက မှားမည့်မထင်ခေ့။ အသိဉာဏ်ထဲမှာလည်း အမှန်တရားတို့ ခေါင်းပြူတိုးထွက်လာကုန်၏။

ယင်းသို့ရှိစဉ် ရဟန်းအိုကြီးတစ်ပါး မထင်မှတ်ဘဲ ကြွလာ၏။ အသက်က (၇၀) ကျော် (၈၀) ခန့်ရှိပေလိမ့်မည်။ သို့တိုင် တုန့်ချည်တုန့်ချည်ဖြင့်လျှောက်လာခြင်းမျိုးမဟုတ်။ သွက်လက်၏။ အသက်အရွယ်နှင့်ယှဉ်ပြိုပါက လွန်စွာကျန်းမာရေးကောင်းသော အခြေအနေပင်။ ရှေးလူကြီးတွေစကားအတိုင်းပြောရလျှင် ရှေးဘဝက သီလတည်ခဲ့သူဟုဆိုရပေမည်။

"အရှင်ဘုရား ဘယ်ကျောင်းက

www.burmeseclassic.com

www.burmeseclassic.com

ကြွလာတာလဲဘုရား"

ဟု ဦးပဉ္စင်းက နှုတ်ဆက်စကား ဆိုကာ သင့်လျော်သည့်နေရာထိုင်ခင်း ပေးပြီး လက်အုပ်ချီကာ ရှိခိုးလိုက်စဉ် ကျွန်တော်လည်း ဦးချဖြစ်၏။ ဘုန်းဘုန်းက ထိုင်ပြီးသည်နှင့် ကိုယ်ရုံသက်န်းကို အနည်းငယ်ပြင်လိုက်ကာ မေးခွန်းကို စတင်ဆက်တည်းဖြေ၏။

"အင်း- ဘုန်းဘုန်းက မဂ္ဂကျောင်းကို လာလည်တဲ့ အညာကအဓ္ဓမ္မပါ။ နေလယ်ခင်း မကျိန်းချင်သေးတာနဲ့ ကျောင်းပေါ် ကဆင်းပြီးလမ်းလျှောက်နေဘုန်း ဒီဘက်မှာ လူရိပ်မြင်လို့ မနေက ရန်ကုန်ကရောက်လာတဲ့ ဧည့်သည်လေးဖြစ်နိုင်တယ်ဆိုပြီးထွက်လာတာ။ စကားပြောရင်း ရန်ကုန်ရဲ့ဗဟုသုတအကြောင်း လေးတွေကြားရမှာပဲဆိုပြီး စိတ်ကူးနဲ့လေ"

ဘုန်းဘုန်းစကားကြောင့် ကျွန်တော်သည် ရွာတို့၏ အခြေခံသဘောကို အံ့သြနေမိသည်။ အကြောင်းမူ ဧည့်သည်တစ်ယောက်ရောက်လာခြင်းကို ရွာခံတို့က အချိန်နှင့်တစ်ပြေးညီသိနေကြခြင်းကြောင့်ဖြစ်ပေသည်။

ကျွန်တော်တို့မြို့တွေက လူနေထူထပ်ကြသဖြင့် ဧည့်သည်ရောက်လာသည်ကိုလည်းမသိ၊ ပြန်သည်လည်းမသိဖြစ်ကြရသည်။ ရွာနှင့်မြို့ ခြားနားချက်တစ်ခုဟု မှတ်ချက်ပြုမိ၏။ ဘုန်းဘုန်းက ပါးစပ်ကလေးဟစိဟစိလုပ်ကာ ခေတ္တအဖြေပြီး ဦးပဉ္စင်းနှင့်ကျွန်တော့်ကို မျက်လုံးဝေ့ကြည့်လျက် -

"ဒီကဦးပဉ္စင်းနဲ့ ဒကာလေးတို့ ဘာစကားတွေပြောနေကြသလဲတော့ ဘုန်းဘုန်းမသိပါဘူးကွယ်။ ဒါပေမယ့် အခုလို ရန်ကုန်သားနဲ့ကြုံတုန်း ခေါင်းထဲမှာ အတွေးတစ်ခုရုတ်တရက်ဝင်လာတာနဲ့ မြတ်စွာဘုရားရဲ့ကြည်ညိုဖွယ်ကောင်းတဲ့တရားတစ်ပုဒ်တော့ ပြောပြချင်တယ်။ အချိန်အခါကလည်း အလွန်ကောင်းနေလို့ပါ"

ထိုအခါ ဦးပဉ္စင်းကလည်း စိတ်ဒွင်လန်းစွာဖြင့်-

"တင်ပါဘုရား၊ မိန့်တော်မူပါ။ ဘဝည့်တော်တို့ နာယူပါ့မယ်"

ဆိုလိုက်လျှင် ကျွန်တော်လည်း ဆန်းကြယ်သော ကြုံကြိုက်မှုတစ်ခုကို တွေ့လိုက်ရသည့်အလား လွန်စွာပင် နားထောင်ချင်စိတ်ဝင်သွားမိပေသည်။ ယင်းကြောင့် မဆိုင်းမတွပင် လျှောက်မိ၏။

"တပည့်တော်လည်း ဗဟုသုတရတာပေါ့ဘုရား။ မိန့်ပါ"

လို့က်လဲ့သော ကျွန်တော့်စကားကြောင့် ဘုန်းဘုန်းမျက်နှာသည် များစွာကျေနပ်သောမျက်နှာနှင့် ပြောလိုသောတရားတော်ကို ရိသေစိတ်ထားလျက် ဖြည်းဖြည်းလေးလေးချင်းဆိုလေ၏။

"အိမ်း- ဘုန်းဘုန်းက အသက်ကြီးပြီဆိုတော့ ကိုယ်မှတ်မိသလောက် ပြန်ပြောတာပါ။ နည်းနည်းပါးပါးလွဲချော်ခဲ့ရင်တော့ ဖြည့်စွက်နားလည်ပေးကြကွယ် ဟုတ်ပလား"

"မှန်လှပါစုံရား"

ဟု ဦးပဉ္စင်းနှင့်ကျွန်တော်တို့ပြိုင် တူဝန်ခံလိုက်ကြ၏။

ထင်းအခိုန်၌ ချုံပေါ်မှ ငှက်တစ်ကောင်၏ သာယာကြည်နူးဖွယ်ကောင်းသော တွန်ကျူးသံကို နှစ်လိုဖွယ်ကြားလိုက်ရလေသည်။

"အင့်တွန်ရန်ကာယ် တိကနိပါတ် လောဏကပလ္လဝဂ် ပရိသာသုတ်မှာ ဘုရားရှင်က ပရိသတ်သုံးမျိုးရှိတယ်ဆိုတာဟောထားတယ်ကွယ့်"

"မှန်ပါ့"

"အထွက်အမြတ်ရှိသော အဂ္ဂဝတီပရိသတ်၊ မည်ညွတ်သော ဝဂ္ဂပရိသတ်နဲ့ ညီညွတ်သော သမဂ္ဂပရိသတ်ပေါ့ကွယ်"

အထက်ပါစကားကြောင့် ကျွန်တော့်အနေဖြင့် တစ်ခုသတိပြုမိသွားသည်မှာ ဦးပဉ္စင်းကလည်း တိကနိပါတ်ဟုဆို၏။ ဤဘုန်းဘုန်းကလည်း တိကနိပါတ်ဟုဆိုသဖြင့် အံ့မခန်းတိုက်ဆိုင်မှုဟုသုံးသပ်မိကာ အံ့ဖွယ်သရဖြစ်မိပေ၏။ ထိုအတွေးနှင့် တစ်ပြိုင်တည်း ခန္ဓာကိုယ်အနှံ့တွင် ကြက်သီးမွေးညင်းများလည်းတဖြန်းဖြန်းထကုန်၏။

သို့ဖြစ်၍ တစ်ခါတစ်ရံ သဘာဝနှင့် စိတ်ကူးယဉ်သည် သူတစ်ပြန်ကိုယ်တစ်ပြန်ဆန်းကြယ်သည့်အရာ၌ အံ့ဖွယ်ကောင်းကြောင်း ယုံမှားမရှိ လက်ခံမိပေသည်။

"ဘုရားကဟောတယ်၊ ရဟန်းတို့တဲ့ အထွက်အမြတ် အဂ္ဂဝတီပရိသတ်ဆိုတာ အကြင်ပရိသတ်၌ မထေရ်ကြီးဖြစ်သောရဟန်းတို့သည် ပစ္စည်းလေးပါးပေါများရန်ကျင့်သုံးလျော့ရဲသောအကျင့်ရှိသူများမဟုတ်။ အောက်သို့သက်ဆင်းကြောင်းတရား၌ ချထားအပ်သောဝန်ရှိကုန်၏တဲ့။

အောက်ကိုသက်ဆင်းတယ်ဆိုတာကတော့ အောက်တုံးများသို့ကျဆင်းမယ့်နိဝရဏငါးပါးကိုတိုးပွားစေသူများမဟုတ်ဘူးလို့ဆိုတာပေါ့ကွယ်။ ကိလေသာကင်းဆိတ်ရေး၌ ရှေ့ဆောင်သူများ ဖြစ်ကုန်၏။ မရသေးသောတရားရရှိရန် ဝီရိယကို အားထုတ်ကြကုန်၏။ နောက်လိုက်ဖြစ်သော ရဟန်းအပေါင်းသည်လည်း ထိုမထေရ်ကြီးများ အတုကိုလိုက်၍ ကျင့်ကုန်၏။ ဤပရိသတ်ကို အထွတ်အမြတ် ပုဂ္ဂိုလ်ရှိသော 'အဂ္ဂဝတီပရိသတ်' ဟုဆိုအပ်၏တဲ့"

ဘုန်းဘုန်းက ဤသို့မိန့်ကြားပြီး အနည်းငယ်အသက်ရှူနေ၏။ အသက်အရွယ်အရ ဤမျှလောက်တော့ရှိမှာပေါ့ဟု ကျွန်တော့်စိတ်ထဲတွေးဖြစ်သည်။ ဘုန်းဘုန်း၏မျက်နှာသည် အိုစာသည့် ပုံမပေါက် အရွယ်တင်၏။

ယင်းအခိုန်၌ လေပြည်ကနုန်၊ အရိပ်အာဝါသကလည်း နေပြောက်မထိုး အေးမြနေရကား ကျွန်တော့်စိတ်သည် ကြည်လင်၍ တရားအပေါ် ၌ များစွာစိတ်ဝင်စားလျက်ရှိနေပေတော့သည်။ မကြာခင် ဘုန်းဘုန်းက စကားဆက်ပြန်၏။

"နောက်တစ်ခါ မြတ်စွာဘုရားက ရဟန်းတို့တဲ့၊ မည်ညွတ်သောဝဂ္ဂပရိသတ်ဆိုတာ အကြင်ပရိသတ်၌ ရဟန်းတို့သည် ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်း၊ ဆန့်ကျင်ဘက်စကားပြောဆိုခြင်းတို့ဖြင့် အချင်းချင်း နှုတ်လုံထိုးကုန်လျက်နေကြတယ်တဲ့။ အဲဒါကြောင့် ဒီဝရိသတ်ကို မည်ညွတ်သော 'ဝဂ္ဂပရိသတ်' ဟုဆိုအပ်တယ်တဲ့"

ဤစကားအဆုံး၌ ကျွန်တော့်စိတ်ထဲ သူငယ်ချင်းအချင်းချင်းဘာမဟုတ်တဲ့ ပြဿနာနဲ့ စကားများရန်ဖြစ်ကာ ထိုးကြိတ်ကြခြင်းကြောင့် ရုံးရောက်ဂါတ်ရောက်ရပုံကို ဖျတ်ခနဲမြင်ပြီး သြော်- ဒါမျိုးအပေါင်းအသင်းက ဝဂ္ဂပရိသတ်ထဲမှပါနေပါလားဟူ၍ အတွေးဝင်၏။ ဦးပဉ္စင်းကတော့ မည်သို့နေသည်မသိ ကျွန်တော်ကတော့ ဆရာတော်ကို သဘောကျမိနေဆဲ။ ဘုန်းဘုန်းစကားသံက ထွက်ပေါ်လာပြန်သည်။

"တို့မြတ်စွာဘုရားက ရဟန်းတို့ ညီညွတ်သော သမဂ္ဂပရိသတ်ဆိုတာ ရဟန်းတို့သည် အချင်းချင်းညီညွတ်ကြကုန်လျက် အချင်းချင်း ချစ်ခင်ရေးမျက်စိတို့ဖြင့် ကြည့်နေကြတာကို တမဂ္ဂပရိသတ်လို့ဟောတော်မူတယ်နော် ကဆက်တွဲ မြတ်စွာဘုရားဟောထားတာရှိသေးတယ်။ ဘုန်းဘုန်းကတော့ ကြိုက်

www.burmeseclassic.com

www.burmeseclassic.com

ဦးကိုကိုကြီး
(စစ်ဆေးရေး)ကစဝ(ခ)ဆုံးအို

မျက်စိအတွက် ညောင်ရွက်အစွမ်း

စာရေးသူ၏အိမ်ရှေ့မှ လူငယ်တစ်ယောက်သည် ထီးကူလေးဆောင်းလျက်-

"ဆရာဦးကိုကိုကြီး ရှိပါသလားခင်ဗျာ"

လှမ်းအော်သံကြားသဖြင့် စာရေးသူမှ -

"ရှိပါတယ်ကွယ်၊ ဘယ်သူများပါလိမ့်။ လာလေ အိမ်ပေါ်တက်လေ"

ဟု လှမ်းခေါ်လိုက်ရာ ထိုလူငယ်မှ -

"မတက်တော့ပါဘူး ဆရာ။ ကွင်းလှစာတိုက်က စာတိုက်မှူးဒေါ်အေးအေးခိုင်က မဂ္ဂဇင်းစာအုပ်နှစ်စာမူခရောက်နေလို့ လာထုတ်လှည့်ပါ

ဒီကနေ့သည် မိုးများတဖွဲဖွဲရွာသွန်းနေသဖြင့် စာရေးသူဘယ်ကိုမျှမသွားဖြစ်ဘဲ အိမ်ထဲမှာပင် ကုလားထိုင်တွင်ထိုင်ရင်း ဟိုတွေးဒီတွေးများတွေးတောငေးမောနေမိနေပါသည်။

တွေးတောနေရင်းက သူရဇ္ဈမဂ္ဂဇင်းတိုက်သို့ စာမူပို့လိုသောစိတ်ဖြစ်ပေါ်လာသဖြင့် ဘာပေးပို့လျှင်ကောင်းမလဲကိုပါထပ်ဆင့်တွေးတောနေမိဖြစ်ပါသည်။

ထို့အတွက်ကြောင့် စာရေးသူ၏မှတ်စုစာအုပ်ကြီးရှိရာရှိရာသို့ထသွားပြီး ယူ၍ကြည့်လိုက်မိပါလေသည်။

စာရေးသူ၏ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်ပေါင်းစုံကို ထို့မှတ်စုစာအုပ်ကြီးထဲတွင် ထည့်သွင်းသိမ်းဆည်းထားပါလေ၏။

ထို့ကြောင့် ထိုစာအုပ်ကြီးအား တစ်ရွက်ချင်းလှန်လျောကြည့်ရှုရင်းက 'မျက်စိအတွက် ညောင်ရွက်အစွမ်း' ဆိုသည့် အကြောင်းအရာလေးအား သွားတွေ့သဖြင့် နှစ်သက်သဘောကျကာ စာရှုသူများအတွက် သူရဇ္ဈမဂ္ဂဇင်းကြီးမှ တစ်ဆင့် ရေးသား တင်ပြလိုက်ရပါပေသည်။

■

မှတ်မှတ်ရရ -

လွန်ခဲ့သည့် ၁၉-၆-၂၀၀၄ နေ့က ယခုလို မိုးလေးတဖွဲဖွဲရွာနေချိန်ဖြစ်ပါသည်။

ကျွန်တော်သည် တစ်လုံးတစ်ပါဒမှ မပြောလိုက်ရလင့်ကစား ဘုန်းဘုန်းနှင့် ဦးပဉ္စင်းတို့ပြောသည့် တရားတော်များကတော့ ကျွန်တော့်အသိဉာဏ်တွင် မွေ့ပျောက်တော့မည်မဟုတ်။ ဤအရာကို ကျိန်းသေသိနေ၏။

ချုံအရိပ်မှ ထွက်လိုက်လျှင် နေရောင်၏အပူသည် မိုးတိမ်များထူထပ်စွာကာဆီးနေခြင်းကြောင့် ထင်သလောက် ပူမနေတော့ပေ။ နေစောင်းချိန်ကြောင့် လည်း ဖြစ်မည်ထင်၏။

တစ်ဖန် လယ်ကွင်းပြင်၏ လေသည် တဖြူးဖြူးတိုက်ခတ်ကာ အတားအဆီးမရှိ ခန္ဓာကိုယ်ကို တိုးဝင်နေကား ကျွန်တော့်စိတ်အလျှင်သည် လွန်စွာကြည်လင်ချမ်းမြေ့နေသည်။ လေတိုးသည့်ခံစားမှုနှင့်အတူ စိတ်၌လည်း ရွှင်ပြန်၍ ရန်ကုန်ကိုရောက်လျှင် အရင်ဆုံး အဖေ့ကို ဝန်ခံတောင်းပန်မည်ဟု အားခဲထားလျက် တက်ကြွသောခြေလှမ်းများဖြင့် ရွာကန်သင်းရိုးများကို ဖြတ်လျှောက်နေမိပေတော့သတည်း။

နတ် မာတာပိတာ အဆိုရာ

သက်ပွ

လှတယ်ကွယ်"

ဆိုပြီး ဘုန်းဘုန်းက ချောင်းဆိုးနေသဖြင့် ကျွန်တော့်မှာ နားထောင်ချင်စိတ်ကို မတားဆီးနိုင်ရကား ဘုန်းဘုန်းမျက်နှာကို ကွက်ကြည့်ကွက်ကြည့်ဖြင့် ကြည့်မိလေသည်။ အာရုံပြတ်သွားသဖြင့် ကိုယ်နေဟန်ကိုပြင်ထိုင်ဖြစ်၏။ ချောင်းဆိုးတာပြတ်သွားသည်နှင့် -

"ရဟန်းတို့ တောင်ပေါ်၌မိုးသည်းထန်စွာရွာသည်ရှိသော် နိမ့်ရာသို့စီးဆင်းသောမိုးရေကြောင့် တောင်ကြားချောက်ကြား၊ မြောင်းငယ်တို့မှစ၍ မြစ်ငယ်မြစ်ကြီး၊ သမုဒ္ဒရာတို့ပြည့်လျှံကုန်သကဲ့သို့ ထို့အတူပင်တဲ့ ရဟန်းတို့အချင်းချင်း ညီညွတ်စွာနေကြသောအခါ၌ ထိုရဟန်းတို့သည် များစွာသောကောင်းမှုကို ပွားစေကုန်တယ်တဲ့။

ဆန်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းဖြစ်သော ဝမ်းမြောက်ခြင်းမုဒိတာဖြင့် မြင့်မြတ်သောနွေခြင်းကို နေကြကုန်တယ်တဲ့။

ဝမ်းမြောက်ခြင်းရှိသူအား နှစ်သိမ့်ခြင်း ပီတိဖြစ်တယ်။ နှစ်သိမ့်သော စိတ်ရှိသူအား ကိုယ်သည် ငြိမ်းချမ်းတယ်၊ ငြိမ်းချမ်းသော ကိုယ်ရှိသူဟာ ချမ်းသာခြင်းသုခကိုခံစားရတယ်။ ချမ်းသာခြင်းရှိသူရဲ့စိတ်ဟာ တည်ကြည်တယ်လို့ ဟောထားတယ် ဦးပဉ္စင်းရဲ့"

"မှန်လှပါဘုရား"

"ဦးပဉ္စင်းကလည်း ဘယ်ပရိသတ်ကို ကြိုက်သတုံး ဟင်း ဟင်း ဟင်း"

ဘုန်းဘုန်းက မေးလည်းမေး၊ ရယ်လည်းရယ်၏။ ထို့ရယ်သံသည် ကျွန်တော့်နားထဲ၌ အတော်ပင်ရိုးသားရင်းနှီးသောအသံဟု မှတ်ချက်ပြုမိပေသည်။

ဦးပဉ္စင်းကို သတိတရကြည့်မိလျှင် ဦးပဉ္စင်းမျက်နှာသည် တစ်စုံတစ်ခုကို တွေးပြီး စိတ်ကျေနပ်ပုံရောက်နေ၏။ ဦးပဉ္စင်းရင်ထဲမှာ အဖြေတွေ့နေပြီဆိုတာ ဒဂ်ခနဲသိလိုက်လေပြီ။ အဖြေတော့မပေး။ သို့တိုင် မျက်နှာအဆင်းသည် အထူးပင်ကြည့်လင်နေလေ၏။ ဘုန်းဘုန်းမျက်နှာကို ကြည့်လိုက်တော့လည်း ဝင်းပလျက် ပကတိတည်ငြိမ်အေးချမ်းနေသည်။

ထိုသို့ရှိနေစဉ် ရွာခံကလေးငယ်က အနားတိုးကပ်လာပြီး ပြန်ချင်ပြီဆိုသောကြောင့် ကျွန်တော်သည်လည်း သူအတွက်သတိရသွားကာ ဦးပဉ္စင်းနှင့် ဘုန်းဘုန်းကို နှုတ်ဆက်ဦးချလျက် ရွာဘက်ကိုပြန်ခဲ့လေသည်။

ဘုန်းဘုန်းရောက်ခါစက ပြောခဲ့သော ရန်ကုန်ဗဟုသုတအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပြောခိုင်းလိုက်လို့လာပြောတာပါ"

ဟု ပြောသဖြင့် -

"အေးပါ သားရယ်၊ ကျေးဇူးပါ"

ဟု ပြောဆိုလိုက်မိပါသည်။

ထိုအချိန်ထိုအခါက တယ်လီဖုန်းလည်းမပေါ်သေး၊ မော်တော်ဆိုင်ကယ်လည်း ခေတ်မစားသေးသောအချိန်ကာလ ဖြစ်ပါ၏။

သို့နှင့် စာရေးသူလည်း အချိန်ဆိုင်းမနေတော့ဘဲ ထီးကလေးဆောင်းကာ စက်ဘီးစီးရင်း စာတိုက်ရှိရာသို့ စီးနင်းထွက်ခွာသွားပါလေတော့သည်။

စာတိုက်သို့ရောက်သောအခါတွင် စာတိုက်မှူး ဒေါ်အေးအေးခိုင်မှ စာရေးသူအား သူရဇ္ဈမဂ္ဂဇင်းစာအုပ်နှင့် စာမူခကိုထုတ်ပေးပါသည်။ စာရေးသူမှလည်း လက်ခံရရှိကြောင်းကို လက်မှတ်ရေးထိုးပေးလိုက်ရပါလေသည်။

စာအုပ်နှင့်စာမူခလက်ခံပြီး၍ပြန်မည်အပြုတွင် ဒေါ်အေးအေးခိုင်မှ -

"ဦး နေပါဦး။ ဦးကိုပြောပြစရာ ရှိလို့"

ဆိုသဖြင့် ကုလားထိုင်တွင်ပြန်လည်ထိုင်ရင်း ဒေါ်အေးအေးခိုင်ပြောလာမည့်စကားကို နားစွင့်လိုက်မိပါသည်။

"ဒီလိုပါ ဦးရယ်၊ ဦးက စာရေးဆရာဆိုတော့ ကျွန်မတို့အိမ်ရဲ့ခပ်လှမ်းလှမ်းမှာနေတဲ့အမျိုးသမီးတစ်ဦးရဲ့မျက်စိမှုန်မှုန်ဝါးဝါးနေရာကနေအစပြုပြီးတော့ ဟိုဆေးသောက်ဒီဆေးမျက်စဉ်းခတ်နေရာကနေ မျက်စိလုံးဝကွယ်သွားတဲ့အထိ ရောက်သွားပြီး ကုသပုံလေးကို ဦးကိုပြောပြချင်လို့ပါ"

ဟု ဆိုလာပါလေသည်။

ထိုမျက်စိကွယ်သွားသူအမျိုးသမီးမှာ ငွေကြေးချို့တဲ့သူအမျိုးသမီးဖြစ်သဖြင့် မြို့တက်ကုသရန်ကလည်း ငွေကြေးမရှိသဖြင့် တောဆေးတောဝါးတို့ဖြင့်ကုသရင်း (၆) လခန့် အချိန်ကုန်လွန်စေခဲ့လေသည်။

တစ်နေ့သ၌ မျက်စိကွယ်နေသူ၏ နေအိမ်သို့ အဘိုးအိုတစ်ဦး အလှူလာခံရင်းက သူမ၏ဖြစ်နေပုံကို သနားသွားသဖြင့် မျက်စိပြန်မြင်နိုင်သောဆေးနည်းအားပေးခဲ့ရာ ထိုအဘိုးအိုပြောသည့်အတိုင်း မျက်စိအား ကုသရာ (၉) ရက်အတွင်း မျက်စိပြန်မြင်သွားသည်ကို ဒေါ်အေးအေးခိုင်ကိုယ်တိုင် မြင်တွေ့သိရှိရသဖြင့် မျက်စိဝေဒနာရှင်များ ယခုကဲ့သို့ကြုံတွေ့လာခဲ့လျှင် ကုသနိုင်ရန်

အတွက် သူမ၏ကိုယ်စား သူရဇ္ဈမဂ္ဂဇင်းမှတစ်ဆင့် အများပြည်သူများထံသို့ ရေးသားပေးပို့ပါရန် မေတ္တာရပ်ခံပြောကြားလာသဖြင့် စာရေးသူမှ ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကုသနည်းမှာ -

ဗောဓိညောင်ပင်အောက်သို့သွား၍ အလိုအလျောက် ကြွေကျနေသော ညောင်ရွက်ပက်လက်ကိုရှာရပါမည်။

ညောင်ရွက်ပက်လက် ဆိုသည်မှာ ညောင်ပင်မှ မြေကြီးပေါ်သို့ကျကျချင်း ပက်လက်အနေအထားညောင်ရွက်ကို ခေါ်ပါသည်။

ကျကျချင်းက မှောက်ခုံဖြစ်နေပြီး အကြောင်းတစ်ခုခုကြောင့် ပက်လက်လန်သွားသည့်ညောင်ရွက်မျိုးမရပါ။

ညောင်ရွက်ပက်လက်မှသာလျှင် ဆေးဖက်ဝင်သည်ဟု ဆိုပါသည်။

ညောင်ရွက်ပက်လက်ရရန်မှာကား လွယ်မယောင်နှင့်ခက်တတ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ညောင်ရွက်တို့သည် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အရွက်များကြွေတတ်ခြင်းမရှိဘဲ တစ်ရွက်စနှစ်ရွက်စလောက်တော့ ကြွေကျခြင်းရှိတတ်ပါသည်။

နွေရာသီအစနှင့် အလယ်တို့တွင် သာကြွေကျမှုများတတ်ပါသည်။ ကြွေကျပြန်တော့လည်း မှောက်ခုံကြွေကျသည်ကများပြီး ပက်လက်ကြွေကျမှုနည်းတတ်ပါသည်။

သို့အတွက်ကြောင့် ညောင်ရွက်ပက်လက်ရရန်ကတော့ စိတ်ရှည်ရှည်ထား၍ စောင့်ဆိုင်းဖို့တော့ဖြင့် လိုအပ်ပါလိမ့်မည်။

မိမိကိုယ်တိုင် ညောင်ပင်အောက်သို့သွား၍ဖြစ်စေ၊ စိတ်ချရသောလူတစ်ယောက်ကိုဖြစ်စေ မျက်မြင်ကိုယ်တွေ့ဖြစ်သော ညောင်ပက်လက်ကိုရရန် အထူးပင် အရေးကြီးလှပါသည်။

ညောင်ရွက်ရပြီဆိုပါလျှင် ဆန်အကောင်းစားနှင့်ချက်၍နှပ်ထားသော ထမင်းအိုး၏အပေါ် ဆုံးမှ ပူပူနွေးနွေး ထမင်း၏ အပေါ်လွှာလေးကို ယောက်မနှင့်ကော်ယူ၍ ညောင်ပက်လက်ရွက်အား ကတော့ပုံသဏ္ဌာန်ပြုလုပ်ပြီးထည့်ရပါမည်။

ပြီးလျှင် မျက်စိဝေဒနာရှင်၏ မျက်စိတို့အား ညောင်ရွက်ပက်လက်ကတော့ဖင်နှင့်တော့၍ ညောင်ရွက်ပက်လက် အဝဘက်မှ လူတစ်ဦးက ပါးစပ်လေဖြင့်မှုတ်ပေးရပါမည်။

မှုတ်လိုက်သောအခါ အငွေ့များသည် မျက်စိထဲသို့ဝင်သွားပြီး မကြာခင် အဖြူဖတ်ကလေးများ မျက်စိနှစ်ဖက်မှ ထွက်လာပါလိမ့်မည်။

ထွက်၍လာသောအဖြူဖတ်များကို အဝတ်သန့်သန့်နှင့်ဖယ်ပေးရပါမည်။ ပြီးနောက် သန့်စင်သောရေနှင့် မျက်နှာသစ်ရပါမည်။

တစ်ခါလုပ်ပြီးတိုင်း အငွေ့ကုန်သွားသည်နှင့် ညောင်ပက်လက်ရွက်ရော ထမင်းပူရော အသစ်လဲလှယ်မှုတ်ပေးရပါမည်။

ထိုကဲ့သို့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ပြုလုပ်ပေးပါက (၃) ရက်မြောက်နေ့တွင် မျက်စိဝေဒနာရှင်သည် အလင်းရောင်များစတင်တွေ့ရမှာဖြစ်ပြီး (၉)ရက်မြောက်နေ့တွင် အရာဝတ္ထုအားလုံးကို မြင်တွေ့လာရကာ တစ်ယောက်တည်း ဟိုသွားဒီသွားပင်သွားလို့ရနိုင်ပြီဖြစ်ပေသည်။

ဆေးကုသနည်းမှာ ဤမျှသာဖြစ်ပြီး ငွေကြေးကုန်ကျမှုမရှိ လွယ်ကူစွာဖြင့် ကုသနိုင်သည့် ထိရောက်သောရှေးနည်းပညာကောင်းတစ်ခုဖြစ်ပါသဖြင့် ပြည်သူပြည်သားအပေါင်းထဲမှ စာရေးသူ တင်ပြသလိုမျိုးရောဂါများကြုံတွေ့လာခဲ့ပါလျှင် အသုံးပြုနိုင်ကြပါစေရန် ရည်သန်၍ မေတ္တာစေတနာဖြင့် ရေးသားလိုက်ရပါပေသည်။

ဤဆေးနည်းသည် ဖြစ်ခါစနှင့် ဖြစ်ပြီး တစ်နှစ်တာမျှကြာပြီဖြစ်သော မျက်စိဝေဒနာရှင်များသာ ရောဂါကို ပျောက်ကင်းစေပါသည်။

ဆေးနည်းပြောပြသောစာတိုက်မှူး ဒေါ်အေးအေးခိုင်အား အထူးကျေးဇူးတင်စွာဖြင့် -

ဦးကိုကိုကြီး (စစ်ခေါင်းခေး)
ကစစ(ဒုံ)၊ ထုံးဘို

www.burmeseclassic.com

www.burmeseclassic.com

(မိုးကုတ်) နေသူဒွဂျိုင်
ဘေးအန္တရာယ်အစုံ တိုပြည်သူတွေ ကြုံခဲ့ရပါတကား

မဟူရာညသည် ပိန်းပိတ်အောင် မှောင်နေသည်။ လကွယ်ညပေကိုး မှောင်ပေမည်ပေါ့။ ထိုအမှောင်ကို အကာအကွယ်ပြု၍ လူတစ်စုသည် ခရီးတစ်ခုကို ခိုတက်နေကြသည်။ သူတို့ကား ရွှေဘိုအရံရဲတိုက်ခိုက်ရေးတပ်စိတ် တစ်စိတ်ပါတည်း။ ၎င်းအဖွဲ့ကို ရာဇဝတ် အုပ်လေး ကိုသိမ်းဆွေက ဦးဆောင်သည်။ တပ်ဖွဲ့စည်းပုံအင်အားအပြည့် အဖြစ် (၁၃) ယောက် ပါဝင်သည်။ ထိုအထဲတွင် နယ်ရဲဖြစ်သော စာသင်ကြီး ဦးဖိုးခြုံ ဦးစီးသော ရဲသား (၃) ယောက် ပါဝင်၏။ အချိန်ကာလကား မြန်မာနိုင်ငံလွတ်လပ်ရေးပြီးစထက္ကြာသော သောင်းကျန်းသူများ ကြီးစိုးနေသောအချိန် ၁၉၅၂ ခုနှစ်ဝန်းကျင် ဖြစ်သည်။ မြန်မာပြည်အထက်ပိုင်း မန္တလေးမြို့ကို ကေအင်ဒီအိုများနှင့် ရောင်စုံသောင်းကျန်းသူတို့ သိမ်းပိုက်ထားသည်ကို ဗမာ့တပ်မတော်မှ တိုက်ထုတ်လိုက်သောအခါအချိန် ဖြစ်သည်။ မန္တလေးမှ ဆုတ်ခွာခဲ့ကြသော သောင်းကျန်းသူများသည် ကရင်တပ်များမှအပ ကျန်တပ်များမှာ ရွှေဘိုခရိုင်၊ မုံရွာခရိုင်များဘက်သို့ ဆုတ်ခွာရောက်ရှိလာခဲ့ကြသည်။ ရွှေဘိုခရိုင်တွင်လည်း ဝက်လက်မြို့၊ ရေဦးမြို့များကို သောင်းကျန်းသူတို့ သိမ်းပိုက်ထားရာမှ ပြည်ထောင်စု စစ်ရဲတပ်ဖွဲ့ (ယူအမ်ပီ) နှင့် အရန်တိုက်ရဲတပ်ဖွဲ့တို့၏ ပြန်လည်သိမ်းပိုက်ခြင်းခံရကာ ကျေးလက်တောရွာများသို့ ဆုတ်ခွာသွားခဲ့ရသည်။

ရွှေဘိုမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများကို သောင်းကျန်းသူတို့ ကြီးစိုးနေသောကာလဟု ဆိုနိုင်သည်။ ရွှေဘိုမြို့၏ အရှေ့ဘက်ခြမ်းမြစ်ဒီးတစ်လျှောက် သပိတ်ကျင်းနယ်များတွင် အလံနီကွန်မြူနစ်များကြီးစိုးနေသကဲ့သို့ ရွှေဘိုမြောက်လက် ခင်ဦး၊ ရေဦး၊ ကန့်ဘလူနယ်များတွင်လည်း ရဲဘော်ဖြူများ၊ ဗကပများ ကြီးစိုးနေကြသည်။ ရွှေဘိုတောင်ဘက် ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ်နယ်စပ်တို့တွင်လည်း ရဲဘော်ဖြူနှင့်ဗကပတို့ရှိနေကြသည်။ ရွှေဘိုအနောက် မူးမြစ်ဝှမ်းတစ်ဝိုက်မှာတော့ အလံနီများ၊ ရဲဘော်ဖြူများရှိနေကြပါသည်။ ရွှေဘိုမြို့၏ မြို့တွင်းမှအပ ကျန်ကျေးလက်များတွင် သူပုန်ရောင်စုံတို့ကျက်စားရာဒေသ ဖြစ်နေ၏။ မြို့ကိုပင် ဘယ်နှစ်ကာယ်အချိန်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဝင်သိမ်းမည်လဲဟု စိုးရိမ်နေကြရသည်ကို ထိုသို့သောဘေးရန်တို့ကို ကာကွယ်ရန် အာဏာပိုင်တို့ အပြင်းအထန် ကြိုးစားနေကြရသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသအနှံ့ အပြားတွင်လည်း သူပုန်တို့က မြို့ပေါင်းများစွာကို သိမ်းပိုက်ခဲ့ကြရာ တပ်မတော်မှ ပြန်လည် တိုက်ခိုက်နေရလေသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံအထက်ပိုင်း မြို့အချို့အတွက် တပ်မတော်အင်အား ကိုမသုံးနိုင်ခဲ့ကြပါ။ ပြည်ထောင်စုစစ်ရဲ တပ်နှင့် တိုက်ခိုက်ရေးအရန်ရဲတို့ကိုသာ အားကိုးနေကြရ၏။ ယခင်အဖွဲ့စည်း ထားခဲ့သော ပုလိပ်ခေါ် ရဲတို့မှာလည်း တရားဥပဒေစိုးမိုးရေး၊ ရာဇဝတ်မှုများ ပပျောက်ရေး၊ မြို့အုပ်ချုပ်ရေးများတွင် တာဝန်ယူနေကြရသည်။ တိုက်ရေးခိုက် ရေးများအတွက် တိုက်ရဲအဖွဲ့ကိုသီးသန့် ဖွဲ့ခဲ့ကြရသည်။ အရန်ရဲတိုက်ခိုက်ရေး တပ်များကို အရေးပေးဖွဲ့စည်းခဲ့ကြရာ တပ်စုမှူးရာဇဝတ်အုပ်ကလေးများသည် မန္တလေးရဲအတက်သင်ကျောင်းဆင်းများ မဟုတ်ခဲ့ကြရပါသည်။ နယ်ရဲရာဇဝတ် အုပ်များ၊ သာရဲဆပ်ကျောင်းဆင်းများ ဖြစ်ကြပြီး ၎င်းတို့သည် ရဲလုပ်ထုံးလုပ် နည်းများနှင့်ဥပဒေရေးရာများကိုကျွမ်းကျင် ကြသည်။ အရန်ရဲအုပ်များကို ခရိုင်ရဲဝန် ကြီးက ခန့်အပ်ပိုင်ခွင့်ရှိသည်။

ရာဇဝတ်အုပ်လေး ကိုသိမ်းဆွေ တို့လို ရဲအုပ်များသည် ခရိုင်ရဲဝန်ကခန့် ထားသောသူများဖြစ်ကြသည်။ စာသင် ကြီး ဦးဖိုးခြုံမှာ လွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ်ကပင် ပုလိပ်အဖွဲ့ခေါ် ရဲတပ်ဖွဲ့ထဲဝင်ခဲ့သူဖြစ်ပြီး တိုက်ခိုက်ရေး တွင်မကျွမ်းကျင်သော်လည်း ရာဇဝတ်မှု များစုစွမ်းဖော်ထုတ်ရာတွင် ကျွမ်းကျင် လှသည်။ ပညာတတ်မဟုတ်၍သာ စာသင်ရဲကြပ်ကြီးရာထူးတွင် ရပ်တန့်နေ ရသူဖြစ်၏။ အသက်အရွယ်ကလည်း (၅၅) နှစ်ရှိနေပြီး ပင်စင်ယူခါနီးဖြစ် သည်။ ထို့ကြောင့် ဂါတ်စာရေးပင်မလုပ် တော့ဘဲ ကင်းလှည့်၊ တရားရုံးသို့ တရားခံပို့စသည်တို့လောက်သာလုပ်နေ တော့သည်။ ယခုတိုက်ခိုက်ရေးရဲများနှင့် ပါလာရခြင်းမှာလည်း ဌာနပိုင်ကြီး ဦးမျိုးဝေမှ မြို့ပတ်ဝန်းကျင်ရှိ ဝရမ်းပြေး များ၊ ဓားပြများ၊ နွားခိုးများ၏ သတင်းကို ရယူလို၍ အတွေ့အကြုံရှိသော ရဲကြပ်ကြီး ဦးဖိုးခြုံကိုထည့်လိုက်ခြင်းဖြစ်သည်။

"မောင်သိမ်းဆွေ၊ ဘယ်နှနာရီ ရှိပြီလဲဟေ့"

"ရှစ်နာရီလောက်တော့ရှိပြီ အဘ ခြုံရေ၊ ဘာပြုလို့လဲ"

ရှိနေရာမဟာနန္ဒာကန်တော်ကြီး၏ကန် ပေါင်ရိုးပေါ်မှ ပတ်ဝန်းကျင်ကို မျက်စိ ကစားကြည့်လိုက်သည်။ ကန်အတွင်းရှိ ဘရင်ဂျီဘာသာဝင်တို့နေထိုင်ရာ မေဉ္ဇန် ရွာလေးက မီးရောင်တလက်လက်လေး ကိုတွေ့မြင်ရ၏။ ကန်တော်ကြီး၏ အနောက်ဘက်၌ရှိသော ဥယျာဉ်တော် ရွာ၊ ထနောင်းဝန်းရွာ၊ ပိတောက်ခေါင်း ရွာ၊ နွားကုတ်ရွာတို့ကို မမြင်ရပါ။

"မောင်းသိမ်းဆွေရေ၊ တို့အခု ရောက်နေတာက ရွှေဘိုရဲ့အရှေ့မြောက် ကန်တော်ကြီးရဲ့ အရှေ့ဘက်အစွန်းပိုင်း မှာဆိုတော့ ရှေ့ဆက်သွားရင် ခင်ဗျား နယ်စပ်၊ သပိတ်ကျင်းနယ်စပ်ကိုရောက် သွားနိုင်တယ်"

"ဆိုစမ်းပါဦး အဘခြုံရယ်၊ အဘက ဘာကိုပြောချင်တာလဲ"

"ဒီလိုရှိတယ်ကွ၊ ဟိုမောင်သောင်း ကျန်းတွေကလည်း ညဘက်မှာလှုပ်ရှား တတ်ကြတာဆိုတော့ တို့သတိရှိမှဖြစ် မယ်။ တို့တာဝန်က မြို့လုံခြုံရေးအတွက် ကင်းထောက်တာဆိုတော့ ရန်သူနဲ့ထိတွေ့ မှုကို ရှောင်နိုင်သမျှရှောင်တာအကောင်း ဆုံးပဲ"

ရာဇဝတ်အုပ်လေး ကိုသိမ်းဆွေ သည် အနည်းငယ် အသံထွက်အောင် ရယ်လိုက်သည်။ ပြီးမှပြောလာ၏။

"အဘခြုံရယ် စိုးရိမ်ရန်ကောဗျာ။ ကျွန်တော်တို့မှာ လက်နက်ဖွဲ့စည်းပုံ အပြည့်ပါပါတယ်။ ဘရင်းတစ်စုံ၊ စကင်း နှစ်လက်၊ မော်တာတစ်ခု၊ ရိုင်ဖယ်ကိုး လက်၊ တပ်သား (၁၃) ယောက်ပါ။ ဒီ အကောင်တွေလာစမ်းပါစေ ဆော်ပစ် လိုက်မှာပေါ့"

စာသင်ကြီး ဦးဖိုးခြုံသည် ဖျတ်လတ် တက်ကြွ၍ ရဲရင့်သောစကားဆိုပြောလာ သည့် ရာဇဝတ်အုပ်လေးအား ခွန်းတုံ့ပြန် မငြင်းတော့ပါ။ လူငယ်လူရွယ်များ၏ စိတ်ဓာတ်ကို အသိအမှတ်ပြုလိုက်ပါ သည်။ ရာဇဝတ်အုပ်လေးကိုသိမ်းဆွေမှ သူ့စကားကိုပြန်ထိန်းသောအားဖြင့် ဦးဖိုး ခြုံကို စကားတစ်ခွန်းမေးလိုက်ပါသည်။

"အဘခြုံ၊ အဘကဘယ်လိုများ စိတ်ကူးရှိနေလို့လဲ"

"ထွေထွေထူးထူးတော့မဟုတ်ပါ ဘူးကွာ။ တို့တစ်တွေ နယ်မကျပေဘဲ မြောင်းကြီးရွာ၊ မဠီးကုန်းရွာ၊ မင်းကျောင်း ရွာတွေဘက်ဦးတည်ရရင်ကောင်းမလား လို့ပါ။ အဲဒီရွာတွေကလည်း မြို့နဲ့ (၂)မိုင် ကွာလောက်မှာရှိနေကြတာဆိုတော့ လုံခြုံ ရေးယူပြီးသားဖြစ်နိုင်လို့ပြောရတာပါ"

"တောင်းပန်ပါတယ် အဘခြုံ။ ခရီးကျွံသွားရင် အခိုန်မီပြန်မရောက် လောက်ဘူး"

တိုက်ကင်းရဲတပ်စိတ်လေးသည် မဟာနန္ဒာကန်ပေါင်ရိုးပေါ်မှ တောလမ်း လေးဆီသို့ဆင်းခဲ့ကြသည်။ ကန်တော် ကြီးမှလှဲရေများကိုလွှတ်သောချောင်းလေး ကိုဖြတ်၍ ကန်လေးတစ်ခုပေါ် သို့တက် လိုက်ကြပြန်ပါသည်။ ရွှေဘိုမြို့နယ် သည် မိုးခေါင်ရေရှားအရပ်ဖြစ်ပေရာ သစ်ကြီးဝါးကြီးများမရှိပါ။ ယခုခင်တန်း လေးတစ်လျှောက်မှာလည်း ထန်းပင်၊ ဒဟတ်ပင်၊ ထနောင်းပင်၊ တမာပင်လေး များသာကွက်တိကွက်ကျားပေါက်နေကြ ပါသည်။ အများစုတို့မှာကား ဆီးချဉ်၊ ကင်ပွန်းချဉ်၊ နဘူးချဉ်၊ မိုးနှံချဉ်တို့သာဖြစ် ကြသည်။ မြေပြင်ကလည်း ကျောက် စရစ်တောဖြစ်သည်။ခင်တန်းလေးပေါ်ရှိ လှည်းလမ်းလေးအတိုင်း တဖြည်းဖြည်း ချီတက်ခဲ့ကြသည်။ ဦးတည်ရာကား စစ်ကျန်လေယာဉ်ကွင်း၏ အရှေ့ဘက် တွင်ရှိသော မြောင်းကြီးရွာကလေးသို့ ဖြစ်သည်။

"ခဏနားကြမယ် ရဲဘော်တို့။ ရှေ့ခရီးကို ဒီအတိုင်းသွားလို့မဖြစ်ဘူး။ ကင်းထိုးသွားမှရမယ်။ သောင်းကျန်းသူ တွေကလည်း ညဘက်မှာလှုပ်ရှားတတ် ကြတယ်မဟုတ်လား"

"ဟုတ်တယ် ဆရာသမိန်းဆွေ၊ ကျွန်တော်တို့ကင်းထိုးသွားမှကောင်းမယ်"

ဒုရဲကြပ်ကျော်ခင်ကဝင်ပြောလာ ပါသည်။ ကျော်ခင်သည် အသက် (၂၅) နှစ်ခန့် လူငယ်လူရွယ်ဖြစ်ပြီး စစ်ရေးတွင် တက်ကြွသူတစ်ဦးလည်း ဖြစ်သည်။ စကားပြောကတော့ သိပ်မညှင်သာလှ ပါ။ မထင်ရင်မထင်သလို တည့်တိုးပြော တတ်သူဖြစ်သည်။ အများက လူဘုကန့် ကလန့်ခွဲစာဟုသတ်မှတ်ထားကြသည်။

"အေးအေး - ကျော်ခင် မင်းပဲ ဦးဆောင်ပြီး ရဲဘော်သုံးယောက်လောက် နဲ့ ကင်းထိုးတက်ကွာ။ တို့နဲ့ဆိပ်မကွာစေ နဲ့၊ သတိဝီရိယလည်းရှိပါစေ"

"စိတ်ချပါ ဆရာရယ်၊ ဒီလမ်း ကြောင်းမှာတွေ့ရင်လည်း သပိတ်ကျင်း နယ်ထဲ အလံနီကိုသော့်အဖွဲ့နဲ့ ခင်ဗျားနယ် ထဲကရဲဘော်ဖြူဗိုလ်မျိုးညွှန့်အဖွဲ့တွေပဲဖြစ် နိုင်မယ်။ ဒီကောင်တွေက ငယ်နိုင်တွေ ပါ"

"အေး - ဟုတ်တယ်ကွ၊ အလံနီ တွေ မူးမြဲဘက်က သူတို့လူတွေဆီကိုရှာ ရင် ဒီလမ်းကပဲကူးတတ်တယ်။ ရဲဘော် ဖြူတွေလည်း ရှောင်ဘက်သွားရင် ဒီလမ်း ကပဲလေ"

www.burmeseclassic.com

www.burmeseclassic.com

ဦးတည်ထားရာ မြောင်းကြီးရွာ အရောက် နောက်ထပ်တစ်နာရီခွဲခန့် လျှောက်ကြရဦးမည်ဖြစ်၏။ ရွာရောက်မှ ခေတ္တနားကြမည် ဖြစ်၏။ ရဲတပ်စိတ်လေးသည် ခပ်မှန်မှန်ချီတက်နေကြရာ စစ်ဖိနပ်သံမှလွဲ၍ အခြားမည်သည့် အသံမှထွက်မလာပါ။ ပတ်ဝန်းကျင်မှ ပုရစ်မြည်သံလေးများနှင့် တစ်ခါတစ်ရံ ချုံပုတ်ငှက်လေးများပြေးလွှားခုန်ပေါက်သံကိုကြားရတတ်သည်။သားကောင်ကြီးများ ခဲအောင်းနိုင်သောတောမဟုတ်၍လည်း အန္တရာယ်မရှိပါ။ ချေလိုသတ္တဝါငယ်ကလေးများပင် ရွာခံမုဆိုးများနှင့် သောင်းကျန်းသူတို့၏လက်ချက်ကြောင့် မျိုးတုန်းလုနီးပါးဖြစ်ခဲ့ရသည်။ ခရီးတွင်းသည်ဟုပြောရပေမည်။ မကြာမီပင် ခင်ဦးနှင့် သပိတ်ကျင်းဘက်မှလာသော လှည်းလမ်း၊ ရွှေဘိုမှအရှေ့ဘက်ထွက်သောလှည်းလမ်းနှင့် ယခုတိုက်ရဲကင်းများချီတက်လာရာအနောက်ဘက်မှလာသော လှည်းလမ်းတို့ဆုံရာလမ်းသုံးခွဆုံသို့ရောက်တော့မည်ဖြစ်သည်။ ထိုစဉ်တွင် ရှေ့ကင်းထိုးထားသော ဒုရဲကြပ် ကျော်ခင် လှည်းလမ်းကြောင်းပေါ် တွင် ရပ်စောင့်နေသည်ကို တွေ့ရသည်။

"ဘာလဲဟေ့ ကျော်ခင်"

"ဆရာသိမ်းဆွေ၊ ရှေ့မှာလှည်းလမ်းလာနေသံကြားရတယ်။ အဲဒါဘယ်လိုလုပ်မလဲလို့မေးမလို့ပါ"

ဒုရဲကြပ်ကျော်ခင်သည် ရာဇဝတ်အုပ်လေးကိုသိမ်းဆွေအား တီးတိုးလေသံလေးဖြင့် သတင်းပို့လာသည်။ ကိုသိမ်းဆွေက ကျော်ခင်ကိုလုံးဝစိတ်ချယုံကြည်ထားသည်မို့လည်း ဘယ်လိုသိတာလဲဟုမမေးတော့ပါ။ အခြားသူများကတော့ မကြားရသေးပါ။ ကြားသူက သတင်းပို့နေပြီမဟုတ်ပါလား။

"သေချာပါတယ် ဆရာရယ်၊ ကျွန်တော် မြေကြီးကို နားနဲ့ကပ်ပြီး နားထောင်ခဲ့ပြီးပြီ။ လှည်းဘီးသံပတ်နဲ့ကျောက်စစ်ရစ်ခဲတိုက်သံကြားရတယ်။ အလွန်ဆုံးဝေးလှမှိုင်ဝက်ပဲ"

ကျော်ခင်၏ သတင်းပို့သံကိုကြားလိုက်သော ဦးဖိုးခြုံက အကြံပြုလာပါသည်။

"ဒီလိုလုပ်စို့ကွာ၊ တို့ကင်းထိုးတွေက လမ်းဘေးဝဲယာကဝပ်ပြီးနေရာယူထား။ သောင်းကျန်းသူတွေဆိုရင် သူတို့လည်း ကင်းထိုးနဲ့လာမှာပဲ။ သေချာရင် ချုံခိုတိုက်ခိုက်ကြတာပေါ့"

"ဟုတ်တယ် ကျော်ခင်၊ မင်းတို့အဘခြုံပြောသလို နေရာယူထား။ သူတို့ကင်းထိုးဝင်လာရင် ချေမှုန်းပစ်ကွာ။ တို့က လှည်းပေါ် ကအကောင်တွေကိုရှင်းမယ်။ သောင်းကျန်းသူတွေသာဟုတ်ရင် မူးယစ်သောက်စားပြီး လှည်းပေါ် မှာအိပ်လိုက်လာမှာအသေအချာပဲ။ ငါတို့ ငါးခဲထိုးဓာတ်မီးတွေ တစ်ပြိုင်တည်းထိုးပြီး တိုက်ကြတာပေါ့"

ဒုရဲကြပ်ကျော်ခင်မှ သေချာအောင် ထပ်မံပြီးမေးလာပြန်ပါသည်။

"ဆရာရေ၊ သောင်းကျန်းသူတွေဆိုရင်တော့ ဆရာတို့ပြောသလိုလုပ်ရုံပေါ့။ တကယ်လို့များ အရပ်သားလှည်းဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ရပါတယ် ကျော်ခင်ရာ၊ မင်းတို့ဆီက သေနတ်သံထွက်မလာဘူးဆိုရင် အရပ်သားလှည်းပေါ့ကွာ။ တို့နားရောက်မှ မီးနဲ့ထိုးစစ်ဆေးကြည့်ကြတာပေါ့"

ကျော်ခင်ပြောသလိုပင် လှည်းသံကိုကြားလာရပြီဖြစ်သည်။ လှည်းသံပတ်နှင့် ကျောက်စရစ်ခဲကြိတ်သံက မတိုးမကျယ်မြည်နေပါသည်။ လကွယ်ညဖြစ်သည့်အတွက် အမှောင်က စိုးမိုးထားသော်လည်း ကြယ်ရောင်စုံလေးများကရှိနေသေးသည့်အတွက် လှည်းတစ်စီးလုံးကိုတော့ ဝိုးတဝါးမြင်နိုင်ပါသည်။ တပ် စိတ်တစ်ခုလုံး ငြိမ်သက်စွာစောင့်ဆိုင်းနေကြသည်။ ရင်ခုန်သံကတော့မြန်နေကြ၏။ သေနတ်မျိုးစုံ၏ခလုတ်မောင်းကွင်းထဲတွင် လက်ညှိုးထည့်ကာ မြေပြင်တွင်ဝပ်၍နေကြသည်။ လှည်းသံနှင့်အတူ နွားများကိုငေါက်ငမ်းမောင်းလာသံကို ကြားနေရသည်။ တဖြည်းဖြည်းနီး၍လာပေရာ ဆီးချုံတစ်ချုံနှစ်ချုံလွန်လျှင် ကျော်ခင်တို့သတ်ကွင်းထဲသို့လှည်းရောက်လာတော့မည်ဟု ခန့်မှန်းလိုက်သည်။

ကျော်ခင်တို့၏ သတ်ကွင်းထဲသို့ လှည်းဝင်လာခဲ့ပါပြီ။ အားလုံးက ကျော်ခင်တို့ထံမှ ရန်သူကင်းတိုးကိုပစ်မည့်သေနတ်သံကိုမျှော်နေကြပါသည်။ သို့သော် သေနတ်သံထွက်မလာပါ။ ကိုသိမ်းဆွေ ဆုံးဖြတ်ချက်ချလိုက်သည်။ ရန်သူလှည်းမဟုတ် အရပ်လှည်းဖြစ်ရပေမည်။ ရန်သူဆိုလျှင် ကျော်ခင်လိုလူကလက်လွတ်ခံမည်မဟုတ်ဟု ယုံကြည်သည်။ ထို့ကြောင့် အနီးရှိ ဦးဖိုးခြုံအား တံတောင်နှင့်အသာတွတ်သတိပေးလိုက်ကာ လှည်းလမ်းပေါ် သို့ ခုန်ဝင်လိုက်ပါသည်။ တစ်ပြိုင်နက်လည်း ငါးခဲထိုးအဲဗားရယ်ဒီဓာတ်မီးရောင်များက လှည်းပေါ် သို့ထိုးကျသွားသည်။

"ကျွန်တော်တို့ရွာသားတွေပါဗျို့၊ မပစ်ကြပါနဲ့ မပစ်ကြပါနဲ့"

လှည်းပေါ် မှ ယောကျ်ားကြီးတစ်ယောက်၏ ကုန်းအော်သံကိုကြားလိုက်ရသည်။ ကိုသိမ်းဆွေတို့သုံးလေးဦး မီးထိုးရင်းတိုးကပ်သွားကြသည်။

"ခင်ဗျားတို့ဘယ်သူတွေလဲ၊ ဘယ်ရွာကလဲ၊ ဘယ်သွားမလို့လဲ"

ကိုကျော်ခင်ထံမှ လိုရင်းတိုရှင်းသောမေးခွန်းက ခပ်မာမာလေသံဖြင့် ပေါ် ထွက်လာသည်။

"ကျွန်တော်တို့က ဥဖျာဥတော်ရွာနဲ့ပိတောက်ခေါင်းရွာကြား ထန်းတောထဲတိုက်ကလူတွေပါခင်ဗျာ။ ကျွန်တော့် နာမည်ထွန်းကျော်လို့ ခေါ် ပါတယ်။ လူမမာဆေးသွားကုပြီးပြန်လာကြတာပါ"

ဒုရဲကြပ်ကျော်ခင်သည် ဖျတ်လတ်စွာ လှည်းပေါ် သို့ခုန်တက်လိုက်ပါသည်။ ရှေ့မှလည်းမောင်းသမားကို 'ခင်ဗျား၊ ငြိမ်ငြိမ်နေ။ ကျုပ်စစ်ဆေးစရာရှိတာစစ်ရဦးမယ်' ဟုပြောဆိုရင်း ဦးထွန်းကျော်၏ရင်ခွင်ထဲတွင် စောင်ကိုခေါင်းမြီးခြုံအိပ်လိုက်ပါလာသောလူမမာကို ကြည့်ရှုရန် စောင်ကိုဆွဲလှစ်ပြီး မျက်နှာကိုကြည့်လိုက်သည်။ ကျော်ခင်နှုတ်မှ ဟာခနဲ တစ်ချက်မြည်တမ်းလိုက်သည်။

တစ်ဆက်တည်း -

"ဒါလူမမာလားဗျ၊ လူမမာဆို ပျော့ခွေနွမ်းဖတ်နေရမှာ။ အခုဟာက စားမတတ်တော့ဝါးမတတ်တောမယ့် မျက်နှာနဲ့ လူကိုမျက်စောင်းထိုးကြည့်နေလိုက်တာ။ ဟင်း - ငါလုပ်လိုက်ရင်နာတော့မယ်နော်။ မိန်းမလေးဖြစ်နေလို့သာသက်သာသွားတယ်မှတ်"

"ဟေ့ - ကျော်ခင်၊ ဘာဖြစ်နေလို့လဲ"

"ဟိုစောင်ခြုံထဲကလူကို လူမမာပါဆိုလို့ကြည့်တာပါ ဆရာဆွေရေ။ မိန်းကလေးပါ။ ဒါပေမယ့် လူမမာရှပ်မပေါက်ဘူး"

"နေ နေ၊ ငါအဘခြုံကိုခေါ် လိုက်မယ်။ အဘရေခဏကြွပါဦး"

ရာဇဝတ်အုပ်လေး ကိုသိမ်းဆွေသည် လူမမာပါဆိုလာသည့်အတွက် ဦးဖိုးခြုံကိုလှမ်းခေါ် လိုက်ခြင်းဖြစ်သည်။ ဦးဖိုးခြုံသည် မြန်မာဝိဇ္ဇောဆေးဆရာဖြစ်ရုံမက အမှောင့်ပယောဂများကိုပါ ကုသနိုင်သော မနောမဟိဒ္ဓိအထက်တန်းကျင့်ဝင်ဆရာကြီး ဖြစ်သည်။ သူ့လက်ရာတွင် လွယ်အိတ်ကြီးတစ်လုံးနှင့် ဆေးပေါင်းစုံထည့်လာလေ့ရှိသည်။ ယခုလွယ်ထားသော လွယ်အိတ်ကြီးထဲတွင် ဗမာဆေးမျိုးစုံအပြင် ပယောဂကုသရာတွင်သုံးသော စိပ်ပုတီး၊ ဓားမဲနန်း၊ အင်းချပ်မျိုးစုံ၊ ချည်မန်းလွှဲ၊ ယက္ခရုပ်တု၊

www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီရုပ်တု၊ နွားရုပ်တု စသည်အစုံအလင်ပါလာပါသည်။

"ဘာဖြစ်နေလို့လဲဟေ့"

ဦးဖိုးခြုံက ရှေ့သို့တိုးဝင်လာရင်း မေးလိုက်သည်။

ကိုသိမ်းဆွေမှ -

"အဘရေ့၊ လှည်းပေါ်မှာ လူမမာပါလာတယ်ဆိုပဲ။ ကျော်ခင်ကတော့ လူမမာရုပ်မပေါက်ဘူး။ ကြည့်ပုံရှုပုံက မာရေကျောရေနဲ့လို့ပြောနေတယ်။သက်မကင်းလည်ဖြစ်နေတယ်"

ဦးဖိုးခြုံက -

"ငါကြည့်လိုက်ပါဦးမယ်"

ဟုပြောရင်း လှည်းပေါ်ကိုတက်လိုက်ပါသည်။

လူမမာမိန်းကလေး၏စောင်ခေါင်းမြီးခြုံသို့လှမ်း၍ကြည့်လိုက်ရာ ဦးဖိုးခြုံအံ့အားသင့်သွားပါသည်။ တစ်ဆက်တည်း 'ဟိတ်' ဟု မာန်ပါသောအော်သံကိုပြုရင်း -

"အကျွန်ုပ်၏အစောင့်အရှောက်များ ဒီအယုတ်တမာမိစ္ဆာမကို ချုပ်ထားလိုက်ကြ"

ဟု ရေရွတ်လိုက်ပါသည်။

ပြီးမှ အေးဆေးစွာ လှည်းပေါ်မှဆင်းလာခဲ့သည်။ အောက်ရောက်သည်နှင့် ရာဇဝတ်အုပ်လေး ကိုသိမ်းဆွေကိုလက်တို့ကာ ဘေးသို့ခေါ်ထုတ်သွားခဲ့သည်။

"မောင်သိမ်းဆွေရေ၊ တို့တစ်တွေ ဌာနာကို အမြန်ဆုံးပြန်မှဖြစ်တော့မယ်။ အဘအထင်ပြောရရင် ဌာနာမှာလူသတ်မှု၊ လူသေမှုနဲ့ အလောင်းတစ်လောင်း တောင်ရောက်နေလာက်ပြီ။ ဒီလှည်းပေါ်ကလူတွေဟာ လူသတ်မှုတွေနဲ့ပတ်သက်နေတယ်"

ကိုသိမ်းဆွေသည် ဘာမှနားမလည်နိုင်တော့သည့်အနေအထားနှင့်အံ့အားသင့်သွားရသည်။ အဘခြုံကဲ့သို့သောလူကြီးတစ်ဦး၏စကားကို ငြင်းပယ်ရန်အကြောင်းမရှိဟုလည်း ယူဆလိုက်သည်။ ထူခြားသည့် အကြောင်းအရာတစ်စုံတစ်ခုရှိ၍ သာပြောသည်ဟုလည်း ယုံကြည်လိုက်ပါသည်။ ထို့ကြောင့် ရဲဘော်များအားလုံးကြားအောင် အမိန့်ပေးလိုက်ပါသည်။

"ဂဲ - ရဲဘော်တို့အားလုံးနားထောင်၊ တို့တစ်တွေ ဒီနေရာကနေ တပ်ဆုတ်ပြီး ဌာနာကိုပြန်ဝင်ကြမယ်။ ရွှေဘို-ကျောက်မြောင်းကားလမ်းအတိုင်း ပြန်ဝင်မယ်။ ဘယ်ရွာမှမဝင်တော့ဘူး။ အခု ည (၉) နာရီထိုးပြီ။ (၁၁) နာရီလောက်ဆို ဌာနာပြန်ရောက်နိုင်တယ်။ လှည်းပေါ်ကလူတွေ ခင်ဗျားတို့ကို ကျုပ်တို့ မသက်ဉာမှန့် ဌာနာခေါ်သွားရလိမ့်မယ်။ ဘာမှမစိုးရိမ်ကြပါနဲ့။ တရား ဥပဒေအတိုင်းဖြစ်စေရမယ်"

ရဲဘော်များအားလုံးသည် ပြန်ရသည့်ပြဿနာဇာတ်မြစ်ကို မသိကြသော်လည်း ဌာနာကိုပြန်ဝင်ရမည်ဆိုတော့ ဖျော်သွားကြသည်။ သို့မဟုတ်ပါက ရွာစဉ်လှည့်ပြီး မနက်ပိုင်းမှ ဌာနာကို ဝင်ကြရမည်မဟုတ်ပါလား။ မသက်ဉာဖွယ်ရာတရားခံများပါလာ၍ စိတ်လှုပ်ကိုယ်လှုပ်တော့ပြန်လို့မရမှန်းသိလိုက်ကြပါသည်။

■

ဤသို့ဖြင့် ည ၉ (၁၂) နာရီထိုးခါနီးတွင် ရွှေဘို၌ဌာနာဝင်းထဲသို့ရောက်ခဲ့ကြသည်။ လှည်းပါနေ၍ မှန်းထားသည့်အထိ နာရီအနည်းငယ်နောက်ကျသွားရသည်။ ဌာနာဝင်းထဲရှိ ဌာနာပိုင်ကြီး၏ ရုံးခန်းရှေ့သို့ လှည်းရောက်လျှင် အထဲမှဂါတ်စာရေးကြီး ဦးဘသောင် ပြေးထွက်လာပါသည်။ တပ်ဖွဲ့များပြန်ဝင်လာချိန်မဟုတ်သေးဘဲ ပြန်ရောက်လာသည့်အတွက် တစ်စုံတစ်ခုများဖြစ်ခဲ့လို့များလားဟု စိုးရိမ်စိတ်ဝင်သွားပုံရပါသည်။

"ဦးသိမ်းဆွေတို့ ဘယ်လိုအရေးအခင်းများကြုံလို့ ဝင်ချိန်မဟုတ်သေးဘဲ ပြန်ဝင်လာခဲ့ကြတာလဲ။ တိုက်ပွဲများဖြစ်ခဲ့ကြလို့များလားဗျာ"

"စာရေးကြီးရေ၊ ဘာတိုက်ပွဲမှမဖြစ်ခဲ့ပါဘူးဗျာ။ ဒါပေမယ့် ပြန်မှသင့်တဲ့ကိစ္စလေးရှိနေလို့ ပြန်ခဲ့ကြတာပါ။ အဘခြုံတို့သာမေးကြည့်တော့ဗျို့"

ဂါတ်စာရေးကြီး၏ စားပွဲခုံတွင် ဝိုင်းထိုင်လိုက်ကြ၏။ ကိုသိမ်းဆွေကိုယ်တိုင်လည်း အဘခြုံ၏စကားအရသာပြန်ခဲ့ကြရသည်။ ပြန်ရသည့်အကြောင်းကိုဂဃနဏာမသိပါ။ သိချင်သည့်ဆန္ဒကရှိနေပါ၏။

"စာရေးကြီး၊ ဒီညအတွက်လူသတ်လူသေမှုတစ်ခုရောက်မလာဘူးလား"

ရဲကြပ်ကြီးဦးဖိုးခြုံ၏ မေးခွန်းကြောင့် စာရေးကြီး ဦးဘသောင်တစ်ယောက် အံ့အားသင့်သွားရပါသည်။ ပါးစပ်ကြီးဟ မျက်လုံးကြီးပြူးကြည့်ရင်း -

"အဘခြုံက ဘယ်လိုလုပ်သိနေတာလဲ။ အကြားအမြင်များရနေပြီလားဗျာ။ ည (၇) နာရီလောက်ကတည်းက အလောင်းတစ်လောင်းရောက်နေတယ်"

ဟုပြောလိုက်ပါသည်။

ဦးဖိုးခြုံက မေးစေ့ကိုပွတ်စဉ်းစားလိုက်ပါ၏။

"ဟို ရွှေဘိုအရှေ့ဘက် နမ္မော မိတ္ထောရွာတွေဘက်ကမဟုတ်လား"

"ဟုတ်ပါ့၊ အဘခြုံရယ်၊ လွန်ခဲ့တဲ့လ မြို့ရဲ့နေရာအနှံ့အပြားမှာဖြစ်ခဲ့တဲ့လူသေလူသတ်အမှုတွေလိုပဲ လည်ပင်းမှာသွေးစို့ဒဏ်ရာလေးနဲ့ သေတာဗျ။ မြွေကိုက်တယ်ပြောရအောင်ကလည်း လည်ပင်းမှာဆိုတော့ အခက်သားကလား၊ အသားအရေကြည့်တော့လည်း မြွေဆိပ်တက်တဲ့လက္ခဏာမတွေ့ရဘူး။ ဖြူဖြပ်ဖြူရော်တော့ဖြစ်နေတယ်"

ထိုစဉ်တွင် ဦးဖိုးခြုံသည် ရုံးအပြင်သို့ထွက်သွား၏။ လှည်းသမားများကို စကားပြောနေပါသည်။ ဦးထွန်းကျော်နှင့်လှည်းမောင်းသမားက ခေါင်းတညိတ်ညိတ်ဆတ်ရင်း ရိုရိုသေသေနားထောင်နေကြသည်။ အတန်ကြာမှ ဦးဖိုးခြုံရုံးခန်းထဲပြန်ဝင်လာ၏။

"စာရေးကြီးရေ၊ မသက်ဖွယ်ရာတရားခံအဖြစ်နဲ့ လူတစ်ယောက်ကိုတော့ အချုပ်ထဲထည့်ရလိမ့်မယ်"

"ရုပါတယ် အဘခြုံရယ်၊ ထည့်လိုက်ရုံပေါ့"

"လွယ်လွယ်မပြောနဲ့ စာရေးကြီး။ အခုထည့်မယ်တရားခံက မီးခဲဗျ။ ဒါထက် အချုပ်ထဲမှာ မိန်းမအချုပ်သမတွေရှိလား"

ဂါတ်စာရေးကြီးသည် အကြမ်းအိုးထဲမှရေနွေးကြမ်းတစ်ခွက်ကိုငဲ့ကာ ဦးဖိုးခြုံအားပေးလိုက်သည်။

"ရှိတာပေါ့ဗျာ။ ဟိုပတ္တရောင်အစောင်တွ အလုပ်မရှိအလုပ်ရှာပြီး စျေးထိပ်နားမှောင်ရိပ်ခိုကျက်စားနေကြတဲ့ မိန်းမပျက်တွေကို မှောင်ရိပ်ခိုမှုနဲ့ဆွဲလာတယ်လေ"

အဘခြုံပြုံးလိုက်ပါသည်။

"ကဲပါ စာရေးကြီးရာ၊ သူတို့တွေကို အာမခံနဲ့ မေးမြန်းလွှတ်လိုက်၊ အမှုဖွင့်တိုင်ချက်ရေးပြီးသားဆိုရင်တောင် အာမခံတော့ပေးလို့ရပါတယ်"

စာရေးကြီး ဦးဘသောင်သည် ခေါင်းကိုတဖျဉ်းဖျဉ်းကုတ်ရင်းညည်းပြန်ပါသည်။

"ခက်တာပဲဗျာ၊ ဒီအချိန်ကြီးဘယ်လိုလုပ်အာမခံပေးရမလဲမသိဘူး"

"ဒီမှာစာရေးကြီး ပေးဖြစ်အောင်ပေးလိုက်နော်။ ကျုပ်တို့အခုထည့်ရမယ့်တရားခံနဲ့အတူ ခင်ဗျားဟာတွေကိုတစ်ညသိပ်လိုက်ရင် မနက်ကျ အကြားအတွက် လူသေမှုတစ်မှုထပ်ဖြစ်နေဦးမယ်"

စာရေးကြီးသည် အံ့အားသင့်မှုမှာ နားမလည်တော့ဟန်ဖြင့် အားလုံး၏မျက်နှာများကို

www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြည့်နေသည်။ ထို့အခါ ဒုရဲကြပ်ကျော်ခင်က မနေသာတော့ဘဲ ဝင်ပြောရတော့၏။

"စာရေးကြီး၊ အခုမှ (၁၂) နာရီကျော်ကျော်လေးရှိသေးတယ်။ ပြင်စွေးရပ်ကွက် မဘုန်းချောင်မှာ လူစည်လှုပ်ကောင်းတုန်း။ အဲဒီက ဇိမ်ခေါင်းစိန်ထွားကို ရဲဘော်လေးတစ်ယောက်လွှတ်ပြီး အခေါ်ခိုင်းလိုက်။ မင်းဟာမတွေအာမခံပေးမယ်၊ အခုလာထုတ်ဆို စိန်ထွားခေါင်းနဲ့တောင်ပြေးလာဦးမယ်။ သူတို့အလုပ်က မိုးမလင်းမချင်း အလုပ်ဖြစ်နေတဲ့အလုပ်ဆိုတာ စာရေးကြီး အသိသားနဲ့"

ဤသို့ဖြင့် အချုပ်ခန်းတွင်းမှ မိန်းမပျက်များကို အာမခံပေးလွှတ်လိုက်ကြပါသည်။ လှည်းပေါ်မှ မိန်းကလေးအား အချုပ်ခန်းထဲထည့်ရသည်။ ဂျစ်ကန်ကန်လုပ်နေသေး၍လည်း အဘခြုံမှ ကြိမ်မောင်းလိုက်ရသေးသည်။ ဦးဖိုးခြုံကိုယ်တိုင်ပင် အချုပ်ခန်းထဲသွင်းပါသည်။ အချုပ်စောင့်လူကြီးနှင့် ငယ်သားများကို သတိပေးလိုက်ရသည်။

"ဟေ့ - ဒီနေ့အချုပ်ကင်းကျတဲ့ကောင်တွေ၊ အခုငါသွင်းထားခဲ့တဲ့ တရားခံကို မင်းတို့စကားလည်းသွားမပြောနဲ့၊ အနားလည်းမသွားနဲ့၊ အဝေးကစောင့်ကြည့်ထား ကြားကြရဲ့လား။ အေး - သူက နှုတ်အမှုအရာကိုယ်အမှုအရာပြမြူဆွယ်လို့များ ဘူးထပြီးသွားခဲ့မိရင်တော့ မင်းတို့အသက်ပြန်ပါလာမှာ မဟုတ်ဘူးနော်"

■

ညဉ့်နက်မှ အိပ်စက်ခဲ့ရသဖြင့် ကိုသိမ်းဆွေတစ်ယောက် အိပ်ရာမှစောစောမထနိုင်ခဲ့ပါ။ (၈) နာရီလောက်အထိအိပ်နေမိသည်။ ဇနီးသည်မှ နံနက်ခင်းစာပြင်ဆင်ပြီးလာနှိုးမှသာနိုးတော့သည်။ မျက်နှာသစ်သွားတိုက်ပြီး အိမ်ရှေ့စားပွဲခုံတွင် နံနက်ခင်းစာထမင်းကြော်နှင့် ကော်ဖီ အေးဆေးစွာသောက်နေပါသည်။

ထိုအချိန်တွင် ရဲသားလေးတစ်ယောက်သည် စက်ဘီးလေးစီးကာ ရောက်ချလာသည်။

"ဆရာဦးသိမ်းဆွေခင်ဗျား၊ ခုံးကို ခဏလောက်ကြွခဲ့ပါလို့ စာရေးကြီးက အခေါ်ခိုင်းလိုက်ပါတယ်"

ကိုသိမ်းဆွေသိလိုက်ပါပြီ။ မနေ့ညကကိစ္စဖြစ်မည်ဟုပင်။

"အေးအေး-ငါအခုလိုက်ခဲ့မယ်။ မင်းသွားနှင့်တော့"

ကိုသိမ်းဆွေသည် ရေအိမ်ခဏဝင်ကာ ယူနီဖောင်းပင်မလဲတော့ဘဲ ခုံးရှိရာထွက်လာခဲ့သည်။ ခုံးရှေ့ရောက်တော့ ခုံးရှေ့တွင် ရဲဝန်ထောက်ဦးထွန်းလှအောင်၏ကားကို တွေ့ရသည်။ ခုံးထဲဝင်ထိုင်လိုက်ချိန်မတော့ ဝန်ထောက်မင်းအပြင် တိုက်ပိုင်ကြီး၊ ဌာနာပိုင်ကြီးတို့ပါတွေ့ရပါသည်။

"လာ - ကိုသိမ်းဆွေ၊ မနက်စောစောကြီးထရလို့ အအိပ်ပျက်တယ် သဘောထားမနေနဲ့တော့ဗျာ။ ကျုပ်တို့မလည်း စာရေးကြီးက လူသတ်မှုတွေနဲ့ ဖတ်သက်လို့ တင်ပြစရာရှိတယ်ဆိုပြီး ပင့်ဖိတ်လိုက်လို့ ရောက်လာရတာပါပဲ"

စာရေးကြီး၏ စားပွဲပေါ်တွင် လက်ဖက်ရည်နှင့်ပဲနံပြားများချခင်းညှော်ခံထားသည်ကိုတွေ့ရ၏။ ခုံးထဲရှိ အရာရှိကြီးများနှင့်ရဲဘော်လေးများစားသောက်၍မပြီးခင်ပင် စာသင်ကြီးဦးဖိုးခြုံသည် သူလွယ်နေကျလွယ်အိတ်ကြီးကိုလွယ်၍ ရောက်လာပါသည်။ အရာကြီးရှိများကို တွေ့တော့ စလှိုက်အလေးပြုပါသည်။

"လာလာ - အဘခြုံ၊ လက်ဖက်ရည်လေးဘာလေးသောက်ပါဦး"

"ရပါတယ်ဗိန်မင်းတို့၊ ကျွန်တော် သောက်ခဲ့ပြီးပါပြီ။ အခုဆို ဝန်မင်းတို့ကို ခေါ်ပြီး ဒုက္ခပေးသလိုဖြစ်သွားရတာကို တောင်းပန်ပါတယ်။ အခုကိစ္စက ဝန်မင်းတို့ရှေ့မှောက်မှာမှမဖြေရှင်းရင်မဖြစ်နိုင်လွန်းလို့ပါ။ ဒါကြောင့်လည်း စာရေးကြီးကို မဖြစ်မနေဖိတ်ကြားဖို့ပြောခဲ့ရတာပါ"

စာရေးကြီး ဦးဘသောင်းသည် စာရွက်စာတမ်းများကို ပြင်ဆင်၍ နှိုးဆော်လိုက်ပါသည်။

"ကဲ-ဝန်မင်းတို့၊ ဒီခုံးခန်းထဲမှာက နေရာကျဉ်းလွန်းလှပါတယ်။ ဒါကြောင့် ရဲရိပ်သာထဲမှာစစ်ဆေးဖို့ ပြင်ဆင်ထားပါတယ်။ အဲဒီကိုကြွကြပါခင်ဗျာ"

ဌာနာပိုင်ကြီး၏ခုံးခန်းထဲမှလူအားလုံး ရဲရိပ်သာရှိရာသို့ထွက်ခဲ့ကြသည်။ ခုံးခန်းနှင့် ရိပ်သာမှာမဝေးလှပါ။ စာရေးကြီးက အရှေ့မှထွက်သွားပြီး အချုပ်ခန်းထဲမှ တရားခံမိန်းကလေးကို ကင်းရဲနှစ်ယောက်ကပြုပ်ပြီးထုတ်လာခဲ့သည်။ ရဲရိပ်သာအပေါ် တွင် စားပွဲ၊ ကုလားထိုင်များ ပြင်ဆင်ထားသည်။ ရေနွေးကြမ်းအိုးလည်းအဆင်သင့်လုပ်ထားပါသည်။ အားလုံးထိုင်ပြီးလောက်ချိန်တွင် တရားခံမိန်းကလေးကို ကြမ်းပြင်ပေါ် တွင်ထိုင်စေ၏။ မိန်းကလေးမှာ သိပ်အသက်မကြီးလှသေးပါ။ (၂၅) နှစ်ပတ်ဝန်းကျင်လောက်ဖြစ်မည်။ မိန်းကလေးသည် လူကြီးများရှေ့တွင်ထိုင်နေသော်လည်း မျက်နှာကိုတည့်တည့်ထား၍မထိုင်ပါ။ ခပ်စောင်းစောင်းဘူးတစ်ဖက်ထောင်ထိုင်နေသည်။မခန့်လေးစားပုံဖြစ်နေပါသည်။ ဆံပင်များကိုလည်း ဖြေချထားပြီး မျက်နှာ၏အနေအထားက ခပ်မာမာဖြစ်သည်။ ဦးဖိုးခြုံကို အံကြိတ်ပြီး မျက်စောင်းထိုးကြည့်နေ၏။ ဦးဖိုးခြုံကတော့ ခပ်ပြုံးပြုံးပင်ရှိနေပါသည်။

"ဟေ့-မိန္ဓာမ၊ဒါလူကြီးလူကောင်းတွေနော်။ မရိုမသေမလေးမစားလုပ်မနေနဲ့"

"ဆရာစုတ်ကင့်ကိုလာခြိမ်းခြောက်နေသေးတယ်။ငါ့ကိုဘယ်သူများထင်နေလို့လဲ"

မျက်ထောင့်နီကြီးနှင့်စိုက်ကြည့်ရင်း ဦးဖိုးခြုံကိုစကားပြန်ပက်ပြောလိုက်သည်။

"ညော်ညော်-ငါ့ကိုဆရာစုတ်လေးဘာလေးနဲ့။ နင့်အကြောင်း ငါအကုန်သိတယ်။ နင်ဟာ (၁၂)ကြိမ်ကဝေထဘီခြုံမယ်မင်းဘဲဆိုတာ ငါမသိဘူးမှတ်နေလား မိန္ဓာမ"

"အေး-ဟုတ်တယ်၊ ငါမယ်မင်းဘုံပဲ နင်ဘာလုပ်ချင်လဲ"

အဘခြုံသည် မျက်နှာကြောတင်းမာသွား၏။ အပျော်နည်းနှင့်မရနိုင်မှန်းခန့်မှန်းမိသွားသည်။ ထို့ကြောင့် ရဲရိပ်သာအရှေ့ဘက်မျက်နှာစာဘုရားကျောင်းဆောင်ရှိရာသို့လက်အုပ်ချီလိုက်ပါသည်။ နှုတ်မှလည်း အသံထွက်၍ရွတ်ဆိုလိုက်ပါသည်။

"တန်ခိုးတော်အစုံဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးနှင့် ရဟန္တာအရှင်သူမြတ်အပေါင်းတို့ကို ဘုရားတပည့်တော်ရှိခိုးကန်တော့ပါ၏၊ ဘုရား။ အကျွန်ုပ်၏ ဆရာသခင်များဖြစ်သော ပထမဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်တို့နှင့်တကွ ထွတ်ရပ်ပေါက်ပုဂ္ဂိုလ်တို့ကိုလည်း တပည့်မောင်ဖိုးခြုံကန်တော့ပါ၏။ ဆရာသခင်များခင်ဗျား၊ တပည့်ဖြစ်သူ အကျွန်ုပ်သည် ဤမိန္ဓာကဝေမကို နှိမ်နင်း၍ သတ္တဝါများကို ကယ်တင်ရမည့်အချိန် ကျရောက်နေပြီဖြစ်ပါသောကြောင့် ဆရာအရှင်သခင်များ၏အာဏာစက်ကိုခေတ္တမျှယူ၍ အသုံးပြုခွင့်ပြုတော်မူကြပါရန် တောင်းပန်အပ်ပါသည်"

စာသင်ကြီးဦးဖိုးခြုံသည် စိပ်ပုတီးကြီးကို လည်ပင်းတွင်ဆွဲ၍ ထိုင်နေသော မိန်းကလေးရှေ့သို့ရပ်လိုက်၏။ သူလက်စွဲတော်ကြိမ်လုံးလေးကိုမူ စားပွဲပေါ်တွင် တင်ထားခဲ့ပါသည်။

"ကဲ-မယ်မင်းဘုံလေ နင်ကမိန္ဓာပညာလေးမတော်မတခေါက်နဲ့ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com

အာခံချင်တော့ ဆုံးမပေးရဦးမှာပေါ့"

ဟု ပြောရင်း ကြမ်းပြင်ကို ဖနောင့်နှင့် ခပ်ပြင်းပြင်းတစ်ချက်ပေါက်လိုက်ပါသည်။

"အကျွန်ုပ်၏ အစောင့်အရှောက် ပုဂ္ဂိုလ်အပေါင်းတို့၊ ဒီမိစ္ဆာကဝေမကို ဆုံးမရန်အချိန်ရောက်ပြီဖြစ်သည့်အတွက် နှောင်ကြိုးတည်း၍ ချုပ်နှောင်ထားလိုက်ကြ"

ဦးဖိုးခြုံ၏အောင်မြင်သောအသံသြဇာနှင့်အမိန့်ပေးသံကိုကြားလိုက်ကြရသည်။ ဘေးမှကြည့်နေသူအားလုံးကြက်သီးမွေးညှင်းပင်ထသွားကြသည်။ တရားခံမိန်းကလေးမှာ ရုန်းကန်လှုပ်ရှားရင်း လက်ပြန်ကြိုးတုတ်ထားသည့်နှယ် လက်နှစ်ဖက်ကို နောက်ကျောဘက်ပစ်၍လူးလွန့်နေပါသည်။

"ဟေ့ (၁၂) ကြိုးကဝေမယ်မင်းဘုံ၊ နင့်လို ပညာလေးတောက်တခေါက်ထတ်တဲ့သူမပြောနဲ့၊ ဂန္ဓဗ္ဗအနွယ်ဝင် ကမ္ဘဇဒ္ဒိတန်ခိုးရှင် နတ်ဘီလူးမိစ္ဆာတွေကိုတောင်နှိမ်နင်းလာခဲ့တဲ့ ငါလိုဆရာကို နင်အာခံချင်သပေါ့။ နင့်ကိုတေဇောလောင်မီးသင့်ဒဏ်ကိုတောင်မပေးသေးဘဲ ကြိမ်ကြာဒဏ်ပေးရုံလောက်နဲ့တင် ငါဆုံးမပြမယ်။ အန်တုနိုင်ရင် အန်တုကြည့်ဦးပေါ့ကွယ်"

ဆရာကြီးဦးဖိုးခြုံသည် ဘုရားကျောင်းဆောင်ရှိရာသို့ တစ်ဖန် လက်အုပ်ချီလိုက်ပြီး အရပ်လေးဖက်လေးတန်ကိုလည်း လက်အုပ်ချီရင်း ပါးစပ်မှတီးတိုးရေရွတ်နေပြန်ပါသည်။ ထို့နောက် မိန်းကလေးအား စူးစိုက်ကြည့်ပါသည်။

"အို- အကျွန်ုပ်အား စောင့်ရှောက်နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့၊ အထက်ထွက်ရပ်ပေါက်ဆရာသခင်များ၏အမိန့်၊ ကျွန်ုပ်၏အမိန့်တို့ကို နာခံပြီး ဒီပညာမာန်နဲ့အာခံနေတဲ့မိစ္ဆာကဝေမကို ကြိမ်ဒဏ်လေးများပေးလိုက်ကြပါဦးဗျာ"

ဦးဖိုးခြုံ၏စကားအဆုံးတွင် ရွှမ်းခနဲ ကြိမ်မြည်သံကြားလိုက်ရပြီးနောက် မိန်းကလေးကျောကော့သွားလေသည်။ တရွှမ်းရွှမ်းဖြင့်ကြိမ်ရိုက်သံကိုတစ်ချက်ပြီး တစ်ချက်ကြားနေရပါ၏။ ရိုက်သူလည်း မမြင်၊ ကြိမ်လုံးကိုလည်း မမြင်ကြရပါ။ အသံသာကြားနေရပါသည်။ ဦးဖိုးခြုံ၏ဆေးကြိမ်လုံးလေးကတော့ စားပွဲပေါ်တွင် အနေအထားမပျက်ရှိနေပါသည်။ ဘေးမှဝိုင်းကြည့်နေကြသော ရဲအရာရှိကြီးများနှင့် ရဲဘော်လေးများက ဆေးကြိမ်လုံးနှင့်ဦးဖိုးခြုံကိုယ်တိုင်ရိုက်လိမ့်မည်ဟုယူဆထားကြပါသည်။ အခုတော့ သူတို့ထင်သလိုမဟုတ်ကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်နေ၍ အံ့အားသင့်ကြရသည်။ တရားခံမိန်းကလေးမှာ လူးလိမ့်ပြီး ပြင်းထန်သောဝေဒနာကို ခံစားနေရဟန်ဖြစ်နေသည်။ တစ်ခါတစ်ရံတွင် ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန်ရိုက်လိုက်သကဲ့သို့ မျက်နှာဘယ်ညာခါထွက်နေပါသည်။ ဆံပင်ကိုဆွဲ၍ ရင်ဝကို ဒူးနှင့်တိုက်လိုက်သည့်နယ်လည်း ခေါင်းမော့လည်လန်ဖြစ်နေပြန်ပါ၏။

"ဟဲ့-မိစ္ဆာကဝေ၊ နင်ငါအကြောင်းကောင်းကောင်းသိပြီမဟုတ်လား။ နင် အသက်မရှိတော့တဲ့ ရုပ်ခန္ဓာတစ်ခုကို ဝင်ပူးပြီး သွေးစုတ်ဖုတ်ကောင်လုပ်နေတာ အခုအချိန်ကစပြီး ရုပ်တန်းကရပ်တော့ ငါဆရာအမိန့်ပေးတယ်။ မနာခံရင် ဒီထက်နာမယ်မှတ်ပေတော့တဲ့"

မိန်းကလေးငယ်သည် ကြိမ်ရိုက်ဒဏ်၊ ရင်ဝကိုဒူးနှင့်တိုက်ဒဏ်တို့ကို ဘယ်ညာယိမ်းနွဲ့ပြီးခံနေရသည်။ သို့ပေသည့် တိုင် မာန်ကမလျှော့သေးဘဲ ဦးဖိုးခြုံကို မျက်ထောင့်နီကြီးနှင့်ကြည့်နေဆဲသာဖြစ်သည်။ ရဲအရာရှိကြီးများမှာလည်း ဤသို့အတွေ့အကြုံမျိုး အရင်ကမရှိခဲ့ဘူး၍ အံ့အားသင့်နေကြသည်။ ဦးဖိုးခြုံက လေအေးအေးနှင့်ပြောပြန်ပါသည်။

"မယ်မင်းဘုံရေ၊ နင်ကမာန်မချပညာမနုတ်ဘဲ အနာခံချင်ရင်တော့ခံပေါ့လေ။ ငါ့ရဲ့အစောင့်အရှောက်တွေကတော့ နင်ဝန်ချတောင်းပန်တဲ့အထိရိုက်နေမှာအမုန်ပဲ။ အေး-တစ်ခုတော့သတိပေးလိုက်မယ်။ နင်ဒီအတိုင်းအာခံနေရင်တော့ တေဇောလောင်မီးဒဏ်နဲ့တွေ့ရလိမ့်မယ်။ အဲဒီအခါကျရင်ပြာကျသွားမယ်နော်"

ဤသို့ဖြင့် နာရီဝက်ခန့်အချိန်ကြာမြင့်ခဲ့ပြီ။ မိန်းကလေးမှာ ကြမ်းပြင်တွင် တလူးလူးတလိမ့်လိမ့်နှင့် ဝေဒနာခံစားနေရတုန်းပင် ဖြစ်၏။ ချွေးများထွက်၍ မောပန်းတုန်ဟိုက်နေပါတော့၏။ နောက်ဆုံးတွင် မခံနိုင်တော့ဘဲ ဦးဖိုးခြုံအား လက်အုပ်ချီရှိခိုးကာ စကားပြောလာပါသည်။

"ဆရာရယ် ရိုက်တာတွေကို ရပ်လိုက်ပါတော့။ ဒီရုပ်ကောင်က နာမ်ဝိညာဉ်ကိုပြန်ရုပ်သိမ်းပါ့မယ်။ ကျွန်မ ကတိပေးပါတယ်ရှင့်"

"အေး- ကောင်းပြီ၊ ကတိတည်စေနော်။ ဩော် - မယ်မင်းဘုံ၊ မင်းမင်းဘုံ နင်ဟာ လူဘဝတုန်းကလည်း သတ္တဝါတွေကို ကောင်းကျိုးမပေးခဲ့ဘူး။ အခုကွယ်လွန်ပြီးလို့ ပရလောကသားဘဝရောက်ပြန်တော့လည်း သတ္တဝါတွေကို နှိပ်စက်ညှင်းပန်းနေပြန်တယ်။ မိုက်တွင်းနက်လှချေလား။ ဒီတော့ နင့်ပညာတွေကိုငါအကုန်နုတ်သိမ်းယူမယ်။ ပြီးတော့မှ သက် ဆိုင်ရာကိုအပ်မယ်"

ဦးဖိုးခြုံသည် အရပ်လေးမျက်နှာဘက်သို့ဦးညွတ်လိုက်ပြီး တစ်ဆက်တည်း အောင်မြင်သောအသံကြီးနှင့် -

"အို နယ်တော်ရှင် ပယ်တော်ရှင် အပေါင်းနဲ့ သုဘာန်စောင့်မဖဝါပါမကျန် အကျွန်ုပ် မေတ္တာရပ်ခံအပ်ပါသည်။ ဤမိစ္ဆာ၏ ပညာများကို အကျွန်ုပ်ရုပ်သိမ်းပြီးလျှင် သူ့အား အသင်တို့ထံအပ်နှံပါသည်။ သင့်တော်ရာဌာနဌာနတွင်နေရာချထားပေးကြပါရန် ပြောကြားလိုပါသည်"

ဟု တိုင်တည်အပ်နှံလိုက်ပါတော့သည်။

ထို့နောက် ကြမ်းပြင်ကိုခေါင်းငိုက်စိုက်ချကြည့်နေသောမိန်းကလေးအနီးသို့ ဦးဖိုးခြုံချဉ်းကပ်သွားပါသည်။ ရုတ်တရက် မိန်းကလေးငယ်ထိပ်အား လက်ဝါးဖြင့်တစ်ချက်ပုတ်ပြီး ဆိတစ်ပင်ကိုနုတ်ယူလိုက်ပါတော့သည်။ နုတ်မှလည်း အမိန့်တစ်ခုရေရွတ်လိုက်ပါသည်။

"ဟိတ်-ငါဆရာခြုံ။ ဆရာသခင်များ၏အာဏာစက်ကိုသုံးပြီး၍ ပညာသည်ထံမှမိစ္ဆာပညာအားလုံးကိုနုတ်သိမ်းချုပ်ငြိမ်းစေလိုက်ပြီ။ ငါ့အမိန့်တည်စေ"

ထိုအချိန်တွင် မိန်းကလေးသည် အသားများကတဆက်ဆက်တုန်လာပါတော့သည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်းချင်းခေါင်းငိုက်စိုက်ကျသွားကာ ကြမ်းပြင်ပေါ် သို့ မျက်နှာအပ်လဲကျငြိမ်သက်သွားပါတော့၏။

■

"ကဲ-ဝန်မင်းတို့၊ တရားခံကိုတော့ စစ်ဆေးပြီးသွားပြီ။ တကယ်ဆိုရင် ဒီမိန်းကလေးကသေခဲ့ပြီးတာကြာလှပါပြီ။ ဟိုမိစ္ဆာကဝေမ မယ်မင်းဘုံက သူနာမ်ဝိညာဉ်သွင်းပြီးထားလို့သာ ပတ်ဝန်းကျင်က ဒီမိန်းကလေးကိုတွေ့မြင်နေကြရတာ။ အရပ်စကားနဲ့ပြောရရင် ဖုတ်သွင်းထားတယ်၊ ဖုတ်ဝင်နေတယ်ပေါ့ဗျာ။ ဒါပေမယ့် ဒီဖုတ်ကရိုးရိုးဖုတ်မဟုတ်ဘူးလေ။ ကဝေပညာသည်ကဖြစ်တဲ့ဖုတ်ဆိုတော့ လူသွေးစုပ်ရမှ သူ့ဘဝရှင်သန်နိုင်တာကိုး။ ဒါကြောင့် လူတွေလိုက်သွေးစုပ်နေတာပေါ့ဗျာ။ ကျွန်တော်တို့မြို့ဝန်းကျင် ရွာနီးချုပ်စပ်မှာဖြစ်ပွားခဲ့တဲ့ လူသေမှုသတ်မှုတွေဟာ သင်းလက်ချက်တွေပဲ။ အခုတော့ ဖုတ်ထုတ်ပိုက်တော့ မိန်းကလေးက သေသွားပြီလေ"

နားထောင်နေကြသော ရဲအရာရှိကြီးများအပါအဝင် ရဲဘော်များအားလုံး

www.burmeseclassic.com

www.burmeseclassic.com

သဘောပေါက်သွားကြပါသည်။ စာရေးကြီးသည် လဲကျသွားသော မိန်းကလေးကိုစစ်ဆေးနေပါသည်။ ဝင်သက်ထွက်သက်မရှိပကတိလူသေအဖြစ်ကိုတွေ့ရပါသည်။ ထိုသို့ဖြစ်လာမည်ဟု အဘခြုံမှ ကြိုတင်ပြောထားသဖြင့်လည်း ဆေးရုံမှ အလောင်းကိုင်တွယ်သူ ကုလားဆာမိကို ခေါ်ထားပြီးဖြစ်သည်။

"ဟေ့ကောင်ဆာမိ ဒီကိုလာခဲ့။ ဒီအလောင်းကို မင်းယူသွားပြီး သချိုင်းကိုပို့၊ မြေမြှုပ်လိုက်တော့"

ဆေးရုံဝန်ထမ်းဆာမိသည် လှည်းကိုဆွဲ၍ ရိပ်သာလေ့ကားရင်းသို့ရောက်လာပါသည်။ အလောင်းကိုမွေ့ခြီသယ်မ၍ လှည်းပေါ် တင်ကာ ဖျာအုပ်လိုက်ပါသည်။ ပြီးမှ လက်နှစ်ဖက်ကို တင်ပါးနှင့် ပွတ်သပ်လိုက်သည်။ လက်ဝါးတစ်ဖက်ကိုဖြန့်၍ စာရေးကြီးကိုပြလိုက်သည်။ အရက်ဖိုးတောင်းခြင်းဖြစ်ပါသည်။

"ဟရေစာရေးကြီး၊ ချွန်တော် အလောင်းကို ဆေးရုံယူသွားမယ်။ ဟိုမှာ ဆရာဝန်ကြီးနဲ့အတူခွဲစိတ်မယ်။ ညနေကျမှ သချိုင်းကိုပို့မယ်"

"အောင်မယ် - မင်းကများ ဆရာဝန်ကြီးနဲ့အတူခွဲမယ်စိတ်မယ်နဲ့ တော်တော်လေကျယ်တဲ့ကောင်။ မင်းဆေးရုံမသွားနဲ့တော့ သချိုင်းတန်းသွား။ ငါတို့လူကြီးချင်းတယ်လီဖုန်းနဲ့စကားပြောပြီးပြီ။ ခွဲစရာမလိုတော့ဘူး"

ဆာမိမျက်နှာပျက်သွားပါသည်။ သူဖန်သည့်ခွင်မဝင်တော့၍ဖြစ်ပါသည်။

"ကဲ-ဆာမိ မင်း (၅) ကျပ်ယူပြီး သွားတော့"

"မရဘူးလေ စာရေးကြီး၊ (၅)ကျပ်က အရက်ငါးပုလင်းပဲရမှာ။ဟိုသူဘရာဇာဖိုးထော်တို့က သုံးယောက်။ ဒီအရက်ငါးလုံးက သူတို့တွေနဲ့တင်ကုန်သွားမှာ။ ချွန်တော်ဘာသွားသောက်တော့မလဲ။ တစ်ဆယ်ပေးပါ ဆပ်"

စာရေးကြီးက ဆာမိနှင့်ဘက်ပြိုင်မပြောချင်သည့်ပုံနှင့် ဆယ်တန်တစ်ရွက်ကိုထုတ်ပေးလိုက်ပါတော့သည်။ ဆာမိလေလေးချွန်ပြီး လှည်းကိုစတင်ဆွဲယူသွားပါသည်။ ထို့စဉ်တွင် ဦးဖိုးခြုံမှလှမ်းအော်လိုက်သည်။

"ဟေ့ကောင် ဆာမိ၊ မင်းအရက်ဆိုင်မှာအချိန်ဖြုန်းမနေနဲ့။ နေစောင်းတာနဲ့ အလောင်းကပုပ်ပြီး အနီးကျသွားမှာ။ မပုပ်ခင် အမြန်မြေမြှုပ်လိုက် ကြားလား"

ဆာမိသည် ဦးဖိုးခြုံမကြားအောင် တီးတိုးရေရွတ်လိုက်ပါသည်။

"အမ် ဆရှိန် အမူသေးနေလယ်ပုပ်၊ ညနေအရိုးကျတဲ့ကြားဖူးပေါင်။ ဒီလူတွေ ရူးများနေကြပြီလားမသိ။ ဆာမိ အလောင်းနဲ့ လုပ်စားလာတာအံတိုနေပြီ"

■

အလောင်းသယ်ယူသွားပြီဖြစ်၍ လူကြီးများအားလုံး စားပွဲတွင်ဝိုင်းထိုင်လိုက်ကြပါသည်။ ပြဿနာကမပြီးသေးပါ။ လှည်းသမားများကိစ္စ၊ အမှုကိစ္စများ ကကျန်နေသေးသည်မဟုတ်ပါလား။

"ဝန်မင်းတို့၊ကျွန်တော်အခုတင်ပြချင်ပါတယ်"

ဦးဖိုးခြုံစကားစလိုက်သည်။ အားလုံးကပြောပါလေဟု ခွင့်ပြုလိုက်သည်။

"ဒီကိစ္စဟာ ဟိုလွန်ခဲ့တဲ့လတွေက ဖြစ်ပျက်ခဲ့တဲ့အမှုတွေနဲ့ ဆက်စပ်နေတယ်ဆိုတာရှင်းနေပါပြီ။ ကိုထွန်းကျော်ဟာ အမှုတိုင်းမှာကြံရာပါလို့ပြောလို့ရတဲ့အနေအထားမှာရှိနေပါတယ်။ သူ့ကို တရားစွဲရုံးတင်ကြမှာလားလို့မေးချင်ပါတယ်"

တိုက်ပိုင်ကြီးမှ အဘခြုံရဲ့အယူအဆကိုပြောပါဦးလေဟု ထောက်လာပါသည်။

ဝန်ထောက်မင်း၊ တိုက်ပိုင်ကြီးဌာနပိုင်ကြီးတို့ခင်ဗျား ကိုထွန်းကျော်ကို ကြံရာပါလို့ရုံးတင်ရင်လည်း အကြောင်းထူးလာလိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး။ ဘာကြောင့်ဆို ကျွန်တော်တို့မှာ တရားခံလည်းမရှိ၊ သက်သေလည်းမပါဘဲနဲ့ ရုံးတင်တော့ ရုံးတော်ကယုံကြည်မယ်မထင်ပါဘူး။ ဘာကြောင့်ဆိုရင် ကျွန်တော်တို့ဖြစ်ပျက်ခဲ့တာတွေကလည်း ရုံးစကားနဲ့ပြောရရင် သက်သေခံမဝင်နိုင်ဘူးလေ။ အဲဒီတော့ ကိုထွန်းကျော်ကို ပညာပေးဆုံးမလွှတ်ရုံပဲရှိတော့တယ်လို့ ထင်မြင်ယူဆပါတယ်"

နားထောင်နေကြသူများအားလုံး ငြိမ်သက်သွားကြပါသည်။ ပုဏ္ဏာ၏အဖြေကိုရှာမရပုံချင်းတူနေကြ၏။ အတန်ကြာမှ ဝန်ထောက်မင်းဦးထွန်းလှအောင်ထံမှ အသံထွက်လာပါတော့သည်။

"အေးဗျာ၊ အမှုကိုပိတ်လိုက်ကြတာပဲကောင်းမယ်ထင်ပါတယ်။ ရုံးတင်လည်း အလုပ်ရှုပ်ရုံကလွဲပြီးအမှုမအောင်မြင်နိုင်ဘူးလို့ ယူဆရမလိုဖြစ်နေပြီ။ အဘခြုံပြောသလိုပဲ တရားသူကြီးကယုံကြည်မှာမဟုတ်တာ အသေအချာပဲလေ။ သူတို့က တရားခံရဲ့ဖြောင့်ချက်၊ သက်သေထွက်ဆိုချက်တွေအပေါ် မှာသာစဉ်းစားကြမှာကိုး။ ကျွန်တော် ခရိုင်ဝန်ကြီးကိုကြည့်ပြောလိုက်ပါ့မယ်ဗျာ"

အမှုကိစ္စများပြီးဆုံးသွား၍ အရာရှိကြီးများပြန်သွားကြပါသည်။ ဦးဖိုးခြုံနှင့် စာရေးကြီးတို့အတွက် မပြီးပြတ်သေးပါ။ ကိုထွန်းကျော်အား ခေါ်ယူဆုံးမရန် တာဝန်ကျန်နေသေး၏။ ရဲသားလေးတစ်ယောက်အား အခေါ်ခိုင်းလိုက်ရာ ကိုထွန်းကျော်တို့ ရောက်လာပါသည်။ ဦးဖိုးခြုံက ကိုထွန်းကျော်ထိုင်ရန် ကုလားထိုင်ကိုညွှန်ပြလိုက်သည်။

"ကဲ - ကိုထွန်းကျော်၊ ခင်ဗျားကို လူသတ်မှုဖြစ်မြောက်ရန်အားပေးကြံစည်မှုကြံရာပါအဖြစ် ဖမ်းမယ်ဆိုရင်ရတယ်ဆိုတာသိရဲ့လား"

"ဟုတ်ကဲ့ သိပါတယ်ခင်ဗျာ"

"ဟုတ်ပြီ၊ ဒါပေမယ့် ခင်ဗျားကို မဖမ်းပါဘူး။ ပြန်လွှတ်ပေးမယ်။ ဒါပေသည့် ခင်ဗျားရဲ့အောက်လမ်းပညာလေးမတောက်တခေါက်ကိုတော့ ကျွပ်ကို လျှုခဲ့ရလိမ့်မယ်ကြားလား"

ကိုထွန်းကျော်မှ တုန်လှုပ်စွာဖြင့် ဟုတ်ကဲ့ဟုပြောလာပါသည်။

"ခင်ဗျားက ခင်ဗျားသမီးကိုဖုတ်ဝင်နေမှန်းသိရက်သားနဲ့ ပညာအားကိုးပြီးထိန်းထားတယ်။ ဟိုကဝေမကအပါးဗျ။ ခင်ဗျားလောက်တော့ အပျော့ပေါ့။ သူလိုဘပြည့်နေလို့ ငြိမ်နေတာ။ သူလို တာမရရင် ခင်ဗျားတို့ဘက်လှည့်မှာပဲ"

"ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော်က နိုင်လေမလားလို့ ထင်ခဲ့မိတာပါ။ ပြီးတော့ သမီးရဲ့ရုပ်ခန္ဓာလေးလည်း မြင်နေရတော့ သံယောဇဉ်မဖြတ်နိုင်ပဲ အားပေးမိသလိုဖြစ်သွားရတာပါ"

"ကဲ-ရှိစေတော့။ ခင်ဗျားရဲ့ပညာလေးမတောက်တခေါက်ကို ကျွပ်ဆီလှူခဲ့ပေတော့"

ဦးဖိုးခြုံသည် သူ့အားထိုင်၍ကန်တော့နေသော ကိုထွန်းကျော်၏ငယ်ထိပ်ကို လက်ဝါးဖြင့်အုပ်ကာ တီးတိုးရေရွတ်နေပါသည်။

အတန်ကြာမှ -

"ဟိတ်-ငါဆရာအမိန့်၊ မိစ္ဆာဉာဏ်မျိုး ပညာဆိုးများ မြေလျှိုးကွယ်ပျောက်နောက်ထပ်မသက်မရောက်စေနှင့်။ ငါဆရာရဲ့အမိန့်တည်စေ"

ပတ်စာခွာဖျာသိမ်းလျှင် ပွဲပြီးဆုံးခြင်းသို့ရောက်သကဲ့သို့ပင် အဘခြုံနှင့် မိစ္ဆာကဝေမတို့၏ဇာတ်လမ်းကား ပြီးဆုံးခဲ့ပါပြီ။ ဝမ်းအသာဆုံးဖြစ်မည့်သူကား စာရေးကြီးဦးဘကျော်ပင် ဖြစ်တော့၏။ အမှုနည်း အမှုမရှိလေ သူခေါင်းအနည်းလေပင် မဟုတ်ပါလား။

နေသူဒွန်(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

သခ္ဓိုင်းစောင့်မဖဝါကို အချို့က နတ်မဟုတ် သရဲဟုဆိုကြသည်။ အချို့ နတ်ကနားများတွင် နောက်ဆုံးနေ့ သို့မဟုတ် တစ်ရက်ကနားဆိုလျှင် ကနား၏ နောက်ဆုံးမှ မဖဝါကိုကျွေးသည်။ အချို့အိမ်ကနားများ၌မူ မဖဝါကို မကျွေးပါ။

သခ္ဓိုင်းစောင့်မဖဝါအကြောင်းကို စုံစမ်းမေးမြန်းကြည့်သောအခါ ဟင်္သာတနယ်၊ သာရဝေါနယ်အပါအဝင် မြန်မာပြည်အောက်ပိုင်းရှိ အင်းလုပ်ငန်းများ ဒေသတွင် အလေးပေးတင်မြောက်ပူဇော်သော ကွင်းပိုင်ကြီး၏နှံမဖြစ်သည်ဟုဆိုပါသည်။

နတ်ဖြစ်စဉ်သမိုင်းအရ အနောက်ဘက်လွန်မင်းကို သားတော်မင်းရဲဒီဗွက လုပ်ကြံ၍ ထီးနန်းလုသည်။ မင်းရဲဒီဗွကို အနောက်ဘက်လွန်မင်း၏ ညီတော် သာလွန်မင်းက လုပ်ကြံ၍ ထီးနန်းလုပြန်သည်။ မင်းရဲဒီဗွ၏ငယ်ကျွန်များထွက်ပြေးကြရာ ငယ်ကျွန် သီရိပျံခြိန့်နှင့် နှမ ခင်ခင်ထွေးဆိုသူတို့လည်းပါသည်ဆို၏။

သီရိပျံခြိသည် သူငယ်ချင်း သာရဝေါစား ဘယကျော်သူထံ သွားရောက် ပုန်းအောင်းနေသည်။ ဘယကျော်သူက သီရိပျံခြိကို မောင်စံမက်ဟုလည်းကောင်း၊ နှမငယ် ခင်ခင်ထွေးကို မဖဝါဟု လည်းကောင်း အမည်ပြောင်း၍ အင်းရဲကြီးတွင် အင်းသူကြီးအဖြစ်သွားရောက်လုပ်ကိုင်စေသည်။ မောင်စံမက်သည် အင်းလုပ်ငန်းကျွမ်းကျင်လာပြီး ငါးတို့၏ သဘာဝအခြေအနေကိုကြည့်၍ ငါးဖမ်းရန်အတပ်ပြောနိုင်လာသည်။ ဤနေရာ၌ မည်သည့်ငါးအမျိုးအစားရမည်ဆို သည်ကိုပင် ညွှန်ပြနိုင်လာသည်။ အင်း၏ မည်သည့်နေရာ၌ ငါးခိုးနေသည်ဟု ပင်သိလာပြီး သွားရောက်ဖမ်းခိုင်းနိုင်လာ၏။ သို့ဖြင့် မောင်စံမက်သည် တစ်ပွဲစားကြီးအဖြစ် နာမည်ကြီးလာသည်။

ကြီးပွားလာ၍ အတော်အတန်စုဆောင်းမိလာသောအခါ မောင်စံမက်သည် နှမ မဖဝါနှင့် တပည့်များကိုခေါ်ကာ ရန်ကုန်သို့ ရွှေတိုဂုံဘုရားသွားဖူးသည်။ လှူဒါန်း ရွှေ ငွေများကိုလည်း ယူဆောင်သွားသည်။ သို့သော် ရွှေတိုဂုံဘုရားပေါ် သို့ရောက်သောအခါတွင်တော့ မောင်စံမက်သည် ရွှေတိုဂုံစေတီတော်ကြီးကို လုံးဝမမြင်ရတော့ဟု ဆိုပါသည်။ အကုသိုလ်များလွန်း၍ဖြစ်၏။ သို့ဖြင့် ဝမ်းနည်းစွာခံစားရကာ စိတ်ဓာတ်ကျပြီး ဤမျှလောက် ကုသိုလ်ဆိုးသည့် သူဘဝကို မထူးတော့ပြီဆို၍ လှူရန်ယူလာ

မောင်သန်းဆွေ
(ထားဝယ်)

မဖဝါ သက်သတ်လွတ်စားသည်ဆိုခြင်းမှာ ဟုတ်ပါသလော



www.burmeseclassic.com

www.burmeseclassic.com

သည့် ရွှေ၊ ငွေများကိုမလျှုတော့ဘဲ ပြန်ယူလာလိုက်သည်။ သူလုပ်နေသည့် အင်းရဲကြီးမှအင်းတိုင်းကိုသာ ရွှေချထားလိုက်သည်။ ရွာထဲတွင်ပင်မနေတော့ဘဲ အင်းထဲတွင်ပင်သွားနေ၏။

မောင်စံမက်သည် တဖြည်းဖြည်း စရိုက်ကြမ်းလာကာ အသားငါးများကို အစိမ်းစားလာသည်။ လူစင်စစ်မှ သရဲစိတ်ဝင်လာပြီး တစ်ပွဲစားကြီးဖြစ်လာသည်။ အင်းနှင့်ပတ်သက်၍ လုပ်ကိုင်စားသောက်သူများက တစ်ပွဲစားကြီး မောင်စံမက်ကို တင်မြှောက်ပူဇော်ပသကြသည်။ နှမဖြစ်သူ မဖဝါသည် အစ်ကို အတွက် ရင်ထုမနာဖြစ်ပြီး ရင်ကွဲနာကျသေဆုံးသွားသည်ဆိုပါသည်။ ထိုအချိန်မှစကာ မဖဝါသည် တစ်ပွဲစားကြီး၏နှမသချိုင်းစောင့်မဖဝါအဖြစ်သို့ရောက်ရှာသည်။

အချို့နှတ်ကနားများတွင် နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်၌ မဖဝါကိုပင့်၍ သားစိမ်းငါးစိမ်းကျွေးလေ့ရှိသည်။

မကြာသေးမီက ရင်းနှီးသည့် မိတ်ဆွေတစ်ဦးအိမ်၌ နတ်ကနားပေး၍ ဖိတ်သဖြင့် စာရေးသူသွားရောက်ခဲ့ပါသည်။ မဖဝါကိုကျွေးသောအခါ၌ သစ်သီးများကိုသာကျွေးသည်။ မဖဝါနတ်ဝါကြီးသွားသဖြင့် သားစိမ်းငါးစိမ်းမစားတော့ ဟုပြောသည်။ အချို့က မယုံပါ။ မဖဝါ သားစိမ်းငါးစိမ်းမစားသည်ဆိုသည်မှာ မည်သူပြောသနည်းဟုမေးကြည့်ရာ ရုပ်ရှင်မင်းသား ဦးကျော်သူပြောသည်ဟု ဆိုပါသည်။ သူပေးသည့် စံတော်ချိန်နေ့စဉ်သတင်းစာမှဆောင်းပါးကို ဖတ်ကြည့်ရသည်။

၁၄-၉-၂၀၁၅ နေ့ထုတ် စံတော်ချိန် နေ့စဉ်သတင်းစာ စာမျက်နှာ (၁၃) တွင် စာရေးဆရာမ အိသန္တာမိုးဆိုသူနှင့် ဦးကျော်သူတို့ တွေ့ဆုံမေးမြန်းခန်းပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုဆောင်းပါးတွင် မေးမြန်းသူက -

"ကိုယ်တိုင်ရော ပရလောကနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေဆောင်ရွက်နေတာဆိုတော့ ကိုယ်တွေ့အတွေ့အကြုံလေးတွေရှိခဲ့လား"

ဟု မေးရာ ဦးကျော်သူက ပြန်ဖြေသည်မှာ -

"ကိုယ်တွေ့ကတော့ ရှိပါတယ်။ ကျွန်တော်တို့က အကျွတ်အလွတ်ဆိုတာမျိုးကိုလုပ်ပေးချင်တယ်။ အရင်တုန်းကဆိုရင် သချိုင်းကိုသွားပြီး အစာကျွေးတာတွေလုပ်တယ်။ သချိုင်းစောင့်နတ်မဖဝါဆိုတာရှိတယ်။ မဖဝါဆိုရင်သစ်သီးတွေသာကျွေးရတယ်။ သားငါးမစားတော့ ဘူး"

ဟု ဖြေကြားကြောင်းရေးထားသည်ကိုတွေ့ရသဖြင့် သချိုင်းစောင့် မဖဝါသည် အသားမစား၊ သစ်သီးသာစားသည်ဟု ဦးကျော်သူ၏ဖြေကြားချက်အရ ယခု ကနားတွင် နတ်ကတော်က မဖဝါကို သစ်သီးများသာကျွေးခြင်း ဖြစ်သည်။

စာရေးသူ ကိုယ်တွေ့ကို ရေးပြပါမည်။

ကျိုးဖြူတောင် သာသနာပြုအဖေကြီး ဦးအေးဖေ (ခေါ်) ဆရာတော်အရှင်အဂ္ဂသာရသည် ကျိုးဖြူတောင်တွင် ကန်တော့ပွဲအလှူအတန်းရှိ၍ စာရေးသူအား ဖိတ်ကြားသဖြင့် သွားခဲ့ပါသည်။

ထိုအလှူပွဲကို အကျွတ်အလွတ် ဘုရားလေးရှိ တန်ဆောင်းတွင် ကျင်းပသည်။ ထိုပွဲ၌ ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များကိုလည်း ကန်တော့ပွဲများဖြင့် ကပ်လှူပူဇော်ပါသည်။ ဗလီအလှူတော်လည်းပါဝင်၏။ ဗလီ(၅)မျိုးမှ ပဉ္စဗလီဖြစ်သည့် ဒေဝတာဗလီဖြစ်သော အာကာသမီး၊ ဘုမ္မဒိုး၊ ရုက္ခဒိုး အစရှိသော နတ်များ၊ မိရိုးဖလားနတ်၊ သမ္မာဒေဝနတ်များကိုလည်း ပူဇော်ပါသည်။

ထိုဗလီပွဲတွင် တိုက်ကြီးအဝိုင်ရွာက နတ်ဆရာ၊ ဆိုင်းဆရာများက ဆိုင်းနှင့်ပါဝင်သည်။ ထိုဆိုင်းဆရာတစ်ဦးနှင့် စကားလက်ဆုံကျရာ ဒေဝတာဗလီပွဲအပြီး နောက်ဆုံး ဦးညီကြီးနှင့် သချိုင်းစောင့်မဖဝါတို့အထိ ကျေးမွေးအမျှအတန်းပေးဝေမည်ဟုသိရ၏။ ထို့ကြောင့် ဆိုင်းဆရာကိုမဖဝါအကြောင်းမေးကြည့်ရာ ထိုဆိုင်းဆရာက -

"မဖဝါအကြောင်း ယေဘုယျ

လောက်ပဲသိပါတယ်။ သူတို့ကမောင့်နမနှစ်ယောက်ရှိတယ်။ မိဘနှစ်ပါးသေဆုံးသွားတော့ အစ်ကိုဖြစ်သူက အင်းသူကြီးအဖြစ်လုပ်ကိုင်ခဲ့တယ်။ ညီမလေးကတော့ အိမ်မှာနေတာပေါ့။

အင်းသူကြီးအစ်ကိုဟာ အင်းထဲမှာနေရင်း နှစ်ပေါင်းများစွာကြာလာတော့ ငါးတွေကိုဖုတ်ကင်ချက်ပြုတ်ပြီး မစားတော့ဘဲ အစိမ်းစားလာတယ်။ တဖြည်းဖြည်းနှစ်ကြာလာတာနဲ့အမျှ လူစင်စစ်က အင်းစောင့်သရဲကြီးဖြစ်သွားခဲ့တယ်။ ညီမလေးဟာ ဒီအဖြစ်ဆိုးတွေမြင်ပြီး သေဆုံးသွားတဲ့အခါမှာ သချိုင်းစောင့်မဖဝါဖြစ်လာတယ်လို့ဆိုပါတယ်'

ဟု ပြောခဲ့ပါသည်။

စာရေးသူလည်း ထိုဒေဝတာဗလီပွဲနောက်ဆုံးနေ့အထိကြည့်နေလိုက်သည်။ နောက်ဆုံးနေ့တွင် (၃၇) မင်းနှင့် အခြားနတ်အပေါင်းတို့ကို ပူဇော်ပသသည်။ တဖြည်းဖြည်းနှင့် နေဝင်ရီတရော အချိန်သို့ရောက်လာသည်။ထိုစဉ် နတ်ပွဲထဲမှ လူတစ်ယောက်က အမဲသားတွဲတစ်ပိသာခန့်ရှိသည့်အတွဲနှစ်တွဲကိုဆွဲပြီး ရောက်လာ၏။ မကြာမီ အသားညှီညှီထောင်ထောင်မောင်းမောင်း ယောကျ်ားတစ်ယောက်သည် ဆိုင်းဝိုင်းရှေ့သို့ခုန်ပေါက်ပြေးလာသည်။ သူတွင်အပေါ်ဝိုင်းအင်္ကျီမပါပါ။ ခါးတောင်းကိုမြှောင်အောင်ကျိုက်ထားသည်။ ထိုသူသည် နတ်ဝင်ရောက် ပူးကပ်နေပြီး ခုန်လိုက်၊ တစ်ပတ်ကျွမ်းထိုးလိုက်လုပ်နေလေ၏။ မေးကြည့်ရာ ဦးညီကြီးပူးကပ်နေသည်ဟုပြောပါသည်။ ထိုသူက အမြင့်တွင် ချိတ်ဆွဲထားသည့် အမဲသားတစ်ပိသာတွဲကိုလှမ်းယူပြီး မြို့ရေရှက်ရေစားနေသည်မှာ အသည်းယားဖွယ်ကောင်းလှပါသည်။ မကြာခင်ပင် အမဲသားတွဲတစ်တွဲလုံးကုန်သွားသည်။ ဦးညီကြီးပူးကပ်နေသူသည် နောက်ကျွမ်းပစ်ပြီး ဆိုင်းဝိုင်းနောက်သို့ပြေးဝင်သွားလေသည်။

အမျိုးသမီးအကျီင်္တစ်ဆင်ထားပြီး မိတ်ကပ်အပြည့်နှင့် နတ်ကတော်မိန်းမလှတစ်ဦးထွက်လာပြီး မဖဝါကိုပင့်ဖိတ်ပါသည်။ ခဏအကြာတွင် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်ရင်လာပြီး မဖဝါဝင်ပူးပါတော့သည်။

ဆိုင်းချက်နှင့်အညီ ကပြနေရာမှ စားပွဲပေါ် တွင်တင်ထားသည့် ကျန်အမဲသားတွဲကိုဆွဲယူလိုက်သည်။ ထိုအမဲသားတွဲကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ မြို့ရေယှက်ရေစားပါတော့သည်။ တဖြည်းဖြည်းနှင့် နေကလည်းဝင်လာသည်။ အမှောင်ရိပ်သန်းလာပါသည်။ ခွေးများကလည်းအူလာကြသည်။

ကနားအနီးတွင် ဦးညီကြီးပူးသည့် ထောင်ထောင်မောင်းမောင်း ယောကျ်ားကြီးသည် လာရောက်ထိုင်နေပြီး သူသွားကြားထဲမှာ အမဲသားစိမ်းများကို သွားကြားထိုးထုတ်ပြီး ထွေးပစ်နေသည်။ အသည်းယားဖွယ်ကောင်းလု၏။ စာရေးသူသည် မဖဝါပူးကပ်နေသည့် နတ်ကတော်မှာ တကယ်ပူးကပ်ရှိစားနေခြင်းလော။ သို့မဟုတ် မပူးကပ်ဘဲစားနေခြင်းလောဟု တွေးနေမိပါသည်။ အကယ်၍မပူးကပ်ဘဲစားနေခြင်းဖြစ်ပါက လူစင်စစ်က ဤအမဲသားအစိမ်းတစ်ပိသာခန့်ကို အားရပါးရစားနိုင်ပါမည်လားဟု တွေးနေမိခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေကာမူ သည်ညနေချမ်းနှင့် သည်မြင်ကွင်းမှာ စာရေးသူအပို့အဲ့ဩစရာ၊ ရင်တုန်စရာ၊ အသည်းယားစရာဖြစ်ခဲ့ရသည့်ညနေချမ်းပင် ဖြစ်ပါတော့သည်။

စာရေးသူ ကိုယ်တွေ့ကြုံရသည့် အထက်ပါ အဖြစ်အပျက်အရဆိုလျှင် အထက်၌ဖော်ပြခဲ့သော ရုပ်ရှင်မင်းသား အကယ်ဒမီကျော်သူပြောသည့် မဖဝါကို သစ်သီးတွေသာကျွေးခြင်းဆိုသည်မှာ အံ့ဩစရာဖြစ်နေပါတော့သည်။ သူလည်း သူ့အတွေ့အကြုံအရပြောခြင်းဖြစ်သည်။ စာရေးသူလည်း စာရေးသူ့အတွေ့အကြုံအရရေးသားခြင်း ဖြစ်သည်။

မောင်သန်းခဲ့(ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နေနေနိုင်ရည် (တိုင်းရင်းဆေးပညာ)
စံပယ်ပန်းနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာ

"သောတရှင်များရှင် -

ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးအစီအစဉ်မှာ ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ စံပယ်ပန်းနှင့် တိုင်းရင်းဆေးပညာ အကြောင်းပဲ ဖြစ်ပါတယ်ရှင်။

ဒီအစီစဉ်ကို ဆွေးနွေးပေမယ့်သူကတော့ တိုင်းရင်းဆေးပညာဦးစီးဌာနဖွဲ့ဖြိုးရေးဌာနခွဲမှ ဦးစီးအရာရှိ ဆရာမဒေါ် နေနေနိုင်ရည် ဖြစ်ပါတယ်။

ဆရာမရှင့်၊ အခုလို မိုးရာသီမှာ စံပယ်ပန်းတွေလိုင်လိုင်ပွင့်နေပါပြီ။ ဒီပန်းလေးတွေနဲ့ပတ်သက်လို့ ဆရာမအနေနဲ့ တိုင်းရင်းဆေးပညာအရ ဆေးဖက်ဘယ်လိုအသုံးဝင်တယ်ဆိုတာကို ရှင်းပြဆွေးနွေးပေးမယ်ဆိုလို့ ဝမ်းသာပါတယ်ရှင်။ ရှင်းပြပေးပါဦးရှင်"

"ဟုတ်ကဲ့ပါ။ အခုလို မိုးရာသီမှာ စံပယ်ပန်းတွေလိုင်လိုင်ပွင့်တာတွေ့တော့ ဆရာမလည်း သတိတရနဲ့ ဒါကိုဆွေးနွေးဖြစ်တာပါ။ စံပယ်ပန်းရဲ့ ရုက္ခအမည်ကတော့ Jasminum Pubescens Willd ဖြစ်ပါတယ်။ မိုးရင်းကတော့ OLEACEAE မှာ ပါဝင်ပါတယ်။ မြန်မာအမည်ကတော့ စံပယ်ပါ။ အင်္ဂလိပ်လိုကတော့ အများသိပြီးဖြစ်တဲ့ Jasmine ဖြစ်ပါတယ်။ သူဟာ ချုံပင်အမျိုးအစားဖြစ်တယ်။ ကဆုန်၊ နယုန်လတွေမှာဖူးပြီးတော့ ဝါဆို၊ ဝါခေါင် မိုးရာသီမှာပွင့်ကြပါတယ်။ အချို့ကလည်း ရေလောင်းပြီးပွင့်စေပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာပေါက်ရောက်ပါတယ်။ အထူးသဖြင့်တော့ မြန်မာပြည်အောက်ပိုင်းဒေသတွေမှာ ပေါက်ရောက်တာများပါတယ်။ စိုက်ပျိုးပင်အဖြစ်တွေ့ရပါတယ်။ တိုင်းရင်းဆေးအသုံးအနေနဲ့ကတော့ အရွက်၊ အပွင့်၊ အမြစ်တွေကို အသုံးပြုတာဖြစ်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာမ။ ဆက်ရှင်းပြပေးပါဦးရှင်"

"စံပယ်ပန်းရဲ့တိုင်းရင်းဆေးအကျိုးသွားနဲ့ အာနိသင်တွေကတော့ အရသာအားဖြင့် အေး၊ ချို့၊ ဖန်၊ မွေးအရသာရှိပါတယ်။ ဝမ်းမီးကိုတောက်စေပြီး သလိပ်ကိုထွက်စေပါတယ်။ တွန့်ရုံ့စေတတ်ပြီး လူကိုဝဖြိုးစေပါတယ်။ မီးယပ်သွေးချုပ်ရောဂါ၊ ချောင်းဆိုးရောဂါ နှလုံး၊ ဆီးချို၊ သည်းခြေဒေါသဖောက်ပြန်သောရောဂါ၊ ကိုယ်သားကိုယ်ရေအလွန်ပူသောရောဂါ၊ ရေတော်ခြင်း၊ အရေပြားရောဂါ၊ သွားကိုက်သွားနာ၊ အိပ်မပျော်ခြင်း၊ စကားပြောမမှန်ခြင်း၊ မကြာခဏထိတ်လန့်ခြင်း မူးဝေခြင်းတို့ကို သက်သာပျောက်ကင်းစေပါတယ်။ ဆက်လက်ပြီး စံပယ်ပန်းရဲ့ တိုင်းရင်းဆေးဖက်အသုံးဝင်ပုံတွေကိုလည်း တင်ပြပါ့မယ်။ မီးယပ်သွေးချုပ်ရောဂါ အတွက် စံပယ်ရွက်သတ္တုရည်ဟင်းစားဇွန်းတစ်ဇွန်းစားသောက်ပေးရင် သက်သာပျောက်ကင်းစေပါတယ်။ သလိပ်တွေများပြီး ချောင်းဆိုးနေရင်း စံပယ်ရွက်(၇) ရွက်သတ္တုရည်ကိုပဲ ကြက်သွန်ဖြူသတ္တုရည်လက်ဖက်ရည်ဇွန်း(၁)ဇွန်း၊ ပိတ်ချင်းမှုန့်လက်ဖက်ရည်ဇွန်း (၁) ဇွန်းတို့နဲ့ရောစပ်တိုက်ပေးမယ်ဆိုရင် သက်သာပျောက်ကင်းစေပါတယ်။ ကလေးများချောင်းဆိုးရင်တော့ စံပယ်ရွက်အခြောက်မှုန့်ရယ်၊ ပေါက်ပန်းဖြူရွက်သတ္တုရည်နှင့်လက်ချားရွေး(၁)ရွေးသား ငရုတ်ကောင်းရွေးလေး (၁)ရွေးတို့ကို အမှုန့်ပြုပြီးတော့ ပျားရည်နဲ့ရောလို့လျက်ပေးနိုင်ပါတယ်။

အဓိကကတော့ အဆုတ်နဲ့ပတ်သက်တဲ့ရောဂါတွေကို သက်သာပျောက်ကင်းစေပါတယ်။ အဆုတ်လေပြွန်ရောင်ခြင်း၊ အဆုတ်အအေးမိခြင်း၊ ချောင်းဆိုးခြင်းတွေဖြစ်တဲ့အခါများမှာ စံပယ်သတ္တုရွက်၊ ငရုတ်ကောင်းစေ့၊ ကြက်သွန်ဖြူ၊ ဒန့်သလွန်မြစ်၊ ပျားရည်တို့နဲ့ရောစပ်ပြီး လျက်ပေးမယ်ဆိုရင် သက်သာပျောက်ကင်းစေပါတယ်။ လူနာရဲ့အင်အားကို ကြည့်ပြီးတိုက်ရပါမယ်။ ဒီဆေးကိုတိုက်ခြင်းဖြင့် အန်၍သော် လည်းကောင်း၊ ဝမ်းသွား၍သော် လည်းကောင်း သလိပ်များထွက်လာပါလိမ့်မယ်။ ဒဲ့အပြင် ကင်းအဆိပ်မိခဲ့ရင် စံပယ်ရွက်နဲ့ မန်ကျည်းသီး စိမ်းထောင်းပြီး ကင်းကိုက်တာပဲဖြစ်ဖြစ်၊ ငါးရိုးဆူးတာပဲဖြစ်ဖြစ်အံ့ပေးပါက အဆိပ်ကို သက်သာစေပါတယ်။ အထူးသဖြင့် စံပယ်ပန်းလက်ဖက်ခြောက်ဟာ နာမည်ကြီးပါပဲ။ ချွေးထွက်စေပြီး ဆီးနီ၊ ဆီးနည်း၊ ဆီးပူရောဂါတွေကို သက်သာပျောက်ကင်းစေပါတယ်။

စံပယ်ပွင့်မှာပါဝင်တဲ့ဒြပ်ပေါင်းကတော့ essentiol oils geranionl ဖြစ်ပါတယ်။ စံပယ်ပွင့်နဲ့ပတ်သက်လို့ပြောချင်ပါသေးတယ်။ စံပယ်ပန်းကို ရန့်ကုထုံးအဖြစ် အသုံးပြုနိုင်ပါတယ်။ စံပယ်ပန်းကို အမျိုးသမီးများ ဆံကေသာမှာပန်ဆင်ထားရင် မိမိရောပတ်ဝန်းကျင်ကလူတွေပါစိတ်ကြည်နူးစေပါတယ်။ အိပ်ရာဘေးမှာထားအိပ်ရင် အိပ်ပျော်စေပါတယ်။ နှလုံးအားရှိစေပြီး စိတ်ကြည်လင်လန်းဆန်းစေပါတယ်။ စံပယ်ပန်းခြောက်ကို ခေါင်းအုံးလုပ်ပြီးအိပ်ရင် ခေါင်းအုံခေါင်းကိုက်တဲ့ဝေဒနာကိုသက်သာစေပါတယ်။ နားအူနားလေးနားလေထွက်တဲ့ဝေဒနာကိုလည်း သက်သာစေနိုင်ပါတယ်။ တိုင်းရင်းဆေး ဆေးဖုံအမှတ်များတွင် အမှတ်(၁၅)အပူနိုင်သည်းခြေဆေးတွင် အပွင့်များနဲ့ဖော်စပ်ထားပြီး စံပယ်ပန်းပွင့်လည်း အပါအဝင်ဖြစ်ပါတယ်။ မူးဝေမောပန်း နှလုံးတုန်ရင်ခုန်ရောဂါများအတွက် အသုံးပြုပါတယ်။ အဓိကကတော့ အပူလွန်နာတွေပျောက်ကင်းပါတယ်"

"အခုလိုပြည့်ပြည့်စုံစုံရှင်းပြပေးတဲ့ဆရာမကိုကျေးဇူးတင်ပါတယ်ရှင်"

"ဆရာမကလည်း တိုင်းရင်းဆေးပညာနဲ့ပတ်သက်လို့ အသိပညာပေးတင်ပြခွင့်ပေးတဲ့ မြန်မာ့အသံနဲ့ သောတရှင်ပြည်သူလူထုကို အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။ သောတရှင်အပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာတော်မူကြပါစေရှင်"

ဒေါ်နေနေနိုင်ရည်
(တိုင်းရင်းဆေးပညာ)

www.burmeseclassic.com

www.burmeseclassic.com

■ အားကိုးရာအဖြစ်

"ကိုစိုးမြင့်"

"ခင်ဗျာ"

"စီးပွားရေးက အဆင်မပြေတာ အတော်ကြာခဲ့ပြီပဲဗျ"

"ဟုတ်ပါတယ် ဆရာ၊ အရေးအခင်းဖြစ်ပြီဆိုကတည်းကပါပဲ။ အရေးအခင်းဖြစ်တော့ ကျွန်တော်တို့တစ်တွေတွင်းဆင်းခွင်လုံးဝမရခဲ့ကြပါဘူး။ အရေးအခင်းပြီးပြန်တော့လည်း လုပ်တော့လုပ်တာပေါ့ ဆရာရယ်။ ဘယ်မှာလုပ်လုပ် အဆင်မပြေဖြစ်နေတယ်။ အဲဒီနောက်မှာ အစိုးရက လိုင်စင်ဖက်စပ်တွင်းတွေချပေးလိုက်တဲ့အခါမှာတော့ ကျွန်တော်တို့လုပ်နေတဲ့နေရာတွေဖက်စပ်ဆွဲတဲ့အထဲ ပါကုန်ပြန်တယ်။ အဲဒါနဲ့ ဘုံပျော်ကြီး ဟိုယောင်ယောင်ဒီယောင်ယောင်ပေါ့ ဆရာရယ်။ ဖက်စက်မဆွဲတဲ့နေရာဆိုကလည်း သုံးစားလို့မရတဲ့နေရာတွေဆိုတော့ လုပ်သာလုပ်နေရတယ် စိတ်ကလုံးဝမပါဘူး ဆရာ"

"ဟုတ်ပြီ၊ ဒါဆိုရင် ကိုစိုးမြင့်အနေနဲ့စိတ်ပါပါ။ မပါပါ တစ်နေနေရာမှာ ဆက်လုပ်နေဖို့ အရေးကြီးတယ်"

"ဘာပြုလို့လဲ ဆရာ"

"ကိုစိုးမြင့်အနေနဲ့ တစ်သက်လုံးထိုင်စားနိုင်လောက်အောင် ကျောက်ကြီးကျောက်ကောင်းရမှာမို့ပါပဲ။ ဒီလိုအခွင့်အရေးမျိုးဆိုတာက ကိုစိုးမြင့် တစ်သက်မှာ ဒီတစ်ခါပဲရမှာပါ။အေးဗျာ၊ ပြောစရာတစ်ခုတော့ရှိတယ်"

"ဟုတ်ကဲ့ - ပြောပါ ဆရာ"

"သိဒ္ဓတ္ထမင်းသားတောထွက်ပြီး ဘုရားဖြစ်အောင်ကျင့်တော့မယ်ဆိုတော့ မာရ်နတ်ကမတားပေဘူးလားဗျာ"

"တားပါတယ်ဆရာ"

"သဗ္ဗညုတညာဏ်တော်ကိုရတော့ မယ်ဆိုတော့ မာရ်နတ်ကလာမဖျက်ပေဘူးလားဗျာ"

"ဖျက်ပါတယ်ဆရာ"

"အေး-အဲဒီလိုပဲဗျို့ ကိုစိုးမြင့်၊ ကျောက်ကြီးကျောက်ကောင်းလာဘ်ကြီးလာဘ်ကောင်းရမယ့်အရေးမှာလည်း အဖျက်တွေဝင်လာလိမ့်မယ်ဗျသိလား"

"ဟုတ်ကဲ့ပါဆရာ၊ ဒါထက် ဘယ်လိုအဖျက်မျိုးလဲဆရာ"

"အေး - ဒါက စိတ်ဝင်စားစရာကောင်းတယ်။ လူတွေလည်း မက်မောစေတဲ့အဖျက်မျိုးဗျ။ အဲဒါက ကျောက်တွင်းတူးသမားတွေအနေနဲ့ရနိုင်တဲ့ အနီးစပ်ဆုံးအဖျက်က ကျောက်မျက်ဖက်စပ်မန်နေဂျာတို့၊ ဖက်စပ်တွင်းဆရာတို့ပါပဲ။ အောက်ကျနောက်ကျရာထူးမျိုးမဟုတ်ဘူးနော်။ မက်မောလောက်တဲ့အထက်တန်းစားရာထူးမျိုးဗျ"

"ဟုတ်ကဲ့ပါ ဆရာ"

"သေချာပေါက်ဗျာ၊ အဆက်အသွယ်တစ်ခုခုနဲ့ ဖက်စပ်တစ်ခုခုက ကိုစိုး

www.burmeseclassic.com

www.burmeseclassic.com

အနေနဲ့ ငြင်းကောင်းငြင်းမှာပါ။ ဒါပေမယ့် ကိုစိုးမြင့်ရဲ့ဇနီးက အကြောင်းအမျိုးမျိုးနဲ့တိုက်တွန်းလိမ့်မယ်။ အဲဒါကိုလည်း သတိထားပြီး အတင်းငြင်းဆန်ပါ။ တစ်သက်မှာတစ်ခါနော်။ အဲဒီတစ်ခါရမယ့်အခွင့်အရေးဟာ ကိုစိုးမြင့်တစ်သက်စာ မပူမပင်နေထိုင်နိုင်အောင် ကံကပေးလာမယ့်အခွင့်အရေးမို့ ခုလိုတိုက်တွန်းနေတာပါ။ ကျွန်တော်ဟောခဲ့တာ ဇာတာတစ်ထောင်ကျော်ပါပြီ။ မွေးသက္ကရာဇ်နဲ့အခ်ိန်သာတိကျပါစေ။ လုံးဝမလွဲစေရပါဘူး။ လင်္ဂအတပ်မှားရင်တော့မဆိုလိုဘူးပေါ့ဗျာ။ အဲဒီဇာတာတွေထဲမှာ ကိုစိုးမြင့်လို အကောင်းဆုံးရာထူးချရင် ကြွတတ်တယ်။ ဌေးချရင် ကြွတတ်တယ်။ မိန်းမချရင်ကြွတတ်တယ်ဗျ။ ခုခင်ဗျားကိုလာချမှာက ရာထူးပဲဗျို့။ မန်နေဂျာဖြစ်ရင်ဖြစ်၊ မဖြစ်ရင်တွင်းဆရာပဲဗျ။ လက်ဖျားငွေသီးတဲ့ရာထူးတွေပေါ့ဗျာ။ အကျဉ်းအကျပ်ထဲရောက်နေတဲ့လူတွေအတွက် ရေတိတုန်း ရေအိုးစင်ရေအပြည့်နဲ့တွေ့သလိုမျိုးဗျ။ အဲဒါကို မသာယာမိအောင်သတိထားဗျာ။ အဲဒါကို အထူးသတိပေးချင်တာပါ။

"ဟုတ်ကဲ့ပါ ဆရာ"

"ပြီးတော့ပြောရဦးမယ်၊ အဲဒီလို ရာထူးမျိုးပေးဖို့လာစပ်တဲ့အခါ ကိုစိုးမြင့်ကိုလာခေါ်မှာ မြေကြီးလက်ခတ်မလွဲဘဲဗျ။ အဲဒီရာထူးကိုမက်ပြီးကိုစိုးမြင့်ပါသွားတယ်ဆိုရင်တော့ ကိုစိုးမြင့်အနေနဲ့ ရုတောင့်ရခဲကြုံတောင့်ကြုံခဲကံရဲ့အကျိုးပေးခွင့်ဟာ အဲဒီလူကြီးသူကြီးရာထူးနဲ့ ကိန်းကျေသွားမှာ သေချာတယ်။ တစ်သက်လုံးထိုင်စားနိုင်တဲ့ကျောက်ကြီးကျောက်ကောင်းလက်လွတ်ဆုံးရှုံးသွားမှာအမှန်ပဲဗျ။ တကယ်တော့ အဲဒီရာထူးတွေက ကိုစိုးမြင့်ကို အရင်လာဖျက်မှာသေချာနေတယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်သတိထားပါ့မယ်"

"လူဆိုတာ ယောကျ်ားမှန်ရင် အကြွေသုံးမျိုးက ရှောင်နိုင်ခဲပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိန်းကြဲတာ တစ်ခါမှမတွေ့ဘူးသေးပါဘူး။ အဲဒါကြောင့်လည်း ခုလိုအကြိမ်ကြိမ်တိုက်တွန်းနေတာပါ။ ဒါကကိုစိုးမြင့် အတွက်ပါ"

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

"အေးဗျာ-ကျွန်တော်အပြတ်ပြောလိုက်မယ်။ အကယ်၍များ ကျွန်တော့် စကားကိုနားမထောင်ဘဲ ဖက်စက်ထဲဝင်လုပ်မယ်ဆိုရင်တော့ ကိုစိုးမြင့် နောက်တစ်ခါ ကျွန်တော့်ဆီလာစရာမလိုတော့ပါဘူး။ နေရာကောင်းကောင်း၊ မကောင်းကောင်း ကိုစိုးမြင့်အနေနဲ့မလျှော့သောဇွဲနဲ့လုပ်နေဖို့လိုတယ်။ ဒါဆိုရင် ပတ္တမြားကိုစောင့်နေတဲ့နတ်တွေက ကိုစိုးမြင့် အတွက် မမြင်မြင်အောင်၊ မရရအောင် ပြကျောက်ကြီးလာထည့်ပေးပါလိမ့်မယ်။ အဲဒါကို ယုံကြည်ပါ။ ကဲကဲ - ဒါပါပဲ။ မှတ်မိတယ်နော်"

"မှတ်မိပါတယ်ဆရာ"

"ကျွန်တော်က ဆရာမဟုတ်ပါဘူးဗျာ။ လူတွေကို ကူညီနေတဲ့ဗေဒင်သုတေသီတစ်ဦးပါ။ ဟောစားနေတာလည်း မဟုတ်ပါဘူး"

"သိပါတယ်ဗျာ၊ လုပ်ငန်းကိုင်ငန်းအဆင်မပြေလွန်းလို့သာအားကိုးအားထားရာအဖြစ်လာခဲ့ခြင်းပါ"

"ကျွန်တော် သဘောပေါက်ပါတယ် ကိုစိုးမြင့်ရယ်။ လူတွေရဲ့အခက်အခဲတွေကို ကျွန်တော်တတ်တဲ့ ကျွန်တော်ဝါသနာပါတဲ့ ဗေဒင်ပညာလေးနဲ့ ကူညီရတော့ အရမ်းကိုဝမ်းသာရတာပါ"

"ဆရာ့ကိုကန်တော့ပါတယ်"

ဟု ပြောကာ ကိုစိုးမြင့်သည် စာအိတ်နှင့်ထည့်ထားသောပိုက်ဆံကို ထုတ်၍ကန်တော့၏။ ဆရာဦးအောင်ကျော်သည် ချက်ချင်းပင် ကောက်ကာ ကိုစိုးမြင့်အိတ်ကပ်ထဲအမြန်ထိုးထည့်ပြီး-

"ကိုစိုးမြင့်၊ ကျွန်တော်က အားလုံးကို စေတနာနဲ့အခမဲ့ကူညီပေးတာပါ။ ဒီလိုလုပ်ရင် ကျွန်တော့်ကိုစော်ကားတာနဲ့အတူတူပါပဲ။ ကဲကဲ - ကော်ဖီသောက်ဗျာ၊ မုန့်စားဗျာ"

ဟု ပြောကာ အချို့ပွဲဖြင့်ဧည့်ခံလေ၏။

■ ဆရာဦးအောင်ကျော်

ဦးအောင်ကျော်သည် ကျပ်ပြင်ဈေး၏အနီးတွင် နေထိုင်သူဖြစ်ကာ ကျောက်ကုန်သည်၊ ကျောက်သွေးဆရာဖြစ်ပါသည်။ သူ့ဌေးကြီးစာရင်းတွင်မပါဝင်စေကာမူ ချမ်းသာသူစာရင်းတွင်ပါဝင်သူဖြစ်သည်။ ကျပ်ပြင်ဈေးကိုအစွဲပြုလျက် ထိုရပ်ကွက်အား ကျပ်ပြင်ဈေးဟုခေါ်တွင်ပါသည်။

ဆရာအသီးသီးတို့ထံတွင် နည်းနာခံလျက် ဗေဒင်ပညာသင်ယူခဲ့ပါသော်လည်း ထိုသင်ယူခြင်းသည် အသက်မွေးဝမ်းကျောင်းပညာမဟုတ်ဘဲ လူတို့ကို ကူညီရန်သက်သက်ဟု ခံယူထားကာ သင်ယူလေ့လာထားသော ဗေဒင်ပညာဖြင့် လူတို့ကိုကူညီခြင်း ဖြစ်သည်။

ထို့ပြင် ဦးအောင်ကျော်သည် သမထအလုပ်ဖြင့်ထွက်ရပ်လမ်းစဉ်ကို လိုက်နေသူလည်းဖြစ်ပါသည်။ အထက်ပုဂ္ဂိုလ်တို့၏စောင့်ရှောက်ခြင်းကိုလည်း ခံစားနေရသူဖြစ်သည်။

ဦးအောင်ကျော်၏ညီမှာ ဦးကျော်ရှိန်ဖြစ်သည်။ သို့သော် ဦးကျော်ရှိန်ထက် ဦးအောင်ကျော်က နုပျိုလျက်ရှိကာ ဦးအောင်ကျော်အား ညီဟုမှတ်ထင်ကြ၏။ အရွယ်မယှဉ်နိုင်သကဲ့သို့ ရုပ်ရည်အားဖြင့်လည်း ဦးအောင်ကျော်ကိုမှ မယှဉ်နိုင်ပေ။

ဦးအောင်ကျော်သည် ငယ်စဉ်အခါက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်ခဲ့၏။ သူ၏အလှပမှုသည် တစ်ခေတ်မှာတစ်ယောက်ဟူဘိသို့ မိန်းမတို့ကိုညှို့ယူဖမ်းစားနိုင်စွမ်းရှိသည်။ လှပမှု၊ သန့်ရှင်းစွာဝတ်ဆင်တတ်မှု၊ ရုပ်ရှင်မင်းသားကျော်ဆွေ၏ဆံပင်ပုံစံကို အတုယူကာ ဖြီးလိမ်းမှုတို့ကြောင့် သူ၏အလှသည် ကျပ်ပြင်တစ်ခွင်တွင် ကျော်ကြားခဲ့ပါသည်။

ငယ်စဉ်ကမဆိုထားဘိ အိမ်ထောင်ကျ၍ သားသမီးမြေးများရနေသည့်တိုင် ဦးအောင်ကျော်၏အလှကပေါ်လွင်နေဆဲရှိသည်။ ဝိသေသမှာ ရုပ်ရှင်မင်းသားကြီးကျော်ဆွေ၏ဆံပင်ပုံစံအမောက်ကို သေသေသပ်သပ်ဖြီးကာ လှလှပပနေတတ်ခြင်းဖြစ်ပြီး မျက်မှန်က သူ့အလှကို အရွယ်အလျောက်တင့်တယ်ထည်ဝါစေပါသည်။

ဦးအောင်ကျော်၊ ဦးကျော်ရှိန်တို့ ညီအစ်ကိုသည် ကုန်သည်များဖြစ်သည့် အလျောက် နံနက်ပိုင်းတွင် ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေးစသောရွာများသို့ကျောက်လိုက်ဝယ်လေ့ရှိရာ လူအများနှင့်ခင်မင်သိကျွမ်းသကဲ့သို့ ကျွန်ုပ်နှင့်လည်း ခင်မင်ပါသည်။ လေးလည်းလေးစားရပါသည်။ သူတို့သည် ကျပ်ပြင်ဈေးရပ်မိရပ်ဖများဖြစ်ကြကာ ဦးထွန်းအောင်နှင့်လက်တွဲညီညီ ဆောင်ရွက်ကြသူများဖြစ်သည်။

ဦးအောင်ကျော် လူကြီးဘဝရောက်ချိန်တွင် ကျွန်ုပ်သည် လူလတ်ပိုင်းသို့ဝင်စအရွယ်ဖြစ်သည်။ ကျွန်ုပ်သည်လည်း ဦးအောင်ကျော်၏အလှကို မမီစေကာမူ ဦးအောင်ကျော်ကဲ့သို့ ဆန့်ကျင်ဘက်လိင်တို့၏ စိတ်ဝင်စားမှုကို အများဆုံးခံရသူဖြစ်ရာ ကျွန်ုပ်အားနှစ်ကိုယ်ကြားပြောပြဖူး၏။

"ကိုကျော်စိုးရေ၊ ယောကျ်ားလူတော့ မိန်းမတိုင်းက စိတ်ဝင်စားကြတာပေါ့။ ကျွန်တော်ဆို ငယ်ငယ်က အရမ်းကိုစွဲပြီးအရမ်းကိုပွေ့ခဲ့ရှုပ်ခဲ့တာ။ လှတော့ကာ ပွေတိုင်းရှုပ်တိုင်းရနေတာကိုးဗျ။ ဒီတော့ ကိုယ့်ဘဝကို အရမ်းကို သာယာတာပေါ့ဗျာ။ တယ်ဟုတ်တဲ့ငါပါလားပေါ့။ လူဆိုတာ အလှမမက်သူရှားပါတယ်ဗျာ။ အလှကွန်ရက်မှာငြိကြတာများပါတယ်။ လူငယ်ဆိုတော့ ဒီပျော်ခြင်းရဲ့အကျိုးအပြစ်ကိုမသိခဲ့ဘူးပေါ့ဗျာ။ ဒီလိုပဲပျော်ပျော်ကြီးရှုပ်ခဲ့ပွေခဲ့တာပေါ့။ ဟော - အရွယ်လေးလည်း ရလာရော အသိဗဟုသုတကကြွယ်ခဲ့ပြီး တရားမမှဘက်ရောက်ခဲ့ပြီ။ ဒီအခါကျမှ ဩော်-ငါများခဲ့တာအများကြီးပါလားလို့သုံးသပ်ဖြစ်တော့တယ်။ ဒါဟာ ရုပ်ရည်လှခြင်းရဲ့ အကျိုးဆက်တွေပဲဗျ။ ရုတ်တရက်ကြည့်ရင် ကံကောင်းမလိုလိုနဲ့ ကံဆိုးတာဗျ။ ရုပ်ရည်ကိုတလွဲဆံပင်ကောင်းအသုံးချခဲ့တာလေ။ ကိုကျော်စိုးသတိထားနိုင်အောင် ကျွန်တော်ပြောပြတာပါ"

ဟု ဆိုဖူးလေ၏။

ဤသည်မှာ ဆက်စပ်၍ကြားညှပ်တင်ပြခြင်းဖြစ်သည်။ ကျောက်ကုန်သည်လုပ်ခြင်း၊ ကျောက်သွေးခြင်းတို့ဖြင့် မအားလပ်သော ဦးအောင်ကျော်သည် ရင်နှီးသူတို့ သူ့ထံလာရောက်၍ ဗေဒင်မေးသော် သူလုပ်ငန်းခွိုင်ကိုဖဲ့၍ ဗေဒင်ဟောပေးရလေ၏။ အများဆုံးကူညီရသည်မှာ စီးပွားရေးကိစ္စများသာဖြစ်သည်။ ထိုခေတ်ထိုအခါတွင် ဟိုဘက်ဟုခေါ်ကြသော ယိုးဒယားသို့ကျောက်သွားရောင်းကြရရာ မှောင်ခိုခေတ်ဖြစ်သဖြင့် လမ်းတွင် အန္တရာယ်ကြီးလှ၏။ ထိုအန္တရာယ်တို့မှလွတ်ရန် အခါပေးရခြင်းများလည်း အများအားဖြင့် ပါဝင်ပါသည်။ အတိမ်းအစောင်းမရှိအောင် ဟောဖော်ညွှန်ပြနိုင်သဖြင့် စီးပွားရေးသမားတို့ လွန်စွာ အလေးအမြတ်ထားသော ဆရာတစ်ဆူဖြစ်သည်။

စီးပွားကိစ္စအလုပ်အတည်းဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

သော ကျွန်ုပ်သည်လည်း ဦးအောင်ကျော်ထံပြေးရပါသည်။

ထိုအခါဦး အောင်ကျော်က -

"ဗေဒင်ဟောတာ နက္ခတ်တွေတွက်ရတာမို့ ခဏနဲ့မရဘူးဗျ။ အချိန်ပေးပြီးဟောရတယ်။ ဒီတော့ ကျွန်တော် ရက်ချိန်းပေးမယ်ဗျာ"

ဆိုပြီး ရက်ချိန်းပေးပါသည်။

ရက်ချိန်းအတိုင်း နံနက်ပိုင်းသွားသော် အသေအချာတွက်ချက်၍ဟောပါသည်။ သို့သော် ကျောက်ကြီးကျောက်ကောင်းရမည်ဟူ၍လုံးဝမပါပါ။ အသက်ငါးဆယ်ကျော်ပါက အဆင်ပြေလာမည်ဟုသာဟောပါသည်။ အမှန်လည်း အဆင်ပြေလာပါသည်။

ဦးအောင်ကျော်က -

"ကျွန်တော်မဂ္ဂဇင်းကြော်ငြာတွေမှာပါတဲ့ဗေဒင်ဆရာတွေဆီ စာနဲ့ ဗေဒင်လှမ်းမေးလေ့ရှိတယ်။ အဲဒီမှာ သဘောအကျဆုံး ဗေဒင်ဆရာတစ်ဦးကို တွေ့ရတယ်ဗျ။ အဲဒီဆရာက ကျွန်တော် မျက်မှန်တပ်ရတာအစ တိတိကျကျ ဟောနိုင်စွမ်းရှိတယ်။ ဘဝနဲ့တစ်ထပ်တည်းကျအောင် ဟောနိုင်စွမ်းရှိတယ်ဆိုရမှာပါ။ အဲဒါက မိုးတားဆရာဦးထွန်းရှိန်ပဲဗျ။ အဲဒီဆရာရဲ့ပညာကို အရမ်းလေစားတယ်ဗျာ"

ဟုလည်း ဗေဒင်သွားကြည့်သည့်နေ့က ပြောပြသည်ကိုလည်းမှတ်မှတ်ရရရှိနေပါသည်။

■ ပါးစပ်ရာဇဝင်ထဲကပြကျောက်

ကျပ်ပြင်စေးမှ ဦးဒေအောင်ကျော်ဗေဒင်ဟောလိုက်ပြီး နောက်ပိုင်းတွင် ကျောက်ဖျာရွာ၏ တောင်ဘက်နားရှိ ငမုန်းချောင်း၌မျောတိုက်နေသော ကိုစိုးမြင့်သည် အားတက်သရောရှိကာ ဝိရိယစိုက်ထုတ်လျက် မျောတိုက်လျက်ရှိ၏။

ငမုန်းချောင်းတစ်လုံးကောင်း သုံးသောင်းမကတန် ဟူသော ရွေးစာဆိုရှိရာ ငမုန်းချောင်း၏ရွေးဟောင်းပစ်စာထဲမှ သိန်းပေါင်းသုံးသောင်းမကတန်သောကျောက်ကြီးကျောက်ကောင်းကို ရမည်ဟု ရင်ထဲတွင်စွဲကာ အားတက်သရောရှိနေရပါသည်။

ဦးအောင်ကျော်ဟောလိုက်ပါက မြေကြီးကိုလက်နှင့်ခတ်သော် လွဲလိုက လွဲမည်။ ဦးအောင်ကျော်၏ဟောချက်က ထိုထက်ပင်မှန်ရပေမည်ဟု ယုံကြည်လျက်ရှိချေ၏။

ရွေးအခါက ဦးမှန်သည် ထိုချောင်းကိုမျှောတိုက်ရာမှ ငမှန်ချောင်းဟုအမည်တွင်လျက် နောင်တွင်ကာလရွှေ့လျောသော် ငမုန်းချောင်းဟုခေါ်ကြခြင်းဖြစ်သည်။ဦးမှန်၏တွင်းသား အိုက်တေသည် လူကြီးလက်မခန့်ရှိ မှန်ကူသီးပုံသဏ္ဌာန် ပတ္တမြားကျောက်နီစစ်စစ်ကြီးတစ်ပွင့်အား ခိုး၍ ပေါင်းကူးကျောက်စီထဲတွင် ညှပ်၍ဝှက်ထားကာ ညအချိန်တွင် ပြန်လာ၍ ထိုကျောက်ကြီးအား ဝါးမီးတုတ်လုပ်၍ ဝင်၍ရှာဖွေပါသည်။ အမှတ်အသားဖြင့် ဝှက်ထားရာ ထိုအမှတ်အသားဖြင့်ပြုထားသောနေရာ၌ ထိုကျောက်ကြီးမရှိတော့ပြီဖြစ်သည်။

နောင်သော် အိုက်တေသည် ထိုကျောက်ကြီးအစွဲဖြင့် အောက်ခြေမှ မျှောဖြုတ်ကာ ထိုပေါင်းကူးအား ပြန်လှန်ကာ မျှောတိုက်ရာပြန်ပါသည်။ ရှိသမျှသာတက်တက်ပြောင်သွားသည် ထိုကျောက်ကြီးကိုမတွေ့ရပါ။ ဤသည်မှာ ကာယကံရှင်အိုက်တေကိုယ်တိုင် ပြောပြခဲ့သော ပြကျောက်အကြောင်းဖြစ်ပေ၏။

ဤအကြောင်းအရာအား ၂၀၁၅ စက်တင်ဘာလထုတ် အတွဲ (၁၅) အမှတ်(၉)သူရဇ္ဇမဂ္ဂဇင်းတွင် ပြကျောက် (၂) ၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုပြကျောက်ရာဇဝင်အရ ကိုစိုးမြင့်၏ဖခင် ဦးရွှေလှိုင်သည် ထိုပြကျောက်ပတ္တမြားကြီးသည် မိမိနှင့်ထိုက်လိုထိုက်ငြားအိုက်တေကဲ့သို့ပင် အောက်ခြေမှ မျှောပြန်ဖြုတ်ကာ ရှာဖွေပြန်၏။ အခြားကျောက်တို့ရသော်လည်း ပြကျောက်ကြီးကိုမရခဲ့ပေ။

ကိုစိုးမြင့် အရွယ်ရောက်သော် ဖခင်ဦးရွှေလှိုင်၏ တွင်းအား ကိုစိုးမြင့်မှ တွင်းသားတို့ဖြင့်ပြန်၍လုပ်ကိုင်ခဲ့သည်။ အိုက်တေပြောပြသော မှန်ကူသီးခန့် ပတ္တမြားကြီးအား လုံးဝမတွေ့ရပေ။

နောင်သော် ကျောက်ပါးသော ငမုန်းချောင်းကိုပစ်၍ ကျောက်ထွက်အားကောင်းသော လုပ်ကွက်တို့သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။ အထိုက်အလျောက်ကံကောင်းသဖြင့် ကျောက်များရပါသည်။ သို့သော် သူဌေးဖြစ်လောက်သော ကျောက်ဟူ၍ မရသေးပါ။

အရေးအခင်းဖြစ်ပြီးနောက်ပိုင်း တွင်မူ နေရာတိုင်း၌ သူဌေးတို့မှဖက်စပ်ဆွဲ၍ လိုင်စင်ဖြင့်လုပ်ကိုင်ကြရာ လုပ်ကွက်ကောင်းဟူသမျှတို့သည် ဖက်စပ်တွေချည်းဖြစ်ကုန်လေ၏။ ဖက်စပ်မဆွဲနိုင်သော ဌာနေဒိုးကုတ်သားတွင်းသမားတို့မှာမူ အမိမဲ့သား ရေနည်းငါးပမာ ဆောက်တည်ရာမရဖြစ်ကုန်ကြလေ၏။

ဖက်စပ်ဆွဲသူတို့အနေနှင့်ကလည်း မိမိတို့ဖက်စပ်နှင့်မလှမ်းမကမ်း ဖက်စက်အပြင်၌ ခိုးတွင်းလုပ်နေသော် ထိုတွင်းအထိ တောရမ်းကာ အလံနီစိုက်လိုက်လေ၏။ ထိုအလံနီသည် သူတို့၏ဖက်စပ်ဇရိယာဖြစ်သည်။ ဆင်းရဲသားခိုးတွင်းသမားတို့မှာမူ ဥပဒေဘောင်အပြင်ကဖြစ်သဖြင့် ဖယ်ပေးရမြဲဖြစ်သည်။ ထို့ကြောင့် ချမှတ်ပေးသော ဇရိယာထက် အဆများစွာကြိုက်သလိုလုပ်လေ့ရှိသဖြင့် သားရေတွင်းဥပဒေဟုခေါ်ကြပါ သည်။ ခဲ့ချင်တိုင်းခဲ့၍ရနေသောကြောင့်ဖြစ်ပေ၏။ ဖက်စပ်ကြွ၍ ထိုသို့ပြု၍ရခြင်းဖြစ်ပြီး ဖက်စပ်စိပ်သော် သူ့စည်းကိုယ့်စည်းကျော်၍ လုံးဝမရပါ။ ချမှတ်ထားသော စည်းအတိုင်းသာလုပ်ကိုင်ရပါသည်။ ကျွန်ုပ်တို့တောရွာများမှာမူ ကောင်းသည်ထင်သည့်နေရာ၌သာ ဖက်စပ်ဆွဲ၍လုပ်ကိုင်ကြပါသည်။

အများနည်းတူ ကိုစိုးမြင့်မှာလည်း ဖက်စပ်ဆွဲသူတို့ လုံးဝအာရုံမကျသော ငမုန်းချောင်းလုပ်ကွက်၌ပင် အဟောင်းတို့ကိုလှန်ကာ မျှောတိုက်ခြင်းဖြင့် အချိန်ဖြုန်းနေရပါသည်။ တစ်ယောက်တည်းဖြစ်သဖြင့် လုပ်ငန်းကမတွင်ကျယ်လှပေ။ သို့သော် ဦးအောင်ကျော်အဟောကြောင့် အားတက်သရောရှိကာ အိုက်တေဝှက်ခဲ့သောကျောက်ကြီး သည်တစ်ခါ မိမိထံဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလိမ့်မည်ဟု မျှော်လင့်တကြီးရှိနေမိပါသည်။

ကျောက်စစ်ကျောက်ကြီးကျောက်ကောင်းတို့သည် နတ်ပစ္စည်းဖြစ်ရာ နတ်ပေးက အလွယ်တကူရတတ်ပါသည်။ မှန်ကူသီးခန့်ပတ္တမြားကြီးသည် အိုက်တေအား ပြုံရုံပြလိုက်ခြင်းသာဖြစ်ပြီး ရထိုက်သူမှာ မိမိဟု ကိုစိုးမြင့် ယုံကြည်လျက်ရှိကာ တွင်းကိုရက်ပျက်မခံဘဲ အချိန်ပြည့် ဝိရိယစိုက်ထုတ်၍ ဆင်းနေခြင်းဖြစ်သည်။ ဆရာဦးအောင်ကျော်ထံရောက်ခဲ့သည်မှာ ဆယ်ရက်ပင်ရှိခဲ့ပြီဖြစ်သည်။ ကိုစိုးမြင့်သည် နေဝင်လုနီးမှ ဖြုတ်တွေကိုက်၍ တွင်းသိမ်းကာ ပြန်ခဲ့လေ၏။ နေညိုသည်နှင့် ဘယ်ကဘယ်ကထွက်လာသည်မသိသော ဖြုတ်တို့သည် တွင်းပိုင်း၌ကိုက်ကာ သွေးစုပ်တက်ကြသည်။ ကျွတ်နှင့်မျှော်မရှိဘဲ ခြင်နှင့်ဖြုတ်သာရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

■ မယားပြောတော့တစ်ည

"ကိုစိုးမြင့်ကိုပြောစရာရှိတယ်"

"ပြောစရာရှိလည်းနောက်မှပြော၊ ထမင်းဆာလှပြီ။ထမင်းစားကြရအောင်"

"အင်းပါ၊ ထမင်းစားပြီးမှပဲပြောတော့မယ်။ ထမင်းပွဲက မီးဖိုဆောင်ထဲမှာ အဆင်သင့်ပြင်ပြီးသားပါ"

ဟုဆိုသောအခါ နှစ်ဦးသား မီးဖိုဆောင်ဘက် ခြေဦးလှည့်ခဲ့ပါသည်။ မကြည်ဌေးသည် ကိုစိုးမြင့်ထက် အတန်ငယ်ကြီးပါသည်။ ကျူမငေးသူဖြစ်ကာ ချောမောလှပပြီး အစဉ်သဖြင့် သနပ်ခါးတဖွေးဖွေးနှင့် မွှေးကြိုင်နေအောင်နေတတ်သူဖြစ်သည်။

မိဘများဆုံးပါးကုန်ကြသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။ သို့ကြောင့် သားသမီးမရသောသူတို့သည် အဖော်မဲ့ကာ အိမ်တွင် လင်ကိုယ်မယားကိုယ်နှစ်ဦးသာရှိပါသည်။ ကြောင်ချစ်တတ်သော မကြည်ဌေးသည် ကြောင်များမွေးကာ သားသမီးများသဖွယ်စောင့်ရှောက်သဖြင့် ကြောင်အကောင်(၂၀) မျှရှိနေပါသည်။ ကြောင်မွေးလို၍ ကြောင်သွားတောင်းသူသည် မကြည်ဌေး၏ ရန်သူဖြစ်သည်။ ကြောင်တို့ကို ဤမျှချစ်၏။ နာမည်လည်းအသီးသီးရှိကြ၏။ ထမင်းစားပြီးသော် အိမ်ရှေ့ဧည့်ခန်းတွင်ထိုင်ကာ ရေနွေးကြမ်းသောက်ကြပါသည်။ ထိုအခါကျမှ မကြည်ဌေးကပြော၏။

"နေ့လယ်က ဒေါ်တင်နွယ်လာသွားတယ်"

ဒေါ်တင်နွယ်သည် ကျပ်ပြင်မှဖြစ်ကာ ကိုစိုးမြင့်တို့မိသားစုနှင့် ဆွေမျိုးမကင်းသူဖြစ်ပြီး ဝင်ဝင်ထွက်ထွက်ရင်းနှီးနေသူဖြစ်သည်။ ဦးဘငွေ၊ ဒေါ်တင်နွယ်ဟူသည်မှာ လင်ရောမယားပါ ကျောက်ကုန်သည်တွေဖြစ်သည်။

"ဘာကိစ္စတဲ့လဲ"

"သူနဲ့ရင်းနှီးတဲ့ ဖက်စက်ပေါလစ်တစ်ဦးက သူ့တွင်းမှာ တွင်းဆရာလိုလို့တဲ့။ သူတို့ခေါ်ထားတဲ့ တွင်းဆရာက အင်းပြဲမလုပ်တော်တော့ အဆင်မပြေဘူးလေ။ တွင်းကစက်တွင်းအင်းပြဲလုပ်နေတာတဲ့။ အဲဒါ လခကောင်းကောင်းရမယ်။ ပြီးတော့ပေါလစ်နဲ့မန်နေဂျာတွေ ရွေးပြီးသား သဲဖတ်ရမယ်။ ကျောက်က အရမ်းကျတော့ကာ ငါးမူးသုံးမတ် ကျောက်ကနေပြီး အောက်ကျောက်အမှုန်တွေ မကောက်ဘူးတဲ့။ အဲဒါကိုက အရမ်းကိုက်နေပြီ။ ပေါလစ်တွေက တစ်ကိုက် (တစ်ကာရက်)ကနေပြီး ကျောက်ကြီးတွေပဲကောက်တာလို့ ပြောတယ်။ အဲဒါလုပ်ချင်ရင်နက်ဖြန်ကျပ်ပြင်ကိုဓာတ်ခဲပါတဲ့"

"ပြောပုံဆိုရင်တော့မက်စရာပဲကွ။ အောက်ကျောက်ရတာနဲ့ကို တစ်နေ့တစ်နေ့ကိုက်နေပြီပဲပေါ့။ ဒါပေမယ့် ဆရာဦးအောင်ကျော်က တပ်အပ်ပြောထားပြီးပြီလေ။ ဖက်စပ်တစ်ခုခုက တွင်းဆရာ ဒါမှမဟုတ် မန်နေဂျာထူးလာစပ်လိမ့်မယ်။ မက်လုံးပေးလိမ့်မယ်တဲ့။ အဲဒါကို သွားမက်လိုက်လို့ကတော့ ကျောက်ကြီးရမယ့်ကိန်းကြေသွားလိမ့်မယ်လို့ပြောထားတာပဲ။ တော်ပြီကွာ။ သွားလုပ်လို့မဖြစ်ပါဘူး။ ဗေဒင်သာကြည့်မထားရင်တော့ အရမ်းကိုဝမ်းသာစရာကြီးပေါ့ကွာ။ ဆရာရဲ့ဟောချက်မှာ အဲဒါအဖျက်တဲ့ကွ။ ဝမ်းသာစရာမဟုတ်ဘူး။ တစ်သက်မှာတစ်ခါသာရမယ့် အခွင့်အရေးကိုတော့ လက်လွှတ်မခံနိုင်ပါဘူးကွာ။ သွားလုပ်လို့မဖြစ်ပါဘူး။ အခုလည်း တို့နှစ်ယောက်တော်နေတာမှ မဟုတ်တာ။ စားရေးသောက်ရေးလည်း အဆင်ပြေနေတာပဲလေ။ ဘာပူရတာမှတ်လို့။ တို့နှစ်ယောက် ဆယ်နှစ်ထိုင်စားတောင်မကုန်ဘူး"

"အို-ကိုစိုးမြင့်ကလည်း၊ ကျွန်မကလုပ်ပါမယ်လို့ကတိပေးလိုက်ပြီလေ"

"မင်းကတိပေးတာပဲ ငါပေးတာမှမဟုတ်တာ။ လုပ်ချင်ရင်မင်းဟာမင်းသွားလုပ်"

"အဲဒီလိုတော့ မပြောပါနဲ့ ကိုစိုးမြင့်ရယ်၊ ကိုစိုးမြင့်လည်း ဗေဒင်အသင့်အတင့်တတ်နေတာပဲ။ ကျွန်မတို့အိမ်ထောင်ကျပြီး ဘာကြာသေးလို့လဲ။ ကိုစိုးမြင့်ဆီ ဦးလှမောင် ဗေဒင်လာတွက်တယ်လေ။ အဲဒီနှစ်က ဦးလှမောင် ရတနာပုံကိန်းဆိုက်နေတာဆိုပြီး ဦးလှမောင် တွင်းထဲကို စစ်ကိုင်းသားငွေးမြင့် အောင်ထည့်ပါရစေဆိုပြီး ထည့်လိုက်တယ်လေ။ မှတ်မိသေးတယ် မဟုတ်လား"

"မှတ်မိပါတယ်ဟာ"

"တစ်နှစ်သာကျော်သွားတယ် သူ့ရဲ့ရတနာပုံကိန်းက ကျောက်ကြီးကျောက်ကောင်းရဖို့ထင်ထားတာ ငါးကျပ်တောင်မှမရခဲ့ဘူးလေ။ တစ်နှစ်လုံးလုံးရှုံးခဲ့တာမဟုတ်လား။ အဲဒီကျမှတွင်းသားပြန်နုတ်ရတာလေ"

"မကြည်ဌေးရာ ဟိုက ကံနည်းတဲ့ဦးလှမောင်လေ။ ဒီက ကံကောင်းတဲ့ကိုစိုးမြင့်ပဲ။ လူချင်းသာယှဉ်လို့ရမယ်၊ ကံချင်းတော့ယှဉ်လို့မရပါဘူးကွ။ လူချင်းမတူသလို ကံချင်းလည်းမတူပါဘူး။ အဲဒီလို မနှိုင်းစမ်းပါနဲ့"

"ဒါဆိုလည်းသဘောပါပဲ။ တော်ကြာ ဦးလှမောင်ရဲ့ရတနာပုံကိန်းမျိုးဖြစ်မှာစိုးလို့ပါ။ ဟိုမမီဒီမမီဖြစ်မှာစိုးရိမ်တယ်"

"ငါ ဦးအောင်ကျော်ရဲ့စကားကိုအကြွင်းမဲ့ယုံတယ်"

"ဒါဆိုလည်းပြီးရော"

ဟု ပြောကာ မကြည်ဌေးသည် ကိုစိုးမြင့်ကို ကျောပေးကာ ရေနွေးသောက်နေလေ၏။ စကားလုံးဝမပြောတော့ပေ။ ကိုစိုးမြင့်ကလည်း မသိဟန်ဆောင်ကာ ကျောပေးပြီး ရေနွေးသောက်နေပါသည်။ ထိုစဉ် ကျောက်ပွဲစားကျော်သန်းရောက်လာသဖြင့် တဝါးဝါးတဟားဟားရယ်မောစရာတွေပြောဖြစ်ကြပါသည်။ကျော်သန်းသည် ရွှေဘိုသားဖြစ်ကာ ကျောက်ဖျာတွင် တစ်ဦးတည်းနေသူဖြစ်သည်။ အစဉ်သဖြင့် ပျော်ပျော်နေတတ်သူဖြစ်ပေ၏။

ဧည့်သည် ဟူသည် အခြိန်တန်သော် အိမ်ပြန်သည်ဖြစ်ရာ ကျော်သန်းပြန်သွားသည်နှင့် အိပ်ရာဝင်ကြပြီဖြစ်သည်။ ကိုစိုးမြင့်မှာမူ သဲဖတ်ရမည်ဟူသော စကားကြောင့် စိတ်တွင်ဒွိဟဖြစ်၍လာခဲ့ပါသည်။ ငါးမူး၊ သုံးမတ်မှစ၍ အောက်ကျောက်များအား တွင်းဆရာအကွက်ထားပေးသည်ဟူရာ၌ အမှန်သော် ကျောက်အလွန်ကျသောတွင်းဖြစ်ပါက အလွန်ကိုက်ပါသည်။ သာမန်မျှော်တိုက်သူတို့အနေနှင့် ငါးမူး၊ သုံးမတ် ကျောက်တစ်ပွင့်ရရန်ပင် လွယ်သည်မဟုတ်ပါ။ ငါးမူးနှစ်ပွင့်သည် တစ်ကာရက်ရှိသလို သုံးမတ်ကျောက်သည်လည်း တစ်ကာရက်ပြည့်ရန် တစ်မတ်သာလိုရာ တန်ဖိုးမသေးလှပါ။ ကျောက်အလွန်ပေါပါက တစ်နေ့ တစ်နေ့ကို တန်ဖိုးမနည်းလှပါ။ အောက်ကျောက်အမှုန်အမွှားဖြစ်သော သုံးလုံးစီး၊ လေးလုံးစီး စသော ကျောက်များလည်း အများအပြားရမည်ဖြစ်သည်။

ပစ်ရမှာလည်း အဆီနှင့်တဝင်းဝင်း၊ စားရမှာလည်း သဲနှင့်တရှုပ်ရှုပ်ဟု ဘိသို့ ဦးအောင်ကျော်၏ ဟောကိန်းကလည်းမက်မောလှ၏။ သို့သော် ဦးလှမောင်ရတနာပုံကိန်းဆိုက်စဉ်က တလုံးမှမရသလိုဖြစ်မှာလည်း လွန်စွာဝိစိတ်ဖြစ်လျက် ရင်တွင်ဒွိဟဖြစ်ကာ သက်ပြင်းတဟင်းဟင်းချလျက် အတော်နှင့်အိပ်

www.burmeseclassic.com

www.burmeseclassic.com

မပျော်နိုင်ရှိလေ၏။ သူကဲ့သို့ပင် မကြည်ဌေးလည်းအိပ်မပျော်ပါ။

"ကိုစိုးမြင့်"

"....."

"ကိုစိုးမြင့်"

မကြည်ဌေးက တိုးညင်းစွာလှုပ်၍ခေါ်သည် ။

"ဘာတုံးဟ"

"ကြားရဲ့သားနဲ့မထူးဘူး"

"ကြားပါတယ်၊ ပြောလေ"

"ကျွန်မ ဒေါ်တင်နွယ်ကိုအရမ်းအားနာနေတာ။ ဒီလိုကျောက်အလွန်ကျတဲ့တွင်းမှာ သဲဖတ်နေ့စဉ်မဆိုထားနဲ့ တစ်ရက်လောက်ရရင်ကို မဆိုးလှဘူး၊ အောက်ကျောက်နဲ့ကိုက်နေပြီ။ ဖက်စပ်သိမ်းတဲ့အထိသာ လုပ်လိုက်ရရင်တော့ ကျွန်မအနေနဲ့ ဦးအောင်ကျော်ဟောတဲ့ကျောက်တောင် မမက်ဘူး သိလား"

"ဒါတော့ ငါသိပါတယ်ဟာ"

"ပေဒင်ဆိုတာ အမြင်အထင်မဟုတ်ဘူး ကိုစိုးမြင်ရဲ့၊ ဒါက အမြင်အထင်လေ။ မျှော်နေစရာမလိုဘူး။ လက်တွေ့ကိုရမှာ။ ကျွန်မကတော့ မသေချာမရေရာတာထက် သေချာနေရရာတာကိုပဲ လုပ်စေချင်တယ်။ ဒါမျိုးအခွင့်အရေးကလည်း တစ်သက်မှာတစ်ခါရတောင့်ရခဲပါပဲ။ အဲဒါလေးကိုတော့ ထည့်စဉ်းစားစေချင်တယ်"

"ဆရာ ဦးအောင်ကျော်က သူ့စကားနားမထောင်ဘဲ ဖက်စပ်ထဲဝင်လုပ်ရင် ငါ့ကိုသေခန်းပြတ်သဘောမျိုးပြောထားတာဟ"

"ဒါကတော့တော် ဆရာသမားဆိုတာ ကရုဏာဒေါသောပြောတတ်တဲ့အမျိုးပဲလေ။ ဒါကြီးကို လေ့နံ့ဓားထစ်မှတ်ယူမထားနဲ့ပေါ့"

"အေးဟာ-ဒါအဲဒါကိုစဉ်းစားနေတာ"

"စဉ်းစားမနေနဲ့၊ စဉ်းစားရင် အချင်းများတယ်။ နက်ဖြန်မနက် ဒေါ်တင်နွယ်ဆီသွားပြီးတော့ လုပ်မယ့်အကြောင်းသွားပြောလိုက်။ တော်ကြာနောက်ကျလို့ အပေါက်ဝပြန်လှည့်ခဲ့ရတယ်ဆိုတာမျိုးဖြစ်နေမယ်။ နက်ဖြန်မှာ လာအကြောင်းကြားမယ်လို့ ကျွန်မမှာလိုက်တယ်။ လုပ်ပါ့မယ်လို့တောင် ကတိပေးလိုက်တာ။ တော်သာမလုပ်ရင် ကျွန်မမျက်နှာဘယ်မှာသွားထားရမယ်တောင်မသိဘူး"

"အေးဟာ - လုပ်မယ်၊ မနက်မှာသွားပြောလိုက်မယ်။ မခြင်ရတဲ့ကံတရားကိုလည်တဆန့်ဆန့်နဲ့မျှော်နေမယ့်အစားမြင်နေရတဲ့အရာကိုပဲအရယူလိုက်တော့မယ်။ ထိုက်သလောက်ပေါ့ ဟာ"

"အမလေး-ကိုစိုးမြင့်ရယ်၊ ခုမှစိတ်အေးရတော့တယ်"

ဟု ဝမ်းပမ်းတသာဆိုရှာပါသည်။

မိဘပြောတော့ တစ်လ၊ မယားပြောတော့တစ်ည ဟူသောစကားသည် အလကားထားခဲ့သည်ကား မဟုတ်ပေ။ ကြောင်းကျိုးခိုင်လုံသောစကားသာဖြစ်ပေ၏။

■ အောက်ကျောက်ခေါ် အပြုံးအဖျဉ်းများ

မိုးကုတ်တောနေလူတို့သည် မွေးသည်မှစ၍ ကျောက်လုပ်ငန်းနှင့်ထဲထဲဝင်ဝင်ရှိကြပြီး ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်ကြလေ၏။ တွင်းဟူသည် မျှော်တွင်း၊ ဖောက်တွင်း၊ အင်းပြဲ၊ လူးတွင်းဟူ၍ ရှိရာ အများအားဖြင့် ကျွမ်းကျင်စွာလုပ်တတ်ကြပေ၏။

ထိုတွင်းတို့တွင် အင်းပြဲဖြစ်သောအင်းပြဲတွင်းသည် အခက်ခဲဆုံးဖြစ်သည်။ ကျွမ်းကျင်စွာတတ်မြောက်နေသော ကိုစိုးမြင့်အတွက်မူ စာမဖွဲ့လောက်သောအလုပ်သာ ဖြစ်ပါသည်။ ယခင် တွင်းဆရာကား အင်းပြဲမကျွမ်းပေ။ ထို့ကြောင့် တွင်းဆရာကိုစိုးမြင့်နာမည်ကောင်းရလေ၏။

လောပန်ဖြစ်သူ ပေါလံမှာလည်း လူကြီးမဟုတ်ဘဲ လူငယ်သာဖြစ်သလို မန်နေဂျာတာဝန်ယူသူမှာလည်း လူငယ်သာဖြစ်ရာ တွင်းဆရာကိုစိုးမြင့်အား မခွဲခြားဘဲ သူငယ်ချင်းတဲ့သို့ပြောဆိုဆက်ဆံသဖြင့် အနေအထိုင်မကျဉ်းကျပ်လှပါ။ ပေါလံ၏ညီဖြစ်သူလည်း အတူနေကာ ဘက်စုံကူညီပေးပါသည်။

ပေါလံ၏အမည်မှာ စည်သူဖြိုးဖြစ်၍ ပေါ့လံ၏ညီမှာ စည်သူတိုးဖြစ်သည်။ သို့အတွက် မာန်မာနကင်းစင်ပြီး သဘောထားပြည့်ဝသော ပေါလံတို့ညီအစ်ကိုအား ကိုဖြိုး၊ ကိုတိုးဟုခင်မင်စွာခေါ်ကြပါသည်။ မန်နေဂျာမှာ ကိုဖြိုး၊ ကိုတိုးတို့၏ သူငယ်ချင်း ဝင်းအောင်ကျော် ဖြစ်သည်။ အားလုံးချမ်းသာကြွယ်ဝကာ ခေတ်ပညာတတ်များဖြစ်ကြလေ၏။

တွင်းဆရာနှင့် တွင်းသားတို့အပေါ်၌လည်း အလုပ်ရှင်နှင့်အလုပ်သမားဟူ၍ မခွဲခြားဘဲ မိသားစုစိတ်နှင့်ဆက်ဆံသဖြင့် လုပ်ရသူတို့လည်း ပျော်သကဲ့သို့ စေတနာ၏အကျိုးပေးဟုဆိုရပေမည်။

ကျောက်ထွက်အားကလည်း အလွန်ကောင်းလေ၏။

အင်းပြဲ ဟူသည် ရေထွက်အား အလွန်ကောင်းသောနေရာတို့၌သာလုပ်၍ရပါသည်။ ထွက်သောရေတို့နှင့်အတူ ဖြူန်းတို့ကို စက်ဖြင့်စုပ်တင်လျက် သစ်သားရေမုန်ခွက်ကြီးထဲသို့ထည့်ရပါသည်။ အောက်ခြေမှဖြူန်းများအား ရေစုပ်ခရုအနီးသို့ဆွဲပို့ရပါသည်။ ရေစုပ်ခရုကြီးမှဖြူန်းများအား ရေမုန်ခွက်ထဲသို့ ပို့ပါသည်။ ထိုအခါ ကျောက်ဖြူန်းများ၊ သဲများ၊ ကျောက်မျက်ရတနာများ၊ ရေမုန်ခွက်ထဲတွင် ကျန်ရစ်၍ ရွှံနွံများ၊ မုန်ခေါ် သဲနုများ၊ ခဲပေါ့၊ သဲပေါ့များ ရေအား ဖြင့် အဆင့်ဆင့်စလုပ်ထဲသို့ကျကာထွက်ကုန်ပါသည်။ ရေရရန်အတွက် စက်ကြီးအား မနားတမ်းခုတ်ထားရ၏။

ဆေးခိုန်တန်ပါက ကျန်ရစ်သောခဲနှင့်သဲတို့ကိုဆွဲလှန်ကာ ကျောက်ဖြူန်းကြမ်းတို့ကို ဦးစွာကောက်၍သွန်ရ၏။ သဲချည်းကျန်မှ အောက်စလုတ်သို့ဆွဲချ၍ တွင်းဆရာက စကားကိုင်ကာ ဆေးရလေ၏။ စလုတ်မှသဲရသောအခါ စောက္ခထဲပက်ထည့်၍ စလုတ်ထဲကုန်က သဲဖတ်ခုံ၌ သွားပုံပေးရ၏။ သဲမကုန်မချင်းတစ်စလုတ်ပြီးတစ်စလုတ်များစွာ ကျူံးရလေ့ရှိပါသည်။ ပေါလံညီအစ်ကိုနှင့် မန်နေဂျာတို့ကလည်း စောင့်၍ရွေးကြ၏။ အမှန်အညာတို့ကို မကောက်ဘဲ တွင်းဆရာအတွက်ချန်ထားပေး၏။

အားလုံးရွေး၍ပြီးသော် တွင်းဆရာသည် သူပိုင်သောရွေးပြီးသားသဲဖတ်တို့မှ ကျောက်အမှန်အညာတို့ကို ပြန်၍ရွေးယူလေ၏။ ဖြူန်းကိုနေ့စဉ်ဆေးနိုင်သည်မဟုတ်ပါ။ အပေါ် မြေဖြစ်သော ခေါင်းမိုးတို့ကိုဆေးရပါက ကျောက်ထွက်အားနည်းသော နေ့ရက်တို့ရှိတတ်၏။ ဖြူန်းစစ်စစ်ဆေးရသောနေ့တို့၌သာ ကျောက်အများအပြားကျခြင်းဖြစ်သည်။

ဖြူန်းဆေးရသောနေ့ရက်တို့တွင် တစ်နေ့တစ်နေ့ရသောအမှန်အညာဟူသည် လက်ခုပ်တစ်ခုပ်ခန့်ရှိသည်ဖြစ်ရာ အပွင့်ပေါင်းများစွာရလေ၏။ လက်တွေ့ကျောက်တွေရနေသည်မို့ ကိုစိုးမြင့်သာယာမိသည်မှာအမှန်ပင် ဖြစ်ချေ၏။ ငမုန်းချောင်းမျှော်တိုက်စဉ်က ထိုကျောက်မျိုးသုံးလေးပွင့်ရရန်ပင် မလွယ်ကူခဲ့သို့တွက် အားတက်သရောရှိလှုပ်ရှား၏။ ဤကဲ့သို့သာရနေပါက တစ်တက်စာမပူပင်ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

■ စုကျောက်များ

တွင်းဆရာအနေနှင့် တရားဝင်ရသောအောက်ကျောက်အမှုန်အမွှားတို့သည် (၁၅) ရက်တစ်ပတ်တွင် နို့ဆီတစ်ဘူးကျော်ကျော်ရလေ၏။ လပြည့်၊ လကွယ်၊ ဥပုသ်နေ့နှစ်ရက်သည် မိုးကုတ်ရှိ တွင်းသမားတို့နားသောရက်ဖြစ်လေ၏။ ထိုရက်ရောက်သော ကိုစိုးမြင့်သည် ဇနီးဖြစ်သူ မကြည်ဌေးထံ အောက်ကျောက်တို့အပ်လေ၏။

မကြည်ဌေးမှာလည်း မိုးကုတ်၌ အနေကြာပြီဖြစ်၍ ကျောက်အမျိုးအစားခွဲခြားနားလည်နေပါသည်။ ထို့ကြောင့် ကျောက်အရွယ်အစားများ ခွဲခြားခြင်း၊ အရည်အသွေးခွဲခြားခြင်း၊ အပြစ်ပါမပါခွဲခြားခြင်းများပြု၍ ဖန်ဘူးများနှင့်ထည့်ကာ စုဆောင်းပါသည်။ တစ်ပွင့်သော်မှ ရောင်းစားခြင်းမပြုပါ။

များစွာသော ကျောက်တို့အား ထားခေါ် ကြေးလင်ပန်းကြီးနှင့် စိတ်ရှည်လက်ရှည်သန့်နေစဉ်ဝယ် အိမ်နီးချင်းကျောက်ကုန်သည်တို့ တအံ့တသြလာကြည့်တတ်ကြပါသည်။

"မကြည်ဌေးရယ်၊ ကံကောင်းလိုက်တာနော်။ အောက်ကျောက်တောင်ဒီလောက်ရတယ်ဆိုတော့ ဖက်စပ်ပိုင်ရှင်တွေ ဘယ်လောက်တောင်ရမယ်မသိဘူးနော်။ ပိုင်ရှင်တွေမပြောနဲ့ မကြည်ဌေးတို့တောင် တစ်နှစ်လောက် ဒီလိုရနေမယ်ဆိုရင် တစ်သက်လုံးစားလို့ကုန်မှာမဟုတ်ဘူး"

ဟု ခိုးမွမ်းပြောဆိုတတ်ကြသလို သူတို့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါသည်။ ကိုစိုးမြင့်သည်လည်း ကောင်း၊ မကြည်ဌေးသည်လည်းကောင်း၊ ဟော့ဟော့ရမ်းရမ်းသုံးစွဲတတ်သူတွေ မဟုတ်ကြပါ။ ပတ်ဝန်းကျင်အဆိုအရမူ အလွန်စေးကုပ်သူများဟု ခေါ်ဆိုကြပါသည်။ ချွေတာခြင်း၊ စေးကုပ်ခြင်းကား နာမည်သာဆိုး၏။ သူတို့အတွက်မူ ပူပင်ခြင်း၊ စိုးရိမ်သောကဖြစ်ခြင်းကင်းကြပါသည်။ သူတို့တွင် ချွေတာမှုကြောင့် အစဉ်အမြဲပြည့်စုံနေ၍ ဖြစ်သည်။ သူတို့ဘဝတွင် သူများအိမ်မှ လှည့်လည်ချေးငှားခြင်းလုံးဝမရှိသလို သူတို့အိမ်ကိုလည်း ဘယ်သူကမှလာ၍ ချေးငှားခြင်းမပြုပါ။ သို့ကြောင့် မုန်းခြင်းကင်း၏။

ရဲရဲတင်းတင်းနေသော မကြည်ဌေး၏ ကျောက်ဘူးများသည် အလွန်ပင်လှပပါသည်။ အလုပ်မရှိသော မကြည်ဌေးမှာ နေပဏ္ဍာကောင်းပါက နေပဏ္ဍာအောက်တွင် ကျောက်တစ်ဘူးပြီးတစ်ဘူးကို ထာထဲထည့်ကာ သန့်သည်ထက်သန့်အောင် ကြည့်ရှုစစ်ဆေးနေတတ်လေ၏။ ဆားပွတ်သင့်ကပွတ်ပါသည်။ အချို့ကျောက်မှ ဆားပွတ်၍ ဆီဆွတ်ပါက ပို၍လှတတ်ပါသည်။

ဆရာဦးအောင်ကျော်ဟောသော ကျောက်ကြီးအား စောင့်မျှော်ရပါမူ မျှော်ရင်းရင်မောရ၍နေရပါမည်။ ယခုသော် မျက်မြင်လက်တွေ့များစွာသောကျောက်တို့ကိုရနေပြီဖြစ်သည်။ မမြင်ရသော အရာကိုမမက်မောပါ။ မြင်ရ၍ လက်ထဲရောက်နေပြီဖြစ်သော ကျောက်တို့ကိုသာ မကြည်ဌေးမက်မောပါလေသည်။ သို့ကြောင့် ရဲရဲနီနေသော ပတ္တမြားအမှုန်အညှာတို့ကိုကြည့်၍ ကျေနပ်လျက်ရှိကာ တစ်ဦးတည်းပြုံး၍နေလေ၏။ ကျောက်အပွင့်ပေါင်းမည်မျှရှိသည်ပင်မရေတွက်နိုင်တော့ပေ။

■ ကျောက်အလွန်ကျသောနေ့တစ်နေ့၌

စမြေသဲထူဖြုန်းကြောတွေ့ပြီဆိုကတည်းက ကျောက်နှင့်သဲနိုင်းချင်းပါမည်ဆိုသည်ကို တွင်းဆရာကိုစိုးမြင့်သိထားပြီးဖြစ်သည်။ အမှန်တကယ်လည်း ဖြုန်းမွေပြီဆိုကတည်းက ကျောက်တွေတရဲထဲရဲနေသည်ကို မြင်တွေ့ရပါသည်။ တွင်းဆရာ ကိုစိုးမြင့်လည်း ပုထုဇဉ်မို့ လောဘစိတ်ဖြစ်မိသည်မှာ အမှန်ပင်ဖြစ်သည်။

စမြေသဲထူဖြုန်းကိုတွေ့သည်နှင့် အင်တိုက်အားတိုက်တုန်လှုန်းပါး တူးဆွ၍ ရေမုန်ထဲတင်လိုက်ပါသည်။ ဤသို့သောကျောက်များများပါရန်ဆိုသည်မှာ လွယ်သည်မဟုတ်ပါ။ ရတောင့်ရခဲကြံတောင့်ကြုံခဲအခွင့်အရေးဖြစ်ပါသည်။ ပါလာသောကျောက်မှာ ကျောက်တစ်ဝက်သဲတစ်ဝက်ဖြစ်ရာ ကျောက်ကြောပေါက်သောနေ့ဟု ဆို၍ရပါသည်။

အလွန်အမင်းကြီးသော ကျောက်အရွယ်အစားတို့မပါသော်လည်း ဆီးကင်းခန့်အရွယ်များနှင့် လက်ညှိုး၊ လက်မအရွယ်တို့ စကာခေါက်တိုင်းပါနေပါသည်။ စောကူထဲသို့ သဲပက်ထည့်ပါက ကျောက်တို့ရဲရဲတွတ်၍နေလေသည်။

တကယ်သော် တွင်းဆရာနှင့် တွင်းသားတို့အတွက် ပြကျောက်များသာဖြစ်ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် မြင်သာမြင်ရမကြင်ရဆိုဘိသကဲ့သို့ မြင်ရသာဖြစ်ရသော ပြကျောက်များသာဖြစ်ကြပါသည်။

ပေါလဲညီအစ်ကိုနှင့် မန်နေဂျာတို့သည် ကျောက်တွေများစွာကျသဖြင့် ခေါင်းမဖော်စတမ်း ဖုံခနောက်ဆိုင်ရွှေနေကြပါသည်။ ရေမုန်ဆီသို့ လုံးဝအာရုံမရောက်နိုင်ကြပေ။ ထို့အတူပင် ရေမုန်ထဲတွင်လုပ်နေကြသူများမှာလည်း ရေတပွမ်းပွမ်းနှင့် သဲဆွဲလှန်ကာ သူ့အလုပ်နှင့်သူ ရှုပ်နေကြလေ၏။

"သန်းနိုင်၊ ပစ်စာထဲအသေအချာရှာနော်။ ကျောက်တွေပါကုန်ဦးမယ်"

ဟု တွင်းဆရာမှ သတိပေးထားသဖြင့် စလုတ်ဘေးတွင် ပစ်စာဟုခေါ်သော စကာထိုးကျောက်ဖြုန်းစောင့်နေသော သန်းနိုင်ကလည်း သူ့စောကူထဲထည့်လာသော ကျောက်ဖြုန်းတွေထဲ၌ ကျောက်ပါမပါအသေအချာယက်၍ရှာနေရာ ကိုစိုးမြင့်ထံ အာရုံမရောက်နိုင်ပေ။ တစ်သက်နှင့်တစ်ကိုယ် ဤမျှလောက်ကျောက်ကျသည်ကို မမြင်ဘူးခဲ့ပါ။

ကိုစိုးမြင့်မှာမူ မျက်စိလျင်လျင်ထားကာ စကာကို အထက်အောက်ခေါက်၍နေလေ၏။ ထိုစဉ် ဖန်ဂေါ်လီခန့်ရှိသော ပတ္တမြားအစစ်တစ်ပွင့်ရဲခနဲပေါ်လာသဖြင့် လက်မနှင့်ဖိညှပ်ကာ ထိန်းထားပြီး စကာကိုဟန်မပျက်ခေါက်လျက်ရှိသည်။ ပတ်ဝန်းကျင်ကို မျက်စိတစ်ချက်ဝေ့လိုက်၏။ မိမိထံ မည်သူမှ အာရုံမရောက်သဖြင့် ပုဆိုးပြင်ဝတ်သလိုနှင့် ကျောက်ကြီးအား ပုဆိုးရှေ့ပိုင်းတွင်လိပ်ထည့်လိုက်၏။ စက္ကန့်မျှသာကြာပါသည်။

လျှပ်တစ်ပြက်မြင်တွေ့လိုက်ရုံမျှဖြင့် ဤကျောက်သည် ဦးအောင်ကျော် သူ့ကို ဟောလိုက်သောကျောက်မျိုးဖြစ်မှန်းသိလိုက်ပြီး ဝန်းကျင်ကိုတစ်ချက်လှေလှာလိုက်ပြန်၏။ ဘယ်သူမှ သူ့ထံအာရုံရောက်၍မနေပေ။ ဤကျောက်သည် သူလုပ်ခဲ့သမျှ သက်တမ်းတစ်လျှောက်တွင် အကောင်းဆုံး၊ အကြီးဆုံးဖြစ်မှန်းသိပါသည်။

'လွယ်သော်သူကြွယ်တောင်မနေ' ဟူသော စကားကဲ့သို့ပင် လွယ်လွန်းသဖြင့် ပေါများလွန်းသဖြင့် ကျောက်တစ်ပွင့်ယူထားလိုက်ပေပြီ။ တကယ်သော် ဤကျောက်သည် နှစ်တစ်ကောင်ကျော်အမွေးများမှအမွေးတစ်ပင်မျှသာဟုဆိုမိပါသည်။ သို့ကြောင့် သေကောင်ပျာပါဒဖြစ်မနေဘဲ အပျော်စိတ်ဖြင့်သာ ကြီးစိုးနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖက်စပ်သိမ်းသွားသည့် အတိုင်ပင်စရာလုံးဝမရှိတော့ပြီ။ ယနေ့အဖိတ်နေ့ဖြစ်ရာ နက်ဖြန်အိမ်ပြန်ပါက အောက်ကျောက်အမှုန်ကပင်လျှင် နို့ဆီနှစ်ဘူးခန့်ပါနိုင်မည်ဖြစ်ပြီး အဆစ်အနေနှင့် ကျောက်ကြီးကျောက်ကောင်းတစ်ပွင့်ပါလိမ့်ဦးအပ်နိုင်မည်ဖြစ်ရာတွေး၍ ပျော်နေမိလေ၏။ နောက်တစ်စလုတ်ဆေးပြီးသော် သဲကုန်ပြီဖြစ်သည်။

ကျောက်ထွက်ကျသွားမည်စိုး၍ ပုဆိုးကိုမသိမသာစမ်းရင်းလိပ်လိပ်ပေးနေရပါသည်။ တွင်းအလုပ်ဟူသည် နေရာတိုင်း၌ အားထည့်၍လုပ်ကြရသော အလုပ်ဖြစ်ပေရာ စကာကုန်းထိုးခြင်း၊ မှန်ထုတ်ခြင်းတို့၌ အားစိုက်ရသည်။ သို့ကြောင့် ထွက်ကျသွားမည်စိုး၍ အထူးသတိထားလုပ်ကိုင်နေရလေ၏။ သို့နှင့်ပင် တွင်းဆေးခြင်းအလုပ်ပြီးသွားလေ၏။ ဆေးပြီးသည်နှင့် တွင်းနားကာ မနက်ဖြန် ဥပုသ်နေ့တစ်ရက်နားကြပေမည်။

■ အောင်ပွဲခံပျော်ပွဲစား

ကိုစိုးမြင့်နှင့် တွင်းသားတို့သည် ရေချိုးကော်တစ်ခွက်ဖလားကြီးထဲ၌ထည့်ထားသော ရဲရဲနီနေသည့်ကျောက်တို့ကို ကြည့်ကာ ဝမ်းသာကြည်နူးနေကြသလို ပေါလဲနှင့် မန်နေဂျာတို့မှာလည်း အားတက်သရောပျော်ရွှင်နေကြလေ၏။

"တွင်းဆရာရောက်ပြီးနောက်ပိုင်းမှာ လက်ကီးပိုကောင်းလာတယ်ဗျာ။ ဒီနေ့ဆိုရှယ်ပဲ။ တစ်ခါဒီလောက်ကျောက်မကျဖူးဘူး"

"ဟုတ်တယ်၊ ဒီနေ့ ကျွန်တော် စမြေသဲထူရှယ်ဖြုန်းတွေချည်းတင်ထားတာ"

"တွင်းဆရာ ဒါမျိုးဖြုန်းကျွန်သေးလား"

"နည်းနည်းပါးပါး ကျွန်ပါသေးတယ်။ နောက်လည်း ဒါမျိုးအကြောထပ်တွေ့နိုင်တာပဲလေ"

"အေးဗျာ - သိပ်ဝမ်းသာတယ်၊ တွင်းဆရာ ကျွန်တော်တို့အပေါ် စေတနာထားသလို ကျွန်တော်တို့ကလည်း အောင်ပွဲခံတဲ့အနေနဲ့ ဆရာ့ကိုဂုဏ်ပြုညစာကျွေးပါရစေ။ အဲဒါ သဲဖတ်တွေ နက်ဖြန်မနက်မှရွေးဗျာ။ ဒီတစ်မုန်ထဲနဲ့ကို တွင်းဆရာအတွက် အမှုန်အညာတွေ နို့ဆီတစ်ဘူးလောက်ရနိုင်ပါတယ်။ တွင်းဆရာရဲ့ဇနီးတော့ ပျော်သွားမှာ သေချာတယ်ဗျ"

ဟု ပြောကာ သဲရွေးခြင်းပြီးဆုံးသွားလေ၏။ တွင်းသားတို့ရေချိုးနေကြပေပြီ။

"ကဲ-ကိုတိုးရေ ဒီကျောက်တွေ သေတ္တာထဲထည့်ပြီး သော့ခတ်ထားလိုက်။ ပြီးရင် ပိုက်ဆံယူပြီး ကားထုတ်ခဲ့ပေတော့"

ဟု ပေါလဲက သူ့ညီစည်သူဖြိုးကို ခိုင်းလိုက်လေ၏။

"ပေါလဲ ကျွန်တော်တွင်းဝတ်တွေ သွားလဲလိုက်ဦးမယ်"

"အို့ဗျာ - တွင်းဆရာကလည်း တွင်းသမား တွင်းဝတ်နဲ့သွားလို့ မိုးကုတ်မှာ ဂုဏ်မငယ်ပါဘူးဗျ။ ကျွန်တော်တို့လည်းလဲမနေဘူး။ ဒီအတိုင်းပဲ အလုပ်သမားအဝတ်နဲ့သွားမှာ။ အဝတ်က အဓိကမကျပါဘူး တွင်းဆရာရယ်။ ဟောတို့မှာကားလာနေပြီ။ ကဲ-အောင်ကျော်နဲ့တွင်းဆရာသွားကြစို့ဗျာ"

ဟု ဆိုသဖြင့် ကားရှိရာဆီထွက်လာခဲ့ကြပါသည်။ ပေါလဲက ရှေ့ခန်းမှထိုင်၍ မန်နေဂျာနှင့် တွင်းဆရာက နောက်ကထိုင်ပါသည်။ ကားမှာတိုက်ဂါး အမှိုးအစားဖြီးဖြီးလဲဖြစ်သည်။ သို့နှင့်ပင် သူတို့သည် မိုးကုတ်မြို့မင်းတံတားရပ်ရှိ နာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ခဲ့ကြရသည်။

ကိုစိုးမြင့်မှာမူ ကျောက်ပြန်၍ဖွက်ချိန်ပင်မရဘဲ တွင်းဝတ်နှင့်ပင်လိုက်ပါလာရရာ လက်ကမသိမသာကျောက်ဖွက်သောနေရာသို့ရောက်ရောက်သွားတတ်လေ၏။ ဘီယာတစ်ဖာနှင့်စားသောက်ဖွယ်များစွာတို့ စားပွဲအပြည့်မှာလိုက်ပါသည်။

အမှုန်ကိုဝန်ခံရသော် ကိုစိုးမြင့်သည် အရက်မကြိုက်သော်လည်း ဘီယာကိုတော့အလွန်ကြိုက်လေ၏။ ကျပ်ပြင်ရောက်တိုင်း ဘီယာတစ်ပုလင်းနှင့် အမြည်းတစ်ပွဲမှာကာစားသောက်လေ့ရှိ၏။ များများမှာမသောက်ရဲပါ။ အတိုင်းအတာနှင့်သာချန်တွက်၍သောက်ခြင်းဖြစ်သည်။ နှမျောတွန့်တို့၍ဖြစ်လေ၏။

ယခုသော်မူ ဘီယာများဂျပ်ဖာလိုက်ရှေ့တွင်ရောက်နေပြီ ဖြစ်သည်။ သို့အတွက် စိတ်ကြိုက်သောက်နိုင်ပြီဖြစ်သည်။ အားလုံးပင် ခွက်ချင်းတိုက်ကာ စသောက်ကြ၏။ အမြည်းများစိတ်ကြိုက်စားကြ၏။ ဤတွင် ကိုစိုးမြင့်တွေးမိပါသည်။

"အင်း - ငါမူးအောင်သောက်လို့ မဖြစ်ဘူး။ ငါ့မှာကျောက်ကြီးရှိနေတယ်။ သတိထားသောက်မှ။ မတော်လို့ ကျောက်ကြီးထွက်ကျသွားရင် ငါ့ရင်ကျိုးရချည်ရဲ့။ သတိထားမှပဲ သတိထားမှ"

ဟုတွေးမိပါသော်လည်း ဤသည်မှာ သောက်စဉ်သာဖြစ်သည်။ အကြိုက်နှင့်တွေ့သောအခါဝယ် အကြိုက်နောက်ကောက်ကောက်ပါသွားကာ တစ်ခွက်ပြီး တစ်ခွက်အလကားရသည်မို့ သောက်နေမိလေတော့၏။ ခဲ့၌လိမ်ကျစ်၌ထည့်ထားသော ကျောက်ကြီးကိုလည်း သတိမရတော့ပြီ။ ထည့်ပေးသမျှ တစ်ခွက်ပြီး တစ်ခွက်သောက်လိုက်သည်မှာ မည်သို့မည်ပုံ ဖက်စပ်သို့ပြန်ရောက်သည်မသိတော့ပေ။ နံနက်မိုးလင်း အိပ်ရာကနိုးမှ ဖက်စပ်သို့ပြန်ရောက်နေမှန်းကို သိလေတော့၏။

■ ပြကျောက်

သူတို့လေးဦးသည် ဘီယာဘယ်နှဖာကုန်သည်ပင် မမှတ်မိတော့ပါ။ ဘီယာလွန်ကျွံခြင်းတန့်ဆိုးကြောင့် အိပ်ရာနိုးသည်နှင့်မအီမသာဖြစ်လျက်ရှိသည်။ ဤတွင်မှ ကျောက်ကြီးကို ဖျတ်ခနဲသတိရမိသဖြင့် ပျာပျာသလဲအိပ်ရာမှထကာ မိမိလိပ်၍ထည့်ထားသောကျောက်ကြီးကိုစမ်းလိုက်မိလေ၏။

"ဟာ - သွားပြီနဲ့တူတယ်"

ဟု နှုတ်မှထွက်ကာ စောင်တွေကိုဖယ်၍ အိပ်ရာထဲ၌ရှာကြည့်မိလေ၏။ မရှိပါ။ ထို့နောက် မိမိ၏ အိပ်ရာဝန်းကျင်၌ကြည့်မိပြန်၏။ ဘာမှမရှိပေ။ ထို့ကြောင့် မသိမသာပင် မိမိလာရာလမ်းတစ်လျှောက်၌ ကြည့်မိပြန်၏။ ကျောက်ကြီးနှင့်တူတာဟူ၍ ဘာမှမတွေ့ပါ။ နှမြောလွန်းသဖြင့် ရင်တွေတုန်နေမိလေ၏။

"သွားပြီသွားပြီ၊ ငါ့နှယ်ကွာ သတိထားရဲ့သားနဲ့ ဘယ်လိုဖြစ်သွားတာလဲ သွားပါပြီကွာ။ မျှော်လင့်ချက်တွေရေစုန်

www.burmeseclassic.com

www.burmeseclassic.com

မှာမျောကုန်ပါပြီကွာ။ ဒီအခွင့်အရေးမျိုး ငါ့တစ်သက်ဘယ်တော့မှရမှာမဟုတ်တော့ဘူး။ ငါအတော်မိုက်တာပဲ။ အေးလေ - ကံပေါ့။ ဒီကျောက်ကြီးဟာ ငါ့ကို လျှပ်တစ်ပြက်ပြခဲ့ပြလိုက်တဲ့ ပြကျောက်ကြီးပဲ။ ဒီကျောက်ကြီးသာပိုင်ဆိုင်ခွင့်ရလိုက်ရင် ငါ့တစ်သက်စာပူစရာတောင်မလိုတော့ဘူး။ အင်း-ငါကလည်း သောက်ပစ်လိုက်တာ လူမှန်းသူမှန်းတောင်မသိအောင်ပါပဲ။ ဘီယာများများသောက်တော့လည်း အတော်မူးတာပါပဲလား။ အင်း-ငါကံပေါ့လေ၊ ငါ့ကံပေါ့။ တတ်နိုင်ပါဘူး။ မျက်နှာသစ် မနက်စာစားပြီး သဲဖတ်တွေ့ရွေးမယ်။ ပြီးရင် ရွာပြန်မယ်”

ဟု တွေးကာ မျက်နှာသစ်၍ မနက်စာစားကာ သဲဖတ်ပုံကြီး၌ သဲဖတ်ရွေးနေမိလေ၏။ ပေါများလိုက်သည့် အမှုန်အညာများကလည်း ကုန်စင်အောင် မနည်းကောက်ရလေ၏။ စုစုပေါင်း နှီဆီဘူးတစ်ဘူးနီးပါးမျှရသဖြင့် ဒီတစ်ခေါက် ရွာအပြန် မျက်နှာပန်းလှလေ၏။

မိုးကုတ်ရှိ တွင်းလုပ်ကွက်မှသည် ဦးစွာ မိုးကုတ်မြို့ထဲသို့လျှောက်ရ၏။ မြို့ထဲမှသည် (၇) မိုင်ဝေးသော ကျပ်ပြင်သို့လိုင်းကားစီးရ၏။ ကျပ်ပြင်ဈေးဂိတ်ဆုံးရောက်သော် (၄) မိုင်မျှဝေးသော ကျောက်ဖျာရွာသို့ ခြေကျင်လျှောက်ရပြန်၏။ သွားနေလာနေကျမို့ သည်ခရီးအားဝေးသည်မထင်ပါ။

အိမ်ရောက်သော် သနပ်ခါးအဖွေးသားနှင့် လှပမွှေးကြိုင်နေသော ဇနီးကိုမြင်ရသဖြင့် ကြည်နူးရပါသည်။ နှစ်ဦးသား ရလာသောအောက်ကျောက်တို့ကို ထားကြီးထဲတွင့်ထည့်ကာကြည့်ကြသည်။ နေပဏ္ဏာအောက်၌ ကျောက်တို့က ရဲရဲနီကာအလွန်လှပလျက်ရှိပါသည်။ ထိုအခါ ကိုစိုးမြင့်သည် မနေနိုင်မအောင့်နိုင်ဘဲ ကျောက်ကြီး၏ဖြစ်စဉ်အား ဇနီးသည်ကိုပြောပြလိုက်လေ၏။ ထိုအခါ မကြည်ဌေး အတော်တုန်လှုပ်သွားပါသည်။

“ဟင်-ကိုစိုး၊ တော်ဘာလို့အဲဒီလို လုပ်ရတာလဲ”

“အေးဟာ - ငါလည်းမြင်တော့ လောဘတက်မိလို့ကိုက်တာလေ”

“ကိုစိုးမြင့်ရယ်၊ ကိုယ်နဲ့ထိုက်သလောက် ဒီအမှုန်အညာတွေစုနေတာနဲ့ ကိုကျေနပ်ရောပေါ့။ ခုတော့ တော့်ဟာအရှက်တကွဲအကျိုးနည်းပါလားတော်၊ မြို့ထဲမှာကျပ္ပောက်တယ်ထင်သလား”

“အေး-အရမ်းမူးနေတော့ ဘာမှကိုမသိတော့တာ မနက်မိုးလင်းမှ အိပ်ရာထဲရောက်နေမှန်းသိတော့တာ။ ဆိုင်မှာအမူးလွန်တော့ ကားပေါ်တွဲခေါ်ကြမယ်။ အဲဒီမှာ ပုဆိုးကျွတ်ကျတာလည်း ဖြစ်နိုင်တယ်။ ဆိုင်ထဲမှာ ဒါမှမဟုတ် ဆိုင်အပြင်ကားဆီမှာအသွား ကျတာလည်း ဖြစ်နိုင်တယ်”

“ကျွန်မကတော့ အဲဒီလိုမထင်ဘူး၊ တော်ကျောက်ယူလိုက်တာကို လောပန်ကလျှပ်တစ်ပြက်အတွင်း မြင်လိုက်တာဖြစ်နိုင်တယ်။ အဲဒါကြောင့် တော့်ကို တွင်းဝတ်တွေမလဲစေဘဲ စားသောက်ဆိုင်ခေါ်သွားပြီး ဘီယာအမူးတိုက်မယ်၊ တော်ကသာ ဘီယာပြောတာ အရက်ကြမ်းပါရောပြီးတိုက်တော့ကော တော်ကသိမလား မူးနေပြီလေ။ တော်မှောက်ပြီး ဘာမှမသိတော့ဘူးဆိုမှ ကျောက်ကို ပြန်နှိုက်ယူပြီး အိပ်ရာထဲပို့ပေးထားတာနေမှာ။ ရတနာစစ်စစ်ဆိုတာ ကိုယ်နဲ့ထိုက်မှရတယ်ဆိုတာ တော်လည်းသိသားနဲ့။ အခုတော့ အဲဒီကျောက်ကြီးက တော့်အတွက် ပြကျောက်ဖြစ်သွားတာပေါ့”

“အေးဟာ-မပြောတတ်တော့ပါဘူး”

“ဖြစ်နိုင်တယ်၊ ကျွန်မပြောတာ အများဆုံးဖြစ်နိုင်တယ်။ အဲဒီတော့ အားနာလို့မပြောရက်လို့တော့်ကိုလက်ခံထားရင်တောင် အယုံအကြည်ရှိမှာမဟုတ်တော့ဘူး”

“အဲဒီတော့ ငါဘာလုပ်ရမလဲ”

“ထွက်လိုက်တော့ပေါ့၊ ကိုယ်ကမှားခဲ့ပြီလေ။ ကိုယ့်အပြစ်ကိုယ်သိပေါ့”

“အေးဟာ ဒါဆို ဒီညနေပဲသွားထွက်လိုက်တော့မယ်။ ဒါပေမယ့် ပေါ် တင်ကြီးထွက်လို့ကောင်းပါ့မလား၊ အကြောင်းတစ်ခုခုတော့ပြမှဖြစ်မှာပေါ့”

“ဒါများတော် ကျွန်တော့်မိန်းမကျန်းမာရေးမကောင်းလို့ အဲဒါပြုစုစရာလိုလို့ထွက်ပြုပါဆိုပြီး ထွက်ခွင့်တောင်းပေါ့”

“ဟုတ်သားပဲ၊ အဲဒီလိုပြောတာ အကြောင်းပြပိုကောင်းတာပေါ့”

“ကိုယ်လည်းထိုက်သလောက်ရပြီးပြီပဲ။ အမှုန်အညာတွေရထားတာနည်းမှတ်လို့။ ဘာမပူစရာမရှိတော့ဘူး၊ စိတ်အေးချမ်းသာစိတ်တုံးတုံးချပြီးထွက်လိုက်ပေါ့”

အင်းပါဟုဆိုရသော်လည်း ဤကျောက်ကျသောတွင်းမျိုး တစ်သက်မမြင်ခဲ့ဖူးပါ။ ရှေးကရေမနိုင်၍ လုပ်ရန်ခက်ခဲခဲ့သောလုပ်ကွက်တို့အား ခေတ်မီစက်ကြီးများနှင့် ရေနိုင်အောင် စုပ်ထုတ်ကာ အလွန်ကောင်းသောဖြုန်းတို့ကိုရယူနိုင်ခြင်း ဖြစ်သည်။ သို့ကြောင့် ကျောက်ကလည်း ပြောစရာမလိုအောင် ပေါများခြင်း ဖြစ်သည်။ အမှန်သော် ကျောက်ကြောပေါက်ခြင်း၊ ကျောက်အိုးတွေ့ခြင်းသာ ဖြစ်ပေ၏။ ရတနာတို့သည် မြေအောက်ထဲမှထိုက်သူကိုစောင့်မျှော်လျက်ရှိကြသည်မှာ ဓမ္မတာဖြစ်သည်။

ပတ္တမြားရတနာသည် မထိုက်ပါက အကယ်၍ ရခဲ့သည့်တိုင်အောင် ပြကျောက်အဖြစ်သာရကြပြီး အကျိုးခံစားခွင့်မရတတ်ကြပေ။ ပြရုံပြ၍မရကြသောလူတို့သည် ပတ္တမြားမြေမိုးကုတ်၌များစွာရှိကြပါသည်။ ထိုလူအများစုမှာ ကျောက်တူးသူ၊ တွင်းသမားတို့သာဖြစ်ချေ၏။

ဤစိုးမြင့်လျှပ်တစ်ပြက်မြင်ခွင့်ရလိုက်သော ကျောက်သည် မူးမူးရူးရူးနှင့် ကျပ္ပောက်လေသလား၊ ထိုကျောက်အား တစ်ဦးတစ်ယောက် ကောက်ရသွားလေသလား သို့မဟုတ် ပေါလဲပြန်ရသွားလေသလား၊ ဒါမှမဟုတ်ပါမူ နတ်ပစ္စည်းဖြစ်၍ နတ်တို့သည် ပြန်သိမ်းသွားလေသလား မပြောတတ်ပေ။ ထိုကျောက်ကို မြင်ယောင်ကာ နှမြောခြင်း၊ တသခြင်းတို့ ကြာရှည်စွာခံစားလျက် ခံစားမိတိုင်း အရက်သောက်ကာ ဖြေဖျောက်တတ်လေ၏။

စကားနောက်တရားပါယူဘိသို့ ကိုစိုးမြင့်ဖက်စပ်မထွက်ပြီးနောက်ပိုင်း အမှန်ပင် မကြည်ဌေး ကျန်းမာရေးချို့တဲ့လာခဲ့လေ၏။ အသက်ရှူမဝခြင်း၊ အဆုတ်ကြပ်ခြင်းဖြစ်ရာ ထိုဝေဒနာနှင့်ပင် မန္တလေးဆေးရုံကြီး၌ ဆုံးပါးခဲ့ပါသည်။ ဝေဒနာမှာအဆုတ်ကင်ဆာဖြစ်သည်။ ကြောင်များကိုနမ်းလွန်းသဖြင့် အဆုတ်တွင် ကြောင်မွေးများခဲကပ်နေမှုနေရာမှ အနာဖြစ်ကာ ဆုံးပါးသွားခြင်းဖြစ်ချေ၏။

ပြကျောက် ဟူသည် ပတ္တမြားနှင့် ဆက်နွယ်သူတိုင်း ကြုံတတ်သည်ဖြစ်ရာ ဤသည်မှာ ကျွန်ုပ်၏သူငယ်ချင်းတစ်ဦး ကြုံခဲ့သောပြကျောက်အကြောင်းဖြစ်ပေ၏။

ချမ်းမြေကျပါစေ

နေပြည်တော်ခေကျာ်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

လူမဟုတ်သည့် သက်ရှိသတ္တဝါများကို အဟိတ်တိရစ္ဆာန်ဟု ခေါ်ဆိုပါသည်။ ပါဠိလိုအားဖြင့် တိရိ ဆိုသည်မှာ သုံးမျိုးဟု အဓိပ္ပာယ်ရပြီး စ္ဆာန် ဆိုသည်မှာ သတ္တဝါဟု ခေါ်ဆိုပါသည်။ တိရိနှင့် စ္ဆာန်ကို ပေါင်းစည်းပြီး ခေါ်ဆိုပါက သုံးမျိုးသားသိရှိသောသတ္တဝါကို တိရစ္ဆာန်ဟုဆိုပါသည်။ ထိုသုံးမျိုးက အိပ်ခြင်း၊ စားခြင်းနှင့် မေထုန်မှီဝဲခြင်းတို့ဖြစ်ကြပါသည်။

တိရစ္ဆာန်များကို စာရေးသူ သက်တမ်းတစ်လျှောက် များစွာတွေ့ကြုံခဲ့ဖူးပါသည်။ ဘုရားနှင့် ရဟန်းတော်များအား ကြည်ညိုသဒ္ဓါပွားများ၍ ကန်တော့တတ်သော တိရစ္ဆာန်များ၊ သခင်ပေါ်၌ သစ္စာရှိသောတိရစ္ဆာန်များ၊ ကျေးကျေးဇူးသိတတ်သော တိရစ္ဆာန်များနှင့် အသိတရားရင့်ကျက်သော တိရစ္ဆာန်ပေါင်းများစွာတို့ကို စာရေးသူ ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ပါသည်။

သားပျောက်သောမိခင်ဆင်မကြီး တစ်ကောင်ကိုလည်း စာရေးသူ မြန်မာနိုင်ငံ အညာဒေသတွင်တွေ့ကြုံခဲ့ရလို့ ထိုမိခင်ဆင်မကြီးသည် အညာဒေသတောတောင်တစ်ခုတွင် သားပေါက်ဆင်ထီးလေးတစ်ကောင် ပျောက်ဆုံးခဲ့၍ မအိပ်နိုင်မစားနိုင် သောကအဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက် နေ့စဉ် တောထဲသို့ သားဆင်ပေါက်လေးကိုလိုက်ရှာနေတတ်ပြီး ကားလမ်းသို့ရောက်ရှိလာစဉ်မှာလည်း ရပ်ထားသော မော်တော်ယာဉ်များအတွင်းသို့ မိခင်ဆင်မကြီးက နှာမောင်းဖြင့်လိုက်ရှာတတ်သလို သူမ၏ မျက်လုံးများနှင့် ရှာဖွေနေသည်ကို တွေ့မြင်ကြသည့်သူများမှာ အံ့သြသင့်နေကြပြီး ထိုဆင်မကြီးရဲ့ဖြစ်ရပ်ကိုသိရှိသည့် လူတစ်ယောက်က ရှင်းပြသဖြင့် ပတ်ဝန်းကျင်ရှိလူများမှာ စိတ်မကောင်းကြီးစွာဖြစ်ကြရပါသည်။

အထက်ပါ ဆင်မကြီးရဲ့ဖြစ်ရပ်ကို ကြည့်ခြင်းအား အဟိတ်တိရစ္ဆာန်ဖြစ်ပေမယ့် မိခင်စိတ်အလွန်ကြီးမားကြောင်းကိုသိရှိရပြီးနောက် အချို့သောလူဖြစ်ကြသည့်မိခင်တို့မှာ မိမိတို့ရဲ့ရင်သွေးများကိုပင် သနားကြင်နာစာတတ်ရမှန်းမသိကြ၊ အမှိုက်ပုံတွင်ပစ်ခဲရသော မွေးကင်းစကလေးများ၊ သူတစ်ပါးကို ရောင်းစားသောမိခင်များ စသည့် လူဖြစ်ပေမယ့် အဟိတ်တိရစ္ဆာန်များလောက်ပင် မိခင်စိတ်မရှိကြသူများကို စာရေးသူတွေ့ကြုံဖူးပါသည်။

တိရစ္ဆာန်ဆိုသည်မှာ အပါယ်လေးဘုံသားများဖြစ်ကြ၍ ရတနာသုံးပါးတို့ကို သိရှိကြသူမဟုတ်သော်လည်း ကြည်ညိုလေးစားရမည့်ပုဂ္ဂိုလ်များဟုသိရှိနေခြင်းမှာ အံ့သြသင့်ဖွယ်ကောင်းပါသည်။

မိတ်ဆွေတစ်ဦးရှိပါသည်။ သူက တော့် ယနေ့တိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) ရပ်ကွက်တစ်ခုခုဲ့ နာရီနှင့်မျက်မှန်များ ရောင်းချလျက် မိသားစုများအား ရှာဖွေကျွေးမွေးလျက်ရှိပါသည်။ သူသည် နာရီနှင့်မျက်မှန်များကို ရောင်းချနေသော်လည်း ကိုယ်ပိုင်နေအိမ်နှင့် ဆိုင်ခန်းမရှိ၍ ဆိုင်ပိုင်ရှင်တစ်ဦးထံက ဆိုင်ခန်းကို ငှားရမ်း၍ နာရီနှင့် မျက်မှန်

၃
တင်ထွန်း
(စက်မှုကြိုးပမ်း)
အသိတရားကြီးမားကြသော အဟိတ်တိရစ္ဆာန်များ

www.burmeseclassic.com

www.burmeseclassic.com

များကို ယနေ့တိုင်ရောင်းချလျက်ရှိပါသည်။ ဆိုင်ရှင်၌ ခွေးထီးလေးတစ်ကောင်၊ မိခင်ခွေးမကြီးတစ်ကောင်နှင့် ထိုမိခင်ခွေးမကြီးမှပေါက်ဖွားသော ခွေးမလေးနှစ်ကောင်ရှိပါသည်။ ယခုအခါ ခွေးထီးလေးရော ခွေးမလေးနှစ်ကောင်တို့မှာ ကြီးပြင်းလာပြီး အသက်အရွယ်တစ်ခုရောက်ရှိနေပြီး ခွေးထီးလေးမှ ခွေးထီးကြီးအရွယ်သို့ရောက်ရှိနေပါသည်။

စာရေးသူ ရေးသားဖော်ပြချင်သည်က ထိုခွေးထီးလေးသည် အရွယ်ရောက်လာသော်လည်း မိခင်ခွေးမကြီးနှင့်မိတ်မလိုက်ခြင်း၊ နှမတော်စပ်သည့် ခွေးမလေးများနှင့်လည်း မိတ်မလိုက်ခြင်းမှာ အဟိတ်တိရစ္ဆာန်ဖြစ်သော်လည်း မိခင်မှန်း၊ မောင်နှမမှန်းသိတတ်သည်မှာ အံ့သြသင့်စရာကောင်းပါသည်။ စာရေးသူသည် မကြာခဏစာစောင်များတွင်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း၊ ဖခင်အရင်းက သမီးအရင်းကို သံဝသပြုခြင်း၊ မဖွယ်မရာပြုလုပ်ခြင်း စသည်များကို မကြာခဏသိရှိရာမှ စာရေးသူအတွေးတစ်ခုပေါက်ခဲ့ပါသည်။ ထိုအယူတ်တမာများသည် ခွေးတစ်ကောင်လောက်ပင်၊ လူဖြစ်ပေမယ့် အဟိတ်တိရစ္ဆာန်လောက်ပင် မိခင်မှန်းမသိ၊သားသမီးမှန်းမသိဖြစ်ရသည်မှာ အလွန်စက်ဆုပ်ဖွယ်ကောင်းလှပါသည်။

ယနေ့တိုင် စာရေးသူသည် မကြာခဏ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မိတ်ဆွေရှိရာ နာရီဆိုင်နှင့်မျက်မှန်ဆိုင်သို့သွားရောက်နေပြီး ဖော်ပြပါ ခွေးထီးလေး မိသားစုနှင့် သွားရောက်တွေ့ဆုံပြီး မုန့်များကျွေးခြင်း၊ ခွေးမိသားစုနှင့် ထွေးရောယှက်တင်နေခြင်းစသည်ကို ပြုလုပ်နေပြီး စာရေးသူက ထိုခွေးမိသားစုအပေါ် မေတ္တာထားသည်ကို သူတို့ကသိရှိနေကြ၍ စာရေးသူနှင့်တွေ့သည့်အခါ၌ပင် စာရေးသူအား နမ်းရှုပ်ကြပါသည်။ အဟိတ်တိရစ္ဆာန်များပင် ဖြစ်လင့်ကစား မေတ္တာတရားပေးတတ်သူကို ပြန်လည်၍ ကြင်နာတတ်ကြောင်းကို သိရှိရပါ သည်။

ထို့ကြောင့် အဟိတ်တိရစ္ဆာန်များလောက်ပင် အသိတရားမရှိကြသူများကို လူတိရစ္ဆာန်ဟု ခေါ် ဆိုကြပါသည်။ လူဆိုသည်မှာ ကောင်းခြင်း၊ မကောင်းခြင်းစသည်တို့ကို ဝေဖန်ပိုင်းခြားတတ်သူများဖြစ်၍ မလုပ်သင့်မလုပ်ထိုက်သောအရာများကို ရှောင်ရှားနိုင်ဖို့နှင့် အရေးကြီးဆုံးဖြစ်ပါသည်။ အချို့ကတော့ အရက်မသောက်မီကာလမှ လူစိတ်များရှိကြသော်လည်း အရက်သောက်ပြီးသည့်ကာလမှာ သားသမီးမှန်းမသိ၊ ဇနီးမယားမှန်းမသိနှင့် ဒေါသတရားရှေ့ထား၍ အမှားများကျူးလွန်နေကြသည်ကို မကြာခဏသိရှိနေရ၍ပြန်လည် ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

တစ်ချိန်က မိမိရဲ့သခင်ဖြစ်သူ ရေနစ်နေသည်ကိုဆင်းကယ်ရာမှ သခင်ဖြစ်သူနှင့် သူ၏ခွေးပါရေနစ်သေဆုံးခဲ့ရသည်ကို စာရေးသူအတိတ်ကာလက စာစောင်တစ်ခုခွဲဖတ်ခဲ့ဖူးပါသည်။ သခင်က သင်္ဘောပေါ် မှမတော်တဆပြုတ်ကျရာမှ သခင်နောက်သို့လိုက်ဆယ်သည့် ခွေးထီးလေးမှာလည်း အမောဆို့၍ သေဆုံးခဲ့သလို သခင်ဖြစ်သူမှာလည်း ရေနစ်သေဆုံးခဲ့ရခြင်းကို ထောက်ရှုခြင်းအားဖြင့် ခွေးထီးလေးမှာ ကျေးဇူးတရားကို သိတတ်စွာဖြင့် မိမိအသက်ကို မငဲ့ကွက် ဘဲ သခင်ရဲ့အသက်ကိုကယ်တင်ခဲ့ရာမှ မိမိအသက်ကိုပါ ပေးဆပ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ထိုခွေးထီးမသေဆုံးမီကာလကလည်း သူ့သခင်အိပ်စက်သည့် ခုတင်အောက်၌ ရောက်ရှိနေသည့်မွေ့ဟောက်ကို ကိုက်သတ်၍ သခင်၏ အသက်ကို ကယ်တင်ခဲ့သည်ဖြစ်ရပ်သည် မိမိအသက်ကို အမှုမထားဘဲ ကယ်တင်ခဲ့ခြင်းသည် အဟိတ်တိရစ္ဆာန်ပင်ဖြစ်သော်လည်း ကျေးဇူးတရား၏ ပြယုဂ်ကို ပုံဖော်ပြထားသည့် သစ္စာရှိသည့် ခွေးတစ်ကောင်ဖြစ်ပါသည်။

ခရစ်နှစ် ၂၀၁၂ ဧပြီလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချမ်ပြည်နယ်မှာ ကြေကွဲဝမ်းနည်းဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်ခဲ့ပါသည်။ ထိုဖြစ်ရပ်ရဲ့ နိဒါန်းအစက ယင်းပြည်နယ်မှာ နေထိုင်သည့် အဘွားအို့တစ်ယောက်က ခွေးမလေးတစ်ကောင်ကို လက်ဆောင်အဖြစ် နှင့်ရရှိခဲ့ရာမှ သားသမီးတစ်ဦးပမာ ချစ်ခင်ယုယစွာဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့ပါသည်။ အဘွားအိုကြီးကို ထိုခွေးမလေးက နံနက်အိပ်ရာမနိုး၍ နွားနို့ဖန်ခွက်ကို ကိုက်ခို၍ အဘွားအိုကြီးအား နွားနို့ကိုသောက်စေခဲ့ပါသည်။ အဘွားအိုကြီးသည် တစ်ရက်ထက်တစ်ရက် အသက်အရွယ်ကြီးရင့်လာ၍ ကျန်းမာရေးမှာလည်း ဖောက်ပြန်လာခဲ့ပြီးနောက် ခရစ်နှစ် ၂၀၁၂ ဧပြီလအတွင်းမှာ ကွယ်လွန်ခဲ့ပါသည်။

အဘွားအိုကွယ်လွန်ချိန်မှာလည်း အဘွားအိုကြီး၏ရုပ်အလောင်းကိုလှည့်ပတ်၍ ဝမ်းနည်းပူဆွေးနေခဲ့သည်မြင်ကွင်းကိုမြင်တွေ့ရသည့်လူတွေမှာလည်း မချိတင်ကဲဖြစ်ကာ ဝမ်းနည်းပူဆွေးကြပါသည်။ ထိုနောက် အဘွားအိုကြီး၏ ရုပ်အလောင်းကို စီချမ်ပြည်နယ် သုသာန်၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပါသည်။ အဘွားအိုကြီး သေဆုံးခဲ့ပြီးနောက် ထိုခွေးမလေးလည်း အဘွားအိုကြီးကို လွမ်းဆွတ်ခဲ့ရာမှ မစားနိုင်မသောက်နိုင်ဖြစ်ခဲ့ပြီး အဘွားအိုကြီး သေဆုံးပြီးနောက် မကြာမီကာလတွင် ထိုခွေးမလေးလည်း သေဆုံးခဲ့ပါသည်။ ထိုခွေးမလေး သေဆုံးခဲ့ပြီးနောက် အိမ်နီးနားချင်းတို့က ထိုခွေးမလေးကို အဘွားကြီးအားမြှုပ်နှံခဲ့သည့် အုတ်ဂူနံဘေးနားတွင် မြှုပ်နှံခဲ့ပါသည်။

ထိုဖြစ်ရပ်ကိုကြည့်ရှုခြင်းအားဖြင့် ကျေးဇူးရှင်အဘွားအိုကြီးကို မွေးမိခင်ပမာ ချစ်ခင်ခဲ့သည့် ထိုခွေးမလေး၏ မေတ္တာတရားကို စာရေးသူအနေဖြင့် ဝမ်းနည်းစွာ ယနေ့ထက်တိုင် ထိုခွေးမလေးဖြစ်ရပ်ကို သတိတရဖြစ်မိရာမှ ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

အဟိတ်တိရစ္ဆာန်များဖြစ်ကြသော်လည်း မိခင်က သားသမီးများကို ရန်ပြုခြင်း၊ သားသမီးများကလည်း မိခင်ကို ရန်ပြုခြင်းစသည့်ဖြစ်ရပ်များမှာ အလွန်နည်းပါးကြသည်။ သို့သော်လည်း စာရေးသူမကြာခဏကြားသိနေရသည်။ သားသမီးတို့က မိခင်၊ဖခင်ကိုသတ်ဖြတ်ခြင်း၊ မိခင် ဖခင်တို့ကလည်း သားသမီးတို့အား ဒေါသအလျှောက်သတ်ဖြတ်ခြင်း၊ အထူးသဖြင့် သားယောကျ်ားများက ဖခင်ကိုသတ်ဖြတ်ခြင်း၊ မိခင်ကို သတ်ဖြတ်ခြင်း စသည့် အနိဋ္ဌာရုံများကို မကြာခဏကြားသိနေရ၍ ဖော်ပြရေးသားခြင်း ဖြစ်ပါသည်။

ရုပ်နှင့်နာမ်ရှိကြသည့်အရာအားလုံးကို သက်ရှိသတ္တဝါများဟု ခေါ် ဆိုကြပါသည်။သက်ရှိသတ္တဝါများဖြစ်ကြသည့် လူသားများသည် ကောင်းသည့်ဘက်တွင် အလွန်ကောင်းကြသော်လည်း ဆိုးသည့်ဘက်တွင် တိရစ္ဆာန်များထက် ကြောက်စရာကောင်းကြပါသည်။

အနောက်တိုင်းမှာ စကားပုံတစ်ခုရှိပါသည်။ အဲဒါကတော့ ကမ္ဘာပေါ်ကြောက်စရာအကောင်းဆုံးသတ္တဝါများမှာ တောရိုင်းတိရစ္ဆာန်များမဟုတ်ကြပါ၊ လူသားများသာဖြစ်ကြပါသည်။ ကမ္ဘာပေါ်တွင် လူကောင်းများရှိကြသလို လူဆိုးများလည်းရှိကြပါ၏။ လူကောင်းများသည် အလွန်နည်းကြပါသည်။ ဘာကြောင့် နည်းပါးရသည်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com

သွေးယို၊ သွေးအန်၊ သွေးသွန်ပျောက်စေသောနည်း

ကသာသင်းမွှေး

ယခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ ၄-၁၀-၂၀၁၇နေ့က စာရေးသူတို့ ဆယ့်လေးငါးရွှမ်းယောက်ခန်းသည် နေ့စဉ်ပုံမှန် ကသာမြို့ ရေဝန်းကျောင်းရှိ ဇရပ်တွင် တရားထိုင်ကြသည်။ မထိုင်မီ ဒါနပြုသူကပြုသည်။ ထိုနေ့က စာရေးသူက ဒါနပြုရာတွင် လိုအပ်သည်များကို ပြုလုပ်ပေးသော ဒေါ်ခင်မမ (ရွှေမြန်မာကသာ အမည်ဖြင့် ဝတ္ထုတို၊ဆောင်းပါးများရေးသားသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်) က စာရေးသူအား-

"ဆရာရေးမယ်ဆိုရင် ကျွန်မဆေးနည်းတစ်ခုရလာတယ်။ရေးစေချင်တယ်။ ကျွန်မရော၊ ပြောသူရော၊ ဆရာရော ကုသိုလ်ရမှာ"

ဟု ပြောပါသည်။

စာရေးသူကလည်း -

"ပြောမှာသာပြောစမ်းပါ။ ရေးရမှာက ငါ့အလုပ်ပါ။ ရေးစရာရချင်နေတာ"

ဟု ပြန်ပြောလိုက်ပါသည်။

■

၃-၁၀-၂၀၁၇ရက်နေ့က တရားထိုင်ပြီးအပြန် ဒေါ်ခင်မမသည် မနက်ဖြန် အတွက်ချက်ရန် ဒေါ်ဝင်းမာနှင့်အတူ ဈေးထဲဝင်ပြီး စိတ်ကူးရရာများဝယ်ဖြစ်ကြသည်။ ထိုအခါ မခင်သော်လည်း မျက်မှန်းတန်းပြီးသိနေသော မိန်းမတစ်ယောက်နှင့်တွေ့ပါသည်။

ဒေါ်ခင်မမကပင် စတင်၍ -

"ဘာဝယ်နေတာလဲ"

ထိုမိန်းမက -

"ဆီးဖြူသီးတွေပါ။ အခြောက်လှန်းရအောင်လို့"

ဟု ဖြေပါသည်။

"ဆီးဖြူသီးခြောက်က ဝက်သား၊ ငါးကြော်နဲ့ချက်စားဖို့လား"

ဟု ဒေါ်ခင်မမက စပ်စုလိုက်ပါသည်။

"ချက်လည်းချက်စားတာပေါ့။ ဆေးအဖြစ်လည်းသုံးရတယ်။ ဒါကြောင့် ဆီးဖြူသီးပေါ် ခ်ိန်ဆို များများဝယ်ပြီး အခြောက်လှန်းတာ"

ဟု ထိုမိန်းမကြီးက ပြန်ဖြေပါသည်။

"ဒါဆို ကျွန်မတို့ကိုလည်း ပြောပြပါဦး"

ဟု ဒေါ်ခင်မမက ဆေးနည်းတောင်းလိုက်ပါသည်။

"ကျွန်မတို့က နှာခေါင်းသွေးခဏခဏယိုတတ်တယ်။ နှာခေါင်းသွေးယိုရင် ဆီးဖြူသီးခြောက်ကို ရေနဲ့ပျစ်ပျစ်သွေးပြီး နှာသီးဖျားထိပ်ကနေ အထက်နှာခေါင်းရိုးအတိုင်း နဖူးအထိ လက်ညှိုးနဲ့သပ်ဆွဲသွားရင် နှာခေါင်းသွေးယိုတာရပ်သွားတယ်။ ပြီးတော့ သွေးပြီးသားကိုလည်း အခါးပန်းကန်တစ်ဝက်လောက် သောက်ပေးရင် ပျောက်သွားတတ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က ဆီးဖြူသီးဝယ်ပြီးအခြောက်လှန်းထားတာ"

ဟု ထိုမိန်းမကြီးက ဆေးနည်းပြောပါသည်။

"နှာခေါင်းသွေးယိုတာတင်မဟုတ်သေးဘူး။ သွေးအန်နေရင် ဆီးဖြူသီးခြောက်ကိုရေနဲ့သွေးပြီးသောက်ရင်လည်း ချက်ချင်းရပ်သွားတာ။ ပြီးတော့ မိန်းမတွေသွေးသွန်နေရင်လည်း ဒီလိုပဲ ဆီးဖြူသီးခြောက်ကိုသွေးပြီးသောက်ရင်ပျောက်တယ်။ ဒါကြောင့် လိုရင်သုံးရအောင် နှစ်စဉ်ဝယ်ပြီးအခြောက်လှန်းတာ"

ဟု ထိုမိန်းမကြီးက ပြောပါသည်။

ဒေါ်ခင်မမ၏စိတ်ထဲတွင် သွေးယို၊ သွေးအန်၊သွေးသွန်ပျောက်စေသောဆေးနည်းကိုရသဖြင့် စာရေးသူအား ရေးစေချင်ပြီးပြောပြခြင်းဖြစ်ပါသည်။

ထိုဆေးနည်းကို ပြောပြနေစဉ် နားထောင်နေသူ ဒေါ်ဝင်းမာကလည်း-

"ဟုတ်တယ်၊ ကျွန်မကိုယ်တိုင်ကလည်း လက်တွေ့ပျောက်ခဲ့တာ"

ဟု ဝင်ပြောပါသည်။

"ဘယ်လိုဖြစ်ခဲ့တာလဲ ပြောပြပါဦး"

ဟု ဒေါ်ခင်မမက မေးပါသည်။

"ကျွန်မအသက်(၃၀)တုန်းက သွေးသွန်ခဲ့တာ (၃) ရက်လောက်ကြာသွားပြီ မပျောက်နိုင်လို့ ဆေးရုံကိုသွားတော့ မယ်လုပ်နေတုန်း ကျွန်မရဲ့ကြီးတော်ရောက်လာတယ်။ သူကိုယ်တိုင်သိလို့ ဆီးဖြူသီးခြောက်တွေလည်းရှာလာတယ်။ အိမ်ကိုရောက်ရောက်ချင်း ဆီးဖြူသီးခြောက်တွေသွေးပြီး သောက်ခိုင်းလို့ သောက်လိုက်တာ (၁၅) မိနစ်လောက်ကြာတော့ သွေးသွန်တာရပ်သွားတယ်။ နာရီဝက်လောက်မှာထပ်ပြီးသောက်ပြန်တယ်။ ထမင်းစားတော့လည်း ဆီးဖြူသီးခြောက်နဲ့ ငါးကြော်နဲ့ချက်တဲ့ဟင်းနဲ့ စားရတယ်။ ဆေးရုံလည်းမသွားရတော့ဘူး။ တစ်ခါတည်းပျောက်သွားတယ်"

ဟု ဒေါ်ဝင်းမာကပြောပြပါသည်။

"မဝင်းမာကိုယ်တိုင် လက်တွေ့ပျောက်ခဲ့တာဆိုတော့ဟုတ်ပြီ။ကျွန်တော် ရေးဖြစ်အောင်ရေးမယ်"

ဟု စာရေးသူက ကတိပြုလိုက်ပါသတည်း။

ကျန်းမာရေးအသိဖြင့် နေနိုင်ကြပါစေ။ ကောင်းမှုတစ်ခု၊ နေ့စဉ်ပြုနိုင်ကြပါစေ။

ကသာသင်းမွှေး

ကောင်း၍ နည်းပါးခြင်းသာဖြစ်ပြီး ဘာကြောင့် မကောင်းသည့်သူများများပြားနေရလဲဆိုတော့ မကောင်း၍ များပြားနေကြခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင်လည်း တန်ဖိုးရှိသည့် ကျောက်မျက်ရတနာများ နည်းပါးကြခြင်းမှာ တန်ဖိုးကြီးမား၍ နည်းပါးကြခြင်းဖြစ်ပြီး တန်ဖိုးမရှိကြသည့် လမ်းခင်းကျောက်များပေါများခြင်းမှာလည်း တန်ဖိုးမရှိ၍ ပေါများရခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ရေးသားဖော်ပြရလျှင် လူတော်လူကောင်းများသည် လူနည်းစုများသာဖြစ်ကြပြီး မကောင်းသည့်သူများသည် လူများစုဖြစ်ကြ၍ လူသားတိုင်းလည်း လူကောင်းလူတော်များဖြစ်ကြရန် အထူးလုံ့လရိုက်၍ ကြိုးစားသင့်ပါသည်။ လောကမမွတာအရ လူ့ဘောင်လောကကြီးတွင် လူကောင်းလူတော်များနည်းပါးကြခြင်း၊ လူဆိုးလူညံ့များပေါများကြခြင်းကို ထောက်ရှုခြင်းအားဖြင့် သံဝေဂယူသင့်သည်မှာ လူတော်လူကောင်းများအဖြစ်သို့ ရောက်ရှိနိုင်ရန် ကြိုးစားအားထုတ်ခြင်းနှင့် တန်ဖိုးရှိသည့် ကျောက်မျက်ရတနာများကို စုဆောင်းခြင်းအားဖြင့် မိမိတို့၏ ဂုဏ်ကျက်သရေကိုမြှင့်တင်ရာရောက်ကြောင်း ဖော်ပြရေးသားလိုက်ပါသည်။

တင်ထွန်း (ရန်ကုန်-၂၊ ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန်း
(ရန်ကုန်ဆေးရုံကြီး)
သို့ပြီးသားမဖြစ်သေးမှာ

တစ်နေ့ -

အထက်အညာဒေသမြို့လေးတစ်မြို့တွင်နေထိုင်ကြသူနှစ်ဦး ကျွန်ုပ်ထံရောက်လာ၏။ သူတို့ရောက်လာခြင်းသည် ကျွန်ုပ်ခဏနား၍ သားမင်းပြည့်ဟောနေခြင်း ဖြစ်၏။ ထိုသူနှစ်ယောက်သည် ဘာမှမပြော။ အလွန်အလိုက်သိစွာနှင့် ငြိမ်သက်စွာထိုင်နေကြ၏။ လူရှင်းသွားမှ ကျွန်ုပ်နှင့်စကားလေးတစ်ခွန်းနှစ်ခွန်းပြောကြည့်ချင်ကြောင်း သားမင်းပြည့်အား ပြောကြ၏။ သားကအဖေ၊ ဒီမှာ အဖေနဲ့တွေ့ချင်လို့ဟုပြောပြီး နေ့ခင်းပုတီးစိပ်ရန် အိမ်ပေါ်တက်သွား၏။

ထိုအချိန်မှစ၍ ထိုနှစ်ယောက်နှင့် ကျွန်ုပ်စကားပြောဖြစ်ပါတော့သည်။

သူတို့သိချင်၍ မေးကြသည်များထဲမှအချို့မှာ သူရဇလရိသတ်ကြီးအတွက် ဗဟုသုတများရမည်ဟု ယုံကြည်မိသောကြောင့် သူတို့နှင့်ပြောဖြစ်သည်များကို အသံဖမ်းယူထားလိုက်ပြီး အတိအကျ မဟုတ်သော်လည်း အဆင်ပြေပြေနှင့် ဆီလျော်အောင် ဆောင်းပါးအသွင် တင်ဆက်လိုက်ပါသည်။ သူတို့သည် အစီအစဉ်တကျမဟုတ်သော်လည်း သူတို့သိချင်တာလေးများကိုရွေး၍ မေးမြန်းပညာယူသွားကြသူများဖြစ်ရာ ကျွန်ုပ်ကလည်း ဝမ်းမြောက်စွာ ဗဟုသုတမျှဝေခဲ့ပါသည်။

စကားဝိုင်းမှာ နိဒါန်း၊ နိဂုံးရှိမည်မဟုတ်ပါ။

အဆင်ပြေပြေလေးဖြစ်အောင် ဗဟုသုတရနိုင်မည်ထင်ရသောအကြောင်းလေးများကိုသာရွေး၍တင်ဆက်လိုက်ရခြင်းဖြစ်ရာ ခပ်ထောင်ထောင်ဖြစ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေပါလိမ့်မည်ဟု ကြိုတင် မေတ္တာ ရပ်ခံထားရင်း။

■

"ကိုမြင့်ငွေက. . . အခု ဟောနေ ပြီပေါ့"

"အယ်-နည်းနည်းပါဆရာ၊ ခင်တဲ့ သူလောက်ပါ။ တိုင်ထူထားပြီးပြောတာ ပါ။ ဆရာ့စာအုပ်တွေထဲကအတိုင်း အခိုက်တို့၊ နဝင်းတို့၊ ယာယီတို့ရွေးပြီး ပြောတာများပါတယ်။ ကိုရင်စံထွန်းက တော့ တောက်လျှောက်ပဲ။ သူက ကုန် ကားနှစ်စီးထောင်ထားတယ်လေ။ အလုပ် သမားတွေနဲ့လွှတ်ထားလို့ရတော့ ပိုလုပ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်တယ်။ ကျွန်တော်က ဆန်လက်လီလက်ကားရောင်းတာ၊ သူလောက်မအားဘူး။ ပြတ်တောင်းပြတ်တောင်းပေါ့"

"ကောင်းတယ်၊ အားပေးတယ် လုပ်သာလုပ်။ အခက်အခဲရှိရင်လာသာပြော။ လမ်းစရိတ်သာ ကျော်ပိုးအိတ်နဲ့ အပြည့်ဆောင်ထား။ လာသာလာခဲ့"

"ဟဲဟဲ - ဆရာက ကျွန်တော်တို့ နှစ်ယောက် ထင်ထားသလိုမဟုတ်ဘဲ အတော်ဖော်ရွေတာပဲနော်။ ဒီလိုစကားလေးတွေနဲ့ ခရီးဦးကြိုပြုပေးတာကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။ဒါမှလည်း ဆရာနဲ့ကျွန်တော်တို့ရင်းရင်းနှီးနှီးဖြစ်မှာနော့ ကိုမြင့်ငွေ"

"ဩော် . . . ကျွန်တော့်ကိုခင်လို့ သံယောဇဉ်နဲ့အဝေးကြီးကတောင်ရောက်လာခဲ့ကြတာ။ ကိုမြင့်ငွေတို့၊ ကိုစံထွန်းတို့ မေတ္တာကို ကျွန်တော်လေးစားတာပေါ့"

"ဟုတ်ကဲ့-ကျေးဇူးပါ ဆရာ"

"ကိုမြင့်ငွေတို့၊ ကိုစံထွန်းတို့ကျ အညာလေယူလေသိမ်းသိပ်မပေါက်ဘူးနော်။သေချာနားထောင်မှခုနပြောလိုက်တဲ့နေ့တို့ဘာတို့ကြားရတာ။ လေးဆယ်စွန်းစွန်းရှိကြရောပေါ့"

"ဆရာ၊ ငါးဆယ်ကျော်စပြုကုန်ပြီ"

"ဟုတ်ရဲ့လား တမင်အသက်ကြီးပြောတာလား၊ ကျွန်တော် တကယ်ယုံလိုက်ရမှာလား"

"ဟား ဟား ကိုရင်စံထွန်း၊ တို့ဆရာကို တို့အညာကိုဖိတ်ပြီး ရက်ရှည်လများကောင်းကောင်းဧည့်ခံဖို့သာလုပ်တော့။ ဆရာ့ဆီရောက်မှ တို့တွေငယ်ကုန်ပြီ"

"စိတ်ချမ်းသာလား၊ လာရတာ"

"ဟာ-စိတ်ချမ်းသာတာပေါ့ဆရာ၊ ထင်တောင်မထင်ပါဘူးဆို"

"ကဲ-စိတ်ချမ်းသာပါတယ်ဆိုရင် ကျွန်တော့်ဆီရောက်တုန်း ဘယ်လိုပါရမီဖြည့်ပေးရမလဲပြော. . . "

"ဒီလိုပါဆရာ"

"ပြော -ရတယ်ပြော"

"များသောအားဖြင့်တော့ ကျွန်တော်တို့ဆီမှာက အိမ်ပိုင်းတွေရောင်းချင်လို့ ဓာတ်ရိုက်တာမှာကြာတယ်ဗျ။တော်တော်နဲ့မထွက်တာများတယ်။ အိမ်တွေက အမြစ်တွေတွယ်နေလားအောက်မေ့ရတယ်။ ဘာနဲ့ကိုလုပ်ရမှန်းမသိတော့ဘူး။ ဆရာပြောတဲ့အတိုင်းလုပ်တာ တချို့ အိမ်ပိုင်းတွေဆို တစ်လမကြာဘူး။ ဈေးနဲ့ သုံးခါမကျော်ဘူး။ တချို့ကျနှစ်လ ကျော်တယ်။ တချို့နောက်နားထဲက တောက်လျှောက်ရိုက်လာတာ ခုထိကိုပဲ အခါလယ်ကျော်ပြီ"

"အိမ်ထွက်တယ်ဆိုတာ ကိုစံထွန်းရဲ့ အိမ်ရောင်းချင်တဲ့လူရဲ့ကံမှာ အခြေခိုင်နေလားဆိုတာ ရှေ့ထောင့်နှစ်မျိုးသုံးမျိုးလောက်ကနေ ကြည့်ရသေးတယ်။ အင်္ဂဝိဇ္ဇာတိုင်ရဲ့ အခြေပြုဟ်ကိုကြည့်ရတယ်။ သူ့ရဲ့ဌာနအရပ်ကိုကြည့်ရတယ်။ လိုအပ်ရင် အိမ်ရောင်းဖို့လာပြောတဲ့ အချိန်မှာ နိမိတ်ကိုကြည့်ရသေးတယ်။ တစ်ခါက အိမ်ရောင်းဖို့ဓာတ်ရိုက်ခိုင်းတော့မယ်လုပ်တုန်း အိမ်ရှေ့မှာလူနှစ်ယောက်အော်ကျယ်အော်ကျယ်နဲ့စကားပြောသွားတယ်။ တစ်ယောက်ကပြောတယ်။ မင်းတို့အဆိုင်းက ဖောင်ဒေးရှင်းချပြီးပြီပဲတဲ့။ ငါ့ကိစ္စငါဆက်လုပ်မှာပေါ့တဲ့။ စိတ်ထဲတော့ထင့်သွားသား။ ဖောင်ဒေးရှင်းချတယ်ဆိုတာ အခိုင်အမာလုပ်တဲ့ကိစ္စပဲ။ အင်း. . . အိမ်တော့ထွက်ဖို့ မလွယ်လောက်တော့ဘူးဆိုပြီး တွေးပေမယ့် လုပ်ပေးလိုက်ပါတယ်။ အဲဒီအိမ်ဘယ်လိုမှရောင်းမထွက်တာ ခြောက်နှစ်ကြာသွားတယ်"

"ဟား ဟား ကိုမြင့်ငွေ မင်းနားထောင်ထားနော်၊ ဆရာပြောတာချက်ကျတယ်။ ငါတော့သဘောကျတယ်"

"အဲဒါတွေလိုသားနော"

"လိုတာပေါ့၊ ရှေ့ထောင့်တစ်ခုထဲက ကြည့်ရုံနဲ့မပြည့်စုံဘူး။ ဒါက မြင်ရတဲ့အပိုင်း။ မမြင်ရတဲ့အပိုင်းရှိသေးတယ်"

"ဘယ်လို ဆရာ"

"မမြင်ရတဲ့အပိုင်းဆိုတာရှိတယ်။ အိမ်တစ်အိမ်မှာ အစောင့်အရှောက်ပုဂ္ဂိုလ်တွေဘာတွေရှိနေပြီ ဆိုပါတော့။ အဲဒီအစောင့်ကဝက်သားစားတာမကြိုက်ရင် ဝက်သားစားတဲ့လူတွေလာဝယ်ရင် မထွက်ဘူး။ အမဲသားစားတာမကြိုက်ရင် အမဲသားစားတဲ့လူတွေလာ ဝယ်ရင် အကြောင်းအမျိုးမျိုးနဲ့လွဲတယ်။ ဒီတော့ သူတို့ကိုလည်း မေတ္တာရပ်ခံရတယ်။ မကြာခဏ ဝန်မလေးတဲ့အလှူဒါနလေးတွေပြုပြီး ဥပမာ အမွေးတိုင်တို့ဘာတို့ထွန်းပြီး သူတို့ကိုယ်စား ဘုရားရှင်ကိုပူဇော်ပေးရတယ်။ အမျှဝေ၊ မေတ္တာပို့ပြီးတာနဲ့ ဒီအိမ်ရောင်းတော့မယ့်အကြောင်း၊ သူတို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ပုဂ္ဂိုလ်တွေဆိုရင် ဒီမှာနေခွင့်ပြုဖို့အကြောင်းမေတ္တာရပ်ခံရတယ်။ ဒီလိုမှမဟုတ်ဘဲ အိမ်ရှင်က ကဲ-အိမ်ကျတော့လည်း ရောင်းရင်မကြိုက်ဘူး။ အစောင့်ရှိတယ်ပြောတယ်။ ရောင်းတာ မကြိုက်ရင်လည်း ငွေအစုလိုက်အပြုံလိုက်ပေးဆိုပြီး ပြောမယ်။ ဒါပေမယ့် သူကျတော့ ဩကာသတောင်ဘာမှန်းမသိဘဲ အရက်ကတမြမြနဲ့ဆိုတော့ ဘယ်ပရလောကသားက မေတ္တာရှိပါ့မလဲ။ ပေးဖို့များပေးသေး၊ မေတ္တာပဲအရေးကြီးတယ်"

"ဆရာက ပရလောကသားတွေဆို မေတ္တာအရမ်းထားတယ်နော်။ ဆရာရေးတာတွေဖတ်ရတယ်။ ခရီးသွားရင် သွားမယ့်မြို့က ရောက်ခါနီးမြို့တွေက မြို့တော်ရှင်၊ နယ်တော်ရှင်၊ ရွာတော်ရှင်၊ ကွင်းပိုင်တွေ၊ ရုက္ခစိုးတွေကိုကြိုပြီး မေတ္တာပို့၊ အမျှဝေသွားဆိုတာ"

"ဟုတ်တယ်-အန္တရာယ်သိပ်ကင်းတယ်မှတ်ထား၊ တစ်လမ်းလုံးဂုဏ်တော် ဒါမှမဟုတ် သရဏဂုံပွားလာတယ်ဆိုပါတော့။ ကိုယ်ပွားလာတဲ့ ကောင်းမှုကုသိုလ်တွေကို မြို့တစ်မြို့ဝင်တော့မယ်ကြံတိုင်း အမျှဝေ၊ မေတ္တာပို့"

"ဟုတ်ကဲ့"

"ပရလောကသားတွေက သိပ်သနားဖို့ကောင်းသလို ခင်ဖို့လည်းကောင်းကြတယ်။ သူတို့က သူတို့ရှိကြောင်းကြဖန်ပြပြီး မေတ္တာတောင်းခံတာ၊ အမျှလိုချင်တာပဲရှိပါတယ်။ ဒီလိုရှိကြောင်းပြတဲ့အခါ အကြောင်းအမျိုးမျိုးကြောင့် ရိုးရိုးပြကြတာရှိသလို ခပ်ကြမ်းကြမ်းပြရတာလည်းရှိတယ်။ ဒါကတော့ သူတို့ကံကုန်တုန်းကအပေါ်လည်းမူတည်ချင်တည်မှာပေါ့။ လူကိုဒုက္ခမပေးကြပါဘူး။ ကျွန်တော်ကြုံရသိရသလောက် လမ်းမှာမျက်စိလည်နေရင် လမ်းပြပေးတာတွေဘာတွေတောင် လုပ်ပေးကြတာတွေရှိပါတယ်။ အဲဒီလို ပရလောကသားတွေရှိကြရင် အစောင့်ရှိတယ်ဆိုပြီး လွယ်လွယ်သုံးကြလေ့ရှိတာပေါ့ဗျာ။ အဲဒီအစောင့်တွေကျေနပ်အောင်က ခုနပြောသလိုလုပ်ပေးရတာပေါ့။ တချို့ဆို ဘယ်လောက်ထိမြင်ခဲ့ဖူးလဲဆို သိုက်တွေနဲ့နွယ်တဲ့ပုဂ္ဂိုလ်တွေတောင် တွေ့ဖူးတယ်။ အဲဒီအိမ်နေရာအောက်ကသိုက်နဲ့ အဲဒီမှာနေတဲ့ ကာယက်ရှင်ပုဂ္ဂိုလ်ဘယ်လိုဆက်နွယ်နေလဲတော့မသိဘူး။ သူနားထဲမှာ ချွေးသံတွေ၊ ခေါင်းလောင်းသံတွေကြားပြီဆိုရင် ငွေတွေတအားလိုမှ်ဝင်လာတာပဲ။ တခြားကိုထွက်သွားတုန်း အဲဒီမှာနေတဲ့ သူတွေဆို ကုန်းကောက်စရာမလိုလောက်အောင်ကိုဒုက္ခရောက်ကြတာ။ သူလည်း

www.burmeseclassic.com

www.burmeseclassic.com

ပြန်လာရော ခုနလိုငွေတွေပြန်ဝင်ပြန်ပာပဲ။ သိတဲ့လူတွေက ဒီအိမ်လေးကို ဘဝယ်တယ်။ ဟိုလူကလည်းရောင်းတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးနဲ့ ပျက်ပျက်သွားတယ်။ ကဲ-အဲဒီအိမ်မျိုး ဘယ်လိုထွက်အောင်ရိုက်မလဲ။ ဒီလို ဒုတွေတော်တော်များများတွေ့ဖူးတယ်။ ချို့အိမ်များဆို ရောင်းဖို့တစ်ခုခုလုပ်ပာနဲ့ လုပ်တဲ့လူတွေ ထရန်ဖြစ်ကုန်ာ။ အိပ်ရာထဲလဲကုန်တာ ဖြစ်ကုန်ကြတာလည်း တွေ့ဖူးတယ်။ ဒါကြောင့် အိမ်ထွက်တယ်ဆိုတာ ပါးစပ်ကပျော်ပျော်လေးပြောသလောက်မလွယ်ဘူးဆိုတာ သုသုတမှတ်ထား ကိုမြင့်ငွေ"

"ဟုတ်ပါ့ဆရာ၊ ဒါတွေရှိတာကို ဦးစိုးထွန်းကပြောတော့ပြသား။ ခု ဆရာပြောတော့ ပိုရှင်းပိုသိသွားတယ်"

"မင်းကိုငါပြောပြောနေတာ အဲဒါ တွေပဲမြင့်ငွေ။ ငါက ဟိုငွေဆော်ဦးတုန်းက ဆရာ့စာတွေတော်တော်လျှောက်ဖတ်တာ။ ဆရာ့စာအုပ်တွေကိုမျက်နှာချိုတ်တွေနဲ့ချိတ်ထားတဲ့အတိုင်းပဲ"

"အေးဗျ-အယ်ဒါတော့ဟုတ်တယ်"

"ဆရာရေးခဲ့တယ်လေ၊ ကြာပြီကြာပြီ။ ခုနလို အိမ်ဓာတ်ရိုက်တော့မယ်ဆိုရင် တနင်္ဂနွေသားသမီးရှိရင် ရိုက်လို့ရသူး။ တိုက်ကိုဓာတ်ရိုက်ထုတ်တော့မယ်ဆိုရင် စနေသားသမီးရှိရင်မရိုက်ရဘူး။ ကားကိုထုတ်ချင်ရင် တနင်္လာသားသမီးရှိရင် ဓာတ်ရိုက်လို့မရဘူး။ စက်တွေထုတ်ချင်ရင် အင်္ဂါသားသမီးရှိလို့ကတော့ ဓာတ်မရိုက်လေနဲ့ဆိုတာတွေ'"

"ဩော်-ဟုတ်တယ်၊ ဒါက အင်္ဂါဇာပညာခန်းတွေကိုး။ 'နံတူသတ်က အသေရ' ဆိုတဲ့ပညာခန်းရှိတယ်လေ။ နံတူရှိရင် နံတူသက်ရှိကိုအရင်ထိပြီးမှသက်မဲ့ထွက်တယ်။ အိပ်ရာထဲလဲသွားတာတို့၊ နာတာရှည်ဖြစ်သွားတာတို့၊ အိမ်ထောင်ရေးပြိုကွဲသွားတာတို့၊ အိမ်ကဆင်းသွားတာတို့၊ အခန့်မသင့်ရင် လူလောကကြီးက အပြီးအပိုင်ထွက်သွားတာတို့ဖြစ်ကြလွန်လွန်းလို့အတွေ့အကြုံတွေ၊ ဗဟုသုတတွေအရ ကိုယ်သိတာတွေပြန်မှဝေတာပါ၊ အင်္ဂါဇာသမားကိုး"

"ဒါလည်းဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ မြောက်ဖက်ရွာမှာ အဲလိုအိမ်ထွက်အောင်ဓာတ်ရိုက်ရင်း အိမ်ထောင်ဦးစီးအိမ်ကဆင်းသွားပြီးကွဲကိုသွားတာ။ အဲဒါ တကယ့်လက်တွေ့တွေပဲ။ မသိလို့သာနော် သိရင် ကြောက်စရာကြီး"

"ဟုတ်တယ် ကိုစံထွန်းရဲ့၊ အရွက်အခက်တွေက အသက်ရှိကြတယ်လေ၊ သူတို့လည်းရှင်သန်တယ်၊ သေဆုံးတယ်၊ အိပ်တယ်၊ သီးပွင့်တယ်ဆိုတာရှိကြတာပဲ။ နေရာအထက်အောက်အထားအသိုမှားပြီဆိုတာနဲ့ထိပြီသာမှတ်။ ခေါင်းလျှော်ခေါင်းဆေးတို့၊ ဆောင်ပန်းနှင်းကြမ်းယဉ်ကြာတို့ဆိုသိပ်စွမ်းတာ။ကြားဖူးနားဝနဲ့ လျှောက်လုပ်လို့လျှောက်ရေးလို့မရဘူး။ လုံးဝအတိမ်းအစောင်းမခံဘူး၊ သိပ်စွမ်းတာ"

"တအားစွမ်းချက်ဗျာ ဟုတ်တယ်။ နည်းနည်းနေဆိုးပြီး တအီအီဖြစ်နေလို့ကတော့ ဆရာ့ရဲ့နှစ်ဦးမင်္ဂလာယဉ်ကြာထဲက အချိန်အခါနဲ့ အရွက်အခက်တွေကို မှတ်ထားပြီး ဒီဘက်ကာလတွေမှာအံဝင်အောင်ခိုင်းတာ။ အို - စွမ်းချက်ဗျာ၊ လင်းတကြီး မြင်းခံထားသလိုဖြစ်နေတဲ့လူဆို ငေါက်ခနဲပဲ သူမဟုတ်သလိုပဲ"

"ဟုတ်တယ် ကိုစံထွန်းပြောသလိုပဲ စွမ်းတယ်။ အဲဒီယဉ်ကြာတွေမှာ နင်းရမယ့်အရွက်အပေါ်ရောက် အပေါ်မှာထားရမယ့်အညွှန့်အောက်ရောက်ဆိုရင်တော့ ကာယကံရှင်ခမျာကံဆိုးမိုးမှောင်ကျတော့တာပဲ"

"ကြည့်တော့အရွက်အခက်လေးတွေနော်"

"ဟုတ်တယ် - အဆိပ်ပြင်းတယ်၊ ထိချက်ပြင်းတယ်၊ ဒါလေးမျှကွာဆိုလို့မရဘူး။ လဲစရာရှိလဲသွားမယ်။ ကွဲစရာရှိကွဲသွားမယ်။ သေစရာရှိသေသွားလိမ့်မယ်။ ဒါကြောင့် အင်္ဂဝိဇ္ဇာလိုခမ်းနားတဲ့ပညာရပ်ကြီးမှာ နံသင့်ပြုဟ်အရွက်အခက်တွေအင်းအားများတာပေါ့"

"ဆရာ၊ နံတူသတ်တယ်ဆိုတာကရော"

"ခုနပြောတဲ့ဟာလေ အိမ်ကို ဓာတ်ရိုက်ထုတ်ရင် တနင်္ဂနွေရှိလို့မရဘူးဆိုတာ အဲဒါပဲလေ။ အဲဒီပညာခန်းတွေလေ"

"ဩော် - ဟုတ်ကဲ့"

"နံတူသတ်တဲ့ပညာခန်းတွေထဲကတစ်ခုပေါ့ဗျာ။ နံတူသတ်တာကအများကြီးရှိတယ်။ နံတူကိုအထပ်ထပ်ရိုက်ပြီးကောင်းတဲ့အစီအရင်ရှိသလို ဆိုးတဲ့အစီအရင်လည်းရှိတယ်"

"ကျုပ် ခင်ဗျားကိုပြောသား တွေ့လား ကိုမြင့်ငွေ၊ အင်္ဂဝိဇ္ဇာမှာ ကျုပ်တို့မသိသေးတဲ့ ပညာခန်းတွေအများကြီးပဲလို့"

"ရှိတာပေါ့ ကိုစံထွန်း၊ ကျွန်တော်လုံးဝမသိသေးတဲ့ပညာခန်းတွေ၊ လုံးဝမသင်ခဲ့ရတဲ့ပညာခန်းတွေအများကြီးပဲ။ လိုက်မမီဘူး"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်ဆိုသူနဲ့အမြဲဆုံပြီးဆွေးနွေးတယ်။ ဆရာရေးတာတွေဖတ်ပြီးရင် မှတ်ထား၊ သူများကာကာတွေကို တစ်ဆင့်ပြောပြ၊ ဟို - ထမင်းစားတာဆိုများတယ်နော်"

"ဘာထမင်းစားတာလဲ"

"ဟိုလေ ဆရာ၊ ပျတ်ပျတ်မြည်အောင်ဓာတ်ရတာကို"

"ဩော်-ဟုတ်တယ်၊ ဆင်ခြင်သင့်တာလေးတွေပေါ့ဗျာ။ ရှေးဆရာကြီးတွေနဲ့အတူစားအတူသွားနေပြီး ပညာတွေယူခဲ့ရတော့ အဲဒီအတွေ့အကြုံလေးတွေကို ပြန်ဝေငှတာပေါ့။ ပညာရှင်ကြီးတွေက ထမင်းစားရင် ဆောင့်ကြောင့်ကြီးထိုင်ပြီး ကသောကမျောစားတာကို မကြိုက်ဘူး။ ဘယ်တော့မှ နောက်ကြောင်းမအေးတဲ့သူတဲ့။ သူမှာ အမြဲပုပန်နေရတယ်ဆိုတဲ့သဘောပေါ့။ ပါးစပ်က တဖျတ်ဖျတ်နဲ့မြည်ရင်လည်းမကြိုက်ဘူး။ ထမင်းစားရင် ပလုတ်ပလောင်းကြီးနဲ့ စကားကို ဗလုံးဗထွေးပြောရင်မကြိုက်ဘူး။ လက်အဆစ်တောင်ဒုတိယအဆစ်ကိုကျော်ပြီး ထမင်းဟင်းမပေကျံရဘူး။ ပြီးတော့ ထမင်းစားရင် စကားမများရန်မဖြစ်ရဘူး။ အပူစကားတွေမပြောရဘူး"

"ဘယ်လိုအပူစကားလဲ ဆရာ"

"ဆိုပါတော့ဗျာ၊ စားနေတုန်း ဘယ်နားမှာ ဘယ်သူ ဘာဖြစ်လို့ သေပြီတို့၊ ဘယ်မှာဘယ်သူတွေကွဲကုန်ပြီတို့၊ ဆေးရုံရောက်ကုန်ပြီတို့"

"ဩော်"

"အဲလိုအပူတွေမပြောရဘူး၊ စားသောက်နေတဲ့အာဟာရမှာ အေးချမ်းတဲ့သတ္တိတွေပဲပါအောင် စားရမယ်တဲ့။ ဒါကြောင့် ဘုရားစာရွတ်စားရတယ်။ အမှတ်ကလေးနဲ့စားရတယ်။ မေတ္တာပို့စားရတယ်။ ရှာကျွေးသူရဲ့ကျေးဇူးကိုသိရတယ်။ မေတ္တာပို့ရတယ်။ သားသမီးတွေဆို မိဘကိုမေတ္တာပို့ပြီးစားရတယ်။ စားဦးစားဖျားကို ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ဦးထိပ်ထားပြီးဖယ်ပြီး ဦးချပြီးမှစားရတယ်။ ဆရာတော်ဘုရားကြီးတစ်ပါးဆိုရင် ဆွမ်းဘုဉ်းပေးခါနီး ထမင်းအဖြူလေးနည်းနည်းယူ ဗုဒ္ဓံ ဇရန္တီ ဂန္ဓာမိဆိုပြီး ဘုဉ်း၊ နောက်နည်းနည်းယူ

www.burmeseclassic.com

www.burmeseclassic.com

ခမ်ဲ့ သရဏ် ဂစ္ဆာမိဆိုပြီးဘုဉ်း၊ နောက် နှည်းနည်းယူ သံယံ သရဏ် ဂစ္ဆာမိဆိုပြီးဘုဉ်း၊ အဲဒီသုံးလုတ်ကို အရင်ဘုဉ်းပေးပြီးမှ ဖြည်းဖြည်းချင်းအမှတ်နဲ့ဘုဉ်းပေးတော်မှတာ သိပ်ကျန်းမာတာပဲ။ အသံတော်ဆိုရှင်းနေတာပဲ။ သီလဂုဏ်သမာဓိဂုဏ်ကို သေသေချာချာလိုက်နာတယ်။ တကယ်ကိုထူးခြားတယ်။ တကယ်အေးချမ်းတယ်။ အင်မတန်မှမြတ်လွန်းတဲ့ အတုဆိုတာယူရမယ်၊ လိုက်နာရမယ်။ ပြီးတော့ တချို့မိသားစုလေးတွေမှာ ညဉ့်ပြီးစာကြတာတွေတွေ့ရတယ်"

"ဘယ်လိုညဉ့်စာရတာလဲ ဆရာ"

"ဆိုပါတော့ ဟင်းပေါ့ဗျာ။ ကိုယ့်အောက်ငယ်သူတွေရှိရင် ကိုယ်ကသူတို့အတွက်ညဉ့်စာတာတို့၊ ကိုယ့်ထက်ကြီးသူအတွက် ကိုယ်ကညဉ့်စာတာတို့ရှိကြတယ်"

"ဩော် - သဘောပေါက်ပြီ"

"အဲဒါကိုက မေတ္တာတရားပဲဗျ။ သိပ်ကောင်းတယ်။ ကိုယ်ချင်စာတရားရှိတယ်လို့လည်းပြောရမယ်။ ဒါဟာ မိသားစုစည်းလုံးချင်းပဲ။ တစ်စိတ်ထဲတစ်ဝမ်းထဲပဲ။ ဒီလိုစားကြတဲ့မိသားစုတွေသိပ်အပူကင်းတယ်။ အေးချမ်းကြတယ်။ ပူပူလောင်လောင်ရှာစားရတာမျိုးသိပ်မတွေ့ရဘူး"

"တို့တွေဆရာဆီရောက်လာတော့ ဗဟုသုတတွေတအားရတာပဲ ကိုရင်စံထွန်း။ ဒါလေးတွေက ဆရာနဲ့ ဒီလိုအနီးကပ်နေတော့မှ သိလာရတာလေးတွေနော့"

"ဟုတ်တယ်လေ"

"ကျွန်တော် အမြဲတမ်းလေ့လာကြည့်တယ်။ ထမင်းဝိုင်းမှာ ကြီးသူကငယ်သူကမိညာ၊ ငယ်သူကကြီးသူကိုမညာဘဲ အလုအယက်ကိုယ့်ဖို့သာစားကြတဲ့ မိသားစုမျိုးတွေဆို အင်း. . . အပူသောကလေးတွေရှိကြတာပေါ့ ကိုမြင့်ငွေ။ နောက်အဲဒီလိုမိသားစုမျိုးကိုကြည့်လိုက်ရင် ကလေးတွေက မိဘတွေ၊ ကြီးသူတွေ၊ ငယ်သူတွေနဲ့ပတ်သက်ပြီး အလေးထားသင့်တာလေးတွေလည်း တွေ့ရတယ်။ ဥပမာဗျာ ဟင်းကနည်းနေပြီဆိုပါတော့။ အကုန်ထည့်စားလိုက်လို့ ပန်းကန်ချည်းပဲကျန်ရင် သူဆေးရတော့မယ်"

"ဟုတ်တယ်လေ"

"ဒါပေမယ့် သူက ကုန်အောင် မစားဘူး။ မဖြစ်စလောက်ချန်ထားတယ်။ ဒီတော့ ဟင်းချန်ပေးထားတယ် ဆိုတဲ့သဘောနဲ့ သူပန်းကန်ပဲသူဆေးဖို့ကိုင်ပြီးထသွားရော"

"ဩော်-အဲလိုကြီးလား"

"ဟုတ်တယ်၊ ဒါကတော့ ခုနကပြောတဲ့မေတ္တာတရားတို့စည်းလုံးချင်းတို့ကို ထဲထဲဝင်ဝင်သဘောမပေါက်သေးလို့ပေါ့ဗျာ။ ကျွန်တော်ကတော့ ရောက်ရာအရပ်ဒေသမှာ အဲလိုကလေးမျိုးများတွေ့ခဲ့ရင် ချော့မော့ပြီးဗဟုသုတပြောပြလိုက်တာပဲ။ ဒါလေးတွေကလိုတယ်။ သူတို့လေးတွေရဲ့အနာဂတ်တောက်ပမှုအတွက် လိုအပ်တဲ့အုတ်မြစ်လေးတွေထဲကတချို့ပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာ"

"များသောအားဖြင့်တော့ ကြီးသူကို ရိုသေရတာ၊ ရှယ်တူကိုလေးစားရတာ ရှက်နေကြလိုပဲ။ ဒါတွေကို အလုပ်ပိုလို့ ထင်နေကြသလိုပဲ။ စကားလုံးမတည်ဆောက်တတ်၊ စကားမပြောတတ်နဲ့ တချို့ပြောပါတယ်။ ကျွန်တော်ဆို ကျွန်တော်တို့မြို့လေးမှာ အသိမိတ်ဆွေတွေကိုတွက်ပေးရင်းက အဲလိုမပြောတတ်မဆိုတတ်လူငယ်တွေ လုပ်ငန်းလုပ်ကြမယ်ကြံတော့ ဘယ်တော့ ချမ်းသာမလဲဆိုပြီးအမေးခံရတာတွေကြုံဖူးတယ်။ အံမယ် အဲဒီမေးခွန်းကို တချို့ကြီးသူတွေတောင်မေးတယ်"

"ဒါလည်း ကြုံဖူးကြသူတွေများလိမ့်မယ်။ ယုံတယ် ကိုစံထွန်း။ ဟောဖူးကြရင် ကြုံဖူးကြမှာချည်းပဲ။ ကျွန်တော်လည်း ကြုံဖူးတာပဲ။ ကျွန်တော်ကတော့ ရှင်းတယ်။ ကျွန်တော်ဘယ်တော့ချမ်းသာမလဲလို့မေးရင် မင်းကကော ချမ်းသာလောက်အောင် ဘာတွေလုပ်လဲ။ ဘာတွေရွှတ်တတ်ဖတ်တတ်ပြီး ဘာလို့ဒါနမျိုးစေ့တွေချနေလဲမေးလိုက်တယ်"

"ဟား ဟား - ဟုတ်တယ်ဆရာ"

"ဟုတ်တယ်လေ၊ ချမ်းသာတယ်ဆိုတာလုပ်ယူရတာချည်းပဲ။ ကံဆိုတာအလုပ်ပဲ။ ကံမကောင်းဘူးလို့ဆိုပြီး ထိုင်နေလို့မရဘူး။ ဟာ-ဒီလူကထိုင်နေရင်း သူဟာသူချမ်းသာလာတာလို့ မရှိဘူး။ ကံမရှိရင် ဉာဏ်ရှိနေမှ၊ ထိုးဖောက်ပြုလုပ်နိုင်အောင် ထွင်းဖောက်ပြီးတွေးခေါ်ကြံဆနိုင်မှ၊ ဉာဏ်မရှိရင် ဝီရိယရှိနေမှ။ ပြီးရင် ဘယ်လိုကောင်းမှုကုသိုလ်ပြုလဲ။ ဒါရှိသေးတယ်။ ဩကာသတောင် အစအဆုံးမဆိုတတ်တဲ့ လူတစ်ယောက်ဟာ၊ ရွှတ်ဖတ်ကျင့်ကြံခြင်းဆိုတာတွေနဲ့ ဝေးနေတဲ့လူတစ်ယောက်ဟာ ဘယ်လိုချမ်းသာခြင်းကိုဖြစ်စေမလဲ။ ဘယ်လိုဘုန်းကြီးမလဲ။ ကိုယ့်ကိုယ်ကိုယ်ဘုန်းကြီးအောင်နေတတ်၊ စားတတ်၊ သွားတတ်လာတတ်၊ ရွတ်တတ်၊ အားထုတ်တတ်ရမယ်။ ဒါမှ စီးပွားဖြစ်ခြင်း၊ ရာထူးရာခံတိုးတက်မြင့်မားခြင်းဆိုတာတွေဖြစ်တော်မလေ့ပေါ့။ တချို့ရှိတယ် လူငှားနဲ့"

"ဗျာ - ဆရာ ဘယ်လိုလူငှားလဲ"

"ကုမ္ပဏီပိုင်ရှင်ကံကောင်းအောင်ဆိုပြီး သူ့လက်အောက်က အလုပ်သမားတွေက ရွတ်ဖတ်ပေးကြအဓိဋ္ဌာန်ဝင်ကြတာတွေရှိတယ်။ ပြောရမယ်ဆိုမဆိုဘူးဗျ။ တချို့ သူငယ်ချင်းအတွက်လာမေးတယ်။ သူ့အတွက် ယကြာကို ကျွန်မခေပေးလို့ရလား၊ ရွတ်စရာရှိတာ ကျွန်ရွတ်ပေးလို့ရမလားဆိုတဲ့သူတွေရှိပါ့။ မဆိုင်ဘူးလေ။ သူလုပ်ရင်သူရမှာပေါ့ဟိုနဲ့ဘာဆိုင်လဲ။ သားသမီးနဲ့မိဘဆိုရင်တော့ တစ်မျိုးပေါ့။ တချို့ပြောကြတယ်။ ကျွန်မတို့သူဌေးက ဒါမျိုးဝါသနာမပါဘူး။ ကျွန်မတို့ကပဲလုပ်ပေးနေရတာတဲ့။ ကျွန်တော်မြင်ဖူးတယ်။ လုပ်ငန်းကြီးတစ်ခုမှာ တာဝန်ခံတာယောက်ဖာ သူအဆင်ပြေအောင် သူဆိုင်တဲ့အဆောင်တစ်ခုကို ကုမ္ပဏီကဘုရားဆောင်မှာထားတယ်။ အဲဒါကိုခုနလိုပေါ့ သူဌေးကမသိဘူး။ တဖြည်းဖြည်းထိလာပြီး ပြုတ်လုပြုတ်ခင်ဖြတ်တော့မှ သူဌေးမိန်းမကလာတွက်တယ်။ တွက်လိုက်တော့ မီးအိမ်လိုပစ္စည်းမှအလကားရတောင်မယူရဘူးပြောလိုက်တော့ သူဌေးရဲ့တာဝန်ခံဘုရားစင်မှာထားတာမီးအိမ်"

"ဟာ - သွားရော"

"သွားပြီပေါ့၊ ဓာတ်ကထိသွားပြီ ဘယ်လုပ်လို့ရတော့မလဲ။ လပဲကြာသွားပြီဆိုတော့ ဓာတ်ထိတာပေါ့။ သွားတာပဲ။ လုပ်ငန်းပြုတ်ကိုသွားတာ။ အဲဒါမိုးတွေ တော်တော်များများရှိတယ်။ ကြောင့် ကျွန်မတို့က သူဌေးအတွက် ယကြာချေပေးချင်လို့။ သူဌေးကလည်း ရတယ်။ နှင်တို့ပဲကြည့်လုပ်လိုက်လို့ ပြောတယ်ဆိုပြီး လာကြသူတွေကို လုပ်မပေးဘူး။ ရှင်းပြလိုက်တယ်။ မရဘူးလေ သူတို့ကံကောင်းအောင် သူတို့ဟာသူလုပ်။ သူတို့သူဌေးကံကောင်းအောင် သူတို့သူဌေးနဲ့ကံစပ်တဲ့အရောင်အပန်း၊ ဒါလောက်ပဲ သူတို့လုပ်ပေးလိုက်မယ်။ ကျန်တဲ့အစီအရင်တွေ၊ ယကြာတွေ သူတို့နဲ့ဘာမှမဆိုင်ဘူးလေ။ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ပေးလို့ရမလဲ"

"တကယ်လို့ ဆရာ၊ လုပ်ပေးကြ
တော ထိရောက်မှာမဟုတ်ဘူးနော်"

"ဘယ်ထိရောက်မလဲ၊ ကိုမြင့်ငွေ။
ကြည့်လို့ရအောင် ကျွန်တော်ပြော
ဆိုပါတော့ဗျာ သူငွေးတစ်
ယောက်ဟာ ငွေကြေးပြဿနာတစ်ခု
ကရောဆိုပါတော့။ အဲဒီသူငွေးရဲ့
သူကလာပြီး သူ့သူငွေးအတွက်လာ
ကရော။ ဓာတ်ရိုက်ဓာတ်ဆင်လုပ်
လို့ပဲထား။ အဲဒီသူငွေးက်ကိုတွက်
တဲ့အခါ သူငွေးလူယုံရဲ့ နာမည်က
တိဖောက်ထိုးဖြစ်နေပြီဆိုရင်. . .
. . .

"ဟာ - ဟုတ်တယ်နော်။
လောက်ထိမတွေးမိဘူးနော် ကိုရင်
ထွန်း"

"ဘယ်လိုလုပ်ပြီး အောင်မြင်ပါ
မလဲ။ အဲဒါပဲ ပညာရပ်တွေမှာ
ဆောင်ရန်၊ ရှောင်ရန်ဆိုတာ အလကား
ားတာမဟုတ်ဘူး။ ရှောင်ရမယ်လို့ပြ
ားတဲ့ပုဂ္ဂိုလ်ကို ဆောင်ရမယ့်ကိစ္စရပ်
ကွေ့လုပ်ခိုင်းမိရင် သွားပြီ"

"ဟုတ်ကဲ့ဆရာ၊ သဘောပေါက်
ပါတယ်"

"အဝင်ကို အထွက်ရိုက်ရသလို၊
အထွက်ကို အဝင်ရိုက်ရသလိုတွေဖြစ်ပြီး
ဘူးတွေ၊ အနိဋ္ဌတွေရှုပ်ကုန်ပြီသာမှတ်
တော့။ ဘယ်လိုလုပ်အောင်မြင်ပါတော့
လဲ။ ခုနပြောသလို မေတ္တာပို့ပေး၊ ရွတ်
တ်ဆုတောင်းပေးတာတော့ရမယ်။ ကျန်
တာလုပ်လို့မရဘူး"

"ဟုတ်ကဲ့"

"တစ်ခါက မြင်ဖူးတယ်။ လုပ်ငန်း
ရှင်တစ်ယောက် ငွေမူဖြစ်တော့ သူကိစ္စ
အတွက် ဓာတ်ရိုက်ဓာတ်ဆင်လုပ်ခွင့်လို့
တာဝန်ခံတွေထဲကတစ်ယောက် ကျွန်တော့်
ဆီရောက်လာတယ်။ သူတို့အလုပ်ရှင်ကံ
ကိုတွက်ကြည့်တော့ အင်္ဂါသက်ရောက်
မှာ"

"ဩော် - ကြာသပတေး၊ သော
ကြာ၊ စနေတိုင်"

"အင်း - ငါး၊ ခြောက်၊ ခွန်တိုင်၊
သူ့အတွက်လုပ်ပေးဖို့ လာတဲ့လူက
သောင်းခိုင် မြင်လား မျက်စိထဲ"

"ဟို. . . . ပြထဲမှာ အထွက်မှာ"

"ပြဒိုးဒိုးမဟုတ်ဘူးလေ ကိုစံထွန်း
ပြ-နိစ်မိနေတဲ့နာမည်လေ"

"ဩော်-ဟုတ်တယ်၊ ဟုတ်တယ်
မြင်ပြီ ဆရာ"

"အေး - အဲဒီလူကိုပြောလိုက်
တယ်။ မင်းလုပ်လို့မရဘူး။ မင်းတို့သူငွေး
မိသားစုဝင်တစ်ယောက်ယောက်လာ
ပစေဆိုတော့ သူတို့က ဒါတွေဝါသနာ
မပါကြဘူးတဲ့။ မတတ်နိုင်ဘူးလေ။ လုပ်
တော့မပေးလိုက်ဘူး။ လုပ်လည်းစူးရှမှာ
မဟုတ်လို့။ အဲဒီသောင်းခိုင်က တခြားမှာ
ထပ်သွားပြီးလုပ်လိုက်တယ်။ အင်း
ဖယောင်းတိုင်တို့၊ အလုပ်ခန်းထဲမှာ
ကြေးပြားအင်းတွေလိုက်တပ်တာတို့လုပ်
တယ် ကြားတယ်။ အလုပ်ရှင်လည်းသွား
တာပဲ"

"အင်း-တော်တော်သတိထားရတဲ့
ကိစ္စနော် ဆရာ။ ဆရာရေးတဲ့ပညာပေး
စွေထဲမှာ တစ်ခါမှမဖတ်ဖူးဘူး။ ကျွန်
ထော်တို့ပဲ မျက်စိလျှမ်းလို့လားမသိဘူး"

"မဟုတ်ဘူး၊ မရေးတာ။ ဒီလိုမျိုး
ကိုမရေးသေးတာ။ ရေးတာတော့ရေးမှာ
ဗျ။ အတွေ့အကြုံတွေစုထားတယ်။
စီစာပတ်ကံးကိုရေးမှာ။ ခု-ကိုစံထွန်းတို့
လာတုန်း ဦးဆုံးပြောပြလိုက်တာ"

"ဟဲဟဲ - ဒါဆို ကျွန်တော်တို့နှစ်
ယောက် အရင်ကြားရတာပေါ့နော်
ဆရာ"

"ဟုတ်တယ်၊ အဲဒါလေးတွေ
လည်းသတိထားကြ။ ကိုယ်ကတော့
ကိုယ့်ဆီလာတဲ့လူမှန်သမျှကို အောင်မြင်
စေ့ချင်တာပဲ။ ဒါပေမယ့် အောင်မြင်
အောင် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာ
ကိုတော့ ရှုထောင့်စုံကနေကြည့်ပေးရမှာ
ပေါ့။ ဒါမှကိုယ့်ဆီလာတဲ့ထမင်းရှင်တွေ
ရဲ့ကျေးဇူးကိုဆပ်ရာရောက်တော့မပေါ့"

"ဟုတ်ပါတယ် ဆရာ၊ မှန်တယ်"

"ပြီးတော့ သူတို့ပြောတာကလွယ်
တယ်။ ဓာတ်ရိုက်တယ်ဆိုတာ ဓာတ်ထိဖို့
လည်းလိုတယ်။ ကာယကံရှင်နဲ့ဆက်စပ်
တဲ့ပစ္စည်းတစ်ခုခုမပါရင် ဓာတ်ရိုက်လို့
မရဘူးဆိုတာလည်းရှိတယ်"

"အယ် - သိသလိုလိုမသိလိုလိုနဲ့"

"ဒီလိုလေ-ကိုစံထွန်းရော၊ ကိုမြင့်
ငွေရော ဆိုကြပါစို့။ စနေသားမောင်နှင်း
ကိုဓာတ်ရိုက်မယ်။ ကောင်းစေမှာနော်"

"ဟုတ်ကဲ့"

"စနေသား ကျွန်းမာစေလို့ အရွက်
အခက်တွေလုပ်ပေးရုံနဲ့မရဘူး။ ဘယ်
စနေသားကိုညွှန်းမှာလဲ၊ အဲဒါလိုလာမြဲ"

"ဟာ - ဟုတ်တယ်နော် ကိုရင်
စံထွန်း"

"ကျုပ်ပြောဖူးပါတယ် ခင်ဗျားမေ့
နေတာ"

"လောကမှာ ရှိသမျှ စနေသား
အားလုံးနဲ့မဆိုင်ဘူးလေ။ ဖြစ်ရမှာက
မောင်နှင်း။ ဒါဖြင့် မောင်နှင်းစွေးရောင်း
ကောင်းစေဆိုပြီး စီရင်ရော ဆိုပါတော့။
မောင်နှင်းတွေ အများကြီးပဲ။ ဘယ်
မောင်နှင်းကိုပြောတာလဲ။ အိမ်ဆောက်
ပစ္စည်းရောင်းတဲ့မောင်နှင်းလား၊ လက်
သမား မောင်နှင်းလား၊ အဝတ်အထည်
ရောင်းတဲ့ မောင်နှင်းလား၊ ကားတွေ
ထောင်ထားတဲ့ မောင်နှင်းလား ဒါလိုပြီ
လေ။ ဘယ်မောင်နှင်းဆိုတာတော့ အတိ
အကျသိရမှာပေါ့"

"အယ် - ဟုတ်တယ် ကိုမြင့်ငွေ၊
အဲဒါဆရာရေးဖူးတယ်။ ကျုပ်ဖတ်ဖူးလို့
ခင်ဗျားကိုပြောပြဖူးတယ်"

"ဟုတ်တယ်၊ ဟုတ်တယ် ပေါ်
လာတယ်"

"ဒါကြောင့် သူနဲ့ဆက်စပ်တဲ့
သူ့အငွေ့အသက်ရှိတဲ့ပစ္စည်းကို အရွက်
အခက်လေးနဲ့ထိတို့ပြီး မောင်နှင်း လုပ်ငန်း
တွေအောင်မြင်စေဆိုမှ ကိုယ်လုပ်ပေး
ချင်တဲ့ မောင်နှင်း စီးပွားတက်တော့မှာ
ပေါ့"

"သဘာဝကျတယ်ဆရာ၊ အဲလောက်
ထိမတွေးထားမိဘူး"

"ရှိတယ်လေ၊ အင်္ဂလန်မှာ 'ဝိကလျာ
ဝိဇာနေယျ အညမညခါနိစ္စ ထိကြခတ်
ပစ္စည်း' ဆိုတာရှိတယ်လေ။ အကျိုး
တရား၊ အကြောင်းတရားတွေဟာ
ဆက်စပ်နေတယ်။ မှကင်းကြဘူး။
အကြောင်းအကျိုးမစပ်ရင် ဓာတ်ဘယ်
လိုရိုက်နေနေ ထိရောက်စွမ်းရှသူမရှိဘူး။
အကြောင်းအကျိုးသဘာဝမှန်အတိုင်းဖြစ်
တာ။ ဥပမာ တနလ်ာသမီး မင်္ဂဖူး

www.burmeseclassic.com

www.burmeseclassic.com

နေမကောင်းလို့ ဓာတ်ရိုက်ဓာတ်ဆင်လုပ်မယ်ဆိုပါတော့။ တနလ်းသမီး မင်္ဂဖူးနေကောင်းစေဆိုရုံနဲ့မရသေးဘူး။ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်၊ ဘယ်လမ်း၊ အိမ်နံပါတ်ဘယ်လောက်မှာနေတဲ့ တနလ်းသမီးမင်္ဂဖူးဆိုပြီး မေတ္တာပို့ပေး၊ ရည်မှန်းရွတ်ဖတ်ပေး၊ သူနဲ့သက်ဆိုင်တဲ့လက်ကိုင်ပဝါလေးပဲဖြစ်ဖြစ်၊ လိုအပ်တဲ့ အရွက်အခက်နဲ့သင့်ဓာတ်ပစ္စည်းတစ်ခုခုနဲ့ထိတွေ့ပြီး သူကိုသံယောဇဉ်ရှိသူတစ်ဦးဦးက နေကောင်းအောင်စီရင်ပေးမှ တနလ်းသမီး မင်္ဂဖူးနေကောင်းတော့မှာပေါ့"

"ဟုတ်ကဲ့ - ရှင်းပါတယ်"

"ကိုရင်စံထွန်း သေချာမှတ်နော်။ ကျွပ်နဲ့ ခင်ဗျားနဲ့က လမ်းမှာတွေ့တဲ့ကုန်ကားကြီးတွေလိုပဲ။ ခင်ဗျားနောက် ကျွပ်ကတကောက်ကောက်ပါတာ။ ကျွပ်ကို ပြန်သင်ပေးရမှာ"

"အေးပါ မြင့်ငွေရာ၊ မင်းလည်း ဝိုင်းမှတ်လေ နော့-ဆရာ"

"အင်း - ဟုတ်တယ်၊ နှစ်ယောက်ပေါင်းမှတ်ကြပိုကောင်းတာပေါ့။ ရောက်တုန်းရောက်ခိုက် ပညာယူသွား၊ ဗဟုသုတလေးတွေယူသွား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဟိုကျ တစ်ယောက်မှေရင် တစ်ယောက်ကအစဖော်ပေး၊ နှစ်ယောက်သား တိုင်တိုင်ပင်ပင်နဲ့ ဓာတ်ရိုက်ဓာတ်ဆင်တွေလုပ်ပေး"

"ဟုတ်ကဲ့"

"ကဲပြော ကိုမြင့်ငွေကြီး ဘာသိချင်သေးလဲ"

"တော်တော်လေးလည်းစုံသွားပါတယ်ဆရာ။ ကျေးဇူးတင်ပါတယ်ခင်ဗျ။ တစ်ခုပဲ ကိုရင်စံထွန်း တို့လုပ်ရခက်တာရှိပါ့။ ခင်ဗျားကအိမ်မထွက်နိုင်တာတွေပဲပြောလိုက်တာ။ ကြွေးရောကြွေး၊ ဟိုကြွေးတောင်းတာလေ"

"ဩော်-အေး ဟုတ်တယ်။ ဆရာဟုတ်တယ်၊ ကြွေးပြန်ရဖို့လုပ်ပေးရင် သိပ်အဆင်မချောဘူး ဆရာ"

"ကြွေတော်းတာက ပြောမယ်ဆို ငွေကိစ္စပဲ။ ကာယကံရှင်ရဲ့ကံမှာ ငွေနဲ့ဘယ်လောက်ပျက်နေလဲကြည့်ရမယ်။ သူကံမှာ ငွေနဲ့မကောင်းဘဲနဲ့ သူကိုကြွေးတောင်းပေးလို့မရနိုင်ဘူး။ မကောင်းရင်ကောင်းအောင် အရင်လုပ်ပေးရမယ်။ သူကို ငွေက ခင်လာအောင် သူကိုလုပ်ပေးရလိမ့်မယ်။ ငွေတွေဆုံးရှုံးတယ်ဆိုတာ ငွေက သူကိုမခင်လို့ပေါ့ဗျာ။ ထွက်ကုန်တာပေါ့။ ခွာကုန်တာပေါ့။ အဲဒါကို ပြန်ဝင်အောင်၊ မြဲအောင်လုပ်ပေးရမှာပေါ့။ ကံကောင်းခြင်းကိုဖြစ်စေတဲ့ ကံသဘောတွေနဲ့ ညီလာအောင် သူ့ကိုညီပေးရမှာပေါ့။ ဒါဦးဆုံးလုပ်ပေးရမှာ။ သူ့ကို အဲလိုလုပ်ပေးလို့ သူကံမှာ ငွေနဲ့ကောင်းလာပြီဆိုမှ တစ်ဖက်ကရစရာရှိတာတွေက ပြန်ဝင်လာတော့မပေါ့ ကိုစံထွန်းရဲ့"

"ဟုတ်ကဲ့ ဆရာ၊ သဘာဝကျပါတယ်"

"ပြီးတော့ ဟိုဘက်က ကြွေးပေးရမယ့်လူတွေကိုလည်း အစီအရင်တွေနဲ့ နင်းကန်လုပ်လို့မရဘူး။ သူတို့ကိုထိခိုက်အောင်သွားလုပ်လို့မရဘူး။ သူတို့ကိုထိခိုက်အောင်သွားလုပ်ရင်းသူတို့နာလန်မထူရင် ကိုယ့်ငွေကိုဆပ်နိုင်မှာမဟုတ်တော့ဘူး။ ပိုဆိုးသွားမယ်။ ဆုံးရှုံးသွားမယ်"

"အဲဒါ ဆရာတစ်ခါရေးထားတာဖတ်ဖူးတယ်။ နှစ်ခါလောက်ရေးတာတွေ့တယ်"

"ဟုတ်တယ် - သုံး၊ လေးခါရေးဖူးတယ်။ ကြွေးတောင်းချင် သူ့ရဲ့ကံမှာ ငွေနဲ့ပွင့်အောင်လုပ်ပေးဖို့က အဓိကပဲ ဆိုတာမှတ်ထား။ ငွေနဲ့ပျက်တယ်ဆိုတာ တနလ်းနံပျက်တာပဲ။ ခွေးတွေကျွေးမယ်၊ ငှက်တွေ၊ ငါးတွေကျွေးမယ်၊ ခြေထောက်မကောင်းသူတွေကို လှူမယ်။ ငွေဝင်ဂါထာတွေအဓိဋ္ဌာန်နဲ့စိပ်ခိုင်းရွတ်ခိုင်းမယ်။ ငွေဝင်စေမယ့်အရပ်မှာ လာဘ်ပန်းတွေထိုးမယ်။ ဘုရားရှင်ကို ပူဇော်ကန်တော့ပြီးတိုင်း ရှင်သိဝလိရဟန္တာကြီးကိုပူဇော်မယ်။ သစ်သီးဆွမ်းတွေကပ်မယ်။ ရှင်သီဝလိဂါထာတော်တွေရွတ်မယ်။ ပူဇော်မယ်။ ဒါဆို ငွေနဲ့တွေ့ပွင့်ပြီပေါ့။ အဲဒါမှ ငွေတွေပြန်ဝင်တော့မှပေါ့"

"ဟုတ်ကဲ့ပါ၊ ဗဟုသုတတွေရော ပညာတွေပါ အများကြီးပေးလို့ ကျေးဇူးတင်ပါတယ် ဆရာ"

"ဗဟုသုတတွေ၊ပညာတွေပိုက်ပြီး တမာရန်လေးတွေသင်းနေတဲ့တမာမြေကို ဝမ်းမြောက်ဝမ်းသာသယ်ဆောင်သွားပေတော့"

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ"

"နောက်ရန်ကုန်ရောက်လည်းဝင်လာခဲ့ပေါ့။ အခုလည်း ဖတ်ဖို့စာအုပ်လေးတွေလက်ဆောင်ပေးလိုက်ဦးမယ်"

"ဟာ - မြင့်ငွေရေ၊ တို့တော့ကံကောင်းပြီးရင်း ကံကောင်းရင်းပဲ။ ဗွေဆော်ဦးစထွက်လာတုန်းက နေဆိုးချင်တာတောင်ဘယ်ရောက်သွားမှန်းမသိဘူး"

"ကိုရင်စံထွန်း၊ကျွပ်မရှင်းဘူးထင်တာလေးတွေကျထပ်မေးဦးမယ်။ သေချာကောမှတ်ထားရဲ့မို့လား"

"မြင့်ငွေရာ၊ ဒါမျိုးကျ ငါဦးနှောက်ကောင်းချက်ကတော့"

"အေးပါ၊ အေးပါ"

"ဒီလိုဆို ဆရာဘာများလမ်းညွှန်ဦးမလဲ ဆရာ"

"ပြောစရာတော့အထွေအထူးမရှိပါဘူး။ ဒါပေမယ့် ပြောချင်တာတော့ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာ"

"တခြားတော့မဟုတ်ပါဘူး။ ပညာကိုချစ်ကြတဲ့သူတွေဆိုတော့ ကျွန်တော်နဲ့ဝါသနာတူညီအစ်ကိုတွေဖြစ်နေလို့ပါ။ ဘာကိုပဲလုပ်လုပ် ကိုယ်လည်းအကျိုးရှိမလား။ သူများကောအကျိုးရှိမလား။ အဲဒါကို သေချာစဉ်းစား။ အပြန်အလှန်စဉ်းစားပြီးမှလုပ်။ သူလည်းအကျိုးရှိတယ်။ ကိုယ်လည်းအကျိုးရှိမယ်ဆိုရင်လုပ်။ ဒါဖြင့် ကိုယ်တော့ အကျိုးမရှိဘူး၊ သူမှာအကျိုးရှိမယ်ဆိုပါတော့။ ဒါလုပ်သင့်တယ်။ ဘာလို့လဲဆိုတော့ ကိုယ်ကအနစ်နာခံတယ်ဆိုတာ ကောင်းတယ်။ သူပါရမီကို ကိုယ်ဖြည့်လိုက်ရတယ်။ ကိုယ့်မှာအကျိုးမရှိမှန်းသိသိနဲ့ သူ့အကျိုးကိုရွေးရှုပြီး မေတ္တာတရားကြီးမားစွာနဲ့လုပ်တဲ့အတွက် ကိုယ့်မှာလည်း ပါရမီတွေဖြစ်ရတယ်။ ခန္တီပါရမီပဲဖြစ်ဖြစ် မေတ္တာပါရမီပဲဖြစ်ဖြစ် ကောင်းတယ်။ သူလည်း အကျိုးမရှိဘူး။ ကိုယ်လည်း အကျိုးမရှိဘူးဆိုရင်တော့ အဲဒါမျိုးကိုမလုပ်မိစေနဲ့ ရှောင်။ ဒါ - တပည့်ဒါယကာတွေကို နှစ်ဦးလက်ဆောင်အဖြစ် တရားဟောကြားပေးသနားတော်မူခဲ့တဲ့ ရွှေအုတ်ပလ္လင်ဆရာတော် အရှင်သီလာစာရဟောကြားတဲ့ တရားတော်ထဲက အဆိုအဆုံးအမပဲ။ ကျွန်တော်ခင်ဗျားတို့ကိုတစ်ဆင့်ပြန်ပြီးဝေမျှလိုက်ပါတယ်။ မသိသေးရင်လည်း မှတ်သားပြီးလိုက်နာပေတော့။ သိပြီးသားဆိုရင်လည်း အဲဒီအဆုံးအမအတိုင်း ကိုယ့်ကိုယ်ကိုယ်အသိတိရှိပါစေ။ အဲဒါလေး စကားလက်ဆောင်ပါးလိုက်ပါတယ်။ ကဲကဲ-ဟုတ်ပြီ ကောင်းပါပြီဗျာ"

ဆရာဦးမောင်မောင်သန်း
(ရင်ကို အေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွက်
စီးပွားရေးပေၚ်ပေါက်ခန်း

မင်းရှိန်အောင်







ငွေကြေးစျေးကွက်ကျရိပ်ကြီးသော်လည်း တက်စျေးကောင်းကောင်းမိတတ်မည်။ ကျောက်မျက်စျေးကွက်တွင် တက်လွယ်ကျလွယ်ပြီး အကျဘက်ပိုယိုင်တတ်မည်။ စတော့ရှယ်ယာစျေးကွက်လှုပ်ရှားသယောင်ရှိသော်လည်း တည်ငြိမ်နေမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းစျေးကွက် မငြိမ်မသက် လှုပ်ခတ်နေသော်လည်း တက်စျေးမိတတ်မည်။ ဖုန်းနှင့်ဆက်သွယ်မှုဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာစျေးကွက် တက်စျေးကျစျေးရှုပ်ယှက်ခတ်နေမည်။ အလှအပနှင့်ဖက်ရှင်ဆိုင်ရာအနုပညာဆိုင်ရာ၊ ဟိုတယ်ခရီးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စျေးကွက်များ မကြာခဏ ပြောင်းလဲမှုရှိသော်လည်း တည်ငြိမ်မှုဘက်ကို ပိုရောက်လာမည်။ လျှပ်စစ်အီလက်ထရွန်နစ်၊ အိုင်တီဆိုင်ရာပစ္စည်းများ စျေးကွက်ငြိမ်သက်သော်လည်း ကျစျေးဘက်ပိုယိမ်းတတ်မည်။ ကျောက်မျက်စျေးကွက်ငြိမ်သက်နေမည်။ စတော့ရှယ်ယာစျေးကွက်ငြိမ်သော်လည်း ကျစျေးရှိသည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာစျေးကွက်လှုပ်ခတ်မှုများ၍ ကျရိပ်ကြီးမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီး၊ ယာဉ်ကား၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စျေးကွက်ထိုင်းမှိုင်းနေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီဆိုင်ရာပစ္စည်းငြိမ်သက်သော်လည်းပုံမှန်မဟုတ်၊ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ စျေးကွက်တက်စျေးမိသော်လည်း ကျစျေးငြိမ်တတ်မည်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကျစျေးကြီးသော်လည်း တက်ရိပ်ရှိသည်။ အိမ်ခြံမြေစျေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ရေလုပ်ငန်းဆိုင်ရာထွက်ကုန်စျေးကွက်ငြိမ်သက်နေမည်။ စိုက်ပျိုးမွေးမြူပစ္စည်းစျေးကွက် တက်ရိပ်ကျရိပ်ရပ်နားနေမည်။

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စျေးကွက် ရုန်းကန်လှုပ်ရှားရပြီး ကျစျေးရှိသော်လည်း တက်ရိပ်ရှိသည်။ အိမ်ခြံမြေစျေးကွက်ပုံမှန်မဟုတ်လှုပ်ခတ်နေမည်။ ရေလုပ်ငန်းထွက်ပစ္စည်းစျေးကွက် ကျရိပ်ကြီးသော်လည်း တက်စျေးရှိသည်။စိုက်ပျိုးမွေးမြူစျေးကွက်အပြောင်းအလဲရှိသော်လည်း လေးလံထိုင်းမှိုင်းမည်။ ဒုတိယဆယ်ရက်ကာလတွင် ရွှေစျေးကွက်တက်ရိပ်ရှိသော်လည်း ကျစျေးဘက်ရောက်လွယ်သည်။ ငွေကြေးစျေးကွက်အမြင့်စျေးရှိသော်လည်း ပြုတ်ကျလွယ်မည်။ ကျောက်မျက်စျေးကွက် အတက်အနှေးအကျနှေးမည်။ စတော့ရှယ်ယာစျေးကွက်ငြိမ်သက်သလိုနှင့် အောက်စျေးမိတတ်မည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းအမြင့်စျေးရှိသော်လည်း ရုတ်တရက်ကျစျေးမိတတ်မည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ ဟိုတယ်ခရီးဆိုင်ရာ၊ ယာဉ်ကားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စျေးကွက်ထိုင်းမှိုင်းနေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာစျေးကွက်လှုပ်ခတ်ပြီး ကျစျေးမိတတ်မည်။ လျှပ်စစ်၊ အီလက်ထရောနစ်၊ အိုင်တီဆိုင်ရာစျေးကွက် ထိုင်းမှိုင်းသော်လည်း ကျစျေးမိတတ်မည်။ ဆောက်လုပ်ရေးပစ္စည်းကျရိပ်ကြီးသော်လည်း တက်စျေးမျော်၍ရသည်။ အိမ်ခြံမြေစျေးကွက် ပုံမှန်မဟုတ်သော အပြောင်းအလဲရှိမည်။ ရေလုပ်ငန်းထွက်ပစ္စည်း ကျစျေးမိလွယ်မည်။ စိုက်ပျိုး၊ မွေးမြူစျေးကွက်ထိုထိုင်းသော်လည်း ပုံမှန်မဟုတ်။

တတိယဆယ်ရက်ကာလတွင် ရွှေစျေးကွက်အမြင့်စျေးကြီးသော်လည်းကျရိပ်ရှိသည်။ ငွေကြေးစျေးကွက် ထိုထိုင်းနေမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

ဧရာမြေကျော်ဝေ

ပဝါနီဖြင့်ကသည်သူ

တစ်နေ့တွင် စာရေးသူ၏ တပည့်ဖြစ်သူ ဧရာမြေ-ထွန်းထွန်းတစ်ယောက် ဆိုင်ကယ်ဖြင့် ရောက်လာပါသည်။

စာရေးသူကို ထွန်းထွန်းက -

"ဆရာရဲ့ ဝတ္ထုတိုလေးတွေကို ကျွန်တော် သူရဇမဂ္ဂဇင်းနဲ့ ကမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ် ဆရာ။ ကျွန်တော်အားကျလိုက်တာ။ ကျွန်တော် ရေးထားတဲ့ဆောင်းပါးတွေ၊ ဝတ္ထုတိုတွေကတော့ လတွေသာတစ်လပြီးတစ်လ ကုန်သွားတယ် ပေါ်မလာဘူး ဆရာ"

ဟု စိတ်ပျက်စွာဖြင့်ပြောပါသည်။

စာရေးသူက -

"မင်းရေးတဲ့ဆောင်းပါးတွေ၊ ဝတ္ထုတိုတွေက အလှည့်မကျသေးလို့ ဖြစ်ပါလိမ့်မယ်။ အကြောင်းအမျိုးမျိုးကြောင့် လည်း ကြာတတ်ပါတယ်ကွာ။ မင်းမူပွား မိတ္တူကောထားရဲ့လား။ ငါတို့တော့ စာမူတွေကို ခြောက်လကျော်အထိမှမပါခဲ့ရင် တခြားမဂ္ဂဇင်းတိုက်ကိုပို့ဖို့မူပွားထားတယ်ကွ။ မင်းလည်း ငါပြောသလိုစမ်းကြည့်ပါလား"

ဟု စာရေးသူက ပြောသောအခါ ထွန်းထွန်းက -

"ကျွန်တော့်အလုပ်က နယ်မှာ

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကျနေတော့ နောက်ထပ်စာရေးဖို့ကအချိန်မရသလို အခက်အခဲကရှိတယ်ဆရာ။ ဒါပေမယ့် ကျွန်တော် ဆရာပြောသလို ကြိုးစားကြည့်ပါဦးမယ်"

ဟု ပြောလေသည်။

စာရေးသူက ထွန်းထွန်းကို ဆက်လက်ပြီး -

"မင်းရေးတဲ့ စာမူတွေ လောလော ဆယ် မပါသေးလည်း အားမငယ်နဲ့ကွာ။ မင်းတို့ ငါတို့တွေ ရေးတဲ့ဖြစ်ရပ်မှန်တွေကို မဂ္ဂဇင်းတိုက်တွေကပယ် မထားပါဘူး။ ငါတို့ ဆရာ မျိုးသစ်ဆို တစ်နှစ်လောက်ကြာမှလည်း သူ့ဝတ္ထုတိုတွေ ပါလာရင်ပါလာတာကွ။ ငါလည်း ဒီလိုပါပဲကွာ။ စာရေးဆရာဆိုတာ ပြည်သူတွေအတွက် အကျိုးပြုနေတာကွ။ စာဖတ်ပရိသတ်ကတော့ သူ့ပရိသတ် ကိုယ့်ပရိသတ်ဆိုတာ မြန်မာတစ်ပြည်လုံးမှာ ရှိကြတာပဲ။ ငါတို့ရောဝတီတိုင်းမှာက စာရေးဆရာ ပေါတယ်။ အမြင်ကျယ် သူတွေပေါတယ်။ သုတ၊ ရသ၊ ဂန္ဓိရတွေ နှစ်သက်သူ ပေါများတယ်။ ဂါထာမန္တန် တွေကြိုက်ကြတယ်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာတွေပဲ ဗေဒင်ယတြာလေးတွေလည်းယုံကြည်ကြတာပေါ့။ ကျန်းမာရေးကဏ္ဍအရ ဆေးပညာလောက၊ တိုင်းရင်းဆေးအကြောင်းလေးတွေလည်း သဘောကျကြတယ်ကွ။ လူတွေအကြောင်း၊ တိရစ္ဆာန်တွေအကြောင်းလည်း ပါတာပေါ့ကွာ"

မောင်ထွန်းထွန်းသည် စာရေးသူ ပြောသည့်စကားကို သေချာစွာ နားထောင်ပြီး-

ဆရာ့ပြောတာတွေကို ကျွန်တော် မှတ်သားထားပါတယ်ဆရာ။ ကျွန်တော် ဂန္ဓိရဆန်တဲ့ဖြစ်ရပ်မှန်ဝတ္ထုတိုလေးတွေကို သဘောကျတယ်။ အိပ်မက်လေးတွေနဲ့ရောထွေးပြီးရေးရတာဝါသနာပါတယ်။ ဒါထက်ဆရာ၊ သူရဇ္ဈမဂ္ဂဇင်းနဲ့ ဂန္ဓိရဆန်းကြယ်မဂ္ဂဇင်းကိုအားပေးနေတဲ့ ဆရာ့မိတ်ဆွေ ဦးစိန်သန်း (စာရင်းစစ်အရာရှိဦးမ) နဲ့ ဒေါ်စိန်မြ (အထက (၁) ဆရာမကြီး (ငြိမ်း) တို့ထံမှာ ကုန်ကြမ်းလေးရလိုရငြား မေးကြည့်ပါလားဆရာ။ ကျွန်တော်က အလုပ်တစ်ဖက်နဲ့ဆိုတော့ မမေးအားလို့ပါ။ ဆရာကလည်း အငြိမ်းစား၊ သူတို့ကလည်း အငြိမ်းစားဆိုတော့ အဆင်ပြေမယ်ထင်လို့ပါ ဆရာ"

တပည့်ဖြစ်သူ ထွန်းထွန်း၏ပြောစကားကို စာရေးသူ စဉ်းစားရပေတော့မည်။

ဦးစိန်သန်းက ပြောဖူးသည်။

"ဗိုလ်ကျော်၊ ကျွန်တော်ကတော့ ဂန္ဓိရနဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိလှဘူးဗျ။ ကျွန်တော့်ဇနီးက သူနယ်ဘတ်တွေမှာ ဆရာမတာဝန်ကျတုန်းကတော့ အတွေ့အကြုံကလေးတွေရှိဖူးပါတယ်။ သူမှားပြောတာတွေလည်း ကြားဖူးတယ်လို့ပြောတယ်ဗျ။ ခင်ဗျား ကုန်ကြမ်းလိုချင်ရင် အိမ်က ဆရာမကို မေးကြည့်ပေါ့ဗျာ။ သူက ပြောပြပါလိမ့်မယ်"

ဟု ဦးစိန်သန်းက စာရေးသူကို ပြောဖူးပါသည်။

တစ်နေ့ စာရေးသူ ဦးစိန်သန်းနှင့် ဒေါ်စိန်မြနေအိမ်သို့ မြန်မာ့အလင်းသတင်းစာဌားဖတ်ရန်သွားခဲ့ပါသည်။ ဦးစိန်သန်းနှင့် ဒေါ်စိန်မြတို့ ဇနီးမောင်နှံကလည်း ဖော်ရွေစွာဖြင့် ဧည့်ဝတ်ပြုပါသည်။

ဆရာမကြီး ဒေါ်စိန်မြက -

"ဦးကျော်ဝေလာတာနဲ့အတော်ပဲ။ ကျွန်မတို့ ဒီနေ့ည နေ့ဆာပူလျှာပူလုပ်စားကြတယ်လေ။ ဦးကျော်ဝေလည်း စားသွားပါ"

ဟု ပြောပြောဆိုဆိုဖြင့် မုန့်ဟင်းခါးဖတ်ကို ပဲကြော်ခြေမွှေပြီး တစ်ပန်းကန်နှင့် ဟင်းချိုရည်တစ်ပန်းကန်ကိုချပေးပါသည်။ ဦးစိန်သန်းက ရေနွေးကြမ်းဓာတ်ဘူးဖြင့် ရေနွေးတစ်ခွက်ထည့်ပေးပြီး -

"ဗိုလ်ကျော်စားဗျ၊ ခင်ဗျားကြဲလို့ စားရတာ။ အိမ်ပြန်ပြီး ထမင်းမစားနဲ့တော့။ ဒီမှာအဝစားသွား"

ဟု ပြောသလို ဆရာမကြီးကလည်း -

"ဦးကျော်ဝေ၊ အားမနာနဲ့နော်။ မုန့်ဖတ်ထပ်ထည့်ပါဦး။ ကျွန်မတို့ကို ညီအစ်ကိုမောင်နှံတွေလို့မဲသဘောထားပါ။ အနားဝန်းကျင်မှာ ဒီလူတွေပဲအားကိုးရမှာ"

ဟု ပြောလေသည်။

စာရေးသူကလည်း မုန့်တစ်ပွဲသာ ကုန်အောင်စားနိုင်ပြီး ကျေးဇူးတင်စကား ပြောပြီး မြန်မာ့အလင်းသတင်းစာကိုဌား ပြီး ပြန်ခဲ့လေသည်။

ပင်စင်စားများ လစာတိုးပေးခြင်း ကိစ္စနှင့်ပတ်သက်ပြီး ရေးသားထားသော လစာနှုန်းထားများကို ဝမ်းမြောက်စွာ ဖတ်ရလေသည်။ မကြာသေးခင်က ကွယ်လွန်သွားသော ဖခင်ကြီးအတွက် စိတ်မကောင်းဖြစ်မိသည်မှာ ဖခင်ကြီးမှာ ဆက်လက် အသက်ရှင်ဦးမည်ဆိုလျှင် ပင်စင်လစာတိုးတာကို ဘယ်လောက် ဝမ်းသာလိမ့်မည်နည်း။ ဘဝမှာ ဖခင်ကြီးက သူ၏ပင်စင်လစာကို တန်ဖိုးအထားဆုံးဟုပြောပါသည်။ အခြေခံလစာ (၈၂) ကျပ်ထဲကစခဲ့သောလစာ သူပင်စင်ထိုင်တော့ လစာငွေက (၁၀၀၀) ကျပ်နှင့်နှိုက်ချပ်သွားခဲ့ရပါသည်။ အသက်က (၈၀) အရွယ်မှာဆုံးသွားတော့ ဖြေသာပါသေးသည်။ အသက် (၆၀)မှာ ပင်စင်ထိုင်ပြီး (၈၀) အရွယ်မှာ ကွယ်လွန်သွားပေမယ့် ပင်စင်လစာ နှစ် (၂၀)တော့ စားသွားရပါသေးသဲ့သည်။ ယခုခေတ်အနေအထားနှင့်ဆိုလျှင် ဖခင်ကြီးရသော ပင်စင်လစာက မုန့်ပဲသရေစာဖိုးခန့်ပင် ဖြစ်ပေသည်။

ပင်စင်လစာတိုးသည့်အကြောင်း သတင်းစာကိုဖတ်ပြီး သည့်နောက်တွင် မီးရထားဘူတာမှ ရထားဥဩဆွဲသံကို ကြားရပါသည်။ ဥဩရှည်ဆွဲလျှင် မီးရထားဘူတာရုံမှစတင် ထွက်ခွာခြင်း ဖြစ်၏။ စာရေးသူတို့ ညီအစ်ကို (၃) ဦးကို ရိုးသားစွာ လုပ်ကိုင်ရှာဖွေကျွေးမွေးသောဖခင်ကြီးကို ရထားဥဩသံကြားတိုင်းယနေ့ထက်တိုင်မမေ့နိုင်ပါ။ စာရေးသူ ငယ်စဉ်က ဂန္ဓိရ ဖြစ်ရပ်လေးများကိုမှတ်မိ ပါသေးသည်။

မူလတန်း

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားအရွယ်တွင် စာရေးသူတို့ မူလတန်းကျောင်းလေးသည် အဖိတ်၊ ဥပုသ်နေ့တိုင်းပိတ်သည်။ စာရေးသူတို့ ညီအစ်ကို (၃) ဦးသည် အိမ်အောက်တွင် ပိတ်ဖြူထောင်ပြီးမှန်ထိုး၍ ရုပ်ရှင်ပြတိုင်းကစားကြပါသည်။ အရုပ်စက္ကူများကို ကတ်ကြေးဖြင့်ညှပ်ပြီး အပ်ချည်ကြိုးဖြင့်ဆွဲ၍ တစ်ဦးကမှန်ထိုး၊ တစ်ဦးက အရုပ်ကလေးများကိုချိတ်ပေးပြီး တစ်ဦးက အပ်ချည်ကြိုးကိုတိုင်မှာစွပ်ပြီး ဘယ်ညာဆွဲပါသည်။ ပိတ်ကားလေးတွင်တော့ နေရောင်နှင့်မည်းမည်းအရုပ်လေးများက ပါးစပ်ဆိုင်းဖြင့် နောင်ကိုန်ချကြပါသည်။ စာရေးသူတို့ညီအစ်ကို (၃) ဦးနှင့် ကလေးတစ်သိုက်တို့သည် ပျော်ရွှင်စွာဖြင့် ကစားကြပါသည်။ ထိုသို့ကစားနေစဉ် ကြာချောဆိုသူမိန်းကလေးက-

"ငါတို့ပွဲကတိုင်းကစားကြမယ်။ ငါက မင်းသမီးလုပ်မယ်။ နင်တို့တွေက လူပြက်လုပ်ကြ"

ဟု ဆိုပါသည်။

စာရေးသူတို့လည်း ကြာချောတို့အိမ်သို့လိုက်သွားပြီး ဝါးလုံးတန်းကို ကန့်လန့်ကာအဖြစ် ပုဆိုးတစ်ထည်ချည်ပြီး ပွဲကတိုင်းကစားကြသည်။ ကြာချောက သီချင်းဆိုရတွင် မာမာအေး၏ သာချိုသီချင်းကိုဆိုပါသည်။ ကြာချော၏မောင်လေးက နို့ဆီခွက်များကိုမှောက်ပြီး တန်းစီ၍ တုတ်ဖြင့်ဆိုင်းတီးပါသည်။ အတန်ကြာတော့ ကြာချောတစ်ယောက် နတ်ပူးပြီး ပြောချင်ရာတွေပြောနေတော့သည်။

"ဟဲ့ကလေးတွေ၊ နင်တို့ ငါပိုင်တဲ့ ရေကန်ထဲမှာ ရေလည်းကူးသေး၊ ငါးတွေလည်းဖမ်းသွားသေးတယ်။ ငါနင်တို့မိဘတွေဆီက အုန်းသီးနဲ့ငှက်ပျောဖီးဆိုင် ငါ့ကိုအရှိအသေပေးမှာ ငါကျေနပ်မယ်မဟေ့"

ဟု ကြာချောသည် ခေါင်းတွင် ပတ်ထားသော တဘက်ပဝါနီဖြင့်ပြောနေသည်ကို စာရေးသူတို့လည်း ကြာချောကပွဲကရင်း နောက်နေသည်ဟုထင်မြင်သဖြင့် တဝါးဝါးတဟားဟားဖြင့် ပွဲကျ၍နေပေသည်။ ဒီစကားတွေကိုပဲ ထပ်ခါတလဲလဲကြာချောကပြောနေသဖြင့် ကြာချော၏မိခင်က သူ့ယောကျ်ားကို ရထားကြိုရာမှအပြန် သူသမီးပြောပုံဆိုပုံကမဟုတ်တော့ဟုဆိုပြီး နတ်ဝင်သည်တစ်ဦးကိုခေါ်လာပြီးမေးစမ်းကြည့်သောအခါ ထိုနတ်ဝင်သည်က ကြာချောလက်နှစ်ဖက်ကိုပူး၍ကိုင်ပြီး -

"မကျေနပ်တာတွေရှိရင် ဒီကလေးကိုယ်မှဖယ်ခွာပြီး ကျွန်မ၏ထံသို့ပူးကပ်ပြီးပြောပါ"

ဟုဆိုပြီး ပူး၍ပြောသည်မှာ -

"ငါ ဒီကန်တော်ကကန်စောင့်ပဲ။ ငါ့မောင်ကပုတီးသမားသူတော်ကောင်း၊ ငါကတော့ မကျေနပ်ဘူး။ ဒီကန်ထဲမှာ ရေလာကူးတဲ့ကလေးတွေပုဆိုးမပါဘာမပါနဲ့ ငါ့ကိုမလေးစားကြဘူး။ နောက်တစ်ခေါက်ရေလာကူးရင် ငါရေနစ်သတ်ပစ်မယ် သတိထားကြ။ မောင်ကြီးကတားထားလို့ ငါလုပ်ချင်တာ လက်ယားနေတာပဲ။ ဘောင်းဘီအနီဝတ်ပြီး ရေလာကူးရင်လည်း ငါလက်မခံဘူး"

ဟု နတ်ဝင်သည်ကိုပူးပြီးပြောသော ကန်တော်နှမဖြစ်သူ မြစိမ်းသက်ကို ကြာချောမိဘများနှင့် ကန်ထဲတွင်ရေကူးခဲ့သူ ကလေးရှင်မိဘများကလည်း တောင်းပန်ကြလေသည်။ ကြာချော၏ခေါင်းတွင်စည်းထားသောပဝါနီကိုဖယ်လိုက်ပြီးမှ ကန်စောင့်မယ်မြစိမ်းသက်လည်းထွက်သွားလေတော့သည်။

မြစိမ်းသက်က အပျိုကြီးဖြစ်သလို အရွက်လည်းကြီးသည်။ တစ်ခါတစ်ရံလပြည့်နေ့များတွင် ကန်ထောင့်ကြီးက သစ်ပင်အောက်တွင် အစိမ်းရောင်ဝမ်းဆက်ဖြင့် ဆံပင်ရှည်ဖားလျားချလျက် မတ်တတ်ရပ်နေသည်ကို ငါးရှာသူတချို့ မြင်ရသည်ဟုပြောကြပါသည်။

မြစိမ်းသက်က သီချင်းဆိုဝါသနာပါသလို သူမောင်ကြီး သိဟထက်ကလည်း စောင်းတီးတာဝါသနာပါသူတစ်ဦးပါ။ ဘယ်ဘဝက နတ်စိမ်းဖြစ်ကြသည်မသိ။ ဤရထားရေကန်ကြီးက စစ်အတွင်းက ဗုံးဒဏ်သင့်ကန်ကြီးတစ်ကန်ပါ။ ဆယ်စုနှစ်နောက်ပိုင်းတွင်တော့ ခြောက်လှန့်ခြင်း၊ ပူးကပ်ခြင်းများမကြားရတော့ပါ။ ငါးမွေးမြူသူတို့လည်း အဆင်ပြေကြပါသည်။ စာရေးသူငယ်စဉ် (၆) နှစ်သားလောက်တွင် ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် အစိမ်းရောင်ဝမ်းဆက်နှင့် ဆံပင်ဖားလျားချထားပြီး မတ်ရပ်ကျောခိုင်းနေသောအမျိုးသမီးနှစ်ဦးကို လပြည့်ည (၉) နာရီအချိန်လောက်မှာ တွေ့ရပါသည်။ နောက်ပြန်ကြည့်တော့ မတွေ့ရတော့ပါ။ စာရေးသူ၏ ငယ်စဉ်ကလေးဘဝကခင်ခဲ့ရသော သူငယ်ချင်းကြာချောတစ်ယောက် မသိနားမလည်အရွယ်တွင် ပဝါနီကို ခေါင်းတွင်စည်းထားပြီး ကန်စောင့်မယ်မြစိမ်းသက်ဝင်ပူးသည်ကိုခံခဲ့ရခြင်းသည် ဂမ္ဘီရဆန်လှပါပေ့။ နတ်တို့၏ မာယာသည် ကံနိမ့်သူတို့ကိုသာလျှင် ပူးခြင်းကပ်ခြင်းပြုလုပ်လို့ရပေမည်။

ဖခင်ကြီးသည် စာရေးသူတို့ ညီအစ်ကို (၃) ဦးကို ထိုရေကန်ထဲတွင် ရေကူးခြင်း၊ ငါးရှာခြင်းများကိုခွင့်မပြုပါ။ ထိုရေကန်ကြီးနှင့်ပတ်သက်ပြီး စာရေးသူ သိခဲ့ရသောမိတ်ဆွေတစ်ဦး၏ကိုယ်တွေ့လေးကို ပြောပြပါဦးမည်။

ထိုရေကန်ကြီးထဲတွင် ရေဆင်းအုတ်လှေကားကလေးတစ်ခုရှိပါသည်။ လူငယ်တစ်စုက ထိုအုတ်ကန်ကိုဖျက်ပြီး အုတ်ခဲအချို့ကို မိတ်ဆွေထံသို့ ရောင်းခဲ့ပါသည်။ မိတ်ဆွေကလည်း မကျိုးမပဲ့သော အုတ်အကောင်းများကို အိမ်သာပြုလုပ်ရန်အတွက်ဝယ်လိုက်ပါသည်။ အုတ်အကျိုးအပဲ့များကိုလည်း ဗွက်ထသော မိတ်ဆွေ၏ခြံထဲတွင် လမ်းခင်းထားပါသည်။ထိုအုတ်ခဲများဝယ်ပြီးသော တစ်ပတ်အကြာတွင် မိတ်ဆွေ၏မိသားစုအဖုအပိမ့်များထွက်ပြီး ယားနာများ အလိုလိုထွက်လာပါသည်။ဆေးခန်းသွားပြီးပြသကုသပါသော်လည်း မပျောက်ကင်းပါ။ ဗေဒင်မေးနတ်မေးများပြုလုပ်တော့မှ အဖြေကပေါ်လာပါသည်။ ကန်စောင့်ဖမ်းတာဟုဆိုပါသည်။ ကန်တော်မောင်နှမက သူ့ပိုင်ကန်ထဲမှအုတ်များကို ဝယ်ယူသည့်အတွက် ဝယ်ရှင်ကိုသာဖမ်းမှ သူ့ပိုင်အုတ်ခဲတွေပြန်လည်ရမှာဟုပြောပါသည်။ မိတ်ဆွေလည်း အုတ်ခဲတွေပြန်ပို့ပြီး ကြက်ဖိုကြက်မနှင့် ပူဇော်တော့မှ ယားနာအဖုအပိမ့်များယူပစ်သလိုပျောက်၍သွားပါသည်။ ဖွတ်မရသည့်အပြင် ဓားမပါအဆစ်ပါသွားခဲ့ရချေပြီ။ တစ်အိမ်သားလုံး ဆေးကုသရသဖြင့် ဆေးဝါးခမျာကုန်သည့်အပြင် ကြက်ဖို၊ ကြက်မပါ အဆစ်ပါသွားခဲ့ချေပြီ။ အုတ်ခဲဖိုးလည်းဆုံး၊ အုတ်လှေကားလည်း အသစ်ပြန်လုပ်ပေးရတော့ သူတို့မိသားစုတွေ အချောင်ကို နောင်မမက်တော့ပါဟု ပရလောကကိုမယုံကြည်သူတို့ ကိုယ်တွေ့ခံရတော့ ယုံလိုက်ရပေပြီ။ မမြင်ရမတွေ့ရသောပရလောကစာရင်းဝင်နတ်များကိုလည်း မပူဇော်လျှင်နေပါ။ မနှောင့်ယှက်ပါနှင့်ဟု ဤစာစုလေးဖြင့် စာဖတ်ပရိသတ်အပေါင်းကို သတိပေးနှိုးဆော်လိုက်ပါသည်။

မိတ်ဆွေ ဦးစိန်သန်း၊ ဒေါ်စိန်မြတို့ထံတွင် စာရေးရန်အတွက် ကုန်ကြမ်းကို ရယူလိုသော်လည်း မလိုအပ်သေးပါသဖြင့် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်လေးကိုပဲ ပြန်လည်သတိရ မှတ်တမ်းပြုလိုက်ရပါတော့သည်။

ရွာမြေကျော်ဝေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝိုင်းငွန်သိန်း(ရမည်းသင်း)
ငါ၏ဒူးနာဇာတ်

ကျွန်တော် ငယ်ငယ်တုန်းက ဇာတ်စာအုပ်ထဲမှာ ဖတ်ဖူးပါတယ်။

ငါ၏ဒူးနာဇာတ်တဲ့။

ဒီစာကြောင်းလေးကို မှတ်မိနေတယ်။

ကြီးလာတဲ့အခါ ကျွန်တော် တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ပါတယ်။ အစိုးရတာဝန်ထမ်းဆောင်ရင်း မန္တလေးတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နေရာ အနှံ့ရောက်ဖူးပါတယ်။ ဘယ်နေရာ ရောက်ရောက် ဒူးနာတဲ့လူတွေကိုတွေ့ရပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ ဒူးနာကြတာပါပဲ။ ခိုက်မိတိုက်မိလို့ ဒူးနာတယ်၊ တချို့ကပြောတယ် ဒူးထဲလေဝင်သွားလို့တဲ့၊ ဘယ်အပေါက်ကများဝင်သွားပါလိမ့်၊ တချို့ကတော့ ဝလွန်းလို့ ဒူးနာတာပါတဲ့၊ တချို့ကတော့ အဆစ်ဆီအထွက်နည်းလို့ဒူးနာတာပါတဲ့၊ တချို့ကတော့ လေးဖက်နာရောဂါကြောင့် ဒူးနာတာပါတဲ့။

အများဆုံးတွေ့ဖူးတဲ့ ဒူးနာဝေဒနာရှင်တွေကတော့ အသက် (၆၀) ကျော်တွေပဲ။ ယောကျ်ား၊ မိန်းမအကုန်လုံးဖြစ်တတ်ပါတယ်။စက်တွေမှာ အထူးသဖြင့် မော်တော်ကားတွေမှာ အရင်ဆုံးက ရေးထားတာတွေ့ဖူးတယ်။ ဆီ၊ ရေ၊ လေ၊ ဝိုင် သတိထားတဲ့။ အထူးသဖြင့် အဝေးပြေးဘတ်စ်ကားတွေမှာ တွေ့ရတယ်။ မော်တော်ကားတစ်စီးမှာ ဓာတ်ဆီပြည့်စုံရမယ်။ ရေတိုင်ကီထဲမှာ ရေရှိရမယ်၊ ကားဘီးတွေလေပြည့်နေရမယ်။ ကားထဲမှာ အင်ဂျင်ဝိုင်သတ်မှတ်တဲ့အတိုင်းရှိရမယ်။

ကျွန်တော် ရွာတစ်ရွာမှာ တွေ့ဖူးတယ်။ ရွာက ဦးကြီးက ပြည့်စုံချမ်းသာတော့ သားတော်မောင်ကို ဆိုင်ကယ်ဝယ်ပေးတယ်။ ဆိုင်ကယ်ဝယ်ပြီးနေ့တိုင်း စီးနေတာပေါ့။ ဓာတ်ဆီကုန်ရင်တော့ ဓာတ်ဆီထည့်ပြီးစီးတယ်။ ဒီလိုနဲ့ လေးလလောက်ကြာတော့ ဆိုင်ကယ်ပျက်ပြီး ဆိုင်ကိုပို့ရတာပေါ့။ စက်ဆရာကပြောတယ်။ အင်ဂျင်ဝိုင်မရှိတော့ဘူးတဲ့။ အဲဒါကြောင့် ဆိုင်ကယ်ပျက်သွားတာလို့ပြောပြတယ်။ ဦးကြီးက ကျေပ်လည်းမသိဘူးလေဗျာ။ ဓာတ်ဆီကုန်ရင်ပဲ ထပ်ထည့်ရတာမှတ်နေတာ။ ဆိုင်ကလည်း မပြောဘူးတဲ့။

ဒီလိုပါပဲ၊ လူတွေမှာလည်း အဆစ်ဆီတွေခန်းလာရင် ဒူးတွေနာတော့တာပဲ။ ချောဆီဆိုတာလိုတယ်လေ။ ဒူးနာဝေဒနာရှင်တွေ ဘာကြောင့်ပဲဒူးနာနာ ဆေးကောင်းတွေ့ပါပြီ။ မြန်မာ့ရိုးရာ ဆေးမြီးတိုလေးပါပဲ။ ရွာတွေကို တိရစ္ဆာန်ဆေးကုဖို့ သွားရင်း ရွာကသိသာတဲ့ ဆေးမြီးတိုလေးပါပဲ။

ကျွန်တော်ရဲ့မိတ်ဆွေ မြင်းနာရွာက ကိုမြင့်သိန်းက အမြဲဒူးနာတဲ့လူတစ်ယောက်ပါ။ သူနဲ့တုတ်ကောက်နဲ့ အမြဲတွဲလျက်တွေ့ရပါတယ်။ ကျွန်တော်က ရမည်းသင်းမြို့မှာနေပါတယ်။ ရမည်းသင်းမြို့ရဲ့ အရှေ့ဘက် (၇) မိုင့်လောက်မှာ ရွှေမြင်တောင်တော်မြတ်ကြီးတည်ရှိပါတယ်။ မြင်းနားအုပ်စုထဲမှာ တည်ရှိပါတယ်။ နှစ်စဉ် တပေါင်းလမှာ ရွှေမြင်တင်ဘုရားပွဲရှိပါတယ်။ နာမည်ကျော်ရသေ့ကြီး ဦးခန္တီ သီတင်းသုံးသွားတဲ့တောင်တော်ကြီးပါ။ တပေါင်းလပြည့်နေ့ဆိုရင် ကြက်မပြောနဲ့ စာကလေးတောင် ပျံမကျအောင် စည်ကားတာပါ။ အခုဆိုဓာတ်လှေကားလည်း တည်ဆောက်နေပါပြီ။ ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်မယ့် နဂါးကြီးကလည်း တည်ဆောက်လို့ပြီးတော့မှာဖြစ်ပါတယ်။ ရမည်းသင်းမြို့က ရွှေသူဌေးကြီးဦးဆန်နီလှူဒါန်းတာပါ။

ဆိုလိုတာက ပြီးခဲ့တဲ့ တပေါင်းပွဲမှာ ကျွန်တော် ရွှေမြင်တင်ဘုရားပွဲကို ရောက်ခဲ့ပါတယ်။ ဘုရားစောင်းတန်းထိပ်က ပျော်ဘွယ်ရေမုန့်ဆိုင်မှာ ရေမုန့်စားနေရင်းနဲ့ မြင်းနားရွာက အမြဲတမ်းတုတ်ကောက်နဲ့သွားနေတဲ့ ကိုမြင့်သိန်းတစ်ယောက် တောင်ပေါ်ကဆင်းလာတာတွေ့လို့ကရပါတယ်။ သူ့လက်ထဲမှာ တုတ်ကောက်လို့ခေါ်နေကြတဲ့တောင်ဒူးမပါတော့ဘူး။ လမ်းလျှောက်လာတာလည်း ပုံမှန်ပဲ။

ဒါနဲ့ ကျွန်တော်က ဆိုင်ထဲကထွက်ပြီး ကိုမြင့်သိန်းကို ရေမုန့်စားဖို့ခေါ်လိုက်ပါတယ်။ သူကလည်း အားရဝမ်းသာပါပဲ။ ဆရာ တစ်ယောက်တည်းလားတဲ့။ တွေ့တွေ့ချင်းပဲ ကျွန်တော်မေးလိုက်ပါတယ်။ ကိုမြင့်သိန်း၊ ခင်ဗျားတုတ်ကောက်မပါတော့ဘူးလားဆိုတော့ ဆရာရေ၊ တုတ်ကောက်လွတ်သွားတာ (၃) လလောက်ရှိသွားပြီဗျ။ ကျွန်တော် တို့ရွာကိုလာတဲ့ ရွှေတောက မိတ်ဆွေတစ်ယောက်ပြောပြတဲ့ ဆေးမြီးတိုလေးကပ်လိုက်တာနဲ့ ဒူးနာပျောက်သွားတယ်ဗျာ။ တော်တော်ကောင်းတယ်။ ပထမဆေးစလိမ်းပြီး (၇) ရက်လောက်ကြာတော့ သက်သာလာတယ်။ (၁၄) ရက်ကြာတော့ အချိန်ပြည့်မနာတော့ဘူး။ (၂၁) ရက်ကြာတော့ ခြေထောက်ကိုရဲရဲထောက်နိုင်သွားပြီ။ တစ်လပြည့်တော့ တောင်ဝှေးလွတ်သွားတော့တာပဲ။

ဒီလောက်ကောင်းတဲ့ ဆေးနည်းလေးပြောပြပါဦးဆိုတော့ လွယ်လွယ်လေးပါဗျာ။ ရဲယိုပင်က ရဲယိုသီးအမှုန့်က (၅) လုံး၊ ဓာတ်ဆီက ရေသန့်ပုလင်းကြီးနဲ့တစ်ဝက်ထည့်ပြီး နယ်ပေးရတယ်။ အားရပါးရပျော်သွားအောင်နယ်ပေးတော့။ ဒါဆို ဒူးခေါင်းကို လိမ်းလို့ရပြီ။ နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ည တစ်ကြိမ် တစ်နေ့(၃) ကြိမ် မှန်မှန်လိမ်းပေးရင် ဘာကြောင့်ပဲဒူးနာဒူးနာပျောက်ပါတယ်ဗျာ။ ကျွန်တော်က ဆရာမြင်တဲ့အတိုင်း လက်တွေ့ပဲလို့ပြောပြပါတယ်။

ငါ၏ဒူးနာဇာ။

ရဲယိုသီးနဲ့ဓာတ်ဆီဖျော်လိမ်းလျှင် ပျောက်၏။

ကိုယ်စိတ်နှစ်ပါးချမ်းသာပါစေ

ဆရာဝိုင်းငွန်သိန်း(ရမည်းသင်း)

www.burmeseclassic.com

www.burmeseclassic.com

ကသာသင်းမြို့ ကံကောင်းလို့မသေ



၂၀၁၇ခုနှစ်၊ နတ်တော်လတုန်းက ဖြစ်ပါသည်။ ဝေပေါင်တောရကျောင်းတွင် ကပ္ပိယအဖြစ်နေသော ဦးမြင့်ထွန်းက ဆရာကြီး စာရေးရန် ကုန်ကြမ်းရချင်လျှင်လိုက်ခဲ့ဟုခေါ် သဖြင့် ဝေပေါင်ကျောင်းသို့လိုက်သွားပါသည်။ ရောက်ပြီး နောက်တစ်ရက် ဆွမ်းစားပြီးသော် ဦးမြင့်ထွန်းက ဦးပဉ္စင်းဦးပညောဘာသနေသော တစ်ပါးတည်းနေကျောင်းသို့ စာရေးသူအားခေါ် သွားပြီး ဆရာတော်နှင့်မိတ်ဆက်ပေးပါသည်။

"ဆရာကြီးက ကျွှပ်ကိုမသိပေမဲ့ ကျွှပ်က ဆရာကြီးကိုသိပါတယ်။ ကျွှပ်သမီးတွေက ဆရာကြီးရဲ့တပည့်တွေဖြစ်ခဲ့တယ်"

ဟု ဦးပဉ္စင်းက ခွန်းဆက်စကားပြောပါသည်။

"ဦးပဉ္စင်းက တစ္ဆေနဲ့လုံးခဲ့ဖူးတာကို ဆရာကြီးက သိချင်လို့ ဦးပဉ္စင်းဆီခေါ် ခဲ့တာ"

ဟု ဦးမြင့်ထွန်းက လိုရင်းလျှောက်လိုက်ပါသည်။

"တစ္ဆေနဲ့လုံးခဲ့တာမဟုတ်ပါဘူး။ တစ္ဆေက ကျွှပ်ကိုလုံးဖို့လာတာ ကျွှပ်က ရိုက်ခဲ့ရတာပါ"

ဟု ဦးပဉ္စင်းက ပြောပါသည်။

"တင်ပါ့ဘုရား၊ ဖြစ်ကြောင်းကုန်စင်ပြောပြပါဘုရား"

ဟု စာရေးသူက လျှောက်ထားလိုက်ပါသည်။

ထိုအခါ ဦးပဉ္စင်းဘွဲ့ ဦးပညောဘာသ လူအမည် ဦးပေါတာက အောက်ပါအတိုင်းပြောပါသည်။

■

လွန်ခဲ့သော နှစ် (၂၀) ကျော် အသက် (၄၁) လောက်တုန်းကပါ။ အခု အသက် (၆၃) နှစ်ရှိပါပြီ။ နတ်တော်လပြည့်ကျော်ပြီထင်တယ်။

တစ်ည နေမှာ ဇနီးဖြစ်သူက နမ့်စမ်းရွာမှာ စပါးပေးပေးထားတာ ဆယ့်ငါးတင်းလောက်ရစရာရှိတယ်။သွားတိုက်ချင်တယ်ပြောတော့ ကျွှပ်ကလည်း ပဲခင်းမှာပဲချဖို့လုပ်နေရတာ။ စောစောပြန်ခဲ့မယ်ပြောထားခဲ့တယ်။

ကျွှပ်နွားတွေက တစ်ကောင်က စိတ်မချရဘူး ပေကတ်ကတ်နဲ့။ ဒါနဲ့ ကျွှပ်လည်း စောစောပြန်ခဲ့ပါတယ်။ ဒါပေမယ့် အပြန်လမ်းမှာ ဘယ်သူမှန်းတောင်မမှတ်မိတော့ဘူး။ လှမ်းခေါ် တာနဲ့အိမ်ထဲဝင်သွားတော့ သောက်နေကြတာကိုး။ ဒါနဲ့ ကျွှပ်လည်းတစ်ခွက်တစ်ဖလားတော့ချလိုက်ပါသေးတယ်။ ဒါပေမယ့် အိမ်ပြန်နည်းနည်းနောက်ကျသွားတယ်။ ညနေ (၆) နာရီလောက်ရှိပြီ။ အိမ်ပြန်ရောက်တော့ သမီးတွေက အမေသွားတာကြာတောင်သွားပြီလို့ပြောတယ်။ ကျွှပ်လည်း နှစ်ခဲထိုး (အဲဗာရယ်ဒိ) လက်နှိပ်ဓာတ်မီး(အောက်အရပ်အခေါ် တုတ်မီး) ယူပြီး နမ့်စမ်းကို လိုက်သွားတယ်။ မိုးတားကြီးနဲ့ နမ့်စမ်းက တစ်မိုင်ကျော်လောက်ဝေးတာပါ။ ယခုလို ကားလမ်း၊ ရထားလမ်းတွေမရှိသေးဘူး။ မြေပြင်ညီပြန့်အတိုင်းသွားရတာ။ အခုမှ ကားလမ်း၊ ရထားလမ်းတွေကို လယ်ကွင်းထဲမြေကပေါင်တင်ပြီးဖြတ်ဖောက်ထားတာ။

(စာရေးသူ မိုးတားကြီးနှင့် နမ့်စမ်းကို ကျောင်းစစ်အဖြစ်အကြိမ်ကြိမ်သွားခဲ့ရ၍သိနေပါသည်။ နမ့်စမ်းရွာနားရောက်ခါနီးတွင် ကုန်းအတက်ရှိသည်။ လှည်းနှစ်စီးရောင်သာရံရှိသည်။ မိုးတွင်းဆိုလျှင် ရွှံ့စေးမြေနီကြောင့် လမ်းချော်သည်။ အတက်လမ်းဘေးတစ်ဖက်တစ်ချက်တွင် ကတာအုပ်ကလေးရှိသည်။ ညာဘက်တွင် ညောင်ပင်ရှိသည်။ ထို ညောင်ပင်တွင် သရဲရှိသည်။ လူပြတ်လျှင် လိုက်ဆွဲသည်ဟုသိခဲ့ရပါသည်။ ည အချိန်မတော်သာမဟုတ် နေ့ခင်းကြောင် တောင်မှာပင် အကောင်မည်းမည်းက ဆင်းလာပြီးဆွဲသည်ဟုသိထားပါသည်။ ယခုလည်း ဦးပေါတာကိုဆွဲသည်မှာ ထို ညောင်ပင်မှာပင် ဖြစ်ပါသည်။)

ကျွှပ်နမ့်စမ်းရောက်ပြီး စပါးပေးထားတဲ့အိမ်တွေသွားမေးတော့ ကျွှပ်မိန်းမပြန်သွားတာကြာပြီလို့ပြောကြလို့ပြန်လာခဲ့တယ်။ အချိန်က ညီအစ်ကို မသိတသိအချိန် ညနေ (၇) နာရီခန့်ဖြစ်မယ်။ ဆောင်းဝင်စဖြစ်လို့ မှောင်စပျိုးနေပြီ။ ညောင်ပင်ကြီးက အကောင်ကြီးက ခြောက်တတ်ကြောင်းသိပြီးဖြစ်လို့ သတိထားပြီးလာခဲ့တာ ညောင်ပင်ကြီးနားရောက်တော့ ချောက်. . . ချလောက် ဆိုတဲ့အသံကြားပြီးညောင်ပင်ဘက်လှည့်ကြည့်တော့ အကောင်မည်းမည်းကြီး တစ်ကောင်ဆင်းလာတယ်။ ဓာတ်မီးနဲ့ထိုးကြည့်တော့ ဓာတ်ခဲအားကလည်း အားကုန်ပြီး ခပ်မှိန်မှိန်မို့ သဲသဲကွဲကွဲမမြင်ရဘူး။ အကောင်ကြီးက မျက်နှာကို တခြားတစ်ဖက်ကိုလွှဲထားတယ်။

ကျွှပ်ကကြောက်တတ်သူမဟုတ်လို့ လာစမ်း - မင်းနဲ့ငါနဲ့တွေ့ကြသေးတာပေါ့လို့ စိတ်ထဲအောက်မေ့ပြီးကြည့်နေတုန်း လက်မည်းကြီးကလှမ်းလာတယ်။ ကျွှပ်လည်းလက်နှိပ်မီးနဲ့ရိုက်ခွဲလိုက်တယ်။ နှစ်ခဲထိုးဓာတ်မီးဆိုတော့ငါးခဲထိုးလိုမရှည်ဘူး။ တစ်ထွာသာသာလောက်ရှိတာ။ အကောင်ကြီးကပုတ်ချလိုက်တော့ လက်နှိပ်ဓာတ်မီးကသံးဘေးဘက်အောင်ပြုတ်ကျသွားတယ်။ ဒါနဲ့ ငါတော့သွား ပြီလို့ထင်လိုက်သလို

www.burmeseclassic.com

www.burmeseclassic.com

ချက်စိက ခပ်လှမ်းလှမ်းမှာ လှည်းထောက်ကျိုးတစ်ချောင်းကို မြင်လိုက်တယ်။ လှည်းဘီးထောက်က သစ်ကိုင်းခွကိုလုပ်ထားတာ။ တစ်ဖက်ကကျိုးနေလို့ပစ်ထားခဲ့တာ။ ဒါကို ကျွပ်ကမြင်တော့ ချက်ချင်းပြေးကောက်ပြီး အကောင်ကြီးကို နှစ်ချက်သုံးချက်ဆင့်ပြီးရိုက်လိုက်တယ်။ ကျွပ်လှည်းဦးထောက်ရှိရာ ပြေးကောက်တာကိုအကောင်ကြီးကလည်းလိုက်ပြီး ကျွပ်ကိုလုံးမလို့ လက်လှမ်းလာတာ။

ကျွပ်ကလည်း လှည်းဦးထောက်ကျိုးရတာနဲ့ အချိန်မဆိုင်းဘဲ နှစ်ချက်သုံးချက်ဆင့်ရိုက်တော့ အကောင်ကြီးလည်းတန့်သွားတယ်။ သူ့ကိုရိုက်ရတာ ခေါင်းအုံး၊ ဖက်လုံးကိုရိုက်ရသလို တအုန်းအုန်းနဲ့။ ပြီးတော့ သူက အရိုက်ခံရပေမယ့် မအော်ဘူး။ လမ်းဘေးကျသွားတဲ့လက်နှိပ်ဓာတ်မီးကလေးကလည်း ခလုတ်ဖွင့်လျက်ဆိုတော့ လင်းနေနေရာကို ပြန်ရောက်အောင်သွားတယ်။ မြန်မြန်ပြန်ကောက်တယ်။ အကောင်ကြီးကလိုက်လာတယ်၊ ကျွပ်ကလည်း ရိုက်တယ်။

ဒီလိုနဲ့နောက်ဆုတ်လိုက်၊ သူကလိုက်လာလိုက်၊ ကျွပ်ကရိုက်လိုက်နဲ့ တောစပ်လွန်ခါနီးကိုရောက်လာတယ်။ ကားတစ်ဖက်တစ်ချက်စီမှာ လယ်ကွင်းတွေရှိတယ်။ လမ်းနှစ်ဖက်မှာ လယ်ကွင်းတွေရှိတာမို့ လမ်းကိုဖြတ်ထားတဲ့မြောင်းပေါက်နှစ်ခုရှိတယ်။ နမ့်စမ်းဘက်ကလာရင် ပထမဆုံးရောက်မည့်မြောင်းပေါက်ကိုမရောက်သေးဘူး။

ဒီလိုနဲ့ မိုးတားကြီးဘက်က ထော်လာဂျီကားတစ်စီးလာနေတယ်။ သိတဲ့အတိုင်း ကားလို့သာပြောရတာ တရုပ်အင်ဂျင်တပ်ထားပြီး ကုန်တိုက်ရအောင် လုပ်ထားတဲ့လက်ဖြစ်ထော်လာဂျီဆိုတော့ ကားမီးကလည်း လင်းရုံသာသာရယ်။ ပြီးတော့ ထော်လာဂျီက ခပ်ဝေးဝေးမှာရှိတဲ့ဒုတိယမြောင်းပေါက်ကိုကျော်နေတာဖြစ်မယ်။ ခွံ့နှစ်နေတာမို့တော်တော်နဲ့ရောက်မလာဘူး။ ဒါပေမယ့် ကားစက်သံရယ်၊ လူသံတွေရယ်ကြောင့် အကောင်ကြီးက ကျွပ်ကို တရကြမ်းဝင်လုံးတာဖြစ်မယ်။ ကျွပ်လည်း နောက်ဆုတ်လိုက်၊ ရိုက်လိုက်ပေါ့။ သူကတော့ ကျွပ်ဆီကို ဖြည်းဖြည်းချင်းကပ်ကပ်လာတာ။

ပထမဆုံးတွေ့ရတဲ့ မြောင်းကူးတံတားကြီးလိုပဲ ကျွပ်က အပြေးကျော်ဖြတ်ပြီး အခြားတစ်ဖက်ကိုလည်းရောက် သူ့ကိုလှည့်ကြည့်တော့ သူက မြောင်းကူး

တံတားကို ကူးမလာဘူး။ ရပ်ပြီးကြည့်နေတယ်။နောက်လှည့်ပြန်သွားတယ်။ ကျွပ်အထင်တော့ နယ်မကျော်ရတဲ့သဘောဖြစ်ပါလိမ့်မယ်။ ကျွပ်လည်း အဲဒီတော့မှ ကြောက်ဒူးတွေတုန်လာတော့တယ်။ သူ့ကိုရိုက်နေရတုန်းကတော့ ကြောက်စိတ်မဝင်ဘူး။ ဒုတိယမြောင်းကူးရောက်တော့ ထော်လာဂျီကဗွက်နှစ်နေတာကိုး။ အဲဒါကြောင့် မြန်မြန်ရောက်မလာတာ။ သူတို့ကားကိုတောင် ကျွပ်ကတွန်းကူလိုက်ရသေးတယ်။ ဘာပဲဖြစ်ဖြစ် ကားစက်သံရယ်၊ လူသံရယ်ကြောင့် ကျွပ်သက်သာတာထင်တယ်။သူတို့သာမလာရင် ဒီကောင်ကြီးက ကျွပ်ကို အတင်းဝင်လုံးမှာသေချာတယ်။

ကျွပ် မိုးတာကြီးပြန်ရောက်တော့ မကြည်လင်ကို မင်းနဲ့ ငါက ဘယ်လိုလွှဲတာလဲမေးတော့ သူက နှမ့်စမ်းကိုစောစောသွားပြီးပြန်လာတယ်။ ကျွပ်တစ်ယောက်တည်းမို့ မိုးချုပ်ရင်ကြောက်လို့တဲ့။ မိုးတားကြီးရွာပြီးရောက်တော့ ရွာထဲကို တောက်လျှောက်မဝင်ဘဲ အစ်မဖြစ်တဲ့ မကြည်တင်ဆီဝင်ချင်လို့ကွေ့ဝင်သွားတာတဲ့။ အဲဒီကတည်းက သူနဲ့ကျွပ်နဲ့လွဲသွားကြတာ။ ကျွပ်ကလည်းဖြစ်ကြောင်းကုန်စင်ပြောပြတယ်။ အမှန်က ကျွပ် အသိမိတ်ဆွေအိမ်မှာ တစ်ခွက်တစ်ဖလားချနေတာ နာရီဝက်လောက်ကြာသွားတယ်။ ဒါကြောင့် ရွာမြီးမှာလွဲတာဖြစ်မယ်"

"တပည့်တော် မိုးတားကြီးကျော်းအုပ်လုပ်တုန်းကလည်း အဲဒီညောင်ပင်ဟာ ခြောက်တယ်လို့သိခဲ့ရတယ်။ အဲဒီကောင်ကြီးကို နည်းမျိုးစုံနဲ့မောင်းထုတ်သင့်တာပေါ့"

ဟု စာရေးသူက ပြောလိုက်ပါသည်။

"ဘယ်သူကများလုပ်ရဲမှာလဲဗျာ။ အမိုက်ခံပြီးမလုပ်ချင်ကြတာဖြစ်မှာပါ"

ဟု ဦးပဉ္စင်းဦးပညောဘာသကဖြေပါသည်။

"အခုတော့ အဲဒီညောင်ပင်ကြီးလည်းမရှိတော့ဘူး။ လမ်းထဲကျယ်သွားတယ်"

"ဟုတ်တယ် ဦးလှသောင်းဥက္ကဋ္ဌလက်ထက်မှာ ကားလမ်း၊ ရထားလမ်းဖောက်တော့ မြေထိုးစက်ကြီးတွေလာကြတယ်။ နမ့်စမ်းကုန်းဆင်းက လမ်းကိုလဲချဲ့၊ မြေလည်းညှိလိုက်တယ်။ ပြီးတော့ အဲဒီညောင်ပင်ကြီးကိုလည်း ဖြိုလဲချလိုက်တယ်"

"ဟာ - ဦးလှသောင်းက လုပ်ရဲတယ်နော်"

"ဆရာကြီးသိတဲ့အတိုင်း ဆရာကြီးနဲ့ပေါင်းနေတာပဲ။သူကအယုံအကြည်လည်းရှိတာမဟုတ်ဘူး။ ဘာပြောပြော သူဒီလိုလုပ်လိုက်လို့ လမ်းလည်းကျယ်သွားတယ်။ ကုန်းတက်ကုန်းဆင်းလည်းပြေလာတယ်။ ညောင်ပင်လည်းမရှိတော့ သလို အကောင်ကြီးလည်းမရှိတော့ဘူး။ ဘယ်ရောက်သွားတယ်မသိဘူး။ ဘာသံမှလည်း မကြားရတော့ဘူး။ လုပ်ရဲကိုင်ရဲတဲ့သတ္တိရှိတယ်ပြောရမှာပေါ့"

"ဟိုတုန်းက ဒီကောင်ကြီးက ညောင်ပင်ကြီးရှိလို့မြနေတာလား။ ဘာကြောင့်ကောဖြစ်မလဲ"

ဟု စာရေးသူက မေးလိုက်ပါသည်။

"သူနေစရာညောင်ပင်ကြီးရှိလို့လည်းဖြစ်မှာပေါ့။ ပြီးတော့ အဲဒီညောင်ပင်ကြီးနဲ့မလှမ်းမကမ်းရွာအပြင်ကမှတယ်။ ကုလားဦးဝင်းသောင်က နွားသတ်သတ်ပြီးရောင်းတဲ့နေရာဖြစ်တယ်။ နောက်ပြီးရွာထဲမှာ ဝက်ပေါ်ရင်လည်း အဲဒီမှာပဲလုပ်ကြတာများတယ်။ စားစရာရှိနေလို့မြနေတာဖြစ်မှာပါ"

ဟု ဦးပဉ္စင်းက မှတ်ချက်ပေးပါသည်။

ဦးပဉ္စင်းအား ထိုအကြောင်းကို စာရေးမည်ဟု လျှောက်ထားပြီးပြန်ခဲ့ပါသည်။

ကောင်းမှုတစ်ခု
နေ့စဉ်ပြုနိုင်ကြပါစေ
ပဲခူးသာသင်းဌေး

www.burmeseclassic.com

www.burmeseclassic.com

ရသဂန္ဓီရကျော်ဝင်းအောင်
(ပြည်ဆည်ခြံဝင်ဦးနှင်/မူရာဒံ)

ဂန္ဓီရဆန်သော မြန်မာ့ရိုးရာဆေးပြီးတိုများ

ယခုလို အပူပြင်းသော နွေရာသီ တပေါင်းလရောက်ပြီဆိုလျှင် နေ့လယ်ပိုင်းတွင် အရိပ်အာဝါသကောင်းသော ပြောမနာဆိုမနာမိတ်ဆွေများ၏အအေးဆိုင်ရှိရာရောက်ရှိမြဲဖြစ်သည်။ ထိုသို့ရောက်ရှိသွားရခြင်းမှာလည်း မိမိနှင့် ဝါသနာတူ၊ စရိုက်တူ (ဘာသာရေပိုင်း၊ ဗဟုသုတပိုင်းကိုဆိုလိုပါသည်) တို့သည် နေ့လယ်ခင်းအပူရှိန်ပြင်းလာသည်နှင့် မိတ်ဆွေများ၏အအေးဆိုင်သို့ခရီးတက်ကြမြဲ ဖြစ်သည်။ စာရေးသူတို့၏မိတ်ဆွေမှာ အအေးဆိုင်အပြင် ကွမ်းယာဆိုင်၊ ချင်းသပ်၊လက်ဖက်သုပ်များပါရောင်းချသော ကြောင့်ဖြစ်သည်။ စာရေးသူတို့အကြိုက်မှာ နွေပူပူတွင် ချင်းလက်ဖက်သုပ်ကို ရေနွေးကြမ်းပူပူနှင့် စားသောက်ခြင်းကို ကြိုက်နှစ်သက်ကြသည်။

ထိုအခါ အအေးလာရောက် သောက်သုံးသူများက အုံဩလိုကြည့် သွားကြသည်မှာ မရေမတွက်နိုင်အောင် များပြားလှသည်။ စာရေးသူတို့အဖွဲ့က ပြုံးမိပါသည်။ ဘာကြောင့်လဲဆိုတော့ ယနေ့ ကမ္ဘာကြီးတွင် များပြားသော ရောဂါဝေဒနာတွေမှာ မိမိစားသုံးနေသောအစာအဟာရကြောင့်ဖြစ်သည်ကို မသိကြပေ။ ရေခဲဟူသောအအေးဓာတ်မှာ အပြင်ပန်းကသာအေးသော်လည်း ဝမ်းတွင်းရောက်လျှင် ရင်ပူပြီး ရေပိုဆာလာတတ်၏။ အကယ်၍ အဆင်မသင့်လျှင် အာသီးရောင်ခြင်းဝေဒနာပါခံစားရနိုင်သေးသည်။ ဤသည်မှာ ရေခဲ၏ သဘာဝသတ္တိပင် ဖြစ်သည်။ ဒါကြောင့် စာရေးသူသည် ရေခဲရေမကြိုက်ပါ။ ပန်ကာလေကိုမကြိုက်ပါ။ မိမိအတွက် ရောဂါတစ်ခုခုရနိုင်သောကြောင့် ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ကမ္ဘာပေါ်တွင် ဘယ်သူမှလိုက်မမီသောဆေးပညာရပ်များရှိခဲ့ဖူးသည်။ ယခုလည်းရှိနေသေးသည်။ ဤဆေးပညာသည် ရာသီဥတုနှင့် ခွဲခြမ်းဆကဲသော ဓာတ်ပညာခေါ် နေလဆေးပညာပင် ဖြစ်သည်။ ယနေ့ခေတ်လို ရောဂါဖြစ်လာလျှင် ပါရဂူရှိရာဆေးခန်းသွားမှ ဟောက်ကြသူများရှိကြသည်။ ရှေးယခင်ကာလက ဆေးထိုးအပ်မပါ။ နားကြပ်မကိုင်ဆေးလွယ်အိတ်မဆောင်ပါ လူနာအိမ်ဝရောက်ပြီး လူနာကိုမမြင်ရသေးခင် လူနာ၏စကားသံကြားရုံဖြင့် ရောဂါဝေဒနာကို ယခုခေတ် ကွန်ပျူတာဓာတ်မှန်ထက် သာလွန်အောင် ပြောပြနိုင်စွမ်းရှိသော တိုင်းရင်းဆေးပညာသည် ကမ္ဘာပေါ်တွင် မြန်မာ့တစ်နိုင်ငံတည်းသာရှိသည်။ ထိုတိုင်းရင်းသမားတော်ပညာရှင်များမှာ ဇာတိမာန်ကြီးသည်။ အမျိုးချစ်သည်။ ဘာသာ၊ သာသနာကို လေးစားသည်။ ဆင်းရဲချမ်းသာမရွေးဘဲ အကြင်နာ၊ မေတ္တာ၊ စေတနာဖြင့် ကုသသည်။ အသက်ကယ်တင်သည်။ ဤသို့ကြုံတွေ့လေတိုင်း ရှေးကဘိုးဘွားတိုင်းရင်းဆေးဆရာကြီးများကို လွမ်းဆွတ်အောက်မေ့မိသည်။

ကြေးမုံသတင်းစာတွင်ဖတ်လိုက်ရပါသည်။တိုင်းရင်းသမားတော်ဆေးဆရာကြီးများနှေ့ သတ်မှတ်ကြောင်းပါလာပါသည်။ အလွန်ကောင်းလေစွ။ သာဓုခေါ်ပါသည်။ မုဒိတာပွားရပါသည်။ ယခုခေတ် ရောဂါဝေဒနာများပြားလာရခြင်းမှာ အစာအာဟာရကြောင့်လည်းကောင်း၊ လူတွေရဲ့ လောဘ ဒေါသ မောဟ မာန်မာနတွေကြောင့်ဖြစ်တယ်ဆိုလျှင် မမှားပါ။ ဒါဟာ မြန်မာ့ရိုးရာဓာတ်ပညာကုထုံးအရရော ဘာသာရေးအရပါတွက်ကြည့်ရင် မှန်ပါသည်။ လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကြောင့် မိမိရဲ့ခန္ဓာကိုယ်ထဲက သွေးလည်ပတ်နှုန်းဟာ အမြဲတမ်းပူလောင်ကျွမ်းပြီးမြန်ဆန်လာလို့ ယနေ့ ဆီးချို၊ နှလုံး၊ လေငန်း၊ သွေးတိုးရောဂါတွေဖြစ်ကြတာပါ။ မယုံလျှင် အရာရာတိုင်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနမပါဘဲ သွားနိုးသွားစဉ် စားနိုးစားစဉ်အတိုင်းလုပ်သွားကြည့်ပါ။ ဒီရောဂါတွေ တဖြည်းဖြည်းပါးသွားပြီး ပျောက်သွားမှာပါ။ မြတ်ဗုဒ္ဓဟောကြားသလို လောကလူတွေဟာ ခေါင်းကို အေးအေးထား၊ ဝမ်းကိုပိန်ပိန်စား (ဗိုက်တင်းအောင်မစား)၏ အိပ်ရေးလျှော့အိပ်ဆိုတာဟာ တကယ်ဒက်ထိမှန်ပါသည်။ ဒါဆိုလျှင် ဘက်ရှည်လူသားတွေဖြစ်ပြီပေါ့။ ဒါကြောင့် ဂန္ဓီရဆန်တဲ့မြန်မာ့ဆေးနည်းတွေကို အထင်မသေးအောင် တိုက်သေချာသည့်နိဒါန်းတွေရေးပြတာ စာလည်းရှည်သွားပါပြီ။ ဒီတော့ အောက်ကဖော်ပြထားတဲ့ ရှေးရှေးက ဘိုးဘွားတွေသုံးစွဲခဲ့တဲ့ ဆေးနည်းတွေကို လက်ဆင့်ကမ်းဖော်ထုတ်လိုက်ပါသည်။ မိမိနှင့်အဆင်ပြေရာကို သုံးစွဲနိုင်ရန် တင်ပြရခြင်းဆိုလည်း မမှားပါဘူး။ ဒါကြောင့် မြန်မာတို့ရဲ့ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာတဲ့ အံ့ဩဖွယ်ရာဘေးမရှိသော မြန်မာ့ဂန္ဓီရဆန်ဆန်ဆေးနည်းလေးများကို စွဲစည်းတင်ပြပေးလိုက်ရခြင်းဆိုလည်း မမှားပါဘူး။

■ ကြိုထိုးရောဂါပျောက်ဂန္ဓီရဆေးနည်း

ကြိုထိုးရောဂါဟာ ကြောက်စရာကောင်းပါတယ်။ တချို့သူတွေ ကြိုထိုးတာဟာ လန့်ချီပြီးကြာတာတွေ့ရဖူးပါတယ်။ ကြိုထိုးတာဟာ အခန့်မသင့်ရင် သေတတ်ပါတယ်။ ဒါကြောင့် တစ်ဦးမဟုတ်တစ်ဦး ကြိုထိုးဝေဒနာဖြစ်လို့ အခံရခက်နေရင် သုံးရအောင် တင်ပြရခြင်းပါ။ ရောဂါဝေဒနာရှင်အတွက် အန္တရာယ်မရှိတဲ့ဆေးနည်းပါ။ ကြိုထိုးဝေဒနာဖြစ်နေရင် ကြိုပင်မှ ကြိုသီးရဲ့ အစေ့ (၅) စေ့ကို ကြိုထိုးနေစဉ် ရေနဲ့သောက်ပါ။ ညဉ့် (၁၂) နာရီမှာ တစ်ခါသောက်ပါ။ လက်တွေ့ပျောက်ကင်းပါသည်။ (၃) နာရီခြားပြီး သောက်လည်းရတယ်လို့ဆိုပါတယ်။

■ ဂရင်ဂျီနာပျောက်ဂန္ဓီရဆေးနည်း

ဂရင်ဂျီနာဆိုတာ ကြောက်စရာကောင်းပါတယ်။ တချို့က လိပ်ပြာထိုင်းထက်ပိုဆိုးတယ်လို့ ပြောကြတယ်။ အမှန်တော့ ဂရင်ဂျီနာမဖြစ်ပွားခင်မှာ လူတွေဟာ သားငါးလိပ်အချို့တွေ

www.burmeseclassic.com

www.burmeseclassic.com

အစားများရင်း တုတ်ကောင်ဆိုတာ ပေါက်ဖွားလာပါတယ်။ လူတွေ့ညီအိပ်ရာဝင်ချိန်မှာ တုတ်ကောင်တွေဟာ လူတွေရဲ့ မစင်လမ်းကြောင်းအတိုင်း စအိုဝကိုဆင်းလာကြပါတယ်။သူတို့တွေ့စအိုဝကိုရောက်လာရင် စအိုဝန္ဒတ်ခမ်းမှာ ယားကိုကျိရွရွနဲ့နေတတ်ပါတယ်။ တုတ်ကောင်ရင့်ရင့် ခါးလယ်မှာ အညိုရောင်ပတ်ထားသလိုပါတတ်ပါတယ်။ အဲဒီတုတ်ကောင်တွေက စအိုန္ဒတ်ခမ်းသားနုနေးတစ်ဝိုက်မှာ အိမ်ဖွဲ့နေတာပါ။ သူတို့အိမ်ဖွဲ့နေရင် စအိုတစ်ဝိုက်မှာ အဖုလေးတွေပတ်ချာလည်ပေါက်တာကိုပြောတာပါ။ ဒါဟာ ဂရင်ကျိနာအစပါပဲ။ ဂရင်ကျိနာဝေဒနာဖြစ်လာရင် စအိုန္ဒတ်ခမ်းပတ်လည်က အဖုလေးတွေက အပ်ဖျားနဲ့ထိုးသလို ဟိုနေရာစစ်ခနဲဒီနေရာစစ်ခနဲဖြစ်နေရင် ဂရင်ကျိနာလို့သာ ကျိန်းသေမှတ်လိုက်ပါ။ မမှားပါဘူး။ ဒါဟာ ရှေးရှေးက မြန်မာ့တိုင်းရင်းဆေးဆရာကြီးများရဲ့ရောဂါဝေဒနာအမည်တပ်ပုံပါပဲ။ နားကြပ်မကိုင်၊ သွေးမစမ်းဘဲ ရောဂါဝေဒနာကို ဆုံးဖြတ်ချက်ချပုံတွေပါ။ ကမ္ဘာမှာမြန်မာလို့ ကြွေးကြော်ထိုက်တဲ့ပညာရပ်တွေပါ။ အဲဒီလိုရောဂါကို အပူနာလို့ခေါ်ပါတယ်။ ဒီလိုရောဂါဖြစ်ပွားခဲ့ရင်မပူပါနဲ့။ ဆေးနည်းရှိပါတယ်။

အဲဒီထဲက အလွယ်ကူဆုံး ဂန္ဓိရဆေးနည်းလေးကတော့ သချိုင်းကုန်းက လူသေတွေဆီက ကြွင်းကျန်ခဲ့တဲ့ လူရိုးကိုရအောင်ရှာရပါမယ်။ လူရိုးတွေ့ပြီဆိုရင် -

'ဆရာကြီး ကျွန်တော် ဆေးကုစရာရှိလို့ ခေတ္တငှားရမ်းပါ။ ဆေးကုသပြီးရင် ပြန်ပို့ပေးပါမယ်'

ရိုရိုသေသေ ပြောဆိုယူရမယ်။ လူရိုးကို ပိုးမွှားကင်းစင်စေရန် မြေအိုးနဲ့ပြုတ်ပစ်ရမယ်။ လူရိုးကို ပိုးမွှားကင်းစင်စေရန် မြေအိုးနဲ့ပြုတ်ပစ်ရမယ်။ ပြုတ်ပြီးသွားတဲ့လူရိုးကို ဆန်ဆေးရည်နဲ့ ပွစ်ပွစ်သွေးပြီး ဂရင်ကျိနာပေါ်သို့ အုံလိုက်ပါ။ ထိုသို့ အုံလိုက်ရင် ဂရင်ကျိနာအဖုလေးမှာ ပေါက်ထွက်သွားပြီး ပြည်များထွက်ကာ တွင်းချိုင့်ဖြစ်သွားမယ်။ မကြောက်ပါနဲ့။ ၎င်းတွင်းချိုင့်ထဲသို့ ဆန်ဆေးရည်နဲ့သွေးထားတဲ့ လူရိုးအရည်များကို အပြည့်ထည့်ပေးပါ။ မကြာမီ ပျောက်ကင်းသွားပါမယ်။ ရောဂါပျောက်ကင်းသွားပါက သချိုင်းကုန်းမှာပြောခဲ့တဲ့ကတိအတိုင်း လူရိုးကိုပြန်ပို့ပေးရမယ်။ မဖြစ်မနေအမြန်ပို့ပေးပါ။ မပို့ပါက မြေခြင်ရသောအန္တရာယ်များရှိပါတယ်။ မယုံရင်စမ်းကြည့်ပါ။ ကိုယ်ခံသီလရှိဖို့လိုပါတယ်။

■ အဆုတ်တွင်အနာပေါက်သည်ကိုပျောက်သောဂန္ဓိရနည်း

တမာရွက်ကို ဆန်နှိုဆီနှစ်လုံးဝင်သော မြေအိုးထဲကို ရေသန့်သန်ဆေးပြီး အပြည့်အသိပ်ထည့်ပါ။ ထို့နောက် ရေထည်ပြီး သုံးခွက်တစ်ခွက်ထွင်ကျန်အောင်ကျိပြီး နေ့စဉ်၊ နေ့လယ်၊ ညနေ ပိုင်းတွင် သောက်ပေးပါ။ လက်တွေ့ပျောက်ပါတယ်။ အဆုတ်မှအနာကို ဓာတ်မှန်ရိုက်ပြီး ဤဆေးကိုစွဲမြဲစွာသောက်ရာ တစ်လ၊ နှစ်လအကြာတွင် ဓာတ်မှန်ပြန်ရိုက်ကြည့်ရာ အဆုတ်တွင် မည်သည့်အစက်အပျောက်မျှ မတွေ့ရသောလက်တွေ့ဆေးနည်းဖြစ်ပါတယ်။

ဆီးမသွားသော် ဆီးအလျင်အမြန်သွားသော ဂန္ဓိရဆေးနည်း

ဖားပြုပ်အရှင်တစ်ကောင်ကိုဖမ်းပြီး စဉ့်အင်တုံဇောက်ထဲထည့်ပြီးအုပ်ထားပါ။ ထို့နောက် ဖားပြုပ်ပေါ်သို့ ဆားပုံပြီး ခေတ္တခဏဖုံးအုပ်ထားပါ။ ငါးမိနစ်ခန့်သာအုပ်ထားပါ။ မကြာပါစေနဲ့။ ငါးမိနစ်ပြည့်သွားလျှင် ဖားပြုပ်ကို ပြန်ထုတ်ပြီး ဖားပြုပ်ကို ရေများများလောင်းပြီး ပြန်လွှတ်ပေးလိုက်ပါ။ စဉ့်အင်တုံထဲတွင် ဖားပြုပ်ကို ဆားနဲ့ပုံရာမှ ဖားပြုပ်ကိုယ်မှထွက်လာသော်အစေးများကိုတွေ့ရှိပါမည်။ ထိုအစေးများကို ဆီးမသွားနိုင်သူ၏ဆီးခုံပေါ်တွင် အောက်သို့ဆွဲပြီးလိမ်းပေးပါ။ ခဏကြာလျှင် ဆီးသွားပါလိမ့်မည်။ ၎င်းအစေးကို ပါးစပ်ထဲမဝင်ပါစေနှင့်။ အစားအစာနှင့်မထိပါစေနှင့်။ အဆိပ်ဖြစ်တတ်သည်။

■ စည်တော်ပိတ်ခေါ် လေနဲ့ဝမ်းနဲ့ပိတ်ပြီး ဝမ်းဗိုက်ကယ်သောရောဂါပျောက်ဂန္ဓိရဆေးနည်း

ထုံးကို အုန်းဆီနဲ့ ရောဖျော်ပြီး ရင်ညွှန့်မှ ဆီးစပ်အထိခွဲပြီးလိမ်းပေးပါ။ မကြာခင် လေနဲ့ဝမ်းကဲ့သွားပြီး ဝမ်းဗိုက်ကယ်ခြင်းပျောက်သွားပါမည်။ အချို့ဒေသတွင် ထုံးကို အုန်းဆီနဲ့ဖျော်သည်ကို ထုံးထောပတ်ဟုခေါ်ကြသည်။ ဗဟုသုတအဖြစ်တင်ပြရခြင်း ဖြစ်ပါသည်။

■ ဆီးချိုရောဂါသက်သာသောဂန္ဓိရဓာတ်စာဆေးနည်း

ကင်ပွန်းချဉ်ရွက်ကို ငါးရံ့နဲ့ချဉ်ရည်ချက်ပြီး မကြာခဏစားပေးရင် ဆီးချိုရောဂါ တဖြည်းဖြည်းသက်သာလာပါတယ်။ ဒါဟာ မြန်မာ့ရိုးရာဓာတ်စာဆေးနည်းတွေပါ။ ဒီဟင်းလျာကလည်း လူတိုင်းအတွက် လျှာဖျားမြှက်တဲ့ ဟင်းလျာဖြစ်လို့ချက်ရတာလွယ်ကူပါတယ်။

■ လိပ်ခေါင်းပျောက်ဂန္ဓိရဆေးနည်း (အတွင်းလိပ်ခေါင်းမဟုတ်ပါ။ အပြင်သို့ထွက်နေသောလိပ်ခေါင်းကို ဆိုလိုသည်။)

ပုံသက္ကသေဆုံးနေသောဖားပြုပ်တစ်ကောင်ကို ရအောင်ရှာပါ။ ရလာခဲ့ရင် မြေအိုးသစ်တစ်လုံးထဲထည့်ကာ ရှဉ့်နဲ့ဇော်မြီးပြဲ ဖွဲမီးနဲ့ပြာကျအောင်မီးဖုတ်ပါ။ ထိုရလာသောပြာကို သံပရာသီးညှစ်ထားတဲ့အရည်နဲ့ရောပြီး လိပ်ခေါင်းထွက်နေသူကထွက်နေတဲ့လိပ်ခေါင်းကိုတို့ပေးပါ။ သုံးကြိမ်၊ လေးကြိမ်လောက်တို့ပေးရင် အဲဒီလိပ်ခေါင်းဟာ ပျောက်သွားပါတယ်။

ရှေးရှေးကဘိုးဘွားမိဘများသည် ဇာတိမာန်ကြီးသည်။ အမျိုးကိုချစ်တတ်သူများဖြစ်သည်။ ကမ္ဘာ့နိုင်ငံများစွာက လိုက်မမီသော ဂန္ဓိရဆန်သောပညာရပ်များကို တတ်မြောက်ကြသည်။ သို့ဝှက်ထားကြသည်။ မိမိပညာ တိုင်းတစ်ပါးလူမျိုးခြားတို့လက်မရောက်ရန်အတွက် ဖုံးကွယ်ထားကြသည်။ ထိုအခါ ထိုပညာသေရွာသို့ပါသွားကြသည်မှာ နှမြောစရာကောင်းလှသည်။ စာရေးသူကြားဖူးသည့် ဘိုးဘွားများ၏လက်ဖက်ရည်ကြမ်းဝိုင်းတွင်ဖြစ်သည်။ မျက်စိမှာဖြစ်သောတိမ်ကို ခြေမကိုဆေးစည်းခြင်း၊ နှိပ်ခြင်းဖြင့် မျက်စိဝေဒနာပျောက်ကင်းအောင်ကုသနိုင်ကြသည်။ ယခုဤပညာရပ်များတိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေပါသည်။ သိပြီးတတ်ပြီးတွေ့ကြုံဖူးသူတို့မှ ပြန်လည်ဖော်ထုတ်ပေးကြပါဟု မေတ္တာရပ်ခံတောင်းဆိုရင်း ဂန္ဓိရဆန်သောဆေးနည်းဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

(ဂန္ဓိရဆန်သော မြန်မာ့ဆေးနည်းဖတ်ချင်သူရုံးအုပ်ကြီး (ဆည်မြောင်း-တည်ဆောက်ရေး (၂) ညွှန်/မှူးရုံး) အတွက်)

ခုသဂန္ဓိဒေဝီ(ဆည်မြောင်း-တည်ဆောက်ရေး (၂) ညွှန်/မှူးရုံး)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ဆရာတစ်ယောက် ရှိပါသည်။ ဆရာသည် ဗုဒ္ဓဘာသာဖြစ်သော်လည်း မယုံကြည်သလိုရှိခဲ့သည်။ အစိမ်းသရဲ၊ ဥစ္စာစောင့်ဘီဆိုး ဝေလာဝေးပါ။ အများနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်။ သူက သိပ္ပံသမားသက်သက်ဖြစ်သည်။ လက်တွေ့ ကြားမှ၊ မြင်မှ၊ တွေ့မှ ယုံကြည်သူ ဖြစ်ပါသည်။

သူသည် ဆရာဝန်တစ်ဦးဖြစ်ပါသည်။ ကျွန်တော်တို့ဌာနတွင် တာဝန်ထမ်းဆောင်သူ တိုင်းအဆင့်တာဝန်ခံဖြစ်ပါသည်။ ကျွန်တော်တို့က သူ၏လက်အောက်မှာ တာဝန်ထမ်းဆောင်ရင်း ဆရာနှင့်ရင်းနှီးခင်မင်ပြီး မကြာပါသည်။ ဆရာ ယခင်က ဒီလိုမလုပ်ဘူးပါ။

ကျွန်တော်လည်း ဆရာနှင့် နှစ်ယောက်ချင်းတွေ့သောအခါ ဆရာ့အား သူ၏ပြောင်းလဲမှုကို မေးမြန်းကြည့်ပါသည်။ ထိုအခါ ဆရာက သူပြောင်းလဲလာရခြင်းအကြောင်းအား အောက်ပါအတိုင်းပြောပြပါသည်။

ဆရာ၏ ပြောပြချက်အတိုင်း ကျွန်တော် တင်ပြပါမည်။

ဆရာသည် တစ်ခိုနိုက မြို့နယ်၏ တိုက်နယ်မြို့လေးတစ်ခုတွင် တိုက်နယ် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခိုနိုမှာ သူတာဝန်ကျသောမြို့ကလေးမှာ မြို့ကြီးနှင့်ဝေးပါသည်။ အလွန်လည်း တောကျ၍ခေါင်လုပါသည်။ တာဝန်ထမ်းဆောင်စဉ် ဆေးရုံနှင့်တစ်မိုင်ခန့်ဝေး၍ တောနက်သောနေရာတစ်ခုတွင် အဝေးမှမြင်နေရသော စေတီတစ်ဆူကို သူမြင်နေလည်း ဆရာသည် အားရက်ညနေပိုင်းလေးတွင် အပြင်းပြေလျှောက်ခဲ့ရာ စေတီပေါ် မရောက်ခင် တောင်ခြေရင်းတွင် တဲကလေးတစ်ခုတွေ့ပါသည်။ ဆရာက စိတ်ဝင်စားမိ၍ ၎င်းတဲလေးထဲလှမ်းကြည့်ရာ လူကြီးတစ်ယောက် ဖိုထိုးနေပါသည်။ သည်လိုနှင့် တဲထဲဝင်သွားရာ ထိုလူကြီးက လှည့်မကြည့်ပါ။ သူ့အလုပ်ကို အာရုံဝင်စားမိနေသည်ကို တွေ့ရ၏။ အနီးအနားမှာ လူတစ်ဦး

ဖိုထိုးနေတာတွေ့လို့ပါ"

"ဟုတ်ပါတယ်ဆရာ။ ဆရာလာတာသိပါတယ်။ ဟိုအဝေးရောက်ထဲက သိနေပါတယ်။ ကျွန်တော်တစ်ယောက်တည်းနေတာပါ။ဖိုထိုးတဲ့အလုပ်ကတော့ ကြာပါပြီခင်ဗျ"

ဟု ပြန်ဖြေပါသည်။

"ဦးလေး၊ မသိလို့မေးပါရစေ။ ဦးလေးဒီလိုဖိုလိထိုးနေတာဘာမျှော်လင့်ချက်ရှိပါသလဲ။ အကြောင်းထူးကောရှိပါသလားဗျာ"

ဟု မေးလိုက်ရာ -

ထိုလူကြီးက -

"ကျုပ် မျှော်လင့်ချက်က ပထမတော့ စိတ်ငြိမ်အောင်လုပ်ရင်း ဝါသနာပါလာတယ်။ နည်းမသိဘူး။ နောက်တော့ တခြားနေရာမှာ ကျုပ်လိုပဲ အဘိုးကြီးကိုတွေ့လို့ သေချာမေးကြည့်တော့ သူကရွှေဖြစ်ငွေဖြစ်လုပ်ဖို့နဲ့ သူအောင်မြင်ခဲ့ရင် သာသနာရေးအလုပ်ကို တိုးချဲ့လုပ်မယ်လို့ ဆုပန်ပြီးလုပ်တာတဲ့။ ဒါနဲ့ ကျုပ်လည်း စိတ်ဝင်စားသွားပြီး အသေးစိတ် သူ့ဆီမှာ ဆည်းပူးနည်းယူရင်းရလာလို့ အခုတော့ သိပ်မအောင်မြင်သေးပါဘူး။ ရွှေစအစနလေးတော့ တစ်ခါတစ်ရံတွေ့ရတယ်။ တော်တော်စိတ်ရှည်ရတယ်။ စိတ်တည်ငြိမ်မှုရတယ်။ နည်းစနစ်ကလည်းများတော့ ဘယ်နည်းနဲ့မှ ရမလဲတော့ မသိပါဘူး ဆရာ"

ဟု ထိုလူကြီးက သေချာရှင်းပြပါသည်။ ဆရာက ဒါမျိုးတွေသိပ်စိတ်မဝင်စားတော့ ဘာမှပြန်မပြောတော့ဘဲ ပြန်ခဏ စကားပိုင်းဖွဲ့ပြောဆိုရာ ဘာသာရေး၊ နတ်စုန်းကဝေများပြောလျှင်လည်း သူနားမဝင်ပါ။

သို့ဖြင့် ဆရာပင်စင်ယူပြီး လူချင်းကွဲသွားကြပါသည်။ တစ်ခိုနိုမှာ စီမံချက်တစ်ခု ကျွန်တော်တို့ဆောင်ရွက်ရာတွင် ဆရာသည် ဌာနသို့ အကြံပေးပုဂ္ဂိုလ် အဖြစ်နှင့် ဝင်ရောက်လာခဲ့ရာ ကျွန်တော်နှင့်တစ်ဖွဲ့တည်းကျပါသည်။ ကျွန်တော်တို့သည် မြို့တစ်မြို့သို့ ခရီးထွက်ခဲ့ရာ ၎င်းမြို့ကလေးတွင် အလုပ်နားချိန်၌ ထိုမြို့၏ တောင်ကုန်းပေါ် ရှိဘုရားအား သွားရောက်လေ့လာဖူးမြော်ရန်သွားကြရာ ဆရာလိုက်လာပါသည်။ စေတီရင်ပြင်ပေါ် တက်ပြီး ဘုရားအားရှိခိုး၊ စေတီအား ကြည်ညိုကြရာ ဆရာသည်လည်း ကျွန်တော်တို့နည်းတူပြုမူသည်ကို တွေ့ရသဖြင့် ကျွန်တော် အံ့အားသင့်သွားမိတစ်ယောက်မှမရှိပါ။ ထိုလူကြီးအနားတွင် မီးသွေးအိတ်နှင့် စားအိုးစားခွက်များ၊ အိပ်စင်လေးတစ်ခု၊ အတိုအစပြုများသာ တွေ့ရပါသည်။ အတန်ကြာမှ ထိုလူကြီး ခေတ္တနားဟန်ပြု၍ ဆရာက မိတ်ဆက်စကားပြောရင်း မေးမြန်းကြည့်ပါသည်။

"ဦးလေးကျွန်တော်က ဒီဆေးရုံက ဆရာဝန်လေးပါ။ ဘုရားဆီလာရင်းနဲ့ တဲလေးတွေ့လို့ဝင်လာတာပါ။ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ပါသည်။ နောက်နေ့များမှာလည်း ထိုနည်းအတိုင်း သွားကြည့်ဖြစ်သည်။ တဖြည်းဖြည်း ထိုလူကြီးနှင့်ရင်းနှီးလာပါသည်။ ထိုလူကြီးက စကားပြောရာတွင် အလွန်ညင်သာစွာပြောဆိုတတ်သည်။

တစ်နေ့မှာ ထိုလူကြီးအား မြို့ကြီးသို့ လစာထုတ်သွားမည် ဘာမှာဦးမည်လဲ ဟုမေးရာ -

"ဆရာရယ် အားနာပါတယ် မမှာပါဘူး ကိစ္စမရှိပါဘူး။ ကျွန်တော်တခြားတစ်ယောက်နဲ့ဝယ်ခိုင်းပါမယ်"

ဟု သာပြောရှာသည်။

ဒါပေမယ့် ဆရာမနေနိုင်ပါ။ သူပြန်လာတော့ မီးသွေးတစ်အိတ်၊ လိုအပ်သော လုံ စသည်တို့ ဝယ်ခြမ်းလာပြီး ပေးလိုက်ပါသည်။ ထိုလူကြီးက ကျေးဇူးတင်ကြောင်းပြောရာ -

ဆရာက -

"ဦးလေး ကျေးဇူးတင်စရာမလိုပါဘူးဗျာ။ရွေးဖြစ်ရင်သာကျွန်တော့်အတွက် လက်စွပ်လေးတစ်ကွင်းလောက်ပေးပါဗျာ"

ဟု နောက်သလိုနှင့်ရယ်မောပြောလိုက်ပါသည်။ ဆရာကလည်းလစဉ်ပုံမှန်ဝယ်ပေးပါသည်။

သို့နှင့် ဆရာလည်း အခြားမြို့နယ်ဆေးရုံတစ်ခုသို့ ပြောင်းရွှေ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် ရာထူးယူကာ နောက်ဆုံး ပင်စင်ယူသွားသည်။ ပင်စင်ယူပြီးသောအခါ ထိုမြို့ကလေးကို သတိရနေမိသည်။ ထိုလူကြီးကောရှိပါဦးမလား။ ရွှေကောတကယ်ဖြစ်သလားဟု တွေးမိရင်းဖြစ်သဖြင့် ထိုမြို့ကလေးသို့သွားရောက်ခဲ့ပါသည်။ ထိုမြို့ကလေးမှာ ယခင်ကလို့မဟုတ်တော့ပါ။ စည်ကားနေပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေသည်။ ထိုမြို့လေးတွင် ယခင်နေစဉ်က ခင်မင်

www.burmeseclassic.com

www.burmeseclassic.com

အကျိုးပြုသော တမာဆီ

ကမာဆီသည် လူသားတို့အတွက် လွန်စွာအကျိုးပြုသောဆီတစ်မျိုးဖြစ်ပါသည်။

ဦးစွာ တမာဆီပြုလုပ်နည်းတင်ပြလိုပါသည်။ အခုအခါ တမာဆီများ ဝယ်ရခက်ခဲရှားပါးပြီး ကိုယ်တိုင်ဆီထုတ်အသုံးပြုကြရပါသည်။

နွေအခါ အညာဒေသနှင့်မြေလတ်ပိုင်းတွင် အလေ့ကျ ပေါများစွာပေါက်ရောက်နေသောတမာပင်ကြီးများအောက်တွင် ဝါဝင်းမှည့်၍ကြွေကျနေသော တမာသီးမှည့်များကို တံမြက်စည်းဖြင့်လှဲ၍ စုယူပြီး ရေအင်တုံတွင်စိမ်ကာ အပေါ်ခွံများကို ပဲကြီးစေ့ညှစ်သလို ညှစ်ထုတ်ဖယ်ရှားသောအခါ တမာစေ့အဆန်ကို ရရှိပါသည်။ ၎င်းတမာစေ့အဆန်များကို နေပူပူတွင် (၃) ရက်ခန့်လှန်းပြီး သစ်သားဆုံမရက ကျောက်ရွာဆိုဖြင့် ညက်စွာထောင်းပြီး ရေနှင့်ဖျော်ကာ မီးကျီးခဲရဲ့ဖြင့်ချက်ပါ။ ရေကုန်သွားလျှင် တမာဆီကိုစစ်ယူရရှိပါပြီ။

ထိုတမာဆီသည် လူသားတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေပါသည်။

ခန္ဓာကိုယ်မထွက်သော အပူအဖုအကျိတ်များရောင်တင်းရာများကို တမာဆီပွတ်လိမ်းပေးက ပျောက်ကင်းပါသည်။ လူ၏ ကိုယ်အင်္ဂါကြီးငယ်များထိခိုက်ပွန်းပဲ့အနာတရဖြစ်သော် တမာဆီကိုလိမ်းပေးပါ။ မေးခိုင်ပိုးမဝင်နိုင်၊ ပိုးသေစေပြီး ပျောက်ကင်းပါသည်။

ကွမ်းဝါးသဖြင့် သွားဖုံးရောင်၊ သွားဖုံးကင်ဆာရောဂါများမဖြစ်စေရန် တမာဆီကို သွားဖုံးတွင် လိမ်းသုတ်ပေးပါက ကာကွယ်ပြီးဖြစ်သည့်အပြင် သွားများကိုခိုင်မာသန့်ရှင်းစေပါသည်။ သွားကိုက်ပိုးပါသေစေပါသည်။

တမာဆီကို ကွမ်းတွင် ထည့်စားသော် ပန်းနာရောဂါပျောက်ကင်းစေပါသည်။

ဗောက်ထခြင်း၊ သန်းတွယ်ခြင်းအတွက် တမာဆီသုံးလေးရက်လိမ်းပေးလျှင် ပျောက်ကင်းပြီး ဦးနှောက်ပါအာကောင်းစေပါသည်။

နတ်မောက်မင်းသန့်ရှင်

သောမိတ်ဆွေတစ်ဦး၏အိမ်တွင်တည်း၍ နောက်တစ်နေ့တွင် မိတ်ဆွေနှင့် ထိုဘုရားသို့လာရောက်ကြသည်။ သို့သော်တဲလေးမှာမရှိတော့ပါ။ ဘိုလူကြီးလည်းမရှိတော့ပါ။ ဘုရားပေါ် သို့ဆက်တက်ခဲ့ရာ ဘုရားရင်ပြင်ပေါ် ရောက်၍ လမ်းလျှောက်စဉ် သူတို့ရှေ့မှဝတ်ဖြူစင်ကြယ်နှင့် မုတ်ဆိတ်ရှည်ဖွေးဖွေးရှိသူလူတစ်ဦး လျှောက်လာပါသည်။

ထိုလူကြီးကပင် -

"ဆရာလေး တစ်ခေါက်လာကြည့်တာလား။ လာလိမ့်မယ်ဆိုတာ သိနေတယ်။ ကျွဲပမနေ့ထဲကစောင့်နေတာ။ မှတ်မိပြီလား၊ တဲကလေးထဲက ဖိုထိုးသူလေ"

ဟု လှမ်းနှုတ်ဆက်လိုက်တော့ ဆရာ အံ့အားသင့်ပြီး ငေးကြည့်နေမိသည်။ ပြီးမှ သေချာကြည့်၍ ထူလူကြီးပင်မဟုတ်ပါလား။ ခြိန်းမထားဘဲ ဘာကြောင့်ရောက်နေသလဲ။ သူငါလာမှာကို ဘယ်လိုသိနေတာလဲဟု မိမိကိုယ်ကို မယုံနိုင်လောက်အောင်ဖြစ်မိပါသည်။

ထိုအခါ ထိုလူကြီးကဆက်၍ -

"ဆရာပြောသွားတာ မှတ်မိသေးလား။ ကျွဲပအောင်မြင်သွားရင် ဆရာက လက်စွပ်ကလေးတစ်ကွင်းလုပ်ပေးရမယ်ဆိုတာလေ။ ကျွဲပမနက်ဖြန်ကို ဆရာ့ဆီအပို့လွှတ်မယ် စိတ်ချပါ။ ဩော် - ဒါနဲ့ ဆရာတို့ဘုရားပေါ် တက်လာတုန်းက လမ်းမှာမိန်းကလေးနှစ်ဦးတွေ့မိသလား။ အစိမ်းရောင်ဆင်ဝတ်ထားတာလေ။ ခုပဲဆင်းသွားတာ"

ဟု ပြောလိုက်ရာ ဆရာတို့နှစ်ဦးမှာ အံ့အားသင့်ပြီး -

ဆရာက -

"ဟာ - ဘယ်သူနဲ့မှမတွေ့ပါဘူး ခင်ဗျ။ ကျွန်တော်တို့နှစ်ဦးပဲရှိတာ။ ခုမှ ဦးလေးနဲ့တွေ့တာပါ"

ဆရာ့မိတ်ဆွေကလည်း ဟုတ်မှန်ကြောင်းဝင်ပြောပါသည်။

ထိုလူကြီးက -

"အင်းပါလေ သူတို့တစ်နေရာကို ဆင်းသွားမှာပေါ့။ မနက်ဖြန် သူတို့နဲ့ပေးလိုက်မယ်။ လာပို့လိမ့်မယ်ဆရာ"

ဟုပြောပြီး တောင်ဘက်အရပ်သို့ သွားပြီး ရုတ်တရက်ပျောက်သွားပါသည်။ ဆရာလိုက်ကြည့်သော်လည်း မမြင်ရတော့ပါ။ အင်းလေ-ချုပ္ပတ်တွေနဲ့ကွယ်သွားတာဖြစ်မှာပေါ့ဟုသာ တွေးမိသည်။

နောက်တစ်နေ့နံနက် အိပ်ရာမှထမျက်နှာသစ်ပြီး အခန်းအပြင်ဘက်သို့ထွက်လာရာ မိတ်ဆွေက -

"ဆရာနိုးပြီလား။ အခုပဲ မိန်းကလေးနှစ်ယောက်လာပြီး ဟောဒီဘူးလေးပေးသွားတယ်။ ဘာမှမပြောဘူး။ မိန်းကလေးနှစ်ယောက်ကအစိမ်းရောင်ဝတ်ဆက်နဲ့ တော်တော်ချောတယ်။ ရှေးတုန်းက အဝတ်အစားပုံစံနဲ့ပဲ။ ဆံပင်ဖားလျားလေးချလို့ သပ်သပ်ရပ်ရပ်လေးပါပဲ။ ပြုံးပြပြီး အိမ်ပေါ် မတက်ဘဲပြန်သွားကြပါတယ်။ နေဦးဆရာ၊ ခဏလောက်ပြတင်းပေါက်ကသွားကြည့်ပါ။ သူတို့ခြေလှမ်းနဲ့ဆို လှမ်းမြင်ရလောက်တယ်"

ခြံက ကျယ်ဝန်းသောကြောင့် လျင်မြန်စွာဖြင့် လှမ်းကြည့်လိုက်ရာ ဟုတ်ပါသည်။ မိန်းမပျိုလေးနှစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် ညင်သာစွာတစ်လှမ်းချင်းလျှောက်သွားကြသည်ကို တွေ့ရပါတော့သည်။ လိုက်မည်ဟု စိတ်ကူးသော်လည်း သူတို့ဘယ်သူမှန်းမသိ၊ ဘယ်လိုပြောရမှန်းမသိဖြင့် လှမ်း၍ပဲကြည့်လိုက်ရာမှ ခြံအပြင်ရောက်သည်နှင့် ရုတ်တရက်ပျောက်သွားပါသည်။ မျက်စိမမှားနိုင်ပါ။ မနီးမဝေးပါ။ ဆရာလည်း အံ့သြခြင်းဖြင့် မှင်တက်စွာကြည့်နေမိသည်။

ထို့နောက်မှ သတိရ၍ ဘူးလေးအားဖွင့်ကြည့်ရာ လက်စွပ်တစ်ကွင်းတွေ့ရသည်။ လက်စွပ်မှာ လက်ရာမြောက်လှသည်။ ရွှေနန်းသုံးလက်စွပ်များဖြစ်လေမလား။ လက်စွပ်က ကျောက်နီလေးကွင်းထားပြီး ဘေးနှစ်ဖက်မှာအတွန့်တွန့် အကောက်ကောက်ကလေးတွေနှင့်မို့ မည်သည့်ပုံသဏ္ဌာန်တု မမှန်းတတ်ပါ။ လက်စွပ်ကလေးမှာ လေးလဲလှသည်။ သူလက်ကိုစွပ်ကြည့်သောအခါ အံဝင်ခွင်ကျဖြစ်ပါသည်။ ထိုလက်စွပ်ကိုဝတ်လိုက်သည်နှင့် စိတ်ထဲထွင်တစ်မျိုးကြီး အမျိုးမည်မသိ ခံစားရပါသည်။

ဆရာကလာစဉ်က ၎င်းအတွက် လာခြင်းမဟုတ်သော်လည်း လက်စွပ်တောင်းရန်လာသလိုဖြစ်နေ၍ စဉ်းစား၍မရပါတော့။

အထက်ပါအတိုင်း ဆရာက သူ့အဖြစ်အပျက်ကို ပြောပြပါသည်။ ထို့ကြောင့် ယခုလို ဘာသာရေးနှင့် ဥစ္စာစောင့် ကိုယ်ပျောက်သူများရှိပါသလား ဟု ယုံကြည်စွာ စိတ်တွေ့၊ ကိုယ်တွေ့ အမြင်မှန်ရသွားပါလေပြီ။

ဘိုစံ(ဟသံဘဝ)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

သက်ကြီးစုထား သိမှတ်စရာများ သက်ငယ်အများ အကျိုးပြား

■ **ရဟန်းတုရဟန်းယောင် ဝေးဝေးက ရှောင်**

ရှင်နှင့်မတော်၊ ပစ္စည်းမျှော်၍၊ လျော်လျောက်ပတ်၊ မြေကြန်တတ်က၊ နှောတ်ပညာ စေပါဒူတ၊ အင်္ဂါဝိဇ္ဇာ၊ ဘိရစ္ဆာဖြင့်၊ သက်မွေးကြောင်း၊ လေ့ကျက်များသည်၊ ဝဲ့စားမော်စား၊ အမျှော်စားနှင့်၊ ဆောင့်စားခေါ်ရိုး၊ ရဟန်းဆိုးတို့ စားလေးမျိုးဖြာဆိုသော၊ အစာလေးမျိုးသည်၊ ရဟန်းကောင်းတို့စားခြင်းမဟုတ်။ ရှင်နှင့်သေတ်တော်သော လာဘ်လာဘကိုမျှော်သော မြေကြန်အတတ်၊ နက္ခတ်အတတ်၊ လူတို့၏ အစေအပါးခံခြင်း အသက်မွေးလျှင်၊ အင်္ဂါဝိဇ္ဇာဗေဒင်ဆေးဝါးအတတ်ဖြင့် အသက်မွေးလျှင် အထောင့်လေးမျက်နှာကိုလှည့်စားသူဟု ခေါ်၏။

(ခန္ဓဝဂ္ဂ သာရိပုတ္တ သံယုတ်၊ သုစိမုခိသုတ်)

■ **မြတ်ဘုရားအမိန့်ကျူးလွန်သူ**

သာသနာအလေးမပြု၊ ဆေးကုလို့ကျောင်းထိုင်၊ ဗေဒင်လေးဟောပြော၍ ဖောပေါလိုင်ဝါကြွား၊ အာဇီဝမစင်ကြယ်တယ်၊ နှင်အပါယ်ရောက်လိမ့်မမှား။ သက်မွေးမှသောင်သာအောင် (ချောင်သာအောင်)အချောင်ရှာညာစား။ ဒကာတွေလျှောက်စကားကိုတော့၊ မဖောက်ပြားလိုက်နာ၊ အာပတ်တွေတပေပေသင့်ပါလို့၊ ခြေနေဖြင့်ဆိုးလှတာ၊ သံဝရအာယတိမပါလျှင် ခါအကြိမ်တစ်ရာထပ်ကာကြားသော်လည်း မြတ်စွာဘုရားမိန့်အာဏာကျူးလွန်လျက်သာ၊ အသွင်ဆန်းတဲ့သက်နံးဝါကို၊ ဆင်မြန်းကာသာပစ္စည်းရှာကြလေး။ ။

(ရွှေစာဆိုတစ်ဦး)

■ **သာသနာ**

သုံးလာကထွတ်တင် သဗ္ဗညုဘုရားရှင်၏ အဆုံးအမဩဝါဒလမ်းညွှန်တရားတော်များဟု အဓိပ္ပာယ်ရသည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်သည် နှစ်ပေါင်း (၂၅၆၀) နှစ်ကျော်လာသည့်တိုင်အောင် တည်တံ့ခိုင်မြဲ အဝွန့်ရှည်ဆဲ၊ ပြန့်ပွားဆဲဖြစ်နေသည်။ ဤသည်မှာ မြတ်ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်၏။

■ **သာသနာတော်သုံးရပ်**

(၁) **ပရိယတ္တိသာသနာ** - ဘုရားဟော ဝိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာများ စာပေများကို လေ့လာခြင်း၊ မှတ်သားခြင်းနှင့် အားထုတ်သင်ကြားခြင်း (တစ်နည်းဆိုရသော်) သင်ယူရမည့် လမ်းညွှန်သဘောတရားများဟူသော သာသနာတော်၏ အဆုံးအမများ ဖြစ်၏။

(၂) **ပဋိပတ္တိသာသနာ** - သီလသမာဓိ ပညာတရားများ မိမိ၌ တိုးပွားများပြားလာစေရန် ပရိယတ္တိသာသနာနှင့်အညီ လက်တွေ့ကျင့်ကြံလိုက်နာအားထုတ်မှုများ၊ သမထနှင့် ဝိပဿနာဘာဝနာတရားနှစ်ပါးနှင့်အညီ ယင်းတရားတို့ကိုကျင့်ကြံအားထုတ်မှုများ (တစ်နည်းအားဖြင့်) ဘုရားရှင်၏အဆုံးအမဩဝါဒလမ်းညွှန်သဘောတရားများနှင့်အညီ လက်တွေ့ကျင့်သုံးရမည်ဟူသော သာသနာတော်၏အဆုံးမ ဖြစ်သည်။

(၃) **ပဋိဝေဓသာသနာ**-ဘုရားရှင်၏ဩဝါဒလမ်းညွှန်တရားတော်များနှင့်အညီ လက်တွေ့ကျင့်ကြံ အားထုတ်မှုကြောင့် ရရှိသော မဂ်ဖိုလ်နိဗ္ဗာန်ဟူသည့် သာသနာတော်၏အဆုံးအမ။ တစ်နည်းအားဖြင့် ပရိယတ္တိသာသနာတော်၏ အဆုံးအမနှင့်အညီ ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံအားထုတ်ခြင်းဖြင့် စွာန်သမာပတ်မဂ်ဖိုလ်တရားများတို့ကို ကိုယ်တိုင်ထိုးထွင်း၍ သိမြင်ပေါက်ရောက်လာသောအကျိုးတရားများ၊ မဂ်ဉာဏ်ဖြင့်ထွင်းဖောက်သိမြင်မှုသာသနာတော်။

■ **သာသနာတော်ပြည့်စုံရမည့်အင်္ဂါသုံးပါး**

သုဗ္ဗ - (ဘုရားစစ်ဘုရားမှန်) ဘုရားဖြစ်ပို့ရန်အကြောင်း ကောင်းမြတ်သောပါရမီများကို ဘဝပေါင်းများစွာဖြည့်ကျင့်ခဲ့ခြင်း၊ ဤသို့ဖြည့်ကျင့်ခဲ့ခြင်းကြောင့် အကျိုးတရားဖြစ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်များရရှိတော်မူခြင်း၊ သီသင့်သိထိုက်သောဥေယျဓံတရားဟူသမျှ ဘာမှမကျန်။ ဇကန်မုချပိုင်နိုင်စွာသိမြင်တော်မူသော ဘုရားရှင်ကိုသာ ဆိုလိုသည်။

သုခမ္မ - (တရားစစ်တရားမှန်) ဘုရားရှင်၏ မွေကရုဏာလှဲ့ဆော်မေတ္တာတော်ဖြင့် ထုတ်ဖော်ဟောကြားတော်မူခဲ့သောမြတ်တရား၊ လောကီလောကုတ္တရာနှစ်ဖြာသောချမ်းသာအစစ်အမှန်ကိုရရှိရန် ညွှန်ပြသော တရားတော်မြတ်ကိုသာ ဆိုလိုသည်။

သုသံဃ - (သံဃာစစ် သံဃာမှန်) ဘုရားရှင်၏တရားတော်များကွယ်ပျောက်မသွားစေရန် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ကျင့်ကြံအားထုတ်ပွားများသော သာသနာ့အမွေခံ အရိယာသံဃာတော်အရှင်သူမြတ်တို့ကိုသာ ဆိုလို၏။

ဤအင်္ဂါသုံးရပ်နှင့် ပြည့်စုံသော သာသနာတော်သာလျှင် သံသရာဘေးကြောက်သူ၊ ချမ်းသာအစစ်အမှန်ကို လိုလားသူ၊ လူ၊ နတ်၊ ဗြဟ္မာတို့၏ ခိုကိုးရာအစစ်အားရိပ်သာ ဖြစ်ပေသည်။

■ **သီလ သမာဓိ ပညာ သိက္ခာပါး**

သီလ - အကုသိုလ်မှန်သမျှကိုမပြုလုပ်ဘဲ ကိုယ်၊ နှုတ်၊ စိတ်နှလုံးသုံးပါးစလုံး ထိန်းချုပ်စောင့်စည်းခြင်း။

သမာဓိ - ကုသိုလ်တရားတို့ကိုပွားများအားထုတ်ရခြင်း၊ စိတ်၏ခိုင်ခံ့တည်ကြည်မှုအတွက် အားထုတ်ခြင်း၊ ထွက်သက်ဝင်သက်အာရုံ၊ အင်္ဂကအာရုံစသည်တို့၌ ရှုကြည့်စွဲမြဲ၍ဖြစ်လာသော ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ သမာပတ်ရှစ်ပါးဟုဆိုအပ်သော အပ္ပနာဘာဝနာ ဤဘာဝနာသုံးပါးသည် သာမာဓိမည်၏။

ပညာ-မိမိစိတ်ကိုစင်ကြယ်သန့်ရှင်း၍ ကိလေသာအညစ်အကြေးကင်းစင်အောင် အားထုတ်ကျင့်ဆောင်ရခြင်း၊ ဒိဋ္ဌဝိသုဒ္ဓိ အစရှိသော လောကီဝိသုဒ္ဓိလေးပါးနှင့် လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိ၊ ဤဝိသုဒ္ဓိတရား ငါးပါးသည် ပညာမည်၏။

■ **ရဟန္တာ၏ဂုဏ်လေးပါး**

၁။ ပဋိသန္ဓေနေမှုကုန်ပြီ (ခဏာဇာတိ) (၁)

၂။ မြတ်သောအကျင့်ကိုကျင့်ပြီးပြီ (ဂုသတံဗြဟ္မစရိယံ) (၂)

၃။ မဂ်ကိစ္စကိုပြုပြီးပြီ (ကတံ ကရဏီယံ) (၃)

၄။ ဤမဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟုသိ၏ အရှင်ဘာရဒွါဇသည် ရဟန္တာပုဂ္ဂိုလ်တို့တွင် တစ်ပါးပါဝင်၏။ (နာဝရံ ကတတ္တာယ) (၄)

အကျိုးများတိုးပွားပြီးစေ

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

www.burmeseclassic.com

www.burmeseclassic.com

■ ဆန်ကြယ်သောရေတွင်းပျက်နှစ်လုံး

ကျီးနားရွာ။

စစ်ကိုင်း - ရွှေဘိုကားလမ်း အနောက်ဘက် မိုင်ဝက်နီးပါးအကွာမှာ ကျီးနားရှိသည်။

ရွှေဘိုမြို့နှင့် (၁၀) မိုင်ခန့်ကွာဝေးသည်။

အိမ်ခြေတစ်ရာကျော်ရှိသည်။

တောင်ဘက် (၃) မိုင်အကွာ ကားလမ်းအရှေ့ဘက်တွင် မောင်းမကြီးရွာရှိသည်။ ကျီးနားနှင့် မောင်းမကြီးရွာက သာရေးနာရေးအလှူအတန်းများတွင် အဆက်အဆံရှိပါ၏။

ကျီးနားရွာအဝင်လမ်း၏ ခြောက်ဘက်တိုက် အနည်းငယ်အကွာမှာ ရေတွင်းပျက်တစ်လုံးနှင့် စေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီကို မည်သည့်အချိန် မည်သူတည်ခဲ့သည်ကို ကျီးနားရွာက မသိ။ အသက်အရွယ်ရ အဘိုးအဘွားများကလည်း မပြောပြနိုင်။

ထိုစေတီပျက်နှင့် ရေတွင်းပျက်က ဆန်းကြယ်၏။

ဂျပန်ခေတ် စစ်ပြေးဂျပန်များ စေတီအနီးမှာ အသတ်ခံကြရသည်။ အသတ်ခံရသောဂျပန်အလောင်းများကို ရေတွင်းထဲသို့ ပစ်ချထားခဲ့ကြသည်။ အလောင်းကောင်ကမည်မျှများသနည်း ဆိုသော် ထိုရေတွင်းတစ်တွင်းလုံးပြည့်လုနီးရှိ၏ဟုဆိုသည်။

ကားလမ်းအတိုင်းပြေးလာကြသော ဂျပန်များက ကျီးနားရွာကိုဝင်ပြီးလုယက်သည်။ ရွာသူများကိုစော်ကားခဲ့သည်။

ကျီးနားရွာသားများ မောင်းမကြီးရွာသားတို့ပေါင်းမိပြီး ရရာလက်နက်နှင့် ကိုင်ကိုင်လျက် တိုက်ထုတ်ရပါသည်။

ကျီးနားရွာအနောက်ဘက် ရွာသချိုင်းအနောက်တောင်ထောင့်က ရေတွင်းတစ်လုံးကလည်း ဆန်းကြယ်ပါ၏။

ထိုရေတွင်းအနီး အရှေ့ဘက် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိခဲ့သည်။ ယခုအခါ ဘုန်းကြီးကျောင်းက တိုင်အုတ်မျှသာရှိတော့သည်။

ကျီးနားရွာသုသာန် ဆရာတော်ကျောင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အေးဇော်ရဲမင်း

ကျီးနားမှသည် ရွှေကျီးသာသို့

စစ်ပြေးဂျပန်များက သုသာန်ဆရာတော်ကို သတ်ဖြတ်ပြီး ကျောင်းကို ဌာနချုပ်လုပ်ခဲ့၏။ ရက်နှစ်ပတ်နီးပါးနေသွား၏။

ထိုရေတွင်းကို ရွာကမသုံးတော့။ မသွားတော့ဟုဆိုရသည်ထက် သုံး၍ မရတော့ဟုဆိုရပါမည်။

သုသာန်ကျောင်းကို ဂျပန်များက မီးတင်ရှို့ခဲ့ကြသဖြင့် မီးကျွမ်းတိုင်ငုတ်မျှ သာရှိတော့သည်။

ထိုနေ့ညက မောင်းမကြီးရွာသား (၇) ယောက်၊ ကျီးနားရွာသား (၆) ယောက် စုစုပေါင်း (၁၃) ယောက်ကျဆုံးသည်။

www.burmeseclassic.com

www.burmeseclassic.com

■ ရွာအဝင်ဘုရားပေါ် ကျီးနားခြေင်းနှင့် သုသာန်ကျောင်းကအသားနက်လူကြီးသုံးကြီး

ကျီးနားရွာသူကြီးက ဦးညွှန့်တင်ဖြစ်၏။

ကိုယ်ကာယ ထွားကျိုင်းသည်။ အသွားအလာဖျတ်လတ်၏။ မဟုတ်မခံစိတ်ရှိ၏။ သားချင်းဆွေမျိုးမခွဲခြားတစ်ပြေးညီအုပ်ချုပ်၏။ အသက်အရွယ်ရငြား သန်မာဆဲပင်။

နေထန်းတစ်ဖျားအခိုန်ဖြစ်၏။

သူကြီးကတော်ကြီး ဘွားပျော်က ဆွမ်းခံကိုယ်တော်များကို ဆွမ်းလောင်းနေသည်။ သူကြီးဦးညွှန့်တင်က အိမ်အောက်တန်းလျားမှာ ရေနွေးကြမ်းသောက်နေသည်။

သူကြီးအိမ်ဝိုင်းအတွင်းကို ရွာဆော်ကြီး ဦးတုတ် အပြေးဝင်လာသည်။

"သူကြီး၊ သူကြီး ရွာမြောက်ဖျားငွေးတို့လူအုပ်က ရွာထိပ်စေတီကိုဖြို့ကြတော့မလို့။ အဲသဟာ လူစုပြီးရောက်နေကြပြီ"

ဟု ရွာဆော်ကြီး ဦးတုတ်က အမောတကောသတင်းပေးလာသည်။

သူကြီးမင်း ဟင်ခနဲဖြစ်သွား၏။

ဆွမ်းလောင်းပြီး မီးဖိုဆောင်ဘက် လှည့်အဝင် သူကြီးကတော်ကြီးက ဟောတော်ဟု အသံထွက်လျက် ရင်ဘတ်ကိုဖိသည်။

'ခက်တဲ့ကလေးတွေ' ဟု ပြောလျက် အိမ်ထဲမှာထောင်ထားသောကြိမ်လုံးများထဲမှ အကောင်းဆုံးကြိမ်လုံးကိုရွေးယူလျက် သူကြီးမင်းထွက်သည်။

"အလွန်အကျွံမလုပ်နဲ့တော်"

ဟု သူကြီးကတော် ဘွားပျော်ကမှာသည်။

ငွေး။

ကျီးနားရွာမှ ထစ်ခနဲရိုလျှင် ငွေး။ အဖေမရှိတော့။ မိခင်မုဆိုးမကြီးလုပ်စာကိုထိုင်စားပြီး သောက်သောက်စားစားလူရမ်းကား။ ကြက်တိုက်၊ ဖဲရိုက်လောင်းကစားကလုပ်ချင်သေးသည်။ အပေါင်းအသင်းများ၏။

'ဘယ့်အတွက် ငွေး ရွာဦးစေတီကို ဖြိုချင်ပါလိမ့်' ဟုလည်း တွေးလာ၏။ သူကြီးနှင့်အတူ လူလတ်ပိုင်းရွာခေါင်းဆောင်လေးငါးယောက်ပါလာ၏။

အမှန်ပင် ငွေးတို့လူစုစေတီပျက်ကိုဖြိုရန်လုပ်နေကြပြီ။

ကြိမ်သံတရှိုးရှိုးဝင့်လျက် -

"ဟေ့ကောင်တွေမလုပ်ကြနဲ့ ရပ်ကြ"

ဟုအသံပေးသူကြီးမင်းဝင်သည်။

ငွေးတို့အုံ့အားသင့်သွားသည်။

ရွာခေါင်းဆောင်များက ပေါက်ပြား၊ တူးရွင်းပြားများကိုင်ထားသော ငွေးတို့လူစုကိုတွန်းထုတ်သည်။

သည်ကောင်တွေ ဖဲရုံးကြက်ရုံးရှိကြံရာမရ ရွာစေတီပျက်ဌာပနာကိုရချင်၍လားဟု ရွာခေါင်းဆောင်များက တွေး၏။

သို့သော် ထိုတွေးဆချက်က တက်တက်စင်လွဲပါ၏။

"ဟာ-သူကြီးကလည်းဗျာ၊ စေတီတွင်မဟုတ်ဘူး၊ ဟောသည် ရေတွင်းပါရှင်းပစ်ရမယ်ဗျ။ ဖြိုပစ်ဖို့ပစ်ရမှာလေဗျာ"

"ဘာဖြစ်လို့တုံးဟ"

ငွေးစကားကို ရွာခေါင်းဆောင်တစ်ယောက်က ပြန်မေးပါသည်။

ငွေးအဖြေကရှင်း၏။

"လမိုက်ညမှာ ရေတွင်းပျက်ထဲကအော်သံတွေ တစ်ရွာလုံးကြားရတယ်။ ဘာတွေအော်မှန်းလဲမသိဘူး၊ထိတ်ထိတ်လန့်လန့်နဲ့အိပ်ပျက်ကြရတယ်။ စေတီပျက်က အဆိုးဆုံးဗျ"

ဟေခန် သူကြီးဦးညွှန့်မောင်တင်နှုတ်ကထွက်၏။

"မနက်မိုးလင်းလို့ ရွာကလူတွေတောသွားကြရင် စေတီပျက်ပေါ် ကျီးနားပြီး အော်သံကြားရပါလေရော။ အဲသလိုကြားရပြီဆို ရွာမှာ လူကအနည်းဆုံးသုံးယောက်သေကြတာမဟုတ်လား၊ မကောင်းပါဘူးဗျာ"

ငွေးကဆက်ပြောပြီး ပေါက်ပြားကိုင်လျက် စေတီပျက်အနီးကပ်သည်။

သူကြီးမင်းက ငွေးကိုကြိမ်ဖြင့် တစ်ချက်ပြင်းပြင်းရိုက်သည်။ ငွေးက သူကြီးမင်း ဦးညွှန့်တင်ကို ပေါက်ပြားဖြင့် ခုတ်ရန်ပြင်၏။

လူငယ်တစ်ယောက်က ငွေးကို ဝင်တွန်းပစ်သဖြင့် သူကြီးသက်သာသွား၏။

သူကြီးမင်းတောက်တစ်ချက်ပြင်းပြင်းခေါက်၏။

ရွာခေါင်းဆောင်တစ်ယောက်ကို နှစ်လုံးပြူသေနတ်ပြန်ယူနိုင်၏။

"မကြံကောင်းမစည်ရာကွာ၊ ရွာဦးဘုရားကွ။ အားလုံးနောက်ဆုတ်၊ အာခံတဲ့ကောင်နှစ်လုံးပြူးစာမိမယ်"

ဟု သူကြီးကြိမ်းသည်။

မျက်စိပျက်မျက်နှာပျက်နှင့် ငွေးလူများနောက်ဆုတ်သည်။

နှစ်လုံးပြူသေနတ်ရောက်လာ၏။

မိုးပေါ်ထောင်ပြီး နှစ်ချက်ပစ်သည်။

"သွားကြလေကွာ၊ ပြန်ကြတော့"

ဟု ရွာခေါင်းဆောင်တစ်ယောက် အော်သောအခါ ငွေးတို့လူအုပ်မကျေမနပ်ဖြင့်ပြန်ပါသည်။

ငွေးပြောသည်က အမှန်ဖြစ်၏။

စေတီပျက်ပေါ် ကျီးနားပြီးအော်သည်နှင့် ရွာသူရွာသားများတစ်ယောက်ပြီးတစ်ယောက်သေ၏။ အနည်းဆုံး သုံးယောက်သေပါ၏။

ကျီးကအမြဲတမ်းနားသည်မဟုတ်၊ အမြဲအော်သည်မဟုတ်။

ကျီးအော်သံကြားရသော -

တစ်ရွာလုံး ကြောက်ကြရ၏။ ဘယ်သူသေမှာလဲ။ နာမကျန်းဖြစ်သူ ဘယ်သူရှိသလဲဟု ကြည့်ရ၏။

အလုပ်ပျက်အကိုင်ပျက်ဖြစ်ကြရသည်က တစ်ရွာလုံး။

တိုက်ဆိုင်မှုလည်းဖြစ်ချင်ဖြစ်ပါမည်။ သို့သော် တိုက်ဆိုင်လွန်းလွန်းလွန်းပါ။

ထို့အတူ လမိုက်ညတွေမှာ ရေတွင်းပျက်ထဲက အော်သံများထွက်လာတတ်သည်ကလည်း အမှန်ပင်။

ထိုအသံများက ဘယ်လိုအသံတွေမှန်းမသိ။

မောင်းမကြီးရွာသား ကျီးနားရွာသားများ၏ ဓားသွားအောက်လုံသွားအောက်မှာ အသက်ပျောက်ရပါသော စစ်ပြေးဂျပန်များ၏ မချိမဆံ့အသံများပင်လောမသိ။

ရေတွင်းပျက်နှင့် စေတီပျက်က ဆန်းကြယ်သည်မှန်၏။

သို့သော် သူကြီးမင်းက မဖြိုဖျက်လို။ နောက်ဆုံး တစ်ရွာလုံးစုပေါင်း၍ဖြစ်စေ၊ တစ်ဦးတည်းအလှူရှင်ပေါ် ပေါက်လာသည်ဖြစ်စေ ရေတွင်းပျက်၊ စေတီပျက်ကိုပြုပြင်ချင်သည်။

ရွာခေါင်းဆောင်ပိုင်းကလည်း ထိုသို့ဖြစ်ချင်ခဲ့ကြပါ၏။

သုံးနာရီနီးပါးနေပြီးမှ သူကြီးမင်းတို့အဖွဲ့ ရွာပြန်ဝင်သည်။

"အင်း- ရွာနာမည်က ကျီးနားဆိုပြီး သဟာကိုအမှီပြုတွင်ခဲ့သလော။ ဘယ်သူကမျှား စခေါ် ခဲ့ပါလိမ့်"

ဟု အပြန်မှာ သူကြီးတွေးသည်။

အရင်က ရွာနာမည်ရှိခဲ့ပေမည်။ ထိုနာမည်ပျောက်ပြီး ကျီးနားဟုတွင်ခဲ့ရခြင်းလော။

■

နံနက်မိုးကောင်းကောင်းမလင်း

www.burmeseclassic.com

www.burmeseclassic.com

သေး။ အလင်းရောင်ပင်ပျို့အန်စရိုသေး ၏။ ဘွားပျော် ဆွမ်းချက်နေချိန်ဖြစ်၏။ သူကြီးဦးထွန်းတင်ပင် အိပ်ရာကမထသေး။

ကျီးနားရွာတစ်ရွာလုံး အုတ်အော်သောင်းတင်းဖြစ်လျက်ရှိ၏။

ရွာအနောက်ဘက်သုသာန်ရေတွင်းပျက်မှာ ငခွေးနှင့် ရွာသားလူငယ်လေးယောက်ရေနစ်သေကြ၏။ အလောင်းကို အပေါ်တင်နေကြပြီ။

ရွာသူသုံးလေးယောက် လမ်းမပေါ် ပြေးပြေးလွှားလွှားအော်ဟစ်ပြောဆိုသွားကြသမျှ ဘွားပျော်ဆွမ်းချက်ရင်း ကြားရခြင်း ဖြစ်၏။

သို့ဖြင့် ဘွားပျော်က သူကြီးမင်းကိုနှိုးပြီး သတင်းမေးရတော့သည်။

သူကြီးမင်း မျက်နှာပင်မသစ်နိုင်။ ရွာအနောက်သချိုင်းရှိရာပြေးရ၏။ ရွာလူအုပ်ကသုသာန်ဟောင်းမြေမှာဒုံပြည့်ဖြစ်၏။

ငခွေးမိခင်က လူးလှိမ့်ငိုနေသည်။ ဆွဲသူကဆွဲနေ၏။

ရေတွင်းပျက်ဘေးမှာ ငခွေးနှင့် ရွာသားလူငယ်လေးယောက် အလောင်းများတွေ့ရ၏။ အနီးမှာရေစုတ်စက်တစ်လုံးလည်းရှိနေပါသည်။

အနီးမှာရှိနေသူများကို သူကြီးမင်းမေးရတော့၏။

ငခွေးတို့လှုစု ရေတွင်းပျက်ထဲကို တစ်ညလုံးဆင်းပြီး ရေတွင်းပျက်ထဲမှ သေတ္တာကို ဆယ်ဖို့ကြိုးစားကြသည်။

ရေတွင်းပျက်ထဲကရေကို စက်မောင်းပြီးထုတ်သည်။ သို့သော် ရေကပြန်ပြည့်ပြီး ထွက်လာသည်။ ရေထဲမှာပင် ငခွေးတို့ဆင်းကြသည်။

စက်မည်မျှစုပ်ထုတ်ထုတ် ရေကမကုန်၊ ရေကမလျော့။

သုသာန်ရေတွင်းပျက်ကလည်း ဆန်းကြယ်ပါ၏။

စစ်ပြေးဂျပန်အလောင်းများပစ်ချခဲ့သည်ကမှန်၏။ သို့သော်လည်း ဂျပန်အလောင်းများမရောက်မီ အစိမ်းရောင်သေတ္တာတစ်လုံးက ရောက်နှင့်နေ၏။

စစ်ပြေးရင်း လုယက်လာသမျှ ရွှေငွေရတနာပစ္စည်းများကို သေတ္တာထဲမှာ ဂျပန်များထည့်ခဲ့ကြပြီး ရေတွင်းပျက်ထဲချထားခြင်း ဖြစ်၏။

ထိုအဖြစ်ကို မြင်သူရှိ၏။

ဂျပန်များမရှိတော့ချိန် မောင်းမကြီးသား၊ ကျီးနားသားတို့ ထိုသေတ္တာကို ရှာကြရသေး၏။ မြင်သူကပြော၏။ သတင်းအတိအကျရထားပါလျက် ထို သေတ္တာကို ရှာမတွေ့၍ မကျေနပ်ကြ။

ရေတွင်းပျက်ထဲ အလောင်းများ အောက်မှာ သံသေတ္တာကရှိနေ၏။ ထိုအဖြစ်ကို ငခွေး ရိပ်စားမိ၏။

သို့ဖြစ်၍ အလောင်းအရိုးစုများကို တစ်ရက်ချင်းရှင်းထုတ်ခဲ့၏။

ငခွေးတို့အုပ်စု လူသူမသိအောင် ကျိတ်၍လုပ်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် ကျီးနားရွာသူရွာသားများ ညအချိန် သုသာန်ဟောင်းအနီး မချဉ်းဝံ့မကပ်ဝံ့ကြ။

ကျောက်တိုင်မီးကျွမ်းအုတ်များပေါ်တွင် လူနက်ကြီးသုံးဦးထိုင်နေခဲ့ကြသည်ကို တွေ့မြင်ကြရ၏။

ထိုသုံးဦးက ခေါင်းတုံးများနှင့်ဖြစ်၏။ ပုဆိုး၊ အင်္ကျီမပါ၊ ဝတ်လစ်လစ်ဖြစ်၏။ တစ်ကိုယ်လုံးနက်မှောင်လှစွာသော အသားနှင့်ဖြစ်၏။

ထို့အပြင် ထိုသုံးဦး၏မျက်လုံးများက လက်ဖက်ရည်ပန်းကန်လုံးအဝန္ကြီးလျက် အစိမ်းရောင်များဝင်းဝင်းတောက်နေသည်။

တွေ့ရမြင်ရသူတိုင်း ကဆုန်ချပြေးကြရသည်ချည်း။ အသေအချာမကြည့်ရဲကြ။

ထိုလူနက်ကြီးသုံးဦးက ထိုင်နေကြသည်သာဖြစ်၏။ မည်သူ့ကိုမျှ ခြောက်လှန့်ခြင်းမရှိငြား ကြောက်ကြသည်။

ညတိုင်း တွေ့ကြသည်လည်း မဟုတ်။ သို့သော် သုသာန်ဟောင်းဘက်က စူးစူးဝါးဝါးခွေးဟောင်သံများ အဆက်မပြတ်ကြားရပါသော် အမှန်ပင် ထိုလူနက်ကြီးသုံးဦးရှိနေသည်။

စစဦး ငခွေးတို့လည်းကြောက်ကြသည်။ နောက်ပိုင်း ငခွေးအဆောင်ကောင်းလက်ဖွဲ့ရလာသည်ဆို၏။

ထိုအဆောင်လက်ဖွဲ့အားကိုးနှင့် ငခွေး ရတနာသေတ္တာရရှိရန် ကြိုးစားခြင်း ဖြစ်သည်။

အစိမ်းရောင်သေတ္တာကြီးသည် သော့နှစ်လုံးခတ်ဟုဆို၏။ ရေထဲမှာ ထိုသော့များကို မည်မျှရှိက်ဖျက်မပျက်။

ရေပေါ် ကိုလည်း သေတ္တာကြီးကို မည်သူမျှဆွဲမတင်နိုင်။ တင်၍မရ။ ကြိုးကွင်းပစ်၍တင်၏။ အင်အားသုံးကြည့်၏။ ကြိုးကွင်းများသာပြတ်တောက်၏။ သေတ္တာကြီးကမကြွေပေ။ ရေပြင်ပေါ်မတက်။

ငခွေးနှင့် သေသူလေးယောက် ကောင်းစွာမြေချပြီး သုသာန်ဟောင်းရေတွင်းပျက်ကြီးကိုဖို့ရန် သူကြီးကရွာခေါင်းဆောင်များ၊ ရွာသူရွာသားများနှင့် ညှိနှိုင်းဆွေးနွေး၏။ တိုင်ပင်ဆွေးနွေးကြ၏။

ထိုအချိန်မှာပင် သေတ္တာကြီးဆယ်ယူရန် ကြိုးစားရင်း လူနှစ်ယောက် ထပ်ပြီးရေနစ်သေပါသည်။

ထိုလူနှစ်ယောက် ကျီးနားရွာသားများမဟုတ်။

မည်သည့်အရပ်၊မည်သည့်ရွာက မှန်းမသိကြ။ တွေ့သူမြင်သူမရှိ။ မြေချလိုက်ကြရပြန်သည်။

မြေဖို့ပစ်၍ သဘောတူသည်က အနည်းစုသာဖြစ်ပါသဖြင့် သူကြီးမင်းက ခြောက်လက်မ ထူ (၁၂) ပေပတ်လည် အကျယ်ကျောက်ပြားကြီးတစ်ချပ်ပြုလုပ်ပြီး သုသာန်ရေတွင်းဟောင်းကြီးပိတ်လိုက်ရပါသည်။

■ ကျီးနားမှသည် ရွှေကျီးသာသို့

နှစ်ပေါင်းများစွာကြာခဲ့၏။

ကျေးရွာဥက္ကဋ္ဌက မောင်ညွန့်တင်ဖြစ်၏။ အသက်သုံးဆယ်ကျော်မျှသာ ရှိ၏။ ကျီးနားရွာတောင်ပိုင်းသား ဖြစ်၏။

အမိအဖများက တောင်သူကြီးများဖြစ်သည်။ ချမ်းသာကြ၏။

မောင်ညွန့်တင်က စာတတ်ပေတတ်လည်း ဖြစ်၏။ ရွှေဘိုမြို့မှာအထက်တန်းပညာများသင်ခွင့်ရခဲ့သည်။

ကျီးနားရွာသူရွာသားအားလုံး၏ ဆန္ဒအရ ကျေးရွာပြည်သူ့ကောင်စီဥက္ကဋ္ဌတာဝန်ကို မောင်ထွန်းတင်ယူလိုက်ကြရ၏။ ကျေးရွာအတွက် ခန့်ခွဲမှုကောင်း၏။ အစီအမံတော်သည်။

မြို့နယ်ခရိုင်အထိဝင်ဆံ့သူလည်းဖြစ်ပါသည်။

မြို့နယ်အစည်းအဝေးမှအပြန် သုသာန်သချိုင်းဟောင်းမှာ လွန်ခဲ့သောညက ရသေ့တစ်ပါးရောက်ရှိနေသည်။ ထိုရသေ့ကို လူနက်ကြီးသုံးဦးက ကန်တော့နေသည်ကို ညက မြင်တွေ့ခဲ့သည့်ရွာသားရှိသည်။

ထိုသတင်းကို ကြားရ၍ အိမ်ကို မျှမဝင်။ စက်ဘီးဖြင့် သုသာန်ရှိရာမှန်မှန်ဆက်နင်းလာရ၏။

အမှန်ပင် ရေတွင်းပျက်ကျောက်ပြားပေါ် သိတင်းသုံးနေသော ရသေ့ကြီးကိုတွေ့ရ၍ မောင်ညွန့်တင် ဝတ်ပြုပြီး ရွာဥက္ကဋ္ဌဖြစ်ကြောင်း လျှောက်ထား၏။

နောက်သုံးရက်အကြာမှာ ရပ်မိရပ်ဖများနှင့်အတူ ဥက္ကဋ္ဌတိုင်ကြီးရောက်ရှိရန် ရသေ့ကြီးကမှာ၏။

မည်သည့်စလေးမျှ ဆက်မိန့်ကြား

www.burmeseclassic.com

www.burmeseclassic.com

ခြင်းမရှိ၍ ပြန်ခဲ့ရ၏။

ကြေးစည်သံလေးတလွင်လွင်ဖြင့် ရသေ့ကြီး ဆွမ်းဆန်ခံနေကြောင်းကို ကျီးနားရွာမှာသာမဟုတ် အရှေ့ဘက် မောင်းမကြို၊ တောင်ဘက် အေးကုန်း၊ အနောက်ဘက် ကောက်ကွေ့တော၊ မြောက်ဘက် မဲတောတုန်းရွာများအထိ ရသေ့ကြီးဆွမ်းဆန်ခံကြောင်းကြား၏။ ညပိုင်းမှာ သုသာန်အခြိုင်းဟောင်းမှာပြန် သိတင်းသုံးသည်။

မောင်ညွန့်တင်နှင့် ရပ်မိရပ်ဖ အပါအဝင် ရွာသူရွာသားသုံးဆယ်ခန့် သည် သုံးရက်မြောက် နေ့ခင်းပိုင်းမှာ ရသေ့ကြီးထံရောက်ရှိကြ၏။

မောင်ထွန်းတင်တို့ အုံသြကြရပြန် သည်။

မောင်းမကြို၊ အေးကုန်း၊ ကောက် ကွေ့တော၊ မဲတောကုန်းရွာများကဥက္ကဋ္ဌ များပါရောက်ရှိနေပါ၍ ဖြစ်ပါ၏။

ရသေ့ကြီးက ဝါးဆစ်ပိတ်ရေဘူး မှ ယွန်းခွက်ဖြင့် ရေဝင်တစ်ခွက်စီတိုက် ပါ၏။ ကြေးကွမ်းအစ်ကြီးဖွင့်၍ ကွမ်း တစ်ယာစီကျွေး၏။

အားလုံးစုံညီရှေ့မှာ ရသေ့ကြီးမိန့် ကြားမှကြောင့် အံ့အားသင့်အံ့ဘနန်းဖြစ် သွားကြရပါသည်။

သုသာန်ဟောင်းမြေမှာ ဘုန်းကြီး ကျောင်းတစ်ကျောင်းဆောက်လုပ်မည်။ ရွာထိပ်စေတီပျက်နှင့် ရေတွင်းပျက်ကို ပြင်မည်။ နောက်ဆုံးမှာ သုသာန်ရေ တွင်းဟောင်းကို ပြင်မည်ဖြစ်၍ လုပ်အား ကုသိုလ်ပြုကြရန် အစုအဖွဲ့ဖွဲ့ပေးပါရန် ဖြစ်၏။

ထိုအလှူအတွက် ရွာအလိုက် ရသေ့ကြီးငွေကြေးအလှူခံမည်ဟု ဥက္ကဋ္ဌ များတွေးကြပြား အလှူငွေနှင့်ပတ်သက် ၍ ရသေ့ကြီးကမိန့်ကြားခြင်းမရှိပါသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ပြီး ပြန်ခဲ့ကြရသည်။

အစုအဖွဲ့ဖွဲ့ခဲ့ကြပါသည်။

ကျီးနားရွာဥက္ကဋ္ဌ မောင်ညွန့်တင် သည် ရသေ့ကြီးကိုနားမလည်။ ရသေ့ ကြီးမှာ ဆွမ်းဆန်တောင်းနှစ်လုံး၊ ထမ်းပိုး ဆိုင်းတစ်ခု၊ ကြေးစည်တစ်လုံးနှင့် အညို ရောင်လွယ်အိတ်လုံးသာပါ၏။

အညိုရောင်လွယ်အိတ်ထဲမှာတော့ ကြေးကွမ်းအစ်တစ်လုံးသာဖြစ်၏။

ငွေကြေးတစ်စုံတစ်ရာမပါမတွေ့ မမြင်ရ။

ရွာထိပ်စေတီပြင်မည်၊ ရေတွင်း ပျက်ပြင်မည်၊ သုသာန်ဟောင်းမှာ ဘုန်းကြီးကျောင်းဆောင်တစ်ဆောင် ဆောက်မည်။ ပြီးနောက် သုသာန် ဟောင်းရေတွင်းပျက်ပြင်မည်။

နည်းနည်းနောနောကုန်ကျစရိတ် မဟုတ်။

နောက်ရက်များတွင် ဆက်တိုက် ကျီးနားရွာ ဥက္ကဋ္ဌမောင်ညွန့်တင် အုံသြ ရ၏။ အုံသြဘနန်းဖြစ်ရပါလေ၏။

ကျောက်ကားကြီးများ၊ အုတ်ကား ကြီးများ၊ ထုံးဘိလပ်မြေကားကြီးများ၊ သံပင်သံချောင်းများ၊ အသားဆိုက်စုံ ကားကြီးများ တစ်စီးပြီးတစ်စီးဝင်လာ ၏။

ပန်းရန်အဖွဲ့၊ လက်သမားအဖွဲ့၊ ချက်ပြုတ်ကျေးမွေးရေးအဖွဲ့များရောက် လာသည်။

ဦးစွာ ရွာဦးစေတီကိုငုံ၍ အသစ် စေတီတည်သည်။ ရွာဥက္ကဋ္ဌမှာ ကျရာ တာဝန်ယူကြီးကြပ်ရသည်။

စေတီဖောင်းရစ်အထိ ရွှေစင်ရွှေ သားချသည်။ စေတီရှေ့မှာ နှစ်ခန်း ပတ်လည် အုတ်ခင်းဓမ္မာရုံဆောက်၏။ ကြွေပြားအပြည့်ခင်း၏။ အမိုးက ကွန်က ရစ်အမိုး ဖြစ်၏။ စေတီကုန်းမြေစေတီ ပတ်လည်အကျယ်ရှိ၏။ အားလုံးအညို ရောင်ကြွေပြားခင်း၏။

ဓမ္မာရုံအတွင်းစေတီတော်ရှေ့မှာ ကျောက်သားရုပ်ပွားတော်မြတ်တစ်ဆူ နှင့် ပလ္လင်တော်။

ဓမ္မာရုံ၏ အရှေ့မြောက်ထောင့်၌ ကြေးခေါင်းလောင်းတော်ကြီးတစ်ခု ကစင်ကြီးနှင့် ချိတ်ဆွဲထားရှိ၏။ ကုန်းမြေ ပတ်လည်အညိုရောင်သံတန်းတံတိုင်းရှိ ၏။

စေတီမြောက်ဘက်ရေတွင်းပျက် ကိုပြင်ခဲ့ကြ၏။

အုတ်စီအုတ်တက်၊ ခါးမျှအကာ တင်၏။ ပတ်ပတ်လည်အုတ်ခင်းသည်။ ငါးပေဆယ်ပေရေကန်တစ်လုံးရှိသည်။

ရေတွင်းအသစ်မှ အေးမြသော ရေကောင်းရေသန့်ထွက်ပါသည်။

ရေတွင်းရှေ့ဘက်တွင် အုတ်ရေ အိုးစင်တွင် ရေအိုးသုံးလုံးဆန့်ဆောက် ထားသည်။ ရေအပြည့်ရေအိုးများအောက် က ရေစိုသဲများ။

ယွန်းပန်းကန်ပြားအုပ်ကာ ယွန်း သောက်ရေခွက်ကလေးများ သောက် ချင်ဖွယ်ရာဖြစ်ပါသည်။

ရွှေဘို-စစ်ကိုင်းကားလမ်းအနောက် ဘက် ရွှေရောင်စေတီတော်၊ ရေတွင်း နှင့် သောက်ရေးအိုးစင် သံတန်း၊သံတိုင် နှင့် ကြေးခေါင်းလောင်းတော်၊ ဓမ္မာရုံ အတွင်းက ကျောက်သားရုပ်ပွားတော် မြတ်။

နောက်ခံ ကျီးနားရွာ လွန်စွာတင့် တယ် မြင်ရသမျှအေးချမ်းလိုက်သည်ဖြစ် ခြင်း။

ထို့နောက် သုသာန်ဟောင်းရေ တွင်းပျက်တောင်ဘက်မှာ သုံးခန်းပတ် လည်သွပ်မိုးအုတ်ခင်းအုတ်စာက်နှစ်ထပ် ကျောင်းဆောင်ကြီး။ ကျောင်းဆောင် အောက်ထပ်အပြည့်အညိုရောင်ကြွေပြား ခင်းပါသည်။ အပေါ်ထပ်မှာ အလှူမိန်ယ် မှန်နှန်းဆောင်နှင့်ကျောက်သားရုပ်ပွားတော် တစ်ဆူ စံပယ်၏။

နှစ်ထပ်ကျောင်းဆောင်ကြီးပြီးစီး ချိန်၊ သုသာန်ရေတွင်းပျက်ပြင်မည့်အချိန် ရွာလေးရွာမှ ဥက္ကဋ္ဌများနှင့် ရွာသူရွာ သားများစုံညီချိန်။

အုတ်၊ ကျောက်၊ သွပ်၊ သံ၊ ထုံး ဘိလပ်မြေကုန်သည်ကြီးများ ကားကိုယ် စီဖြင့်ရောက်နေကြချိန်။

ပန်းရန်ခေါင်းဆောင်၊လက်သမား ခေါင်းဆောင်တို့လည်းရှိနေချိန် အားလုံး စုံညီချိန်။

သစ်ဖိုး၊ သံဖိုး၊ ဘိလပ်မြေ၊ ထုံး၊ အုတ်၊ ကျောက်စရစ်တင်လာသမျှ လက်သမားခ၊ ပန်းရန်စရိတ်တင်လာ သမျှ တာဝန်ကျခေါင်းဆောင်များက တင်ပြပါ၏။

ရသေ့ကြီးက ကျသင့်တန်ဖိုးများ ကုန်သည်ကြီးများကို ရှင်းပေးရတော့ မည့်အချိန်။

ရသေ့ကြီးမျက်နှာတော်က တည် ငြိမ်လှပါဘိခြင်း၊ အေးချမ်းလှပါဘိခြင်း။

သုသာန်ဟောင်း၊ ရေတွင်းပျက် ပြင်ရန် ကျောက်ပြားကြီးကိုဖယ်လိုက် ကြချိန် တွေ့လိုက်မြင်လိုက်ကြရသူအား လုံး ဟင်ခနဲ ဟာခနဲဖြစ်သွားကြရပါ သည်။

အစိမ်းရင့်ရင့် သံသေတ္တာကြီးက မြေမျက်နှာပြင်အထိ ရေပေါ်မှာတက် လာပါ၏။ ကြည်လင်သန့်ရှင်းစိမ်းဖန့်ဖန့် ရေပြင်အလယ်က သော့နှစ်လုံးခတ် သေတ္တာကြီး။ ထိုသေတ္တာကြီးကို ရသေ့ ကြီးနှင့် ရွာဥက္ကဋ္ဌများဆွဲတင်ဆွဲယူလိုက် ကြပါသည်။

နှစ်ထပ်ကျောင်းဆောင်ကြီး၏ အောက်ထပ် အားလုံးရှေ့မှာ ရသေ့ကြီး က သော့နှစ်လုံးကို ဆွဲယူလိုက်ရာ ဥတ် ခနဲအသံနှင့် သော့နှစ်လုံးပွင့်ပါသည်။

သံသေတ္တာကြီးအတွင်းမှာ ရွှေ ထည်ပစ္စည်းမျိုးစုံ ရှိသည်ကို တွေ့ကြ ရ၏။

လေးရွာဥက္ကဋ္ဌများလက်သို့ ရတနာ

www.burmeseclassic.com

www.burmeseclassic.com

(၁၆) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးပြီ။

တနဂ်္ဂနွေသားသမီးများ

ဇွန်လ ၅-၁၂-၁၃-၁၆-၁၉-၂၆-၂၇ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုအချိန်ပေးပါ။တစ်နေ့ဆဲ နဂါးရုံဘုရား (၇) ဆူပြည့်အောင်သွားပြီး ဘုရားတိုင်းမှာ ဖယောင်းတိုင် (၇) တိုင်စီထွန်း ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။ (ဘုရားစေတီတိုင်းမှာ နဂါးရုံဘုရားများရှိပါသည်။ အချို့နေရာများမှာ နဂါးရုံဘုရားသီးသန့်တည်ထားကြပါသည်။)

ဇူလိုင်လ ၂-၉-၇-၃ ဂဏန်းများနှင့် တနလ်ာနံ၊ စနေနံထီဆိုင်ကြီးများ အကွရာများကံစမ်းနေပါသည်။

တနလ်ာသားသမီးများ

နဂါးရုံဘုရားတစ်ဆူဆူသို့သွား၍ မုန့်လုံးရေပေါ် တစ်ထောင်ဖိုးကပ်လှူပူဇော်ပြီး ဖယောင်းတိုင် (၆) တိုင်ထွန်းပူဇော်ပါ။ အပြန်မှာထီထိုးပါ။

ဇွန်လ ၅-၁၀-၁၃-၁၄-၁၇-၁၉-၂၇ ရက်များမှာ ထီထိုးပါ။

ဇူလိုင်လတွင် ၇-၁-၅-၃ ဂဏန်းများနှင့် စနေ၊ တနင်္ဂနွေအကွရာများ၊ ၎င်းနံထီဆိုင်ကြီးများ အကျိုးပေးသည်။

အင်္ဂါသားသမီးများ

ဇွန်လ ၅-၁၁-၁၄-၁၅-၁၉-၂၀-၂၇ ရက်များမှာ ထီထိုးပါ။

အိမ်နှင့်အတော်လေးအလှမ်းဝေးသောနေရာမှာရှိသည့်နဂါးရုံဘုရားတစ်ဆူကိုသွားပါ။ ကော်ပန်းကန်ပြားတစ်ချပ်ယူသွားပါ။ မုန့်လုံးရေပေါ် တစ်ထောင်ဖိုးကပ်လှူပြီး ဖယောင်းတိုင်(၇)တိုင်ထွန်းညှိ

ဆရာဦးမောင်မောင်သန်း
(ရန်ကုန်စားဖွယ်ရာစာရေးဆရာ)

ပူဇော်ပါ။ အပြန်မှာထီထိုးပါ။ ပေါက်သည်နှင့် ၎င်းနဂါးရုံဘုရားကို ထပ်သွားပါ။ မှတ်မှတ်ရရဖြစ်စေမည့် တစ်ခုခုကို လှူပေးလိုက်ပါ။

ဇူလိုင်လမှာ ၂-၉-၇-၅-၃ ဂဏန်းများနှင့် အင်္ဂါ၊ စနေနာမည်ထီဆိုင်များ၊ ၎င်းအကွရာများကံစမ်းနေပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ဇွန်လ ၅-၁၂-၁၅-၁၆-၁၉-၃၀ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိဘုရားစေတီတစ်ဆူဆူသို့သွား၍ ပြိုဟ်ရှစ်ခွင်လုံးတွင် ရေသပ္ပာယ်ပါ။ ပြီးရင် ပြိုဟ်ရှစ်ခွင်လုံးရှိ ရုပ်ပွားတော်များကို ရေသပ္ပာယ်ပြီး ရွက်လှမ်းလက်တစ်ဆုပ်စီ ပြိုဟ်ရှစ်ခွင်လုံးရှိ ရုပ်ပွားတော်များကိုလှူပါ။

ဇူလိုင်လမှာ ၁-၇-၄-၃ ဂဏန်းများနှင့် တနင်္ဂနွေ၊ စနေနာမည်ထီဆိုင်များ၊ အကွရာများအကျိုးပေးသည်။

ကြာသပတေးသားသမီးများ

ဇွန်လ ၅-၁၀-၁၃-၁၆-၁၇-၁၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား မုန့်လုံးရေပေါ်ဆွမ်းငါးရာဖိုး ဆယ်ရက်တိုင်တိုင် နေ့စဉ်ပူဇော်ပါ။ စိပ်နေကျအဓိဌာန်ပုဒ်တိုးကို သာစိပ်ပါ။

ဇူလိုင်လတွင် ၅-၂-၉-၇ ဂဏန်းများနှင့် စနေ၊ တနလ်ာနာမည်ထီဆိုင်ကြီးများ၊ အကွရာများအကျိုးပေးသည်။

သောကြာသားသမီးများ

ဇွန်လ ၅-၁၀-၁၁-၁၄-၁၇-၁၉-၂၈ ရက်များမှာ ထီထိုးပါ။

လက္ခဏာရှားပါးသူများကို ပိန်းဥ၊ ဘဲဥဟင်းချက်စားရန် များများလှူပေးလိုက်ပါ။ အနည်းဆုံး (၅) ယောက်ခန့်ကို လှူပေးပါ။ တစ်ပတ်ကြာရင် တစ်ကြိမ်ထပ်လှူပါ။ ပြီးမှ ထီထိုးပါ။

ဇူလိုင်လတွင် ၄-၈-၃-၇ ဂဏန်းများနှင့် စနေနံထီဆိုင်များ အကွရာများအကျိုးပေးနေပါသည်။

စနေသားသမီးများ

ဇွန်လ ၅-၁၁-၁၂-၁၅-၁၈-၁၉-၂၅ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ထောပတ်ဆွမ်းများနှင့် (၇) ရက်တိုင်တိုင် ကပ်လှူပူဇော်ပြီး အဓိဌာန်ပုဒ်မီးများစိပ်ပါ။ ဖြစ်နိုင်လျှင် ထိမ်သားပုတီးနှင့် ဒိဝါတပတိဂါထာပုတီးစိပ်ပါ။ (၇) ရက်ပြည့်မှ ထီထိုးပါ။

ဇူလိုင်လတွင် ၂-၉-၁-၇-၅ ဂဏန်းများနှင့် ၎င်းနံထီဆိုင်များအကွရာများကံစမ်းနေပါသည်။

ဇွန်လတွင်-
၅ - ၆ - ၂၀၁၈ အင်္ဂါနေ့နှင့်
၁၉ -၆ - ၂၀၁၈ အင်္ဂါနေ့များမှာ (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးဖြစ်အောင်ထိုးပါ။ ပေါက်သည်နှင့် အနန္တောအနန္တငါးပါးကို ထူးထူးခြားခြား ပြည့်ပြည့်ဝဝလှူပေးပါ။

ဆရာဦးမောင်မောင်သန်း
(ဧင်ကိုအေးမြစေသား)

ပစ္စည်းများအပ်ပါသည်။

အုတ်၊ ထုံး၊ ဘိလပ်မြေကုန်သည်ကြီးက ရတနာပစ္စည်းများကို စေးဖြတ်ဝယ်ပါသည်။

ကုန်ကျစရိတ်များရှင်းပေးသည်။

ရသေ့ကြီးက -

"စေတီတော်၊ နှစ်ထပ်ကျောင်းဆောင်၊ ရေတွင်းနှစ်လုံး အလှူရှင်က အများလှူဒါန်းငွေ"

ဟုကြေညာပါသည်။

နောက်နေ့နံနက် အရုဏ်တက်တွင် ရသေ့ကြီးပြန်ကြွသွား၏။ ကြေးစည်သံတလွင်လွင်ကို မောင်းမကြို၊ အေးကုန်း၊ ကောက်ကွေ့တော၊ မဲတောကုန်း ကျေးရွာအုပ်စုလေးစုနှင့် ကျီးနားကျေးရွာသူရွာသားများ ယနေ့တိုင် လွမ်းဆွတ်တမ်းတသတိရနေဆဲဟုဆိုပါသည်။

စစ်ကိုင်း - ရွှေဘိုကားလမ်းအနောက်ဘက် ရွှေဘိုမြို့နှင့် (၁၀) မိုင်အကွာ ကြေးဖောင်းကြွေအလုံးကြီးများနှင့် ရွှေကျီးသာကျေးရွာဆိုင်းဘုတ်က ခုံညားတောက်ပထည်ဝါစွာဖြင့် ရွာထိပ်အဝင်တွင်ရှိပါ၏။

ကျီးနားရွာကို 'ရွှေကျီးသာ' ဟုနာမည်ပြောင်းခဲ့ကြပါ၏။

ရွှေကျီးသာရွာဥက္ကဋ္ဌမောင်ညွန့်တင်သည် ယခုအခါ ရွှေကျီးသာအုပ်ချုပ်ရေးမှူး ဦးညွန့်တင်ဖြစ်ပါ၏။

ဦးညွန့်တင်သည် ကျွန်တော်နှင့် ရွှေဘိုမြို့ အထက (၁)တွင် အတူစာသင်ဖက်များ ဖြစ်ပါသည်။ အထက်တန်းအတူအောင်ခဲ့ကြသည်။

လစာထုတ်ရက် ဝက်လက်မြို့ ပိတောက်ဝါ လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့ဆုံခဲ့ကြပါ၏။

ကျီးနားမှသည် ရွှေကျီးသာသို့ ထိုအဖြစ်ထိုအပျက်တို့အကြောင်းများကို ကျွန်တော့်သူငယ်ချင်းက ပြောပြသွားခြင်း ဖြစ်ပါသည်။

မအေးဇော်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော ခရစ်နှစ် ၂၀၀၀ ခုနှစ် ကျော်က ဖြစ်၏။

မောင်ဟန်နှင့် ထွန်းသူရသည် ဆေးတက္ကသိုလ်တွင် အတူတက်ရောက်နေကြသော သူငယ်ချင်းများ ဖြစ်ကြ၏။ သူတို့နှစ်ဦးစလုံး၏ နေအိမ်များသည် ဆေးတက္ကသိုလ်နှင့်နီးသဖြင့် နေ့အိမ်မှ ကျောင်းသို့ ခြေကျင်သွားရောက်ကျောင်းတက်နိုင်ကြရာ ကံကောင်းသည်ဟု ဆိုရပေလိမ့်မည်။

နယ်မြို့များမှကျောင်းတက်ခွင့်ရသူများအတွက် အဆောင်နေခွင့်မပေးသဖြင့် ကျောင်းအနီးအနားရှိလူနေရပ်ကွက်များထဲတွင် အိမ်ငှားနေရ၊ ထမင်းလခပေးစားရဖြင့် ငွေအကုန်အကျများလေရှိ၏။ အိမ်နှင့်ကျောင်းနီးသောအခါ ထိုကုန်ကျမှု သက်သာသွား၍ ကံကောင်းသည်ဟု ဆိုရခြင်း ဖြစ်လေသည်။

သို့သော် မောင်ဟန်၏ညီဖြစ်သူက နည်းပညာတက္ကသိုလ်တက်နေသလို ထွန်းသူရ၏အစ်ကိုက ဆေးတက္ကသိုလ်မှာပင် တက်ရောက်နေဆဲကာလဖြစ်နေ၍ မိဘများမှာ ကျောင်းစရိတ်ထောင်း၍ အတုန်အကျများတာခြင်းက တူညီနေပြန်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်က ဘဝတူများဟု ဆိုနိုင်၏။

စနေ၊ တနင်္ဂနွေကျောင်းအားရက် တစ်နေ့တွင် မောင်ဟန်၏ နေ့အိမ်သို့ ထွန်းသူရသည် စက်ဘီးစီး၍ ရောက်ရှိလာသည်။ ဤသို့ပင် တစ်ဦးအိမ်တစ်ဦးသွားလာနေကျဖြစ်၍ မိဘတွေ့ခွင့်လည်း ရင်းနှီးပြီး ဖြစ်၏။ စက်ဘီးကိုတွန်း၍ဝင်လာသောထွန်းသူရကို မောင်ဟန်က-

"ဘယ်လိုလဲ ၊ သူငယ်ချင်းရဲ့။ စာမေးပွဲနီးလာတာနဲ့ နေ့မအိပ်ညမအိပ် စာကြည့်နေသလားမှတ်တယ်။မျက်ကွင်းတွေ ချောင်ကလို့ပါလားကွာ။ ခုမှ ငါတို့တက်နေတာ ဒုတိယနှစ်ပဲရှိသေးတယ်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးလေ"

ထွန်းသူရက ဘာမှပြန်မပြောပေ။ မျက်နှာရှုံ့မဲ့လိုက်ရင်း ခေါင်းခါယမ်းနေသည်။ မောင်ဟန်က ဧည့်သည်ဖြစ်သူ သူငယ်ချင်းကို -

"လာကွာ၊ ငါ့အခန်းထဲမှာသွားပြီး စတားပြောကြရအောင်"

ဟု ပြောရင်း ခေါ်ဆောင်သွား၏။

အချိန်သိပ်မကြာလိုက်မီ သူတို့နှစ်ဦးစလုံး အခန်းထဲမှပြန်ထွက်လာခဲ့ကြပြီးနောက် ကွန်ပျူတာ၏ စာကြည့်စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြရင်းမှ ကွန်ပျူတာ၏သားဖြစ်သူ မောင်ဟန်က-

"အဖေ၊ သူရမှာ ထူးဆန်းတဲ့ အခက်အခဲတစ်ခုတွေ့နေတယ်တဲ့"

"ဟေ - ဘာတွေများခက်ခဲနေရသတဲ့လဲ။ ပြောနိုင်ရင်ပြောလေကွယ်"

ထိုအခါ ထွန်းသူရက -

"ဟုတ်ပါတယ် ဦး၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပေါ့"

ဟု ဆိုကာ သူကြုံတွေ့ရပုံကို ပြန်လည်ပြောပြလေသည်။

■

ထွန်းသူရ၏ ဖခင်သည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး မိခင်က တိုင်းရင်းသူဘာသာခြားကို ကိုးကွယ်သည်။ သားသမီးသုံးယောက်အနက် အစ်မကြီးက ဖခင်ဖြစ်သူကဲ့သို့ ဗုဒ္ဓဘာသာဝင်ဖြစ်ကာ အငယ်နှစ်ယောက်ဖြစ်သော နိုင်သူရနှင့် ထွန်းသူရတို့ ညီအစ်ကိုနှစ်ဦးက မိခင်၏ ဘာသာခြားကို ကိုးကွယ်ကြလေသည်။

ဒုတိယနှစ်ဆေးတက္ကသိုလ်တက်ရောက်နေရင်းမှ ထွန်းသူရသင်ကြားရသောစာများက ခက်ခဲလှ၏။ တက္ကသိုလ်ဝင်တန်းတွင် သင်ကြားရသောစာများထက်နှစ်ဆမက များပြားသလို အလွန်ခက်ခဲမှုနှင့် ရင်ဆိုင်ရလေသည်။

လူ၏ ဦးခေါင်းခွံပိုင်းအကြောင်း သင်ကြားရာတွင် ဦးခေါင်းခွံ၏ နေရာအမှတ်များ၏ ဆေးပညာဆိုင်ရာဝေါဟာရများ ခက်ခဲရှုပ်ထွေးလှ၏။ အမှတ်အသားများနေရာလွဲခဲ့လျှင်လည်း အဖြေကအမှားသာဖြစ်သည့် စာမေးပွဲထွင် အမှတ်မရနိုင်ပေ။

နေအိမ်မှာ စာကြည့်လျှင်လည်း အနီးမှာ လူဦးခေါင်းခွံ ထားရှိ ကျက်မှတ်လေ့လာက အကောင်းဆုံးဖြစ်ကြောင်း စီနီယာတန်းတွင် ကျောင်းတက်နေဆဲဖြစ်သော အစ်ကိုဖြစ်သူ နိုင်သူရကပြော၏။ သို့သော် ဦးခေါင်းခွံတစ်လုံးဝယ်ယူရန်က စျေးနှုန်းကြီးသဖြင့် ထွန်းသူရမှာ ငွေကြေးမတတ်နိုင်ပေ။ ထို့ကြောင့် တစ်နေ့တွင် ဦးခေါင်းခွံဝယ်ယူထားသူ သူငယ်ချင်းဖြူးလွင်ထံမှ ခဏငှားလာခဲ့လေသည်။

မိမိစာကြည့်စားပွဲပေါ်၌ စာအုပ်က အလွန်များပြားနေ၍ ဦးခေါင်းခွံကို ကြမ်းပြင်ပေါ်မှာသာ ချထားခဲ့လေ၏။ ထွန်းသူရသည် ထိုင်၍စာကြည့်ရင်း ခြေနှင့်တိုက်မိသောအရာကို ငုံ့မကြည့်ဘဲ ခြေဖဝါးဖြင့်စမ်းကြည့်ရာ ဦးခေါင်းခွံဖြစ်နေသဖြင့် မိမိခြေထောက်ကို ဦးခေါင်းခွံမှာတင်ထားရင်း ဆက်လက်စာကြည့်နေခဲ့၏။

ထိုည အိပ်ရာဝင်သောအခါတွင် အလွန်ထိတ်လန့်ဖွယ်ရာအိပ်မက်ဆိုးကြီးကို မြင်မက်လေသည်။ တောအုပ်တစ်ခုထဲတွင် နွားပေါက်တစ်ကောင်နီးနီးရှိသော ခွေးနက်ကြီးတစ်ကောင်နောက်ကလိုက်သဖြင့် သေပြေးရှင်ပြေးအသက်လုပြေးနေရသည်။ ပြေးရင်းဖြင့် နံဘေးတွင် မြက်ပင်ရှည်များကို သတိထားမိသည်။ ထိုမြက်ပင်ရှည်များနောက်တွင်စီတန်းနေသော မြေပုံရှည်ရှည်များက သချိုင်းတစ်ခုဖြစ်ကြောင်း သဘောပေါက်စေလေသည်။

ဤတရက်နောက်သို့လှည့်ကြည့်မိရာ ခွေးနက်ကြီးက တောက်လျှောက်လိုက်နေဆဲဖြစ်ပြီး အစွယ်ဖွေးဖွေးနှင့် နီရဲနေသောလျှာတန်းလန်းက ကြောက်ဖွယ်ရာကောင်းလှသည်။ ထိုအချိန်မှာပင် ပြေးနေရင်း က ခလုတ်တိုက်မိပြီး မှောက်လျက်လဲသွားရင်း သံကုန်အော်ဟစ်လိုက်မိပြီးနောက် ကိုယ်ပျော်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com

နိုးသွားသည်။ တစ်ကိုယ်လုံးသည် ချွေးများရွှဲရွှဲစိုနေသည်ကို တွေ့ရှိရသည်။ ဤသို့ဖြစ်ပြီးနောက် အိပ်မပျော်တော့ဘဲ နံနက်မိုးလင်းသွားခဲ့သည်။

ဤသို့ပင် ခွေးနက်ကြီးတစ်ကောင် နောက်ကလိုက်၍ အသက်လုပြေးရသော အိပ်မက်ကို အချိန်ကာလတစ်ပတ်ကျော်အတွင်း နှစ်ကြိမ်မြင်မက်သော အခါ ဆောက်တည်ရာမရဖြင့် စိတ်ချောက်ချားလာသည်။ နောက်တစ်ကြိမ် အိပ်ပျက်ပြီးလန့်၍ အော်ဟစ်လိုက်သံကို မမကြီးကြားသွားပြီး နံနက်ခင်းမှာမေးမြန်း၍ ရှင်းပြရသေးသည်။

အစ်မဖြစ်သူသည် ခဏစဉ်းစားလိုက်ပြီးနောက် -

"အေး-နင်အမှားအယွင်းတစ်ခုခု ရှိနေပြီ။ ပယောဂကုဆရာနဲ့ကုဖူရတော့မယ်"

"ဖြိုးလွင်ဆီကယူလာတဲ့ဦးခေါင်းခွံကြီးက မင်းဆီမှာရှိနေသေးသလား"

"ကျွန်တော် သူ့ဆီပြန်ပို့လိုက်တာ (၃) ရက်ရှိသွားပြီ ဦး။ အိပ်မက်ဆိုးကတော့ မနေ့ညကထိမက်နေတုန်းပဲ"

မျက်နှာငယ်လေးနှင့်ထိုင်နေသောထွန်းသူရကို တစ်ချက်ကြည့်လိုက်ရင်း-

"ဒီဦးခေါင်းခွံကြီးနဲ့ ပတ်သက်နေလို့မယ်ဆိုတာ မင်းလက်ခံသလား"

"ဟုတ်ကဲ့ - ကျွန်တော်လက်ခံပါတယ်။ မမကြီးကလည်း ဒီလိုပဲပြောပါတယ်"

"ဒီဦးခေါင်းခွံကြီးက အသက်မရှိတော့တာတော့ မှန်တယ်။ လောကကြီးမှာ မယုံနိုင်စရာကောင်းအောင် ဂမ္ဘီရဆန်ပြီး ထူးခြားဆန်းပြားတာတွေ၊ သိပ္ပံပညာနည်းနဲ့ အဖြေရှာမရသေးတာတွေ ရှိနေသေးတယ်ကွ။ တို့မသိနိုင်တာက ဒီဦးခေါင်းခွံကြီးဟာ အတိတ်တစ်ချိန်မှာ သက်ရှိလူသားဖြစ်နေစဉ်က အသက်ကြီးကြီးလူရဲ့ဦးခေါင်းလား၊ ရဟန်းသံဃာတော်ရဲ့ဦးခေါင်းဖြစ်နေမလားမှမသိတာ။ ပြီးတော့ သေသွားပြီးပေမယ့် ဝိညာဉ်က ဦးခေါင်းခွံမှာများစွဲနေတုန်းရှိနေသေးသလားပဲ။ ဒါကို မင်းက မရိုမသေ ခြေနဲ့နင်းထားသလိုသွားလုပ်မိတော့ သူ့ဘက်က ဘယ်ကြိုက်မလဲကွယ့်"

"ဟုတ်ကဲ့ - ကျွန်တော်များသွားပါတယ်။ ဒီလိုမစဉ်းစားမိခဲ့လို့ကဲ့ဆို"

နောင်တ ဟူသည် နောင်မှရရှိတတ်သောသင်ခန်းစာသာဖြစ်လေသည်။ မျက်နှာငယ်ကလေးနှင့် ထိုင်နေသောထွန်းသူရကို တွေ့မြင်ပြီး ကျွန်ုပ်လည်းစိတ်မကောင်းဖြစ်မိသည်။

"အိပ်မက်ဆိုးကြောင့် အအိပ်ပျက်ရင် အစားအသောက်ပါပျက်လာပြီး ကျန်းမာရေးကို ထိခိုက်လာတတ်တယ်။ ပယောဂကုဆရာ ရှာကြည့်ပြီးကုပါလား။ ဦးကတော့ ဗုဒ္ဓဘာသာနည်းပဲ နားလည်တယ်။

ကျွန်ုပ်သည် ထွန်းသူရ၏ အတွေ့အကြုံကိုကြားသိရပြီးနောက် သားသမီးခင်းစာနာပြီး သူ့ကိုသနားမိသည်။ သူ့ကို မည်သို့ကူညီရမလဲ စဉ်းစားနေမိသည်။ အခက်အခဲက ထွန်းသူရသည် ဘာသာခြားကို ကိုးကွယ်နေခြင်းဖြစ်လေသည်။ သူလက်ခံအောင် ပြောပြနိုင်ရန် ခက်ခဲလေသည်။



အောင်ဆန်းလွင်း (စိုးအေး)

ဦးခေါင်းခွံရိုးနှင့် အိပ်မက်ဆိုးဖြစ်ရပုံ

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းငေ(ရွှေနဝင်း)
မိသားစုတိုင်း အပိုးနည်းဝန်ပါ
ကျန်းမာစွာပြင့် နေထိုင်စားသောက်နိုင်စေမည့် ရွှေချဉ်ပေါင်ပင်

ရွှေမြန်မာတို့၏လူတန်းစားမရွေး နှစ်သက်စွာ အချိန်မရွေး နှုတ်ခံတွင်းကို ဆွတ်ခေသော စားသုံးသီးနှံဟင်းရွက်တစ်မျိုးမှာ ချဉ်ပေါင်ရွက်ပင် ဖြစ်ပါသည်။

'ရွှေချဉ်ပေါင်တုန်းမှ မောင်ဘုန်းပြန်လာမယ်'

'ချဉ်ပေါင်ကို ခြေကန်ရုန်း သွားဟဲ့ ဂတုံး'

'ချဉ်ပေါင်နဲ့ ဝက်သား မလဲနိုင်ပါ'

ဆိုသည့် စကားရပ်များ မှတ်တမ်းတွင်ကျန်ခဲ့အောင်ပင် မြန်မာနှင့် ချဉ်ပေါင်ခွဲမရအောင် Favourite ဖြစ်လှပါသည်။ ချဉ်ပေါင်ကြော်၊ ချဉ်ပေါင်ဟင်းတစ်ခွက်ကောင်းနှင့်ပင် ထမင်းပြီးကြပေသည်။

နေထိုင်မကောင်းဖြစ်နေကြသော လူမမာများကတောင် ချဉ်ပေါင်ကြော်၊ ချဉ်ပေါင်ဟင်းအနုံရလိုက်တာနှင့် နှုတ်ခံတွင်းမှသွားရည်တများများကြွလာပြီး ခံတွင်းလိုက် နှုတ်မြိန်လို့ လျင်မြန်စွာ နာလန်ထနိုင်ခဲ့ကြသည်မှာ လက်တွေ့ဖြစ်ပါသည်။

ချဉ်ပေါင်ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိကြပါသော်လည်း စာရေးသူတို့ဆီမှာတော့ ချဉ်ပေါင်နီ (ဘီလပ်ချဉ်ပေါင်)၊ ချဉ်ပေါင်ဖြူ။ ဓာတ်ချဉ်ပေါင်၊ ချဉ်ပေါင်လက်ခြား (ရွှေဘိုချဉ်ပေါင်း) နဲ့ ဝက်မချဉ်ပေါင် (ယိုးဒယားချဉ်ပေါင်)၊ တောချဉ်ပေါင်ပင်ဟူ၍ အမျိုးအစား မျိုးစိတ် (၅) မျိုးခန့် တွေ့ရပါသည်။

၎င်းတို့အနက်မှ ချဉ်ပေါင်နီ(ဘီလပ်ချဉ်ပေါင်)သည် လူကြိုက်အများဆုံးနှင့် စိုက်ပျိုးထုတ်လုပ်မှုအများဆုံးချဉ်ပေါင်မျိုးစိတ်ဖြစ်ပါသည်။

ချဉ်ပေါင်နီကို အင်္ဂလိပ်လို Roselle ဟုခေါ်ပြီး မျိုးစိတ် Sabdariffa ဖြစ်၍ မျိုးစု Hibiscus နှင့် မျိုးရင်း Malvaceae မျိုးရင်းဝင်အပင်မျိုး ဖြစ်ပါသည်။

မိုးဦးကျနှင့် ဆောင်းဦးပေါက် ရာသီများတွင် ချဉ်ပေါင်ရွက်ဖားဖားကြီးများအနီရောင်သန်းပြီး သန်မာဖွံ့ဖြိုးစွာနှင့် စေ့ခေးခဲထဲတွင် အိမ်ရှင်မများကို မဝယ်ဘဲမနေနိုင်အောင် ညှို့ငင်ဖမ်းစားနေကြလေသည်။

ရာသီပေါ် မျှစ်နှုံလေးများနှင့် ရွှေချဉ်ပေါင်၊ ငရုတ်စိမ်းပင်စိမ်းအုပ်ပြီး အလျဉ်းသင့်ရာ ငါး၊ ပုစွန်တစ်မျိုးမျိုးနှင့် တွဲဖက်ချက်သည့် ဟင်းတစ်ခွက်သည် မိသားစုထမင်းဝိုင်းတွင် ခေါင်းမဖော်တမ်းအားပေးကြသည့် တော်ဝင်ဟင်းတစ်ခွက်ဖြစ်ပေတော့သည်။

ချဉ်ပေါင်ရွက်ကိုသာမက ချဉ်ပေါင်သီး၊ ချဉ်ပေါင်ပွင့်တို့ကိုလည်း နှုတ်မြိန်ဟင်းရန်အမျိုးမျိုးဖန်တီး၍စားသောက်နိုင်ပါသေးသည်။

ချဉ်ပေါင်သီး၁၀ဝိုထောင်းဟာလည်း လွန်စွာစားကောင်းနှုတ်မြိန်ခံတွင်းလိုက်လှသော ဟင်းအမယ်တစ်ခုစာရင်းမှာ ပါဝင်နေပါသည်။ ချဉ်ပေါင်သီးယို၊ ချဉ်ပေါင်သီးသနပ်၊ ချဉ်ပေါင်သီးဖတ် အခြောက်လှန်းပြီး ရေနွေးကြမ်းခတ်ပြီး ချဉ်ပေါင်သီးဖတ်ရေနွေးကြမ်းဟာလည်း အဆီကျ ခံတွင်းရှင်းစေတဲ့ဆေးဖက်ဝင်လက်ဖက်ခြောက်တစ်မျိုးပါပဲ။

မင်းကဘာသာခြားဖြစ်နေတော့ လက်ခံမယ်မထင်ဘူး"

"ကျွန်တော်က ဘာသာခြားကို ကိုးကွယ်နေတယ်ဆိုပေမယ့် အဖေက ဗမာ၊ ဗုဒ္ဓဘာသာပါခင်ဗျား။ အဖေ့ဆွေနွဲအညီ ငယ်ငယ်တုန်းကတော့ ရှင်ပြုပြီး ကိုရင်တောင်ဝတ်ခဲ့ပါတယ်။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်လုံးကိုရင်ဝတ်ခဲ့တာပါ။ ခုတော့ အလုပ်တာဝန်နဲ့ အဖေက နယ်မြို့တစ်မြို့မှာရောက်နေတယ်။ ဦးတတ်နိုင်ရင် ကူညီပါဗျာ"

ကျွန်ုပ်သည် ဘုရားကျောင်းဆောင်တွင်ရှိထားပြီးဖြစ်သော ပရိတ်ရေကို ယူဆောင်ပြီး ထွန်းသူရကို တိုက်လိုက်ပြီး နောက် ဦးခေါင်းကိုလည်း အနည်းငယ် တောက်ပေးလိုက်သည်။ ထို့နောက် အိမ်ရောက်လျှင် ပြုလုပ်ရန် နည်းလမ်းကို လည်း နားလည်အောင် ပြောပြလိုက်သည်။

ထွန်းသူရသည် ကျေးဇူးတင်ကြောင်းပြောကြားပြီးနောက် ရောက်ရှိလာစဉ်တုန်းကနှင့်မတူ ရွှင်လန်းတက်ကြွစွာပြန်သွားလေသည်။

ထွန်းသူရသည် အစ်မဖြစ်သူနှင့် အတူ လိုအပ်သောပစ္စည်းများကို စေ့ငုံမှတ်ယူလာခဲ့ပြီး ဆိုက်ကားဖြင့် ပြန်လာခဲ့သည်။ ထို့နောက် နေအိမ်ရှိ ဘုရားကျောင်းဆောင်မှဘုရားပန်းကို အသစ်လဲလှယ်ခြင်း၊ အိမ်တွင်းနတ်စင်မှအုန်းသီးလဲလှယ်ခြင်းများ ပြုလုပ်သည်။ ကုန်ကျငွေအားလုံး ထွန်းသူရကကျခံသဖြင့် အစ်မက အံ့ဩနေသည်။

ဘုရားရှင်အား ရေစင်ဆက်ကပ်ခြင်း၊ အလင်းတိုင်ပူဇော်ခြင်းတို့ပြုလုပ်ပြီး ဗုဒ္ဓဘုရားရှင်ရှေ့တွင် သရဏဂုံဆောက်တည်ငါးပါးသီလယူခြင်းကို အစ်မကြီး၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် နတ်အုန်းကို ယပ်ဖြင့်ခပ်ရင်း ထွန်းသူရက -

"အိမ်တွင်းအရှင်သခင်များ၊ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်များကို ကျွန်ုပ်ရှိသေစွာ ပူဇော်ပသပါ၏။ ကျွန်ုပ်စနေသား မောင်ထွန်းသူရ မရည်ရွယ်ဘဲလုပ်မိမှားသည်များရှိက ခွင့်လွှတ်ကျေအေးပေးတော်မူကြပါ။ ကျွန်ုပ်ပြုသမျှကုသိုလ်ကိုအမျှပေးဝေပါ၏။ သာဓု သာဓု သာဓု ခေါ် တော်မူကြပါ"

ဟုတောင်းပန်ပြောကြားလိုက်လေသည်။

ထွန်းသူရသည် ထိုနေ့ထိုအချိန်မှစတင်၍ အမောင့်ပယောဂအိပ်မက်ဆိုးများ မြင်မက်ခြင်းမရှိတော့ပေ။

အောင်ဆန်းလင်း (ဘီအေ)

(ဖြစ်ရပ်မှန်ကို နာမည်လွှဲပြောင်းရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

တောနယ်အညာမြေလတ်ဒေသများတွင် ချဉ်ပေါင်မှန်ရောင်ဟင်းချို၊ ကြက်သားကာလသားချက်နှင့်ချဉ်ပေါင်သီး၊ ငရုတ်သီး ငါးပိထောင်း၊ ဟင်းစပ်အတွဲများချက်ခဲ့ပြီဆိုရင် ပုံမှန် သမင်း (၄) ဘူးချက်တဲ့အိမ်ဆိုရင် (၂) ဘူးထပ်ဆောင်းပြီး ဆန် (၆) ဘူးချက်ထားမှ တော်ရုံကြမယ်ဆိုသလို အိမ်သားများထမင်းကို ထောင်းသိပ်သလို လွန်စွာနှတ်မြိန်ခံတွင်းတွေ့စေသည့် ဟင်းအတွဲပင် စံပေသည်။

ရွှေဘိုချဉ်ပေါင် (ချဉ်ပေါင်လက်ခြား) ကတော့ အရသာအနည်းငယ်ခါးသက်သက်ရှိပြီး အရွက်ကြီးများကြပါသည်။ သူ့ကိုတော့ ရေနွေးဖြောင်၍ ငါးပိ၊ တို့စရာအဖြစ် လည်းကောင်း၊ သနပ်စုံဟင်းရွက်သုပ်ပြုလုပ်ရာတွင်လည်းကောင်း အသုံးများပါသည်။

ဝက်မချဉ်ပေါင် (ယိုးဒယားချဉ်ပေါင်) ကတော့ ချဉ်ပေါင်ဆိုပေမယ့် ချဉ်ပေါင်ရွက်နဲ့မတူဘဲ မုန်လာပင်အရွက်နဲ့ဆင်တူပြီး အရွက်သားမှာထူ၍ အရည်ရွှမ်းပြီး ဟင်းချက်လိုက်တဲ့အခါ အရွက်အားလုံးကြေမွလွယ်ပြီး အချဉ်သင့်ရုံအရသာရှိပြီး နူးညံ့တဲ့ခံတွင်းအရသာကိုပေးတဲ့ ချဉ်ပေါင်မျိုးဖြစ်ပြီး စား၍လွန်စွာကောင်းပါသည်။

ငှင်းကို ငါးတန်၊ ငါးကြင်း၊ ဝက်သားသုံးထပ်သားစသည်တို့ဖြင့် ချက်စားလျှင် လွန်စွာစားကောင်းနှုတ်မြိန်စေပါသည်။ တောချဉ်ပေါင်ပင်သည် အရိုင်းပေါက်သောသဘာဝအတိုင်းပေါက်သည့် အပင်မျိုးဖြစ်ပြီး ချဉ်ပေါင်ရွက်အသေးစားမျိုးဖြစ်ကာ အချဉ်ဓာတ်ရှိ၍ အရွက်မှာအမွှေးကြမ်းလေးများပါရှိနေပါသည်။

ငှင်းကို တောထဲတောင်ထဲအလုပ်လုပ်ကိုင်နေသူများ ချဉ်ပေါင်ဟင်းလျာအဖြစ် ချက်ပြုတ်စားသောက်ကြပြီး အနာပေါက်ဝန်းမန်းကိုနိုင်စေပါသည်။

နိုးရာတိုင်းရင်းဆေးကျမ်းများတွင်-

ချဉ်ပေါင်ပင်၏ဆေးဖက်ဝင်အာနိသင်ကို ယခုလိုမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါသည်။ ချဉ်ပေါင်ရွက်သည် ချဉ်၍ အချဲဓာတ်ရှိပြီး အေးမြစေးထန်းမူအားကောင်းခြင်းကြောင့် အနာပေါက်၊ အဖုအကြိတ်၊ ဝန်းမန်းဝင်၍ နီရဲရောင်ရမ်းနေသောအနာများကိုနှိုင်စေပါသည်။

ငှင်းအနာများကို -

ချဉ်ပေါင်ရွက်ကို သန့်စင်အောင်ဆေးကြောပြီး ထမင်းကြမ်းခဲ (အိုးကပ်

ထမင်းချိုး) နှင့် ဆတူရောထောင်း၍ အနာကိုအုံ၍ နံနက်၊ ညစည်းပေးခဲ့လျှင် အနာ၊ အဖု၊ အကြိတ်နုလေလျှင် ကြေပျောက်သွားစေပြီး ရင့်လျှင်ပြည်အမြန်ပေါက်၍ အမြစ်ထွက်လွယ်၍ အနာအကျက်မြန်စေပါသည်။

နီရဲရောင်ရမ်းမှုနှင့်ကိုက်ခဲနာကျင်မှုကို လျင်မြန်စွာသက်သာပျောက်ကင်းစေပါသည်။ အထူးသဖြင့် ပေါင်ရင်းသက်တန့်နာ၊ ခွိုင်းတွင်းဖြစ်သောကိန္နရာနာ၊ ကျောတွင်ပေါက်သောအနာပဆုပ်ရောဂါများတွင် လွန်စွာ အသုံးဝင်ပါသည်ဟု မှတ်တမ်းပြုထားပါသည်။

တစ်ဖန် ချဉ်ပေါင်ပင်၏ အရွက်၊ အသီး၊ အပွင့်တို့ကို စားသုံးလျှင် အစာကြေ၊ ဝမ်းမီးတောက်စေပြီး ဆီး၊ ဝမ်း၊ လေကိုဖြောင့်မှန်စေ၍ နှုတ်ခံတွင်းကို အကျိုးပြုစေသည်။

ကိုယ်တွင်းအပူကိုငြိမ်းအေးစေပြီး မကောင်းတဲ့အညစ်အကြေးမလဓာတ်များကို သုတ်သင်ဖယ်ရှားပေးစေသည်ဟု ညွှန်းဆိုထားပါသည်။

ဤသို့ ညွှန်းဆိုမှတ်တမ်းပြုထားတဲ့အချက်များနှင့် ယနေ့ခေတ်မီဆေးသိပ္ပံသုတေသနတွေ့ရှိချက်နှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိရပါသည်။

သုတေသနပြုလုပ်မှုများတွင် ချဉ်ပေါင်ကို သွေးတိုး သွေးတွင်းအဆီများခြင်း၊ ကင်ဆာရောဂါများ၊ ကျောက်ကပ်နှင့်ပတ်သက်သော ရောဂါရပ်များ၊ နှလုံးရောဂါများနှင့် Body weight ချသည့် စားသောက်မှုပုံစံများတွင် ချဉ်ပေါင်၏ အရာရောက်မှုများကို သုတေသနပြုလုပ်နေကြပါပြီ။

အာဟာရဆေးသိပ္ပံတွေ့ရှိချက်များအရ -

ချဉ်ပေါင်တွင် Vit.C ဓာတ်များစွာပါဝင်နေတဲ့ သဘာဝပေါက်အပင်မျိုးဖြစ်၍ အမျှင်ဓာတ် (Fiber) ကယ်ဆီယမ်၊ ဖော့စဖရပ်၊ သံဓာတ်၊ ကယ်ရိုတင်း၊ သိုင်ယာမင်း၊ ရိုင်ဘိုဖလေဖင်ဓာတ်များနှင့် နိုင်ယာစင်ဓာတ်တို့ကို Vit.B ဓာတ်တွေကလည်း ပါဝင်ဖွဲ့စည်းနေပါသည်။

တစ်ဖန် ချဉ်ပေါင်သီး၏အစေ့ကိုဆီကြိတ်ပြီး ရလာသော ချဉ်ပေါင်ဆီကလည်း လူကျန်းမာရေးကိုလွန်စွာအကျိုးပြုသည့်ဆီမျိုးစားတွင်ပါဝင်နေပြီး ကိုယ်တွင်းမှ မကောင်းသောအဆီဆိုးများကို ဖယ်ရှားပေးပြီ ရောင်ရမ်းမှုကိုလျှော့ချပေးသည့်သဘာဝအစွမ်းရှိပါသည်။

အင်တီအောက်ဆီးဒင့်ဓာတ်များစွာပါဝင်နေ၍ ၎င်း၏ဆေးဖက်ဝင်အစွမ်းသတ္တိကြောင့် သွေးတိုးကိုကျစေပြီး သွေးတိုးကိုဖြစ်ပေါ်စေတဲ့ Lipoprotein ဓာတ်တွေကို ဓာတ်တိုးမှုမဖြစ်အောင် ကာကွယ်တားဆီးပေးပြီး သွေးကြောများအတွင်းမှ မလိုလားအပ်တဲ့အဆီတွေကိုဖယ်ရှားပေးစေခြင်းကြောင့် နှလုံးရောဂါကိုလည်း အကျိုးပြုနေပါသည်။

သုတေသနတွေ့ရှိချက်တစ်ခုအရ ချဉ်ပေါင်တွင် လူ၏ ခန္ဓာကိုယ်အတွင်း စားသောက်လိုက်လို့ ဝင်ရောက်လာကြတဲ့ သကြားဓာတ်နှင့် ကစီဓာတ်တွေကို Amylase အင်ဇိုင်းဓာတ်ကပြုပြင်ပြောင်းလဲမှုကြောင့် အဆီဓာတ်များစုပြုံလာပြီး အဝလွန်လာခြင်းကို ချဉ်ပေါင်တွင် ထိုAmylase (အင်ဇိုင်း) ဓာတ်ထုတ်လုပ်ခြင်းကို တားဆီးပေးတဲ့ဓာတ်သတ္တိများပါဝင်နေတဲ့အတွက် အဝလွန်အဆီတိုးခြင်းကို ကာကွယ်မှုပေးပါသည်။

နိဂုံးချုပ်ရသော် စာရေးသူတို့ ရွှေမြန်မာများနေစဉ် ထိတွေ့နေပြီး ပေါများကြွယ်ဝစွာ အလွယ်တကူရရှိနေသော ဟင်းရွက်ကန်စွန်းအနွယ်ဝင် ချဉ်ပေါင်ပင်သည် မိသားစုကျန်းမာရေးအတွက် စားကောင်းနှုတ်မြိန်ခံတွင်းတွေ့စေပြီး လွန်စွာဆေးဖက်ဝင်အစွမ်းထက်သည့် စားသုံးသီးနှံဟင်းရွက်ပင်ဖြစ်နေခြင်းသည် လွန်စွာထူးကဲကဲကောင်းလှပေသည်ဟု စာဖတ်ပရိသတ်များကို အသိပေး တင်ပြလိုက်ပါသည်။

မိသားစုတိုင်း အဖိုးနည်းဝန်ပါကျန်းမာစွာဖြင့် နေထိုင်စားသောက်နိုင်ကြပါစေ။

ဦးမင်းလှ (ဒဏ္ဍနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

အောင်ကြည်သန်း (ဖေဖေတော်သို့) အုန်းပင်က သရဲ

ကျွန်တော် ၁၉၈၄ ခုနှစ်တွင် မော်လမြိုင်မြို့မှ ရေမြို့သို့ အလုပ် တာဝန်ပြောင်းရွှေ့ထင်းဆောင်ရသည်။ ရေမြို့တွင် (၄) နှစ်နေခဲ့သည်။ ရေမြို့သည် မွန်ပြည်နယ်ထဲက သာယာလှပသောမြို့လေးတစ်မြို့ ဖြစ်လေသည်။ ကျွန်တော်တာဝန်ကျသောရုံးက မြို့လယ်ရှိ ရွှေဆံတော်ဘုရားရှေ့တူရူတွင်ရှိသည်။ ရုံးအားရက်များတွင် ကျွန်တော် ဗေဒင်လက္ခဏာများပါဟောပြောသည်။ ရေးသူရေးသားအများက ကျွန်တော့်ကို ဦးအောင်ကြည်သန်းဟု နာမည် မခေါ်ဘဲ ဆရာဟုသာ ခေါ်ပြောကြသည်။

ဝန်ထမ်းအိမ်ရာတွင် အလွတ်မရှိသဖြင့် ရွှေဆံတော်ဘုရားနောက်ဘက်ရှိ ဦးမန်၊ ဒေါ်တင်၏အိမ်တွင် ငှားနေခဲ့ရသည်။ ကျွန်တော် ညစဉ်ညတိုင်း ရွှေဆံတော်ဘုရားအနောက်တံတံတွင် ပုတီးသွားစိပ်သည်။ အိမ်ရှေ့လမ်းကျော်လိုက်လျှင် ဘုရားသို့ရောက်သဖြင့် ပုတီးသွားစိပ်ရသည်မှာ အဆင်ပြေလှသည်။

ပုတီးသွားစိပ်သော ပထမညတွင် မမြင်ရသောပုဂ္ဂိုလ်များ၏နှောင့်ယှက်ခြင်းကိုခံရသည်။ ထိုင်နေသော ကျွန်တော်၏ ကိုယ်အပေါ်ပိုင်း ပတ်ချာလည်ယိမ်းထိုးနေသည်။ ထိန်းလို့မရ။ ပုတီးကိုသာ သမာဓိရအောင် အားစိုက်ပြီးစိပ်နေရသည်။ သမာဓိအားကောင်းလာစဉ် အာရုံပြုကြည့်လိုက်ရာ ကျွန်တော့်ကိုယ် အပေါ်ပိုင်းကို နဂါးတစ်ကောင်ရစ်ပတ်ထားသည်ကို တွေ့လိုက်ရသည်။ စိတ်ထဲမှနေ၍ ကျွန်ုပ်ပြုခဲ့သမျှ သော် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အဝဝအား အသင် နဂါးမင်းကို အမျှပေးဝေပါသည်။ အမျှ အမျှ အမျှဟု မေတ္တာပို့အမျှဝေလိုက်သည်။ မကြာခင် နဂါးမင်း ပျောက်ကွယ်သွားသည်။ တစ်ပတ်ခန့် နဂါးလာပြီး နှောင့်ယှက်နေသေးသည်။ မေတ္တာပို့၊ အမျှဝေလိုက် ပျောက်သွားလိုက် ဖြစ်နေသည်။ ဩော်-ပုတီးစိပ်တာကို နှောင့်ယှက်တာ မဟုတ်ဘူး၊ ကုသိုလ်အမျှလို့ ချင်လို့လာနေတာပဲဟုတွေးမိလာသည်။ ထို့ကြောင့် ပုတီးမစိပ်မီ ရွှေဆံတော်ဘုရားတွင်စောင့်ရှောက်နေသော နဂါးမင်းကို မေတ္တာပို့၊ အမျှဝေသည်။ ထို့အခါမှစ၍ ကိုယ်ကိုလာပတ်ပြီး မနှောင့်ယှက်တော့ပါ။ နဂါးမင်းဝမ်းသာကျေနပ်သွားသည်ထင်။

နဂါးရန်မှအေးသွားပြီးနောက်ပိုင်း အနှောင့်အယှက်တစ်မျိုးပေါ်လာပြန်၏။ ပုတီးစိပ်၍ကောင်းနေစဉ် တရဲရဲအသံတွေကိုကြားနေရပြန်သည်။ သမာဓိအားကောင်းအောင်ထူထောင်ပြီး အာရုံစိုက်ကြည့်လိုက်ရာ သက်နဲ့ခမ်းနွမ်းဝတ်ရုံထားသောဘုန်းကြီးတစ်ပါးသည် မတ်ရပ်တံမြက်စည်းတစ်ချောင်းကိုင်ထားသည်ကို တွေ့ရသည်။ ဆက်ပြီးအာရုံပြုကြည့်စဉ် ကျွန်တော်ထိုင်နေသောအနီးတစ်ဝိုက်တွင် တံမြက်စည်းလိုက်လှည်းနေသည်ကိုတွေ့ရသည်။ တံမြက် စည်းလှည်းပြီးသည်နှင့် ဘုရားအနောက်ဝတ်အနီးရှိအုန်းပင်ဘက်သို့ ကြွလှမ်းသွားသည်ကို တွေ့လိုက်ရသည်။ ဩော်- ဘုန်းကြီးဖြစ်ပေမယ့် စုတိစိတ်ကျခါနီး အာရုံအစွဲမှားလို့ သရဲတစ္ဆေဖြစ်နေရတာဖြစ်မည်ဟု တွေးမိလိုက်သည်။

တစ်နေ့ အိမ်ရှင်ဒေါ်တင်နှင့် ထွေရာလေးပါးစကားလက်ဆုံကျနေစဉ် ဘုရားဝတ်မှာ တံမြက်စည်းလာလာလှည်းသော ဘုန်းကြီးသရဲကို သတိရလာသဖြင့် -

"ဒေါ်တင်၊ အရင်ကဒီဘုန်းကြီးနားမှာဘုန်းကြီးကျောင်းမှားရှိခဲ့လေးလား"

"ရှိတာပေါ့ ဆရာမိုးကလှမ်းမြင်

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း-ရွာသစ်)
ကလေးနို့ပွေးပေါက်လျှင်

နို့ပွေးကျလို့ ရောက်လာတဲ့မိခင်၊ လမ်းကြုံလို့အကူအညီတောင်းတဲ့ မိခင်များနဲ့မကြာမကြာတွေ့ရတတ်ပါတယ်။ တွေ့တဲ့အခါတိုင်း အကူအညီပေးခဲ့တာ မပျောက်တဲ့ကလေး မရှိသလောက်ပါဘဲ။ မပျောက်လို့ပြန်လာတဲ့ ကလေးရဲ့ မိခင်များကို သတိပေးစရာရှိလို့ပြောလိုက်ပါရစေ။

မိခင်တွေကခိုင်းတဲ့အတိုင်းတော့ လုပ်ကြပါတယ်။ လုပ်ပေမယ့် ကလေးရဲ့ အနာကမပျောက်ဘူး။ ပြန်ခိုင်းတယ်။ စဉ်းစားရင် အဖြေကတန်းပေါ်ပါ တယ်။ ဆေးညှဉ်းလို့မဟုတ်ဘူး။ မိခင်အသုံးမကျလို့ မပျောက်တာပါ။ တည့်တည့်ပြောရရင် မိခင်က အစားလုံးဝမရှောင်ဘူး။ ဆေးကုနေတဲ့ ဒီရက်ပိုင်းလေးမှာတောင် အသားငါးမရှောင်နိုင်ဘူးဆိုတော့ကာ ခက်တယ်ဗျ။

မေးကြည့်တော့ အဲ-ဟိုမနေ့က အမဲသားလေးနဲ့ ငါးပိရည်ချိုအတို့အမြှုပ် ကလေး၊ ဝက်သားလေးတစ်တုံးတစ်ဖတ် ဆင်ခြေပေးတယ်။ ငတ်ကြီးကျနေတော့ ကလေးရဲ့နို့ပွေးက မပျောက်တဲ့အပြင် ပိုတောင်ရင့်သေးတယ်။ မိခင်တွေသိစေချင်လို့ တမင်ရေးလိုက်တာ။ အပြစ်အတင်မခံချင်ရင် အဲဒီရက်ပိုင်း အသားငါးရှောင်။ အသီးအရွက်ကလေးနဲ့စား။ မပျောက်မရှိပါဘူးဗျ။

ဦးစွာ စာရေးသူရဲ့ ကလေးတွေ ငယ်စဉ်အခါက နို့ပွေးအကုန်ပေါက်ဖူးတယ်။ သူတို့ကို ကုတဲ့နည်းက မိခင်၊ ဖခင် (သို့) အစ်ကို၊ အစ်မတစ်ယောက် ယောက်က ကွမ်းစားလျှင် ကုသနည်းဖြစ်ပါတယ်။

ထုံး၊ ကွမ်းသီး၊ ဗမာဆေးနဲ့ ကွမ်းဝါးပါ။ ပထမနေ့မှာ ဝါးခါစကွမ်းတံတွေးရည်အားမသုံးဘဲ ဒုတိယကွမ်းတံတွေးရည်နဲ့ နို့ပွေ့အားသုတ်လိမ်းပါ။ တစ်နေ့ သုံးလေးငါးကြိမ်လိမ်းပေးပါ။ နှစ်ရက်ခန့်လိမ်းအပြီးမှာ အနာတစ်ဝက်ခန့်သက်သာသွားပါမယ်။နောက်တစ်နေ့မှာ ပထမကွမ်းတံတွေးရည်အား အထက်ပါအတိုင်း သုတ်လိမ်းပေးပါ။ (၅) ရက်ခန့်အကြာမှာ ကလေးနို့ပွေးကင်းရှင်းစွာ ပျောက်ပါတယ်။

ဒုတိယနည်းအားဖော်ပြပါမည်။

မနက်စောစောရွှန်းရွှန်းစိုနေသောခြံတောင်ပို့မြေအား အနည်းငယ်ဖဲ့ယူ၍ အခါးပန်းကန်တွင်ထည့်ကာ ရေအနည်းငယ်နဲ့ သနပ်ခါးရည်ကဲ့သို့ မပျစ်မကဲ့အိနေအောင်ဖျော်ပါ။ မနက်၊ နေ့၊ ည တစ်နေ့ (၃) ကြိမ်လိမ်းပေးရုံဖြင့် လေး၊ ငါးရက်အတွင်း ကွာကျပျောက်ကင်းစေပါတယ်။

နောက်ဆုံးနည်းတစ်ခုအားပြောလိုက်ပါဦးမယ်။ အိမ်နီးနားချင်းမိတ်ဆွေအမျိုးသမီးရဲ့နည်းကောင်း ဖြစ်ပါတယ်။

သူကလေးများနို့ပေးပေါက်စဉ်က သုံးခဲ့တဲ့နည်း ဖြစ်ပါတယ်။ သကြားပင်ရဲ့ အညွှန့်၊ အရွက်များခူးပြီး ထုထောင်းကာ သတ္တုရည်နဲ့ အနာပေါ် မကြာမကြာ သုတ်လမ်းပေးရုံဖြင့် လေးငါးရက်အတွင်း ပျောက်ကင်းပါသတဲ့ခင်ဗျား။

စိုးမင်း(မြောက်စည်း-ရွာသစ်)

နေရတဲ့ဘုရားအနောက်ဝင်တည့်တည့် အုန်းပင်နားမှာ ဘုန်းကြီးကျောင်းလေးတစ်ကျောင်းရှိတယ်။ ဘုန်းကြီးတစ်ပါးတည်း သီတင်းသုံးတာ၊ အဲဒီဘုန်းကြီးပျံလွန်တော်မူသွားတယ်။ သီတင်းသုံးမယ့် ဘုန်းကြီးမရှိတော့လို့ အဲဒီကျောင်းကိုဖျက်လိုက်ကြတယ်။ ဘာဖြစ်လို့လဲဆရာ"

"ညဘက်ပုတီးသွားသွားစိပ်တဲ့အခါ ဘုန်းကြီးတစ်ပါးအနားမှာတံမြက်စည်းလာလာလှည်းပြီး အုန်းပင်ဘက်ကို ကြွကြွသွားနေလို့ပေါ့"

"အင်း-အဲဒီဘုန်းကြီးပျံလွန်တော်မူပြီး မကျွတ်လွတ်လို့ဖြစ်မယ်နော်"

"အင်း-ဟုတ်ချင်လည်းဟုတ်မှာပေါ့"

"ဆရာပုတီးသွားသွားစိပ်နေတာသရဲမကြောက်ဘူးလား"

"မကြောက်ပါဘူး။ ပုတီးစိပ်တရားဘာဝနာပွားများပြီးကျွတ်ထိုက်တဲ့သတ္တဝါတွေကျွတ်တမ်းဝင်အောင် မေတ္တာပို့အမျှဝေနေတာပဲ။ သူတို့ကျွန်တော့်ကိုနားလည်လာမှာပါ"

ပုတီးစိပ်သည့် ရက်၊ လ၊ နှစ်တွေကြာလာသည်နှင့်အမျှ ဘုရားဝတ်ထဲကို နဂါးမင်းလည်းမလာ၊ ဘုန်းကြီးသရဲလည်းမလာတော့ပါ။

တစ်နေ့ညနေခင်း ရုံးဆင်းပြီး အိမ်ပြန်လာရာ ဘုရားအနောက်ဝင်တံနားက အုန်းပင်အောက်တွင် လူတွေ ရုတ်ရုတ်သဲသဲဝိုင်းအုံနေသည်ကို တွေ့လိုက်ရသည်။ အိမ်ရှင်ဦးမန်ကို ပါတွေ့ရသဖြင့် -

"ဦးမန်၊ ဘာဖြစ်လို့လဲ"

ဟု မေးလိုက်ရာ -

"ဟိုမှာကြည့်လေ ဆရာ"

ဟု ပြောရင်း အုန်းပင်ထိပ်ဖျားဆီသို့ လက်ညှိုးညွှန်ပြသည်။ ကျွန်တော် မော့ကြည့်လိုက်ရာ (၂) နှစ်ကျော်အရွယ် ကလေးလေးတစ်ယောက် အုန်းလက်အရင်းပိုင်းကိုကိုင်ပြီး ငုတ်တုတ်လေးထိုင်နေသည်ကိုတွေ့လိုက်ရသည်။

"ဘယ်လိုဖြစ်တာလဲဦးမန်"

"မနက်ကတည်းက ကလေးပျောက်လို့ ကလေးအမေ၊ အဖေတွေရော ရပ်ကွက်ကလူတွေရော လိုက်ရှာကြတာ ဖတ်ဖတ်မောနေတာပဲ။ ဘယ်မှာမှရှာလို့ကိုမတွေ့ဘူး။တွေ့မယ်တွေ့တော့ ဆရာမြင်တဲ့အတိုင်းပဲ အုန်းပင်ထိပ်ဖျားမှာလာတွေ့ရတယ်။ အတော်လေးထူးဆန်းတာပဲ။ ကျွန်တော့်အထင်တော့ သရဲတစ္ဆေတွေက ကလေးကိုဖမ်းခေါ်သွားတာဖြစ်မယ်"

ဟု ဦးမန်းက ဖြစ်ကြောင်းကုန်စင်ရှင်းပြနေသည်။

အုန်းပင်ထိပ်ဖျားက ကလေးကို ချီချရန် လူနှစ်ယောက် အုန်းပင်ကိုဖက်ပြီး လျင်မြန်စွာတွယ်တက်နေကြသည်။

ကျွန်တော်ချက်ချင်းတွေးမိလိုက်ပါသည်။ ဩော်-ဘုရားဝန်းထဲ တံမြည်းစည်းလာလာလှည်းတဲ့ဘုန်းကြီးသရဲက ကလေးလည်းချစ်တတ်ပါလား။ ကလေးကို အချစ်လွန်ပြီး အုန်းပင်ထိပ်ဖျားဆီ အောင်ခေါ် ဆောင်သွားပါကလေရော့လို့ သာ။

အောင်ကြည်သန့်(ဖောင်တော်သီ)

www.burmeseclassic.com

www.burmeseclassic.com

သန့်ဇင်
ကြိုးကြာဒုက်တို့၏
ကလဲ့စား

ရွှေလီမြစ်သည် မြောက်မှတောင်သို့ တရုတ်ပြည်မှမြစ်ဖျားခံ၍ စီးဆင်းလာပြီး မဘိန်းမြို့ကိုကျော်သည့်နှင့် အရှေ့မှအနောက်သို့ကွေ့သွားပြီး ငါးအိုးမြို့နယ်ခွဲအား ကျော်လွန်သည်နှင့် အင်းရွာအနီး ဧရာဝတီမြစ်ထဲသို့စီးဝင်၏။

ရွှေတုံးရွာလေးသည် ရွှေလီမြစ်ကမ်းပါးတွင်တည်ရှိသည်။ ထိုရွာ၏ အရှေ့စူးစူး၌ မိုင်းသောက်ကြိုးပိုင်းသစ်တောကြီးနှင့် ရွှေတောင်အမည်ရှိတောင်ကြီးက ထီးထီးကြီးတည်ရှိနေပါသည်။ နာမ့်မဲကြိုးပိုင်းသစ်တောကြီးနှင့် မိုင်းသောက်သစ်တောကြိုးပိုင်းအတွင်း နာမ့်မဲချောင်းသည် လျှိုမြောင်ချောက်ကမ်းပါးကြားကွေ့ဝိုက်၍ စီးဆင်းပြီး ရွှေလီမြစ်အတွင်းသို့ စီးဝင်ပါသည်။

ရွှေလီမြစ်ဝှမ်းဖြစ်၍ စိမ့်စမ်းစားကျက်မြေအင်းစပ်ရေပြင်တို့တည်ရှိနေပါသည်။

တောနက်ကြီးများဖြစ်၍ ချေငယ်၊ စိုင်း၊ ဆတ်၊ တောဝက်၊ ကျားသစ်၊ တောကြောင်များနှင့် ကျေးငှက်သာရကာများ မြူးထူးကျက်စားကြပါသည်။ အထူးသဖြင့် ကြိုးကြာခေါင်းနီများ၊ အောင်လောင်း၊ တောကြက်၊ တောဘဲငန်း၊ ရေဘဲများအုပ်လိုက်က အစာရေစာပေါများသော ရွှေလီမြစ်ဝှမ်းလွင်ပြင်တွင် အစာရှာကြပြီး တောအုပ်ကြီးများရှိရာသို့ အိပ်တန်းတက်ကြသည်။

နာမ့်မဲချောင်းလေး၏အနီးတွင် သင်္ဘောဆိုးရွာလေးရှိ၏။ အဘယ်ကြောင့် သင်္ဘောဆိုးရွာအမည်တွင်နေသည်ကို ရွာသားများရေရေရာရာမသိကြသော်လည်း အငြိမ်းစားကျောင်းဆရာကြီး ဦးကျော်သောင်းတို့ဇနီးမောင်နှံကတော့ ရွှေလီမြစ်မှမော်တော်များဝင်လာလျှင် ထိုရွာလေးမှဆက်သွား၍ မရတော့သဖြင့် ဤအမည်တွင်သွားခြင်းဖြစ်နိုင်ပါသည်ဟု အဆိုပြုပါသည်။

ထိုရွာလေးသည် ယခင်က နာမ့်မဲသစ်တောကြိုးပိုင်းကြီးအတွင်း တည်ရှိခဲ့သော်လည်း ဆင်၊ ကျား၊ စိုင်၊ ပြောင်၊ ဝက်ဝံများက မည်သို့မျှဒုက္ခမပေးခဲ့ဟု ဆိုပါသည်။

ထိုရွာလေး၏ အရှေ့စူးစူးတွင် မြင့်မားလှသော ရွှေတောင်ကြီးရှိသည်။ ထိုတောင်ကြီးတွင် ရွှေတောင်ဘိုးဘိုးကြီးနတ်ကွန်းရှိသည်ဟု ဆိုကြ၏။ ရွှေတောင်ဘိုးဘိုးကြီးအား ထိုဒေသမှလူအများကိုးကွယ်ကြ၏။ သူတို့ရွာလေးအား သားကောင်ကြီးများဒုက္ခမပေးကြသည်မှာ ရွှေတောင်ဘိုးဘိုးကြီးစောင့်ရှောက်နေခြင်းကြောင့်ဟု ယုံကြည်ကြသည်။

ထိုမိုင်းသောက်ရွှေတောင်သစ်တောနယ်အတွင်း စည်းကမ်းချက်တမှုခုမှာ မည်သူမျှ တောအတွင်းသို့ သံခဲလာနှင့်သောကြာနေ့များတွင် ထောက်၊ သစ်ခုတ်၊ ဝါးခုတ်မပြုကြခြင်းနှင့် အမဲ

www.burmeseclassic.com

www.burmeseclassic.com

လိုက်ခြင်းကိုမပြုကြခြင်းပင်တည်း။

ထိုနေ့များ၌ တောထဲဝင်ပြီးအလုပ်လုပ်ကြလျှင် တစ်ခုမဟုတ်တစ်ခုဖြစ်ပြီး ပြန်ခဲ့ကြရသည်နှင့် ခဏခဏကြုံခဲ့ရ၍ နောက်ပိုင်း မည်သူမျှ ထိုနေ့များတွင် တောတက်ခြင်းမပြုကြတော့ပါ။

နောက်စည်းကမ်းချက်တစ်ခုက ပို၍ထူးဆန်းသည်။ ထိုရွှေတောင်တောကြီးအတွင်း မြွေနှင့်တောကြောင်များအား ဘေးမဲ့ပေးထားရခြင်းပင်တည်း။

တောကြောင်နှင့်မြွေတွေ့၍ သတ်ဖြတ်ခဲ့လျှင် ကြီးစွာသောအန္တရာယ်တွေ့ပြီး ပြန်ပြေးခဲ့ရသောကြောင့် ထိုတောအတွင်း မြွေနှင့် တောကြောင်များအား မည်သူမျှ မတို့မထိရဲခဲ့ကြ။ ရွှေတောင်ဘိုးဘိုးကြီးက မြွေနှင့် တောကြောင်များကို ချစ်သည်ဆိုပါသည်။ ■

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးကျော်သောင်းနှင့်ဇနီးဖြစ်သူမှာ ထိုရွာလေး၏ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများဖြစ်သည်။ ထိုရွာလေးသည် နာမ့်မဲကျောင်းကမ်းစပ်တွင်တည်ရှိသည်။ နာမ့်မဲချောင်းသည် ရွှေတိုရွှေအမှန်စစ်လေးများထွက်၍ ရွာသားတချို့တစ်နိုင်တစ်ပိုင်ရွှေကျင်ကြသည်။

ထိုအချိန်က ဆရာကြီးမှာ ငယ်ရွယ်သေး၍ တစ်နေ့ နွေရာသီကျောင်းပိတ်ရက်၌ ရွာသားငါးဦးနှင့် အတူ နာမ့်မဲချောင်းဖျားသို့ ရွှေကျင်ရန်ထွက်ခွာသွားကြသည်။ ချောင်းလေးသည် ရွှေတောင်ဘိုးဘိုးကြီးရှိရာ တောင်ကြီးတောတန်းတွင် ချောင်းဖျားခံသည်။ ချောင်းဖျားချောက်ကမ်းပါးကြီးအောက်တွင်ရှိသဲသောင်ပြင်မှာ သူတို့စခန်းချကြ၏။ ကျောင်းအုပ်ဆရာကြီးဖြစ်၍ ရွာသားငါးဦးက ဆရာကြီးအားရေစပ်ထဲမှာ ရွှေမကျင်ခိုင်းကြ။ ရွှေထွက်သည့် မြေနီမည်းမည်းများကိုသာပေါက်တူးနှင့်အတူးခိုင်းသည်။

အောင်သူ၊ ဖိုးစွာ၊ မောင်နီနှင့် ရွာသားနှစ်ဦးက ရွှေကျင်သည့်သစ်သားဒယ်ပိုင်းလေးများဖြင့် ရေစပ်စပ်မှာထိုင်ပြီး ရွှေကျင်ကြ၏။ သူတို့မှာ ရွှေဖမ်းရန် ပြဒါး၊ ဆေးရွက်ကြီး၊ ပစ္စည်းကိရိယာအစုံအလင်ပါ၏။

■

"ဆရာကြီး ကျွန်တော်တို့အနားကို ဖြုန်းမြေပုံပေးပြီးရင် အရိပ်ကောင်းတဲ့ကမ်းပါးစပ် တင်းဝါးရုံကြီးမှာသွားနားနေပါ။"

သူတို့တွေရွှေကျင်ကြရင်း ညနေစောင်းတော့ ရွှေတစ်မူးသားခန့်ရနေကြပြီဖြစ်၍ အားတက်နေကြပါသည်။

"မင်းတို့စားဖို့ ငါထမင်းချက်လိုက်ဦးမယ်။ ဟင်းကတော့ ချောင်းထဲက ငါးကလေးချက်ပေါ့ကွာ၊ ငရုတ်ထောင်းလည်းပါတယ်"

တစ်နေ့တာ ရွှေကျင်ခြင်းပြီးဆုံးတော့ နေလည်းညှိပြီဖြစ်၏။ ချောင်းထဲမှာ ရေချိုးကြပြီး ထမင်းစားကြ၏။ ချောက်ကမ်းပါးသည် ဆယ်ပေခန့်မြင့်ပြီး တင်းဝါးရုံကြီးကဟီးထနေပါသည်။ ဝါးများခုတ်ပြီး ယာယီတဲဆောက်လိုက်ကြ၏။

ရွှေတောင်ဘိုးဘိုးကြီးအားလည်း ရွှေများများရရန် ဆုတောင်းကန်တော့ကြလိုက်သေးသည်။

■

ထိုအချိန်က ရှမ်းပြည်နယ်မြောက်ပိုင်းနာမ့်မဲမိုင်းသောက်ရွှေတောင်နယ်သစ်တောကြီးဝိုင်းများသည် နေပြောက်မထိုးနိုင်အောင် တောကထူထပ်လွန်းလှ၏။ ညနေစောင်းသည်နှင့် အမှောင်ထုက ကြီးစိုးလာပါသည်။ ထမင်းစားသောက်ပြီးကြပြီး ယာယီတဲကြမ်းပြင်မှာ သူတို့မအိပ်ကြသေးဘဲ ရေနွေးကြမ်းတစ်ဝိုင်းဖြင့် စကားကောင်းနေကြသည်။ ဆရာကြီးဦးကျော်သောင်းတို့ဇနီးမောင်နှံမှာ ထိုဒေသသားများမဟုတ်ကြပေ။ တစ်ရပ်တစ်ကျေးမှ ပြောင်းရွှေတာဝန်ကျလာသော ပညာရေးဝန်ထမ်းများဖြစ်သည်။

ထို့ကြောင့် သူကတောမကျွမ်းပါ။ တောကျွမ်းသည်က ရွာသားများဖြစ်ကြသည်။

"ဆရာကြီးညဘက်အိပ်ရင် ဘာမှ မကြောက်နဲ့နော်။ တစ်ခုခုထူးဆန်းတဲ့အသံကြားရင် ကျွန်တော်တို့အော်သလိုလိုက်အော်။ ယောင်ပြီး ပါးစပ်ကထင်ရာတွေမထွက်မိစေနဲ့"

အောင်သူပြောသည်ကို ဆရာကြီးနားမလည်ပါ။ သို့သော် ဘုရားရှိခိုးပြီး တောပိုင်တောင်ပိုင်များကို အမျှဝေ၏။ တောအုပ်ကြီးကလည်း ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ အင်ကြင်း၊ ဒီဒူး၊ စာမလန်း၊ သဒီ၊ စင်ပြွမ်းပင်များနှင့် တင်းဝါးတောကြီးတွေက ခုတ်လို့မှမနိုင်ဘဲ။ တောထူလွန်းလှသည်။ ညရောက်လာတော့ အစာရှာထွက်ကြသည့် တောဝက်၊ ချေ၊ ဆတ်များ၏ အော်သံဟစ်သံများကိုကြားနေရင်း ကျွန်းပင်ကြီးများပေါ်မှ ရှဉ့်သံများကဆူညံလွန်းလှ၏။ တစ်ခါတစ်ရံအဝေးမှ ဆင်များတောတိုးသံ၊ ကျားဟိန်းသံများကိုပါ ကြားနေရသည်။

ဝါးပေါတော့ ဆင်လည်းပေါ၏။ သားကောင်ငယ်ပေါတော့ ကျား၊ ကျားသစ်တို့လည်းပေါသည်။

တောသည် ပိုးမွှားတို့၏မြည်သံ၊ ညဉ့်ငှက်တို့၏မြည်သံများဖြင့် တိုးတိုးတစ်ချက်ကျယ်ကျယ်တစ်ခါကြားနေရသည်။ တောဝက်တစ်အုပ် ဝါးတောကြီးမှ မျှစ်များတူးဆွေနေသံ၊ စင်ပြွမ်းပင်ကြီးအောက်တွင် စင်ပြွမ်းသီးများကောက်စားနေကြသော တောဝက်အုပ်သံကိုပင် ကြားနေရသည်။

ထိုစဉ် တောသည် ရုတ်တရက် ငြိမ်သက်သွားသည်။ လေတိုက်ခြင်းလည်းမရှိဘဲ အနီးမှသစ်ပင်ဝါးပင်တို့ ယိမ်းခါလာကြသည်။

သူတို့၏ယာယီတဲကလေးရှေ့မှာ ပျဉ်းကတိုးတုံးကြီးအားမီးရှို့ထား၍ မီးတောက်မီးခဲတို့က ရဲရဲတောက်လောင်နေသလို တင်းဝါးအပိုင်းအစများကို မီးပုံးထဲကောက်ထည့်နေကြ၍ ဝါးဆစ်များတဖောင်းဖောင်းပေါက်သံများကသာ တောကိုကြီးစိုးနေ၏။

အောင်သူနှင့် မောင်နီက အအိပ်ဆက်သလို ဆရာကြီးကလည်းနားပါး၍ မေ့ခနဲအိပ်ပျော်ရာမှ နိုးလာပါသည်။

"အောင်သူဘာဖြစ်တာလဲ"

ဆရာကြီးက တိုးတိုးလေးမေး၏။

"ဘာမှမဖြစ်ဘူးဆရာကြီး။ တောချောက်တာ အသာလေးနေ"

"ဟီး ဟီး ဝိုး ဝိုး ဝေါ ဝေါ"

မြည်သံကြီးနှင့်အတူ တောတိုးသံကြီးက သူတို့တဲအပေါ် ကမ်းပါးထက်မှ ဝါးတောကြီးဆီသို့ရောက်လာ၏။ တောမကျွမ်းသေးသောဆရာကြီးက ဝါးတောကြီးကိုတိုးလာ၍ ညဘက်အစာရှာထွက်လာသော ဆင်အုပ်ကြီးဖြစ်နေမလားဟုထင်သွားသည်။ သူတို့ကမ်းပါးထက်တင်းဝါးရုံကြီးပင် သွက်သွက်ခါရောင်ယိမ်းနေပြီဖြစ်ပြီး ဝါးရုံကြီးတဲပေါ် သို့ပြိုကျလာမတတ်ခံစားရသောအခါ ဆရာကြီးကယောင်ပြီး နှုတ်မှအော်မိသွားပါတော့သည်။

"ဟာ - ဆင်ကြီးတွေထင်တယ်။ ကမ်းပါးအတိုင်းလျှောဆင်းလာရင်ငါတို့တဲလေးပြိုပြီး ငါတို့ပိုကုန်ရင်အခက်ပဲ"

"သွားပြီ"

အောင်သူနှင့် မောင်နီ၏ညည်းသံဖြစ်၏။ ကျန်သုံးယောက်ကလည်း တောထဲမှာ ကမ္ဘာပျက်သည့်အလား လေမတိုက်ဘဲဆူညံနေ၍ နိုးလာကြပြီဖြစ်၏။

သူတို့ငါးယောက် မပြောမဆိုဘဲကြမ်းပြင်မှာငုတ်တုပ်ထိုင်လိုက်ကြပြီး ရွှေတောင်ဘိုးဘိုးကြီးနတ်နန်းရှိရာ တောင်ကြီးဆီသို့ ဦးချကန်တော့လိုက်ကြရာ ဆရာကြီးပါရောယောင်၍ ကန်တော့လိုက်ပါ သည်။

ချောက်ကမ်းပါးပေါ်မှ ဆင်မည်းမည်းကြီးများလျှောဆင်းလာကြပြီး သူတို့တဲကိုဖြတ်တိုက်၍ နာမ့်မဲချောင်းထဲသို့ ဆင်းပြေးသွားကြ၏။

"ဝေါ ဝေါ ဖြောင်း ဖြောင်း ဂျွမ်း"

ဖြစ်လိုရာဖြစ်စေတော့ဟူ၍ ဆုံးစွန်ဆုံးတွက်လိုက်ပြီး ဆရာကြီးမျက်စိစုံမှိတ်လိုက်ရပါသည်။ မကြာမီ အသံတွေငြိမ်သက်သွား၏။ သူတို့တဲလေးဘာမှ

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ပါ။ ကျန်သည့်သူတွေက မထူးဆန်းသလိုနေကြပြီး ဆရာကြီးကိုကြည့်နေကြ၏၊

"ဟာ- ငါတို့ဘာမှမဖြစ်ဘူး။ဘယ်လိုဖြစ်တာလဲ၊ထူးဆန်းလိုက်တာ။အောင်သူတို့ဘာတွေဖြစ်တာလဲကွ"

"ဆရာကြီးကို ကျွန်တော်တို့ပြောသားပဲ။ ယောင်ပြီးမအော်ပါနဲ့လို့ အဲဒါမပြီးသေးဘူး လာဦးမှာ။ ဒီတစ်ခါလာရင် ဘာမှမအော်နဲ့ ပါးစပ်ပိတ်ထား"

ရွှေတောင်တောအထာကိုမသိ၍ ဆရာကြီး အတော်ကြောက်သွား၏။ စောင်ကိုခေါင်းမြီးခြုံ၍ သမ္မာဒေဂါထာအား အဆက်မပြတ်ရွတ်နေမိပါသည်။ တောသည် ညဦးပိုင်းကဖြစ်သလို လေမတိုက်ဘဲ လှုပ်ရှားလာပြန်ပါသည်။ ဒီတစ်ခါတော့ ဆရာကြီးအေားစောင်ခြုံပြီး အိပ်နေရန်သာပြောပြီး သူတို့ငါးယောက်ကမ်းပါးထက်မှ တင်းဝါးရုံကြီးကိုသာကြည့်နေကြ၏။ ထုံးစံအတိုင်း တင်းဝါးရုံကြီး ယိမ်းထိုး၍ခါလာသည်ကိုတွေ့လိုက်ရသည်။ ဝါးရုံကြီးသူတို့တဲဘက်သို့ ကိုင်းဆင်းယိမ်းလာသောအခါ

"ဟာ-ငါးကြီးတွေဟေ့ ငါးမြင်း၊ ငါးပတ်၊ ငါးတန်တွေကွ"

"ဝေါ ဝေါ ဘုတ် ဘုတ် ဘုတ်"

ရှေ့ချောင်းကမ်းစပ် သဲပြင်ပေါ် သို့ဘာတွေကျလာသည်မသိတဘုတ်ဘုတ်နှင့်ကျနေ၏။ ထိုအခါကျမှ သူတို့ငါးယောက်အေးဆေးသွားကြပြီး စောင်ခြုံ၍ အိပ်လိုက်ကြပါသည်။

နံနက်လင်းတော့ နာမ့်မဲချောင်းကမ်းစပ်၌ ငါးမြင်း၊ ငါးပတ်၊ ငါးတန်ကြီးတွေ လေးငါးကောင်ခန့် ပိုးလိုပတ်လက်ဖြစ်နေကြသည်ကို ငေ တွေ့လိုက်ရသည်။

"မောင်အောင်သူ ဘာတွေလဲ။ ဒီတောကိုတော့ ငါနားမလည်တော့ဘူး"

"ဟဲဟဲ ဆရာကြီးရဲ့၊ အဲဒါရွှေတောင်ဘိုးဘိုးကြီးက ကျွန်တော်တို့ကို ဟင်းစားပေးတာ။ ဘိုးဘိုးကြီးက နောက်တတ်တယ်။ ပျော်လို့စပြီးရင် ဟင်းစားပေးတာ"

"အဲဒါများကွာ ချေတို့၊ ဆတ်တို့၊ တောဝက်တို့တောင်းပါလား"

"ကျွန်တော်တို့မှာ တူမီးသေနတ်မှ ပါမလာတာ၊ ငါးဆိုတော့ ကုန်းပေါ်မှာ တင်နေရင် သူဟာသူသေသွားမှာပေါ့"

သည်တောမှာ ကြောင်ပစ်လျှင် ငန်းမြွေကြီးတွေထွက်လိုက်တတ်ကြောင်း ဆရာကြီးကို သူတို့ရှင်းပြကြသည်။

ငန်းမြွေပေါက်၍ ရွာထဲမှငတင့်အလောင်းအား တောစပ်မှာမြှုပ်ထားခဲ့ကြောင်းကိုတော့ ဆရာကြီးသိပါသည်။

နာမ့်မဲချောင်းသည် ပေတစ်ရာခန့်ကျယ်ပြီး တချို့နေရာများ၌ ကမ်းစပ်မှာ မြက်တောများပေါက်နေသော အင်းစပ်ရေတိမ်များရှိ၏။ ထိုရွာလေးသည် အိမ်ခြေနှစ်ဆယ်ခန့်သာရှိပြီး တောတက်သစ်ဝါးခုတ်ခြင်း၊ အမဲလိုက်ခြင်းဖြင့်သာ အသက်မွေးကြပါသည်။ရွာလေးကဆင်းရဲ၏။ တောင်ယာလုပ်သူ အနည်းငယ်သာရှိပြီး ရွှေရှာခြင်းဖြင့် ထမင်းတော့ မငတ်ကြပါ။

■

ကိုအောင်မြင့်နှင့်သူသမီးလေးမှာ သားအဖနှစ်ဦးတည်းဖြစ်၏။မိန်းမဖြစ်သူက ရွှေကျင်ရင်း ငှက်ဖျားမိပြီးဆုံးသွားပြီဖြစ်၏။ ထိုဒေသမှာက တူမီးလုပ်သေနတ်ကတော့ပေါသည်။ တောကောင်ပေါ၍ အိမ်တိုင်းလိုလို အမဲပစ်ထွက်တတ်ကြသည်။ သေနတ်ကို မဆောင်၍လည်းမဖြစ်ပါ။ တောဆင်ကြီးများက တစ်ခါတလေရွာလယ်လမ်းကို ဖြတ်သွားတတ်သလို ညအခါများ၌ ရွာအနီးမှာပင် ကျားတစ်သံဟိန်းသံများတို့ ကြားနေရတတ်သည်။ အန္တရာယ်မပေးဘူးဆိုပေမယ့် အကာအကွယ်သဘောမျိုး ဆောင်ထားတတ်ကြသည်။ တချို့ပိုက်ဆံတတ်နိုင်သူတွေက နှစ်လုံးပြူးသေနတ်ကိုပင်ဆောင်ကြ၏။ ကျည်ဆန်နှင့် သေနတ်ကလည်း ဝယ်လို့လွယ်သကိုး။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ဖြည်နယ်စပ်ဖြစ်နေသောကြောင့်တည်း။

"အဖေ၊ အင်းစပ်မှာရွှေသွားကျင်ရအောင်။ ဟိုနေ့က အိမ်ရှေ့အိမ်ကလူတွေရွှေကျင်တာ ရွှေကြီးနှစ်ရွေးတောင်ရတယ်တဲ့"

"အေးလေ - သွားတာပေါ့ သမီးရယ်"

သူတို့အားအဖနှစ်ယောက် ချောင်းစပ်အတိုင်းတက်လာခဲ့ကြသည်။ အင်းစပ်မြက်တောနေရာသည် ရေတိမ်ပေမယ့် မြက်ပင်ကိုင်းပင်များက တောထနေကြသည်။ ကမ်းပါးပေါ်မှ မြေကြီးကို အောင်မြင့်က ပေါက်တူးနှင့်တူးပြီး တောင်းနှင့်ရေစပ်စပ်မှာပုံသည်။ ကလေးမလေးက အင်းဝိုင်းသစ်သားဒယ်လေးဖြင့်ကျင်၏။ ရွှံ့များ၊ သဲများကုန်သွားသောအခါ ပါလာသည့်ပုလင်းထဲမှ ပြဒါးအနည်းငယ်လောင်းထည့်ပြီး လက်နှင့်မွှေ၍လုံးနေ၏။

"အဖေ ဟိုမှာကြည့်စမ်း၊ ကြီးကြာခေါင်းနီကြီးတွေဆင်းလာလိုက်တာ လှလိုက်တာ"

ကြီးကြာများမှာ ဆယ့်လေးငါးကောင်ခန့်ရှိ၏။ ဝဲပုံဆင်းလာကြပြီး ခြေတံရှည်ကြီးများက ရေထဲမှတစ်လှမ်းခြင်းလှမ်းရင်း ခရုများ၊ ငါးများကိုကောက်စားနေကြ၏။ ကိုအောင်မြင့်စဉ်းစားလိုက်သည်။ အိမ်မှာ ဒီနေ့ဟင်းစားမရှိ။ အကောင်ကြီးတွေကလည်း လေးငါးပိသာခန့်အကောင်ကြီးတွေဖြစ်သည်။ ကျောမှာလွယ်ထားသော တူမီးသေနတ်ကိုထောင်လိုက်ပြီး ယမ်းဘူးထဲမှ ယမ်းအနည်းငယ်လောင်းထည့်လိုက်သည်။ တူမီးသေနတ်ယမ်းထောင်ရာမှာလည်း ယမ်းစပ်မပြင်းဖို့က အရေးကြီးသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးတော့ တောမီဝန်းသေနတ်ကျည်ဆန်ယမ်းက အလွန်ပြင်းသည်။ အတိုင်းအဆမရှိဘဲ နင်းကန်ထောင်းထည့်ကြ၍ သေနတ်ပစ်သောအခါ 'ရှေ့လေး၊ နောက်ခြောက်၊ ဘေးနှစ်ယောက်၊ ပစ်သူမကျန်အကုန်မှန်' ဆိုပြီး ပြောင်းကွဲ၍ သေဆုံးခဲ့ကြသဖြင့် ဤစာချိုးပေါ် လာခဲ့ခြင်းဖြစ်သည်။

ခုတော့ ဤယမ်းမရှိတော့သော်လည်း တရုတ်ပြည်မှလာသည့် ယမ်းတွေကပြင်းသည်။ ကိုယ်ပစ်မည့်သားကောင်အနေအထားကြည့်၍ ယမ်းထည့်ပြီး တောဘဲ၊ငန်းများပစ်မည်ဆိုလျှင် စက်ဘီးက ဘောစေ့လေး ကိုးလုံးခန့်ထည့်၍ ရှေ့မှ စက္ကူစဖြင့် ဘောစေ့များမထွက်နိုင်ရန် ပိတ်ဆို့ထား၏။ အကယ်၍ တောဝက်၊ ချေ၊ ဆတ်၊ ကျားပစ်မည်ဆိုလျှင် ဆိုင်ကယ်ဘောစိတစ်လုံးဆိုလျှင်ရ၏။

ကိုအောင်မြင့် သေနတ်ကို ကြီးကြာအုပ်ထဲသေသေချာချာချိန်လိုက်သည်။ ကြီးကြာအုပ်ကြီးကတော့ အန္တရာယ်ကိုမသိဘဲ အေးအေးဆေးဆေးအစားစားနေကြသည်။

"ဖောင်း ဝေါ်"

ကိုလုံးကျည်ဘောစေ့လေးများက ကြီးကြာငှက်ကြီးနှစ်ကောင်အား ဖောက်ဝင်သွားကြသည်။ ကြီးကြာငှက်တွေလန့်ပြီးပျံပြေးကုန်ကြသည်။ ငှက်ကြီးတွေကလည်း ရေစပ်စပ်မှာအရှိန်နှင့်ပျံကြရခြင်းဖြစ်သည်။ ကောင်းကင်ပေါ်ရောက်သွားကြသော်လည်း ခဏခြားအရပ်သို့ မပျံသေးဘဲ ကောင်းကင်ပေါ်မှာ ဝဲနေကြပြီး သေနေသော ငှက်နှစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

ဇနီးမော်ညိုညူ
(သင်)နားထိုင်း မျက်စိမှုန်လာပြီလား ကြိတ်မှုန်ပင်က ကူညီပါလိမ့်မယ်

"အတွားဒေါ် သန်းကြည် ဘာပင်တွေလဲဗျ။ တစ်ပွေ့တစ်ပိုက်ကြီးပါလား"

အိမ်အောက်ထပ်ကို တန်းဝင်လာတဲ့အတွားဒေါ် သန်းကြည်ကို စာရေးသူ လှမ်းမေးလိုက်ပါတယ်။

"ကြိတ်မှုန်ပင်တွေလေ"

"အဲဒီအပင်တွေဘာလုပ်ဖို့လဲ"

စာရေးသူ အဲလိုလေးမေးလိုက်တော့ ကုလားထိုင်မှာထိုင်ရင်း ဒေါ် သန်းကြည်က -

"တို့အရွယ်ဟာ အိုပြီလေ၊ နားကထိုင်းလာပြီ၊ မျက်စိကမှုန်လာပြီမဟုတ်လား။ ဒီကြိတ်မှုန်ပင်က တို့လူအို့တွေအတွက် အကောင်းဆုံးဆေးပင်ပေါ့"

"ဒီကြိတ်မှုန်ပင်ကို ဘယ်လိုအသုံးချမှာလဲ"

"အရွက်ကလေးတွေကိုခြွေ၊ သန့်ရှင်းတဲ့ငရုတ်ဆုံမှာထောင်းပြီးအရည်ညှစ်ပါ။ ရလာတဲ့အရည် ဟင်းသောက်ဇွန်း တစ်ဇွန်းကို နွားနို့စစ်စစ်တစ်ဖန်ခွက်ထဲထည့်မွှေပြီးသောက်ပါ။ မနက်ပိုင်းနဲ့ည အိပ်ရာဝင်ချိန်မှာ မှန်မှန်သောက်ပါ။ နားမကြား(နားထိုင်း)တာလည်းကောင်းသွားလိမ့်မယ်။ ပြီးတော့ မှုန်နေတဲ့မျက်စိလည်း ပြန်ပြီးကြည်လင်လာလိမ့်မယ်"

"ဟုတ်များဟုတ်ရဲ့လား အတွားရယ်"

"ငါက အရမ်းမပြောဘူး။ သပြေကုန်းရွာက ဆရာမူတူးကို မင်းတို့ကြားဖူးမှာပေါ့။ သူဟာ အသက် (၉၀) ကျော်ပေမယ့် မျက်စိဟာ အလွန်ကောင်းပြီး မျက်မှန်မတပ်ဘဲ စာကြည့်နိုင်တယ်။ နောက်ပြီး နားလည်းလုံးဝမထိုင်းဘူး။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ အသက် (၆၀) ရတဲ့အခိုန်ကစပြီး ငါပြောတဲ့နွားနို့နဲ့ကြိတ်မှန်ရွက်ကိုသောက်ခဲ့လို့ပဲ။ ဆရာဦးမူတူးက ငါ့ကိုမှာခဲ့တယ်။ အသက် (၆၀)ပြည့်ရင် နွားနို့နဲ့ကြိတ်မှန်ရွက်ကို သောက်ပေးပါတဲ့။ ငါမေ့နေတာ အခု အသက်(၈၃) နှစ်ရှိပြီလေ။ နားကလည်း ကောင်းကောင်းမကြားတော့ဘူး။ မျက်စိကလည်း မှန်လာမှ ဆရာပြောခဲ့တာကို သတိရလိုက်တယ်။ ဒါကြောင့် ကြိတ်မှန်ပင်ကို ရှာခဲ့တာပါ။ နွားနို့နဲ့သောက်တော့မယ်။ အပင်များများရရင် အခြောက်လှန်းအမှုန့်ကြိတ်ထားမယ်။ မသေမချင်း နွားနို့နဲ့ရောပြီး သောက်နိုင်အောင်လို့ပေါ့။ ဒါမှ ငါ့ရဲ့ထိုင်းနေတဲ့နား၊ မှုန်နေတဲ့မျက်စိများ ပြန်ကြားပြန်မြင်လိမ့်မပေါ့ ငါတူရယ်"

ဇနီးမော်ညိုညူ

အား ပြေးကောက်သည့် သားအဖနှစ်ယောက်အား ဝဲကြည့်နေပြီး ရွှေတောင်တောအုပ်ဘက်သို့ ပျံသွားကြပါသည်။

ရွာသားတွေက ကြိုးကြာသားအား မစားကြ။ သူတို့သားအဖနှစ်ယောက်သာ စားကြသည်။ ကြိုးကြာသားထက်ပိုကောင်းသည့် ချေသား၊ တောဝက်သားက မကြာခဏရနေကြ၍ ဖြစ်သည်။

တစ်ပတ်ခန့်ကြာသော် သူတို့သားအဖ ထိုနေရာသို့ ဂရွှကျင်သွားကြပြန်သည်။ ဆွမ်းခံပြန်ချိန်ရောက်သောကောင်းကင်တစ်ခုလုံး၌ ငှက်အုပ်ကြီးရောက်လာသည်။ သည်တစ်ခါတော့ ငှက်အုပ်ကြီးကပို့များသည်။ ကြိုးကြာငှက်များဖြစ်သည်။

"အဖေ၊ ငှက်တွေလာပြန်ပြီ"

ကြိုးကြာတွေက ရေစပ်သို့မဆင်းဘဲ ကောင်းကင်မှာသာ ပျံဝဲနေကြသည်။ ကိုအောင်မြင့်တူဦးသေနတ်ကိုထောင့်ပြီး ယမ်းထောင်းပြန်၏။ ဘောစေ့လေးတွေထည့်ပြီး ပျံဝဲနေသောငှက်အုပ်ရှိရာသို့ ချိန်လိုက်သည်။ ကလေးမလေးကတော့ ချောင်းစပ်မှာ အင်းဝိုင်းလေးဖြင့် ရွှေကျင်နေ၏။

"ဖောင်း ဝေါ ဖရော"

ကျည်စေ့လေးများကောင်းကင်ပေါ်တက်လာသည်နှင့် ကြိုးကြာများတစ်ကောင်နှင့်တစ်ကောင် အစုခွဲလိုက်ကြပြီး ချောင်းစပ်မှာရွှေကျင်နေသော ကလေးမလေးဆီသို့ အရှိန်ဖြင့် ထိုးစိုက်ဆင်းလာကြလေ၏။ တစ်ကောင်ပြီးတစ်ကောင် ကလေးမလေး၏ ဦးခေါင်းအား သူတို့၏ နှုတ်သီးကြီးများဖြင့် ထိုးဆိတ်လိုက်ပျံတက်သွားလိုက်လုပ်နေကြသည်အား ကိုအောင်မြင့်အံ့အားသင့်စွာကြည့်ရင်းမသမီးဆီသို့ပြေးလာသောအခါ ကလေးမလေး၏ ဦးခေါင်းမှာ သွေးချင်းချင်းနီ၍ ဦးခေါင်းကွဲပြီး အသက်ပျောက်နေပြီဖြစ်၏။

"အဖေရေ၊ သမီးကိုကယ်ပါဦး"

ကလေးမလေး၏ နောက်ဆုံးထွက်သက်မတိုင်မီ အော်လိုက်သည့် အသံက နာမ်မဲချောင်းရေပြင်မှာ ပျံ့လွင့်သွားပါတော့သည်။

■

ရွှေတုံးရွာဦးဘုန်းကြီးကျောင်းသို့ ကလေးမလေး၏ သက်ပျောက်ဆွမ်းနှင့် သင်္ကန်းဆက်ကပ်နေသော မျက်ရည်လည်ရွဲနှင့် ကိုအောင်မြင့်အားတွေ့ကြရ၍ ရွာသားတွေ စိတ်မကောင်းကြ။ ထိုကြိုးကြာငှက်များသည် ကလဲ့စားချေခြင်းက ထူဆန်းပေစွ။ ဆရာတော်ကြီးက ပြုသမျှကုသိုလ်အား ငှက်တွေကိုရည်စူး၍ အမျှဝေပါဟု ဩဝါဒပေးပါသည်။

ကိုအောင်မြင့်သည်လည်း သမီးငယ်၏ အဖြစ်ဆိုးကို မျက်မြင်တွေ့လိုက်ရပြီးနောက်ပိုင်း ထိုရွာမှပျောက်ခြင်းမလှပျောက်သွားပါတော့သည်။ တချို့ကလည်း သေနတ်ကိုင်ပြီး ကြောင်တောင်တောင်ဖြင့် နာမ်မဲသစ်တောကြီးထဲဝင်သွားသည်ကိုတွေ့ရသည်ဟု ဆိုပါသည်။ တချို့ကလည်း မန္တလေးမြို့မှရူးနေသောသူအားတွေ့ခဲ့ကြသည်ဟုဆို၏။ ဘယ်ဟာ အမှန်ဖြစ်သည်ကိုတော့ ဘယ်သူမှ တိတိကျကျမပြောနိုင်ကြပါ။

သန့်ဇင်

(ဖြစ်ရပ်မှန်အား ပြောပြသူ မဘိန်းမြို့နယ်(ရှမ်းပြည်နယ်မြောက်ပိုင်း) သင်္ဘောဆုံးရွာမှ ကျောင်းဆရာကြီးနှင့် ရွှေတုံးရွာမှ ဦးအောင်ညွန့်အား ကျေးဇူးအထူးတင်ရှိပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ် ဂူလိုဒ်လ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဃေား

အင်းအိုင်၊ ခါးလည်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤအထွက်၊ အဝင်ခပါဒ်နက္ခတ်ဃေားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ရက်	စန်းယှဉ်နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းချိန်	စုတ်ဥာဏ်	ထင်ထွက်ခပါဒ်
၁	သရဝဏ်	၂ မြင်	၂၃း၄၆း၃၀	ဥပါဒ်	ထွက်
	ဓနိသိဒ္ဓ	၁ ကန်း		မိတ္တူ	ထွက်
၂	ဓနိသိဒ္ဓ	၁ ကန်း	မပြောင်း	လာဘ	ဝင်
၃	သတဘိသျှ	၂ မြင်	မပြောင်း	မိတ္တူ	ထွက်
၄	သတဘိသျှ	၂ မြင်	၀၂း၀၆း၁၉	လာဘ	ဝင်
	ပြဿဒဖဒ္ဒပိုဒ်	၂ ကန်း		သိဒ္ဓိ	ဝင်
၅	ပြဿဒဖဒ္ဒပိုဒ်	၂ ကန်း	၀၃း၂၂း၀၆	မိတ္တူ	ထွက်
	ဥတ္တရာဖဒ္ဒပိုဒ်	၂ ကန်း		ကာဏ	ထွက်
၆	ဥတ္တရာဖဒ္ဒပိုဒ်	၂ ကန်း	၀၄း၂၈း၂၈	သိဒ္ဓိ	ဝင်
	ရေဝတီ	၁ ကန်း		ဝရ	ခပါဒ်
၇	ရေဝတီ	၁ ကန်း	၀၄း၄၈း၀၀	ကာဏ	ထွက်
	အသဝနီ	၁ ကန်း		အမြိတ္တ	ဝင်
၈	အသဝနီ	၁ ကန်း	၀၄း၄၈း၀၀	ဝရ	ခပါဒ်
	ဘရဏီ	၂ မြင်		ဥပါဒ်	ထွက်
၉	ဘရဏီ	၂ မြင်	၀၄း၃၈း၄၃	အမြိတ္တ	ဝင်
	ကြတ္တိကာ	၂ ကန်း		လာဘ	ဝင်
၁၀	ကြတ္တိကာ	၂ ကန်း	၀၃း၄၈း၃၄	ဥပါဒ်	ထွက်
	ရောဟဏီ	၂ မြင်		မိတ္တူ	ထွက်
၁၁	ရောဟဏီ	၂ မြင်	၀၂း၃၃း၃၀	လာဘ	ဝင်
	မိဂသီ	၁ ကန်း		သိဒ္ဓိ	ဝင်
၁၂	မိဂသီ	၁ ကန်း	၀၁း၀၇း၃၀	မိတ္တူ	ထွက်
	အဒြ	၂ မြင်	၂၃း၃၇း၃၀	ကာဏ	ထွက်
	ပုန္ဗသု	၂ ကန်း		အမြိတ္တ	ဝင်
၁၃	ပုန္ဗသု	၂ ကန်း	၂၃း၄၇း၀၅	ဝရ	ခပါဒ်
	ဖုဿ	၂ ကန်း		ဥပါဒ်	ထွက်
၁၄	ဖုဿ	၂ ကန်း	၂၀း၁၅း၀၀	အမြိတ္တ	ဝင်
	အသလိဿ	၁ ကန်း		လာဘ	ဝင်
၁၅	အသလိဿ	၁ ကန်း	၁၈း၄၅း၀၀	ဥပါဒ်	ထွက်
	မာဃ	၁ကန်း		မိတ္တူ	ထွက်

ရက်	စန်းယှဉ်နက္ခတ်	အမြင်အကန်း	နက္ခတ်ပြောင်းချိန်	စုတ်ဥာဏ်	ထင်ထွက်ခပါဒ်
၁၆	မာဃ	၁ ကန်း	၁၇း၁၅း၀၀	လာဘ	ဝင်
	ပြဿဒဖလဂုနီ	၂ မြင်		သိဒ္ဓိ	ဝင်
၁၇	ပြဿဒဖလဂုနီ	၂ မြင်	၁၆း၀၀း၀၀	မိတ္တူ	ထွက်
	ဥတ္တရဖလဂုနီ	၂ ကန်း		ကာဏ	ထွက်
၁၈	ဥတ္တရဖလဂုနီ	၂ ကန်း	၁၅း၀၅း၄၈	သိဒ္ဓိ	ဝင်
	ဟဿတ	၂ မြင်		ဝရ	ခပါဒ်
၁၉	ဟဿတ	၂ မြင်	၁၄း၃၃း၂၇	ကာဏ	ထွက်
	စိတြ	၁ ကန်း		အမြိတ္တ	ဝင်
၂၀	စိတြ	၁ ကန်း	၁၄း၃၈း၃၉	ဝရ	ခပါဒ်
	သွာတိ	၂ မြင်		ဥပါဒ်	ထွက်
၂၁	သွာတိ	၂ မြင်	၁၅း၀၃း၀၃	အမြိတ္တ	ဝင်
	ဝိသာခါ	၂ ကန်း		လာဘ	ဝင်
၂၂	ဝိသာခါ	၂ ကန်း	၁၆း၀၀း၀၀	ဥပါဒ်	ထွက်
	အနုရာဓ	၂ ကန်း		မိတ္တူ	ထွက်
၂၃	အနုရာဓ	၂ ကန်း	၁၇း၁၅း၄၃	လာဘ	ဝင်
	ဇေဋ္ဌ	၁ ကန်း		သိဒ္ဓိ	ဝင်
၂၄	ဇေဋ္ဌ	၁ ကန်း	၁၉း၁၂း၀၀	မိတ္တူ	ထွက်
	မူလ	၁ ကန်း		ကာဏ	ထွက်
၂၅	မူလ	၁ ကန်း	၂၁း၂၂း၅၅	သိဒ္ဓိ	ဝင်
	ပြဿာသာဠှ	၂ မြင်		ဝရ	ခပါဒ်
၂၆	ပြဿာသာဠှ	၂ မြင်	၁၃း၂၀း၀၀	ကာဏ	ထွက်
	အဘိဇိ	×		အမြိတ္တ	ဝင်
၂၇	အဘိဇိ	×	၀၆း၃၂း၄၄	ဝရ	ခပါဒ်
	ဥတ္တရာသာဠှ	၂ ကန်း		ဥပါဒ်	ထွက်
၂၈	ဥတ္တရာသာဠှ	၂ ကန်း	၀၂း၁၃း၂၀	အမြိတ္တ	ဝင်
	သရဝဏ်	၂ မြင်		လာဘ	ဝင်
၂၉	သရဝဏ်	၂ မြင်	၀၄း၅၃း၂၀	ဥပါဒ်	ထွက်
	ဓနိသိဒ္ဓ	၁ ကန်း		မိတ္တူ	ထွက်
၃၀	ဓနသိဒ္ဓ	၁ ကန်း	၀၇း၂၅း၀၅	လာဘ	ဝင်
	သတဘိသျှ	၂ မြင်		သိဒ္ဓိ	ဝင်
၃၁	သတဘိသျှ	၂ မြင်	၀၉း၂၅း၄၃	မိတ္တူ	ထွက်
	ပြဿဒဖဒ္ဒပိုဒ်	၂ ကန်း		ကာဏ	ထွက်

ဤဃေားတွင်-
ပြဿသာဠှနက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠှနက္ခတ်အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟုယူကာ တွက်ထားပါသည်။

၁၃-၇-၂၀၁၈၊ သောကြာနေ့နံနက် ၁၀း၀၁း၄၈ နာရီတွင် လတွယ်၊
၂၈-၇-၂၀၁၈၊ စနေနေ့နံနက် ၀၂း၃၇း၀၆နာရီ လပြည့်။

ရေးသားတည်နှိုင်းကြပါစေ
ဦးဒေါ်အောင်စောလှိုင်(ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

ထွန်းတောက်ပြောင်မှုဆိုးများ

ပျဉ်ထောင်ကြိုးဝိုင်းတောကြီးထဲသို့ ဝင်ရောက်လိုက်သည်နှင့် ကျောထဲက စိမ့်ခနဲဖြစ်သွားကြသည်။ တောနက်သောကြောင့်လည်း အအေးဓာတ်ပိုကြီးသည်။ သည်အကြောင်းကို သိထားကြ၍ပင် မနက်ပိုင်း နေရင့်ခိုနဲဖြစ်သည့် တိုင်အောင် တပ်စခန်းမှထည့်ယူလာသော အနွေးထည်များကို ဝတ်ဆင်ကြသည်။

ပျဉ်ထောင်ကြိုးဝိုင်း၌ သားရဲအမဲများပေါသလို ကျား စသော သားရဲကြီးများ၊ ပြောင်၊ စိုင်၊ ဆတ် အစရှိသော သားကောင်ကြီးများလည်းပေါများသည်။ ကချင်ပြည်နယ်၏တောနက်တောကြီး တစ်နေရာတွင်ဖြစ်သည့်အလျောက်ပင် အခြားသော သားကောင်ငယ်များကိုမူ ဆိုဖွယ်ရာပင်မရှိပေ။

တောကြက်ဖတွန့်သံ၊ ဒေါင်းတွန်သံ၊ ရှစ်ဖကြီးများတောင်ပံဆွဲသံ၊ မျောက်အော်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သည်လား၊ ကျားတစ်သည်လား မခွဲခြားနိုင်သည့်အသံအချို့ကိုလည်း ဟိုမှသည်မှကြားနေရလေသည်။

တပ်ကြပ်မောင်မောင်၊ ကြည်းတပ်သားတင်အေးနှင့် ကျွန်တော် တပ်သားထွန်းရီတို့မှာ စစ်သားမှုဆိုးများဖြစ်ကြသည့်အလျောက် တပ်ကြပ်မောင်မောင်ကြည့်မှာ ကာဘိုင်၊ ကျွန်တော်နှင့် တပ်သား တင်အေးတို့မှာပို့ဂ်ိုင် (၃၀၃) ရိုင်ဖယ်သေနတ်ရှည်ကြီးများကိုယ်စီဖြင့် အမဲရှာပစ်ရန် ထွက်လာခဲ့ကြသည်။

ထို့ကြောင့် သားကောင်ကြီးများကိုတွေ့လျှင်ဖြစ်စေ၊ သားရဲကြီးများကိုတွေ့လျှင်ဖြစ်စေ ချမ်းသာပေးကြမည်လူများမဟုတ်ကြ။ သားကောင်ကြီးများကိုတွေ့လျှင်မူကား သာ၍အဆင်ပြေခြေလိမ့်မည်။

ထို့ကြောင့် စိုင်၊ ဆတ်၊ ပြောင် စသော သားကောင်ကြီးများကိုသာ

www.burmeseclassic.com

www.burmeseclassic.com

ရည်မှန်းပြီးထွက်လာကြသောကြောင့် မူဆိုးဟင်းအိုးဟုဆိုရိုးပြုကြသည့် ချေမွှသောသားကောင်ငယ်များကိုပင် လာဘ်ပိတ်သည်ဟု ယူဆကာ ပစ်ခတ်ရန်စိတ်ကူးမရှိကြပေ။ တောကောင်ကြီးများကို မတွေ့မရရှိ၍ အပြန်ခရီးတွင် ဆုံမိမှ ချေ စသော သားကောင်ငယ်များ ကံဆိုးကြရမည်ဖြစ်သည်။

"ဝေါက် ဝေါက် ဝေါက်"

သတိထားကာ ပတ်ဝန်းကျင်များကိုနှာခွင့်ပြီး သွားနေကြရင်း တစ်ဖက်တောင်စောင်းဆီက ချေတစ်ကောင် အော်ဟောက်ပြီး ထွက်ပြေးသံကိုကြားလိုက်ကြရသည်။ ထို့နောက် ငှက်ထိုးသံ၊ ရွှဲတွတ်သံ၊ မျောက်အချို့တို့ ဂနာမငြိမ်ဖြစ်ကာ ဟိုခုန်သည်ပြေးဖြစ်နေကြသည်ကို တွေ့လိုက်ရ၍ ဆရာမောင်မောင်ကြည်က ကျွန်တော်တို့ကိုလက်ကာပြပြီး အသံများကြားရာဘက်ကို နားစွင့်ကာ စိုက်ကြည့်နေလေသည်။

ထို့ကြောင့် တင်အေးနှင့်ကျွန်တော်တို့လည်း သေနတ်များကိုအသင့်ပြင်ကာ ဆရာမောင်မောင်ကြည်၏အခြေအနေကို အကဲခတ်ကြည့်နေကြသည်။

ထို့နောက် ဆရာမောင်မောင်ကြည်က အခြေအနေကိုကြည့်ပြီး ရှေ့သို့ဆက်သွားရန်ကို လက်ဟန်ခြေဟန်ပြ၍ ကျွန်တော်နှင့် တင်အေးတို့လည်း တစ်ယောက်နှင့်တစ်ယောက် ငါးလံမျှခွာကာဆက်လိုက်ကြသည်။

"ရှူး ဝလူး ရှူး ဝလူး"

တောစောင်း၏အောက်ခြေတွင် ပွက်တောဆီမှ အသံကြီးတစ်သံကိုကြားလိုက်ကြရသည်။ စပါးနှစ်ပြည်ခင်းမျှရှိသောပွက်တောတွင် တောင်စဉ်ဖက်တောများ၊ ချုံပုတ်များဖြင့် ရှုပ်ထွေးပိန်း

www.burmeseclassic.com

www.burmeseclassic.com

ပိတ်နေပြီး အပေါ်ကလည်း သစ်စိမ်းပင်ကြီးများအုပ်မိုးထား၍ အပေါ်ကလည်း သစ်စိမ်းပင်ကြီးများအုပ်မိုးထား၍ အသံကြားလိုက်ရသော သတ္တဝါကြီးကို ဘာကောင်ဟု မမြင်ရသည့်တိုင်အောင် စစ်သားမုဆိုးများဖြစ်ကြသည့် ကျွန်တော်တို့သုံးယောက်လုံးပင် ပြောင်ကြီးတစ်ကောင်ဖြစ်သည်ကိုအတိကျသိနေသည်။

သို့သော်လည်း ပြောင်ကြီးကို ပြတ်သားစွာဖြင့် မမြင်ကြရသေး၍ တောင်ကမ်းပါးယံအတိုင်း သတိထားကာ ခြေကိုဖော့ဖော့နင်းပြီးဆက်လျှောက်ကြမှ အင်းလူးနေသည့် ကတ္တရာစေးရောင်ကဲ့သို့ မည်းနက်သောပြောင်ကြီးတစ်ကောင်ကိုတွေ့လိုက်ကြရသည်။

ပက်လက်လှန်လိုက်၊ ဘယ်ညာလှိမ့်လိုက်နှင့် အင်းလူးနေသော ပြောင်ကြီးကိုကြည့်ကာ တစ်အောင့်မျှကြာငေးကြည့်နေမိကြသည်။ ပြောင်များမှာ ဆတ်/ကျွဲတို့၏အနွယ်ဖြစ်၍ အအေးဓာတ်ကိုကြိုက်ကြသောကြောင့် ဆတ်/ကျွဲများနည်းတူပင် ရေစိမ်ခြင်း၊ အင်းလူးခြင်းရှိကြသည်။

ဆတ်၊ တောဝက် စသော တောကောင်များမှာ အင်းလူးရာ၌ ကြာကြာစိမ်ခြင်းမရှိပေ။ ပတ်ဝန်းကျင်ကို စိတ်မချသည့်သဘောဖြင့် အင်းနားသို့ရောက်လျှင် တစ်အောင့်မျှနားစွင့်ကာ အကဲခတ်နေပြီးမှ အင်းထဲသို့ဆင်းကာ ဘယ်ပြန်ညာပြန် နှစ်ချက်မျှလူးပြီး ချက်ချင်းပြန်ထကာ အကဲခတ်နေတတ်ပြန်သည်။ ထို့နောက်လည်း ထိုကဲ့သို့ပင် နောက်နှစ်ချက်မျှလူးကာ ထိုနေရာမှ တန်းတက်ပြီး ချက်ချင်းပြေးထွက်သွားလေ့ရှိသည်။

ယခုပြောင်ကြီးမှာမူ တစ်ကောင်တည်းဖြစ်ပြီး စိမ်ပြေနပြေလည်း အင်းလူးနေသဖြင့် ပြောင်နာများဖြစ်လေသလား။ သို့တည်းမဟုတ် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိနေ၍ပင် စိတ်ချလက်ချလူးလိုမ့်နေလေသလား။

သို့သော်လည်း သည်ပြောင်ကြီး၏လူးလိုမ့်နေပုံမှာ အလွန်မြန်ဆန်နေသောကြောင့် ပြောင်နာဖြစ်ဟန်မတူပေ။ ပြောင်တို့သည် အကောင်ထွားပြီး ဦးချိုအားကောင်းသောကြောင့်ပင် ယုံကြည်မှုအပြည့်ရှိ၍ ပတ်ဝန်းကျင်ကို ဂရုမစိုက်သည့်သဘောသာဟု နားလည်လိုက်ကြသည်။

သည်မျှအထိ ပြောင်ကြီးအား ပြတ်သားလင်းရှင်းစွာဖြင့် မြင်နေကြရသည့်တိုင်အောင် ကျွန်တော်တို့မပစ်ရဲကြသေးပေ။ ပြောင်များကို ပစ်ခတ်ရာတွင်လည်း အသည်းပုံ၊ အဆုတ်၊ နှလုံး စသည့်ပစ်ကွင်းမျိုးကိုသာ မထိမိပါက မုဆိုးများအဖို့ စိတ်မချရ။ မုဆိုးလောကတွင် ပြောင်နာနှင့် ကျားနာများကို အထူးပင်သတိထားကြရသည်။

သို့သော်လည်း ယခုအနေအထားသည် မုဆိုးများက ကမ်းပါးယံထက်၊ ပြောင်ကြီးက အောက်ဖြစ်နေသောကြောင့် ကျည်ထိ၍ ပြောင်ကြီးမသေသော်လည်း မုဆိုးကိုပြန်လည်တိုက်ခိုက်ရန်သိပ်ပြီးစိုးရိမ်စရာမလိုပေ။ အကယ်၍ ပြောင်ကြီးသည်ကား ဆိုခဲ့သည့်အတိုင်း ကျည်ထိသော်လည်းမသေဘဲ ဝါးလုံးထိုးပြေးတက်လာလျှင်ပင် မုဆိုးများအဖို့ ရှောင်သာတိမ်းသာရှိပြီး ထပ်မံပစ်ခတ်ခွင့်၊ ပြေးထွက်ခွင့်၊ သစ်ပင်ပေါ်ကိုပြေးတက်ခွင့်စသောအခွင့်လည်း ရနိုင်သည်။

ထိုမျှအထိ မုဆိုးများ၏ဘက်က အသားစီးရှိနေလျက်နှင့်ပင် မုဆိုးသတိရှိသော ဆရာမောင်မောင်ကြည်သည် ကျွန်တော်နှင့် တင်အေးတို့အား အနီးအနားက ကည်ပင်ကြီးဆီကိုကပ်ပြီး အကာအကွယ်ယူထားရန်ကို လက်ဟန်ခြေဟန်ဖြင့် ညွှန်ပြနေ၍ ကျွန်တော်နှင့် တင်အေးတို့လည်း ဆရာမောင်မောင်ကြည်၏အမိန့်အတိုင်း ကည်ပင်ကြီးတစ်ယောက်တစ်ပင် အကာအကွယ်ယူကာ ရိုင်ဖယ်သေနတ်များကို ကျည်ထိုးပြီး အသင့်ပြင်ထားကြလေသည်။

"ဒိုင်း ဒိုင်း ဒိုင်း"

ဆရာမောင်မောင်ကြည်၏ကာတိုင်းသနတ်မှကျည်သုံးတောင့် ဆက်တိုက်ထွက်သွားသံ ပြောင်ကြီး၏တရှူးရှူးတရဲရဲနှာမှုတ်ကာ အင်းထဲတွင်သုံးလေးပတ်လည်လျက် ဒယီးဒယိုင်ဖြင့်ကုန်းထပြီး တောထဲသို့ ဝင်ပြေးသွားသံများဖြင့် ဆုံးသွားလေသည်။

ထို့ကြောင့် ဆရာမောင်မောင်ကြည် အံ့သြနေသလို ကျွန်တော်နှစ်ယောက်လည်း ဆရာမောင်မောင်ကြည်ကပစ်ခွင့်မပေး၍ ကြောင်ကြည့်နေမိကြသည်။ ထို့နောက် ဆရာမောင်မောင်ကြည်က-

"ဟ - ဘယ်လိုလဲကွ၊ ကျည်သုံးတောင့်ထိတာတောင် ဒီပြောင်ကြီးထွက်ပြေးသွားပါလား"

ဟု သေနတ်ဘောင်ကို မြေမှာထောက်ကိုင်ပြီး အသံကျယ်ကျယ်ဖြင့် ကျွန်တော်အား ပြောသည်။

"ဆရာကဆက်မှမပစ်တာ"

"ကျွန်တော်တို့လည်း ကျည်ထိုးပြီး အသင့်ပြင်ထားကြတာဗျ။ ဆရာကသာပစ်ခွင့်ပေးရင် ဒီကောင်ကြီးနေရာမှာတင် ခွေတာပေါ့"

ဟု တင်အေးနှင့် ကျွန်တော်တို့လည်း တစ်ယောက်တစ်ပေါက်ဝင်ပြောကြသည်။

"အေးလေ၊ ငါလည်း သုံးချက်ဆက်ပစ်လိုက်တော့ နေရာတင် ခွေမယ်ထင်တာပေါ့ကွ။ ထနိုင်လို့ ထရင်လည်း တစ်ပတ် နှစ်ပတ်လည်ပြီး ပြန်လဲလိမ့်မယ်လို့ ထင်တယ်လေ။ ဒါကြောင့် မင်းတို့ကို မစ်မခိုင်းသလို ငါလည်း ဆက်မပစ်တာပေါ့။ အခုတော့ ရထားခေါင်းတွဲကြီးကို စလှိမ့်သလို တောထဲကို ဝင်ပြေးသွားပါရော့လား"

ထို့နောက် ရေကို သွားကြည့်ကြသည်။ ဟုတ်သည်။ သွေးများကျပြီး ခြေရာလည်း ပုံမှန်မဟုတ်ပေ။ လက်ကျခြေကျမညီဖြစ်ကာ ခြေရာများပျက်ယွင်းနေသည်ကို တွေ့ကြရသည်။ ဒဏ်ရာကြီးကြီးမားမားရသွားသော အမဲကြီး၏သဘောမှာ နေရာ၌မလဲလျှင် ခြေရာပျက်တတ်မြဲဖြစ်သည်။

ထိုနေရာမှ သွေးစနှင့်ခြေရာအတိုင်း ဆက်လိုက်ကြသော်လည်း ပြောင်နာတို့သည် အလွန်အန္တရာယ်များသောကြောင့် သွက်သွက်မလိုက်ရဲကြပေ။ ထို့ကြောင့် သတိထားပြီး သုံးလေးကုန်းမျှလိုက်ကြည့်ကြသော်လည်း ပြောင်ကြီးကို အစအနမျှပင် မတွေ့ကြရပေ။

ထို့ကြောင့် ညနေလေးနာရီလည်းရှိနေပြီဖြစ်၍ ဆက်လိုက်ရန်သင့်မသင့်ဟု မထင်သောကြောင့် လက်လျှော့ပြီး စမ်းချောင်းထဲတွင် တစ်အေးအေးမျှ ဆေးလိပ်ထိုင်ဖွာကာ ပြန်လည်နားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

စကားတပြောပြောဖြင့် လျှောက်လာကြရာ တောထဲမှမထွက်မီပင် ချေဟောက်သံကို ကြားကြရသည်။ ထို့ကြောင့် ဆရာမောင်မောင်ကြည်က-

"ဟိုက်ကောင်တွေ မုဆိုးဟင်းအိုးနဲ့တော့တွေ့ပြီကွာ။ သစ်ပင်နားကပ်ကြစမ်း"

ပြောကာဆရာက သစ်ရွက်တစ်ရွက်ကိုခူးပြီး အလယ်ကြောမှခေါက်၍ မှုတ်လေသည်။

မုဆိုးများက ဖက်မှုတ်ခြင်းမှာ သားကောင်များအား မျှားခေါ်ခြင်းပင် ဖြစ်လေသည်။ အသံမှာ ပီ ပီ ပီဟု ထွက်ပြီး သံရှည်မှုတ်ရသည်။

ဖက်မှုတ်သံကို ကြားလျှင် ကြက်၊ ဝက်၊ ချေ၊ ဆတ်မှစပြီးသားကောင်မျိုးစုံ တို့လိုက်လာလေ့ရှိသည်။ ဖက်မှုတ်သံ၏ အဓိပ္ပာယ်ကား အမျိုးမျိုးရှိသည်။ အကျဉ်းဆိုပါမူ သားပျောက်ဖော်ကွဲခေါ်သံမျိုးပင် ဖြစ်လေသည်။

ထို့ကြောင့် ဖက်မှုတ်သံကိုကြားလျှင် သားကောင်များအပြင် အသားစားသားရဲများဖြစ်ကြသည့် ကျား၊ ကျားသစ်၊ ဝက်ဝံများမှသည် မြွေကြီး၊ ကင်းကြီးများတိုင်အောင် ကြားရာအရပ်မှ ချောင်းမြောင်းကိုက်ခဲသတ်ဖြတ်ရန် လိုက်လာတတ်လေသည်။

ထို့ကြောင့် ဖက်မှုတ်သော မုဆိုးသည် တစ်ယောက်တည်းဖြစ်လျှင် သစ်ပင်ပေါ်ကိုတက်မှုတ်ပြီး သားကောင်အလာကို စောင့်ကြည့်ကာ သတ်ဖြတ်ရသည်။ မုဆိုးများလျှင်လည်း သားကောင်လာလောက်သည့်ပစ်ကွင်းကိုရွေးကာ လုံလောက်သောကာဗာကိုအရယူပြီး စောင့်ကြည့်နေကြရသည်။

သားရဲကြီးများသာ ရောက်လာလျှင်လည်း မသတ်ဖြတ်လိုက လုံလောက်သော မောင်းထုတ်မှုကို ပြုလိုက်ရသည်။ သားကောင်ကိုဖြစ်စေ၊ သားရဲကိုဖြစ်စေ ပစ်ခတ်သတ်ဖြတ်လိုက်လျှင် တောလန့်တတ်သောကြောင့် နောက်သားကောင်၊ သားရဲ စသည်များ လာရဲကြတော့မည် မဟုတ်ပေ။

တစ်အောင့်အကြာတွင် ချေဟောက်သံသည် ပြတ်တောင်းပြတ်တောင်းဖြစ်ပြီး နီးမှန်းမသိလည်းနီးလာလေသည်။ ဖက်မှုတ်သံကိုကြား၍လိုက်လာနေပြီဟုသိနိုင်လေသည်။ ထို့နောက် တောထိုးသံ၊ ခွာရှုပ်သံများကိုပါ ကြားလာကြသည်။

မည်သည့်သားကောင်သားရဲဖြစ်စေ ဖက်မှုတ်သံကိုကြား၍ လိုက်လာလျှင် သတိမဲ့လာလေ့မရှိပေ။ အထူးသတိထားကာ ဖက်မှုတ်သံကို အာရုံစိုက်ပြီးသာ လိုက်လာလေ့ရှိလေသည်။ ထို့ကြောင့် မုဆိုးများလည်း အတတ်နိုင်ဆုံး လုံခြုံစွာနေပြီးသာ စောင့်ကြည့်နေကြရ သည်။

ထို့နောက် ပေသုံးဆယ်ခန့်အကွာတွင် ချေကိုမြင်ကြရသည်။ ချေဖားကြီးဖြစ်ပြီး ဦးခေါင်းကို လှုပ်ယမ်းကာ အနံ့ယူနေသည်။ ခွာကို မြေမှာခပ်ဆတ်ဆတ်ထောက်(ပေါက်)ပြီးလည်း ကခုန်လျက် ဖက်မှုတ်သံကို စူးစမ်းလေ့လာနေသည်။

ထိုအခိုက်မှာပင် ဆရာမောင်မောင်ကြည်က ဖက်မှုတ်သံကို ရပ်လိုက်သည်။ ထို့ကြောင့် ချေဖားကြီးကြောင်အမ်းအမ်းဖြစ်ပြီး ငြိမ်သက်နေခိုက်တွင်-

"ဒိုင်း"

ဟူသော ဆူညံခဲကြီးထွက်သွားလေသည်။ ချေဖားကြီးလည်း နေရာမှာပင် ပုန်းပုန်းလဲကာ ဆန့်ငင်ဆန့်ငင်ဖြစ်နေလေသည်။

■

ဆရာ မောင်မောင်ကြည်သည် ပြောင်ထီးကြီးတစ်ကောင်ကို ပစ်ခတ်၍ ဒဏ်ရာပြင်းပြန်စွာရရှိသွားခဲ့ကြောင်း၊ ထို့ကြောင့် နောက်နေ့ ထိုပြောင်ထီးကြီးကို ဆက်လိုက်လိုသည့်အကြောင်း စသည်ဖြင့် စခန်းတွဝန်ခံ တပ်စုတပ်ကြပ်ကြီး ထန်ထောင်းအား ပြောပြကာ ခွင့်တောင်းလိုက်သည်။

တပ်ကြပ်ကြီးထန်ထောင်း ချက်ချင်း ခွင့်ပြုမိန့်ကိုမဆိုပေ။ တစ်အောင့်ကြာမှ စဉ်းစားနေသည်။ ထို့နောက်တွင်မှ ခေါင်း ညိတ်ပြရသည်။ ဆရာတစ်ချက်နှစ်ချက်တော်အပေါ်တွင် ကောင်း

"ရှာတာမလွယ်ဘူး ဦးဦးဖြန့်ဖြိုးရေး ပြောနာတို့၊ ကျားနာတို့ဆိုတာ အင်မတန်အန္တရာယ်များတယ်။ မင်းတို့လည်း မုဆိုးလုပ်နေကြတာပဲ။ ဒါတွေကို သိကြမှာပါ။ ဒါကြောင့် လိုက်ရှာမယ်ဆိုလည်းရှာကြပေါ့။ လိုအပ်မယ်လို့ထင်ရင် ရွာသားတွေထဲက မုဆိုးတွေကိုလည်း ခေါ်ခေါ်သွားကြ"

ဟု ပြောသည်။

ထို့ကြောင့် ဆရာမောင်မောင်ကြည်စဉ်းစားသည်။ ရွာသားမုဆိုးများကို ခေါ်လျှင် ရနိုင်သော်လည်း ပြောင်နာကြီးကိုစွာသည်လည်း မသေချာပေ။ မနေ့က နှစ်နာရီနီးပါးလိုက်ရှာကြ၍ပင်လိုက်မမီသောကြောင့်ဖြတ်ထားခဲ့ရ၍ ဒီနေ့တွင်လည်း ထိုနည်းလည်းကောင်း တစ်ည လုံး စိတ်ရှိအတိုင်းသွားနေမည့် ပြောင်ကြီးကိုလိုက်၍မမီနိုင်ဘဲ တောနက်ကြီးထဲသို့ရောက်သွားပါမူ ရွာသားမုဆိုးများကို အားနာစရာဖြစ်ရနိုင်သည်။

ထို့ကြောင့် နောက်နေ့မနက်တွင် ရွာသားမုဆိုးများကို ခေါ်မနေတော့ဘဲ မနေ့ကအတိုင်း ဆရာမောင်မောင်ကြည်နှင့်တပည့်နှစ်ယောက်တို့မျှဖြင့်ပင် ဆက်လိုက်ရန်ဆုံးဖြတ်ပြီး စခန်းထဲမှထွက်လာကြသည်။

ထို့နောက် ဓတာထဲကိုဝင်ပြီး မနေ့ကဖြတ်ထားခဲ့ကြသည့် ခြေရာငုတ်အတိုင်းဆက်လိုက်ကြသည်။ သို့သော် အခက်တွေ့ကြရသည်မှာ မြေပြင်ခြေရာများအဆမတန်များပြားသွားပြီး ရှုပ်ယှက်ခတ်နေလေသည်။

ပြောင်နာကြီးဆီသို့ သူမိတ်ဆွေပြောင်အုပ်ကြီးများရောက်လာကြဟန်ရှိသည်။ ကျွန်တော်တို့မှာ ပြောင်နာကြီး၏ ခြေရာကို ကောင်းစွာ မှတ်မိနေကြ၍ တော်သေးသည်။ မုဆိုးများဟူသည်မှာလည်း မိမိတို့တရှိုက်မတ်မတ်အာရုံစိုက်ပြီးလိုက်နေသော အမဲ၏ ခြေရာကို မျက်စိထဲမှာ ဓာတ်ပုံရိုက်သကဲ့သို့ မှတ်သားထားလေ့ရှိကြ၍ ကျွန်တော့်အဖို့ မနေ့က ပြောင်နာကြီး၏ ခြေရာကို ကောက်ယူရာတွင် ဘာမှအခက်အခဲမရှိကြပေ။

ကျွန်တော်တို့၏ ပြောင်နာကြီး ဒဏ်ရာက ပြင်းထန်ပုံရသည်။ အခြားပြောင်နှစ်ကောင်က ဘေးချင်းယှဉ်ကပ်ပြီးတွဲခေါ်သွားနေကြသည့် ခြေရာများကိုသာတွေ့နေရသည်။ ထို့ကြောင့် ကျွန်တော်က အတွေ့အကြုံတစ်ခုကို ဆရာမောင်မောင်ကြည်အား ပြောပြလိုက်သည်။

"ဆရာ၊ ကျွန်တော် ကျောင်းသားတုန်းက နွေရာသီကျောင်းပိတ်တိုင်း တွေထဲက ဘကြီးရဲ့ဆင်ဝိုင်းကို သွားနေဖူးတယ်။ အဲဒီမှာ မုဆိုးလုပ်ကြရင်း အခုလိုပဲ ပြောင်နာကြီးတစ်ကောင်ကို တစ်ညအိပ်ပြီး နောက်နေ့မှ လူစုခဲ့သွားရှာကြတော့ ဒီအတိုင်းနောက်ပြောင်နှစ်ကောင်က ပြောင်နာကြီးလဲမသွားအောင် တွဲခေါ်ယူသွားကြတာကို ကျွန်တော်ကိုယ်တိုင် မြင်ဖူးတယ်"

"ဟုတ်တယ်လေကွာ၊ ဒါဖြစ်မှောင်တွေရဲ့သဘောပဲ။ တစ်ကောင်ဒဏ်ရာရရင် ကျန်တဲ့ပြောင်တွေ ထွက်သွားမသွားကြဘူး။ ပြောင်နာကြီးလဲမသွားအောင်

www.burmeseclassic.com

www.burmeseclassic.com

တွဲခေါ်သွားလေ့ရှိတယ်။ အကောင်းကထွားလွန်းလို့ လဲကျသွားရင်လည်း ပြန်မထနိုင်တော့ဘူး။ အဲဒီခါလည်း ပြောင်အုပ်ကြီးက လဲနေတဲ့ပြောင်ကိုအလယ်မှာထားပြီး မုဆိုးရောက်လာရင် ဝိုင်းဝန်းတိုက်ခိုက်ဖို့ ချောင်းမြောင်းပြီးစောင့်နေတတ်တယ်"

"ဟုတ်တယ် ဆရာ၊ အဲလိုလည်း ကျွန်တော်ကြားဖူးပါတယ်"

"အေး-ဒါကြောင့်တို့လည်း အဲလိုမျိုးတိုက်ခိုက်မခံရအောင် သတိထားဖို့လိုတယ်ကွ။ အမှတ်တမဲ့အလစ်အငိုက်မှာတိုက်ခိုက်ခံရရင်လည်း တစ်ယောက်နဲ့တစ်ယောက်ကူညီလို့ရအောင် တစ်မြင်တစ်ခေါ် လောက်ခွာပြီးသွားကြရမယ်။ အန္တရာယ်နဲ့ကြုံရင်လည်း ပြောင်တွေကိုထိတာမထိတာအဓိကမထားတော့ဘဲ သေနတ်သံကျယ်လောင်သွားဖို့တော့လိုလိမ့်မယ်။ အဲဒါမှလည်း ပြောင်အုပ်ကလန့်ပြီးထွက်ပြေးကြမှာ။ အဲဒါကြောင့် သေနတ်ကို အချိန်မလွှေးပစ်ဖောက်လို့ရအောင် ကျည်ထိုးပြီး အသင့်ပြင်ထားကြ"

ဟု ဆရာမောင်မောင်ကြည်ကပြောသည်။

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် တစ်ခေါ် သာသာမျှအထိ လှုချင်းခွာပြီး ဖြန့်ကျဲကာလိုက်ရှာကြသည်။ ပြောင်ခြေရာတွေ များပြားလွန်းသောကြောင့်လည်း ပြောင်နာကြီး၏ခြေရာကို အတော်လေးပင် ကြည့်ရှုစစ်ဆေးပြီး လိုက်ရှာနေကြရသည်။

ပြောင်နာကြီး၏ခြေရာကိုပျောက်မသွားအောင် အာရုံစိုက်ပြီး လိုက်ရှာနေကြရသည့်အထဲ သွေးစများကိုလည်း မတွေ့ရတော့ပေ။ ထို့ကြောင့် သာ၍ပင် ဂရုစိုက်ကြရလေသည်။

ထိုအခါ ကျွန်တော်ကျောင်းသားဘဝဆိုခဲ့သည့် ပဲခူးရိုးမ ဆင်စခန်းတွင် ရှိနေခဲ့က ပြောင်မုဆိုးလုပ်လေ့ရှိသော အစ်ကိုဖြစ်သူ (ဆင်အုပ်ပိုင်ရှင် ဘကြီးဦးချစ်၏သား) ကိုတင်မောင် ပြောဖူးသည်ကို အမှတ်ရလာသည်။

"ငါညီမောင်ထွန်းရီ။ မင်းမုဆိုးလုပ်ဖို့ဝါသနာပါရင် မှတ်ထားကွ။ ပြောင်တွေဟာ သိပ်ကိုအဆီများလို့ ကြာလာရင် ကျည်ဝင်ပေါက်ထွက်ပေါက်တွေကို အဆီပိတ်ပြီး သွေးမထွက်တော့ဘူး။ ဒါပေမယ့် ဒဏ်ရာကတော့ ဒီအတိုင်းပဲလေ။ ဒါကြောင့် သွေးမထွက်ပေမယ့် မုဆိုးတွေရဲ့စိတ်ကို စနိုးစနောင့်မဖြစ်စေသင့်ဘူးကွ"

ဟု ဆိုဖူးသည်။

"ဒိုင်း ဒိုင်း ဒိုင်း"

ဆရာမောင်မောင်ကြည်ဘက်က သေနတ်သံသုံးချက်ဆူထွက်သွားသည်။ ထို့ကြောင့် ကျွန်တော်နှင့် တင်အေးနှစ်ယောက်ပေါင်းစည်းလိုက်ကြပြီ ဆရာမောင်မောင်ကြည်ဘက်သို့သေနတ်ကိုယ်စီမောင်းထိုးကာ လိုက်ပါကြသည်။

ကျွန်တော်တို့ ထိုနေရာကိုရောက်သွားကြရာ ပြောင်အုပ်ကြီးကို အရိပ်အယောင်မျှပင် မတွေ့ရတော့ဘဲ ဝါးရုံဖုတ်ကြီးအောက်တွင် မှောက်လျက်သားသတိမေ့နေသည့် ဆရာမောင်မောင်ကြည်ကိုတွေ့လိုက်ကြရသည်။

ထို့ကြောင့် ကျွန်တော်တို့မှာ မျက်လုံးပြူးပြီး တအံ့တသြဖြစ်သွားကြရသည်။ သေနတ်သံကို ကြားလိုက်ရသော်လည်း အမဲကိုမတွေ့ရဘဲ မုဆိုးလဲ ပျောက်သွားသ ဒဏ်ရာတွေ့ရ၍တွေ့ရတရုံရုံနှာမှုတ်ကာ အင်းထဲတွင် အထိတ်တလန့်လည်းဖြစ်နေကြသည်။

ထို့နောက် အခြေအနေကို အကဲခတ်ရင်း အနားသို့ကပ်သွားကာ ဆရာမောင်မောင်ကြည်ကို ကြည့်ကြသည်။ အသက်ရှူနေသေးသော်လည်း လုံးဝမလှုပ်တော့ပေ။ ကိုယ်ကအကျီဘောင်းဘီများစုတ်ပြဲပြီး သွေးသံရဲရဲဖြင့်ကျောပြင်မှာရော ခြေထောက်နှစ်ဖက်မှာပါ ဒဏ်ရာများ ဗရပွဖြစ်နေသည်။

"ဆရာ၊ ဆရာ"

ဆရာမောင်မောင်ကြည် ပြန်မထူးနိုင်ပေ။ ဒဏ်ရာများက အတော်လေးပင်ပြင်းထန်ပုံရသည်။ ဆွဲလှုန်ပြီးလှုပ်ခေါ်ကြသော်လည်း ပြန်မထူးပေ။ ပြန်ထူးခြင်း၊ စကားပြောဆိုနိုင်ခြင်းမရှိသောကြောင့်လည်း ဆရာမောင်မောင်ကြည်၏ ဒဏ်ရာအကြောင်းကို နားမလည်နိုင်ဖြစ်နေကြသည်။

ထို့ကြောင့် ကျွန်တော်စဉ်းစားသည်။ ဒဏ်ရာပြင်းထန်၍ သတိလစ်နေသည်ကို သတိပြန်လည်လာသည်အထိ သည်အတိုင်း စောင့်ကြည့်နေရန် မသင့်ပေ။ အဆင်မသင့်လျှင် အသက်အန္တရာယ်ဖြစ်သွားနိုင်သည်။

"ကိုင်း - တင်အေး။ ငါဒီမှာစောင့်ကျန်ခဲ့မယ်။ မင်း စခန်းကိုသွား၊ ထန်ထောင်းကိုလည်း ဒီအကြောင်းကိုပြောပြ။ ပြီးတော့ လူကူခေါ်ပြီး ချက်ချင်းပြန်လာခဲ့"

ဤနေရာနှင့် စခန်းအကြားတွင် ဆယ်မိုင်ကျော်မျှရှိပေလိမ့်မည်။ ထို့ကြောင့် တင်အေးနှင့် လူကူများ နောက်သုံးနာရီနှင့်ရောက်လာကြလျှင် ကံကောင်းဟုဆိုရမည်။ သည်အတိုင်းသာဆိုလျှင် ဆရာမောင်မောင်ကြည်၏ အသက်ကိုပင် စိုးရိမ်ရဖွယ်ရှိနေလေသည်။

အပြင်ဒဏ်ရာများမှာ စိုးရိမ်ဖွယ်မရှိသော်လည်း အတွင်းဒဏ်ရာမည်သို့ရှိမည်ကိုလည်းမသိနိုင်။ ကျွဲများမှာ ကုပ်သားသည် လည်ကုပ်ပေါ်မှာရှိသော်လည်း ပြောင်များမှာမူ ကုပ်သားသည်လဲပြင်း၏ အောက်ဘက်မှာသာရှိသောကြောင့် ရန်သူများကို တိုက်ခိုက်ရာ၌ လဲနေလျှင် ဦးချိုနှင့်ခတ်ကော်၍ မရသဖြင့် တက်နင်းခြင်း၊ ခွာများနှင့်ပေါက်သတ်ခြင်းသာရှိလေသည်။

ထို့ကြောင့် ယခုဆရာမောင်မောင်ကြည်ကိုလည်း ပြောင်အုပ်ကြီးသည့် မည်မျှအထိပင် ရန်ပြိုးဖွဲ့ကာတက်နင်း၊ ခွာများနှင့်ပေါက်သတ်လုပ်ထားကြသည်ကို မသိနိုင်ပေ။ အတွင်းကလီစာများ ညက်ကြေပြဲပေါက်သည်အထိသာဖြစ်သွားပါမူ အသက်ကိုပြန်ရရန်ပင် ခဲယဉ်းပေလိမ့်မည်။

ညနေ လေးနာရီခန့်အချိန်တွင်တော့ တင်အေးနှင့်အတူ ဆရာကြီးထန်ထောင်းအပါအဝင် အထမ်းသမားများရောက်လာကြလေသည်။ ချက်ချင်းပင် ထမ်းစင်ဖြင့် ဆရာမောင်မောင်ကြည်ကို စခန်းသို့ ထမ်းသယ်ကြရသည်။

စခန်းသို့ရောက်လျှင်လည်း ဆေးတပ်သား၏ဆေးစွမ်းမျှဖြင့် မလုံလောက်၍ မြစ်ကြီးနားဆေးရုံသို့ပို့ရန် ထို့တစ်ဆင့် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးသို့တိုင်အောင်ပို့လိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ကျွန်တော်တို့၏မိခင်တပ်ရင်းသည် မကွေးတိုင်းဒေသကြီး ချောက်မြို့တွင်အခြေစိုက်သည်။ ထိုမှသာ ကချင်ပြည်နယ်သို့ ရွှေ့တန်းထွက်ရင်း ထိုအဖြစ်ဖြင့် ဆုံကြုံခဲ့ရခြင်း ဖြစ်သည်။

ထိုရွှေ့တန်းမှုပြန်ရောက်ပြီးနောက် ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံးပင် ချောက်မြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ကြရသည်။

သို့မှ ကျွန်တော်လည်း တစ်စုံတစ်ခု အမှတ်ရ၍ တပ်နားခိုန်၌ ဆရာမောင်မောင်ကြည်နှင့်ပြောင်ကြီးအကြောင်းကို သွားမေးရလေသည်။

"ထွန်းရီရေ၊ မင်းတို့ပေးတဲ့အသက်ပဲရှိတော့တယ်ကွာ။ ဒါကြောင့် ကျေးဇူးလည်းတင်ပါတယ်။ အဲဒီအချိန်က မင်းတို့သာငါ့ကိုသယ်ယူဖို့ စိတ်ကူးမပေါ်ကြရင် ပြောင်တွေတိုက်ခိုက်တဲ့ဒဏ်ရာတွေကြောင့်ပဲ အသက်ထွက်လောက်တယ်ကွ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း အဲလိုပဲစဉ်းစားမိလို့ ချက်ချင်းပဲ စခန်းကို သယ်ယူဖို့စီစဉ်လိုက်တာပါ"

"အေးပေါ့။ အဲဒီတုန်းက ငါမင်းတို့နဲ့လူချင်းခွဲပြီး ပြောင်ခြေရာတွေအတိုင်း လျှောက်လိုက်နေတုန်း ဝါးရုံပင်တွေကြားမှာ ပြောင်ဆယ်ကောင်လောက်ရှိမယ်ထင်တယ်။ ဒီကောင်တွေကလည်း ဉာဏ်များသားကွ။ ငါအနားရောက်လာအောင်ပုန်းစောင့်ပြီး ချောင်းနေကြတာကလား။ ဒါကြောင့်လည်း ငါမတွေ့တာပါ။ အနားဆယ်ပေလောက်ရောက်မှ ဝါးရုံပင်တွေအကြားက ရထားခေါင်းတွဲကြီးတွေလို ဝါးလုံးထိုးပြေးထွက်လာကြတော့ ငါ့သေနတ်က ကျည်သုံးထောင့်ထွက်သွားပေမယ့် ပြောင်တွေကို ထိမထိ ငါလည်းမသိတော့ဘူး။ ပထမဆုံးရောက်လာတဲ့ပြောင်ကြီး ပြေးကျုံးတာကိုရှောင်ရင်း ငါလဲကျသွားတယ်။ သေနတ်လည်း ဘယ်ဆီလွင့်စဉ်သွားမှန်းမသိလိုက်တော့ဘူး။ ငါသတိပြုမိတဲ့အချိန်မှာ ပြောင်ကြီးရဲ့ခြေလေးချောင်းအကြားမှာ ပက်လက်ကလေးဖြစ်နေပြီ။ ဒါကြောင့် ငါလည်း ထပြီးထွက်ပြေးဖို့ ကြိုးစားလို့ အဆင်မပြေလောက်တော့ဘူးဆိုတာသိလိုက်တဲ့အတွက် ချက်ချင်းမှောက်ချလိုက်တယ်"

"'ဆရာတော်တော်သတိကောင်းတာပဲ။ ထွက်ပြေးဖို့ကုန်းထလိုက်ရင်သေနိုင်တယ်။ မှောက်ချလိုက်ရင် အထိုက်အလျောက် သက်သာနိုင်တယ်ဆိုတဲ့သတိကိုပြောတာပါ"

"အေးပေါ့၊ ပက်လက်သာဆိုရင်လည်း အသည်းတွေ အူတွေညှက်ကြေပြီး တစ်စစီဖြစ်သွားနိုင်တာပေါ့။ ဒါပေမယ့် မှောက်ချလည်း မသက်သာပါဘူး။ ခွာတွေနဲ့ဝိုင်းပေါက်ပြီး တက်နင်းကြတာအကျိန်နဲ့ ဘောင်းဘီတွေပါစုတ်ပြဲပြီး ဒဏ်ရာတွေဗရပွနဲ့သတိလစ်တဲ့အထိပဲ။ ပြောင်ဆယ်ကောင်လောက် ငှဲကိုနှမ်းကြည့်လိုက်၊ ခွာတွေနဲ့ တဖြောင်းဖြောင်းဝိုင်းပေါက်လိုက်လုပ်လိုက်ကြတာ ခေါင်းကိုမပေါက်မိလို့ တော်သေးတယ်"

"နမ်းတာတော့ ဟုတ်ပါ့မလားဆရာရဲ့။ ဆရာက နမ်းချင်စရာ ရှပ်မှမဟုတ်တာ"

"ငါတယ် ဒီကောင်"

ဟု ပြောပြီး ဆရာရယ်သည်။ ကျွန်တော်လည်း ရောရောင်ပြုံးသည်။ ထို့နောက် ဆရာကဆက်ပြောသည်။

"အမှန်က နမ်းတယ်ဆိုတာ ဝိုင်းခတ်ကြတာပဲဖြစ်မှာပါကွာ။ ဒါပေမယ့် ပြောင်တွေရဲ့လည်သားကလည်အောက်မှာဖြစ်နေလို့ လည်သားခံနေတဲ့အတွက် ခတ်မရဘဲ နမ်းသလိုဖြစ်တာထင်တယ်"

"အဲလိုပဲဖြစ်မှာပါ"

"ဟီး ဟီး အေး၊ ငါလည်း အဲဒီအချိန်ကရလာတဲ့ ဒဏ်ရာတွေကြောင့် ချိန့်သွားလို့ တပ်မှာဆက်နေခွင့်မရတော့လို့ ဆေးအဆင့် (၈) နဲ့အငြိမ်းစားယူဖို့ အတွက် ဆေးဘုတ်ထိုင်ဖို့ပဲ စောင့်နေရတော့တယ်"

ကျွန်တော့်မှာ ဆရာ၏ ဝမ်းနည်းပက်လက်ပြောကြားနေသည်ကိုနားထောင်ရင်း စိတ်မကောင်းဖြစ်ရသည်။ ဆရာသည် တပ်မတော်အပေါ်တွင် ကောင်းကွက်များစွာရှိသည်။ တိုက်ရည်ခိုက်ရည်

ထူးချွန်ခြင်း၊ လူသတ်လက်နက်ကို ကိုင်ဆောင်နေသည့်စစ်သားတစ်ယောက်ဖြစ်သော်လည်း အပြောအဟောသိမ်မွေ့ညက်ညောခြင်းတို့ကြောင့် လူထုစည်းရုံးရေးကောင်းမွန်ခြင်းစသည့် တန်ဖိုးရှိသော စစ်သားကောင်း ဆရာတစ်ယောက်ဖြစ်လေသည်။

ယခုတော့ ဆရာသည် မုဆိုးလုပ်ရာတွင် ပြင်းပြင်းထန်ထန် မထင်မှတ်သော သားကောင်၏ တိုက်ခိုက်ခြင်းကိုခံလိုက်ရ၍ ဆေးဘုတ်ဖြင့်တပ်မတော်မှ အပြီးတိုင်ထွက်ခွာရတော့မည်ဖြစ်သောကြောင့် နှမြောတသ၍မဆုံးလောက်အောင်ပင်ဖြစ်ရလေသည်။

ထို့ကြောင့် နောက်နောင်သောကာလများတွင် တပ်မတော်ထဲမှာသော်လည်းကောင်း၊ ရန်သူများနှင့် ရွပ်ရွပ်ခွံခွံ၊ စွန့်စွန့်စားစားတိုက်ပွဲဝင်ကြရမည့် တိုက်ပွဲတိုက်ခိုက်ထဲမှာသော်လည်းကောင်း ဆရာ့ကို မြင်ခွင့်မရတော့ပေ။

စာကြွင်း

နောက်နှစ်ပတ်လောက်အကြာတွင် ပျဉ်ထောင်ရွာသား မုဆိုးဖိုမလသည် ကျွန်တော်တို့ဆရာ အဖြစ်ဆိုးနှင့်ကြုံခဲ့ရသော ဝါးရုံတောကိုရောက်၍ ဒဏ်ရာဖြင့်သေဆုံးနေသော ပြောင်ကြီးကို တွေ့သောကြောင့် ခေါင်းကိုဖြတ်ယူလာကာ ကောင်းမွန်စွာသန့်စင်ပြီး ဆရာပစ်သတ်ခဲ့သော ပြောင်ကြီးဟု သိသောကြောင့် ထိုပြောင်ခေါင်းဦးချိုကြီးကို တပ်စခန်းတာဝန်ခံဆရာကြီးတန်ထောင်းမှတစ်ဆင့် ဆရာမောင်မောင်ကြည်အား ပေးအပ်ခဲ့သည်။

ဆရာမောင်မောင်ကြည်လည်း ဆေးဘုတ်ဖြင့် အနားယူပြီးနောက် သူ၏ဇာတိ ရေနံချောင်းမြို့ကိုပြန်ကာ ကုန်မျိုးစုံပွဲရုံထောင်ပြီး ထိုထိုကုန်ပစ္စည်းများကို ထက်/အောက် အညာဒေသများကို ပေးပို့ရောင်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိနေလေသည်။

ကျွန်တော်နှင့် တင်အေးတို့မှာလည်း တပ်သားဘဝမှ ဗိုလ်ကြီးအဆင့်တိုင်အောင်ရောက်ရှိကြပြီး ပြန်တမ်းဝင်အရာရှိအဆင့်ဖြင့် နယ်ဘက်စက်ရုံတစ်ခုတွင် ကျွန်တော်နှင့်အတူ တာဝန်ထမ်းလျက်ရှိနေကြပါကြောင်း။

ကြိုးတောက်

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သီဟ

မြေသူခိုးလူများ

ရွာအမည်က ရန်မျိုးအောင်။ ဤရွာကို စတည်ထောင်သူက ဦးရန်မျိုးအောင်ပါပဲ။ ဇာတိမြေက မြန်မာပြည်အထက်ပိုင်း ရွှေဘိုနယ်ဘက်က။

ကုန်းဘောင်မင်းဆက်ပျက်သုဉ်းတော့ မြင်းတစ်အုပ်လူတစ်စု အောက်မြန်မာနိုင်ငံဘက်သို့ ရောက်ရှိလာ၏။ လူပေါင်း (၃၀) ခန့်လောက်ရှိပေမည်။

ရွာတည်ရန် နေရာရှာကြ၏။ စစ်တောင်းမြစ်ကြီးထဲသို့ စီးဆင်းနေသော ချောင်းလေးတစ်ချောင်းကိုတွေ့ရ၏။ ကျောက်ကြီးမြို့ဘက်မှ စီးဆင်းလာသောချောင်းလေးဖြစ်သဖြင့် ကျောက်ကြီးချောင်းဟုခေါ်တွင်ကြ၏။ ကျောက်ကြီးချောင်းလေးသည် တစ်နှစ်ပတ်လုံးရေစီးဆင်းနေသောချောင်းလေးဖြစ်၏။ ငါးပုစွန်များပေါများ၏။ လှေ၊ သမ္ဗန်၊ ဘောက်တူလေးများ သွားလာ၍ရ၏။

ယင်းကျောက်ကြီးချောင်းလေးနားတွင် ကိုင်းပင်များပေါက်နေသည့်မြေကွက်လပ်ကြီးကို ဦးရန်မျိုးအောင်တွေ့ရှိ၏။ ထိုနေရာကို ခုတ်ထွင်ရှင်းလင်းလိုက်၏။

ရန်မျိုးအောင်ရွာတည်ခါစတုန်းက အိမ်ခြေ (၃၀) ပဲရှိ၏။ ခြံကွက်ကြီးများကို တစ်နေရာလျှင် ပေ (၁၀၀ × ၁၀၀) ပတ်လည်ထားရှိ၏။ သစ်ပင်များပေါသဖြင့် ဝါးဖြင့် ခြံစည်းရိုးများခတ်ရ၏။

ဦးရန်မျိုးအောင်က ခေသူမဟုတ်။ ဘုရင့်တပ်မတော်မှဗိုလ်မှူးလေးတစ်ဦးဖြစ်၏။ အတွေးအခေါ်ကောင်း၏။ သတ္တိဗျတ္တိရှိ၏။ စည်းစနစ်ကျ၏။

ရန်မျိုးအောင်ရွာဦးထိပ်ပေ(၅၀၀) ပတ်လည် ခြံဝင်းကျယ်ကြီးထား၏။ သစ်ဝါးဖြင့် ဘုန်းတော်ကြီးကျောင်းလေးတစ်ကျောင်းဆောက်လုပ်၏။ ကျောင်းပတ်ပတ်လည်မှာ ထန်းပင်တွေစိုက်၏။ ဘုန်းကြီးကျောင်းပြီးတော့ တပည့်တစ်ဦးကို ရွှေဘိုသို့ပြန်လွှတ်ပြီး ဦးပညာသီဟဘွဲ့အမည်ရှိ ဘုန်းတော်ကြီးတစ်ပါးကို ပင့်ဆောင်လာ၏။ ဆရာတော်က ကျောင်းထိုင်ရ၏။

နွေရသီရောက်သောအခါ ဦးရန်မျိုးအောင် အုတ်ဖုတ်၏။ ဘုန်းကြီးကျောင်းတိုက်အတွက် စေတီတည်ဆူကိုတည်၏။

ထိုစေတီနားတွင် ကျောက်တိုင်တစ်တိုင်စိုက်ထား၏။ စာတွေ့လည်း

www.burmeseclassic.com

www.burmeseclassic.com

ရေးထိုးထား၏။

'ဤကိုးနဝင်းရန်မိုးအောင်စေတီကို ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်မှ စတည်၏။ ရန်မိုးအောင်ရွာ ကိုလည်း တည်ထောင်၏။ ဤနေရာသည် ရန်အမိုးမျိုးတို့ကို အောင်နိုင်သောနေရာ ဖြစ်စေသတည်း'

ရန်မျိုးအောင်ရွာသည် မိုးတွင်းအခါတွင် စစ်တောင်းမြစ်မှ ရေကြီး ရေလျှံလာတတ်၏။ ရွာကို ကုန်းမြင့်မှာ တည်ထားပါသဖြင့် ရေမမြုပ်ပါ။ ရေကလည်း နှစ်တိုင်းတော့မတက်ပါ။

စပါးစိုက်ပျိုး၍ရ၏။ နွေအခါ မြေပဲစိုက်ပျိုးနိုင်၏။ မြေဩဇာကောင်းသဖြင့် သီးနှံဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးရန်မျိုးအောင်က မြေ (၂)ကွက် ယူထား၏။ တစ်ခြံက အိမ်ဆောက်၏။ တစ်ခြံက မြင်းများမွေးထား၏။ မြင်းလှည်းတစ်စီးလည်း ပြုလုပ်ထား၏။

လယ်လုပ်ရန် တပည့်များကို မြေ (၁၀)ဧကစီခွဲဝေပေး၏။ ကျွဲ၊ နွားများကို ရွာထဲမှာမထား၊ လယ်ထဲမှာပဲထားရ ၏။

ရန်မျိုးအောင်ရွာနားတွင် ကျောက် စရစ်ခဲတွေပုံထားသော ရွာတစ်ရွာရှိ၏။ ကျောက်ပုံဆိပ်ရွာဟု အမည်တွင်၏။ အိမ်ခြေ (၁၀) လုံးသာရှိ၏။

ရန်မျိုးအောင်ရွာမှ ကျောက်ပုံဆိပ်ကျောက်သယ်လမ်းသည် တစ်ဖာလုံခန့်ကိုဝေးသည်။ ယင်းကြောင့် ဦးရန်မျိုးအောင်သည် ရန်မျိုးအောင်ရွာမှ လမ်းတိုလေးကိုမြေဖို၏။ ကျောက်စရစ်လမ်းဖောက်၏။ သူ၏မြင်းလှည်းသည် မြို့သို့ အချိန်မရွေးမောင်းနိုင်၏။

ဆယ်နှစ်ခန့်ကြာတော့ ရန်မျိုးအောင်ရွာသည် အိမ်ခြေ (၁၀၀)ပေါက် ဖြစ်လာ၏။

ဦးရန်မျိုးအောင်က မြို့သို့သွား၏။ အပေါင်းအသင်းရှာ၏။ နောက်တော့ မြို့ကိုအုပ်ချုပ်နေသော အင်္ဂလိပ်အရေးပိုင်နှင့် သိကျွမ်းလာ၏။

ရန်မျိုးအောင်ရွာသို့ဖိတ်ကြား၏။ အင်္ဂလိပ်အရေးပိုင် သဘောကျသွား၏။ ဦးရန်မျိုးအောင်ကို နှစ်လုံးပြူးသေနတ် တစ်လက်ပေးပြီး ရွာသူကြီးခန့်အပ်၏။

အင်္ဂလိပ်အရေးပိုင်၏ အိမ်သို့ ကျောက်ကြီးချောင်းမှထွက်သော ပုစွန်တုပ်ကြီးများပို့ပေး၏။ သူကြီးနှင့် အရေးပိုင်မိသားစုခင်မင်သွားကြ၏။

ဦးရန်မျိုးအောင် သူကြီးမင်းဖြစ်လေပြီ။ ရွာထိပ်မှ အလွန်ကောင်းမွန်သော ဝိုလ်တဲတစ်ဆောင်ဆောက်၏။ အင်္ဂလိပ်အရေးပိုင်မိသားစုတို့လာလျှင် တည်းခိုရန်ဖြစ်၏။

နွေရာသီ ရုံးပိတ်ရက်တွင် အင်္ဂလိပ်အရေးပိုင်မိသားစုသည် ရန်မျိုးအောင်ရွာသို့အလည်လာကြ၏။ ဝိုလ်တဲမှာတည်းခိုရ၏။

အရေးပိုင်သားများ(ကလေးများ)က ကျောက်ကြီးချောင်းထဲမှာ ငါးများကြ၏။ အရေးပိုင်သမီးတွေက မြင်းစီးဝါသနာပါသဖြင့် ဦးရန်မျိုးအောင်၏မြင်းများကိုစီးကြ၏။

အရေးပိုင်မင်းက ဘုန်းတော်ကြီး ကျောင်းထဲရှိ အောင်မြေကိုနင်း၏။

အင်္ဂလိပ်အရေးပိုင်မှာ လင့်ရှိဗာကားရှိ၏။ သို့သော် ကားဖြင့်မလာပါ။ ဦးရန်မျိုးအောင်၏မြင်းလှည်းကိုစီးပြီး မိသားစုလာကြ၏။

မြို့ကနေပြီး စစ်တောင်းမြစ်ကို သွား၊ စစ်တောင်းမြစ်ကမှနေပြီး ကျောက်ကြီးချောင်းလေးကို ဆန်တက်ပြီး မောင်းနှင်တဲ့ U.B BOAT စစ်တပ် အရေးပိုင်စီး မော်တော်လေးတစ်စီးရှိ၏။ လူ (၁၅) ယောက်စီးနိုင်၏။ တစ်ခါတစ်ရံ U.B BOAT ဖြင့် မိသားစုလာတတ်၏။

အရေးပိုင်ကြီး၏ ကလေးများက လေသေနတ်ဖြင့် စနိုက်ဟုခေါ်သော ဝိုလ်စားဌက်လေးတွေကို ပစ်တတ်၏။ စနိုက်ဌက်လေးများသည် ခြေတန်ရှည်၏။ ကြက်ပေါက်စအရွယ်ရှိ၏။ ကြော်စားပါက အလွန်နူးညံ့၍ အရသာရှိသောဌက်မျိုးဖြစ်ပါသဖြင့် ဝိုလ်စားဌက်ဟုခေါ်ကြ၏။

နှစ်အတော်ကြာလာတော့ ရန်မျိုးအောင်ရွာသည် အိမ်ခြေ(၃၀၀)လောက် ရှိလာ၏။ အလွန်ပဲစည်ကားလာ၏။

ဆယ်ရွာအုပ်သူကြီးမင်း ဦးရန်မျိုးအောင်အသက်ကြီးလာသဖြင့် သားကြီး (ရန်နိုင်သူ) ကို ရွာသူကြီးအရာကိုလွှဲ အပ်၏။

ထိုခေတ်ကာလ ဗြိတိသျှအစိုးရ အုပ်ချုပ်သောကာလဖြစ်ပါသဖြင့် တိုင်းပြည်အေးချမ်းပါ၏။ ဓားပြများတစ်ခါတစ်ရံထတတ်၏။

သူကြီးသစ် ရန်နိုင်သူကလည်း ဖခင်အတိုင်းပါပဲ။ ရွာပေါ်မှာ စေတနာထား၏။ ကျောသားရင်သားမခွဲခြားဘဲ အုပ်ချုပ်၏။

မရှိဆင်းရဲသားများကို ပံ့ပိုး၏။ ကူညီပေး၏။

မီးသွေးဖုတ်သောလုပ်ငန်းပေါ်လာသဖြင့် မီးသွေးဖုတ်သူများကို သူကြီးက

သမ္မန်များဝယ်ပေး၏။ အရင်းအနှီးငွေ ထုတ်ပေး၏။

နောင်ကာလ မီးသွေးဆိပ်ဟုတွင် လာ၏။

မြို့နှင့် ရွာကို သွားလာသူများ အတွက် မြင်းလှည်း(၄)စီးရှိ၏။ အသွားအပြန် ဈေးသွားဈေးဝယ် မြင်းလှည်းသာ အသုံးပြုကြ၏။

ရန်မျိုးအောင်ရွာကြီး၏ တစ်ဖက်ကမ်းတွင် နောင်အခါ ကျေးရွာအုပ်စုလေးများပေါ်လာ၏။ တံငါသည်များ ငါးရွာသည့်စံဖဲရွာပေါ်လာ၏။ လယ်သမားကိုင်းသမားများနေထိုင်ကြသည့် စက်စုရွာပေါ်လာ၏။

စံဖဲရွာသည် နောင်အခါ ရွာကြီးဖြစ်လာပြီး ငါးပိလုပ်ငန်းအလွန်နာမည်ကြီး၏။ စံဖဲရေချိုငါးပိကို လူတိုင်းနှစ်သက်ကြ၏။

စက်စုရွာကြီးကတော့ မြေပဲနှင့် ပဲမျိုးစုံထွက်ရှိ၏။

သစ်ကယ်ကုန်းဆိုသောရွာတစ်ရွာ ပေါ်လာပြန်၏။

နွေကာလ စစ်တောင်းမြစ်ကြီးကို နွားလှည်းများဖြတ်ကူးရန် ထိုသက်ကယ်ကုန်းရွာတွင် လှည်းကူး ကူးတို့ဆိပ်ဖြစ်လာ၏။

ထိုခေတ်ကာလကား နွားလှည်းများကိုသာအသုံးပြုရပါသဖြင့် စစ်တောင်းမြစ်ကြီးကိုဖြတ်ကူးရန် နွားလှည်းကူးကူးတို့ဆိပ်များပေါ်လာရ၏။

ကူးတို့ရရန် မြို့မှာ လေလံပွဲဆွဲရ ၏။ လေလံရသူက လှေဖောင်လုပ်ပြီး အခကြေးငွေယူ၍ နွားလှည်းများကို ပို့ဆောင်ပေးရ၏။

မြန်မာနိုင်ငံတော်ကြီးအတွင်းသို့ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်တပ်များဝင်ရောက်ခဲ့၏။ ဗြိတိသျှအင်္ဂလိပ်စစ်တပ်နှင့် ပြည်တွင်းစစ်ပွဲကြီး မြန်မာပြည်တွင်ဖြစ်ပွားခဲ့၏။

နှစ်ဖက်စစ်တပ်များအပြန်အလှန် လေယာဉ်တွေနှင့်ပုံးတွေကြဲချ၏။ လူတွေသေရ၏။ အဆောက်အအုံတွေမီးလောင်ရ၏။ သာသနိကအဆောက်အအုံတွေပြိုကျ၏။ ဘုရားထီးတော်များမြေခရ၏။

သို့သော် ရန်မျိုးအောင်ရွာကြီးကား စစ်လမ်းမကျပါသဖြင့် အေးချမ်းလှပါ၏။ တည်ငြိမ်လှပါ၏။ မြို့လူကြီးစစ်ရှောင်အဖြစ်လာနေကြသေး၏။

■

မြန်မာနိုင်ငံတော်ကြီး ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်အစိုးရလက်မှ လွတ်မြောက်ပြီး လွတ်လပ်ရေးရခဲ့လေပြီ။

သူကြီးဟောင်းစတင်တည်ခဲ့သော ရန်မျိုးအောင်ရွာကြီးက တည်မြဲလျက်။ သို့သော် ဦးရန်မျိုးအောင်သူကြီးမျိုးဆက်က မရှိတော့ပါ။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ရန်မျိုးအောင်ရွာဇာတိ သူကြီးဦးအောင်အုပ်ချုပ်ပါတော့၏။

အင်္ဂလိပ်စစ်တပ်မရှိတော့ အင်္ဂလိပ်အရေးပိုင်၊ နယ်ပိုင် စသည့်အရာရှိကြီးတွေလည်း မြန်မာနိုင်ငံမှထွက်ခွာသွားခဲ့လေပြီ။

ရန်မျိုးအောင်ရွာဦးရွာထိပ်မှာ ပထမဆုံး ဘုန်းတော်ကြီးကျောင်းကို တည်ထောင်ခဲ့တဲ့ကျောင်းထိုင်ဆရာတော်ကြီး ရွှေဘိုးနယ်သား ဦးပညာသီဟလည်း မရှိတော့ပါ။ ပျံတော်မူခဲ့လေပြီ။

ယခု ကျောင်းထိုင်ဆရာလေးက ရန်မျိုးအောင်ရွာဇာတိသား ဖြစ်၏။ ပညာလည်းတတ်မြောက်ပါသည်။ ဘွဲ့အမည်က ဦးဝါယမဖြစ်၏။

ဘုန်းတော်ကြီးကျောင်းတိုက်ကြီးများလည်း စည်ကားလှပါ၏။

ကျောင်းတည်ခါစ (၅) ဧကရှိသောကျောင်းပိုင်မြေအတွင်း မချစ်စုသရက်ပင်များ၊ မန္တယ်နွယ်သရက်ပင်များ၊ ရင်ကွဲသီးသရက်ပင်များ၊ ပိန္နဲပင်ကြီးများ၊ အုန်းပင်များ၊ မာလကာပင်များ၊ ရှောက်သီးပင်များက အသီးများပြွတ်သိပ်လျက် အရိပ်အာဝါသကောင်းလှ၏။

ရန်မျိုးအောင်ရွာကြီးရှိ ကျောင်းကထိန်ပွဲကြီးကလည်း စည်ကားလှ၏။ အမြို့မြို့အနယ်နယ်မှ ဘုန်းတော်ကြီးများပင် ကြွရောက်လာကြ၏။

လှူဒါန်းကြသည့်ဈလှူရှင်များကလည်း စေတနာသဒ္ဓါတရားကောင်းလှ၏။

မြို့ပေါ်မှာ ငွေကြေးတတ်နိုင်သူများပင် ရန်မျိုးအောင်ရွာ ဘုန်းတော်ကြီးကျောင်းသို့ လာရောက်ပြီး လှူဒါန်းကြ၏။

လွတ်လပ်ရေးရပြီး တိုက်ကျောင်းအစိုးရမူလတန်းကျောင်းတစ်ကျောင်းလည်း ဖွင့်လှစ်နိုင်ခဲ့ပေပြီ။

ကလေးများ စာသင်ရသည်မှာ လွယ်ကူသွားရ၏။

ကျောင်းဆရာ၊ဆရာမများနေထိုင်နိုင်ရန် အဆောက်အအုံများပင် ဆောက်လုပ်ပေးထား၏။

ရွာမှာနေထိုင်ကြသော ဆရာမများအတွက် တပည့်များ၏ မိဘများက ဆန်၊ ငါးပိ၊ ငါးခြောက်၊ သားငါး၊ ထင်းစသည်တို့ကို လိုသေးမရှိရအောင် ကူညီထောက်ပံ့ပေးကြ၏။

ယင်းကြောင့် အစိုးရကျောင်းဆရာ၊ ဆရာမများလည်း ပျော်ရွှင်ကြ၏။

ရွာမှမြို့သို့သွားရန် ပထမ မြင်းလှည်း၊ နောက်စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ ယခုတော့ တရုတ်ပြည်ဖြစ် ကားတွေပါရှိနေပါလေပြီ။

ရန်မျိုးအောင်ရွာကြီး၏ ရွာလယ်ပိုင်းတွင် မှက်စိန့်လုံးအလင်းမရသော သားအမိ (၂) ဦးနေထိုင်၏။ အမည်က ဒေါ်ခွေးလေးတဲ့။ အသက် (၉၀)။ ရွာမှာ အသက်အကြီးဆုံး။ ဒေါ်ခွေးလေးကို သမီးအပျိုကြီးမ မပုလေးက ဈေးရောင်းကျွေး၏။ ခြံထွက်သီးနှံများကိုရောင်း၍ ကျွေးမွေး၏။

ဒေါ်ခွေးလေး၏ခြံနှင့်ကပ်လျက် မိသားစုတစ်စုရှိ၏။ အမည်က ကိုခွေးပုတဲ့။ ဇနီးအမည်က မဝက်မတဲ့။ ကိုခွေးပုက တောအရက်ချက်၏။ မဝက်မက ဝက်တွေမွေး၏။ သားကြီးက ဝက်သိုးတဲ့။ ဝက်သိုးတစ်ကောင်မွေးပြီး သားတင်ပေးအလုပ်ကိုလုပ်၏။ သမီးအငယ်မ ဒေါင်းမလေးတဲ့။

ကိုခွေးပုက အရက်လည်းချက်၏။ သောက်လည်းသောက်၏။ ဒေါ်ခွေးလေးခြံကြီး၏အရှေ့ဘက်တွင် ကပ်လျက် သူတို့ခြံကျယ်ကြီးရှိ၏။

ဒေါ်ခွေးလေးတို့ခြံနှင့်ကပ်လျက် အနောက်ဘက်တွင် ဦးထွန်းမိသားစုနေထိုင်သောခြံကျယ်ကြီးရှိ၏။ ဦးထွန်းက ရတနာ (၃) ပါးလို့ ကိုးကွယ်ဆည်းကပ်သူဖြစ်၏။ မီးသွေးလုပ်ငန်းဖြင့် ကြီးပွားလာ၏။ သားများက မီးသွေးကုန်သည်။ ဦးထွန်းကတော့ ဘုန်းတော်ကြီးကျောင်းမှာ ဂေါပကလူကြီးတာဝန်ယူ၏။

ကိုခွေးပုသည် နွေဘက်တွင် ကောင်ပေါ် သို့တက်၍ ပျဉ်းကတိုးပင်များကို ခုတ်လှဲ၏။ နွားလှည်းဖြင့်ရွာသို့လိုက်၏။ ဝါးပေါသဖြင့် ဝါးမြို့ဝါးတွေကိုခုပ်၏။

ပျဉ်းကတိုးတိုင်လေးများပြုလုပ်ပြီး ခြံစည်းရိုးကာ၏။ ဒေါ်ခွေးလေးပိုင်တဲ့ခြံဘက်သို့ (၂)တောင်ခန့်ခိုးယူ၍ ကာရံ၏။ ဝါးများကိုတန်းလုပ်၏။

ယခင်က ဒေါ်ခွေးလေးခြံဘက်မှ ဒေါ်ခွေးလေးပိုင်ဆိုင်တဲ့ မန်ကျည်းပင်ကြီးသည် ကိုခွေးပုခြံဘက်သို့ပါသွားရလေပြီ။

ဤသည်ကို သမီးလုပ်သူ မပုလေးကသိရှိသဖြင့် သူမိခင်ကြီးကိုပြောပြ၏။

သူမိခင်ကြီးက -

"ယူပါစေ သမီးရယ်။ ခွေးပုက အရက်သမား၊ သူမိန်းမက ဝက်မွေး၊ အရက်ချက်တဲ့ဟာတွေ။ ဘုရားတရား သံယာမှန်းမသိသူတွေ၊ သွားမပြောပါနဲ့။ ရန်လည်းမဖြစ်ပါနဲ့။ သူ့ယူချင်လို့ယူတာပဲ ယူပါစေနော်"

အမေကြီးလုပ်သူ၏စကားကို နားထောင်ပါသဖြင့် မပုလေး ဘာမှမပြောဘဲ ငြိမ်ခံနေပါတော့၏။

သင်္ကြန်ရက်များ ကုန်ဆုံးတော့ ကဆုန်လမှာ မျက်မမြင်မိခင်ကြီး အသက်အရွယ်ကြီးပြီဖြစ်ပါသဖြင့် မမာမကျန်းဖြစ်လာ၏။

မျက်မမြင်မိခင်ကြီး သူ့အကြောင်းကိုသူသိ၏။ လူပြည်မှာ သူကြာကြာမနေရတော့ပြီ။

ယင်းကြောင့် အငယ်ဆုံးသောသားဖြစ်သူ မောင်ထွေးမောင်ကို ခေါ်ခိုင်း၏။ မောင်ထွေးမောင်က စက်စုရွာသူ မအေးနှင့်အိမ်ထောင်ကျနေ၏။ သားသမီး (၃) ယောက်ပင် ထွန်းကားနေ၏။

မောင်ထွေးမောင်မှာ လယ်ပိုင်ယာပိုင်မရှိပါသဖြင့် သူများအိမ်မှာ စာရင်းငှားလုပ်ရ၏။ မောင်ထွေးမောင်ဇနီးက မုန့်မျိုးစုံ၊ အကြော်စုံကြော်၍ ရောင်းရ၏။

မိခင်ကြီးက မောင်ထွေးမောင်၏ မိသားစုအားလုံးကိုခေါ်ခိုင်း၏။

ကဆုန်လပြည့်နေ့တွင် မိခင်ကြီးသူ့အိမ် ဘုန်းကြီး(၅)ပါးပင့်ပြီး ဆွမ်းကပ်၏။

သက်တော်ကြီး ဒကာမကြီးအိမ်သို့ ကျောင်းတိုင်ဆရာတော် ဦးဝါယမကိုယ်တိုင်ကြွ၏။ ဦးဝါယမက ဒေါ်ခွေးလေး၏မောင်အငယ်ဆုံးဘုန်းကြီး ဖြစ်၏။

ရွာထဲမှာ အိမ်နားနီးချင်းအိမ် (၂၀)လောက်ကို ဖိတ်ကြား၍ ကျွေးမွေးစည်ရှင်၏။

ရေစက်ချ၊ တရားနာ၊ ဆွမ်းကပ်အလှူပွဲပြီးတော့ ကျောင်းထိုင်ဆရာတော် ဦးဝါယမကို ကျောင်းလှူမပြန်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com

သေးဘဲ သူလျှောက်ချင်သူများကို လျှောက်ထားပါတော့၏။

"တပည့်တော်နေ့စဉ်ငါးပါးသီလ မြဲပါတယ်ဘုရား။ တပည့်တော် လူဘဝ မှာကြာကြာမနေရတော့ပါဘူး ဘုရား၊ တပည့်တော်အကြောင်းကို တပည့်တော် သိနေပါတယ်ဘုရား"

"တပည်တော်မမှာ သိမ်းဆည်းထားတဲ့ အတွင်းပစ္စည်းတွေရှိပါတယ် ဘုရား၊ ဒီသမီးအပျိုကြီးမပုအတွက် ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ရွှေလက်ကောက်တစ်ရန်ပေးပါမယ်ဘုရား"

"ဒီသားငယ်အတွက် လက်စွပ်တ (၂) ကွင်းနဲ့ တပည့်သိမ်းထားတဲ့ ငွေတစ်သိန်းကိုပေးပါမယ်ဘုရား"

ချက်ချင်းပင် ငွေနှင့်ပစ္စည်းများ ထုတ်ပေးပါ၏။

"သားထွေးမောင်ကလည်း ဒီခြံထဲမှာပဲ အစ်မကြီးနဲ့အတူတူလာနေပါ။ အဲဒီငွေတစ်သိန်းကိုကုန်မျိုးစုံဆိုင်လေးတစ်ဆိုင်ဖွင့်ရောင်းပြီးနေပါ"

"တပည့်တော်က အရှင်ဘုရားရဲ့ ဘုန်းကြီးကျောင်းမှာ လိုက်နေပါရစေဘုရား"

ကျောင်းထိုင်ဆရာတော်ကြီးက မျက်မမြင် သူအစ်မကြီးကို ကျောင်းမှာ ခေါ်ထားချင်သည်မှာ ကြာမြင့်ခဲ့ပါပြီ။

ယခုမှ အစ်မလုပ်သူက ထုတ်ပြောပါသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ် သွားရပါ၏။

ကဆုန်လပြည့်နေ့ ညနေဆည်းဆာချိန်တွင် မိခင်ကြီး ဒေါ်ငွေးလေးကို ဘုန်းတော်ကြီးကျောင်းသို့ သားသမီးမြေးတွေက လိုက်ကြ၏။

ဆရာတော်က မျက်မမြင်အစ်မတော်အား ဆွမ်းစားကျောင်းအောက်ထပ်ရှိ အခန်းတစ်ခန်းတွင် သီးခြားထားပေး၏။

ကျောင်းသားလေးတစ်ဦးကိုလည်း မျက်မမြင် ဒေါ်ငွေးလေးနားမှ ကြည့်ရှုစောင့်ရှောက်ပေးရန် ဆရာတော်က ထားပေး၏။

သားငယ်မောင်ထွေးလေးတို့လင်မယားမိသားစုလည်း ရန်မျိုးအောင်ခြံကြီးထဲသို့ စက်စုရွာမှအပြီးအပိုင်ပြောင်းရွှေ့လာကြ၏။

မိခင်ကြီးပေးသည့်ငွေတစ်သိန်းဖြင့် ကုန်ခြောက်ဆိုင်လေးကို ကဆုန်လပြည့်ကျော် ၃ ရက်နေ့မှ စတင်၍ ရောင်းချ၏။

ကဆုန်လဆုတ် ၈ ရက်နေ့။

ဒေါ်ငွေးလေးနေထိုင်တဲ့ ဆွမ်းစားကျောင်းခေါင်မိုးတွင် မီးရောင်စုံများထွန်းထားသလို အလင်းတန်းကြီးတစ်ခု ဖြစ်ပေါ်နေ၏။

ဘုန်းတော်ကြီးကျောင်းမှ ကိုရင်လေးများ၊ ကျောင်းသားများက အားလုံးတွေ့မြင်ကြရ၏။

ကျောင်းထိုင်ဆရာတော်ကြီးအား ပြေးပြီးသွားလျှောက်ကြ၏။

ကျောင်းထိုင်ဆရာတော်ကြီးကိုယ်တိုင်ထွက်ကြည့်ရာ ရောင်စုံမီးတွေဖြာဖြာဝေနေသော ပန်းရထားတစ်စီးကို ကျောင်းခေါင်မိုးပေါ်မှာ တွေ့ရှိရ၏။

ကျောင်းထိုင်ဆရာတော်ကြီး အစ်မနေသည့်အခန်းသို့သွားကြည့်လေသည်။ ရှင်သာမဏေလေးတွေလည်း လိုက်ပါသွားကြ၏။

ဒေါ်ငွေးလေးက ကမ္ဘာ့နှံ့ဝိပဿနာတရားကိုထိုင်လျက် ရှုမှတ်နေရင်း ဝိညာဉ်ချုပ်နေပါတော့၏။

ဆရာတော်သည် ချက်ချင်းပင် ရွာသားများကိုခေါ်၍ ညတွင်းချင်းပင် အစ်မတော်၏အလောင်းကိုပြင်ဆင်၍ နေရာရွှေ့ရ၏။

မျက်မမြင်သူတော်ကောင်းအစ်မကို မသေခင်ကပင် နတ်ပန်းရထားဆိုက်ပြီး နတ်ပြည်သို့ခေါ်ဆောင်သွားကြလေပြီ။

အစ်မတော်၏ အလောင်းကို (၃) ရက်သာထားပြီး ကောင်းစွာမီးသင်္ဂြိုဟ်ပေး၏။

ကဆုန်လအတွင်း မိုးလေးများကင်းပါသဖြင့် အစ်မတော်အတွက် ပွဲလမ်းသဘင်ထည့်ရန် ဂေါပကလူကြီးများက တောင်းဆိုလာကြ၏။

ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာပင် ဇာတ်ခုံကြီးထိုးပြီး မြို့မှ အငြိမ့်ပွဲကိုငှားရမ်း၏။ ငွေကြေးကိုဂေါပကအဖွဲ့မှ အကုန်အကျခံ၏။

ရွာသူရွာသားများပွဲကြည့်ရမှာဖြစ်ပါသဖြင့် ပျော်ရွှင်နေကြ၏။

ကိုခွေးပုလူကြီးတွေမသိရအောင် ပွဲဝင်းစျေးတန်းတစ်နေရာမှာ အရက်ရောင်း၏။ သူဇနီးမ ဝက်မက အကြော်မျိုးစုံရောင်း၏။

သား ဝက်သိုးနှင့် သမီးဒေါင်းမ လေးတို့က ပွဲကြည့်ကြ၏။

ပွဲကလည်းကောင်းလှ၏။

နံနက်ခင်း ပွဲသိမ်းတော့ ကိုခွေးပုတို့မိသားစု သူတို့အိမ်သို့ပြန်လာကြ၏။

သူတို့မွေးထားသော ဝက်သိုးကြီးနှင့် ဝက် (၁၀)ကောင်းလုံးဝမရှိတော့ပါ။ သူခိုးတွေဝင်ခိုးသွားကြလေပြီ။

ကိုခွေးပုခြံထဲတွင် အရက်ချက်တဲလေးကိုလည်း မီးရှို့သွားပါတော့၏။

မဝက်မကြီး အိမ်ပြန်ရောက်တော့ ငိုပွဲကြီးဆင်ရပါတော့၏။

ဝက်များကကာလတန်ဖိုး(၅)သိန်းခန့်ရှိနိုင်၏။

အရက်သမား၊ အရက်ချက်သမား ကိုခွေးပု၏အရက်ချက်တဲ့ တဲလေးလည်း မီးလောင်၍ ပြာကျနေပါတော့၏။

သူတော်ကောင်း ဒေါ်ငွေးလေး၏ မြေကိုခိုးယူမိသဖြင့် ယခုဘဝမှာပင် မြေသူခိုးမိသားစုကို ဒုက္ခအကျိုးချက်ချင်းပင် ပေးပါတော့၏။

မကောင်းမှုကို ပြုလုပ်သော မကောင်းမှုအကုသိုလ်ကံသည် မကောင်းမှုအကျိုးကိုသာပေးတတ်ပါ၏။

နောက်ဆက်တွဲ အကုသိုလ်က အရက်သမား ကိုခွေးပုက သူ့အိမ်မှဝက်များကို ခိုးသွားသူများကို တစ်ရွာလုံးက လိုက်လံအော်ဆဲပြန်၏။

ထိုအော်ဆဲမှုကြောင့် ရွာလူကြီးက ရဲစခန်းသို့ပါပို့လိုက်ပြန်၏။

ယခုတော့ အရက်သမားကိုခွေးပု မြို့အချုပ်ခန်းထဲမှာ ရောက်ရှိနေပါတော့၏။

အကုသိုလ်၏ နောက်ဆက်တွဲကံအရာသည် ဆန်းကြယ်လှပါ၏။

ဒေါ်မြတ်သီဟာ

www.burmeseclassic.com

www.burmeseclassic.com

ရေနံမြေ-လွမ်းစု
ဆရာယုဒသန်နှင့်လက်မရွံ့ထောင်

ဟိုယခင်အခါက အင်းဝမြို့ဟောင်းတွင် နန်းမတော်မယ်နှုတ်ကျောင်းတောင်ဘက်၌ သခ္ဓိုင်းဂူပုံပြုလုပ်ထားသော အင့်မတန်ကြီးမားသည့် ကျောက်ဖြူတုံးကြီးတစ်ခုကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုကျောက်ဖြူတုံးကြီးတောင်ဘက်မျက်နှာစာတွင် အင်္ဂလိပ်၊ မြန်မာဘာသာဖြင့် -

JUDSUN MEMORIAL
SITE OF
AVE LET-MA-YOON PRISON
ဆရာယုဒသန်ကို အောက်မေ့ဖို့ရာ
အဝလက်မရွံ့ထောင်နေရာ

ဟု ကမ္ဘည်းရေးထိုးထားသလို အနောက်မျက်နှာတွင်လည်း အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် မှတ်တမ်းတင်ထားပါသည်။

မြန်မာပြန်ဆိုချက်တွင် -

၁၈၂၄ ခုနှစ်၊ ဇွန်လမှ ၁၈၂၅ ခုနှစ်၊ မေလထိ ဆရာယုဒသန်သည် သခင်ဘုရားကို ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ မိမိရဲရင့်သော ခင်ပွန်း၏ လုပ်ကျွေးမွေးမြူခြင်းအားဖြင့်လည်းကောင်း၊ ဤအရပ်မှာကြီးစွာသော ဒုက္ခများကိုခံနိုင်လျက် မဖြောင့်မှန်စွာ အကျဉ်းခံရလေသည်'

ဟုရေးထားသည်။

■ ဆရာယုဒသန်

ဆရာယုဒသန် အရှေ့တိုင်းဒေသသို့ ခရစ်ယာန်သာသနာပြုရန်အတွက် ၁၈၁၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ထွက်ခွာလာသော အမေရိကန်လူမျိုးမစ္စတာ အဒိုနိရမ်ဂျပ်ဆင် ဖြစ်သည်။ သူသည် ၁၇၈၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် မော်လဒင်မြို့၌ မွေးဖွားခဲ့သည်။ ဆရာယုဒသန်သည် ၁၈၁၂ ခု၊ ဖေဖော်ဝါရီ ၅ ရက်နေ့တွင် အေဇက်ဆိုင်ဆိုသောအမျိုးသမီးနှင့် လက်ထပ်ပြီး နောက်တစ်နေ့ (ဖေဖော်ဝါရီ ၆ ရက်) တွင် အမေရိကန်နိုင်ငံမှ ဇနီးနှင့်အတူ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

သူသည် ဘိုးတော်ဘုရားလက်ထက်သက္ကရာဇ် ၁၁၇၄ ခု (၁၈၁၃) တွင် နေပြည်တော်သို့ရောက်လာခဲ့ပြီး ဘကြီးတော်လက်ထက် အင်းဝသို့မရွှေ့မပြောင်းခင် အမရပူရ၌စံနေစဉ် အခစားဝင်ရောက်ခွင့်ရခဲ့သည်။ သို့ရာတွင် သာသနာပြုခွင့်လျှောက်ထားသည်ကို ဘုရင်အလိုတော်မကျသဖြင့် မူလနေထိုင်ရာ ရန်ကုန်သို့ပြန်ခဲ့လေသည်။

ဘကြီးတော်သည် သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် ထီးနန်းကို အမရပူရမှ အင်းဝသို့ပြောင်းရွှေ့လေသည်။ထိုအချိန်တွင် နားနှင့်မျက်စိကုသမှုသာသနာပြု ဆရာဝန် ပရိုက်စ်ရန်ကုန်သို့ရောက်ရှိလို့နေသည်။ ထို့ကြောင့် ဘကြီးတော်သည် ပရိုက်စ်အား နေပြည်တော်သို့ ဖိတ်ခေါ်လေသည်။ ထိုအခါ မြန်မာစကားကို ကောင်းစွာ နားလည်နေပြီဖြစ်သော ဆရာယုဒသန်က စကားပြန်အဖြစ်လိုက်ပါသွားရသည်။ ဘကြီးတော်ဘုရားသည် သူ၏ရိုးသားမှုကို လက်ခံယုံကြည်တော်မူသဖြင့် ရှေ့တော်တွင်တရားဟောပြောခွင့်ပေးတော်မူပြီး မြေတစ်ကွက်ကိုလည်း ပေးသနားခဲ့ပါသည်။ ထိုသို့မြေကွက်ရရှိသော်အခါ ရန်ကုန်ရှိဇနီးအား မြန်လည်ခေါ်ယူကာ ၁၈၂၄ ခု ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ အင်းဝမြို့၌ အိမ်ဆောက်ကာ အခြေစိုက်နေထိုင်ခဲ့ကြသည်။

ဆရာယုဒသန်

■ လက်မရွံ့ထောင်တွင်စံရခြင်း

ဘကြီးတော်လက်ထက်သက္ကရာဇ် ၁၁၈၅ ခု (၁၈၂၄၊ မေလ)တွင် အင်္ဂလိပ်-မြန်မာပထမစစ်ဖြစ်ပွားရာ အင်္ဂလိပ်စစ်တပ်က ရန်ကုန်မြို့ကိုသိမ်းလိုက်သည်။ ထိုအခါ မြန်မာအစိုးအရက နေပြည်တော်တွင်ရှိ နိုင်ငံခြားသားများကို ဖမ်းဆီးထိန်းသိမ်းပြီး ၁၈၂၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် လက်မရွံ့ထောင်၌ အကျဉ်းချကာချုပ်နှောင်ထားလေ၏။ ထိုအထဲတွင် ဆရာယုဒသန်လည်း ပါဝင်ခဲ့သည်။

လက်မရွံ့ထောင်တွင် ပါးကွက်အာဏာသားတို့သည် အကျဉ်းကျခံရသူများကို လက်မရွံ့မည်သမျှ ညှဉ်းပန်းနှိပ်စက်ကြသော်လည်း လက်မရွံ့ထောင်ဟု ခေါ်ခဲ့ဟန်တူပေသည်။ထိုလက်မရွံ့ထောင်သည် အလျား

ဟိုယခင်က လက်မရွံ့ထောင်နေရာတွင် ရှိခဲ့ဖူးသော ဆရာယုဒသန်အမှတ်တရကျောက်တုံးဖြူကြီး
(ယခုအခါ မတွေ့ရတော့၊ ထိုနေရာတွင် ချူတွေဖုံးအုပ်လျက်ရှိပေသည်)

www.burmeseclassic.com

www.burmeseclassic.com

ချုံနွယ်တွေပိတ်ဖုံးနေသောလက်မရွံ့ထောင်နေရာ

အင်းဝမြို့ဟောင်းရှိ နန်းတော်ဟောင်းနေရာ

အင်းဝမြို့ဟောင်းရှိ နန်းတော်ဟောင်းနေရာ

လက်မရွံ့ထောင်အုန်းတွင် တွေ့ရသော ကျောက်ဖြူအဝိုင်းအစ (မျက်နှာတစ်ဖက်ထိုး ကျောက်စာဖြစ်ဟန်တူသည်)

အင်းဝမြို့ဟောင်းရှိ နန်းတော်ဟောင်းနေရာကို နယ်ခံစာရေးဆရာ ဟိန်းသန့်(အင်းဝ) က ပြသနေပုံ

ကုတ္တိပင်ကြီးများအောက် ချုံတွေဖုံးအုပ်လျက်ရှိသော လက်မရွံ့ထောင်နေရာ

နှစ်ဆယ့်ခြောက်တောင်၊ အနံနှစ်ဆယ်တောင်၊ အမြင့်လေးတောင်ရှိ၍ ထရံကာထားသည်။ပုံသဏ္ဌာန်အားဖြင့် တင်းကုပ်နှင့်တူသည်ဟုဆိုပါသည်။

ထောင်ကြီးသည် ပတ်ပတ်လည်တွင် အပေါက်မရှိသဖြင့် လေဝင်လေထွက်မကောင်းပေ။ ပိတ်၍ထားသော တံခါးအက်ကြောင်းနှင့် ပျဉ်ထောင်ကြားများမှသာလေဝင်နိုင်သဖြင့် အကျဉ်းသားများမှာ မွန်းကျပ်လျက်ရှိလေသည်။

ဤသို့ဖြင့် -

အမိုးကလည်း ခပ်နိမ့်နိမ့်၊ လေဝင်လေထွက်ကလည်း သိပ်မကောင်း၊ နွေကာလ နေပူရှိန်ကလည်း ပြင်းပြဆိုတော့ ထောင်တွင်ရှိ အကျဉ်းသားတို့မှာမီးမြိုက်ခံနေရသလို အင်မတန်ပြင်းထန်သည့် အပူဒဏ်ကို အလူးအလဲခံနေရတော့သည်။

ဆရာယုဒသန်သည် ထောင်ထဲတွင် ဆင်းရဲဒုက္ခခံစားရပုံနှင့်ပတ်သက်၍ မှတ်တမ်းတွေရေးခဲ့သည်။ ထိုမှတ်တမ်းတို့အနက် တစ်ခုတွင် -

"အင်္ဂလိပ်နှင့် စစ်ဖြစ်ပွားသည့် အတွက်ကြောင့် ၁၈၂၄ ခု၊ ဇွန်လ ၈ရက်နေ့တွင် ကျွန်ုပ်ကို ဖမ်းဆီး၍ ဒေါက်တာပရိုက်စ်၊ အင်္ဂလိပ်သုံးယောက်၊ အမေရိကန်တစ်ယောက်၊ ဂရိတ်လူတစ်ယောက်တို့နှင့်အတူတကွ အဝမြို့လက်မရွံ့ထောင်တွင်အကျဉ်းထား၍ ခြေကျဉ်းသုံးဆင့်နှင့် ကိုးလ၊ ငါးဆင့်နှင့်နှစ်လ၊ ပေါင်းတစ်ဆယ့်တစ်လခံနေရပါသည်။ ထိုထောင်၌ ကျွန်ုပ်မြင်ရကြားရသရွေ့တို့နှင့် ကျွန်ုပ်ခံရသမျှသောဒုက္ခအမျိုးမျိုးတို့ကို မေ့နိုင်လျှင်မေ့ချင်လှပါသည်။ အဝမြို့ရှိ လက်မရွံ့ထောင်မှတစ်ဆင့်၊ ဆယ်မိုင်ခန့်ကွာဝေးသော အောင်ပင်လယ်ထောင်သို့ ကျွန်ုပ်တို့ကို ရွှေ့ပြောင်းစဉ်အခါ အလွန်ကြမ်းကြုတ်ရက်စက်ခြင်းအမျိုးမျိုးတို့ကိုခံသွားကြရသဖြင့် ကျွန်ုပ်တို့အထဲက ဂရိတ်လူသည် လမ်းတွင်သေဆုံးရရှာလေသည်။ ကျန်သောသူတို့နှင့် ကျွန်ုပ်ကိုယ်တိုင်မှာ ရက်ပေါင်းအတော်ကြာမလှုပ်နိုင်ဘဲ ရက်ပေါင်းအတော်ကြာ အနာတရခံရကုန်၏။ ထိုသို့ အဝမြို့မှ ကျွန်ုပ်တို့ကို ရွှေ့ပြောင်းသွားသော အစိုးရမင်း၏ မူလကြံရွယ်ချက်ကား သိုဆောင်း ကုလားဖြူ အင်္ဂလိပ်တို့ကို အောင်မြင်ခြင်းအလို့ငှာ ကျွန်ုပ်တို့ကို စတေးမည်ဖြစ်ချေသည်။ သို့ရာတွင်ထိုအကြံကိုပေးသော ပခန်းဝန်ကြီးသည် ရုတ်တရက်ရာဇဝတ်သင့်၍ အပြစ်မျက်ခံရသောကြောင့် သာလျှင် ကျွန်ုပ်တို့သေဘေးမှခွင်းသာရကြသည်။ အောင်ပင်လယ်ထောင်မှာ ကျွန်ုပ်ခြေကျဉ်းတစ်ဆင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ခြောက်လနေခဲ့ရပြီးနောက် ကျွန်ုပ်ကို အကျဉ်းထောင်မှ အစောင့်အကြပ်လုံခြုံစွာနှင့်ထုတ်ဆောင်ပြီးလျှင် မလွန်မင်းလှမြို့၌ စကားပြန်၊ စာတော်ပြန်အလုပ်နှစ်မျိုးနှင့် စေခိုင်းတော်မူသည်။ နှစ်လကြာ၍ အဝမြို့သို့ ပြန်ရောက်လျှင် မြောက်ထားဝယ်ဗိုလ်မောင်ရွှေလူကျေးဇူးကြောင့် အချုပ်မှလွတ်၍ သူ့ထံ၌နေရသည်။ သူနှင့်အတူတကွ ကျွန်ုပ်နေရသောတစ်လခွဲအတွင်းတွင် အင်္ဂလိပ်စစ်သည်တော်တို့သည် မြို့တော်သို့ဆန်တက်လျက် အစဉ်တစိုက်လာကြသည်ရှိသော် တိုင်းရေးပြည်မှုသည် အလွန်ကြောက်မက်ဖွယ်ဖြစ်သတည်း။ ဒေါက်တာပရိုက်စ်ကို နှစ်ကြိမ်တိုင်တိုင်စေလွှတ်၍ စစ်ပြေငြိမ်းရန် အကြောင်းကို ပြောစေကြသည်။ ဤကိစ္စကို ကျွန်ုပ်မဆောင်ရွက်လို၍ တတ်နိုင်သမျှ ငြင်းပယ်သော်လည်း ကျွန်ုပ်ကို အနိုင်အထက်စေခိုင်းသတည်း။ ကျွန်ုပ်တို့သည် ပုဂံမြို့၌ အင်္ဂလိပ်စစ်တပ်ကို တွေ့ကြပြီးနောက် စစ်ပြေငြိမ်းရန် အင်္ဂလိပ်အစိုးရသဘောတူသည့် ပဋိညာဉ်စာချုပ်နှင့် မြို့တော်သို့ရောက်သောအခါ ကျွန်ုပ်နှင့်အတူ ကျဖက်အကျဉ်းသားအားလုံးတို့သည် လွတ်ခွင့်ရသဖြင့် မျှားစွာဝမ်းသာပါသည်။ ထို့နောက် ၂၁ ရက်နေ့တွင် မြန်မာဘုရင်မင်းက မသွားစေလိုသော်လည်း အဝမြို့မှ နောက်ဆုံးထွက်ခွာရွှေ့ပြောင်းခွင့်ကိုရခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။

ဆရာယုဒသန်နှင့်အတူအကျဉ်းခံရသော အင်္ဂလိပ်လူမျိုးတစ်ယောက်ကလည်း သူ၏မှတ်တမ်းတွင် -

"ထိုအချုပ်ခန်း၌ရှိသော အထင်ရှားဆုံးကိရိယာကိုဆိုသော် ထိတ်ထုံးကြီးဖြစ်သည်။ လူတစ်ဆယ့်နှစ်ယောက်ကိုခတ်နိုင်သော ထိုထိတ်တုံးကြီးသည် မိကျောင်းကြီးကဲ့သို့ အစာဟပ်ဖမ်းရန် အာပေါက်ကိုဖွင့်၍ အသဲကျယ်ကျယ်နှင့် ပိတ်တတ်သည်။ ထိုထိတ်တုံးကြီး၏ပတ်ဝန်းကျင်၌ ထိတ်ခတ်လျက် လူအပြည့်နှင့် ထိတ်တုံးငယ်၊ ထိတ်တုံးလတ်တို့လည်းရှိကြသေးသည်။ ထိတ်တုံးကြီး၊ ငယ်၊ ရွယ်၊ လတ်တို့မှာ ခြေဝင်သာအောင်အပေါက်များနှင့် တင်းကျပ်စေခြင်းအလို့ငှာ သပ်များလည်းရှိကြသည်။ အချုပ်ထောင်အလယ်တည့်တည့်၌ ညှင်းကင်းစောင့်စရာ သုံးချောင်းထောက်ပေါ်တွင် ရေနံဆီမီးခွက်ကြီးတစ်ခုရှိသည်။ ထိုပြင် စက်ကြိုးနှင့် သက္ကာန်တူသောတန်ဆာတစ်ခုလည်းရှိသေးသည်။ ထိုတန်ဆာမှာ လူကိုနှိပ်စက်ညှဉ်းပန်းသောကိရိယာဖြစ်၍ အဘယ်မျှ ဒုက္ခပေးသည်ကို မကြာမီ ကိုယ်တွေ့ဖြစ်ရသည်။ နှစ်ဖက်စွန်းကြိုးတပ်၍ ခေါင်၌ဆွဲထားသောဝါးလုံးနှင့်ကပ်လျက် လူကို ဇောက်ထိုးလွှဲချည်တင်းချည်ထိမ်မြောက်နိုင်သောကိရိယာဖြစ်သည်"

ဟု ရေးမှတ်ထားသည်။

(ဤဖော်ပြပါမှတ်တမ်းအကြောင်း အရာတို့သည် ရန်ကုန်မြို့ အမေရိကန်နှစ်ခြင်းသာသနာပြုပုံနှိပ်တိုက်မှ ၁၉၁၁ ခုနှစ်တွင် ရိုက်နှိပ်သော မူလယုဒသန်၏ သား ဒွတ်ယုဒသန် ရေးသားသော ယုဒသန်အတ္ထုပ္ပတ္တိအင်္ဂလိပ်မူမြန်မာပြန်မှ ကောက်နုတ်ချက်အချို့ ဖြစ်ပါသည်။ စာရေးသူ)

■ နောက်ဆုံးခရီး

ဆရာယုဒသန်သည် ၁၈၂၅ ခု၊ ဒီဇင်ဘာလထဲတွင် ထောင်မှလွတ်လာပြီး ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာစစ်ပြေငြိမ်းမှု ရန္တပိုစာချုပ်ချုပ်ဆိုရာတွင် စကားပြန်အဖြစ် ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် အဝနေပြည်တော်မှ အပြီးအပိုင် ထွက်ခွာလာပြီး ကျိုက္ခမီမြို့တွင် အခြေချနေထိုင်ခဲ့သည်။

သူသည် သာသနာပြုလုပ်ငန်းများလုပ်ဆောင်ရင်း ဘာသာပြန်စာပေများကိုလည်း အားထုတ်ကာ ရေးသားပြုစုခဲ့သည်။ ပြန်ဆိုခဲ့သည်တို့အနက် ဓမ္မသတ်ကျမ်းကို မော်လမြိုင်မြို့ သာသနာပုံနှိပ်တိုက်က ၁၈၃၂ ခု၊ ဒီဇင်ဘာလတွင် ပထမဆုံးအကြိမ်အဖြစ် ပုံနှိပ်ခဲ့ပြီး ဓမ္မဟောင်းကျမ်း မြန်မာပြန်ကို ၁၈၃၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့ပြင် ရွှေခိုန်ခွင်၊ မြန်မာအမျိုးသမီးဝတ်ဆင်ပုံ၊ ပိဋကတ်အနှစ်စု စသော စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့သည်။

ဆရာယုဒသန် ရေးသားပြုစုခဲ့သောကျမ်းတို့အနက် အင်္ဂလိပ်-မြန်မာအဘိဓာန်၊ သမ္မာကျမ်းစာ၊ ဓမ္မသတ်ကျမ်း၊ ဓမ္မဟောင်းကျမ်းမြန်မာပြန်တို့သည် ယနေ့ထက်တိုင် မြန်မာစာပေလောကၭ အရေးပါသော စာအုပ်ကြီးများ ဖြစ်ကြသည်။

(ဆရာယုဒသန်သည် အင်္ဂလိပ်-မြန်မာအဘိဓာန်နှင့် မြန်မာ-အင်္ဂလိပ်အဘိဓာန်ကို ပူးတွဲရိုက်နှိပ်ထုတ်ဝေနိုင်ရန် အားထုတ်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ် - မြန်မာအဘိဓာန်ကို ၁၈၄၈ ခုနှစ်တွင် ပြီးစီးအောင် ပြုစုနိုင်ခဲ့သော်လည်း မြန်မာ-အင်္ဂလိပ်အဘိဓာန်ကိုမူ ပြီးစီးအောင် မပြုစုနိုင်ခဲ့။ ပြုစုဆဲတွင် ကွယ်လွန်ခဲ့သဖြင့် ဘုန်းတော်ကြီးတစ်ပါးက ဖြည့်စွက်ရေးသားပြီး ၁၈၅၂ ခုနှစ်တွင် မော်လမြိုင်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်။ စကားချပ်)

ဆရာယုဒသန်သည် ၁၈၅၀ ပြည့်နှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ မော်လမြိုင်မှထွက်ခွာလာသော ပင်လယ်တူးသင်္ဘောပေါ်တွင် ကွယ်လွန်သဖြင့် ရုပ်ကလာပ်ကို ပင်လယ်ထဲပစ်ချကာ သင်္ဂြိဟ်ခဲ့ရသည်ဟုဆို ပါသည်။ ၁၈၁၃ ခုနှစ်မှ ၁၈၅၀ ပြည့်နှစ်အထိ (၃၇) နှစ်တာမျှ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သော အမေရိကန်နိုင်ငံသား ဆရာယုဒသန်သည် မြန်မာ့ရေပြင်တွင်ထာဝရအနားယူခဲ့ပါလေသည်။

တကယ်တော့ သူသည် မြန်မာစာပေနှင့် ခရစ်ယာန်ဘာသာအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များကိုပေးထားခဲ့သူဖြစ်သည်။ သို့ကြောင့်ပင် ယုဒသန်ခေါ် ဂျပ်ဆင်အား မမေ့မလျော့ကြဘဲ ဂျပ်ဆင်ကောလိပ်၊ ဂျပ်ဆင်ဘုရားဝတ်ပြုဆောင်၊ ဂျပ်ဆင်အမှတ်တရကျောက်တိုင် ဟူ၍ ယနေ့ထက်တိုင်ခေါ်ဝေါ် ဂုဏ်ပြုနေဆဲပင်ရှိပါသည်။

ယခုတော့ ဆရာယုဒသန်လည်းမရှိရှာတော့။ အကျဉ်းကျသူဟူသမျှကို မညှာမတာညှဉ်းပန်းနှိပ်စက်ကာ ရိုက်ပုတ်သတ်ဖြတ်ခဲ့သည့် အာဏာပါးကွက်သားဆိုသူတွေလည်း မရှိကြတော့။ လူကောင်း၊ လူဆိုး မခွဲခြားမသုံးသပ်ဘဲ ထင်ရာမြင်ရာ အမိန့်ပေးတတ်သည့် အာဏာရှင်ဆိုသူတွေလည်းမရှိကြတော့။ ငရဲခန်းပမာ ကြောက်မက်ဖွယ်ကောင်းသည့် လက်မရွံ့ထောင်ကြီးဆိုတာလည်း မရှိတော့။ ဤနေရာတွင် လက်မရွံ့ထောင်ကြီးရှိခဲ့ဖူးသည်ဟူသော အထိမ်းအမှတ်အဖြစ်မှတ်သားထားသည့်နေရာကိုသာ နန်းတော်ဟောင်း၏ အရှေ့တည့်တည့်လောက်တွင်တွေ့ရလေတော့သတည်း။

ရေနံမြေလွှမ်းစု

မှီငြမ်း -

၁။ ရှေးခေတ်ပုဂံပြည်နှင့် သမိုင်းစာပေ ယဉ်ကျေးမှုအထွေထွေ (ရွှေကိုင်းသား)

၂။ ရွှေလမ်းငွေလမ်း အမေရိကန်မြန်မာ ဆက်ဆံမှုမှတ်တမ်း (ညီမြ)

၃။ ကုန်းဘောင်ရာပုံတော် (ညီမြ)

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခြင်စိုသူ (B.Sc)
(၇)ရက်သားသမီးများအတွက် အဆောင်ယာကြာ

တနင်္ဂနွေသားသမီးများအသက်

၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃ နှစ်။

တနင်္လာသားသမီးများအသက်

၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂ နှစ်။

အင်္ဂါသားသမီးများအသက်

၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁ နှစ်။

ဗုဒ္ဓဟူးသားသမီးများအသက်

၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀ နှစ်။

ကြာသပတေးသားသမီးများအသက်

၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈ နှစ်။

သောကြာသားသမီးများအသက်

၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄ နှစ်။

စနေသားသမီးများအသက်

၃၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉ နှစ်။

ဂုဏ်အသက်အပိုင်းအခြားတွင် 'သုဂတော-လောကဝိဒူ' ဂုဏ်တော်ကို ပုတီးစိပ်ပါ။ ရွတ်ပါ။

သီးသား (သို့) လင်းလွန်းသားဖြင့် 'သိကြားမင်းရုပ်' ထုဆောင်ပါ။ ၎င်း အဆောင်ကိုကိုင်ပြီး-

- ဘုံ (မိမိနာမည်) နမော ဗုဒ္ဓါယ ဇေယျံ သိဒ္ဓံ၊
  ဘုံ (မိမိနာမည်) နမော ဗုဒ္ဓါယ လာဘံ ဓနံ သိဒ္ဓံ၊
  ဘုံ (မိမိနာမည်) နမော ဗုဒ္ဓါယ ဝိယံ သိဒ္ဓံ။

ဟု (၄၆) ခေါက် နေ့စဉ်ရွတ်ဆိုပါ။

■

တနင်္ဂနွေသားသမီးများအသက်

၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄ နှစ်။

တနင်္လာသားသမီးများအသက်

၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃ နှစ်။

အင်္ဂါသားသမီးများအသက်

၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂ နှစ်။

ဗုဒ္ဓဟူးသားသမီးများအသက်

၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁ နှစ်။

ကြာသပတေးသားသမီးများအသက်

၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉ နှစ်။

သောကြာသားသမီးများအသက်

၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅ နှစ်။

စနေသားသမီးများအသက်

၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀ နှစ်။

ဂုဏ်အသက်အပိုင်းအခြားတွင် 'ဝုဏ်တော်ကိုးပါး' ဗုတီးစိပ်ပါ။ ရွတ်ပါ။ ထိမ်သား(သို့)ကွဲကော်သားဖြင့် 'နတ်ရုပ်' ထုဆောင်ပါ။ ၎င်းအဆောင်ကိုကိုင်ပြီး-

- ဣတိ (မိမိနာမည်) နမော ဗုဒ္ဓါယ ဇေယျံ သိဒ္ဓံ၊
  ဣတိ (မိမိနာမည်) နမော ဗုဒ္ဓါယ လာဘံ ဓနံ သိဒ္ဓံ၊
  ဣတိ (မိမိနာမည်) နမော ဗုဒ္ဓါယ ဝိယံ သိဒ္ဓံ။

ဟု (၂၇) ခေါက် နေ့စဉ်ရွတ်ဆိုပါ။

■

တနင်္ဂနွေသားသမီးများအသက်

၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅ နှစ်။

တနင်္လာသားသမီးများအသက်

၁၀၊ ၁၁၊ ၁၈၊ ၁၉၊ ၂၆၊ ၂၇၊ ၃၄၊ ၃၅၊ ၄၂၊ ၄၃၊ ၅၀၊ ၅၁၊ ၅၈၊ ၅၉၊ ၆၆၊ ၆၇၊ ၇၄၊ ၇၅ နှစ်။

အင်္ဂါသားသမီးများအသက်

၉၊ ၁၀၊ ၁၇၊ ၁၈၊ ၂၅၊ ၂၆၊ ၃၃၊ ၃၄၊ ၄၁၊ ၄၂၊ ၄၉၊ ၅၀၊ ၅၇၊ ၅၈၊ ၆၅၊ ၆၆၊ ၇၃၊ ၇၄ နှစ်။

ဗုဒ္ဓဟူးသားသမီးများအသက်

၈၊ ၉၊ ၁၆၊ ၁၇၊ ၂၄၊ ၂၅၊ ၃၂၊ ၃၃၊ ၄၀၊ ၄၁၊ ၄၈၊ ၄၉၊ ၅၆၊ ၅၇၊ ၆၄၊ ၆၅၊ ၇၂၊ ၇၃ နှစ်။

ကြာသပတေးသားသမီးများအသက်

၆၊ ၇၊ ၁၄၊ ၁၅၊ ၂၂၊ ၂၃၊ ၃၀၊ ၃၁၊ ၃၈၊ ၃၉၊ ၄၆၊ ၄၇၊ ၅၄၊ ၅၅၊ ၆၂၊ ၆၃၊ ၇၀၊ ၇၁ နှစ်။

သောကြာသားသမီးများအသက်

၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉ နှစ်။

စနေသားသမီးများအသက်

၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈ နှစ်။

ဂုဏ်အသက်အပိုင်းအခြားတွင် 'မေတ္တာသုတ်၊ ပဋ္ဌာန်း' ရွတ်ဖတ်ပူဇော်ပါ။ ဝိတောက်သားဖြင့် 'နတ်ရုပ် (သို့) ဝိတုန်းရုပ်' ထုဆောင်ပါ။ ၎င်းအဆောင်ကိုကိုင်ပြီး-

- ဣတိ (မိမိနာမည်) နမော ဗုဒ္ဓါယ ဇေယျံ သိဒ္ဓံ၊
  ဣတိ (မိမိနာမည်) နမော ဗုဒ္ဓါယ လာဘံ ဓနံ သိဒ္ဓံ၊
  ဣတိ (မိမိနာမည်) နမော ဗုဒ္ဓါယ ဝိယံ သိဒ္ဓံ။

ဟု (၂၇) ခေါက် နေ့စဉ်ရွတ်ဆိုပါ။

■

တနင်္ဂနွေသားသမီးများအသက်

၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉ နှစ်။

တနင်္လာသားသမီးများအသက်

၁၂၊ ၁၃၊ ၂၀၊ ၂၁၊ ၂၈၊ ၂၉၊ ၃၆၊ ၃၇၊ ၄၄၊ ၄၅၊ ၅၂၊ ၅၃၊ ၆၀၊ ၆၁၊ ၆၈၊ ၆၉ နှစ်။

www.burmeseclassic.com

www.burmeseclassic.com

၆၈၊ ၇၆ နှစ်။

အင်္ဂါသားသမီးများအသက်

၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅ နှစ်။

ဗုဒ္ဓဟူးသားသမီးများအသက်

၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄ နှစ်။

ကြာသပတေးသားသမီးများအသက်

၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂ နှစ်။

သောကြာသားသမီးများအသက်

၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀ နှစ်။

စနေသားသမီးများအသက်

၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃ နှစ်။

ဂုဏ်အင်္ဂါ ဆယ်ပါးပြည့်စုံသော ဤမင်းသမီးသည် အသက် ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄ နှစ်တို့တွင် ကြီးပွားတိုးတက်ခြင်း ရှိလိမ့်မည်။

www.burmeseclassic.com

တစ်ခါတုန်းက အင်းဝဈာပညာရပ် တစ်ဖက်ကမ်းခပ်ကျမ်းကျင်တတ်မြောက်သော ဆရာတော်ကြီးတစ်ပါးရှိလေ၏။ ဆရာတော်ကြီး၏ဘွဲ့အမည်ကိုမည်သူမျှ မသိကြပါ။ အင်းဝဈာဆရာတော်ကြီး၏ ရဟန်းဘွဲ့အမည်နာမ မကျော်ကြားဘဲ လူဘဝကစွမ်းခဲ့သည့် 'ပတ်သံကွင်း' ဟု သာ နာမည်ကျော်ကြားလေ၏။

မြစ်ဝကျွန်းပေါ် သကြားဟင်းအိုးကျေးရွာတွင် ပတ်သံကွင်းသည် ရဟန်းဝတ်ပြီး သီတင်းသုံးအခြေချနေထိုင်လေသည်၊ ဆရာတော်ကြီးပတ်သံကွင်းဟု နာမည်ထင်ရှားလာ၏။ သကြားဟင်းအိုးကျေးရွာသည် ဆရာတော်မရောက်ခင်က မြွေဆိုးပေါများ၏။ အင်းဝဈာဆရာတော်ကြီးက သူ၏အင်းအစွမ်းဖြင့် မြွေဆိုးများကို နှင်ပေးလိုက်ပါသည်။ သကြားဟင်းအိုးရွာ မြွေဆိုးအန္တရာယ်ကင်းရှင်းသွားပါသည်။ ထိုအချိန်မှစ၍ အင်းဝဈာဆရာတော်ကြီးအဖြစ် လူသိများလေသည်။

ဆရာတော်ကြီးသည် လူဝတ် ပတ်သံကွင်းဘဝဖြင့် နေထိုင်ခဲ့စဉ်ကလည်း အနေရိုးရှင်း၏။ ယခု အင်းဝဈာဆရာတော်ကြီးအဖြစ် လူသိများလာပါသော်လည်း ကျော်စောထင်ရှားလိုစိတ်မရှိပါ။ ပုံစံဟန်ပန်အမူအရာကား ပလွားမူမရှိ။ မထင်မရှားအေးဆေးတည်ငြိမ်သောဣန္ဒြေသိက္ခာဖြင့် ပြည့်စုံလေ၏။ ဗမာတိုင်းရင်းသားအများစု နေထိုင်ကြသောရွာ၊ ကရင်တိုင်းရင်းသားအများစု နေထိုင်ကြသောရွာ စသည့်ရွာပေါင်းစုံသို့ လှည့်လည်သွားလာဖူး၏။ ဆရာတော်ကြီးသည် ရောက်သည့်နေရာတိုင်း ဝေဒနာခံစားနေရသည့်ဒုက္ခသည်ပေါင်းစုံတို့ကို တွေ့မြင်ရသည်နှင့် ဒုက္ခတွင်းမှ ကယ်တင်ပေး၏။

သူ၏အင်းအစွမ်းဖြင့် ကယ်မပေးခြင်းဖြစ်ပါသည်။

ဆေးကုပေးသော ကိုယ်တော်အဖြစ်နာမည်ကြီး၏။ သို့သော် ဆရာတော်ကြီးသည် ဆေးတစ်မှုန့်မျှအသုံးမပြုချေ။ သူ၏အင်းကွက်ချပညာစွမ်းဖြင့် လိုအပ်သလို အင်းကွက်ချကာ ကုသပေးခြင်းဖြစ်ပါ၏။ ဆရာတော်နှင့်တွေ့ခဲ့သော ဝေဒနာသည်တို့၏ရောဂါမျိုးစုံပျောက်ကင်းချမ်းသာရာရကြကုန်၏။

အနီးပတ်ဝန်းကျင်ရွာများမှလည်း ဆေးကုသမှုခံယူလိုသူများ ဆရာတော်ကြီးကို လာရောက် ပင့်ဆောင်ကြ၏။ ဆရာတော်ကြီးကလည်း သတ္တဝါတို့အား သနားသောအားဖြင့် မည်မျှခရီးဝေးဝေး လိုက်ပါကူညီဆောင်ရွက်ပေး၏။ ဆရာတော်ကြီးသည် မိမိရွာတွင်သော်လည်းကောင်း၊ အခြားရပ်ရွာသို့လည်းကောင်း၊ မည်သည့်အရပ်ဒေသတွင်မဆို ဆေးကုသပေးသော်ငြား ဆေးဖိုးအခကြေးငွေယူသည်ဟူ၍ လုံးဝမရှိချေ။ ဆရာတော်ကြီး၏စေတနာကား အလွန်လေးစားဖွယ်ရာအတိပြီး၏။

မိမိကျောင်းသို့လာရောက်ဆေးကုသူများကို အခကြေးငွေမယူသည့်အပြင် ကျောင်းရောက်လာသူအားလုံးကို ကြွေးမွေးပြုစုပြီးမှ ပြန်လွှတ်လေ့ရှိပါသည်။ ဆရာတော်ကြီးသည် မည်သည့်အရာကိုမျှလည်း ကြောက်လန့်စိုးအနေအထား

www.burmeseclassic.com

www.burmeseclassic.com

မရှိ။ လောကဓံတရားရှစ်ပါးကိုလည်း တုန်လှုပ်မှုမရှိချေတကား။ ဆရာတော်ကြီးကား နှုတ်နည်း၏။ လိုအပ်မှုပြောသည်။

ဆရာတော်ကြီးသည် လူဝတ်နှင့် နေ့စဉ်ကာလ ဘားမဲ့ဆရာတော်ဘုရားကြီးနှင့်တရင်းတနှီးတွေ့ဆုံခဲ့သည့် ပုဂ္ဂိုလ်ကြီးဟု ယူဆနိုင်ဖွယ်ရာရှိပေ၏။

ဆရာတော်ကြီးပြောလေ့ပြောထရှိသော အကြောင်းအရာတစ်ရပ်မှာ ဘားမဲ့ဆရာတော်ကြီးအကြောင်းပင်ဖြစ်၏။ ဆရာတော်ကြီးထံမှ ဘားမဲ့ဆရာတော်ကြီးအကြောင်း ကြားရလေ့ရှိ၏။ ဘားမဲ့ဆရာတော်ဘုရားကြီးကိုလွန်စွာမှ ကြည်ညိုလေးစားခင်မင်ပုံရ၏။ ဘားမဲ့ဆရာတော်ကြီး၏ အစွမ်းထက်ပုံတို့ကို ပြောပြတတ်သည်။ ဘားမဲ့ဆရာတော်ကြီးအား အမှန်တကယ် ကိုးကွယ်ထိုက်သော ရဟန်းရှင်လူကိုးကွယ်အပ်သည့် ဆရာတော်ကြီးဖြစ်ကြောင်း ပြောပြတတ်လေသည်။

ဆရာတော်ကြီးပတ်သံကွင်းက ဘားမဲ့ဆရာတော်ကြီးအကြောင်းပြောပြခဲ့ပုံများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

"ဘားမဲ့ဆရာတော်ကြီးဟာ တကယ်ပြည့်စုံသူပြည့်ဝသူလို့ ဆိုနိုင်ပါတယ်။ ဆရာတော်ကြီးဆီက ပညာတစ်ချက် အင်းတစ်ကွက်လောက် ရရင် တောင် အတော်ပြည့်စုံသွားပြီလို့ပြောလို့ရတယ်ဟေ့။ ဆရာတော်ကြီးနဲ့တွေ့ပြီး ပေးကမ်းစွန့်ကြဲသူဟာ တကယ်ကို ပြည့်စုံသွားတော့တာပါပဲကွာ။တို့လည်း ဘားမဲ့ဆရာတော်ကြီးကို ရှိခိုးပူဇော်မှီဝဲခဲ့ရတာပဲ။

(ဆရာတော်ကြီးပတ်သံကွင်းသည် ဘားမဲ့ဆရာတော်ကြီးနှင့်မည်သို့မည်ပုံတွေ့ကြုံခဲ့ရပုံ၊ မည်ကဲ့သို့မှီဝဲဆည်းကပ်ခဲ့ပါသနည်းဆိုသည်ကိုတော့ ရှင်းပြပြောဆိုမှုမရှိခဲ့ပါ။)

ဘားမဲ့ဆရာတော်ကြီးက အင်းဝဇ္ဇာကြီးအစစ်ပဲ။ သူ့ပညာနဲ့ယှဉ်လိုက်ရင် တို့ရဲ့ပညာက ဘာမှမပြောပလောက်တော့ဘူး။ ဆီးစေ့နဲ့မြင်းမိုရ်တောင် လောက်ကွာတယ်။ တို့ရဲ့ပညာကတော့ကွာ ဆရာတော်ကြီးရဲ့ပညာက သနားညှာတာတာလောက်ပဲရှိတယ်ဟေ့"

လောကီဝိဇ္ဇာဆိုတာ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာရယ်လို့ရှိတယ်။ လမ်းမှန်ကိုတွေ့လိုက်ရင် အင်းဝိဇ္ဇာနည်းဟာ အထက်မြက်ဆုံးပဲ။ အခြားနည်းတွေလည်း အလွန်တရာမှ ကောင်းလှပါတယ်။ အင်းဝိဇ္ဇာကလည်း ထွက်ရပ်လမ်းတစ်ခုပဲကွယ့်။ အင်းဝိဇ္ဇာနဲ့တွေ့တဲ့အခါ သနားလို့ ပညာပေးရင်လည်း ရတယ်ကွယ့်။

အင်းဆိုတာ ဘာကြောင့်စွမ်းတာလဲ။ အင်းချတာဟာ ၁၊ ၂၊ ၃၊ ၄ ဆိုတဲ့ သခ္ခါဂဏန်းတွေပဲ။ ကကြီး၊ ခကွေးစတဲ့ ဗျည်းအက္ခရာတွေပဲ။ ဒီဂဏန်းသခ္ခါတွေ၊ ဗျည်းအက္ခရာတွေကို စာရွက်၊ ပေရွက်၊ သပိတ်ကွဲ စသည့်အပေါ်မှာ ရေးချလိုက်တာနဲ့ ဘာကြောင့်စွမ်းသလဲ။ သခ္ခါဂဏန်းတွေကို အင်းကွက်ထဲမှာ အင်းဆန်သွင်းတာ၊ သခ္ခါဂဏန်းဖြစ်တဲ့ (၁) ကနေ (၁၀) အထိပဲ။ ဒီနေရာမှာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ ဆိုတဲ့ ဂဏန်းရှစ်လုံးကိုကြည့်ပါ။ မင်းတို့ဗေဒင်ဆရာတွေ တွက်ချက်တဲ့အခါ ဂြိုဟ်ကြီး (၈) လုံးကို ကိုယ်စားပြုတာပဲ။ အဲဒီတော့ ဂြိုဟ်တစ်ခုစီမှာ အစောင့်အရှောက်ရှိသလို မြန်မာသခ္ခါဂဏန်းအားလုံးတိုင်း အစောင့်အရှောက်ရှိတာပဲ။

ဒီတော့ (၉) ဂဏန်းသည် နေကို ကိုယ်စားပြုသလို (၁၀) ဂဏန်းသည်လည်း လကိုကိုယ်စားပြုတယ်။ နေနဲ့လ တို့ဟာ အစွမ်းရှိသလို (၉) နဲ့ (၁၀) တို့ကလည်း အစွမ်းရှိကြကုန်တယ်။ သဘာဝအရ ပြန်ကြည့်မယ်ဆိုရင် နေနဲ့လဟာ အပူနဲ့အအေးဖြစ်တယ်။ တေဇောနဲ့သီတပေါ့။ တေဇောနဲ့ သီတဓာတ်နှစ်ပါးဟာ လူသတ္တဝါတို့ရဲ့ ရုပ်နာမ်တို့ကို အဆိုး၊ အကောင်း၊ အကျိုးအကြောင်း ကျေးဇူးပြုကြတယ်။ ဒါကြောင့် (၉) နဲ့ (၁၀)ဟာလည်း အင်းဆန်ထဲမှာအစွမ်းရှိတာပါ။

ဒကာတို့အခုခေတ်မြင့်ဖူးမှာပေါ့။ နေလဆေးကုဝိဏ်းဟာ အစွမ်းရှိတယ်လေ။ သတ္တဝါတို့ရဲ့ကျန်းမာရေးကိုကျေးဇူးပြုနိုင်တယ်။ ဒါဟာလည်း နေမင်း၊ လမင်းတို့ကို စောင့်ရှောက်ကြကုန်သော အစောင့်အရှောက်တို့ရဲ့ တန်ခိုးအစွမ်းကြောင့် ဖြစ်တယ်။

အတိုချုပ်လိုက်တော့ (၁) ကနေ (၁၀) အထိ မြန်မာသခ္ခါဂဏန်းတွေဟာ အင်းပညာထဲမှာ အင်းပညာအရ အင်းကွက်ထဲ၌ စနစ်တကျဆရာပြသပြီး နိဿယအမှန်နဲ့ အင်းချနိုင်ပါမူ အစွမ်းထက်တဲ့သက်ဆိုင်ရာအစောင့်အရှောက် ဂြိုဟ်နဲ့တကွ စွမ်းအင်ပြည့်စုံပြီလို့ဆိုရမယ်။

ကိုင်း - ဗျည်းအက္ခရာတွေကို ပြန်ကြည့်ရအောင်။ ဗျည်းအက္ခရာတွေမှာ (က) မှ (အ) အထိ ဗျည်း (၃၃) လုံးရှိတယ်ကွယ့်။ လူဘုံ၊ နတ်ဘုံ၊ ပြဟ္မာဘုံဆိုပြီး ဘုံ(၃)ပါးဆိုတာကြားဖူးကြမှာပေါ့။ နတ်ပြည်နတ်ဘုံဆိုတာဟာ နတ်မင်း (၃၃) ပါးရှိတယ်လေ။ ဒါကြောင့် စာထဲမှာ 'သုံးကျိပ်သုံးပါးခဝပ်တွားရသည်။ ဘိုးတော်မာယဝါသဝ' လို့ စာပေမှာ ဆိုရိုးရှိပါတယ်။

ဒါကြောင့် မြန်မာအက္ခရာဗျည်း (၃၃) လုံးတွင် ဗျည်းအက္ခရာ (၁) လုံးတိုင်းမှာ သက်ဆိုင်ရာတန်ခိုးရှိတဲ့နတ်များစောင့်ရှောက်နေတာကိုတွေ့ရတယ်။ ဒီဗျည်းအက္ခရာများနဲ့ နည်းနိဿယအမှန် ဆရာထံ၌ သင်ယူကြကာ ရရှိတဲ့အင်းများကို စနစ်တကျအင်းကွက်ချနိုင်ပါမူ အစွမ်းထက်သောအင်းကို ရရှိကြပေတယ်။

သို့သော်လည်း ထိုအင်းကွက်ချရာမှာ ဆရာရဲ့နည်းနိဿယမှန်ကန်ခြင်း၊ အင်းချသူရဲ့ အကျင့်တရားမှန်ကန်ခြင်း၊ အင်းနက္ခတ်ဂြိုဟ်များနဲ့ စနစ်တကျ အခြိန်ဗီဇနာအမှန်ရေးဆွဲနိုင်သော် ထိုအင်းသည် ဧကန်အမှန် အစွမ်းထက်တယ်။ (ဆရာက ဘယ်အင်းကိုချဟုဆိုလျှင် ဘယ်နေ့ ဘယ်အချိန် ဘယ်နက္ခတ်မှာ မည်သို့ချသည် ဆိုသည့်အမှန်တကယ် တတ်ကျွမ်းသည့်ဆရာ လိုအပ်သည်။ သို့မှသာ ထိုအင်းအစွမ်းထက်ပါသည်။)

ဒါကြောင့် အထက်ပါ မြန်မာသခ္ခါဂဏန်းများနှင့် ဗျည်းအက္ခရာတို့ဟာ အင်းချရာမှာ အစွမ်းထက်တဲ့အင်းများဖြစ်လာရတယ်လို့ မုချမှတ်တော့။ ဆရာမရှိနည်းမသိရင် အကျိုးမထူးချေ။

တို့လည်း ဆရာသနားပြီး လမ်းပြတာကြောင့်၊ နည်းနိဿယမှန်ကန်သောကြောင့် အကျိုးထူးတယ်"

ဟုဆိုသော အင်းဝိဇ္ဇာဆရာတော်ကြီး ပတ်သံကွင်း၏ အဆိုအမိန့်သည် မှတ်သားနားယူဖွယ်ကောင်းလေ၏။ ဆရာတော်ကြီး ဆိုဆုံးမညွှန်ပြတော်မူသည့်အတိုင်း အင်းများဘာကြောင့် အစွမ်းထက်သလဲ။အင်းများအစွမ်းထက်ရသည့် မူလအခြေခံဇာစ်မြစ်အကြောင်းရင်းကို နားလည်သဘောပေါက်ဖို့လိုအပ်ပါသည်။ ဆရာတော်ကြီးမိန့်မှာကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြခြင်းဖြင့် အစွမ်းထက်သောအင်းများ ရယူပိုင်ဆိုင်နိုင်ကြပါစေကုန်သတည်း။

သုခီအတ္တာနံပရိဟရန္တု

အောင်လှလွင်ဆွန်း(မသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

■ ကျွဲကျောင်းသား

လူတွေအနေနဲ့ ကျုပ်တို့လိုလူမျိုးတွေကို နွားကျောင်းသားလို့ခေါ်ကြပေမယ့် အမှန်တကယ်က နွားကျောင်းတာမှမဟုတ်တာဗျာ။ ကျုပ်အဖေက ကျွဲတွေ ပိုင်တော့ကာ ကျွဲကျောင်းရတာပေါ့။ ဒီတော့ ကျုပ်က ကျွဲကျောင်းသားပေါ့လေ ဟုတ်ဖူးလား။ သို့သော်လည်း ကျွဲကျောင်းသားလို့တော့ တစ်ယောက်ကမှ ခေါ်ဝေါ်သုံးစွဲတာ မတွေ့ရပါဘူး။

ကျွဲပဲကျောင်းကျောင်း၊ နွားပဲကျောင်းကျောင်း၊ ဆိတ်ပဲကျောင်းကျောင်း အကျုံးဝင်တာက နွားကျောင်းသားဆိုတဲ့ဘဝပါပဲ။ လူဆိုတာ ပစ်တိုင်းထောင်လိုပဲ ဘယ်နေရာပစ်ပစ်ကျတဲ့နေရာမှာထောင်လေ့ရှိသလို ကံပေးတဲ့ဘဝ ကျရာနေရာမှာ ပစ်တိုင်းထောင်လိုထောင်နေအောင်နေတတ်ဖို့လည်းလိုတယ်ဗျ။ ဒီတော့ ကိုယ့်ဘဝကိုယ် ကျေနပ်ဖို့လိုတယ်။

ကျောင်းနေဖက်သူငယ်ချင်းတွေ ဆိုင်ကယ်ဝယ်စီးတဲ့ကောင်နဲ့၊ ကားဝယ်စီးတဲ့ကောင်နဲ့ သူတို့ကိုကြည့်ပြီး သူတို့လို ဝယ်မစီးနိုင်တာကို စိတ်မကောင်းဖြစ်ပြီး စိတ်ဆင်းရဲနေမယ်ဆိုရင် ဒါဟာမဟုတ်သေးဘူး။ ငါလည်း သူတို့လိုဝယ်စီးနိုင်အောင်ကြိုးစားရမယ်ဆိုတဲ့စိတ်ဓာတ်အဲဒီစိတ်ဓာတ်ကိုမွေးရမှာပါ။

တကယ်ဆို ကျွဲပေါက်တစ်ကောင် လောက်ရောင်းလိုက်ရင် ဆိုင်ကယ်တစ်စီးတော့ အသာလေးရပါတယ်။ တရုတ်ဆိုင်ကယ်တွေဈေးလာတော့ကာ ကျုပ်တို့ပြန်ကပြေးမှာ ဆိုင်ကယ်တွေအပြိုင်အဆိုင်ဝယ်စီးကြပါတယ်။ အရင်ကျပန်ဆိုင်ကယ်၊ ထိုင်းဆိုင်ကယ်တွေတုန်းကတော့ စွေးကြီးတာမို့ ရွာမှာချမ်းသာသူအနည်းစုသာ စီးနိုင်ကြတာကလား။ ဟော - ခုလိုစွေးပေါပြီး ပိုက်ဆံအသင့်အတင့်ရှိရုံနဲ့စီးနိုင်တဲ့တရုတ်ဆိုင်ကယ်ခေတ်မှာ လူအတော်များများ ဆိုင်ကယ်ဝယ်စီးနိုင်ကြပါပြီ။ တင်မျိုးမင်းဆိုရင် ကားနဲ့ဘာနဲ့တောင်ဖြစ်နေပါပြီ။

တင်မျိုးမင်းတို့ တစ်ခါက မတ်ပဲရာသီမှာ မတ်ပဲအတော်ရလိုက်တယ်။ စွေးကလည်းခေါင်ခိုက်အောင်မြင့်တဲ့အချိန်နဲ့သွားတိုးလိုက်တော့ ဘာပြောကောင်းမလဲ တစ်ဦးတည်းနဲ့ကို ကား

www.burmeseclassic.com

www.burmeseclassic.com

ဝယ်စီးတော့တာပါပဲ။ သူတို့က မြေအများကြီးပိုင်ကြတဲ့ တောင်သူကြီးတွေလေ။

ကျွဲပတို့ငယ်ငယ် ဟိုးရှေးတုန်းက များဆိုရင် ကြဲစိုက်သူကလည်း ကြဲတစ်သီးပဲစိုက်ကြတယ်။ စပါးစိုက်တဲ့လူတွေကလည်း စပါးတစ်သီးပဲစိုက်ကြတာ။ ကျန်တဲ့အချိန်တွေဟာ အားခိုန်နားခိုန်တွေပါပဲ။ ကြံရာသီကုန်ရင် သူတို့အလုပ်ပြီးပြီ။ စပါးပေါ်ပြီးရင် ပြီးပြီ။ စားစားသွားသွား နားနားနေနေ ဇိမ်နဲ့နေနိုင်ကြပါပြီ။ ဒါပေမယ့် သိပ်မချမ်းသာကြပါဘူး။

ဟော - ငလိုက်ချောင်းဆည်ကြီး တည်ပြီးတာနဲ့ မတ်ပဲကြပြီး ဆောင်းအနှောင်းနွေအကူးမှာ မတ်ပဲရောသိမ်းပြီး ဆိုရင် နွေစပါးစိုက်ကြပြန်ပြီ။ နွေးစပါးဆိုလို့ အထင်မသေးနဲ့။ မျိုးစပါးထက် တောင်အထွက်ကောင်းတယ်။ ဒီတော့ တောင်သူတွေရဲ့မြေကွက်တွေဟာ ရွှေထွက်လာတော့တာပါပဲ။

ရှေးတုန်းက တစ်သီးစားမြေယာစနစ်ကိုကျင့်သုံးလိုက်တော့ ဘာပြောကောင်းမလဲ ကျွဲပတို့ပြန်ကပြေးရွာ တရုတ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ကယ်သံတည်ညံနဲ့ကိုဖြစ်ကုန်တော့တာ။ မဖြစ်မနေမလားဗျာ။ သီးနှံစေ့းတွေက ကောင်းတာကိုး။

တောင်သူလယ်သမားဆိုတာ အရင်တုန်းက အနှိမ်ခံလူတန်းစားပါ။ ဟော - ခုတော့လျှော့တွက်လို့မရတော့ဘူးလေ။ လယ်သမားတွေ ဖင်ထဲရွှံ့တစ်ခွဲဝင်မှထမင်းစားရတဲ့အကောင်တွေလို့ မြို့နေလူတန်းစားတွေက နှိမ်ခဲ့ကြပေမယ့် ခုများဆို ကျွဲတို့တောသားတွေရဲ့မျက်နှာကို မြို့သားတွေက မော့ကြည့်နေရပါပြီ။ ကြည့်လေ-သုံးသီးစားစိုက်ကြတော့ကာ အပိုအလျှံတွေရှိလာတော့ ရွှေဆိုင်တွေမှာ၊ အထည်ဆိုင်တွေမှာ တောသားတွေနဲ့ပြည့်နေတာလေ။

အေးဗျာ- ကျွဲတို့မိသားစုမှာကျတော့ စိုက်မြေဧကအနည်းငယ်ပဲရှိတာဆိုတော့ စားနိုင်သောက်နိုင်အဆင့်ပဲရှိတာပါ။ အဲဒါတွေကို အဖေက အဓိကဦးစီးလုပ်ပါတယ်။ ကျွဲကတော့ အိမ်ကကျွဲအုပ်ကြီးကျောင်းရတာပါ။ အိမ်မှာ ယောကျ်ားဆိုလို့ ကျွဲတစ်ယောက်ထဲပါတာကိုး။ အစ်မနှစ်ဦးအိမ်ထောင်ကျကာ အိမ်ခွဲသွားကြပါပြီ။ ကျောင်းနေဆဲညီမလေးနှစ်ဦးရှိသေးတယ်။ ကျွဲလည်း အိမ်ထောင်ကျပြီးပါပြီ။ ဒါပေမယ့်ဗျာ အကြောင်းမသင့်သေးလို့ထင်ပါရဲ့ ကျွဲမှာ ရင်သွေးရတနာမရသေးဘူးဗျ။ အဲဒီတုန်းကဆိုပါတော့။

ကျွဲကိုလား၊ အင်း- အဖေတို့ကတစ်ဦးတည်းသောသားဆိုတော့ကာ ကျွဲအိမ်ထောင်ကျပေမယ့် မိဘလက်ငုတ်အိမ်ကနေ ဘယ်မှပေးမထွက်ဘူးလို့ အားလုံးကိုပြောထားပါတယ်။ ညီမလေးတွေအရွယ်ရောက်လို့ အိမ်ထောင်ကျရင်လည်း အိမ်ထောင်ခွဲကြရမှာပါ။ ကျွဲကတော့ မိဘတွေနဲ့ သေတစ်ပန်သက်တစ်ဆုံးနေရမှာပါ။ ဒါက အဖေ့ရဲ့တစ်ချက်လွှတ်အမိန့်ပါ။ ဆိုရရင်တော့ မိဘကို တစ်သက်လုံးလုပ်ကျွေးဖို့ အခွင့်အရေးကို ကျွဲကိုပေးထားတာပါပဲ။

ကျွဲမအားတဲ့အခါကျရင်တော့ အဖေက ကျွဲတွေတစ်လှည့်ကျောင်းပေးတယ်။ ကျွဲတွေဒီလောက်များတာ ဘာလုပ်ဖို့လဲလို့မေးနဲ့။ ခိုင်းကျွဲပေါက်တစ်ကောင်ရောင်းရင် လေးငါးခြောက်သိန်းရတယ်။ ဒါက မိသားစုရဲ့ စားဝတ်နေရေးကို အများကြီးအထောက်အကူပြုတယ်။

ကျွဲတို့တွေ သူများလို ဆိုင်ကယ် ဝယ်မစီးကြပေမယ့် သွားလေရာ စက်ဘီးကိုယ်စီနဲ့ ပေါ့ပေါ့ပါးပါးသွားနိုင်ကြပါတယ်။ အိမ်တစ်အိမ်မှာ စိုက်မြေအနည်းငယ်၊ ကျွဲတစ်ရှဉ်း သို့မဟုတ် နွားတစ်ရှဉ်း၊ လှည်းတစ်စင်းရှိရင် အဲဒီမိသားစုအထိုက်အလျောက်ပြည့်စုံသူလို့ ဆိုနိုင်ပါတယ်။ ကျွဲတို့အိမ်ဆိုတာ ကျွဲကိုက အပိုဆယ့်လေးငါးကောင်ကိုရိုနေတာပါ။ ကျွဲခြံကြီးနဲ့ သစ်လုံးအိမ်မြင့်ကြီးနဲ့ပြန်က ပြေးအလယ်ပိုင်းက ကျွဲဦးထွန်းလူဆိုရင် လူတိုင်းသိပါတယ်။ အဖေက ဦးထွန်းလူတဲ့။ အမေက ဒေါ်ဆယ်မိတဲ့ဗျ။

ကျွဲနာမည်လား။ ပြောရရင် ခေတ်မီတဲ့နာမည်တွေ ခေတ်စားပြီး အပျံစားနာမည်တွေမှည့်ကြတဲ့ခေတ်မှာ ကျွဲအမည်က ရိုးစင်းလွန်းပါတယ်ဗျာ။ ပြောရမှာတောင်ရှက်စရာပါ။ ဟဲဟဲ - ကျွဲနာမည်က ငတိုးတဲ့။ ပြန်ကပြေးအလယ်ပိုင်းမှာ ကျွဲတွေနဲ့နေလို့ ကျွဲတွေနဲ့တွဲပြီး ကျွဲဝအဖေ ဦးထွန်းလူဟာ ရိုးရိုးဦးထွန်းလူမဟုတ်ဘဲ ကျွဲဦးထွန်းလူဖြစ်သလို ပေါ့မျာ။ ကျွဲလည်း ကျွဲငတိုးဖြစ်နေရတာပေါ့။

နာမည်တူ ငတိုးတွေရှိတယ်။ ဖဲအလွန်ရိုက်တဲ့ ငတိုးကို ဖဲငတိုးတဲ့။ ကြက်တိုက်ဝါသနာအလွန်ကြီးတဲ့ ငတိုးကျတော့ ကြက်ငတိုးတဲ့။ အရက်အလွန်သောက်တဲ့ငတိုးကျတော့ ဘီအီးငတိုးတဲ့။ ဟိုပေါ်ကြောင်ကြောင်ငတိုးကျတော့ ဂေါက်ငတိုးဆိုပြီး တိုးတွေများလွန်းလို့ ရွာမှာ အဲဒီလိုဂုဏ်ထူးဝိသေသတွေတပ်ပြီးခေါ်ကြပါတယ်။ ကျွဲကျတော့ ကျွဲငတိုးတဲ့ဗျ။

တကယ့်ဗျာ နာမည်တွေမှည့်စရာရှားလွန်းလို့ ဒီလောက်ရိုးပြီး ဒီလောက်ပေါတဲ့နာမည်ကိုမှ မိဘတွေကမှည့်ပေးရတယ်လို့ဗျာ။ သူတို့ကတော့ ကျွဲကိုမွေးပြီးစီးပွားတွေတိုးအောင် မောင်တိုးဆိုတဲ့ အတိတ်နိမိတ်နဲ့မှည့်ခဲ့ကြဟန်တူပါတယ်။

ဒါပေမယ့် စီးပွားတိုးမတိုးတော့ မသိဘူးပေါ့လေ။ ကျွဲအောက်မှာ ညီမလေးနှစ်ယောက်နဲ့ ကျွဲတွေတိုးပွားလာတာတော့ ကျွဲမျက်စိအောက်မှာ အမှန်အကန်ပဲဗျို့။

ဩော် - မေ့နေလိုက်တာ။ အမေ့ခွေးမအလိမ္မာ ကျွဲမိန်းမရဲ့အမည်က ကျွဲနဲ့ကျောင်းနေဖက်သက်ထားခင်တဲ့ဗျ။ မန်းဆန်ဆန်၊ နန်းဆန်ဆန်အမည်လေးနဲ့ပါ။ လူကလည်းလှပါတယ်။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်လို့မထင်ပါနဲ့ တကယ်ပါ။

■ မစွမ်းကြသူများ

ကျွဲနဲ့ သက်ထားခင်တို့ ပျော်ပျော်ကြီးပေါင်းသင်းခဲ့ကြတာ တစ်နှစ်ကြာလို့လည်း ရင်သွေးကမရ၊ နှစ်နှစ်ကြာလို့လည်း ရင်သွေးကမရနဲ့ ကြာတော့ လူတွေပြောစရာတောင်ဖြစ်လာခဲ့တယ်ဗျာ။

ကျွဲကပဲ မစွမ်းတာလား၊ ကျွဲဇနီးကပဲမစွမ်းတာလားဆိုတာ မပြောပြတတ်အောင်ပါဘဲ။ ဟိုဗျာ - ယောကျ်ားက ချို့ယွင်းချက်လား၊ မိန်းမက ချို့ယွင်းချက်လားဆိုတာ ဆေးရုံ၊ ဆေးခန်းတွေကကျွမ်းကျင်ဆရာဝန်ကြီးတွေနဲ့လည်း မတိုင်ပင်ဖူးဘူးဗျ။ ဒီလိုပဲ ဘာသိဘာသာနေခဲ့ကြတာပါ။ ကျွဲတို့စိတ်ထဲမှာ ထိုက်တဲ့တစ်နေ့ ရင်သွေးရတနာရောက်လာလိမ့်မယ်လို့ ထင်ထားမိကြတာပါ။

ဘာလို့လဲဆိုတော့ သက်ထားခင်တို့အမျိုးမှာ ဖိုတာမပါဘူး။ မွေးလိုက်ကြတာမှ ပဲစေ့ညှစ်သလို တဗျစ်ဗျစ်နဲ့နေတာ။ ကျွဲတို့ဘက်မှာလည်း ဖိုတာမပါဘူးလို့ထင်တယ်။ ဘာလို့လဲဆိုတော့ ကျွဲအစ်မတွေမှာ ကလေးတွေကိုယ်စီရှိနေကြပြီလေ။

ကျွဲအဖေနဲ့ အမေကလည်း ကျွဲအတွက် အားမလိုအားမရဖြစ်နေကြတယ်။ အမှန်ဆို ဒီအချိန်အတိုင်းအတာလောက်မှာ ကျွဲတို့ကလေးပွေ့နေရလောက်ပြီပေါ့။ ခုတော့ဗျာ သူရော ကျွဲပါ ကျန်းမာရေးပြည့်စုံပါလျက်နဲ့ ဘယ်လိုကြောင့်များ ရင်သွေးရတနာမရပါလိမ့်ဆိုပြီး ကျွဲတို့လည်းစိတ်မသက်မသာဖြစ်နေရတာပါ။

သူငယ်ချင်းတွေကဆိုရင် ကျွဲကို အမျိုးမျိုးနှိမ်ကြစကြတာပေါ့ဗျာ။ ဒါပေမယ့် ကျွဲစိတ်မဆိုးပါဘူး။ ဘာလို့လဲဆိုတော့ ကျွဲတို့ကမှစွမ်းကြတာလေ။ သို့သော်လည်း စိတ်မဆိုးသော်လည်း ကျွဲမြီးတော့တိုတယ်လို့တော့ ခံစားရမိသဗျ။

ကျွဲတို့ကလည်း မရသေးတဲ့ရင်သွေးလေးကို ရင်ထဲမှာကြိုဆိုနေကြတာပါ။ တို့ရရင်တော့ ကလေးရွှေးရွှေးကြတာပေါ့လေ။ မရသေးတဲ့ရင်သွေးလေးရဲ့အပေါ်မှာ မိဘတွေရဲ့မေတ္တာက ကြီတင်စီးဆင်းနေတာကလား။

ကျွဲတို့ပြန်ကပြေးအလယ်ပိုင်းက ဦးဖိုးထွေးရဲ့သား ကိုထွန်းအောင်ဆိုရင် အလွန်လှတဲ့ မမြစိန်နဲ့ရတာပေါ့။ ရချင်လိုက်တဲ့ကလေး ရွှေနေကြတာပဲ။ ဒီဝင်္ကနှစ်တွေသာကြာလာတယ် ကလေးကလုံးဝမရပါဘူး။ စီးပွားဥစ္စာပြည့်စုံကြသော်လည်း ရင်သွေးမရတဲ့အခါ သူတို့ဘဝပြည့်စုံတယ်လို့မထင်ကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ကိုထွန်းအောင်နဲ့ မမြစိန်တို့ဟာ သူများကိုတောင်းပြီးမွေးစားကြရတယ်။ ရှင်ပြုပေးပြီးသာသနာ့အမွေကို ခံယူကြရတယ်။ နောက်တော့ စာသင်သား ကိုရင်တစ်ပါးကို ရဟန်းခံပေးပြီး ရဟန်းဒါယိကာမ အဖြစ် ခံယူကြရတယ်။ ဒါက ဘာလဲဆိုတော့ ကိုယ်ကမစွမ်းလို့ဖြစ်ကြရတာ။ ဒါကကျွပ်မျက်မြင်လေ။ အဲဒါတွေမြင်ထားတော့ ကျွပ်များ အဲဒီလိုမစွမ်းတဲ့လူဖြစ်လေမလားဆိုတဲ့ အတွေးကလည်း ထမင်းလုံးတစ္ဆေခြောက်သလို ခံစားနေရတာပါ။ ငါတို့မှာ ကလေးများမရရဲင့် တော့ဆိုတဲ့အတွေးဟာ ကျွပ်ရင်ကို အတော်မောစေပါတယ်။

လူမှန်ရင် လူသားတာဝန်ကျေပွန်ရမယ်ဆိုတာ ကျွပ်နားလည်ဘယ်။ သစ်ပင်တွေ၊ မြက်ပင်တွေ၊ ချိုပင်တွေ၊ နွယ်ပင်တွေကိုကြည့်ပါ။ သူတို့ဟာသူတို့ရဲ့ မျိုးဆက်အတွက် မျိုးစေ့တွေထားခဲ့ပြီး အဲဒီမျိုးစေ့တွေက မျိုးဆက်သစ်တွေကို ပေါက်ပွားစေတာပါ။ လူမှန်ရင်လည်း လူသားတွေမျိုးမသုဉ်းအောင် လူသားမျိုးဆက်တွေထားခဲ့ရမယ်ဆိုတာ ကျွပ်နားလည်တယ်။ ကျွပ်ရဲ့မျိုးဆက်ဟာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အဲဒါကသိမိုင်းပေးတာဝန်ပဲ။ ထားခဲ့ရမှာက ကျွပ်တာဝန်လေ။ ဒီတော့ကာရင်သွေးမရချင်ရှိမလားဗျာ။ အဲဒီတော့ အသိဉာဏ်မရှိတဲ့အပင်တွေတောင် သူတို့မျိုးဆက်မပျက်သုဉ်းအောင် မျိုးဆက်ကိုထားခဲ့ကြတာ အသိဉာဏ်ရှိတဲ့ကျွပ်တို့လူတွေက မျိုးဆက်ထားခဲ့ဖို့ လိုအပ်တာပေါ့။

ဒါပေမယ့်ဗျာ ကျွပ်တို့ရဲ့ဆန္ဒမပြည့်ဝခဲ့ဘူးဗျ။ နေရင်းထိုင်ရင်း ရက်ကို လစား၊ လကိုနှစ်စား၊ မေ့မေ့ပျောက်ပျောက်နေလာလိုက်ကြတာ ငါးနှစ်ကျော်လို့ ခြောက်နှစ်ထဲတောင်ရောက်လာပါပေါ့ဗျာ။

သို့သော်လည်း ညောင်ပင်စောင့်ရှောက်စိုးကြီးဆီမှာ သားဆုသွားတောင်းတာတို့၊ သားတော်ရမြတ်စွာဘုရားထံမှာ သားဆုသွားပန်တာတို့တော့ မလုပ်ဖြစ်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ မယုံကြည်လို့တော့မဟုတ်ဘူးပေါ့လေ။ ကျွပ်တို့ဘဝနဲ့က လက်လှမ်းမမီလို့ပါ။ အဲဒီလောက်ကျယ်ကျယ်ပြန့်ပြန့်လည်း ကျွပ်တို့ မစဉ်းစားမိကြပါဘူး။ လောလော ဆယ်တော့ ဘိုးဘွားအိမ်လာလည်ကြတဲ့အစ်မနှစ်ယောက်က မွေးထားတဲ့ တူတွေ၊ တူမလေးတွေကို ကိုယ့်သားသမီးလို ချစ်ခင်ရနေလို့ပါပဲ။

■ **အိပ်မက်ဆန်း**

ဘုန်းတော်ကြီးကျောင်းတွေက ဆွမ်းစားခေါင်းလောင်းတွေထိုးသံကြားရင် ကျွပ်အိမ်ကကွဲတွေ ခေါင်းထောင်လာကြပြီး ကျွပ်တို့ပြန်ကပြေးမှာ ဘုန်းကြီးကျောင်း (၇) ကျောင်းတောင်ရှိတာပါ။ ဒီတော့ နီးတဲ့ကျောင်းက ဆွမ်းစားခေါင်းလောင်းထိုးသံကြားရလေ့ရှိတယ်။ ဒါဆို ကွဲတွေ စားကျက်ကိုထွက်ရတော့မှာပို့ ခေါင်းတမော့မော့နဲ့ပျော်ကြပါပြီ။ တိရစ္ဆာန်ပေမယ့် သူတို့မှာ အသိရှိကြတယ်။

ဒါဆို ကျွပ်လည်း ထမင်းစားပြီး ကွဲကျောင်းသားလွယ်အိတ်ကောက်လွယ်ကာ ဓားမတို့ခါးထိုးပြီး ကွဲတွေလွှတ်ပေးလိုက်တော့တာပါပဲ။ လွယ်အိတ်ထဲမှာတော့ ဆေးပေါ့လိပ်ရယ်၊ မီးခြစ်ရယ်၊ လေးခွရယ်၊ လောက်စာလုံးတွေရယ် ထုံးစံအတိုင်းပါတာပေါ့။

နွားကျောင်းသား၊ ကွဲကျောင်းသားမှန်ရင် လေးခွနဲ့ လောက်စာလုံးတော့ပါပြီးသားပါ။ ပြောမရဆိုမရ ငေါက်မရတဲ့ ကွဲ၊ နွားတွေကို အနားထိသွားပြီးဆုံးမစရာမလိုဘဲ အဝေးကနေ လေးခွနဲ့လှမ်းပစ်လိုက်ရင် သူတို့အထိအတော်နာကြတာ။ ကွဲ၊ နွားဆိုက ကိုယ်လုံးကကြီးတော့ ပစ်မလွဲဘဲလေ။ တစ်နေနေရာတော့ ဘိန်းခနဲမှန်တော့ ရှိတယ်။ ဒီတော့ နာတာပေါ့ဗျာ။ နာတော့ ကြောက်တာပေါ့။ ကွဲ၊ နွားတွေဟာ လေးခွတော့ အတော်ကြောက်ကြတာ။ အဲဒီတော့ လေးခွမြင်တာနဲ့ကို ကွဲ၊ နွားတွေ ဖိန့်ဖိန့်တုန်ကြောက်ကြတာ။ နွားကျောင်းသား၊ကွဲကျောင်းသားတွေရဲ့ လေးခွကို ကွဲနွားမဆိုထားနဲ့ သရဲတစ္ဆေတောင် အလွန်ကြောက်ဆို့ကိုး။ ကျွပ်အနေနဲ့တော့ သရဲတစ္ဆေနဲ့တစ်ခါမှမတိုးဖူးပါဘူး။

ကွဲ၊ နွားတွေမှာလည်း လူလိုပဲဗျ။ ပေကတ်ကတ်နဲ့ ခပ်ရွတ်ရွတ်ခပ်မိုက်မိုက် ကွဲ၊ နွားတွေရှိတယ်။ သူတို့က ကြိမ်ကို ဒေါသကမကြောက်ဘူး။ လေးခွနဲ့ကျမှ သူတို့ကိုနိုင်တာ။ အချို့ဆို ရွဲ့နဲ့လုပ်ရဲ့ လောက်စာလုံးကိုမကိုင်ဘဲ စက်ဘီးကုန်းသီးဟောင်းတွေ၊ ကားကြိုးဘောစေ့တွေကိုင်ကြတာ။ မှန်လိုက်လို့ကတော့ လုံးဝမချောင်ပါဘူး။ အချို့ကောင်တွေဆို မျှော့ရေပင်ကို နှစ်ပင်ထပ်ဆင်းပြီး ကိုင်ကြတာတွေတောင်ရှိတယ်။မှန်ချက်ဘယ်လောက်ပြင်းထန်မယ်ဆိုတာစဉ်းစားကြည့်ပေါ့ဗျာ။ မျှော့ရေခွက်ကို လူတွေလည်းကြောက်၊ ကွဲနွားတွေလည်းကြောက်ပေါ့ဗျာ။ သူက အသံတိတ် အဝေးပစ်လက်နက်တစ်မျိုးပေကိုး။ အချင်းချင်းရန်ဖြစ်ရင် မျှော့ရေခွန့်ပစ်လို့ မျက်စိကန်းတာ၊ သွားကျိုးတာတွေ ဒဏ်ရာပြင်းထန်တာတွေ ရှိခဲ့ဖူးတယ်။ အဲဒီတော့ မျှော့ရေခွဆိုတာ လျှော့တွက်လို့မရပေဘူးဗျ။ ကဲ-ထားပါဗျာ။ ဒါက နွားကျောင်းသား၊ ကွဲကျောင်းသားတွေရဲ့ အဓိကအားအထားဆုံးလက်နက်ပါ။

ကျွပ်က အလယ်ပိုင်းကဆိုတော့ ကွဲတွေကို ကြိုးတံတားလမ်းကနေပြီး ချောင်းထဲမောင်းချကာ အနောက်ဘက်ကိုမောင်းသွားတာပါပဲ။ ချောင်းရဲ့ဘယ်ညာသဲခုစပ်တွေမှာ မြက်တောတွေရှိတော့ ကွဲတွေ နွားတွေအတွက် စားကျက်အဆင်ပြေပါတယ်။ ကျွပ်တစ်ဦးတည်းမဟုတ်ဘူး။ ချောင်းတစ်လျှောက်မှာ အများသူငါ ကျောင်းနေကြတာပါ။

ဒီချောင်းစားကျက်မှာ နွားတွေထက် ကွဲတွေကပိုအဆင်ပြေတယ်။ ဘာလို့လဲဆိုတော့ ကွဲဆိုတာ ရေကြိုက်တယ်လေ။ အစာစားလိုက် ချောင်းထဲရေဆင်းစိမ်လိုက်နဲ့ ဇိမ်အလွန်ကျကြတာပါ။ ချောင်အတိုင်းသွားရင် ရှားစေးဖိုဝဲနဲ့ ကျောက်စောင်းတိုင်ဝဲတွေရှိတယ်။ နွေဆိုတော့ ရေသေအိုင်ကြီးတွေဖြစ်နေတာပါ။ ကွဲတွေ၊ ကွဲတွေဆိုတာ ဝဲအိုင်ထဲမည်းမည်းတုတ်နေတာပါပဲ။ စည်းစိမ်ကို ကျလို့ပေါ့။

ကျွပ်ရဲ့ကွဲအုပ်ရှားစေးဖိုဝဲထဲ ဇိမ်နဲ့နှပ်နေကြတဲ့အခါ ကျွပ်လည်း ကမ်းပါးစောင်းက အရိပ်ကောင်းတဲ့ပေါက်ပင်ရိပ်မှာ ဆေးပေါ့လိပ်ဖွာရင်း နှပ်နေတာပေါ့ဗျာ။ ဘယ်ကောင်မှတ်နေမှန်းမသိတဲ့နွားကျောင်းသားပလွေသံတတွီတွီကိုလည်း တေးသွားအလိုက်ကို ကြားနေရတယ်။ တွံတေးသိန်းတန်ရဲ့ နှမလက်လျှော့နေလေတော့ဆိုတဲ့ တေးသွားဗျ။ နားထဲအတော်နားဝင်ဆိမ့်ထာပါ။ တေးသွားနားစိုက်ရင်း မျက်စိကမှေးစင်းလာပါတော့တယ်။

အဲဒီမှာ ကျွပ်အိပ်မက်ဆန်ဆန်ထဲရောက်သွားတော့တာပါပဲ။ အိပ်မက်ကဆန်းတယ်လို့ဆိုနိုင်ပါတယ်။ အိပ်မက်က ဒီလိုဗျ။

■ **နိုင်သူလိုက်ခဲ့**

ကျွပ်အေးအေးဆေးဆေးပဲလွှဲသံနားထောင်နေလို့ ကောင်းတုန်းမှာပဲ ဝဲထဲမှာဇိမ်နဲ့နှပ်နေတဲ့ကွဲတွေဟာ ဝဲထဲက

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြီး နောက်ကြောင်းပြန်ကာ တရွေ့ရွေ့အစာစားနေကြပါတယ်။ ကျွဲလည်း ပလွေသံနောက်မှာ ချန်ရစ်ပြီး ကျွဲတွေသွားရာနောက်လိုက်ခဲ့ရတာပေါ့ဗျာ။

အဲ - မကြောလိုက်ပါဘူး။ ခေါင်းဆောင်ကျွဲကြီးက တောင်ဘက်ကမ်းပါးစောင်းလမ်းအတိုင်း အပေါ်ကိုတက်သွားတော့ကာ နောက်လိုက်ကျွဲတွေလည်း တန်းစီပြီးလိုက်သွားကြလေရဲ့။ ဘယ်လိုလှမ်းအော်အော် ဘယ်လိုလေးခွနဲ့ပစ်ပစ် ဂရုမစိုက်ဘဲ လမ်းအတိုင်း ခပ်သွက်သွက်တက်သွားတော့ကာ ကျွဲကျောင်းသား ကျွဲလည်း ကျွဲတွေသွားရာနောက် ကောက်ကောက်ပါအောင် လိုက်ရတော့တာပါပဲ။

အဲဒါပေါ့ဗျာ။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် နောက်နွားတစ်သိုက်ဖြောင့်ဖြောင့်လိုက်၏။ ရှေ့ဆောင်နွားလား ကောက်ကောက်သွားသော် နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏ဆိုတာ။

က-ဗျာ ခုလည်း ခေါင်းဆောင်ကျွဲကြီးနောက် အကောင်(၂၀)ကျော်ကျော်ရှိတဲ့ ကျွဲအုပ်ကြီး တန်းစီလိုက်သွားလိုက်တာဖြောင့်လို့ဗျ။ကျွဲတွေကုန်းပေါ် တစ်ခါမှ ဒီလိုတက်မသွားဖူးဘူး။ ကျွဲတွေဗျာ မြက်ပေါ်။ ရေပေါတဲ့ချောင်းထဲမနေဘဲ မြက်ရှားပြီး ချုံပင်တွေပေါတဲ့ ကုန်းပေါ် တက်ရတယ်လို့ ကျွဲစိတ်ထဲ အရမ်းကို တိုနေမိတာ။ ပလွေသံလေးနဲ့နှပ်လို့ ကောင်းနေတုန်း အခုလိုလုပ်လိုက်တော့ ဇိမ်ပျက်သွားခဲ့တာပေါ့ဗျာ။

ကုန်းပေါ် ရောက်လို့ကြည့်လိုက်တော့ အောင်မလေးဗျာ ကျွဲတို့ပြန်ကပြေးရွာရဲ့သချိုင်းကုန်းကြီးဖြစ်နေတာဗျ။ ကြံကြံဖန်ဖန်ဗျာ ကျွဲတွေက အဲဒီသချိုင်းဘေးက မြက်အနည်းငယ်ကိုမက်မက်မောမောစားနေတာဗျ။ ချောင်းထဲမှာ စိမ်းစိုတဲ့မြက်တွေပေါပါလျက်နဲ့ မြက်ရှားတဲ့ကုန်းပေါ် တက်ရတယ်လို့ မတတ်နိုင်ဘူးလေ။ ဒီကနေ့ လမ်းအတိုင်းပြန်လည်း ပြန်ကပြေးဟာ ဘာဝေးတာမှတ်လို့။

ကျွဲလည်း အရိပ်ကောင်းကိုရှာရတာပေါ့။ အဲဒီသချိုင်းရဲ့အနီးမှာ ကုက္ကို ပင်ကြီးရှိတော့ကာ ကုက္ကိုပင်ကြီးရဲ့ခြေရင်းမှာထိုင်ပြီး ကျွဲတွေကိုကြည့်နေရတာပေါ့။ ဒီလိုနဲ့ အချိန်အတော်သင့်သွားပြီး ပြန်ချိန်တန်လာပါတယ်။

အဲဒီမှာ မမျှော်လင့်တာတစ်ခုဖြစ်လာပါတယ်။ အဲဒါက ဖြူဖွေးလှပတဲ့ လေးငါးနှစ်အရွယ် အမြွာညီအစ်ကိုလို့ ထင်ရတဲ့ပုံစံတူညီအစ်ကိုနှစ်ဦး သချိုင်းထဲကထွက်လာတာကိုတွေ့ရတယ်။ လူမဟုတ်ရဲလား၊ တစ္ဆေလား စူးစမ်းနေတုန်းပဲ ကံလေးနှစ်ဦး ကျွဲနားရောက်လာပါတယ်။

'ဦးဦး၊ ကျွန်တော်တို့က ခိုကိုးရာမဲ့ညီအစ်ကိုပါ။ အဲဒါဦးဦးနောက်ကို လိုက်ခဲ့ပါရစေ'

'လိုက်ခဲ့ပြီးတော့ မင်းတို့က ဘာလုပ်မှာလဲ'

'ဦးဦးတို့နဲ့အတူတူနေမှာပေါ့'

'ဟာကွာ ၊ မင်းတို့ဟာက ရှုပ်ရှုပ်ယှက်ယှက်၊ ငါတို့က ကလေးမမွေးစားချင်ဘူးကွ။ ကိုယ်ပိုင်မွေးတဲ့ကလေးပဲ ရယူချင်တာ'

'ဦးဦးရယ်၊ မွေးစားလိုက်ရင် ဦးဦးရဲ့ကိုယ်ပိုင်ကလေးတွေ ဖြစ်လာမှာပါ။ ခေါ် သွားပါနော်'

ကလေးနှစ်ဦးရဲ့ တောင်းပန်တိုးလျိုးသံက ကျွဲရဲ့နှလုံးသားကို နူးညံ့စေပြီး ကြင်နာစိတ်ဝင်လာပါတယ်။ အဲဒီမှာ ကျွဲက -

'က်ဲ-ကောင်လေးနှစ်ကောင်၊ မင်းတို့နှစ်ဦးစလုံးကိုတော့ ငါမမွေးစားနိုင်ဘူး။ မင်းတို့နှစ်ယောက် နပန်းလုံးပါ။ နိုင်တဲ့သူ ငါနဲ့လိုက်ခဲ့ပေတော့။ က်ဲ-နေဝင်ပြီ ငါပြန်တော့မယ်။ နိုင်တဲ့ကောင် ပြေးလိုက်ခဲ့နော်'

ဆိုပြီး ကျွဲတွေမောင်းကာ လမ်းမကြီးအတိုင်း ပြန်ခဲ့ပါတယ်။ သိပ်ပြီးတော့ မကြာလိုက်ပါဘူး။ နောက်ကနေ ပြေးလိုက်လာတဲ့ ခြေသံတဖုတ်ဖုတ်ကြားရတာကြောင့် လှည့်ကြည့်မိတယ်။ အဲဒီမှာကောင်လေးတစ်ယောက်ပြေးလိုက်လာတာကိုတွေ့ရပြီး ဟောဟခတ်တဲ့အသံနဲ့ -

'ဦးဦး ကျွန်တော်နိုင်လို့လိုက်ခဲ့ပြီ' လို့ပြောပြီး ကျွဲလက်ကိုလာတွဲပါတယ်။ အဲဒီမှာ သံယောဇဉ်စိတ်နဲ့ ကလေးရဲ့လက်ကိုယုယယယဆွဲဆုပ်ရင်း ကျွဲအိမ်ပြန်ခဲ့ပါတယ်။ အဲဒီမှာပဲကျွဲစိတ်တွေဝေဝေဝါးဝါးဖြစ်သွားတာကြောင့် မျက်စိကိုအသေအချာဖွင့်ကြည့်မိတယ်။ ဘာလဲ ဒါဟာအိပ်မက်လားပေါ့။

ဟုတ်ပါတယ် အိပ်မက်ပါ။ ကျွဲပဲဟာ ကျွဲတွေရှားစေးဖိုဝဲထဲရေစိမ်နေတာကိုစောင့်ရင်း ပလွေသံကို နားထောင်ကာ ခဏအိပ်ပျော်သွားဟန်ရှိပါတယ်။ ကြည့်ပါဦး၊ ကျွဲတွေတောင် ရေထဲကမတက်သေးဘူး။ ဇိမ်နှနဲ့နပ်နေကြတုန်း။ ပြီးတော့ ခပ်လှမ်းလှမ်းက မှုတ်နေတဲ့ပုလွေသံလေးတောင်ကြားနေရဆဲပါ။ တေးသွားကတော့ပြောင်းသွားခဲ့ပါပြီ။

ဒီတော့ ကျွဲအိပ်ပျော်သွားတာကြာပုံမရှိဘူး။ ဒါပေမယ့် ထူးထူးဆန်းဆန်း ပီပြင်တဲ့အိပ်မက်တစ်ခုကိုတော့ အမှန်တကယ်မက်ခဲ့တာပါ။ ပြန်ကပြေးသချိုင်း။ ပြီးတော့ ကောင်လေးနှစ်ယောက် သနားစဖွယ်ပေမယ့် ဘယ်သူမှန်း၊ ဘယ်ကမှန်းမသိတာနဲ့ နှစ်ယောက်စလုံးလည်း မရချင်တာနဲ့ နပန်းလုံးခိုင်းပြီးနိုင်တဲ့သူလိုက်ခဲ့လို့ ခေါ် ခဲ့ရာမှာ တစ်ယောက်ပါလာခြင်းပါ။ အိပ်မက်က ထင်ရှားလွန်းလို့ လှုပတဲ့ ကောင်လေးနှစ်ယောက်ရဲ့မျက်နှာက မျက်စိကမထွက်ပါဘူး။ အတော်ဆန်းတဲ့အိပ်မက်ပါ။

သချိုင်းထဲက ထွက်လာတာဆိုတော့ ဧကန္တဒါဟာ လူသားစင်စစ်တော့ မဖြစ်နိုင်ဘူး။ တစ္ဆေလေးတွေပဲဖြစ်မယ် ထင်ပါရဲ့လို့တွေးမိပါတယ်။ အိပ်မက်ဆိုထော့လည်း ဒါကို ကျွဲအလေးမထားပါဘူး။ အိမ်ရောက်တော့လည်း အိပ်မက်ကိစ္စကို ဘယ်သူ့ကိုမှပြောမပြဖြစ်ပါဘူး။

အိပ်မက်ဆိုတာအိပ်ရင်မက်တာပဲလေအဆန်းမှမဟုတ်တာ။ ဒါပေမယ့် ဒီအိပ်မက်ဟာ နေ့လယ်မက်တာပေမယ့် ထင်ရှားလွန်းလို့ စိတ်ထဲတော့စွဲနေတာအမှန်ပါ။

"ကိုတိုး"

"..."

"ကိုတိုး"

"..."

"ကိုတိုးလို့"

"အင်း-ဘာလဲဟာ"

"ကျွဲအိပ်မက်မက်တယ်တော့"

"ဟာ-နင်ကလဲဟာ အိပ်ကောင်းနေတုန်း ရှုပ်ရှုပ်ယှက်ယှက်။အိပ်ရင်မက်တာပေါ့ဟာ။ ဒါများအဆန်းလုပ်လို့၊ ငါအိပ်ရေးမဝသေးဘူးဟာ။ ပြန်အိပ်ဦးမယ်။ မနှောင့်ယှက်ပါနဲ့"

"ဩော်-တော်ကလည်း အိပ်မက်က တော်နဲ့ပတ်သက်နေတယ်လေ။ အဲဒါကြောင့် တော့်ကို ပြောပြမလို့"

"ဘာ-ငါနဲ့ပတ်သက်နေတာဟုတ်လား"

"ငါက ဘာများအမှားလုပ်ခဲ့မိပါလိမ့်"

"အမှားမဟုတ်ဘူးတော်ရေ၊ တော်ကလေးလေးတစ်ဦးကို အိမ်ခေါ် လာတဲ့ကိစ္စပဲတော့"

"ဘာ. . . ငါက"

"ဟုတ်တယ်၊ တော်ကအမေးချောချောလေးတစ်ယောက်ကို ယက်ဆွဲပြီး ကျွဲကျောင်းအပြန်မှာ ခေါ် လာတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မလေ မြင်မြင်ချင်း ကိုယ့်သားလေး လိုသိပ်ချစ်တာပဲတော်"

"ဟုတ်လား အဲဒီလိုမက်သလား"

"အင်းပါဆို"

"အိုဟာ - တိုက်ဆိုင်လိုက်တာပါလား။ ဒါဆိုအမှန်တကယ်ပဲနေမှာ"

"ဘာလဲ တော့်ဟာကလည်း"

"အေး-နင့်အိပ်မက်နဲ့ ငါ့အိပ်မက် ကတိုက်ဆိုင်နေတာဟ"

"ဘယ်လိုတိုက်ဆိုင်တာလဲ ကိုတိုးရယ်၊ ပြောပြစမ်းပါ"

ဆိုတော့ ကျွပ်လည်း နေ့လယ်က ကျွဲကျောင်းရင်း မက်ခဲ့တဲ့အိပ်မက်အကြောင်းကို ပြောပြမိတယ်။ အဲဒီမှာ သက်ထားခင်က ကျွပ်နားကို တိုးတိုးကပ်ပြီးပြောတယ်။

"ကိုတိုး ကျွန်မတို့ကလေးရပြီနေမှာ၊ တော့်နှယ်တော် သနားစရာကလေး နှစ်ယောက်ကို နှစ်ယောက်စလုံးခေါ်ခဲ့ရင်ပြီးရော။ ဒါဆိုသားလေးနှစ်ယောက်တစ်ပြိုင်တည်းရမှာသေချာတယ်။ တော်ဟာလေ ကိုယ့်မှာကျွေးနိုင်တဲ့အဆင့်မွေးနိုင်တဲ့အဆင့်ရှိလျက်သားနဲ့ နှစ်ယောက်စလုံးခေါ်ခဲ့ပြီးရော"

"အေးဟာ-အိပ်မက်ထဲမှာ ငါက မခေါ်ချင်ဘူးဟ။ ဘယ်ကမှန်းမသိ၊ ဘာမှန်းမသိညာမသိနဲ့ မခေါ်မကောင်းတာနဲ့ နပန်းလုံးခိုင်းပြီး နိုင်သူလိုက်ခဲ့ဆိုပြီး ခေါ်ခဲ့တာ။ အခုငါနဲ့တကယ်ပါလာပုံရှိတယ်။ ဒီလိုမှန်းသိရင် နှစ်ယောက်စလုံးခေါ်ခဲ့ပါတယ် သက်ထားရယ်"

"အင်းလေ ကံပေါ့၊ တစ်ယောက်ရလည်း မနည်းပါဘူး"

ကျွပ်ပြန်ပြီးအိပ်ချင်စိတ်လုံးဝမရှိတော့ဘဲ မျက်စိကျယ်သွားခဲ့ပါပြီ။ မကြာမီ မိုးလင်းတော့မှာပါ။ ကြက်တွေ၊ ငှက်တွေအိပ်ရာထတဲ့အတွက် သူတို့အသံတွေကြားနေရပါပြီ။

တကယ်ဗျ။ ကျွပ်ရဲ့အိပ်မက်ကို ဆက်မက်တာ ကျွန်တော့်ဇနီးဖြစ်နေတယ်ဗျ။ အဲဒီမှာ ကျွပ်တစ်ခါတည်းယုံလိုက်မိပါတယ်။ ကျွပ်တို့နှစ်ဦးရဲ့ရင်သွေးလေး သန္ဓေစကိန်းပြီဆိုတာပါပဲ။ တကယ်ဗျာ- ကျွပ်မိုက်တ်ာပါ။ ဒီလိုမှန်းသိရင် နှစ်ယောက်စလုံးကြည်ကြည်ဖြူဖြူခေါ်ခဲ့ပါရဲ့။ အခုတော့ ဘာမှလုပ်လို့မရတော့ပါဘူး။ နောင်တစိတ်သာဖြစ်ပေါ်နေမိပါတယ်။

■ ပြုးပျော်နိုင်ကြပါပြီ

"ကိုတိုး၊ ကျွန်မတို့ကလေးရတာ သေချာသွားပြီ ကိုတိုးရဲ့သိလား"

"သေချာရဲ့လား သက်ထားရယ်"

"သေချာတာပေါ့ ကိုတိုးရယ်"

"အေးဟာ၊ ငါပျော်လိုက်တာ အရမ်းပါပဲ။ ငါ့ကို နှိမ်ကြတဲ့သူငယ်ချင်းတွေငါ့ကိုမနှိမ်ရဲတော့ဘူးပေါ့ဟာ။ ငါ့ကို လူမဖြစ်တဲ့အကောင်ဆိုပြီး နှိမ်ကြတဲ့အကောင်တွေတွေ့ကြသေးတာပေါ့ကွာ"

"ဩော် - ကိုတိုးရယ်၊ ရတနာဆိုတာ ထိုက်မှရတာလေ။ ဟော-ခုတော့ ရပြီလေ။ ရွှေငွေရတနာတွေထက်တန်ဖိုးကြီးတဲ့ရင်သွေးရတနာရပြီလေ။ သက်ထားရဲ့မိဘတွေရော ကိုတိုးရဲ့မိဘတွေပါ သက်ထားတို့ ရင်သွေးရတနာရပြီဆိုတော့ ပျော်လိုက်ကြတဲ့ဖြစ်ခြင်းသိလားကိုတိုး"

"အင်းပါဟာ အင်းပါ။ ငါ့မှာဖြင့် စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်၊ အိပ်လည်းဒီစိတ်ပါပဲ။ ငါဖြင့်ပျော်လို့ မဆုံးဘူး။ ငါဖြင့် ကိုယ့်ကိုယ်ကို ဦးထွန်းအောင်၊ ဒေါ်မြစိန်တို့လိုများ ဖြစ်လေမလားဆိုပြီးကြောက်နေတာ။ ဟူး- ခုမှအသက်ရှူချောင်တော့တယ်ဟာ"

တကယ်ပါဗျာ။ သက်ထားခင်ကိုယ်ဝန်ဆောင်ပြီဆိုကတည်းက အမေကိုလည်း အလေးအပင်တွေမ,မခိုင်းဖို့မှာရတာပါ။

အဲဒီမှာ အမေက -

"ဟဲ့-ငတိုး၊ ငါနင်တို့မောင်နှမငါးယောက်ကို တန်းစီပြီးမွေးခဲ့တာ သိပြီးသားပေါ့ဟဲ့။ အဖြစ်မရှိတဲ့ကောင်ကမှားအခုမှ ငါ့ကို ပြူးပြူးပြဲပြဲလာပြောနေရတယ်ရှိသေး။ အဟင်းဟင်း - ရယ်စရာကောင်းလိုက်တာ။ နင်သာအနေအထိုင်ဆင်ခြင်သိလား ဟဲ့ကောင်"

ဆိုပြီး ကျွပ်ကိုပြန်ခွပ်သဗျ။ အမေဆိုတော့လည်း ရယ်ဖြဖြနဲ့ ဓါးငုံ့နေရတာပေါ့လေ။ တကယ်ဗျာ အားရှိလိုက်တာအရမ်းပဲ။ အခွိန်နဲ့အမျှကို ကြည်နူးနေရတာ။ တဖြည်းဖြည်းဖောင်းကားလာတဲ့ဝိုက်ဟာ ကြာလေကျက်သရေရှိလေပါပဲ တကယ်ဗျာ။ နဂိုကမှ လှပါတယ်ဆို ဗိုက်အလှလေးထပ်စွက်လိုက်တော့ ကြည့်လို့ကို မဝတော့ပါဘူး။ ချစ်လိုက်ရတာ အလွန်ပါပဲဗျာ။

■ သားယောကျ်ားလေး

ဒီလိုနဲ့ ဇနီးသည်ရဲ့ဝိုက်ဟာ မွေးခြိန်ထန်လာပါတယ်။ ကျွပ်တို့ရွာမှာ သားဖွားဆရာမရှိနေပါပြီ။ ကျွပ်တို့ကို မွေးတုန်းကတော့ အရပ်လက်သည်ဒေါ်နှင်းမှုံနဲ့ မွေးခဲ့တယ်လို့သိရတယ်။ ခုခေတ်မှာတော့ အရပ်လက်သည်ဆိုတာ မရှိတော့ပါဘူး။ ခေတ်မီတိုးတက်နေပါပြီ။

အဖေက လယ်ယာစိုက်ခင်းတွေကို စီမံလုပ်ကိုင်သလို ကျွပ်က ကျွဲအုပ်ကြီးကို ထိန်းကျောင်းရတာပါ။ ဒီလိုနဲ့ နေ့စေ့လစေ့အချိန်ကိုရောက်ခဲ့ပြီး ကျွပ်ကျွဲကျောင်းသွားနေတဲ့အချိန်မှာပဲ။ သားယောကျ်ားလေးကို အန္တရာယ်ကင်းစွာဖွားမြင်ခဲ့ပါတယ်။ ကျွပ်ကျွဲကျောင်းကပြန်လာတော့ ဖြူဖွေးလှပတဲ့ သားလေးက သူ့လောကမှာအခြေချပြီးပါပြီ။ ဘဝရဲ့အားမာန်တွေဟာ ခန္ဓာကိုယ်ထဲတဖျဉ်းဖျဉ်းစီးဝင်သွားသလို ခံစားရပါတယ်။

ကျွပ်ထက် ကျေနပ်ကြည်နူးနေတာကတော့ ဇနီးသည်သက်ထားခင်ပါ။ ကလေးကို နို့တိုက်ရင်း ကျွပ်ကိုပြုံးပြီးကြည့်တဲ့အကြည့်ဟာ လောကမှာ အလှဆုံးပုံရိပ်ပါ။ ဒီပုံရိပ်ဟာကျွပ်မျက်စိထဲတစ်သက်လုံးစွဲနေမယ့်ပုံရိပ်ပါပဲ။

သားဦးအရှူးဆိုတဲ့စကားရှိတယ်။ စကားပုံကို အလွယ်အဓိပ္ပာယ်ကောက်ရင် သားဦး၊ သမီးဦးကပဲ ရူးသလိုထင်ကြတာပါ။ အမှန်တော့ သားဦးသမီးဦး ကရူးတာမဟုတ်ပါဘူး။ ကျွပ်တို့မိဘတွေကသာ အရူးအမူးချစ်ကြလွန်းလို့ ရူးတာက မိဘတွေပါ။ တကယ်ပါဗျာ။ သားလေးကိုအရူးအမူးချစ်ရတာပါ။ ဘာမှမသိသေးတဲ့ သားလေးကို့ပွေ့ပြီး ဖွဖွလေးနမ်းရတဲ့အရသာဟာ လောကမှာဘယ်အရသာနဲ့မှကိုမတူတာပါ။ အနှိုင်းမဲ့မေတ္တာလို့တောင် ဆိုချင်ပါတယ်။ ဘိုးဘွားတွေဆိုတာကတော့ ပြောစရာတောင်လိုမယ်မထင်ဘူး။ သူတို့က ကျွပ်ထက်တောင် ကဲသည်းနေကြတယ်ဗျာ။ အင်းလေ - သားအချစ်မြေးအနှစ်လို့ ဆိုထားတာပေကိုး။

ဒီလိုနဲ့ မိဘဘိုးဘွားတွေရဲ့မေတ္တာရိပ်မှာ သားလေးတရွေ့ရွေ့ကြီးပြင်းလာပါတယ်။ အဲဒီမှာ ကလေးရဲ့နာမည်ကို သူဘိုးဘွားတွေ စိတ်ကြိုက်မှည့်စေပါတယ်။ နာမည်က ဇေယျာတိုးဆိုပြီး ကျွပ်အမည်ပါတွဲစပ်ပြီးမှည့်ခဲ့ပါတယ်။ သားလေးဟာ အလွန်ပဲ ချောမောပြေပြစ်ပါတယ်။ တကယ့်ကော်ရုပ်လေးတစ်ရုပ်လိုလှပတာပါ။

■ ဇာတိပြုပြီ

အနီးကပ်ဆုံးနေနေရတာက မိခင်ဖြစ်သူနဲ့ အဘွားဆိုတော့ ကလေးကစကားတတ်လာပါပြီ။ ဉာဏ်ရည်ထက်ပုံရတဲ့ကလေးဟာ အရွယ်နဲ့အမျှ စကားအလွန်တတ်တာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆန်းတာကတော့ ကလေးဟာ အမှောင်ကို လုံးဝမကြောက်တတ်တာပါပဲ။ အချို့ကလေးတွေဆိုရင် အမှောင်ကို ကြောက်တတ်ကြတယ်။ ကြောက်အောင်လည်း ခြောက်ထားကြတာကိုး။ အမှောင်ထဲမသွားအောင်၊ ဝေးဝေးမသွားအောင် မိဘဘိုးဘွားတွေက သရဲထွစ်ခွေနဲ့ ခြောက်တယ်။ ကလေးဖမ်းတဲ့ လူကြီးက ဖမ်းသွားလိမ့်မယ် စသည်ဖြင့်ပေါ့လေ။ ကြဲဖန်ပြီးခြောက်ကြတာပါ။ ကျုပ်သား ကျတော့ ဘယ်လိုခြောက်ခြောက် ကြောက်တဲ့ပုံလုံးဝမရှိတာပါပဲ။

နောက်ပိုင်းစကားကောင်းကောင်း ပြောတတ်တဲ့အရွယ်လည်းရောက်ကရော သူ့ဇာတိကိုပြလာပါပြီ။ အဲဒါက သူ့ရဲ့အရင်ဘဝကိုပြန်လည်သတိရမှတ်မိလာတဲ့ ဇာတိသရဲဘုရားဇော်ပါ။ ဒါကလည်း တစ်ညမှာ သူ့အဘွားရင်ခွင်မှာနေပြီး အဘွားရဲ့မေတ္တာကိုခံယူနေချိန်ပါ။ အဲဒီမှာ အဘွားကမေးပါတယ်။

"အဘွား၊ မြေးလေး တိုးတိုးက အမှောင်ထဲသွားရင် သရဲခြောက်မှာ မကြောက်ဘူးလား"

"အို့ဟု -အဘွားကလည်း သရဲကို ဘာလို့ကြောက်ရမှာလဲ။ သရဲဆိုတာ သားသားတို့အကြာကြီးနေခဲ့တဲ့ဘဝပါ။ ဘာကြောက်စရာမှမကောင်းပါဘူး"

"အယ်. . . ဟဲ့ဟဲ့ မြေးလေးက မဟုတ်တာတွေပြောနေပြန်ပြီ"

"ဟုတ်တယ် အဘွားရဲ့၊ သားသားတို့က ညီအစ်ကိုနှစ်ယောက်အတူတူနေတာပါ။ ဖေကြီးနောက်လိုက်ပါရစေခွင့်တောင်းတော့ ငါမင်းတို့နှစ်ယောက်စလုံးကိုမမွေးစားနိုင်ဘူး။ မင်းတို့နှပန်းလုံးနိုင်တဲ့သူ ငါ့နောက်လိုက်ခဲ့လို့ပြောတော့ သားသားတို့ နပန်းလုံးကြပါတယ်။ သားသားက ညိုပါ။ အစ်ကိုက ငဲ့ညှာပြီး သားသားကိုအနိုင်းပေးလိုက်တာပါ။ သားသားကနိုင်တော့ သားသားဖေကြီးနောက်လိုက်ခဲ့တာပါ"

"အို့-ဖြစ်ရလေ မြေးလေးရယ်"

ဆိုပြီး အဘွားဖြစ်သူ မျက်ရည်ကျသလို ကျုပ်ဇနီးလည်း မျက်ရည်မဆည်နိုင်ခဲ့ပါဘူး။ ကျုပ်ကတော့ နောင်တတွေကြီးစွာရနေခဲ့တာပါ။ ငါသာ နှစ်ယောက်စလုံးခေါ်လာမိခဲ့ရင်ဆိုတဲ့ အတွေးဟာ ကျုပ်ရင်ကိုပူလောင်စေပါတယ်။ အဖေကတော့ သတ္တဝါတွေ ဘဝသံသရာမှာ ကျင်လည်ကျက်စားသွားလာနေထိုင်ရပုံတွေကို. သံဝေရရဟန်နဲ့ခေါင်းတညိတ်ညိတ်ရှိနေပါတယ်။ ဘာမှဝင်ပြီးစွက်ဖက်ပြောဆိုခြင်းမရှိပါဘူး။ အဲဒါအဘွားဖြစ်သူက မျက်ရည်သုတ်ကာ မေးပြန်ပါတယ်။

"ဒါဆို မြေးလေးရဲ့အစ်ကိုက ရော"

"သားသားအပြင်ထွက်ကစားရင် သားနဲ့အတူတူလာကစားပေးပါတယ်။ ဒီရွာထဲမှာပဲသားကိုချစ်လို့လာနေပါတယ်။ ကိုကို့နဲ့အတူတူနေချင်လို့ပါတာ"

"အို့-ဟဲ့လူနဲ့တစ္ဆေသရဲအတူတူ နေလို့မှမရတာ မြေးလေးရယ်။ ဖွဟဲ့လွဲပါစေ ဖယ်ပါစေ ငါ့မြေးလေးကို နတ်မြတ်နတ်ကောင်းအပေါင်းတို့ စောင့်ရှောက်ပါစေကွယ်။ ဟဲ့သမီး-ကလေးရော၊ ကလေးကိုချော့သိပ်လိုက်တော့ ကလေးက သူ့အစ်ကိုကိုစွဲလမ်းနေတယ်"

ဆိုပြီး သူ့အမေရင်ခွင်ထဲထည့်ပေးလိုက်ပါတယ်။ ကလေးက နို့ပြတ်တာကြာပြီမို့ မိခင်ရင်ငွေ့လှုံရုံသက်သက်ပါ။ မကြာမီမှာပဲ သားလေးအိပ်ပျော်သွားခဲ့ပါတယ်။

■ အတူတူနေချင်တယ်

ဒီလိုနဲ့ ကျုပ်ရဲ့သားဟာ ပြေးလွှားဆော့ကစားတဲ့အရွယ်ကိုရောက်ခဲ့ပါပြီ။ အဲဒီမှာ ဆန်းကြယ်တာက သားဟာ တစ်ယောက်ထဲစကားပြောနေတတ်တာပါ။ အဲဒါက အိမ်ထဲမှာမဟုတ်ပါဘူး။ အိမ်ရှေ့လမ်းမကြီးမှာ ထွက်ကစားတဲ့အခါ၊ တစ်ယောက်ထဲနေတဲ့အခါတွေမှာ သူ့ဘေးက လူတစ်ယောက်ယောက်ကို စကားပြောနေတဲ့ပုံမျိုးနဲ့ပြောနေခြင်းပါ။

လူတွေအမြင်မှာတော့ ဒီကလေး တစ်ယောက်တည်းစကားပြောပြောနေတယ် စိတ်မအောင်ဘူးထင်ပါရဲ့။ လူပုံက ချောပါဘိသနဲ့ နှမြောစရာကောင်းလိုက်တာ။ သနားစရာလေးပါပဲလို့ တွေးကြမှာပါ။

ဒီစကားတွေဟာ ကျုပ်တို့မိသားစုဆီကို သူများနားတွေ လျှံထွက်နေမှ ရောက်လာတာပါ။ ဒီအတွက်စိတ်မကောင်းကြပါဘူး။ သားဟာ သိတတ်တဲ့အရွယ်ကိုရောက်နေပါပြီ။ နောင်နှစ်ဆိုရင် ကျောင်းတောင်စထားရတော့မှာပါ။ အိမ်မှာ ကျုပ်တို့နဲ့နေတဲ့အခါမှာတော့ အဲဒီလို တစ်ယောက်ယောက်နဲ့ပြောဆိုနေတာမျိုးမရှိတာကြောင့် ကျုပ်ကအသေအချာမေးကြည့်မိတယ်။

"သား အဖေမေးမယ်နော် အမှန်ကိုဖြေနော်"

"ဖေကြီးကလည်းသားမှမလိမ်တတ်တာ"

"နေပါဦး သားရဲ့။ သားက လမ်းဘက်မှာတစ်ယောက်တည်းဆော့နေရင်း သားတစ်ယောက်တည်းစကားပြောပြော နေတတ်တယ်။ ဘာပြုလို့တစ်ယောက်တည်းစကားတွေပြောပြောနေတာလဲ"

"အာ-ဖေကြီးကလည်း အဲဒါသားကိုကိုနဲ့စကားပြောတာပါ။ သားသူငယ်ချင်းတွေမရှိရင် ကိုကိုက သားကိုအဖော်လုပ်ပေးနေတာပါ။ ကိုကို့ကိုသနားပါတယ် ဖေကြီးရယ်။ သားကိုချစ်ရင် သားရဲ့ကိုကိုကိုလည်း သားနဲ့အတူနေခွင့်ပေးလိုက်ပါလားနော်ဖေကြီး။ ကိုကို သားနဲ့လာနေရင် သားသိပ်ပျော်မှာပဲ ဖေကြီးရယ်။ ခုတော့ သားတစ်ယောက်ထဲဆိုတော့ ပျင်းစရာကြီးပါဖေကြီးရယ်"

"ဩော် သားလေးရယ်"

ဆိုပြီး ကျုပ်ထွေပ္ပေ့ထားမိတယ်။ ပြီးတော့ နူးညံ့တဲ့ပါးနုနုလေးကို တဖွဖွ နမ်းနေမိတယ်။

"သားရဲ့ ကိုကိုကရော နေချင်ရဲ့လား"

"သားတို့နဲ့အတူတူနေချင်လို့ပူဆာနေတာ ခဏခဏပါပဲ ဖေကြီးရာ။ ကိုကို့ကိုအတူတူနေခွင့်ပေးလိုက်ပါနော်"

"ဘယ်လိုလုပ်လာနေမှာလဲ သားရယ်၊ ဘဝချင်းမှမတူတဲ့ဥစ္စာ"

"အို့-ဖေကြီးကလည်း အဲဒီလိုနေမှာ မဟုတ်ဘူးလေ။ သားနေသလို မကြီး ဝိုက်ထဲမှာနေမှာပေါ့ ဖေကြီးရဲ့"

"ဩော်-ဒီလိုလား၊ ဒါဆို သားရဲ့ကိုကို့ကို ဖေကြီးကနေခွင့်ပြုပါတယ်လို့ သားကပြောပြလိုက်ဟုတ်လား"

"ဟေး-ဒါမှ ဖေကြီးကွ၊ နက်ဖြန်ကျရင် လာနေဖို့ပြောလိုက်တော့မယ်နော်"

"အင်းပါသားရယ်၊ ပြောလိုက်ပါ"

"ပျော်လိုက်တာ ဖေကြီးရာ"

ဆိုပြီး ကျုပ်ရဲ့ပါးကို အကြိမ်များစွာနမ်းပြီးကျေနပ်သွားပါတယ်။ ဒီကိစ္စက သားအဖေနှစ်ဦးသာ တိုးတိုးတိတ်တိတ်ကျိတ်ပြီးပြောဆိုကြခြင်းမို့ မိသားစုတွေမသိကြပါဘူး။

■ ဒုတိယမြောက်သားရတနာ

သားလေး ဇေယျာတိုးမွေးပြီးကတည်းက ကျုပ်တို့ရဲ့စီးပွားရေးအတော်ကောင်းလာပါတယ်။ အဖေလုပ်တဲ့သီးထပ်သီးညှပ်တွေကလည်း ထင်ထားတာထက်တောင်ထွက်တယ်။ ပြီးတော့ ကျုပ်ရဲ့ကျွမ်းကျင်မှုကလည်း မွေးလိုက်တာနဲ့ကျွမ်းထိုးလေးတွေဆိုတော့ အတွေ့အကြုံကပါတယ်။ ကျုပ်က ကျုပ်ဆီကပေါက်ကျွေပေါက်လေးတွေကို ထုတ်ပိုးလေ့ကျင့်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com

ခိုင်းကျွေးခြင်းဆာဆိုတော့ စွေးအလွန်ရပါတယ်။ ပဲကရ နှမ်းကရဆိုတာ ဒါမျိုးပေါ့ဗျာ။ ကျုပ်ရဲ့ညီမလေးတွေဖြစ်တဲ့ လှလှနဲ့ပပတို့ဆိုတာကလည်း သူတို့တူဖြစ်တဲ့ ဇေယျာတိုးကိုသိပ်ချစ်ကြတယ်။ ခိုးသားပြီး ကြိုးစားကြတဲ့အပြင် အပိုသုံးမရှိဘဲ စနစ်တကျ သုံးစွဲတာကြောင့် အလွန်ကြီးမချမ်းသာပေမယ့် ကျုပ်တို့တွေ လူမွေးလူတောင်ပြောင်တယ်လို့ ဆိုရမှာပါ။

အဲဒီမှာ ထူးခြားတာတစ်ခုကို ကျွန်တော်သတိထားမိတယ်။ ကျုပ်ရဲ့သားလေးဟာ တစ်ယောက်ထဲ စကားပြောနေတာမျိုး လုံးဝမလုပ်တော့တာပါပဲ။ အဲဒါကြောင့် သားကို တိုးတိုးတိတ်တိတ်မေးကြည့်တဲ့အခါ သူ့ကိုကိုက သူနဲ့အတူတူနေဖို့လာနေပြီဆိုပဲဗျ။ ဘယ်ကလာတယ်ဆိုတော့ မေမွေ့ဗိုက်ထဲကနေလာမှာတဲ့လေ။ အေးဗျာ အမှန်တကယ်လည်း သက်ထားခင်က ဒုတိယကိုယ်ဝန်ကိုစပြီးဆောင်နေရပြီလေ။

ဒီကိုယ်ဝန်နဲ့ပတ်သက်လို့ကတော့ ကျုပ် ဘယ်သူ့ကိုမှ ဘာမှပြောပြမနေတော့ဘူးဗျ။ လျှို့ဝှက်ချက်အနေနဲ့ ဒီအတိုင်းပဲနေမိပါတယ်။ ပြောရင်လည်း လူတွေကယုံချင်မှယုံမှာလေ။ ဒါကပုံပြင်လိုဖြစ်နေတာကိုး။ အမှန်တကယ်ပဲ ပြန်ကပြေးသချိုင်းမှာတွေ့ခဲ့တဲ့ အိပ်မက်ထဲက ကောင်လေးဖြစ်လေမလား သို့တည်းမဟုတ် အခြားတစ်ယောက်ဖြစ်နေမလားဆိုတာတော့အတိအကျမပြောတတ်ပါဘူး။

ဒီလိုနဲ့ ကိုးလလွန်မြောက်ဆယ်လ အရောက်မှာ ဒုတိယသားရတနာလေးကို ဖွားမြင်လာပါတယ်။ မိခင်ရောကလေးပါ ကျန်းမာလျက်ရှိကြောင်း အပြင်မှာစောင့်နေတဲ့ကျုပ်ဆီ သတင်းရောက်ပါတယ်။ ပျော်လိုက်တဲ့ဖြစ်ခြင်းပါပဲ။ သားလေးက သူ့အစ်ကိုနဲ့တစ်ပုံတည်းဆိုကိုးဗျ။

သားဖြစ်တဲ့ဇေယျာတိုးဆိုရင် သူ့အမေကို -

"မကြီး၊ ဒါသားရဲ့ကိုကိုလေ မကြီးရဲ့။ သားသိပ်ပျော်တာပဲ မကြီးရာ။ သားတို့ညီအစ်ကိုကလေ သိပ်ချစ်ကြတာ မကြီးရဲ့။ ဖေကြီးက တစ်ယောက်ထဲခေါ်လို့ ကိုကိုကျန်ခဲ့ရတာ။ ဟော-ခုတော့ အတူတူနေရတော့မယ်။ သိပ်ပျော်တယ်မကြီးရာ"

ဆိုပြီး မွေးကင်းစကလေးနှားက မခွာနိုင်အောင် အချစ်ပိုနေပါတယ်။ အလွန်သနားဖွယ်ကောင်းတဲ့အဖြစ်ပါဗျာ။

ဒီလိုလည်းပြောလိုက်ရော အနီးမှာပိုင်းဝန်းပြုစုနေတဲ့မိန်းမဖော်တွေက တစ်ဆင့် နောက်ထပ်မွေးတဲ့ကလေး အကြောင်းကိုသိကုန်ပြီး စပ်စုကြပြန်ပါတယ်။ ဒါနဲ့မလွဲမရှောင်သာတာနဲ့ ကျုပ်က လိပ်ပတ်လည်အောင် ရှင်းပြရပြန်ပါတယ်။

လူတွေဆိုတာ စုပ်တသပ်သပ်နဲ့ တအံ့တသြပါပဲ။ သရဲတစ္ဆေဘဝကနေပြီး လူဘဝကို ကူးပြောင်းလာတဲ့သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ အကြောင်းကလည်း ကျုပ်တို့ဝန်းကျင်မှာ ပေါ်ပင်ခေတ်စားသွားတဲ့သတင်းတစ်ခုပေါ့ဗျာ။ ယုံသူတွေလည်းရှိမယ်၊ မယုံသူတွေလည်းရှိမယ်၊ အဖေကတော့ သတ္တဝါတွေ သံသရာလည်တာကိုမြင်ရပြီး သံဝေဂရနေလေရဲ့။

■ ပြောင်းပြန်ခေါ်ဆိုမှု

အဲဗျာ - မှတ်မှတ်ရရ ကျုပ်သားအငယ်ကောင်မွေးတာ ကျုပ်တို့ဒေသမှာ နေပြည်တော်ကြီးတည်တဲ့နှစ်ဗျ။ ၂၀၀၃ ခုနှစ်လေ။ အဲဒီမှာ ကျုပ်တို့ဒေသဖြစ်တဲ့ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးဆိုတဲ့မြို့သုံးမြို့ဝန်းကျင်မှာ အရမ်းကိုစည်ကားတိုးတက်လာလိုက်တာ နတ်က ဖန်ဆင်းလိုက်သလိုပါပဲ။ အဆောက်အအုံကြီးတွေ၊ လမ်းမကြီးတွေဆိုတာ လှမှလှပါပဲ။ ညဆိုလည်း မီးတထိန်ထိန်နဲ့အမှောင်ထဲနေခဲ့ရတဲ့ကျုပ်တို့တွေ ဝမ်းသာလိုက်တာတော့ မကျန်ပါဘူး။ ခေတ်စနစ်တွေပြောင်းတော့ကာ လူတွေလည်း ခေတ်မီတိုးတက်လာကြပါတယ်။

နေပြည်တော်ကြီး တည်ဆောက်နေတော့ကာ လူတွေလည်း ခေတ်နဲ့လျော်ညီစွာ ကျွန်းနားတွေ၊ လှည်းတွေ၊ မြင်းလှည်းတွေရောင်းကုန်ကြပြီး ဆိုင်ကယ်တက္ကစီဆွဲဖို့ ဆိုင်ကယ်ဝယ်သူကဝယ်၊ ကားတက္ကစီဆွဲဖို့ ကားဝယ်သူကဝယ်နဲ့ ဘဝတွေမြင့်မားလာကြပါတယ်။ အချို့ တတ်နိုင်သူတွေကျတော့လည်း ကိုယ်ပိုင်စီးပေါ့ဗျာ။ စက်ဘီးတွေခေတ်မိန်သွားပြီး တစ်ရွာလုံး ဆိုင်ကယ်တွေဖြစ်ကုန်ကြပါရော။

ကျုပ်လည်း အများထဲကလူမို့ မီးခါးရေသောက်ရင်ကျုပ်လည်းသောက်ရမှာပေါ့။ ဒီတော့ ခေတ်နဲ့မလျော်ညီတော့တဲ့ကျွဲတွေရောင်းပြီး ကားလေးတစ်စီးဝယ်ကာ တက္ကစီမောင်းတဲ့ဘဝကို ပြောင်းလဲခဲ့ပါတယ်။ ဒီလိုနဲ့ ကျုပ်သားနှစ်ယောက်လည်း အတော်အချွယ်ရောက်ခဲ့ပါတယ်။

သူတို့ဟာ အတော်လေး သိတတ်လာတဲ့အချိန်မှာတော့ သူတို့ရဲ့ဘဝဟောင်းအကြောင်းမေးလို့တောင်မှမပြောတော့ပါဘူး။ ဒါပေမယ့် မပြောင်းလဲတာတစ်ခုရှိတယ်။ သူတို့ညီအစ်ကိုဟာ ဘဝဟောင်းကအစွဲတော့ လုံးဝမဖြုတ်ပါဘူး။ ပထမ ကျုပ်တို့ဆီရောက်လာတာ အဖယ်ကောင်ပါ။ နောက်ရောက်လာတာက အကြီးကောင်ပါ။ သို့သော် သားကြီးဖြစ်တဲ့ဇေယျာတိုးဟာ သားယေဖြစ်တဲ့ ဝေဖြာတိုးကို မွေးပြီဆိုကတည်းက ကိုကိုလို့ဘဝဟောင်းတုန်းကအတိုင်းခေါ်တော့တာပါပဲ။

အငယ်ကောင် ဝေဖြာတိုးက ဘယ်လိုပြန်ခေါ်တယ်ထင်လည်း ညီညီတဲ့ဗျ။ အဲ-ကောင်းရောဗျာ။ အကြီးက အငယ်ဖြစ်၊ အငယ်ကအကြီးဖြစ်နဲ့ တကယ့်ကပြောင်းကပြန် အခေါ် အဝေါ်ပါပဲ။ တကယ်တော့ သူတို့ဟာ ဘဝဟောင်းကိုလုံးဝမမေ့ဘဲ ဘဝဟောင်းအတိုင်းခေါ်ဝေါ်သုံးစွဲနေတာပါ။ သူတို့ညီအစ်ကိုဟာ အရွယ်ကြီးတာ၊ ငယ်တာကလွဲရင် ရုပ်ရည်ကလည်း တစ်သဝေမတိမ်းတူပါတယ်။ ချစ်လိုက်ကြတာကလည်း အလွန်ပါပဲ။ ဉာဏ်ရည်လည်းမြင့်ကြပါတယ်။

ဩော် - ကျုပ်ရဲ့ညီမလေးနှစ်ဦးစလုံး ဉာဏ်ရည်ကောင်းပြီး ဆယ်တန်းနှစ်ချင်းပေါက်အောင်ပါတယ်။ ဘွဲ့တွေဘာတွေရပြီး နိုင်ငံတော်ဝန်ထမ်းတွေတောင်ဖြစ်နေပါပြီ။ အိမ်ထောင်လည်းကျကုန်ပါပြီ။ ကျုပ်သားအငယ်ကောင် ဝေဖြာတိုးတော်ဝင် အခု ၂၀၁၆ မှာ အဋ္ဌမတန်းဖြေပြီးပါပြီ။ အကြီးကောင်လည်း ဆယ်တန်းနှစ်ချင်းပေါက်အောင်ပါတယ်။ အဝေးသင်တက္ကသိုလ်တက်ရမှာပါ။

ဆန်းတာက ကျုပ်တို့ဇနီးမောင်နှံဟာ အဲဒီသားလေးနှစ်ယောက်သာရလိုက်ပြီး နောက်ထပ်သားသမီးရတနာလုံးဝမထွန်းကားတော့တာပါပဲ။ အဖေနဲ့အမေတို့ကတော့ အရွယ်တွေကြီးလို့နားကုန်ကြပါပြီ။ ရှိတဲ့မြေလေးလည်း စွေးကောင်းရတာနဲ့ ရောင်းပစ်လိုက်ပါပြီ။ အဖေ၊အမေတို့စိတ်ကြိုက် လျှကြတန်းကြပေါ့ဗျာ။ ခုဆိုကျုပ်တို့ပြန်ကပြေးဟာ အောင်ဇမ္ဗူရုပ်ကွက်အဆင့်ကိုးမြှင့်ခဲ့ပြီး မြို့ပြအသွင်ဖြစ်နေခဲ့ပြီလေ။

■ မယုံရင်ပုံပြင်လို့မှတ်ပါ

အခု ကျုပ်ပြောပြတွေဟာ ကျုပ် ငလိုက်ချောင်းထဲမှာ ကျွဲကျောင်းရင်း သစ်ပင်ရိပ်မှာ ရေတွေအိပ်ပျော်ရာက

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းစော်မြို့)
သွေးတိုးသက်သာစေသည့်ဆေးနည်း

အစားအသောက်၊ အနေအထိုင်များယွင်းဖန်များသောအခါ ခန္ဓာကိုယ်သည် သာမန်ထက် ဖောက်ပြန်မှုများကာ ရောဂါဘယများဖြစ်ပေါ်လာတတ်သည်။ ထိုရောဂါများအနက် သွေးတိုးရောဂါသည် အလွန်ဆိုးရွားသောရောဂါတစ်ခု ဖြစ်သည်။ ကုသခြင်းမရှိပါက အသက်အန္တရာယ်ဖြစ်သည်အထိ ဒုက္ခပေးတတ်၏။

သွေးတိုးရောဂါဖြစ်ပေါ်လာပြီဆိုလျှင်လည်း အစားအသောက်ရှောင်ရသည်။ ဆေးမှန်မှန်သောက်ရသည်။ အနေအထိုင်အသွားအလာဆင်ခြင်ရသည်။ ကရိကထအလွန်များလှလေ၏။ သို့သော် 'အနာသိ ဆေးရှိ' ဆိုသလို သွေးတိုးရောဂါအတွက် ဆေးနည်းများစွာရှိပါသည်။ ထိုဆေးနည်းများအနက် ဖော်စပ်ရလွယ်ကူပြီး အစွမ်းလည်းထက်မြက်သည့် လက်လှမ်းမီရာ ဆေးနည်းတစ်မျိုးကို ဖော်ပြပေးလိုက်ပါသည်။

ဆေးဖော်ရန်အတွက် ချင်းလက်တစ်ဆစ်၊ တရုတ်နံနံ (၁၅) ပင်ခန့်တစ်စည်း၊ သံပရာသီးတစ်လုံး၊ ပျားရည်ထမင်းစားဇွန်းတစ်ဇွန်း၊ ရေတစ်ဖန်ခွက်တို့ လိုအပ်ပါသည်။

ဆေးဖော်နည်းမှာ ရှေဦးစွာ ချင်းနှင့်တရုတ်နံနံတို့ကိုရောထောင်းကာ အရည်ညှစ်ယူပါ။ သံပရာသီးကိုလည်း သီးခြားအရည်ညှစ်ယူပါ။ ထိုင်းဆေးရည်နှစ်မျိုးထဲသို့ ပျားရည်ထည့်၍ နာနာမွှေပါ။ နောက်ဆုံး ရေတစ်ဖန်ခွက်ထည့်၍ ထပ်မံမွှေပါ။ သွေးတိုးရောဂါအတွက် ဆေးစွမ်းထက်သော ဆေးကောင်းတစ်လက်ကို ရရှိပါပြီ။

ထိုင်းဆေးရည်ကို နံနက်စာမစားမီ တစ်ကြိမ်၊ ညနေစာမစားမီတစ်ကြိမ် တစ်နေ့နှစ်ကြိမ် ပုံမှန်သောက်သုံးပေးသွားခြင်းအားဖြင့် ရက်ပိုင်းလပိုင်းအတွင်း သွေးတိုးရောဂါသက်သာပျောက်ကင်းသွားစေမည်ဖြစ် ဇက်ကြောတက်ခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ မျက်စိအမြင်မှုန်ဝေခြင်းများကိုပါပျောက်ကင်းနိုင်ပါသည်။

ဤဆေးနည်းသည် ယနေ့ခေတ်ကာလတွင် အလွန်ခေတ်စားနေသောဆေးနည်းတစ်နည်းဖြစ်ပြီး လက်တွေ့သောက်သုံးပျောက်ကင်းနေသူများကိုလည်း မကြာခဏ တွေ့ဆုံနေရပါသည်။ မေးမြန်းကြည့်သော် ၎င်းဆေးသည် သွေးတိုးရောဂါကို အမှန်တကယ်သက်သာသည့်အပြင် အိပ်ပျော်စားဝင်စိတ်ကြည်လင်ပြီး သွားလာနေထိုင်လို့လည်း ကောင်းမွန်ကြောင်းသိရပါသည်။

သို့သော်လည်း သွေးတိုးရောဂါဖြစ်နေသူသည် အဆီအဆိမ့်၊ အငန်စသည့်သွေးတိုးစေသည့်အစားအသောက်များ ရှောင်ကြဉ်ရမည်ဖြစ်သလို နေပူပြင်းခိုန် ထီးမဆောင်းဘဲ အပြင်ထွက်ခြင်း၊ ရာသီဥတုအေးလွန်းခိုန် ရေအလွန်အကျွံချိုးခြင်း စသည့် အပြုအမူအနေအထိုင်များကို မပြုလုပ်မိစေရန် သတိပြုရမည်ဖြစ်သည်။

တင်နိုင်ဝင်း(ထမင်းစော်မြို့)

နေ ခဏတာမက်လိုက်တဲ့ နေ့ခင်းအိပ်မက်ကနေပြီး ကျွပ်တို့မိသားစုရဲ့လက်တွေ့ဘဝထဲ ထိုးဖောက်ဝင်ရောက်လာတဲ့ တကယ့်အဖြစ်အပျက်ပါ။ ပြောရင်ယုံနိုင်စရာလက်ခံနိုင်စရာအကြောင်းမရှိပါဘူး။ ဆရာလည်း လက်ခံချင်မှခံပါ။

ဒါပေမယ့်ဗျာ (၃၁) ဘုံမှာကျင်လည်ကျက်စားလှည့်လည်သွားလာနေတဲ့ အဆုံးအပိုင်းအခြားမရှိတဲ့ သတ္တဝါတွေရဲ့ဘဝမှာ ဒီလိုဆန်းကြယ်တဲ့အဖြစ်မျိုးလည်းရှိတတ်ပါလားလို့တော့ ကျွပ်ကောင်းကောင်းသဘောပေါက်သွားပါတယ်။

တစ်ခုရှိတယ်။ အဲဒါက ကျွပ်ရဲ့သားနှစ်ယောက်ဟာ အရွယ်တူညီအစ်ကို အမြွာဖြစ်ခဲ့ဖူးပုံရတယ်။ သူတို့ရဲ့အရင်ဘဝဖြစ်တဲ့ ပေတလို့ခေါ်ကြတဲ့ သရဲတစ္ဆေဘဝမှာ သူတို့ညီအစ်ကို မခွဲမခွာအတူနေပုံရှိတယ်။ ဘာဖြစ်လို့ အဲဒီလို အမြွာသရဲဘဝကိုရောက်ရသလဲဆိုတဲ့ သူတို့ရဲ့ဟိုးအရင်ဘဝကိုတော့ သူတို့မသိကြပါဘူး။ ဆိုရရင်တော့ ဟိုးပြီးခဲ့တဲ့ တတိယဘဝပေါ့ဗျာ။ အဲဒါကိုတော့ ဘယ်လိုချော့မေးမေး အမှန်တကယ် မသိကြတာပါ။ ဒီလိုသိနိုင်တဲ့လူဆိုတာလည်း အလွန်ရှားတယ်ဆရာရဲ့။ ရှိတော့ရှိကြပါတယ် ရှားတယ်လို့ဆိုရမှာပါ။

ဆရာ့အနေနဲ့ကလည်း နားရှိလို့သာကြားနေရတယ် ယုံနိုင်စရာမရှိဘူးလို့တွေးရင်တွေးနေမှာပါ။ ဒါတွေကို ကျွပ်က ဘယ်သူ့ကိုမှ ပြောမပြဖူးဘူး ဆရာ့မို့သာပြောပြတာပါ။ ယုံချင်ရင်လည်း ယုံပေါ့ဆရာရယ်။ မယုံတော့လည်း ပုံပြင်လို့သာမှတ်လိုက်ပေါ့ ဟုတ်ဖူးလား။

ဩော်-ကျွပ်နာမည်လား။ ကျွပ်အခု ပရိဘောက်ကလေးဝယ်ပြီးတက္ကစီဆွဲနေပေမယ့် ကျွပ်ကိုလူတွေက ကားငတိုးလို့ပြောင်းမခေါ်ဘူးဗျ။ ကျွဲငတိုးလို့ပဲ ခေါ်နေကြပါတယ်။ အေးဗျာ ကျွပ်ကလည်း ကျွဲတွေနဲ့ နှစ်ပေါင်းများစွာနေခဲ့ဖူးတော့လည်း ကျွဲတွေကို သံယောဇဉ်ရှိသဗျ။ တစ်ခါတစ်ရံ အိပ်မက်ထဲမှာ ကျွပ်က ကျွဲတွေကျောင်းနေတုန်းပါပဲ။ ကျွဲနဲ့တောသင်းရနံ့လေးတွေ ခုထိစွဲနေဆဲပါ။

ဂုဏ်ထူးဝိသေသလေးတွေ ကိုယ်စီပိုင်ကြတဲ့ ကျွပ်တို့ငတိုးအုပ်စုမှာ ဘီအီးငတိုးကတော့ ဖောပြီးရှောသွားတာ ကြာပါပြီ။ ကြက်ဝါသနာကြီးတဲ့ငတိုးကတော့ ကြက်ချိန်းပိုင်းတစ်ခုမှာ ကြက်တိုက်နေတုန်း အဖမ်းခံရပြီးထောင်ကျသွားတယ်။ လောင်းကစားမှုဆိုတော့ အကြောကြီးမဟုတ်ပါဘူး။ ဝါသနာသေမှစွန့်တယ်ဆိုရမှာပါပဲ။ ဒီလိုပဲကြက်လိုက်တိုက်နေရင်းကနေ မကျန်းမမာဖြစ်လာပြီး အချိန်တိုတိုနဲ့ သေဆုံးသွားခဲ့တာပါ။ အဲ ကျွပ်ရယ်၊ ဖဲငတိုးရယ်၊ ဂေါက်ငတိုးရယ်တော့ ကျန်းကျန်းမာမာရှိနေဆဲပါ။ ဒါပဲနော် ဆရာ။

ပြောပြသူ
ကိုတိုးအားကျေးဇူးတင်လျက်

ချမ်းမြေ့ကြယ်ဝေ

ရွှေပြည်ခဲ့(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

ဇွဲမြင့်စိုး (မိုးကုတ်)

ဘိုးပြုံးပြောတဲ့ အကြောင်းနဲ့အကျိုး

မောင်စိန်ဘဝမှာ စိတ်မွန်းကျပ်ပြီး ထွက်ပေါက်မရှိတဲ့အခါတိုင်း ဘိုးပြုံးဆီ ပြေးနေက၊ ဘိုးပြုံးဖြေသိမ့်မှုတွေ၊ အားပေးမှုတွေကြောင့် ဒီလောက်ရပ်တည်နေနိုင်ခဲ့တာ။ မောင်စိန်ဘဝက ဒုက္ခသုက္ခနှင့်လုံးထွေးကြီးပြင်းလာခဲ့ရတာ။ကျောင်းရယ်လို့ ကောင်းကောင်းမနေခဲ့ရဘူး။ လူမှန်းသိပြီဆိုကတည်းက အလုပ်လုပ်ခဲ့ရတာ။ ငယ်တုန်းကတော့ ဘာသိမှာလဲ။ တစ်နေ့တစ်နေ့ မနက်ညဥ့် ထမင်းစားနေရရင် ကျေနပ်နေတာပဲ။

ကျောင်းနေရတုန်းကတော့ သိပ်ပျော်ပေါ့။ စားသောက်ပြီးကျောင်းသွား၊ ကျောင်းမတက်ခင် စိတ်တိုင်းကျတော့ရတာလည်းပါမှာပေါ့။ အပူအပင်ဆိုတာ မသိဘူး။ သုံးတန်းအောင်လို့ လေးတန်းတက်ရမယ့်နှစ်မှာ ကျောင်းထွက်ရတာပဲ။ ကျောင်းမနေရတော့ဘူးဆိုတော့ မောင်စိန်ဝမ်းနည်းလို့မဆုံးဘူး။ အိမ်သာထဲသွားငိုခဲ့တာ မှတ်မိသေးတယ်။ ကျောင်းကိစ္စနဲ့ပတ်သက်ပြီးတော့ အဖေနဲ့အမေအကြီးအကျယ်စကားများကြတာကိုလည်း မှတ်မိနေဆဲ။

အဲဒီတုန်းက -

"ကိုအောင်တိုး၊ ကလေးကိုကျောင်းမထုတ်ပါနဲ့တော်။ ကျူပ်တို့မှာ ပေးနိုင်တာဆိုလို့ ပညာအမွေပဲရှိတာ"

"မင်းလျှာရှည်လှချေလား၊ ပညာတတ်မှာကနောက်။ ခုထမင်းနပ်မှန့်ဖို့က အရေးကြီးတယ်။ ကျောင်းစရိတ်မတတ်နိုင်ဘူး။ အငယ်နှစ်ယောက်ကရှိသေးတယ်"

လို့ပြောပြီး အဖေက ထရံမှီထိုင်ပြီး ဆေးလိပ်မီးခိုးတွေထောင်းထောင်းထအောင်ဖွနေတယ်။ ဒေါသလည်းထွက်နေတာကြောက်စရာကြီး။

အမေက -

"ဘာပဲဖြစ်ဖြစ် ကျူပ်တော့ ဆက်ထားချင်တာပဲ။ တော်မတတ်နိုင်ရင် ကျူပ်စွေးထွက်ရောင်းမယ်"

"ဟေ့ - တော်ပြီဆက်မပြောနဲ့။ မနက်ဖြန် ငါ့အလုပ်ထဲခေါ်သွားမယ်"

ဒီလိုနဲ့ မောင်စိန်လက်သမားသင်ဖြစ်ရော။အဖေ့ကိုကြောက်ရတာမို့ ဘာမှမတတ်နိုင်ဘူး။ မောင်စိန်အောက်မှာ ညီနဲ့ညီမရှိတယ်။ အမေ့ဗိုက်ထဲမှာဘာမှန်းမသိတဲ့တစ်ယောက်ကလာဦးမှာ။ အဲဒီတော့လည်း မောင်စိန်ကျောင်းနေချင်စိတ်ကို ဆက်မမွေးနိုင်တော့ဘူး။ လက်သမားပညာသင်ဘဝနဲ့ ဘဝကိုကြိမ်းကြမ်းတမ်းတမ်းဖြတ်သန်းခဲ့ရတာရယ်။

အခုတော့ မောင်စိန်လက်သမားဆရာဖြစ်ပါပြီ။ မောင်စိန်က စေတနာထားဆောက်တာမို့ အိမ်ရှင်တွေကလည်း သဘောကျတယ်။ တစ်ယောက်တစ်ယောက်ဆက်ပေးကြလို့ အလုပ်လည်းမပြတ်ပါဘူး။ အလုပ်မှန်လို့ ငွေလေးကြေးလေးချောင်လည်ပေမယ့် စိတ်ချမ်းသာမှုတော့မရှိပါဘူး။ မောင်စိန့်အဖေဦးအောင်တိုးကြောင့်ပါ။ ဦးအောင်တိုးတစ်ယောက် မောင်စိန်ဝင်ငွေရတာကတည်းက ပင် အလုပ်မလုပ်သလောက်ဖြစ်လာပြီး မိုးလင်းမိုးချုပ်အရက်ပဲဖိသောက်နေတာ။ မူးပြီးဆိုတာနဲ့ မိန်းမကိုအရင်ရန်လုပ်မယ်၊ ညစဉ်ညစ်ညမ်းညမ်းပြောမယ်။ တွေ့ကရာကောက်ပေါက်ရိုက်ချိုးတာမို့ အိမ်မှာပစ္စည်းကောင်းရယ်လို့မရှိပါဘူး။ လုစိတ်သူစိတ်တောင်ပျောက်နေပြီလို့ မောင်စိန်တော့ထင်တာပဲ။ ငယ်ကြောက်မို့ ဘာမှ ပြန်မပြောရဲပေမယ့် စိတ်ထဲတော့မကျေနပ်ဘူး။ အဆိုးဆုံးကတော့ အမေ့ကိုရိုက်တာပဲ။ ဟိုလူနဲ့လင်ပေးစားဆဲ၊ ဒီလူနဲ့လင်ပေးစားဆဲလုပ်တာပဲ။ အဲဒါတွေကိုမြင်ရကြားရတိုင်း မောင်စိန်ရင်မှာနာလှတယ်။ ပြန်ပြောချင်ပေမယ့် ရင်ထဲမှာမွန်းကျပ်နေတာနဲ့ ဘာသံမှမထွက်တော့ဘူး။ နောက်ဆုံး မခံနိုင်အောင်မွန်းကျပ်လာရင် ဘိုးပြုံးအိမ်ရှိရာ အားကုန်ပြေးမိတာပဲ။ ဘိုးပြုံးကလည်း မောင်စိန်ရောက်လာတိုင်း ဖြေသိမ့်မြဲ။

ဒီလိုနဲ့ မောင်စိန်လူလားမြောက်ခဲ့တယ်ပြောပါတော့။ မောင်စိန့်ဘဝမှာ ဖခင်ရဲ့သွန်သင်ဆုံးမမှုကိုမရခဲ့ပါဘူး။ အဆဲအဆိုသာခံရတယ်။ အဆူအပူသာခံရတယ်။ တော်ရုံ မထိန်းနိုင်တဲ့ကလေးဆို ရိုင်းစိုင်းသွားမှာသေချာတယ်။ ဘိုးပြုံးရဲ့သွန်သင်ဆုံးမမှုတွေ၊ အသိအမြင်တိုးစေတဲ့စာတွေ ပေးဖတ်မှုများကြောင့် မောင်စိန်သူ့ကိုယ်သူထိန်းလာနိုင်တယ်။ လိမ္မာယဉ်ကျေးမှုရှိလာတယ်။ဆင်ခြင်တုံတရားရှိလာတယ်။စာကောင်းပေကောင်းတွေအကျိုးကျေးဇူးကြောင့် အသိအမြင်တွေတိုးလာတယ်။ ရည်ရွယ်ချက်တွေထားလာနိုင်တယ်။အမှား၊အမှန်ကောင်း၊မကောင်းကိုခွဲခြားတတ်လာတယ်။ ဖခင်ကို နာကြည်းမှုတွေလျော့ပါးကာ သနားစိတ်ဝင်လာတယ်။ ဒါတွေက မောင်စိန်ရဲ့စိတ်အခြေအနေပြောင်းလဲမှုတွေပါ။ တကယ်လက်တွေ့အခြေအနေမှာတော့ ဦးအောင်တိုးနဲ့ မောင်စိန်ဟာအားအဖြစ်ပေမယ့် မျက်နှာချင်းဆိုင်လို့မရ။ ဦးအောင်တိုးက မောင်စိန်ကို မနာလို

www.burmeseclassic.com

www.burmeseclassic.com

စိတ်နဲ့ကြည့်တာ။ မကောင်းမြင်စိတ်နဲ့ကြည့်တာ။ စိတ်ထဲကမကြည်တော့ပြောတဲ့စကားကလည်း ရန်စွယ်ငေါငေါပါပဲ။

မောင်စိန်ကတော့ အဖေ့ကို ကလန်ကဆန်မလုပ်ချင်ဘူး။ ဦးအောင်တိုးလုပ်ရပ်တွေက ဖခင်တစ်ယောက်နဲ့ မတူဘဲ အပြုံးကြိုးတဲ့ရန်သူတစ်ယောက်လိုဖြစ်နေတာကို စိတ်မကောင်းဘူး။ ဦးအောင်တိုးလုပ်ရပ်တွေကမှားနေတာသိတယ်။ ဘာအလုပ်မှမလုပ်ဘဲ မိုးလင်းမိုးချုပ် အရက်သောက်ပြီး မိသားစုကို ဂျိကျနေတာကိုမကြိုက်ဆုံးတဲ့။ မောင်စိန်က အမေ့ကိုတော့ အချစ်ဆုံး။ အမေကလည်း မောင်စိန်အပေါ် နားလည်မှုအရှိဆုံး။ မောင်စိန်တို့မရှိတုန်း ဦးအောင်တိုးရိုက်မောင်းပုတ်မောင်းလုပ်ရင်တောင် မပြောဘူး။ မောင်စိန်စိတ်ဆင်းရဲနေမှာစိုးလို့။ ဦးအောင်တိုးကလည်း အသက်သာကြီးလာတယ်။ အသိကကြီးမလာဘူး။ မယားကိုလည်း မညာဘူး။ သားသမီးတွေကိုလည်း မငဲ့ဘူး။ ဒီလိုအဖေကိုရထားတဲ့ မောင်စိန်ကတော့ ဝဋ်ကြွေးလို့တောင် အောက်မေ့မိတာ။ ဒီလိုအဖေမျိုးဟာ ဓာနန္တရိကဏ်းဝင်ပါ့မလားတောင်တွေးမိတာ။ ဘာပဲဖြစ်ဖြစ် အဖေဟာ အဖေပါပဲဆိုတဲ့အသိကြောင့်ပြန်ပြောချင်စိတ်ကိုမျိုသိပ်နိုင်ခဲ့တာ။ စိတ်ထဲတော့ မကျေမနပ်စိတ်က အစိုင်အခဲလိုဖြစ်နေတာ။ ဘယ်နေ့ပေါက်ကွဲမလဲဆိုတာ မောင်စိန်မတွေးရဲဘူး။

ပညာကို ကောင်းကောင်းမသင်ရတဲ့မောင်စိန်ဟာ ညီနဲ့ ညီမလေးကိုတော့ သူမရခဲ့တဲ့အခွင့်အရေးကို ရစေချင်တာအမှန်။ ဒါကြောင့်လည်း ညီနဲ့ညီမလေးကို ကျောင်းစာမှာ အာရုံစိုက်ဖို့ပဲတိုက်တွန်းတာ၊ အိမ်အလုပ်ဆိုလို့ ရေတောင်မခပ်ခိုင်းဘူး။ တံမြက်စည်းတောင်မလှည်းခိုင်းဘူး။ မောင်စိန်က ညီနဲ့ညီမကိုမြေတောင်ပေးတာ ဦးအောင်တိုးကတော့ အကောင်းမပြောပါဘူး။ စိတ်မထင်ရင် မထင်သလို ဂ.ဏ်းတွေကို ဆူပူတာပဲ။ ကြိမ်းမောင်းတာပဲ။ ကြာလာတော့ ကလေးတွေက ဦးအောင်တိုးကို ရွံကြောက်ကြီးကိုဖြစ်လို့။ သားအဖတွေ ဒီလိုဖြစ်နေတာကို မောင်စိန်အနေနဲ့မကြိုက်ဘူး။ မိသားစုဉီး စည်းလုံးလုံးပျော်ပျော်ရွှင်ရွှင်နေချင်တာ။ အဖေက ရွေ့ကဦးဆောင်လမ်းပြလို့ သားသမီးကလည်း အဖေ့ကိုချစ်ခင်လေးစားလို့ အပြန်အလှန်နားလည်ပြီး အပေးအယူမျှတတဲ့ဘဝမျိုးကိုမျှော်လင့်မိတာ။ ခုတော့ မောင်စိန်တို့ရရှိထားတဲ့ဘဝက ဆန့်ကျင်ဘက်အပြင်နဲ့ ပြိုကွဲလုဆဲဆဲအခြေအနေ။

ညီနဲ့ ညီမတွေလည်း စာကောင်းကောင်းမကျက်ရ။ ကလေးတွေစာကျက်နေတာကို အားမပေးတဲ့အပြင် -

"ဟေ့ကောင်တွေ နားငြီးတယ်။ မင်းတို့ဒီစာတတ်တော့ ဘာကောင်ဖြစ်မှာမို့လဲ။ မင်းတို့အစ်ကိုက စာတတ်ကျွန်းပြီး ဘီလူးဖြစ်မယ့်ကောင်။ပြောတိုင်းလုပ်နေကြ။ မင်းတို့ပါဘဝင်မြင့်ရောဂါဖြစ်ကုန်မယ်။ သွားကြ သွားကြအပြင်ထွက်ကျက်"

ဖခင်က ဒီလိုတွေပြောတိုင်း မောင်စိန်စိတ်ထိခိုက်ရတယ်။ အသားတွေတဆတ်ဆတ်တုန်တဲ့အထိဝမ်းနည်းရတယ်။ ဒီလိုအသိဉာဏ်နည်းတဲ့အဖေမျိုးကိုရခဲ့တဲ့ဘဝကိုလည်းရင်နာမိတာအမှန်။ ပြောင်းလဲမရတဲ့အဖြစ်မို့ အောင့်အည်းခံခဲ့ရတဲ့နေ့တွေဟာ တစ်ရက်မဟုတ်တော့။ တစ်လမဟုတ်တော့။ တစ်နှစ်မဟုတ်တော့။ ဦးအောင်တိုးနှောင့်ယှက်မှုကြောင့် ကလေးတွေ ပညာရေးမှာ ထိခိုက်လာတယ်။ ညီက ဆယ်တန်းကို တစ်နှစ်ကျပြီး စိတ်လေလာတယ်။ ညီမလေးက ကိုးတန်းမှာ အခြေအနေမကောင်းဘူး။ မောင်စိန်မှော်လင့်ချက်ပန်းတိုင်ကနီးလေမှုန်ဝါးလေဖြစ်လာပြီ။ အမျိုးမျိုးကျားကန်ထားပေမယ့် ဦးအောင်တိုးဆိုတဲ့ လေနိုကြမ်းက အချိုးမပြောင်းဘူး။

အဖြစ်အပျက်တွေကတော့မှန်မှန်ပြောင်းလဲနေတာပါပဲ။ အသက်လေးရလာတာနဲ့အမျှ မွေမောင်စိန်တစ်ယောက်လောကသဘာဝတိမိခေါက်မိလာတယ်။ ဘဝရဲ့ အတက်အကျကြမ်းပုံတွေကိုမြင်တတ်လာဆယ်။ တကယ်တော့ လူ့ဘဝဆိုတာ ရည်ရွယ်ချက်ကြီးကြီးမားမားထားခွင့်ရှိတယ်။ အလုပ်ကိုကြိုးကြိုးစားစားလုပ်ခွင့်ရှိတယ်။ ဒါပေမယ့် ရည်ရွယ်သလိုဖြစ်ချင်မှဖြစ်မယ်။ ကြိုးစားသလောက်အောင်မြင်မယ်။ဖြစ်တာမဖြစ်တာ၊ အောင်မြင်တာ၊ မအောင်မြင်တာ ထည့်စဉ်းစားရမယ့်ကိစ္စမဟုတ်တာကို မောင်စိန်သိလာတယ်။ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်နေရမယ်ဆိုတာ သဘောပေါက်လာတယ်။

အခုတော့ မောင်စိန်ရည်ရွယ်တာတွေတစ်ခုမှဖြစ်မလာဘူး။ ညီလေးက ဆယ်တန်းကို နှစ်နှစ်ဆက်ကျပြီး ဟိုမာလုပ်မှာလိုလို ဒီဟာလုပ်မှာလိုလိုနဲ့ လူပျိုတစ်ယောက်ဖြစ်လာပြီး ဆယ်တန်းကိုဆက်ဖြေဖို့ မောင်စိန်တိုက်တွန်းပေမယ့် လက်မခံဘူး။ မိုးလင်းမိုးချုပ်အပြင်ထွက်တာတွေများလာတယ်။ မောင်စိန်နဲ့ မျက်နှာချင်းဆိုင်တောင့်ဘူး။ မောင်စိန်ကို ကြောက်တာပါတယ်။ လေလွင့်နေရတဲ့ဘဝကိုသာယာနေတာလည်းပါတယ်။ မောင်စိန့်ဘက်ကကြိုးစားပြုပြင်ချင်တာတွေဟာ သဲထဲရေသွန်အဖြစ်မျိုးဆိုက်နေပြီ။ ပိုဆိုးလာတာက တစ်ခါတလေ အရက်သောက်စပြုလာတာပဲ။ ဘမျိုးဘိုးတူအဖြစ်မျိုးတော့ အဖြစ်မခံနိုင်။ အဖြစ်အပျက်ကတော့ လက်ခံရမယ့်အခြေအနေ။ စီးပွားရေးဘက်မှာ အယို အယွင်းမရှိအောင်လုပ်ရတာတစ်ဖက်၊ အဖေအရက်သမားကြောင့်စိတ်ညစ်တာတစ်ဖက်။ အခုတော့ ညီကပါ အပေအတေဖြစ်လာပြီမို့ မောင်စိန့်ရင်ထဲမှာရောစိတ်ထဲမှာပါ မီးထဲကပြာလိုပူလောင်မှုတွေ တိုးလာတယ်။ မောင်စိန့်ရင်ထဲမှာ ပြောစရာစကားတွေက တစ်ပုံတစ်ပင်။

အဖေ့ကိုပြောချင်တဲ့စကားတွေရှိတယ်။ ပြောမထွက်နိုင်ဘူး။ မောင်စိန့်ဘက်က ရှေ့နောက်စဉ်းစားသလောက်မိုက်ချင်သူတို့ဘက်ကတော့ ဘာမှမစဉ်းစား။ ထင်ရာလုပ်ကြ ထင်ရာပြောကြနဲ့ ငရဲပေးနေသလားမှတ်ရတယ်။

တစ်ခုတော့ ကံကောင်းတယ်။ မောင်စိန်ရဲ့ ဦးသားကြိုးစားမှုကြောင့် ရပ်ထဲရွာထဲကခင်မင်ကြတယ်။ မောင်စိန်ကလည်း ရပ်ရေးရွာရေးမှာ ရှေ့တန်းကအမြဲပါတယ်။ ဦးအောင်တိုးကိုရွံကြောက်ဖြစ်ပေမယ့် မောင်စိန်ကိုတော့ လေးစားကြတယ်။ မောင်စိန်ကလည်း အရှိသေမဲ့အောင် ဘယ်တော့မှမနေ။ အရွယ်သုံးပါးကို သင့်အောင်ပေါင်းတာပဲ။ အခြေခံလူတန်းစားကလာတာမို့ ဘဝင်လည်းမမြင့်နိုင်ပါဘူး။

ဘိုးပြုံးအိမ်ကတော့ အစဉ်အလာအတိုင်း ညတိုင်းလူစုံနေကျ၊ စကားတွေဖောင်ဖွဲ့နေကျ။ ခုလည်း အမှောင်လွှမ်းနေတဲ့ညချမ်းမှာ LED မီးရောင်မှိန်မှိန်မှာ လူကစုံနေပြီ။ ဘွားလှလည်း တကုပ်ကုပ်နဲ့အလုပ်ရှုပ်နေပြီ။ ရေနွေးအိုးလေးလာချလိုက်၊ လက်ဖက်သုပ်လေးလာချလိုက်နဲ့ တပြုံးပြုံးရယ်။ ကိုယ့်တူကိုယ့်သားတွေလိုဖြစ်တော့လည်း ခင်မင်တာပါတယ်။ လူစုံတော့ပျော်ပါတယ်။ တစ်နေကုန်တစ်နေခန်း လင်ကိုယ်မယားရှိတာကိုး။ ဘိုးပြုံးနဲ့ ဘွားလှအိမ်ကို အများနည်းတူမောင်စိန်လည်းလာနေကျ။ ဘိုးပြုံးသွန်သင်ဆုံးမမှုကို ခံယူနေကျ။ အခုတစ်လော မောင်စိန် အလာနည်းနေလို့ အားလုံးက သတိရနေကြတာ။ မေ့ချင်စိန်လာရင် စကားဝိုင်းက ပိုစည်ကားတာလည်းပါတာကိုး။ အများထဲချင်နေတဲ့ကတ်သီးကတ်သတ်မေးခွန်းများကျတော့ မောင်စိန်မှ မေးကလာတာကိုး။ ဘိုးပြုံးကလည်း ဒါမိန်းမကြက်တတ်တာ။ ဘိုးပြုံး

www.burmeseclassic.com

www.burmeseclassic.com

က ရေနွေးကြမ်းပန်းကန်အသာချရင်း-

"သံချောင်းရေ၊ မောင်စိန်တစ်ယောက်မလာတာအတော်ကြာပြီကွယ်နော"

"ဟုတ်တယ်ဘိုးပြုံး၊ နောက်ဘက်တော့တွေ့တွေ့နေတာပဲ မအားလို့များလားမသိဘူး"

"အေးကွယ်၊ နောက်နေ့တွေ့ရင်လာလည်ဖို့ပြောပါ သံချောင်းရဲ့"

ဘိုးပြုံးစကားမှ မဆုံးသေးဘူး မောင်စိန် ခေါင်းငိုက်စိုက်နဲ့ တစ်လှမ်းချင်းဝင်လာတယ်။ အားလုံးအကြည့်တွေက မောင်စိန်ဆီမှာ။

ဘိုးပြုံးကပဲ -

"အောင်မလေး မောင်စိန်ရာ၊ ခုပဲ မင်းအကြောင်းပြောနေကြတာ။ ပျောက်လှချေလားကွာ"

"ဟုတ်တယ် မောင်စိန်၊ ဘိုးပြုံးတောင် မင်းကိုတွေ့ရင်လာလည်ဖို့ ခုပဲမှာနေတာ"

သံချောင်းက ဝင်ထောက်ခံရင်း မောင်စိန်ကို နေရာပေးတယ်။ မောင်စိန်က အသာဝင်ထိုင်ပေမယ့် ဘာစကားမှ မပြန်ဘဲဆံပင်တွေထဲလက်ထိုးဖွနေတယ်။ အားလုံးမျက်လုံးက မောင်စိန်ဆီရောက်သွားတယ်။ အားလုံးအံ့ဩမှင်တက်နေရာမှ ဘိုးပြုံးက -

"မောင်စိန် သားလက်က ဘာဖြစ်ဘာဖြစ်၊ သွေးတွေသံတွေနဲ့ရောင်ကိုင်းနေပါလား။ ပြောပါဦး မထိတ်သာမလန့် သာရှိလိုက်တာ"

မောင်စိန်က ဘာမှပြန်မပြောဘူး။ ခေါင်းငိုက်စိုက်နဲ့ ငိုင်နေတာအကြာကြီးရယ်။ သံချောင်းက စိတ်မရှည်တော့ဘဲ မောင်စိန်ပခုံးကိုအသာပုတ်ရင်း -

"ပြောစမ်းပါမောင်စိန်ရ၊ ဘိုးပြုံးနဲ့ ငါတို့မှမပြောရင် -ဘယ်သူ့သွားပြောမှာတုံး"

ဘွားလှကလည်း ရင်ဘတ်ကို လက်နဲ့အသာဖိရင်း -

"ဟုတ်ပါတယ်သားရယ်၊ ပြောပါဦး။ ဘွားလှ့်ရင်တုန်လိုက်တာကွယ်"

ဒီတော့မှ မောင်စိန်ခေါင်းမော့လာတယ်။ သက်ပြင်းရှည်ကြီးချပြီး-

"အိမ်တိုင်ကို လက်သီးနဲ့ထိုးလို့ရတဲ့ဒဏ်ရာပါ ဘွားလှ"

"မိုက်လိုက်တာသားရယ်၊ ဘာလို့များကိုယ့်အသားကိုအနာခံရတာလဲ"

"ကျွန်တော်သိပ်ကံဆိုးတယ် ဘွားလှ။ အဖေက အရက်ကိုနေကုန်သောက်တယ်။ အိမ်ကိုကျိုက်တယ်။ အဖေဆိုတော့ ဒီတိုင်းကြည့်နေရတာ။ ခုအဖေခြေရာကိုကျွန်တော့်ညီကနင်းလာတယ်။ ဒီကောင်ပြင်မလားဆိုပြီးမသိချင်ယောင်ဆောင်နေတာကြာပြီ။ ရောင့်တက်လာတယ်။ ညနေက ဒီကောင်မူးလာတယ်။ ကျွန်တော့်ကို ပမာမခန့်လုပ်လာတာနဲ့ ဆွဲထိုးလိုက်မိရော။ အမေနဲ့ ညီမလေးဆွဲထားလို့ သက်သာသွားတာ။ အဖေက ဒီကောင့်ကိုမဆုံးမတဲ့အပြင် ကျွန်တော့်ကို ဘာပြောတယ်လဲ ဘိုးပြုံး"

အားလုံးက မောင်စိန်ပြောလာမယ့်စကားကိုစိတ်ဝင်စားနေကြတာ။

ဘိုးပြုံးကလည်း -

"ပြောပါဦး မင်းအဖေကဘာပြောလို့လဲ"

"မောင်စိန်၊ မင်းသိပ်လျှာရှည်တဲ့ကောင်ပဲ။ ယောကျ်ားပဲကွ။ တစ်ခါတစ်လေ သောက်တာဖြစ်လဲတဲ့ဗျာ။ အစ်ကိုက ညီကိုကောင်းစေချင်လို့ ဆုံးမနေတာကို အဖေတစ်ယောက်က အပြစ်ပြောတဲ့စကားတဲ့။ ကျွန်တော်လည်းဝမ်းနည်းတဲ့စိတ်၊ ဒေါသစိတ်နဲ့ ကိုင်ကိုလက်သီးနဲ့ထိုးပြီး ဘိုးပြုံးဆီထွက်လာတာ။ ကြာရင် တစ်ခုခုလုပ်မိတော့မှာ"

ဘိုးပြုံးက ဘွားလှဘက်လှည့်ပြီး-

"ဟဲ့-အမယ်ကြီး၊ ရေနွေးနဲ့ဆေးပတ်တီးယူခဲ့ပါဟာ။ ဆေးကြောပြီးဆေးလိမ်းပေးရအောင်။ မောင်စိန်လူလေး မင်းခံစားမှုကို ဘိုးပြုံး ကိုယ်ချင်းစာမိပါတယ်ကွာ။ စိတ်လက်မာန်ပါတော့မလုပ်စေချင်ဘူး"

"ဘိုးပြုံးတို့ ကျွန်တော့်အကြောင်းသိပါတယ်။ ဂုဏ်ဖော်ပြောတာမဟုတ်ပါဘူး။ မိသားစုအပေါ် ကျွန်တော့်လောက်ငဲ့တဲ့သူရှိမယ်မထင်ဘူး။ အားလုံးအဆင်ပြေအောင်လုပ်ပေးထားတာ။ ကျွန်တော်မသင့်ခဲ့ရတဲ့ကျောင်းပညာကိုညီတွေ၊ ညီမတွေကိုပေးချင်လို့ကျောင်းထားပေးတာ။ သူတို့တွေမျက်နှာမငယ်ရအောင် ကျွန်တော်အငတ်ခံပြီး ဖြည့်ဆည်းပေးခဲ့တာ။ ဒီကောင်ဆယ်တန်းကို (၂) နှစ်ဆက် ကျတယ်။ ကျမှာပေါ့။ ကျွန်တော်ပေးတဲ့ ကျူရှင်လခတွေမပေးဘဲ ဆုံးပစ်တော့ ကျူရှင်က အထုတ်ခံရတယ်။ ဒါလည်း ကျွန်တော့်ကိုမပြောဘူး။ ကျူရှင်လခတွေမှန်မှန်ယူပြီး ဖြုန်းပစ်တယ်။ ဒါတွေသိရဘာမကြာသေးဘူး။ ဒီကောင်ဘဝတန်ဖိုးလည်းမသိ၊ ပညာတန်ဖိုးလည်းမသိနဲ့ ခွေးဖြစ်မယ့်ကောင်"

"ကဲပါ မောင်စိန်ရယ်၊ စိတ်လျှော့ကွာ၊ ရေနွေးသောက်၊ လက်ဖက်စား"

ဘိုးပြုံးစကားကို မောင်စိန်ကနားထောင်တယ်။ ရေနွေးကြမ်းသောက်ရင်း တစ်ခုခုကိုစဉ်းစားနေသေးတာ။နောက်မှ-

"ဘိုးပြုံးကိုမေးရဦးမယ်။ မြန်မာစကားပုံမှာရှိတယ်လေ။ သားသမီးမကောင်းမိဘခေါင်းတဲ့။ မိဘမကောင်းလို့ ဘဝကိုဆင်းဆင်းရဲရဲဖြတ်သန်းနေရတဲ့ ကလေးတွေဘယ်လောက်များမလဲ၊ မိဘဆိုတာ ကလေးတွေရဲ့ရှေ့ဆောင်လမ်းပြ လက်ဦးဆရာပဲ။ ကလေးတွေရဲ့ အနာဂတ်ဟာ မိဘတွေရဲ့လက်ထဲမှာပါ။ မိဘတွေညံ့ရင် ညံ့သလောက် ကလေးတွေဘဝသွားရောပဲမဟုတ်လား ဘိုးပြုံး"

"ဟုတ်တယ် မောင်စိန်၊ လူလေးပြောတာ ဘိုးပြုံး နားလည်တယ်။ အနှစ်ဂုဏ်းဝင်မိဘကိုတော့ ဘာပဲဖြစ်ဖြစ် မပြစ်မှားတော့ကောင်းတယ်"

"ကျွန်တော်ပြစ်မှားစိတ်နဲ့ပြောနေတာမဟုတ်ဘူး ဘိုးပြုံး။ မိဘက မိဘနဲ့တူရင်တော့ ဘာအရေးလဲ"

မောင်စိန်တစ်ချိန်လုံးမျိုသိပ်ခဲ့တာတွေ ပေါက်ကွဲနေပြီဆိုတာ ဘိုးပြုံးနားလည်လာတယ်။ တားနေတာထက် လွှတ်ပေးလိုက်တာက မောင်စိန်အတွက် ရင်ပေါ့စရာမို့ အသာနားထောင်နေခြင်းပါ။

"ဘိုးပြုံးတို့ စဉ်းစားကြည့်ပေါ့။ မိဘဝတ္ထရားလည်းမကျေဘူး။ အနိုင်ကျင့်နေမယ်ဆိုတရားပါ့မလား။ ကျွန်တော့်အဖေက အဲလိုလူမျိုး။ ကျွန်တော်သည်းခံခဲ့တာ။ ခေါင်းမိုးမလုံတော့ တံစက်မြိတ်ကဘယ်လုံပါတော့မလဲ။ တချို့သားသမီးတွေဆိုးသွမ်းနေတာမိဘတွေကြောင့်ဆိုတာပြောရဲတယ်"

"ကဲကဲ - မောင်စိန်၊ ဘိုးပြုံးပြောမယ်။ ငရုတ်သီးကို စားရင်စပ်မယ်၊ သကြားကိုစားရင်ချိုမယ်။ အကြောင်းတရားက ဘယ်တော့မှမပြောင်းဘူး။ မကောင်းတဲ့မိဘနဲ့ဆုံရတာ မင်းမကောင်းခဲ့လို့ပဲ။ ကောင်းတဲ့မိဘဆုံရသူတွေက သူတို့ကောင်းခဲ့လို့ပဲ။ ဘိုးပြုံးပြောတာကို သေသေချာချာစဉ်းစားပြီးမှ"

"ကျွန်တော် သဘောပေါက်ပြီ ဘိုးပြုံး။ ကျွန်တော်မကောင်းခဲ့လို့ဘဲ။ ဒီအကြွေးကို ဘယ်ဘဝနဲ့ ကြွေအောင်ဆပ်မယ်။ ကျေးဇူးတင်ပါတယ် ဘိုးပြုံး"

ဆိုပြီး ဘိုးပြုံးနဲ့ ဘွားလှကို မောင်စိန်ထိုင်ကန်တော့တယ်။ ပြီးတော့ ပြုံးရွှင်တဲ့မျက်နှာနဲ့ အားလုံးကိုနှုတ်ဆက်ပြီး မောင်စိန်ပြန်သွားတော့ ဘိုးပြုံးတို့ အားလုံးမျက်နှာမှာလည်းပြုံးလို့။

လှိုင်ဟူးအမည်ရှည်စေ

ပြင်းကုတ်(ဦးကုတ်)

www.burmeseclassic.com

ဦးဆက်ထွန်းလင်းသို့တုံ့ပြန်ချက်

ပဒေသရာဇ်အတွေးအခေါ်၊ ခေတ်နောက်ပြန်ဆွဲ လူမျိုးကြီးဝါဒနှင့် အပျိုက်ပုံးထဲကသမိုင်း ဒေါက်တာအေးချမ်း

၂၀၁၈ ခုနှစ်၊ မေလထုတ် သူရဇ္ဈ မဂ္ဂဇင်းမှာ ဆောင်းပါးရှင် ဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)ဆိုတဲ့ ဆောင်းပါးရှင်ရေးတဲ့ 'ရခိုင်မဟာမုနိဘုရားကြီးအပေါ် ပုဒ္ဓဝိဏ်း ကျူးလွန်မိခြင်းနှင့်မြောက်ဦးအဓိကရုဏ်း စသည့် မပြီးဆုံးနိုင်သော ပြဿနာများ ဆက်လက်ဖြစ်ပွားနေခြင်း'၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်' ဆိုတဲ့ ဆောင်းပါးကို ဖတ်လိုက်ရတယ်။ မဟာလူမျိုးကြီးဝါဒီ တစ်ယောက်ရဲ့ ရခိုင်လူမျိုးများအပေါ် ပြင်းထန်တဲ့ လူမျိုးရေးအစွဲနဲ့ပုတ်ခတ် စော်ကားထားတဲ့ဆောင်းပါးပါ။ ခေါင်းစီး ကရုဏာပေမယ့် အဆက်အစပ်ကမရှိဘူး။ ဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ) ဆိုတဲ့ ကလောင်အမည်ကိုကြည့်ပြီး ဗိန္ဒော ဆေးဆရာတစ်ယောက်ဆိုတာတော့သိ လိုက်ပါတယ်။ မြန်မာရာဇဝင်ကျမ်းတွေ မှာပါတဲ့ ဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းတွေ ကိုလည်း စွဲစွဲလမ်းလမ်းယုံကြည်တဲ့လူ တစ်ယောက်ဖြစ်လိမ့်မယ်။ အဆိုးဆုံး အချက်ကတော့ သမိုင်းဆိုတဲ့ ဘာသာ ရပ်ဟာ ဘယ်လိုဘာသာရပ်မျိုးဖြစ်တယ် ဆိုတဲ့ အခြေခံအချက်ကိုတောင် သဘော ပေါက်ပုံမရဘူး။ သမိုင်းသုတေသန လုပ်ထုံးလုပ်နည်းဆိုတာကတော့ လေ့လာ ဖူးဖို့ကိုလွဲလို့ ကြားဖူးနားဝတောင်ရှိဟန် မတူပါဘူး။

ဦးဆက်ထွန်းလင်းဟာ ရခိုင်က မဟာမြတ်မုနိဘုရားရဲ့မကိုင်ရစလွယ်ကိုဖြတ် သိမ်းခြင်းနဲ့ ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နဲ့ စာရေးဆရာ ဝေဟင်အောင်တို့ရဲ့ ရသေ့တောင်မြို့နယ်က စာပေဟောပြောပွဲဖျက်သိမ်းလိုက်ရ တဲ့ မြောက်ဦးမြို့နယ်က စာပေဟောပြော ပွဲနဲ့ နောက်ဆက်တွဲရုန်းရင်းဆန်ခတ်ဖြစ် မှုတွေ၊ ဘင်္ဂလီအရေးအခင်းနဲ့ အေအေ လက်နက်ကိုင်အဖွဲ့ရဲ့ လှုပ်ရှားမှုတွေကို သမိုင်းကွင်းဆက်တွေကို ခွဲတ်ဆက်ပြလို ဟန်တူပါတယ်။

ဒါပေမယ့် ရခိုင်လူမျိုးတွေကိုခွိုးနှိမ် လိုတဲ့ဆန္ဒကပြင်းထန်လွန်းတော့ သူတင်ပြ တာတွေဟာ သမိုင်းယုတ္တိကင်းမဲ့နေပြီး အဆက်အစပ်မရှိတဲ့ရခိုင်မုန်းတီးရေးဝါဒ ဖြန့်စာ(Hate Speech) အဖြစ်နဲ့ပဲထွက်ပေါ် လာပါတယ်။ သူက ဒေါက်တာအေးမောင် နဲ့ ဝေဟင်အောင်တို့ကို ပြည်ထောင်စုကို ဖြိုခွဲသူများအဖြစ်စွပ်စွဲထားတယ်။ ဒီအမှု ကို တရားရုံးမှာ အမြင့်ဆုံးရာဇသတ်ကြီး ပုဒ်မတွေနဲ့ စွဲချက်တင်ပြီးဖြစ်လို့ ဒီကိစ္စကို စာရေးသူအနေနဲ့ဘာမှဝေဖန်ချက်မပေး လိုတော့ပါ။ ဒါပေမယ့် ရခိုင်နဲ့ဗမာပြည် ထောင်စု တိုင်းရင်းသားများအကြား စိတ် ဝမ်းကွဲပြားစေမယ့် အမုန်းတရားကို ရေးသားဖြန့်ခွဲတဲ့ ဦးဆက်ထွန်းလင်းကို လည်း တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကိုဖြိုခွဲသူအဖြစ်စွဲချက်တင်ရပါသိမ့် မယ်။ ရခိုင်သမိုင်းကို ပုံပျက်ပန်းပျက် ဖြစ်အောင် ဦးဆက်ထွန်းလင်းဟာ အောက်ပါအတိုင်း ရေးထားပါတယ်။

'ယခု ဒေါက်တာအေးမောင်တို့ ဖော်ပြပြောဆိုနေသည့် ရခိုင်အချုပ် အခြာအာဏာကျဆုံးသွားသည်မှာ နှစ် ပေါင်း (၂၃၃) နှစ် ဟူသော စကားရပ်၊ ရခိုင်နိုင်ငံတော်အချုပ်အခြာအာဏာကျ ဆုံးခြင်းအထိမ်းအမှတ် ဟူသည့် စကား ရပ်တို့နှင့်ပတ်သက်၍ဖြစ်ပါသည်။ အမှန် ကား ရခိုင်သည် သူတို့ပြောသလို လွန် ခဲ့သော (၂၃၃) နှစ် ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်ဖြစ်သည့် ၁၇၈၅ ခုနှစ် တွင်မှ အချုပ်အခြာအာဏာကျဆုံးသည် မှာ မဟုတ်ပေ။ ရခိုင်သည် သီးခြား လွတ်လပ်သည့်နိုင်ငံဟူ၍ ဖြစ်တည်ခဲ့ သည်လည်းမရှိခဲ့ပေ။ခေတ်အဆက်ဆက် မြန်မာမင်းတို့၏ အစောင့်အရှောက်ခံ အဖြစ်သာရပ်တည်ခဲ့ကြခြင်း ဖြစ်သည်။ အခွန်ဘဏ္ဍာနှင့်သမီးကညာများဆက်သ ခဲ့ရသည်သာရှိ၏။ ထို့ကြောင့် အချို့ သောကာလများတွင် ဘင်္ဂလားဘက်မှ အစောင့်အရှောက်များကို ခံယူရသည် များလည်းရှိ၏။ သို့ပါသောကြောင့် ရခိုင် ဒဂိုးတွင် မွတ်စလင်ဘွဲ့အမည်များကို ရာများပါဝင်နေခြင်း ဖြစ်၏။ သို့ဖြစ်၍ ရခိုင်ထီးနန်းဟူသည် ကိုယ်ထီးကိုယ့် နန်းကိုယ့်ကြင်နှင်းနှင့် အသီးအခြား အခိုင်

www.burmeseclassic.com

www.burmeseclassic.com

အမာရပ်တည်ခဲ့သည်ဆိုရန်မှာခဲယဉ်းလှပါသည်။ ခိုင်မာသောမှတ်တမ်းများအရ ရခိုင်ထီးနန်းသည် မြန်မာမင်းတို့၏ လက်အောက်သို့မကြာခဏပင်ကျရောက်ခဲ့ရပါသည်။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၈) စာမျက်နှာ (၃၅၉) တွင် ရခိုင်ကိုတိုက်ခိုက်အောင်မြင်သော်လည်း ခရီးအထောက်အလှမ်းမသင့်ခြင်းကြောင့် ကြာရှည်သိမ်းမထားနိုင်ခဲ့ချေ'ဟု ဆိုထားပါသည်။ ဆိုလိုသည်မှာ မြန်မာမင်းတို့သည် ပုဂံခေတ်ကတည်းက ရခိုင်ကို မကြာခဏတိုက်ခိုက်အောင်မြင်သော်လည်း နေပြည်တော်နှင့် လမ်းပန်းဆေးလံလွန်းသဖြင့် ကြာရှည်စွာထိန်းသိမ်းမထားဘဲ ဩဇာခံဘုရင်များကိုသာရခိုင်တွင်ထားရှိအုပ်ချုပ်စေခဲ့ခြင်းသာ ဖြစ်၏။ ထိုတွင် အဆိုပါဘုရင်များက ခြားနားခြင်းကြောင့်သာ မြန်မာမင်းတို့သည် ရခိုင်သို့ခီတက်နှိမ်နင်းစေရခြင်း ဖြစ်၏'

ဆောင်းပါးရှင်ဟာ သမိုင်းရေးတာဆိုရင် သူပြောတဲ့ခိုင်မာသောမှတ်တမ်းများဆိုတာဘာတွေလဲ ဖော်ပြဖို့ တာဝန်ရှိတယ်။ သမိုင်းရေးတဲ့အခါ သမိုင်းသုတေသီဟာ အထောက်အထားနှစ်မျိုးကို အသုံးပြုတယ်။ မူရင်းအထောက်အထား(Primary Sources) နဲ့တစ်ဆင့်ခံအထောက်အထား(Secondary Sources) ဖြစ်တယ်။ မြန်မာ့စွယ်စုံကျမ်းဟာ မူရင်းမဟုတ်ဘူးဆိုတာ သေချာမှသဘောပေါက်ရဲ့လားမသိဘူး။ ပြီးတော့ သမိုင်းသုတေသီဟာ ခေတ်ပြိုင်မှတ်တမ်းကိုပဲ အားကိုးပါတယ်။ သမိုင်းလေ့လာမှုဘယ်လောက်အထိ အားနည်းသလဲဆိုတော့ အထက်မှာဖော်ပြထားတဲ့ သူရေးသားချက်မှာ ရှေ့နောက်မညီညွတ်မှု (Inconsistency) တွေပါနေတာကို သူမမြင်တတ်ခြင်းပါဘဲ။ သူပေးတဲ့အချက်အလက်တွေက. . .

'သမိုင်းမှတ်တမ်းများအရ အေဒီ ၁၀၁၇ မှ ၁၀၅၉ အတွင်း ပုဂံခေတ်အနော်ရထာမင်းသည် ဥပဝတီသို့သွားရောက် သြဇာခံစေခဲ့၏။' (သူပေးတဲ့သက္ကရာဇ် ၁၀၁၇ ဆိုတာကို သူသတိပြုသင့်တယ်)

ပုဂံခေတ် အေဒီ ၁၁၀၄ ခုနှစ်တွင် အလောင်းစည်သူမင်းသည် ဥပဝတီသို့ကြွရောက်ခီတက်သိမ်းပိုက်သြဇာခံစေခဲ့၏။ အင်းဝခေတ် အေဒီ ၁၄၀၀ မှ ၁၄၂၁ အတွင်း ဘုရင်မင်းခေါင်လက်ထက်တွင် သားတော်မင်းရဲကျော်စွာသည် ဥပဝတီသို့ခီတက်သိမ်းပိုက်သြဇာခံစေခဲ့၏။ တောင်ငူခေတ် အေဒီ ၁၅၁၁ ခုနှစ်တွင် ဘုရင်နောင်မင်းတရားကြီးလက်ထက်ကိုယ်တော်တိုင် ဥပဝတီသို့ခီတက်သိမ်းပိုက်သြဇာခံစေခဲ့ရ၏။ ကုန်းဘောင်ခေတ် အေဒီ ၁၇၅၉ မှ ၁၇၆၁ အတွင်း နောင်တော်ကြီးမင်းလက်ထက်တွင် ဥပဝတီခီတက်သြဇာခံစေခဲ့၏။ ကုန်းဘောင်ခေတ် အေဒီ ၁၇၈၄ ခုနှစ်တွင် ဗဒုံမင်းလက်ထက်၌ သားတော်အိမ်ရှေ့ဥပရာဇာ ရွှေတောင်မင်း ဥပဝတီသို့ခီတက်သိမ်းပိုက်ခဲ့၏။'

အထက်က သူတင်ပြထားတဲ့ အချက်တွေထဲက နောက်ဆုံးတစ်ချက်ကလွဲလို့ ကျန်အချက်တွေကို အထောက်အထားခိုင်ခိုင်လုံလုံနဲ့ ပြန်ရှင်းပါမယ်။ ဒီနေရာမှာ ကျွန်တော်ဟာ ပဒေသရာဇ်စနစ်အကြောင်း ပြောရတော့မယ်။ ဗမာပဒေသရာဇ်ဖြစ်ဖြစ်၊ ရခိုင်ပဒေသရာဇ်ဖြစ်ဖြစ် ရက်စက်တာ၊ တရားလက်လွတ်ပြုတာရှိမှာပဲ။ စနစ်ကိုဆဖန်တာလို့ပဲ သဘောထားကြပါ။

ဦးဆက်ထွန်းလင်းပြောတဲ့ ရခိုင်ဟာ ဘယ်တုံးကမှသီးခြားလွတ်လပ်တဲ့ နိုင်ငံမဖြစ်ခဲ့ဘူးဆိုတဲ့အချက်ကိုဆွေးနွေးကြမယ်။ ရခိုင်သမိုင်းကို ဥပဝတီ (??? - အေဒီ ၃၇၀)၊ ဝေသာလီ (အေဒီ ၃၇၀- ၁၀၀၀)၊ လေးမြို့ (အေဒီ ၁၀၁၈-၁၄၀၆) နဲ့ မြောက်ဦး (အေဒီ ၁၄၃၀-၁၇၈၅) ဆိုပြီး ခေတ်လေးခေတ်ခွဲတယ်။ ဥပဝတီခေတ်ကနေ ခရစ်သက္ကရာဇ် ၇၂၉(?)မှာ အာနန္ဒစန္ဒြကျောက်စာကို ရေးထိုးတဲ့အထိ ရခိုင်မင်းတွေအစဉ်အဆက်အုပ်ချုပ်ခဲ့ကြတယ်။ ဒီကျောက်စာက ဥပဝတီခေတ် ရခိုင်ပြည်မှာ စိုးစံသွားကြတဲ့ မင်း (၁၄) ဆက်ကို သူတို့နန်းစံနှစ်တွေနဲ့တကွ အတိအကျဖော်ပြပေးတယ်။ ဦးတွေက သကဋနဲ့ပါဠိဘာသာတွဲ့တွေကိုယူတယ်။ သကဋ၊ ပါဠိ မဟုတ်တဲ့တွဲ့တွေလည်းပါတယ်။ အရှေ့တောင်အာရှတစ်ခုလုံးက အိန္ဒိယယဉ်ကျေးမှုထွန်းကားတဲ့ဒေသ (Indianized States of Southeast Asia) ဖြစ်လို့ ကုလားတွဲ့ကိုယူတာ မဆန်းဘူး။ ဗမာပြည်၊ ကမ္ဘောဒီးယား၊ သီရိဝိဇယ (မလေးကျန်းဆွယ်နဲ့ စူမတြ) မှာလည်း ဒီဓလေ့ကိုတွေ့ရတာပဲ။ ရခိုင်ဟာ ရေလမ်းနဲ့ရောကုန်းလမ်းနဲ့ပါ အိန္ဒိယမြောက်ပိုင်းနဲ့ အဆက်အသွယ်ရှိခဲ့တယ်။

ဒါကြောင့် အေဒီ (၂) ရာစုမှာ ဂရိပထဝီဝင်ပညာရှင် တော်လမီ (Ptolmey) က သူ့ရဲ့ပထဝီဝင်ကျမ်းထဲမှာ ရခိုင်ပြည်ကို အာဂျရေ(Argyre) လို့မှတ်တမ်းတင်သွားတယ်။ မလေးကျွန်းဆွယ်ကနေ မုတ္တမကွေ၊ မုတ္တမကွေကနေ ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ရွှက်လွှင့်သွားကြတဲ့သင်္ဘောတွေဟာ ဂင်္ဂါမြစ်ဝကျွန်းပေါ် ဒေသက တမာလိပတိ (Tamaralipati) ဆိုတဲ့မြို့ကို ဦးတည်တယ်။ ဒီမြို့ကို အခုတာမလုတ်(Tamaluk) လို့ ခေါ်တယ်။ ဒီမြို့ဟာ ရခိုင်မင်းကို အခွန်ပဏ္ဏာနဲ့သီမီးတညာဆက်ရတယ်ဆိုတာ အာနန္ဒစန္ဒြကျောက်စာမှာ ရေးထားတယ်။ (Gutman 1976:6-7; Rashid 1991:130; Johnston 1945:357-385)။ ဒီအချိန်မှာ ဧရာဝတီမြစ်ဝမ်းမှာ ခေတ်ပြိုင်ဆိုလို့ ပျူမြို့တွေဖြစ်ကြတဲ့ ဗိဿနိုး၊ ဟန်လင်းနဲ့ သရေခေတ္တရာပဲရှိတယ်။ အေဒီ ၈၃၂ မှာ သရေခေတ္တရာကို ယူနန်ကနန်ချောင်တွေဖျက်တယ်။

ပျူနိုင်ငံပျက်မှ ပထမဆုံးမြန်မာနိုင်ငံဖြစ်တဲ့ပုဂံကိုထူထောင်တာ။ ရာဇဝင်တွေက အေဒီ ၈၄၉ မှာ ပုဂံကိုတည်တယ်လို့ဆိုတယ်။ ဒါဆိုရင် ဥပဝတီနဲ့ ဝေသာလီကိုအစောင့်အရှောက်ခံအဖြစ် ထားခဲ့တာ ဘယ်မြန်မာနိုင်ငံလဲ။ ဦးဆက်ထွန်းလင်းရှင်းပါ။

ဥပဝတီ၊ ဝေသာလီခေတ်ကတည်းက ရခိုင်ဟာ သီးခြားလွတ်လပ်တဲ့ မင်းနိုင်ငံပါ။ ယနေ့ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ စစ်တကောင်းတောင်တန်းဒေသနဲ့အိန္ဒိယနိုင်ငံရဲ့ တြိပူရပြည်နယ်မှာ ရခိုင်စကားပြောသူတွေရောက်နေတဲ့အတွက် ဝေသာလီခေတ်လောက်ကတည်းက ဖြစ်နိုင်တယ်။ စစ်တကောင်းခရိုင်သမိုင်းကို ရေးတဲ့ပါမောက္ခကာနင်ဂိုကဆိုရင် ခရစ်မပေါ်ခင်ကတည်းက ရခိုင်ပြည်ကနေဝင်ရောက်နေထိုင်ကြတာဖြစ်မယ်လို့ဆိုတယ်။ စစ်တကောင်းနဲ့ တြိပူရဟာ ဒီအချိန်ကတည်းက ရခိုင်လက်အောက်ရောက်နေပြီလို့ သူကဆိုတယ်။ ရက္ခမက္ကာလလို့ခေါ်တဲ့ ရခိုင့်အချုပ်အခြာအာဏာကို ခရစ်နှစ် ပထမထောင်စုမှာပဲ အနောက်ဘက်ကိုချဲ့ခဲ့ပြီလို့ ပြောလို့ရတယ်။ ဒီလူတွေဘာလူမျိုးတွေလဲ။ တိဗက်မြန်မာအန္တယဲရဲ့အနောက်ဘက်အုပ်စုဝင်ဘာသာစကားကို ပြောကြတယ်။ ခေတ်ဦးရခိုင်လူမျိုးတွေပါ။ (Qanungo 1998; Gutman 1976:28, 102)

ပုဂံခေတ်ကျောက်စာတွေမှာ ရခိုင်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကို ဘုရားမှာလျှူတဲ့ကျွန်စာရင်းထဲမှာစပြီးတွေ့ရတယ်။ အစောဆုံးတွေ့ရတဲ့နှစ်က အေဒီ ၁၁၉၇ ဖြစ်တယ် (ထိုင်းရင်းကျောက်စာ၊ ဓာတ်ပုံ ၁၅)။ အရေအတွက်အားဖြင့် မြန်မာနဲ့ ကုလားပြီးရင် တတိယအများဆုံးပါ။ ပုဂံရဲ့ လူသားအရင်းအမြစ်ဖြည့်စွမ်းပေးတဲ့ တတိယလှုံးစုလို့ပြောနိုင်တယ်။ အကြောင်းရင်းကို စဉ်းစားရင် ပုဂံမင်းတွေဟာ တောင်ဘက်မှ တလိုင်သရေတဝဲ (တနင်္သာရီထားဝယ်) ကိုကျော်ပြီး သလင်ကြေ (Cape Saleng) အထိ နယ်ချဲ့တယ်။ မလိယ်ကန်(မလေးကျွန်)တွေကို ပုဂံခေါ်လာတယ်။ (Aye Chan 1988: 18)။ မြန်မာရာဇဝင်တွေက အလောင်းစည်သူလက်ထက် အနောက်ဘက်မှာ မစ္စဝီရိုကို စစ်ထိုးတဲ့အကြောင်း ဖော်ပြကြတယ်။ မစ္စဝီရိဆိုတာ အနောက်ရိုးမ (ရခိုင်ရိုးမ) ကိုခေါ်တာပါ။ ပုဂံကျောက်စာတွေမှာ ချင်းဆိုတာမတွေ့ရပါ။ ဒါကြောင့် ရခိုင်ကို အကြိမ်ကြိမ်စစ်ထိုးခဲ့ဟန်တူတယ်။ စစ်ပွဲမှာမိတဲ့ သို့ပန်းက ကျွန်ဖြစ်တာပါပဲ။

ဒါကြောင့် ပဋိပက္ခတစ်ခုကိုညွှန်ပြတယ်လို့ယူချင်ပါတယ်။ ခေတ်ပြိုင်အထောက်အထားရယ်လို့လည်း မရှိတော့ လမ်းစပျောက်နေပါတယ်။ရခိုင်ဘုရင် မင်းဘီလူးရဲ့ မြေးလက်ှာမင်းနန်ကို အလောင်းစည်သူမင်းလက်ထက်မှာ ရခိုင်ပြည်မှာ နန်းတင်စေတယ်ဆိုတဲ့ အချက်ကတော့ ရခိုင်ရာဇဝင်တွေမှာရော မြန်မာရာဇဝင်တွေမှာပါ တညီတညွတ် တည်းဆိုကြလို့ လက်ခံလို့ရပါတယ်။ ဒါလည်းပဲ ခေတ်ပြိုင်မှတ်တမ်းတော့ မရှိပါ။ အေဒီ ၁၁တ့ာ မှာ ရခိုင်ဟာ မြန်မာရဲ့အခွန်ထမ်းနယ်တစ်ခုအဖြစ်ကို ရောက်နေပြီလား။ ယူရင်တော့ရမယ် ထင်ပါတယ်။ ဒါပေမယ့် ဘယ်လောက်ကြာကြာနေခဲ့ရသလဲဆိုတာမသိပါ။ ဒါပေမယ့် မင်းထီး(၁၂၇၉?-၁၃၇၄)လက်ထက်တွင် ရခိုင်သည် ဘင်္ဂလားရဲ့ကျူးကျော်မှုကို တားဆီးပြီး ရခိုင်မင်းနိုင်ငံကို ဂဂါမြစ်ဝကျွန်းပေါ် ဒေသအထိ ချဲ့ထွင်ကာ လွတ်လပ်သောနိုင်ငံအဖြစ်သို့ရောက်နေပါပြီ။ (Harvey 1967:138-139)။

မြန်မာရာဇဝင်တို့တွင် အင်းဝမင်းခေါင် (၁၆၀၁-၁၆၂၂) လက်ထက် အေဒီ ၁၃၇၃ မှာ ဦးရိုးတော်စောမွန်ကြီးနဲ့ တလုပ်စားစောမည်းတို့ကို ရခိုင်ပြည်မှာ မင်းဆက်ပြတ်လို့ ရခိုင်မှာ ကျေးစားထည့်တယ်လို့ဆိုတယ်။

ရခိုင်ရာဇဝင်များမှာ ဒီအချက်ကို တစ်စုံတစ်ရာမျှမဖော်ပြ။ ရခိုင်မင်းဆက်ပြတ်တယ်လို့လည်းမလာဘူး။ ထို့ကြောင့် ရမ်းဗြဲတောင်ကျောင်းဆရာတော် ဦးစန္ဒမာလာလင်္ကာရက အောက်ပါအတိုင်း ပယ်ချတယ်။ 'သက္ကရာဇ် ၇၃၅ တွင် ခည ဝတီရခိုင်ပြည်တွင် မင်းဘီလူးကြမ္မာကုန်၍ မျူးမတ်တို့တိုင်ပင်ညီညွတ်၍ အင်းဝပြည်ရှင်မင်းကြီးစွာစော်ကဲထံ မှင်းလှာတောင်းအပ်သည်ဖြစ်၍ ဦးရိုးတော်စောမွန်ကြီးကိုပေးလိုက်သဖြင့် စောမွန်ကြီးရခိုင်ပြည်တွင် (၆) နှစ်နန်းစံ၍ သက္ကရာဇ် ၇၄၂ တွင်လွန်လေကြောင်း၊ ၎င်းနောက် ကျွန်တော်ရင်းဖြစ်သော တလုပ်မြို့စား စောမည်းကိုထပ်၍ပေးတော်မူသည်တွင် စောမည်းသည် တိုင်းသူပြည်သားတို့ကို နိပ်စက်ကလူပြုသောကြောင့် တိုင်းသူပြည်သားတို့ ညီညာ၍ ပုန်ကန်သောင်းကျန်းပြု၍ ထွက်ပြေးလာရကြောင်း၊ ပြည်သားပြည်သူတို့သည် နန်းကျကြီးမြေးကျော်စွာကို နန်းတင်၍ ခြားနားလေကြောင်းတို့နှင့်ဆိုသည်။ ထိုစကားရပ်များကို ငါတို့ရခိုင်ရာဇဝင်အစောင်စောင်၌ ကြည့်ရှုထောက်ထားရာ တစ်စုံတစ်ရာ အရိပ်အမြွက်မျှမတွေ့လေ။ မင်းဘီလူးနောက်တွင် စည်သဘင်အမတ်၊ ၎င်းနောက်တွင် မင်းဘီလူးသားမင်းထီးနန်းဆက်ခံစိုးစံကြောင်းကိုသာ ရာဇဝင်အစောင်စောင်တို့၌လာရှိပေသည်။ စောမွန်ကြီးရှေ့ နန်းကျကြီး၊ မင်းဘီလူးတို့စိုးစံကြောင်းမလာသောကြောင့် မြန်မာတို့၏ မှန်နန်းရာဇဝင်သည် ဆွဲတင်ရေးသားသောစကားသာဖြစ်မည်ထင်ပေကြောင်း' (စန္ဒမာလာလင်္ကာရ၊ ၂၅၃-၂၅၈) လို့ရေးပြီးပယ်ချထားတယ်။ မြန်မာရာဇဝင်တွေမှာလာတဲ့ယုတ္တိမတန်တဲ့အချက်တစ်ချက်ရှိသေးတယ်။ အေဒီ ၁၁၀၃ မှာလည်း ရခိုင်မှာ ကြမ္မာကုန်တာက မင်းဘီလူး၊ ၁၃၇၃ မှာ ကြမ္မာကုန်တာကလည်း မင်းဘီလူးဖြစ်နေတယ်။ခေတ်လွဲမှားခြင်း (Anachronism) ဆိုတာထင်ရှားတယ်။

အေဒီ ၁၄၀၆ မှာ တပင်ရွှေထီးနဲ့ ဘုရင့်နောင် ရခိုင်ကိုလာတိုက်တယ်ဆိုတာဟုတ်ပါတယ်။ နှုံးပြီးပြန်သွားကြတာပါ။ ရခိုင်ကိုခိုလာသည့်အကြောင်းကို မှန်နန်းရာဇဝင်က ဒီလိုရေးတယ်။

'... ပုသိမ် ဟံသာဝတီ မုတ္တမ စသော ဆိပ်ကမ်းမြို့များသို့ ကူးသန်းရောင်းဝယ်ရေးအတွက် လာရောက်ကြသော ကုန်သည်ဘော်များကို ရခိုင်တို့က ကြားမှ တိုက်ခိုက်သောကြောင့် ကုန်သည်ဘော်များမှန်မှန်မရောက်ရှိကြသဖြင့်' (မှန်နန်း-၃၊ ၂၄၀)

နှစ်ဖက်တိုက်ခိုက်ကြပုံကို မြန်မာရာဇဝင်က -

'ရခိုင်မင်းပင်ကြီးက ရေကြောင်း၊ ကြည်းကြောင်း ဆင်လုံး မြင်းရင်း လေ့တပ်အများနှင့်ကြိုလာသည်ကို ကြည်းကြောင်းကို ကြည်းကြောင်းချင်း၊ ရေကြောင်းကို ရေကြောင်းချင်းတွေ့ကြလေ၏။ စစ်ဖျားချင်းတိုက်မိလျှင် အကြောက်အရွံ့မရှိ ရွက်ရွက်ချွန်ချွန်လိုက်၍ တိုက်လေ၏။ မနည်းကြာလျှင် ဆင်ခင်း၊ မြင်းခင်း မသာသောကြောင့် ဟံသာဝတီမြင်းသည်တော်တို့ လွှင်လဟာသို့ထွက်၍နေကြကုန်၏။ လင်းပတေ့စားကို ရခိုင်တို့က စိန်ပြောင်းမြတပုန့်ငွေတံလိုက်လေသည်။ ကြည်စေ့သင့်၍ ဆုံးချေ၏။ သို့ဆက်ရာတွင် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ရောက်လာ၍ တိုက်လျှင် ရခိုင်သားတို့ ပျက်လေ၏။ ဆင်မြင်းလူသူရတော်မူသည်များ၏။ ကြည်းတပ်ပျက်လေလျှင် ရေကြောင်းသားတို့လည်း မြို့တော်သို့ အပြင်းဆန်၍ မြို့တော်မှဆက်လက်ခုခံကြသည်။ (ဦးကုလားမဟာရာဇဝင်ကြီး ၃၊ ၂၀၄-၂၀၅)

ရခိုင်ရာဇဝင်တို့က -

'မင်းတရားရွှေထီးကိုယ်တိုင်ခီလာ၍ ဒွါရာဝတီသံတွဲမြို့သို့ရောက်လျှင် ရခိုင်က ကင်းစောင့်ထားသော အမတ်လေးဦးကိုဖမ်းမိသည်။ မြို့တော်ကို အပြင်းခီလာလတ်၍ လောင်းကြက်မြို့တွင် ကြည်းရေကြော်၍ နေလာ၏။ ထိုစဉ် မြောက်ဦးမြို့အတွင်းမှ ဆင်မြင်းစစ်သည် အလုံးအရင်းနှင့်ထွက်၍ မြို့ခွေသော် ဟံသာဝတီတပ်တို့လိုက်လတ်၍ ပိုးခြည်ကျွန်းတွင်တိုက်ကြလေ၏။ ဟံသာဝတီကြည်းတပ်ပျက်၍ လက်နက်ကိရိယာတို့ကိုပစ်ခဲ့လျက် ရေသို့ချည်းပြေးဆင်းလေကုန်၏။ လေ့သူတို့လည်း ကျွန်းထင်းမျောသကဲ့သို့ မျောလေကုန်၏။ မင်းတရားရွှေထီးလည်း မြို့ကိုကြည့်ရှုကြော်၍ ရပြန်၏။ (ဓမည်။မဟာရာဇဝင်ကြီးဆီကြော ၈-ဆီးဝမ်း ၂)

ထပ်ပြီး မြန်မာရာဇဝင်တို့က ရခိုင်မင်းပင်ကြီးက ပထမအကြိမ်မှာ အမတ်နှစ်ဦးကိုစေလွှတ်ပြီး ဒုတိယအကြိမ်မှာ ရဟန်းတော်လေးပါးကို စေလွှတ်ပြီး အရေးဆိုတယ်လို့ ဆိုပါတယ်။ မြန်မာရာဇဝင်တွေမှာပဲ

www.burmeseclassic.com

ပြဖို့ အပြန်အလှန်မဟာမိတ်သံတမန်တွေလွှတ်ကြတယ်။ သဝဏ်လွှာမှာပါတဲ့ စကားတွေကိုလေ့လာရင် မြန်မာစာဖတ်တတ်ရင် နားလည်ပါတယ်။ အဝမှာ သာလွန်မင်းနန်းတက်လာတဲ့အခါ ရခိုင်ဘုရင် သီရိသုဓမ္မရာဇာနဲ့ ချစ်ကြည်ရင်းနှီးစွာဆက်ဆံပြီး မဟာမိတ်ဖွဲ့ခဲ့တာတွေ့ရတယ်။ သာလွန်မင်းနန်းတက်တဲ့ အေဒီ ၁၆၂၉ ခုနှစ်မှာ ရခိုင်ဘုရင် သီရိသုဓမ္မရာဇာက သံအဖွဲ့တစ်ဖွဲ့စေလွှတ်တယ်။ ရာဇသံမှာ -

'. . . ဘိုးတော်မင်းနှစ်ပါးချစ်ခင်ကြ၍ ပြည်နှစ်ပြည်သည် တပြည်ကဲ့သို့ ပြည်သူရဟန်းတို့သည် ငြိမ်းချမ်းသာယာစွာဖြစ်၍ သာသနာတော်စည်ပင်ပြန့်ပွားမည့်အကြောင်းကိုကြိုက်တော်မူသည်။'

(ဦးကုလား၊ မဟာရာဇဝင်ကြီး၊ တ၊ ၂၀၀)

အေဒီ ၁၆၃၄ ခုနှစ်မှာ ရခိုင်ဘုရင် သီရိသုဓမ္မရာဇာက သာလွန်မင်းထံပေးပို့တဲ့သဝဏ်လွှာမှာလည်း -

'. . . မော်လမြိုင်စား မွန်တို့ကမစပါဟူ၍ လူနှင့်စာရောက်သည်ကို မင်းနှစ်ပါးသည် မဟာမိတ်ပြုပြီးဖြစ်၍ နှစ်ကိုယ်တကိုယ်နှစ်ပြည့်တပြည်အမှတ်ဖြင့် မဖောက်ပြန်သာ။ အစီအရင်ကို တညီတညွတ်တည်ပြုကြကြေစည်ကြသည်ဖြစ်၍ အခြားတစ်ပါးသို့ ယိုင်းပင်းပြန့်လွင့်လေသည်ထက် သာလွန်မင်းတရားကြီး အလိုရှိသည်အတိုင်း နေကြစေလိုသည်ဟု ပြန်ကြားခဲ့ကြောင်း' လို့ ဖော်ပြထားတယ်။ မြောက်ဦးမင်းဟာ အဝမင်းလက်အောက်ခံဖြစ်နေရင် မော်လမြိုင်က မွန်တွေက သာလွန်မင်းကိုပုန်ကန်ဖို့ကိစ္စမှာ ရခိုင်မင်းထံက အကူအညီတောင်းမှာလား။

နောက်ဆုံးအနေနဲ့ သမိုးကညာဆက်သတဲ့ကိစ္စကို ဆွေးနွေးကြတာပေါ့။ ပဒေသရာဇ်တွေရဲ့သားပေးသမီးယူကိစ္စမှာ ပုံစံအမျိုးမျိုးရှိတယ်။ တစ်ဖက်သတ်အဆုံးအဖြတ်နဲ့ အဓမ္မပြုခြင်း။ ဥပမာ လောင်းကြတ်မှာ နန်းတင်ထားတဲ့ အဝမင်းခေါင်ရဲ့သမက် နော်ရထာနဲ့ သမိုးရွှေပြည်ချမ်းသာကို ရာဇဓိရာဇ်ကတိုက်ပြီး သမက်ကိုသတ်ပြီး သမိုးကို ရာဇဓိရာဇ်ကိုယ်တိုင်ယူတယ်။ ရာဇဝင်တွေမှာ မင်းခေါင်က အရမ်းနာကြည်းတဲ့အကြောင်းရေးထားတယ်။ နောက်ဝန်မှူးက ရန်စစ်ငြိမ်းချင်လို့ နှမ သမိုးဟိုတဲ့ သမိုးကို တစ်ဖက်ကဘုရင်နဲ့ပေးစားတာဖြစ်တယ်။ ဥပမာ ဟံသာဝတီက ရှင်စောပု လက်အောက်ခံသာဖြစ်နေခဲ့ရင် ရခိုင်ဘုရင် မင်းရာဇာကြီး (နရာမိပတိ) ဟာ သက္ကရာဇ် ၁၆၀၀ မှာ ဟံသာဝတီကို သိမ်းယူဝံ့မှာမဟုတ်ပါ။ ဒီအကြောင်းကို အကျဉ်းဆွေးနွေးကြမယ်။ ရာဇဝင်တွေမှာပါတဲ့စကားကို အသေအချာလေ့လာပါလို့ပြောပါရစေ။ စကားအသွားအလာကိုကြည့်ရင် ထီးဖြူဆောင်းမင်း၊ ရည်တူပြည်ထောင်ချင်းမင်းတွေဆိုတာသိရမယ်။

'. . . တောင်ငူဘုရင်က ရခိုင်ဘုရင်ကို ဟံသာဝတီကိုချီပြီးလုပ်ကြံပါ။ အရေးပြီးလျှင် ဆင်ကြီးမြင်းကြီးသမီးကညာပေးပါမည်။'(ဦးကုလား၊ မဟာရာဇဝင်ကြီး၊ တ၊ ၉၆-၉၇)

'ဟံသာဝတီကို သိမ်းပြီးနောက် တောင်ငူဘုရင် မင်းရဲဇီဟသူသည် ရခိုင်ဘုရင်သို့ အထူးထူးသော ပုဆိုးခါသာ၊ အပြားပြားသောမိုင်းလုံး၊ ရွှေဖျင်၊ အထွေထွေသော မုန့်ယို၊ သနပ်မျိုးစုံ၊ ဆင်ဖြူတစ်စီးနှင့် ဟံသာဝတီဘုရင် ငါးဆူဒါယကာ၏ သမီးတော် မင်းသမီး ခင်နှောင်းကို မိဖုရားကြီးတို့၏အဆောင်အယောင်နှင့်တကွလည်းကောင်း၊ ရွှေငွေရတဲနာအများနှင့် လက်နက်၊ ပြောင်းမီးပေါက်များ၊ ဆင်ဖြူများရှင် ယိုးဒယားမှသိမ်းယူခဲ့သော ကြေးရုပ်မွားထုပေါင်း သုံးဆယ်အပြင် ဟံသာဝတီရှိ ယိုးဒယားအိမ်ထောင်စုသုံးထောင်တို့ကိုလည်းကောင်း၊ လက်ဆောင်ပေးတော်မူသော . . .'

(ဦးကုလား၊ ရာဇဝင်ကြီး၊ တ၊ ၉၉-၁၀၀)

ရခိုင်ဘုရင် မင်းရာဇာကြီးဟာ အများဆုံးဝေစုကိုရယူခဲ့ခြင်းဖြစ်ပါတယ်။ တစ်ဖန် ရခိုင်ရာဇဝင်က '. . . ဤသို့လျှင် တောင်ငူဘုရင်က နောင်တော် ဟံသာဝတီ ဘုရင့်သမီးတော် ခင်မနှောင်းကို လက်ဆောင်ဆက်လိုက်သဖြင့် တောင်ငူမင်းက ငါတို့ဘုရင်မင်းရာဇာကို တူတော်ခေါ် တော်မူသည်။ ငါတို့ဘုရင် မင်းရာဇာက လည်း တောင်ငူဘုရင်ကို ဦးရီးတော်ခေါ်တော်မူ၍ မပြတ်မင်းစေတမန်လွှတ်၍ သင့်မြတ်ချစ်ကြည်စွာရှိကြလေသည်။'(စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ် ဒု၊ ၁၄၀)။ 'တောင်ငူ ဘုရင်က လည်း ရခိုင်ဘုရင်သို့ တူတော် ဟူသော အခေါ်အဝေါ် သဖြင့် မပြတ်စေပါးပြီး ရခိုင်ဘုရင်ကလည်း ဦးရီးတော် ဟူသော အခေါ်အဝေါ်ဖြင့် မပြတ်စေပါးကြသည်'။ (ဦးကုလား၊ ရာဇဝင်ကြီး၊ တ၊ ၁၀၆)

တန်းတူရည်တူမင်းတွေဖြစ်ကြောင်း '. . . မြို့ကို ကြည်းအား၊ ရေအား တက်စေသည် မရချေ။ ရခိုင်မြို့သည် ထောင်ထိပ်မှာလည်းဖြစ်သည်။ မြို့လည်း ခိုင်သည်။ ကျုံးမြောင်းလည်းကျယ်သည်။ လက်နက်ကရိယာလည်းထူထပ်လှသည်။ ယင်းသို့ဖြစ်သောကြောင့် ကြိမ်ဖန်များစွာလုပ်ကြံသော်လည်း မြို့ကိုမရချေ'

(ဦးကုလား၊ ရာဇဝင်ကြီး ဒု၊ ၂၁၄) လို့ ဆိုပြန်ပါတယ်။

တစ်ဖန် ဘုရင့်နောင်မင်း ထိုမှနောက်တွင် ရခိုင်ကိုမခို့တော့တဲ့အကြောင်းကို ဖော်ပြရာမှာ -

'မင်းတရားရွှေထီးလက်ထက် ရခိုင်သို့ခို့သောအခါ ဘုရင့်နောင်ကျော်ထင်အနော်ရထာကို သူကဝန်းမိလေရာတွင် ရခိုင်ကိုသည်ဖြင့်မခို့ပြီဟူ၍ သစ္စာဂုတိရှိသောကြောင့် အထွတ်အမြတ်သို့ ရောက်တော်မူလျှင် ရခိုင်ကိုမလုပ်မကြံနေတော်မူသည်' (ဦးကုလား၊ ရာဇဝင်ကြီး ဒု၊ ၂၂၁)။

အထက်ပါ မြန်မာရာဇဝင်များမှာ လာတဲ့အဆိုအမိန့်တွေကိုကြည့်ခြင်းအားဖြင့် ဟံသာဝတီတပ်တွေက စစ်ရေးအသာစီးရပြီး မြို့တော်ကိုခြိမ်းခြောက်နိုင်ခဲ့ဟန်မတူပါ။ မြန်မာရာဇဝင်မှာလာတဲ့ ထိုစာပိုဒ်များကို အယူဒ္ဒယကိုနိုင်တဲ့ စာပိုဒ်တွေနဲ့ နှိုင်းယှဉ်ကြည့်ကြပါလို့ ဦးဆက်ထွန်းလင်းကို အကြံပြုပါတယ်။ တကယ်လို့သာ ရခိုင်ကိုနိုင်ခဲ့ရင် ဒေါက်တာသန်းထွန်း ထုတ်နုတ်ပြတဲ့ အောက်ကကိုးကားစာလို မောက်မာစော်ကားတဲ့ အသုံးအနှုန်းတွေနဲ့ မှတ်တမ်းတင်ထားမှာမလွဲပါ။

အမောင်တို့မှတ်သားကြ၊ ဤကား မြန်မာက ယိုးဒယားကို ပထမအကြိမ်ကြီးစွာအောင်နိုင်ခြင်းတည်း။ ထိုအောင်နိုင်ခြင်းဖြင့် ပညာအမျိုးမျိုးကိုရလိုက်ခြင်းသည် တခြားအကျိုးထက်ကြီး၏'

ဒါကြောင့် တပင်ရွှေထီးနဲ့ ဘုရင့်နောင်တို့ရဲ့ ၁၄၄၅-၄၆ ခုနှစ် ရခိုင်သိမ်းပိုက်ရေးစီမံကိန်းဟာ အရေးမလှဘဲ ဆုတ်ခွာခဲ့ရတယ်ဆိုတာ သဘိုင်းမှန်ပါ။ မြန်မာရာဇဝင်များသည် မင်းအရည်အချင်းညံ့လျှင် အရောင်ဆိုးပေးကြပြီး သမိုင်းကြောင်းတစ်ကွက်မှာ နှလုံးမသာစရာပါလေလျှင် သာသာဖေးဖေး ၊ရေး၍ လက်မချောချောအောင်ကွန့်ကြပါတော့တယ်။ မြောက်ဦးဟာ ဟံသာဝတီရဲ့

www.burmeseclassic.com

www.burmeseclassic.com

ကို အဝကိုပို့တဲ့ပုံသက်သေပါ။ နောက်တစ်မျိုးက ကျေးဇူးဆပ်လိုရှိ သို့မဟုတ် အမှီရလိုရှိ သမီး မဟုတ် နှမကို တခြားမင်းနဲ့ လက်ဆက်စေခြင်းဖြစ်ပါတယ်။ ဥပမာ ပြည်ဘုရင်က နှမတော် မြမင်းဘုန်းကို ရခိုင်ဘုရင်ထံဆက်သတာ၊ တောင်ငူဘုရင် မင်းရဲသီဟသူက နန္ဒဘုရင်ရဲ့သမီးတော်ကို ရခိုင်ဘုရင်ကို ဆက်သတာမျိုး ဖြစ်ပါတယ်။

ရခိုင်ရာဇဝင်မှာ တန်ဆောင်းမိဖုရားလို့ထင်ရှားတဲ့ ပြည်ဘုရင်ရဲ့ နှမတော်မြမင်းဘုန်းအကြောင်းကို ပြောပါမယ်။ အေဒီ ၁၅၃၅ နဲ့ ၁၅၄၀ မှာ မင်းတရားရွှေထီးဟာ ဟံသာဝတီနဲ့ပြည်ကို တိုက်ခိုက်သိမ်းပိုက်တယ်။ အေဒီ ၁၅၃၈ မှာ ပြည်ဘုရင် နရပတိနဲ့ ဟံသာဝတီဘုရင် သူရှင်တကာရွတ်ပိတို့ အနိစ္စရွောက်ကြတယ်။ တပင်ရွှေထီးနဲ့ဘုရင့်နောင်က ဟံသာဝတီကို အလွယ်တကူသိမ်းလိုက်နိုင်တယ်။ ဒါပေမယ့် နရပတိကို ဆက်ခံတဲ့ ပြည်ဘုရင် မင်းခေါင်ဟာ ရခိုင်ဘုရင် မင်းပင် (၁၅၃၁-၁၅၅၃) နဲ့ မဟာမိတ်ဖွဲ့ပြီး တောင်ငူရဲ့ဩဇာကိုခြားနားတယ်။ မင်းခေါင်ဟာ နောင်အမှီရမည်ကိုသိလို့ နှမတော်မြမင်းဘုန်းကို ရခိုင်ဘုရင်မင်းပင်ကို ဆက်သတယ်။ ရခိုင်ဘုရင်လည်း ပြည်ဘုရင် နှမတော်ကို တန်ဆောင်းမိဖုရားအမည်နဲ့ နန်းတင်တယ်။ (မှန်နန်းရာဇဝင်တော်ကြီး၊ ၃၊ ၁၉၆၀၊ ၁၉၅-၁၉၆)။ တန်ဆောင်းမိဖုရားရဲ့ရတုကို အောက်မှာဖော်ပြပေးလိုက်ပါတယ်။

'. . . မင်းခေါင်ဟူသည် ရွှေပြည်သခင်၊ မိတ်ကြီးရှင်ကြောင့်၊ နောက်ငင်တွယ်တာ၊ ခန်းသုဝါမြေ၊ သပြေကျွန်းမှ၊ မကြွချင်ဘူး၊ မျက်ရည်နူးစွ၊ ရပ်ကျွးသူပြည်၊ ဖုန်းစည်မင်းများ၊ မသနားရှဲ၊ တို့အားပို့ပေ၊ ကြမ္မာဝေသည်၊ ငှက်ရွေကွဲ၏. . . ' (စာဆိုတော်များရတုပေါင်းချုပ်၊ ၁၉၆၆၊ ၂၁၉-၂၂၀)

ဒီနေရာမှာ ပုဂံဝန်ထောက်ဦးတင်က မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းမှာ -

. . . 'ဟံသာဝတီ ဆင်ဖြူများရှင်က တောင်းသောရခိုင်မင်းသမီးကို ရခိုင်မင်းကပေးသဖြင့် မဟာမိတ်ဖြစ်ကြသည်' ဟု ပါသည်။ မင်းတရားရွှေထီးနှင့် ဘုရင့်နောင် ရခိုင်တွင်နှုန်းချိန်ပြန်ခဲ့သည်။ မည်သည့်မင်းသမီးဟုလည်းမပါ။ ၁၄၄၆ တွင် မင်းတရားရွှေထီး ရခိုင်သို့ချီသည်မှ ၁၆၀၀ ခုနှစ်တွင် ရခိုင်နှင့် တောင်ငူ ဟံသာဝတီကို သိမ်းယူသည်အထိ မြောက်ဦးနှင့် ဟံသာဝတီဆက်ဆံရေး တင်းမာနေခဲ့သည်။ ထို့ကြောင့် ဤအချက် လုံးဝမဖြစ်နိုင်ပါ။ ဒီတော့ တန်ဆောင်းမိဖုရား မြမင်းဘုန်းနဲ့ နန္ဒဘုရင်ရဲ့သမီးတော် ခင်မနှောင်းကို ဘယ်သူက ဘယ်သူ့ကိုဆက်သလဲ ဦးဆက်ထွန်းလင်းသဘောပေါက်လောက်ပါပြီ။

ဦးဆက်ထွန်းလင်းက ရခိုင်စာ/ယဉ်သို့ပြန်ကြားသောစာကို ဖတ်ကြည့်ရာ -

၁။ သူသည် သမိုင်းဘာသာရပ်ဟူသည် မည်သို့သောဘာသာရပ်ဖြစ်သည်ကို နားမလည်။ (Historicity) ခေါ် သမိုင်းစစ်မှန်မှု သဘောတရားကို လုံးဝသဘောမပေါက်။

၂။ ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင်တို့ကို ဝေဖန်လိုခြင်းကြောင့် ရခိုင်သမိုင်းရေးသားမှုများမှ ဟိုတစသည်တစဆွဲထုတ်၍ဝေဖန်ပြသည်။ သူဆွဲထုတ်ပြသည့်အချက်တော်တော်များများသည် သမိုင်းမဟုတ်ဆို သည့်အချက်ကို နားမလည်။

၃။ သမိုင်းသုတေသန၏ အသက်ဖြစ်သောကျမ်းအာညွှန်းပေးသည့်စနစ်ကိုလည်း နားမလည်။ အထောက်အထားကိုအသုံးမပြုမီ ကျမ်းဝေဖန်ခြင်း (Texts Critiques) ဆိုတာကိုလည်းသဘောမပေါက်ပါ။

ထို့ကြောင့် အဝေးသင်တက္ကသိုလ်မှ ပထမနှစ်သင်ခရီးများကိုစပြီးလေ့လာပါဟုအကြံပြုပါသည်။ ယခုပုံစံမျိုးနှင့်တော့ ဦးဆက်ထွန်းလင်းရေးသားသောသမိုင်းမှာ အမှီကိုးကားထဲကသမိုင်းအဆင့်သာဖြစ်သည်ဟု မှတ်သားကြပါလေ။

ဒေါက်တာအေးချမ်း

ကျမ်းညွှန်း -

ဦးကုလား ၁၉၆၀၊ မဟာရာဇဝင်ကြီး (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ)၊ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။

ငမည်၊ ဆရာ၊ မဟာရာဇဝင်ကြီး (ပေမူ)၊ ရန်ကုန်တက္ကသိုလ်များစာကြည့်တိုက်။ တိုက်ပိုင်အမှတ် ၂၁၄၆။

စံသာအောင်၊ ဦး၊ ၁၉၆၉၊ ရခိုင်ဒဂံးများ၊ ရန်ကုန်၊ စိတ္တသုခပုံနှိပ်တိုက်။

စန္ဒမာလာလင်္ကာရအရှင်၊ ၁၂၇၁၊ ရခိုင်ရာဇဝင်သစ်ကျမ်း (ပထမတွဲ နှင့်တယတွဲ)၊ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး၊ နှင့်လှ(စ်)၊ ဂျီအိပ်ခ်၊ ၁၉၃၃-၅၇၊ တိုင်းရင်းမြန်မာကျောက်စာများ(ဓာတ်ပုံ)၊ ငါးတွဲ၊ အောက်စဖို့ဒ်တက္ကသိုလ်။

------၂၀၀၈၊ မှန်နန်းရာဇဝင်တော်ကြီး (၁၊ ၃၊ တ) ရန်ကုန်၊ မုံရွေးပုံနှိပ်တိုက်။

သန်းထွန်း၊ ဒေါက်တာ၊ ၂၀၀၂၊ ခေတ်ဟောင်း မြန်မာရာဇဝင်၊ ရန်ကုန်၊ အင်းဝတိုက်။

------၁၉၇၆၊ စာအဆိုတော်များရတုပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။

အဒူမင်ညို၊ ၁၉၆၆၊ ရခိုင်မင်းသမီးခေါင်း၊ ရန်ကုန်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်။

Aye Chan. 1988.Regional Economy and Inter-Ethnic Relations of Pre-Modern Burma (C.1200-1600). Graduate School of Faculty of Letters, Kyoto University.

Do 2012. The Kingdom of Arakan in the Indian Ocean Commerce (SD 1430-1666). Busan University of International Studies:

Gutman, Pamelea.1976.Ancient Arakan: With Special Reference to Its Cultural History between the 5th and 11th Centuries, A Ph.D Dissertation, Australian National University.

Jihnston, EH."Some Sanskrit Inscriptions of Arakan," Bulletin of the School of Oriental and African Studies, London University.

Qanungo, SuitiBushan.1988. A History of Chittagong. Dhaka Signet Library.

Rashid HarounEr.1977. Geography of Bangladesh. Dhaka. Dhaka University Press.

www.burmeseclassic.com

www.burmeseclassic.com

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)၊
ရခိုင်သမိုင်းပညာရှင်အဖွဲ့နှင့် ရခိုင်တိုင်းရင်းသားများသို့တောင်းပန်ခြင်း

၂၀၁၈ ခုနှစ်၊ မေလထုတ် သူရဇ္ဇမဂ္ဂဇင်း စာမျက်နှာ ၂၅ မှ ၂၈ တွင် ဖော်ပြပါရှိသော ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ) ရေးသားသည့် 'ရခိုင်မဟာမုနိဘုရားကြီးအပေါ် ပုဒ္ဓဂိုဏ်းကျူးလွန်မိခြင်းနှင့် မြောက်ဦးအဓိကရုဏ်း စသည့် မပြီးဆုံးနိုင်သောပြဿနာများ ဆက်လက်ဖြစ်ပွားနေခြင်း၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်' ဟူသော ဆောင်းပါးသည် ရခိုင်တိုင်းရင်းသားတို့၏ သမိုင်းကြောင်းကို မဟုတ်မမှန်လုပ်ကြံရေးသားခြင်း၊ ရခိုင်တိုင်းရင်းသားတို့၏ ဂုဏ်သိက္ခာကို နှိမ့်ချချိုးနှိမ်စော်ကားရေးသားခြင်းတို့ကြောင့် ရခိုင်တိုင်းရင်းသားများမကျေမနပ်ဖြစ်ပွားလျက်ရှိကြောင်း ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ဧမလ ၄ ရက်၊ ၂၀၁၈ နေ့တွင် သတိပေးအကြောင်းကြားစာ ပေးပို့လာပါသည်။

အထက်ဖော်ပြပါ ဆောင်းပါးသည် ရခိုင်တိုင်းရင်းသားတို့၏ဂုဏ်သိက္ခာနှင့် သမိုင်းကြောင်းကို နှိမ့်ချစော်ကားလိုသည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့ခြင်းမဟုတ်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးအတွက် စာရေးသူ၏ ပုဂ္ဂလိကရေးသားချက်တချို့ ပါဝင်သွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ရခိုင်တိုင်းရင်းသားများအားလုံးကို အထက်ဖော်ပြပါဆောင်းပါးတွင်ပါရှိသော ရေးသားချက်များအားလုံးအတွက် စာရေးသူမှ တောင်းပန်အပ်ပါသည်။

စာရေးသူ
ဆရာဦးဆက်ထွန်းလင်း(အာယုဗ္ဗေဒ)

အဲထက်ဖော်ပြပါ ဆောင်းပါးအား ဖော်ပြမိခဲ့သည့်အတွက် ရခိုင်တိုင်းရင်းသားများအား တောင်းပန်ပါကြောင်း။
နောင်တွင်လည်း ရခိုင်စာပေ၊ ယဉ်ကျေးမှု၊ သမိုင်းဆိုင်ရာ ဆောင်းပါးများအား ဖော်ပြရန် ဆင်ခြင်ပါမည် ဖြစ်ပါကြောင်း။

စာတည်းချုပ်

www.burmeseclassic.com

www.burmeseclassic.com

မင်းခြံမြေ(ဟာသ)

ကိုယ်တွေ့ ကြားဖြတ်သုတပြုခဲ့ရသော အာဂရတ်လောကမှ ၇ ထူးထွေဆန်းပြား ဇာတ်လမ်းများ

လောကကြီးမှာ ထူးထွေဆန်းပြား ဇာတ်လမ်းများ များစွာရှိကြတဲ့အထဲမှာမှ ဓာတ်ကောင်းထက် ဂုဏ်အစစ်အမှန် ဓာတ်ပစ္စည်းအထူးအခြားကလေးများ ကံအားလျော်စွာရရှိထားကြပါသော်လည်း မျောက်အုန်းသီးရသလိုမျိုး ဘာလုပ်ရမှန်းမသိ ကိုယ်ထင်ရာကိုယ်စိုင်းပြီးကာမှ နောင်တရကြရသော ဖြစ်စဉ်လေးပေါင်းများစွာရှိကြသည့်အထဲမှ -

စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့ရသောဖြစ်စဉ်နှောင်းနောင်တကြုံရပုံလေးနှင့် မိတ်ဆွေရင်းချာတချို့ အဂ္ဂိရတ်လောကနည်းပညာနယ်ပယ်ထဲမှတဝဲလည်လည် ကြုံတွေ့ကြရပုံ ဇာတ်လမ်းစုံလေးများကို ဝါသနာရှင်သုတေသီများ ကြားမြင်သုတဖြစ်စေရအောင် တင်ပြပေးပါမည်။

တိုးလွန်ခဲ့သောနှစ်လေးငါးဆယ်ကာလက ဒီသူဇာဆေးတိုက်ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဦးထွန်းဖေဟူခေါ်သည့် မိတ်ဆွေကြီးသည် ထိုစဉ်က စီးပွားရေးအဆင်ပြေ၍ လက်ဖျားငွေသီးနေသလို သူဝါသနာဝါတဲ့အဂ္ဂိရတ်ပညာကိုလည်း လူအား၊ ငွေအားအပြည့်ထားပြီး ကြိုးစားကာ ရှာနေတဲ့အခိုက်အခါလည်ဖြစ်နေပါသည်။

သူမှာက ငွေကြေးအတွက် ပူမင်စရာမရှိ ပြီးပြည့်စုံနေလေတော့ အဂ္ဂိရတ်လုပ်ရတ်စားလမ်းရွေးဖြစ်လမ်းလုံးကိုရအောင်ရှာကြံနိုင်ခဲ့လေသည်။

သူဟာ အခြေခံဓာတ်ကောင်းဖြစ်သည့် ခြဲသံကောင်းကောင်းကိုရရှိထားပြီဆိုတော့ကာ သမားစဉ်လမ်းကောင်းတစ်ခုဖြစ်သော သံကို မင်းလေးပါးနှင့် သတ်သည့်လမ်းစဉ်ကို အထူးပြုမေ့ဂျာအဖြစ် သတ်မှတ်လိုက်ပါတော့သည်။

သည်တော့ မင်းလေးပါးဓာတ်မှာ အဓိကဖြစ်သော စိန်နီမြင်းသွားအစစ်ဂျာမနီမှလာသော စိန်နီမြင်းသွားကို ပေါင်ထုတ်လိုက်မှာယူပြီး သံသေဓာတ်လုံးလမ်းစဉ်ကို အင်တိုက်အားတိုက်စီရင်၍ ဖိုခွင်ဝင်ပါလေတော့သည်။

သို့သော် သူထင်ထားသလို လမ်းစဉ်ကဖြစ်မလာပေ။ စာညွှန်းမလိုက်လမ်းစဉ်မကိုက်ဖြစ်နေလေတော့ ငါ့ဒီလောက် အကောင်းဆုံးတွေကို ရွေးချယ်ပြီး စိမ်တာကို ဘာလို့များဓာတ်လမ်းစဉ်မအောင်မြင်ရပါလိမ့်ရယ်လို့ နာလိုခံခက်မာနတက်၍ အပြီးတိုင်အောင်စီရင်မဟဲ့ဆိုပြီး မာန်တင်းပြီးတော့ ဇာတ်ကြမ်းတိုက်လာလိုက်တာ သူရွာဖွေထားတဲ့ခြဲသံမဏ္ဍိုင်အုံလိုက် တစ်ပိဿာကျော်လေးချိန်ဟာ နောက်ဆုံးတော့ (၅)ကျပ်သားလောက်သာကျန်တော့တဲ့အနေမှာတော့ မဖြစ်ချေဘူး။ ဒီခြဲသံမျိုးလေးသာကုန်သွားရင်တော့ ဘာမှလုပ်ရမှာမဟုတ်တော့ဘူးရယ်လို့ အတွေးဝင်လာပြီး ဒီလမ်းစဉ်ကို တကယ်သေချာစွာသိနားလည်တဲ့ဆရာကောင်းကို ရှာတွေ့တော့တာပဲ။ နောက်ဆုံးလက်ကျန်ခြဲသံမျိုးစေ့လေးကို ဓာတ်လမ်းစီမံတော့မည်ဟုဆုံးဖြတ်ချက်ကိုပိုင်ပိုင်ချလိုက်ပြီး တစ်နှစ်လောက်အချိန်ယူပြီး ဆရာရှာလိုက်တာ နောက်ဆုံးမတော့ ပြည်ဘက်ကမြင်ဘာဟူတောင်ဆရာတော်နှင့်တွေ့ဆုံလိုက်တော့မှပဲ ဆရာကောင်းကို အမှီရတော့လေသည်။

မြင်ဘာဟူတောင်ဆရာတော်နှင့်တွေ့တော့ သူဒီခြဲသံဓာတ်လမ်းစဉ်ကို အလိလိစီမံကြိုးစားအားထုတ်ခဲ့ရပုံတွေကို အသေးစိတ်ပြောပြလိုက်တော့ ဆရာတော်က သေချာနားစိုက်နေပြီးမှ -

"မောင်ရင် ကန့်ဓာတ်ကိုဘာကန့်သုံးသလဲ"

ဟု တစ်ခွန်းတည်းမေးလေသည်။ သည်တော့ -

"တပည့်တော်ဆီးဖြူကန့်အကောင်းစားကိုသုံးပါတယ်"

လို့ ပြောလိုက်တော့-

"အေး - အဲဒီမှာ စပြီးတော့လွဲပြီပေါ့"

ဟု တိုတိုပဲပြောလိုက်ပြီး-

ကို သူ လုံးဝစိတ်မဝင်စားဘဲ သိဒ္ဓိတက်လမ်း ဓာတ်ကြီးလမ်းစဉ်ကိုသာ စိတ်ဝင်စားကာ ကြိုးစားရှာဖွေပါတော့သည်။

ထိုဓာတ်ကြီးလမ်းစဉ်တွေထဲမှာမှ သံသေဓာတ်လုံးလမ်းစဉ်တစ်ခုဖြစ်သော ခြဲသံကိုစီရင်သည့် ဇာတ်လမ်းကို အထူးစိတ်ပါဝင်စားလေတော့ တောအနှံ့တောင်အနှံ့ ခင်ရာမင်ရာအသိမိတ်ဆွေများကို မလွတ်တမ်း အသိပေးရှာဖွေခိုင်းပြီး အကောင်းဆုံးဖြစ်တဲ့ခြဲသံအမတေသံလုံးနှင့်တကွ ခြဲသံမဏ္ဍိုင်အုံလိုက်ကြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

"ခြဲသံကို မင်းလေးပါးနဲ့သတ် တဲ့ လမ်းကိုလုပ်တော့မယ်ဆိုရင် အရင် ဦးဆုံး လက်ျာကန့်ကိုရအောင် အရင်ရှာ ပြီးမှ စီရင်ရတယ်မောင်ရင်ရဲ့။ ဒါမှ လိုရာ ခရီးကို အမြန်ပြီးတာပ"

ဟု ပြောလေ၏။

"ဒါဆို တပည့်တော်မှာတော့ လက်ျာကန့်မရှိလေတော့ ဘာမှလုပ်မရ တော့ဘူးထင်တယ်။ ကြိုးစားထားခဲ့သမျှ တော့ သဲထဲရေသွန်ကိန်းဆိုက်နေပါပြီ"

ဟု ပြောလိုက်တော့-

ဆရာတော်က -

"ဒီလိုလည်းမဖြစ်ရအောင် ဘုန်းကြီး မှာ လက်ျာကန့်အနည်းကျဉ်းရှိတာလေး ကို မောင်ရင့်ကိုစွန့်လိုက်ပါမယ်"

ဟု ပြော၍ ဘုန်းကြီးအိပ်ခန်းထဲ သို့ဝင်သွားပြီး ပြန်ထွက်လာတော့ -

"မောင်ရင် လက်ျာကန့်အစစ်ကို သေချာဂဃနဏာသိသလား"

ဟု မေးလေးသည်။

"တပည့်တော် ဆရာတော်ပြမှ သာသိရမှာပါဘုရား"

ဟု ပြောလိုက်သောအခါတွင် ရွှေ ရောင်လိုဝင်းပြောင်နေသောလက်မအနေ လောက်အရွယ်သတ္တုတုံးလေးကိုထုတ်ပြ လိုက်ပါသည်။

မသိလျှင် တကယ့်ရွှေတုံးအတိုင်း ပင် ကြည့်ရတာ နှစ်လိုဖွယ်ရာကောင်း လှပါသည်။

"ဆရာတော် အခုပြလိုက်လို့သာ လက်ျာကန့်အစစ်မှန်း တပည့်တော်သိရ တာပါဘုရား။ မဟုတ်လို့ကတော့ ရွှေ ပါဝင်နေတဲ့ ရွှေဆတ်ကျောက်လို့ပဲထင်မိ မှာ မလွဲပါ"

ဟု ဦးထွန်းဖေ၏စိတ်ထဲတွေးနေ ပါတော့သည်။

"ဒါဆို တပည့်တော်ကို လက်ျာကန့် အစစ် ဓာတ်လုံးတစ်လုံးတည်နိုင်လောက် တဲ့ အလေးချိန်ဖြစ်တဲ့ (၂) ကျပ်သား လောက်စွန့်ပါဘုရား"

ဟု အရဲစွန့်၍ လျှောက်ထားလိုက် ပါတော့သည်။

ဆရာတော်လည်း ခပ်တွေတွေ လေးစဉ်းစားနေပြီးမှ -

"အေးလေ - မောင်ရင်ကလည်း စိတ်ဆန္ဒအလွန်အဓိပတိတက်နေလေ တော့ ဘုန်းကြီးမှာ ဓာတ် (၅)ကျပ်သား လောက်ရှိတဲ့အထဲကနေ (၂) ကျပ်သား စွန့်လိုက်ပါ့မယ်။ ဒါပေမယ့် မောင်ရင် အခု လုပ်မယ့်ဓာတ်လမ်းစဉ်ကိုတော့ မခြွင်း မချန် ဘုန်းကြီးကိုအကုန်ပြောရမယ်"

ဟု စကားဆိုခဲ့လေပြီ။

ဦးထွန်းဖေလည်း ဆရာတော် စကားကြားလိုက်ရတော့ အလွန်ဝမ်းသာ သွားပြီး သူ၏ဓာတ်လမ်းစဉ်ကို အသေး စိတ်ပြောပြလေတော့သည်။

■ သံသေဓာတ်လုံးလမ်းစဉ်

ခြဲသံကောင်းကောင်း (၂)ကျပ်သား ကို မင်းလေးပါးဓာတ် (စိန်နီမြင်းသွား၊ ကျောက်ဆေးဒန်း၊ လက်ျာကန့်အစစ် ပန်းသေးဟင်းရိုင်းအစစ်) ၎င်းဓာတ်လေး ပါးကို (၂) ကျပ်သားစီ ဆတူ ကောလီ သားကျအောင်ရောထောင်းပြီး သံပရာ ရည်နှင့် (၃) ကြိမ်ကြိတ်ကာ၊ (၃) နေ ခြောက်သွေ့အောင်နေလှန်း၍ဓာတ်များ အားလုံးဝင်ဆံ့လောက်အောင်လုံတစ်လုံး တွင် သေချာသိပ်၍ထည့်ပြီး ဖွဲမီးဖြင့် (၇) ရက်ဖုတ်ရပြီး -

၎င်းမှရလာသောဓာတ်ပြာကို ကြေးနီ အစစ် ကြေးဖလားအနေတော်တစ်လုံး တွင် ရွှားစောင်းလက်ပပ်သတ္တုရည်နှင့် ဆတူထည့်၍ အရည်ခန်းအောင်ချက်ရ ပါသည်။ ၎င်းမှချက်၍ရသော ပြာကို ဖားဖိုမီးဖြင့် လက်ချားမီးပွကိုသုံးပြီး ဓာတ်သားပြန်ချယူရပါတယ်။

၎င်းမှရလာသော သံသေပြဒါး ဓာတ်သားကို သန့်စင်ထားသော နာ(ခဲ) ဖြင့် လေးတူတွဲ၍ ချက်သွားရပါမည်။

ဤသို့ နာကို ဓာတ်၏ (၇) လေး၊ (၇) ပြန်လောက်ချက်လာခဲ့လျှင် နောက် ဆုံးအချိန်တွင် ဓာတ်သားသည် ကျစ်လျစ် လာ၍ ဃနစီးလာပြီး ပြဒါးရေငုတ်လာ သည့်အခါတွင် -

နာကိုအရည်ကျိ၍ နာအရည်ထဲ ကို ၎င်းဓာတ်လုံးကို ထည့်လိုက်လျှင် နာအရည်သည် လက်ချားချော်ကဲ့သို့ ကြည်၍ အရည်ကဲသွားပြီ လက်ချား ချော်လိုဖြစ်သွားပြီဆိုလျှင် ဓာတ်လုံး ပထမအဆင့် အောင်မြင်သွားပါပြီ။

ဤအဆင့်သို့ရောက်လျှင် ဓာတ်လုံး လုံခွဲဖြင့် ကြေးကိုထည့်ကျင်းလိုက်လျှင် ၎င်းကြေးသည် မာ၍ကြွပ်ဆတ်ပြီးကြိတ် ကြေဖြစ်၍ ၎င်းကိုကိတ်မီးလင်းအခေါက် နှင့်တွဲ၍ထိုးလိုက်လျှင် တစ်ခါတည်း မိတူဖတူဖြစ်၍ သွားပါမည်။

ယခုတင်ပြခဲ့သည်တို့မှာ ဦးထွန်းဖေ ၏ မူရင်းဓာတ်လမ်းစဉ် ဖြစ်ပါသည်။ ဆရာတော်ပေးလိုက်သော လက်ျာကန့် အစစ်နှင့်ဓာတ်လမ်းတည်ပြီးထိုးလိုက်တဲ့ အခါမှာတော့ ထူးခြားဆန်းကြယ်မှုများ ကို တွေ့ရပါတော့သည်။ ယခင် ဆီးဖြူ ကန့်နဲ့လုပ်တုန်းက ဘာမှထူးထူးထွေထွေ မဖြစ်သော်လည်း ယခု လက်ျာကန့်နှင့် ဓာတ်လမ်းတည်လိုက်တဲ့အခါမတော့ ပထမဦးဆုံးထူးခြားတာကတော့ ဓာတ် ပြာထည့်၍ချက်သော ကြေးဖလားကို ဆေးချက်ပြီး အရင်လို ဖိုခန်း၏ နံရံ လက်တန်းပေါ်တွင်တင်ထားခဲ့ပြီးမေ့လျော့ နေခဲ့လေသည်။ တစ်ည့ညမှာတော့ ဖိုခန်း ထဲမှာ ကြွက်ကိုကြောင်လိုက်ရာမှ ကြေး ဖလားကိုတိုက်မိပြီး အောက်သို့ကျသွား လေသည်။

မနက်ပိုင်းတွင် ဓာတ်ထိုးရန် ဖိုခန်း ထဲကို ဝင်လိုက်တော့ လက်နှစ်လုံး လောက်ရှိတဲ့ နီဝါရောင်ရှိတဲ့အကွင်း လေးတစ်ခုနဲ့ အုန်းမှုတ်ခွက်လို မည်း မည်းအရောင်ခွက်လေးတစ်ခုကို တွေ့ရ လို့ အမှိုက်ဆိုပြီးပစ်ဖို့ကောက်ကြည့်လိုက် တော့ ထူးဆန်းနေပါတော့၏။ထိုပစ္စည်း နှစ်ခုလုံးက သူနှင့်ရင်းနှီးနေတဲ့ပစ္စည်းပါ ဆိုပြီး သေချာကြည့်လိုက်တော့မှ ဓာတ် ပြာထည့်၍ချက်ခဲ့သော ကြေးဖလား လေးမှန်းသိလိုက်ရတော့သည်။

ဘယ့်နယ် ကြေးဖလားအကောင်း လေးကနေ အခုနှစ်ပိုင်းကိုတိတိပပပိုင်း ဖြတ်ထားသလိုကိုဖြစ်နေတာကိုက ထူး ဆန်းနေပေသည်။ တစ်ပိုင်းက ကြေးနီ ရောင်ဖြစ်နေပြီး တစ်ပိုင်းကတော့ မည်း နက်နေတာ ဘာကြောင့်များပါလိမ့်ဟု သူသေချာစဉ်းစားကြည့်လိုက်တော့မှ ရေးရေးသဘောပေါက်လာပါတော့၏။

မည်းနက်နေတဲ့အပိုင်းက ဓာတ် ပြာတွေကို ရွှားစောင်းလက်ပပ်ရည်နဲ့ ထည့်ချက်တုန်းက ဆေးရည်ဓာတ်ပြာ များထိစပ်နေတဲ့ ကြေးဖလားနေရာဖြစ် နေပြီး ထိုနေရာမှနေ၍ မည်းနက်၍ ကြွပ်ဆတ်နေပြီး ပြတ်ထွက်လာခြင်း ဖြစ်ပေသည်။

ဓာတ်ကောင်းဓာတ်မှန် ရွှားပါး အဖိုးတန်ပင်ကို သိဒ္ဓိဝင်ဖြစ်နေသော ဂန္ဓိရုပစ္စည်းများ၏အစွမ်းသတ္တိကို လက် တွေ့သိမြင်လိုက်ရသောအခါ မိတ်ဆွေ ကြီး ဦးထွန်းဖေမှာတော့ မှင်တက်မိသွား လေတော့သည်။

(ရှေ့လတွင် ကြေးဖလားကြိတ်ကြေ မည်းနက်နက်လေးမှ ထူးခြားတဲ့ လျှို့ဝှက် ချက်နှင့်သံသေဓာတ်လုံး၏ပထမအဆင့် တွင် တွေ့ကြုံခဲ့ရသောထူးခြားဆန်းကြယ် မှုများကို ဆက်၍တင်ပြပါမည်။)

မဲခြမ်းမြေ (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

ရွာရှင်မ ဟူသည်မှာ ရွာစောင့်နတ်ကို ဆိုလိုသည်။ ရွာကိုစောင့်လျှင် ရွာစောင့်နတ်၊ မြို့ကိုစောင့်လျှင် မြို့နတ် စသည်ဖြင့်ဆိုရမည်။

ရန်ကုန်၊ မန္တလေး စသော မြို့ကြီးများမှာ သီးသန့်မြို့စောင့်နတ်ဟု မတွေ့မိသော်လည်း အချို့သော တောမြို့လေးများမှာ မြို့စောင့်နတ်ဟု ကိုးကွယ်ထားကြသည်ကိုတွေ့ဖူးသည်။ ၎င်းနည်းတူ တောရွာများမှာလည်း ရွာတိုင်းမှာပင် ရွာစောင့်နတ်ဟုရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တချို့ရွာများမှာ နတ်မ,ဟုရိုကြသည်။ တချို့ရွာများမှာ နတ်ထီးဟုရိုပြန်သည်။ ရွာသူရွာသားများ အလိုက္ခသညာ (အသိအမှတ်) ပြုထားကြခြင်းသာ ဖြစ်သည်။

နတ်ကိုးကွယ်ကြရာ၌ တချို့ရွာဦးမှာ၊ ရွာပြင်မှာ၊ ရွာလယ်မှာ၊ တချို့နတ်ပင်၊ တချို့ နတ်စင် စသည်ဖြင့် အဆင်ပြေသလို ကိုးကွယ်ကြသည်။

ရွာတည်ကြတိုင်း ရွာဦးဘုန်းတော်ကြီးကျောင်း၊ သောက်သုံးရေတွင်း၊ သချိုင်းကုန်း၊ အိမ်သာ၊ နတ်ပင်/နတ်စင် စသည်များမှာ အဖြစ်မနေ ပါစမြဲဖြစ်သည်။

တချို့ရွာသစ်တည်ကြရာတွင် ရွာသူရွာသားများ၏ သဘောအလျောက်သင့်ရာတော်ရာ နတ်ပင်/နတ်စင်ဟု သမုတ်ပြီး ကိုးကွယ်ကြသည်လည်းရှိသည်။

(ဧရာဝတီပြု)

မေနင်းအောင်

ရွာရှင်မ ပြာသော နိမိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com

တချို့အမြင်ကျယ်ပြီး အသိရှိကြသော ရပ်ရွာခေါင်းဆောင်ကြီးများက ရဟန်းသံဃာတော်များအား ပင့်ဖိတ်ကာ ရွာမြေသမုတ်ခြင်း၊ သက်ဆိုင်ရာ ဂိုဏ်းအုပ်ဆရာတော်များတို့၏ အထံ၌ ကိုးကွယ်ရန် ဆရာတော်ကို ပင့်ဆောင်ကြခြင်း။

၎င်းနည်းတူ စတုမဟာရာဇ်၊ တာဝတိံသာ စသည်မှ အရပ်လေးမျက်နှာစောင့်၊ ကမ္ဘာစောင့်၊ သာသနာစောင့်နတ်မင်းကြီးများ၏အထံမှ ရွာစောင့်နတ်အဖြစ် တောင်းခံ ပင့်ဆောင်ကိုးကြခြင်းများကိုလည်း တစ်ပြိုင်နက်တည်း ပြုလုပ်ကြသည်။

ထိုကဲ့သို့ သက်ဆိုင်ရာအထက်နတ်မင်းကြီးများ၏အထံမှ ပင့်ဖိတ်၍ ကိုးကွယ်ကြသော ရွာစောင့်နတ်များသည် သာ၍ပင် တန်ခိုးထက်မြက်သည့် အကြောင်းကိုလည်း ကြားဖူးသည်။

ထိုသို့မဟုတ်ဘဲ မိမိတို့သဘောအလျောက် နတ်ပင်/နတ်စင်ပြုလုပ် သတ်မှတ်ပြီး ကိုးကွယ်ရာ၌ နတ်မင်းကြီးများမှ ဒါရိုက်ပို့လွှတ်ပေးသောနတ်ကိုမရဘဲ အနီးဝန်းကျင်၌ရှိသော တန်ခိုးကြီးသည့်နတ်ကြီးတစ်ဦးဦး၏ချဖေးသောနတ်မျှကိုသာ ကိုးကွယ်ကြရသည်။ ထိုနတ်များသည် သက်ဆိုင်ရာ အထက်နတ်မင်းကြီးများကပို့လွှတ်ပေးသောနတ်များလောက်တန်ခိုးမထက်မြက်ဟုလည်း ဆိုကြသည်။

ဥပမာအနေဖြင့် လူတို့၏ တောဒေသရပ်ဝန်း၌ ရွာက စပါး၊ ဆန်၊ အသီးအနှံ၊ အခကြေးငွေပေးပြီး စာပြန်ခိုင်းသော ပြုစုကျောင်းဆရာနှင့် အစိုးရခန့်ဘွဲ့ရကျောင်းဆရာတို့ ကွာခြားသကဲ့သို့ သာရှိမည်ဟုထင်သည်။

တစ်နည်းအားဖြင့် အပ်ပုန်းဆေးဆရာနှင့် ကျေးလက်ကျန်းမာရေးမှူးသို့တည်းမဟုတ် ထိုထက်မြင့်သော ဆရာဝန်၊ ပါရဂူစသည်တို့နှင့် အပ်ပုန်းတို့၏ အဆင့်အတန်းကွာခြားသဘောမျိုးလည်း သက်ရောက်နိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသောနတ်များမှာ စတုမဟာရာဇ်၊ တာဝတိံသာ စသော အထက်နတ်မျိုးမဟုတ်ကြပေ။ အောက်နတ်ဟုဆိုရမည့် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး စသောနတ်များသာ ဖြစ်ကြသည်။

ဘုမ္မစိုး ဟူသည်မှာ မြေမှာနေသောမြေစောင့်နတ်မျိုးဖြစ်သည်။ ရုက္ခစိုး ဟူသည်မှာ သစ်ပင်မှာနေသော သစ်ပင်စောင့်နတ်မျိုး ဖြစ်သည်။ အာကာသစိုး ဟူသည်မှာ ကောင်းကင်အာကာ၌နေသော ကောင်းကင်အာကာစောင့်နတ်မျိုးဖြစ်သည်။

ထိုနတ်သုံးမျိုးစလုံးတို့သည်ပင် ဝေမာနိကပြိတ္တာမျိုးချည်းဖြစ်ကြသည်။ ပြိတ္တာ၌လည်း အစိမ်း၊ သရဲ၊ တစ္ဆေ၊ သဘက်၊ မြေဖုတ်၊ ဘီလူး၊ မှင်စာ စသည်များနှင့် နွယ်ယှက်သော အောက်ပြိတ္တာမျိုးဆိုခဲ့သည့် စတုမဟာရာဇ်၊ တာဝတိံသာ စသောနတ်များနှင့် နွယ်ယှက်သည့် အထက်ပြိတ္တာ(နတ်)မျိုးဟု နှစ်မျိုးခွဲကြည့်ရမည်ဟုထင်သည်။

အောက်ပြိတ္တာများမှာ မြေဖုတ်၊ သရဲ၊ ဘီလူး၊ မိစ္ဆာမျိုးဖြစ်၍ နေရမဲ့စားရမဲ့ဘဝဆိုးဖြင့် ပြိတ္တာသက်ကုန်သည်အထိ ဒုက္ခခံပြီးကျင်လည်နေကြရသည်။ ထို့ကြောင့် ငတ်မွတ်ဒဏ်ကိုမခံနိုင်၍ ခြောက်စားလှန့်စား၊ တောင်းစားစသည်ဖြင့် ယုတ်ညံ့သောအလုပ်မျိုးကို လုပ်ကြရသည်။ ရရာအပုပ်အစပ်အညီ အဟောက်များကိုလည်း ကောက်စားကြရသည့် အရှုပ်ဆိုးအကျည်းတန်ဖြစ်သည်။

ရွာစောင့်နတ်ဟူသည်မှာ မြေဖုတ်၊ ဘီလူး၊ သရဲ၊ မှင်စာတို့ထက်အဆင့်မြင့်သော အထက်နတ်မျိုးနွယ် ဖြစ်သည်။ ထို့ကြောင့် ခြောက်လှန့်ဖမ်းကိုင်တောင်းစားခြင်းလည်းမရှိကြပေ။

လူတို့၏ ရှိခိုးခြင်းကိုခံနိုင်သော ပြိတ္တာမျိုးရှိသလို ရှိခိုးမခံနိုင်သော ပြိတ္တာမျိုးလည်းရှိသည်။ အထက်ပြိတ္တာနှင့် အောက်ပြိတ္တာတို့၏အဆင့်အတန်းကွဲပြားခြင်းသဘောမျိုးပင် ဖြစ်သည်။

ပေတဝတ္ထုကြီးကိုကြည့်လျှင်ပင် ပြိတ္တာတို့၏အဆင့်အတန်းအစားစားကို သိနိုင်သည်။

တချို့ ရွာရှင်နတ်ကို ပွဲပေးကြသည်။ (၁၀)နှစ်တစ်ကြိမ်၊(၅)နှစ်တစ်ကြိမ်၊ (၃)နှစ်တစ်ကြိမ်စသည်ဖြင့် သရဲပြိတ္တာတို့မှာ အလွန်အမင်းပွဲကြိုက်သည်ဟုသိရသည်။ ထို့ကြောင့်လည်း ပွဲကရန်ဇာတ်ခုံဆောက်လုပ်ပြီးနောက် အကြောင်းမညီညွတ်၍ မကဖြစ်လျှင်ပင် ဇာတ်ခုံကို ဖြိုခွင့်မရှိ။ ဇာတ်ခုံကိုဖြိုလျှင် ခိုက်တတ်သည်ဟုဆိုခြင်းမှာ ဇာတ်ကြည့်ချင်ကြသော သရဲ၊ ပြိတ္တာတို့က နှောင့်ယှက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အကြောင်းမညီညွတ်၍ ဇာတ်ခုံကို ဖြိုဖျက်လိုက်အနည်းဆုံး ဘုရားကန်တော့ခန်းနှင့် နတ်ကတော်ထွက်ခန်း ပြီးဆုံးအောင် ကပြပြီးမှ ဖြိုဖျက်ကြရသည်။

တချို့ရွာစောင့်နတ်က ပန်းကြိုက်၍ ပန်းကိုပူဇော်ကြရသည်။ (နတ်မ,ဖြစ်ဖို့များသည်) တချို့ ရွာစောင့်နတ်က မုန့်ကြိုက်၍ မုန့်ကိုပူဇော်ကြရသည်။ တချို့နတ်ကို ရွှေပိန်းချပေးရသည်လည်းရှိသည်။ တချို့မှာမူ ပိုက်ဆံအကြွေစေ့များကို နန္တလူးပြီးပူဇော်ကြရပြန်သည်။

ရွာစောင့်နတ်အား ပန်း၊ မုန့်၊ ပိုက်ဆံများပူဇော်ထားသည်ကို လိုချင်လျှင် တောင်း၍သာယူကြရသည်။ မတောင်းဘဲယူမိလျှင် ဖျားအောင်နာအောင် ပြုစားတတ်သည်။ ချက်ချင်းသွားတောင်းပန်ပြီး အစားပေးမှ သက်သာခွင့်ကိုရကြသည်။

ရွာကို ဖုတ်၊ သရဲ၊ ပုဏ္ဏားတို့နှင့် တိုက်ခိုက်လိုပါက နတ်ပင်/နတ်စင်ကို ချည်မန်းကြိုးနှင့် ချုပ်နှောင်ထားရသည်။ သို့မဟုတ်ပါက တိုက်ခိုက်၍မရပေ။ ချက်ချင်းပင် ထိုဆရာအား သတ်ပုတ်ဆုံးမလွတ်လေသည်။

ရွာကို ဓားပြတိုက်လိုလျှင် ရွာစောင့်နတ်ဆီမှာ ခွင့်တောင်းရသည်။ ရွာစောင့်နတ်ကြိုက်သော ပန်း၊ မုန့်၊ ပိုက်ဆံ၊ ရွှေပြားစသည်များကို ပူဇော်ပြီးတိုက်ခိုက်ရာတွင်ပါဝင်မည့် လက်နက်များကို နတ်ပင်/နတ်စင်မှာ အစီလိုက်ထောင်ထားကာ ဓားပြတိုက်လိုကြောင်းကိုဆို့ခဲ့သည့်အတိုင်း ခွင့်တောင်းရသည်။

တိုက်ခိုက်၍မရနိုင်လျှင် ထောင်ထားသော လက်နက်များ အလဲလဲအပြိုပြိုဖြစ်ကုန်သည်။ တိုက်ခိုက်၍ ရနိုင်လျှင် ဘာမှမဖြစ်ပေ။ တိုက်ခိုက်၍မရနိုင်မှန်းသိလျက်နှင့် အတင်းဝင်တိုက်လျှင် ထို ဓားပြများ သက်သာကြလိမ့်မည်မဟုတ်ပေ။ ရွာရှင်နတ်က တစ်နည်းနည်းဖြင့် ရွာသားများအား အသိပေးပြီး ရွာသားများနှင့်ပူးပေါင်းကာ ရွာထဲမှ တိုက်ထုတ်ပြီး တန်ရာတန်ကြေး အတိုင်းအတာထိဆုံးမလိုက်သည်သာဖြစ်သည်။

တိုက်ခိုက်၍ရနိုင်သည်ဟုဆိုသည်မှာလည်း ရွာစောင့်နတ်က တိုက်ခွင့်ပြု၍မဟုတ်ပေ။ ရွာသူရွာသားတို့၏ ကံအနိမ့်အမြင့်နှင့်သာ သက်ဆိုင်သည်ဟု ဆိုကြသည်။

ရွာသားများ လယ်၊ ကိုင်းကိုတောင်ယာ၊ ဥယျာဉ်တစ်ခုခုကိုလုယက်ခိုးယူလိုလျှင် လုပ်ငန်းမစတင်မီကပင် ရွာရှင်နတ်အား ပူဇော်ပသကြသည်။ ခရီးသွားလိုလျှင်

www.burmeseclassic.com

www.burmeseclassic.com

လည်း ထိုနည်းလည်းကောင်း အန္တရာယ်ကင်းရှင်းစေရန်အတွက် ပူဇော်ပသကြသည်။

ရွာရှင်နတ်သည်ကား ထိုမျှအထိ အရေးပါသည်။ ရွာသူရွာသားများ၏ ကောင်းရေးဆိုရာအဖြာဖြာတို့ကိုစောင့်ရှောက်ပေးသည်။ မကောင်းသူကို ဒဏ်ပေးပြီး ကောင်းဆောသူများကို ဆုပေးသည်ဟူ၍ပင် ဆိုရမည်ထင်သည်။

■

သူတို့ရွာ၏ရွာရှင်နတ်ပင်က ရွာဦးမှာဖြစ်သည်။ နှစ်ပေါင်းရာချီ သက်တော်ရှည်သော သစ်ကနွက်(သင်္ဘောနှင်းနက်)ပင်ကြီး ဖြစ်သည်။ ဟိုဘက်သည်ဘက် သွားလာကြသောလမ်းမကြီးကို အုပ်မိုးနေသည်။ လက်တံကြီးများရှည်လျားနေ၍ အနီးအနားတွင်နေထိုင်သော လူတစ်ယောက်က သူ့အိမ်ပေါ် ကိုရွက်ကြွေလွှင့်သည်၊ ကိုင်းကျိုးမည်ကိုလည်းကြောက်သည်ဟုဆိုကာ အောက်နှိမ့်ပိုင်းက သူ့အိမ်ပေါ် အုပ်မိုးနေသော ကိုင်းခက်ကြီးတစ်ကိုင်း လှုဉ်းအားခုတ်ခိုင်းသည်။

ခုတ်ခိုင်းသူသည် မကြာမီပင် အောင့်သောနာသောဝေဒနာများစွဲကပ်လာသည်။ ဆေးသောက်သော်လည်း မပျောက်ပေ။

ခုတ်သူ၏အိမ်ကို မြွေဟောက်ဝင်သည်။ ထူးဆန်းသည်က ထိုမြွေဟောက်သည် (ခုတ်သူက ကံကောင်းနေ၍လော မသိ) မိန်းမဖြစ်သူကို ခွေးကိုက်သလို ဖက်ကိုက်လေသည်။

ဆေးမီ၍ မသေသော်လည်း ဒဏ်ရာကမပျောက်ပေ။ အသားများပုပ်ဆွေးလာသည်။ ထို့ကြောင့် ထူးဆန်းသည်ဟု စဉ်းစားကြရင်း ရွာနတ်ရှင်ပင်၏ကိုင်းခက်တစ်ခုကိုခုတ်ဖြတ်ဖူးသည့်အကြောင်း ကပေါ် လာသည်။

ထို့ကြောင့် ရွာနတ်ပင်ကို ကန်တော့ပွဲဆက်ခြင်း၊ ရွှေပြားကပ်ပြီး အလင်းတိုင်၊ အမွှေးတိုင်များဖြင့်ညှိထွန်း၍ ပူဇော်ပသကာ တောင်းပန်လိုက်ကြမှ ခုတ်ခိုင်းသူ ရောခုတ်သူပါ မိန်းမဖြစ်သူတို့ပါ ဝေဒနာများသက်သာပျောက်ကင်းပြီး လူကောင်းအတိုင်း ပြန်ဖြစ်လာကြသည်။

ထိုနှစ်မိုးကျစတွင် ရွာရှင်နတ်ပင်အား မိုးကြိုးခသည်။ သစ်ခွတွင် ရွက်အိုများရှိနေ၍ မီးစွဲလောင်သည်။ ရွာရှင်နတ်ပင်ကြီးတစ်ခုလုံး မီးခိုးဖြင့်ထုံမွှန်သွားသည်။

ထို့ကြောင့် ရှေ့မီနောက်မီ သက်ကြီးရွယ်အိုများ ထိတ်လန့်ကုန်ကြသည်။ မကောင်းသော နိမိတ်ဆိုးကြီး တစ်ခုဖြစ်ကြောင်းကို သိကြသော်လည်း ကိုယ်တိုင်မှမဆိုဘဲ ကျောင်းထိုင်ဆရာတော်ကြီးကိုသွားပင့်ကြသည်။ ဆရာတော်ကြီးလည်း ချက်ချင်းကြွလာပြီး ကြည့်သည်။

"ဒါဟာ ရွာကို ဆိုးကျိုးကျရောက်နိုင်တဲ့နိမိတ်ဆိုးကြီးပေပဲ"

ဟု စိတ်မကောင်းစွာဖြင့်ဆိုသည်။ ထို့နောက် ချက်ချင်းပင် သက်ဆိုင်ရာ ဂိုဏ်းသံဃာတော်များအား ပင့်ဖိတ်ပြီး ရွာရှင်နတ်ပင်၏ သစ်ရိပ်မှာပင် ပရိတ်၊ ပဌာန်း၊ တရားတော်များကို ဟောကြားတော်မူကြသည်။ ရွာရှင်နတ်ပင်ကိုလည်း ပန်းပေါက်ပေါက်၊ နံ့သာမျိုး၊ အမွှေး၊ အလင်းတိုင်များဖြင့် ပူဇော်စေသည်။ ဆုမွန်ကောင်းတောင်းခြွေပြီးလည်း အမျှအတန်းများပေးဝေသည်။

မိုးကြိုးခစဉ်က ရွာရှင်နတ်ပင်သည် ညှိုးရော့နေသော်လည်း ပရိတ်၊ ပဌာန်း၊ အမွှေးနံ့သာများဖြင့် ထုံမွှမ်းပသလိုက်ကြပြီး ချက်ချင်းပင် ပြန်လည်၍ လန်းဆန်း ကြည်လင်လာလေသည်။ ရွက်နုများလည်းဝေလာလေသည်။

စင်စစ်တွင် မိုးကြိုးထိခံရသော သစ်ပင်များမှာ တဖြည်းဖြည်းခြောက်သွေ့လာရာမှ သေဆုံးသွားကြသည်သာ ဖြစ်သည်။ ယခုမူ မီးစွဲလောင်သည်အထိ မိုးကြိုးခသော်လည်း ကျောင်းထိုင်ဆရာတော်ကြီး၏အမြော်အမြင်ကြီးမှုကြောင့် ဘာသာရေးအစီအမံဖြင့် ကုစားပေးလိုက်၍ ရွာရှင်နတ်ပင်ကြီးမှာ ပင်ပျိုကဲ့သို့ လန်းဆန်းဝေဆာလာ၍ ရွာသူရွာသားများလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။

နောက်တစ်ကြိမ် ရွာရှင်နတ်ပင်ကို မိုးကြိုးခပြန်လေသည်။ သည်အကြိမ်တွင် သက်တော်ရှည်ဆရာတော်ဘုရားကြီးနှမကျန်းဖြစ်နေလေပြီ။ ဂိုလာန ပုဂ္ဂိုလ်ကြီးဖြစ်သည့်အလျောက် ဘာမှလည်း မိန့်တော်မမူနိုင်တော့ပေ။

သည်အကြိမ် ရွာရှင်နတ်ပင်ကို မိုးကြိုးခရာ၌ မီးမဟုတ်ပေ။ ပေါက်ဆိန်နှင့်သာ ဖြစ်လေသည်။ မိုးကြိုးခရာ၌ မီးမိုးကြိုး၊ ပေါက်ဆိန်မိုးကြိုးဟု ကွဲပြားသည်။ ပြင်းပြင်းထန်ထန် ပေါက်ဆိန်မိုးကြိုးခသောကြောင့် ရွာရှင်နတ်ပင်ကြီး ထပ်ခြမ်းကွဲသွားလေသည်။

ထို့ကြောင့်လည်း အလွန်အမင်း ပင် ရွာသူရွာသားများထိတ်လန့်တုန်လှုပ်နေကြသည်။ ဘာလုပ်၍ဘာကိုင် ရမှန်းလည်းမသိဖြစ်နေကြသည်။

ထိုအခိုက်မှာပင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသည်။ ထိုအချိန်ကပင် ရွာသည်လည်း မငြိမ်သက်တော့ပေ။ ဖော်ပြရန်ပင်မသင့်သောဆိုးကျိုးကြီးများတစ်မျိုးပြီးတစ်မျိုး ကျရောက်လာလေသည်။ လူသေလူပျောက်အထိပင်ဖြစ်လာလေသည်။

ခက်သည်က ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်တွင် ရွာရှင်နတ်ပင်အား မိုးကြိုးခရာ၌ ပရိတ်၊ ပဌာန်း၊ ပန်းပေါက်ပေါက် နံ့သာ၊ အမွှေးတိုင်၊ အလင်းတိုင်စသည်များဖြင့် ပူဇော်စေပြီး ဘာသာတရားတော်များဖြင့်လည်း ထုံမွှမ်းပေးခဲ့သည်။ ဤသည်ပင် လျှင် ကျရောက်မည့် ကျရောက်လတ္တံ့သောရွာ၏ဆိုးကျိုးများကို ကုစားပေးရာရောက်လေသည်။

ယခုရွာရှင်နတ်ပင်ကို မိုးကြိုးခရာ၌ ထိုကဲ့သို့ပြုပြင်ပသကုစားရမည့်အဖြစ်ကို တစ်ယောက်မျှသတိမရကြတော့ပေ။ သတိရလျှင်ပင် ရွာကညီညွတ်ခြင်းမရှိတော့သဖြင့် ထိန်း၍ပင်မရနိုင်ကြတော့။

ဂိုဏ်းသံဃာတော်များ၏ စီမံကြပ်မတ်ပေးခြင်းကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးဥတုဇရျဝ်ဂ်လာပ်တော်ကို ပွဲတော်အဖြစ်ဖြင့် အန္တိမအဂ္ဂိစ္စာပနကျင်းပနိုင်ခဲ့ကြသော်လည်း အိမ်ခြေလေးရာကျော်သောရွာကြီး၏အဖြစ်ဆိုးကိုမူ ထိန်းနိုင်စွမ်းမရှိကြတော့ပေ။

ဆရာတော်ကြီး မရှိတော့သည့်နောက် ကျောင်းထိုင်ဆရာတော်တစ်ပါးလိုလာပြန်သည်။ ထို့ကြောင့် စုပေါင်းပြီး တိုင်ပင်ကြရာတွင်လည်း ညီညွတ်မှုမရှိသောရွာ၏သဘောအတိုင်း တစ်ယောက်တစ်ပေါက်သာဖြစ်လာကြလေသည်။

သူဘက်ကိုယ့်ဘက်ဟုဘက်လိုက်လာကြသည်။ တစ်ဖက်က ပင့်လိုသောဘုန်းကြီးကို နေ့တစ်ဖက်က ကန့်ကွက်၏။ ဟိုဘက်ကပင့်လျှင်လည်း သည်ဘက်က ကန့်ကွက်ပြန်သည်။ ထို့နောက် မှုခင်းများဖြစ်လာကြသည်။ တုတ်ဆွဲခားကိုင်အထိပင်ဖြစ်လာကြသည်။

မြို့နယ်မှ လာထိန်းသည်မရ။ ဂိုဏ်းသံဃာတော်များက ဝင်ထိန်းလည်းမရ။ သတ်ပုတ်မှုခင်းများဖြစ်၍ ရပ်ရွာစွန့်ခွာသွားသည်အထိပင် ဖြစ်လာလေသည်။

ထို့နောက် အိမ်ခြေလေးရာကျော်

www.burmeseclassic.com

www.burmeseclassic.com

မောင်လင်းခိုင်
မြွေဆိပ်မှန်သမျှ ပျောက်စေသော ဆားး

ဆားသည် လူတိုင်းလူတိုင်း မစား မဖြစ်စားရသောအစာ ဖြစ်ပါသည်။ ထိုဆားသည် နေရာတိုင်းတွင်မပါလျှင် မပြီးပါ။ ဝမ်းသွားလိုလျှင် ဆားနှင့် မန်ကျည်းဖျော်သောက်ရ၏။ ဝမ်းကိုက်လျှင် နွားငှက်ဆားရောရ၍ မျိုရသည်။ မြန်မာဆေးမှန်လျှင် ဆားမပါလျှင်မပြီးပါ။ မြန်မာလူမျိုးတို့၏ မီးဖိုချောင်တွင် နေရာယူထားသည်မှာကြာခဲ့ပါပြီ။ နေရာတကာတွင် မပါလျှင် မပြီးသော ပဲခူးဆားသည် ယခုအခါ အဆိပ်ဖြေဆေးပါ အသုံးဝင်လာပါသည်။ အဆိပ်ပြင်းသော မြွေ၊ ငှက်မြွေ၊ မြွေဟောက် စသော အဆိပ်ပြင်းသည့်မြွေများကိုက်ခံရပါက ဆားဖြင့်ကုသပေးပါက ပျောက်ကင်းသွားပါသည်။

လက်တွေ့ကုသနည်းပါ။ လူတစ်ယောက် မြွေယောက်ကိုက်ခံရပါသည်။ မြွေကိုက်ခံရသူ၏ အနီးအနားတွင် မောင်ပုဆိုသောလူတစ်ယောက်ရှိသည်။ မောင်ပုသည် ဗဟုသုတအကြားအမြင်ရှိသူဖြစ်ပါသည်။ ဆေးဆရာမဟုတ်ပါ။ မောင်ပုသည် မြွေကိုက်ခံရသူ၊ အဆိပ်တက်၍မွန်နေသူကို တွေ့ရသောအခါ ဆားယူခိုင်းလိုက်ပါသည်။ ဟင်းချိုပန်းကန်နှင့်တစ်ပုံးယူလာခိုင်းပါသည်။ မောင်ပုသည် မြွေဆိပ်တက်နေသူကို ဆားမခွဲမီ ဘုရားကျောင်းဆောင်ရှိရာသို့ သွား၍ ဘုရားကန်တော့ပါသည်။ ဤမြွေဆိပ်တက်နေသောလူနာပျောက်ကင်းချမ်းသာပါစေကြောင်း ဆုတောင်းပါသည်။ ပြီးမှ မြွေဆိပ်မွန်နေသော လူနာကို ဆားခွဲပါသည်။ မြွေဆိပ်တက်နေသူသည် ဆားပါးစပ်ထဲသို့ရောက်သည့်အခါ ဆားသည် ချိုသောအရသာတွေ့ရပါသည်။

လူနာသည် ဆားခွဲနေစဉ် ချိုနေသမျှ ခွဲနေရပါသည်။ လူနာက ငန်သည်ဟုပြောလျှင် အခွဲရပ်ရပါသည်။ ပြီးလျှင် ကြက်ဥတစ်လုံးကိုဖောက်ပြီးတိုက်ရပါသည်။ လူနာသက်သာသွားပါသည်။ သို့သော် စိတ်ချလက်ချဖြစ်အောင် ဆေးရုံဆေးခန်းခေါ်သွားပြီး စစ်ဆေးကြည့်ပါ။ မောင်ပုသည် မြွေဆိပ်တက်နေသူကို ဆားခွဲပြီးငန်သည်ဟုပြောမှ ရပ်ကာ ကြက်ဥတစ်လုံးကျွေး ဆေးရုံသွားယူခိုင်းကာ စစ်ဆေးခိုင်းပါသည်။ ဆေးရုံရောက်သောအခါ ဆရာဝန်က စစ်ဆေးကြည့်ရာ မြွေဆိပ်လုံးဝမရှိတော့ပါ။ အန်ဆေးကျွေးရာ အန်လိုက်သည်တွင် ကြက်ဥအနီပါသည်။ ထိုကြက်ဥတွင် မြွေဆိပ်တွေကပ်ပါလာပါသည်။ လူနာသည်လုံးဝသက်သာသွားပါသည်။ မြွေဆိပ်လုံးဝသက်သာသွားပါသည်။ မြွေဆိပ်လုံးဝမရှိတော့ပါ။

လူတွေက ဘုရားကန်တော့ပြီး ဆားခွဲသည်ကို မန်း၍ကုသည်ဟုဆိုပါသည်။ မောင်ပုက မန်း၍ကုခြင်းမဟုတ်ဘဲ မြန်မာလူမျိုးတို့၏ဓလေ့ထုံးစံအတိုင်း ဘုရားကန်တော့ခြင်းသာဖြစ်ကြောင်း ပြောပါသည်။ မောင်ပုမှာ ဆရာတော်ဦးဝိစိတ္တဆရာတော်အကြောင်း ပြောပြသူဖြစ်သည်။ မြွေကိုက်ခံရပါက ဆေးရုံဆေးခန်းမသွားနိုင်။ ဝေးနေလျှင် ဤဆားခွဲသည့်နည်းဖြင့် ကုသကြည့်ပါ။ လက်တွေ့ပျောက်ကင်းချမ်းသာပါသည်။ မောင်ပုသည် သက်ရှိထင်ရှားရှိနေပါသည်။

မောင်လင်းခိုင်

ရွှေနွယ်ပင်ကြီး

ပြီး အလွန်မှညီညွတ်ကာ စည်ပင်သည်ရွာကြီး။ လူညီ၍ တိုးတက်သောကြောင့် ပတ်ဝန်းကျင် ရွာများကပါ အတုယူကာ ခိုးမှမ်းကြသည့်ရွာကြီးသည် နောက်ဆုံးတွင် နှစ်ပိုင်းကွဲသွားရလေသည်။

ဆိုးကျိုးကား မည်ကဲ့သို့ဖန်လာသည်ဟုမသိနိုင်။ ကံကြောကြောင့်လား။ ကြွေမှာလား။ ဝိပါက်လား။ ဆိုးကျိုးကျလာသည့် ပစ္စုပ္ပန်အခါ၌ တစ်ရွာတည်း အတူနေထိုင်ကြသည့်တိုင် ကျောင်းခြားရွာကွဲဖြစ်သွားသောကြောင့် သာရေး၊ နာရေးရှိ၍ပင် တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ပါဝင်ကူညီနိုင်ခြင်းမရှိသည့်အပြင် ခေါ်ပြောဆက်ဆံကူညီဖေးမနိုင်ခြင်းမရှိကြတော့ပေ။

ဤကဲ့သို့ဖြစ်လာနိုင်သည်ကို ရွာရှင်နတ်ကြီးသိဟန်တူသည်။ ထို့ကြောင့်လည်း ကြိုတင်ပြီး နိမိတ်ပြခဲ့သည်။ ဆရာတော်ကြီးက ထိုနိမိတ်ဆိုးကို သိမြင်တော်မူ၍ ဘာသာရေးတရားတော်များဖြင့် ကုစားပေးပြီး ကာကွယ်နိုင်ခဲ့သည်။

နောက်တစ်ကြိမ် နိမိတ်ဆိုးကြီးကို ပြသရာ၌ ကျေးဇူးရှင်ဆရာတော်ကြီးလည်း သက်တော်ထင်ရှားမရှိတော့ပေ။ ထို့ကြောင့် ရွာရှင်နတ်ပင်ကြီးနှစ်ခြမ်းကွဲသွားသည့်အခါမှစ၍ ကျေးရွာသည်လည်း မငြိမ်သက်တော့။ ထို့ကြောင့် အခြေအနေသည် တဖြည်းဖြည်း ကမောက်ကမဖြစ်လာရင်း ယခုအခါ အိမ်ခြေလေးရာကျော်ညီညွတ်ပြီး တိုးတက်စည်ပင်သည့်ရွာကြီးနှစ်ခြမ်းကွဲသွားခဲ့ရသည်။

ရွာကိုစွန့်ခွာသွားကြသူများလည်း မနည်းပေ။ တချို့မှာ ပြန်မလာနိုင်သည်အထိပင်ဖြစ်သွားကြရလေသည်။ ဆရာတော်ဘုရားကြီးသာ သက်တော်ထင်ရှားရှိပါမူလည်း တစ်နည်းနည်းဖြင့် ကုစားပေးလိမ့်မည်။ ယခုတော့မူ အမိမဲ့သားရေနည်းငါးဆိုဘိသို့သာတည်း။

သတ္တုချကြည့်လျှင် ရွာရှင်နတ်ကို အလေးထားသင့်၏။ ရွာရှင်နတ်သည် ကျေးရွာ၏ကောင်းကျိုးဆိုးရာအဖြာဖြာကို တစ်နည်းနည်းဖြင့် စောင့်မတတ်၏။ အိပ်မက်၊ နိမိတ်များဖြင့်လည်း ပြသတတ်၏။

ယခုအခါ ရွာသားအချို့တို့ ရွာရှင်နတ်ပင်ကြီးမိုးကြီးခရခြင်းအကြောင်းရင်းများကို နားလည်လာကြသော်လည်း လွန်လေပြီ။ အရာရာသည်ပြန်လည်နောက်ကျလေပြီတည်း။

မေနှင်းခေါင်(ကျောက်ပြု)

www.burmeseclassic.com

www.burmeseclassic.com

သရဘီးဆက်ထွန်းလင်း
(အာဟုနမြေခ)

ရုပ်ပွားတော်စေတီပုထိုးများအပါအဝင်
ဓာတ်တော်မွေတော်များ တစ်နေရာမှတစ်နေရာ၊
တစ်ဆုမှတစ်ဆုသို့ ပြောင်းရွှေ့ခြင်းများကြောင့်
ဖြစ်ပေါ်တတ်သည့် ဓာတ်ဆိုက်ဒ်မျိုးများ

ဤပြဿနာသည် ယခုနောက်ပိုင်းခေတ်တွင်မှဖြစ်သောပြဿနာမဟုတ်ပေ။ ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်ပွားခဲ့သောပြဿနာဖြစ်၏။ မည်သည့်အချိန်ကာလကတည်းကဖြစ်ပွားခဲ့သည့် သမိုင်းမှတ်တမ်းများရှိပါသနည်းဟူမူ ပျူခေတ်ကတည်းက စတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ထိုမင်းမှာ ပျူခေတ် မြန်မာဘုရင်တစ်ပါးဖြစ်သည့် ဒွတ္တပေါင်မင်းကြီးပင်ဖြစ်၏။ ဒွတ္တပေါင်မင်းသည် ရွှေတိဂုံဆံတော်ရှင်၏ဌာပနာတိုက်ထဲမှဆံတော်များကို ဖြိုဖျက်ပင့်ဆောင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်၏။ ဒွတ္တပေါင်မင်းကြီးသည် ဤအခြင်းအရာ အဖြစ်အပျက်မှ စတင်ပြီး နောက်ဆက်တွဲပြဿနာပေါင်းများစွာ ဆက်လက်ဖြစ်ပေါ်ခဲ့ရသည်ဟု ဆိုရမည်ဖြစ်၏။ ဒွတ္တပေါင်မင်းကြီးသည် သာမန်မင်းတစ်ပါးမဟုတ်ပေ။ နဒစဉ် ပွေးဖိုဘဝကပင် ဤသရေခေတ္တရာပြည်ကြီး၌ မင်းဖြစ်မည့်အကြောင်း ဘုရားရှင်၏ ဗျာဒိတ်တော်ကိုပင်ရရှိထားခဲ့သူဖြစ်၏။

■ သရေခေတ္တရာပြည်ကြီးနှင့် နိမိတ်ငါးပါး

တစ်နေ့သောအခါတွင် မြတ်စွာဘုရားရှင်သည် ဒေသစာရီကြွချီတော်မူလာပြီး ဖိုးဦးတောင်ဖျားသို့ရောက်ရှိတော်မူသောအခါ အရှေ့တောင်ယံသည် ထိုစဉ်အခါက သမုဒ္ဒရာဖြစ်လျက်ရှိ၏။

ထိုအချိန် သမုဒ္ဒရာရေမျက်နှာပြင်အထက်၌ နွားချေးခြောက်တစ်ခုသည် ပေါလောမျောပါနေလေ၏။ ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းပင် မွေးငယ်တစ်ကောင်သည် မြေကြီးကို နှုတ်သီးဖြင့် ကော်၍ ဘုရားရှင်အားပူဇော်လေ၏။

ထိုနိမိတ်နှစ်ပါးကိုမြင်တော်မူသောအခါ ဘုရားရှင်သည် ဧရိုးတော်မူသဖြင့် ညီတော်အရှင်အာနန္ဒာက မည်သို့သောအကြောင်းအရာ အဖြစ်အပျက်ကြောင့် ပါနည်းဟု တောင်းပန် လျှောက်ထားတော်မူသဖြင့် ဘုရားရှင်က -

"ချစ်သား အာနန္ဒာ၊ ငါပရိနိဗ္ဗာန်စံယူတော်မူ၍ သာသနာတော်တစ်ရာ့တစ်နှစ်ရောက်လျှင် ဤအရပ်၌ နိမိတ်ကြီးငါးပါး ထင်ရှားဖြစ်လတ္တံ့"

ဟု မိန့်တော်မူခဲ့ပါသည်။

ထိုနိမိတ်ကြီးငါးပါးမှာ မြေကြီးငလျင်ပဲ့တင်ထပ်မျှပြင်စွာလှုပ်ခြင်းလည်းတစ်ပါး၊ ဖိုးဦးမော်အရပ်၌ အင်းကြီးပေါ်ခြင်းလည်းတစ်ပါး၊ စမုန်စတို့ပေါ်မြစ်ဖြစ်ခြင်းလည်းတစ်ပါး၊ ပုပ္ပားမောင်တည်ရာ

www.burmeseclassic.com

www.burmeseclassic.com

မြေမှစုန် စုန်တက်ခြင်းလည်း တစ်ပါး၊ သရေခေတ္တရာပြည်တည်မည့်နေရာ၌ ပင်လယ်ရေတို့ခန်းခြောက်သည်လည်း တစ်ပါးဖြစ်ပေါ်မည်ဟု မိန့်တော်မူခဲ့ပါသည်။

ဘုရားရှင်က ဆက်လက်ပြီး မိန့်တော်မူသည်မှာ ဤနိမိတ်ကြီးငါးပါးထင်ရှားဖြစ်ပေါ် လာလျှင် ဤပွေ့ငယ်သည် ဤကိုယ်၏အဖြစ်မှ စုတေပြီလျှင် လူဖြစ်၍ ဒွတ္တပေါင်ဟူသောအမည်ဖြင့် မြို့ကြီးပြည်ကြီးထီးနန်းကနက်တည်ထောင်ပြုစု၍ မင်းပြုလုတ္တံ့။ ထိုမင်းကြီး၏လက်ထက်တော်မှစ၍ မြန်မာတို့တိုင်းပြည်၌ ငါဘုရား၏ သာသနာတော်သည် အခွန့်ရှည်စွာလျှင် ထင်ရှားဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော်မူခဲ့၏။

■

ဤသို့ဖြင့် သာသနာတော်သတ္တရာဇ်တစ်ရာ့တစ်ခုသို့ရောက်သောအခါ ဖိုးဦးတောင်ဖျား၌ ထားတော်မူခဲ့သော ဗျာဒိတ်တော်အတိုင်း ညဉ့်တွဲငုံးခွင်းပင် နိမိတ်ကြီးငါးပါးတစ်ပြိုင်နက်ဖြစ်ပေါ်ခဲ့လေ၏။

ထိုအခါ သရေခေတ္တရာမြို့နေရာကို သူမြတ်ခုနစ်ပါးဖြစ်သော ဂဝံပတေ့ရသေ့၊ သိကြားမင်း၊ နဂါး၊ ဂဠုန်၊ ကုမ္ဘကဏ်၊ စန္ဒီ၊ ပရမေသွာ၊ မဟာပိန္ဒေ စသည်တို့က သာယာညီညွတ်လှစွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ရပ်နေပြီးလျှင် နဂါးကစက်ကြိုးပြု၍လှည့်လည်တော်မူ၏။ ထိုစက်ကြိုးလှည့်ရာ အချင်းတစ်ယူဇနာ၊ အဝန်းသုံးယူဇနာရှိသည့် တံခါးကြီး (၃၂) တံခါး၊ တံခါးငယ် (၃၂) တံခါး၊ ကျဲး၊ မြောင်း၊ ယခင် ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုး စသည်မြို့အင်္ဂါခုနစ်ပါးဖြင့် တင့်တယ်လှစွာသော သရေခေတ္တရာ ရွှေမြို့တော်ကြီးပေါ် ထွန်းလာခဲ့ပါသည်။ ထိုပြည်ကြီးကို ဒွတ္တပေါင်မင်းကြီးသည် သိမ်းပိုက်စိုးအုပ်စံတော်မူခဲ့ပါသည်။

ထိုအခါ သိကြားမင်းက -

သီလဝံသစား အစရှိသော မင်းမြောက်တန်ဆာငါးပါးတို့ကိုလည်းကောင်း၊ ကေရာဇ်မင်းတို့နှင့်သာထိုက်တန်သော မင်းဆောင်မင်းယောင်မင်းခမ်းမင်းနားတို့ကို လည်းကောင်း၊ ရန်သူအပေါင်းတို့ကို နှိမ်နင်းနိုင်သော အရိန္ဒမာလှံ၊ ခေါင်းလောင်း၊ စည်ကြီးတို့ကို လည်းကောင်း၊ နာဋ္ဌာဂိရိဆင်နှင့် ဝလာဟကမြင်းတို့ကို လည်းကောင်း၊ မင်းကြီး၌ မပြတ်စောင့်ရှောက်ရန်အတွက် နတ်သူရဲတစ်ကျိပ်ခုနစ်ယောက်တို့ကို လည်းကောင်း သံတမန်စေခြင်း၌လိမ္မာသော၊ ဘုန်းပညာအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အမတ်ငနီပါး၊ ငရဲကျား၊ ပဉ္စင်းဖြူ၊ ပဉ္စင်းညိုတို့ကိုလည်းကောင်း၊ အတွင်းပင်လယ်၊ အပြင်ပင်လယ်တို့ကို လည်းကောင်း ဆောင်နှင်းပေးတော်မူခြင်းခံခဲ့ရ၏။

အခွန်ခံရာတွင်လည်း မိမိတိုင်းနိုင်ငံသာမက ဇမ္ဗူဒီပါကျွန်းမှစပြီး အသုရာပြည်၊ နဂါးပြည်တိုင်အောင် အခွန်ခံခဲ့၏။ ဒွတ္တပေါင်မင်းကြီး၏ အခွန်ခံနည်းမှာ သူ၏လှံပျံတွင် အထူးထူးသောအမှာစာကိုရေးစေပြီးဆွဲကာ လှံထိုးတောင်သို့ တက်၍မင်းကြီးလက်တော်ဖြင့် ထိုးတော်မူလျှင် ရည်ညွှန်းသောနိုင်ငံ၏ မင်းဦးခေါင်း၌ကျအံ့သကဲ့သို့တည်၏။ ထို့အတူ ခေါင်းလောင်းကြီး၊ စည်ကြီးတို့ကိုတီးပြီး အခွန်ကောက်ခံလျှင်လည်း တစ်ချက်တီးသည်ရှိလျှင် အခြားတစ်ပါးသော လူမင်း၊ နဂါးမင်းတို့၏ နားရင်း၌တီးဘိသကဲ့သို့ အသံတို့မြည်ဟည်းလေ၏။ ထိုအခါ ထိုမင်းအပေါင်းတို့က အထူးထူးသော လက်ဆောင်ပဏ္ဏာအခွန်တို့ကိုပေးဆက်ကြရ ၏။

ထို့အပြင် ဒွတ္တပေါင်မင်းကြီးသည် မြင်ဗာဟု၊ မြသီတင်၊ မြင်ထင်၊ သောကြမ္မာ၊ ပေါပေါ၊ လျောလျော၊ စည်စည်၊ ညဉ်းညဉ်း၊ သရမာ စသည့် ဘုရားပုထိုးတော်ကြီးပေါင်းကိုးဆူကိုလည်း တည်ထားတော်မူခဲ့ပါသည်။

ထိုမှ ဘုန်းသမ္ဘာကြီးမားပြီးကုသိုလ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော မင်းကြီးသည် တစ်ကြိမ်သောအခါ ရွှေတိဂုံစေတီတော်မှ ဆံတော်ကိုပင့်ဆောင်လိုသောဆန္ဒရှိလာခဲ့၏။

■ ဆံတော်ကိုယူရန်ရည်သန်ခြင်း

ဒွတ္တပေါင်မင်းကြီးသည် ရွှေတိဂုံဆံတော်ရှင်ဓာတ်မြတ်၏ အကြောင်းကို ရှေးလူတို့ပြောဆိုကြသော ဥဒါန်းစကားဖြင့်ကြားသိရပြီးသော် စစ်သည်ဗိုလ်ပါဆင်မြင်းအစရှိသော မင်းတန်ဆာကိရိယာများနှင့်တကွ ကောင်းကင်တွင်ပျံသွားနိုင်သော သူရဲကောင်း၊ မြေကြီးကိုလျှိုး၍ သွားတတ်သော သူရဲကောင်း၊ အမြောတ်၊ သေနတ်၊ ဓား၊ လှံ၊ ဒိုင်း၊ လွှ၊ ပေါက်တူး၊ တူးရွင်း၊ ဆောက်၊ တံစဉ်း၊ ဓားမောက်၊ ဓားမ စသည့်အလုံးစုံသော လက်နက်ကိရိယာစုံလင်စွာဆောင်လျက် ဗိုလ်ခြေတစ်သိန်းအင်အားနှင့်တကွ ဆံတော်ဓာတ်မြတ်ကို ယူအံ့ဟူ၍ ရည်သန်ကာ ရေကြောင်း၊ ကြည်းကြောင်းချီလာခဲ့၏။ ထိုသို့ချီလာသည့်နေ့မှစတင်၍ပင်လေကြီးမိုးကြီးတို့ပြင်းထန်စွာကျလျက် လှိုင်းမီးများပြိုးပြိုးပြက်ပြက်ဖြင့် အဆက်မပြတ်လက်လျက်ရှိခြင်း၊ လျေင်ကြီးများ အဆက်မပြတ်ပဲ့တင်ထပ်မျှလှုပ်လေ၏။ ထိုအခါ တောတောင်ထင်ဝန်းကျင်တို့၌ သစ်ပင်ကြီးတို့လည်းကျိုးပဲ့ပျက်စီးကုန်၏။

တောင်ကြီး၊ ကမ်းကြီးတို့လည်း ပြိုကုန်၏။ ရေနေ၊ ကြည်းနေ သတ္တဝါအပေါင်းတို့သည်လည်း ကိုက်ခဲဆိတ်ဆွသကဲ့သို့ရှိကုန်၏။

ထိုကဲ့သို့ ထူးခြားပြင်းထန်သောအတိတ်နိမိတ်တို့ကိုမြင်တွေ့ရသောအခါ ဒွတ္တပေါင်မင်းကြီးနှင့်တကွ ဗိုလ်ပါအပေါင်းတို့သည် ကြောက်လန့်ခြင်းပြင်းစွာဖြစ်ကုန်ကြတော့၏။ ထိုအခါ ဗိုလ်ပါရဲမက်တို့သည် လွှင့်ပျောက်မျောပါကြလေ၏။ ဗိုလ်ခြေတစ်ထောင်စုများသည် တစ်စုမျှပင် မကျန်အောင် ပျောက်လွှင့်ကြရ၏။ မင်းကြီးနှင့်တကွ အနည်းငယ်သာကြွင်းကျန်ရစ်တော့၏။

ထိုအခါ မင်းကြီးနှင့်ကြွင်းကျန်ရစ်သူတို့သည် စုရုံးတိုင်ပင်ကြပြီးနောက် ရွှေတိဂုံဆံတော်ရှင်အား ရွှေထီး၊ ငွေထီး၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်၊ စိန်ဆိုင်း၊ မြဆိုင်း၊ ပုလဲဆိုင်းတို့ဖြင့် လက်ယာရစ်သုံးပတ်လှည့်၍ ပူဇော်ကန်တော့ကြကုန်လေ၏။ ထိုအခါတွင်မှ ဆိုးရွားသောအတိတ်နိမိတ်ဆိုးများ ပြေပျောက်သွားလေတော့၏။

ထို့နောက် ဒွတ္တပေါင်မင်းသည် ရွှေတိဂုံမှ ဆံတော်ဓာတ်ကို တူးဖော်ရယူပင့်ဆောင်မည့်အစီအစဉ်ကို ရပ်ဆိုင်းလိုက်သော်လည်း ဗုဒ္ဓဘုရားရှင်၏ ဆံတော်တစ်ဆူဆူကို မဖြစ်မနေရယူပြီးမှ ပင့်ဆောင်ကာ သရေခေတ္တရာသို့ပြန်လိုသည့်ဆန္ဒက မပျောက်မပျက်နိုင်ဘဲဖြစ်နေသဖြင့် သူ၏မှူးမတ်ပညာရှိများနှင့်တိုင်ပင်လေ၏။

ထိုအခါ မှူးမတ်ပညာရှိတို့က ရွှေတိဂုံဘုရားသမိုင်းမှတ်တမ်းမှတ်ရာများကို လေ့လာသုံးသပ်ကြလေ၏။ ထို့ကြောင့် ဤသိဂုံတ္တရာကုန်းတော်ပေါ် သို့တော်ဓာတ်များ ပင့်ဆောင်ပူဇော်ပြီး ဘုရားတည်ရာတွင် လမ်းတူးလျှောက်၍ ဆံတော်ကြိုစေတီများလည်းထားခဲ့ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com

ထိုဆံတော်ကြိုစေတီများတွင်လည်း အချို့သော ဆံတော်ကြိုစေတီများ၌ ဆံတော်ရှင်ဓာတ်များကို ဌာပနာထားကြောင်း သိရှိကြလေတော့၏။

ဆံထော်ရှင်ဓာတ်များ ပင့်ဆောင်ရာတွင် ရေလမ်းမှ ပင့်ဆောင်ခဲ့ကြခြင်း ဖြစ်၏။ ပင်လယ်ဝမှ တွဲတေးဆိပ်ကမ်း၊ ထိုမှ ဗိုလ်တထောင်ဆိပ်ကမ်း၊ ဗိုလ်တထောင်ဆိပ်ကမ်းမှ သိဂုံတွာရဂုံးနန်းတော်သို့ပင့်ဆောင်ခဲ့ခြင်း ဖြစ်၏။ အဆိုပါ တွဲတေးဆိပ်ကမ်းမှတက်ပြီးနောက်တည်ထားသွားသောဆံတော်ကြိုစေတီများမှာ အောက်ပါအစဉ်အတိုင်း ဖြစ်၏။

၁။ ဒေတနော်စေတီတော်
၂။ အင်းဂလုံစေတီတော်
၃။ ဆပုဂံစေတီတော်
၄။ ကျိုက်တဂိုးနွတ်စေတီတော်
၅။ ကျိုက်တရိုးတွတ်စေတီတော်
၆။ လှပတီလက်ခိုက်စေတီတော်
၇။ ကျိုက်ကော့မူးစေတီတော်
၈။ ဖလကြီးစေတီတော်
၉။ ရွှေဆံတော်စေတီတော်

အထက်ပါ ဆံတော်ကြိုစေတီ (၉)ဆူကို ဆံတော်ရပ်နားရာနေရာများ၌ တည်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ဆံတော်ကြွချီရာ လမ်းတစ်လျှောက်မြို့များမှာ ကွမ်းခြံကုန်းမြို့၊ ကော့မှူးမြို့၊ တွဲတေးမြို့ (ပေါက္ခရဝတီမြို့) များ ဖြစ်၏။

အဆိုပါ ပေါက္ခရဝတီမြို့ရှိ မေရုတကုန်းတော်ပေါ်၌ ကျိုက်ကေသာဘွဲ့တော်ရှိသော စေတီတစ်ဆူတည်ခဲ့၏။ ထိုဘုရားတွင် ဆံတော်ရှင်ဓာတ် ဌာပနာထားခဲ့သဖြင့် နောက်ပိုင်းတွင် ရွှေဆံတော်စေတီတော်အဖြစ် ထင်ရှား၏။ ဆံတော်ရှင်တို့သည် ပေါက္ခရဝတီမှ ဆက်လက် ပင့်ဆောင် ကြွချီတော်မူရာ ရန်ကုန် (ဒဂုံ) မြို့ ရောက်ရှိတော်မူ၏။

■ ရန်ကုန် (ဒဂုံ) မြို့သို့ ဆံတော်ဆိုက်ရောက်ခြင်း

ပုဒ္ဓဘုရားရှင်၏ ဆံတော်တို့ကို မဖျိမဒေသမှ ပင့်ဆောင်လာခဲ့သော တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့က အဆင့်ဆင့်ပင့်ဆောင်လာခဲ့ခြင်း ဖြစ်၏။

သူတို့မူရင်းပင့်ဆောင်လာခဲ့သည်မှာ ဆံတော် (၈) ဆူဖြစ်၏။ လမ်းတွင် အဖျတ္တနဂရအကောက်မင်းကြီးက ဗုဒ္ဓဘုရားရှင်၏ဆံတော်နှစ်ဆူကို အကောက်တော်အဖြစ်အတင်းပင်ယူငင်ပင့်ဆောင်ထားလိုက်၏။ အဆိုပါဆံတော် (၂) ဆူကို နီလာပန်းတောင်းတောင်တန်းပေါ်တွင် ဆံတော်ရှင်စေတီတည်ထားခဲ့ပါသည်။

ထို့ကြောင့် ကုန်သည်ညီနောင်တို့တွင် ဆံတော် (၆) ဆူသာ ကျန်ပါတော့၏။ တစ်ဖန် ဆက်လက်ပင့်ဆောင်လာရာ မော်တင်စွန်းအနီး နာဂရာဇ်မော်အင်္ဂမ ဇေယျသေနနဂါးမင်းကလည်း ဆံတော်(၂)ဆူကို ထပ်မံတိတ်တဆိတ်ခိုးယူလိုက်ပြန်သဖြင့် ဆံတော်(၄)ဆူသာကျန်ပါတော့၏။

■ ဥက္ကလာပမင်းကြီး၏အဓိဋ္ဌာန်

ဒဂုံဆိပ်ကမ်းသို့ ဆံတော်ရှင်ဓာတ်များရောက်ရှိလာရာ ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့၏ဖခင် သုဝဏ္ဏသွဲ့ဒေးကြီးတို့က ဝမ်းမြောက်လှစွာဖြင့် စစ်ဗိုလ်ပါတစ်ထောင်ပါဝင်သော ခေါဘဏ်တပ်ကြီးခင်းကျင်းသည့်ပုံစံဖြင့် ခမ်းနားကြီးကျယ်စွာ ကြိုဆိုပင့်ဆောင်လာသည်။ ထိုဆိပ်ကမ်း၌ပင် ရတနာမဏ္ဍပ်တော်နှင့် ယာယီကိန်းဝပ်တော်မူစေခဲ့ပါသည်။ ထိုဆံတော်ရှင်များဆိုက်ကပ်ရာ ဆိပ်ကမ်းကိုလည်း ဗိုလ်ခြေတစ်ထောင်ဖြင့် ပင့်ဆောင်သည်ကို အစွဲပြု၍ ဗိုလ်တထောင်ဟု ခေါ်ဝေါ်ပညတ်ခဲ့ပါသည်။

ထိုအချိန်တွင် ဥက္ကလာပမင်းကြီးသည် ဆံတော်ရှင်များကိန်းဝပ်ရာ ရတနာမဏ္ဍပ်တော်၌ပင် ကြည်ညိုသဒ္ဓါတရားအပြည့်ဖြင့် အဓိဋ္ဌာန်ဝင်ပြီးနောက် အောက်ပါအတိုင်း ဆုတောင်းလိုက်၏။ မင်းကြီးသည် လမ်းခရီးတွင် ဆံတော်ရှင်ဓာတ်(၄)ဆူလျော့ပါးခဲ့ရသည့်သတင်းကို ကြားသိပြီးသည့်အခါလည်းဖြစ်နေသဖြင့် စိတ်ပင်ပန်းခြင်းကြီးစွာလည်းဖြစ်နေခဲ့၏။

ထို့ကြောင့်လည်း ဤအဓိဋ္ဌာန်ဆုတောင်းကိုဆိုခြင်း ဖြစ်၏။

"မိမိတို့ကိုးကွယ်ပူဇော်ထိုက်လျှင် မြတ်စွာဘုရားပေးသနားတော်မူလိုက်သည့်အတိုင်း ကိုးကွယ်ပူဇော်ရပါစေသတည်း"

ဟု အဓိဋ္ဌာန်ပြီး ဆံတော်ရှင်ဓာတ်များထည့်သွင်းထားသည့် ကြုတ်တော်ကိုဖွင့်လိုက်ရာ ကွဲဒွိဝသယောအစိန္ဒေယျာဓာတ်တို့သည် မူလအတိုင်းမလျော့ဘဲ (၈) ဆူအတိုင်းသာဖူးတွေ့ရသဖြင့် တိုင်းထက်အလွန်ပင် လွန်မင်းပြင်းပြဝမ်းမြောက်တော်မူလှသဖြင့် စံပယ်အရပ်ဖြစ်သော ဗိုလ်တထောင်ရတနာမဏ္ဍပ်တော်၌ပင် (၆) လတိုင်တိုင် ကြီးစွာသောပွဲသဘင်ဖြင့် ဆင်နွှဲပူဇော်ခဲ့၏။

■ တပုဿနှင့်ဘလ္လိကတို့ဆံတော်တစ်ဆူစီပူဇော်ခွင့်ရခြင်း

(၆) လတိုင်တိုင် ပူဇော်ပွဲသဘင်ကြီးကို ငှဲ့ချီးကျင်းပပြီးနောက် ဥက္ကလာပမင်းကြီးသည် မူလဆံတော်ပင့်ဆောင်လာရာ တပုဿနှင့် ဘလ္လိကတို့အား ဆံတော်တစ်ဆူစီပေးအပ်ခဲ့ပါသည်။

ထိုအခါ တပုဿသည် မိမိရရှိသောဆံတော်တစ်ဆူကို ဗိုလ်တထောင်ဆိပ်ကမ်းရှိ ဆံတော်ရှင်ဓာတ်များကိန်းဝပ်ခဲ့ရာ ရတနာမဏ္ဍပ်တော်နေရာတွင် စေတီတစ်ဆူတည်ပြီး ဆံတော်ကိုဌာပနာခဲ့၏။ ထိုစေတီတော်ကို ဗိုလ်တထောင်စေတီတော်အဖြစ် ခေါ်ဝေါ်ခဲ့ကြ၏။

ဘလ္လိကသည် သူရရှိခဲ့သော ဆံတော်တစ်ဆူကို ဆံတော်ရှင်ဓာတ်များ ဗိုလ်တထောင်မှ သိဂုံတွာရကုန်းတော်သို့ ပင့်ဆောင်စဉ် ရွှေဝါတော်ပြာသာဒ် ပထမဦးဆုံး ခရီးတစ်ထောက်ရပ်နားရာအရပ်ဖြစ်သောနေရာ၌ ဘုရားတည်ပြီး ဆံတော်ရှင်ဓာတ်ကို ဌာပနာခဲ့လေ၏။ ထိုစေတီကို ကျိုက်ပါစေတီတော်ဟုခေါ်ခေါ်သမုတ်ခဲ့၏။ 'ကျိုက်' ဟူသည် ဘုရားဖြစ်ပြီး 'ပါ' ဟူသည် (၂) ဖြစ်၏။ ဘုရားညီနောင်ဟု ဆိုလို၏။ နောက်ပိုင်းတွင် ထိုစေတီကို 'ကျိုက်မဟာပိန္ဓဲဘုရား' ဟု ခေါ်ဝေါ်ကြ၏။ ထိုသို့ကျိုက်မဟာပိန္ဓဲဟုခေါ်ဝေါ်ရခြင်းမှာ ဆံတော်ရှင်ဓာတ်များဆိပ်ကမ်းမှ သိဂုံတွာရကုန်းတော်သို့ ပင့်ဆောင်စဉ် ရွှေဝါတော်ပြာသာဒ် ပထမဆုံး ခရီးတစ်ထောက်ရပ်နားရာအရပ်သည် ထိုစဉ်အခါက ထိုနေရာသည် မဟာပိန္ဓဲအဖြစ်ခေါ်ဝေါ်သည့်ရွာဖြစ်သောကြောင့်ဖြစ်၏။ ထိုမဟာပိန္ဓဲရွာ

www.burmeseclassic.com

www.burmeseclassic.com

ဟုခေါ် ဝေါ် ရသည့်အကြောင်းမှာ မဟာပိန္ဒနိုနှတ်ရုပ်ပူဇော်ထားရှိရာ မဟာပိန္ဒနှတ်တိုက်ရှိသောကြောင့် ဖြစ်၏။

ဤတွင် မဟာပိန္ဒနှတ်တိုက်နှင့် ပတ်သက်ပြီး အနည်းငယ်ရှင်းလင်းဖော်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါကျိုက်ပါစေတီတော်တည်ရှိရာနေရာတွင် ယခုအခါ စန္ဒီမယ်တော် ကလယ်ဘုရားကျောင်းတည်ရှိနေသောကြောင့် ဖြစ်၏။ ယခုနေရာအခေါ် အဝေါ် ရဆိုရပါမူ ဤနေရာသည် ပန်းဆိုးတန်းလမ်း (ဒါလဟိုဇီလမ်း) ထောင့်နေရာ ကြေးနန်းရုံးကြီး၏မြောက်ဘက်နေရာ ဖြစ်၏။

ကိုလိုနီခေတ်ဦးပိုင်းတွင် ရန်ကုန်မြို့သို့ လယ်ကူလီအဖြစ် ရောက်ရှိလာကြသော ဟိန္ဒူကလယ်လူမျိုးတို့က မဟာပိန္ဒနှတ်တိုက်နေရာကို သူတို့လူမျိုးများ ရိုးရာအစဉ်အဆက် ကိုးကွယ်ခဲ့ကြသည့်နေရာဟုဆိုကာ ကိုလိုနီအစိုးရထံတွင် ထိုမြေကို ဘုရားကျောင်းမြေအဖြစ် တောင်းယူပြီး ကလယ်ဘုရားကျောင်း ဆောက်ခဲ့ကြခြင်း ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာမြန်မာတို့က မကျေမနပ်ဖြစ်ပြီး ဤနေရာသည် မိမိတို့ ဗုဒ္ဓဘာသာဆိုင်ရာ ခေတ်အဆက်ဆက်ကိုးကွယ်ခဲ့သည့် နေရာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ သာပိုင်ဆိုင်ခွင့်ရှိကြောင်း တရားတဘောင် ဖြစ်ခဲ့ကြကြောင်း အမျိုးသားပညာဝန် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထု (၃၇) မင်းမှတ်တမ်းစာမျက်နှာ (၈၉)တွင် ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်၏။

အစဉ်အလာ အမှတ်အသိများ စွဲမြဲလာမှုအရ မဟာပိန္ဒဆိုလျှင် ဟိန္ဒူဗြာဟ္မဏဘာသာနှင့်သာသက်ဆိုင်သည်ဟု ယူဆကြ၏။ ထိုကိစ္စနှင့်ပတ်သက်လျှင် အစိုးရအာဏာပိုင်အဖွဲ့အစည်းများ ကိုးကွယ်သူများသာမက သမိုင်းပညာရှင်များကပင် မဟာပိန္ဒဆိုလျှင် ဟိန္ဒူဗြာဟ္မဏဘာသာဟုသာ ထင်ကြ၏။ ကောက်ယူကြ၏။ ထို့ကြောင့် သရေခေတ္တရာ စသည့် ပျူမြို့ဟောင်းများတွင် မဟာပိန္ဒရုပ်များကို မကြာခဏတူးဖော်တွေ့ရှိကြသဖြင့် ပျူလူမျိုးတို့သည် ဗုဒ္ဓဝါဒသာမက ဗြာဟ္မဏဘာသာကိုပါ ကိုးကွယ်ကြောင်း ကောက်ချက်ဆွဲအဖြေထုတ်ကြသည်ကို မကြာခဏပင် တွေ့မြင်ရပါသည်။

ဆံတော်ရှင်ဓာတ်တော်များပင့်ဆောင်ရာ ဗိုလ်တထောင်နှင့် သိဂုံတွင်ရကုန်းတော်ကြား ယခုပန်းဆိုးတန်းလမ်းဘေးနေရာသည် ထိုစဉ်က မဟာပိန္ဒရှာရှိ၏။ မဟာပိန္ဒနှတ်တိုက်ရှိနေနှင့်ပြီးဖြစ်သည်ကို သတိပြုရမည်ဖြစ်၏။ လွန်ခဲ့သည့်နှစ် (၂၆၀၀) ကျော် ထိုအချိန်တွင် မဇ္ဈိမဒေသတွင် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီး မရေမနှောင်းတွင်ပင် ဆံတော်ရှင်ဓာတ်များနှင့်အတူ ဗုဒ္ဓသာသနာတော်ရောက်ရှိလာပြီဆိုရပါမည်။ ထိုမတိုင်မီကတည်းက မဟာပိန္ဒနှတ်တိုက်ပူဇော်မှုရှိနေပြီး ဖြစ်ပါသည်။ မြန်မာတို့၏ ဤမဟာပိန္ဒပူဇော်မှုကို ဟိန္ဒူတို့ကိုးကွယ်သောမဟာပိန္ဒနှင့် ရောထွေး၍ မရပါ။

မြန်မာတို့၏အစဉ်အလာယုံကြည်မှုအရ သတ်မှတ်သော မဟာပိန္ဒသည် သူမြတ် (၇) ဦးတွင်ပါဝင်သောပုဂ္ဂိုလ်သာဖြစ်၏။ အဆိုပါသူမြတ် (၇) ဦးဆိုသည်မှာ ကမ္ဘာကြီးစောင့်ပုဂ္ဂိုလ်ကြီးများအဖြစ် သတ်မှတ်ပူဇော်ကြခြင်း ဖြစ်၏။ ဤဆောင်းပါးရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့် ဒွတ္တပေါင်မင်း၏သရေခေတ္တရာမြို့တည်ထောင်ရာတွင်ပါဝင်သော သိကြားမင်းစသည့် သူမြတ်ပုဂ္ဂိုလ်ခုနစ်ပါးဆိုသည်မှာ ဤပုဂ္ဂိုလ်များပင်ဖြစ်သည်။သာသနာပအခ်ိန်ကာလတွင် ထိုပုဂ္ဂိုလ်များကိုသာ အဓိကထားကိုးကွယ်သော်လည်း ဗုဒ္ဓသာသနာတော် ရောက်ရှိလာချိန်တွင် မြန်မာလူမျိုးတို့သည် ဗုဒ္ဓဝါဒကိုအဓိကထားကိုးကွယ်ခဲ့ကြ၏။ မဟာပိန္ဒအဝင် အပါဖြစ်သော သူမြတ်ပုဂ္ဂိုလ် (၇) ပါးကိုကား ရိုးရာအစဉ်အလာထုံးစံများအရ ပူဇော်သက္ကာရပြုကြခြင်းဖြစ်၏။ ဟိန္ဒူဗြာဟ္မဏတို့မူကား မဟာပိန္ဒကို ဘုရားအဖြစ် ကိုးကွယ်ကြခြင်း ဖြစ်၏။ ဗုဒ္ဓဘာသာမြန်မာတို့အနေဖြင့်မူကား ဗုဒ္ဓဘုရားရှင်ကို လောကီရေးအတွက်သာမက လောကုတ္တရာရေး၊ သံသရာမှလွတ်မြောက်ရေးအထိပါ ရည်မှန်းကိုးကွယ်ခြင်း ဖြစ်၏။ မဟာပိန္ဒ စသည့်သူမြတ် (၇)ပါးကိုမူကား လောကီရေး၊ မိမိတို့အတွက် ဘေးအန္တရာယ်ကင်းဝေးလုံခြုံရေးစသည်တို့အတွက်အစောင့်အရှောက်များအဖြစ်သတ်မှတ်ကာ ပူဇော်သက္ကာရပြုကြခြင်းဖြစ်သည်ကို ခွဲခြားနားလည်ရန်လိုပါသည်။

■ ဒွတ္တပေါင်မင်းကြီး ကျိုက်ပါ (မဟာပိန္ဒ)မှဆံတော်အား ပြိုဖျက်ရာဖွေရှာပူဇော်ပင့်ဆောင်ခြင်း

ဒွတ္တပေါင်မင်းကြီးသည် ရွှေတိဂုံဆံတော်ရှင်ဓာတ်အား ရယူပင့်ဆောင်ရန် ကြိုးပမ်းရာ မအောင်မြင်သဖြင့် အခြားဆံတော်မူပင့်ဆောင်ရယူနိုင်မည့် နည်းလမ်းများကိုကြံစည်ရာ မဟာပိန္ဒရှာရှိ ဘလွိကတည်ထားကိုးကွယ်ခဲ့သော ကျိုက်ပါဘုရားကို အနီးစပ်ဆုံးတွေ့မြင်ဖူးမြော်ရသဖြင့် တပ်တောင်ပါဦလံထုဖြင့် သွားရောက်ပြီး စေတီတော်ကိုဖြိုဖျက်ပြီး ဆံတော်ရှင်ဓာတ်ကိုရှာဖွေရာ ဆံတော် (၁) ဆူမက (၄) ဆူမျှပင် ဖူးတွေ့ရသဖြင့် အားရဝမ်းမြောက်ခြင်းတို့ကြီးစွာဖြစ်ပြီး သရေခေတ္တရာပြည်သို့ ပင့်ဆောင်သွားလေတော့၏။

ဒွတ္တပေါင်မင်းကြီးသည် သာသနာတော် ၁၀၁ ခုနှစ်တွင် ရာဇာသိမ်ခံယူခဲ့ခြင်းဖြစ်ပြီး ဒဲ့ပို့မြို့ မဟာပိန္ဒရှာရှိ ဘလွိက၏ကျိုက်ပါစေတီမှ ဆံတော်ရှင်ဓာတ်ကို ဖြိုဖျက်ပင့်ဆောင်သည့်နှစ်မှာ သာသနာနှစ် ၁၁၁ ခုနှစ် ဖြစ်၏။ ထို့ကြောင့် ဒွတ္တပေါင်မင်းကြီးသည် နန်းသက်(၁၀)နှစ်ကြာတွင် ဆံတော်ပင့်ဆောင်ခဲ့ခြင်း ဖြစ်၏။ ထို့အတူ ဘလွိကတည်ခဲ့သော ကျိုက်ပါ (မဟာပိန္ဒ) စေတီတော်သည် တည်ထား ကိုးကွယ်ပြီး နှစ်ပေါင်း (၁၁၁) နှစ်အကြာတွင် ဖြိုဖျက်ခံရခြင်းဖြစ်သည်ဟုဆိုရမည်ဖြစ်ပါသည်။

ဤပြဿနာနှင့်ပတ်သက်၍သုံးသပ်ကြည့်ပါက ဖြစ်သင့်သည်မှာ ဒွတ္တပေါင်မင်းကြီးသည် ကျိုက်ပါစေတီတော်တွင် ဆံတော်ရှင်ဓာတ် (၄) ဆူတောင် ဖူးတွေ့ရခြင်းဖြစ်၏။ ဆံတော်ရှင်၏တန်ခိုးတော်ကြောင့် တစ်ဆူမှလေးဆူအဖြစ်ပွားသွားခြင်းဖြစ်၏။ ဒွတ္တပေါင်မင်းကြီး၏ဘုန်းကံကြီးမှုနှင့်လည်းဆိုင်ပါသည်။ ထိုဆံတော်လေးဆူအနက် ဆံတော်တစ်ဆူကိုပြန်၍ ဌာပနာပြီး မူလစေတီအတိုင်း ပြန်တည်ပေးလျှင် မည်မျှကောင်းမွန်ပါမည်နည်း။ ကျန်ဆံတော် (၃) ဆူကို မိမိပင့်လိုရာသို့ ပင့်ဆောင်နိုင်မည်လည်းဖြစ်၏။ သို့သော် အဖြစ်ကား ဘလွိက၏ ကောင်းမှုတော်လည်း အုတ်ပုံအပြိုအပျက်ဘဝရောက်ရ၊ ဒွတ္တပေါင်မင်းကြီးအနေဖြင့် ဆံတော်နှင့်ပတ်သက်ပြီး ကြီးမားသော ကုသိုလ်ကောင်းမှုဆန္ဒဖြစ်သော်လည်း ထိုဆန္ဒတစ်ခုတည်းကို ရွေ့တန်းတင်မိသဖြင့် ဗုဒ္ဓဂိုဏ်းသင့်သောအဖြစ်မျိုးကြုံတွေ့ရတော့၏။ ထို့ပြင် နောက်ပိုင်းတွင် သံဃာဂိုဏ်းပါထပ်သင့်ပြန်သဖြင့် မကောင်းလှစွာသောဘဝဇာတ်သိမ်းကို ဆက်ရသွားဖော်ပြပါမည်။

ဆရာဦးဆက်ဆွဲနုံးလင်း
(အာယုဒ္ဓဒ)

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း-ရွာသစ်)
ပြဿဒါး၊ ပါရုပိတ္တ၊ ဗေသော ရက်ပုပ်၊ ရက်ကန်းတို့မှလွတ်သော ရက်ကောင်းတို့ကို လစဉ်ပြက္ခဒိန်ချပ်ဇယား

ကမ္ဘာပြက္ခဒိန်ချပ်၌ ပထမ (၇) တန်းစား ဆန်းရက်၊ ဒုတိယ(၇)တန်း စသည်ကား ရက်ကန်း၊ ရက်ပုပ် စသည်တို့မှလွတ်သော ရက်ကောင်းများဖြစ်ပါသည်။

၎င်းရက်ကောင်းများနှင့်ဘုရား၊ ဂူ ကျောင်း၊ တန်ဆောင်း၊ မဏ္ဍပ်၊ ဇရပ်၊ ရေတွင်းစသည်တို့ ဆောင်ရွက်အပ်၏။ မင်္ဂလာဆောင်ရ၏။ ဂါထာ၊ အင်း၊ သိဒ္ဓိ ရေး ရွေးချယ်စီရင်ရာ၏။

ဤနှစ်ချပ်ဇယားသည် လွန်ခဲ့သော နှစ် (၂၀) ကျော် ကေလာသ အဘာဆရာအောင်၏တပည့် ရုံပိုင်ကြီး ဦးယဉ်သုမ ကိုစိုးအား ခွီးမြှင့်ထားသော ပြက္ခဒိန်ဖြစ်ပါသည်။ အဘာဆရာအောင်၏ လက်ရေးမူထဲမှ စေ့စပ်သေချာစွာ ကူးယူအသုံးပြုလျက်ရှိပါသည်။

ပြက္ခဒိန်ပါသော လဆန်း၊ လဆုတ် ရက်တို့မှာ လွန်စွာအကျိုးထူးများလှပါသည်။ ကောင်းခန်းများရေးပြလျှင် စာရှည်ပါမည်။ အံ့ဩစရာကောင်း လောက်အောင် ထူးခြားသောရက်များဖြစ်ပါသည်။

အံ့ဩစရာဆိုသည်က လူအများနှင့်တစ်ယောက် ရက်ရွေးသည့်အခါ မိမိစကားပယ်သူတို့ ဒုက္ခလှလှရောက်ပုံ မိမိစကားမနာယူလို့ အံ့ဩသွားရပုံတို့ပင် တစ်ပုံတစ်ခေါင်းကြုံခဲ့ရဖူးသည်။

ယခုလည်း ဝါသနာတူ မိတ်ဆွေ သူငယ်ချင်းအပေါင်းတို့အတွက် မေတ္တာရေးနှင့်ဖော်ပြပေးခြင်းသာဖြစ်ပါသည်။ ယခင်ကလည်း ကိုစိုးကိုယ်တိုင် ဝန်ခံဖူးပြီ။ ကိုစိုးဟာ ပညာရှင်မဟုတ်ပါ။ ဘာမှ မတတ်မသိပါဟု။

ယခု နှစ်ချုပ်ဇယားသည် ၁၉၇၃ ခုထုတ် သဲကုန်းမြို့ အင်းပေါ်ကြီးညီ ကျောင်းတိုက် ဆရာတော်ကြီးရေး သုတသန်စဉ်ကျမ်းတွင် ပါရှိပါသည်။ အဘာဆရာ၏ပြက္ခဒိန်နှင့် ချွတ်စွတ်တူညီစွာ တွေ့ရပါသည်။ မူရင်းကျမ်းမှ ပုံနှိပ်စေတနာအမှား တစ်ရက်စ နှစ်ရက်စ အကွာရာလွဲမှားသည်မှအပ အားလုံးတူညီပါသည်။ ယခု အဘာဆရာအောင်၏ မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါသည်။

ယခုနှစ်ချုပ်ဇယားလေးကိုကူးယူထားလိုက်ပါ။ ကိုယ့်မိသားစုအတွက်၊ ဆွေမျိုးမိတ်ဆွေတွေအတွက် အကျိုးများပါသည်။ ဝါသနာရှင် လောကီပညာသင်ကိုစိုးတို့လို မိတ်ဆွေအများလည်း အကျိုးများပါသည်။

အထူးသဖြင့် ပြင်းထန်တဲ့အတိုက်အခိုက်တွေ မီး၊ မိုး၊ လေ စတဲ့သဘာဝဘေးဆိုးတွေတောင် လွတ်ကင်းစေပါသည်။ အကျိုးများလှတဲ့အတွက်စာဖတ်သူများပါ အသုံးပြုနိုင်ကြပါစေ။

စိုးမင်း(မြောက်စည်း-ရွာသစ်)

တန်ခူးလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၁	၂	၃	၄	၆	၉	၁၁	၁၃	၁	၂	၃	၉	၁၀	၁၂		
၂	၁	၂	၃	၇	၉	၁၀	၁၂	၁၅	၁	၂	၄	၇	၉	၁၃	၁၄	
၃	၁	၂	၄	၆	၇	၁၁	၁၄	၁၅	၁	၃	၇	၁၀	၁၃	၁၄		
၄	၁	၃	၇	၁၀	၁၃	၁၄	၁၅		၂	၇	၉	၁၂	၁၃	၁၄		
၅	၇	၉	၁၂	၁၃	၁၄	၁၅			၁	၂	၃	၅	၁၂	၁၃		
၆	၁	၄	၁၁	၁၂	၁၃	၁၄	၁၅		၃	၄	၇	၁၀	၁၁	၁၂	၁၄	
၇	၃	၄	၄	၁၀	၁၁	၁၃	၁၄	၁၅	၂	၃	၄	၆	၉	၁၀	၁၄	၁၅

ကဆုန်လ

ဆန်းနေ့	လဆန်းရက်ကောင်း							လဆုတ်ရက်ကောင်း								
၁	၅	၇	၁၂	၁၄	၁၅			၇	၁၁	၁၂	၁၃	၁၄				
၂	၄	၇	၈	၁၁	၁၃	၁၄		၃	၅	၈	၁၀	၁၁	၁၂			
၃	၃	၅	၈	၁၀	၁၂	၁၃		၄	၅	၉	၁၀	၁၁	၁၂	၁၃		
၄	၂	၅	၈	၉				၁	၃	၈	၉	၁၀	၁၁	၁၅		
၅	၁	၃	၈	၁၀	၁၁	၁၅		၂	၃	၇	၈	၉	၁၀	၁၄		
၆	၃	၇	၉	၁၀	၁၄			၂	၈	၉	၁၃	၁၅				
၇	၉	၁၃	၁၅					၅	၆	၇	၁၂	၁၄	၁၅			

www.burmeseclassic.com

www.burmeseclassic.com

နယုန်လ

ဆန်းနေ့	လဆန်းရက်ကောင်း							လဆုတ်ရက်ကောင်း								
၁	၃	၇	၁၃	၁၄				၇	၈	၁၁	၁၄	၁၅				
၂	၅	၈	၁၂	၁၃				၇	၁၀	၁၃	၁၄					
၃	၁	၃	၅	၈	၁၁	၁၂	၁၅	၅	၆	၈	၁၀	၁၃				
၄	၄	၇	၈	၁၁	၁၄			၄	၅	၈	၁၀	၁၁	၁၂	၁၅		
၅	၃	၈	၁၀	၁၃				၃	၄	၁၀	၁၄	၁၅				
၆	၁	၅	၇	၈	၁၂	၁၅		၃	၈	၁၀	၁၃	၁၅				
၇	၁	၄	၆	၇	၁၄	၁၅		၂	၅	၈	၈	၁၂	၁၅			

ဝါဆိုလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၅	၈	၈	၁၂	၁၅				၇	၈	၁၁	၁၄	၁၅			
၂	၃	၈	၁၁	၁၄	၁၅				၇	၁၀	၁၃	၁၄				
၃	၃	၇	၁၀	၁၃	၁၄				၅	၆	၈	၁၀	၁၃			
၄	၅	၈	၁၀	၁၃					၄	၅	၈	၁၀	၁၁	၁၂	၁၅	
၅	၅	၅	၁၀	၁၁	၁၂	၁၅			၃	၄	၁၀	၁၄	၁၅			
၆	၃	၄	၇	၁၀	၁၄	၁၅			၃	၈	၁၀	၁၃	၁၅			
၇	၃	၈	၁၃	၁၄	၁၅				၂	၅	၈	၁၂	၁၅			

ဝါခေါင်လ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၃	၄	၆	၁၀	၁၁	၁၃			၂	၃	၅	၁၀	၁၂			
၂	၂	၃	၅	၂	၁၀	၁၂			၂	၄	၈	၁၁				
၃	၂	၃	၈	၁၁	၁၅				၅	၃	၈	၁၄				
၄	၃	၃	၈	၁၁	၁၅				၂	၃	၁၃	၁၄				
၅	၅	၁၃	၁၄						၅	၈	၁၂	၁၃				
၆	၅	၆	၈	၁၂	၁၃	၁၅			၄	၃	၁၀	၁၂	၁၄			
၇	၁၁	၁၂	၁၄						၄	၆	၁၁	၁၃				

www.burmeseclassic.com

www.burmeseclassic.com

တော်သလင်းလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၅	၇	၉	၁၂	၁၄	၈၅			၁၂	၁၃	၁၄	၁၅				
၂	၇	၈	၁၁	၁၄	၁၅				၅	၆	၇	၈	၁၀	၁၂	၁၃	၁၄
၃	၆	၇	၈	၁၀	၁၃	၁၄			၅	၆	၉	၁၁	၁၃			
၄	၄	၅	၁၁						၄	၅	၈	၁၀	၁၁	၁၂	၁၅	
၅	၃	၄	၈	၁၀	၁၁	၁၂	၁၅		၄	၇	၉	၁၀	၁၄			
၆	၃	၄	၇	၉	၁၀	၁၄			၈	၉	၁၀	၁၃	၁၅			
၇	၃	၆	၉	၁၀	၁၅				၂	၅	၇	၉	၁၂	၁၄		

သီတင်းကျွတ်လ

ဆန်းနေ့	လဆန်း ရက်ကောင်း								လဆုတ် ရက်ကောင်း							
၁	၃	၄	၇	၁၁	၁၄				၂	၃	၁၀	၁၃				
၂	၂	၃	၉	၁၀	၁၃				၅	၈	၉	၁၂				
၃	၅	၈	၉	၁၅					၄	၇	၈	၁၀	၁၁	၁၄		
၄	၄	၇	၈	၉	၁၄	၁၅			၃	၆	၇	၉	၁၀	၁၃	၁၄	
၅	၃	၆	၇	၉	၁၁	၁၃	၁၄		၅	၆	၇	၉	၁၃			
၆	၅	၆	၉	၁၂	၁၃				၅	၅	၈	၁၂				
၇	၄	၈	၁၀	၁၅					၃	၄	၇	၁၁	၁၄			

တန်ဆောင်မုန်းလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၂	၆	၉	၁၂	၁၃				၁	၄	၈	၁၁	၁၂	၁၅		
၂	၁	၈	၁၁	၁၂	၁၅				၄	၇	၁၀	၁၁	၁၄			
၃	၃	၁၀	၁၁						၂	၉	၁၀	၁၃				
၄	၂	၄	၉	၁၀	၁၃				၁	၂	၉	၁၀	၁၂	၁၅		
၅	၃	၂	၈	၉	၁၀	၁၂	၁၅		၁	၄	၇	၈	၉	၁၀	၁၁	၁၄
၆	၁	၂	၄	၇	၈	၁၀	၁၄	၁၅	၃	၆	၁၁	၁၃	၁၄			
၇	၁၁	၁၄	၁၅						၂	၅	၆	၈	၉	၁၂	၁၃	

www.burmeseclassic.com

www.burmeseclassic.com

နတ်တော်လ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၃	၄	၆	၉	၁၁	၁၃			၃	၅	၈	၉	၁၁	၁၂		
၂	၅	၃	၇	၉	၁၀	၁၂	၁၅		၄	၃	၈	၁၀	၁၄			
၃	၄	၃	၈	၁၀	၁၃	၁၄	၁၅		၆	၃	၈	၁၀	၁၃	၁၄		
၄	၆	၃	၈	၁၀	၁၃	၁၄	၁၅		၅	၃	၉	၁၂	၁၄			
၅	၅	၃	၉	၁၂	၁၃	၁၄			၄	၅	၆	၈	၁၂	၁၃		
၆	၄	၅	၆	၈	၁၂	၁၃	၁၄		၄	၃	၁၀	၁၁	၁၂	၁၄		
၇	၄	၁၀	၁၁	၁၄					၂	၄	၆	၉	၁၀	၁၁	၁၃	

ပြာသိုလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၃	၅	၇	၁၂					၂	၉	၁၀	၁၃				
၂	၁	၂	၈	၁၀	၁၁	၁၃			၁	၅	၈	၁၀	၁၅			
၃	၁	၅	၈	၁၀	၁၅				၂	၇	၉	၁၁	၁၄			
၄	၂	၇	၉	၁၁	၁၄				၁	၃	၈	၁၀	၁၃	၁၅		
၅	၃	၃	၈	၁၀	၁၃	၁၄			၂	၅	၇	၉	၁၄			
၆	၂	၃	၇	၉	၁၂	၁၄			၁	၈	၁၁	၁၃	၁၅			
၇	၁၁	၁၃	၁၅						၃	၅	၇	၁၄				

တပို့တွဲလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၃	၅	၆	၁၂	၁၃	၁၄			၅	၁၀	၁၁	၁၃				
၂	၅	၉	၁၁	၁၂	၁၃				၅	၈	၉	၁၀	၁၁	၁၂		
၃	၅	၉	၁၀	၁၁	၁၂				၄	၃	၉	၁၀	၁၁			
၄	၄	၉	၁၀	၁၁					၁	၄	၃	၁၀	၁၁			
၅	၀	၄	၃	၉	၁၀	၁၅			၁	၄	၉	၁၂	၁၃	၁၄		
၆	၁	၄	၈	၉	၁၄	၁၅			၁	၆	၁၃	၁၄				
၇	၈	၁၁	၁၃	၁၄	၁၅				၁၂	၁၃	၁၄					

တပေါင်းလ

ဆန်းနေ့	လဆန်းရက်ကောင်း								လဆုတ်ရက်ကောင်း							
၁	၃	၈	၉	၁၄	၁၅				၁	၃	၈	၁၃	၁၄	၁၅		
၂	၁	၃	၈	၁၁	၁၄	၁၅			၆	၃	၁၀	၁၂	၁၃	၁၄		
၃	၆	၃	၁၀	၁၂	၁၃	၁၄			၆	၁၀	၁၁	၁၃				
၄	၁၀	၁၁	၁၃						၁၀							
၅	၃	၁၀	၁၁	၁၂					၄	၉	၁၀	၁၄				
၆	၃	၉	၁၀						၄	၈	၉	၁၀	၁၃	၁၄		
၇	၃	၈	၉						၃	၈	၉	၁၃	၁၄	၁၅		

www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်ဝင်း(လှတော)
ဆူးထွက်စေလိုသော်

သူရဇ္ဈမဂ္ဂဇင်းကြီးမှာ တိုင်းရင်းကဏ္ဍသည် ခံ့ညားထည်ဝါဂုဏ်တင့်စွာ ဖော်ပြပါရှိသည်။ အဖွင့်မာတိကာကို ကြည့်ပြီး အလွယ်တကူ ရှာဖွေကြည့်နိုင်ပါသည်။

မည်ကာမတ္တဖော်ပြခြင်းမဟုတ်။ စာတည်းအဖွဲ့၏ စေတနာက မြင်သာထင်သာသည်။ လစဉ်လတိုင်းဖော်ပြပါရှိနေပါသည်။

မည်သည့်လ၊မည်သည့်နှစ်ကပါရှိသည်မသိပါ။ သို့သော် ကျွန်တော်ကောင်းစွာမှတ်မိနေသည်။ ဆေးနည်းပေးပို့သူ၏အမည်ကိုမှတ်မိခြင်းမရှိသဖြင့် ခွင့်လွှတ်စေလိုပါသည်။

မောက်ကျိုးရွာမှာ ပြည်ခေမာစာကြည့်တိုက်ရှိသည်။ရေတံခွန်တောင်ဆရာတော် ဦးခေမာစာရဆောက်လုပ်ကုသိုလ်ပြုထားခြင်း ဖြစ်ပါသည်။ အဆောက်အအုံနှစ်ထပ်ကြီးသည် ခေတ်မီသည်။ စာအုပ်စာတမ်းပရိဘောဂပြည့်စုံသည်။

ဖထမရွှေကျင်ရွာမှာ ရွှေကျင်ပရိယတ္တိစာသင်တိုက်၊ စာကြည့်တိုက်ရှိသည်။ တစ်ထပ်ဖြစ်သော်လည်း အခန်းဖွဲ့ပုံကောင်းသည်။ စာအုပ်စာတမ်းပရိဘောဂပြည့်စုံသည်။ လှတောရွာမှဦးပွကြီးမိသားစုက ဆောက်လုပ်လှူဒါန်းပြီး ဆရာတော်ဦးသုံက ထိန်းသိမ်းစောင့်ရှောက်ဖွင့်ထားသည်။

သို့ဖြစ်၍ စာကြည့်တိုက်နှစ်တိုက်ကို ကျွန်တော်အလှည့်ကျစာအုပ်လှူဖြစ်သည်။ ဝါသနာအရ စာရေးသဖြင့် စာအုပ်လက်ဆောင်များရပါသည်။ ထိုစာအုပ်များကို ဖတ်ရှုပြီးပါရှိသော ကျွန်တော့်စာမူကို မိတ္တူကူးဖိုင်တွဲသိမ်းပါသည်။ ပြီးနောက် ကျွန်တော့်စာအုပ်ကိုလှူသည်။

မောက်ကျိုးရွာသည် ကျွန်တော့်ဇာတိရွာဖြစ်ပါသည်။ ရွှေကျင်ရွာသည် ကျွန်တော်နေထိုင်ရာ လှတောရွာနှင့် ဆည်မြောင်းတစ်ခုသာခြား၏။

သို့ဖြစ်၍ ကျွန်တော်ဝမ်းသာဂုဏ်ယူပါသည်။ အလှည့်ကျလှူဖြစ်နေပါ၏။

ဆေးနည်းဆောင်းပါးပြန်ရှာချင်ငြားမလွယ်ကူတော့။ စာကြည့်တိုက်နှစ်တိုက်မည်သည့်တိုက်လှူသည်ကိုမမှတ်မိ။

ကျွန်တော်၏အိမ်ဝိုင်းအတွင်းမှာ သနပ်ခါးပင် အပင် (၂၀၀) ကျော်စိုက်ထားသည်။ တစ်ရက် အိမ်ဝိုင်းအတွင်း အမှိုက်ရှင်းရာက ကျွန်တော့်ဖနောင့်တွင် သနပ်ခါးဆူးစူးပါတော့၏။

သနပ်ခါးဆူးက မှန်မှန်သေးသေးဖြစ်၏။ အသားမာ၏။ အပ်ဖြင့်မည်မျှကြိုးစားထွင်းထွင်း ဆူးကမထွက်ပါ။ ကျွန်တော်ခံရချက်မသက်သာ။

တစ်ရက်ထက်တစ်ရက်ပိုနာလာပါသည်။ မြေပြင်ကိုနင်းလိုက်သည်နှင့် မျက်ခုန်မျက်ခုန်နာနေသည်။ ကျွန်တော် ခြေထောက်မထောက်နိုင်ဖြစ်လာ၏။

နာကျင်မှုသက်သာစေရန် ဆေးဝယ်သောက်၏။ ဆေးအာနိသင်တက်နေချိန်သာသက်သာ၏။ ပြီးနောက် ပြန်နာပါသည်။

သို့ဖြင့် သူရဇ္ဈမဂ္ဂဇင်းမှာပါသော ဆေးနည်းတစ်ခုကို ကျွန်တော်သတိရလာပါသည်။

ဆူးစူးသောနေရာကို သန့်ရှင်းရေးလုပ်၏။ အရက်ပြန်ဖြင့်ဆေးကြော၏။

အိမ်သူထံမှ ဆံညှပ်အသေးတစ်ချောင်းတောင်း၏။ နားနှစ်ဖက်၌ရှိသမျှ နားဖာခွေးများကို ဆံညှပ်ဖြင့်ထုတ်ယူ၏။

အပ်ဖြင့် အကြိမ်များစွာထွင်ထားသဖြင့် ဆူးစူးသောနေရာကအပေါက်သေးသေးလေးဖြစ်နေ၏။ ထိုအပေါက်သေးသေးလေးကို နားဖာခွေးများဖြင့် သိပ်ပါသည်။

တစ်ညအိပ်မှသာကြာ၏။

နောက်တစ်နေ့ ကျွန်တော်ခြေထောက်ထောက်၍ရသွားသည်။ ခြေထောက်ကိုရွေ့ဖြင့်လောင်း၊ ဆူးစူးနေရာကို အရက်ပြန်သုတ်ပြီးကြည့်လိုက်၏။

မောင်မင်းကြီးသား သနပ်ခါးဆူးက သူ့အလိုလိုထွက်နေခြင်းကို ကျွန်တော်တွေ့လိုက်ရပါသည်။ အဖြူရောင်သေးသေးမှုန်မှုန် သနပ်ခါးဆူးလေးသည် ရက်တစ်ပတ်မျှ ကျွန်တော့်ကို နှိပ်စက်သွားပါ၏။

ထိုဆူးလေးကို ကျွန်တော်လက်ဖြင့် အသာကောက်ယူလိုက်ပါသည်။ သနပ်ခါးဆူးက မာနေဆဲဖြစ်၏။ နားဖာခွေးကြောင့် ထွက်လာခြင်းသာဖြစ်ပါ၏။

ရွှေဘိုမြို့ဆေးရုံ၊ ဆေးခန်း၊ ဝက်လက်မြို့ ဆေးရုံ၊ ဆေးခန်းများသို့သွားရောက်ကာခွဲစိတ်ထုတ်ယူရမည်လားဟု ကျွန်တော်တွေးယူထားပါ၏။

ယခုမည်သည့်မြို့ဆေးရုံဆေးခန်းများကိုမျှသွားရန်မလိုတော့။ ငွေကြေးအကုန်အကျလည်းမရှိ။

ဆေးနည်းပေးပို့သူကို လည်းကောင်း၊ ဖော်ပြပေးသော သူရဇ္ဈမဂ္ဂဇင်းကြီးစာတည်းချုပ်နှင့် စာတည်းအဖွဲ့တို့လည်းကောင်း ကျွန်တော်ကျေးဇူးတင်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း တောထဲတောင်ထဲ၊ လယ်ထဲယာထဲဆင်းကြသူများကို သစ်ဆွေးဝါးဆွေးဆူးများ၊ ထနောင်းပင်ဆူး၊ ဆီးပင်ဆူး၊ ပြဿဒ်ပင်ဆူး၊ မိုးနံ့ပင်ပင်ဆူးများက စောင့်ကြိနေပါသည်။

ယခု ဆေးနည်းကို ထိုသူတို့တွေ့ကြပါစေ။

ကျွန်တော့်ကိုယ်တွေ့ကိုဆက်လက်ရေးသားလိုက်ခြင်းဖြစ်ပါကြောင်း။

မေတ္တာဖြင့်

ကိုဇော်ဝင်း(လှတော)

www.burmeseclassic.com

www.burmeseclassic.com

(စာရေး) နေအောင်လင်း ရေသေ

သစ်ဆိမ့်ရွာက ကိုစိုးထွန်း ထောင့်ထဲမှာရေနစ်သေလို့ အလောင်းတွေ့တာကလည်း ပုပ်မှပေါ် လာလို့တွေ့ရတာဆိုသည် သတင်းကြားလိုက်ရသည်။ အင်းထောင့်ဆိုတော့ ရေမစီးလို့ဘယ်မှမမျောဘဲ တွေ့ရှိရခြင်းဖြစ်သည်။ အဖြစ်မှာ အင်းထောင့်ဆိုပြီး ရေကလည်းမစီး၊ သိပ်လည်းမကျယ်လို့ အစွမ်းပြကူးတာလည်းပါသည်။ ထောင့်ရေကကျဉ်းလည်းကျဉ်း၊ အချို့နေရာ လူတစ်ရပ်မှီလို့ထိုအချိန်က ကူးသွားကူးပြန်လုပ်ရင်းမထင်မှတ်ဘဲ ရေနစ်သေဆုံးခဲ့ခြင်း ဖြစ်သည်။ အင်းရေ၊ ထောင့်ရေတို့မှာ ရေသေဖြစ်၍ ရေရှင်ကဲ့သို့ ကူးခပ်ရမလွယ်ကူတာ၊ ရေသေနစ်တာမကြဲဘူးမကြားဘူးတာလည်းဖြစ်နိုင်သည်။ ရေသေတွင် အသက်ဉာဏ်မစောင့်ဘဲ လူစွမ်းကောင်းလုပ်ကာ ကူးတာလည်းဖြစ်နိုင်သည်။ လှေစောင့်ရတာ အချိန်ကြာလို့ လှေခပိုက်ဆဲပေးရမှာစိုး၍ တစ်ခေါက်ဆိုတစ်ခေါက် လှေသမ်းသာရင်ပြီးရော ရေချိုးရင်းကူးပြန်တာလည်း ဖြစ်နိုင်သည်။

ရေသေမှာ မည်သည့်အကြောင်းကြောင့်ပင်ကူးကူး ရေသေကတော့ တကယ်နစ်၍သေခဲ့ပြီး ဖြစ်သည်။

ရေကား နှစ်မျိုးနှစ်စားခွဲခြားလို့ရသည်။ ရေရှင်နှင့်ရေသေဟူ၍ ခွဲခြားသိဖို့လိုသည်။ ရေရှင်မှာ မြစ်ရေ၊ ချောင်းရေ၊ မြစ်လက်ကြား၊ ပင်လယ်ရေတို့မှာ မြင့်ရာမှာ နိမ့်ရာသို့ အမြဲစီးဆင်းလျက်ရှိသည်ဖြစ်၍ ရေရှင်ဟုခေါ်နိုင်သည်။

ရေသေဆိုသည်မှာ အင်းရေအိုင် ရေမြစ်ရေဝင်ထောင့်မြစ်ရေဝင်သည့် ချောင်းလက်တက်တို့တွင်ရှိသည်။ ရေတိုမှာ တစ်နေရာတည်းတွင်ရပ်၍နေသကဲ့သို့ အထက်အောက်ဘေးဝဲယာမည်သည့်အရပ်မျက်နှာမျှ စီးဆင်းရွေ့လျားခြင်းမရှိသည့်ရေအား ရေသေဟု မှတ်ယူနိုင်သည်။

ရေရှင်ပဲဖြစ်စေ၊ ရေသေပဲဖြစ်စေ လူနှင့်သက်ရှိတိရစ္ဆာန်တို့အားလုံးနစ်မြုပ်သေဆုံးနိုင်သည်။ အရပ်စကားပြောလျှင် ရေတိမ်နစ်တယ်ဟု လူအများပြောဆိုလျက်ရှိသော်လည်း ရေသေတွင် ရေနစ်သေဆုံးတတ်တာ သတိမပြုမိကြပေ။ မီးကိုလည်း အပျက်မစမ်းသင့်၊ ရေကိုလည်း အနက်မစမ်းသင့်။

ရေရှင်နှင့် ရေသေ မတူညီသည့် အချက်ကား ရေရှင်မှာ မပြတ်စီးဆင်းလျက်ရှိကား လူနှင့်တိရစ္ဆာန်တို့ ရေရှင်တွင် ဖြတ်၍ကူးလျှင် ကူးခပ်ရလွယ်ကူသလို လူခန္ဓာကိုယ်အားလည်း ရေစီးရေအားက ပင့်တင်ပေးထား၍ ရေအောက်သို့ ရုတ်တရက် နစ်မြုပ်နိုင်ခြင်းမရှိ။ ကူးခပ်နိုင်လျှင်ကူးခပ်နိုင်သလောက် ခရီးပေါက်ကာ တစ်ဖက်ကမ်းရောက်လွယ်တာတွေ့ရသည်။

ရေသေဖြစ်သည့်အင်းရေ၊ ထောင့်ရေ၊ ကန်ရေ၊ မြစ်ရေဝင်ချောင်းလက်တက်မှာ ကူးခပ်လျှင် လူခန္ဓာကိုယ်အား

www.burmeseclassic.com

www.burmeseclassic.com

ရေစီးရေလာမရှိ၍ ခန္ဓာကိုယ်ဖော့အား လည်းမကောင်း၊ ရေ၏တွန်းအား၊ ပင့်တင်အားမရှိ၍ ကြာကြာကိုယ်ဖော့နိုင်စွမ်းမရှိ လိုရာခရီးကိုလည်း ရေရှင်းကဲ့သို့ တွင်းကျယ်အောင် လိုရင်းမရောက်ဘဲ ကူးရင်းခပ်ရင်းနှင့်ပင် ခြေကုန်လက်ပန်းကျကာ ရေကူးသူတို့နစ်မြုပ်သေဆုံးရလေ့ရှိသည်။

မြစ်နား၊ ချောင်းနား၊ ကမ်းနားနေ ထိုင်ကြသူ ရေလုပ်သား ကိုင်းတောင်သူတို့မှာ မြစ်နားချောင်းနားနီးနီး နေထိုင်သူများပီပီ ရေကူးကျွမ်းကျင်ကြသူများပင် ဖြစ်သည်။ ရေကူးကျွမ်းကျင်သူများပင် တစ်ခါတစ်ရံမထင်မှတ်ဘဲ ရေနစ်သေဆုံးနေသည့်အဖြစ်ဆိုးတို့ကြုံတွေ့ရသည်။ ထိုသို့ကြုံတွေ့ရသည်အဖြစ်တို့မှာ ရေရှင်ဖြစ်သည့် မြစ်လက်တက်ချောင်းခြားတို့တွင်မဟုတ်ဘဲ ရေသေဖြစ်သည့် အင်းရေ၊ ထောင့်ရေ၊ ကန်ရေ၊ မြစ်ရေဝင်သည့် ချောင်းလက်တက် ရေသေတွင် လက်ပစ်ကူးသူများဖြစ်သည်။

မြစ်နားကမ်းနားနေထိုင်ကြသူတို့ ရေကူးသည့်အခါ ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ရွှေစက်တော်မန်း ချောင်းရေပြင်မှာကဲ့သို့ ဘောကွင်းလေထိုးထားသည့် ကားတာယာကြွပ်တို့နှင့် ကူးခပ်ခြင်းမျိုးမဟုတ်။ ယက်ချည်ဗလာဖော့စရာဆို၍ ပလပ်စတစ်ပုံးသေးသေးပင်မပါဘဲ အသာလွတ်လက်ချည်ဗလာကူးခပ်ကြသူများဖြစ်သည်။

ရေကူးကျွမ်းသည်။ ကိုယ်ဖော့အားကောင်းသည်ဆိုသူကို ရေရှင်ဖြစ်သည့် မြစ်ရေ၊ မြစ်လက်တက်တို့တွင် ကိုက်(၅၀၀)၊ ကိုက်(၃၀၀)ကူးခပ်နိုင်သူများအဖို့ ရေသေဖြစ်သည့် အင်းရေ၊ ထောင့်ရေ၊ မြစ်ရေဝင်ထောင့်တို့တွင် ကူးခပ်နိုင်လိမ့်မည်မဟုတ်။ ရေသေတွင် ခန္ဓာကိုယ်ဖော့အားလည်း မကောင်းသလို ရေပြင်၏တွန်းအားပင့်အားတို့လည်း မရှိသောကြောင့် ခြေကုန်လက်ပန်းကျကာ ရေသေတွင် ရေနစ်သေဆုံးကြရခြင်းတို့ကြုံတွေ့ရသည်။ ရေသေတွင် ရေရှင်၏တစ်ဝက်ခရီး (၃)ချို့း(၁)ချို့း အကွာဝေးပင် ကူးခပ်နိုင်လိမ့်မည်မဟုတ်ပေ။ ရေသေတို့တွင် အစွမ်းပြကူးခတ်ကြသူများ ရေသေနစ်ကာ မကြာခဏသေဆုံးတတ်တာ သတိပြုရမည်။

ရေသေတွင် ရေနစ်ဖူးသူတို့အား မြင်တွေ့ဖူးသလို ရေနစ်ဖူးသူတို့ပြောပြ၍ လည်းသိရသည်။ မြစ်ရေဝင်ထောင့်တွင် ရေနစ်ဖူးသူ ဦးအေးမောင်က သူ့ကိုယ်တိုင် ရေလုပ်သားတစ်ဦးဖြစ်၍ ရေကူးလည်း ကျွမ်းကျင်သည်။ အတော်သင့်ဝေးကွာသည့်အကွာအဝေးရေလက်ကြားတို့ပင် အသားလွတ်ကူးခပ်သွားနိုင်သူဖြစ်သည်။

တစ်နေ့ ရွာအနောက်ဘက်ရှိ မြစ်ရေဝင်ထောင့်အတွင်းမှာဖြစ်သည်။ သူ၏ လုပ်ငန်းသုံးလေငယ်မှာ ထောင့်အနောက်ဘက်ကမ်းခြေ တဲအနီးဆိုက်ကပ်ထားခြင်း ဖြစ်သည်။ လေ့က လော်တက်နှင့်ပြီးစလွယ်စိုက်ကာကြီးချည်ထားခဲ့ရာ အနောက်ရမ်းလေရုတ်တရက်တိုက်ခတ်လိုက်သည့်အခါ လေ့ချည်တိုင်ကျွတ်ကာ လေ့မှာကမ်းက လေနှင့်အတူ လွင့်ထွက်သွားသည်။ ဦးအေးမောင်လည်း လေ့လေနှင့်လွင့်မျောတာ မြင်လျှင်မြင်ခြင်း တဲကဆင်း၍ ကမ်းရောက်လျှင် လေ့ကကမ်းနှင့်ဝါးတစ်ရိုက်အကွာရောက်နေပြီဖြစ်၍ ရေထဲဆင်းကူးကာ လေ့နောက်ကူး၍လိုက်ရသည်။ လေ့မှာ လေနှင့်လွင့်နေ၍ အရှေ့အင်းထောင့်အလယ်ကောင် ရောက်ထိလွင့်နေ၍ ကူးရင်းလိုက်ရင်းပင် လေ့ရှိရာမရောက်နိုင်ဘဲရှိနေသည်။

ဦးအေးမောင်လေ့နားရောက်ခါနီး လိုက် လေကလွင့်လိုက်နှင့်ဖြစ်နေရာ လေ့အားကူးရင်းလိုက်ရင်း မမှီဘဲရှိနေသည်။ လူကကြာတော့ ကူးရင်းခြေကုန်လက်ပန်းကျလာသည်။ လူခန္ဓာကိုယ်နောက်ပိုင်းကလည်း ရေထဲဓာဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြည်း နစ်မြုပ်တော့မလိုဖြစ်ကာ မြောက်ဘက်နားပိုက်လိုက်နေသည့် ကိုကြာသောင်းအား လက်ဟန်ပြကာ လှမ်းခေါ်ရသည်။ ပါးစပ်က အသံထွက်မခေါ်နိုင်။ သူ၏လေ့ကားမမီလိုက်။ လေနှင့်လွှင့်ကာ အရှေ့ဘက်ကမ်းရောက်သွားသည်။ မြစ်ရေဝင်ထောင့်ရေသေဖြစ်၍ လူခန္ဓာကိုယ်မှာကူးရင်းခတ်ရင်းပင် ကြာကြာမမှေနိုင်ဘဲ ရေနစ်သေမည်အဖြစ်နှင့် ကြုံခဲ့ရခြင်း ဖြစ်သည်။

ဦးအေးမောင်ပြောပြတာက -

"အဲဒီတုန်းက ကြသောင်းပိုက်လေ့တာမရှိရင် အင်းထောင့်ထဲမှာ ငါရေနစ်ပြီးသေတယ်။ ရေသေက ရေရှင်ရေစီးလိုကူးရတာကူးတိုင်းခရီးမရောက်ဘဲ လူကိုဆွဲနှစ်သလိုကြုံရတာ"

ဟုပြောပါသည်။

ထိုကဲ့သို့ အင်းထောင့်ရေတွင် ရေနစ်ခဲ့သူတစ်ယောက်မှာ ကိုအောင်မိုးဖြစ်သည်။ ထိုနှစ်ကလည်း ရွာအနောက်ဘက်တွင် မြေနကျွန်းပေါ် သည်။ မြေနကျွန်းကကမ်းခြေပေါက်ပေါ် တာမဟုတ်။ မြစ်ကမ်းစပ်နှင့်ကိုက်(၃၀၀)ကျော်အကွာ အနောက်ဘက်တွင်ပေါ် တာဖြစ်သည်။ ကမ်းစပ်ကမ်းပါးမြေနှင့်မြစ်ရေဝင်ထောင့်ခြားလျက် မြေနကျွန်းပေါ် လျက်ရှိသည်။ ကိုင်းဆင်းသည့်ကိုင်းတောင်သူအချို့က မြစ်ရေဝင်ထောင့်ထဲ ကျွဲနွားတို့အား လှေနှင့်တွဲကာ တစ်ဖက်ကမ်းကူးကြသည်။ အချို့လည်း ကူတို့လှေနှင့်ကူးကြသည်။ ထောင့်တစ်ဖက်ကမ်း ကျွန်းမြေနပေါ် ကျွဲတဲနွားတဲထိုးကာ ကိုင်းမြေတွင် ထွန်ယက်စိုက်ပျိုးကြသည်။ နွားနေဖို့ လူနေဖို့ တဲတွေထိုးကာ နေထိုင်ကြသည်။ ကိုင်းတဲများအစီအရီမြင်တွေ့ရသည်။

ရွာပေါ် ကနေ ကိုင်းဆင်းသူများအတွက် လူစာ၊ နွားစာတို့အား နေ့စဉ်လှေနှင့် အင်းထောင့်ရေတွင် ကူးချည်သန်းချည်သယ်ယူကာ နေထိုင်ကြသည်။

ဦးဆင်းလို့ ရက် (၂၀) ကျော်အကြာတွင် ကိုအောင်မိုး၏ဦးနွားတစ်ကောင် ထွန်ရှည်းကအပြန် ထွန်ပိုးဖြုတ်ပြီးစတွင် ရုတ်တရက်ကြိုးပြေလွတ်ကာ အင်းရေထဲကူးကာ အရှေ့ဘက်ကမ်းရွာဘက်ကူးပြေးပါတော့သည်။ ကမ်းစပ်တွင်လည်း လှေကတစ်စင်းမှမရှိခိုက်ဖြစ်၍ ကိုအောင်မိုး ကျန်နွားတစ်ကောင်အားကြိုးအမြန်ချည်ကာ ကူးပြေးသည့် နွားနောက်သို့ အင်းရေထဲကူး၍ လိုက်သည်။ သို့သော် နွားကို လူကမီအောင်မကူးနိုင်။ နွားက တစ်ဖက်ကမ်းရောက်ကာ ကမ်းပေါ် တက်ပြေးသည်။ ကိုအောင်မိုးက တော့ နွားကိုလည်းမမီတဲ့ အရှေ့ဘက်ကမ်းရောက်ဖို့ ဝါးနှစ်ရိုက်အကွာတွင် ခြေကုန်လက်ပန်းကျလျက် ရှေ့ဆက်မကူးနိုင်တဲ့ရေနစ်တော့မလိုဖြစ်လာသည်။

ထိုအချိန် ကမ်းပေါ်က ရေခပ်ဆင်းလာသည့် ဌေးမောင်အား လှမ်းအော်ကာ အကူညီတောင်းရသည်။

"ဌေးမောင်ရေ၊ ငါရေနစ်နေလို့ တစ်ခုခုငါ့ဆီလှမ်းပစ်ပေးစမ်းပါ"

ဟု ဆိုလျှင် ကမ်းစပ်တွင် အဆင်သင့်ထွေ့ရသည့် ထွန်ပိုးတုံးအား ရေထဲလှမ်းပစ်လိုက်သည်။

ကိုအောင်မိုး ဌေးမောင်လှမ်းပစ်လိုက်သည့်ထွန်ပိုးတုံးအားလှမ်းခိုပြီး ကမ်းပေါ် ရောက်လာနိုင်ခဲ့သည်။

"ငထောင့်ထဲ ရေနစ်တုန်းက ငါကနွားကို မီလုမီခင်ဆိုပြီး နောက်ကဇွတ်ကူးလိုက်ရင်နဲ့ နွားလည်းမမီ၊ လက်ကလည်း လက်ပန်းကျ ရေကဆွဲနစ်သလိုဖြစ်ပြီး နစ်တော့တာပဲ။ ဌေးမောင်ထွန်ပိုးတုံးပစ်ပေးလို့ ငါမသေတာ။ ရေသေက ရေရှင်ရေစီးလို့ကူးလို့မရဘူး။ ဖော့လည်းမရဘူး။ ဇွတ်အတင်းတဖြည်းဖြည်းဆွဲနှစ်သလိုမျိုးနစ်တာ"

ဟု ပြောပါသည်။

အင်းရေထောင့်ရောကား ရေသေလည်းဖြစ်၊ ရေနက်စောက်ကလည်း ကမ်းခြေတိုင်ရေစောက်၍ ကမ်းရောက်အောင်မကူးနိုင်တဲ့ရေနစ်ရခြင်းဖြစ်သည်။ သို့သော် သူတို့နှစ်ယောက်မှာ အသက်မဂသခဲ့။

အသက်ဘက်စောင့်၊ ဥစ္စာက်စောင့် စကားပုံရှိသည်။ လွန်ခဲ့သည့်နှစ်က အင်းထောင့်အတွင်း ရေနစ်သေဆုံးခဲ့ရသည့် ကိုစိုးထွန်း၏ အဖြစ်ကလည်း အသက်ဘက်မစောင့်ခဲ့၍ ရေသေနစ်သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထိုနှစ်ကလည်း ရွာအနောက်ဘက်တွင် ကိုင်းကျွန်းမြေပေါ် ခဲ့သည်။ ကျွန်းမြေက ကမ်းခြေမပေါက်။ ထောင့်အင်းရေခြားလျက်ရှိသည်။ ထောင့်အင်းရေကလည်း တစ်ဖာလုံးထက်မကျယ် အနောက်ဘက်ကမ်းကပ်ဝါးလေးငါးဆယ်ပြန်အထိ လူမတ်တပ်ရပ်၍ ကူးလျှင်ရသည်။ ရေတိမ်က သုံးခွိုးတစ်ခွိုးရေတိမ်သည်။ အရှေ့ဘက် ကျောက်ကမ်းမှာက ရေနက်ရေစောက်သည်။ ကိုင်းကူးသူအများ စက်လှေ၊ လက်လှော်လှေနှင့် ကူးသွားကူးပြန်သွားလာကြသည်။ မြစ်ရေကျကိုင်းဆင်းခါနီး နစ်တော့၊ ပြာသိုလအင်းထောင့်ရေဆုတ်ခါနီး တချို့လူများတစ်ခါတစ်ရံ အင်းထောင့်ထဲ လက်ပစ်ကူး ပြန်တဲ့သူပြန်ကြသည်။ ဒါကလည်း (၁၀) ယောက် (၁)ယောက် နေ့ခင်းဘက်ရေချိုးရင်း အခင်းကြည့်သွားသူတစ်ယောက်တလေ အင်းထောင့်ရေထဲဖြတ်ကူးတာဖြစ်သည်။ ထိုသို့ အင်းထဲဖြတ်ကူးခြိုန် အဝတ်ပုဆိုးတို့အား လက်တစ်ဖက်ကမ်းမြောက်ကာကူးခြင်းဖြစ်သည်။ ဖော့စရာဆို၍ ပလပ်စတစ်ပုံးပင် မပါ လက်ချည်းဗလာကူးကြဖြစ်သည်။

တပို့တွဲလပြည့်ကျော်ရက် သစ်ဆိမ့်ရွာက ကိုစိုးထွန်းဆိုသူ အင်းထောင့်ထဲ ရေနစ်သေတာအလောင်းပုပ်စွာပေါ် လာလို့သိရတဲ့သတင်းကြားရသည်။ နောက်ဆက်တွဲကြားသည့်သတင်းမှာ ထိုသူက စက်လှေစောင့်ရတာ အခြိန်ကြာတယ်ဆိုကာ ခါတိုင်းလည်း တစ်ခါတစ်ရံ အင်းထောင့်ရေထဲ အဝတ်ပုဆိုးလက်တစ်ဖက်ကမြောက်ရင်း လက်တစ်ဖက်နှင့်ကူးသွားကူးပြန်နေကျဖြစ်သည်။

ထိုနေ့က အင်းထောင့်ရေထဲရေကူးပြန်ချိန်တွင် အင်းထောင့်ရေက မြစ်ရေတက်၍ ရေပြင်ကား အခါတိုင်းနှင့်မတူ ရေပြင်ကျယ်လာတာ သတိမထားခဲ့ခြင်းမရှိတာကြောင့် တစ်ဖက်ကမ်းရောက်ဖို့ အကွာအဝေးအချိန်အဆအတွက်မှားသွားတာဖြစ်နိုင်ပါသည်။ ထောင့်ရေနည်းချိန်ကူးခပ်ရသလို လိုရာခရီးမရောက်ဘဲ လမ်းတစ်ဝက်မှာပင် ခြေကုန်လက်ပန်းကျကာ ရေနစ်သေဆုံးရခြင်း ဖြစ်သည်။

ထိုသူ၏ဖြစ်ရပ်မှာ အသက်ဘက်မစောင့် မဆင်မခြင် အင်းထောင့်ရေသေတွင် အလွတ်ဗလာရေကူးခဲ့ခြင်းကြောင့်လည်းကောင်း မပြောပလောက်သည့် စက်လှေခပေးရမှာ နှမြောတွန့်တိုကပ်စေးနဲ့တာလည်းပါသည်။ အသက်ဘက်မစောင့်ဘဲ မဆင်မခြင် အင်းရေထောင့်ရေရေသေတွင် ဆင်ခြင်တုံးအတွေးအခေါ် နည်းပါးကာကူးခဲ့မိသည့်အဖြစ်ကား လူတစ်ယောက်အသက်ပင် ဆုံးရှုံးခဲ့ရပါတော့သည်။

(ဖြစ်ရပ်မှန်ဖြစ်သော်လည်း ရွာအမည်၊ လူအမည်တို့အား ပြောင်းလွဲထားပါသည်။)

နေအောင်ကြီး(စလေ)

www.burmeseclassic.com

www.burmeseclassic.com



ရွှေနှယ်ရိုး ဘုန်းကြီးမိုက်ခဲ

သီလရှင်ကြီးနှစ်ပါးက မိမိတို့နေရင်းဌာန စစ်ကိုင်းတောင်ဘိုးသို့ပြန်ရန် ခရီးစရိတ် လိုနေသဖြင့် တက်ရိုင်လျှင် ခရီးစရိတ် ငွေလျှဒါန်းပါရန် မေတ္တာရပ်ခံပါသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေဗိုလိမိုရေး အားနည်းနေခို့ကြောင့် သီလရှင်ကြီးနှစ်ပါးအဖို့ မိမိတို့၏ ဌာနစစ်ကိုင်းတောင်ရိုးသို့ အမြန်ပြန်ရောက်ရေးမှာ အသက်တမျှအရေးကြီးလှသည်ဟု ဆရာကတော်က ထင်မြင်ယူဆပါသည်။ ထို့ကြောင့် ဆရာဦးရွှေရိုးနှင့် တိုင်ပင်ကာ ကာလဒါနအဖြစ် ခရီးစရိတ်ငွေကို အလုံအလောက်လျှဒါန်းလိုက်ပါသည်။

သီလရှင်ကြီးနှစ်ပါးတို့ကလည်း ဆရာဦးရွှေရိုးတို့ ဇနီးမောင်နှံအား ဘေးဒဏ်ရန်စွယ် အန္တရာယ်အသွယ်သွယ်တို့မကျရောက်ရလေအောင် ဘေးကင်းရန်ကာ စည်းချဂါထာတစ်ပုဒ်ကို ပေးသွားခဲ့ပါသည်။ စည်းချဂါထာမှာ ငါးပါးသီလမြဲမှသာ အစွမ်းထက်ပြီး တန်ခိုးပြမည်ဖြစ်ကြောင်းကိုလည်း သတိပေးစကားဆိုသွားပါသည်။

တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသလိုပင် ရှစ်လေးလုံးကာလအတွင်း ဆရာဦးရွှေရိုးတို့၏ အခိုန်ကား ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့က စတင်ခဲ့သော ရှစ်လေးလုံးအရေးတော်ပုံကြီး အရှိန်အဟုန်ပြင်းထန်နေဆဲကာလ ဥက္ကဋ္ဌကြီးဦးနေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(မဆလ) အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီး ကောင်းစွာမလည်ပတ်နိုင်တော့ဘဲ လုံးဝ ရပ်တန့်သွားလုမတတ်ဖြစ်နေခို့ မင်းမဲ့စရိုက်များပေါ် ပေါက်လာနေသည့်အခါ သမယဖြစ်ပါသည်။

ထိုရောအခါတွင် မြို့ရောတောပါ မိမိတို့ရပ်ကွက်ကျေးရွာအသီးသီးတို့၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစိတ်ချရအောင် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အား ကိုယ်ကိုးစနစ်ဖြင့် လုံခြုံရေးအဖွဲ့များဖွဲ့စည်းကာ နေ့ကင်း၊ ညကင်း၊ ဝပ်ကင်း၊ လှည့်ကင်းများဖြင့် အခိုန်ပြည့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါလမ်းဘေးရှိ အရောင်းအဝယ် ကောင်းမွန်သည့် စျေးကုန်းမြို့ကလေးရှိ စျေးဆိုင်များမှာလည်း ခိုးဆိုးယုယက်ခံရမည်ကို စိုးရိမ်၍ မဖွင့်လှစ်ရဲကြပါ၊ ပိတ်ထားကြရသည်။ စျေးအတွင်းရှိ ကုန်စုံဆိုင်ပိုင်ရှင် ဆရာဦးရွှေရိုးနှင့် ဆရာကတော်တို့မှာလည်း ကျောင်းပိတ်၊ စျေးပိတ်နှင့်အလုပ်အားကာ အိမ်မှာသာ နားနေကြရပါသည်။

"ဒါနရှင်များရှင်"

တစ်နေ့နံနက်တွင် သီလရှင်အဘွားကြီးနှစ်ပါး အလှူခံလာသဖြင့် ဆရာကတော်က တစ်ပါးလျှင် ဆန်တစ်ဘူးကျစီ လောင်းလှူပါသည်။ တစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com

စေ့းကုန်းမြို့ကလေးမှာ တောကြောင်များ၏ အနှောင့်အယှက်၊ မိုက်ကြေးခွဲခြင်း၊ ခိုးဆိုးတိုက်ခိုက်လုယက်ခြင်းများကို အတော်ပင်ခံလိုက်ကြရပါသည်။ သို့ရာတွင် စေ့းကုန်းမြို့ကလေး၏အစွန်အဖျားရှိ လင်ကိုယ်မယားနှစ်ယောက်သာရှိသော ဆရာဦးရွှေရိုးတို့အိမ်မှာမူ ဘာမှမဖြစ်ပါ။ ဘေးမသီရန်မခဘဲ အေးချမ်းတည်ငြိမ်လျက်ရှိပါသည်။

စေ့းကုန်းမြို့ကလေး၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ သန်းပင်ကုန်းရွာမှ ဖဲသမားကြီးဦးတာတေက လမိုက်ညတစ်ညတွင် ဆရာဦးရွှေရိုးတို့အိမ်ကိုအနှောင့်အယှက်စီးရန် သူ့သားဗလအား စေခိုင်းလိုက်ပါသည်။ သန်းခေါင်ကျော် အချိန်လောက်တွင် ဗလသည် ဝင်းထရံကိုကျော်တက်ကာ ဆရာဦးရွှေရိုးတို့အိမ်ဝင်းထဲသို့ ဝင်လိုက်ပါသည်။

သို့သော် အိမ်ဝင်းထဲသို့ကား မရောက်၊ သခ္ဓိုင်းကုန်းကြီးတစ်ခုအတွင်း သို့သာ မမျှော်လင့်ဘဲ ရောက်ရှိသွားပါသည်။ ပြန်ထွက်လိုက်ပြန်ဝင်လိုက်နှင့် အကြိမ်ကြိမ်ပင် ကြိုးစားသော်လည်း မအောင်မြင်ပါ။ သခ္ဓိုင်းကုန်းကြီးထဲသို့ သာပြန်ပြန်ရောက်နေသဖြင့် နောက်ဆုံး၌ လက်လျှော့ကာ ကြောက်လန့်တကြားပြန်ပြေးခဲ့ရပါသည်။

ဤသည်ကို ဦးတာတေက လက်မခံပါ၊ ယုံလည်းမယုံပါ။ သူ့သားဗလသတ္တိနည်းသောကြောင့်သာ ဤသို့ဖြစ်ရသည်ဟု တင်မြင်ယူဆပါသည်။ သို့ဖြင့် သူကိုယ်တိုင်သွားပြီး အကြိမ်ကြိမ်ကြိုးစားကြည့်ရာ သူလည်းမအောင်မြင်ဘဲ သူ့သား ဗလလိုပင် သခ္ဓိုင်းကုန်းကြီးတစ်ခုထဲသို့သာ အကြိမ်ကြိမ်ပြန်ပြန်ရောက်နေသဖြင့် မခံချိမခံသာဖြစ်ကာ လက်လျှော့ပြီး တပ်ခေါက်လာခဲ့ရပါသည်။

ဤသို့ဖြစ်ရခြင်းမှာ ဆရာဦးရွှေရိုးတို့တွင် အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့လို အဆောင်အယောင်၊ အစီအရင်၊ အစောင့်အရှောက်အမျိုးမျိုး အားကိုးရှိသောကြောင့်သာဖြစ်ရမည်ဟု ဦးတာတေတို့သားအဖက ထင်မြင်ယူဆထားပါသည်။

ယခုသော်ကား ရှစ်လေးလုံးအရေးတော်ပုံကြီးပြီးဆုံး၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရတက်ရောက်လာခဲ့သည်မှာ (၆)လခန့်ပင်ရှိနေပါပြီ။ မြို့ပြများ၌ ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးရှိလာပြီဖြစ်သော်လည်း နယ်စွန်နယ်ဖျားကျေးလက်များမှာမူ တောမီးမှမီးစွယ်ကျိုးသွားသည့်တိုင် အရှိန်မသေနိုင်သေးဘဲ တောကြောင်များ၏လက်ခမောင်းခတ်သံကိုလည်း ကြိုကြားကြိုကြားခပ်သဲ့သဲ့ကြားနေရဆဲ ဖြစ်ပါသည်။

သန်းပင်ကုန်းရွာမှ ဖဲသမား ဒုစရိုက်သမားကြီး ဦးတာတေလည်း မရှိတော့ပါ။ ကွယ်လွန်သွားခဲ့ပါပြီ။ ချောင်းညာတွင် မိုးကြိုး၍ ချောင်းရေလျှံသောနေ့တစ်နေ့တွင် ထန်းတောမှ ထန်းရည်မူးပြီး ရွာအပြန် ရေနစ်သေဆုံးခဲ့ရပါပြီ။ ဦးတာတေ၏ တစ်ဦးတည်းသောသား ဗလမှာလည်း သူဖခင်ရှာဖွေပေးခဲ့သော စည်းစိမ်ဥစ္စာတို့ဖြင့် ကြီးပွားချမ်းသာနေပါပြီ။ သန်းပင်ကုန်းရွာတွင် ပြိုင်ဘက်ကင်းသော ကုန်စုံဆိုင်ပိုင်ရှင်ကြီးဖြစ်နေပါပြီ။

သို့ကလို ကြီးပွားချမ်းသာနေသည်နှင့်အမျှ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာလုံခြုံရေး၊ ဘေးကင်းရေးအတွက်လည်း အချိန်နှင့်အမျှ စိုးရိမ်သောက ရောက်နေရပါသည်။ ဥစ္စာခြောက်နေပါသည်။ ထို့ကြောင့် အစောင့်အရှောက်အကာအကွယ်အဖြစ် အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့အဆောင်ယောင်၊ အစီအရင်အစောင့်အရှောက်တစ်မျိုးမျိုးကို အရေးတကြီးလိုချင်နေပါသည်။ အပူတပြင်း လိုက်ရှာနေပါသည်။

နောက်ဆုံး၌ကား အကြံကုန် ဂဠုန်ဆားချက်သည့်အနေဖြင့် အလွယ်တကူရနိုင်မည့်နေရာဌာနသို့ ဗလသည် သူ၏လက်စွဲတော် မြင်းညိုကြီးကိုစီးကာ ကုန်းစိုင်းထွက်ခွာလာခဲ့ပါတော့သည်။

ယခုမူကား ဗလသည် စေ့းကုန်းမြို့လေး၏အစွန်အဖျားရှိ ဆရာဦးရွှေရိုးတို့အိမ်ဧည့်ခန်းတွင် ရောက်ရှိနေပါသည်။

"ကျွန်တော်ကတော့ သန်းပင်ကုန်းရွာက အဖဦးတာတေရဲ့သားမောင်ဗလပါ"

ဟု ဗလက သူ့ကိုယ်သူ မိတ်ဆက်ပါသည်။ ထိုအခါ ဆရာဦးရွှေရိုး၏စိတ်ထဲတွင် သန်းပင်ကုန်းရွာမှ ဒုစရိုက်သမားကြီး ဦးတာတေ၏ပုံရိပ်မှာ ကြည်လင်ပြတ်သားထင်ရှားစွာပေါ်လာပါသည်။

ဦးတာတေကား ရှစ်လေးလုံးအရေးအခင်းကာလအတွင်းက စေ့းကုန်းမြို့ကလေးကို ခိုး၊ ဆိုး၊ လုယက်အနှောင့်ယှက်စီးပိုးရေးရှိလာပြီ လက်မည်းကြီးဖြင့် ကြိုးကိုင်ခဲ့သူအဖြစ် အများကထင်မြင်ယူဆခြင်းခံရသူဖြစ်၏။

ဗလက ဆရာကြီးဦးရွှေရိုးအား တစ်ချက်မျှ အကဲခတ်လိုက်ပြီးနောက် လာရင်းအကြောင်းကို တိုတိုနှင့်လိုရင်းပြောပြပါသည်။

ရှစ်လေးလုံးအရေးအခင်းကာလအတွင်းက ဆရာဦးရွှေရိုးတို့အိမ်မှာ အခိုး၊ အဆိုး၊ အလု၊ အယက်၊ အတိုက်အခိုက် အနှောင့်ယှက်စီးပိုးမိုက်ကြေးခွဲသည်တို့တစ်စုံတစ်ခုမျှမခံရခြင်းမှာ အင်း၊ အိုင်း၊ ခါးလှည့်၊ လက်ဖွဲ့တို့လို အဆောင်အယောင်ကောင်း၊ အစောင့်အရှောက်ကောင်းရှိသောကြောင့်သာ ဖြစ်သည်ဟု အများက ထင်မြင်ယူဆပြောဆိုနေကြပါသည်။ ဤသည်ကို ဗလကလည်း ယုံကြည်ပါသည်။

ထို့ကြောင့် အများက ထင်မြင်ယူဆပြောဆိုနေကြသလို အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ အဆောင်ကောင်းများ၊ ဆရာဦးရွှေရိုးတွင် အမှန်တကယ်ရှိနေပါက သူ့အားလည်း ပွားများ မျှတပေးဝေပါရန် လာရောက်တောင်းခံရခြင်းဖြစ်ကြောင်း ဗလက ဆိုပါသည်။

"ကိုဗလတို့ အရပ်ထဲက ထင်ကြပြောကြသလို ဘာအဆောင်အယောင်၊ ဘာအစောင့်အရှောက်မှ ကျွန်တော့်မှာ မရှိပါဘူးဗျာ။

အဲ - ဒါပေမယ့် ရှစ်လေးလုံးအရေးအခင်းကာလမှာတုန်းက အလူခံလာတဲ့ စစ်ကိုင်းက သီလရှင်အဘွားကြီးတွေပေးသွားတဲ့ စည်းချက်ထာတော်ရှိသဗျ။ ဒီဂါထာကလည်း ငါးပါးသီလမြဲမှ စွမ်းတာဗျ"

"ကိုဗလ၊ ငါးပါးသီလမြဲရဲ့လား"

ဟု ဆရာဦးရွှေရိုးက မေးမြန်းလိုက်သောအခါ၌ကား ဗလမှာမည်သို့မျှ မဖြေတတ်နိုင်တော့ဘဲ အကျပ်ရိုက်သွားပါတော့သည်။

ဗလမှာ ညနေတိုင်း ပင်ကျရည်ကို အမြည်းကလေးနှင့် သောက်ကာ ဆက်ရက်မင်းစည်းစိမ်ကို အမြဲတမ်းခံစားနေကျ ဖြစ်ပါသည်။ ထို့အပြင် ယောကျ်ားကောင်းမောင်းမတစ်ထောင်ဆိုသလို ဆင်းရဲနွမ်းပါးချို့တဲ့ကြရာသော အမျိုးသမီးများကို ထန်းဖိုထန်းမ မခွဲခြားဘဲ ငွေကြေးနှင့်မြူဆွယ်ကာ ပျော်ဖွယ်တတ်သောအကျင့်ဆိုးကလည်းရှိပေရာ အဘယ်သို့လျှင် ငါးပါးသီလမြဲနိုင်ပါအံ့နည်း။

"ခုတော့ ကျွန်တော်ငါးပါးသီလ

www.burmeseclassic.com

www.burmeseclassic.com

စာယီ
သလိပ်ပုပ်ရောဂါ ပျောက်ရေးမခက်ပါ

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၌ (၃၂) ကောဋ္ဌာသဖြင့် ဖွဲ့စည်းထားပါသည်။ သွေးလေသလိပ်သည်းခြေစသည်တို့သည် သွေးလည်ပတ်မှုအပါအဝင် အစာခြေလုပ်ငန်းများတွင် ကျဲရာအခန်းက ပါဝင်နေသည်ချည်းဖြစ်ပေသည်။ ထို့ကြောင့် သလိပ်သည် အစာခြေလုပ်ငန်း၊ တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ရာတွင် ချောဆီသဖွယ်မပါမဖြစ်တည်ရှိပေသည်။

သာမန် သလိပ်သည် အနုံမှာ မထူးခြားသော်လည်း သလိပ်ပုပ်ရှိသူ ထွေးထားသောထွေးခံထဲမှ သလိပ်သည် နောက်နေ့၌ ပုပ်စော်နံနေတတ်ပါလျှင် ထိုလူတွင် သလိပ်ပုပ်ရှိသည်ဟုဆိုနိုင်ပါသည်။ ထိုသလိပ်ပုပ်ရှိသူသည် ခံတွင်းနံ့ မကောင်းဖြစ်နေသောကြောင့် တစ်ပါးသူများနှင့် စကားဆိုပြောရယ်မောရာ၌ ဘေးလူကိုအနှောင့်အယှက်ဖြစ်လောက်အောင်ဆိုးတတ်သည်မို့ ကျွန်ုပ်တို့ကသ ရန်လိုအပ်ပါသည်။

ထိုသလိပ်ပုပ်ရောဂါရှိသူသည် ငါးသလောက်၊ ကကတစ်ကဲ့သို့ အညှိနှံ့ပြင်းသောငါးမျိုး ဟေးက သယ်ဆောင်လာပါက သူကကြိုတင်သိနှင့်နေပြီ ဖြစ်သည်။ (အညှိနှင့် သလိပ်ပုပ်သည် မိတ်ဖက်) ဟု ဆိုရလောက်အောင်ပင် အသိပြန်ပေသည်။

တစ်ပါးသူနှင့် စကားပြောသော် သလိပ်ပုပ်ရှိသူသည် အမွေးနုံသာပါသောကွမ်းယာမျိုးစားထားသင့်ပေသည်။ သို့မှ လူလူချင်းဆက်ဆံရေးသည် ပို၍အဆင်ပြေမည်ဖြစ်တော့သည်။ အကြောင်းမှာ ငါးသလောက်များရပ်ဝေးသို့သယ်ဆောင်ရာ၌ ပါးစပ်ထဲသို့ ကွမ်းရွက် နှစ်ရွက်သုံးရွက်ခန့်လုံးခြေ၍ ထည့်သည့်နည်းသို့ပင် ဖြစ်မေသည်။

ကျွန်ုပ်၏မိခင်၊ ညီအစ်ကိုမောင်နမတို့၌လည်း အဆိုပါ သလိပ်ပုပ်ရောဂါရှိသည်မို့ မျိုးရိုးများလိုက်လေသလားဟုပင် ထင်မြင်ဖွယ်ရာပင်ဖြစ်ပေသည်။

တစ်နေ့သ၌ မင်းကြီးကျေးရွာမှ အဘဆရာဦးမိမိရောက်လာပါသည်။ အဖေက ထိုရောဂါအကြောင်း ပြောပြရာ -

"ဟဲ့ - အဲဒီရောဂါကုထုံးက ငါ့သား ငါ့မြေးတို့အိမ်မှာရှိတဲ့ ဆေးနဲ့ပဲကုကြကွယ်။ အဘတောင်ကုစရာမလိုဘူးမှတ်ထားကြ။ မန်ကျည်းသီး(၅)ကျပ်သားကို အမျှင်အစေ့များထုတ်ပြီး ပန်းကန်သန့်သန့်မှာထည့်၊ ပျားရည်စစ်စစ်ကို (၃) ဇွန်းလောက်ထည့်စိမ်။ ပြီးတော့ တစ်နေ့(၃)ကြိမ်လက်ညှိုးနဲ့လျက်ပြီးစားကွယ်။ ပျားရည်ပါတော့ သွားမသောက်နဲ့နော် ပျားရည်သီးရင်သေတတ်တယ်"

ဟု ပြောသောစကားကြောင့် ကျွန်ုပ်တို့မိသားစု (၃) လထိကုန်လျှင် ထည့်ကာဝင်တစ်ခါထွက်တစ်ခါလျက်၍ စားခဲ့သဖြင့် သလိပ်ပုပ်အိမ်ပါပြုတ်ကျသွားပါတော့သည်။

သလိပ်ပုပ်ရှိသူတိုင်း ထိုနည်းကလေးဖြင့် မိမိတစ်ကိုယ်ရေကုသကြပါကုန်။

စာယီ

မမြဲသေးပါဘူးဗျာ။ အခုကစပြီး ငါးပါးသီလမြဲအောင် ကြိုးစားပါမယ်။ မြဲပြီဆိုမှ ဆရာ့ဆီကို ကျွန်တော်ပြန်လာခဲ့ပါ့မယ်"

လေးငါးနှစ်ကြာသည့်တိုင် ဗလပြန်မလာပါ။

တစ်နေ့နံနက် ဘုရားခန်းမှာ တရားထိုင်ပြီး၍ အိမ်အောက်ထပ်သို့ ဆင်းအလာတွင် အိမ်ဝင်းထဲသို့ဝင်လာသော ဘုန်းတော်ကြီးတစ်ပါးကို ဆရာဦးရွှေရိုး မမျှော်လင့်ဘဲ ဖူးတွေ့လိုက်ရသဖြင့် ဦးချကာ ဧည့်ခန်းသို့ ပင့်ဆောင်ခဲ့ပါ သည်။

"ဒကာကြီး၊ ကျုပ်ကိုမှတ်မိရဲ့လား"

ဟု ဘုန်းတော်ကြီးက မိန့်ကြားလိုက်သဖြင့် ဆရာဦးရွှေရိုးက ဘုန်းတော်ကြီးအား အသေအချာကြည့်ရှုဖူးမြော်အကဲခတ်ကာ အတန်ကြာစဉ်းစားပြီးမှ-

"အရှင်ဘုရား ကိုဗလမဟုတ်လား ဘုရား"

ဟု မဝံ့မရဲနှင့်လျှောက်ထားလိုက်ပါသည်။

ထိုအခါ ဘုန်းတော်ကြီးက -

"ဟုတ်ပါ့ဗျာ၊ ကျုပ်လည်း ဒကာကြီးဆီကပြန်သွားပြီးကတည်းက ငါးပါးသီလမြဲအောင်ကြိုးစားရာကနေ တရားကျအမြင်မှန်ရပြီးတော့ ဘုန်းကြီးဝတ်ဖြစ်သွားတာ နှစ်ဝါတောင်ကျော်နေပြီ။ ဘွဲ့တော်က ဦးပညာစာရတဲ့။ ကျုပ်ရဲ့ငယ်နာမည်မိုက်ခဲနဲ့တွဲပြီးတော့ ဘုန်းကြီးမိုက်ခဲလို့ အရပ်ထဲကတော့ လွယ်လွယ်ခေါ်ကြသဗျ။

သန်းပင်ကုန်းရွာ ရွာဦးကျောင်းမှာ ခန်းနေအဖြစ် သီတင်းသုံးပြီး တရားအားထုတ်နေပါတယ်။ သန်းပင်ကုန်းနဲ့ ရွာနီးချုပ်စပ်ရိပ်သာတွေမှာလည်း တရားစခန်းရှိတိုင်း စခန်းဝင်ပြီး တရားအားထုတ်ပါတယ်။

အခုလည်း သပြေမြိုင်ရွာ ရွာဦးကျောင်းမှာ မဟာစည်ဆထ်ရက်စခန်းဝင်ဖို့ ထွက်လာခဲ့ရင်း လမ်းကြုံတုန်း ဒကာကြီးဆီကိုဝင်နှုတ်ဆက်တာပါ"

ဟု ဆိုပြီးနောက် ဘုန်းတော်ကြီး ဦးပညာစာရ (ဘုန်းကြီးမိုက်ခဲ) သည် သပြေမြိုင်ရွာ ရွာဦးကျောင်းဆီသို့ ကြွမြန်းသွားပါတော့သည်။

ကိုဗလတရားကျသွားပုံ၊ တရားရသွားပုံမှာ ညီတော်နန္ဒမင်းသား၏အဖြစ်နှင့်ခပ်ဆင်ဆင်တူနေသည်ဟု ဆရာဦးရွှေရိုးထင်မြင်နေမိပါသည်။ ဂေါတမမြတ်စွာဘုရား၏ ညီတော်နန္ဒ မင်းသားသည် နတ်သမီးလိုချင်၍ နတ်သမီးလာစေသောဂါထာကို အပြန်ပြန်အလှန်လှန် (အနုလုံပဋိလုံ) ရွှမှတ်ပွားများအားထုတ်ရာမှ အမြင်မှန်ရ၊ တရားကျကာ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သွားပါသည်။ ယခုလည်း ကိုဗလမှာ စည်းချဂါထာကို အလိုရှိ၍ ငါးပါးသီလမြဲအောင် ကြိုးစားရာမှ တရားကျ အမြင်မှန်ရကာ လူဝတ်ကြောင်ဘဝမှ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိသွားခဲ့ပါပြီ။

စက္ခုက္ကန္ဓေကိုချကာ တရားရှု၊ တရင်း ဣန္ဒြေသိက္ခာနှင့်တစ်လှမ်းချင်းကြွလှမ်းသွားသောဘုန်းတော်ကြီး ဦးပညာစာရ(ဘုန်းကြီးမိုက်ခဲ) ကို ဆရာဦးရွှေရိုးသည် မမှိတ်သော မျက်လုံးအစုံဖြင့် မျက်တောင်မခတ်ဘဲ မျက်စိတဆုံးဖူးမြော်ကာ မတ်တတ်ရပ်လျက်ကအံ့အုပ်ချီးပြီး ကြည်ညိုသဒ္ဓါပွားနေမိတော့သည်။

ဆွေနွယ်ခိုး

www.burmeseclassic.com

www.burmeseclassic.com

အသွင်တူ အချင်းကို ဆေးဖက်ဝင် နက္ခယ်နှင့်ကတွတ်ပင် ရာမည-သွေးမွှန်

ရုပ်တူ အမည်တူ လူတူမရှားဟု စကားအဖြစ် မိမိတို့ပြောကြလေ့ရှိသည်။ ဆွေမတော်မျိုးမစပ်ဘဲ ရုပ်ဝေးတစ်နေရာတွင် ရုပ်ဆင်းချင်းတူသူကို ရှားရှားပါးပါးတွေ့ဖူးကြသဖြင့် ဤစကားပေါ်လာခြင်း ဖြစ်သည်။ ရက္ခာလောကဟု ဆိုရမည်ဖြစ်သော သစ်ပင်လောကတွင် အလားတူ အမြင်အသွင်ကွဲပြားလေအောင် သဘာဝတရားက မည်မျှဖန်တီးထားသော်လည်း ကြဲကြဲဖန်ဖန်တိုက်ဆိုင်စွာ လာတူနေသည်ကို တွေ့မြင်လိုက်ရသဖြင့် ဤဆောင်းပါးကိုရေးဖြစ်ခြင်းဟု ဆိုချင်ပါသည်။

သစ်ပင်အရာတွင် လိမ္မာကျွမ်းကျင်စိတ်ကောင်းဝင်ကြကုန်သော တိုင်းရင်းဆေးပညာရှင်၊ ဗိန္ဒေါဆရာကြီးများနှင့် ဗဟုသုတများလှ စုဆောင်းသုတေသီဖြစ်ကုန်သော သူတော်ကောင်းတို့ကား မြောက်မြားစွာပင်ရှိကြကုန်သေးသည်။ ဆရာဇီဝက၏ အာဘော်အရ သစ်ပင်တိုင်းသည် ဆေးဖက်ဝင်ကြသည်သာဖြစ်သောကြောင့် သစ်တောသစ်ပင်သည် ရတနာတစ်ပါးဖြစ်ကြောင်း မိမိလက်ခံကြရမည်ဖြစ်သည်။

လူသားနှင့် သစ်ပင်ဇီဝသည် သတ္တလောကအလှကျက်သရေကို မြတ်နိုးကြရာ၌ သတ္တလောကအလှကျက်သရေကို မြတ်နိုးကြရာ၌ သူမနိုင်ငါမရှုံး အပြိုင်တွဲဖက်လျက် မနက်ကို လုယက်နေကြသည်ဟု ဆိုချင်သည်။ မိမိတို့ ကမ္ဘာမြေကို စိတ်ကူးဖြင့်ပင်တည်ကြည့်၊ နေကြည့်လိုက်ပါ။ မိမိတို့အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည်။ အလေးမထားခဲ့ကြ။ သူတို့ဆန်းကြယ်ပုံများ၊ လူသဘိုင်းဖြစ်ထွန်းတိုးတက်မှုအပြိုင်ဖြစ်သည်။

အမှန်ကိုဆိုရသော် မိမိသည် တိုင်းရင်းဆေးသမားတော်လည်းမဟုတ်၊ ဗိန္ဒေါဆရာလည်းမဟုတ်၊ လက်တွေ့အားဖြင့် လူနာများကို လက်ခံကာ ကုသနေသူလည်းမဟုတ်ပြန်ပါ။ သို့သော် တိုင်းရင်းဆေးသမားတော်များကသာ ရေးသားလေ့ရှိသောဆေးဖက်ဝင်သစ်သီးသစ်ပင်သစ်မြစ်သစ်ဥများအကြောင်းကို မိမိရဲဖန်ရဲခါရေးသားနေမိပါသည်။သို့ဖြင့် ရမ်းသန်းမှန်းသန်းဖြင့်ရေးနေသလားဟု ထင်စရာတော့ဖြစ်သည်။ မဟုတ်ရပါ။

မိမိသည် တိုင်းရင်းဆေးကို ဝါသနာပါသည်။ သစ်တောသစ်ပင်ကို ချစ်သည်။ ဆိုရလျှင် ဆရာဇီဝက၏ ဖြစ်စဉ်ကို သိရှိနားလည်လာရာက သစ်တောသစ်ပင်မှသ၍ ဆေးဖက်ဝင်သည်ဟူသည့်အတိုင်းပင် ကမ္ဘာပေါ်ရှိ သစ်ပင်မှသ၍ ဆေးဖက်ဝင်ဆေးပင်ချည်း ဖြစ်ကြ၏။ ဤသဘောတရားကို ကျေနပ်ကြိုက်နှစ်သက်သူ ဖြစ်ပါသည်။ လတ်တလောအရေးပေါ်ကုသရသည်မှ တစ်ပါး အနောက်တိုင်းဆေးထက် တိုင်းရင်းဆေးကို ပိုမိုအားထားလိုသူ ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာလည်း မိမိတို့ တိုင်းရင်းဆေးသည် အရေးပေါ် အရေးတကြီးကိစ္စများတွင် အသုံးမတည့်လေသလောဟုမေးစရာဖြစ်သည်။ မိမိအမြင် အရဆိုရပါမူ ဤသို့ဖြစ်ရခြင်းမှာ ဆေးကြောင့်မဟုတ်။ဆေးကိုကိုင်တွယ်အသုံးချသူ(သမားတော်)၏ကျွမ်းကျင်မှုအရည်အသွေးကို စိတ်မချခြင်းဟု ဆိုချင်ပါသည်။

လူတို့သည် အနာရောဂါအဖြစ်များသလောက်ဆရာများ၍။ ဆရာများသလောက် ဆေးဝါးသည်လည်း ဒုနှင့်ဒေးပေါများလှသော ဤခေတ်ကြီးတွင် တန်ဖိုးကြီးစွာပေးကာ ခက်ခဲစွာ ရှာဖွေပါလျက်နှင့်ပင်မရရိုင်အောင်ဖြစ်နေရသော ဆေးဝါးများသည် အသက်ကယ်နိုင်ရေးအတွက် အားကိုးစရာဟုထင်မှတ်မှားနေတတ်ကြသည်ကို ဝမ်းနည်းစရာကောင်းလောက်အောင် တွေ့ရှိနေရပေသည်။

အနာသိလျှင် ဆေးရှိသည်။ အနာမသိ ဆေးမရှိ၊ ပထမံ ရောဂံ ဒီမံသာ၊ ဘေသဇ္ဇာနုနေပုနံ ဆိုသော ရှေးရှေးသမားတော်ဆရာကြီးများ၏ ဩဝါဒစကားအတိုင်း အနာကိုသာ ဆရာလုပ်သူကသိခဲ့လျှင် ဆေးဝါးသည် ပေါများ



နဲကျယ်



ကတွတ်

www.burmeseclassic.com

www.burmeseclassic.com

မိမိအနေနှင့် ကတွတ်ဟုယူဆထားသော ကတွတ်ပင်

ကတွတ်ပင်မှ (အသီးမတွေ့ရပါ) အရွက်များ

မိမိအနေနှင့် နကျယ်ဟုယူဆထားသောအပင်

ငှင်းနကျယ်ပင်ခြေရှိ အသီးများ

ဖော်စပ်သုံးစွဲသော ဆေးရွက်ဆေးပင် အမှားကြောင့်လည်း ဖြစ်နိုင်ကြောင်း တွေးမိပါသည်။ ဆေးပင်လွဲမှားနေပါက အကျိုးအာနိသင်မရနိုင်ပါ။ မရသည့်ပြင် ဆေးထွက်ဆိုးကျိုးဖြစ်ပေါ်နိုင်ပါသေးသည်။ ယင်းသို့ဖြင့် မိမိတို့တိုင်းရင်းဆေးအပေါ် ယုံကြည်ကိုးစားမှုလျော့ပါးလာရသည်။

သို့ဖြင့် သာမန်လူတို့ အမှုမဲ့အမှတ်မဲ့ဖြစ်နေသော လက်တစ်ဖက်ကမ်းမှ ဆေးဝါးပင်များ မိမိတို့နေ့စဉ်နှင့်အမျှ ထိတွေ့ကိုင်တွယ်နေတတ်သော ဆေးပင်ဝါးပင်များ၏ ထက်မြက်သော အကျိုးအာနိသင်ကို လူမသိသူမသိစာပေကျမ်းဂန်များထဲတွင် ပုန်းကွယ်နေသော အဖြစ်ကိုသတိပြုလာမိသည်။ နည်းစနစ်ကျနသော ချဉ်းကပ်အသုံးချမှုမမှန်လျှင် ဆိုးကျိုးများသာ ဖြစ်ပေါ်နိုင်ပါသည်။ သိသူများအဖို့ ရှောင်ရှားနိုင်သော်လည်း မသိနားမလည်က လူကြီးရောကလေးပါ ဧရာမအန္တရာယ်ကြီးဖြစ်နိုင်ကြောင်းသိထားသဖြင့် စေတနာရှေ့ပြေးရေးသားမိခြင်းလည်း ဖြစ်သည်။

ဤသည်မှာ မိမိရေးသားဖူးသော ဆေးဖက်ဝင်ပင်အကြောင်း ဖြစ်သည်။ အချို့သော ဆေးဖက်ဝင်အပင်များမှာ တိုင်းရင်းဆေးသမားတော်များပင်မသိပြုမိဟန်မတူပါ။ မိမိကသာ ဆေးကျမ်းဟောင်းများမှ တူးဆွရှာဖွေသဖြင့်သာ တွေ့ရှိကာ အများပြည်သူ တရင်းတနှီးထိတွေ့ကိုင်တွယ်နေသောအဖြစ်ကို အန္တရာယ်မဖြစ်စေရန် ရေးသားဖြစ်ပါသည်။

ဥဒါဟရဏ်ဆောင်ရသော် -

၂၈ - ၁၀ - ၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် မိမိရေးသား ဖော်ပြခဲ့ဖူးသော နွယ်သာကီပန်းသည် အဆိပ်ပင်ဖြစ်ကြောင်း မည်သူမျှမသိကြ။ မိမိပင်လျှင် ဤဆောင်းပါးမရေးမီကမသိပါ။ မည်သူမျှရေးသားဖော်ပြခြင်း မရှိသဖြင့်လည်း မသိနိုင်ကြ။ မိမိတို့နေပြည်တော်စည်ပင်တွင် လမ်းမကျယ်နံဘေးအလှပင်များအဖြစ် အများအပြား စိုက်ပျိုးထားသည်မှာ မျက်စိပသာဒ အလိုအားဖြင့် သဘောကျစရာဖြစ်သည်။ ပန်းရောင်၊ အဖြူရောင်ပွင့်များ၊ အရွက်ခွန်း။ စိမ်းမြမြဖြင့် လမ်းဝဲယာတွင် ဝေဆာနေခြင်းက မြင်ရသူနှလုံးစိတ်ဓာတ်ကို ချမ်းမြေ့ဖွယ်ဖြစ်ပါ၏။

မိမိ နေပြည်တော်သို့ကြွေကစက စည်ပင်၏မြို့ပြတည်ဆောက်မှုအားထည့်ထားသည်ကို ကြည့်မြင်ကာ ခိုးကျူးနေ

www.burmeseclassic.com

လှ၏။ မိမိတို့မြန်မာနိုင်ငံတွင် သုံးမကုန်စွဲမကုန်အောင်ပင် ဖြစ်၏။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဟူသည့်အတိုင်းပင် ကမ္ဘာပေါ်ရှိ သစ်တောသစ်ပင်မှန်သမျှ လူအသက်တစ်ချောင်းကယ်တင်နိုင်ရေး ဆေးဖက်ဝင်ဆေးပင်ချည်း ဖြစ်ကြပါ၏။

သို့ဖြင့် မိမိအဖို့ တိုင်းရင်းဆေးများကို ကိုင်စွဲကုသပေးနေသော သမားတော်မဟုတ်သည့်တိုင် ယင်းသမားတော်တို့၏ဆေးဝါးမူလအရင်းအမြစ် သစ်ဥ၊ သစ်မြစ်၊ သစ်ခေါက်၊ အပွင့်၊ အသီး စသည့်ပဉ္စင်းပါးစလုံး အသုံးအာနိသင်များကို ဖော်ပြသော ဆေးကျမ်းများကြည့်ရှုလေ့လာစူးစမ်းကာ မိမိလောက်မျှမသိ၊ စိတ်ဝင်တစားမလေ့လာမိသူများအတွက် စေတနာဖြင့် ရေးသားနေမိခြင်း ဖြစ်သည်။ မှားယွင်းစွာ လက်တွေ့ကုသနေသူများလည်း မိမိရေးသားဖော်ပြထားသည်ကို ဖတ်ရပါက မိမိတို့အမှားကို မိမိတို့ဘာသာ ပြုပြင်နိုင်မည်ဟုလည်း မျှော်လင့်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဝါသနာဖြင့် ရနိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေဖတ်ရှုရပါ၏။

တစ်စုံတစ်ယောက်က ဤဆေးပင် ဤသို့ရယူကာ ဤသို့ဖော်စပ်တိုက်ကျေးလိုက်သဖြင့် မည်သို့သောဝေဒနာခံစားနေရသော လူနာပျောက်ကင်းသွားသည်ဟူဆိုလေတိုင်း မိမိမှာ နားတစ်ဖက်ပေါက်၊ မျက်စိစုံမှိတ်ကာ ယုံကြည်လိုက်သောလူစားလည်း မဟုတ်ပါချေ။ အခြားအခြားသော ဆေးကျမ်းများအဆိုနှင့် တိုက်ဆိုင်ကြည့်ရှုလေ့လာကာ အာနိသင်အကျိုးကျေးဇူးကို မှတ်သားအကဲဖြတ်သည်။ အချို့သောဆေးများမှာ မိမိတို့

www.burmeseclassic.com



အပြင်မှာတွေ့ရသော နကျယ်နှင့် ကတွတ်ရွက် နှိုင်းယှဉ်ချက်

ဖြစ်ပါသည်။ ဤပန်းပင်အကြောင်းကို အရှင်နာဂသိန်၏ပုံပြဆေးအဘိဓာန်တွင် သွားတွေမိပါမှ ထိတ်လန့်ဖွယ်ရာအဆိပ်ဖြစ်ကြောင်းသိလိုက်ရသည်။ ထို့ကြောင့်လည်း အမြင်လှသလောက် အဆိပ်ပြင်းသည့် အဿမာရဏာ (မြင်းသေပင်) သို့မဟုတ် ပန်းအလှနွယ်သာကီ ဟူ၍ ရေးသားခဲ့ပါသည်။

မသိနားမလည်သူတစ်ယောက်က လူကြီး၊ ကလေးချိုးဖဲ့ဆော့ကစားရင်း ခူးခြွေကာ မတော်တဆ ပါးစပ်တွင်းသို့ ရောက်ရှိသွားပါက မည်မျှဘေးအန္တရာယ် ကျရောက်နိုင်မည်ကို မည်သူမျှလည်း မပြောပြဘူးသဖြင့် မတွေးဝံ့စရာဖြစ်သည်။ မိမိကိုယ်တိုင်ပင်လျှင် ကျမ်းဂန်ဟောင်း၊ ဆေးကျမ်းများတွင် နှိုက်နှိုက်ချွတ်ချွတ်မွှေနှောက်ရှာဖွေမိသဖြင့် သာဖတ်မိကာ အံ့ဩြဖထိတ်လန့်ဖွယ် မြင်းကြီးတစ်ကောင်လုံးတုံးခနဲလဲသေနိုင်သော အမြင်လှသလောက် အဆိပ်ပြင်းသည့် ပန်းဖြစ်ကြောင်းသိလာရခြင်း ဖြစ်သည်။

ယင်းသို့သောအကြောင်းများဖြင့် မိမိသည် တိုင်းရင်းသမားတော်၊ ဗိန္ဓေဆရာမဟုတ်သော်လည်း သာမန်လူများအမှုမထား၊ မသိတတ်နိုင်သောသစ်သီးသစ်ရွက်ဆေးဖက်ဝင်အပင်များကို ခိုင်မာသောဆေးဝါးဗေဒကျမ်းများမှ အလားတူ စူးစမ်းရှာဖွေမှတ်သားကာ ရေးသားလေ့ရှိပါသည်။ ကိုယ်တိုင်ကိုယ်ကျ တတ်သိနားလည်ခြင်း မရှိသော်လည်း ဝါရင့်သဘာရင့် တိုင်းရင်းသမားတော်များ အားကိုးအားထားပြုသည့် ကျမ်းဂန်များကို ရှာဖွေပါသည်။ သို့ဖြင့် မိမိကဲ့သို့ မရှာဖွေ အချိန်ပေး လုံ့လမထုတ်နိုင်ကြသူများအတွက် အကျိုးပြုဆောင်းပါးများရေးသားဖြစ်ခြင်း ဖြစ်သည်။

ထိုသို့ရှိနေစဉ်မှာပင် ဆေးဖက်ဝင်အပင်များကို လေးစားစွာ စိတ်ဝင်တစားလေ့လာတတ်သည့်အားလျော်စွာ အရှက်တက် မနက်စော ပုံမှန်လမ်းလျှောက်ရင်း လမ်းနံဘေးတွင် ထူးခြားသောအလေ့ကျ ပေါက်ပင်တစ်မျိုးကို သတိပြုဖြစ်ပါသည်။ ဤသို့သတိပြုမိသည့်အကြောင်းကလည်း အရွက်၏ပုံသဏ္ဌာန်ကြောင့် ဟုဆိုရပါမည်။ သာမန်မြင်နေကျ အရွက်ကျပုံနှင့်မတူ၊ ထူးဆန်းစွာ ရွက်ရင်း ဘယ်ခြမ်း၊ ညာခြမ်း တစ်ပြေးညီမဟုတ်ဘဲ တစ်ဖက်နိမ့်တစ်ဖက်မြင့်ရွဲ့စောင်းကာ နေသည်။

ဤသည်ကပင် သစ်တောသစ်ပင် ချစ်ခင်သည့်မိမိအဖို့ စိတ်ဝင်စားအောင် နှိုးဆွပေးပါသည်။ အရွက်အနေအထားကို အသေအချာမှတ်သား၍ ဆရာဇီဝကထုံးနှလုံးမူကာ မည်သို့သော ဆေးဖက်ဝင်အပင်ဖြစ်ပါမည်နည်းဟု တွေးမိ၏။ သိလိုစိတ်ဖြင့် ဆေးကျမ်းများမွှေနှောက်သည်။ သစ်သီးသစ်ပင်အတော်စုံစုံစေ့စေ့ဖော်ပြလေ့ရှိသော စိုက်ပျိုးရေးကထုတ်ဝေသည့် မြန်မာ့ဆေးဝါးပင်များအဘိဓာန်နှင့် နာမည်ကျော်အရှင်နာဂသိန်၏ပုံပြဆေးအဘိဓာန်တွင် အတွေ့ရများပါသည်။

သို့ဖြင့် မိမိတွေ့ရသော အပင်၏ အရွက်ပုံသဏ္ဌာန်အရ ဆရာတော်အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်တွင် ဖော်ပြထားသည်နှင့် တိုက်ဆိုင်ကြည့်ရှုပါ သည်။

■ **ကတွတ် (ကြက်ကတွတ်၊ ရေခအောင်း)**

လက်တင် - Ficus cunia.

အင်္ဂလိပ် - A wild fig tree.

ပုံသဏ္ဌာန်။ ။ပင်လတ်မျိုးဖြစ်၏။ အခေါက်၏ အရွောင်သည် အပြာရင့်ရောင်ရှိ၏။ အရွက်များမှာ အရင်းဘက်မှာ ညီတူမရှိဘဲ တစ်ဖက်နိမ့်တစ်ဖက်မြင့်ဖြစ်နေ၏။ အရွက်၏အောက်ဘက်မှာ အမွေးများရှိ၏။ အသီးမှာ သဖန်းသီးနှင့်တူ၏။ ပင်ရင်းများတွင် ညှာတ်ကြွေးများ ထွက်၍သီးလေ့ရှိ၏။ မှည့်သောအခါ အသီးမှာ နီရောင်ရှိ၏။

ဂုဏ်နှင့်စွမ်းရည်။ ။ အသီးကို မှက္ခရရောဂါ၌အသုံးပြုရ၏။ အခေါက်ကို နူနာရောဂါတို့၌ အသုံးပြုရ၏။

■ **ရောဂါအလိုက်အသုံးပြုနည်း**

အနာကြီးရောဂါ။ ။အခေါက်နှင့် အသီးကိုကျို၍ ၎င်းအရည်နှင့်အနာကြီးရောဂါများ၌ ဆေးကြောအသုံးပြုသော် အကျိုးရှိ၏။

ဆီးချဉ်ဆီးအောင့်။ ။ အမြစ်၏ သတ္တုရည်ကို ဆီးချဉ်ဆီးအောင့်ရောဂါ၌သောက်ပေးသော် ပျောက်ကင်း၏။

ပူလောင်သောရောဂါ။ ။အမြစ်ကို နွားနို့နှင့်ကျို၍ ပူလောင်သောရောဂါ အပူကြီးသောရောဂါတို့၌ သောက်ပေးသော် ကောင်းစွာပျောက်ကင်း၏။

မှတ်ချက်။ ။အနာကြီးရောဂါနှင့် ဆီးရောဂါတို့၌ အချို့ဆရာများ အလွန်ဦးစားပေး၍ သုံးကြလေသည်။

သို့မျှသာ ဖော်ပြထားပါသည်။ စိုက်ပျိုးရေးဌာနကထုတ်ဝေသော မြန်မာ့ဆေးဝါးပင်များအဘိဓာန်စာအုပ်တွင်မူ အခေါ် အဝေါ် သတ်ပုံအနည်းငယ်လွဲသည်မှတစ်ပါး အခြားဖော်ပြထားခြင်းမရှိပါ။ မြန်မာအဘိဓာန်တွင်မူ ကတွတ်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုထားရာ၌ ယိုထိုးထားလေ့ရှိသောသီးလုံးငယ်များ။ ပင်စည်တွင်ပြွတ်၍သီးသောသဖန်းမျိုးဝင်အပင်ဟု ဖော်ပြထားသည်။

မိမိသည် ယင်းသို့ သိမှတ်ထားရာမှ တစ်နေရာတွင် အရွက်နေပုံချင်းတူ ယောင်ယောင်ရှိသောအပင်ရှိ အရွက်တစ်မျိုးကိုတွေ့ပြန်ပါသည်။ အရွက်ရင်းတစ်ဖက်နိမ့်၊ တစ်ဖက်မြင့်နေပုံချင်းတူညီသောအခြားပုံများကို စာအုပ်တွင်ရှာပြန်ရာ စာမျက်နှာတစ်နေရာတွင် နကျယ်ပင်ဟု တွေ့ရသည်။

ဤတွင် မိမိအဖို့ ကတွတ်ပင်နှင့် နကျယ်ပင်ကို မသဲမကွဲဝေဝါးခွဲခြားရသည်။ ဘယ်ဟာ ကတွတ်၊ ဘယ်ဟာ နကျယ် မသိတတ်နိုင်ပါ။ အရွက်ကျပုံချင်းခပ်ဆင်ဆင်ရှိသည်။ အပင်ကြီးထွားမှုကလည်း မိမိတွေ့ရသောအပင်များက

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့တိုင်းရင်းဆေးပညာအရ သက်ရှည်ကျန်းမာ နုပျိုစွာ နေထိုင်နည်း

ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံ အစဉ်အလာတို့ဖြင့် ထုံမွမ်းအပ်သော အမျိုးသားရိုးရာဆေးပညာ ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာ နှစ်ပေါင်း ထောင်ချီ၍ ရပ်တည်ဖြစ်ထွန်းခဲ့ခြင်းမှာ ကိုယ်ပိုင်ဂုဏ်ဒြပ်စွမ်းရည်များရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

ကျန်ုပ်တို့၏ ဘိုးဘေးဘီဘင်များသည် မြန်မာ့တိုင်းရင်းဆေးဖြင့် အသက်ရှည်ခဲ့ကြ၊ ကျန်းမာခဲ့ကြ၊ တိုင်းပြည်ကို ကာကွယ်ခဲ့ကြသည်ဆိုသည်ဆိုရုံးအတိုင်း မိမိတို့ ဘိုးစဉ်ဘောင်ဆက် ယုံကြည်စွာ အသုံးပြုခဲ့ကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ သက်ရှည်ကျန်းမာ နုပျိုစွာနေထိုင်နည်းများကိုတင်ပြအပ်ပါသည်။

၁။ စောစောအိပ်၍ စောစောထပါ

မြန်မာ့တိုင်းရင်းဆေးပညာသည် သဘာဝတရားကို အခြေထား၏။ သဘာဝတရားသည် ဆန့်ကျင်ဘက်မှက်နှာနှစ်မျိုးဖြင့် တွဲစပ်တည်ရှိသည်။ နေနှင့်လ၊ နေ့နှင့်ည၊ အပူနှင့်အအေး၊ အလင်းနှင့် အမှောင်၊ အတက်နှင့်အသက်၊ အဖိုနှင့် အမ စသည်ဖြင့် တွဲစပ်ထားသည်။

နေဝင်ချိန်တွင် လောကတစ်ခွင်၌ အလင်းဓာတ်၊ အပူဓာတ်များလျော့ပါးသွားပြီး လထွက်ချိန်၊ ညအချိန်၌ အမှောင်ဓာတ်၊ အအေးဓာတ်များ လွှမ်းမိုးလာကာ ငြိမ်သက်တိတ်ဆိတ်မှု သဘာဝတို့ဖြစ်ပေါ်လာ၏။ သဘာဝတရားက အေးဆေးငြိမ်သက်အနားယူ အတူတူပဲဖြစ်သည်။ ပင်လတ်မျိုးချည်းသာဖြစ်ပါ၏။ အသီးကလည်းမရှိသေးသဖြင့်ဝေခွဲရခက်နေသည်။ ယင်းနကျယ်၏ အရှင်နာဂသိန်ပုံပြဆေးအဘိဓာန်ကျမ်းတွင်ဖော်ပြထားသည်မှာ -

■ **နကျယ်ပင်(နကျယ်)**

လက်တင်- Pterosperum semi-sagittum.

ပုံသဏ္ဌာန်။ ။ နကျယ်ပင်သည် အလတ်စားမျိုးဖြစ်၏။ ပင်တံ၌ ချိုင့်ခွက်ရှိ၏။ အပွေးသည် နီ၍ အခေါက်ကွာသည့်အခါ အပြားလေးဖြစ်လျက်ကွာကျ၏။ အရွက်ကျောနှင့် အညွှန့်တို့ပေါ်တွင် ကြေးနီရောင်ကတ္တီပါအမွေးများပေါက်၏။ အရွက်၏ ကျောဘက်တွင် အဖြူရောင်ကတ္တီပါအမွေးများပေါက်၏။ အရွက်အရင်းသည် တစ်ဖက်သို့ရွဲ့၍ ပေါက်၏။ အရွက်ပြားမှာ ရှည်လျားသောလုံးစွပ်နှင့်တူ၍ အနားတစ်လျှောက်သည် မချောဘဲတွန့်၍နေ၏။ ပန်းပွင့်သည် ဖြူလျက်၊ ပွင့်ခဲ့ရွက်တို့သည် ရေညို အညိုရောင်ထွက်၏။ အသီးသည် သစ်သားကဲ့သို့မာလျက် ညီသောကတ္တီပါမွေးများဖုံးလျက်နေ၏။

ဂုဏ်နှင့်စွမ်းရည်။ ။ နကျယ်ပင်သည် အသံကောင်းစေ၏။ ဒေါသသုံးပါးကိုနှိမ်၏။ အသံပျက်အသံဝင်၊ ချောင်းဆိုး၊ သွေးပါ၊ အရေပြားရောဂါ၊ ဖောရောင်သောရောဂါ၊ ခေါင်းကိုက်နာ၊ သွေးအန်၊ သွေးကျ၊ သွေးဖောက်ပြန်ခြင်း စသောရောဂါတို့ကိုကောင်း၏။

ကတွတ်နှင့် နကျယ်သည် အပင်အရွက်ချင်း အတော်တူကြသော်လည်း ဆေးဖက်ဝင်အကျိုးချင်းကား လုံးဝခြားနားပါသည်။ ဤဆေးဖက်ဝင်နှစ်မျိုးမှာ မကွဲမပြားဖြစ်နေ၍ အခြားသောစာအုပ်စာစောင်များ၊ ကျမ်းဂန်များတွင် ထပ်မံတွေ့လိမ့်နိုးနှင့် မျှော်လင့်ရာဖွေနေစဉ် ဇီဝကဆေးမဂ္ဂဇင်း (၁၇/ဒီ) တွင်သွားတွေ့ပါသည်။ နကျယ်ပင်အကြောင်းကို ရေးထားသည်။ ရေးသူမှာ စာတည်းမှူး ဝါရင့်သမားတော်ကြီးဖြစ်၍ အားကိုးတကြီးကြည့်လိုက်ရာ နကျယ်၏ ပုံသဏ္ဌာန် ဖော်ပြထားသည်မှာ အရှင်နာဂသိန်၏ကျမ်းမှပင် ကိုးကားဖော်ပြထားခြင်းဖြစ်၍ မိမိဖော်ပြထားသည်နှင့် အတူတူပင် ဖြစ်ပါ၏။ သို့သော် ပုံကမူလွဲနေပါသည်။ အရှင်နာဂသိန်၏ ကျမ်းစာအုပ်ပါပုံနှင့်လည်းမတူ လုံးဝကွဲပြားနေသော နကျယ်ပုံဟုဆိုသည်ကို ဖော်ပြထားသည်။ မိမိမှာစိတ်မောသွားရပါသည်။

သို့ဖြစ်၍ တိုင်းရင်းဆေးများထိရောက်သော ကုသမှုရရှိနိုင်ရေးအတွက် အရည်အသွေးစစ်မှန်သော ဆေးပင်ဝါးပင်များရရှိစေဖို့လိုပါသည်။ ဆေးပင်ဝါးပင်အမှတ်လွဲနေပါက စစ်မှန်သောဆေးအမယ်များမရနိုင်။ ဆေးအမယ်မစစ်မှန်က အကျိုးအာနိသင်မရှိ။ သို့ဖြင့် တိုင်းရင်းဆေးအပေါ် ယုံကြည်ကိုးစားမှုအားလျော့ပါးလာမည်။ ဤအတိုင်းရင်းဆေးဖြစ်စဉ်သံသရာကိုမြင်ကာ ဆေးပင်ဝါးပင်များအသိမလွဲအမှတ်မလွဲစေရေးသည် မည်မျှအရေးပါသည်ကို သတိပြုမိကြမည် ဖြစ်သည်။

သို့ဖြစ်ရာ မိမိဤဆောင်းပါးရေးရခြင်း၏ရည်ရွယ်ချက်မှာ တိုင်းရင်းသမားတော်များ၊ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်သုတေသနပညာရှင်များထံမှ အဘယ်သောအပင်က နကျယ်ပင်၊ အဘယ်သောအပင်က ကတွတ်ပင်ဆိုသည်ကို ဝေဖန်ထောက်ပြပေးစေလိုပါသည်။ သို့လောသို့လောသံသယအတွက် ဝေဖန်ရလွယ်ကူကြစေရန် နှစ်ပင်စလုံး၏ အပြင်တွင်တွေ့ရှိရသော အပင်ပုံများနှင့် အရွက်အနီးကပ်ပုံများ၊ ပုံပြဆေးအဘိဓာန်မှ တစ်ကြောင်းဆွဲပုံများတို့ကို ပြည့်စုံစွာရိုက်ကူးဖော်ပြလိုက်ပါသည်။ ထို့ကြောင့် အသွင်သဏ္ဌာန်တူ အရည်အချင်း အာနိသင်လွဲ နကျယ်နှင့် ကတွတ်ပင်တို့ကို တွဲယှဉ်ဝေဖန်သုံးသပ်ကြပါကုန်။

ဧရာမည-သွေးမွှန်

ကိုးကား

၁။ မြန်မာ့အဘိဓာန်

၂။ မြန်မာ့ဆေးဝါးပင်များအဘိဓာန် (စိုက်ပျိုးရေး)

၃။ အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်(ဒုတိယတွဲ)

www.burmeseclassic.com

www.burmeseclassic.com

ရန် အမောင်ထက ဖန်တီးပေး၏။ ထိုအချိန်၌ သက်ရှိ၊ သက်မဲ့လောကတို့ အနားယူအိပ်စက်ကြရ၏။

တစ်ဖန် နံနက်စောစောနေထွက်ချိန်၌ အအေးဓာတ်များယုတ်လျော့ကာ နေ၏။ အလင်းရောင်နှင့်အတူ အပူဓာတ်များ ထွက်ပေါ်လာ၏။ နေ၏ အလင်းဓာတ်၊ အပူရှိန်နှင့်အတူ လောက ကြီးနိုးထတက်ကြွလာရ၏။ မိမိတို့၏ လုပ်ငန်းဆောင်တာများကို တက်ကြွရွင်လန်းစွာလုပ်ဆောင်ကြရ၏။

စောစောအိပ်၍ စောစောထခြင်းသည် မည်သူမျှ မဆန့်ကျင်နိုင်သော သဘာဝတရားထံမှ အင်အားများကို လိုက်လျောညီထွေ ရယူခြင်းဖြစ်၍ ခန္ဓာကိုယ်ကို ကျန်းမာသုခရစေရန်အထောက် အကူပြုသည်။

စောစောအိပ်ထ၊ ပြုကျင့်က၊ တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ကင်းကွာတိမ်း အေးငြိမ်းလွန်ချမ်းသာ ဥစ္စာခနပေါ်ကြွယ်ဝ ပြည့်ဝလွန်ချမ်းသာ။

၂။ အိပ်ရာထထချင်း ဆီးဝမ်းစွန့်သည့် အလေ့အထအကျင့်ရှိပါစေ

လူတစ်ယောက်အတွက် တစ်ရက်လျှင် အိပ်စက်အနားယူချိန် (၆) နာရီမှ (၈) နာရီထိ လိုအပ်ပါသည်။ အိပ်ချိန်၌ စိတ်ရောကိုယ်ပါ အနားယူနေသည်ဆို သော်လည်း ခန္ဓာကိုယ်တွင်းအင်္ဂါများက သက်ဆိုင်လုပ်ငန်းများကို ဆောင်ရွက်ကြ ရပါသည်။ မိမိတို့ စားသောက်ထား သော အာဟာရများကို အိပ်ချိန်အတွင်း အစာ၊ ဒဲအင်္ဂါတို့က ခွဲဖြက်ကာ 'ပိုးစာ၊ လောင်စီ၊ ကျင်ကြီး၊ ကျင်ငယ်၊ တစ်သွယ်သွေးသား၊ ဖြစ်လေငြား၊ ငါးပါးအစာ၊ ခွဲဝေတည်း' ဆိုသကဲ့သို့ ဇီဝလုပ်ငန်းများကို ဆောင်ရွက်ကြရပါသည်။

မိမိတို့အိပ်ရာမှထထချင်း ခန္ဓာကိုယ်အတွင်း အညစ်အကြေးအဖြစ်ရှိနေသော ဆီး၊ ဝမ်းတို့ကို မဖြစ်မနေစွန့်ထုတ်သည့်အလေ့အကျင့်ရှိသင့်ပါသည်။

ဆီးဝမ်းသွေးလေ ဤလေးထွေ ဓာတ်တွေမှန်မှ ချမ်းသာရ၊ မျိုသမျှယိုမှ ဖြစ်မည်။ သောက်သမျှပေါက်မှဖြစ်မည်။ ဝမ်းကယ်နေသမျှ လေလည်မှဖြစ်မည်။ မျိုထားပါလျက် မယိုလျှင်၊ သောက်ထားပါလျက် မပေါက်လျှင်၊ ကယ်နေပါလျက် မလည်လျှင် ဒုက္ခရောက်ပြီသာမှတ်။

၃။ ဒူးအောက် ခြေထောက်ပိုင်းကို ရေလောင်းပြီးမှ မျက်နှာသစ်ပါ

နံနက်အိပ်ရာထ မျက်နှာမသစ်မီ ဒူးအောက်ပိုင်း ခြေထောက်နှစ်ဖက်စလုံးကို ရေလောင်းခဲ့ရပါမည်။ သို့မှသာ ခန္ဓာကိုယ်အတွင်း တစ်ညလုံးအောင်းထားသော အပူအပုပ်အင့်တို့သည် အအေးရှိရာ အပူလာဆိုသကဲ့သို့ ခြေထောက်အောက်ပိုင်းမှတက်သွား၍ ခန္ဓာကိုယ်အပေါ်ပိုင်းသို့ အခိုးရိုက်မှသက်သာသွားစေသည်။ ထိုကဲ့သို့ နေ့စဉ်ပြုလုပ်ပေးခြင်းဖြင့် သွားဖုံးကြွေထခြင်း၊ ဆံပင်ဖြူခြင်း၊ ဆံပင်ကျွတ်ခြင်းတို့ကို သက်သာစေ၏။ ခြေထောက်အောက်ပိုင်း ရေလောင်းသည်ဆိုရာ၌ ရောက်ဆဲဥတု၊ မိမိ၏ ကျန်းမာရေးအခြေအနေပေါ် မူတည်၍ ပြုလုပ်သင့်ပါသည်။ ဒူးအောက်ပိုင်းကို ရေလောင်းဆေးပြီးမှသာ မျက်နှာသစ်သင့်သည်။

၄။ မျက်နှာသစ်ပြီးမှသွားတိုက်ပါ

နံနက်အိပ်ရာထ မျက်နှာသစ်လိုက်သောအခါ မျက်နှာရှိအပူအင့်များထွက်သွားကာ လန်းဆန်းစေပါသည်။ မျက်စိအပူအပုပ်အင့်များ ထွက်သွားပြီးမှ သွားတိုက်ခြင်းဖြင့် သွားဖုံးအပူကြွခြင်း၊ ရောင်ခြင်း၊ သွားကိုက်သွားနာခြင်း၊ သွားယိုင်နဲ့ခြင်းတို့ကို ကာကွယ်ပေးသည်။

၅။ ရေအဝသောက်ပါ

မျက်နှာသစ်၊ သွားတိုက်ပြီးလျှင် ရေအဝသောက်ပါ။ အပူဓာတ်ခံရှိသူများ လရောင်ခံထားသော ရေအေး၊ အအေးဓာတ်ခံရှိသူများ နေလှန်းထားသောရေကို သောက်ပါ။

၆။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ကျရိယာပုဒ် (၄) ပါး ညီညွတ်မျှတပါစေ

အသက်အရွယ်မရွေး အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုမှာ လမ်းလျှောက်ခြင်းဖြစ်သည်။ တစ်ပတ်လျှင် (၃) ရက်၊ တစ်ရက်လျှင် (၃) နာရီ ခပ်သွက်သွက်လမ်းလျှောက်ပါ။ ခရီးသွားနိုင် ကြံခိုင်အားအင် ကင်းစင်ရောဂါ အစာကြေညက် မပျက်သမာဓိ ငါးပါးရှိမှုး၏ စကြိုအကျိုးတည်း။

၇။ ရေချိုးလျှင် ခြေထောက်အောက်ပိုင်းမှစ၍ အပေါ်သို့တဖြည်းဖြည်းတက်၍ ရေလောင်းချိုးပါ

ထိုသို့ ရေချိုးပေးခြင်းဖြင့် ခန္ဓာကိုယ်အပေါ်ပိုင်းသို့ ဆောင်နေသော အပူဓာတ်တို့ကို ခြေထောက်အောက်ပိုင်းမှစ၍ တဖြည်းဖြည်းရေလောင်း၍ ထွက်စေခြင်းဖြင့် အပူငုပ်ခြင်း၊ အပူရှပ်ခြင်း၊ ခန္ဓာကိုယ်အထက်ပိုင်းအခိုးရိုက်ခြင်းတို့မဖြစ်စေဘဲ လန်းဆန်းစေပါသည်။ နေပူမှပြန်လာလျှင် ချက်ချင်းရေမချိုးသင့်ပါ။ အရိပ်တွင်နား၍ ရေအဝသောက်ပြီးမှ ရေချိုးသင့်သည်။

နွေရာသီတွင် (၉) နာရီ၊ မိုးရာသီတွင် (၁၀) နာရီ၊ ဆောင်းရာသီတွင် (၁၁) နာရီအချိန်တို့တွင် ရေချိုးပေးခြင်းသည် ခန္ဓာကိုယ်အတွက် အဓိပ္ပာယ်စေသည်ဟု ရှေးဆေးကျမ်းတို့၌ ပြဆိုကြ၏။

နွေ (၉) မိုး (၁၀) ဆောင်း (၁၁) ရေချိုးစနစ်အကျိုးဖြစ်၏။

၈။ မိမိနှင့်သင့်လျော်သောသဘာဝအစားအစာတို့ကို မျှမျှတတမှီဝဲသုံးဆောင်ပါ

အစာချင့်နှိုင်း ဝမ်းကိုတိုင်း ဝင်တိုင်းမစား၍၊ အဲစာစားစဉ် သတိဝင်တိုင်းတာမြင်သိစေ၊ ရောဂါနည်းကင်းကျန်းမာခြင်း အိုခြင်းနောက်ကျ သက်ရှည်လှ။

၉။ ရာသီဥတုနှင့် သင့်တော်သော အဝတ်အထည်ကို ဝတ်ဆင်ပါ

၁၀။ ဖြတ္တိစိရ်တရားလေးပါး (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) လက်ကိုင်ထားပါ။

ဤဖော်ပြပါ ဘဝနေနည်းများကို အစဉ်သဖြင့်သတိပြု၍ ဂုရုတစိုက်လိုက်နာကျင့်သုံးကြပါက ကိုယ်ခံစွမ်းအားမြင့်မား၍ သက်ရှည်ကျန်းမာနပျိုစွာဖြင့် ဘဝတာကို ဖြတ်သန်းနိုင်ကြပါလိမ့်မည်။

ဒေါ်နေနေနိုင်ဦး(တိုင်းရင်းသားပညာ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ဝိဇ္ဇာဓရဂုမ္ဗီရပညာကို ထမင်းမေ့ဟင်းမေ့လိုက်စားခဲ့ရှိန်ကဖြစ်ပါသည်။ ကျွန်ုပ်သည် ဘဝတစ်ခုလုံးကိုနှစ်ထားပြီး မိမိ၏မိသားစုကိုပြန်လည်မကြည့်ခဲ့ပါ။ မိသားစုအရေးကိုပြန်မကြည့်သော်လည်း ဘာမှချို့ယွင်းခြင်းမရှိခဲ့သောအခြေအနေပါ။ ကျွန်ုပ်သည် အစိုးရဌာနကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေချိန်ဖြစ်လေသည်။ ဖခင်နှင့်မိခင်တို့နှင့်အတူနေထိုင်ချိန်ဖြစ်၍လည်း လကုန်၍လစာထုတ်သည်နှင့် ဖြတ်တောက်သည်ငွေနှင့် တံဆိပ်ခေါင်းဖိုးကိုနုတ်ပြီး ကျန်ငွေကို စာရင်းနှင့်အတူအကုန်ပေးအပ်လိုက်ရုံသာဖြစ်ပါသည်။ အခြားဘာမှတာဝန်မယူပါ။ မိမိဝါသနာကို တစိုက်မတ်မတ်လုပ်ကိုင်နိုင်ပါသည်။

■ ကျွန်ုပ်စတင်ခဲ့သည့်လမ်းနှင့် အဓိဌာန်စခန်းများ

ကျွန်ုပ်သည် သီလမှထိန်းကျောင်းပြီဆိုလျှင် နဝင်္သီလကိုထိန်းပါသည်။ ကနဦးကတော့ ရှစ်ပါးသီလနှင့် ဆယ်ပါးသီလ စသည်တို့ကို အခါအားလျော်စွာထိန်းခဲ့ပါသည်။ တစ်ဖက်ကလည်း နာတရားကို အချိန်မှန်နာကြားခဲ့ပါသည်။ ဓမ္မမိတ်ဆွေ (၅) ယောက်တို့ တစ်နေ့တစ်နာရီပုံမှန်နာကြားခဲ့၏။ နာကြားစဉ်ကာလတွင် စကားမပြောရ၊ မမေးရပါ။ မိမိမရှင်းတာရှိလျှင် မှတ်သားထားရပါသည်။ တစ်နေ့တာနာကြားပြီး ရပ်နားချိန်တွင်မှာ မိမိမသိတာ၊မရှင်းတာတို့ကို မေးရ၊ ဆွေးနွေးရပါသည်။ တစ်ဦးတစ်ဓယာက်က ဆက်မသွားလိုသေး၍ ပြန်ပြီးနာကြားရန်အဆိုပြုခဲ့ပါလျှင် ပြန်ပြီးနာယူရန် သဘောတူခဲ့ကြပါသည်။

■ ကျွန်ုပ်တို့ နာယူသည့်တရားဟောဓမ္မကထိက

တိပိဋကမင်းကွင်းဆရာတော်ကြီး၏ ဟောစဉ်များကိုနာယူရာတွင် ထိုစဉ်က ယခုလိုခေတ်မမီသေး၍ တိပ်ခွေများနှင့် ရိုကော်တာစက်ကြီးဖြင့်နာယူခဲ့ကြရပါသည်။ စီ(၆၀)အခွေဆိုလျှင် တစ်နာရီကြာ၍ စီ(၉၀)အခွေဆိုလျှင်မူ တစ်နာရီခွဲကြာမြင့်စွာနာရပါသည်။

■ မမျော်လင့်ဘဲအရှက်ရပြီးပြောင်းခဲ့ခြင်း

ညစဉ် တရားနာယူရာ၌ တစ်ညတွင် ဆရာတော်ဘုရားကြီးဟောပြသည့် ပုတ္တမံသုပမသုတ်တော်ကိုနာချိန် ဖြစ်ပါသည်။

အမှန်အတိုင်းဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်သည် ဒေါသစရိုက်သမားဖြစ်ပါသည်။ လွန်စွာဒေါသကြီးပါသည်။ အသားဆိုလျှင်လည်း မည်သည့်အသား ကောင်းပါစေ အမဲသားမှ အသားထင်သူ ဖြစ်ပါသည်။

အထက်ကဖော်ပြခဲ့သည့်အတိုင်း ပုတ္တမံသုပမသုတ်နာနေချိန်တွင် အသိတစ်ခုဝင်လာခဲ့ပါသည်။ ထိုစဉ်ကဆိုလျှင် တစ်ခါတစ်ရံဆိုသလို သတ်သက်လွတ်စားနေပါပြီ။ တရားနာနေချိန်တွင်ဖြစ်ပေါ်လာခဲ့သည်မှာ အသားစားမှုကို ရွံရှာလာခြင်း၊ရှက်လာခြင်းတို့ဖြစ်နေပါသည်။ ထိုညမှစတင်ပြီး နံပါတ်တစ် အမဲသားမှအစပြုပြီး ကုန်းသား၊ ရေသားဘာကိုမှ မစားတော့ဟု ဆုံးဖြတ်လိုက်ပါသည်။ (အမဲသားမစားခြင်းမှာ လယ်တီဆရာတော်၏ မေတ္တာစာကြောင့်လည်း ပါပါသည်။)

သို့နှင့်ပင် အာဟာရအဖြစ်စားသုံးရာတွင် ငါးပိ၊ ငံပြာရည်တို့ကိုပင် မစားတော့ဘဲ ဆားဟင်းဖြင့်သာ စားသုံးခဲ့ပါသည်။ (၁၇) နှစ်တိုင်အောင်ဖြစ်ပါသည်။ ထိုစဉ်အခါက သတ်သတ်လွတ်စားခြင်း၊ တရားနာကြားခြင်း၊ နဝင်္သီလထိန်းပြီး အဓိဌာန်ဝင်နေသကဲ့သို့စာဖတ်ပါသည်။ စွန်းလွန်းမှစတင်ပြီး အစုံပါ။ လယ်တီဒီပနီများမှာအဆုံးသတ်လိုက်ပါသည်။ ကျွန်ုပ် စာဝင်သွားသလို ခံစားရပါသည်။

■ ဝိဇ္ဇာဓရဂုမ္ဗီရပညာနယ်ထဲသို့ တိုးဝင်ခဲ့ပုံ

ကျွန်ုပ်သည် ဂုမ္ဗီရပညာဆက်ထဲမှ ဂါထာမန္တန်များ၊ အင်းများ၊ အိုင်များ၊ ခဲလုည့်လက်ဖွဲ့များတို့ကို နေ့မအိပ်ည မအိပ်ဆိုသလိုလေ့လာခဲ့ပါသည်။ ထိုတွင်ကဆိုလျှင် အစိုးရတာဝန်ချိန်တွင် တာဝန်ထမ်းဆောင်ပြီး ကိုယ်ပိုင်အချိန်များဖြစ်သော မနက်စောစောနှင့် ညနေနှုံးဆင်းချိန်အပြင် ညပိုင်းတို့ကိုအချိန်ပေးခဲ့ပါသည်။ အိပ်ချိန်ဆိုလျှင် တစ်နေ့တာ (၂၄) နာရီတွင်

www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီခွဲခန့် (၂) နာရီလောက်သာ ရှိမည်ဟု ထင်ပါသည်။

ညဆိုလျှင် မအိပ်၊ စားတော့ ပဲ၊ အာလူးနှင့် အသီးအရွက်။ ဒါပေမယ့်လို့ ကျန်းမာရေးထိခိုက်ခွန်အားယုတ်လျော့ခြင်း အလျှင်းမရှိခဲ့ပါ။ ယနေ့တိုင် ကျန်းမာရေးကောင်းတို့ မွန်နေပါသည်။ ကျွန်ုပ်၏ ဝေါဟာရအသက်မှာ (၇၄) နှစ်ပင်ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဂန္ဓာရီလမ်းပေါ် လျှောက်လှမ်းနေခိုက်တွင် ဆရာစုံပါသည်။ ပုဂ္ဂိုလ်စုံဖြစ်ပါသည်။ ထိုစဉ်က တွေ့ဆုံခဲ့သည့်အထဲတွင်မူ သီလရှင်များ၊ ရသေ့မများ၊ လူဆရာများ ၊ သူတော်များ၊ ရသေ့များနှင့် ရဟန်းဆရာတော်များတို့နှင့် တွေ့ကြုံခဲ့ရပါသည်။

ထိုမျှများစွာသော ပုဂ္ဂိုလ်များထဲတွင် အတုအယောင်များနှင့်ကြုံရဆုံခဲ့ရသလို ပုဂ္ဂိုလ်အစစ်များနှင့်တွေ့ရသလို ပညာရခဲ့ပါသည်။ (ကျေးဇူးကြီးလှသည့် ဆရာသခင်များဖြစ်ပါတော့သည်။)

■ မိမိအပြုအမူကြောင့် ဆင်ခြင်ခဲ့ရသည့်အဖြစ်

လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်(၅၀)နီးပါးက ဖြစ်ပါသည်။ ကျွန်ုပ်သည် ရုံးပိတ်ရက် (တရားဝင်ရုံးပိတ်) မဟုတ်သော သီတင်းနေ့ (ဥပုသ်နေ့) နှင့် ကြုံနေသောနေ့တစ်နေ့တွင် ကျွန်ုပ်သည် သီလထိန်းကျောင်းပြီး ရုံးတက်ပါတော့သည်။

■ မမျော်လင့်ဘဲကြုံရပြီ

ကျွန်ုပ်ရုံးရောက်ပြီး မိမိတာဝန်ယူရသောအလုပ်စားပွဲတွင် တာဝန်ထမ်းဆောင်နေစဉ် ကျွန်ုပ်တို့ဌာန၏ အကြီးအကဲက ကျွန်ုပ်ကိုခေါ်လေသည်။ ဒီနေ့မှာ ဒီမူဒင်းကိစ္စအတွက် တာဝန်ယူကြေးနာရန်ဖြစ်လေ၏။ တာဝန်ပေးပါတော့သည်။

ကျွန်ုပ်မှ တောင်းပန်ပြီး နောက်မှ တာဝန်ပေးရန်နှင့် ဒီနေ့သီလထိန်းထား၍ဖြစ်ကြောင်း၊ နောက်နောင်တွင်ဆိုလျှင် ရုံးဖွင့်ရက်များတွင် သီလထိန်းခြင်းမပြုလုပ်တော့ပါဟုတောင်းပန်သော်ငြားလည်း တာဝန်အနေဖြင့် မလွှဲမသွေပင် တာဝန်ထမ်းဆောင်လိုက်ပါသည်။ (ကျွန်ုပ်သည် မိမိ၏ ကိုယ်နေကိုယ်တာကို တာဝန်ချိန်မှာ အသုံးချသလိုဖြစ်သွားခြင်းအတွက် စိတ်မကောင်းဖြစ်ရပါသည်။ ထိုအတွေ့အကြုံအရ နောက်များတွင် ဥပုသ်နေ့ကြုံစေကာမူ သီလမထိန်းကျောင်းတော့ပါ။ ကျွန်ုပ်ဥပုသ်သည် ထိုအချိန်မှစပြီး စ၍၊ တနင်္ဂနွေနေ့များဖြစ်လာပါတော့သည်။

ကျွန်ုပ်အနေဖြင့် နှစ်ပေါင်း (၅၀) ကျော်လောက်ကြာမြင့်လာအောင် ဝိဇ္ဇာရေဂ္ဂိရပညာနယ်ထဲသို့ လျှောက်လှမ်းလာခဲ့သည့်အတွက် အဲ့ဖွယ်ထူးဆန်းအဖြစ်သနစ်များတို့ကိုကြုံတွေ့ခဲ့ပါသည်။ ယခု ထိုအထူးအဆန်းများ၊ အံ့ဖွယ်များကို တစ်ခုပြီးတစ်ခု ကိုယ်တွေ့ကြုံဆုံခဲ့ရသည့်ဖြစ်ရပ်မှန်များကို အခန်းဆက်ဆောင်းပါးရှည်အဖြစ် စာချစ်သူမိတ်ဆွေများ သုတရစေရန်အတွက် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဝိဇ္ဇာရေဂ္ဂိရပညာအကြောင်းကို ဆရာသခင်များနှင့် ပညာရှင်ပေါင်းများစွာတို့က ဘက်ပေါင်းစုံမှ ရေးသားခဲ့ကြပြီး ဖြစ်ပါသည်။ ကျွန်ုပ် ယခုတင်ပြရေးသားခြင်းမှာ မြန်မာတို့၏ယဉ်ကျေးမှုပညာအနေဖြင့် လည်းကောင်း၊ ဂန္ဓိရပညာနယ်မှ လက်တွေ့မဟုတ်လျှင် ယုံရန်ခဲယဉ်းလှသည့် အဖြစ်ဆန်းများ အမှန်တည်ရှိနေသည်ကို သိစေလိုသော စေတနာတစ်ရပ်အပြင် စစ်မှန်သော ဝိဇ္ဇာရေဂ္ဂိရပညာဖြင့် မဟာဂန္ဓာရီလမ်းကိုလျှောက်လှမ်းလိုသော အမျိုးကောင်းသားများအတွက် မပြောပြလောက်သော အထောက်အပံ့ဖြစ်စေခိုင်မည်ဟုယုံကြည်ချက်ဖြင့် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

■ မမျှော်လင့်ဘဲကြုံရသည့်အခက်အခဲ

စနေနေ့ ရုံးပိတ်ရက် ဖြစ်ပါသည်။ ကျွန်ုပ်သည် အထက်တွင်တင်ပြခဲ့သည့်အတိုင်း အိမ်မှာပင် နဝင်္ဂသီလထိန်းပါသည်။ မနက်ကြီးစာထမင်းစားပြီးသည်နှင့် ကျွန်ုပ်သွားရောက်ရာနေရာတိုင်းတွင် ပါမြဲဖြစ်သော (၁၀၈) လုံးပုတီးကုံးတစ်ကုံး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ထိုစဉ်တုန်းက ဆေးလိပ်သောက်သဖြင့် ကျွန်ုပ်တို့မြို့မှာလိပ်သော သနပ်ဖက်ဆေးလိပ်အမည်မှာ ငါးကြင်းနှစ်ကောင်ဖြစ်ဝါသည်။ ဆေးလိပ်၊ မီးခြစ်တို့ကို ချည်ထည်လွယ်အိတ်ထဲမှာထည့်ပြီးတော့ ကျွန်ုပ်နေထိုင်ရာအိမ်၏အနောက်မြောက်နားတွင်တည်ရှိသော အဘအောင်မင်းခေါင်တည်ထားခဲ့သောရွှေမြင်တင်ဘုရားစေတီရှိရာကိုထွက်လာခဲ့ပါသည်။

ထိုစေတီတော်တည်ရှိရာအရပ်ကို သံခိပ်-တမာတန်းဟု အမည်ရပါသည်။ ထိုအရပ်သည် ရဟန်းသံဃာတော်များ စာသင်တိုက်၊ ဝိပဿနာအားထုတ်သည့် ကျောင်းတိုက်များနှင့် သီလရှင်များနေထိုင်ရာ (သူတော်ကောင်းများ၊ တရားမွေ့ကျော်သူများစံမြန်းသည့်အထူးနေရာ) ဖြစ်ပါသည်။

ကျွန်ုပ်သည် ရွှေမြင်တင်စေတီတော်၏တန်ဆောင်းအတွင်းရောက်သည်နှင့် တနင်္ဂနွေထောင့် (အရှေ့မြောက်ထောင့်)နေရာကိုသွားခဲ့ပါသည်။ စေတီတော်၏အရှေ့မြောက်ထောင့်လည်း ဖြစ်ပါသည်။

ထိုနေရာကို သန့်ရှင်းရေးလုပ်ပြီး နီသီထိုင်အင်းကို ခင်းလိုက်ပါသည်။ နောက်ပုဂ္ဂိုလ်များအားလုံးဖိတ်ကြားပြီး ဘုရားရှိခိုးခြင်း သီလခံယူခြင်း၊ သစ္စာပြုပြီးဆုမွန်တောင်းခံခြင်း၊ မေတ္တာပို့သခြင်းနှင့် ကုသိုလ်အမျှပေးဝေပါသည်။

ကျွန်ုပ်သည် အသင့်ယူလာသော ဂုဏ်တော်ပုတီးဖြင့် အရဟံအစ ဘဂဝါအဆုံးဂုဏ်တော်ကိုးပါးကို တစ်ပါးလျှင် ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီး (၉) ပတ်နှင့် ဂုဏ်တော် (၉) ပါးစလုံးရွတ်ဆိုပြီး ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ်စုစုပေါင်းပုတီး (၁၀) ပတ်စိပ်လိုက်ပါသည်။

ပုတီးစိပ်ရာတွင် ပါဠိတော်ရွတ်ဆိုပြီး ပုတီးစေ့မချပါ။ မြန်မာလိုနှလုံးသွင်းပြီးမှပုတီးစေ့ချပါသည်။ သို့နှင့် (၁၀) ပတ်စိပ်ခြင်း ဖြစ်ပါသည်။ ပုတီးစိပ်ပြီးသည်နှင့် အာနာပါနကမ္မဋ္ဌာန်းဖြစ်သော ထွက်လေဝင်လေရှုမှတ်ခြင်းကိုပြုလုပ်ပါတော့သည်။ ကျွန်ုပ်ကမ္မဋ္ဌာန်းအားထုတ်ရာတွင် အချိန်ပိုင်းခြားကာလသတ်မှတ်ခြင်းမရှိပါ။ မျှတသလောက်ရှုမှတ်ပါသည်။

■ ထူးထူးဆန်းဆန်းအာရုံဝင်လာပြီ

သမာဓိအာရုံရနေပါပြီ။ အချိန်ကိုပင် မမှတ်မိတော့ပါ။ ထိုစဉ်တွင် ကျွန်ုပ်ထက်ဝယ်ဖွဲ့ခွေထိုင်နေသော ညာဘက်ဘုံးနှင့်နှစ်တောင်လောက်အံ့ကွာမှ ပုဂ္ဂိုလ်တစ်ယောက်ရောက်ရှိလာခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ဝတ်ဆင်ထားသည်မှာ အဖြူရောင်ဖြစ်ပါသည်။ ခေါင်းပေါင်းမပါပါ။ ခဲပင်ရှည်နှင့်မဟုတ်ပါ။ ဦးပြည်း (ခေါင်းတုံး) နှင့်ဖြစ်ပါသည်။ သန့်ရှင်းပြီးဖြူစင်းသောအသားအရေရှိပါသည်။ အရပ်ကနဆို လျှင် (၅) ပေ၊ (၁၀) လက်မလောက်ရှိမည်ဟုထင်ပါသည်။ ထူးခြားသည်မှာ တောက်ပသော မျက်လုံးနှစ်ဖက်ရှင်ဖြစ်ပြီး နှစ်လိုဖွယ်မျက်နှာထားရှိသော လွန်စွာ

www.burmeseclassic.com

www.burmeseclassic.com

လေးစားထိုက်သောပုဂ္ဂိုလ် ဖြစ်ပါသည်။

ကျွန်ုပ်နားထဲတွင် မမေ့မပျောက် ကျန်ရစ်နေခဲ့ပါသေးသည်။ ထိုပုဂ္ဂိုလ် ပြောခဲ့သည်မှာ -

"လူကလေး၊ မင်းတို့ခေတ်က သိပ်ခေတ်ဆိုတော့ လက်တွေ့မဟုတ်ရင် မယုံဘူးပေါ့။ မင်းတို့သိပ်မျက်စိနဲ့မမြင်နိုင်တဲ့ ဝိဇ္ဇာမျက်စိနဲ့မှမြင်တွေ့နိုင်တဲ့ ဂန္ဓိရအကြောင်း ပညာကောင်းတွေရှိတယ်ကွယ့်။ အခု ဘာပြောတာကို မှတ်သားထားပါ။ မင်းကို အခုလိုတာဝန်ပေးတာက လူကလေးက ကတိသစ္စာတည်တယ်။ သီလကို လုံခြုံအောင်ကြိုးစားတယ်။ သမာဓိထူထောင်ရာမှာ ဇွဲလုံ့လကောင်းတယ်။ ဒါကြောင့် ပထမအဆင့်အနေနဲ့ တာဝန်ပေးခြင်း ဖြစ်တယ်။

မင်းက ပညာစရိုက်ရှိတာရယ်၊ နောက်ဒေါသစရိုက်ရှိတာဆိုတော့ အခုအဘပေးတာကို ရအောင် ဖော်ဆောင်နိုင်မှာပါ။ မှတ်ထား လူကလေး။

'လိုရာကစ၊ ရောက်သတ္တ၊ ဆုံးက အလယ်တည်၊ စနှင့်ဆုံးမှ အသေတူ၊ လိုရာသိဒ္ဓိပြီး၊ ဗျည်းစမက၊ မဟိဒ္ဓိပြု၊ ထွက်လမ်းဒီမှာရ'တဲ့။ မှတ်မိတယ်နော်။ ဘယ်လိုပညာနဲ့သုံးရမယ်ဆိုတာ လူလေး သမာဓိအားကောင်းလာတာနဲ့ သိလာပါလိမ့်မယ်။

နောက်တစ်ခုက လွန်ခဲ့တဲ့ (၆) လလောက်က မင်းဆီကို ရောက်လာခဲ့တဲ့ ကိုးကွက်အင်းလေ။ နဝင်းစေတီပါတယ်။ မင်းလည်းမသုံးပါဘူး။ အဲဒီအင်းကို ဒီနေ့ ညသွားပြီးသိဒ္ဓိတင်ပါ။ အနောင့်အယှက် တွေရှိမှာတော့ သေချာတယ်နော်။ လုပ်နိုင်မှကတိပေးပါ လူကလေး"

ဟု ပြောပါတော့သည်။

ကျွန်ုပ်သည် မည်သို့မျှငြင်းဆန်နိုင်ခြင်းမရှိပါ။ ခိုင်းသမျှကျေနပ်စွာလုပ်ပါမည်ဟု ကတိပေးလိုက်ရပါတော့သည်။

ကျွန်ုပ်သည် မူလအသိအာရုံဝင်လာပြီး ရှုမှတ်နေသော ကမ္ဘဋ္ဌာန်းမှထလိုက်ပါသည်။ စိတ်မှတ်မှားသည့်အာရုံနိမိတ်လားဟု ဖြစ်စဉ်ကိုပြန်လည်စဉ်းစားလိုက်ချိန်တွင် ယနေ့တိုင် မကြုံတွေ့ဘူးသေးသော ထူးဆန်းသည့်အနုံတစ်ခုကို ရှုရှိုက်မိပါတော့သည်။ ကျွန်ုပ်စိတ်အာရုံတို့မှာ သံသယကင်းစွာဖြင့် ကြည်လင်ဝင်းလက်သွားခဲ့သည်။

အိမ်ပြန်ရောက်ပြီး ညဝတ်တက်ဝတ်ပြုလုပ်ပါသည်။ အေးအေးဆေးဆေးသွားမည်ဟုဆုံးဖြတ်၍ စောစော ဘုရားဖူးခြင်းဖြစ်ပါသည်။ အမှတ်မထင် ည (၇) နာရီလောက်တွင် အနောက်တောင်အရပ်ဆီမှ မိုးသက်လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပါတော့သည်။

လေဒဏ်မိုးဒဏ်များတို့ကြောင့် ယောကျ်ားကြီးတစ်ယောက်၏လက်တစ်ဖက်ပိုက်စာအပင်ကြီးများပင် အမြစ်မှကျွတ်ပြီးပြိုလဲခြင်း၊ ခြေသလုံး၊ ပေါင်းလုံးအကိုင်းများ ကျိုးပျက်ကြခြင်းတို့ဖြစ်လေတော့သည်။

ကျွန်ုပ်ကို ဟန့်တားနေသလားဟုပင် အထင်ရောက်စေခဲ့ပါသည်။ ကျွန်ုပ်၏ စိတ်အစဉ်တွင်မူ ဆင်းသွားရင် လမ်းဖြစ်တာပဲသွားမယ်ဟုပင် ကြုံးဝါးလိုက်မိပါတော့သည်။

အထက်နားတွင် ဖော်ပြသကဲ့သို့ ကျွန်ုပ်နှင့်အတူ ပါမြဲပစ္စည်းများကို လွယ်အိတ်ထဲထည့်ပြီး အိမ်မှထွက်လာပါတော့သည်။ ကျွန်ုပ်ကိုသွားရန် တာဝန်ပေးထားခဲ့သည့်ဘုရားမှာ သိရိဓမ္မာအာသောကရာဇာမင်းကြီးတည်ထားခဲ့သောရွှေမုဋ္ဌေစေတီ ဖြစ်ပါသည်။

နောက်လတွင် ဆက်လက်ဖော်ပြပါမည်။

ပညာတိုးပွား၍
အကျိုးများကြပါစေ

ဘုန်းခေါင်

သူရဇ္ဈမဂ္ဂဇင်းမှ
စာမူများ ဖိတ်ခေါ်ပါသည်

မြန်မာပြည်အရပ်ရပ်ရှိ စေတီတော်နှင့်ထူးခြားဖြစ်စဉ်များ၊ ဘာသာရေးကျင့်စဉ်များ၊ ဂါထာတော်များ၊
သိဒ္ဓိ မဟိဒ္ဓိကျင့်စဉ်များ၊ ဂန္ဓိရကျင့်စဉ်များတိုင်းရင်းဆေး၊ ဆေးပြီးတိုများ၊
ထူးခြားအံ့ဖွယ်ဂန္ဓိရဆောင်းပါးများ၊ မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်ဆိုင်ရာ ဆောင်းပါးများ
တိုင်းရင်းသားရိုးရာယုံကြည်မှု အယူအဆ ဓလေ့ထုံးထမ်းစဉ်လာများ၊ဗေဒင်ပညာရပ်များ
ဂန္ဓိရဝတ္ထုတိုများ အစရှိသည့်တို့ကို ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေပြောတဲ့ ဗိဠာလပဒကသူဌေးအကြောင်း

သော်တာအောင်(ကျောက်တောင်)

တဲ့သူက အဲဒီသူဌေးလူတာတို့ကို စုပေါင်းမထည့်ဘဲ သီးခြားပြုပြီးယူသွားသတဲ့။

သူဌေးကြီးက သီးခြားယူသွားဘာကို မသက်သာလို့ သူလူတစ်ယောက်ကို နောက်ကလိုက်ပြီးတော့ကြည့်ခိုင်းတယ်။ အလှူခံယောကျ်ားက သူဌေးကြီးရဲ့ အလှူကို ပွားများပါစေဆိုတဲ့စေတနာနဲ့ ယာဂုဆွမ်းမုန့်လုပ်ရာမှာ တစ်စေ့နှစ်စေ့ စတဲ့ဆန်တို့ကို ဝေမျှထည့်သွင်းစေတယ်။ ပဲကြီးပဲနောက်ကိုလည်း ထို့အတူထည့်စေတယ်။ ထောပတ်၊ တင်လဲတို့ကိုလည်း အစက်အစက်နဲ့ထည့်စေတယ်။ ချောင်းကြည့်သူက သူဌေးကြီးကိုပြန်လည်ပြောကြားတယ်ပေါ့ကွယ်။

ထိုအကြောင်းကိုသိတော့ သူဌေးကြီးက-

'ဒီလူဟာ လူပုံအလယ်မှာ ငါ့ရဲ့ အရှက်ကိုခွဲရင်ငါ့နာမည်ပါလာရင်တော့ ဓားနဲ့ထိုးသတ်မယ်'

လို့ ဝတ်ရုံအတွင်းမှာ ဓားကိုဝှက်လို့ယူဆောင်ပြီး နောက်တစ်နေ့မနက် ဆွမ်းကပ်ရာအရပ်ကိုသွားသတဲ့။

အလှူခံယောကျ်ားက မြတ်စွာဘုရားကို-

"အရှင်မြတ်ဘုရား၊ လူအများစုပေါင်း၍ ထည့်ဝင်သည့်အလှူဒါနကိုလှူဒါန်းအပ်ပါသည်။ ဤသို့ လှူဒါန်းရာ၌ မိမိတို့စွမ်းအားရှိသလောက် များစွာသော ဆန်တို့ကိုလည်းကောင်း၊ ပဲကြီး၊ ပဲနောက်၊ ဆောပတ်၊တင်လဲအနည်းငယ်မျှကိုလည်းကောင်း လှူဒါန်းကြပါသည်။ အားလုံးကုန်သော ထိုသူတို့အား အကျိုးကြီးမြတ်သည် ဖြစ်ပါစေသတည်း"

လို့လျှောက်ထားသတဲ့။

အဲဒီလိုလျှောက်ထားတဲ့စကားကိုကြားတော့ -

'ဒီလူဟာ ပညာရှိတဲ့သူပါလား။ ငါဖြစ်မှားမိပါပေါ့လား။ တကယ်လို့ ငါ့မတော်းပန်ရင် နတ်တို့လက်နက်မိုးကြိုးစက်က ငါ့ဦးခေါင်းထက်မှာပစ်တော့မှာပါလား'

လို့ သူဌေးကြီးက စဉ်းစားမိပြီး အလှူခံ သူတော်ကောင်း ယောကျ်ားရဲ့ခြေရင်းမှာ ဝပ်စင်းလို့ မိမိအကြံစည်သမျှကိုထုတ်ဖော်တောင်းပန်လေတဲ့ကွယ်။

မြတ်စွာဘုရားသခင်က အကြောင်း

"အေးကွယ်၊ ငါ့သားနဲ့ သမီးတို့၊ မြေးတို့ကို ဓမ္မပဒတတိယတွဲထဲက 'ကုသိုလ်ကောင်းမှုကို နည်းသည်ဟု စိတ်မမျက်နှာငှဉ်' ဆိုတဲ့ ဗိဠာလပဒကသူဌေးအကြောင်းပြောပြခဲ့တယ်ကွယ်။ ဒီလိုကွယ့် ကုသိုလ်အလုပ်ကို နည်းနည်းသာလုပ်နိုင်လို့ အကျိုးမပေးဘူးလို့လည်း မထင်မှတ်ရဘူးတဲ့"

မာဝမည်ထ ပုညဿ စတဲ့ ဒေသနာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဗိဠလပဒက အမည်ရှိတဲ့သူဌေးသားကိုအကြောင်းပြုလို့ ဟောတော်မူသတဲ့။

ဝတ္ထုအကြောင်းအစ သာဝတ္ထိပြည်သူတို့သည် ရဟန်းသံဃာတော်တို့အား စုပေါင်း၍ အလှူပေးကြ၏။ မိမိကိုယ်တိုင်လှူသူတို့သည် ပစ္စည်းဥစ္စာချမ်းသာနိုင်၏။ သူတစ်ပါးအား လှူဆော်တိုက်တွန်းသူသည် အခွေအရံပေါများ၏ဟု ဟောကြားတော်မူသည်တဲ့။ အကျိုးနှစ်ပါးစလုံး ပြည့်စုံအောင် တစ်ယောက်သောယောကျ်ားသည် နက်ဖြန်အတွက် သံဃာတော်တို့အား ဆွမ်းကိုပင့်ပြီး ရွာအတွင်း၌ လှုံ့ဆော်၏။ အလှူခံ၏။ စုပေါင်းချက်ပြုတ်၍ လှူဒါန်းကြကုန်အံ့ဟု ကြွေးကြော်၏တဲ့။

ထိုအခါ သူဌေးတစ်ယောက်က ကိုယ့်ဟာကိုယ်လှူတာမဟုတ်။သူတစ်ပါးကိုပါ ဆွဲထည့်ရမလားလို့ အမျက်ထွက်ပြီး ဆန်ကိုလက်သုံးချောင်းနဲ့ယူပြီးထည့်တယ်။ ပဲနောက်ပဲကြီးကိုလည်း အနည်းငယ်လေးလောက်သာပဲ ထည့်တယ်။ ထောပတ်၊ တင်လဲတို့ကိုလည်း အစက်အစက်ချလို့သာပေးလှူတယ်။ အဲဒါကြောင့်မို့ အဲဒီသူဌေးရဲ့အမည်ဟာ ဗိဠာလပဒကလို့ခေါ်တွင်တယ်။ အလှူခံ

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)
နွယ်မြက်သစ်ပင်ဆေးပက်ဝင်

ကတိသစ္စာတည်သောခါ သြဇာလေးနက်ပေါ် ဆိတတ်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခုဖြစ်ပါ၏။

လူတို့သည် မိမိအနီး၌ရှိသော၊ တန်ဖိုးမဖြတ်နိုင်သော ဆေးပင်တို့ကို သတိမထားမိကြပါချေ။ တစ်နည်းဆိုရပါလျှင် ကျော်လွှားကာသွားနေကြ၏။

ဆေးပင်၏အနီး၌နေကြရသော်လည်း ဆေးပင်ကိုမသိကြ။ တန်ဖိုးလည်း မထား။ ဂရုမစိုက်ကြ။ ဘာသိဘာသာနေကြ၏။

ကျေးဇူးရှင်ဆေးပင်များက 'ငါရှိတယ်ကွ ငါ့အရှက်၊ အမြစ်တို့ကို စားသောက်ရုံမျှဖြင့် သင်တို့ရဲ့ရောဂါဟာ အမြစ်ပြတ်ပါလိမ့်မယ်' ဟု နေ့စဉ်နေ့တိုင်းပြောကြားနေကြပါ၏။

ဒီနေရာတွင် လူနှင့်အနီးကပ်ဆုံးဖြစ်သော ဆေးဖက်တစ်ပင်အကြောင်းကို တင်ပြပါမည်။ အဆိုပါဆေးပင်နိုင်နင်းသောရောဂါများမှာ မှီနာ (ခ) ကင်ဆာရောဂါဖြစ်ပါ၏။

ကင်ဆာရောဂါစတင်ဖြစ်ပွားလာပြီဆိုလျှင် ပထမ စိတ်ဓာတ်ကျကြ၏။ အစားအစာမဝင်တော့ပါ။ တစ်နေ့တခြား ခန္ဓာကိုယ်မှာလည်း ပိန်ချုံးလာ၏။ ပိန်ခြောက်လာ၏။ ဝိုးရမ်စိတ်ကလွှမ်းမိုးသွား၏။ သေရတော့မှာပါ။ ကုသသော်လည်း ပျောက်ကင်းတော့မှာမဟုတ်ဟု စိတ်ထဲ၌ စွဲမြဲစွာယုံကြည်ထားကြ၏။

တစ်နေ့သောအခါ ဆရာတော်တစ်ပါးသည် ရခိုင်အခေါ် မှီနာ (ခ) ကင်ဆာရောဂါဖြစ်ပွားလာသဖြင့် ရန်ကုန် ဆေးရုံကြီးကင်ဆာရောဂါအထူးကု ဆရာဝန်ဆီသို့သွားရောက်ကာပြသလေ၏။ ကင်ဆာပါရဂူဆရာဝန်ကြီးသည် ဆရာတော်၏ခန္ဓာကိုယ်၌ဖြစ်နေသော ရောဂါကိုစမ်းသပ်ကြည့်ရာ ကင်ဆာဖြစ်နေကြောင်းကို ဆရာတော်အားလျှောက်ထားလေ၏။

ဆရာဝန်ကြီးက 'အရှင်ဘုရားမှာဖြစ်နေတဲ့ကင်ဆာရောဂါကို ဓာတ်ရောင်ခြည်ကင်ပြီး ကုသရမယ်' ဟု လျှောက်ထားလေ၏။

သို့သော်လည်း ဆရာတော်သည် လုံးဝဆေးကုသမှုကိုမခံတော့ဘဲ မိမိသီတင်းသုံးနေထိုင်သော တောကျောင်းသို့ ပြန်ကြွသွားလေ၏။ မိမိတို့မြန်မာ့ရိုးရာနွယ်မြက်သစ်ပင်တို့နှင့်သာ ဆေးကုသတော့မည်ဟု ဆုံးဖြတ်ချက်ချထားလေ ၏။

ဆုံးဖြတ်ချက်ချထားသည့်အတိုင်း တိုင်းရင်းမြန်မာဆေးနှင့်ကုသလိုက်ရာ တစ်လအတောအတွင်းမှာ ကင်ဆာရောဂါ လုံးဝပျောက်ကင်းသွားပါ၏။

ဆေးပင်ကတော့ ရခိုင်တို့အခေါ် ပြဒါးကာပင်၊ ပဒကာပင်၊ သင်္ဘောပင် (ဗမာ) ဖြစ်ပါ၏။ အရွက်ကိုကြိတ်ပြီး သတ္တုရည်ကို နေ့စဉ် အကြမ်းပန်းကန်တစ်လုံးခန့်သောက်ပါ၏။ ဆရာတော်၏ခန္ဓာကိုယ်မှာဖြစ်ပေါ်နေသော ကင်ဆာရောဂါဝေဒနာသည် အမြစ်ပါမကျန် ပျောက်ကင်းချမ်းသာသွားပါ၏။

သင်္ဘောပင်သည် လူတို့၏နေအိမ်နားမှာသော်လည်းကောင်း၊ ဥယျာဉ်ခြံမြေထဲမှာသော်လည်းကောင်း အလွယ်တကူရရှိနိုင်ပါ၏။

တိုင်းရင်းဆေးသည် ရောဂါတို့ကို အမြစ်ပါမကျန် ဖြတ်ပစ်လိုက်ပါသည်။ ပျောက်ကင်းပါ၏။

ကင်ဆာရောဂါခံစားနေကြရသော ဝေဒနာရှင်များလည်း ယုံယုံကြည်ကြည်နှင့် လက်တွေ့သုံးဆောင်သောအားဖြင့် မည်သည့်ကင်ဆာရောဂါမဆို လက်တွေ့ပျောက်ကင်းနိုင်ကြောင်းသတင်းကောင်းပါးလိုပါသည်။

တိုင်းရင်းမြန်မာဆေးနည်းကောင်းများကို သေရွာသို့မယူလိုပါ။ အခုလို ကင်ဆာရောဂါကို ငွေကြေးအကုန်အကျမရှိဘဲ ရောဂါကင်ဆာပျောက်ကင်းကြောင်းကို ထပ်မံပြီးတင်ပြရပါသည်။

လက်တွေ့စိတ်ချယုံကြည်စွာသုံးဆောင်ပြီး ဆေးကုသမှုပေးစေလိုပါသည်။

တိုင်းရင်းဆေးအပေါ်မှာ
သစ္စာရှိစွာဖြင့်
မဟာနွယ်(မန်းတက္ကသိုလ်)

စုံကိုသိမြင်တော်မူလေတော့ သူ့ဌေးကြီးကို အနုသန္ဓေစပ်လို့ တရားဟောကြားတော်မူလိုတာကြောင့် -

■ မာဝဓဥေထ ပုညဿ၊
နံ မန္ဒံ အာဂမိဿတိ၊
ဥဒကဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ၊
ဓီရော ပူရတိ ပုညဿ၊
ထောကံ ထောကံပိ အာစိနံ။ ။

အနည်းငယ်သော ကောင်းမှုကုသိုလ်သည် အကျိုးမပေးနိုင်ဟု မထီမဲ့မြင်မအောက်မေ့ရာ။ မိုးရေပေါက်တို့သည် ကျဖန်များသဖြင့် ရေအိုးကြီးပြည့်လေသကဲ့သို့ ပညာရှိသည် အနည်းငယ်အနည်းငယ်လည်း ကောင်းမှုဆည်းပူးသည်ဆိုသော် ကောင်းမှုဖြင့်ပြည့်၏။

ဒေသနာတော်ရဲ့အဆုံးမှာ သူ့ဌေးကြီးလည်း သောတာပတ္တိဖိုလ်မှာတည်လေတယ်။ များစွာသော လူတို့တစ်တွေလည်း အကျွတ်တရားရကြကုန်သတဲ့ကွယ်။

'အေး-အဓိက အဖေပြောလိုတာက အခု သမီးရဲ့(၂၅)နှစ်ပြည့် ငွေရတုမွေးနေ့အတွက် ဒိုးကွင်ပရမီတမိဘမဲ့ဘန်းတော်ကြီးကျောင်းကို တစ်နေ့စာကျွေးမွေးလှူဒါန်းကြမှာဆိုတော့ သိန်းရာချီလှူပေမယ့်လည်း စိတ်ထားမပြတ်တော့အလကားပဲ။ လမ်းဘေးကခွေးပိန်လေးတစ်ကောင်ကို ကိုယ်စားတဲ့ထမင်းထဲကတစ်လုတ်တစ်ဆုပ်ကို စေတနာသဒ္ဓါအားအပြည့်နဲ့ ကျွေးမွေးတဲ့ အကျိုးကျေးဇူးက သိန်းဆယ်ချီလှူတဲ့အကျိုးနဲ့ အညီအမျှရရှိမှာပေါ့ကွယ်။ သဘောက ငါ့သားသမီးတွေစိတ်ထားတတ်ဖို့ အဖေပြောတာပါပဲ"

"စိတ်ချပါ ဖေဖေ၊ သမီးတို့လည်း နားလည်သဘောပေါက်ပါတယ်။ အခုလို သမီးတို့တစ်လျှောက်လုံး သွန်သင်ဆုံးမသြဝါဒပေးတဲ့ ဖေဖေ့ကို သားတို့သမီးတို့မိသားစုက မွေးနေ့အကြိုအဖြစ် ဦးချကန်တော့ပါတယ် ဖေဖေ"

"သာဓု သာဓု သာဓုပါဗျာ၊ သားတို့သမီးတို့အားလုံး ဘေးရန်ကင်းဝေးကြပါစေ။ အသက်ရာကျော်ရှည်ကြပါစေ၊ မိသားစုပျော်ရွှင်ချမ်းမြေ့ကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ဝပါရစေ ဖေဖေ"

တူသောအကျိုးကျေးဇူးပါစေ

သော်တာအောင်(လျှောက်တောင်)

www.burmeseclassic.com

www.burmeseclassic.com

သက်လိုင်မျိုး

(စက်မူတက္ကသိုလ်)

အကြောင်းမကောင်းလေတော့

ညီအစ်ကိုနှစ်ယောက်ရှိကြသည့် အနက် အစ်ကိုကြီးဖြစ်သူမှာ ဆိုးသွမ်းသူ ဖြစ်သည်။ ညီငယ်က လိမ္မာသလောက် သူကတော့ ပြောစမှတ်ဖြစ်လောက် အောင် အော့ကြောလန်ရသူဖြစ်သည်။ ညီငယ်ဖြစ်သူမှာ အစိုးရအလုပ်လုပ် သော်လည်း သူကတော့ အရောင်းအ ဝယ်သမားလိုလို၊ ပွဲစားသမားလိုလိုနှင့် ရွာစဉ်လှည့်ကာသွားနေသူ ဖြစ်သည်။ သည်လူနာမည်က ဦးလွင်ရှိန်။ သား (၂)ယောက်၊ သမီး (၂) ယောက်ရှိသည်။ သူညီနာမည်က ဦးထွန်းမောင်။

ဦးလွင်ရှိန်၏ဇနီးမှာ ဒေါ်စိန်မာ ဖြစ်သည်။ဒေါ်စိန်မာက သူညီမ မရွေမာ ကိုခေါ်ထားသည်။ ဦးလွင်ရှိန်က မရွေမာအပေါ် ရိသဲ့သဲ့လုပ်သော်လည်း အစ်မဖြစ်သူက သူ့ယောကျ်ားအား ဟန့်တားခြင်း၊ ဆူပူခြင်းလုံးဝမရှိခဲ့။ ကိုယ့် ညီမတစ်ယောက်လုံးကို လင်ယောကျ်ား လုပ်သူက စော်ကားမော်ကားကြစည် သည်ကို သည်အတိုင်း တုံ့ကိုဘောနေ ကာ အေးဆေးလွန်းလှသည်။ လင်ကို ဘာမှမပြော။ သည်ကတော့ ဦးလွင်ရှိန်မှာ ခယ်မဖြစ်သူကို စော်ကားချင်တိုင်း စော်ကားတော့သည်။ ဖုံးမနိုင်ဖိမရဖြစ် လာသည့်အခါနှင့် ခယ်မကို ဆော တစ်မျိုးလိမ်ညာတိုက်ကာ (လိမ္မော်ရည် ထဲ ဆေးလုံးကို အမှုန့်ကြိတ်၍တိုက်ခြင်း ဖြစ်သည်။) ကိုယ်ဝန်ကိုပျက်စေခဲ့သည်။ ခယ်မဖြစ်သူမှာ သေလုမျောပါးခံလိုက်ရ သည်။

ဦးလွင်ရှိန်မှာ နောက် (၂) နှစ် အတြွာတွင် မြို့ကြီးတစ်မြို့သို့သွားရောက် ကာ မည်သို့စည်းရုံးလိုက်သည်မသိ အသက် (၄၀) ခန့်ရှိသည့် အပျိုကြီးတစ် ယောက်နှင့်အကြောင်းပါပြန်လေသည်။ ဒေါ်စိန်မာကွယ်ရာတွင် ဖြစ်ချင်တိုင်းဖြစ် လေ့ရှိသော ဦးလွင်ရှိန်အဖို့မှာ ဘာမှ မထူးဆန်းပါ။ ဒေါ်စိန်မာကတော့ သူ့ယောကျ်ားအကြောင်းအလုံးစုံသိသည် နှင့်အမျှ ဖြစ်ချင်ရာဖြစ်ပါစေတော့ဟုဆို ကာ လျစ်လျူရှုရတော့သည်။ ဦးလွင်ရှိန် မှာ ထိုအပျိုကြီးနှင့် ကလေး (၃)ယောက် ထပ်ရသည်။ (၃) ယောက်စလုံး သမီး များဖြစ်ကြသည်။

သွားလေရာ အရပ်တိုင်းတွင် အိမ် ထောင်ကျရုပါစေဟု ဆုတောင်းထား လေသလားမသိ။ ဦးလွင်ရှိန်အသက် (၅၀) အရွယ်တွင် ထန်းသုံးပင်ရှာသို့ ရောက်ရှိလာသည်။ ထန်းသုံးပင်ရွာမှာ အိမ်ခြေ (၃၀၀) ခန့်ရှိသည့်ရွာကြီးဖြစ် သည်။ ထိုရွာသို့ လာရောက်ခြင်းမှာ ဦးလွင်ရှိန်အဖို့ ပဲခူးဘူတာတွင် သိကျွမ်း ခဲ့သော ကွမ်းယာသည်မလေး သန်းသန်းနွဲ့ ကိုလာရှာခြင်းဖြစ်သည်။ ထိုရွာတွင် သန်းသန်းနွဲ့တွင် ကိုယ်ဝန် (၃) လရ သောအခါ ရပ်ရွာလူကြီးများမှတစ်ဆင့် ဦးလွင်ရှိန်ကို လက်ထပ်ယူခိုင်းခဲ့သည်။ နောက်ကြောင်းပြန်၍ လေ့လာလိုက် သောအခါ ဦးလွင်ရှိန်တွင် မယား (၂) ယောက်၊ ကလေး (၇) ယောက် ဖခင် မပီသသူ။ ပထမမယားမှ သားကြီးမှာ ဆည်မြောင်းတွင် အလုပ်ဝင်နေသည်ဟု သိရသည်။

အကြောင်းစုံကိုသိသောအခါ ရပ် ရွာလူကြီးများ၊ ကာလသားများနှင့် သန်းသန်းနွဲ့၏ဖခင်တို့က သတ်မည် တကဲကဲလုပ်သောအခါ ဦးလွင်ရှိန်က-

"ကျွန်တော်မယူနိုင်ပေမယ့် ကျွန် တော့်သား အင်ဂျင်နီယာရှိတယ်။ သူနဲ့ ပေးစားပါ့မယ်။ (၃) ရက်အတွင်းခေါ် လာပါ့မယ်"

ဆိုကာ ပထမမယားမှ မောင်လတ် ကိုကို -

"ငါ့သား ကျောက်စရစ်တွေ စွေး ပေါပေါနဲ့ရမယ်"

ဟုဆိုကာ ထန်းသုံးပင်ရွာသို့ လိမ်ညာခေါ်လာခဲ့သည်။ ရွာသို့ရောက်သော အခါ ဘာမပြောညာမပြောနှင့် သားဖြစ် သူကို ကွမ်းယာသည်သန်းသန်းနွဲ့နှင့် အတင်းပေးစားလိုက်ပါလေတော့သည်။ သန်းသန်းနွဲ့မှာ ငယ်ရည်းစားရှိလျက်နှင့် ဦးလွင်ရှိန်၏စော်ကားခြင်းကိုခံရသူ၊ ယခု သူ ဘာမှမသိသော လူတစ်ယောက်နှင့် ယူရတော့မည်ဆိုတော့ သန်းသန်းနွဲ့စိတ် ညစ်၍ ပိုးသတ်ဆေးများကိုသောက်ကာ သေကြောင်းကြံစည်တော့သည်။ အခြုံ့ မိသိသဖြင့် ဆေးရုံသို့ပို့ရသည်။

မောင်လတ်ကိုမှာလည်း ရည်ရွယ် ထားသည့် ရည်းစား အထက်တန်းပြ ဆရာမလေးရှိသည်။ နောင်နှစ်တွင်ယူ တော့မည်အကြံအစည်မှာ ယခုတော့ ပျက်ပါပြီဟုဆိုကာ မောင်လတ်ကိုမှာ ရေနံဆီသောက်၍သေကြောင်းကြံစည် သည်။ ငှက်ပျောဖူးပုလင်းလေးပုံတစ်ပုံ ခန့်ရှိပါလိမ့်မည်။ သန်းသန်းနွဲ့နှင့်မောင် လတ်ကိုတို့မှာ ဆေးရုံသို့အခြုံ့မီရောက် သဖြင့် သူတို့ (၂) ယောက်အသက်ရှင်ခဲ့ သည်။ မောင်လတ်ကိုမှာ ရည်စားနှင့် လက်ထပ်ပြီး ယောက်ဖက သင်္ဘောတင် ပေးမည်ဟု ရည်ရွယ်ထားရာ ယခုတော့ မျှော်လင့်ချက်များ ပျက်သုန်းသွားခဲ့ပါပြီ။

နောက်ဆုံးတော့ သန်းသန်းက သံယောဇဉ်ဖြစ်ကာ သန်းသန်းနွဲ့နှင့် မောင်လတ်ကိုတို့ အိမ်ထောင်မြှင်ကာ သားသမီးတို့ ပွားစီးခဲ့ကြပါပြီ။

သည်တစ်ခါလည်း ဦးလွင်ရှိန်ထပ်

www.burmeseclassic.com

www.burmeseclassic.com

မရှုပ်ရဲတော့ပါ။ နောက်ထပ်ရှုပ်လျှင် သူ့အသက်ဆုံးဖွယ်ရှိတော့မည်။

ယခုတော့ ဒုတိယမယား ရှိရာတွင် အခြေချနေထိုင်ကာ ဟိုသွားဒီသွားနှင့် လိမ်လည်စားသောက်နေခဲ့သည်။ ဒီကြားထဲတွင် ပထမမယားကြီး၏မောင်ထိမ့် (၂) ကျပ်သားရွှေဆွဲကြိုးကို ပြန်မပေးဘဲ လိမ်ခဲ့ပြန်သည်။ နောက်ထပ်မယားတွေယူကာရှုပ်သည်ကိုမသိ၍ ထိုသူက ငှားလိုက်ခြင်း ဖြစ်သည်။

ဦးလွင်ရှိန်အိမ်သို့ တစ်နှစ်တစ်ခါလာလည်လေ့ရှိသော သူ၏ညီ ဦးထွန်းမောင်မှာ လူပျိုကြီးဖြစ်သည်။ သူကတော့ အစိုးရရုံးတစ်ခုတွင် အရာရှိငယ်တစ်ယောက်ဖြစ်သည်။ အစ်ကိုဖြစ်သူကတောင်းလိုက်၊ ချေးလိုက် (တကယ်တော့ပြန်မပေးပါ) နှင့် အမြဲတမ်းပေးကမ်းရသော်လည်း လူပျိုကြီးမို့ မငြိုငြင်ပါ။ အစ်ကိုကြီးထံသို့ တစ်ခါလာလည်လျှင် သူ့အိမ်တွင် (၅) ရက်ခန့် နေလေ့ရှိသည်။

မြို့မှာ အလတ်စားမြို့ဖြစ်သည့် အလျောက်စည်ကားသည်။ ဦးလွင်ရှိန်တို့အိမ်နှင့် (၃) ဖာလုံခန့်အကွာအဝေးတွင် ရေကန်ကြီးတစ်ကန်ရှိ၏။ ပတ်ပတ်လည် (၄) ဖာလုံခန့်ရှိမည်။ ထိုရေကန်ကြီးက တစ်နှစ်တစ်ယောက် လူစားသည်ဟုဆိုသည်။ သောက်ရေမရသော်လည်း ချိုးရေအဖြစ်သုံးကြသည်။ ကံဆိုးချင်တော့ ဦးထွန်းမောင် ထိုရေကန်တွင် ရေနစ်ခဲ့သည်။

ရေချိုးသူတိုင်းကို ဒီနှစ် လူမစားသေးဘူး။ သတိထားနော်ဟု အချင်းချင်း သတိပေးကြသော်လည်း ဦးထွန်းမောင် ဂရုမစိုက်ခဲ့။ ဦးထွန်းမောင်မှာ ရေကူးကျွမ်းကျင်သော်လည်း ရေကူးနေစဉ် ကြွက်တက်သဖြင့် ရေနစ်သေဆုံးခဲ့ရသည်။

ဦးလွင်ရှိန်တို့သက်ပျောက်ဆွမ်း၊ ရက်လည်ဆွမ်းတို့ လျှုဒါန်းခဲ့သော်လည်း ဦးထွန်းမောင်မှာ မကျွတ်ခဲ့ပါချေ။ စိတ်ကောင်းစေတနာကောင်းရှိသော ဦးထွန်းမောင်မှဖြစ်ရလေဟု ဦးလွင်ရှိန်၏ဒုတိယမယားက သူ့မတ်ကလေးကံဆိုးသည်ကိုဟု တဖွဖ်တောက်တောက်ပြောနေတော့သည်။ သူ့အိမ်လာလည်တုန်းဖြစ်ရတာဆိုတော့ သတိရတိုင်း ယူကျုံးမရဖြစ်နေတော့သည်။

သေဆုံးသူ ဦးထွန်းမောင်ကို ဘုန်းကြီး (၃) သုံးပါးနှင့် ထိုးနှင်းပဲ၊ သင်္ဃန်းလျှုဖွယ်ဝတ္ထုအစုံ အလှူဒါနပေးခဲ့သော်လည်း ဦးထွန်းမောင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

မကျွတ်မလွတ်ဘူးထင်ပါရဲ့။ ဦးလွင်ရှိန်ကို အိပ်မက်ပေးသည်။

"အစ်ကိုကြီး၊ အစ်ကိုကြီးဟာ ကောင်းတာတွေနည်းနည်းသာလုပ်ပြီး ဆိုးတာတွေကိုလျှောက်လုပ်နေပေမယ့် အစ်ကိုကြီးကိုသနားလို့ ညီလေးမစပါမယ်။ အစ်ကိုကြီး ဒီည (၁၂) နာရီကို ညီလေးရေနစ်ခဲ့တဲ့ ရေကန်ကြီးနေရာကို လာခဲ့နိုင်မလား"

ဟု မေးသောအခါ အိပ်မက်ထဲမှာပင် ဦးလွင်ရှိန်က -

"ဟေ့ကောင် ညကြီးသန်းခေါင် (၁၂) နာရီမှာ ငါဘယ်လိုလုပ်လာရဲမှာလဲ။ ငါတစ်ယောက်တည်း ကြောက်တယ်ကွ။ အဲဒီတော့ မင်းပေးချင်ရင် ငါ့အိမ်ကိုလာပေး။ မပေးချင်ရင်လည်း လာမပေးနဲ့"

ဟု အိပ်မက်ထဲမှာပင် ဒေါသထွက်ပြီး အော်ဟစ်လိုက်တော့သည်။ အိပ်မက်ထဲမှာပင် ဦးထွန်းမောင်က-

"အစ်ကိုကြီးက လိုလည်းလိုချင်တယ်။ ဒေါသကလည်း ကြီးသေးတယ်။ ကဲ အဲဒါဆိုလည်းပြီးရော ကျွန်တော် သွားတော့မယ်"

ဟုဆိုကာ အိပ်မက်ထဲမှာပင် ပျောက်သွားပါသည်။

ဦးလွင်ရှိန်လည်း အမှုမဲ့အမှတ်မဲ့နေရာက (၃) ရက်ခန့်ကြာသောအခါ ဦးလွင်ရှိန်မှာ အိပ်ရာကနိုးနေကျအတိုင်း နံနက် (၅) နာရီ (၃၀) မိနစ်တွင် မျက်နှာသစ်ပြီး အိမ်ရှေ့ဝရန်တာသို့လာသောအခါ အိမ်ရှေ့ဝရန်တာ လက်ရန်းပေါ်တွင်(၄)လက်မပတ်လည်ခန့်ရှိသော အဝိုင်းပြားတစ်ပြားတွေ့သည်။ ထိုအဝိုင်းပြားမှ မည်းနက်နေသည်။ ထိုအဝိုင်းပြားကိုမြင်သည်နှင့် ဦးလွင်ရှိန်မှာ ဘယ်ကောင်တွေ၊ ဘယ်ကလေးတွေ လက်ဆော့ပြီး ငါ့အိမ်ဝရန်တာခါးပန်းပေါ်မှာ ဘာလို့လာတင်ထားတာလဲ။ ရွှပ်ရှုပ် ရှက်ရှက်ဘာတွေဘာလုပ်တာလဲဟု ဆို၀၊ အိမ်ရှေ့ ပေ (၃၀) ခန့်ရှိသော ချုံပုတ်ကြီးထဲသို့ လွှင့်ပစ်လိုက်ပါတော့သည်။ အိပ်ရာမှနိုးလာသော ဇနီးကို ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ-

"ရှင်တော်တော်သံ့ပါလား၊ မိုက်ပါလား၊ ဒါ ရှင့်ကို ရှင့်ညီကလာပေးတာ။ ရှင်ဘာလို့လွှင့်ပစ်လိုက်တာလဲ။ အခုပဲ မြန်မြန်သွားရှာ"

ဟု သူဇနီးကပြောပါသည်။

"ငါလည်း ဘယ်လိုလုပ်သိမှာလဲကွာ"

ဟု ပြောဆိုမြည်တမ်းရင်းက ဦးလွင်ရှိန်လည်း သွားရှာပါသည်။ နှစ်နာရီခန့်သွားရောက်ရှာဖွေသော်လည်း ဘာမှမတွေ့။ မြွေတစ်ကောင်သာတွေ့၍ အမြန်ပြန်ပြေးလာခဲ့ပါသည်။

"အစ်ကို့ကို ကျွန်တော်က ပေးပေမယ့် အစ်ကိုမသိဘူးနော်။ အစ်ကို့ကို ကျွန်တော်ထပ်ပေးမယ်။ အဲဒါကိုရောင်းချပြီး (၅) ပဲ့ (၁) ပဲ့ကို ကျွန်တော့်အတွက် အလှူထပ်လုပ်ပေးပါ အစ်ကို"

ဟု ဦးထွန်းမောင်က ဦးလွင်ရှိန်အား ထိုညတွင် အိပ်မက်ပေးကာ ပြောဆိုခဲ့ပါသည်။

ဤသို့ဖြင့် မွေမွေပျောက်ပျောက် နေလာခဲ့ရာက (၁၀) ရက်ခန့်ကြာသော အခါ ညဉယ် (၁) နာရီခန့်တွင် -

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

ဟု လာခေါက်နေသောကြောင့် အိမ်အောက်ထပ်ကြမ်းပြင်တွင် အိပ်နေသောဦးလွင်ရှိန်မှာ လက်နှိပ်ဓာတ်မီးယူလာ၍ တံခါးမကြီးဖွင့်ကြည့်သောအခါ မည်သူမျှမတွေ့ရဘဲ အိမ်ရှေ့လက်ရန်းခါးပန်းပေါ်တွင် လွန်ခဲ့သော (၁၀) ရက်က တွေ့ရှိကာလွှင့်ပစ်ခဲ့သော အမည်းပြားအဝိုင်းလေးကို ဦးလွင်ရှိန်တွေ့ရပါသည်။

ဦးလွင်ရှိန်က -

"ဟာ လွန်ခဲ့တဲ့ (၁၀) ရက်က ငါလွှင့်ပစ်လိုက်တဲ့ မည်းမည်းအဝိုင်းပြားပြန်ရောက်နေပါလား။ အို့ဩစရာကောင်းလိုက်တာ။ ဒီတစ်ခါတော့ သေသေချာချာသိမ်းထားရမယ်။ မနက်ကျရင် မိန်းမကိုပြရမယ်"

ဟုဆိုကာ ယူလာခဲ့ပါသည်။

ဦးလွင်ရှိန်မှာ ပြန်အိပ်၍မပျော်တော့ပါ။ ဦးလွင်ရှိန်၏နှီး အိပ်ရာမှနိုးလာသည်နှင့် ညကအဖြစ်အပျက်ကို ပြောပြကာ နှစ်ယောက်သား နံနက် (၉) နာရီခန့်တွင် ဈေးသို့လင်မယားနှစ်ယောက်သွားကြပါသည်။ သူတို့အသိ ရွှေပန်းထိမ်ဆိုင်များတွင် စမ်းသပ်ကာ ငွေဘယ်လောက်ရမလဲဟု မေးမြန်းပါသည်။

ရွှေဆိုင်ပိုင်ရှင်များက -

"ဟာ ဒါရွှေအကောင်းစားဘဲ"

ဟု ဆိုကာ ဈေးဖြတ်ပါသည်။ (၃) ဆိုင်အနက် အများဆုံးပေးသော ရွှေဆိုင်သို့ ထိုပစ္စည်းကိုရောင်းချလိုက်ပါသည်။

ရွှေ (၅) ကျပ်သားကျော်ကျော် ခန့်ရောင်းရသည်မှာ သူခေတ်သူအခါ ဈေးအမြင့်ဆုံးဖြစ်ပါသည်။ ဈေးမှပြန်ရောက်ပြီး ဦးလွင်ရှိန်တို့လင်မယားနှစ်ယောက်တိုင်ပင်ကာ ဦးလွင်ရှိန်ဇနီးက-

"အိပ်မက်ထဲကအတိုင်း (၅) ပဲ့ (၁) ပဲ့ (တစ်ကျပ်သား) ကိုအလှူအတန်းလုပ်ပြီးတော့ ကျန်တာကို ဘဏ်မှာထည့်ထားရအောင်"

ဟု ဆွဲဆောင်စည်းရုံးသော်လည်း -

"နေပါဦးကွာ ဒီတစ်ခေါက်ကုန်ကူးပြီး ပြန်လာရင် အလှူလုပ်တာပေါ့ကွာ"

ဟု ဦးလွင်ရှိန်က ပြောဆိုခဲ့သည်။ ရန်ကုန်မှတွက်ခြေကိုက်မည့်ပစ္စည်းများ ဝယ်ယူကာ (၂) ထပ်သင်္ဘောကြီးနှင့် ပုသိမ်မြို့သို့ သွားရောက်ရောင်းချရန် စီစဉ်ပါသည်။ အထုပ်အပိုးများပြင်ဆင်ပြီး ပစ္စည်းများဝယ်လိုက်သည်မှာ လက်ထဲတွင် ပိုက်ဆံအနည်းငယ်သာကျန်ပါတော့သည်။

သင်္ဘောပေါ်သို့ ရောက်ရှိပြီး ပစ္စည်းများကို တန်ဆာခပေးပြီး ထားသိုကာ သူကိုယ်တိုင်လည်း သင်္ဘောပေါ်တွင် နေရာချကာထိုင်နေပြီးမှ ဦးလွင်ရှိန်မှာ-

"ဟာ ငါ့မှတ်ပုံတင်ကျန်ခဲ့ပါလား။ ဒုံအပြင် ပုသိမ်မှာ ငါ့သူငယ်ချင်းကို ရောင်းနိုင်မယ့် ပတ္တမြားကျောက် ငါ့အိမ်မှာမေ့ကျန်ခဲ့ပြီ။ ဒီကောင်ကိုလည်း ငါက ကျောက်ယူလာမယ်လို့ပြောပြီးပြီ။ ငါ တက္ကစီနဲ့ပြန်ယူရင်မီမှာပါ"

ဟု နာရီကြည့်ရင်း အိမ်ပြန်သွားပါတော့ သည်။

ဦးလွင်ရှိန်မှာ အိမ်တွင် မှတ်ပုံတင်နှင့် ကျောက်ထုပ်ကိုယူပြီး ပြန်လာရာ လမ်းတစ်ဝက်တွင် တက္ကစီကားပျက်၍ ဒုက္ခရောက်တော့သည်။ ကားကပြင်ဆင်၍မရသဖြင့် နောက်ထပ်ကားငှားဖို့ စောင့်နေသော်လည်း (ထိုစဉ်က တက္ကစီကားအတော်ပင်နည်းပါသည်) ကားမရသဖြင့် တောက်တခေါက်ခေါက်ဖြင့် ကားစောင့်နေတာ နောက်ဆုံးကိုယ်ပိုင်ကားတစ်စီးကို အကျိုးအကြောင်းပြောပြ၍ ကားခ (၂) ဆပေးမည်ဟုဆိုကာ သင်္ဘောရှိရာဆိပ်ကမ်းသို့ အမြန်လာခဲ့ပါသည်။

သို့သော် အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါပြီ။ ဦးလွင်ရှိန်ဆိပ်ကမ်းသို့ရောက်သောအခါ သင်္ဘောကထွက်သွားပါပြီ။ (၄) ဖာလုံခန့် အဝေးသို့ ရောက်သွားပါပြီ။ ဝယ်ထားသော ကုန်ပစ္စည်းများနှင့် အဝတ်အစားအိတ်များလည်း ပါသွားခဲ့လေပြီ။

ဦးလွင်ရှိန်တို့ယောက် အလူးမီး

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မှတ်ကျောက်
အသည်းခြောက်ရောဂါအတွက်

အသည်းခြောက်ရောဂါသည် အရက်ကိုအလွန်အကျွံသောက်သူများ၊ ခန္ဓာကိုယ်အတွင်း အပူအားကြီးသူများ၊ ရေသောက်နည်းပါးသူများ၊ ငရုတ်၊ ချင်းစသော အပူအစပ်အစားများသူများတွင် အဖြစ်များကြပါသည်။ ယေဘုယျတင်ပြခြင်းဖြစ်ပါသည်။ အခြားအကြောင်းများလည်းရှိနိုင်ပါသေးသည်။

သို့အတွက် အသည်းခြောက်ရောဂါမဖြစ်ရလေအောင် အရက်သောက်ခြင်းကိုရှောင်ပါ။ တစ်ရံတစ်ခါဆေးဖက်ဝါးဖက်သဘောသောက်လျှင်လည်း သုံးပက်ထက်မပိုသင့်ပါ။ ရေဓာတ်ကြွယ်ဝစေရန် ရေကိုလုံလောက်စွာသောက်ပါ။ ရေဓာတ်များစွာပါဝင်သော သခွားသီး၊ ဖရဲသီး၊ လိမ္မော်သီး၊ လိမ္မန်းသီးကဲ့သို့ အရည်ရွှမ်းသောအသီးများများစားပေးပါ။ ဟင်းရွက်စိမ်းကြော်၊ ရွှေဖရုံသီးဟင်းများ ထမင်းနှင့်စားပေးပါ။ ပဲအမျိုးမျိုးနှင့်အဆီနည်းသောအသားကိုစားပေးပါ။

အရက်ကို အလွန်အကျွံသောက်သဖြင့် အသည်းခြောက်ရောဂါဖြစ်သောမိတ်ဆွေတစ်ဦး၏လက်တွေ့ဆေးမြီးတိုရေးသားတင်ပြလိုပါသည်။

အသည်းခြောက်ရောဂါဖြင့် ဆေးရုံသုံးကြိမ်တက်ရပြီး အထူးကုထံ တစ်လတစ်ကြိမ်သွားရောက်ပြသရရာ ၈နှောက်ဆုံးတွင် ငွေကြေးစရိတ်စက မတတ်နိုင်တော့သဖြင့် ဘုတ်ထိုင်ထိုင်နေရပါတော့သည်။ သေနေ့စေ့တဲ့နေ့သေလိမ့်မယ်ဟု စိတ်တုံးတုံးချကာ လက်လျှော့နေလိုက်ပါသည်။ အရက်တော့ လုံးလုံးပြတ်သွားသည်။ ထမင်းလက်ဖက်ရည်ပန်းကန်တစ်လုံး၊ နှစ်လုံးလောက်ဝင်အောင်စားသည်။ ရေကိုဆာတိုင်းထသောက်သည်။ ရေအေးတွေပဲသောက်သည်။ တစ်နေ့ဆို လျှင် ရေသန့်ဘူး ၀၊၆လုံးမှ ခုနစ်လုံးအထိကုန်သည်ဟုဆိုသည်။ ထိုသို့ ငွေကြေးမတတ်နိုင်တော့၍ သေချင်သေပါစေဟုနေစဉ်မှာပင် သေကံမရောက် သက်မပျောက်ဆိုသလို ဆေးနည်းတို ဆေးကောင်းတစ်လက် သူဆီရောက်လာသည်။

သူမွေးရာဇာတိ ရွှေပုံသာရွာမှ ရွှေမြန်မာဆေးဆရာကြီး ဦးမင်းညို သူအိမ်ရောက်လာသည်။ ဦးမင်းညိုမှာ အသက်(၈၅)နှစ်ဖြစ်သော်လည်း သွားနိုင်လာနိုင်စားနိုင်သောက်နိုင်ကျန်းမာဆဲဖြစ်သည်။ သူ့ခြေချင်းဝတ်ကို စမ်းကြည့်၊ ဝမ်းဗိုက်ကိုအနည်းငယ်ပုတ်ကြည့်ပြီး အသည်းခြောက်ရောဂါဖြစ်နေတာဟုပြောရာ သူအလွန်ပင်အံ့သြသွားခဲ့ရ၏။ ဆရာဝန်ပါရဂူကြီးများနှင့် စမ်းသပ်ကိရိယာတွေနှင့်စမ်းသပ်ခဲ့ရပြီးမှအသည်းခြောက်ရောဂါဟုသိခဲ့ရပြီး ယခု မြန်မာဆေးဆရာအဘဦးမင်းညိုက မိနစ်ပိုင်းအတွင်း ခြေချင်းဝတ်သွေးစမ်း၊ ဝမ်းဗိုက်ပုတ်ကြည့်ရုံဖြင့် အသည်းခြောက်ရောဂါဟုပြောနိုင်ရာ မအံ့သြဘဲမနေနိုင်ပါပင်။ အံ့သြဘာနန်းဖြစ်ရပါလေသည်။ အဘ၏မြန်မာ့ဆေးပညာကိုလည်း အံ့သြသွားခဲ့ရလေသည်။

အဘဦးမင်းညိုပြောပြသောဆေးနည်းမှာ အလွန်လွယ်ကူရိုးရှင်းပြီး ငွေကြေးကုန်ကျမှုလည်း မရှိသလောက်ပင်။ မည်သည့်ဆေးခန်းမှလည်းသွားရန်မလို။ မည်သည့်ပရဆေးဆိုင်မှလည်း ဆေးဖက်ဆေးအမယ်ဝယ်ရန်မလို။ သူ့ခြံထဲတွင်ရှိပြီးဖြစ်သော အပင်နှစ်မျိုးနှင့်ပင် ဆေးဖက်ပြီးနေပြီ။ ရွှက်၊ ခြောက်၊ မြစ်၊ သီးဆေးဖက်ပြီးသောဆေးနည်းအစစ်ပင်။

လွယ်လွန်းသဖြင့် မယုံချင်ယုံချင်ဖြစ်ခဲ့သေးသည်။ သို့သော် ယခုအတိုင်းထိုင်နေပြီး အသေခံမှာနှင့်စာလျှင် ဆေးကောင်းတစ်ခွက်ဆိုသလို စမ်းသပ်သောက်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

အဘဦးမင်းညိုက တစ်ခုပဲသတိပေးသည်။

"အေး - အဲဒီဆေးက မူချရောဂါပျောက်သလို ဆေးသောက်နေတုန်း အရက်သောက်ရင်တော့ အဆိပ်ဖြစ်ပြီး လူပါပျောက်သွားမယ်"

ဟုပင် ဖြစ်သည်။

သူအရက်မသောက်တာ တစ်နှစ်ကျော်ခဲ့ပြီပဲဖြစ်ပါသည်။ ထိုဆေးကို သောက်ဖြစ်အောင်သောက်ခဲ့ပါသည်။

သူအိမ်ဝိုင်းထဲတွင် စိမ်းစိုပြွတ်သိပ်နေသော သဘော်ပင်များအပင်နှစ်ဆယ်ခန့်ရှိသည်။ ကိုင်းညွတ်နေအောင်သီးနေသော သံပရာပင်နှစ်ပင်ကလည်းရှိပြီးပင်ဖြစ်သည်။

သဘော်သီးရင့်ရင့်ထက်ခြမ်းခွဲ၍ သဘော်စေ့များရယူပါ။ ထို့နောက် အစေ့များကိုကြိတ်ခြေကာ သတ္တုရည်ညစ်ယူပါ။ ဟင်းသောက်ဇွန်းတစ်ဇွန်းရလျှင် ထိုအထဲသို့ သံပရာသီးအရည်ဟင်းသောက်ဇွန်းနှစ်ဇွန်းညှစ်ထည့်ပြီး ရောမွှေသောက်လိုက်ပါ။ ဆေးတစ်ခွက်စာဖြစ်ပါသည်။ ထိုသို့ တစ်နေ့နှစ်ကြိမ်မပြုလုပ်သောက်ရပါမည်။ တစ်လမှနှစ်လအထိသောက်လျှင် အသည်းခြောက်ရောဂါလုံးဝပျောက်ပါသည်။ အရက်သောက်သူများ တစ်ပတ်တစ်ကြိမ်တင်ကြိုပြုလုပ်သောက်သင့်ပါသည်။ ထိုဆေးသောက်သည့်နေ့ အရက်လုံးဝမသောက်ရပါ။ အဆိပ်ဖြစ်တတ်ပါသည်။

နတ်မောက်မှတ်ကျောက်

ဦးလွင်ရှိန်တစ်ယောက် သူနောက်ဆုံးအိပ်မက်အတိုင်း သူဇနီးပြောသည့် အတိုင်းအလှူအတန်းလုပ်ခဲ့ပါက ပစ္စည်းဆုံးရှုံးမှုရှိချင်မှရှိပါလိမ့်မည်။ ယခုတော့ အကြောင်းမကောင်းခဲ့သော ဦးလွင်ရှိန်တစ်ယောက်အဖို့ အကျိုးပေးမကောင်းခဲ့သည်မှာ တကယ်တော့ မဆန်းတဲ့အချေ။

သက်လှိုင်မျိုး(ရေလှိုင်တက္ကသိုလ်)

ဝိုင်းဖြစ်ရလေပြီ။ ဆိပ်ကမ်းတွင်ခေါက်တုံ့ခေါက်ပြန်ပြေးလွှားနေရင်း -

"ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ"

ဟု ယူကျူးမရဖြစ်ကာ ပြေးလွှားနေပါသည်။

"ကုန်ပြီ ကုန်ပြီ ငါ့မှာရှိတာကုန်ပြီ"

ဟု နှုတ်မှလည်း ရေရွတ်မြည်တမ်းနေပါသည်။

ဦးလွင်ရှိန်တစ်ယောက်ကုန်ပစ္စည်းတန်ဆာလုပ်ထားသည့် ဘောက်ချာစာရွက်မှာလည်း ရှာလို့မတွေ့။ ပျောက်ဆုံးသွားခဲ့လေပြီ။

မီရာသဘော်စီးကာ ဦးလွင်ရှိန်တစ်ယောက် ပုသိမ်မြို့သို့ရောက်သောအခါ သူပစ္စည်းများမတွေ့တော့။ ပုသိမ်မရောက်ခင်ကပင် ဆိပ်ကမ်းတစ်ခုတွင် သူ့ပစ္စည်းများကို အမည်မသိလူတစ်ယောက်က ဘောက်ချာစာရွက်နှင့်ထုတ်ယူသွားခဲ့ကြောင်း သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ခုနှစ်၊ ဇူလိုင်လ

ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ခေါင်စဉ်သူ (B.Sc)

ဇူလိုင်လ ၁ ဂုက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓဟူးမေမိ (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၂ ရက်၊ တနလာ်နေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ပါ။

ဇူလိုင်လ ၃ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၄ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခေါက်ရွတ်ဆိုပါ။

ဇူလိုင်လ ၅ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဇူလိုင်လ ၆ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနလာ်၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတွင် တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၇ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဇူလိုင်လ ၈ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

ဇူလိုင်လ ၉ ရက်၊ တနလာ်နေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သတ္ထာ ဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

ဇူလိုင်လ ၁၀ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနလာ်၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

ဇူလိုင်လ ၁၂ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

ဇူလိုင်လ ၁၃ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံ

www.burmeseclassic.com

www.burmeseclassic.com

အစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓါဖိနောဒ္ဓ ခါရွတ်ဆိုပါ။

ဂူလိုင်လ ၁၄ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနလ်၁၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၁၅ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သားမှာ တနင်္ဂနွေ၊ တနလ်၁။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၁၆ ရက်၊ တနလ်၁နေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉)ခါရွတ်ဆိုပါ။

ဂူလိုင်လ ၁၇ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇၊ ဝ)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောဗုဒ္ဓဿ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနလ်၁၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ အောင်သိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၁၉ ရက်၊ ကြာသပတေးနေ့-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်းမှာ (၁၊၇)။ လာဘ်နေအရပ်မှာ မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သားမှာ စနေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်၍ နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၀ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၁ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်၁။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၂ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၃ ရက်၊ တနလ်၁နေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနလ်၁၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၄ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ဝ)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၆ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သားမှာ တနင်္ဂနွေ၊ တနလ်၁။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၇ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၇၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနလ်၁၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့တောင်ဘက်လှည့်၍ အရဟံ ဇိနော (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၈ ရက်၊ စနေနေ့ - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သားမှာ တနလ်၁၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၂၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၇၊ ၅)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓါ (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၃၀ ရက်၊ တနလ်၁နေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

ဂူလိုင်လ ၃၁ ရက်၊ အင်္ဂါနေ့ - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သားမှာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်မြသူ(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ဆိုးဝကျွန်း အကြိုး။
ပြောတာပဲ။
ဘာမှ

ာလိုဖြစ်နေလဲသား၊ မျက်နှာ
ပဲ့”

“ဟာ-မပြောချင်တော့ဘူး အဖေ၊ ခုနကမြင်တဲ့အတိုင်းပဲ”

“ထင်တယ်၊ အဖေထင်တယ်။ ဘယ့်နှယ် ကလေးက မီးအရဲရဲကျောက် အရဲရဲဖြစ်နေမှတော့ တစ်ခုခုတော့ ဘာဖြစ်မလဲမသိဘူးဆိုပြီး ထင်တော့ထင်နေသား။ တော်သေးတာပေါ့၊ အလှထားတဲ့ ရေမွှေးပုလင်းလေးတစ်ခုပဲကွဲသွားလို့”

“အဖေကလည်း၊ ရေမွှေးပုလင်းကွဲသွားတာတော်သေးတာပေါ့လုပ်နေတယ်။ ဒါ အဖေ့ကို အမေရိကားကလာတဲ့ လင်မယားနှစ်ယောက်ကန်တော့ထားတာလေ။ ရေမွှေးလည်းနည်းနည်းကျန်သေးတဲ့ဟာ”

မင်းပြည့်မျက်နှာတင်းမာနေပြီး ရေမွှေးပုလင်းကျကွဲသွားသောနေရာလေးအား မေးငေါ့ပြနေ၏။ ရေမွှေးနံ့လေးက သင်းနေဆဲ။ သူ့အမူအရာနှင့် ခံစားချက်ကိုအကဲခတ်၍ ကျွန်ုပ်လည်း ထိန်းထိန်းသိမ်းသိမ်းပြောနေရပါသည်။

“ဟိုနေ့ကလည်း ကလေးပါလာတဲ့လင်မယားနှစ်ယောက် ကလေးက ဟိုဟာဆွဲဒီဟာဆွဲလုပ်နေတာကိုမပြောဘဲ သားအလှထားတဲ့ ကင်ဒိုဓားလေးကို ယူပေးလိုက်တာကြည့်”

“သြော်- အေး၊ အဲဒါတော့ဟုတ်တယ်၊ အဖေလည်းမကြိုက်ဘူး။ သူများအိမ်ည့်ခန်းမှာ အလှထားတဲ့ ပစ္စည်းလေးတွေကို အိမ်ရှင်ဆီမှာခွင့်မတောင်းဘာမတောင်းနဲ့ ဆိုးခနဲဆတ်ခနဲဆွဲယူပေးလိုက်တာ အဖေလည်းမကြိုက်ဘူး။ အဖေကြည့်နေသေးတယ်။ ကလေးကဓားရုပ်လေးကို ချိုးဖဲ့မယ်လုပ်တော့မှ မလုပ်ပါနဲ့ သမီးလေးရယ်၊ ဒါလေးကဂျပန်ကလက်ဆောင်လေးမို့လို့ပါဆိုပြီး ကလေးကိုမျက်နှာချိုသွေးပြီး ပြန်ချော့ယူထားရတယ်။ ဒါတောင် သူ့မိဘတွေကဓားကို အဖေပြန်ယူတော့ ဆင်ရှပ်လေးကိုယူပြီးပေးပြန်ရော”

“တော်တော်ဆိုးတယ်နော်အဖေ၊ သားတော်တော်စိတ်ကုန်သွားတယ်”

“စိတ်မကုန်ပါနဲ့သားရယ်၊ ဒီလိုမျိုးတွေ တစ်ခါတလေတော့ရှိတတ်ပါတယ်”

“ဆင်ရှပ်သာကျိုးသွားလို့ကတော့ သားနဲ့ပြဿနာတက်ပြီသာမှတ်တော့။ အဖေပြောရင်ပြောမပြောရင် သားပြောရလိမ့်မယ်နောက်ကို”

“အင်း. . . ခက်တာပဲ သားရယ်၊ အလိုက်မသိကြတဲ့လူတွေကြောင့် စိတ်တွေမညစ်သင့်ဘဲညစ်ရမတိုသင့်ဘဲတိုရနဲ့ ခုလိုစိတ်ခံစားရတော့ ဘယ်ကောင်းပါတော့မလဲ”

“အို. . . သားကတော့ မရဘူး၊ ကျိုးပဲ့သွားရင်ပြောတော့မှာ။ သူတို့အစထဲက ဒီဝစ္စည်းတွေကိုယူမပေးနဲ့လေ။ ဒါသားတို့အလှထားတဲ့ပစ္စည်းလေးတွေပဲ”

ကလေးလုပ်လိုက်၍ ကျကွဲသွားသောရေမွှေးပုလင်းကို အကြောင်းပြုပြီး သားစိတ်မှာမပြေသေးဖြစ်နေ၏။ မျက်နှာမှာနီရဲနေ၏။ ဖအေကို အားနာ၍သာငြိမ်နေသော်လည်း ဒီထက်မကပြောချင်နေပုံရ၏။ ပြောရင်းနှင့် ထိုင်ခုံပေါ် ထိုင်ချလိုက်ပြီး ဟိုကြည့်ဒီကြည့်ကြည့်နေ၏။

“အေးလေ - ဟုတ်ပါတယ်”

“ဟိုတစ်လောက အဖေကြည့်လေ၊ အဖေပဲ သားသမီးလိုနေတာဆို၊ အဖေ့ဖုန်းက်ကောင်းလို့တွေ့လား”

ဟုတ်၏။ သားမျက်နှာတင်းတင်းနှင့်လက်ဟန်များပါပါအောင်ပြောနေ၏။ ပြောလည်းပြောလောက်ပါပေသည်။ လွန်ခဲ့သော (၁၀) နှစ်ခန့်ကထဲက ခင်မင်ခဲ့ကြသူများဖြစ်ပြီး သူတို့လူပျိုအပျိုဘဝမှသည် ယခုလိုမိခင်ဖခင်များဖြစ်လာသည်အထိ ကျွန်ုပ်အစစအရာရာလမ်းညွှန်ခဲ့ရသူဖြစ်၏။ သူတို့ကလည်း ဖခင်သဖွယ်ခင်ကြသည်။ ဤလိုနှင့် သူတို့သားတစ်ဦးထွန်းကားလာ၏။ ယခုကလေးလေးမှာ လေးနှစ်သာသာအရွယ်ရောက်ပါပြီ။ မနှစ်က ဤမျှမဆိုး။ ယခုနှစ်တွင် သူတို့နှင့်စကားကောင်းကောင်းပြော၍မရတော့။ ကလေးမှာလက်လက်ထပြီး တရကြမ်းပြေးလွှားနေသည့်အစက္ကန့်ပိုင်းမျှပင်မနား။ တွေ့သမျှည့်ကာဆွဲချ၊ ဆောင့်ဆွဲ၊ စာအုပ်မြင်ဆွဲချနေသော်လည်း သူ့အဖေကော သူ့အမေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးမောင်မောင်သန့်
(ရန်ကုန်အနုပညာစာပေဆုရှင်)

သတိထားစရာလေးများထဲမှ သူရဇင်လက်ဆောင်

ရောကမပြော။ ပြုံး၍သာကြည့်နေကြပြီး ကလေး ဤမျှသောင်းကျန်းနေသည်ကို သဘောကျနေကြ၏။ ကျွန်ုပ်မှာ သူတို့နှင့်သာ စကားပြောနေရသော်လည်း မျက်လုံးများမှာဂနာမငြိမ်တော့။ ကလေးလှုပ်ရှားလေရာနောက်သို့ ကျွန်ုပ်၏ မျက်လုံးများတကောက်ကောက်လိုက်နေချေတော့၏။ သူတို့ဘာတွေပြောနေမှန်းမသိတော့သလို ကျွန်ုပ်လည်း သူတို့ကိုဘာတွေပြောမိလို့ပြောမိမှန်းမသိတော့။ လည်ပင်းလေ့ကျင့်ခန်းနှင့် မျက်လုံးလေ့ကျင့်ခန်းများသာတွင်တွင်လုပ်နေရတော့၏။ လူကထိုင်ရမလိုထရမလို။

ထိုအချိန် အရှိန်ပြင်းစွာပြေးလွှားဟိုဆွဲဒီဆွဲလုပ်နေသောကလေးအား သူ့အမေက ကျွန်ုပ်ဖုန်းထည့်ထားသောနဂါးရုပ်လှလှလေးနှင့် အိတ်အား ဆတ်ခနဲဆွဲယူလိုက်ပြီး -

"အေးအေး - ရော့ ကဲ - ငြိမ်ငြိမ်ထိုင်ဆော့နော်၊ ဒါမှ ဒီကပြန်ရင် ဟက်ပီးဝေါလိုက်ပို့မှာ"

ဟုပြောပြီး ကလေးလက်ထဲထည့်လိုက်၏။ ကျွန်ုပ်မှာ ရုတ်တရက်ကြောင်သွားပြီး -

"ဟာ - အထဲမှာဖုန်းထည့်ထားတယ်"

ဟု ပြောလိုက်သော်လည်း မမီတော့။ ကလေးမှာ အိတ်အားညာဘက်လက်နှင့်ဝှေ့ကာယမ်းကာဆော့ရင်း ပြေးနေလေတော့၏။

ကျွန်ုပ်လည်း -

"သမီးလုပ်ပါဦး၊ ဖုန်းပါသွားလို့"

ဟု အသံကျယ်ကျယ်နှင့်ပြောတော့မှ သူ့အမေက လိုက်ယူပေး၏။။ ကလေးကပြန်မပေး။ မအေက အတင်းလု၊ ကလေးကဆွဲလု အော်ငိုနှင့် ထိုပ်၏အသက်သည် ချက်ချင်းနှစ်ဆယ်သုံးဆယ်ခန့်ကြီးသွားလေသလားအောက်မေ့ရတော့၏။ အိတ်ထဲကဖုန်းများလွင့်စဉ်

www.burmeseclassic.com

www.burmeseclassic.com

ထွက်ကျသွားမှဖြင့်ဟူသော ရင်တမမ အတွေးနှင့် အသက်ရှူဖို့ကိုပင်မေ့နေမိ၏။

သားပြောလိုက်၍ ပြန်သတိရလိုက်ပြီး သတိရသည့်အချိန်လေးတွင်ပင် ရင်ထဲ၌ဖိုခနဲဖြစ်သွားပါတော့၏။ ဖုန်းမနည်းပြန်တောင်းထားရသောနေရာလေးကိုကြည့်ရင်း ယခုချက်ချင်း ခံစားနေရသည်သို့နှယ်။

"အဖေ အခုကြည့်နေတဲ့နားမှာပဲလေ။ မနည်းတောင်းရတာ။ သားတော့ဖုန်းအိတ်ကို ဝှေ့ယမ်းနေတာ ကားကိုသွားထိမှာကြောက်လို့ မျက်တောင်တောင်မခတ်ရဲဘူး။ လူတွေက ခက်တယ်နော်အဖေ။ ကိုယ့်သားသမီးကို သူများချစ်အောင်ခင်အောင်မတ္တာရှိအောင်မထားချင်ကြဘူး။ ဟိုးတုန်းက အဖေခဏခဏပြောနေတုန်းက ဘာမှနဲ့သိပ်သဘောမပေါက်ခဲ့ဘူး။ ခုမှပဲ ဟား-ဒါကြောင့် အဖေခဏခဏပြောနေတာကိုးဆိုတာ သဘောပေါက်တော့တယ်"

"သားငယ်ငယ်တုန်းက မှတ်မိလား။ အဲဒီလိုပဲ ပါလာတဲ့ကလေးတစ်ယောက်စနှစ်ယောက်စဒဏ်ကို မခံနိုင်လွန်းလို့ စာရေးကပ်ထားရတယ်။ ကိုယ့်ကလေးကိုယ်ထိန်းဆိုပြီး။ ဘယ်လိုတွေမှန်းလဲမသိပါဘူးသားရယ်။ အလိုလိုက်တာကိုပဲ ချစ်တယ်လို့ အဓိပ္ပာယ်ဖွင့်နေတာလားဆိုပြီး မေးရမလိုဖြစ်နေပြီ။ လုပ်ချင်တာလုပ်၊ နင်းကန်အလိုလိုက်၊ ဘာမှမပြောရက်မဆိုရက်မတားရက်တာချစ်တာလားလို့မေးရင် သူတို့ဘယ်လိုဖြေကြမလဲမသိဘူး။ ဒီလိုဘယ်ဟုတ်ပါ့မလဲ။ ကိုယ့်သားသမီးပဲ ကိုယ်ကမချစ်ဘဲနေပါ့မလား ချစ်ကြမှာပေါ့။ အဲဒီလောက်တော့နားလည်ပါတယ်။ ဒါပေမယ့်ချစ်တတ်ဖို့လိုတယ်။ ကိုယ့်ကလေးဟာ သူများမျက်စိထဲမှာကြည့်လို့မရတာတို့၊ မေတ္တာပျက်လောက်အောင် ရင်တမမနဲ့ကြည့်နေရတာတို့၊ ငါတို့ပစ္စည်းတွေကိုမျှားဘာတွေဘယ်လိုဆွဲပြီးကိုင်ပေါက်ပစ်ခွဲပါ့မလဲဆိုတဲ့စိတ်နဲ့ အဲဒီကလေးကို မျက်လုံးဒေါက်ထောက်ကြည့်နေရတာတို့ဆို မကောင်းတော့ဘူး။ စိတ်ထဲက နောက်မလာပါစေနဲ့ပဲ ဆုတောင်းနေတော့မှာပေါ့။ မကောင်းတတ်လို့သာ ရယ်ချင်ရယ်နေရမယ်။ နောက်လာမှာကြောက်နေကြမှာပဲ'"

"ဟုတ်တယ် အဖေ၊ သားဆို ခုနကလေးတွေ နောက်လာမှာ အတော့်ကိုကြောက်နေပြီ။ တချို့မိဘတွေရှိကြပါတယ်။ သူတို့ကလေးတွေကို ရအောင်ထိန်းကြတာ။ သူတို့မှာပါလာတဲ့ပစ္စည်းလေးတစ်ခုခုပေးထားပြီး ချော့ထားကြတာတွေရှိပါတယ်"

"ရှိပါတယ်၊ ဟုတ်တယ်။ အဲဒီလိုအားနာတတ်ကြတဲ့လူတွေလည်းရှိကြပါတယ်။ တချို့မှာကလေးပါလာလို့ပါလာမှန်းတောင်မသိရအောင် စည်းကမ်းကောင်းကြတယ်။ ကလေးလေးတွေဆိုငြိမ်နေကြတာပဲ။ အရမ်းကျန်ခဲ့ရတာပဲ။ သူတို့လိုပဲ လူမှုရေးအသိလေးနဲ့စည်းကမ်းကောင်းကြရင်တော့ ကောင်းတာပေါ့။ ဒီကိုလာတိုင်ပင်ကြရင် အဖေတို့ပညာတွေဆိုတာ စိတ်အာရုံစူးစိုက်ပြီးကိုင်လာတဲ့ပစ္စည်းနိမိတ်၊ ဝတ်လာတဲ့အရောင်၊ ပြောလာတဲ့စကား၊ ပတ်ဝန်းကျင်ကအသံ၊ လှုပ်ရှားမှု ဒါတွေကိုအကဲခတ်ပြီးမှ အကြံပေးရတာဆိုတော့ ခုနလို ပြောမရဆိုမရဝုန်းဒိုင်းကြကလေးမျိုးနဲ့ဆိုရင်သွားပြီ။ဘာအာရုံမှုစူးစိုက်လို့မရတော့ဘူး။ လာကြတဲ့ခေါင်းစဉ်တွေကမတူဘူးလေ။ အိမ်ရောင်းချင်လို့၊ နေမကောင်းလို့၊ လင်မယားအဆင်မပြေလို့၊ စာမေးပွဲဖြေဖို့ အလုပ်ထဲမှာအတိုက်အခံများလို့၊ ကြွေးတွေပြန်မရလို့၊ နိုင်ငံခြားထွက်ချင်လို့၊ အိုး. . . ခေါင်းစဉ်တွေကတူတာမဟုတ်ဘူး။ ဒီလိုမတူတဲ့အကြောင်းအရာတွေကို တစ်ထိုင်ထဲစဉ်းစားရတာ။ ခုနလိုမျိုးတွေနဲ့ကြုံရင် ဝေသွားပြီ။ ဝေသွားရင်လွဲသွားမှာပဲ။ လွဲသွားရင် သူတို့အတွက်လည်း မကောင်းသလို ကိုယ်လည်းမကောင်းဘူး။ ကိုယ်က သူတို့ကို အောင်မြင်စေချင်လို့ အကြံပေးတာတွေ အလကားဖြစ်သွားပြီ"

"ဟုတ်တယ်လေ၊ သားဆို အာရုံနောက်သွားရင် ထိုင်ကြည့်ပြီးပြုံးပဲနေလိုက်တော့တယ်။ သူတို့ကလေးကိုရအောင်ထိန်းပြီးမှ ဆက်ဟောလိုက်တော့တယ်။ ဟိုတစ်ခါလာတဲ့ကလေးနှစ်ယောက်ဆို အဖေမှတ်မိလား၊ သုံးနှစ်တစ်ယောက်၊ ငါးနှစ်တစ်ယောက် ညီအစ်ကိုနှစ်ယောက်လေ။ သူတို့အဖေကကုမ္ပဏီကြီးတစ်ခုထောင်ထားတာ"

"ဩော် - သိတယ်၊ မှတ်မိတယ်။ ဟို-အော်တဲ့ကလေးတွေ"

"ဟုတ်တယ်၊ဟုတ်တယ်။ နားရွက်တွေကို လက်နဲ့စုံပိတ်၊ မျက်စိစုံမှိတ်ပြီး ပြူင်တူအော်ကြတာ။ ဘာဖြစ်တာလဲမသိဘူးနော်။ ခဏခဏထထအော်တယ်။ ဟား-နားတွေကိုအူပြီးမခံနိုင်ဘူး"

"အေးလေ-သူတို့အဖေနဲ့အမေကတော့ သဘောတွေကျနေကြပြီးရယ်နေကြတာပဲ။ အဲ့လိုပဲ ညီအစ်ကိုနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းကိုဆိုင်ပြီး ပြူင်အော်တာလို့ပြောပြီးရယ်နေကြတယ်။ တို့သားအဖသားသူတို့လည်းပြန်သွားရော နားထဲမှာ ပုရစ်အကောင်ငါးဆယ်လောက်အော်နေသံမျိုးကြားပြီးကျန်ခဲ့ရတာ။ အဖေပြောတာအဲဒါပဲ။ ဘယ်မိဘဖြစ်ဖြစ် ကိုယ့်သားသမီးကိုယ်ချစ်ကြတာချည်းပဲ။ ဒါပေမယ့် သူများအိမ်သွားတဲ့အခါ ကိုယ့်ကလေးတွေကိုစည်းလေးကမ်းလေးနဲ့ချစ်ထားရင်ပိုကောင်းတာပေါ့။ လူဆိုတာ မိတ်ဆွေတို့၊ ပတ်ဝန်းကျင်တို့ဆိုတာရှိတယ်။ လူမှုရေးဆိုတာဆိုတယ်။ အလိုက်သိခြင်းဆိုတာလည်းရှိတယ်။ လူမှုရေးမှာ အများကြီးပဲ။ ကိစ္စရှိလို့ ကိုယ့်အသိမိတ်ဆွေဆီသွားရင်၊ ဒီလိုပြောမနိုင်ဆိုမနိုင်ဖြစ်နေရင် ဘယ်လိုစကားပြောမလဲ။ တစ်ဖက်ကအိမ်ရှင်တွေကိုအားနာရမယ်လေ။ တစ်ခါက ကလေးတစ်ယောက် အဲလိုဆွဲလို့ အဖေက သူ့ဘိုးအေကိုပြောလိုက်တယ်။ 'ဟေ့ကောင်၊ ကလေးကိုကြည့်ထိန်းထားဦး' လို့။ သူ့ဘိုးအေက အဖေ့သူငယ်ချင်း။ ပြောမနာဆိုမနာသူငယ်ချင်း။ ဘာပြောလဲသိလား။ 'ကလေးမဆွဲစေ့ချင်ရင် ဒီလိုအလှအပလေးတွေ မထားနဲ့ပေါ့ကွာ။ ကလေးကတော့မြင်ရင်ဆွဲချင်မှာပေါ့'တဲ့။ ရယ်ကျဲကျဲနဲ့ပြောတယ်။ ဒီလိုပြောလို့ တော့မရဘူးလေ"

"မရဘူးလေ အဖေကလည်း၊ ကိုယ့်အိမ်မှာ ကိုယ့်ပစ္စည်းလေးတွေ အလှထားတာပဲ ဘယ်လိုပဲထားထားပေါ့။ သူပြောစရာလား။ ဒါသူတို့နဲ့မဆိုင်ဘူးလေ၊ သူတို့ကလေးသူတို့ထိန်းထားရမှာသာ သူတို့နဲ့ဆိုင်တာ"

"ဟုတ်တယ်၊ သားပြောတာမှန်တယ်။ အလိုက်ကန်းဆိုးမသိရင် သိပ်စိတ်ညစ်ရတာပဲ။ အဲဒီပစ္စည်းတွေကို ဟိုဆွဲဒီဆွဲဆိုရင် သိပ်စိတ်ညစ်ရတာပဲ။ လူများဟာနော် ဘယ်လောက်အထိအဓိပ္ပာယ်မရှိ အလိုလိုက်ကြသလဲဆိုတာ သားငယ်ငယ်လေးတုန်းက အဖေ့မိတ်ဆွေတစ်ယောက်ရဲ့မိသားစုကို ဘဘဆရာဆီခေါ်သွားတုန်းက မှတ်မိလား"

"မှတ်မိတယ် အဖေ၊ သားဘယ်တော့မှမမေ့ဘူး အဲဒီကိစ္စ"

"ကြည့်ဦး၊ ဘဘဆရာက မျက်လုံးလေးမှိတ်ပြီးအေးအေးချမ်းချမ်းနဲ့စကားပြောဆိုနေတာ၊ ဆုံးမစကားတွေ၊ အဖေ့သုတစကားတွေကို တည်တည်ငြိမ်ငြိမ်နဲ့ပြောပြနေတာ။ သူတို့ကလေးက ဘဘဆရာရဲ့ပေါင်ပေါ် ဖျတ်ခနဲသွားထိုင်ပြီး ဘဘဆရာရဲ့မျက်လုံးတွေ၊ နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com

တွေကို ဟိုကိုင်ဒီကိုင်လျှောက်ကိုင်တော့ ဘာဆရာခမျာ မျက်နှာကိုမော့လို့၊ ဘယ်လှည့်လို့၊ ညာလှည့်လို့နဲ့ ဟိုရှောင်ဒီတိမ်းဖြစ်ရတာပေါ့။ အဖေစောင့်ကြည့်နေတယ်၊ သူတို့ခေါ်မလားလို့။ ခေါ်လည်းမခေါ်ရော ကဲ-ခင်ဗျားကလေး ခေါ်လို့ကိုပြီးခပ်မာမာပြောယူရတော့တယ်"

"ဟုတ်တယ်၊ အဖေပြောတော့ သူ့အမေကမျက်နှာတောင်မကောင်းဘူး၊ သားမှတ်မိတယ်"

"အပြန်လည်းကျရော သူတစ်ယောက်ထဲကို သီးသန့်တစ်နေရာခေါ်သွားပြီး အဖေတအားနင်းကန်ပြောစ်လိုက်တယ်။ ခင်ဗျားတို့ဟာ နည်းနည်းတော့ အသိတရားရှိဖို့ကောင်းတယ်။ ကလေးက ဒါလောက်လုပ်နေတာကို နည်းနည်းပါးပါးလှမ်းမဆွဲဘူး။ ကျွန်တော် မျက်နှာပျက်တယ်။ ခင်ဗျားတို့လည်း မကောင်းတော့ဘူး။ ဆရာလည်း စိတ်ညစ်သွားမှာပဲ။ ဘယ်သူမှအကျိုးမရှိဘူး။ နည်းနည်းပါးပါးထိန်းမှပေါ့။ ဒါလောက်ကြီးစည်းပျက်ကမ်းပျက် အလိုလိုက်ထားကြတာများအံ့သြတယ်။ ခင်ဗျားတို့ သူများအိမ်ဧည့်သည်သွားလုပ်ဖို့ စိတ်မကူးနဲ့တော့။ အရှက်ကွဲကုန်လိမ့်မယ်ဆိုပြီး အဖေတအားပြောလိုက်တာ ကျွန်တော်တို့ မှားသွားပါတယ် ဆရာ။ နောက်ကို ထိန်းပါ့မယ်ဆိုပြီးပြောတယ်။ ဘယ့်နယ် စည်းပျက်ကမ်းပျက် အလိုက်ကန်းဆိုးမသိတာ ဒါလောက်ကြီးမမြင်ဖူးဘူး။ ဒါကြောင့်ပြောလိုက်တယ်။ ခင်ဗျားတို့ ကလေးကို ခင်ဗျားတို့ချစ်တယ်ဆိုတာ သဘာဝကျတယ်။ ဒီပြင်မိဘတွေလည်း သူတို့သားသမီးတွေကိုချစ်ကြတဲ့နေရာမှာ ခင်ဗျားတို့ထက်တော့မလျော့ဘူးမှတ်ထား။ လိုတာထက်မပိုနဲ့၊ အစွန်းမရောက်နဲ့။ လူတောထဲမှာ တလွဲချစ်ပြမနေနဲ့။ ခင်ဗျားတို့ကလေးဟာ ခင်ဗျားတို့ရင်ခွင်မှာပဲ ဒီအတိုင်းပွေ့ချီထားပြီးနေသွားမှာလား။ စာမသင်တော့ဘူးလား။ အဲဒီလိုတွေပတ်ဝန်းကျင်ထဲကိုဝင်ဆန့်ပြီဆိုရင် သူများချစ်ဖို့ပဲလိုတယ်။ ခင်ဗျားတို့ချစ်ပြရုံနဲ့မပြီးဘူး။ ကလေးလေးက ချစ်စရာကောင်းလိုက်တာဆိုတဲ့ ခိုးကျူးဂုဏ်တို့ ပတ်ဝန်းကျင်ကအသံလာပါစေ၊ ချစ်ကြပါစေ၊ ခိုးကျူးကြပါစေ၊ ကလေးအတွက်အမြင်ကျယ်ပေးလိုက်ပါ။ ငါ့ကလေးဟာ လူချစ်လူခင်ပေါများစေရမယ်ဆိုတဲ့ စိတ်နဲ့ချစ်လိုက်စမ်းပါ။ ကိုယ့်ကလေးကို သူများချစ်ဖို့ပဲလိုတယ်။ မိဘဆိုတာက တော့ ချစ်ပြီးသားပဲ။ ကိုယ့်ကလေးကို သူများတကာမြင်လိုက်ရင် ဟာ - ချစ်စရာလေး၊ နေလိုက်ထိုင်လိုက်တာ စည်းကမ်းလေးနဲ့ လိမ္မာလိုက်တာဆိုတာမျိုး ပိုမကောင်းဘူးလားဆိုတော့ သူတို့အများကိုသူတို့ အနှုးအညှာတော်တောင်းပန်တယ်။ ချစ်တာတစ်ခုထဲကြည့်လိုက်မိလို့ ပါဆရာဆိုပြီး တော်တော့်ကိုတောင်းပန်တယ်။ အဖေအဲသလိုကိုပြောပလိုက်တာ"

"ဟုတ်တယ်လေ၊ ပြောစရာပေါ့။ တချို့ကလေးဆို မြင်တာနဲ့စိတ်တွေကုန်ပြီး ခြေကုန်လက်ပန်းကျသွားလောက်အောင်ကို ရင်တမမနဲ့ကြည့်နေရတာ။ သားတို့က စိတ်အာရုံကိုငြိမ်အောင်ထားပြီး စိတ်နဲ့လုပ်ရတာလေ အဲဖေ"

"အေးလေ - ဟုတ်တာလေ ဒါ"

"စိတ်နဲ့အလုပ်လုပ်ရတယ်ဆိုတာ ပေါ့ပေါ့လေးတွက်ရင်တော့ ပေါ့ပေါ့လေးပေါ့။ အာရုံနောက်သွားရင်သွားပြီ။ ဘာမှလုပ်လို့ကိုမရတော့ဘူး။ ငုတ်တုတ်ကို ထိုင်ကြည့်နေရတော့တာ"

"အဲဒါ ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် စိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုတာ မကောင်းဘူးပေါ့။ စိတ်အနှောင့်အယှက်ဖြစ်ပြီး ဒေါသပါပါလာရင် ပိုပြီးမကောင်းတော့ဘူး။ ကိုယ့်ဆီလာကြတဲ့ဧည့်သည်တွေဆိုတော့ ကိုယ်ကလည်းမပြောရက်။ စောစောကလိုမိဘမျိုးတစ်ယောက်နှစ်ယောက်ပါလာရင် သူတို့ကလည်း မတား။ ကလေးတွေကလည်း ဟိုဆွဲဒီဆွဲဝုန်းဒိုင်းကြဲ၊ မိဘတွေကလည်း အဲဒီပြေးလွှားပြီးဟိုဆွဲဒီဆွဲလိုက်ဆွဲနေတာကိုချစ်ဖို့ကောင်းတယ်ဆိုပြီးကြည့်နေ။ အဲဒီမှာ ကလေးလေးတွေကို သူများချစ်စေခင်စေတဲ့ ဘုန်းကံကနေဆွဲချလိုက်သလိုပဲသား။ ဘာဖြစ်လဲ၊ ကိုယ့်သားသမီးလေးတွေကို သူများချစ်ပါစေပေါ့။ ပိုမကောင်းဘူးလား။ မြင်သူတိုင်း ချစ်ကြခင်ကြရင်ပို့မကောင်းဘူးလား။ ခုဟာကတလွဲဆံပင်ကောင်းနေကြတယ်။ တချို့ဆိုသမီးရယ် ကလေးလေးကိုကြည့်ထိန်းပေးပါဦးပြောရင် မျက်နှာကမကောင်းတော့ဘူး။ ဒါပေမယ့်မတတ်နိုင်ဘူး။ တိုဆွဲဒီဆွဲလျှောက်ဆွဲနေတဲ့ကလေးကို ဒီတိုင်းထိုင်ကြည့်နေရင်း တစ်ခုခုကျကွဲသွားရင် သူတို့လည်း အားနာ၊ ကိုယ်လည်း စိတ်မကောင်းဖြစ်ရတော့မှာ သေချာတယ်။ တစ်ယောက်ဆို ကလေးကိုခိုပြီး ကလေးလက်လေးနဲ့ ဟိုဟာဆွဲခိုင်းဒီဟာဆွဲခိုင်းလုပ်နေတဲ့သူတောင်ရှိတယ်။ ကဲ - ဘယ်လိုလုပ်ပြောမလဲ။ ခုနပြောသလို စိတ်နဲ့အလုပ်လုပ်ရတာ။ စိတ်မဖြောင့်ရင် ဘာမှလုပ်လို့မရတော့ဘူး။ အာရုံစူးစိုက်လို့မရရင် ပညာမပါတော့ဘူး။ ဒါကိုသိပ်နားမလည်ဘဲ ခုနလိုဆွဲခိုင်းနေတော့. . . ဘယ်လိုပြောရမှန်းတောင်မသိတော့ပါဘူး သားရယ်"

"အဖေအဲဒါ. . . အဲဒါနဲ့ပတ်သက်ပြီး တစ်မျိုးမျိုးတော့စဉ်းစားပေးဦးမှဖြစ်မယ်"

"အေး - အဖေလည်း စဉ်းစားနေတာ"

■

စဉ်းစားရင်း စဉ်းစားရင်း ယခုလေးချင်သောသူရဇလက်ဆောင်ဖြစ်လာပါပြီ။

ကလေးကို ဟိုဆွဲဒီဆွဲဆွဲခြင်းနှင့် ပတ်သက်ပြီး ကျွန်ုပ်ထံလာခြင်းတစ်ခုတည်းအတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။

အခြားမည်သည့်နေရာ၊ မည်သူ့အိမ်သွားသွား ကိုယ်အလည်သွားသည့်အိမ်၊ ကိစ္စရှိ၍ သွားသည့်အိမ်တွင် ဤလို မျိုးမဖြစ်စေချင်သောမေတ္တာစေတနာနှင့် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ကလေးဆွဲချ၍ ကျမကျိုးခင်၊ ကလေးဆွဲချ၍ မကွဲခင်မပဲ့ခင် ကလေးကိုချော့မော့ပြီး အာရုံပြောင်းပေးကာ ထိန်းပေးထားခြင်းဖြင့် အစစအရာရာ အဆင်ပြေသွားမည် ဖြစ်ပါသည်။ မိတ်လည်းမပျက်တော့ပါ။

ကလေးလေးများသည် အပြစ်မရှိကြပါ။

ဆော့တတ်သောအရွယ်လေးများဖြစ်ကြ၍ ဆော့ကြမည်သာဖြစ်ပါသည်။ ကျကျိုးခြင်း၊ ကျကွဲခြင်းကို သူတို့မသိပါ။

သိသူများက လိုက်လျောညီထွေဖြစ်အောင်ထိန်းပေးခြင်းဖြင့် ဘယ်မိတ်ဆွေအိမ်သွားသွား၊ ဘယ်သူငယ်ချင်းအိမ်သွားသွား အားလုံးပျော်ရွှင်စွာ စိတ်ချမ်းသာကြပါလိမ့်မည်။

"ဟယ် - ကလေးပါမနဲ့တောင် မသိဘူး၊ ကလေးလေးကငြိမ်ပြီးဆော့နေတာကြည့်ပါဦး လိမ္မာလိုက်တာ"

ဟူသော ကောင်းချီးပေးသံများသာ ပဲ့တင်ထပ်ပြီး ကိုယ့်ကလေးလူချစ်လူခင်များလာပါလိမ့်မည်ဟု အကြံပြုရင်း-

သတိထားသင့်သည်များအတွက် သူရဇလက်ဆောင်ပါးလိုက်ရပါတော့သတည်း။

ဆောင်းမောင်လင်းသန်း
(ရင်ကျိုးနေသော)

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို နေ့စဉ်ပုတီးသုံးပတ်ရအောင်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိုင်ငြားသွားလိုသူများ - တဟိတဟိအစချီသောဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ စနေနာမည်ရှင်နှင့်စပ်၍ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့မကြာမကြာသွား၍ ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိအသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ မကြာမကြာသွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်မဝတ်ပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကိုအစာကျွေးပါ။
ထီကံကောင်းလိုသူများ - စက်ဘီး၊ ဆိုင်ကယ်နှင့်လှည်းရောင်းသောထီသည်ထံတွင် (၇၊ ၃၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

တနလာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ဆားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နှိုင်ငြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို သစ်သီးဆွမ်းလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကိုဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိုရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိအသုံးမလိုတော့သည့် သစ်ဟောင်းသစ်ဆွေးများ၊ သွပ်ပြားအစုတ်များ၊ သံပုံးအစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြည်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
ကျန်းမာရေး - ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာရွတ်မန်းပြီးစားပါ။
ထီကံကောင်းလိုသူများ - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင်ရွေးချယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ့အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နှေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငြားသွားလိုသူများ - သံယာတော်အရှင်သူမြတ်များကိုထီးလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အရှေ့အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
ကားရောင်းလိုသူများ - ကားကိုသောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနလ်ာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပန်း၊ ရေချမ်းများကပ်လှူပြီး ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများ ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း၊ ရင်ပြင်တော်တံမြက်စည်းလှည်း၍ အမှိုက်များ ရှင်းလင်းခဲ့ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်၊ အနက်ရောင်လေးများ ဝတ်မသွားပါနှင့်။
ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
ထီကံကောင်းလိုသူများ - ခရီးသွားရင်းလမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် -ဘုရားရှင်အား ယခုတစ်လလုံး စနေနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး(၃)ပတ်နှေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငြားသွားလိုသူများ - တဟိတဟိဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို အုန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကိုတနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့ မကြာမကြာသွား၍ ပန်းပေါင်းစုံဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ သစ်ဟောင်း၊ သစ်ဆွေးများ၊ သွပ်ဟောင်းများ၊ သံပုံးအစုတ်များရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မာဒွေ (၁၀၈) ခေါက်ပြည့်အောင် နေ့စဉ်မှတ်၍ ရွတ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
ကျန်းမာရေး - စိတ်ဇောဂါဝေဒနာရှင်များကို အာဟာရဒါနတတ်အားသရွေ့ပြုပါ။
ထီကံကောင်းလိုသူများ - တနင်္ဂနွေနံ့ထီဆိုင်တွင် (၁၊ ၄၊ ၈၊ ၉) ဂဏန်းများနှင့်ကံစမ်းနေပါသည်။

ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ့ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကိုနှေ့စဉ်ပုတီးတစ်ပတ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငြားသွားလိုသူများ - သံယာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။
အိမ်ရောင်းလိုသူများ - ဗဒိမ်ကို ကံ့ကော်ညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနလ်ာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်ဝတ်မသွားပါနှင့်။
ကျန်းမာရေး- ရေသတ္တဝါလေးများကိုအစာကျွေးပါ။ တစ်နိုင်ဘေးမဲ့လွတ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီသည်ထံတွင် (၂-၁-၆-၉) ဂဏန်းများနှင့်ကံစမ်းနေပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး(၃)ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တဟိတဟိတ္ထိဂါထာကိုအဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိုရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို လက်နှင့်ထိ၍ ဒီဝါတပတိဂါထာမကြာမကြာရွတ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ -စနေနံ့ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး ပဌာန်းနှင့်ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ မကြာမကြာသွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း အမှိုက်များကောက်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
ကျန်းမာရေး - ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာရွတ်မန်းပြီးစားပါ။
ထီကံကောင်းလိုသူများ - ထီလှည်းလေးများထံမှာ (၄) ဂဏန်းများစွာပါအောင်ရွေးထိုးပါ။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ့ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - နံနက်စောစောဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ပျဉ်းမည္ဘန်လက်တစ်ဆုပ်ဖြင့်မကြာခဏစတိုရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနလ်ာနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိအသုံးမလိုတော့သည့် သစ်ဟောင်း၊ သွပ်ဟောင်းများကိုရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ မကြာမကြာသွား၍ အမှိုက်များကောက်ခြင်း၊ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။
ကျန်းမာရေး - ကျန်းမာရေးမကောင်းသော သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
ထီကံကောင်းလိုသူများ - တနလ်ာနံ့ထီဆိုင်၊ ကားနှင့်ရောင်းသောထီသည်စသည်တို့ထံတွင် (၂-၅-၁-၇) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
ကြာသပတေးစ ဗုဒ္ဓဟူးပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်အားထုတ်ရွတ်ဖတ်အားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
ဥပမာ-မိုးရဲ-ဖြိုးလူ-ပိုင်ဝမ်း

မိမိကောင်းမှု အကြောင်းငှါ
ဆုမတောင်းဘဲရယူပါစေ

ပြည်သိန်းကျော်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ရှေးဟောင်းအတွက်
ဆရာဦးမောင်မောင်သန်း
(ရန်ကုန်အနုပညာ)

ခုနစ်ရက်သားသမီး

ဟောစာတမ်း

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသောစီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အောင်မြင်ပါလိမ့်မည်။ အင်္ဂါနာမည်ရှင်များ၊ တနင်္လာနာမည်ရှင်များလည်း အကူအညီပေးတတ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းအကျိုးမပေးပါ။ အလုပ်ကိစ္စများရှုပ်ထွေးနေတတ်သည်။ ကိုယ့်အလုပ်များမပြီးပြတ်သည့်အပြင်သူတစ်ပါးအလုပ်များကိုလည်းကူညီပေးနေရတတ်၍ မနားမနေဖြစ်နေတတ်ပါသည်။ ဘုရားရှင်အား တနင်္လာနံများနှင့်ဆွမ်းတော်ကပ်ပါ။ ပူဇော်ပါ။ ဒီဝါတပတိဂါထာ၊ ဂုဏ်တော်ကွန်ချာရရာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ လူမှုရေးအတိုက်အခံ၊ ရန်များနေလျှင် ဘုရားစေတီသို့သွား၍ တံမြက်စည်းလှည်းပါ။ အိမ်တွင်းရေးများသာယာစေရန် ဆွေမျိုးသားချင်းကိစ္စများ မကြာခဏမပြောမိအောင်နေပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအဆာမခံပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ လမ်းလျှောက်ပေးပါ။ မင်္ဂလာရှိရှိနေပါ။ အာနပါရှုမှတ်ပါ။ ပညာရေးကံများကောင်းပါသည်။ စိတ်မလေပါစေနှင့်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ နှလုံးသားရေးရာကိစ္စများတွင် မျက်နှာပွင့်လွန်းနေ၍ ထိန်းထိန်းသိမ်းသိမ်းနေရပါမည်။ သစ္စာရှိပါ။ စကားပြောသွားတတ်ပါသည်။ ထိကဲ့ကောင်းနေပါသည်။ စနေနံအက္ခရာများနှင့် (၂၊ ၉၊ ၇၊ ၀၊ ၃) ဂဏန်းများပါအောင် ရွေးချယ်ကံဖန်ပါ။

ယတြာ ။ ။ *ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပြီး ငြိုဟ် (၇) ခွင်လုံးရှိ ရုပ်ပွားတော်များကို ရေသပ္ပာယ်ပါ။*

www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီပေးပါလိမ့်မည်။ (၆) ဂဏန်းအကျိုးမပေး၍ရှောင်ပါ။ သောကြာနံသင့်လုပ်ငန်းများ၊ ဗုဒ္ဓဟူးနံလုပ်ငန်းများထစ်ငေါ့နေတတ်သည်။ စပ်တူရွယ်ယာလုပ်ငန်းများပါဝင်မိလျှင် မျက်နှာလွဲမထားပါနှင့်။ ထိထိမိမိဆောင်ရွက်ပါ။ သူများအတွက်ဖြစ်သွားတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာစေရန် ကိုယ်ကစကားပြောမမာပါနှင့်။ စကားပြောမမှားအောင်သတိထားပါ။ ကျန်းမာရေးကောင်းနေပါမည်။ လွန်ကဲစွာ အဆာမခံပါနှင့်။ အပူအစပ်များလျှော့စားပါ။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ အပေါင်းအသင်းများကြောင့် ကြိုးစားမှုအဖျားရှုံးမသွားပါစေနှင့်။ ကိုယ့်ပညာရေးအတွက် အနှောင့်အယှက်မသိမသာပေးမည့်သူငယ်ချင်းမျိုးသတိထားရှောင်ပါ။ ချစ်ရေးချစ်ရာကိစ္စများတွင် ကံကောင်းနေပါသည်။ စန်းပွင့်သည့်ကာလဖြစ်၍ ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။ ချစ်သူနှင့်အတူ ဘုရားကိုမကြာမကြာသွား၍ တနလ်ာထောင့်တွင် နှင်းဆီပန်းများဝေနေအောင်လှူပါ။ ထီထိုးမည်ဆိုပါက စနေနံ၊ တနင်္ဂနွေနံ၊ ကြာသပတေးနံအက္ခရာများနှင့် (၁၊ ၇၊ ၂၊ ၉၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ ဘုန်းကြီးကုဋီများကိုရေဆေးပါ။

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများရယူပါ။ အောင်မြင်လာပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အိမ်၊ ခြံ၊ မြေလုပ်ငန်း၊ ရတနာလုပ်ငန်း၊ ရေသန့်လုပ်ငန်းများစပ်တူရွယ်ယာအကျိုးမပေးပါ။ သူတစ်ပါးအတွက်ဖြစ်သွားတတ်ပါသည်။ ကိုယ်တိုင်လုပ်မည်ဆိုပါကလည်း အကျိုးပေးသောနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ အတိုက်အခံများရှိပါက ဘုရားစေတီများသို့သွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ဂုဏ်တော်များရွတ်ဖတ်သရဇ္ဈာယ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာစေရန် ကိုယ်ကစကားပြောဆင်ခြင်ပါ။ ခဏခဏစကားမှားနေတတ်ပါသည်။ လက္ခဏာရှားပါးသူများကို အာဟာရစသဖြင့်နိုင်သလောက်ကူညီထောက်ပံ့ပါ။ ကျန်းမာရေး၊ လေအောင့်၊ ရင်ဘတ်အောင့်ခဏခဏဖြစ်တတ်ပါသည်။ လွန်ကဲစွာအဆာခံခြင်း၊ အပူအစပ်များစားလွန်းခြင်းကြောင့် ဖြစ်တတ်သည်။ အဆာမခံပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများကောင်းပါမည်။ အသွားအလာအလည်အပတ်လျှော့ပါ။ ချစ်တတ်သူများမျက်နှာပွင့်လွန်းနေပါသည်။ သစ္စာရှိပါ။ မလိုအပ်ဘဲ စကားအများကြီးမပြောပါနှင့်။ ထီထိုးရန်အတွက် (၂၊ ၉၊ ၇၊ ၃) ဂဏန်းများနှင့် တနလ်ာနံ၊ စနေနံအက္ခရာများရွေးချယ်ပါ။

ယတြာ ။ ။ ရွှေရောင်ပစ္စည်းအသုံးအဆောင်အကျိုးအပဲ့များရှာဖွေစွန့်ထုတ်ပစ်ပါ။

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသော ကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၅) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အိမ်၊ ခြံမြေနှင့်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံဆောက်လုပ်ခြင်းများ၊ အခက်အခဲများစွာကြုံရတတ်ပါသည်။ စပ်တူရွယ်ယာလုပ်ပါကလည်း သူများအတွက်သာဖြစ်ဖြစ်နေတတ်ပါသည်။ အတိုက်အခံများနေပါက နမော (၅) ချက်ကိုပုတီးစိပ်ပါ။ အိမ်တွင်းရေးမှုံသာယာစေရန် စကားပြောမလောပါနှင့်။ စကားကြောင့် အမှားမဖြစ်အောင်နေပါ။ သူများအိမ်ထောင်ရေးအပူများလာလာပြောလျှင် အာရုံစူးစိုက်ပြီး အကြောကြီးမခံစားပါနှင့်။ ကူညီသင့်တာကူညီလိုက်ပါ။ ကျန်းမာရေး ရင်၊ ဝမ်းနှင့်ဆိုင်သောရောဂါများ ခဏခဏဖြစ်တတ်ပါသည်။ အပူအစပ်များလွန်ကဲစွာမစားပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ ဆေးမကြာခဏလှူပေးပါ။ ဓာရဏာပရိတ်တော်ကိုအဓိဋ္ဌာန်နှင့်ရွတ်ပါ။ ပညာရေးကောင်းနေပါသည်။ ကောင်းလက်စနှင့်ဆက်ကောင်းအောင် ဝီရိယစိုက်ပါ။ လျှော့ရဲရဲဖြစ်နေတတ်ပါသည်။ ချစ်တတ်သူများအတွက် အိမ်ကိစ္စ၊ ခရီးသွားဖို့ကိစ္စများကို ခဏခဏအငြင်းအခုံမလုပ်ပါနှင့်။ ပြဿနာဖြစ်မည့်လမ်းစများဖြစ်ပါသည်။ စိတ်ကျန်းမာရေးမကောင်းသူများကိုတွေ့လျှင် ဆေး၊ ဌေး၊ အာဟာရလှူပါ။ ထီထိုးရန်အတွက် (၇၊ ၁၊ ၂၊ ၉) ဂဏန်းများပါအောင်ရွေးချယ်ပါ။

ယတြာ ။ ။ သီလရှင်ကြီးများကို ဆေး၊ ဌေး၊ အာဟာရများလှူပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အောင်မြင်မှုများရရှိပါလိမ့်မည်။ (၃) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အင်္ဂါနံလုပ်ငန်း၊ ဗုဒ္ဓဟူးနံလုပ်ငန်းများ ကသိကအောက်ဖြစ်တတ်ပါသည်။ အတိုက်အခံများနေပါက ဘုရားစေတီတစ်ဆူဆူကိုသွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ပြီးလျှင် လက်ဆေး၍ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၉) တိုင်ထွန်းပါ။ ဘုရားဂုဏ်တော်ကိုအချိန်ယူ၍ ရွတ်ဖတ်ပူဇော်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာခနေစေရန် အိမ်မဆူပါနှင့်။ အိမ်အေးအောင်နေပါ။ သူများထံမှ သစ်ဟောင်းများ၊ စက်ဟောင်းများမဝင်လာစေနှင့်။ တနလ်ာနံပန်း၊ သစ်သီးများဖြင့်ဆွမ်းတော်ကပ်လှူပေးပါ။ ကျန်းမာရေးကောင်းမည်။ လွန်ကဲစွာအဆာမခံပါနှင့်။ ဝမ်းနူးစာများရှောင်ပါ။ အိပ်ရေးပျက်လွန်စွာမခံပါနှင့်။ ပညာရေးကံများကောင်းပါသည်။ သူငယ်ချင်းများနှင့် သွားသွားလာလာအပျော်အပါးထွေလျှောပါ။ ကိုယ့်ကိုယ်ကိုယ်ထိန်းပါ။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ အဆင်ပြေပါမည်။ မလိုအပ်သောစကားများ၊ အမျိုးကြီးပြောမိလျှင် မကြာခဏစကားများ၍ ပြဿနာဖြစ်တတ်သည်ကို သတိပြုပါ။ ထိုဝါသနာရှင်များအတွက် တနလ်ာနံအက္ခရာများတွင် (၂၊ ၉၊ ၇၊ ၆၊ ၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

ယတြာ ။ ။ စိတ်ကျန်းမာရေးမကောင်းသူတစ်ဦးဦးအား ဆေး၊ ဂွေ၊ အာဟာရလိုအပ်တာလှူလိုက်ပါ။

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်ကိစ္စများအတွက် စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီဆောင်ရွက်ပေးပါလိမ့်မည်။ (၁) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ တနင်္လာနံလုပ်ငန်း၊ သောကြာနံလုပ်ငန်းများအတွက် အချိန်ယူစဉ်းစားပြီးမှဆောင်ရွက်ပါ။ အကျိုးမပေးသူများနှင့်တိုင်ပင်ဆောင်ရွက်ပါက နှစ်ဆကုန်ကျတတ်ပါသည်။ အတိုက်အခံများနေလျှင် ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်းအမှိုက်များကောက်ပါ။ အိမ်တွင် အချိန်ရလျှင် ဓာတ်ကြီး (၄) ပါးဆွမ်းတော်ကပ်လှူပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေစေရန် စနေနံများနှင့် ဆွမ်းတော်ကပ်ပါ။ အိမ်ထောင်ကွဲလာသူများလာလျှင် ကူညီပေးလိုက်ပါ။ ကျန်းမာရေးကောင်းနေစေရန် အာရုံကြောများ မကြာခဏအနားပေးပါ။ အပူအစပ်များရှောင်ပါ။ ဆေး အာဟာရလိုနေသူများကို မကြာမကြာလှူပေးပါ။ ပညာရေးအတွက် ကံကောင်းစေရန် အနေအထိုင်ဆင်ခြင်ရပါလိမ့်မည်။ အိပ်ရေးအပျက်ခံလွန်းခြင်း၊ ဖုန်းတွေအကြာကြီးကြည့်ခြင်းများ ရှောင်ပါ။ နှလုံးသားရေးရာကိစ္စတွင် မိသားစုကိစ္စ၊ အလုပ်ကိစ္စများတိုင်ပင်ရင်း မှကြာခဏစကားများနေရတတ်ပါသည်။ အသက်အရွယ်ကြီးသူများနှင့်ဆုံလျှင် ဆေး၊ ဂွေ၊ အာဟာရလှူပါ။ ထိထိုးမည်ဆိုပါက စနေနံ၊ တနလ်ာနံထိဆိုင်ကြီးများတွင် (၇) အစ (၇) အဆုံးထီလက်မှတ်လေးများနိုင်သလောက်ထိုးထားပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ ဦးခေါင်းပိုင်းကျန်းမာရေးမကောင်းသူတစ်ဦးကို ဆေး၊ ဂွေ၊ အာဟာရလှူပါ။

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အောင်မြင်ပါလိမ့်မည်။ (၆) ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ သောကြာနံသင့်လုပ်ငန်းများ၊ အင်္ဂါနံသင့်လုပ်ငန်းများ အထူးသတိထားဆောင်ရွက်ပါ။ အခက်အခဲများဖြစ်တတ်သည်။ အတိုက်အခံများရှိနေပါက ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ ပြီးလျှင် လက်ဆေး၍ မွေးနေ့ထောင့်တွင် ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာစေရန်၊ ဘုရားရှင်ကို တနလ်ာနံပန်း၊ သစ်သီး၊ အာဟာရများဖြင့်ကပ်လှူပူဇော်ပါ။ ကျန်းမာရေးကောင်းနေစေရန် ခန္ဓာကိုယ်အောက်ပိုင်းလေးလံနေတာမျိုးမဖြစ်အောင် ဂရုစိုက်ပါ။ သက်ကြီးရွယ်အိုများကို လိုအပ်သည့် ဆေး၊ ဂွေ၊ အာဟာရတို့အားသရွေ့လှူပါ။ ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ ဓာရဏာပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပညာရေးကံများအတော်ကောင်းနေပါသည်။ ကြိုးစားချင်စိတ်နည်းသောသူငယ်ချင်းနှင့်ပေါင်းပြီး ကိုယ်တိုင်ယိုင်မသွားဖို့လိုပါသည်။ ချစ်တတ်သူများ စုန်းပွင့်နေသောကာလဖြစ်သည်။ သစ္စာရှိရန်လိုပါသည်။ သူတစ်ပါးမျက်နှာပွင့်သည်ကိုအားမကျပါနှင့်။ ထိဝါသနာရှင်များ စနေနံ၊ တနလ်ာနံထိဆိုင်များတွင် ၎င်းနံအက္ခရာများဖြင့် (၂၊ ၉၊ ၇၊ ၁၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ မွေးနေ့တစ်ရက်ကိုရွေးပါ။ သရဏဂုံကိုအကြိမ်တစ်ထောင်ပြည့်အောင်ရွတ်ပြီး ဘုရားပူဇော်ပါ။ အလွန်ထူးခြားလာပါလိမ့်မည်။

ရင်ကိုခေါ်မြေစည်ဝဲ
ဆရာဦးမောင်မောင်သန်း
အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းမှတ်တမ်း

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
မုဒိတာ
အသက်(၈၆)နှစ်

ကျိုက်လတ်ပြုန်းစာရေးဆရာအသင်းဥက္ကဋ္ဌ၊
သုခစာကြည့်တိုက်၊ အသက်(၆၅)နှစ်အထက် အငြိမ်းစားဆရာကြီးဆရာမကြီးများ
ပူဇော်ကန်တော့ပွဲကော်မတီတို့၏နာယက

ဆရာဦးစိန်လှိုင်(မုဒိတာ)သည် ဘာသာရေးဆိုင်ရာဆောင်းပါးများနှင့် မြန်မာ့ရိုးရာဗေဒင်ပညာရပ်များဖြစ်သော မဟာဘုတ်၊ ဆန်းကျမ်း၊ အင်္ဂဝိဇ္ဇာ စသည့်ပညာရပ်များကို လေ့လာလိုက်စား သုတေသနပြုလုပ်ခြင်းသာမက လေ့လာလိုက်စားသူအများကို သိရှိပညာရစေရန်ရည်သန်၍ သူရဇ္ဈမဂ္ဂဇင်းစတင်ထုတ်ဝေအခိုန်မှစတင်၍ (၁၈) နှစ်တိုင် ပင်တိုင်ရေးသားကာ ပညာများစွာ ဖြန့်ဝေပေးခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးသည် ဟန်ဆောင်မှုမရှိ၊ ပညာရပ်များအပေါ်တွင်လည်း လွန်စွာမြတ်နိုးပြီး ကျောင်းဆရာကြီးတစ်ဦးဖြစ်သည်နှင့်အညီ လူငယ်များစွာကိုလည်း တန်ဖိုးထားပြီး လမ်းမှန်ရောက်ရှိစေရေး၊ ဘာသာရေးအသိများနားလည်စေရေးအတွက် လွန်စွာကြိုးစားဆောင်ရွက်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာကြီးသည် မြန်မာနှစ် ၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ် မေလ ၂၆ ရက်၊ စနေနေ့ မွန်းလွဲ (၂) နာရီအချိန်တွင် ကျိုက်လတ်မြို့နေအိမ်၌ ကွယ်လွန်သွားရှာပြီ ဖြစ်ပါသည်။

ဆရာကြီးကွယ်လွန်သွားခဲ့ခြင်းသည် သူရဇ္ဈမဂ္ဂဇင်းနှင့် စာဖတ်သူများအတွက် အစားထိုးမရသောဆုံးရှုံးမှုတစ်ရပ်ဖြစ်ပါကြောင်း ဝမ်းနည်းကြေကွဲစွာ မှတ်တမ်းတင်အပ်ပါသည်။



စာတည်းချုပ်နှင့်စာတည်းအဖွဲ့
သူရဇ္ဈမဂ္ဂဇင်းမိသားစု

www.burmeseclassic.com

www.burmeseclassic.com

Electric Pallet Truck

xilin®

Model: CBD15W

Conforms to EN 1175-2:1998+A1:2010
EN ISO3691-1:2012
Based on Directive 2006/42/EC

The Mini type CBD15W (1500kg) with same size as hand pallet truck widely used in narrow aisle workshop, small super market and cargo containers.

1500KG

31,20,000 K

AC

EPS

Standard Handle

Frei tiller head (option)

Multi-dunction display

Advantages:

- With smallest turning radius 1320mm-1389mm (width 520/550/685mm)
- Permanent magnet brushless motor with high electric efficiency , maintenance free.
- Full sealed battery free to maintain, big capacity 24v/80AH fit for high intensity use .
- Max speed limit button can release brake when handle under upright position, reduce turning space greatly. (option for frei handle)
- High travel speed is up to 5.3-5.8km/h, improve productive efficiency.
- Floating balance wheel is automatic adjust height, prevents shaking when unload.
- Horizontal drive wheel provides convenient replacement.

Standard Features

- RUYI new type Tiller Head with Max speed limit button.
- Emergency stop & belly button.
- BDI and hour meter.
- Casters to balance stability.
- Sealed battery.
- Brushless Horizontal motor.
- Built-in Charger.
- Exist roller.

Option

- Germany FREI Tiller Head.
- Out side charger.
- Fork width and length (size).
- Load backrest.

www.burmeseclassic.com

www.burmeseclassic.com

Semi-electric Stacker

xilin®

Authorized Distributer
B&H Co.,Ltd

Advantages:

- Handle-castor chain assist steering system greatly reduces the labor intensity.
- Equipped with explosion-proof valve, ensure no sharp drop of platform and prevent operator from harm.
- Over-discharge protection device greatly prolongs the battery use time.
- With adjustable forks, which can be lowered to the same level of the legs.
- Easy operating foot brake.

CTD10B-III

1500KG, 2.5M

32,00,000 K

Showroom

H-၃၆၊ သီရိရတနာစျေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၃၃၀၀၁၊ ၀၉-၉၇၂၁၇၂၅၁
၀၉၂၅၉၅၇၆၂၀၀

Super Light

Model:
CTD10B-III
CTD15B-III
Straddle legs &
Adjustable forks



Hot Sale

BURMESE CLASSIC .com

Model:
CDD10B-III
CDD15B-III
Fix type forks

Chain Assist Steering System



CDDB-III
Adjustable Forks



CTDB-III
Straddle legs & adjustable forks

www.burmeseclassic.com